# ထာဝရပဋိညာဉ်

## The Everlasting Covenant

ဒေါက်တာ အီး၊ ဂျေ၊ ဝက်ဂွန်နန်
(Dr. E. J. Waggoner)

## မာတိကာ

၁။ ဇေဝံဂေလိသတင်းစကား - ထာဝရဧဝံဂေလိ ------------------------------------------------------------ ၁
၂။ ရွေးဝယ်ထားသောပိုင်ဆိုင်မှု - အရင်တည်သောအာဏာ -------------------------------------------- ၁၂
၃။ အာပြဟံ၌ ထားတော်မူသောကတိတော် - အာပြဟံအားခေါ်တော်မူခြင်း--------------------------- ၂၁
၄။ အာပြဟံအားခေါ်တော်မူခြင်း - ယဇ်ပလ္လင်တစ်ခုကိုတည်ခြင်း --------------------------------------- ၂၆
၅။ အာပြဟံအားခေါ်တော်မူခြင်း - ပဋိညာဉ်ဖွဲ့ခြင်း--------------------------------------------------------- ၃၃
၆။ အာပြဟံအားခေါ်တော်မူခြင်း - ဇာတိပကတိနှင့် ဝိညာဉ်ပကတိတို့၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း----- ၃၉
၇။ အာပြဟံအားခေါ်တော်မူခြင်း - တံဆိပ်ခတ်ထားသောပဋိညာဉ် (အပိုင်း ၁) ------------------------ ၄၃
၈။ အာပြဟံအားခေါ်တော်မူခြင်း - တံဆိပ်ခတ်ထားသောပဋိညာဉ် (အပိုင်း ၂) ------------------------ ၅၀
၉။ အာပြဟံအားခေါ်တော်မူခြင်း - ယုံကြည်ခြင်းကိုစမ်းသပ်စစ်ဆေးခြင်း------------------------------- ၅၄
၁၀။ အာပြဟံအားခေါ်တော်မူခြင်း - ကတိတော်နှင့် ကျိန်ဆိုမှု ------------------------------------------- ၆၃
၁၁။ အာပြဟံအားခေါ်တော်မူခြင်း - အောင်နိုင်မည်ဟူသောကတိတော် --------------------------------- ၆၉
၁၂။ အာပြဟံအားခေါ်တော်မူခြင်း - ယေဘုယျခြုံငုံသုံးသပ်ခြင်း ------------------------------------------ ၇၃
၁၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ဣသရေလ၊ ဘုရားသခင်၏မင်းသား----- ၈၁
၁၄။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အဲဂုတ္တုပြည်ရောက်ဣသရေလ ---------- ၉၁
၁၅။ ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ - ကတိတော်နှင့်စပ်ဆိုင်သောအချိန်ကာလ ၁၀၀
၁၆။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခ----------- ၁၀၃
၁၇။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အမှုတော်ကိုပေးအပ်တော်မူခြင်း --------- ၁၀၉
၁၈။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အဲဂုတ္တုပြည်တွင် ဧဝံဂေလိသတင်းစကားဟော
ပြောခြင်း ----------------------------------------------------------------------------------------------- ၁၁၃
၁၉။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ဖါရောမင်း၏နှလုံးကိုမည်သို့ခိုင်မာစေတော်မူခဲ့
သနည်း၊ -------------------------------------------------------------------------------------------------- ၁၁၈
၂၀။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အသက်တော်အားဖြင့် ကယ်တင်ခြင်းသို့
ရောက်ခြင်း ---------------------------------------------------------------------------------------------- ၁၂၃
၂၁။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - နောက်ဆုံးသောလွတ်မြောက်ခြင်း-------- ၁၂၉
၂၂။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - လွတ်မြောက်ရာသီချင်း ------------------- ၁၃၅
၂၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကောင်းကင်မှလာသောမုန့် --------------- ၁၃၉
၂၄။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ဘုရားသခင့်အထံတော်မှလာသော
အသက် -------------------------------------------------------------------------------------------------- ၁၄၅

၂၅။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - နှုတ်ကပတ်တော်မှလာသောအသက် ---- ၁၅၀

၂၆။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကျောက်မှထွက်သောအသက်စမ်းရေ---- ၁၅၅

၂၇။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - သရုပ်ပြသွန်သင်မှု ---- ၁၆၃

၂၈။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ပညတ်တရားဝင်ရောက်လာခြင်း (အပိုင်း ၁)---- ၁၆၉

၂၉။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ပညတ်တရားဝင်ရောက်လာခြင်း (အပိုင်း ၂) ---- ၁၇၆

၃၀။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - သိနာတောင်နှင့် ကရာနီတောင် ---- ၁၈၆

၃၁။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - သိနာတောင်နှင့် ဇီအုန်တောင်---- ၁၉၁

၃၂။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကတိတော်ပါသော ပဋိညာဉ်တရားများ -- ၁၉၇

၃၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - မျက်နှာဖုံးနှင့်အရိပ် ---- ၂၀၇

၃၄။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ပညတ်နှစ်မျိုး ---- ၂၁၄

၃၅။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကတိထားတော်မူရာပြည်သို့ဝင်စားခြင်း - ၂၂၃

၃၆။ အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိခြင်းနှင့် ရှုံးနိမ့်ခြင်း---- ၂၃၀

၃၇။ ဣသရေလ၊ အမှုတော်ဆောင်လူတစ်စု ---- ၂၃၇

၃၈။ ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ - ကတိထားတော်မူသည့်ငြိမ်ဝပ်ခြင်းချမ်းသာ (အပိုင်း ၁)---- ၂၅၁

၃၉။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကတိထားတော်မူသည့်ငြိမ်ဝပ်ခြင်းချမ်းသာ (အပိုင်း ၂)---- ၂၅၈

၄၀။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အခြားသောနေ့ရက် (အပိုင်း ၁)---- ၂၆၇

၄၁။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အခြားသောနေ့ရက် (အပိုင်း ၂)---- ၂၇၅

၄၂။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အချုပ်အနှောင်ထဲသို့တဖန် (အပိုင်း ၁) -- ၂၈၃

၄၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အချုပ်အနှောင်ထဲသို့တဖန် (အပိုင်း ၂) -- ၂၉၀

၄၄။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - အချုပ်အနှောင်ထဲသို့တဖန် (အပိုင်း ၃) -- ၂၉၇

၄၅။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ကတိတော်အချိန်သည် ရောက်လုပြီး ---- ၃၀၄

၄၆။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ - ပျောက်ဆုံးသွားသောဣသရေလ လူမျိုးများ ---- ၃၁၁

၄၇။ ဣသရေလလူတို့အားစုဝေးစေတော်မူခြင်း - ထာဝရပဋိညာဉ်ပြီးပြည့်စုံသွားခြင်း---- ၃၁၈

## ၁၁း ဧဝံဂေလိသတင်းစကား – ထာဝရဧဝံဂေလိ
## ယနေ့အတွက်သမ္မာတရား၊ မေ ၇၊ ၁၈၉၆

ဗက်လင်မြို့လွင်ပြင်ကျယ်ကြီးတွင် စိတ်နှလုံးနှိမ့်ချသောသိုးထိန်းများသိုးကျောင်းနေကြစဉ် မိမိတို့အားဝန်းရံထားခဲ့သည့် ဘုရားသခင့်ဘုန်းရောင်ခြည်တော်ကြောင့် ထိုသိုးထိန်းများအနေဖြင့် အံ့အားသင့်သွားခဲ့ကြပြီး၊ "ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလိုငှါ ဘွားမြင်ခြင်းကိုခံတော်မူပြီ။" ဟုကြွေးကြော်ခဲ့သော ဘုရားသခင့်ကောင်းကင်တမန်တော်၏အသံတော်ကြောင့် သူတို့၏ကြောက်ရွံ့စိတ်များငြိမ်သက်ကွယ်ပျောက်သွားခဲ့ပါသည်။ (လုကာ ၂း၁၀၊ ၁၁)

"အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်း" ဆိုသည့်စကားသည် ဂရိစကားလုံးတစ်လုံးထဲမှဆင်းသက်လာပြီး၊ ထိုစကားလုံးကို အခြားတစ်နေရာတွင် "ဧဝံဂေလိသတင်း" အဖြစ်ဘာသာပြန် သုံးနှုန်းထားပါသည်။ သို့ဖြစ်၍ ကောင်းကင်တမန်၏ထိုသတင်းစကားကို အောက်ပါအတိုင်းအထိုက်အလျောက် ဖတ်ရှုနိုင်ပါသည်။ "လူအပေါင်းတို့သည် ဧဝံဂေလိသတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။" သိုးထိန်းများတို့အား ပေးတော်မူခဲ့သည့်သတင်းစကားမှ အရေးကြီးသည့်အချက်မြောက်များစွာကိုကျွန်ုပ်တို့သင်ယူရပါသည်။

၁ ဧဝံဂေလိဆိုသည်မှာ ဝမ်းမြောက်ခြင်းကိုယူဆောင်ပေးသော သတင်းစကားဖြစ်သည်။ "ဘုရားသခင်၏ နိုင်ငံတော်သည်....ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊သန့်ရှင်းသောဝိညာဉ်အားဖြင့်ခံရသော ဝမ်းမြောက်ခြင်း၌တည်၏။" ရောမ ၁၄း၁၇။ သခင်ခရစ်တော်သည် "ဝမ်းမြောက်ခြင်းဆီနှင့်" ဘိသိက်ပေးခြင်းကိုခံရပြီး "ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ" ကို သူကိုယ်တိုင်ပေးသနားထားတော်မူပါသည်။ ဆာလံ ၄၅း၇၊ ဟေဗြဲ ၁း၉၊ ဟေရှာယ ၆၁း၃။

၂ ထိုသတင်းစကားသည် အပြစ်မှကယ်တင်ပေးခြင်းသတင်းစကားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယောသပ်အား သူငယ်တော်ဖွားမြင်လာမည့်အကြောင်းကို ကြိုတင်ပြောပြထားပေးခဲ့သောကောင်းကင်တမန်ကပင်၊ "ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်" ဟု ဤသိုးထိန်းများမတိုင်မီကတည်းကယောသပ်အားကြိုတင်ပြောပြပေးထားသောကြောင့်ဖြစ်သည်။

၃ ထိုသတင်းစကားသည် လူသားတိုင်းနှင့်သက်ဆိုင်သောအရာတစ်ခုဖြစ်သည်။ - "လူအပေါင်းတို့၌ဟောရသောသတင်းစကား" "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကို ချစ်တော်မူ၏။" ယောဟန် ၃း၁၆။

ဤအချက်သည် လူတိုင်းအဖို့လုံလောက်သော အာမခံချက်တစ်ခုဖြစ်သည်။ ဧဝံဂေလိသတင်းစကားအရာတွင် ဆင်းရဲသောသူသည် ချမ်းသာသောသူနှင့်တန်းတူသော အခွင့်အရေးကိုရရှိထားပါသည်ဆိုသည့်အချက်ကို အာရုံပြုကြည့်သွားရမည်ဆိုလျှင်၊ ခရစ်တော်၏မွေးဖွားခြင်းသတင်းစကားကို အသက်တာတွင်အနိမ့်ကျဆုံးအသက်ရှင်လျှောက်လှမ်းခဲ့ရသောသူများတို့ထံသို့ ဦးစွာဆောင်ယူပေးလာခဲ့သည်ကိုတွေ့ရပေမည်။ ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ကျမ်းတတ်ဆရာများနှင့်အထက်တန်းလွှာလူတန်းစားများဆီသို့

မဟုတ်ပဲ၊ သိုးထိန်းများဆီသို့သာ ဝမ်းမြောက်ဖွယ်သတင်းစကားကို ပထမဦးစွာ ကြားပြောပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဧဝံဂေလိသတင်းစကားဆိုသည့်အရာသည် ပညာမတတ်သောသူများတို့ နားမလည်နိုင်သောအရာတစ်ခုမဟုတ်ပါချေ။ ယေရှုခရစ်တော်ကိုယ်တော်တိုင်ပင်လျှင် အလွန်ဆင်းရဲသောဘဝတွင် ဖွားမြင်လာခဲ့ပြီး ကြီးပြင်းလာခဲ့ပါသည်။ ဆင်းရဲသားတို့၌ သူသည် ဧဝံဂေလိသတင်းစကားကိုကြားပြောခဲ့ကာ၊ "လူများအပေါင်းတို့သည် အားရဝမ်းမြောက်သောစိတ်နှင့် စကားတော်ကိုနားထောင်ကြ၏" မာကု ၁၂း၃၇။ ကမ္ဘာတစ်ခုလုံးအတိုင်းအတာကို ရည်ညွှန်းပြနေသည့် လူအပေါင်းတို့ထံသို့ ထိုသတင်းစကားကိုကြားပြောရသည်ဖြစ်သောကြောင့် ဤသတင်းစကားသည် ကမ္ဘာတစ်ဝန်းလုံးနှင့်သက်ဆိုင်သော သတင်းစကားတစ်ခုပင်ဖြစ်သည် ဆိုသည့်အချက်အပေါ် မယုံနိုင်စရာအကြောင်းမရှိတော့ပါချေ။

## လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ

ဧဝံဂေလိသတင်းစကားသည် ဆင်းရဲသားများထံသို့ ရှေးဦးစွာကြားပြောခဲ့သည့် သတင်းစကားဖြစ်မည်ဆိုသော်ငြားလည်း ထိုသတင်းစကားသည်အသရေမဲ့ပြီး ယုတ်ညံ့သိမ်ဖျင်းသောသတင်းစကားမဟုတ်ပါချေ။ ကျွန်ုပ်တို့ချမ်းသာနိုင်ဖို့ရန်အလို့ငှါ ခရစ်တော်အဆင်းရဲခံတော်မူခဲ့ပါသည်။ ရှင်ဘုရင်များနှင့်လောကရှိ ဂုဏ်ကြီးရှင်များတို့အား သတင်းစကားဝေငှဟောပြောဖို့ရန်အတွက် ရွေးချယ်ခြင်းခံခဲ့ရသည့် လောက ယေရုရှလင်မြို့တော်ကြီးဆီသို့ခရီးထွက်သွားရမည့် တမန်တော်ကြီးကဤသို့ပြောဆိုလာခဲ့ပါသည်။ "ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည်… ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။" ရောမ ၁း၁၆။ လောကကမ္ဘာတခုလုံးကြိုးစားရှာဖွေနေသော အရာတစ်ခုမှာ တန်ခိုး (အာဏာ) ပင်ဖြစ်ပါသည်။ ထိုအရာကို ရှာဖွေကြရာတွင် အချို့သောသူတို့သည်ငွေကြေးဥစ္စာဓနအားဖြင့်သော်၄င်း၊ အချို့တို့က နိုင်ငံရေးခံယူချက်များဖြင့်သော်၄င်း၊ အချို့တို့ကလေ့လာသင်ယူမှုအားဖြင့်သော်၄င်း၊ အချို့တို့က အခြားသောနည်းလမ်းပေါင်းစုံဖြင့်သော်၄င်း စသည့်ပုံစံအမျိုးမျိုးတို့ဖြင့် ရှာဖွေကြပါသည်။ ထိုသို့ ပုံစံအမျိုးမျိုးဖြင့်ရှာဖွေနေကြရာတွင် ထိုသူတို့၏ဦးတည်ရည်ရွယ်ချက်မှာ တစ်ခုတည်းသာရှိနေပါသည်။ တစ်နေရာမဟုတ်တစ်နေရာတွင် အာဏာရရှိနိုင်ရေးအတွက်ကိုပင် သူတို့ရည်ရွယ်နေကြခြင်းဖြစ်သည်။ လူသားတိုင်း၏ နှလုံးသားတိုင်းသည် ဂနာမငြိမ်တတ်ပါချေ။ ထို နှလုံးသားတိုင်းတို့အထဲတွင် မရောင့်ရဲမတင်းတိမ်နိုင်သောစိတ်လိုအင်တောင့်တမှုတစ်ခုကို ဘုရားကိုယ်တော်တိုင် ထည့်သွင်းပေးထားပါသည်။ မိမိကဲ့သို့သော ဖန်ဆင်းခံလူသားအချင်းချင်းတို့ ရရှိကြသော အောင်မြင်မှုများအပေါ်နင်းချေဖျက်ဆီးတတ်လာအောင် အချို့သာသူများတို့ကို လမ်းပြနေတတ်သည့် မိုက်မဲသောရည်ရွယ်ချက်များ၊ ချမ်းသာကြွယ်ဝမှုရရှိနိုင်ရေးအတွက် အတောမသတ်နိုင်သောရုန်းကန်ကြိုးစားမှုများနှင့်မြောက်များစွာသောသူတို့အတွက်အချုပ်အနှောင်ဖြစ်စေသည့် ကျိုးမဲ့ကြောင်းမဲ့သာယာမှုများ၊ စသည့်အရာများအားလုံးတို့သည် လူ၏စိတ်လိုအင်တောင့်တမှုကိုဖြည့်ဆည်းမပေးနိုင်သည့် အချည်းနှီးကြိုးပမ်းဆောင်ရွက်မှုများသာဖြစ်ပါသည်။

ဤသို့သော (လောက) အရာများတို့အားတောင့်တလိုချင်သည့်စိတ်လိုအင်ဆန္ဒမျိုးကို လူသားတို့၏နှလုံးသားထဲတွင် ဘုရားသခင်ထည့်သွင်းမထားပေးပါချေ။ သို့ရာတွင် ထိုစိတ်ဆန္ဒ၏ဖေါက်ပြန်မှုအခြေအနေအပေါ် ပြန်လည်ဖွေရှာစမ်းစစ်လိုသည့်ဆန္ဒတစ်ခုကိုမူ ထည့်သွင်းပေးထားတော်မူပါသည်။ ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ကို လူသားများအားပိုင်ဆိုင်စေလိုသည်။ လူသားများအမြဲတစေ ရှာဖွေနေကြသည့် ဘုရားတန်ခိုးကို မပေးစွမ်းနိုင်သည့်အရာများ (လောကအရာများ) တို့ကို လူသားတို့အား ဘုရားသခင် မပိုင်ဆိုင်စေလိုပါချေ။ ထိုအရာများတို့သည် လူ့လိုအင်ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်ပါချေ။ လူသားတို့သည် မိမိတို့ဖွေရှာစုဆောင်းကြမည့်ကြွယ်ဝချမ်းသာမှု၏စံချိန်စံညွှန်းကို သတ်မှတ်ထားကြပါသည်။ အဘယ်ကြောင့်

ဆိုသော် ထို သတ်မှတ်ထားသည့် စံချိန်အတိုင်းအတာတစ်ခုအထိရောက်လာသည့်အခါတွင် မိမိတို့အနေဖြင့် စိတ်ကျေနပ်မှုရရှိနိုင်လိမ့်မည်ဟုတွေးထင်ထားကြသောကြောင့်ဖြစ်သည်။ သို့ရာတွင် မိမိတို့သတ်မှတ်ထားသည့် စံချိန်တစ်ခုသို့ရောက်ရှိလာကြသည့်အခါတွင် သူတို့သည် အရင်ကကဲ့သို့ပင် စိတ်ကျေနပ်မှုမရပဲနေကြပြန်သည်။ ဤသို့ဖြင့် နှလုံးသားဆန္ဒ၏အလိုကို ဤနည်းလမ်းအားဖြင့်ဖြည့်ဆည်း၍မရနိုင်ကြောင်းကို နားမလည်ကြသောထိုသူတို့သည်၊ ချမ်းသာကြွယ်ဝမှုတို့ကို ရနိုင်သမျှရအောင်စုပုံသိမ်းကျုံးခြင်းဖြင့် မိမိတို့၏စိတ်ကျေနပ်မှုကို ဆက်လက်ပြီးကြိုးစားရှာဖွေကြပြန်လေတော့သည်။ ထိုစိတ်ဆန္ဒကိုထည့်သွင်းပေးခဲ့သည့် သူတစ်ဦးတည်းကသာလျှင် ထိုဆန္ဒ၏အလိုကိုဖြည့်ဆည်းပေးနိုင်ပါသည်။ လူသားတို့၏စိတ်လိုအင်နှင့် စုံလင်သောငြိမ်သက်ခြင်းချမ်းသာတို့ကို ထိုအရှင်တစ်ပါးတည်း၌သာ ဖွေရှာနိုင်လိမ့်မည် ဆိုသည့်ယုံကြည်ချက်ကို လက်ခံထားကြသည့်သူတို့၏အရေအတွက်မှာ အနည်းငယ်သာရှိနေပါသည်။ သို့ရာတွင် ဘုရားသခင်သည် ခရစ်တော်၌ပေါ်လွင်ထင်ရှားတော်မူပြီး၊ အကယ်စင်စစ် ထိုခရစ်တော်သည် 'လူမျိုးအပေါင်းတို့၏နှစ်သက်ဖွယ်သောအရာ' လည်း  ဖြစ်တော်မူပေသည်။ (ဟဂ္ဂဲ ၂း၇)။ စိတ်လိုအင်ဆန္ဒမပြည့်ဝနိုင်ကြကုန်သော သေလူစာရင်းဝင်လူသားတိုင်းတို့အား ခေါ်ဖိတ်ထားလေသည်မှာ၊ "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည့်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကိုခိုလှုံသောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရား၏သန့်ရှင်းသူတို့၊ ထာဝရဘုရားကို ကြောက်ရွံ့ကြလော့။ ကြောက်ရွံ့သောသူတို့၌ ဆင်းရဲခြင်းမရှိရာ။" ဆာလံ ၃၄း၈-၉။ "အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုးဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကို ခိုလှုံလျက်နေရကြ၏။ အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍၊ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်းငှါ အခွင့်ပေးတော်မူ၏။" ဆာလံ ၃၆း၇၊၈။

(အာဏာ)တန်ခိုးဆိုသည့်အရာသည်လောကလူသားများတောင့်တလိုချင်နေကြသည့် အရာတစ်ခုဖြစ်ပြီး၊ ဘုရားသခင်အနေဖြင့်လည်း လူသားများတို့အား ပေးကမ်းချင်နေသည့်အရာတစ်ခုဖြစ်သည်။ သို့ရာတွင် လူသားများဖွေရှာနေကြသည့် အာဏာတန်ခိုးသည် မိမိတို့ကို ပျက်ဆီးခြင်းလမ်းထဲသို့ပို့ဆောင်ပေးမည့် အာဏာတန်ခိုးပင်ဖြစ်ပြီး၊ ဘုရားသခင်ပေးလိုသည့် အာဏာတန်ခိုးမှာမူ လူကိုကယ်တင်ခြင်းပေးမည့် အာဏာတန်ခိုးပင်ဖြစ်ပါသည်။ ဤသို့သောအာဏာတန်ခိုးမျိုးကို ဧဝံဂေလိသတင်းစကားက လူသားများ အားလုံးတို့ထံသို့ ယူဆောင်လာပေးပါသည်။ ထိုတန်ခိုးသည် ဘုရားသခင်၏တန်ခိုးတော်သာဖြစ်ပါသည်။ လက်ခံမည်ဆိုပါက ထိုတန်ခိုးသည်လူတိုင်းအဖို့ပင်ဖြစ်ပါသည်။  ထိုတန်ခိုးတော်၏ သဘောသဘာဝကိုလေ့လာကြည့်ကြပါစို့။ ထိုသဘောသဘာဝကို လေ့လာတွေ့ရှိသွားကြပြီးဆိုလျှင် ကျွန်ုပ်တို့၏မျက်စိရှေ့တွင် ဧဝံဂေလိသတင်းစကားတစ်ခုလုံးကို ရှင်းလင်းစွာမြင်တွေ့လာနိုင်ကြမည်ဖြစ်ပါသည်။

## ဧဝံဂေလိသတင်းစကား၏တန်ခိုးတော်

ဘုရားသခင်၏ ကြွလာခြင်းအချိန်မတိုင်မီကလေးတွင်ဖြစ်ပေါ်လာမည့် အဖြစ်အပျက်များအကြောင်းကိုဖော်ပြခဲ့သည့် ချစ်တပည့်တော်ကြီး (ယောဟန်)ရရှိခဲ့သောရူပါရုံထဲတွင်၊ ထိုဖြစ်ပေါ်လာမည့် အဖြစ်အပျက်များအတွက် လူသားများတို့ကို ပြင်ဆင်မှုရှိစေမည့် ဧဝံဂေလိသတင်းစကားအကြောင်းကို ဤသို့ထည့်သွင်းဖော်ပြလိုက်ပါသည်။...

"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တပါးက၊ ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကို ငါမြင်၏။" ဗျာဒိတ် ၁၄း၆၊၇။

ဧဝံဂေလိသတင်းစကားကိုဟောပြောခြင်းအမှုတွင်၊ ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်ဖြစ်တော်မူကြောင်းကိုဟောပြောခြင်းနှင့် ထိုဖန်ဆင်းရှင်ကိုကိုးကွယ်ဝတ်ပြုကြရန်အတွက် လူသားတို့အားဖိတ်ခေါ်ခြင်း စသည့်အချက်များပါဝင်နေကြောင်းကို ဤနေရာတွင် ရှင်းလင်းစွာတွေ့မြင်ရပါသည်။ ဤအချက်သည် ရောမသြဝါဒစာစောင်တွင် ဖတ်ရှုလိုက်ရသည့် အချက်နှင့် ထပ်တူညီနေပါသည်။ ထိုအချက်မှာ ဧဝံဂေလိသတင်းစကားသည် "ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်" ဖြစ်သည်။ ဘုရားသခင်၏တန်ခိုးတော်ဆိုသည်မှာ အဘယ်အရာဖြစ်တော်မူကြောင်းကို တပါးအမျိုးသားများတို့အား ဟောပြောခဲ့သည့်တမန်တော်ကြီးပြောကြားခဲ့သည့်စကားထဲတွင် ကျွန်ုပ်တို့အနေဖြင့် ထပ်ဆင့်ပြီးလေ့လာတွေ့ရှိနိုင်ပါသည်။ တမန်တော်ကြီးက...

"အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သောဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အား ပြတော်မူပြီ။ အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာတည် သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။" ရောမ ၁း ၁၉၊ ၂၀။ ဘုရားသခင်ဖန်ဆင်းတော်မူသောအရာများတို့ကိုထောက်ရှုခြင်းအားဖြင့် ထိုသခင်၏တန်ခိုးတော်ကိုရှင်းလင်းစွာသိမြင်နိုင်သည်ဖြစ်သောကြောင့်၊ လူသားများအနေဖြင့် မိမိတို့၏အသိအာရုံများတို့ကိုအသုံးပြုကြမည်ဆိုလျှင် ဘုရားသခင်၏တန်ခိုးတော်ကို ဖန်ဆင်းတော်မူခဲ့သည့်ကာလမှစ၍ တွေ့မြင်လာခဲ့ကြရမည်ဖြစ်ပါသည်။ ဖန်ဆင်းခြင်းလက်ရာများက ဘုရားသခင်၏တန်ခိုးတော်ကိုပြညွှန်ပေးပါသည်။ ထို့ကြောင့် ဘုရားသခင်၏တန်ခိုးတော်သည် ဖန်ဆင်းပေးနိုင်စွမ်းရှိသည့်တန်ခိုးတော်ပင်ဖြစ်ပါသည်။ ဧဝံဂေလိသတင်းစကားသည် ကယ်တင်ပေးသောဘုရားသခင်၏တန်ခိုးတော်ဖြစ်တော်မူသောကြောင့်၊ ထိုဧဝံဂေလိသတင်းစကားသည် လူသားများတို့ကိုအပြစ်မှကယ်ချွတ်ပေးမည့် ဖန်ဆင်းပေးနိုင်စွမ်းရှိသည့်တန်ခိုးတော်၏ ပေါ်လွင်ထင်ရှားခြင်းအကြောင်းပင်ဖြစ်ပေတော့သည်။

ဧဝံဂေလိသတင်းစကားဆိုသည်မှာယေရှုခရစ်တော်အားဖြင့် ရရှိသောကယ်တင်ခြင်းနှင့်စပ်ဆိုင်သည့် သတင်းကောင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သင်ယူထားကြရပြီးဖြစ်ပါသည်။ ဧဝံဂေလိသတင်းစကားတွင် အဓိကအနေဖြင့်ပါဝင်သည့်အချက်မှာယေရှုခရစ်တော်၏အကြောင်းနှင့် သူ၏အသေခံတော်မူခြင်းအကြောင်းတို့ကိုဟောပြောခြင်း ဆိုသည့်အချက်ပင်ဖြစ်သည်။ တမန်တော်ကြီးပြောဆိုတင်ပြထားလေသည်မှာ၊ "ဗတ္တိဇံကိုပေးစေခြင်းငှါ ခရစ်တော်သည် ငါ့ကိုစေလွှတ်တော်မူသည်မဟုတ်။ ဧဝံဂေလိတရားကို ဟောစေခြင်းငှါ စေလွှတ်တော်မူ၏။ သို့သော်လည်း၊ ခရစ်တော်၏လက်ဝါးကပ်တိုင်ကို အချည်းနှီးမဖြစ်စေခြင်းငှါ၊ နှုတ်ပညာကို အခွင့်မပေးဘဲနေတော်မူ၏။ အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။" ၁ ကော ၁း၁၇၊ ၁၈။

## ဖန်ဆင်းခြင်းနှင့် ကယ်တင်ခြင်း

"အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။.....နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သော အရာတစုံတခုမျှမရှိ။..... နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။" ယောဟန် ၁း၁-၁၄။ "အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိ

သမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလို ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာမ ဖြစ်မှီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။" ကောလောသဲ ၁း၁၆၊ ၁၇။

နောက်ဆုံးကျမ်းပိုဒ်ကို ပိုမိုအာရုံစိုက်လျက်၊ ဖန်ဆင်းခြင်းနှင့် ကယ်တင်ခြင်းတို့သည်ယေရှုခရစ် တော်၌ မည်သို့ချိတ်ဆက်လျက်နေကြောင်းကို လေ့လာကြည့်ကြပါစို့။ အခန်းငယ် ၁၃ နှင့် ၁၄ တွင် "မှောင် မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍၊ ချစ်တော်မူသောသားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ ၏။" ဟု တင်ပြထားခဲ့ပါသည်။ ခရစ်တော်သည် မည်သူမည်ဝါဖြစ်ကြောင်းကို တင်ပြပေးထားသည့်စာကြောင်း အပြီးတွင် ကျွန်ုပ်တို့အနေဖြင့်ယေရှုခရစ်တော်၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းကို အဘယ်သို့ရရှိပိုင် ဆိုင်ကြရသည့်အကြောင်းကို တမန်တော်ကြီးက ဆက်လက်ပြောပြပေးထားပါသည်။ အကြောင်းအရင်းမှာ၊ "ထိုသခင်အားဖြင့်...ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ ...သားတော်သည်လည်း ခပ်သိမ်း သောအရာမဖြစ်မှီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။"

ထို့ကြောင့် ထာဝရဧဝံဂေလိသတင်းစကားကိုဟောကြားခြင်းဆိုသည်မှာ ဘုရားသခင်၏ဖန်ဆင်း နိုင်စွမ်းရှိသော တန်ခိုးတော်တည်းဟူသော ယေရှုခရစ်တော်၏အကြောင်းကို ဟောကြားခြင်းပင်ဖြစ်ပါသည်။ ထိုယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာလျှင် ကယ်တင်ခြင်းရရှိနိုင်ပါသည်။ လူသားများကို အပြစ်ထဲမှ ကယ်တင်တော်မူရာတွင်ယေရှုအသုံးပြုခဲ့သည့်တန်ခိုးတော်မှာ ကမ္ဘာလောကတစ်ခုလုံးကိုဖန်ဆင်းရာတွင် ယေရှုအသုံးပြုခဲ့သည့်တန်ခိုးတော်ပင်ဖြစ်ပါသည်။ ထိုယေရှု၏အသွေးတော်မြတ်အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုခံရကြပါသည်။ ကပ်တိုင်တော်အကြောင်းကို ဟောကြားခြင်းသည် ဘုရားသခင်၏တန်ခိုး တော်အကြောင်းကိုဟောကြားခြင်းပင်ဖြစ်ပြီး၊ ဘုရားသခင်၏တန်ခိုးတော်ဆိုသည်မှာလည်း ဖန်ဆင်းနိုင်စွမ်းရှိ သောတန်ခိုးတော်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ယေရှုခရစ်၏ကပ်တိုင်တော်၌ ဖန်ဆင်းခြင်းတန်ခိုးတော်ရှိနေ ပါသည်။ ထိုတန်ခိုးတော်သည် လူသားတိုင်းအဖို့ လုံလောက်ပါပေသည်။ သို့ဖြစ်၍ "ငါဖြစ်လျှင်၊ ငါတို့သခင် ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတပါးဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။"ဟု ကြွေးကြော်ခဲ့သည့် တမန်တော်(ပေါလု) ၏ကြွေးကြော်မှုအပေါ် ကျွန်ုပ်တို့အနေဖြင့် တွေဝေမိန်းမောနေစရာအကြောင်း ဘာတစ် ခုမျှ မရှိတော့ပါချေ။ ဂလာတိ ၆း၁၄

## ဘုရားသခင်၏လျှို့ဝှက်နက်နဲခြင်း

ဖန်ဆင်းခြင်းတွင်အသုံးပြုသောတန်ခိုးတော်နှင့် ကယ်တင်ခြင်းလုပ်ငန်းတွင်အသုံးပြုသောတန်ခိုး တော်တို့သည် အတူတူပင်ဖြစ်ပါသည် ဆိုသည့်အချက်သည် အချို့သောသူများတို့အတွက် အသစ်သော တွေးခေါ်ယူဆချက်တစ်ခုလို ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ဤအချက်သည်လူတိုင်းအတွက် လျှို့ဝှက်နက်နဲ သောအရာတစ်ခုဖြစ်သည်။ ဧဝံဂေလိသတင်းစကားကိုယ်၌ပင်လျှင် လျှို့ဝှက်နက်နဲမှုတစ်ခုဖြစ်နေပါသည်။ "ထိုတရား (ဧဝံဂေလိတရား) ၏ နက်နဲသောအရာကိုဖေါ်ပြခြင်းငှါ" မိမိ၏နှုတ်ကိုဖွင့်ဟနိုင်ဖို့ရန်အတွက် တမန် တော်ပေါလုသည် မိမိညီအစ်ကိုများတို့၏ဆုတောင်းသံများကိုမျှော်လင့်တောင့်တခဲ့ပါသည်။ ဧဖက် ၆း၁၉။ အခြားတစ်နေရာတွင်လည်း၊ "စစ်၍မကုန်နိုင်သော ခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်း၏ ဧဝံဂေလိတရားကို တ ပါးအမျိုးသားတို့အားဟောပြောရန်၊ အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့်ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့် စပ်ဆိုင်သောသာသနာသည် အဘယ်

သို့ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေရန်၊” တန်ခိုးတော်ကိုပြုပြင်သောအားဖြင့် မိမိအားပေးသနားတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကို ခံရသည်နှင့်အညီ မိမိသည် ဟောပြောရမည့်အမှုဆောင်အရာ၌ ခန့်အပ်ထားခြင်းခံရကြောင်းကိုလည်း ရှင်ပေါလုအနေဖြင့်ပြောဆိုတင်ပြထားပါသည်။ ဧဝံဂေလိသတင်းစကား၏လျှို့ဝှက်နက်နဲခြင်းဆိုသည်မှာ ဖန်ဆင်းခြင်း၏လျှို့ဝှက်နက်နဲခြင်းပင်ဖြစ်ကြောင်းကို ဤနေရာတွင် တဖန်တွေ့ ရှိရပြန်ပါသည်။

ဤနက်နဲခြင်းအရာကို တမန်တော်ကြီး (ပေါလု) က ဗျာဒိတ်တော်အားဖြင့် သိမြင်ခွင့်ရခဲ့ပါသည်။ မိမိအနေဖြင့် ထိုဗျာဒိတ်တော်ကိုမည်ကဲ့သို့ခံယူရရှိခဲ့ရကြောင်းကို သူရေးသားခဲ့သည့် ဂလာတိဩဝါဒစာစောင်ထဲတွင် ဖော်ပြပေးထားပါသည်။ ထိုစာစောင်ထဲတွင် သူတင်ပြပြောဆိုထားလေသည်မှာ၊ “ညီအစ်ကိုတို့၊ ငါဟောပြောသော ဧဝံဂေလိတရားသည် လူတို့၏တရားမဟုတ်။ လူထံမှာငါခံရသည်မဟုတ်။ ယေရှုခရစ်၏ဗျာဒိတ်တော်မှတပါး အခြားသောဥပဒေသကိုငါမခံသည်အကြောင်းကို သင်တို့အား ငါကြားလိုက်၏။” ထိုနောက်တွင် ဤအကြောင်းနှင့်ပတ်သက်ပြီး သူ့အနေဖြင့် ဆက်လက်ဖော်ပြထားသည်ကား၊ “သို့သော်လည်း၊ ငါ့ကိုအမိဝမ်းထဲကပင်ရွေးချယ်ခဲ့ထား၍ ကျေးဇူးတော်အားဖြင့်ခေါ်တော်မူသောဘုရားသခင်သည်၊ သားတော်၏ဧဝံဂေလိတရားကို တပါးအမျိုးသားတို့၌ ဟောပြောစေမည်အကြောင်း၊ မိမိ အလိုတော်နှင့်အညီသားတော်ကိုငါ့အားပြတော်မူသောအခါ၊ ငါသည်အသွေးအသားနှင့် တိုင်ပင်ခြင်းကိုမပြု။” ဂလာတိ ၁း၁၁၊ ၁၂၊ ၁၅၊ ၁၆။

တင်ပြခဲ့သည့် နောက်ဆုံးအချက်တချို့တို့ကို ပြန်လည်အကျဉ်းချုပ်ပြီးကြည့်ကြပါစို့။

၁။ ဧဝံဂေလိသတင်းစကားသည် လျှို့ဝှက်နက်နဲသောအရာတစ်ခုဖြစ်သည်။

၂။ ထိုနက်နဲသောအရာကို ယေရှုခရစ်တော်၏ဗျာဒိတ်တော်က (အဓိပ္ပါယ်) ဖွင့်လစ်ပြသထားသည်။

၃။ ထိုနက်နဲသောအရာကိုယေရှုခရစ်တော်က သူ့ (ပေါလု) အားဖော်ပြပေးခဲ့ရုံသာမကပဲ၊ သူ (ပေါလု) ၏အထဲ၌ရှိတော်မူသော ယေရှုခရစ်တော်၏ဗျာဒိတ်တော်အားဖြင့် သူ့အား ထိုနက်နဲသောအရာကို သိရှိနားလည်စေခဲ့သည်။ ဧဝံဂေလိသတင်းစကားကို အခြားသောသူများတို့၌ မဟောပြောမီတွင် ရှင်ပေါလုအနေဖြင့် ထိုဧဝံဂေလိသတင်းစကားကိုရှေးဦးစွာ သိရှိနားလည်ထားရပါသည်။ သူ့အနေဖြင့် ထိုသို့သိရှိနားလည်နိုင်ခဲ့သည့်တစ်ခုတည်းသော နည်းလမ်းမှာ သူ၏အထဲ၌ ခရစ်တော်ကိုယ်တော်တိုင်ထင်ရှားခဲ့ခြင်းအားဖြင့်သာဖြစ်သည်။ သို့ဖြစ်ပါ၍ အချုပ်အားဖြင့်ဆိုရသော်၊ ဧဝံဂေလိသတင်းစကားဆိုသည်မှာ လူတို့အထဲ၌ သခင်ခရစ်တော်၏ဝင်ရောက်ထင်ရှားခြင်းပင်ဖြစ်ပါသည်။

ဤဖော်ပြချက်ကို တမန်တော်ကြီးက အခြားတစ်နေရာတွင် ရှင်းလင်းစွာတင်ပြပေးထားပါသည်။ သူရေးသားတင်ပြထားလေသည်မှာ၊ “ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော်လည်း၊ ယခုတွင် သန့်ရှင်းသူတို့အားဘော်ပြသော နက်နဲရာတည်းဟူသော ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြောစေခြင်းငှါ၊ သင်တို့အကျိုးကိုထောက်၍၊ ငါ့အားအပ်ပေးတော်မူသောဘုရားသခင်၏သာသနာတော်နှင့်အညီ၊ ငါသည် အသင်းတော်၌ဓမ္မဆရာ၏အဖြစ်သို့ရောက်ရပြီ။ တပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ၊ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မြော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း။” ကောလောသဲ ၁း၂၅-၂၇။ ထို့ကြောင့် ဧဝံဂေလိသတင်းစကားဆိုသည်မှာ ယေရှုခရစ်တော်ကို လူတို့အထဲ၌သိမြင်သွားစေခြင်းပင်ဖြစ်ကြောင်းကို ဤနေရာတွင် အခိုင်အမာထောက်ပြပေးထားပါသည်။ သို့မဟုတ်နောက်တနည်းအားဖြင့်ဆိုရသော်၊ ဧဝံဂေလိသတင်းစကားဆိုသည်မှာ လူတို့၏အထဲ၌ကိန်းဝပ်တော်မူသောခရစ်တော်ပင်ဖြစ်ပြီး၊ ထိုသတင်းစကားကိုဟောပြော

ခြင်းဆိုသည်မှာ သခင်ယေရှုသည် လူသားတို့၏အထဲတွင်ကိန်းဝပ်တော်မူသည်အကြောင်းကို လူသားတို့အား သိရှိစေခြင်းပင်ဖြစ်ပေသည်။ ဤအချက်သည် ကောင်းကင်တမန်တင်ပြခဲ့သည့်အချက်ဖြစ်သည့် သင်တို့သည် ယေရှုကို ဧမာနွေလအမည်ဖြင့်မည့်ခေါ်ရမည်၊ "ဧမာနွေလအနက်ကား သင်တို့နှင့်အတူရှိတော်မူသော ဘုရား" (မသဲ ၁း၂၃) ဆိုသည့်အချက်နှင့် ကိုက်ညီမှုရှိပြီး၊ တမန်တော်ကြီးတင်ပြခဲ့သည့်အချက်ဖြစ်သည့် ဘုရားသခင်၏နက်နဲခြင်းဆိုသည်မှာ ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူခြင်းကိုဆိုလိုပါသည် ဆိုသည့်တင်ပြချက်နှင့်လည်း ကိုက်ညီမှုရှိနေပါသည်။ ယေရှုခရစ်တော်၏ဖွားမြင်လာခြင်းအကြောင်းကို သိုးထိန်းတို့အား ကောင်းကင်တမန်ကဟောပြောအသိပေးခဲ့သည့်အရာသည် ဘုရားသခင်သည်ကိုယ်ခန္ဓာ တော်အားဖြင့် လူသားတို့ထံသို့ရောက်ရှိလာပြီးဖြစ်ကြောင်းကိုကြေညာပေးခဲ့လိုက်သည့်ကြေညာချက်ပင်ဖြစ်ပါသည်။ ဤသတင်းစကားကို လူသားတစ်မျိုးနွယ်လုံးဆီသို့ ရောက်ရှိစေရမည် ဆိုသည့်စကား၏ဆိုလိုရင်း အဓိပ္ပါယ်ကား၊ လူတို့အထဲ၌ကိန်းဝပ်တော်မူသောဘုရားသခင်၏နက်နဲခြင်းအကြောင်းကို လူမျိုးနွယ်ခပ်သိမ်း တို့အား ဟောပြောပေးခြင်းနှင့် ထိုသခင်အားယုံကြည်သောသူအပေါင်းတို့၌ ထိုနက်နဲခြင်းအကြောင်းကို ဝေငှ ပေးခြင်းပင်ဖြစ်ပါသည်။

ဤနေရာအထိလေ့လာလာခဲ့ကြသည့်အချက်များအားလုံးတို့ကို ကျွန်ုပ်တို့အနေဖြင့် ယခုတွင် ပြန်လည်ပြီး အကျဉ်းချုပ်ကြည့်ကြပါစို့။

၁။ ဧဝံဂေလိသတင်းစကားဆိုသည်မှာ ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။ ကယ်တင်ခြင်းဆိုသည်မှာ ဘုရားသခင်၏တန်ခိုးတော်တစ်ခုတည်းအားဖြင့်သာ တည်နေနိုင်တော်မူပြီး၊ ဘုရားသခင်၏တန်ခိုးတော်တည်ရှိသည့်နေရာတိုင်းတွင် ကယ်တင်ခြင်းတည်ရှိနေပါသည်။

၂။ ယေရှုခရစ်တော်သည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။

၃။ သို့ရာတွင် ယေရှုခရစ်ပေးတော်မူသောကယ်တင်ခြင်းသည် ကပ်တိုင်တော်အားဖြင့်သာဖြစ်သည်။ ထို့အတွက်ကြောင့် ခရစ်တော်၏ကပ်တိုင်တော်သည်ဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်ပေသည်။

၄။ ထို့ကြောင့် ခရစ်တော်နှင့် သူ၏အသေခံတော်မူခြင်းအကြောင်းကိုဟောကြားခြင်းသည် ဧဝံဂေလိ သတင်းစကားကို ဟောကြားခြင်းပင်ဖြစ်သည်။

၅။ ဘုရားသခင်၏တန်ခိုးတော်ဆိုသည်မှာ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူသော တန်ခိုးတော်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်နှင့်သူ၏အသေခံတော်မူခြင်းအကြောင်းကို ဘုရားသခင်၏တန်ခိုးတော်အနေဖြင့်ဟောကြားခြင်းသည် လူသားတို့အား ကယ်တင်ခြင်းကိုပေးစွမ်းသော ဖန်ဆင်းနိုင်စွမ်းရှိသည့်ဘုရားသခင့်တန်ခိုးတော်အကြောင်းကို ဟောကြားခြင်းပင်ဖြစ်သည်။

၆။ ဤအချက်သည်ဟုတ်မှန်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ယေရှုခရစ်တော်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်ဖြစ်သောကြောင့်တည်း။

၇။ ဧဝံဂေလိသတင်းစကား၏နက်နဲခြင်းဆိုသည်မှာ ကိုယ်ခန္ဓာ၌ (အားဖြင့်) ပေါ်ထွန်းတော်မူသော ဘုရားသခင်၏ပေါ်ထွန်းတော်မူခြင်းပင်ဖြစ်သည်။ လောက၌ သက်ရှိထင်ရှားခဲ့သည့်ခရစ်တော်သည် "ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်" ဖြစ်သည်။ ထို့ကြောင့် လူသားတို့၏နှလုံးသားထဲတွင်ယုံကြည်ခြင်းအားဖြင့် ကိန်းဝပ်တော်မူသည့် သခင်ခရစ်တော်၏ကိန်းဝပ်တော်မူခြင်းသည် လူသားတို့အထဲတွင်ရှိသော ဘုရားသခင်၏ပြည့်စုံခြင်းပင်ဖြစ်သည်။

၈။ သို့ဖြစ်ပါ၍ ဤနက်နဲခြင်းဆိုသည်မှာ လူသားတို့၏ကယ်တင်ခြင်းအတွက် ထိုလူသားများတို့၏အထဲတွင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ပြုပြင်ပေးတော်မူသည့်ဖန်ဆင်းခြင်းတန်ခိုးသာဖြစ်လေတော့သည်။ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။" ၂ကော ၅း၁၇။ "ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။" ဖေက် ၂း၁၀။

စစ်၍မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်းအကြောင်းကိုဟောကြားခြင်းဆိုသည်မှာ "အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့် ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့်စပ်ဆိုင်သော သာသနာသည် အဘယ်သို့ဖြစ်သည်ကို လူအပေါင်းတို့အားထင်ရှားစေခြင်း" ပင်ဖြစ်သည်ဟုပြောကြားခဲ့သည့် တမန်တော်ကြီး (ပေါလု) ၏ ပြောဆိုချက်က အထက်ပါ အချက်များအားလုံးတို့ကို ပြည့်စွန်ပေးပါသည်။

## အနှစ်ချုပ်

အောက်ဖော်ပြပါကျမ်းပိုဒ်ကြီးထဲတွင် ဤနက်နဲခြင်းအကြောင်း၏အသေးစိတ်အချက်အလက်များတို့ကို ကောင်းမွန်စွာဖြင့် အနှစ်ချုပ်ဖော်ပြပေးထားပါသည်။...

"ငါတို့သည်ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်၊ ငါတို့အားပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း၊ အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏။ ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန်များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။ ဘုရားသခင်သည် နှလုံးသွင်းတော်မူသော စေတနာတော်နှင့် လျော်သောအလိုတော်၏နက်နဲသောအရာကို ငါတို့အား ပြတော်မူ၏။ ထိုနက်နဲသောအရာဟူမူကား၊ ကာလအချိန်စေ့စုံခြင်း၏သာသနာတွင် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ချုပ်ခြာစေတော်မူလိမ့်သတည်း။ မိမိစေတနာ၏အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သောသူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ အကြောင်းမူကား၊ ခရစ်တော်ကို မြော်လင့်နှင့်သော ငါတို့အားဖြင့် ဘုန်းတော်ကိုချီးမွမ်းစေခြင်းအကြောင်းဖြစ်သတည်း။ သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကိုကြားနာ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံကြရပြီ။ ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့ အမွေ၏စားရန်ဖြစ်တော်မူ၏။ ထိုကြောင့် သင်တို့သည်သခင်ယေရှုကို ယုံကြည်ခြင်းနှင့် သန့်ရှင်းသူအပေါင်းတို့ကို ချစ်ခြင်းအကြောင်းကို ငါသည်ကြားပြီးလျှင်၊ သင်တို့ကိုအကြောင်းပြု၍ ကျေးဇူးတော်ကို အစဉ်ပြတ်ချီးမွမ်းလျက်၊ သင်တို့အဘို့အလိုငှါ ဆုတောင်းပဌနာပြုလျက်နေ၏။ ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသောအဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်းအလိုငှါ ပညာကိုငင်း၊ ထိုးထွင်းသောဉာဏ်ကိုငင်း၊ သင်တို့အားပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုငင်း၊ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုငင်း၊ ယုံကြည်သောငါတို့၌ပြတော်မူသော အလွန်ကြီးလှစွာသောတန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငင်း၊ သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကိုလင်းစေပါမည်အကြောင်း ဆုတောင်းပဌနာ

ပြု၏။ ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။" ဖေက် ၁း၃-၂၀။

ယခုအခါတွင် အထက်ဖော်ပြပါကျမ်းပိုဒ်၏ မတူညီခြားနားသောအချက်များတို့ကိုကျွန်ုပ်တို့အနေဖြင့် မှတ်သားသွားကြမည်ဖြစ်သည်၊…

၁။ ကောင်းကြီးမင်္ဂလာရှိသမျှတို့ကို သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့အား ပေးသနားထားပါသည်။ "မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှအဘို့အလိုငှါ စွန့်တော်မူသောသူသည်၊ သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" ရောမ ၈း၃၂

၂။ ယေရှုခရစ်တော်အားဖြင့် အရာခပ်သိမ်းတို့ကိုပေးသနားတော်မူသည်ဆိုသည် အချက်သည် ကျွန်ုပ်တို့အနေဖြင့် ထိုသခင်၌သန့်ရှင်းခြင်းကိုရရှိနိုင်ရန်အလို့ငှါ ကမ္ဘာမတည်မရှိမီကတည်းက ကျွန်ုပ်တို့ကို ထိုသခင်၌ရွေးချယ်တော်မူပြီး ဆိုသည့်အချက်နှင့် ကိုက်ညီလျက်ရှိနေပါသည်။ "အမျက်တော်ကိုခံစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှါ ခန့်ထားတော်မူ၏။" ၁သက် ၅း၉

၃။ ကျွန်ုပ်တို့အား ထိုသို့ရွေးချယ်ခန့်ထားတော်မူရသည့်အကြောင်းအရင်းမှာ ကျွန်ုပ်တို့အနေဖြင့် သားအရာကို ရရှိနိုင်ဖို့ရန်အတွက်ဖြစ်သည်။

၄။ သို့ဖြစ်၍ သူ (ဘုရားသခင်) သည် မိမိချစ်တော်မူသောသားတော်အားဖြင့် ကျွန်ုပ်တို့ကို လက်ခံထားတော်မူပါသည်။

၅။ ချစ်တော်မူသောသားတော်ကြောင့် ကျွန်ုပ်တို့သည် ထိုသူ (သားတော်) ၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းကို ရရှိကြပါသည်။

၆။ ဤသည်မှာ နက်နဲခြင်း (ဧဝံဂေလိသတင်းစကား၏နက်နဲခြင်း) ကို ကျွန်ုပ်တို့အားဖွင့်ပြပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုအကြောင်းအရာကို တိတိကျကျဖြင့်တင်ပြထားလေသည်မှာ၊ အချိန်ကာလစေ့စုံသောအခါ ဘုရားသခင်သည်ကောင်းကင်အရာနှင့်မြေကြီးအရာတည်းဟူသော ခပ်သိမ်းသောအရာတို့ကို ယေရှုခရစ်တော်အားဖြင့် တစ်အိမ်ထောင်စုတည်းအဖြစ်သို့ အတူတကွပေါင်းစပ်စုစည်းတော်မူလိမ့်မည်ဟု တင်ပြထားပါသည်။

၇။ ဤအရာသည် ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသော အကြံအစည်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အားဖြင့် အမွေတော်ကို ခံကြရပြီးဖြစ်ကြောင်းကို ဤအချက်က ကျွန်ုပ်တို့ကို နားလည်သဘောပေါက်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည်မိမိ၏အကြံအစည်တော်ကို မိမိအလိုတော်ရှိသည်အတိုင်း အကောင်အထည်ဖော်လုပ်ဆောင်တော်မူတော်ကြောင့်ဖြစ်သည်။

၈။ ယေရှုခရစ်ကိုယုံကြည်သောသူအပေါင်းတို့သည် ကတိတော်နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံကြရပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာ (ဝိညာဉ်တော်တံဆိပ်) သည် ကတိတော်နှင့်ဆိုင်သောအမွေတော်၏ အာမခံဖြစ်သောကြောင့်ပင်ဖြစ်သည်။

၉။ သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်သည်ရွေးဝယ်ခြင်းခံထားရသောသူများတို့၏ ကယ်တင်ခြင်းနေ့ရက်တိုင်အောင်တည်ရှိသွားမည့် ကျွန်ုပ်တို့ခံစားရမည့် အမွေတော်၏သက်သေ (အာမခံ) ပင်ဖြစ်သည်။ "ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကိုတံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။" ဖေက် ၄း၃၀။

၁၀။ ဝိညာဉ်တော်ကို တံဆိပ်အနေဖြင့်ရရှိထားကြသောသူများတို့သည် အမွေတော်နှင့်စပ်ဆိုင်သော ဘုန်းစည်းစိမ်သည် အဘယ်အရာဖြစ်သည်ကို သူတို့အနေဖြင့်ကောင်းကောင်းသိရှိထားကြသည်။

ထိုအမွေတော်နှင့်ဆိုင်သောဘုန်းစည်းစိမ်ဆိုသည်မှာ၊ ယခုအခါတွင် ပဋိညာဉ်တော်အားဖြင့် သူတို့၏အပိုင်ဖြစ်လာနေပြီးဖြစ်သည့် အနာဂတ်တွင်ခံစားရကြမည့်အမွေတော်ပင်ဖြစ်သည်။

ဧဝံဂေလိသတင်းစကားတွင် အမွေတော်တစ်ခုပါဝင်နေကြောင်းကို ဤနေရာတွင်တွေ့ရှိရပါသည်။ စင်စစ်အားဖြင့် ဧဝံဂေလိသတင်းစကား၏နက်နဲခြင်းဆိုသည်မှာ အမွေတော်ကိုရရှိခံစားခြင်းပင်ဖြစ်လေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုသခင်၌ အမွေတစ်ခုကိုရရှိခံစားရကြသောကြောင့်တည်း။ ထိုအကြောင်းအရာကို ရောမအခန်းကြီး ၈ တွင် ဘယ်ကဲ့သို့တင်ပြထားသည်ကို ယခုအခါတွင် ကြည့်သွားကြပါစို့။ ထိုကျမ်းပိုဒ်တစ်ခုလုံးကို ကျွန်ုပ်တို့အနေဖြင့်ကောက်နုတ်တင်ပြသွားမည်မဟုတ်ပါ။ သို့ရာတွင် ရိုးရိုးရှင်းရှင်းလေးဖြင့် ထိုကျမ်းပိုဒ်ကိုအကျဉ်းချုပ်ကြည့်သွားမည်ဖြစ်သည်။

ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောပဋိညာဉ်တော်ကိုရရှိသောသူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည်၊ "ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။" ကျွန်ုပ်တို့သည်ကလေးသူငယ်များ (သားသမီးများ) ဖြစ်ကြသည်မှန်လျှင် လုံးဝသေချာပေါက် အမွေတော်ခံများ၊ ဘုရားသခင်၏အမွေတော်ခံများဖြစ်လာကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများဖြစ်ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အမွေတော်ခံများဖြစ်ကြသည်မှန်လျှင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ဆက်ဆံသောအမွေခံများ (တနည်းအားဖြင့် ခရစ်တော်နှင့်အတူပူးတွဲအမွေခံသောသူများ) ဖြစ်လာကြပါသည်။ သခင်ခရစ်တော်အနေဖြင့် ကျွန်ုပ်တို့အား ဦးစွာသိရှိထားစေချင်သည့်အရာတစ်ခုမှာ၊ ခမည်းတော်ဘုရားသခင်သည် သူ့ (ခရစ်တော်) အားချစ်တော်မူသကဲ့သို့ပင် ကျွန်ုပ်တို့ကိုလည်းချစ်တော်မူပါသည် ဆိုသည့်အချက်ပင်ဖြစ်သည်။

ယေရှုခရစ်တော်နှင့်အတူ ပူးတွဲအမွေခံများဖြစ်ကြသည်ဟုဆိုရာတွင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုအမွေခံမည့် အမွေခံများဖြစ်ကြပါသနည်း။ အဖြေမှာ ကျွန်ုပ်တို့သည် ဖန်ဆင်းထားလေသမျှတို့ကိုအမွေခံရကြမည့် အမွေခံများဖြစ်ကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူ (သားတော်) ကို "အလုံးစုံတို့၏ အမွေခံသခင်အရာ၌ခန့်ထားတော်မူ" ပြီးကာ(ဟေဗြဲ ၁း၂)၊ "အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံရလိမ့်မည်။" ဟုပြောဆိုတင်ပြထားသောကြောင့်ဖြစ်သည်။ (ဗျာဒိတ် ၂၁း၇)။ ဤအချက်ကို ရောမ ၈ တွင် တင်ပြထားသည့်အချက်ဖြင့် ရှင်းပြထားပါသည်။ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ သို့ရာတွင် ဘုရားသခင့်သားများတို့၏ ဘုန်းအသရေသည် မထင်ရှားသေး။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်မှန်ပေသည်။ သို့ရာတွင် လောကသားတို့သည် သူ့အား ဘုရားသခင့်သားတော်အဖြစ် လက်မခံခဲ့ကြပါ။ "လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့်၊ ငါတို့ကိုလည်းမသိကြ။" (၁ယော ၃း၁)။ ပဋိညာဉ်တော်ကိုပိုင်ဆိုင်ရရှိထားခြင်းသည် "အမွေတော်၏ ဘုန်းစည်းစိမ်" ကို ပိုင်ဆိုင်ရရှိထားကြခြင်းပင်ဖြစ်ပြီး၊ အချိန်ကာလစေ့စုံခြင်းသို့ရောက်ရှိလာသောတစ်နေ့တွင် ထိုဘုန်းကိုကျွန်ုပ်တို့အထဲတွင် ထုတ်ဖော်ပြသပေးတော်မူလိမ့်မည်ဖြစ်သည်။ လက်ရှိတွေ့ကြုံနေကြရသော နာကျင်မှုဝေဒနာများအားလုံးတို့နှင့်နှိုင်းစာတိုင်းတာ၍ပင်မရနိုင်သည့် ဘုန်းတော်ကိုထုတ်ဖော်ပြသပေးတော်မူမည်ဖြစ်ပါသည်။ "ဤလောကသည် ဘုရားသခင့်သားတို့၏ ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တမျှော်လင့်လျက်နေ၏။ ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည်မဟုတ်။ ဘုရားသခင်သားတို့၏ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွတ်ခြင်းချမ်းသာကို ဝင်စားမည်ဟုမျှော်လင့်ရသောအခွင့်ကိုပေး၍အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသောသူ၏အလိုတော်ကြောင့်သာလိုက်ရ၏။ ဤလောကတနိုင်ငံလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်းညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟုငါတို့သိကြ၏။ ထိုမျှမကဝိညာဉ်တော်၏ ကျေးဇူးတော်အစအဦးကိုခံပြီးသောငါတို့သည်လည်း၊ သားအရာ၌ ချီးမြှောက်ခြင်းအ

ကြောင်းတည်းဟူသော ကိုယ်ခန္ဓာရွေးနှုတ်ခြင်းချမ်းသာကို မြော်လင့်၍၊ စိတ်နှလုံးအထဲ၌ ညည်းတွားလျက် နေကြ၏။" ရောမ ၈း၁၉-၂၃။

လူသည် ဖန်ဆင်းခြင်းအားဖြင့် ဘုရားသခင်၏သားတစ်ဦးဖြစ်ခဲ့ပါသည်။ သို့ရာတွင် အပြစ်တရားအားဖြင့် သူသည် အမျက်ဒေါသ၏သားကောင်တစ်ဦး ဖြစ်လာခဲ့ရုံသာမက၊ စာတန်၏သားတစ်ဦးပင်ဖြစ်လာခဲ့ပါသည်။ ထိုစာတန်ဆိုသည်မှာ လူသားအနေဖြင့် မိမိ၏နားထောင်ခြင်းကို ပေးအပ်ထားခဲ့သည့်ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ဘုရားသခင်အားပေးအပ်ရမည့်အစားတွင် သူ့ (စာတန်) အား ပေးအပ်သွားခဲ့ကြပါသည်။ သို့ရာတွင် ယုံကြည်သောသူတို့သည် ယေရှုခရစ်တော်၌တည်သောဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုရရှိကြကာ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိနိုင်ကြပါသည်။ ထို့ကြောင့် ထိုသူတို့သည် ပိုင်ထိုက်တော်မူသောသူတို့၏ရွေးနှုတ်ခြင်းခံရမည့်နေ့ရက်မရောက်မချင်းတွင် အမွေခံများအနေဖြင့် တံဆိပ်ခတ်ခြင်းကိုခံရကြမည်ဖြစ်သည်။ အမွေခံများဟုဆိုရာတွင် ဘုရားသခင့်သားများတို့၌ ဘုန်းတော်ကို ဖေါ်ပြတော်မူမည့်အချိန်ဖြစ်သည့် မိမိ (ဖန်ဆင်းခြင်းခံအရာအားလုံး) တို့ကိုပြန်လည်ရွေးနှုတ်မည့်အချိန်တွင် ဖန်ဆင်းထားခဲ့သည့်အရာအားလုံးတို့ကို ခံစားရကြမည့်အမွေခံများသာဖြစ်သည်။

## ၀၂း ရွေးဝယ်ထားသောပိုင်ဆိုင်မှု – အရင်တည်သောအာဏာ
## ယနေ့အတွက်သမ္မာတရား၊ မေလ ၁၄၊ ၁၈၇၆

ရွေးနှုတ်ခြင်း ဆိုသည့်စကား၏အဓိပ္ပါယ်မှာ ပြန်လည်ရွေးဝယ်ခြင်းဖြစ်သည်။ သို့ဖြစ်လျှင် ပြန်လည်ပြီးရွေးဝယ်ရသည့်အရာကား အဘယ်အရာနည်း။ သေချာသည်မှာ ဆုံးရှုံးခဲ့သောအရာကိုပင်ဖြစ်ပါသည်။ ထိုအရာကို ပြန်လည်ရွေးနှုတ်ဖို့ရန် ဘုရားသခင် ဆင်းသက်တော်မူခဲ့ပါသည်။ မည်သည့်အရာသည် ပျောက်ဆုံးဆုံးရှုံးသွားခဲ့ပါသနည်း။ ပျောက်ဆုံးခဲ့သည့်အရာမှာ လူသားပင်ဖြစ်ပါသည်။ လူသားအတွက်၊ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် ကိုယ်ဘိုးငွေကိုမရဘဲ ကျွန်ခံရသည်ဖြစ်၍၊ ငွေမပေးဘဲ ရွေးခြင်းသို့ ရောက်ကြလိမ့်မည်။"ဟေရှာယ ၅၂း၃။ အခြားမည်သည့်အရာများပျောက်ဆုံးဆုံးရှုံးခဲ့ပါသနည်း။ သေချာတိကျသည့်အဖြေမှာ လူသားပိုင်ဆိုင်ခဲ့သည့်အရာအားလုံးပင်ဖြစ်သည်။ လူသားပိုင်ဆိုင်ခဲ့သည့်အရာများကား အဘယ်နည်း။

"တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင်၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်၎င်း၊ သားယဉ်တို့ကိုင်၎င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုင်၎င်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊ အချင်းတို့ များပြားစွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုင်၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်၎င်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုင်၎င်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီးပေးတော်မူ၏။" ကမ္ဘာဦးကျမ်း ၁း၂၆-၂၈။

လူအကြောင်းနှင့်ပတ်သက်၍ ဆာလံဆရာမြွက်ဆိုထားသည်ကား၊ "သူ့ကိုကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်တော်မူပြီး။ သူ၏ခေါင်းကို ဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကိုအုပ်စိုးစေ၍၊ သိုးနွားအစရှိသော မြေတိရစ္ဆာန်မိုဃ်းကောင်းကင်ငှက်၊ ပင်လယ်ငါးနှင့် ပင်လယ်လမ်း၌ သွားတတ်သောတိရစ္ဆာန်မှစ၍၊ ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ။" ဆာလံ ၈း၄-၈။

ဤသည်မှာ လူသား၏မူလအခွင့်အာဏာပင်ဖြစ်သည်။ သို့ရာတွင် ထိုအခွင့်အာဏာသည် ဆက်လက်ပြီးတည်တံ့ခိုင်မြဲမှုမရှိခဲ့ပါချေ။ ဟေပြဲသြဝါဒစာစောင်ထဲတွင် ဆာလံဆရာကြီး၏ ပြောစကားများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်၊ –

"ငါတို့ပြောဆိုသော နောင်ကပ်ကမ္ဘာကို အုပ်စိုးရသောအခွင့်ကို (သူ[ဘုရားသခင်]သည်) ကောင်းကင်တမန်တို့၌ အပ်ပေးတော်မူသည်မဟုတ်၊ ကျမ်းစာတချက်၌ တယောက်သောသူက၊ လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှုကြွလာတော်မူရသနည်း။ သူ့ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ် နိမ့်တော်မူပြီ။ သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍၊ ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီဟု သက်သေခံသတည်း။ ခပ်သိမ်းသော အရာတို့ကို ချထားတော်မူ၏ဟုဆိုသော်၊ မချမထားဘဲ ကျန်ရစ်သောအရာတစုံတခုမျှမရှိရ။ ယခုမူကား၊ ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရကြသေး။ ယေရှုသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသော အခွင့်ရှိစေခြင်းငှါ၊ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်ပြီးမှ၊ အသေခံရသောကြောင့် ခေါင်းတော်၌ ဘုန်းအသရေ ပတ်ရစ်လျက်ရှိသည်ကို ငါတို့ မြင်ကြ၏။" ဟေပြဲ ၂း၅-၉။

ကျွန်ုပ်တို့ရှေ့တွင် ဖွင့်ပြထားသည့် ဤစကားလုံးများထဲတွင် အံ့သြဖွယ်ရာပုံရိပ်တစ်ခုပါရှိနေပါသည်။ ဘုရားသခင်သည် ကမ္ဘာကြီးနှင့်တကွ ကမ္ဘာကြီးထဲ၌ရှိသမျှသောအရာတို့ကို လူသားအား အုပ်စိုးစေခဲ့ပါသည်။ သို့သော် ယခုအချိန်အခါတွင် ထိုအခြေအနေကိုမတွေ့မြင်ရပါချေ။ "ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရကြသေး။" အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် အပြစ်ထဲသို့ ကျရောက်ခဲ့ခြင်းအားဖြင့် လူသည် ခပ်သိမ်းသောအရာတို့ကို ဆုံးရှုံးခဲ့ရသောကြောင့်ဖြစ်သည်။ သို့ရာတွင် "ကောင်းကင်တမန်အောက်၌ အနည်းငယ်နိမ့်" ခြင်းခံခဲ့ရသည့် သခင်ခရစ်တော် ရှိနေပါသေးသည်။ ထိုသို့ဆိုရာတွင် သူ၏လူသားအဖြစ်ခံယူခြင်းအကြောင်းကို ရည်ရွယ်ပြောဆိုနေခြင်းဖြစ်သည်။ ယုံကြည်သောသူအပေါင်းတို့ကို ပျောက်ဆုံးသွားခဲ့သောအမွေဥစ္စာအနေဖြင့် ပြန်လည်ရွေးယူသိမ်းပိုက်နိုင်ရန်အလို့ငှါ ခရစ်တော်သည် လူသားအဖြစ်ကို ခံယူခဲ့ပါသည်။ သို့ဖြစ်၍ သခင်ခရစ်တော်သည် အမှန်တကယ်အသေခံပြီး အမှန်တကယ်ထမြောက်တော်မူခဲ့သည်နည်းတူပင်၊ သူ့အားယုံကြည်သောသူတို့သည်လည်းသူ၏အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်းအားဖြင့် အမှန်တကယ်ပင် ကယ်တင်ခြင်းခံရကြမည်ဖြစ်ပြီး၊ ပျောက်ဆုံးသွားသောအမွေဥစ္စာသည်လည်း အမှန်တကယ် ပြန်လည်ရွေးနှုတ်ခြင်း ခံရပါလိမ့်မည်။

ဤအကြောင်းအရာကို ဟေဗြဲကျမ်းထဲမှကောက်နှုတ်တင်ပြထားသောစာပိုဒ်၏ အစပိုင်းစကားလုံးများတွင်ပြညွှန်ပေးထားပါသည်။ "ငါတို့ပြောဆိုသော နောင်ကပ်ကမ္ဘာကို အုပ်စိုးရသောအခွင့်ကို (သူ [ဘုရားသခင်]သည်) ကောင်းကင်တမန်တို့၌ အပ်ပေးတော်မူသည်မဟုတ်။" သို့ဖြစ်လျှင် နောင်ကပ်ကမ္ဘာအား အုပ်စိုးရသောအခွင့်ကို ဘုရားသခင်သည် လူသားတို့၌အပ်ပေးတော်မူပြီးလော။ အဖြေမှာအပ်ပေးထားတော်မူပါပြီ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့စဉ်အခါက ဤကမ္ဘာကြီးကို လူသားအား အုပ်စိုးခွင့်ပေးထားတော်မူခဲ့ပြီး၊ လူသားနှင့် ထိုလူသားအနေဖြင့်ဆုံးရှုံးခဲ့ရသောပိုင်ဆိုင်မှုတို့ကို ပြန်လည်ရွေးဝယ်ဖို့ရန်အတွက် ခရစ်တော်သည် ကျရှုံးပြီးသောလူသား၏ဇာတိကို ယူတင်ဝတ်ဆောင်တော်မူပြီးဖြစ်သောကြောင့်ဖြစ်သည်။ ပျောက်ဆုံးသောအရာကိုရွေးနှုတ်ကယ်တင်ရန် သူသည်ကြွဆင်းလာခဲ့သည့်အတွက်ကြောင့်နှင့် သူ့အားဖြင့် ကျွန်ုပ်တို့သည် အမွေတော်ကိုရရှိခံစားနိုင်ကြပြီးဖြစ်သည့်အတွက်ကြောင့် နောင်ကပ် ကမ္ဘာအား အုပ်စိုးရသောအခွင့်ကို ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အားဖြင့် ရရှိရမည်မှာ လုံးဝသေချာနေပါသည်။ နောင်ကပ်ကမ္ဘာဆိုသည်ကား၊ ကျရှုံးခြင်းမတိုင်မီအချိန်တုန်းကရှိခဲ့သည့်အခြေအနေကဲ့သို့ အသစ်တဖန် ပြုပြင်ဖန်ဆင်းထားမည့် ကမ္ဘာသစ်မှတစ်ပါး အခြားမရှိပါချေ။

ဤအချက်ကို ဟေရှာယ၏ဟောကြားချက်တွင်လည်း တွေ့ရှိရပါသည်။ "ရုပ်တုကိုလုပ်သော သူအပေါင်းတို့သည် ရှက်ကြောက်၍ မိန်းမောတွေဝေကြလိမ့်မည်။ အရှက်ကွဲ၍ တပြိုင်နက် ဆုတ်သွားကြလိမ့်မည်။ ဣသရေလအမျိုးမူကား၊ ထာဝရဘုရားအားဖြင့် ထာဝရကယ်တင်ခြင်းသို့ ရောက်၍၊ သင်တို့သည် ရှက်ကြောက်ခြင်း၊ မှိုင်တွေခြင်းနှင့် ကမ္ဘာအဆက်ဆက် ကင်းလွတ်ကြလိမ့်မည်။ မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူသောထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသောအရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဘို့ ဖန်ဆင်းတော်မူသော ဘုရားသခင်မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ ငါသည် တိတ်ဆိတ်စွာမဟော။ မြေကြီးထဲမှာ မှောင်မိုက်သောအရပ်၌မဟော။ သင်တို့သည် ကျေးဇူးမရှိဘဲ ငါ့ကိုရှာကြလော့ဟု ယာကုပ်အမျိုးအား ငါမပြော။ ငါသည် ဖြောင့်မတ်စွာပြော၍ အတည့်အလင်းဟောတတ်သော ထာဝရဘုရားဖြစ်၏။" ဟေရှာယ ၄၅း၁၆-၁၉။

ဘုရားသခင်သည်မြေကြီးကို လူသားနေစရာအဖို့ဖန်ဆင်းတော်မူခဲ့ပါသည်။ သူသည် ခပ်သိမ်းသောအရာတို့ကို မိမိ၏အကြံအစည်တော်ရှိသည်အတိုင်း ပြုပြင်ဖန်ဆင်းထားတော်မူသောကြောင့် သူ၏အကြံအစည်အတိုင်းပြည့်စုံခြင်းရှိမည်မှာ လုံးဝသေချာပါသည်။ကမ္ဘာကြီးနှင့်တကွ ကမ္ဘာကြီးထဲတွင်ရှိသော ပင်လယ်များ၊ ခပ်သိမ်းသောအရာများနှင့် လူသားများကို ဖန်ဆင်းပြီးသောအခါတွင် ဘုရားသခင်သည် "မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ" လေ၏။ ကမ္ဘာ ၁း၃၁။ သို့

ဖြစ်၍ ဘုရားသခင်၏အကြံအစည်တော်သည် ပြည့်စုံခြင်းသို့ရောက်ရမည်ဖြစ်သည့်အားလျော်စွာ ကမ္ဘာမြေကြီးထဲတွင် အလွန်ကောင်းသည့် လူသားများနေထိုင်ကြရမည်ဖြစ်ပြီး၊ ထိုကမ္ဘာကြီးသည် စုံလင်သောအခြေအနေသို့ ရောက်ရမည်ဆိုသည့်အချက်ကို အထက်ပါကျမ်းချက်က ထောက်ပြပေးနေပါသည်။

လူသားကိုဖန်ဆင်းခဲ့စဉ်က ဘုရားသခင်သည် "သူ၏ခေါင်းကို ဘုန်းအသရေတော်နှင့်ပတ်ရစ်တော်မူ" ခဲ့ပြီး၊ သူ့အား "ဖန်ဆင်းထားတော်မူသောအရာများကို အုပ်စိုးစေ" တော်မူခဲ့ပါသည်။ ထို့ကြောင့် လူသားသည် ဘုရင်ဖြစ်ခဲ့ရပြီး၊ သူ၏နိုင်ငံတော်သည်လည်း ဘုန်းအသရေတော်နှင့်ပြည့်စုံခဲ့သည့်နိုင်ငံတော်ဖြစ်ကြောင်းကို သူ၏ခေါင်းပေါ်ရှိသရဖူက ပြညွှန်ပေးပါသည်။ အပြစ်တရားကြောင့် လူသားသည် မိမိနိုင်ငံတော်နှင့် မိမိဘုန်းအသရေကိုဆုံးရှုံးခဲ့ရပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။" ရောမ ၃း၂၃။ ထို့နောက်တွင် လူသား၏နေရာသို့ သခင်ခရစ်တော်သည် ဝင်ရောက်လာခဲ့ပြီး၊ လူသားတိုင်းအဖို့မြည်းစမ်းတော်မူခဲ့သော သေခြင်းတရားအားဖြင့် သူ (ခရစ်တော်) သည် "ခေါင်းတော်၌ ဘုန်းအသရေ ပတ်ရစ်လျက်ရှိ" နေပါတော့သည်။ ပထမအာဒံ ဆုံးရှုံးခဲ့သောအုပ်စိုးခြင်းအခွင့်ကို ပြန်လည်သိမ်းပိုက်ပေးနိုင်သောသူမှာ လူဖြစ်သော ယေရှုခရစ်ပင်ဖြစ်ပေသည်။ (ဟေဗြဲ ၂း၅)။ များစွာသောသားတို့ကို ဘုန်းအသရေတော်ထဲသို့ခေါ်သွင်းပေးနိုင်ဖို့ရန်အလို့ငှါ သူ့အနေဖြင့် ထိုသို့ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ထိုသူအားဖြင့် ကျွန်ုပ်တို့သည် အမွေတော်ကိုခံစားကြရပါသည်။ "ငါတို့အတွက်ကြောင့် ယခု ဘုရားသခင်၏ရှေ့တော်၌" ရှိတော်မူသောသူသည် "လူဖြစ်သောယေရှုခရစ်" ပင်ဖြစ်တော်မူသောကြောင့်နောင်ကပ်ကမ္ဘာတည်းဟူသော ကမ္ဘာသစ် "အရင်တည်သောအာဏာ" - သည် လူသား၏ အပိုင်ပင်ဖြစ်ဆဲဖြစ်ပါသည်။

ဤအချက်ကိုအောက်ပါကျမ်းချက်ကလည်း ရှင်းလင်းစွာတင်ပြထားပေးသည်။ "ထိုနည်းတူ၊ ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှါ တခါတည်းကိုယ်ကိုပူဇော်ပြီးမှ၊ နောက်တဖန် ထိုသခင်ကိုမြော်လင့်လျက် နေသောသူတို့ကို ကယ်တင်ခြင်းအလို့ငှါ၊ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့။" ဟေဗြဲ ၉း၂၈။ ကျိန်ခြင်းကို ဖယ်ရှားပစ်နိုင်ရန်အလို့ငှါ မိမိကိုယ်ကို ပူဇော်သောအခါတွင် ခရစ်တော်သည် ထိုကျိန်ခြင်းကိုယူတင်တော်မူခဲ့ပါသည်။ "သစ်တိုင်၌ ဆွဲထားခြင်းခံရသောသူတိုင်း ကျိန်ခြင်းကို ခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။" ဂလာတိ ၃း၁၃။ အပြစ်တရား၏အကျိန်သည် လူသားအပေါ်သို့ကျရောက်လာခဲ့သည့်အခါတွင်၊ ထိုအကျိန်သည်မြေကြီးပေါ်တွင်လည်း ကျရောက်လာခဲ့ပါသည်။ အကြောင်းမှာ အာဒံအားဘုရားသခင်က၊ "ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏ စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံးပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။" ဟု မိန့်တော်မူခဲ့လေသည်။ ကမ္ဘာ ၃း၁၇-၁၈။ အပြစ်နှင့်ပြည့်ဝကြကုန်သောသူတို့၏ လက်ထဲတွင် ခရစ်တော်အနေဖြင့် သစ္စာဖေါက်ခံခဲ့ရစဉ်က ထိုသူတို့သည် "ဆူးပင်နှင့်ရက်သောဦးရစ်ကို ခေါင်းတော်၌တင်ကြ၏။ ကျူတလုံးကိုလည်း လက်ျာလက်တော်နှင့် ကိုင်စေပြီးလျှင် ရှေ့တော်မှာဒူးထောက်လျက် ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟူ၍ ကိုယ်တော်ကို ပြက်ယယ်ပြုကြ၏။ ကိုယ်တော်ကိုတံတွေးနှင့်ထွေးကြ၏။ ကျူလုံးကိုယူ၍ ခေါင်းတော်ကို ရိုက်ကြ၏။" ထို့ကြောင့် ခရစ်တော်သည် လူသားများအပေါ်သို့ကျရောက်လာခဲ့သော ကျိန်ခြင်းကို ယူတင်တော်မူခဲ့သည့်တချိန်တည်းမှာပင် မြေကြီးအပေါ်ကျရောက်ခဲ့သော ကျိန်ခြင်းကိုပါ ယူတင်သွားခဲ့ပါသည်။ ထို့ကြောင့် မိမိ၏အသေခံတော်မူခြင်းကို လက်ခံထားကြသောသူအပေါင်းတို့ကို လာရောက်ကယ်တင်တော်မူသောအခါတွင် ခရစ်တော်သည် ကမ္ဘာကြီးကိုပါ အသစ်တဖန်ပြုပြင်တော်မူမည်ဖြစ်သည်။

## အသစ်ပြုပြင်တော်မူသောကပ်ကာလ

ထို့ကြောင့် တမန်တော်ကြီးပေါလုက ဤသို့ပြောဆိုတင်ပြထားခဲ့ခြင်းဖြစ်သည်၊ "သင်တို့အဘို့အလိုငှါ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အပြစ်များကိုပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။ ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မှီတိုင်အောင် ကောင်းကင်ဘုံသည် ထိုခရစ်တော်ကို ခံယူသိမ်းဆည်းရမည်။" တမန်တော် ၃း၂၀-၂၁။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၌ရှိထားသော ဘုရားသခင်၏နှုတ်ထွက်စကားတော်မှာ၊ "လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များအခြံအရံ တို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်၍၊ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို အသီးအခြားခွဲ၍၊ သိုးတို့ကို လက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတံ့။ ထိုအခါ လက်ျာတော်ဘက်၌ရှိသော သူတို့အားမင်းကြီးက၊ ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံကို လာ၍ အမွေခံကြလော့။" မဿဲ ၂၅း ၃၁-၃၄။ ထိုအချိန်အခါသည် ဧဝံဂေလိသတင်းစကား၏ ပြီးပြည့်စုံရာအချိန်အခါပင် ဖြစ်ပေလိမ့်မည်။

ဖေက်အခန်းကြီး ၁ ကိုပြန်ပြီးကြည့်ကြပါစို့။ ကျွန်ုပ်တို့သည် သား၏အခွင့်အရာကို ရရှိနိုင်ကြဖို့ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ယေရှုခရစ်တော်၌ ရှေးမဆွကခွဲခန့်မှတ်သားထားတော်မူကြောင်းကို ထိုကျမ်းတွင် ကျွန်ုပ်တို့လေ့လာခဲ့ကြရသည်။ အခြားတစ်နေရာတွင် လေ့လာခဲ့ရသကဲ့သို့ပင် ကျွန်ုပ်တို့သည် သားများမှန်လျှင် ဘုရားသခင်၏အမွေခံများပင်ဖြစ်ကြပြီး၊ ယေရှုခရစ်တော်နှင့်အတူ ပူးတွဲအမွေခံသူများဖြစ်ကြပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အားဖြင့် အမွေတော်ကိုခံကြရသည်။ အဘယ့်ကြောင့်ဆိုသော် အောင်မြင်ခြင်းကိုရရှိတော်မူသောထိုသခင်သည် ခမည်းတော်ဘုရားသခင်၏လက်ယာတော်ဘက်၌ထိုင်နေတော်မူပြီး၊ မိမိ၏ရန်သူတို့ကိုမိမိ၏ခြေရှေ့တွင်ချထားကာ၊ ခပ်သိမ်းသောအရာတို့အားအုပ်စိုးရသောအခွင့်ကို သူ့အားပေးတော်မူမည့်အချိန်ကို စောင့်စားနေသောကြောင့်ဖြစ်သည်။ သူ အမှန်တကယ်အောင်နိုင်တော်မူခဲ့သကဲ့သို့ပင် ဤအခြင်းအရာ (အမွေတော်ကိုခံစားခြင်း) သည်လည်းသေချာပေါက်ဖြစ်လာမည်ဖြစ်သည်။ ထိုသခင်၌ကျွန်ုပ်တို့ရရှိထားကြသောအမွေတော်၏အာမခံအနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ကို ပေးထားပါသည်။ ဤဝိညာဉ်တော်သည် အမွေတော်၏သဘော သဘာဝ နှင့်စပ်ဆိုင်ပြီး၊ ထိုအမွေတော်၏ဘုန်းအသရေတော်အကြောင်းကိုလည်း သိမြင်စေပါသည်။ အခြားသောစကားလုံးဖြင့်ပြောရမည်ဆိုသော်၊ ဝိညာဉ်တော်၏မိဿဟာယသည် နက်နဲသောအရာ၏မိဿဟာယ အကြောင်းကို ပေါ်လွင်ထင်ရှားစေပါသည်ဟု ဆိုနိုင်ပေသည်။

ဝိညာဉ်တော်သည် ယေရှုခရစ်တော်၏ကိုယ်စားလှယ်တော်ဖြစ်သည်။ ထို့ကြောင့် လူတို့အထဲ၌ကိန်းဝပ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်သည် ဘုန်းအသရေတော်ကိုမြော်လင့်ခြင်းအကြောင်းတည်းဟူသော လူတို့အထဲ၌ကိန်းဝပ်တော်မူသောယေရှုခရစ်တော်ပင်ဖြစ်ပေသည်။ လူတို့အထဲ၌ကိန်းဝပ်တော်မူသောယေရှုခရစ်တော်သည် လူတို့အထဲတွင်ကိန်းအောင်းတော်မူသော ဖန်ဆင်းခြင်းတန်ခိုးပင်ဖြစ်ပြီး၊ ထိုတန်ခိုးတော်ကထိုသူတို့ကို အသစ်သောသတ္တဝါအဖြစ် ပြုပြင်ဖန်ဆင်းပေးတော်မူပါသည်။ ထိုဝိညာဉ်တော်ကို "ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ" ပေးထားတော်မူပြီး၊ ထိုဝိညာဉ်သည် ကျွန်ုပ်တို့ကိုမြဲမြံခိုင်ခံ့စေတော်မူသည့် တန်ခိုးတော်အင်နိုးအတာတစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်မှ တဆင့်ဖွင့်ပြပေးထားတော်မူသည့် အမွေတော်နှင့်စပ်ဆိုင်သည့်မဟာစည်းစိမ်ဆိုသည်မှာယေရှုခရစ်တော်အားဖြင့် အရာခပ်သိမ်းတို့ကို အစအဦးကပုံစံအတိုင်း အသစ်တဖန်ပြန်လည်ဖန်ဆင်းပြုပြင်တော်မူသောအခါ၌ အ

သုံးပြုသွားမည့် တန်ခိုးတော်ပင်ဖြစ်သည်။ လူသားသည် ဘုန်းအသရေနှင့်ပြည့်စုံသောအမွေတော်နှင့်ထိုက်တန်မည့်အကြောင်း ဘုရားသခင်သည်လူသားကို ထိုတန်ခိုးတော်အားဖြင့် အသစ်တဖန် ဖန်ဆင်းပြုပြင်ပေးတော်မူလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို အပြည့်ဝဆုံးသောအတိုင်းအတာတစ်ခုအနေဖြင့် ပေးသနားတော်မူသည့်အခါတွင်၊ ထိုဝိညာဉ်တော်ကိုရရှိသောသူတို့သည် "ဘုရားသခင်၏ ကောင်းမြတ်သောတရားစကားကိုငင်း၊ နောင်ကပ်ကာလ၏တန်ခိုးများကိုငင်း" မြည်းစမ်းကြရမည်ဖြစ်သည်။ ဟေဗြဲ ၆း၅။

ထို့ကြောင့် ဧဝံဂေလိသတင်းစကားဆိုသည့်အရာသည် ရှေ့အနာဂတ်အချိန်ကာလတွင်မှ တည်ရှိလာမည့်အရာတစ်ခုမဟုတ်ပါချေ။ ထိုဧဝံဂေလိသည် ယခုတည်ရှိပြီး၊ ထိုဧဝံဂေလိသည် လူပုဂ္ဂိုလ်လည်းဖြစ်သည်။ ထိုဧဝံဂေလိသည် ယုံကြည်သောသူတို့အဖို့ (သို့) ယုံကြည်နေကြသောသူတို့အဖို့ ကယ်တင်ခြင်းကိုပေးသော ဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်သည်။ ကမ္ဘာကြီးကိုဖန်ဆင်းတော်မူခဲ့စဉ်ကဖြစ်သကဲ့သို့ ကျွန်ုပ်တို့အဖို့ လာမည့်ကမ္ဘာကြီးကိုဖန်ဆင်းပေးတော်မူရာတွင်လည်း ထိုတန်ခိုးတော်အားဖြင့်ပင် ဖန်ဆင်းပြုပြင်ပေးတော်မူလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အမွေတော်နှင့်စပ်ဆိုင်သောကတိတော်အကြောင်းကိုလေ့လာကြရာတွင်၊ ကျွန်ုပ်တို့ကို မကောင်းမှုတို့နှင့်ပြည့်ဝနေသောဤလောကကြီးထဲမှ ကယ်နှုတ်ပေးတော်မူသည့် ဧဝံဂေလိ သတင်းစကား၏တန်ခိုးတော်အကြောင်းကိုပါ ထည့်သွင်းလေ့လာနေရခြင်းဖြစ်သည်။

## **အမွေခံများကား အဘယ်သူများနည်း**။

"ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်းအမွေခံ၏ အရာ၌ တည်ကြ၏။" ဂလာတိ ၃း၂၉။ ကျွန်ုပ်တို့သည် အာဗြဟံ၏ အမျိုးအနွယ်များဖြစ်ကြသည်မှန်လျှင် မည်သည့်အရာများကို ကျွန်ုပ်တို့အမွေခံရပါမည်နည်း။ ကျွန်ုပ်တို့သည် အာဗြဟံ၌ထားတော်မူသောကတိတော်ကို အမွေခံကြမည့် အမွေခံများဖြစ်ကြသည်ဟု အဘယ့်ကြောင့်သေချာတပ်အပ်ပြောနိုင်ပါသနည်း။ ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်ကြသည်မှန်လျှင် ကျွန်ုပ်တို့သည် ထိုခရစ်တော်နှင့်အတူ အမွေခံများဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်နှင့်စပ်ဆိုင်သောသူများတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိထားကြသောသူများပင်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိထားကြသောသူများတို့သည် ဘုရားသခင်၏အမွေခံများပင်ဖြစ်ကာ၊ သူတို့သည် ခရစ်တော်နှင့်အတူပူးတွဲအမွေခံများဖြစ်နေကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်နှင့်အတူပူးတွဲအမွေခံဖြစ်ခြင်းသည် အာဗြဟံ၏အမွေခံဖြစ်ခြင်းပေတည်း။

ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြသည်ဟုဆိုရာတွင် ထိုကတိတော်ကား မည်သည့်ကတိတော်နည်း။ ထိုကတိတော်မှာ အာဗြဟံအားပေးတော်မူခဲ့သော ကတိတော်ပင်ဖြစ်သည်။ အာဗြဟံအားပေးခဲ့သည့် ထိုကတိတော်ကားအဘယ်နည်း။ ထိုမေးခွန်း၏အဖြေအတွက် ရောမ ၄း၁၃ ကိုဖတ်ရှုပါ။ "ထိုမှတပါး၊ ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှစသောသူ၏ အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့်ရကြ၏။" ထို့ကြောင့် ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် လောကကိုအမွေခံကြရမည်ဖြစ်သည်။ ဤအချက်ကို မြောက်များစွာသောကျမ်းပိုဒ်များမှ လေ့လာလာခဲ့ရပြီးဖြစ်သည်။ သို့ရာတွင် ဤအချက်သည် အာဗြဟံအားပေးတော်မူခဲ့သည့် ကတိတော်နှင့် အမှန်တကယ်ဆက်နွယ်လျက်ရှိနေကြောင်းကို ယခုအခါ၌ တွေ့ရှိရပါသည်။

အမွေတော်ကို ခရစ်တော်၏ကြွလာတော်မူခြင်းအချိန်တွင်ပေးအပ်တော်မူမည့်အကြောင်းကိုလည်း ကျွန်ုပ်တို့လေ့လာခဲ့ရပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်သည် ဘုရားသခင်အနေဖြင့် မိမိ၏ဘုန်းတော်နှင့်တကွကြွလာတော်မူ၍ "ငါ့ခမည်းတော်ထံကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့။" ဟု ဖြောင့်မတ်သောသူတို့အား မိန့်မြွက်ပေးတော်

မူမည့်အချိန်ဖြစ်သောကြောင့်ဖြစ်သည်။ ကမ္ဘာကြီးကိုဖန်ဆင်းခဲ့ရာတွင် လူသားများတို့နေထိုင်ဖို့ရန်အတွက် ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်ပြီး၊ ထိုကမ္ဘာကိုလည်း လူသား၌အပ်ပေးတော်မူခဲ့သည်။ သို့ရာတွင် အုပ်စိုးရသော အခွင့်အာဏာသည် ကွယ်ပျောက်သွားခဲ့သည်။ ယခုအခါတွင် လူသားတို့သည် ဤကမ္ဘာပေါ်တွင်နေထိုင်ကြသည်မှာ မှန်ပါပေသည်။ သို့ရာတွင် လူသားတို့အား ဘုရားသခင်အနေဖြင့် မူလအစကတည်းကပေးအပ်ထားတော်မူခဲ့သည့် အမွေတော်ကိုမူ သူတို့ မပိုင်ဆိုင်ထားကြပါချေ။ ထိုအမွေတော်ဆိုသည်မှာ စုံလင်ပြည့်စုံသောလူသတ္တဝါများတို့ကပိုင်ဆိုင်ခဲ့ဖူးသည့် စုံလင်ပြည့်စုံသောဖန်ဆင်းခြင်းအရာများပင်ဖြစ်သည်။ စင်စစ်၊ ထိုအမွေတော်ကို လူသားတို့သည် ယခုအခါတွင် မိမိတို့၏လက်ဝယ်တွင် မပိုင်ဆိုင်ထားရကြပါချေ။ အကြောင်းမှာ "လူတဆက်လွန်သွား၏။ တဆက်ပေါ်လာ၏။ မြေကြီးမူကား အစဉ်အမြဲတည်" ၎ နသောကြောင့်တည်း။ ဒေသနာ ၁း၄။ ကမ္ဘာမြေကြီးက အစဉ်အမြဲတည်နေလျက်ရှိစဉ်တွင် "အကျွန်ုပ်တို့သည် ဘိုးဘေးများကဲ့သို့ ရှေ့တော်၌ ဧည့်သည်အာဂန္တုဖြစ်ပါ၏။ မြေကြီးပေါ်မှာ နေရသောကာလသည် အရိပ်ကဲ့သို့ ဖြစ်ပါ၏။ မှီခိုရာမရှိပါ။" ရာဇဝင်ချုပ်ပထမစောင် ၂၉း၁၅။ ဤကမ္ဘာပေါ်တွင်ရှိသောအရာတစ်စုံတစ်ခုကို အဘယ်သူကမျှ အမှန်တကယ် မပိုင်ဆိုင်ရသေးပါချေ။ လူသားတို့သည် ကြိုးစားအားထုတ်ကြလျက်၊ ဥစ္စာပစ္စည်းများကိုရှာဖွေသိမ်းနိုင်ဖို့ရန်အလို့ငှါရုန်းကန်နေကြသည်။ ထို့နောက်တွင် သူတို့သည် "ပျက်စီးခြင်းသို့ရောက်၍၊ မိမိတို့ဥစ္စာကို သူတပါးတို့၌ ချန်ထားကြ၏။" ဆာလံ ၄၉း၁၀။ သို့ရာတွင် ဘုရားသခင်သည် ခပ်သိမ်းသောအမှုအရာများတို့ကို မိမိ၏အကြံအစည်တော်ရှိသည်အတိုင်း မိမိအလိုတော်နှင့်အညီပြုတော်မူပါသည်။ သူ၏ မည်သည့်အကြံအစည်တစ်စုံတစ်ရာကမျှ မပြည့်စုံပဲမနေပါချေ။ ထို့ ကြောင့် လူသားများတို့သည်အပြစ်ထဲသို့ကျရောက်သွားခဲ့ပြီး၊ မိမိတို့၏အမွေတော်ကိုဆုံးရှုံးသွားခဲ့လိုက်ရသည်နှင့်တပြိုင်နက်၊ ထိုအမွေတော်ကို ပြန်လည်တည်စေတော်မူလိမ့်မည်ဆိုသည့်ကတိတစ်ခုကို ယေရှုခရစ်အားဖြင့်အောက်ပါအတိုင်း ကတိထားတော်မူခဲ့ပါသည်၊ "သင်နှင့်မိန်းမကိုၤင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုၤင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" ကမ္ဘာ ၃း၁၅။ စာတန်နှင့်သူ၏လုပ်ဆောင်မှုအပေါင်းတို့ကို ဖျက်စီးပစ်လိုက်မည့်အကြောင်းကို ဤနှုတ်ထွက်စကားထဲတွင် ကြိုတင်အနာဂတ်ပြုဟောထားခဲ့ပါသည်။ "ကြီးစွာသောကယ်တင်တော်မူခြင်း" အကြောင်းကို အစပထမ အနေဖြင့် ဘုရားသခင်ကဤနေရာ၌ မိန့်မြွက်တော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် "အရင်တည်သောအာဏာ" (မိက္ခာ ၄း၈)၊ "ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်။ ထိုဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီးအပေါင်းတို့သည် တိုးဝင်၍ ကျွန်ခံရကြလိမ့်မည်။" ဒံယေလ ၇း၂၇။ ထိုအရာသည်ပင် စစ်မှန်သောပိုင်ဆိုင်ခြင်းဖြစ်ပေလိမ့်မည်။ အကြောင်းမှာ ထိုပိုင်ဆိုင်ခြင်းသည် ထာဝရပိုင်ဆိုင်ခြင်းဖြစ်သောကြောင့်ဖြစ်သည်။

## ပြန်လည်ကြွလာမည်ဆိုသည့်ကတိတော်

သို့ရာတွင် ဤအမှုအရာအလုံးစုံတို့သည် ဘုရားသခင့်ဘုန်းတော်နှင့်ပြန်လည်ကြွဆင်းလာသည့်အချိန်တွင်ပြည့်စုံလာလိမ့်မည်ဖြစ်သည်။ "ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပရောဖက်ဆရာတော်တို့၏ နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မှီတိုင်အောင် ကောင်းကင်ဘုံသည် ထိုခရစ်တော်ကို ခံယူသိမ်းဆည်းရမည်။" တမန်တော် ၃း၂၁။ ခပ်သိမ်းသောအရာတို့ကို ပြန်လည်တည်စေရန်အတွက် ပြန်လည်ကြွဆင်းလာဦးမည့် ဘုရားသခင်၏ ကြွလာခြင်းအမှုသည် လူသားများကျဆုံးခဲ့သည့်အချိန်ကတည်းက အသင်းတော်ရှေ့တွင် ဖွင့်ဟပြပေးထားတော်မူခဲ့သည့် အကြီးမြတ်ဆုံးသောမျှော်လင့်ချက်ကြီးတစ်ခုဖြစ်သည်။ ဖြောင့်မတ်သောသူတို့သည် ထိုနေ့

ရက်ကိုအမြဲတမ်းစောင့်မြော်လျက်နေပါသည်။ ထိုနေ့ရက်အချိန်ကာလ (ကြွလာခြင်းကာလ)သည် ရှည်ကြာနေသည့်ပုံပေါ်နေသော်လည်း၊ အများစုသောသူတို့သည် ထိုကတိတော်ကို ယုံမှားသံသယရှိနေကြသော်လည်း၊ ဘုရားသခင်၏စကားတော်သည် ဘုရားသခင်၏စကားတော်ဖြစ်သည်နှင့်အညီ လုံးဝသေချာနေဆဲဖြစ်သည်။ ကြွလာခြင်းဆိုင်ရာကတိတော်များအကြောင်း၊ မယုံကြည်သောသူတို့၏ယုံမှားခြင်းများအကြောင်းနှင့် ပြည့်စုံလာမည့်ထိုကတိတော် (ကြွလာခြင်းကတိတော်) ၏တိကျခိုင်လုံမှုများအကြောင်းတို့ကို အောက်ဖော်ပြပါကျမ်းထဲတွင် ကွက်ကွက်ကွင်းကွင်းဖော်ပြပေးထားပါသည်။

"ချစ်သူတို့၊ ဤဒုတိယသြဝါဒစာကို သင်တို့အား ယခုငါရေး၍ပေးလိုက်၏။ သန့်ရှင်းသောပရောဖက်တို့သည်၊ အထက်ကဟောပြောသောစကားများကိုင်၎င်း၊ ကယ်တင်တော်မူသောအရှင်သခင်ဘုရား၏တမန်တော်ဖြစ်သော ငါတို့၏ပညတ်ကိုင်၎င်း၊ သင်တို့သည် အောက်မေ့စေခြင်းငှါ၊ ဤစာနှစ်စောင်၌ သင်တို့၏ကြည်ဖြူသောစိတ်ဝိညာဥ်တို့ကို ငါသတိပေး၍ နှိုးဆော်၏။ ရှေဦးစွာသိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေ၍၊ သခင်ဘုရားကြွလာမည်ဟူသော ကတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏ဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာကြလိမ့်မည်။ ရှေးကာလ၌မိုဃ်းကောင်းကင်ကိုင်၎င်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သောမြေကြီးကိုင်၎င်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဘူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမြှုပ်၍ဖျက်စီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ။ ယခုရှိသောမိုဃ်းကောင်းကင်နှင့်မြေကြီးမူကား၊ တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသောနေ့ရက်တိုင်အောင်၊ ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျက်ရှိ၍၊ မီးရှို့ခြင်းအဘို့အလိုငှါ နေရစ်သတည်း။ ချစ်သူတို့၊ ထာဝရဘုရားမှာ ကာလတရက်သည်၊ အနှစ်တထောင်ကဲ့သို့၎င်း၊ အနှစ်တထောင်သည် တရက်ကဲ့သို့၎င်းဖြစ်သည်အရာတခုကို မမေ့လျော့ကြနှင့်။ လူအချို့တို့သည်၊ နေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာနေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။ သူခိုးသည် ညဥ့်အခါလာသကဲ့သို့၊ ထာဝရဘုရား၏နေ့ရက်သည်လာလိမ့်မည်။ ထိုနေ့၌မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ သို့ဖြစ်၍၊ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊ မိုဃ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသောနေ့တည်းဟူသော၊ ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟုသင်တို့သည် မြော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မြော်လင့်ကြ၏။" ၂ ပေ ၃း၁-၁၃။

ယခုတွင် ဤကျမ်းပိုဒ်ကိုတဖန်ပြန်ပြီးဖတ်ရှုလျက် အောက်ဖော်ပြပါအချက်တို့ကိုမှတ်သားပါ၊ ဘုရားသခင်၏ ကြွလာတော်မူခြင်းကတိတော်ကို မထီမဲ့မြင်ပြု၍လှောင်ပြောင်သောသူများတို့သည် ကျမ်းစာထဲတွင် အမည်နှင့်တကွတင်ပြထားသည့် အရိုးရှင်းဆုံးနှင့်အရေးကြီးဆုံးသောအကြောင်းအရာအဖြစ်အပျက်များဖြစ်သည့် ဖန်ဆင်းခြင်းနှင့်ရေလွှမ်းမိုးခြင်းအကြောင်းတို့ကို မှတ်မိချင်သောစိတ်မရှိကြပါချေ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစအဦးတွင် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူခဲ့ပါသည်။ "ထာဝရဘုရား၏နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကိုင်၎င်း၊ နှုတ်တော်အသက်အားဖြင့် မိုဃ်းကောင်းကင်တန်ဆာများကိုင်၎င်း ဖန်ဆင်းတော်မူ၏။" ဆာလံ ၃၃း၆။ ထိုတစ်ခုတည်းသောနှုတ်ကပတ်တော်အားဖြင့်မြေကြီးကို ရေဖြင့်ဖုံးလွှမ်းစေတော်မူ၍၊ ထိုရေအားဖြင့် မြေကြီးကိုဖျက်ဆီးစေတော်မူခဲ့သည်။ မြေကြီးသည် ရေအားဖြင့် "ပျက်စီး" သွားခဲ့ပါသည်။ လက်ရှိတွင်တည်နေလျက်ရှိသော မြေကြီး၏ပုံစံ (အခြေအနေ) သည်

ရေမလွှမ်းမိုးမှီကတည်းရှိသည့်ခဲ့သည့် မြေကြီး၏ပုံစံ (အခြေအနေ) နှင့် လုံးဝကွဲပြားခြားနားလုနီးပါးဖြစ်နေပါသည်။ တစ်ခုတည်းသောနှုတ်ကပတ်တော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူခဲ့ပြီး၊ ထိုမြေကြီးကိုပြန်လည်ဖျက်ဆီးတော်မူခဲ့ပါသည်။ ကမ္ဘာမြေကြီးကိုရေလွှမ်းမိုးခြင်းအစား၊ ကန့်နှင့်ရောသောမီးအိုင်အားဖြင့်ဝါးမျိုစေတော်မူမည့်အချိန်ဖြစ်သည့် ဘုရားတရားမဲ့သူများတို့အား သုတ်သင်ပယ်ရှင်းမည့်အချိန်သို့ရောက်ရှိလာသည့် တစ်နေ့တစ်ချိန်အထိတိုင်အောင် ဤလက်ရှိယခုကမ္ဘာကြီးကို ဤအတိုင်း တည်ရှိသွားစေမည်ဖြစ်ပါသည်။ "ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မြော်လင့်ကြ၏။" ထိုအမှုအရာရှိသမျှတို့ကို တစ်ခုတည်းသောနှုတ်ကပတ်တော်ကသာ ပြီးမြောက်စေမည်ဖြစ်ပါသည်။

## ကြီးကျယ်ခမ်းနားဆုံးသောအရေးအကြီးဆုံးသောအရာ

ဘုရားသခင်၏ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာခြင်းအမှုသည် အပြစ်စတင်သည့်အချိန်မှစ၍ အရာခပ်သိမ်းတို့က မြော်လင့်တောင့်တနေကြသည့် အရေးကြီးဆုံးသောအမှုအရာတစ်ခုဖြစ်နေပါသည်။ "သခင်ဘုရားကြွလာတော်မူမည် ဟူသောကတိတော်" သည်ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုပေးသနားတော်မူမည်ဟူသောကတိတော်နှင့်အတူတူပင်ဖြစ်သည်။ ဤကတိတော်သည် "ဘိုးဘေးတို့" အား ပေးတော်မူခဲ့သည့် ကတိတော်ဖြစ်သည်။ ထိုကတိတော်ကိုပြက်ယယ်ပြုသောသူတို့အနေဖြင့် ထိုကတိတော်သည် သမ္မာကျမ်းစာထဲတွင်ပါရှိကြောင်းကို မငြင်းဆိုနိုင်ကြပါချေ။ သို့ရာတွင် ဘိုးဘေးများအိပ်ပျော်သွားခဲ့ကြသည့်အချိန်ကတည်းက မည်သည့်ပြောင်းလဲမှုမှ မဖြစ်လာသေးသောကြောင့် ထိုကတိတော်ပြည့်စုံလာနိုင်မည့် အလားအလာသည် လုံးဝမရှိပါဟု သူတို့တွေးထင်ကြသည်။ ဖန်ဆင်းခြင်းအချိန်ကစပြီး ယခုအချိန်အထိ ဆိုလျှင် မြောက်များစွာသောအရာတို့သည် ပြောင်းလဲသွားခဲ့ကြပြီးဖြစ်ကြောင်းကို ထိုသူတို့ လျစ်လျူရှုထားကြပါသည်။ ဘုရားသခင်၏စကားတော်သည် ထာဝရတည်မြဲမှုရှိသည်ဆိုသည့် အချက်ကိုလည်း သူတို့မေ့လျော့ထားကြသည်။ "ထာဝရဘုရားသည် ကတိတော်အရာမှာနေးတော်မမူ။" ထိုဝေါဟာရသည် အများကိန်းမဟုတ်ပဲ အနည်းကိန်းနှင့်သာ ရေးသားထားသည်ကိုမှတ်ပါ။ ကတိတော်များ မဟုတ်ပါ။ ကတိတော်ဖြစ်သည်။ ဘုရားသခင်သည် မိမိပြုတော်မူခဲ့သည့်မည်သည့်ကတိတော်ကိုမျှ သူ့အနေဖြင့် မမေ့မလျော့ပါချေ။ သို့ရာတွင် ဤကျမ်းချက်တွင် ပေတရုအနေဖြင့် ဘုရားသခင်ပြန်ကြွလာပြီးမြေကြီးကို အသစ်တဖန်ပြုပြင်တော်မူမည့် ကတိတော်တစ်ခုအကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။ ဧကန်စင်စစ် ထိုမြေကြီးသည် "မြေကြီးသစ်" ပင် ဖြစ်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုမြေကြီးကို အရင်ပထမဖန်ဆင်းထားခဲ့သည့်အချိန်ကတည်းရှိခဲ့ဘူးသည့်အခြေအနေသို့ပြန်ရောက်ရှိလာအောင် ပြန်လည်ပြုပြင်တော်မူလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။

လူသားများရေတွက်သည့်ပုံစံအရ ကတိထားခဲ့စဉ်အချိန်မှစ၍ ယခုအချိန်အထိဆိုလျှင် အချိန်ကာလသည် ကြာညောင်းနေပြီးဖြစ်သော်ငြားလည်း၊ "ဘုရားသခင်သည် ကတိတော်အရာမှာနေးတော်မမူ" ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အချိန်ရှိသမျှတို့ကို သူ့ပုံစံနှင့်သူရေတွက်တော်မူသောကြောင့်ဖြစ်သည်။ နှစ်ပေါင်းတစ်ရာသည် သူ့အဖို့ တစ်ရက်ကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ကတိထားတော်မူခဲ့သည့်အချိန်ဖြစ်သည့် လူသားများကျရှုံးခဲ့သည့်အချိန်ကစလို့ ယခုအထိဆိုလျှင် အချိန်တစ်ပတ်သာသာလောက်သာရှိသေးပါသည်။ "ဘိုးဘေးများအိပ်ပျော်သွားခဲ့" ကြသည့်အချိန်မှ ယခုအချိန်အထိဆိုလျှင် အချိန်သည် တစ်ပတ်၏တဝက်လောက်သာရှိပါသေးသည်။ ထောင်နှင့်ချီသောနှစ်ပေါင်းအနည်းငယ် ကုန်လွန်သွားခဲ့ခြင်းအရာသည် ဘုရားသခင့်ကတိတော်အနည်းငယ်မျှကိုပင် မလျော့နည်းသွားစေပါချေ။ ထိုကတိတော်သည် အရင်ပြုတော်မူခဲ့သည့်အချိန်ကကဲ့သို့ပင် တိကျသေချာဆဲပင်ဖြစ်သည်။ ထိုကတိကို ဘုရားသခင်မေ့မသွားပါချေ။ ဤမျှလောက်ကြာရှည်သည်အထိ သူ့အနေဖြင့်အချိန်ဆွဲထားရသည့် တစ်ခုတည်းသောအ

ကြောင်းအရင်းကား၊ "ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကိုသည်းခံ" တော်မူသောကြောင့်ဖြစ်သည်။ ထို့ကြောင့် "ငါတို့ သခင်ဘုရားသည်းခံတော်မူခြင်းသည် ကယ်တင်မည့်အကြောင်း ဖြစ်သည်ဟု" ကျွန်ုပ်တို့ သိမှတ်ထားသင့်ကြပြီး၊ ဘုရားသခင်၏ကရုဏာနှင့်ယှဉ်သော နှောင့်နှေးခြင်းအမှုကို ထိုသခင်၏ကတိမတည်ခြင်း၏သက်သေတစ်ခုအနေဖြင့်မှတ်ယူမည့်အစားတွင်၊ ကျေးဇူးတော်အပြည့်အဝဖြင့်ပေးသနားတော်မူသော ထိုသခင်၏ သနားကြင်နာမှုကို ကျွန်ုပ်တို့သည် ကျေးဇူးသိတတ်သည့်စိတ်ဖြင့် လက်ခံထားသင့်ပေသည်။

နှစ်ပေါင်းတစ်ထောင်သည် ဘုရားသခင်၌ တစ်ရက်ကဲ့သို့ဖြစ်တော်မူသကဲ့သို့ပင်၊ တစ်ရက်သည်လည်း ဘုရားသခင်၌ နှစ်ပေါင်းတစ်ထောင်ကဲ့သို့ဖြစ်သည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် မမေ့လျော့ထားသင့်ပါချေ။ ဤသို့ဆိုရာတွင် ဘာကိုဆိုလိုချင်ပါသနည်း။ အဖြေမှာရိုးရှင်းလှပါသည်။ ဘုရားသခင်သည် မိမိ၏အကြံအစည်တော်များကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် လူသားများရေတွက်သည့်ရှည်လျားသောအချိန်တစ်ခုအထိ ကြာရှည်စွာဖြင့်စောင့်ဆိုင်းလျက်နေပေးတော်သည့်အရာကို ကျွန်ုပ်တို့က ဘုရားသခင်သည်မိမိလုပ်ဆောင်ရမည့်အမှုကိစ္စတစ်ခုခုအတွက်ဆိုလျှင် သူ၌မည်၍မည်မျှအချိန်ယူဆောင်ရွက်ရသည်ဆိုသည့် သက်သေအထောက်အထားတစ်ခုအနေဖြင့် မမှတ်ယူသင့်ကြောင်းကို ပြောလိုခြင်းဖြစ်သည်။ တစ်ရက်သည် ဘုရားသခင်၌ နှစ်ပေါင်းတစ်ထောင်နှင့်တူပါသည်။ နှစ်ပေါင်းတစ်ထောင်အချိန်ယူပြီးမှ လုပ်ဆောင်ရမည့်အလုပ်တစ်ခုကို ဘုရားသခင်သည် မည်သည့်အချိန်တွင်မဆို တစ်ရက်တည်းဖြင့် အပြီးသတ်ဆောင်ရွက်ပြီးစီးနိုင်ပါသည်။ ဤအခြေအနေကို ကျွန်ုပ်တို့တွေ့ရှိကြရဦးမည်ဖြစ်သည်။ "အမှုတော်ကို တရားသဖြင့် ပြီးစီးစေခြင်းငှါ ဆုံးဖြတ်တော်မူမည်။ ထာဝရဘုရားသည်မြေပေါ်မှာ ဆုံးဖြတ်တော်မူသောအမှုကို ပြုတော်မူလိမ့်မည်ဟု ဆိုသတည်း။" နှစ်ပေါင်းတစ်ထောင်အချိန်ယူပြီး လုပ်ဆောင်ရမည့်အလုပ်ကိုပြီးစီးဖို့ရန် တစ်ရက်တည်းနှင့်အချိန်လုံလောက်ပါသည်။ ပင်တေကုတ္တေပွဲနေ့အဖြစ်အပျက်သည် ဧဝံဂေလိသတင်းစကားဟောကြားခြင်းလုပ်ငန်းတွင် ပါဝင်အသုံးပြုသွားမည့်တန်ခိုးတော်၏ သက်သေသာဓကတစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိသတင်းစကားသည် အမှန်တကယ်အားဖြင့်အဘယ်အရာဖြစ်သည် ဆိုသည့် အနှစ်ချုပ်အကြောင်းအရာကို ယခု ကျွန်ုပ်တို့သိရှိထားကြပြီးဖြစ်သည်။ ဘိုးဘေးတို့၌ ထားတော်မူခဲ့သော ကတိတော်များတို့ကိုလည်း ကျွန်ုပ်တို့ယုံကြည်ခြင်း၏အုတ်မြစ်အနေဖြင့် ရည်ညွှန်းပြထားပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခရစ်တော်နှင့်အတူ ပူးတွဲအမွေခံများဖြစ်ကြသည်မှန်လျှင် ကျွန်ုပ်တို့သည် အာဗြဟံ၏သားများဖြစ်ကြပြီး၊ ကျွန်ုပ်တို့၏အဘအာဗြဟံအားဖြင့်အစပြုပေးတော်မူခဲ့သည့်ကတိတော်အကြောင်းကို ယခုအခါတွင် ကျွန်ုပ်တို့အနေဖြင့် ရှေ့ဆက်လှေ့လာမှုပြုနိုင်ပြီးဖြစ်ပါသည်။

## ၀၃။ အာဗြဟံ၌ထားတော်မူသောကတိတော် – အာဗြဟံအားခေါ်တော်မူခြင်း
## ယနေ့အတွက်သမ္မာတရား၊ မေလ ၂၁၊ ၁၈၇၆

ဤကတိတော်မြတ်အကြောင်းကိုလေ့လာရာတွင်၊ ကျမ်းစာတော်မြတ်၏အပိုင်းနှစ်ပိုင်းကို နှလုံးသွင်းထားရပါမည်။ ပထမအပိုင်းကို ခရစ်တော်၏မိန့်ကြားချက်စကားထဲတွင်တွေ့ရပါသည်။ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့် သင်တို့သည်ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏။" "သင်တို့သည် မောရှေ၏စကားကိုယုံလျှင် ငါ့စကားကိုမယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည် ငါ့အကြောင်းကို ရေးထား၏။ သူရေးထားသောစာကို သင်တို့သည်မယုံလျှင်၊ ငါ့စကားကို အဘယ်သို့ယုံနိုင်မည်နည်း။" ယောဟန် ၅း၃၉၊ ၄၆၊ ၄၇။ ခရစ်တော်၏ ခေတ်အခါတွင်ရှိသည့် တစ်မျိုးတည်းသောကျမ်းစာမှာ ဤခေတ်တွင်ဓမ္မဟောင်းကျမ်းဟုခေါ်သော ကျမ်းစာပင်ဖြစ်သည်။ ထိုကျမ်းသည် သူ့အကြောင်းကိုသက်သေခံထားသည်။ ထိုကျမ်းကို အခြားသောရည်ရွယ်ချက်အတွက်ပေးထားခြင်းမဟုတ်ပါ။ ယေရှုခရစ်တော်၌ရှိသောယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိနိုင်ဖို့ရန်အတွက် ထိုကျမ်းများ (ဓမ္မဟောင်းပါကျမ်းများ) တို့သည် လူကို တတ်သိနားလည်လာစေပါသည်ဟု တမန်တော်ပေါလုကရေးသားထားသည်။ (၂သက် ၃း၅)။ ထိုကျမ်းများအနက် မောရှေရေးသောကျမ်းများတို့ကို ခရစ်တော်အကြောင်းဖော်ပြပေးသည့်ကျမ်းအနေဖြင့် ဘုရားသခင်က အထူးပြုညွှန်ပြထားသည်။ ခရစ်တော်နှင့် ခရစ်တော်အားဖြင့်ရရှိသောအသက်ရှင်ခြင်းလမ်းကို ရှာဖွေလိုသည့်ရည်ရွယ်ချက်မျိုးနှင့် မဟုတ်ပဲ အခြားသောရည်ရွယ်ချက်တို့ဖြင့် မောရှေရေးသောကျမ်းများနှင့် ဓမ္မဟောင်းကျမ်းတစ်ခုလုံးတို့ကိုဖတ်ရှုသောသူသည် ထိုကျမ်းစာတို့ကို နားလည်နိုင်လိမ့်မည်မဟုတ်ပေ။ သူ၏ဖတ်ရှုလေ့လာမှုသည် အချည်းနှီးသက်သက်ပင်ဖြစ်ပေလိမ့်မည်။

နောက်တစ်ပိုင်းကိုမူ ၂ကော ၁း၁၉၊ ၂၀ တွင်တွေ့ရသည်။ "ငါမှစ၍သိလွာနုနှင့် တိမောသေတို့သည် သင်တို့အားဟောပြောသော ဘုရားသခင်၏သားတော်ယေရှုခရစ်သည် ဟုတ်မှန်၏ဟူ၍၎င်း၊ မဟုတ်မမှန်ဟူ၍၎င်းမဆိုလိုဘဲ၊ ကိုယ်တော်မှာဟုတ်မှန်၏ဟူ၍သာဆိုလိုသတည်း။ ထိုသခင်မှာ ဘုရားသခင်၏ကတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့်ဘုန်းအသရေတော်ကိုထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ဟူ၍၎င်း၊ အာမင်ဟူ၍ ၎င်းဖြစ်သတည်း။" ဘုရားသခင်သည် ကတိတော်များတို့ကို လူသားများအားပေးတော်မူရာတွင် ယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာလျှင် ပေးတော်မူခြင်းဖြစ်သည်။ ဘုရားသခင်ကတိထားတော်မူသမျှတို့ကို ရရှိနိုင်ရန်အတွက်ဆိုလျှင် ယေရှုခရစ်တော်ကို မဖြစ်မနေယုံကြည်ရန်လိုအပ်ပါသည်။ ဘုရားသခင်သည် လူမျက်နှာကိုထောက်တော်မမူပါချေ။ သူသည် မိမိ၏ကြွယ်ဝခြင်းကို လူတိုင်းတို့အား အခမဲ့ပေးသနားထားသည်။ သို့သော် ခရစ်တော်ကိုလက်မခံလျှင် ထိုကြွယ်ဝခြင်းတွင်ပါဝင်သောအရာတစ်စုံတစ်ခုကိုမျှ မရရှိနိုင်ပါချေ။ ဤအရာသည် လုံးဝမျှတမှုရှိသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ကို လူသားအားလုံးတို့အားပေးထားတော်မူပြီး၊ အကယ်၍သူတို့ကလက်ခံကြမည်ဆိုပါက ထိုခရစ်တော်ကို သူတို့ရရှိကြမည်ဖြစ်သည်။

ဤနည်းဥပဒေသများတို့ကိုစိတ်ထဲတွင်မှတ်ကျုံးလျက် အာဗြဟံအားပေးတော်မူခဲ့သည့် ဘုရားသခင်၏ပထမဦးဆုံးသောကတိတော်ကို ဖတ်ရှုသွားကြပါစို့။ "ထာဝရဘုရားသည်လည်း အာဗြံကို ခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတ့ံသောပြည်သို့ သွားလော့။ ငါသည် သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူဖြစ်လိမ့်မည်။ သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။" ကမ္ဘာ ၁၂း၁-၃။ အာဗြဟံအားပေးတော်မူခဲ့သည့်ဤကတိသည်ယေရှုခရစ်တော်အားဖြင့်ပေးတော်မူသည့် ကတိတော်ပင်ဖြစ်ကြောင်းကို ရှေးဦးစွာ တွေ့မြင်ရပါသည်။ တမန်တော်ပေါလု

ရေးသားထားလေသည်မှာ၊ "ဘုရားသခင်သည် ယုံကြည်ခြင်းကိုထောက်၍၊ တပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူမည်ဟု ကျမ်းစာသည်မြော်မြင်လျက်၊ အာဗြဟံအားအမိန့်ရှိ၍၊ သင့်အားဖြင့်လူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဧဝံဂေလိတရားကို ဟောနှင့်လေ၏။ သို့ဖြစ်၍ယုံကြည်ခြင်းရှိသောသူတို့သည် ယုံကြည်သောအာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာကို ခံရကြ၏။" ကမ္ဘာ ၃း၈၊၉။ လူမျိုးအပေါင်းတို့သည် အာဗြဟံအားဖြင့် ကောင်းကြီးမင်္ဂလာကိုခံရကြမည်ဟု မိန့်တော်မူလိုက်ရာတွင် ဘုရားသခင်သည် အာဗြဟံအား ဧဝံဂေလိသတင်းစကားကို ဟောပြောနေခြင်းပင်ဖြစ်သည်။ ဤအချက်ကို ဤကျမ်းပိုဒ်မှ ကျွန်ုပ်တို့လေ့လာတွေ့ရှိရသည်။ အာဗြဟံအားဖြင့် လောကလူသားများအပေါ်သို့ကျရောက်လာမည် ဖြစ်သော ကောင်းကြီးမင်္ဂလာကို ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

## အာဗြဟံနှင့် လက်ဝါးကပ်တိုင်တော်

ဧဝံဂေလိသတင်းစကားကိုဟောကြားခြင်းသည် ခရစ်တော်၏ကပ်တိုင်တော်အကြောင်းကိုဟောကြားခြင်းဖြစ်သည်။ ထို့ကြောင့် တမန်တော်ကြီးပေါလုက၊ ဧဝံဂေလိတရားကို ဟောခြင်းငှါ မိမိအနေဖြင့်စေလွှတ်ခြင်းကိုခံရသည်၊ သို့သော် ခရစ်တော်၏လက်ဝါးကပ်တိုင်ကို အချည်းနှီးမဖြစ်စေခြင်းငှါ မိမိအားနှုတ်ပညာကို အခွင့်မပေးထားပါဟူ၍ပြောဆိုထားခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင်၊ လက်ဝါးကပ်တိုင်တော်တရားသည် ကယ်တင်ခြင်းသို့ရောက်သောသူတို့အတွက်မှာမူ ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်ဟု တမန်တော်ကြီးက ထပ်မံပေါင်းထည့်တင်ပြပေးထားပါသည်။ ၁ကော ၁း၁၇၊ ၁၈။ ဤအရာသည် ဧဝံဂေလိတရားကို နောက်ပုံစံတစ်မျိုးနှင့်ခေါ်ဆိုထားခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဧဝံဂေလိတရားသည်ကယ်တင်စေသော ဘုရား၏တန်ခိုးတော်ဖြစ်သောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ဧဝံဂေလိတရားကိုဟောကြားခြင်းသည် ခရစ်တော်၏ ကပ်တိုင်တော်အကြောင်းကိုဟောကြားခြင်းပင်ဖြစ်သောကြောင့် (ကယ်တင်ခြင်းသည် ကပ်တိုင်အားဖြင့်သာဖြစ်ပြီး အခြားသောနည်းလမ်းမရှိသောကြောင့်)၊ "သင့်အားဖြင့်လည်းလူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်။" ဟု အာဗြဟံအားမိန့်တော်မူခဲ့ခြင်းသည် ထိုအာဗြဟံအား ဧဝံဂေလိတရားကို ဟောကြားနေခြင်းပင်ဖြစ်နေလေတော့သည်။ ထို့ကြောင့် ဘုရားသခင်သည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်အကြောင်းကို ထိုကတိတော်မှတဆင့် အာဗြီအားဖော်ပြအသိပေးတော်မူခဲ့သည်မှာ လုံးဝထင်ရှားပေါ်လွင်နေလျက်ရှိပါသည်။ ထိုကတိတော်ကို လက်ဝါးကပ်တိုင်တစ်မျိုးတည်းအားဖြင့်သာလျှင် ရရှိနိုင်ပါသည်ဆိုသည့်အချက်သည်လည်း ထင်ထင်ရှားရှားကြီးပေါ်လွင်နေပါသည်။ ဤအချက်ကို ဂလာတိ ၃ တွင် ရှင်းလင်းစွာတင်ပြပေးထားသည်။ လောကရှိလူမျိုးနွယ်ခပ်သိမ်းတို့သည် အာဗြဟံအားဖြင့် ကောင်းကြီးမင်္ဂလာကိုခံစားရမည်ဖြစ်ပြီး၊ ယုံကြည်သောသူတို့သည်လည်း သစ္စာစောင့်သိသောအာဗြဟံနှင့်အတူတကွ ကောင်းကြီးမင်္ဂလာကို ခံစားရကြပါမည် ဆိုသည့်တင်ပြချက်များပြီးသည့်နောက်တွင် ဆက်လက်လိုက်ပါလာသည့်စာသားကား၊ "သစ်တိုင်၌ ဆွဲထားခြင်းခံရသောသူတိုင်း ကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။ အကြောင်းမူကား၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တပါးအမျိုးသားတို့၌ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ကတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကိုယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း။" ဂလာတိ ၃း၁၃၊ ၁၄။ မြေကြီးပေါ်မှာနေသော အမျိုးသားအပေါင်းတို့အပေါ်သို့ကျရောက်လာမည့် အာဗြဟံ၏ကောင်းကြီးမင်္ဂလာသည်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်တော်အားဖြင့်သာလျှင် ကျရောက်လာမည်ဖြစ်သည် ဆိုသည့်အချက်ကို ဤနေရာတွင် အရှင်းလင်းဆုံးသောအသုံးအနှုန်းစကားလုံးများဖြင့် တင်ပြပေးထားသည်ကို ကျွန်ုပ်တို့တွေ့ရသည်။

စစချင်းအနေဖြင့် ဤအချက်သည် ကျွန်ုပ်တို့၏စိတ်ထဲတွင် ကောင်းမွန်စွာအံဝင်ခွင်ကျဖြစ်ထားရမည့် အချက်တစ်ချက်ဖြစ်သည်။ အာဗြဟံနှင့်တကွ သူ၏အမျိုးအနွယ်အား ပေးထားတော်မူသည့် ဘုရားသခင်၏ကတိတော်များအပေါ် လွဲမှားသည့်နားလည်မှုများပေါ်ထွက်လာရသည့်အကြောင်းမှာ ထိုကတိတော်များအထဲတွင်ပါရှိသော ခရစ်တော်၏လက်ဝါးကပ်တိုင်တော်နှင့်သက်ဆိုင်သည့်ဧဝံဂေလိတရားကို မတွေ့မြင်လိုက်ခြင်းကြောင့်ဖြစ်သည်။ယေရှုခရစ်တော်၌တည်သော ဘုရားသခင်၏ကတိတော်ရှိသမျှတို့ကို ထိုခရစ်တော်၏လက်ဝါးကပ်တိုင်တော်အားဖြင့်သာလျှင် ရရှိခံစားနိုင်မည်ဖြစ်ပြီး၊ သဘာဝအားဖြင့် ထိုကတိတော်တို့သည် ဝိညာဉ်လည်းဖြစ်သည်၊ ထာဝရလည်းဖြစ်ပါသည်။ ဘိုးဘေးတို့အားထားတော်မူသောကတိတော်အကြောင်းကိုလေ့လာရာတွင် ထိုအချက်ကို အမြဲတမ်းသတိရနေမည်ဆိုလျှင် နှစ်သက်ဖွယ်သောကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့ရရှိခံစားရပေလိမ့်မည်။ ထို့သို့လေ့လာရာတွင်လည်း မည်သည့်ရှုပ်ထွေးမှုမျှ ရှိလိမ့်မည်မဟုတ်ပေ။

အာဗြဟံသည် နားထောင်ခြင်းအားဖြင့် မိမိအဖ၏အိမ်နှင့် မိမိအမျိုးသားချင်းတို့၏ပြည်ကိုစွန့်ခွာပြီး ဘုရားသခင်ခေါ်သောအရပ်သို့ ထွက်သွားခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့ဖတ်ခဲ့ရပါသည်။ “အာဗြံသည် မယား စာရဲ၊ အစ်ကိုသားလောတနှင့်၊ ဥစ္စာရတတ်သမျှကိုင်၎၊ ခါရန်မြို့၌ရသောလူတို့ကိုင်၎၊ ယူပြီးလျှင် ခါနန်ပြည်သို့ရောက်ခြင်းငှာထွက်သွား၍၊ ထိုပြည်သို့ရောက်ကြ၏။ အာဗြံသည် ထိုပြည်ကိုလျှောက်သွား၍ ရှိခင်အရပ်၊ မောရသပိတ်ပင်သို့ ရောက်လေ၏။ ထိုအခါ၊ ခါနာန်အမျိုးသားတို့သည် ထိုပြည်၌ရှိကြရ၏။ ထာဝရဘုရားသည် အာဗြံအားထင်ရှား၍၊ ဤပြည်ကို သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော်မူ၏။ ထိုသို့ထင်ရှားတော်မူသောထာဝရဘုရားဘို့၊ ထိုအရပ်၌၊ ယဇ်ပလ္လင်ကိုတည်လေ၏။ ထိုအရပ်မှ သွားပြန်၍၊ ဗေသလမြို့ အရှေ့၌ရှိသောတောင်သို့ ပြောင်းသဖြင့်၊ ဗေသလမြို့အရှေ့ အာဣမြို့ အနောက်စပ်ကြားမှာ တဲကိုဆောက်၍၊ ထာဝရဘုရားဖို့ ယဇ်ပလ္လင်ကိုတည်ပြီးလျှင်၊ ထာဝရဘုရား၏ နာမတော်ကို ပဌာနပြု၏။” ကမ္ဘာ ၁၂း၅-၈။

စစချင်းအနေဖြင့် အာဗြဟံပေါ်ထားရှိသော ဘုရားသခင်၏ကတိတော်များနှင့် ဆက်ဆံရေးများတို့၏ စစ်မှန်သောအဓိပ္ပါယ်ကို လေ့လာသိရှိထားနိုင်မည်ဆိုလျှင် ကျွန်ုပ်တို့အတွက်အကောင်းဆုံးဖြစ်နေပေလိမ့်မည်။ ထို့နောက် ကျွန်ုပ်တို့၏ရှေ့ဆက်လေ့လာမှုတွင်လည်း လွယ်ကူမှုရှိနေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလေ့လာမှုတွင် ဤနည်းဥပဒေသများကိုသာ အသုံးပြုထားသောကြောင့်ဖြစ်သည်။ ဤနောက်ဆုံးတင်ပြခဲ့သည့်ကျမ်းထဲတွင်ဆွေးနွေးစရာခေါင်းစဉ်အချို့တို့ကို မိတ်ဆက်ပြထားပေးပါသည်။ ဤလေ့လာမှုတွင် ထိုဆွေးနွေးစရာခေါင်းစဉ်များတို့သည် အဓိကနေရာတွင် ပါဝင်နေကြပါသည်။ ထို့ကြောင့် ထိုခေါင်းစဉ်အကြောင်းအရာများကို ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် မှတ်သားသွားကြမည်ဖြစ်သည်။
ပထမအနေဖြင့်၊

## **အမျိုးအနွယ်** (The Seed)

ခါနန်ပြည်သို့ အာဗြဟံရောက်ရှိသွားခဲ့ပြီးသည့်နောက်ပိုင်းတွင် ဘုရားသခင်က “ဤပြည်ကို သင်၏ အမျိုးအနွယ်အားငါပေးမည်။” ဟု သူ့အား မိန့်တော်မူခဲ့ပါသည်။ ကျမ်းစာတော်မြတ်ကို ကျွန်ုပ်တို့အနေဖြင့် ဆုပ်ကိုင်ထားကြမည်ဆိုလျှင်၊ ထိုအမျိုးအနွယ်ကားအဘယ်သူဖြစ်သည်ကို တိတိကျကျသိရှိနိုင်ဖို့အတွက် ကျွန်ုပ်တို့၌ ခက်ခဲမှုရှိလိမ့်မည်မဟုတ်ပေ။ “ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။” ဂလာတိ ၃း၁၆။ ထိုအမျိုးအနွယ် သည် အဘယ်သူဖြစ်သည်ဆိုသည့်အချက်နှင့်ပတ်သက်ပြီး အငြင်းအခုန်မဖြစ်နိုင်ရန်အတွက် ဤအချက်ကိုအမြဲတမ်း ခိုင်ခိုင်မာမာမှတ်သားထားသင့်သည်။ ကတိထားတော်မူသော အာဗြဟံ၏

အမျိုးအနွယ်ဆိုသူမှာ သခင်ခရစ်တော်ပင်ဖြစ်သည်။ သူသည် အမွေတော်ခံဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ထိုခရစ်တော်နှင့်အတူ ပူးတွဲအမွေခံများဖြစ်နိုင်ကြပါသည်။ “ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။” ဂလာတိ ၃း၂၇-၂၉

ခရစ်တော်၌ဗတ္တိဇံကိုခံသောသူတို့သည် ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူများဖြစ်ကြသည်။ ထို့ကြောင့်ထိုသူတို့သည် ခရစ်တော်၌ တလုံးတဝတည်းဖြစ်ကြပါသည်။ ထို့ကြောင့် ခရစ်တော်သည် အာဗြဟံ၏အမျိုးအနွယ်ဖြစ်ပြီး သူ့အားကတိတော်ရှိသမျှတို့ကိုပေးအပ်တော်မူသည်ဟုဆိုရာတွင်၊ ခရစ်တော်၌တည်သောသူများအားလုံးလည်း ထိုကတိတော်ကိုရရှိသောသူများထဲတွင် ပါဝင်နေပါသည်။ သို့ရာတွင် ခရစ်တော်မှတပါးအခြားမည်သည့်အရာကမျှ ကတိတော်အားပိုင်ဆိုင်ရသောအခွင့် မပေးစွမ်းနိုင်ပါချေ။ အာဗြဟံ၏ အမျိုးအနွယ်အားကတိထားတော်မူသောအမွေတော်ကို ယုံကြည်ခြင်းအားဖြင့်ခရစ်တော်၏အပိုင်များဖြစ်ကြသောသူများမှလွဲပြီး အခြားသောသူမည်သူမဆိုရရှိပိုင်ဆိုင်နိုင်ပါသည်ဟု ပြောဆိုခြင်းသည် ဧဝံဂေလိတရားကိုလျစ်လျူရှုထားခြင်းပင်ဖြစ်ပြီး၊ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ငြင်းပယ်ခြင်းပင်ဖြစ်သည်။ “လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်ကြ၏။” ၂ ကော ၅း၁၇။ သို့ဖြစ်ပါ၍ ပြည်တော်ကိုပေးမည်ဆိုသည့်ကတိတော်ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်တည်းဟူသောခရစ်တော်အား၄င်း၊ ဗတ္တိဇံကိုခံယူခြင်းအားဖြင့် ထိုခရစ်တော်ကိုယူတင်ဝတ်ဆောင်ပြီး အသစ်ပြုပြင်သော သတ္တဝါဖြစ်လာကြကုန်သောသူတို့အားပေးထားတော်မူသည်ဖြစ်သည့်အတွက်ကြောင့် ပြည်တော်နှင့်ဆိုင်သောကတိတော်သည် ခရစ်တော်၌အသစ်ပြုပြင်သောသတ္တဝါများ ဖြစ်ကြသည့်သူများအတွက်သာဖြစ်ပါသည်။ ထိုအသစ်ပြုပြင်သောသတ္တဝါတို့မှာ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားသမီးများ ဖြစ်လာကြသောသူများပင်ဖြစ်သည်။ ဘုရားသခင်၏ကတိတော်ရှိသမျှတို့သည် ယေရှုခရစ်တော်၌တည်တော်မူပြီး၊ အာဗြဟံအားပေးတော်မူသော ထိုကတိတော်တို့ကို ခရစ်တော်၏လက်ဝါးကပ်တိုင်တော်တစ်ခုတည်းအားဖြင့်သာလျှင် မျှဝေခံစားနိုင်မည်ဖြစ်ကြောင်းကို ဤအထက်ပါလေ့လာချက်က တဖန်ပြန်ပြီးသက်သေထောက်ပြထားပေးပြန်ပါသည်။ အာဗြဟံ၏အကြောင်းနှင့်တကွ၊ သူနှင့်သူ၏အမျိုးအနွယ်အား ထားတော်မူသည့်ကတိတော်အကြောင်းကို ဖတ်ရှုကြရာတွင် ဤနည်းဥပဒေဖြစ်သည့် - **<u>အမျိုးအနွယ်ဆိုသည်မှာ ခရစ်တော် နှင့် ထိုခရစ်တော်၌တည်သော သူများပင်ဖြစ်သည်။ အခြားနောက်ထပ်အရာမရှိပါ။</u>** - ဆိုသည့်အချက်ကို တခဏလေးမျှ မမေ့လျော့မိပါစေနှင့်။

## ပြည်တော် (The Land)

“ဤပြည်ကို သင်၏အမျိုးအနွယ်အား ငါပေးမည်။” ဟု အာဗြဟံအား ဘုရားသခင် မိန့်တော်မူခဲ့သည့်အချိန်တွင် သူသည် ထိုခါနန်ပြည်တွင်ရှိနေခဲ့ပါသည်။ သန့်ရှင်းသောဝိညာဥ်တော်နှင့် ပြည့်ဝပြီး ကောင်းကင်တမန်တစ်ပါးကဲ့သို့ မျက်နှာထွန်းထောက်ခဲ့သောသူတစ်ဦးဖြစ်သည့် မာတုရအသေခံခြင်းဖြင့်အသေခံသွားခဲ့သူ သတေဖန်၏ မိမိအားညှင်းပန်းနှိပ်စက်ခဲ့သည့်သူများကိုမြွက်ဆိုခဲ့သည့်စကားကို ယခုပြန်လည်ဖတ်ကြည့်လိုက်ပါ။ “ညီအစ်ကို အဘတို့ နားထောင်ကြပါလော့။ ငါတို့အဘအာဗြဟံသည်၊ ခါရန်မြို့၌မနေမှီ၊ မေသောပေါတာအရပ်၌ ရှိစဉ်အခါ၊ ဘုန်းကြီးတော်မူသောဘုရားသခင်သည် ထင်ရှားတော်မူ၍၊ သင်နေသောပြည်နှင့်တကွ အမျိုးသားချင်းများထဲကထွက်ပြီးလျှင်၊ ငါပြလတံ့သော ပြည်သို့သွားလော့ဟု အာဗြဟံအားမိန့်

တော်မူ၏။ ထိုအခါ အာဗြဟံသည် ခါလဒဲပြည်မှထွက်၍ ခါရန်မြို့၌နေ၏။ သူ၏အဘ သေလွန်သည်ရှိသော်၊ ယခုသင်တို့နေသော ဤပြည်သို့ ထိုမြို့မှ ပြောင်းစေတော်မူ၏။" တမန်တော် ၇း၂-၄။

ဤကျမ်းချက်သည် ကမ္ဘာဦးကျမ်း ၁၂တွင် ကျွန်ုပ်တို့ဖတ်ခဲ့ရသည့်အကြောင်းအရာကို တဖန်ပြန်ပြီးမိန့်ဆိုထားသည့် ကျမ်းချက်သာဖြစ်သည်။ နောက်ထပ်ကျမ်းပိုဒ်တစ်ပိုဒ်ကို ဖတ်ကြည့်ပါ၊ "ဤပြည်၌ ခြေနင်းရာကိုမျှ အမွေပေးတော်မမူသော်လည်း၊ သူမှစ၍ သူ၏သားမြေးတို့အား ဤပြည်ကိုအပိုင်ပေးတော်မူမည်ဟု သားတယောက်မျှမရှိမှီ ကတိထားတော်မူ၏။"

"ဤပြည်ကို သင်၏အမျိုးအနွယ်အားငါပေးမည်။" ဟု ရှင်းရှင်းလင်းလင်းဖြင့် ရံဖန်ရံခါတင်ပြထားသော်လည်း၊ အာဗြဟံကိုယ်တိုင်က ထိုကတိတော်ထဲတွင် အမြဲတစေ ပါဝင်နေရခဲ့သည်ကို ကျွန်ုပ်တို့အနေဖြင့် ဤနေရာတွင်လေ့လာတွေ့ရှိရသည်။ ဤအချက်ကို ကမ္ဘာဦးကျမ်းတွင်ပါရှိသောဤကတိတော်အား တဖန်ပြန်လည်ကောက်နှုတ်တင်ပြထားသည့် အခြားသောကျမ်းများထဲတွင် အထောက်အထားခိုင်ခိုင်လုံလုံဖြင့်ထောက်ပြထားပါသည်။

သို့ရာတွင် အာဗြဟံသည် မိမိအသက်ရှင်ခဲ့စဉ်တွင် မည်သည့်အမွေမြေကိုမျှ မပိုင်ဆိုင်ခဲ့ရကြောင်းကို ကျွန်ုပ်တို့ ပိုမိုလေ့လာသိရှိလာရပါသည်။ ခြေနင်းစရာ မြေလေးတစ်ကွက်ကိုမျှ သူအမွေမရခဲ့ရပါချေ။ သို့ရာတွင် ဘုရားသခင်သည် သူနှင့်သူ၏အမျိုးအနွယ်အား ထိုမြေကိုပေးမည်ဟု ကတိထားခဲ့ပါသည်။ ဤအရာကို ကျွန်ုပ်တို့အနေဖြင့် အဘယ်သို့နားလည်နိုင်ပါမည်နည်း။ ဤအမှုတွင် ဘုရားသခင်၏ကတိတော် ပျက်ကွက်နေခြင်းပါလော။ မည်သည့်နည်းနှင့်မျှ မပျက်ကွက်သွားခဲ့ပါချေ။ ဘုရားသခင်သည် "မုသာနှင့် ကင်းစင်သောသူ" ဖြစ်သည်။ "ထိုသခင်သည် သစ္စာတည်" တော်မူသည်။ အာဗြဟံသည် ကတိထားတော်မူသော အမွေကိုမရရှိပဲနှင့်သေဆုံးသွားခဲ့သည်။ သို့သော် ယုံကြည်ခြင်းအားဖြင့် သူသည်သေဆုံးသွားခဲ့သည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်အနေနှင့် ဂျူးလူမျိုးများတို့ကို သင်ယူရရှိစေချင်ခဲ့သည့် သင်ခန်းစာတစ်ခုကို ကျွန်ုပ်တို့က လေ့လာသင်ယူကြရမည်ဖြစ်သည်။ ထိုသင်ခန်းစာမှာ၊ ကတိထားတော်မူသောအမွေတော်ကို ခရစ်တော်နှင့် သူ၏ထမြောက်တော်မူခြင်းအားဖြင့်သာလျှင် ရရှိနိုင်ပါသည် ဆိုသည့် သင်ခန်းစာပင်ဖြစ်သည်။ ဤအချက်ကို တမန်တော်ပေတရုတင်ပြခဲ့သည့်စကားကလည်း ရှင်းလင်းပြထားပေးပါသည်၊

"သင်တို့သည် ပရောဖက်အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရားသခင်သည် အာဗြဟံကို၊ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍၊ ငါတို့ဘိုးဘေးများတို့အားပေးတော်မူသော ပဋိညာဉ်တရားတော်နှင့် သင်တို့သည်ဆိုင်ကြ၏။ သင်တို့တွင် မိမိဒုစရိုက်တို့ကို ကြဉ်ရှောင်ပယ်ရှားသောသူရှိမျှတို့အား ကောင်းကြီးမင်္ဂလာကို ပေးစေခြင်းငှါ ဘုရားသခင်သည် မိမိသားတော်ယေရှုကို ထမြောက်စေတော်မူပြီးလျှင်၊ သင်တို့ရှိရာသို့ ရှေးဦးစွာစေလွှတ်တော်မူသည်ဟု လူများတို့အား ပေတရုဟောပြော၏။" တမန်တော် ၃း၂၅၊ ၂၆

သင်ယူလေ့လာလာခဲ့ရသည့်အရဆိုလျှင်၊ အာဗြဟံ၏ကောင်းချီးတို့သည် ခရစ်တော်နှင့်သူ၏ကပ်တိုင်တော်အားဖြင့် တပါးအမျိုးသားများ (သို့) မြေကြီးပေါ်တွင်နေထိုင်သောလူမျိုးများအားလုံးအပေါ်သို့ ဆင်းသက်လာသည်။ အာဗြဟံ၏ထိုကောင်းချီးမင်္ဂလာမှာ ခါနန်ပြည်နှင့်စပ်ဆိုင်သည့်ကတိတော်နှင့်ဆက်စပ်လျက်နေသည်။ ထိုကတိတော်ပြည်ကိုလည်း ခရစ်တော်နှင့် ထမြောက်တော်မူခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ရရှိပိုင်ဆိုင်ရမည်ဖြစ်သည်။ ထိုအရာအားဖြင့်မဟုတ်ပဲ အခြားသောအရာတစ်ခုခုအားဖြင့်ပိုင်ဆိုင်ရမည်ဆိုလျှင် အာဗြဟံအနေဖြင့် ကတိတော်အပေါ်ပြည့်ဝသောယုံကြည်ခြင်းအားဖြင့်သေဆုံးသွားနိုင်မည်မဟုတ်ပဲ၊ စိတ်ပျက်အားလျော့ခြင်းများဖြင့်သာ သေဆုံးသွားခဲ့လိမ့်မည်ဖြစ်သည်။ ဤအကြောင်းအရာကိုမူရှေ့ဆက်လေ့လာသွားမည့်သင်ခန်းစာများတွင် ပိုမိုရှင်းလင်းစွာ တွေ့မြင်ရပါမည်။

## ၀၄။ အာဗြဟံအားခေါ်တော်မူခြင်း – ယဇ်ပလ္လင်တစ်ခုကိုတည်ခြင်း
## ယနေ့အတွက်သမ္မာတရား၊ မေလ ၂၈၊ ၁၈၉၆

အာဗြဟံသည် မိမိရောက်လေရာရာ၌ ထာဝရဘုရားအဖို့ ယဇ်ပလ္လင်ကိုတည်ခဲ့ပါသည်။ ဤအကြောင်းအရာကို ဖတ်ရှုသောအခါတွင်၊ လူမျိုးအပေါင်းတို့သည် အာဗြဟံအားဖြင့်ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်ဆိုသည့်ကတိတော်တွင်ပါရှိသော လူမျိုးတို့ (များ) ဆိုသည့်စကားလုံးသည် မိသားစုများကို ကိုယ်စားပြုသည် ဆိုသည့်အချက်ကို ပြန်ပြီးသတိရလိုက်ပါ။ အာဗြဟံ၏ဘာသာရေးသည် မိသားစုဘာသာရေးတစ်ခုဖြစ်သည်။ "မိသားစုယဇ်ပလ္လင်" ကို သူ၏မိသားစုတွင် မည်သည့်အခါမျှ လျစ်လျူမရှုထားခဲ့ပါချေ။ ဤအချက်သည် ဘာမျှအဓိပ္ပါယ်မရှိသော တင်စားချက်တစ်ခုမဟုတ်ပါချေ။ ဤတင်စားချက် (မိသားစုယဇ်ပလ္လင်) သည် ကတိတော်ကိုရရှိထားခဲ့ကြသော ဘိုးဘေးများလုပ်လေ့လုပ်ထရှိသောလုပ်ဆောင်မှုမှ ဖြစ်ပေါ်လာသည့် တင်စားချက်ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ထိုဘိုးဘေးတို့၏ယုံကြည်ခြင်းနှင့် လုပ်လေ့လုပ်ထရှိသောလုပ်ဆောင်မှုတို့ကို ကျင့်ဆောင်ကြလျှင်၊ ကျွန်ုပ်တို့သည် သူတို့အားပေးသောကတိတော်ကို ဆက်ဆံသောသူများဖြစ်ကြမည်ဖြစ်သည်။

## မိဘများအတွက်ပုံသက်သေတစ်ခု

ဘုရားသခင်သည် အာဗြဟံအကြောင်းကို တင်ပြပြောဆိုထားသည်မှာ၊ "သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည့်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ပြုရသောအခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။" ကမ္ဘာဦးကျမ်း ၁၈း၁၉။

"သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကိုငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။" ဆိုသည့်စကားကို မှတ်သားပါ။ သူ (အာဗြဟံ) သည် မိမိအိမ်သားတို့ကို ဘယ်သို့ဘယ်ပုံလုပ်ပါဟူ၍သာ သမရိုးကျပုံစံမျိုးဖြင့် မပညတ်ခဲ့ပေ။ သူတို့သည် ဘုရားသခင်၏လမ်းသို့လိုက်သွားတတ်ကြသည်အထိတိုင် အကျိုးဖြစ်ထွန်းမှုဖြစ်ပေါ်သွားခဲ့သည့်အထိ အာဗြဟံသည် သူတို့အားပညတ်သွန်သင်ပေးခဲ့ပါသည်။ သူ၏ သွန်သင်မှုများတို့သည် ထိရောက်မှုရှိခဲ့ပါသည်။

မိမိသားသမီးများနှင့် အိမ်သူအိမ်သားများတို့ကို ပညတ်ခဲ့သည့် အာဗြဟံ၏ပညတ်ချက်များတို့သည် ရက်စက်ကြမ်းတမ်းပြီး ထင်တိုင်းကြဲသောပညတ်ချက်များမဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အသေအချာသိမြင်နိုင်ပါသည်။ ဘုရားသခင့်ပညတ်ချက်များ၏ သဘောသဘာဝကိုပြန်လည်စဉ်းစားသုံးသပ်ကြည့်လိုက်မည်ဆိုလျှင် အထက်ပါဖော်ပြချက်ကို ကျွန်ုပ်တို့ ပို၍ပင်နားလည်သဘောပေါက်ကြလိမ့်မည်ဖြစ်သည်။ ထိုပညတ်ချက်များတို့သည် "စောင့်ခဲသည်မဟုတ်" ပါချေ။ "ခမည်းတော်၏ ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်။" မိမိ၏အိမ်သူအိမ်သားမိသားစုများကိုသွန်သင်ရာတွင် ရက်စက်ကြမ်းတမ်းသောစည်းမျဉ်း၊ ထင်တိုင်းကြဲတတ်သောစည်းမျဉ်းများကို ဆွဲကိုင်လျက် တဖက်သတ်ဆန်လွန်းသောစီရင်ဆုံးဖြတ်မှုပုံစံမျိုးတို့ဖြင့် မိမိဆုံးမပညတ်သည်အတိုင်းမလိုက်လျှောက်ပါက သူတို့အားတစ်ခုခုလုပ်ပစ်လိုက်မည်ဟု ခြိမ်းခြောက်မှုများပြုပြီး၊ မိမိသည်မှန်ကန်သည် မိမိ၏သားသမီးများထက်သာ၍အားကြီးသည် သူတို့သည်မိမိ၏လက်ထဲ၌သာရှိနေသည် ဆိုသည့် မေတ္တာမပါသောစိတ်ထားမျိုးနှင့် မိမိပြောသောစကားများကို အတင်းအကျပ်နားထောင်လိုက်နာခိုင်းသည့်လုပ်ရပ်မျိုးတို့ကို လုပ်ဆောင်လျက် အာဗြဟံပုံသက်သေအတိုင်း လိုက်လျှောက်ဖို့ရန်စဉ်းစားသောသူသည် အာဗြဟံ၏ဘုရားသခင်အကြောင်းကို သင်ယူလေ့လာဖို့ရန် များစွာလို

အပ်နေပါသေးသည်။ "အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော့။" ဧဖက် ၆း၄။

တချိန်တည်းမှာပင်၊ အာဗြဟံ၏ပညတ်ချက်များ (သို့) ဆုံးမချက်များတို့သည် ဧလိ၏ဆုံးမချက်များကဲ့သို့မဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အသေအချာသိမြင်နိုင်ပါသည်။ မိမိ၏ဆိုးသွမ်းမိုက်မဲသောသားများတို့အပေါ်ပြုခဲ့သော ဧလိ၏ဆုံးမပြစ်တင်မှုများတို့သည် ပျော့ညံ့ပြီး၊ ပွစိပွစိပြောပြီး ဆုံးမနေတတ်သည့် ဆုံးမပြစ်တင်မှုမျိုးဖြစ်သည်။ "သင်တို့သည် အဘယ်ကြောင့်ဤသို့ပြုကြသနည်း။ သင်တို့ပြုသောဒုစရိုက်တို့ကို လူအပေါင်းတို့သည် ပြော၍ငါကြားရ၏။ မကောင်းဘူးငါ့သားတို့။ ငါကြားသော သတင်းသည်ကောင်းသောသတင်းမဟုတ်။ ထာဝရဘုရား၏ လူတို့သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည် တကား။" ဓမ္မရာဇဝင်ပထမစောင် ၂း၂၃၊၂၄။ တဖက်တွင်ပြန်ပြီးကြည့်သော်၊ အာဗြဟံသည် ကောင်းကြီးမင်္ဂလာတစ်ခုကို ထာဝရကာလတိုင်တိုင် လက်ဆင့်ကမ်းပေးသွားခဲ့သည်ကို တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် သားသမီးများတို့အား အာဗြဟံပေးခဲ့သည့်ပညတ်ချက်များတွင် ပဲ့ပြင်ချုပ်ထိန်းပေးနိုင်သည့်တန်ခိုးတော်ပါရှိသောကြောင့်ဖြစ်သည်။

အာဗြဟံသည် လူသားအားလုံးတို့အဖို့ ကောင်းကြီးမင်္ဂလာတစ်ခုဖြစ်ခဲ့ပါသည်။ သွားလေရာရာတွင် သူသည် ကောင်းကြီးမင်္ဂလာတစ်ပါးဖြစ်ခဲ့သည်။ သို့ရာတွင် ထိုကောင်းချီးမင်္ဂလာသည် သူ၏မိသားစုမှအစပျိုးခဲ့ပါသည်။ ကောင်းကင်၏ဩဇာလွှမ်းမိုးမှုသည် သူ၏မိသားစုငယ်လေးမှတဆင့် အိမ်နီးနားခြင်းများရှိရာသို့ ပြန့်နှံ့သွားခဲ့သည်။ ထာဝရဘုရားအဖို့ ယဇ်ပလ္လင်ကိုတည်သည့်အခါတွင် အာဗြဟံသည် "ဘုရားသခင်၏ နာမတော်ကို ပဌနာပြု" လေ့ရှိသည် ဆိုသည့်တင်ပြချက်ကို ယခုအခါတွင် ပိုမိုပြီးသတိပြုမိကြလိမ့်မည်ဖြစ်ပါသည်။ ကမ္ဘာ ၁၂း၈၊ ၁၃း၄။ဒေါက်တာရောင်း၏ ကျမ်းစာဘာသာပြန်ဆိုမှုတွင် ဤကျမ်းချက်ကိုပြန်ဆိုထားလေသည်မှာ၊ "သူသည်ယေဟောဝါ၏နာမတော်အားဖြင့် တရားဟောပြောခဲ့လေသည်။" ဟုပြန်ဆိုထားသည်။ ဤကျမ်းချက်ကို ကျမ်းစာ၏နေရာတော်တော်များများတွင် တွေ့ရသည်။ သို့ရာတွင် ထိုအခြားသောကျမ်းချက်များတို့ကိုမကြည့်သွားကြတော့ပဲ၊ ဤကျမ်းချက်တွင်အသုံးပြုထားသည့်ဟေဗြဲစကားလုံးများတို့သည် ထွက်မြောက်ရာကျမ်း ၃၄း၅ တွင်အသုံးပြုထားသည့်ဟေဗြဲစကားများနှင့် ထပ်တူဖြစ်နေကြောင်းကိုမူ ကျွန်ုပ်တို့အနေဖြင့် သတိပြုမှတ်သားဖို့ကောင်းပါသည်။ ဘုရားသခင်သည် မိုးတိမ်နှင့်ဆင်းသက်တော်မူခဲ့ပြီးမောရှေ၏အနီးတွင်ရပ်နေခဲ့ကာ၊ "ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ" ခဲ့ကြောင်းကို ထိုထွက်မြောက်ရာကျမ်းထဲတွင် ကျွန်ုပ်တို့ဖတ်ခဲ့ရပါသည်။ ထို့ကြောင့်၊ မိသားစုယဇ်ပလ္လင်ကိုတည်လုပ်သောအခါတွင် အာဗြဟံသည် မိမိ၏အနီးဆုံးသောမိသားစုကိုသာ သွန်သင်ပေးခဲ့ခြင်းမဟုတ်ပဲ၊ မိမိပတ်ပတ်လည်၌ရှိသော အခြားသောသူများအားလုံးတို့အားလည်း "ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်" ခဲ့ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် နားလည်ကြမည်ဖြစ်သည်။ နောဧ နည်းတူပင် အာဗြဟံသည်လည်း ဖြောင့်မတ်ခြင်းတရားကိုဟောသောသူတစ်ဦးဖြစ်သည်။ ဘုရားသခင်သည် အာဗြဟံအား ဧဝံဂေလိတရားကို ဟောတော်မူခဲ့သကဲ့သို့ပင် အာဗြဟံသည်လည်း ထိုဧဝံဂေလိတရားအကြောင်းကို အခြားသောသူများတို့အားဟောကြားပေးခဲ့ပါသည်။

## အာဗြဟံနှင့် လောတ

"ထိုအခါ အာဗြံသည်၊ သိုး၊ နွားစသည်တို့ကိုငှင်း၊ ရွှေငွေကိုငှင်း အလွန်ရတတ်၏။" "အာဗြံနှင့်အတူ လိုက်လာသော လောတသည်လည်း သိုး၊ နွားများနှင့် တဲအများရှိသဖြင့်၊ ထိုလူနှစ်ဦးတို့သည် အတူနေခြင်းငှါ ထိုမြေမဆံ့နိုင်။ ဥစ္စာများလွန်း၍၊ သူတို့သည် တရပ်တည်းမနေနိုင်ကြ။ အာဗြံ၏နွားကျောင်းသား၊ လောတ ၏ နွားကျောင်းသားတို့သည်လည်း ခိုက်ရန်ပြုကြ၏။ ထိုအခါ၊ ခါနာန်အမျိုးသား၊ ဖေရဇိအမျိုးသားတို့သည်

ထိုပြည်၌နေကြသတည်း။ အာဗြံကလည်း၊ ငါတို့သည်ညီအစ်ကိုချင်းဖြစ်လျက်၊ ငါနှင့်သင်၌၎င်း၊ ငါ့နွားကျောင်းသားတို့နှင့်၊ သင့်နွားကျောင်းသားတို့၌၎င်း၊ ခိုက်ရန်မရှိပါစေနှင့်။ မြေတပြင်လုံးသည် သင့်ရှေ့မှာရှိသည်မဟုတ်လော့။ ငါနှင့် ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့သွားလျှင်၊ ငါသည် လက်ျာဘက်သို့သွားမည်။ သင်သည် လက်ျာဘက်သို့သွားလျှင်၊ ငါသည် လက်ဝဲဘက်သို့ သွားမည်ဟု ဆို၏။” ကမ္ဘာ ၁၃း၂၊ ၅-၉။

အာဗြဟံအားပေးတော်မူသည့် ဘုရားသခင့်ကတိတော်၏သဘောသဘာဝကို ကျွန်ုပ်တို့အနေဖြင့် နားလည်ကြသောအခါတွင်၊ သူ (အာဗြဟံ) ၌ရှိသော စိတ်သဘောထားကြီးခြင်း၏လျို့ဝှက်ချက်ကို ကျွန်ုပ်တို့ နားလည်နိုင်ကြမည်ဖြစ်သည်။ လောတသည် ထိုပြည်၏အကောင်းဆုံးသောအရပ်ကိုရွေးချယ်သွားခဲ့သော်လည်း၊ သူ၏ရွေးချယ်မှုသည် အာဗြဟံ၏အမွေတော်ကို မပြောင်းလဲမပျက်ပျယ်သွားစေနိုင်ပါချေ။ ခရစ်တော်ကိုရရှိထားသောကြောင့် အာဗြဟံ၌ အရာခပ်သိမ်းကိုပိုင်ဆိုင်ထားနိုင်ခဲ့လေသည်။ ယခုဘဝတွင်ပိုင်ဆိုင်ရမည့်အရာများကို သူသည်မရှာဖွေခဲ့ပါချေ။ နောင်တမလွန်ဘဝတွင်ပိုင်ဆိုင်ရမည့်အရာကိုသာ သူရှာဖွေခဲ့သည်။ သူ့အားဘုရားသခင်က မည်သို့သောကြွယ်ဝချမ်းသာမှုတို့ကို ပေးသနားစေကာမူ သူသည်ကျေးဇူးတင်ချီးမွမ်းခြင်းအားဖြင့် လက်ခံခဲ့လိမ့်မည်ဖြစ်သည်။ အကယ်၍ ဤလက်ရှိဘဝတွင် သူရရှိသောချမ်းသာမှုသည် အနည်းငယ်သာရှိခဲ့သည်တိုင်၊ ထိုအချင်းအရာသည် သူ့အားကတိထားတော်မူသော အမွေတော်ကို မလျော့ပါးသွားစေနိုင်ပါချေ။ ခပ်သိမ်းသောအငြင်းပွါးစရာအကြောင်းများကိုငြိမ်းအေးသွားစေသည့် (သို့) သူတို့ကိုကြိုတင်ကာကွယ်မှုပေးသည့် သူတို့၌ရှိသော သခင်ခရစ်တော်၏တည်ရှိမှုနှင့် ထိုသခင်၏ကောင်းကြီးမင်္ဂလာတို့သည် အခြားမည်သည့်အရာနှင့်မျှမတူပေ။ အာဗြဟံ၏ပြဿနာအပေါ် ကိုင်တွယ်ဖြေရှင်းခဲ့သည့်ပုံစံတွင် ကျွန်ုပ်တို့အတွက် စစ်မှန်သောခရစ်ယာန်ပုံသက်သေကောင်းတစ်ခုသည် ရှိနေပါသည်။ အသက်အကြီးဆုံးသောသူတစ်ဦးအနေဖြင့် သူသည် မိမိ၏ဂုဏ်သိက္ခာသမ္မာဓိအပေါ် နာမည်ယူလျက်၊ မိမိခံစားထိုက်သည့် “အခွင့်အရေးများ” တို့ကို တောင်းဆိုခြင်းပြုလိုက သူ့အနေဖြင့်ပြုနိုင်ပါသည်။ သို့သော် ခရစ်ယာန်တစ်ယောက်အနေဖြင့် သူသည် ထိုသို့မလုပ်ဆောင်ခဲ့ပါချေ။ မေတ္တာသည် “ကိုယ့်အကျိုးကိုမရှာတတ်။” အာဗြဟံသည် သခင်ခရစ်တော်၏ စိတ်ဓာတ်အမှန်ကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ မိမိတို့ကိုယ်ကို ခရစ်ယာန်များပါဟု ဝန်ခံထားကြသောသူများတို့သည် လောကအရာများကို ဆုပ်ကိုင်ထားရန် စိတ်အားကြီးကြပြီး၊ မိမိတို့ခံစားရရှိထိုက်သည့် အခွင့်အရေးအချို့တို့ကို အဆုံးအရှုံးမခံနိုင်သည့်သဘောဖြင့် စိတ်သောကရောက်နေကြသည့်တချိန်တည်းမှာပင်၊ သူတို့သည် သခင်ခရစ်တော်ပေးသော ထာဝရမြဲမြံသည့်အမွေတော်အပေါ် အာရုံမထားပဲနေကြကြောင်းကို ပြသနေတတ်ကြပါသည်။

## တဖန်ပြန်ပြီးမြွက်ဆိုထားသောကတိတော်

ယေရှုခရစ်တော်အားဖြင့် ထားတော်မူခဲ့သည့်ကတိတော်အပေါ် ယုံကြည်ခဲ့သည့်အကျိုးရလဒ်တစ်ခုဖြစ်သည့် အာဗြဟံ၏ခရစ်ယာန်စိတ်စေတနာကို ဘုရားသခင်က အသိအမှတ်ပြုတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ဖတ်ခဲ့ရလေသည်မှာ၊

“လောတသည် အာဗြံနှင့်ခွါ၍ သွားပြီးမှ၊ ထာဝရဘုရားသည် အာဗြံကိုခေါ်၍၊ သင်ရှိသောအရပ်က၊ တောင်၊ မြောက်၊ အရှေ့ အနောက်သို့ မျှော်ကြည့်လော့။ သင်မြင်သော မြေတပြင်လုံးကို၊ သင်နှင့်သင်၏ အမျိုးအနွယ်အား၊ ငါသည်ကာလအစဉ်အမြဲပေးမည်။ သင်၏အမျိုးအနွယ်ကို မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။ သို့ဖြစ်၍ လူသည်မြေ မှုန့်ကို ရေတွက်နိုင်လျှင်၊ သင်၏အမျိုးအနွယ်ကို ရေတွက်နိုင်ကြလိမ့်မည်။ သင်ထ၍မြေကို အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း လျှောက်သွားလော့။ သင်အားငါ ပေးမည်ဟု မိန့်တော်မူ၏။” ကမ္ဘာဦးကျမ်း ၁၃း၁၄-၁၇။

"ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူ တို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" ဆိုသည့်ကျမ်းချက်ကို ကျွန်ုပ်တို့အနေဖြင့် မေ့နေကြလိမ့်မည် မဟုတ်ပါ။ အာဗြဟံ၌ ခရစ်တော်နှင့် ထိုခရစ်တော်ပိုင်ထိုက်တော်မူသောသူများမှလွဲပြီး အခြားသောအမျိုးအနွယ်ဟူ၍ မရှိတော့ပါချေ။ ထို့ကြောင့် အာဗြဟံအားကတိထားတော်မူခဲ့သည့် မရေမတွက်နိုင်သောနောင်လာနောက်သားများ (သို့) အနာဂတ်မျိုးဆက်သစ်များသည် အောက်ဖေါ်ပြပါကျမ်းချက်ထဲတွင် ပါရှိသောသူများနှင့် ထပ်တူကျပါသည်။

"ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့ သိုးသငယ် ရှေ့မှာရပ်နေကြ၏။ သူတို့ကလည်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောငါတို့၏ ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏။ အသက်ကြီးသူတပါးကလည်း၊ ဖြူသော ဝတ်လုံကို ဝတ်ဆင်သော ဤသူတို့သည် အဘယ်သူနည်း။ အဘယ်အရပ်က လာကြသနည်းဟု ငါ့အားမေးမြန်းလျှင်၊ ငါက၊ သခင်၊ ကိုယ်တော်သိပါ၏ဟု ပြန်လျှောက်၏။ သူကလည်း၊ ဤသူတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခအထဲကထွက်မြောက်၍၊ မိမိတို့ဝတ်လုံကို သိုးသငယ်၏ အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။" ဗျာဒိတ် ၇း၉၊ ၁၀၊ ၁၃၊ ၁၄။

အာဗြဟံ၏ကောင်းကြီးမင်္ဂလာများတို့သည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်မှ လာကြောင်းကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မိမိတို့ဝတ်လုံကို သိုးသငယ်၏အသွေး၌လျှော်ပြီး ဖြူစေသောသူများအကြောင်းကို ဖေါ်ပြပေးထားသည့်တင်ပြချက်ထဲတွင် အာဗြဟံအားပေးတော်မူခဲ့သည့်ကတိတော်ဖြစ်သည့် မရေမတွက်နိုင်သောအမျိုးအနွယ်နှင့်ဆိုင်သော ကတိတော်၏ပြည့်စုံခြင်းကို တွေ့ရှိရပါသည်။ "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။" ဂလာတိ ၃း၂၉။

ကမ္ဘာဦးကျမ်း ၁၃ တွင် တဖန်ပြန်လည်တင်ပြထားသည့်ကတိတော်ထဲတွင် ပြည်တော်အကြောင်းကို အကျယ်တဝင့်ပြောဆိုတင်ပြပေးထားသည့်အကြောင်းကို စာဖတ်သူအနေဖြင့် မှတ်သားသင့်ပါသည်။ ရှေ့ကလေ့လာလာခဲ့သည့်သင်ခန်းစာများတွင်လည်း ထိုအကြောင်းအရာကို တွေ့မြင်လာခဲ့ရသည်။ ကတိတော်အကြောင်းကိုရှေ့ဆက်လေ့လာရာတွင်လည်း ထိုပြည်တော်အကြောင်းကို ကတိတော်၏အဓိကပင်မနေရာတွင် ထပ်မံပြီးတွေ့ရဦးမည်ဖြစ်ပါသည်။

## အာဗြဟံနှင့် မေလခိဇေဒက်

မေလခိဇေဒက်၏ပုံပြင်တိုလေးက ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ခေတ်အချိန်ကာလကို အာဗြဟံနှင့်သူ၏ခေတ်အချိန်ကာလတို့နှင့် အနီးဆုံးဖြစ်သွားအောင် ချိတ်ဆက်ပေးလိုက်ပြီး၊ အာဗြဟံ၏ခေတ်ကာလတွင်ရော ကျွန်ုပ်တို့၏ခေတ်ကာလတွင်ပါ တည်ရှိလျက်နေသည့် "CHRISTIAN DISPENSATION (ခေါ်) ခရစ်ယာန်တို့ ၏အခွင့်ထူးများရရှိချိန်" ကို ဤပုံပြင်တိုလေးက ပြသထားပေးပါသည်။

မေလခိဇေဒက်အကြောင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့သိရှိထားသမျှသောအကြောင်းအရာများတို့ကို ကမ္ဘာဦးကျမ်း ၁၄ တွင်တင်ပြထားပေးသည်။ ဟေဗြဲအခန်းကြီး ၇ မှလည်း ထိုပုံပြင်အကြောင်းကို ပြန်လည်တင်ပြထားပြန်ကာ၊ ထိုပုံပြင်အပေါ် ထင်မြင်ချက်၊ မှတ်ချက်တချို့ကို ပေးထားပါသည်။ ထိုကျမ်းများအပြင် ဟေဗြဲအခန်းကြီး ၆ နှင့် ဆာလံ ၁၁၀း၄ တွင်လည်း မေလခိဇေဒက်အကြောင်းကိုတင်ပြထားသည့် ကိုးကားချက်များရှိပါသည်။

သူ၏ပုံပြင်မှာ အောက်ပါအတိုင်းဖြစ်သည်။ လောတအားဖမ်းဆီးသွားခဲ့သောရန်သူများအား တိုက်ခိုက်ခြေမှုန်းပြီးရာမှ ပြန်လာခဲ့သည့်အာဗြဟံကို ခရီးဦးကြိုပြုဆုံတွေ့ခဲ့ရာတွင် မေလခိဇေဒက်သည် သူ့အဖို့ မုန့်နှင့်စပျစ်ရည်ကို ယူဆောင်ပေးလာခဲ့ပါသည်။ မေလခိဇေဒက်သည် အမြင့်ဆုံးသောဘုရားသခင် ၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ရှာလင်မင်းဖြစ်သည်။ ဤအဆင့်အတန်းအားဖြင့် သူသည် အာဗြဟံအား ကောင်းချီးပေးခဲ့ပြီး၊ အာဗြဟံသည်လည်း မိမိပြန်လည်ရွေးနှုတ်နိုင်ခဲ့သည့် အရာများတို့၏ဆယ်ပုံထဲမှ တစ်ပုံကို သူ့အားပေးအပ်ခဲ့သည်။ သူ၏ပုံပြင်မှာ ဤမျှသာဖြစ်ပါသည်။ သို့သော် ထိုပုံပြင်ထဲမှဆွဲထုတ်ယူစရာ အလွန်အရေးကြီးသည့် သင်ခန်းစာတချို့ရှိနေပါသည်။

ပထမဦးဆုံးအချက်အနေဖြင့်၊ မေလခိဇေဒက်သည် အာဗြဟံထက်သာ၍ကြီးမြတ်သောသူဖြစ်ကြောင်းကို ကျွန်ုပ်တို့လေ့လာရပါသည်။ အဘယ့်ကြောင့်ဆိုသော် "ကြီးသောသူသည် ငယ်သောသူကို ကောင်းချီးပေးတတ်သည်ကို ငြင်းခုံဘွယ်မရှိ" သောကြောင့်ဖြစ်ပြီး (ဟေဗြဲ ၇း၇)၊ အာဗြဟံသည်လည်း ရှိသမျှတို့၏ဆယ်ပုံတစ်ပုံကို သူ့အားပေးခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။

သူသည် သခင်ခရစ်တော်၏ပုံရိပ်ဖြစ်ပြီး၊ ထိုခရစ်တော်နှင့်လည်းတူသည်၊ "ဘုရားသခင့်သားတော်နှင့်တူ၍၊"။ ရှင်ဘုရင်လည်းဖြစ်၊ ယဇ်ပုရောဟိတ်လည်းဖြစ်ခြင်းအားဖြင့် သူသည် သခင်ခရစ်တော်ပုံရိပ်ဖြစ်ခဲ့ပါသည်။ သူ့နာမည်၏အနက်အဓိပ္ပါယ်မှာ "တရားမင်း" ဖြစ်ပြီး၊ သူသည် ရှာလင်မင်းတစ်ပါးဖြစ်ပါသည်။ ရှာလင်၏အနက်အဓိပ္ပါယ်မှာ "ငြိမ်သက်ခြင်း" ပင်ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် သူသည် ယဇ်ပုရောဟိတ်တစ်ပါးဖြစ်သည်သာမကပဲ၊ ငြိမ်သက်ခြင်းမင်း နှင့် တရားမင်းတစ်ပါးလည်းဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်ကိုရည်ညွှန်းလျက်၊ "ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူ၏။" "ထာဝရဘုရားက၊ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊ နောက်တဖန်စိတ်ပြောင်းလဲခြင်း ရှိတော်မမူ။" ဟု မိန့်ဆိုထားပါသည်။ ဆာလံ ၁၁၀း ၁၊ ၄။ သူ (ခရစ်တော်) ရရှိမည့်အမည်နာမမှာ "ယေဟောဝါဇေဒကနု (ငါတို့၏ဖြောင့်မတ်ခြင်းအရှင်သခင်)" ပင်ဖြစ်ပါသည်။ ယေရမိ ၂၃း ၆။

ခရစ်တော်၏ မင်းနှင့်ဆိုင်သောယဇ်ပုရောဟိတ်အရိုက်အရာအကြောင်းကို ကျမ်းစာထဲတွင် တင်ပြထားလေသည်မှာ၊ "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ အမိန့်တော်ကို ထိုသူအားဆင့်ဆိုရမည်မှာ၊ အညွန့် အမည်ရှိသောသူကိုကြည့်ရှုလော့။ မိမိဒေသအရပ်၌ပေါက်၍ ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်လိမ့်မည်။ ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်ပြီးလျှင်၊ ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍၊ ထိုနှစ်ပါးတို့သည် မိဿဟာယ ပဋိညာဉ်ကို ဖွဲ့ကြလိမ့်မည်။" ဇာခရိ ၆း၁၂၊ ၁၃။ လူများတို့၏အပြစ်အတွက် ရန်ငြိမ်းခြင်းတရားကိုဖြစ် စေရာတွင် သခင်ခရစ်တော်အသုံးပြုတော်မူသည့် တန်ခိုးတော်သည်၊ ထိုသခင်ခရစ်တော်စိုးစံနေတော်မူသည့် ဘုရားသခင့်ပလ္လင်တော်မှလာသည့် တန်ခိုးတော်ပင်ဖြစ်သည်။

မေလခိဇေဒက်အကြောင်းနှင့်ပတ်သက်သည့် ကောက်နှုတ်တင်ပြချက်တွင်ပါဝင်သည့် အဓိက အချက်မှာ၊ "အထူးအခွင့်အရေးရရှိသောအချိန်ကာလ" တွင် ကျွန်ုပ်တို့နေထိုင်နေရသကဲ့သို့ပင် အာဗြဟံသည်လည်း ထိုအချိန်ကာလတွင် အသက်ရှင်နေထိုင်လာခဲ့ရပါသည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုခေတ်က ယဇ်ပုရောဟိတ်အရိုက်အရာသည် ယခုခေတ်ယဇ်ပုရောဟိတ်အရိုက်အရာနှင့် အတူတူပင်ဖြစ်သည်။ ယုံကြည်ခြင်းရှိကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြရုံသာမကပဲ၊ ဘုရားသခင်ထားတော်မူသောဂတိတော်နှင့်အညီ "မေလခိဇေဒက်နည်းတူ" ထာဝရယဇ်ပုရောဟိတ်အရာကိုခံရသည့် ယဇ်ပုရောဟိတ်မင်းကြီး (ခရစ်တော်) ၏ သားသမီးများလည်း ဖြစ်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် အဓိပ္ပါယ်နှစ်မျိုး အားဖြင့် ဖေါ်ပြထားလေသည်မှာ၊ "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို

မျော်မြင်ခြင်းငှါအလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ရောက်သည်ဟု မိန့်တော်မူ၏။” ယော ဟန် ၈း ၅၆။

သို့ဖြစ်၍ ခရစ်တော်အသေခံတော်မူခဲ့သည့်အချိန်မှစ၍ အသက်ရှင်နေထိုင်လာခဲ့ကြသည့် ယုံကြည်သူများတို့သည် ခရစ်ယာန်များဖြစ်ကြသည်နည်းတူ အာဗြဟံသည်လည်း ခရစ်ယာန်တစ်ဦးဖြစ်ခဲ့ ပါသည်။ “တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို အန္တိအုတ်မြို့၌ အဦးခံရ ကြ၏။” သို့ရာတွင် တပည့်တော်များတို့ သည် ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ်ခြင်းကို ခံရပြီးသည့်နောက် ပိုင်းတွင် သူတို့သည် ခရစ်ယာန်ဟုအခေါ်မခံရမီအချိန်တုန်းကကဲ့သို့ပင် နေထိုင်ခဲ့ကြပါသည်။ မည်သည့် ထူးခြားပြောင်းလဲမှုမျှရှိမသွားခဲ့ပါချေ။ ခရစ်ယာန်ဆိုသည့်နာမည်ကို အသုံးမပြုမခေါ်ဆိုကြသေးသည့်အချိန် ဖြစ်သည့် သူတို့ကို ဂျူးလူမျိုးများဟုသာသိရှိထားခဲ့ကြသည့်အချိန်တုန်းကတည်းကပင် ထိုသူတို့သည် ခရစ်ယာန်များဖြစ်ထားနှင့်ပြီးသားဖြစ်ကြပါသည်။ ထိုခရစ်ယာန်ဆိုသည့်နာမည်၏ သမိုင်းကြောင်းမှတ်တမ်း အနည်းငယ် ရှိသည်။ “ခရစ်ယာန်” ဆိုသည့်နာမည်ဖြင့် တပည့်တော်တို့ကိုခေါ်တွင်လာခဲ့ကြသည်။ အကြောင်း မှာ သူတို့သည် ခရစ်တော်၏နောက်တော်သို့လိုက်ခဲ့ကြသောကြောင့်ဖြစ်သည်။ သို့ရာတွင် သူတို့ကို ခရစ်ယာန် ဟုမခေါ်မီအချိန်ကတည်းက သူတို့သည် ခရစ်တော်၏နောက်တော်သို့ လျှောက်လိုက်ခဲ့ကြသည်။ ခရစ်ယာန် ဆိုသည့်အမည်ကို ရရှိခဲ့ပြီးသည့်နောက်ပိုင်းတွင် လျှောက်လိုက်ခဲ့ကြသကဲ့သို့ ထိုအမည်မရမီတုန်းကတည်း က လျှောက်လိုက်နေခဲ့ကြသည်။ နာဇရက်မြို့သားခရစ်တော်မပေါ်မထွန်းမီအချိန်ကာလနှစ်ပေါင်းရာထောင်ချီ ကတည်းက အသက်ရှင်နေထိုင်ခဲ့သည့်အာဗြဟံသည်၊ ခရစ်ယာန်ဟုအခေါ်ခံရသော အန္တိအုတ်မြို့ရှိ တပည့်တော်များနည်းတူပင် သူသည်လည်း ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ခဲ့ပါသည်။ ထိုကြောင့် သူ၏အသက်တာသည် ခရစ်ယာန်ဆိုသည့်ဝေါဟာရစကားလုံး၏အဓိပ္ပါယ်နှင့်တထပ်တည်းကျခဲ့ပြီး သူသည် ခရစ်ယာန်တစ်ဦးဖြစ်ခဲ့ပါသည်။ ခရစ်ယာန်အားလုံးတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြပါသည်။ အခြား သူများတို့သည် သူ၏သားသမီးများမဟုတ်ကြပါ။

ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် လေဝိလူတို့နှင့်သက်ဆိုင်သော စီရင်ထုံးဖွဲ့မှုတစ်ခုမဟုတ်ကြောင်းကို သက်သေပြပေးဖို့ရန်အတွက် ဟေဗြဲအခန်းကြီး ၇ တွင်ပါရှိသော အာဗြဟံ နှင့်မေလခိဇေဒက်တို့၏ အဖြစ် အပျက်တို့ကို ကျွန်ုပ်တို့အား ရည်ညွှန်းပြသထားပေးကြောင်းကို စာဖတ်သူအနေဖြင့်သတိပြုမိပေလိမ့်မည်ဖြစ် သည်။ လေဝိမမွေးဖွားလာမီကတည်းက အာဗြဟံသည် ဆယ်ဖို့တစ်ဖို့ကိုပေးခဲ့သည်။ ခရစ်ယာန်ယဇ်ပုရော ဟိတ်၏အရိုက်အရာကိုရရှိထားခဲ့သည့် မေလခိဇေဒက်ကိုလည်း သူသည် ဆယ်ဖို့တစ်ဖို့ပေးခဲ့သည်။ ထို့ ကြောင့်ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်ခြင်းအားဖြင့် အာဗြဟံ၏သားသမီးများဖြစ်ကြသောသူတို့သည် လည်း ဥစ္စာရှိသမျှတို့၏ဆယ်ပုံတစ်ပုံကို ဆယ်ဖို့တစ်ဖို့ပေးကြလိမ့်မည်ဖြစ်သည်။

ဆယ်ဖို့တစ်ဖို့ဆိုသည့်အရာသည် အာဗြဟံ၏ခေတ်ကာလအချိန်တုန်းက လူများကောင်းကောင်း သိရှိထားခဲ့သည့်အရာတစ်ခုဖြစ်ကြောင်းကို သတိပြုမိပေလိမ့်မည်ဖြစ်သည်။ အကြောင်းကိစ္စတစ်ခုအနေဖြင့် သူသည် ဘုရားသခင်၏ယဇ်ပုရောဟိတ်ကို ဆယ်ဖို့တစ်ဖို့ပေးခဲ့ပါသည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်၏ အပိုင်ဖြစ်သည်ကို သူ နားလည်သဘောပေါက်ခဲ့ပါသည်။ ဝတ်ပြုရာကျမ်းတွင်မှတ်တမ်းတင်ထားသည့် ဆယ် ဖို့တစ်ဖို့ပေးခြင်းအကြောင်းအရာသည် ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းစနစ်၏မူလပထမ မှတ်တမ်းမဟုတ်ပါချေ။ ထို မှတ်တမ်းသည် ဖြစ်သည့်အကြောင်းအရာကိုတင်ပြထားသည့် ရိုးရိုးတင်ပြချက်တစ်ခုသာဖြစ်သည်။ လေဝိလူ တို့သည်ပင် “အာဗြဟံအားဖြင့် ဆယ်ဖို့တစ်ဖို့ကို ပေးခဲ့ကြသည်။” ထိုဆယ်ဖို့တစ်ဖို့ပေးခြင်းစနစ်ကို လူတို့အား မည်သည့်အချိန်တွင်စတင်ပြီးကြေညာခဲ့သည်ကိုတော့ ကျွန်ုပ်တို့အားပြောပြမထားပါချေ။ သို့စေကာမူ ထို စနစ်ကို အာဗြဟံ၏ခေတ်အချိန်ကာလတွင် ကောင်းမွန်စွာသိရှိထားခဲ့ကြသည်အကြောင်းကို ကျွန်ုပ်တို့တွေ့ရှိ ရပါသည်။ “ထာဝရဘုရား၏ ကြောက်မက်ဖွယ်ရာနေ့ရက်ကြီး” မတိုင်မီအချိန်ကလေးတွင် အသက်ရှင်နေထိုင်

ကြသောကျွန်ုပ်တို့အား မာလခိကျမ်းထဲမှ အထူးသဖြင့်မိန့်မြွက်ထားလေသည်မှာ ဆယ်ဖို့ တစ်ဖို့မပေးသောသူတို့သည် ထာဝရဘုရား၏ဥစ္စာကို လုယူနေကြသောသူများပင်ဖြစ်ပါသည်ဟု မိန့်မြွက်ထားပါသည်။

ဤဆွေးနွေးတင်ပြချက်သည် အလွန်ရိုးရှင်းလှပါသည်။ အာဗြဟံသည် မေလခိဇေဒက်အား ဆယ်ဖို့တစ်ဖို့ကိုပေးသည်။ မေလခိဇေဒက်၏ယဇ်ပုရောဟိတ်အရိုက်အရာသည် ဖြောင့်မတ်ခြင်းတရားနှင့်ငြိမ်သက်ခြင်းတို့ကိုယူဆောင်ပေးသည့် ယဇ်ပုရောဟိတ်အရိုက်အရာဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ထိုယဇ်ပုရောဟိတ်အရိုက်အရာအားဖြင့် ကယ်တင်ခြင်းကိုရကြသည်။ အာဗြဟံသည် မေလခိဇေဒက်အား ဆယ်ဖို့တစ်ဖို့ကိုပေးအပ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မေလခိဇေဒက်သည် အမြင့်ဆုံးသောဘုရားသခင်၏ ကိုယ်စားလှယ်တော်တစ်ဦးဖြစ်ပြီး၊ ဆယ်ဖို့တစ်ဖို့ဆိုသည့်အရာသည်လည်း ဘုရားသခင်နှင့်စပ်ဆိုင်သောအရာဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နှင့် စပ်ဆိုင်သောသူများဖြစ်ကြသည်မှန်လျှင်၊ အာဗြဟံ၏သားသမီးများပင်ဖြစ်ကြပြီး၊ အကယ်၍ ကျွန်ုပ်တို့သည် အာဗြဟံ၏သားသမီးများမဟုတ်ကြဘူးဆိုလျှင်၊ ခရစ်တော်နှင့်စပ်ဆိုင်သောသူများလည်းမဟုတ်ကြတော့ပါချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် အာဗြဟံ၏ သားသမီးများဖြစ်ကြသည်ဆိုလျှင် အာဗြဟံပြုသောအမှုများတို့ကို ပြုကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် မည်သူနှင့်စပ်ဆိုင်သောသူများဖြစ်ကြသနည်း။

လေ့လာသွားရာတွင် အခြားသောအချက်တစ်ချက်ကို ကျွန်ုပ်တို့အနေဖြင့် ကျော်မသွားသင့်ပါချေ။ ထိုအချက်မှာ၊ တရားမင်း နှင့်ငြိမ်သက်ခြင်းမင်းတည်းဟူသော အမြင့်ဆုံးသောဘုရားသခင်၏ ယဇ်ပုရောဟိတ်ဖြစ်သူ မေလခိဇေဒက်သည် ခရစ်တော်ပြောခဲ့သည့် "ဤမုန့်မူကား ငါ၏ကိုယ်ဖြစ်၏။" "ဤခွက်ကား... ငါ၏ အသွေးဖြစ်၏။" ဆိုသည့် မုန့်နှင့်စပျစ်ရည်တို့ကို အာဗြဟံအဖို့ယူဆောင်ပေးလာခဲ့ပါသည်။ ထိုမုန့်နှင့်စပျစ်ရည်တို့သည် အာဗြဟံနှင့်သူ့နောက်လိုက်များ ပြန်လည်အားဖြည့်ဖို့ရန်အတွက်ဖြစ်သည်ဟု ပြောကောင်းပြောနိုင်ပါသည်။ မှန်ပါသည်။ သို့ရာတွင် ဤသို့ပြောရုံဖြင့် ထိုအချက်၏အရေးပါမှုသည် ကွယ်ပျောက်မသွားနိုင်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏အသွေးတော်နှင့် အသားကို ကျွန်ုပ်တို့သည် ဆက်လက်ပြီးစားသုံးနေရကြလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။ မေလခိဇေဒက်သည် သူ၏ဘုရင်ရာထူး၊ ယဇ်ပုရောဟိတ်ရာထူးနှင့်တကွ ထွက်လာခဲ့ပြီး၊ သူ့အားလည်း အာဗြဟံက ဘုရင်တစ်ပါးအနေဖြင့်သော်၎င်း၊ ယဇ်ပုရော ဟိတ်တစ်ပါးအနေဖြင့်သော်၎င်း လက်ခံအသိအမှတ်ပြုခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁၄း၁၈၊ ၁၉ တွင်တွေ့ရသောချိတ်ဆက်မှုကို သတိပြုမှတ်သားပါ။ "အမြင့်ဆုံးသော ဘုရားသခင်၏ယဇ်ပုရောဟိတ်ဖြစ်သော၊ ရှာလင်မင်းကြီး မေလခိဇေဒက်သည်လည်း၊ မုန့်နှင့် စပျစ်ရည်ကိုဆောင်ခဲ့ပြီးလျှင်၊ ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသောဘုရားသခင်သည် အာဗြံအား ကောင်းချီးပေးတော်မူပါစေသောဟု၊ အာဗြံကို ကောင်းကြီးပေး၍"။ မေလခိဇေဒက် သည်အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်ပင်ဖြစ်ကြောင်းကို သူယူဆောင်လာခဲ့သည့်မုန့်နှင့်စပျစ်ရည်တို့က သက်သေထောက်ပြပေးလိုက်ပါသည်။ ခရစ်တော်၏ခေတ်ကာလတွင် အသက်ရှင်ခဲ့ကြသောယုဒလူတို့က၊ အာဗြဟံသည် သခင်ခရစ်တော် ကြွလာမည့်အချိန်ကာလကို မျှော်မြင်ခြင်းငှါ အလွန်အလိုရှိသည် ဆိုသည့်တင်ပြချက်အပေါ် လှောင်ပြောင်သရော်ခဲ့ကြသည်။ ထိုတင်ပြချက်အတွက် မည်သည့်သက်သေအထောက်အထားကိုမျှ သူတို့အနေဖြင့် မမြင်တွေ့နိုင်ခဲ့ကြပါချေ။ ကယ်တင်တော်မူရာနေ့တည်းဟူသော ခရစ်တော်ကြွလာမည့်အချိန်ကာလကို အာဗြဟံသည်တွေ့မြင်ခဲ့သည်ဆိုသည့်သက်သေအထောက်အထားတစ်ခုကို ကျွန်ုပ်တို့အနေဖြင့် ဤလေ့လာမှုမှတ်တမ်းတွင် မတွေ့မမြင်ပဲနေပါမည်လော။

## ၁၅။ အာဗြဟံအားခေါ်တော်မူခြင်း – ပဋိညာဉ်ဖွဲ့ခြင်း
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လ ၂၈၊ ၁၈၉၆

အာဗြဟံနှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်အကြောင်းကိုဖေါ်ပြသည့် ပထမဦးဆုံးသောမှတ်တမ်းကို ကမ္ဘာဦးကျမ်း ၁၅ တွင် တင်ပြထားသည်။ "ထိုနောက်မှ ဗျာဒိတ်တော်အားဖြင့် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍၊ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏အကွယ်အကာဖြစ်၏။ သင်၏ အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူလျှင်၊" (I AM THY SHIELD, AND THY EXCEEDING GREAT REWARD.)

မိမိကိုယ်တော်တိုင်သည်ပင်လျှင် အာဗြဟံ၏အကျိုးဖြစ်တော်မူသည်ဟု ဘုရားသခင်မိန့်ဆိုထားခဲ့သည့်တင်ပြချက်ကို မှတ်သားပါ။ ငါတို့သည် ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်ကြပြီး၊ ကတိထားတော်မူသည်နှင့်အညီ အမွေခံအရာ၌တည်ကြ၏။ မည်သည့်အရာကိုအမွေခံမည့် အမွေခံများပါနည်း။ "ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏။" ရောမ ၈း၁၇။ ထိုတစ်ခုတည်းသောအမွေတော်အကြောင်းကို ဆာလံဆရာက တင်ပြထားလေသည်မှာ၊ "ထာဝရဘုရားသည် ငါ့အမွေခံရာအဖို့ ဖြစ်တော်မူ၏။" ထို့ကြောင့် ဘုရားသခင်၏လူများအားလုံးတို့ကို အာဗြဟံနှင့်ချိတ်ဆက်ပေးနိုင်မည့် အချိတ်အဆက်တစ်ခုကို ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် ရရှိထားပြန်ပါသည်။ ထိုသူတို့၏တစ်ခုတည်းသောမြော်လင့်ချက်မှာ အာဗြဟံအားပေးတော်မူခဲ့သည့် ဘုရားသခင်၏ကတိတော်ပင်ဖြစ်သည်။ အခြားမရှိပါချေ။

အာဗြဟံအားပေးတော်မူခဲ့သောကတိတော်သည် အာဗြဟံတစ်ဦးတည်းအတွက်မဟုတ်ပဲ သူ၏အမျိုးအနွယ်အတွက်လည်းဖြစ်သည်။ သို့ဖြစ်၍ အာဗြဟံသည် ဘုရားသခင်အား ဤသို့လျှောက်ဆိုခဲ့ပါသည်၊ "အကျွန်ုပ်သည် သားမရှိဘဲသွားရပါ၏။ ဤဒမာသက်မြို့သား ဧလျာဇာသည် အကျွန်ုပ်၏အမွေခံဖြစ်ရပါ၏။ သို့ဖြစ်၍ အဘယ်ကျေးဇူးကို ပြုတော်မူပါမည်နည်းဟုလျှောက်ဆို၏။ တဖန်အာဗြံက အကျွန်ုပ်အား အမျိုးအနွယ်ကိုပေးတော်မမူပါ။ အကျွန်ုပ်၏အိမ်၌ဘွားသောသူသည် အကျွန်ုပ်၏အမွေခံဖြစ်ရပါသည်တကားဟု လျှောက်ဆို၏။" ဘုရားသခင်၏အကြံအစည်တော်ကို အာဗြဟံ မသိရှိခဲ့ပါချေ။ ထိုကတိတော်အပေါ်၌ သူ ယုံကြည်မှုရှိခဲ့သည်။ သို့သော် သူသည်အသက်အရွယ်အိုမင်းနေပြီး၊ သားသမီးတစ်ဦးမျှမထွန်းကားခဲ့သောကြောင့် သူ့အားကတိတော်ထားတော်မူသောအမျိုးအနွယ်သည် သူ၏ကျွန်ရင်းမှ ဆင်းသက်လာမည်ဟု သူထင်မှတ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏အကြံအစည်တော်ကား၊ အာဗြဟံသည် ကျွန်ဖြစ်သောအမျိုးအနွယ်၏ဘိုးဘေးတစ်ဦးဖြစ်လာရန်မဟုတ်ပဲ လူလွတ်ဖြစ်သောအမျိုးအနွယ်၏ ဘိုးဘေးတစ်ဦးဖြစ်လာရန်ဖြစ်သည်။

"တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဤသူသည် သင်၏အမွေခံ မဖြစ်ရ။ သင်၏ ကိုယ်ထဲကထွက်သောသူသည် သင်၏အမွေခံဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ အာဗြံကိုပြင်သို့ ထုတ်ဆောင်တော်မူ၍၊ မိုယ်းကောင်းကင်ကို မြော်ကြည့်လော့။ ကြယ်များကိုရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည်ထိုသို့ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" ကမ္ဘာဦးကျမ်း ၁၅း၄-၆။

"အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်။" ဤနေရာတွင်သုံးနှုန်းတင်ဆက်ထားသည့် "ယုံကြည်သည်" ဆိုသည့်ကြိယာစာလုံးသည် "အာမင်" ဆိုသည့်မူရင်းစကားလုံးမှလာသည်။ "အာမင်" ၏အဓိပ္ပါယ်မှာ ခိုင်လုံသေချာသောအခြေခံအုတ်မြစ်ဖြစ်သည်။ ကတိတော်ကို ဘုရားသခင်ကမြွက်ဆိုလိုက်သည့်အခါတွင် အာဗြဟံက "အာမင်" ဟု ပြန်ပြောခဲ့ပါသည်။ တနည်းအားဖြင့် သူသည် ဘုရားသခင်အပေါ်၌

ထပ်ဆင့်တည်ဆောက်ပြီး၊ ထိုသခင်၏စကားတို့ကို ခိုင်မာသေချာသောအခြေခံအုတ်မြစ်တစ်ခုအနေဖြင့် မှတ်ယူခဲ့ခြင်းဖြစ်သည်။ ဤအချက်ကို မသဲ ၇း၂၄၊ ၂၅နှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ပါ။

ကြီးမားသောအိမ်ထောင်မိသားစုတစ်စုကိုပေးဖို့ရန် ဘုရားသခင်သည် အာဗြဟံအားကတိပြုခဲ့သည်။ သို့ရာတွင် ဤအိမ်ထောင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်တွင် တည်ဆောက်ခြင်းရှိရပါမည်။ ထိုအချက်ကို အာဗြဟံ နားလည်သဘောပေါက်ခဲ့ပြီး၊ ထိုသို့သောအိမ်ထောင်မျိုးကို အာဗြဟံအနေဖြင့် ချက်ချင်းဆိုသလို အစပြုတည်ဆောက်ခဲ့လိုက်ပါသည်။ ယေရှုခရစ်တော်သည် တိုက်မြစ်ဖြစ်သည်။ အကြောင်းမူကား၊ "ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။" ၁ကော ၃း၁၁။ အာဗြဟံ၏အိမ်ထောင်သည် "တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ် ၌ ထပ်ဆင့်၍ တည်ဆောက်လျက်ရှိ" သော ဘုရားသခင်၏ အိမ်ထောင်ဖြစ်သည်။ ထိုအိမ်ထောင်၊ "ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။" ဧဖက် ၂း၂၀-၂၁။ "လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မြတ်တည်းဟူသော ထိုသခင်ထံသို့သင်တို့သည်ရောက်၍၊ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဗိမ္မာတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာဝိညာဉ်ယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်းဖြစ်ကြ၏။ ထိုသို့နှင့်အညီကျမ်းစာလာသည်ကား၊ ရွေးချယ်သောတိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။ ထိုကျောက်ကိုအမှီပြုသောသူသည် ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း။" ၁ပေ ၂း၄-၆။

"အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" အဘယ့်ကြောင့်နည်း။ အကြောင်းမူကား ယုံကြည်ခြင်း၏အဓိပ္ပါယ်မှာ ဘုရားသခင်နှင့် ထိုသခင်၏နှုတ်ထွက်စကားတော်အပေါ် ထပ်ဆင့်တည်ဆောက်ခြင်းပေတည်း။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ဘုရားသခင်၏နှုတ်ထွက်စကားတော်အားဖြင့် ထိုသခင်ပေးတော်မူသည့်အသက်ကိုလက်ခံရယူခြင်းဖြစ်သည်။ ရှင်ပေတရုပဌမစာစောင် တွင်ဖော်ပြထားသည့်၊ ထိုအိမ် (သို့) ထိုတိုက်အားထပ်ဆင့်တည်ဆောက်ထားသော အုတ်မြစ်သည် အသက်ရှင်သောကျောက်မြတ်ဖြစ်သည် ဆိုသည့်အချက်ကို မှတ်သားထားပါ။ ထိုအုတ်မြစ်ကျောက်သည် မိမိထံသို့လာသောသူတို့အား အသက်ကိုပေးစွမ်းသော အသက်ရှင်သည့်ကျောက်မြတ်ဖြစ်သည်။ ထိုကြောင့် ထိုကျောက်မြတ်အပေါ်တွင်ထပ်ဆင့်တည်ဆောက်သောအိမ် (သို့) တိုက်သည် အသက်ရှင်သောအိမ်ဖြစ်သည်။ ထိုအိမ် (သို့) တိုက်သည် အုတ်မြစ်ကျောက်၏အသက်တော်အားဖြင့် ကြီးပွါးတိုးတက်လျက်ရှိပါသည်။ "သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။" ဤကျမ်းပိုဒ်ထဲတွင်ပါရှိသောစကားလုံးများဖြစ်သည့် "ယုံကြည်လော့" နှင့် "တည်ကြည်မည်" ဆိုသည့်စကားလုံးနှစ်လုံးတို့သည် မူလစကားလုံး "အာမင်" မှဆင်းသက်လာပါသည်။ ထို့ကြောင့် ဤကျမ်းကို ဤသို့ဖတ်ရှုနိုင်ပါသည်၊ "သင်တို့ဘုရားသခင်၏အပေါ်၌ ထပ်ဆင့်တည်ဆောက်ကြလော့။ သို့ပြုလျှင် ဆောက်တည်ခြင်းရှိကြလိမ့်မည်။" ကျွန်ုပ်တို့ထပ်ဆင့်တည်ဆောက်သောအုတ်မြစ်သည် ဖြောင့်မတ်တော်မူသည်၊ "ထိုသို့သောအားဖြင့် ငါ၏ကျောက်၊ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသောအမှုနှင့် ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း။" ယုံကြည်ခြင်း၏အဓိပ္ပါယ်မှာ ဘုရားသခင်နှင့် ထိုသခင်၏နှုတ်ထွက်စကားတော်အပေါ်တည်ဆောက်ခြင်း ပင်ဖြစ်သည့်အတွက်ကြောင့်၊ **<u>ယုံကြည်ခြင်းကိုပိုင်ဆိုင်ထားရှိပြီး၊ လက်တွေ့ကျင့်ဆောင်သောသူအဖို့ ထိုယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်းပင်ဖြစ်နေလေတော့သည်။</u>**

ယေရှုခရစ်တော်သည် အလုံးစုံသောယုံကြည်ခြင်းတို့၏ မူလအရင်းအမြစ်ဖြစ်သည်။ ယုံကြည်ခြင်း၏အစနှင့်အဆုံးသည် ထိုခရစ်တော်၌သာတည်ရှိနေပါသည်။ ခရစ်တော်ကို ဗဟိုမပြုသောယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းမဟုတ်။ ထို့ကြောင့် ဘုရားသခင်ကိုယုံကြည်ရာတွင် အာဗြဟံသည် ယေရှုခရစ်တော်ဘုရားကို ယုံကြည်ထားခဲ့ပါသည်။ ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့်မှတပါး အခြားမည်

သည့်နည်းနှင့်မျှ လူသားများတို့၌ မပေါ်ထွန်းခဲ့ဘူးပါချေ။ အာဗြဟံ၏ ယုံကြည်ခြင်းသည် ယေရှုခရစ်တော်ဘုရားအား ကိုယ်တိုင်ကိုယ်ကျယုံကြည်သည့် ယုံကြည်ခြင်းမျိုးပင်ဖြစ်သည်ဆိုသည့်အချက်ကို၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏ ဆိုသည့်စာကြောင်းက ထောက်ခံဖော်ပြပေးထားပါသည်။ သို့ရာတွင် ယေရှုခရစ်တော်၏ယုံကြည်ခြင်းကြောင့်သာမဟုတ်လျှင် ဖြောင့်မတ်ခြင်းဟူသည် မရှိလာနိုင်ပါချေ။ သူ (ခရစ်တော်) သည် "ဘုရားသခင်စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်တော်မူ၏။" ၁ ကော ၁း၃၀။ ဘုရားသခင်ပေါ်ထွန်းတော်မူရာနေ့တွင်၊ "ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသောဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်း" မှတပါး၊ အခြားသောမည်သည့်ဖြောင့်မတ်ခြင်းကမှ အဖိုးထိုက်တန်ခြင်းရှိမည်မဟုတ်ပါချေ။ အာဗြဟံ၏ယုံကြည်ခြင်းကို ဘုရားသခင်ကိုယ်တော်တိုင်က ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူခဲ့သည်ဖြစ်သောကြောင့်၊ သူ၏ယုံကြည်ခြင်းသည် ခရစ်တော်တစ်ပါးတည်းကိုသာဇဟိုပြုသော ယုံကြည်ခြင်းပင်ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလှပါသည်။ ထိုခရစ်တော်အားဖြင့်သာ သူသည်ဖြောင့်မတ်ရာသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အာဗြဟံအားပေးတော်မူခဲ့သည့် ဘုရားသခင်၏ကတိတော်သည် ယေရှုခရစ်တော်တစ်ပါးတည်း၌သာတည်သည် ဆိုသည့်အချက်ကို ဤအကြောင်းအရာက ပြည့်နှံပေးထားပါသည်။ အမျိုးအနွယ်သည်လည်း ယေရှုခရစ်တော်၏ယုံကြည်ခြင်းအားဖြင့်သာတည်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ကိုယ်တော်တိုင်က ထိုအမျိုးအနွယ်ပင်ဖြစ်သောကြောင့်ဖြစ်သည်။ အရေအတွက်အားဖြင့် ကြယ်များကဲ့သို့များပြားသည့် အာဗြဟံ၏နောင်လာနောက်သားများမှာ၊ မိမိတို့၏ဝတ်လုံများကို သိုးသငယ်၏အသွေးတော်အားဖြင့် ဆေးကြောကြသည့် အဘယ်သူမျှမရေမတွက်နိုင်သော လူအုပ်ကြီးပင်ဖြစ်ပေလိမ့်မည်။ သူမှဆင်းသက်ပွားလာမည့်လူမျိုးများဆိုသည်မှာလည်း "(ကယ်တင်ခြင်းကိုရရှိကြမည့်) လူအမျိုးမျိုးပင်ဖြစ်ကြပေလိမ့်မည်။ ရှင်မဿဲ ၈း၁၁ နှင့်ယှဉ်တွဲကြည့်ပါ။ "ထိုသခင်မှာ ဘုရားသခင်၏ ကတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့် ဘုန်းအသရေတော်ကိုထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ဟူ၍ငင်း၊ အာမင်ဟူ၍ငင်းဖြစ်သတည်း။" ၂ ကော ၁း၂၀။

"ထိုနေ့၌ ထာဝရဘုရားသည် အာဗြံနှင့်ပဋိညာဉ်ပြုတော်မူလျက်၊......၊ ဤပြည်ကိုငင်း၊ ...သင်၏အမျိုးအနွယ်အားငါပေးပြီဟုမိန့်တော်မူ၏။" ကမ္ဘာ ၁၅း၁၈-၂၁။ ဤပဋိညာဉ်ကိုပြုခဲ့သည့်အကြောင်းအရာကို ဤကျမ်းမတိုင်မီရှေ့ကအခန်းများတွင် တင်ပြထားခဲ့သည်။ ရေဦးစွာ မရေမတွက်နိုင်သောနောင်လာနောက်သားများကို ပေးမည်ဆိုသည့်ကတိ၊ ပြီးနောက် ပြည်ကိုပေးမည်ဆိုသကတိ၊ စသည့်ကတိတော်များတို့ကိုကျွန်ုပ်တို့ရရှိထားကြပါသည်။ ဘုရားသခင်မိန့်တော်မူလေသည်မှာ၊ "ငါသည် ဤပြည်ကို သင်အမွေခံစရာဘို့၊ သင်အားပေးလိုသောငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ သင့်ကို ထုတ်ဆောင်သောထာဝရဘုရားဖြစ်သည်၊" ဟုမိန့်တော်မူခဲ့လေသည်။ အငယ် ၇။ အခန်းငယ် ၁၈ ကိုဖတ်ရှုသောအခါတွင်၊ ကတိတော်ကိုအာဗြဟံအားမပေးပဲ သူ၏အမျိုးအနွယ်တစ်ဦးတည်းကိုသာ ပေးထားတော်မူသည်ဆိုသည့် မှားယွင်းသည့်ထင်မြင်ချက်မျိုးဖြစ်ပေါ်မလာမိစေရန်အတွက်၊ အောက်ပါကျမ်းပိုဒ်ကို စိတ်ထဲတွင်မှတ်သားထားရမည်ဖြစ်သည်။ "ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။" (ဂလာတိ ၃း၁၆)။ **<u>အာဗြဟံအားကတိထားတော်မမူသည့်မည်သည့်အရာတစ်စုံတစ်ခုကိုမျှ သူ၏အမျိုးအနွယ်၌ ကတိမထားပါချေ။</u>**

အာဗြဟံက "အရှင်ထာဝရဘုရား၊ ဤပြည်ကို အကျွန်ုပ် အမွေခံရမည်ကို အဘယ်သို့သိရပါအံ့နည်း။" ဟု မေးလျှောက်ခဲ့ပါသည်။ ဘုရားသခင်ကို အာဗြဟံယုံကြည်နေခဲ့ပါသည်။ ထိုသို့မေးလျှောက်ပြီးသည့်နောက်တွင်၊ နွားမ၊ ဆိတ်မ၊ နှင့် သိုး စသည်တို့ကို တစ်ကောင်ချင်းစီ ထက်ဝက်စီခွဲခဲ့သည့်အကြောင်းအရာကို တွေ့ရပါသည်။ ဤအချင်းအရာကို ယေရမိ ၃၄း၁၈-၂၀ တွင် ပြန်လည်ရည်ညွှန်းကိုးကားပြထားပါ

သည်။ ပြုထားတော်မူသောပဋိညာဉ်ကို လူများတို့ကချိုးဖေါက်ခဲ့ကြသည့်အတွက်ကြောင့် ဘုရားကထိုသူတို့ကို ဆုံးမပြစ်တင်ထားသည့်အကြောင်းကို ထိုယေရမိကျမ်းတွင်တွေ့ရသည်။

"နေဝင်သောအခါ၊ အာဗြံသည် ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်လျက်၊ ထူသောမှောင်မိုက်နှင့်တွေ့၍၊ ထိတ်လန့်ခြင်းသို့ ရောက်လေ၏။ ထာဝရဘုရားကလည်း၊ သင်၏အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊ သူတပါးတို့၌ ကျွန်ခံခြင်း၊ နှိပ်စက်ညှဥ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံး ခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ သူတို့ကို စေခိုင်းသောလူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှ၊ သူတို့သည် များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်။ သင်သည်ဘိုးဘေးတို့ထံသို့ ငြိမ်ဝပ်စွာသွားရလိမ့်မည်။ အသက်ကြီးရင့်လျက် သင်္ဂြိုဟ်ခြင်းကိုခံရလိမ့်မည်။ လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်။ အာမောရိအမျိုးသားတို့၏ ဒုစရိုက်အပြစ်သည် မစုံလင်သေးဟု အာဗြံအားမိန့်တော်မူ၏။" ကမ္ဘာ ၁၅း၁၂-၁၆။

ဤပဋိညာဥ်သည် ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတမျိုးပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့ရှိခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ပေးမည်ဟုကတိထားတော်မူခဲ့သည့် အမျိုးအနွယ်နှင့် ပြည်တို့ကို အာဗြဟံက ဘုရားသခင်၏နူတ်ထွက်စကားအပေါ်ယုံကြည်ခြင်းအားဖြင့် ရရှိရမည်ဖြစ်ပြီး၊ သူ၏ထိုယုံကြည်ခြင်းကိုလည်း ဘုရားက ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူပေးတော်မူခဲ့သောကြောင့်ဖြစ်သည်။ ကောက်နူတ်ထားသည့်ကျမ်းပိုဒ်များထဲမှ နောက်ထပ်သင်ယူနိုင်မည့်သင်ခန်းစာများကို လေ့လာကြည့်သွားကြပါစို့။

ကျွန်ုပ်တို့သင်ယူရသည့်အရာတစ်ခုမှာ၊ အာဗြဟံသည် အမွေဥစ္စာများကိုမရရှိမခံစားရမှီတွင် သေဆုံးသွားရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။ သူသည်အသက်အရွယ်ကြီးရင့်ပြီးမှ သေဆုံးသွားရမည်ဖြစ်ပြီး၊ သူ၏အမျိုးအနွယ်သည်လည်း တပါးအမျိုးသားတို့၏တိုင်းပြည်တွင် ဧည့်သည်များအနေဖြင့် နှစ်ပေါင်းလေးရာနေထိုင်ကြရမည် ဖြစ်သည်။

အာဗြဟံတစ်ဦးတည်းမကပါ၊ ကတိထားတော်မူရာပြည်သို့ အာဗြဟံ၏အမျိုးအနွယ်များ မဝင်စားရမှီအချိန်တွင် အာဗြဟံ၏အရင်ဆွေမျိုးတော်များတို့သည်လည်း အရင်သေဆုံးကြရမည်ဖြစ်ပါသည်။ အမှန်တကယ်ပါပင်၊ ဣသရေလလူမျိုးများ အဲဂုတ္တုပြည်သို့မရောက်ရှိမှီ (ကျွန်မခံမှီ) အချိန်တွင် ဣဇာက်သည် သေဆုံးသွားခဲ့ရပြီး၊ ယာကုပ်နှင့်သူ၏သားများတို့သည်လည်း ထိုအဲဂုတ္တုပြည်၌ပင် သေဆုံးသွားခဲ့ကြပါသည်။

"ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ထားတော်မူ၏။" ကျွန်ုပ်တို့ရှေ့တွင်ရှိသောသင်ခန်းစာသည်လည်း ထိုအကြောင်းအရာကိုသာ ဆက်ပြီးပြောဆိုတင်ပြထားပါသည်။ ကတိထားတော်မူသည့်အရာကို တချို့တဝက်သောအမျိုးအနွယ်တို့၌သာ ပေးအပ်ထားလိုက်ခြင်းဖြင့် အာဗြဟံ၏အမျိုးအနွယ်အားထားတော်မူခဲ့သည့်ကတိတော်သည် ပြည့်စုံမသွားနိုင်ပါ။ အာဗြဟံ၏အမျိုးအနွယ်သည် အမွေကိုရရှိပိုင်ဆိုင်ရသကဲ့သို့ အာဗြဟံသည်ထိုအမွေကိုမရရှိမပိုင်ဆိုင်ရလျှင် အာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ထားမူသောကတိတော်သည် မပြည့်စုံလာနိုင်ပါချေ။

ဤအချက်သည် မည်သည့်အရာကိုသရုပ်ဖေါ်ပြပေးနေပါသနည်း။ အဖြေမှာရှင်းပါသည် **<u>အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့ ပိုင်ဆိုင်ရကြမည့်ပြည်တော်အကြောင်းကို ဖေါ်ပြထားသည့် ကမ္ဘာဦးကျမ်းအခန်းကြီး ၁၅ တွင်ပါရှိသည့်ကတိတော်သည် သေလွန်သောသူတို့၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းအရာနှင့် ဆက်စပ်နေပါသည်။ တခြားသောမည်သည့်အကြောင်းအရာနှင့်မျှ ဆက်စပ်မနေပါချေ။</u>** ထိုအခန်းကြီး၏အခန်းငယ် ၁၈ တွင်တင်ပြထားသည့် ပဋိညာဥ်ထဲတွင် အာဗြဟံကိုဖွယ်ထုတ်ထားသည်ဟု ပြောသည့်တိုင် အထက်ပါမျဉ်းသားထားသည့်တင်ပြချက်သည် မှန်ကန်နေဆဲ**<u>ဖြစ်ပါသည်</u>**။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ တွေ့မြင်ထားခဲ့ရသည့်အတိုင်းပင် အာဗြဟံ၏မြောက်များစွာသော လက်ရှိဆွေတော်မျိုးတော်များတို့သည် ကတိတော်အတိုင်းအမွေကိုမခံမှီတွင်သေဆုံးကြရမည်ဟုဆိုသည့်အတိုင်း ဣဇာက်၊ ယာကုပ်နှင့် ရှေးဘိုးဘေးကြီး ၁၂ ဦးတို့သည် ထိုကတိတော်အမွေကိုမခံရမှီ နှစ်ပေါင်းများစွာအကြာကတည်းက သေဆုံးသွားခဲ့ကြပါသည်။

ဤဆွေးနွေးချက်တွင် အာဗြဟံကိုဘေးချိတ်ထားမည်ဆိုသည့်တိုင်၊ အမျိုးအနွယ်အားထားတော်မူသည့်ကတိတော်သည် တချို့တဝက်သောအမျိုးအနွယ်အတွက်သာမဟုတ်ပဲ အမျိုးအနွယ်အားလုံးတို့အတွက်ဖြစ်ရမည် ဆိုသည့်အချက်သည် ဆွေးနွေးရဦးမည့်အရာတစ်ခုအနေဖြင့် ကျန်ရှိနေလိမ့်ဦးမည်ဖြစ်သည်။ ထို့ကြောင့်၊ အာဗြဟံအား "ယေရှု၏တရားနှင့် ရှင်ပြန်ထမြောက်ခြင်းတရား" တို့ကို ဟောကြားပေးခဲ့ခြင်း မှတ်တမ်းမှတ်ရာသည် ဤကျမ်းအခန်းကြီးတွင်ပါရှိနေပါသည်ဆိုသည့် ခိုင်လုံသည့်အထောက်အထားကို ကျွန်ုပ်တို့ရရှိထားကြပြီးဖြစ်သည်။

## ရှင်ပြန်ထမြောက်ခြင်းပြီးနောက်တွင်ပြည့်စုံလာရမည်၊

ခရစ်တော်၏အကြောင်းကိုဟောကြားရန် မိမိအနေဖြင့် အကျပ်အတည်းကြုံနေရခဲ့သည့်အချိန်တွင် သတေဖန်သည် ဤအကြောင်းအရာများကိုပြန်လည်ကောက်နှုတ်ပြီး ဟောပြောတင်ပြခဲ့လိုက်ပါသည်။ အဘယ့်ကြောင့် ဤကဲ့သို့ကောက်နှုတ်ဟောပြောခဲ့ရသည့်အကြောင်းကို ဤဆွေးနွေးတင်ပြချက်က ရှင်းပြပေးပါလိမ့်မည်။ ခါနန်ပြည်သို့ရောက်လာခဲ့သည့်အာဗြဟံ၏အကြောင်းကို သတေဖန်ပြောဆိုတင်ပြထားသည်ကား၊ ဘုရားသခင်သည် "ဤပြည်၌ ခြေနင်းရာကိုမျှ အမွေပေးတော်မမူသော်လည်း၊ သူမှစ၍ သူ၏သားမြေးတို့အား ဤပြည်ကိုအပိုင်းပေးတော်မူမည်ဟု သားတယောက်မျှမရှိမှီ ကတိထားတော်မူ၏။" တမန်တော် ၇း၅။ ဂျူးလူမျိုးများအားလုံး ကောင်းကောင်းမွန်မွန်သိရှိထားခဲ့ကြသည့် ဤကတိတော်ကို ပြန်လည်ကောက်နှုတ်တင်ပြခဲ့ရာတွင် သတေဖန်အနေဖြင့် ထိုဂျူးတို့အား အရှင်းလင်းဆုံးခင်းပြနိုင်ခဲ့သည့်အရာတစ်ခုမှာ၊ ထားတော်မူသောကတိတော်သည် ယေရှုခရစ်တော်အားဖြင့်ဖြစ်သော သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအမှုတစ်မျိုးတည်းအားဖြင့်သာလျှင် ပြည့်စုံခြင်းရှိရလိမ့်မည် ဆိုသည့်အချက်ပင်ဖြစ်ပါသည်။

"သင်သည်ဘိုးဘေးတို့ထံသို့ ငြိမ်ဝပ်စွာသွားရလိမ့်မည်။ အသက်ကြီးရင့်လျက် မြုပ်နှံခြင်းကို ခံရလိမ့်မည်။ လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်။ အာမောရိအမျိုးသားတို့၏ဒုစရိုက်အပြစ်သည် မစုံလင်သေးဟု အာဗြံအားမိန့်တော်မူ၏။" ကတိတော်အတိုင်း အမွေတော်ကိုမရရှိခဲ့ရသေးသော်လည်း အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် မည်သို့သေဆုံးသွားခဲ့သည့်အကြောင်းကို ဤအကြောင်းအရာမှ လေ့လာတွေ့ရှိရပါသည်။ အာဗြဟံသည် မိမိ၏လက်ရှိဘဝတွင် ထိုအမွေတော်ကို ရရှိဖို့ရန်အတွက် မျှော်လင့်ထားခဲ့မည်ဆိုလျှင်၊ ဂတိတော်မပြည့်စုံမှီသေခြင်းတရားနှင့်ကြုံတွေ့လာရသောအခါတွင် သူ့အနေဖြင့် အကြီးအကျယ်စိတ်ပျက်နေခဲ့လိမ့်မည်ဖြစ်သည်။ သို့ရာတွင် ထိုကတိတော်မပြည့်စုံမှီအချိန်တွင် မိမိသည်သေဆုံးသွားရမည်ဟု ဘုရားသခင်က သူ့အား အတိအလင်းပြောကြားခဲ့ပါသည်။ အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သောသူဖြစ်သည့်အလျောက် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သူ့အနေဖြင့် နားလည်သဘောပေါက်ပြီး၊ ထိုထမြောက်ခြင်းနေ့ကိုလည်း သူ့အနေဖြင့် စောင့်မျှော်နေခဲ့မည်မှာ လုံးဝထင်ရှားလှပါသည်။ မှန်ပါသည်၊ ထိုအမှုတွင် သူအောင်နိုင်သွားခဲ့ပါသည်။ ကျွန်ုပ်တို့ တွေ့မြင်ရကြမည့် သေသောသူတို့၏ရှင်ပြန်ထမြောက်ခြင်းအမှုသည် အာဗြဟံ၏စစ်မှန်သောသားသမီးများတို့၏ အဓိက ပင်မမျှော်လင့်ချက်ကြီးတစ်ခုအနေဖြင့် အမြဲတမ်းတည်ရှိနေသည့်အရာတစ်ခုပင်ဖြစ်ပါသည်။

သည့်အပြင် နောက်ထပ်သင်ခန်းစာအချို့တို့ကို ကျွန်ုပ်တို့လေ့လာကြရပြန်ပါသည်။ သားစဥ်မြေးဆက်လေးဆက်မြောက်တွင် (သို့) နှစ်ပေါင်းလေးရာအဆုံးသတ်သွားခဲ့သည့် နောက်ပိုင်းတွင်၊ အာဗြဟံ ၏ အမျိုးအနွယ်သည် ကျွန်ဘဝမှ လွတ်မြောက်လာရမည်ဖြစ်ပြီး၊ ကတိထားတော်မူရာပြည်တွင် ဝင်စားကြရမည်ဖြစ်သည်။ သူတို့သည် ထိုပြည်တော်ကိုအဘယ့်ကြောင့် ချက်ချင်းကြီးမပိုင်ဆိုင်ခဲ့ကြရပါသနည်း။ အကြောင်းမှာ အာမောရိလူတို့၏အပြစ်ဒုစရိုက်သည် မစုံလင်ခဲ့သေးသည့်အတွက်ကြောင့်ဖြစ်သည်။ ဘုရားသခင်သည် အာမောရိလူများတို့ကို နောင်တရလာဖို့ရန် အချိန်ပေးခဲ့ကြောင်း၊ (သို့မဟုတ်) နောင်တရရန်ပျက်ကွက်ခဲ့ကြ

သည့်အလျောက် သူတို့အား မိမိတို့ပြုသောဒုစရိုက်၏စံချိန်စံညွှန်းတစ်ခုအထိ ပြည့်မှီလာစေနိုင်ဖို့ရန် သူတို့အား အချိန်ပေးခဲ့ကြောင်းကို ဤအချင်းအရာက ထောက်ပြပေးထားပါသည်။ မိမိတို့သည်ထိုပြည်နှင့်မထိုက်တန်ကြောင်းကို မိမိတို့ပြုခဲ့သည့်ဒုစရိုက်များက သရုပ်ဖေါ်ပြနေခဲ့ပါသည်။

အာဗြဟံနှင့်သူ၏အမျိုးအနွယ်အား ကတိထားတော်မူခဲ့သည့်ပြည်ကို ဖြောင့်မတ်သောသူများသာလျှင် အမွေခံနိုင်မည်ဖြစ်ကြောင်းကို ထိုအချင်းအရာက ကျွန်ုပ်တို့အား ထပ်ဆင့်ပြီးသွန်သင်ပြထားပေးပြန်ပါသည်။ ဖြောင့်မတ်ဖို့ရန်အလားအလာရှိသောသူများတို့ကို ဘုရားသခင်သည် ထိုပြည်တော်မှ မနှင်ထုတ်ခဲ့ပါချေ။ သို့ရာတွင် ဖျက်ဆီးခြင်းခံရမည့်သူများတို့ကိုမူ အာဗြဟံ၏သားသမီးများရှေ့မှ မောင်းထုတ်ပစ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုပြည်ကိုသိမ်းပိုက်မည့်သူများတို့သည် ဖြောင့်မတ်သောသူများပင်ဖြစ်ကြရမည်ဆိုသည့်အချက်ကို ထိုသူတို့၏မကောင်းမှုဒုစရိုက်များက ပြသနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်တော်နှင့်စပ်ဆိုင်သောကတိတော်ကို ရရှိထားကြသည့် အာဗြဟံ၏အမျိုးအနွယ်သည် ဖြောင့်မတ်သောသူများဖြစ်ရကြမည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကို၊ အမျိုးအနွယ်ကို ပေးတော်မူမည်ဆို သည့်ကတိတော်ကို ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတမျိုးတည်းအားဖြင့်သာလျှင် အာဗြဟံ၌ ပေးအပ်ထားတော်မူခဲ့ပါသည် ဆိုသည့်ဖေါ်ပြချက်၌လည်း ဖေါ်ပြပေးခဲ့ပြီးဖြစ်ပါသည်။

## ဝ၆း အာဗြဟံအားခေါ်တော်မူခြင်း – ဓာတ်ပကတိနှင့် ဝိညာဉ်ပကတိတို့၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လ ၁၁၊ ၁၈၇၆

"အာဗြံ၏မယားစာရဲ၌ သားဘွားခြင်းမရှိသဖြင့်၊ အဲဂုတ္တုပြည်သူဟာဂရအမည်ရှိသော ကျွန်မတယောက် ရှိသည်ဖြစ်၍၊ စာရဲက၊ အကျွန်ုပ်အား သားဘွားရသောအခွင့်ကို ထာဝရဘုရားပေးတော်မမူ။ အကျွန်ုပ်၏ကျွန်မထံသို့ ဝင်ပါလော့။ သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်းရှိကောင်းရှိပါလိမ့်မည်ဟု အာဗြံအားပြောဆို၍၊ အာဗြံသည် စာရဲ၏စကားကို နားထောင်လေ၏။"

ဤအဖြစ်အပျက်သည် အာဗြဟံ၏အသက်တာတွင် ပြုခဲ့သည့် ကြီးမားသည့်မဟာအမှားတစ်ခုဖြစ်သည်။ သို့ရာတွင် မိမိ၏အမှားထဲမှ သင်ခန်းစာတစ်ခုကို သူ သင်ယူခဲ့မိပါသည်။ ထိုသင်ခန်းစာကို လူသားတိုင်းအား သင်ကြားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ၎င်းအဖြစ်အပျက်ကို မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။ ဟာဂရ၏သားဖြစ်သူ ဣရှမေလသည် ကတိတော်ကိုအမွေခံရမည့်သူမဖြစ်ရ၊ သူ၏မယားစာရာမှမွေးသောသားသည်သာလျှင် အမွေခံဖြစ်ရမည်ဆိုသည့်အချက်ကို ဘုရားသခင်က အာဗြဟံအား မည်ကဲ့သို့မိန့်တော်မူခဲ့ကြောင်း၊ ဣဇက်ဖွားမြင်လာခဲ့ပြီးသည့်နောက်တွင် ဟာဂရနှင့် ဣရှမေလတို့ကို မည်သို့နှင်ထုတ်ပစ်ခဲ့ကြောင်း စသည့်ဇာတ်လမ်းအကြောင်းအရာတို့နှင့် စာဖတ်သူ (သင်) သည် ရင်းနှီးထားပြီးသားဖြစ်နေပါလိမ့်မည်။ သို့ဖြစ်ပါ၍ ဤဆွေးနွေးလေ့လာမှုတွင်အကြိုပြုတင်ပြထားသည့် အရေးကြီးသောသင်ခန်းစာအချို့တို့ကို ကျွန်ုပ်တို့အနေဖြင့် တခါတည်းရှေ့ဆက်ပြီး လေ့လာသွားမည်ဖြစ်ပါသည်။

ဘုရားသခင်၏ကတိတော်များကို ဖြည့်စွက်လုပ်ဆောင်ဖို့ကြိုးပမ်းနေတတ်သည့် လူသားတို့၏ မိုက်မဲမှုအကြောင်းကို ပထမဦးစွာ လေ့လာထားသင့်ပါသည်။ မရေတွက်နိုင်သောအမျိုးအနွယ်ကိုပေးမည်ဟု အာဗြဟံအား ဘုရားသခင်ကတိပြုထားခဲ့ပါသည်။ ထိုအချိန်တွင်၊ မိမိမယားစာရာမှ သားတစ်ယောက်ကိုမွေးဖွားလာဖို့ရန်မှာ အာဗြဟံအတွက် လုံးဝဖြစ်နိုင်ခြေမရှိသောအရာတစ်ခုဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင်၏စကားတော်ကို အာဗြဟံလက်ခံခဲ့ပြီး၊ သူ၏ယုံကြည်ခြင်းကိုလည်း သူ၌ ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူပေးတော်မူခဲ့ပါသည်။ ထိုအမျိုးအနွယ်သည် ရိုးရိုးသာမာန်အမျိုးအနွယ်မဟုတ်ပဲ၊ ယုံကြည်ခြင်းနှင့်ယှဉ်သော အမျိုးအနွယ်သာဖြစ်ရမည်ဆိုသည့်အချက်ကို ထိုအဖြစ်အပျက်ကိုယ်တိုင်က သက်သေပြသွားခဲ့ပါသည်။

သို့ရာတွင် သူယုံကြည်သည်နည်းတူ သူ၏မယား မယုံကြည်ခဲ့ပါချေ။ သို့သော် မိမိ၌ယုံကြည်ခြင်းရှိသည်ဟု စာရာအနေဖြင့် တွေးထင်ထားခဲ့ပြီး၊ သူမ၏အကြံပေးချက်ကို အကောင်အထည်ဖေါ်လုပ်ဆောင်နေခြင်းအမှုတွင် မိမိသည် ဘုရားသခင်၏စကားတော်အတိုင်း ဆောင်ရွက်လုပ်ဆောင်နေသည်ဟု အာဗြဟံအနေဖြင့် သံသယကင်းစွာတွေးထင်မိခဲ့သည်။ ဤနေရာတွင် ကျူးလွန်မိခဲ့ကြသည့်အမှားကား၊ ဘုရားသခင် ၏စကားသံကို နားထောင်ခဲ့ရမည့်အစားတွင် မိမိမယားဖြစ်သူ၏စကားသံကို နားထောင်ခဲ့လိုက်သည့်အမှားပင်ဖြစ်သည်။ မိမိတို့အား ကြီးမားများပြားသည့် မိသားစုကြီးတစ်ခုကိုပေးမည်ဟု ကတိထားခဲ့သော်လည်း၊ စာရာအတွက်မှာမူ သားဖွားဖို့ရန်မဖြစ်နိုင်သည့်အတွက်ကြောင့် အခြားသောနည်းလမ်းတစ်စုံတစ်ရာကိုဖန်တီးပြီး ကတိတော်ပြည့်စုံအောင်လုပ်ဆောင်ပေးရန်လိုနေပါသည်ဟု သူတို့အကြောင်းပြခဲ့ကြပါသည်။ ဤအရာသည် ဘုရားသခင်၏ကတိတော်များကို လူ့အကြောင်းပြချက်ဖြင့် အကောင်အထည်ဖေါ်ကိုင်တွယ်ဖြေရှင်းနေခြင်းပင်ဖြစ်သည်။

အရာတစ်ခုလုံးတို့သည် ကြိုတင်မမြင်နိုင်သည့်အခြေအနေတွင် အတော်လေးရောက်ရှိသွားခဲ့ပါသည်။ ဘုရားသခင်သည် ကတိပြုတော်မူသောသူဖြစ်သည့်အလျောက် ထိုကတိကိုလည်း သူတစ်ဦးတည်းကသာ တည်စေနိုင်ပါသည်။ လူတစ်ဦးက ကတိတစ်ခုကိုပေးထားပြီး အခြားသောသူတစ်ဦးက ထိုသူပေးထားခဲ့

သည့်ကတိကို ပြီးမြောက်အောင်လိုက်ပြီးလုပ်ဆောင်ပေးရသည်ဆိုလျှင်၊ ထိုကတိပေးသောသူသည် ကတိမတည်သောသူဖြစ်သွားပါသည်။ ထို့ကြောင့် ဘုရားသခင်ကတိထားတော်မူသည့်အရာကို စီမံရေးဆွဲထားသည့်နည်းပရိယာယ်အားဖြင့် ရယူနိုင်သည့်တိုင်အောင်၊ ထိုသို့ပြုမူလိုက်ခြင်းမှ ထွက်ပေါ်လာသည့်ရလဒ်သည် ဘုရားသခင်အား မိမိပြုခဲ့သည့်ကတိစကားတော်အတိုင်း အကောင်အထည်ဖော်လုပ်ဆောင်ပေးသွားတော်မူမည့်အမှုမှ ဆီးတားပိတ်ပင်သွားစေနိုင်ပါသည်။ ဘုရားသခင်ကိုဆန့်ကျင်လျက် သူတို့လုပ်ဆောင်နေခဲ့ကြပါသည်။ သို့ရာတွင် ဘုရားသခင်ပြုခဲ့သည့်ကတိတော်များတို့ကို လူသားအနေဖြင့် အကောင်အထည်ဖော်မလုပ်ဆောင်ပေးနိုင်ပါချေ။ ခရစ်တော်တစ်ပါးတည်းအားဖြင့်သာလျှင် ထိုကတိတော်တို့ကို အကောင်အထည်ဖော်နိုင်ပါသည်။ ကျွန်ုပ်တို့ရှေ့တွင်တွေ့မြင်နေရသည့် ဤအဖြစ်အပျက်ကို ကျွန်ုပ်တို့အားလုံး လွယ်ကူစွာနားလည်သဘောပေါက်နိုင်ကြပါသည်။ သို့သော် ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေ့အကြုံများတွင် မကြာခဏဆိုသလိုပင်၊ ဘုရားသခင်ကတိထားတော်မူခဲ့သည့်အရာများကို သူကိုယ်တိုင်အကောင်အထည်ဖော်လုပ်ဆောင်ပေးလာမည့်အချိန်အထိ စောင့်စားနေရကြမည့်အစားတွင်၊ ထိုဘုရားသခင်အတွက်အကောင်အထည်ဖော်လုပ်ဆောင်ပေးဖို့ကိုသာ ကျွန်ုပ်တို့စဉ်းစားနေတတ်ကြပါသည်။ ဤသို့သောအားဖြင့် ရှုံးနိမ့်ခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်လာကြရပါသည်။

## ဝိညာဥ်သဘောနှင့် အဖြစ်မှန်သဘော

နှစ်ပေါင်းများစွာကျော်လွန်လာသောအခါတွင်၊ ထိုကတိတော်သည် ဘုရားသခင်၏အကြံအစည်တော်အတိုင်း ပြည့်စုံလာခဲ့ပါသည်။ သို့သော် အာဗြဟံနှင့်သူ၏မယား သူတို့နှစ်ဦးစလုံးတို့၌ ပြည့်ဝသည့်ယုံကြည်ခြင်းတရား မရှိမှီကာလတလျှောက်တွင် ကတိတော်ပြည့်စုံမလာနိုင်ခဲ့ပါချေ။ "သူ၏ ခင်ပွန်းစာရာသည်လည်း အရွယ်လွန်သောအခါ၊ ပဋိသန္ဓေယူနိုင်သောအခွင့်တန်ခိုးကို ယုံကြည်ခြင်းအားဖြင့်ခံရလေ၏။ အကြောင်းမူကား၊ ကတိထားတော်မူသောသူသည် သစ္စာရှိသည်ဟု စိတ်စွဲလမ်းခြင်းရှိ၏။" ဟေဗြဲ ၁၁း၁၁။ ဣဇာက်သည် ယုံကြည်ခြင်းမှရရှိလာခဲ့သည့် အသီးအပွင့်ဖြစ်သည်။ "ပညတ္တိကျမ်းစာ၌လာသည်ကား၊ အာဗြဟံ၌ သားနှစ်ယောက်ရှိ၏။ သားတယောက်ကား၊ ကျွန်မ၏သားဖြစ်၏။ တယောက်ကား ကျွန်မမဟုတ်သောမိန်းမ၏သားဖြစ်၏ဟု လာသတည်း။"

များစွာသောသူတို့သည် ဤအချက်ကို လျစ်လျူရှုထားကြသည်။ အာဗြဟံတွင် သားနှစ်ဦးရှိပြီး၊ တစ်ဦးမှာ ကျွန်မအားဖြင့်ရသောသားဖြစ်ပြီး ကျန်တစ်ဦးမှာ ကျွန်မမဟုတ်သော မိန်းမအားဖြင့်ရသောသားဖြစ်ကာ၊ တစ်ဦးမှာ ဇာတိပကတိအားဖြင့်ရသောသားဖြစ်ပြီး ကျန်တစ်ဦးမှာ ဝိညာဥ်ပကတိအားဖြင့်ရသောသားဖြစ်သည်အကြောင်းကို သူတို့ မေ့လျော့ထားကြပါသည်။ ထို့ကြောင့် အာဗြဟံ၏ "အဖြစ်မှန်သဘော" နှင့်စပ်ဆိုင်သောအမျိုးအနွယ်နှင့်၊ "ဝိညာဥ်သဘော" နှင့်ဆိုင်သည့် အမျိုးအနွယ်ဆိုပြီးမှ ထိုအသုံးအနှုန်းများဖြင့် သူတို့သည်ရှုပ်ထွေးကြကုန်လေတော့သည်။ "ဝိညာဥ်သဘော" ဆိုသည့်စကားလုံးသည် "အဖြစ်မှန်သဘော" ဆိုသည့်စကားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဆိုသည့်ပုံစံမျိုးဖြင့် လူများတို့သည်ပြောဆိုတတ်ကြသည်။ သို့ရာတွင် ဤအရာသည်အဓိကပြဿနာမဟုတ်ပါချေ။ "ဝိညာဥ်သဘော" သည် "ဇာတိသဘော" တနည်းအားဖြင့် သွေးသားဆန္ဒသဘောနှင့်သာ ဆန့်ကျင်ဘက်ဖြစ်သောအရာဖြစ်ပါသည်။

ဣဇာက်သည် ဝိညာဥ်ပကတိ (သို့) ဝိညာဥ်သဘောအားဖြင့် ရသောသားဖြစ်သည်။ သို့ရာတွင် ဣရှမေလသည် အစစ်အမှန်၊ အဖြစ်မှန် ဖွားမြင်လာခဲ့သကဲ့သို့ သူသည်လည်း အစစ်အမှန်၊ အဖြစ်မှန် ဖွားမြင်လာခဲ့သည့် ကလေးတစ်ဦးဖြစ်ခဲ့ပါသည်။ ထို့ကြောင့် အာဗြဟံ၏စစ်မှန်သော အမျိုးအနွယ်ဆိုသည်မှာ ဝိညာဥ်သဘောရှိသောသူများသာဖြစ်သည်။ ထိုသို့ဆိုရာတွင် ထိုဝိညာဥ်သဘောက သူတို့ဖြစ်တည်ခြင်း၏ အစစ်အမှန်သဘော (အဖြစ်မှန်သဘော) ကို မလျော့နည်းသွားစေပါချေ။ ဘုရားသခင်သည် ဝိညာဥ်တော်ဖြစ်သည်။

သို့ရာတွင် သူသည်တကယ်တည်ရှိတော်မူသော (တို့ထိနိုင်သော) ဘုရားတစ်ပါးဖြစ်သည်။ ရှင်ပြန်ထမြောက်လာခဲ့ပြီးသည့်နောက်တွင် ခရစ်တော်သည် ဝိညာဏကိုယ်ဖြင့် အသက်ရှင်နေခဲ့သည်။ သို့ရာတွင် သူသည် အစစ်အမှန်၊ အဖြစ်မှန်တည်ရှိနေခဲ့ပါသည်။ အခြားသောခန္ဓာကိုယ်များတို့ကို ကိုင်တွယ်ထိတွေ့နိုင်သကဲ့သို့ပင် သူ့အားလည်းကိုင်တွယ်ထိတွေ့နိုင်ခဲ့ပါသည်။ ထို့ကြောင့်ထမြောက်ခြင်းအချိန်ကာလလွန်သွားပြီးသည့်နောက်တွင်တည်ရှိနေမည့် သန့်ရှင်းသူများတို့၏ကိုယ်သည် ဝိညာဏကိုယ်များပင်ဖြစ်နေကြလိမ့်မည်ဖြစ်သည်၊ သို့ရာတွင် အမှန်တကယ်တည်ရှိသောကိုယ်များပင်ဖြစ်နေကြလိမ့်မည်ဖြစ်သည်။ ဝိညာဉ်နှင့်ဆိုင်သောအရာများတို့သည် စိတ်ကူးယဉ်အရာများမဟုတ်ပါချေ။ အကယ်စင်စစ်၊ ဝိညာဉ်နှင့်ဆိုင်သောအရာသည် ဇာတိနှင့်ဆိုင်သောအရာထက်ပင် ပိုပြီးသေချာမှုရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်နှင့်ဆိုင်သောအရာများတို့သည် ထာဝရကာလတိုင်အောင် တည်နေမည်ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်၊ အရေအတွက်အားဖြင့် သမုဒ္ဒရာတွင်ရှိသောသဲလုံးများနှင့် ကောင်းကင်တွင်ရှိသောကြယ်များကဲ့သို့များပြားပြီး၊ ပြည်တော်ကိုအမွေခံရမည်ဖြစ်သော အာဗြဟံအား ဘုရားသခင်ကတိထားတော်မူခဲ့သည့်အမျိုးအနွယ်သည် ဝိညာဉ်ပကတိနှင့်ဆိုင်သောအမျိုးအနွယ်ပင်ဖြစ်ကြောင်းကို အခိုင်လုံဆုံးသောအထောက်အထားများနှင့်တကွ ဤအကြောင်းအရာမှ လေ့လာခဲ့ရပါသည်။ ထိုအမျိုးအနွယ်သည် ဘုရားသခင်ဝိညာဉ်တော်၏ကူညီမစခြင်းအားဖြင့် ဖြစ်တည်လာသည့် အမျိုးအနွယ်ပင်ဖြစ်သည်။ ဣဇက်၏ဖွားမြင်ခြင်းအမှုနည်းတူပင် ယေရှုခရစ်တော်၏ဖွားမြင်လာခြင်းအမှုသည်လည်း နိမိတ်လက္ခဏာအားဖြင့်ဖြစ်သော အံ့ဖွယ်ရာအမှုတစ်ခုဖြစ်ခဲ့ပါသည်။ ထိုအမှုသည် သဘာဝလွန်ဖြစ်ရပ်ဆန်းအမှုတစ်ခုဖြစ်သည်။ သူတို့နှစ်ဦးစလုံးတို့သည် ဝိညာဉ်တော်၏အကူအညီအားဖြင့် မွေးဖွားလာခဲ့ကြပါသည်။ ဘုရားသခင်၏သားများဖြစ်လာနိုင်ကြဖို့ရန်အတွက် ကျွန်ုပ်တို့အား ပံ့ပိုးထောက်ပင့်ပေးခဲ့သည့်တန်ခိုးတော်၏ သက်သေသာဓကတစ်ခုကို ထိုအဖြစ်အပျက်နှစ်ခုစလုံးတွင်တွေ့မြင်ရပါသည်။ ဘုရားသခင်၏သားများဖြစ်ကြသောကြောင့် ကျွန်ုပ်တို့သည် အမွေခံအရာ၌တည်နေကြပါသည်။

ဇာတိပကတိအားဖြင့်ရသော အာဗြဟံ၏အမျိုးအနွယ်သည် ဣရှမေလလူမျိုးများဖြစ်ကြပါသည်။ ဣရှမေလသည် လူရိုင်းတစ်ဦးဖြစ်သည်။ တနည်းအားဖြင့်၊ Revised Version ကျမ်းအရဆိုလျှင် "လူသားများထဲတွင် သူသည် ရိုင်းသောမြည်းတစ်ကောင်ဖြစ်သည်။"ဟု တင်ပြထားသည်။ ကမ္ဘာဦးကျမ်း ၁၆း၁၂။ ထို့ပြင်မကသေးပါချေ၊ သူသည် ကျွန်မ၏သားတစ်ဦးလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သူသည် ကျွန်မမဟုတ်သော လူလွတ်၏သားတစ်ဦးမဟုတ်ပါချေ။ အာဗြဟံ၏ကျွန်ဖြစ်သူ ဧလျာဇာအကြောင်းနှင့်ပတ်သက်ပြီး မိန့်မြွက်တော်မူခဲ့သည့်အချိန်ကတည်းက၊ အာဗြဟံ၏အမျိုးအနွယ်သည် လူလွတ်ဖြစ်ရမည်ဖြစ်ကြောင်းကို ဘုရားသခင်အနေဖြင့် ညွှန်ပြပေးထားခဲ့ပြီးသားဖြစ်ပါသည်။ သို့ဖြစ်ပါ၍၊ အာဗြဟံသည် မိမိဇနီးမယား၏စကားသံကို နားယောင်ခဲ့မိမည့်အစား၊ ဘုရားသခင်၏စကားတော်များကိုသာ အောက်မေ့သတိရနေခဲ့မည်ဆိုလျှင် သူသည် ပြဿနာဒုက္ခများကို ထိုမျှလောက် တွေ့ကြုံခဲ့ရလိမ့်မည်မဟုတ်ပါချေ။

ဤအဆင့်ကို ဤကဲ့သို့အသေးစိတ်လေ့လာကြည့်ရှုသွားခြင်းသည် အကျိုးရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံ၏စစ်မှန်သောအမျိုးအနွယ်အကြောင်းနှင့် စစ်မှန်သောဣသရေလလူမျိုးများအကြောင်းကိုလေ့လာသွားသည့်အခါတွင် ဤလေ့လာချက်က ကျွန်ုပ်တို့အား ရှုပ်ထွေးမှုမရှိစေရန်ကူညီပေးသွားလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုလေ့လာချက်တို့ကို နောက်တစ်ခေါက်ပြန်ပြီး ဖေါ်ထုတ်ကြည့်သွားကြပါစို့။

ဣရှမေလသည် ဇာတိပကတိအားဖြင့်ဖွားမြင်လာခဲ့ပြီး၊ သူသည် အမျိုးအနွယ်မဖြစ်နိုင်ပါချေ။ ထို့ကြောင့် ဇာတိပကတိအားဖြင့်သာ (အသွေးအသားအားဖြင့်သာ) အာဗြဟံ၏သားများဖြစ်ကြသောသူများတို့သည် အာဗြဟံ၏သားစစ်များ မဖြစ်နိုင်ကြပါချေ။ ကတိတော်အတိုင်း အမွေခံ၏အရာ၌ မတည်ရှိနိုင်ကြပါချေ။

ဣဇာက်သည် ဝိညာဉ်ပကတိအားဖြင့်ဖွားမြင်လာခဲ့ပြီး၊ သူသည် စစ်မှန်သောအမျိုးအနွယ်ပင်ဖြစ်ပါသည်။ "ဣဇာက်၌သာ သင်၏အမျိုးတည်လိမ့်မည်။" ထို့ကြောင့် အားလုံးသော အာဗြဟံ၏သားသမီးများတို့သည် ဝိညာဉ်တော်ဖြင့်မွေးဖွားခြင်းခံကြသည့်သူများသာဖြစ်ကြပါသည်။ "ညီအစ်ကိုတို့၊ ငါတို့သည်ဣဇာက်ကဲ့က ဂတိတော်နှင့်စပ်ဆိုင်သော သားဖြစ်ကြ၏။"

ဣဇာက်သည် လူလွတ်မှဖွားသောသားဖြစ်သည်။ (မူလအခြေအနေအားဖြင့်) မည်သူမျှလူလွတ်မဟုတ်ကြပါ။ သို့ရာတွင် လူလွတ်ဖြစ်ကြသောသူတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြပါသည်။ "ယခုတွင် ညီအစ်ကိုတို့၊ ငါတို့သည် ကျွန်မ၏သားမဟုတ်၊ ကျွန်မမဟုတ်သော မိန်းမ၏သားဖြစ်ကြ၏။" ဂလာတိ ၄း၃၁။ ဤလွတ်ခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်အကြောင်းကို ဂျူးလူမျိုးများတို့အားမိန့်ကြားတော်မူခဲ့သည့် စကားတော်ထဲတွင် ဘုရားသခင် ပြသပေးထားပါသည်။ ထိုမိန့်ကြားချက်ကို ရှင်ယောဟန်အခန်းကြီး (၈) တွင် မှတ်တမ်းတင်ထားပါသည်။ "ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်ဟု၊ ယုံကြည်သောယုဒလူတို့အား မိန့်တော်မူ၏။ ယုဒလူတို့ကလည်း၊ ငါတို့သည် အာဗြဟံအမျိုးဖြစ်ကြ၏။ အဘယ်သူထံ၌ တရံတခါမျှ ကျွန်မခံကြ။ လွတ်လိမ့်မည်ဟူ၍ သင်သည်အဘယ်သို့ပြောဆိုသနည်းဟု မေးမြန်းကြ၏။ ယေရှုကလည်း၊ ငါ အမှန်အကန်ဆိုသည်ကား၊ ဒုစရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်ကျွန်ဖြစ်၏။ ကျွန်သည်ကား အိမ်၌ အစဉ်အမြဲနေသည်မဟုတ်။ သားမူကား အစဉ်အမြဲနေ၏။ ထို့ကြောင့် သားသည် သင်တို့ကိုလွတ်လျှင်၊ သင်တို့သည် ကေန်အမှန်လွတ်ကြလိမ့်မည်။" အခန်းငယ် ၃၁-၃၆။ သူတို့သည်အာဗြဟံ၏သားများဖြစ်ကြသည်မှန်လျှင် အာဗြဟံကျင့်သည်အတိုင်း သူတို့သည် ကျင့်ဆောင်ကြလိမ့်မည်ကြောင်းကို နောက်တစ်ခေါက်တွင် သူတို့အား ယေရှုမိန့်ကြားခဲ့ပါသည်။ အခန်းငယ် ၃၉။

ကမ္ဘာဦးကျမ်းအခန်းကြီး ၁၅ တွင်ကျွန်ုပ်တို့လေ့လာခဲ့ရသည့် အကြောင်းအရာတစ်ခုဖြစ်သည့် ကတိတော်ကို ယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာ ပေးသနားထားတော်မူခဲ့ပြီး၊ အာဗြဟံအဖို့မှာလည်း ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ထိုကတိတော်ကိုရရှိနိုင်မည်ဖြစ်သည့်အတွက်ကြောင့် ကတိတော်နှင့်စပ်ဆိုင်သောအမျိုးအနွယ်သည် ဖြောင့်မတ်သောအမျိုးအနွယ်ပင်ဖြစ်ရလိမ့်မည်ဆိုသည့်အကြောင်းအရာကို ဤနေရာတွင် တဖန်ပြန်ပြီးတွေ့ရှိရပြန်ပါသည်။

အချုပ်အခြာစကားဟူမူကား၊ အာဗြဟံ၌ထားတော်မူခဲ့သည့် ကတိတော်ထဲတွင် ဧဝံဂေလိသတင်းစကား၊ တစ်ခုတည်းသောဧဝံဂေလိသတင်းစကား ပါရှိနေပါသည်။ ဝိညာဉ်တော်အားဖြင့် ယေရှုခရစ်တော်နှင့်စပ်ဆိုင်သောသူများမဟုတ်သည့်သူများတို့ကို ဂတိတော်နှင့်စပ်ဆိုင်သောသူများဖြစ်သည်ဟု တင်ပြပြောဆိုခြင်းအမှုသည် ဘုရားသခင့်ဧဝံဂေလိတရားတော်နှင့်စပ်ဆိုင်သော ကတိတော်တို့ကို ပျက်စီးရာပျက်စီးကြောင်းအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" ဂလာတိ ၃း၂၉။ "ခရစ်တော်၏ဝိညာဉ်ကို မရသော သူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" ရောမ ၈း၉။ ဣဇာက်အားဖွားမြင်စေခဲ့သည့် ဝိညာဉ်တော်တည်းဟူ သော ယေရှုခရစ်တော်၏ဝိညာဉ်တော်ကို မရရှိသောသူသည် အာဗြဟံ၏သား (သို့) သမီး မဖြစ်နိုင်ပါချေ။ ထိုသူအနေဖြင့် ကတိတော်တွင်ပါရှိသည့်မည်သည့်အစိတ်အပိုင်းကိုမျှ ရရှိနိုင်မည်မဟုတ်ပါချေ။

## ၀၇း အာဗြံအားခေါ်တော်မူခြင်း – တံဆိပ်ခတ်ထားသောပဋိညာဥ် (အပိုင်း ၁)
## ယနေ့အတွက်သမ္မာတရား၊ မေလ ၂၈၊ ၁၈၉၆

ကတိတော်ကို အံ့အားသင့်စရာအကောင်းဆုံးပုံစံမျိုးဖြင့် အကျယ်တဝင့်ဖွင့်ပြပေးထားသည့် မှတ်တမ်းတစ်ခုကို ယခုအခါတွင် ကျွန်ုပ်တို့လေ့လာသွားကြမည်ဖြစ်သည်။ အာဗြဟံအား ဘုရားသခင်ပထမဦးဆုံးအကြိမ်ကတိထားတော်ခဲ့သည့်အချိန်မှစပြီးရေတွက်ကြည့်မည်ဆိုလျှင် အချိန်ကာလသည် နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ကျော်တိုင်တိုင် ကျော်လွန်လာခဲ့ပြီးဖြစ်သည်။ မိမိမယား၏အကြံပြုချက်ကို နားထောင်ခဲ့ခြင်းအားဖြင့် အာဗြဟံသည် မှားယွင်းသောခြေလှမ်းကိုစတင်လှမ်းခဲ့ပြီး၊ ထိုမှားယွင်းသောခြေလှမ်းက (ကတိတော်ပြီးပြည့်စုံလာမည့်) အချိန်ကာလကို ပိုမိုရှည်လျားသွားစေခဲ့ပါသည်။ မယား၏စကားကို နားထောင်မိခဲ့သည့်အချိန်မှစပြီးရေတွက်လိုက်သော် အချိန်ကာလသည် နှစ်ပေါင်းတစ်ဆယ့်သုံးနှစ်ကျော်တိုင်တိုင် ကျော်လွန်လာခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယခုတွင် အာဗြဟံသည် (ဘုရားပေး) သင်ခန်းစာကို သင်ယူမိသွားခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းကြောင့် သူ့အားဘုရားသခင်ကနောက်တဖန်ပြန်လည်ပြီး အုပ်စိုးလမ်းပြပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"ထိုနောက်၊ အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊ ထာဝရဘုရားသည် အာဗြံအားထင်ရှားတော်မူ၍၊ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာ သွားလာ၍ စုံလင်ခြင်းရှိလော့။" ကမ္ဘာ ၁၇း၁။ ထိုစုံလင်ခြင်းဆိုသည့်စကားလုံးအတွက် နောက်ထပ်အဓိပ္ပါယ်များမှာ၊ "ဖြောင့်မတ်ခြင်း၊ (သို့) ဖြူစင်ခြင်း" ဖြစ်သည်။ ရာဇဝင်ချုပ်ပဌမစောင် ၁၂း ၃၃၊ ၃၈ တွင် တင်ပြထားချက်အရဆိုလျှင်၊ စိတ်နှလုံးတစ်ခုတည်းရှိခြင်း ဆိုသည့်အဓိပ္ပါယ်ရှိပါသည်။ မိမိ၏ရှေ့တွင် ဖြူစင်ခြင်းရှိဖို့ရန်နှင့် စိတ်နှစ်ခွမရှိဖို့ရန် အာဗြဟံအား ဘုရားသခင်မိန့်မြွက်ခဲ့သည်။ ရှေ့အခန်းကြီးတွင်မှတ်တမ်းတင်ထားသော အဖြစ်အပျက်ကို ပြန်လည်စဉ်းစားကြည့်လိုက်သောအခါတွင် ဤမိန့်မှာချက်ကိုတွေ့ရပါသည်။ ထိုအကြောင်းအရာတွင်၊ "ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်၏။" ဆိုသည့် မိန့်ဆိုတင်ပြချက်ကိုလည်း တွေ့ရပါသည်။ မိမိသည် မိမိပြုတော်မူသောကတိကို ဖြစ်မြောက်စေနိုင်သည်ဆိုသည့်အချက်ကို ဘုရားသခင်သည် အာဗြဟံအား အသိပေးခဲ့မည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် အာဗြဟံအနေဖြင့် ထိုဘုရားသခင်အား စုံလင်သော (သို့) နှစ်ခွမရှိသောစိတ်ဖြင့် ကိုးစားသင့်ပါသည်။

### အသစ်သောအမည်နာမ

"အာဗြံသည်လည်း ပြပ်ဝပ်လျင်၊ ဘုရားသခင်က၊ ငါပြုသော ပဋိညာဥ်သည် သင်၌ရှိ၏။ သင်သည် လူမျိုးအများတို့၏ အဘဖြစ်လိမ့်မည်။ နောက်တဖန်သင်၏အမည်ကို အာဗြံဟုမခေါ်ရ။ သင်၏အမည်ကို အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကိုများစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။" ကမ္ဘာ ၁၇း၃-၅။

အာဗြံ၏အဓိပ္ပါယ်မှာ "မြင့်သောအရပ်၏အဘ" ဖြစ်သည်။ အာဗြံ၏ဖခင်သည် တပါးအမျိုးသားတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် အာဗြံဆိုသည့်နာမည်သည် မြင့်သောအရပ်တို့တွင်ကိုးကွယ်မှုပြုလေ့ရှိကြသည့် တပါးအမျိုးသားတို့၏ကိုးကွယ်ဝတ်ပြုခြင်းအမှုနှင့် တချို့တဝက်ဆက်စပ်နေလေသည်။ သို့ရာတွင် ယခုအခါတွင် သူ၏နာမည်သည် အာဗြဟံဖြစ်လာသည်။ အဓိပ္ပါယ်မှာ "လူအများတို့၏အဘ" ဖြစ်သည်။ အာဗြဟံနှင့်ယာကုပ်တို့၏ အမည်နာမပြောင်းလဲခြင်းအမှုတွင်၊ ဘုရားသခင်သည် မိမိနှင့်စပ်ဆိုင်သောသူများအားလုံးတို့အားပေးတော်မူမည့် အသစ်သောအမည်နာမနှင့်ပတ်သက်သည့် အရိပ်အမြွက်တစ်ခုကို တွေ့ရှိရပါသည်။ ဗျာဒိတ် ၂း၁၇၊ ၃း၁၂ ကိုပြန်ကြည့်ပါ။ "ထာဝရဘုရား၏ နှုတ်တော်ထွက်နာမသစ်ဖြင့် သင့်ကို ခေါ်ကြလိမ့်မည်။"

အာဗြဟံအား နာမည်သစ်ကို ပေးခြင်းအရာသည် ကတိတော်၌ပြောင်းလဲမှုတစ်စုံတစ်ရာရှိနေကြောင်းကို ပြပေးနေခြင်းမဟုတ်ပဲ၊ ဘုရားသခင်သည် ပြောလျှင်ပြောသည့်အတိုင်းပြည့်စုံစေတော်မူပါသည်ဆိုသည့် အမှတ်သင်္ကေတ တစ်ခုကို အာဗြဟံ၌ ပေးအပ်နေခဲ့ခြင်းသာဖြစ်သည်။ သူ့အားပေးခဲ့သည့်နာမည်သစ်သည် သူ၌ထားတော်မူခဲ့သောကတိတော်ကို ပြန်လည်အောက်မေ့သတိရစေသည့်အရာတစ်ခုသာဖြစ်ပါသည်။ အာဗြဟံအား နာမည်သစ်ကိုပေးခြင်းအရာသည် ကတိတော်၌ ပြောင်းလဲမှုတစ်စုံတစ်ရာရှိနေကြောင်းကို ပြသပေးနေခြင်းပင်ဖြစ်သည်ဟူ၍ အချို့သောသူတို့က ထင်မှတ်ထားကြသည်။ ထိုထင်မှတ်ချက်များယွင်းနေကြောင်းကို ယခင်ဖေါ်ပြခဲ့သည့် ကတိတော်နှင့်ဆိုင်သောသင်ခန်းစာများအပေါ် သေချာစွာပြန်လည်သုံးသပ်ခြင်းဖြင့် သိရှိနိုင်ပါသည်။ နာမည်သစ်ရရှိခဲ့ပြီးသည့်နောက်ပိုင်းတွင် အာဗြဟံ၏အသက်တာသည် နာမည်သစ်ကိုမရရှိမှီအချိန်ကနှင့် အတူတူပင်ဖြစ်ပါသည်။ သူသည် ဘုရားသခင်အား ယုံကြည်၍၊ သူ၏ယုံကြည်ခြင်းကိုလည်း ဖြောင့်မတ်ခြင်းအနေဖြင့် ဘုရားသခင်ကမှတ်ယူတော်မူခဲ့စဉ်အချိန်တွင် သူ၏နာမည်မှာ အာဗြံသာရှိသေးပါသည်။ အာဗြံဆိုသည့်နာမည်နှင့် ရှိနေစဉ်တွင်ပင် ဘုရားသခင်သည် ဧဝံဂေလိတရားကို သူ့အား ဟောပေးခဲ့ပါသည်။ ထိုဧဝံဂေလိတရားကား၊ "သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။"

အာဗြဟံရရှိခဲ့သသည့်ကတိတော်များထဲတွင် တချို့တို့သည် ထာဝရမြဲခြင်းမရှိသောကတိတော်များဖြစ်ပြီး ထိုကတိတော်တို့သည် ဇာတိပကတိအမျိုးအနွယ်တို့အဖို့ဖြစ်ကာ၊ ကျန်တချို့တို့သည် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည့် ထာဝရကတိတော်များပင်ဖြစ်ပေသည် ဟုပြောဆိုလိုက်ခြင်းအရာသည် အာဗြဟံ၌ပေးတော်မူခဲ့သည့် ထိုကတိတော်များကို မထူးခြားမပြောင်းလဲသွားစေနိုင်ပါချေ။ အဘယ့်ကြောင့်ဆိုသော် "... သင်တို့အားဟောပြောသော ဘုရားသခင်၏သားတော် ယေရှုခရစ်သည် ဟုတ်မှန်၏ ဟူ၍၎င်း၊ မဟုတ်မမှန်ဟူ၍၎င်းမဆိုလိုဘဲ၊ ကိုယ်တော်မှာ ဟုတ်မှန်၏ဟူ၍သာဆိုလိုသတည်း။ ထိုသခင်မှာ ဘုရားသခင်၏ ကတိတော်ရှိသမျှ တို့သည်ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ဟူ၍၎င်း၊ အာမင်ဟူ၍၎င်းဖြစ်သတည်း။" ၂ကော ၁း၁၉၊ ၂၀။ "ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" ကတိတော်များ မည်မျှပင်များပြားနေစေကာမူ၊ ယေရှုခရစ်တော်အားဖြင့်သာ ထိုအလုံးစုံသောကတိတော်များဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကို မှတ်သားပါ။ တမန်တော်ကြီးအနေဖြင့်လည်း အာဗြံ၏အကြောင်းကို မဟုတ်ပဲ၊ အာဗြဟံ၏အကြောင်းကိုသာ ပြောဆိုတင်ပြပေးထားသည်ကိုလည်း မှတ်သားထားပါလေ။ တချို့သောကတိတော်တို့ကို အာဗြံအားပေးထားပြီး၊ ကျန်အချို့တို့ကို အာဗြဟံအား ပေးထားသည်ဟု တမန်တော်ကြီး မပြော ဆိုထားပါချေ။ သတေဖန်ပြောသောစကားများကို ပြန်လည်ဖတ်ရှုသောအခါ ပိုမိုပြီးရှင်းလင်းသွားပါသည်။ "သတေဖန်က၊ ညီအစ်ကိုအဘတို့ နားထောင်ကြပါလော့။ ငါတို့အဘအာဗြဟံသည်၊ ခါရန်မြို့၌မနေမှီ၊ မေသောပေါတာမိအရပ်၌ ရှိစဉ်အခါ၊ ဘုန်းကြီးတော်မူသောဘုရားသခင်သည် ထင်ရှားတော်မူ၍၊" တမန်တော် ၇း၂။

ခါရန်မြို့မှထွက်ခွါသွားခဲ့သည့်အချိန်တွင် သူ၏အသက်မှာ ခုနစ်ဆယ့်ငါးနှစ်ဖြစ်ပြီး (ကမ္ဘာ ၁၂း၄)၊ ထိုခါရန်မြို့ မေသောပေါတာမိပြည်မှ မထွက်ခွါလာမှီတွင် ပထမဦးဆုံးအကြိမ်အနေဖြင့် ကတိတော်ကို သူ့အားပေးအပ်ခဲ့ပါသည်။ တမန်တော် ၇း၂။ သူ့အကြောင်းကိုကိုးကားတင်ပြထားသည့် ကျမ်းစာ၏နောက်ပိုင်းတင်ပြချက်များတွင် အာဗြဟံဆိုသည့် အမည်ကိုသာအသုံးပြုထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် သူ့အကြောင်းကိုပြန်လည်ကိုးကားတင်ပြကြရာတွင် အာဗြဟံဆိုသည့်အမည်ကို ကောက်နှုတ်အသုံးပြုထားကြခြင်းဖြစ်သည်။

အာဗြဟံ၏အမည်နာမကိုပြောင်းလဲပေးခဲ့သည့်နောက်တွင်၊ ထာဝရဘုရားက "ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု၊ သင်နှင့်သင်၏ အမျိုးအနွယ် အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။ သင်သည် ယခုဧည့်သည်ဖြစ်၍နေသောပြည်တည်းဟူသော၊ ခါနာန်ပြည်တရှောက်လုံးကို၊ သင်အားငင်း၊ သင့်နောက်၌သင်၏အမျိုးအနွယ်အားငင်း၊ အစဉ်အမြဲ အပိုင်ပေးမည်။ သူတို့၏ ဘုရားလည်းငါဖြစ်မည်။" ဟု မိန့်ကြားတော်မူခဲ့လေသည်။ ကမ္ဘာ ၁၇း၇၊၈။

ဤပဋိညာဉ်တွင်ပါရှိသည့် ကွဲပြားခြားနားသည့်အပိုင်းကဏ္ဍအသီးသီးတို့ကို အသေးစိတ်ပြန်လည်စစည်းကောက်နှုတ်ကြည့်ကြပါစို့။ ထိုပဋိညာဉ်၏ အဓိကပင်မနေရာတွင် တည်ရှိနေသည့်အပိုင်းကဏ္ဍမှာ ကတိတော်ပြည်တည်းဟူသော ခါနန်ပြည်ပင်ဖြစ်ပါသည်။ ဤပြည်သည် ကမ္ဘာဦးကျမ်းအခန်းကြီး ၁၅ တွင်ပါရှိသည့် ပြည်နှင့် အတူတူပင်ဖြစ်ပါသည်။ ထိုကတိတော်ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်အား ပေးအပ်ထားခဲ့ခြင်းဖြစ်ပြီး၊ ဤနေရာ၌ပြုထားသည့်ပဋိညာဉ်သည် ယခင်ကပြုခဲ့သည့် ပဋိညာဉ်နှင့်အတူတူပင်ဖြစ်သည်။ သို့ ရာတွင် ဤနေရာ၌ပြုထားတော်မူသည့်ပဋိညာဉ်ကိုမူ ပြန်ပြီးတံဆိပ်ခတ်ထားပေးပါသည်။

မှတ်သားရန်အချက်တစ်ချက်ရှိပါသည်။

## "ထာဝရပဋိညာဉ်"

အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်သည် ထာဝရပဋိညာဉ်ပင်ဖြစ်ပေသည်။ သမ္မာကျမ်းစာထဲ၌ မကြာခဏဆိုသလိုပင် တစ်ခုတည်းသောထိုထာဝရပဋိညာဉ်အကြောင်းကိုတင်ပြထားပေးပါသည်။ ဘုရားသခင်၏အလိုတော်ကိုဆောင်နိုင်ကြဖို့ရန်အတွက်၊ လူသားတို့ကို ထို "ထာဝရပဋိညာဉ်၏ အသွေးတော်အားဖြင့်" ကောင်းသောအမှုရှိရှိသမျှတို့၌ စုံလင်စေတော်မူပါသည်။ ဟေဗြဲ ၁၃း၂၀။ ထို့အပြင်မကသေးပါ ဤထာဝရပဋိညာဉ်၌ ကတိထားတော်မူခဲ့သည့် ပြည်သည်လည်း အစဉ်အမြဲအပိုင်ဖြစ်ရပါမည်။

## "အစဉ်အမြဲအပိုင်"

ထိုပြည်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အတွက် အစဉ်အမြဲအပိုင်မြေဖြစ်ရပါမည်။ အာဗြဟံကိုယ်တိုင်ကိုရော၊ သူ၏အမျိုးအနွယ်ကိုပါ ပြည်တော်အားအစဉ်အမြဲအပိုင်ပေးမည် ဆိုသည့်ကတိတစ်ခုကို ပြုထားခဲ့သည့်အကြောင်းကို ကောင်းစွာမှတ်သားထားပါလေ။ ထိုအမွေတော်သည် အာဗြဟံ၏ မိသားစုကသာ အစဉ်အမြဲပိုင်ဆိုင်သွားရမည့် အမွေတော်တစ်ခု မဟုတ်ပါချေ။ အာဗြဟံကိုယ်တိုင်နှင့်တကွ သူ၏မိသားစုများတို့က အစဉ်အမြဲအပိုင်ရရှိသွားရကြမည့်အမွေတော်တစ်ခုဖြစ်သည်။

သို့ရာတွင်၊ ပြည်တော်တစ်ခုကို ထာဝရ (သို့) အစဉ်အမြဲပိုင်ဆိုင်သည့်ပြည်အနေဖြင့်သိမ်းယူနိုင်ဖို့ဆိုသည်မှာ၊ ထာဝရအသက်ရှင်ကြသောသူများအားဖြင့်သာလျှင် ဖြစ်နိုင်ပါသည်။

## ထာဝရအသက်

ထို့ကြောင့် ဤပဋိညာဉ်တွင် ထာဝရအသက်နှင့်စပ်ဆိုင်သည့်ကတိတော်ကိုသာ တွေ့ရှိရပါသည်။ အခြားသောအရာနှင့်ဆိုင်သည့်ကတိတော်များကို မတွေ့ရပါချေ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာဦးကျမ်း ၁၅

တွင်မှတ်တမ်းတင်ထားသည့်အရဆိုလျှင်၊ အာဗြဟံသည် ပြည်တော်ကိုအပိုင်မရရှိမီတွင် အရင်သေဆုံးသွားရမည်ဖြစ်ကြောင်းကို ပထမအကြိမ်ပဋိညာဉ်ဖွဲ့တော်မူစဉ်က ဘုရားသခင်မိန့်ကြားခဲ့ပြီး၊ သတေဖန်၏တင်ပြချက်အရဆိုလျှင်လည်း အာဗြဟံအား ဘုရားသခင်က ခြေတကွက်စာမြေကိုပင် အပိုင်မပေးခဲ့ကြောင်း တင်ပြထားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ထိုပြည်ကိုအာဗြဟံအပိုင်ရရှိနိုင်လိမ့်မည်ဖြစ်ပြီး၊ ရှင်ပြန်ထမြောက်ရာကာလတွင် သေခြင်းတရားဆိုသည့်အရာသည်တည်ရှိနေတော့မည်မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ "နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမိုတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ဝင်စားရမည်။" ဖြစ်သောကြောင့်ဖြစ်သည်။ ၁ ကော ၁၅း၅၁-၅၃။

အာဗြဟံနှင့်ထာဝရပဋိညာဉ်ဖွဲ့ခြင်းအမှုသည် နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိသတင်းစကားကို ဟောပြောခြင်းအမှုပင်ဖြစ်ပြီး၊ ထိုပဋိညာဉ်တွင်ပါရှိသောကောင်းချီးမင်္ဂလာများထဲတွင် အာဗြဟံရရှိခံစားရမည့်အပိုင်းလည်းပါဝင်ကြောင်းကို အာဗြဟံအား အာမခံပြောကြားပေးနေခြင်းပင်ဖြစ်သည်။ အာဗြဟံအားပြုတော်မူခဲ့သည့်ကတိတော်သည် ဧဝံဂေလိတရားနှင့်စပ်ဆိုင်သောကတိတော်ပင်ဖြစ်သည်။ အခြားသောအရာတစ်ခုမဟုတ်ပါ။ သူနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်သည် ထာဝရပဋိညာဉ်ဖြစ်ပြီး၊ ထိုပဋိညာဉ်ဖွဲ့ခြင်းအမှုတွင် ယေရှုခရစ်တော်သည် အမှုဆောင်သခင်အရာ၌ရှိနေပါသည်။ ဤပဋိညာဉ်၏ကျယ်ပြန့်မှုသည် အသစ်သောပဋိညာဉ်၏ကျယ်ပြန့်မှုနှင့် ထပ်တူကျပါသည်။ ထိုအသစ်သောပဋိညာဉ်တွင် ဘုရားသခင်က ဤသို့မိန့်မှာထားတော်မူပါသည်။ "ငါ့ပညတ်တို့ကို သူတို့ စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည်သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။" ဟေဗြဲ ၈း၁၀။ ဤအကြောင်းအရာကိုမှုရှေ့ဆက်လေ့လာသွားမည့်သင်ခန်းစာများတွင် ပိုမိုရှင်းလင်းစွာဖြင့် နားလည်သဘောပေါက်လာလိမ့်မည်ဖြစ်သည်။

## ဖြောင့်မတ်ခြင်းနှင့်ယှဉ်သောပဋိညာဉ်တရားတော်

အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့၌ ပြုတော်မူခဲ့သည့် ပဋိညာဉ်အကြောင်းကို ထပ်မံပြောဆိုတင်ပြပေးတော်မူပြီးသည့်နောက်တွင် ဘုရားသခင်သည် အာဗြဟံအား ဤသို့ မိန့်မြွက်တော်မူခဲ့ပြန်ပါသည်။ "သင်တို့တွင် သားယောက်ျားတိုင်းအရေဖျားလှီးမင်္ဂလာကိုခံရမည်။ အရေဖျားလှီးမင်္ဂလာသည်၊ ငါနှင့်သင်တို့ပြုသော ပဋိညာဉ်၏လက္ခဏာသက်သေဖြစ်ရလိမ့်မည်။" ကမ္ဘာ ၁၇း၁၁။ ဤနေရာတွင် ရောမသြဝါဒစာကျမ်းကိုပြန်လည်လေ့လာကြည့်ကြမည်ဆိုလျှင်၊ အရေဖျားလှီးခြင်းလုပ်ငန်း၏ အနက်အဓိပ္ပါယ်ကို ကျွန်ုပ်တို့ ပိုမိုနားလည်လာပေလိမ့်မည်။ ထိုအရေပြားလှီးခြင်းအကြောင်းကို ကျွန်ုပ်တို့အနေဖြင့် မှန်မှန်ကန်ကန်နှင့်တွေးခေါ်စဉ်းစားမိနိုင်ကြဖို့ရန်နှင့် ထိုအကြောင်းကို ကျမ်းစာထဲမှ အသေးစိတ်ပြန်လည်ပြီးကောက်နှုတ်တင်ပြနိုင်ဖို့ရန်အတွက်ဆိုလျှင် ကျွန်ုပ်တို့၏ရှေ့တွင် သမ္မာကျမ်းစာကို ထားရှိထားရပါမည်။

"ထိုသို့ဖြစ်လျှင်၊ ငါတို့အဘအာဗြဟံသည် ဇာတိပကတိအားဖြင့် အဘယ်အကျိုးကိုရသနည်း။ အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မှန်လျှင် ဝါကြွားစရာအကြောင်းရှိ၏။ ဘုရားသခင်၏ရှေ့တော်၌ ထိုသို့မဟုတ်။ ကျမ်းစာ၌အဘယ်သို့လာသနည်း။ အာဗြဟံသည်ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့်အကျိုးကို ခံရသည်မဟုတ်။ ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကား၊

မတရားသောသူ၏အပြစ်ကိုဖြေသောသူကို ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။ ထို့အတူ၊ ဘုရားသခင်သည် အကျင့်ကိုမထောက်ဘဲလျက်ပေးတော်မူသော ဖြောင့်မတ်ခြင်းကိုရသောသူ၏မင်္ဂလာကို ဒါဝိဒ်သည် ရည်မှတ်၍ဆိုသည်ကား၊ "အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ရောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏" ဟု ပြောဆိုသတည်း။ အရေဖျားလှီးခြင်းကိုခံသောသူတို့သာလျှင် ထိုမင်္ဂလာကိုရကြသလော။ သို့မဟုတ်အရေဖျားလှီးခြင်း ကိုမခံသောလူတို့သည်လည်းရကြသလော။ အဘယ်ကြောင့်မေးသနည်းဟူမူကား၊ ယုံကြည်ခြင်းကို အာဗြဟံ၌ ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်သည်ဟုဆိုကြ၏။ ထိုသို့ဆိုသော်အဘယ်သို့မှတ်သနည်း။ အရေဖျားလှီးခြင်းကို ခံပြီးမှမှတ်သလော။ မခံမှီမှတ်သလော။ ခံပြီးမှမှတ်သည်မဟုတ်။ မခံမှီမှတ်သတည်း။ အရေဖျားလှီးခြင်းကို မခံဘဲယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာ အကြောင်းရှိစေခြင်းငှါ၊ ငါတို့အဘအာဗြဟံသည် ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါလည်း၊ အရေဖျားလှီးခြင်းကို ခံသည်သာမက၊ ငါတို့အဘအာဗြဟံသည် အရေဖျားလှီးခြင်းကို မခံမှီရှိသောယုံကြည်ခြင်းလမ်းသို့ လိုက်သောသူတို့၏ အဘဖြစ်အံ့သောငှါလည်း၊ အာဗြဟံသည်အရေဖျားလှီးခြင်းကိုမခံမှီရှိသော ယုံကြည်ခြင်း ဖြောင့်မတ်ခြင်းတံဆိပ်တည်းဟူသော အရေဖျားလှီးခြင်း၏လက္ခဏာကို ခံရသတည်း။ ထိုမှတပါး၊ ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှစသောသူ၏အမျိုးအနွယ် တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။" ရောမ ၄း၁-၁၃

ဤအခန်းတစ်ခုလုံး၏ အဓိကအကြောင်းအရာမှာ အာဗြဟံအကြောင်းနှင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းအရာပင်ဖြစ်သည်။ ထိုအခန်းတွင်တင်ပြထားသည့် လူသည်ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည်ဆိုသည့်အမှန်တရားအကြောင်းကို ပုံဖော်တင်ပြရာတွင် တမန်တော်ကြီးသည် အာဗြဟံ၏အကြောင်းအရာကို သရုပ်ပြပုံဖော်မှုတစ်ခုအနေဖြင့် အသုံးပြုတင်ပြခဲ့သည်။ အာဗြဟံခံယူရရှိခဲ့သည့်ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့်ရရှိသော အပြစ်လွတ်ခြင်းဆိုင်ရာကောင်းကြီးမင်္ဂလာပင်ဖြစ်သည်။ အခန်းငယ် ၆-၉ ကိုပြန်လည်ဖတ်ရှုကြည့်ပါ။ ထို့ကြောင့် ကမ္ဘာဦးကျမ်း ၁၂း၂၃ တွင်တင်ပြထားသည့်အကြောင်းအရာတစ်ခုဖြစ်သည့်၊ မြေကြီးသားအပေါင်းတို့သည် အာဗြဟံအားဖြင့် ကောင်းကြီးမင်္ဂလာကိုခံရကြမည် ဆိုသည့်အချက်ကို ဖတ်ရှုလိုက်သည့်အခါတွင်၊ ထိုတင်ပြထားသည့်ကောင်းကြီးမင်္ဂလာသည် အပြစ်လွတ်ခြင်းဆိုင်ရာကောင်းကြီးမင်္ဂလာကို ရည်ညွှန်းလိုခြင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် နားလည်သဘောပေါက်လာရလေတော့သည်။ ထိုအကြောင်းကို တမန်တော် ၃း၂၅၊ ၂၆မှ အောက်ပါအတိုင်း ခိုင်မာစွာ ထောက်ပြထားပေးပါသည်။ "သင်တို့သည် ပရောဖက်အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရားသခင်သည် အာဗြဟံကို၊ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍၊ ငါတို့ ဘိုးဘေးများတို့အားပေးတော်မူသော ပဋိညာဉ်တရားတော်နှင့် သင်တို့သည်ဆိုင်ကြ၏။ သင်တို့တွင် မိမိဒုစရိုက်တို့ကို ကြဉ်ရှောင်ပယ်ရှားသောသူရှိမျှတို့အား ကောင်းကြီးမင်္ဂလာကို ပေးစေခြင်းငှါ ဘုရားသခင်သည် မိမိသားတော်ယေရှုကို ထမြောက်စေတော်မူပြီးလျှင်၊ သင်တို့ရှိရာသို့ ရှေးဦးစွာစေလွှတ်တော်မူသည်ဟု လူများတို့အား ပေတရုဟောပြော၏။"

ယေရှုခရစ်တော်နှင့် သူ၏လက်ဝါးကပ်တိုင်တော်အားဖြင့် ဤကောင်းကြီးမင်္ဂလာသည် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာသကဲ့သို့၊ အာဗြဟံထံသို့လည်း ထိုနည်းအတိုင်းရောက်ရှိသွားခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် "ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။ အကြောင်းမူကား၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တပါးအမျိုးသားတို့၌ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ကတိတော်နှင့် ယှဉ်သောဝိညာဉ်တော်ကိုယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း။" ဂလာတိ ၃း၁၃၊ ၁၄။ ထို့ကြောင့် အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်တရားတော်၏ ကောင်းချီးမင်္ဂလာများတို့သည် ဧဝံဂေလိတရားတော်၏ကောင်းချီးမင်္ဂလာများသာဖြစ်

ပြီး၊ ထိုကောင်းချီးမင်္ဂလာများတို့သည် ယေရှုခရစ်တော်၏လက်ဝါးကပ်တိုင်တော်အားဖြင့် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာပါသည်။ ဧဝံဂေလိတရားတော်အားဖြင့်ရောက်ရှိလာသောအရာမှတပါး အခြားမည်သည့်အရာကိုမျှ ထိုပဋိညာဉ်ထဲတွင် ထည့်သွင်းကတိပြုထားခြင်းမရှိပါချေ။ ဧဝံဂေလိတရားတော်ထဲတွင်ပါရှိသမျှသောအရာဟူသမျှတို့သည် ထိုပဋိညာဉ်ထဲတွင်ပါရှိနေပါသည်။

ပြုတော်မူခဲ့သည့်ပဋိညာဉ်၏လက္ခဏာတံဆိပ်တစ်ခုအနေဖြင့် အရေဖျားလှီးခြင်းမင်္ဂလာကို ပေးအပ်တော်မူခဲ့ပါသည်။ သို့ရာတွင်ပြုတော်မူခဲ့သောပဋိညာဉ်၊ ပေးတော်မူခဲ့သောကတိတော်၊ ကောင်းကြီးမင်္ဂလာများနှင့် ခပ်သိမ်းသောအရာများတို့သည် အရေဖျားလှီးခြင်းမခံမီကတည်းက အာဗြဟံထံသို့ရောက်ရှိလာခဲ့ပါသည်။ ထို့ကြောင့်သူသည် အရေဖျားလှီးခြင်းမင်္ဂလာခံသောသူ၊ မခံသောသူရှိသမျှတို့၏ အဘဖြစ်နေခြင်းဖြစ်သည်။ ဂျူးလူမျိုးများနှင့် တပါးအမျိုးသားတို့ထဲတွင် အာဗြဟံ၏ယုံကြည်ခြင်းမျိုး ရှိနေခဲ့မည်ဆိုလျှင်၊ ထိုဂျူးလူမျိုးများတို့နှင့် တပါးအမျိုးသားများတို့သည် ပဋိညာဉ်နှင့်တကွ ထိုပဋိညာဉ်၌ပါရှိသောကောင်းချီးမင်္ဂလာများတို့ကို အညီအမျှ ခံစားခဲ့ရပေလိမ့်မည်။

ကမ္ဘာဦးကျမ်း ၁၇း၁၁ တွင်၊ အရေဖျားလှီးခြင်းမင်္ဂလာကို အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်၏သက်သေလက္ခဏာအနေဖြင့် တင်ပြထားပါသည်။ သို့သော် ရောမ ၄း၁၁ တွင်၊ ယုံကြည်ခြင်းအားဖြင့်ရရှိခဲ့သည့်ဖြောင့်မတ်ခြင်းတရား၏တံဆိပ်တစ်ခုအနေဖြင့် ထိုအရေဖျားလှီးခြင်းမင်္ဂလာကို အာဗြဟံအားပေးအပ်ခဲ့သည်ဟု တင်ပြထားသည်။ တနည်းအားဖြင့်ဆိုရသော်၊ ထိုအရေဖျားလှီးခြင်းမင်္ဂလာသည် ယေရှုခရစ်တော်၏ဖြောင့်မတ်ခြင်းအားဖြင့်ရရှိသော အပြစ်လွတ်ခြင်းတရား၏တံဆိပ်သက်သေတစ်ခုပင်ဖြစ်ပေသည်။ ထို့ကြောင့် အရေဖျားလှီးခြင်းမင်္ဂလာတည်းဟူသောတံဆိပ်တော်အားဖြင့် တံဆိပ်ခတ်ထားခြင်းခံရသည့် ပဋိညာဉ်တရားတော်သည် ယုံကြည်ခြင်းအားဖြင့်ရရှိသော ဖြောင့်မတ်ခြင်းတရား၏ပဋိညာဉ်တစ်ခုပင်ဖြစ်ကြောင်း၊ ထိုပဋိညာဉ်တွင်ထည့်သွင်းပေးထားသည့်ကောင်းချီးမင်္ဂလာအလုံးစုံတို့သည်လည်း ယေရှုခရစ်တော် အားဖြင့်ရသောဖြောင့်မတ်ခြင်းတရား၌သာ အခြေခံထားကြောင်းကို ကျွန်ုပ်တို့သိရှိကြရပါသည်။ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်တရားသည် ဧဝံဂေလိတရားပင်ဖြစ်ကြောင်း၊ အခြားအရာတစ်ခုမဟုတ်ကြောင်းကို ဤသင်ခန်းစာက ကျွန်ုပ်တို့အားတဖန် ပြသထားပေးပြန်ပါသည်။

## ပြည်တော်ကိုပေးသနားခြင်း

မည်သို့ပင်ဖြစ်စေကာမူ ဤပဋိညာဉ်တွင်ပါရှိသည့် ပင်မကတိတော်မှာ ပြည်တော်နှင့်သက်ဆိုင်နေပါသည်။ ခါနန်ပြည်တစ်ခုလုံးကို အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အား ထာဝရ (သို့) အစဉ်အမြဲပိုင်ဆိုင်ရမည့် ပိုင်ဆိုင်မှုတစ်ခုအနေဖြင့်ပေးမည်ဟု ကတိပြုထားခဲ့ပါသည်။ ထို့နောက်တွင် ပဋိညာဉ်၏တံဆိပ်တော်တည်းဟူသော အရေဖျားလှီးခြင်းမင်္ဂလာကိုပေးအပ်ခဲ့သည်။ ထိုအရေဖျားလှီးခြင်းမင်္ဂလာသည် ယုံကြည်ခြင်းအားဖြင့် အာဗြဟံရရှိခဲ့သည့် ဖြောင့်မတ်ခြင်းတရား၏တံဆိပ်တစ်ခုလည်းဖြစ်ပါသည်။ ခါနန်ပြည်ကို ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် သိမ်းယူနိုင်မည်ဖြစ်ကြောင်းကို ဤအချက်ကပြသထားပေးပါသည်။ ပြည်တော်အပြင် အခြားသောအရာများတို့ကိုလည်း ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိနိုင်မည်ဆိုသည့် လက်တွေ့သင်ခန်းစာတစ်ခုကို ဤနေရာတွင်လေ့လာတွေ့ရှိရပါသည်။ ယုံကြည်ခြင်းအားဖြင့်ပိုင်ဆိုင်ရသည့် အရာတစ်စုံတစ်ခုသည် စိတ်ကူးအားဖြင့်ပိုင်ဆိုင်ရသောအရာတစ်ခုသာဖြစ်သည်ဟု မြောက်များစွာသောသူတို့က တွေးထင်မိကြသည်။ သို့ရာတွင် ခါနန်ပြည်သည် အမှန်တကယ်တည်ရှိခဲ့သောပြည်တစ်ခုဖြစ်ပြီး၊ ထိုပြည်ကို အမှန်တကယ်ပိုင်ဆိုင်ရန်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ထိုပြည်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ စင်စစ်အားဖြင့်ဤအချက်သည် အဓိကကျသောအချက်တစ်ချက်ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် သူတို့သည် ယော်ဒန်မြစ်ကိုဖြတ်ကူးခဲ့ကြပြီး၊ "ယေရိခေါမြို့ကို ခုနစ်ရက်ပတ်လုံးဝိုင်း၍

လုည့်ပြီးမှ၊ ယုံကြည်ခြင်းအားဖြင့် မြို့ရိုးသည် ပြိုလဲ၏။” သို့ရာတွင် ဤအချက်နှင့်ပတ်သက်ပြီး ရှေ့တွင်များစွာ လေ့လာရဦးမည်ဖြစ်သည်။

ပြုတော်မူခဲ့သည့်ပဋိညာဉ်ထဲတွင်ပါရှိသည့် ခါနန်ပြည်ကို၊ ပဋိညာဉ်၏တံဆိပ်ဟုခေါ်တွင်သည့် အရေဖျားလှီးခြင်းမင်္ဂလာအားဖြင့်တံဆိပ်ခတ်ထားသည့် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတရားတော်အားဖြင့်သာ ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ရောမ ၄း၁၃ကို တဖန်ပြန်လည်ဖတ်ကြည့်ပါ။ ဤဂတိတော်တွင် ပါဝင်နေသည့်အရာများတို့သည် မည်မျှများပြားသည်ကို ကျွန်ုပ်တို့အနေဖြင့် တွေ့မြင်ရလိမ့်မည်ဖြစ်သည်။ “ထိုမှတပါး၊ ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှစသောသူ၏ အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။” ရောမ ၄ အခန်းငယ် ၁၁ တွင် တင်ပြထားသည့် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတရားသည် အရေဖျားလှီးခြင်းမင်္ဂလာအားဖြင့် တံဆိပ်ခတ်ခြင်းကိုခံရပြီး၊ အရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာလည်း ကမ္ဘာဦးကျမ်း ၁၇ တွင်မှတ်တမ်းတင်ထားသည့် ပဋိညာဉ်တရားတော်၏တံဆိပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အာဗြဟံနှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်တွင်ပါရှိသည့် ကတိတော်ပြည်ဆိုသည်မှာ ကမ္ဘာမြေကြီးတစ်ခုလုံးကို ရည်ရွယ်ပြောနေခြင်းဖြစ်သည်။ အခြားသောအရာတစ်ခုမဟုတ်ပါချေ။ ခါနန်ပြည်အားပေးမည်ဆိုသည့်ကတိတော်ထဲတွင် ကမ္ဘာမြေကြီးတစ်ခုလုံးကိုပိုင်ဆိုင်စေမည်ဆိုသည့်အချက်က မည်သို့ပါဝင်နိုင်မည့်အကြောင်းကို ကတိတော်ပြည့်စုံလာခြင်းအပိုင်းအား ဆက်လက်လေ့လာသွားသောအခါ၌ ရှင်းလင်းစွာတွေ့မြင်လာရကြလိမ့်မည်ဖြစ်သည်။ သို့စေကာမူ ဤအချက်ကို ယခုလောလောဆယ်သင်ခန်းစာတွင် အကျဉ်းချုပ်တင်ပြထားပေးသည်ကို တွေ့မည်နိုင်မည်ဖြစ်သည်။

ပြည်တော်ကိုအမွေခံစေမည်ဆိုသည့်ကတိတော်နှင့်စပ်ဆိုင်သည့် ပဋိညာဉ်သည် ဖြောင့်မတ်ခြင်းတရားနှင့်ယှဉ်သောပဋိညာဉ်ပင်ဖြစ်ပါသည်။ ထိုပဋိညာဉ်၏အခြေခံအုတ်မြစ်မှာ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းပင်ဖြစ်သည်။ ထိုပဋိညာဉ်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့ကို ထာဝရအမွေခံဖြစ်စေမည်ဟု ကတိပြုထားတော်မူခဲ့သည့် ထာဝရပဋိညာဉ်ပင်ဖြစ်ပါသည်။ ထာဝရအမွေခံဖြစ်စေမည်ဆိုသည့်ကတိတော်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အဖို့ ထာဝရအသက်ပင်ဖြစ်ပေသည်။ ငါတို့သခင်ယေရှုခရစ်တော်တစ်ဆူတည်းအားဖြင့်သာလျှင်ရရှိနိုင်မည့် ထာဝရအသက်ကို ငါတို့သည်ရနိုင်အံ့သောငှါ ကျေးဇူးတော်သည် ဖြောင့်မတ်ခြင်းအားဖြင့် အုပ်စိုးနေတော်မူပါသည်။ ထို့ပြင်မက၊ ကတိတော်ကို အာဗြဟံအားပေးခဲ့သည်နည်းတူ သူ၏အမျိုးအနွယ်အားလည်း ပေးထားခဲ့ပါသည် ဆိုသည့်အချက်နှင့်၊ အမွေတော်ကိုမိမိအား မပေးအပ်မှီတွင် အာဗြဟံအနေဖြင့် အရင်သေဆုံးသွားရလိမ့်မည် ဆိုသည့်အချက် စသည့်အချက်နှစ်ချက်တို့က၊ ရှင်ပြန်ထမြောက်ခြင်းအမှုတစ်ခုတည်းအားဖြင့်သာလျှင် အမွေတော်ကိုခံစားခွင့်ရှိနိုင်သည် ဆိုသည့်ဖော်ပြချက်ကို ထောက်ပြပေးထားပါသည်။ မသေနိုင်သောအဖြစ်ကို ပြန်လည်အပ်ပေးတော်မူမည့်အချိန်ဖြစ်သည့် ဘုရားသခင်၏ကြွလာခြင်းအချိန်တွင် ထိုရှင်ပြန်ထမြောက်ခြင်းအမှုကို တွေ့မြင်ရပါလိမ့်မည်။ “ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသောကာလ” တွင် သခင်ခရစ်တော် ပြန်ကြွလာပါလိမ့်မည်။ တမန်တော် ၃း၂၁။ ခရစ်တော်၏ကြွလာခြင်းအချိန်တွင် တွေ့မြင်ရမည့် ရှင်ပြန်ထမြောက်ခြင်းအမှုအားဖြင့် ရရှိပိုင်ဆိုင်ရမည့် ဖြောင့်မတ်ခြင်းအမွေ၊ အာဗြဟံထာဝရပိုင်ဆိုင်ရမည့် ဖြောင့်မတ်ခြင်းအမွေမူကား ကတိတော်နှင့်အညီငါတို့အနေဖြင့်မျှော်လင့်ထားကြသည့် “ဖြောင့်မတ်ခြင်းတည်ရာ မြေကြီးသစ်” ပေတည်း။

## ဝ၈။ အာဗြံအားခေါ်တော်မူခြင်း၊ တံဆိပ်ခတ်ထားသောပဋိညာဉ် (အပိုင်း ၂)
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လ ၂၅၊ ၁၈၇၆

## "အရေဖျားလှီးခြင်းမင်္ဂလာ၏လက္ခဏာ"

အရေဖျားလှီးခြင်းမင်္ဂလာ အမည်ရှိသည့် ပဋိညာဉ်တရား၏တံဆိပ်တော်အကြောင်းကို ယခုအခါတွင် အနည်းငယ်တိုးပြီးလေ့လာသွားကြမည်ဖြစ်ပါသည်။ ထိုအရေဖျားလှီးခြင်းမင်္ဂလာ၏ အနက်အဓိပ္ပါယ်ကား အဘယ်နည်း။ အကယ်စင်စစ် ထိုအရေဖျားလှီးခြင်းမင်္ဂလာကား မည်သည့်အရာနည်း။ အရေဖျားလှီးခြင်းမင်္ဂလာ၏အဓိပ္ပါယ်မှာ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ လေ့လာသိရှိလိုက်ရပါသည်။ ထိုဖြောင့်မတ်ခြင်းတရားအား အာဗြဟံပိုင်ဆိုင်ထားကြောင်းနှင့် "အတိုင်း ထက်အလွန်များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။" ဆိုသည့်တင်ပြချက်တွင်ပါရှိနေသည့် သားတော် "ယေရှုခရစ်အားဖြင့် (အာဗြဟံသည်) သားအရာကိုရ" ပြီးဖြစ်ကြောင်းကို ဖေါ်ပြသည့် အမှတ်လက္ခဏာတစ်ခုအနေဖြင့် ထိုအရေဖျားလှီးခြင်းမင်္ဂလာကို အာဗြဟံ၌ ပေးအပ်တော်မူခဲ့ပါသည်။ (ဧဖက် ၁း၆၊၇)။ အကယ်စင်စစ် အရေဖျားလှီးခြင်းမင်္ဂလာသည် မည်သည့်အရာဖြစ်သည်ကို အောက်ဖေါ်ပြပါကျမ်းပိုဒ်ထဲမှ လေ့လာတွေ့ရှိရပေလိမ့်မည်၊...

"သင်သည်ပညတ်တရားကို ကျင့်လျှင်၊ အရေဖျားလှီးခြင်းအားဖြင့် အကျိုးရှိ၏။ ပညတ်တရားကို လွန်ကျူးလျှင်၊ သင်၏အရေဖျားလှီးခြင်းသည် အရေဖျားမလှီးဘဲဖြစ်ပြန်၏။ ထိုမှတပါး၊ အရေဖျားလှီးခြင်းကို မခံသောသူသည်တရား၌ပါသောပညတ်တို့ကိုစောင့်ရှောက်လျှင်၊ ထိုသူ၏အရေဖျားမလှီးဘဲအဖြစ်ကို အရေဖျားလှီးခြင်းအဖြစ်ကဲ့သို့ မှတ်ရသည်မဟုတ်လော။ အရေဖျားလှီးခြင်းကို မခံသောသူသည်လည်း ကိုယ်အလိုအလျောက်ပညတ်တရားကိုကျင့်လျှင်၊ ကျမ်းစာနှင့်အရေဖျားလှီးခြင်းရှိလျက်ပင် ပညတ်တရားကို လွန်ကျူးသောသင်ကို တရားတွေ့၍ အရှုံးခံစေမည်မဟုတ်လော။ အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်။ အပြင်အားဖြင့်သာ ကိုယ်အသားအရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်းအမှန်မဟုတ်။ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏။ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်းတရားအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၏။ ထိုသို့အရေဖျားလှီးခြင်းကို ခံသောသူ၏အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့်ဆိုင်သတည်း။" ရောမ ၂း၂၅-၂၉။

အရေဖျားလှီးခြင်းမင်္ဂလာသည် ယုံကြည်ခြင်းအားဖြင့်ရသောဖြောင့်မတ်ခြင်းတရား၏ လက္ခဏာပင်ဖြစ်သည်။ သို့ရာတွင်၊ ထိုဖြောင့်မတ်ခြင်းတရားသည် ဘုရားသခင့်ပညတ်တော်က တောင်းဆိုထားသည့် ဖြောင့်မတ်ခြင်းတရားဖြစ်သည်။ ပညတ်တရားကိုမစောင့်ထိန်းလျှင်၊ အရေဖျားလှီးခြင်းအမှုသည် အနှစ်သာရပျောက်ရှနေပေလိမ့်မည်။ စင်စစ်အားဖြင့်၊ ပညတ်တရားကိုစောင့်ထိန်းခြင်းအမှုသည် စစ်မှန်သောအရေဖျားလှီးခြင်းမင်္ဂလာပင်ဖြစ်ပေသည်။ အတွင်းသဏ္ဍာန်၌ဖြစ်ပေါ်လာသော အမှန်တရားကို ဖေါ်ထုတ်ပြပေးဖို့ရန် ဘုရားသခင်ကတောင်းဆိုတော်မူပါသည်။ ဖြောင့်မတ်ခြင်းတရားမပါမရှိသော အပြင်သဏ္ဍာန်ထုတ်ဖေါ်ပြသမှုတစ်ခုသည် သခင်ဘုရားရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ရာအမှုတစ်ခုပင်ဖြစ်ပေသည်။ ပညတ်တရားတော်သည် နှလုံးသားအထဲတွင် ရှိနေရပါမည်။ ထိုသို့မဟုတ်လျှင် စစ်မှန်သောအရေဖျားလှီးမင်္ဂလာဟူသည် မရှိလာနိုင်ပါချေ။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်မှတဆင့်ရောက်ရှိလာသော ဘုရားသခင်၏တန်ခိုးတော်တစ်မျိုးတည်း အားဖြင့်သာလျှင် ပညတ်တော်သည် နှလုံးသားထဲတွင်ရောက်ရှိလာနိုင်မည်ဖြစ်သည်။ "ပညတ်တရားသည် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည်။" (ရောမ ၇း၁၄)။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ပင်ကိုယ်

စရိုက်ပင်ဖြစ်ပြီး၊ လူ့နှလုံးသားထဲတွင် ဘုရားသခင်၏ဝိညာဉ်တော် တည်ရှိနေမှသာလျှင် ထိုနှလုံးသားထဲတွင် ပညတ်တရားဝင်ရောက်လာနိုင်မည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် အရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာ၊ နှလုံးသားတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြောင့်မတ်ခြင်းတံဆိပ်ခတ်ခြင်းကို ဆိုလိုပါသည်။ ဤအရာသည် အာဗြဟံရရှိခဲ့သည့်အရာပင်ဖြစ်သည်။ သူရရှိခဲ့သည့်အရေဖျားလှီးခြင်းမင်္ဂလာသည် သူ၌ရှိထားသည့်ယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းတံဆိပ်တော်ပင်ဖြစ်သည်။ ထိုယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့်လည်း ကတိတော်နှင့်စပ်ဆိုင်သောအရာတို့ကို သူအမွေခံသွားရမည်ဖြစ်သည်။ ထို့ကြောင့် အရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာ သူ (အာဗြဟံ) ရရှိသည့်အမွေတော်၏ အာမခံပင်ဖြစ်ပေသည်။ အောက်ဖော်ပြပါကျမ်းချက်ကို ယခု ဖတ်ရှုကြည့်လိုက်ပါ။

“ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန်များလှစွာသောကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။ မိမိစေတနာ၏အလိုတော်သို့လိုက်၍ အလုံးစုံတို့ကိုစီရင်ပြုပြင်တော်မူတတ်သောသူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ အကြောင်းမူကား၊ ခရစ်တော်ကိုမြော်လင့်နှင့်သော ငါတို့အားဖြင့် ဘုန်းတော်ကိုချီးမွမ်းစေခြင်းအကြောင်းဖြစ်သတည်း။ သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကိုကြားနာ၍ ထိုခရစ်တော်ကိုယုံကြည်ပြီးမှ၊ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံကြရပြီ။ ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မှီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စားရန်ဖြစ်တော်မူ၏။” ဧဖက် ၁း၇-၁၄။

နှုတ်ကပတ်သမ္မာတရားဆိုသည်မှာ ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတော်ပင်ဖြစ်ပါသည်။ ဧဝံဂေလိတရားတော်ကို ယုံကြည်လိုက်သောအခါတွင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ခြင်းကိုခံရကြပြီး၊ ထိုတံဆိပ်တော်သည်လည်း ကျွန်ုပ်တို့ကိုအမွေခံဖြစ်စေမည့်အချိန်ဖြစ်သည့် ထာဝရဘုရားကြွလာတော်မူသည့်နေ့ရက်တိုင်အောင် အမွေတော်၏သက်သေအနေဖြင့် ဆက်လက်တည်ရှိသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အမွေတော်၏ သက်သေတစ်ခုအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို အာဗြဟံရရှိသွားခဲ့ပါတော့သည်။ ကျွန်ုပ်တို့၌ အမွေခံခွင့်ရှိကြောင်းကို ဝိညာဉ်တော်အားအပိုင်ရရှိထားခြင်းအမှုက ပြသပေးပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်သည် ဖြောင့်မတ်ခြင်းတရားတော်ကို ဆောင်ယူပေးတော်မူပြီး၊ အမွေတော်သည်လည်း ဖြောင့်မတ်ခြင်းတရားနှင့်စပ်ဆိုင်သောကြောင့်ဖြစ်သည်။ မြေကြီးသစ်တွင် တည်နေတော်မူမည့် တစ်ခုတည်းသောအရာသည် ဖြောင့်မတ်ခြင်းတရားပင်ဖြစ်ပေသည်။

အထက်ဖော်ပြပါကျမ်းပိုဒ်နှင့် ကိုက်ညီသည့်ဖော်ပြချက်တစ်ခုကိုအောက်တွင်ဖော်ပြထားသည့်ကျမ်းပိုဒ်တွင်တွေ့ရပါသည်။ “အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။ ခရစ်တော်၏ အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏ ကိုယ်ကိုပယ်ရှင်း၍၊ လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကို ထိုသခင်၌ သင်တို့သည် ခံကြသည်ဖြစ်၍၊” ကောလောသဲ ၂း၁၀၊၁၁။

ဤအကြောင်းအရာကို ကျွန်ုပ်တို့မရေးသားမပြုစုမှီ လွန်ခဲ့သည့်နှစ်ပေါင်းများစွာအချိန် ကတည်းက အာဗြဟံအား ဘုရားသခင်ကတိထားတော်မူခဲ့သည်။ ပဋိညာဉ်ဖွဲ့ခြင်းအကြောင်းအရာကို ကမ္ဘာဦးကျမ်း အခန်းကြီး ၁၅ ထဲတွင် မှတ်တမ်းတင်ပြထားပါသည်။ သို့စေကာမူ၊ ပဋိညာဉ်ပြုတော်မူခဲ့ပြီးသည့်နောက်ပိုင်း ကမ္ဘာဦးကျမ်း အခန်းကြီး ၁၆ တွင်၊ အာဗြဟံအနေဖြင့် မှားယွင်းမှုထဲသို့ကျရောက်သွားခဲ့သည့်အကြောင်းကို ထိုအခန်းကြီးထဲတွင် မှတ်တမ်းအနေဖြင့်တွေ့ရပါသည်။ သူသည် မိမိ၏အမှားကို သိမြင်ခဲ့သည်။ ထိုအမှားအတွက် ပြန်လည်နောင်တရပြီး၊ ယုံကြည်ခြင်းအပြည့်ဖြင့် ဘုရားသခင်ထံတော်သို့ တဖန်လှည့်လာခဲ့သည်။

ထို့ကြောင့် ဘုရားသခင်၏လက်ခံခွင့်လွှတ်မှုနှင့်စပ်ဆိုင်သည့်အာမခံချက်တစ်ခုကို သူရရှိသွားခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်ကိုပြန်လည်အမှတ်ရစေသည့်အရာတစ်ခုအနေဖြင့် အရေဖျားလှီးခြင်းမင်္ဂလာကို သူ့အားပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဓမ္မသစ်ကျမ်းတွင် ဖတ်ရှုခဲ့ရသည့် အရေဖျားလှီးခြင်းမင်္ဂလာနှင့်စပ်ဆိုင်သည့်တင်ပြချက်တို့သည် အသစ်အဆန်းသောတင်ပြချက်များမဟုတ်ပါချေ။ အရေဖျားလှီးခြင်းမင်္ဂလာသည် အမြဲတမ်းတစ်မျိုးတည်းသာရှိခဲ့ပါသည်။ ထိုအရေဖျားလှီးခြင်းမင်္ဂလာ၏အမြဲတမ်းဆိုလိုရင်းအဓိပ္ပါယ်မှာ၊ နှလုံးသားထဲတွင်ရှိသောဖြောင့်မတ်ခြင်းတရားပင်ဖြစ်ပြီး၊ ဖြောင့်မတ်ခြင်းတရားမပါမရှိလျှင် ထိုအရေဖျားလှီးခြင်းမင်္ဂလာသည် အဓိပ္ပါယ်ကင်းမဲ့သွားပါသည်။ ဤအချက်ကို တရားဟောရာကျမ်း ၃၀း၅၊ ၆တွင် ရှင်းလင်းစွာဖြင့် ဤသို့ပြည့်နှန်ထားပါသည်။ "ဘိုးဘေးတို့ ဝင်စားသောပြည်သို့ တဖန်ဆောင်ခဲ့တော်မူသဖြင့်၊ သင်သည် ဝင်စားရလိမ့်မည်။ ထိုအခါ ကျေးဇူးပြုတော်မူပြန်သဖြင့်၊ ဘိုးဘေးများတို့ထက် သင့်ကိုသာ၍များစေတော်မူလိမ့်မည်။ သင်သည် အသက်ရှင်မည်အကြောင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေခြင်းငှာ၊ သင့်နှလုံးနှင့် သင့်အမျိုး၏ နှလုံးအရေဖျားကို လှီးဖြတ်တော်မူလိမ့်မည်။"

## အပြင်ပိုင်းလက္ခဏာကို အဘယ့်ကြောင့်ပေးအပ်ခဲ့ရပါသနည်း။

'ပေးတော်မူသမျှသောအရာတို့ကို အာဗြဟံအနေဖြင့် ရရှိထားနှင့်ပြီးသားဖြစ်နေသည်မှန်လျှင်၊ အပြင်ပိုင်းလက္ခဏာတည်းဟူသော အရေဖျားလှီးခြင်းမင်္ဂလာကို သူ့အား အဘယ့်ကြောင့် ပေးအပ်တော်မူရသေးသနည်း။' ဆိုသည့်မေးခွန်းသည် အလိုအလျောက်ဖြစ်ပေါ်လာသည့်မေးခွန်းတစ်ခုပင်ဖြစ်သည်။ အရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှလုံးအရေဖျားကိုလှီးဖြတ်သည့် အရေဖျားလှီးခြင်းမင်္ဂလာတစ်ခုဖြစ်ပြီး၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားကို အပိုင်ရရှိသည် ဆိုသည့်အဓိပ္ပါယ်ရှိကာ၊ အာဗြဟံအနေဖြင့်လည်း အရေဖျားလှီးခြင်းမင်္ဂလာတည်းဟူသောလက္ခဏာသက်သေကိုမရရှိမီတွင် ဖြောင့်မတ်ခြင်းတရားကို အရင်ရရှိထားခဲ့ပြီးသားဖြစ်နေပါသည်။ သို့ဖြစ်လျှင် ထိုအရေဖျားလှီးမင်္ဂလာတည်းဟူသောလက္ခဏာသက်သေကို အာဗြဟံအား အဘယ့်ကြောင့်ပေးအပ်ခဲ့ရပါသနည်း။

ဤမေးခွန်းသည် သဘာဝကျသော မေးခွန်းတစ်ခုဖြစ်ပြီး၊ ထိုမေးခွန်းအတွက်လည်း လွယ်လင့်တကူ ပြန်ပြီးဖြေကြားပေးနိုင်မည်ဖြစ်ပါသည်။ အာဗြဟံရရှိခဲ့သည့်အရာကို ရောမ ၄း၁၁ တွင်၊ "အရေဖျားလှီးခြင်း၏လက္ခဏာ"ဟု ခေါ်ဆိုထားလျက်ရှိကြောင်းကို စာဖတ်သူအနေဖြင့် ရှေးဦးစွာ သတိပြုမိပေလိမ့်မည်။ ထိုအရေဖျားလှီးခြင်းမင်္ဂလာသည် အာဗြဟံ၌ နဂိုကတည်းကရှိထားပြီးသားဖြစ်သည့် စစ်မှန်သောအရေဖျားလှီးခြင်းမင်္ဂလာပင်ဖြစ်သည်။ ဤအချက်သည် ဇေဖက် ၂း၁၁ တွင်တင်ပြထားသည့်အချက်တစ်ချက်ဖြစ်သည့်၊ လက်ဖြင့် ကိုယ်ကာယ၌ပြုသောအရေဖျားလှီးခြင်းကို "ဝေါဟာရအရေဖျားလှီးခြင်း" ဟုသာ ခေါ်ဆိုပါသည် ဆိုသည့်တင်ပြချက်နှင့် ညီညွတ်မှုရှိနေပါသည်။ အကယ်စင်စစ်၊ ထိုဝေါဟာရအရေဖျားလှီးခြင်းသည် စစ်မှန်သောအရေဖျားလှီးခြင်းမင်္ဂလာမဟုတ်ပါချေ။

မိမိအားလက်ခံရရှိထားသည့်သူအား ဘာတစ်ခုကိုမျှမပေးစွမ်းနိုင်ခဲ့သည့်လက္ခဏာ၊ နှလုံးသားထဲတွင် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတရားရှိမှသာလျှင် မှန်ကန်မှုရှိနိုင်မည့်လက္ခဏာတည်းဟူသော အရေဖျားလှီးခြင်းမင်္ဂလာကို အဘယ့်ကြောင့် ပေးအပ်ခဲ့ရပါသနည်း ဆိုသည့်မေးခွန်းအတွက်အဖြေကို၊ အာဗြဟံနှင့် ပဋိညာဉ်ပြုတော်မူခဲ့ပြီးသည့်နောက်ပိုင်းတွင် ဖြစ်ပေါ်သွားခဲ့သည့်အဖြစ်အပျက်အား လေ့လာသွားသည့်အခါတွင် သင်တွေ့ရှိရပေလိမ့်မည်။ အာဗြဟံသည် ရေးဆွဲထားသည့်အစီအစဉ်တစ်ခုထဲသို့ဝင်ရောက်လာခဲ့ပြီး၊ ထိုသို့ဝင်ရောက်လာခဲ့ခြင်း၏အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏ကတိတော်ကို သူ့အနေဖြင့်ဖြည့်စွက်အကောင်အထည်ဖော်ပေးဖို့ဖြစ်သည်။ ပေးထားတော်မူသောကတိတော်ကို မိမိတို့သည်ရရှိပိုင်ဆိုင်ကြရမည်ဖြစ်ကြောင်းကို

အာပြဟံနှင့် စာရာတို့အနေဖြင့် ယုံကြည်ထားခဲ့ကြပါသည်။ သို့ရာတွင် ထိုကတိတော်ကို မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်လုပ်ဆောင်သွားရမည်ဟု သူတို့တွေးထင်ထားခဲ့ကြသည်။ ယင်းကတိတော်သည် ဖြောင့်မတ်ခြင်းတရားကိုအမွေခံရမည်ဆိုသည့်ကတိတော်မျိုးဖြစ်သည်။ ထို့ကြောင့် ထိုကတိတော်ကို မိမိတို့၏ ခွန်အားဖြင့် အကောင်အထည်ဖော်လုပ်ဆောင်လို့ရသည်ဟု တွေးထင်နေခြင်းသည် အမှန်အားဖြင့်ဆိုလျှင်၊ အလွန်မှရေပန်းစားသည့်အတွေးအခေါ်တစ်ခုဖြစ်သည့် လူသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို လုပ်ယူလို့ရပါသည် ဆိုသည့်အတွေးနှင့်ထပ်တူညီနေပါသည်။ ထိုကြောင့် ထပ်မံပြီးပဋိညာဉ်ကိုပြုတော်မူခဲ့ရာတွင်၊ ဘုရားသခင်သည် အာပြဟံအား လက္ခဏာအမှတ်အသားတစ်ခုကို အပ်ပေးတော်မူခဲ့ပါသည်။ ထိုအမှတ်အသားကို သူ၌အပ်ပေးတော်မူခဲ့ခြင်းအကြောင်းကား၊ ဘုရားသခင်၏ကတိတော်ကိုအကောင်အထည်ဖော်ဖြည့်စွက်လုပ်ဆောင်ရန် ကြိုးစားသောအခါတွင် မိမိဘဝတွင် ရှုံးနိမ့်မှုနှင့်ရင်ဆိုင်ခဲ့ရသည် ဆိုသည့်အချက်ကို အာပြဟံအနေဖြင့် ပြန်လည်အောက်မေ့လာနိုင်ရန်ဖြစ်သည်။ ထိုလက္ခဏာအမှတ်အသားသည် သူ့အား မည်သည့်အရာကိုမျှ မပေးစွမ်းခဲ့ပါချေ။ သို့ရာတွင် မိမိကိုယ်တိုင် မည်သည့်အရာကိုမျှလုပ်ဆောင်လို့ရနိုင်မည်မဟုတ်ကြောင်းနှင့် အရာခပ်သိမ်းတို့ကို ဘုရားသခင်က သူ့အဖို့နှင့်သူ့အားဖြင့် လုပ်ဆောင်ပေးသွားလိမ့်မည်ဖြစ်ကြောင်းကို ထိုလက္ခဏာက အာပြဟံအား အောက်မေ့သတိရလာစေပါသည်။ ကတိတော်ကို ဇာတိပကတိအားဖြင့်ရယူရမည်မဟုတ်ပဲ၊ ဝိညာဉ်ပကတိအားဖြင့်သာရယူရမည်ဖြစ်ကြောင်းကို၊ ထိုအရေဖျားလှီးခြင်းတည်းဟူသော ကိုယ်ခန္ဓာ၏အစိတ်အပိုင်းတစ်ခုကို ဖြတ်ထုတ်ပစ်လိုက်သည့်အမှုအရာက ပြသပေးပါသည်။ ဣရှမေလသည် ဇာတိပကတိအားဖြင့် ဖွားမြင်လာခဲ့သည်။ ဣဇက်မှာမူ ဝိညာဉ်ပကတိအားဖြင့်ဖွားမြင်လာခဲ့ပါသည်။

သူ၏နောင်လာနောက်သားများအား ထိုအရေဖျားလှီးခြင်းမင်္ဂလာကိုပေးအပ်ရာတွင်လည်း ထိုရည်ရွယ်ချက်အတွက်နှင့်သာ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မိမိတို့၏အဘ အာပြဟံ၏အမှားကို သူတို့သည် မိမိတို့၏ရှေ့တွင် အမြဲတစေချထားလျက်၊ မိမိတို့အနေဖြင့် ထိုသို့သောအမှားမျိုးကို မကျူးလွန်ကြဖို့ရန် မိမိတို့ကိုယ်ကို ပြန်လည်သတိပေးနေကြရမည်ဖြစ်သည်။ "ကိုယ်ကာယ (ဇာတိပကတိ) သည် အလျှင်းမတတ်နိုင်" သည့်အကြောင်းကို ထိုအရေဖျားလှီးခြင်းမင်္ဂလာက သူတို့အားပြသပေးခဲ့ပါသည်။ နောက်ပိုင်းအချိန်ကာလများတွင် ဤလက္ခဏာကို ထိုအာပြဟံ၏နောင်လာနောက်သားများတို့က လွဲမှားစွာပြောင်းလဲလာခဲ့ကြပြီး၊ ထိုလက္ခဏာ (အရေဖျားလှီးခြင်းမင်္ဂလာ)ကို ပိုင်ဆိုင်ထားခြင်းသည် မိမိတို့ရရှိကြမည့်ဖြောင့်မတ်ခြင်း၏ အာမခံချက်တစ်ခုပင်ဖြစ်သည်ဟု သူတို့အနေဖြင့် တွေးထင်လာခဲ့ကြသည်။ မိမိတို့အနေဖြင့် ပညတ်တော်ကိုစောင့်ထိန်းသည်ဖြစ်စေ၊ မစောင့်ထိန်းပဲနေသည်ဖြစ်စေ ထိုဖြောင့်မတ်ခြင်းကို မိမိတို့ကရရှိကြမည်ဟု သူတို့တွေးထင်ထားခဲ့ကြသည်။ ထိုလက္ခဏာသည် သူတို့အား ဖြောင့်မတ်ခြင်းတရားကို ယူဆောင်လာပေးပြီး၊ သူတို့အား ဘုရားသခင်၏စိတ်တော်နှင့်ထိတွေ့သောအထူးလူများအဆင့်သို့ ရောက်ရှိစေနိုင်သည်ဟု သူတို့ ယုံကြည်အားထားခဲ့ကြသည်။ ထိုအကြောင်းနှင့်ပတ်သက်သည့် အမှန်တရားတစ်ခုကို တမန်တော်ရှင်ပေါလုက အောက်ပါအတိုင်းတင်ပြပေးထားပါသည်။ "ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကိုကိုးကွယ်၍၊ ဇာတိ၌ ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍၊ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏။" ဖိလိပ္ပိ ၃း၃။ ထိုအရေဖျားလှီးခြင်းမင်္ဂလာကို ယုဒ (ဂျူး) လူမျိုးများတို့က မိမိတို့အတွက်အရာရာကို ယူဆောင်ပေးလာသည့်အရာတစ်ခုအနေဖြင့် ရှုမြင်ထားခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် မိမိ၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းများအပေါ် ယုံကြည်အားထားခဲ့ကြသောကြောင့်ဖြစ်သည်။ အကယ်စင်စစ်၊ ထိုလက္ခဏာတည်းဟူသော အရေဖျားလှီးခြင်းမင်္ဂလာ၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ၊ ထိုသူတို့အနေဖြင့် မိမိတို့ကိုယ်ကိုမိမိ မယုံကြည်မကိုးစားကြဖို့ရန် သွန်သင်ပေးဖို့ဖြစ်သည်။

## ၀၄။ အာဗြဟံအားခေါ်တော်မူခြင်း – ယုံကြည်ခြင်းကိုစမ်းသပ်စစ်ဆေးခြင်း ယနေ့အတွက်သမ္မာတရား၊ ဇွန်လှိုင် ၂၊ ၁၈၇၄

နှစ်ပေါင်းများစွာ ကျော်လွန်လာခဲ့ပါသည်။ ကျော်လွန်လာခဲ့သည့် ထိုနှစ်ပေါင်းအရေအတွက်အတိအကျကို ကျွန်ုပ်တို့အနေဖြင့်မပြောနိုင်ပါချေ။ သို့ရာတွင် ယုံကြည်ခြင်းနှင့်ကတိတော်အားဖြင့်ရသောကလေးငယ်လေး ဣဇာက်သည် ဖွားမြင်လာခဲ့ပြီး၊ သူသည်လူငယ်ဘဝသို့ ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ အာဗြဟံ၏ယုံကြည်ခြင်းသည်လည်း ပိုမိုကြီးမားလာပြီး၊ ပိုမိုပြီးအားကောင်းလာခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိပြုတော်မူသောကတိတော်ကို ပြီးစီးအောင်အကောင်အထည်ဖေါ်လုပ်ဆောင်တော်မူသည် ဆိုသည့်သင်ခန်းစာတစ်ခုကို သူ့အနေဖြင့် သင်ယူခဲ့လိုက်မိသောကြောင့်ဖြစ်သည်။ သို့စေကာမူ ဘုရားသခင်သည် တိကျစေ့စပ်သောဆရာသမားတစ်ဦးဖြစ်သည်။ သင်ခန်းစာတစ်ခုကို မိမိကျောင်းသူကျောင်းသားများအနေဖြင့် မသင်ယူမိမချင်း သူတို့အား ထိုသင်ခန်းစာကို ကျော်သွားဖို့ရန် ခွင့်ပြုတော်မမူပေ။ ပေးထားတော်မူသည့်သင်ခန်းစာတွင် မိမိတို့အနေဖြင့် အမှားအယွင်းတစ်စုံတစ်ရာကိုပြုခဲ့မိလိုက်ကြောင်းကို သိမြင်သွားရုံဖြင့် မလုံလောက်သေးပါချေ။ ထိုသို့သိမြင်လာကြသောအခါတွင် မိမိတို့ပြုခဲ့မိသည့် ထိုအမှားများအတွက် သူတို့သည် ခွင့်လွှတ်ခြင်းခံရကြပါသည်။ သို့ရာတွင် သူတို့သည် မိမိတို့၏အမှားကိုတွေ့မြင်နေကြပြီးဖြစ်သောကြောင့် ထိုမှားခဲ့သည့်အမှားကိုပြန်ပြီးစစ်ဆေးကြည့်ကြရမည်ဖြစ်သည်။ အမှားအယွင်းကင်းစွာဖြင့် ရှေ့ဆက်လှေ့လာမှုပြုနိုင်ဖို့ရန်အတွက် ထိုမှားခဲ့သည့်သင်ခန်းစာကို ကောင်းကောင်းမွန်မွန် နားလည် သဘောပေါက်ဖို့လိုအပ်ပေမည်။ ထိုသို့သဘောပေါက်နိုင်ဖို့ရန်အတွက်ဆိုလျှင် တခါတရံတွင် ထိုမှားခဲ့သည့်သင်ခန်းစာကို အကြိမ်ပေါင်းများစွာပြန်ပြီးဆန်းစစ်ရမည့်အချိန်လည်းရှိကောင်းရှိနိုင်မည်ဖြစ်သည်။ မိမိသားသမီးများနားမလည်သဘောမပေါက်ကြသည့် သင်ခန်းစာများတို့ကို၊ မိဘတစ်ဦး (သို့) ဆရာသမားတစ်ဦးအနေဖြင့် မိမိ၏သားသမီးတို့အားငဲ့ကွက်သောအားဖြင့် ကျော်သွားခွင့်မပေးတတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသင်ခန်းစာများတို့သည် ခက်ခဲသည့်အတွက်ကြောင့်ဖြစ်သည်။

ထို့ကြောင့် “ဘုရားသခင်သည်၊ အာဗြဟံကို စုံစမ်းခြင်းငှါ၊ အာဗြဟံဟု ခေါ်တော်မူ၍ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ သင်သည် အလွန်ချစ်သော တယောက်တည်းသောသားဣဇာက်ကိုယူ၍ မောရိပြည်သို့သွားလော့။ ငါပြလတံ့သောတောင်ပေါ်မှာ သူကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့ဟုမိန့်တော်မူ၏။” ကမ္ဘာ ၂၂း၁၊ ၂။

ဤစမ်းသပ်မှု၏အနက်အဓိပ္ပါယ်ကို နားလည်သဘောပေါက်နိုင်ရန်အတွက်ဆိုလျှင်၊ ဣဇာက် ၌ ချည်နှောင်ထားသည့်အရာများအကြောင်း ဣဇာက်အားဖြင့်ပြည့်စုံလာရမည်ဖြစ်သော အာဗြဟံအားပေးတော်မူခဲ့သည့်ကတိတော်ထဲတွင် အဓိကပါဝင်နေသည့်အရာများအကြောင်း စသည်တို့ကို ကျွန်ုပ်တို့အနေဖြင့် ရှင်းရှင်းလင်းလင်းသိထားရမည်ဖြစ်သည်။ ထိုအကြောင်းအရာသည် ကျွန်ုပ်တို့ လေ့လာထားခဲ့ပြီးသားအကြောင်းအရာဖြစ်သည့်အတွက်ကြောင့် ထိုအရာကိုပြန်လည်ဆင်ခြင်သုံးသပ်ကြည့်ဖို့ရန်သာလိုပါတော့သည်။ “သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်။” “ဣဇာက်၌သာ သင်၏အမျိုးတည်လိမ့်မည်။” ဟု အာဗြဟံအား ဘုရားသခင်မိန့်မြွက်ခဲ့သည်။ လေ့လာထားခဲ့သည့်အတိုင်းပင်၊ ထိုကောင်းချီးမင်္ဂလာဆိုသည်မှာလည်း ဧဝံဂေလိတရား၌ပါသောကောင်းချီးမင်္ဂလာဖြစ်ပြီး၊ ခရစ်တော်နှင့် သူ၏လက်ဝါးကပ်တိုင်တော်အားဖြင့် ရရှိလာသောကောင်းချီးမင်္ဂလာပင်ဖြစ်ပေသည်။ သို့ရာတွင် ဤအမှုအရာသည် ဣဇာက်အားဖြင့် ပြည့်စုံခြင်းရှိရလိမ့်မည်ဟု ဘုရားသခင်ကမိန့်တော်မူခဲ့သည်ဖြစ်သည့် အတွက်ကြောင့်၊ ခရစ်တော်နှင့်တကွ ထိုခရစ်တော်နှင့်စပ်ဆိုင်သောသူများအားလုံးတည်းဟူသော ကတိတော်နှင့်ဆိုင်သောအမျိုးအနွယ်သည်လည်း ဣဇာက်မှဆင်းသက်ပေါက်ပွါးလာရပေမည်။ ထို့ကြောင့် လူ့အမြင်အားဖြင့်

ကြည့်မည်ဆိုလျှင်၊ ဘုရားသခင်၏တောင်းဆိုမှုသည် ထားတော်မူခဲ့သည့်ကတိတော်၏ပြီးပြည့်စုံလာရမည့် အခွင့်အလမ်းကို ဖြတ်တောက်ပစ်လိုက်သကဲ့သို့ ဖြစ်နေပါတော့သည်။

သို့ရာတွင် ကတိတော်သည် အမျိုးအနွယ်တည်းဟူသောယေရှုခရစ်တော်အားဖြင့်တည်တော်မူသည့် ကယ်တင်ခြင်းနှင့်ယှဉ်သောကတိတော်ဖြစ်သည်။ ကတိတော်အကြောင်းကို ရှင်းရှင်းလင်းလင်းဖေါ်ပြပေးထားလေသည်မှာ၊ “ဣဇာက်၌သာ သင်၏အမျိုးတည်လိမ့်မည်။” ထိုအမျိုးတွင် အရင်အဦးဆုံးသောအမျိုးမှာ ယေရှုခရစ်တော်ပင်ဖြစ်သည်။ ထို့ကြောင့်လူမျိုးအပေါင်းတို့၏ ကယ်တင်ရှင်ယေရှုခရစ်တော်သည် ဣဇာက် ၏အမျိုးအနွယ်မှ ဖွားမြင်လာရပါမည်။ သို့ရာတွင် ဣဇာက်သည် အိမ်ထောင်မပြုရသေးသော လူငယ်ကလေးအရွယ်လောက်သာရှိပါသေးသည်။ လူ့အမြင်အားဖြင့်ကြည့်မည်ဆိုလျှင်၊ ဣဇာက်အား အဆုံးစီရင်ခြင်းအမှုသည် မေရှိယ၏ကြွလာခြင်းနှင့်ပတ်သက်သည့်မြော်လင့်စရာများတို့နှင့်တကွ၊ ကယ်တင်ခြင်းနှင့်စပ်ဆိုင်သည့် မြော်လင့်ချက်ရှိသမျှတို့ကို ဖြတ်တောက်ပစ်ခြင်းပင်ဖြစ်လေတော့သည်။ အခြေအနေမှာ အာဗြဟံသည်မိမိလည်ပင်းကိုဓါးနှင့်ထောက်ပြီး၊ မိမိ၏ကိုယ်ပိုင်ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ချက်ကြီးကို ဖြတ်တောက်ပစ်လိုက်ဖို့ရန်အတွက် ဆင့်ခေါ်ခြင်းခံလိုက်ရသကဲ့သို့ပင်ဖြစ်နေပါတော့သည်။

သို့ဖြစ်သောကြောင့်၊ အာဗြဟံသည် မိမိ၌ရှိသောဖခင်မေတ္တာကို အစမ်းသပ်ခံလိုက်ရရုံသာမကပဲ၊ ဘုရားသခင်အပေါ်ထားရှိသော မိမိ၏ယုံကြည်ခြင်းကိုလည်း အစမ်းသပ်ခံခဲ့ရကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဤသို့ပြင်းထန်သည့်စမ်းသပ်မှုမျိုးဖြင့် စမ်းသပ်ခြင်းမခံရဘူးပါချေ။ အကြောင်းမှာ၊ (ယုံကြည်ခြင်း၏ဖခင်ဆိုသည့်) အရာတွင် အခြားနောက်ထပ်မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်မလာနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ လူသားမျိုးနွယ်တစ်ခုလုံးတို့၏ မြော်လင့်ချက်သည် ဣဇာက်တွင်ချည်နှောင်နေလျက်ရှိပြီး၊ ထိုမြော်လင့်ချက်ကို ဓါးနှင့်တစ်ချက်လေးခုတ်ဖြတ်လိုက်ခြင်းအားဖြင့် ဖျက်ဆီးပစ်လိုက်ဖို့ရန် အာဗြဟံသည် တောင်းဆိုခြင်းခံနေခဲ့ရသကဲ့သို့ဖြစ်နေပါသည်။ ထို့ကြောင့် ဤမျှလောက်ကြီးမားသည့်စမ်းသပ်မှုကို ခံရပ်နိုင်သောသူကို “ယုံကြည်ခြင်း၏ဖခင်” ဟု ခေါ်ဆိုခဲ့ရခြင်းဖြစ်သည်။ ထိုသို့သောတောင်းဆိုမှုသည် ဘုရားသခင်ထံမှ လာခြင်းပင်ဖြစ်သလောဆိုသည့်သံသယစိတ်မျိုးဖြစ်လာအောင် အာဗြဟံအနေဖြင့် ပြင်းထန်စွာအစုံအစမ်းခံခဲ့ရသည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် ကောင်းမွန်စွာ စဉ်းစားတွေးခေါ်မိကြမည်ဖြစ်ပါသည်။ ထိုတောင်းဆိုမှုကြီးသည် ဘုရားသခင်၏ကတိတော်နှင့် တိုက်ရိုက်ဆန့်ကျင်နေသလိုဖြစ်နေပါသည်။

## စုံစမ်းခြင်းများ

စုံစမ်းခံရခြင်းနှင့် ပြင်းထန်းစွာစုံစမ်းခံရခြင်းအမှုသည် အပြစ်မဟုတ်ပါချေ။ “ငါ့ညီအစ်ကိုတို့၊ အထူးထူးအပြားပြားစုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။” ယာကုပ် ၁း၂-၃။ အာဗြဟံအားကတိထားတော်မူခဲ့သည့်အမွေတော်အကြောင်းကို တမန်တော်ပေတရု က တင်ပြပြောဆိုလိုက်ပြီးသည်နောက်တွင်၊ ကျွန်ုပ်တို့သည်လည်း ထိုအမွေတော်ကို ထောက်၍ ဝမ်းမြောက်ရွှင်လန်းရကြသည်ဆိုသည့်အချက်ကို ဆက်လက်တင်ပြပေးခဲ့ပါသည်။ ထိုအကြောင်းကို၊ “အရည်ကျို၍စုံစမ်းခြင်းကိုခံနိုင်သော်လည်း၊ ပျက်စီးတတ်သော ရွှေကိုစစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သာ၍ မြတ်သည်နှင့်၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်သရေ၊ ဘုန်းအာနုဘော်အလိုငှါဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအကြောင်းရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။ ထိုသခင်ကိုသင်တို့သည် မမြင်ဘူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်းမမြင်ဘဲလျက်၊ ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့်စပ်ဆိုင်သော၊ ပြော၍မမှီနိုင်

သော ရှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကိုခံရကြ၏။" ၁ ပေ ၁း၆-၉။

ဤစုံစမ်းနှောင့်ယှက်ခြင်းများတို့သည် ဝမ်းနည်းခြင်း (စိတ်လေးလံခြင်း) ကိုဖြစ်စေသည်ဟု တမန်တော်ကြီးက တင်ပြထားခြင်းဖြစ်သည်။ ထိုစုံစမ်းခြင်းတို့သည် လူတစ်ယောက်ကို စိတ်ဆင်းရဲသွားစေသည်။ အကယ်၍ ထိုသို့မဟုတ်ခဲ့လျှင်၊ (တနည်းအားဖြင့်) ထိုစုံစမ်းခြင်းတို့ကိုခံရပ်နိုင်ဖို့ ဘာမျှအားထုတ်စရာမလိုအပ်ဘူးဆိုလျှင်၊ ထိုအရာများတို့သည် တကယ့်စုံစမ်းခြင်းများဖြစ်မည်မဟုတ်တော့ပါချေ။ စုံစမ်းခြင်းဆိုသည်မှာ ခံစားမှုရှိရှိသမျှတို့ကို လှုံ့ဆော်ထိပါးလာစေသည့်အရာတစ်ခုဖြစ်ပြီး၊ ထိုအရာကို ခံရပ်နိုင်ဖို့အတွက်ဆိုလျှင် အသက်ပါ ပါသွားနိုင်လောက်သည့်အခြေအနေတစ်ခုအထိသို့ရောက်ရှိသွားတတ်ပါသည်။ သို့ဖြစ်ပါသောကြောင့်၊ ဘုရားသခင်၏ပညတ်တော်ကို နာခံလိုက်လျှောက်နိုင်ဖို့ရန်အတွက် အာဗြဟံအနေဖြင့်ကြီးစွာသော ရုန်းကန်လှုပ်ရှားမှုကြီးတစ်ရပ်အား လုပ်ဆောင်ခဲ့ရကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သတိထားမိကြပေလိမ့်မည်။

စိတ်ထဲတွင် သံသယစိတ်များဖြစ်ပေါ်လာဖို့ရန် သူသည် လှုံ့ဆော်ခြင်းခံခဲ့ရသည်။ သံသယစိတ်များသည် မာရ်နတ်ထံမှလာပြီး၊ ထိုမာရ်နတ်စာတန်၏အကြံပြုချက်တို့မှ လွတ်ကင်းနိုင်လောက်သည်အထိ မည်သည့်လူသားတစ်ဦးတစ်ယောက်ကမျှ ကောင်းမြတ်ခြင်းမရှိကြပါချေ။ ယေရှုသခင်ကိုယ်တော်တိုင်ပင် ထိုအကြံပြုစုံစမ်းခြင်းများတို့ကို ခံခဲ့ရပါသည်။ သူသည် "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။" ဟေဗြဲ ၄း၁၅။ ကျွန်ုပ်တို့၏နားထဲတွင် တီးတိုးသောစကားသံဖြင့်ပြောလာသည့် မာရ်နတ်စာတန်၏သံသယစကားလုံးများတို့အထဲတွင် အပြစ်သည်ပါရှိမလာပါချေ။ သို့ရာတွင် ထိုသံသယစကားလုံးများအတိုင်း ပြန်လည်တုံ့ပြန်ပြုမူလာသည့် ကျွန်ုပ်တို့၏လက်တွေ့ပြုမူဆောင်ရွက်ချက်အထဲတွင် အပြစ်သည်ပါရှိလာပါတော့သည်။ ယေရှုခရစ်သည် ထိုသို့မတုံ့ပြန်ခဲ့ပါ။ အာဗြဟံ သည်လည်း ထိုသို့မတုံ့ပြန်ခဲ့ပါချေ။ သို့ဖြစ်ပါ၍၊ ရှေးဘိုးဘေးကြီးအာဗြဟံသည် မိမိ၏ဘဝခရီးစဉ်ကို အလွန်ပြင်းထန်သည့်ရုန်းကန်မှုတစ်ခုနှင့်ဦးစွာတွေ့ကြုံရခြင်းအားဖြင့် အစမပြုခဲ့ရပါဘူးဟု တွေးထင်ထားသောသူသည် အာဗြဟံအား ပြုခဲ့သည့်စမ်းသပ်မှုထဲတွင်ပါဝင်သည့်အရာများကိုပါမက၊ ဖခင်တစ်ယောက်၏ခံစားချက်များကိုပါ လျစ်လျူရှုထားသောကြောင့်ဖြစ်သည်။

"ဤတောင်းဆိုမှုသည် ဘုရားသခင်၏တောင်းဆိုမှုမဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မရေမတွက်နိုင်သော သားစဉ်မြေးဆက်နောင်လာနောက်သားများကို သင့်အားပေးမည်၊ ထိုသူတို့သည်လည်း ဣဇာက်မှဆင်းသက်လာရမည်ဟု ထိုဘုရားသခင်သည် သင့်အားကတိထားတော်မူပြီးဖြစ်သောကြောင့်ဖြစ်သည်။" ဟု စုံစမ်းသွေးဆောင်သူအနေဖြင့် သူ့အား တိုက်တွန်းကောင်းတိုက်တွန်းခဲ့ပေလိမ့်မည်။ ဤအတွေးသည် ထပ်ခါတလဲလဲဝင်ရောက်လာခဲ့ပေလိမ့်မည်။ သို့ရာတွင် ထိုအတွေးသည် အချိန်ကြာကြာမရှိနေနိုင်ခဲ့ပါချေ။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံသည် ဘုရားသခင်၏အသံတော်ကိုလုံးဝကောင်းမွန်စွာ သိရှိထားခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ဣဇာက်အားပူဇော်ဖို့ရန်အတွက် သူ့အား ခေါ်တော်မူခဲ့သည့်အသံသည် သူ့အားကတိပြုခဲ့သည့်သူ၏အထံတော်မှလာသည့်အသံပင်ဖြစ်ကြောင်းကို သူသိရှိခဲ့သည်။ စုံစမ်းသွေးဆောင်သူ၏ အဖန်တလဲလဲအကြံပြုသွေးဆောင်နေခြင်းအမှုက၊ ဖြစ်ပေါ်လာသော တောင်းဆိုချက်စကားသည် ဘုရားသခင်ထံမှလာပါသည်ဆိုသည့်အချက်ကို ပို၍ပို၍ပင် ခိုင်လုံလာစေခဲ့ပါသည်။

သို့ရာတွင် ထိုအရာသည် ရင်ဆိုင်နေရသည့်ရုန်းကန်ရခြင်းအမှုကို မချုပ်ငြိမ်းသွားစေနိုင်ခဲ့ပါချေ။ ပညတ်တော်ကို လျစ်လျူရှုထားဖို့ရန်အတွက် စုံစမ်းလာသည့် ပြင်းထန်သည့်စုံစမ်းမှုတစ်ခုသည် မိမိသားအပေါ်တွင်ထားရှိသည့်မိမိ၏ချစ်ခြင်းမေတ္တာအပေါ်တွင် ကျရောက်လာခဲ့သည်အကြောင်းကို ကျွန်ုပ်တို့ သတိပြုမိကြပေလိမ့်မည်။ ထိုအချက်ကို ပြုတော်မူခဲ့သည့်တောင်းဆိုချက်မှ နက်ရှိုင်းစွာဖြင့် ဤသို့သက်သေထူပြထားပေးပါသည်။ "သင်သည် အလွန်ချစ်သော တယောက်တည်းသောသားဣဇာက်ကိုယူ၍၊" ထိုနေရာတွင်

ဣဇာက်အားချစ်ခင်ဂုဏ်ယူနေခဲ့ရသည့် မိခင်ကြီးလည်းရှိနေပါသည်။ ဤတောင်းဆိုချက်စကားသည် မိမိအား ဘုရားသခင်ကမိန့်တော်မူခဲ့သည့်တောင်းဆိုချက်ပင်ဖြစ်ကြောင်းကို အာဗြဟံအနေဖြင့် သူမအားယုံကြည်လာအောင် အဘယ်သို့ပြောပြရပါမည်နည်း။ မူမမှန်သည့်စိတ်သဘောထားတစ်ခု၏ စိတ်ကူးစိတ်သန်းများအတိုင်း လိုက်ပြီးလုပ်ဆောင်ပေးခြင်းအတွက် သူမအနေဖြင့်လည်း သူ့အားဆုံးမပြစ်တင်နေလိမ့်မည်မဟုတ်ပါလော။ သူ့အနေဖြင့် သူမအား မည်ကဲ့သို့စကားဖြတ်ပြီးပြောပြလို့ရနိုင်ပါမည်နည်း။ သို့မဟုတ် မိမိသားအား သွားပူဇော်မည့်အကြောင်းကို သူမအားအသိမပေးပဲနှင့်သွားရောက်ပူဇော်မည်ဆိုလျှင်၊ သူ၏အိမ်အပြန်ခရီးတွင် သူမအား မည်သို့မျက်နှာပြရပါမည်နည်း။ သည့်အပြင်မက ပတ်ဝန်းကျင်လူများလည်းရှိသေးသည်။ ထိုပတ်ဝန်းကျင်တို့က သူ့အား မိမိသည်မိမိ၏သားကို ပြန်ပြီးသတ်သော လူသတ်သမားတစ်ဦးဖြစ်သည်ဟု စွပ်စွဲနေကြဦးမည်မဟုတ်ပါလော။ အာဗြဟံ၏စိတ်ကို မိုက်မှောင်ကျသွားစေနိုင်သည့် ဤဆင်ခြင်စရာအားလုံးတို့နှင့် တကွ အာဗြဟံအနေဖြင့် အကြီးအိုက်နေလိမ့်မည်မှာ အသေအချာပင်။

သို့ရာတွင် ယုံကြည်ခြင်းတရားသည် အောင်မြင်မှုကို ဆွတ်ခူးသွားခဲ့ပါသည်။ မိမိ၏စိတ် ဟိုဟိုဒီဒီ ယိမ်းယိုင်သွားခဲ့သည့်အချိန်သည် လွန်သွားခဲ့သည်မှာ အချိန်အတော်ကြာသွားခဲ့ပြီးဖြစ်သည်။ ယခုတွင် သူသည် "ယုံမှားသောစိတ်နှင့်ကင်း၍ ဘုရားသခင်၏ ကတိတော်ကို တွေးတောခြင်းမရှိ၊ ယုံကြည်အားကြီးသဖြင့် ဘုရားသခင်ကို ချီးမွမ်း၍၊" ရောမ ၄း၂၀။ "အာဗြဟံသည် စုံစမ်းတော်မူခြင်းကို ခံရသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ဣဇာက်ကိုပူဇော်၏။ ဣဇာက်၌သာသင်၏ အမျိုးတည်လိမ့်မည်ဟူသော ဗျာဒိတ်တော်မှစ၍ ကတိတော်များကို ခံရသောသူသည်၊ မိမိ၌ တယောက်တည်းသော ထိုသားကိုပူဇော်၏။ ထိုသို့ပူဇော်သောအခါ သေခြင်းမှ ထမြောက်စေခြင်းငှါ၊ ဘုရားသခင်တတ်နိုင်တော်မူသည်ကို သူသည်အောက်မေ့၏။ ထိုသားကို ပုံစကားအားဖြင့် သေခြင်းထဲကရ၏။" ဟေဗြဲ ၁၁း၁၇-၁၉။

အစမှသည်အဆုံး အကြောင်းအရာတစ်ခုလုံးတွင် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအမှုသည် ပါဝင်နေပါသည်။ ဣဇာက်၏ဖွားမြင်လာခဲ့ခြင်းအမှုသည် အမှန်တကယ်ပင် သေခြင်းမှ အသက်ပြန်လည်ရှင်ပြန်စေခဲ့သည့်အမှုအရာတစ်ခုပင်ဖြစ်ပေသည်။ သူ၏မွေးဖွားလာခဲ့ခြင်းအမှုသည် ရှင်ပြန်ထမြောက်စေသည့် တန်ခိုးတော်အားဖြင့် ဖြစ်လာခဲ့သည်။ မိမိမယား၏စကားသံကိုနားယောင်မိခဲ့ခြင်းအားဖြင့် အာဗြဟံသည်၊ မိမိအဖို့သားတစ်ဦးကို သေခြင်းထဲကထုတ်ယူပေးမည့် ဘုရားသခင်၏တန်ခိုးတော်အပေါ် ကိုးစားယုံကြည်ဖို့ရန် သူသည်တစ်ကြိမ်ပျက်ကွက်သွားခဲ့ပါသည်။ မိမိ၏ရှုံးနိမ့်ပျက်ကွက်မှုအတွက် သူသည် နောင်တရခဲ့ပါသည်။ သို့ရာတွင် သူ့အနေဖြင့် ထိုသင်ခန်းစာအား လုံးစေ့ပတ်စေ့သင်ယူရရှိခဲ့ခြင်း တကယ်ရှိမရှိကို ပိုမိုသေချာသွားစေဖို့ရန်အတွက်၊ ထိုသင်ခန်းစာအပေါ်အခြေခံလျက် သူ့အား စမ်းသပ်စစ်ဆေးသွားဖို့ လိုဦးမည်ဖြစ်သည်။ ထိုသင်ခန်းစာကို သူ့အနေဖြင့် လုံးဝသင်ယူသွားမိပြီးဖြစ်ကြောင်းကို ထွက်ရှိလာခဲ့သည့်အောင်စာရင်းရလဒ်က သက်သေပြသွားခဲ့ပါသည်။

## တယောက်(ဦး)တည်းသောသား

"ဣဇာက်၌သာသင်၏ အမျိုးတည်လိမ့်မည်ဟူသော ဗျာဒိတ်တော်မှစ၍ ကတိတော်များကို ခံရသောသူသည်၊ မိမိ၌တယောက်တည်းသောထိုသားကို ပူဇော်၏။ ထိုသို့ပူဇော်သောအခါသေခြင်းမှ ထမြောက်စေခြင်းငှါ၊ ဘုရားသခင်တတ်နိုင်တော်မူသည်ကို သူသည်အောက်မေ့၏။" "မိမိ၌ တယောက်တည်းသောသား" ဆိုသည့်တင်ပြချက်ကိုမှတ်သားထားပါ။ ထိုအချက်ကိုဖတ်ရှုလိုက်တိုင်းတွင်၊ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" ဆိုသည့်ကျမ်းချက်ကို ပြန်လည်ပြီးအမှတ်ရမိလာပါသည်။ ယောဟန် ၃း၁၆။ အာဗြဟံသည် မိမိ၏

တစ်ဦးတည်းသောသားကို ပူဇော်ခဲ့ခြင်းအမှုတွင် ဘုရားသခင်၏တပါးတည်းသောသားတော်အား ပူဇော်ခဲ့သည့်ရုပ်ပုံလွှာကို တွေ့မြင်ရပါသည်။ ထိုအချက်ကို အာဗြဟံအနေဖြင့်လည်း နားလည်သဘောပေါက်ခဲ့ပါသည်။ သူသည် ယေရှုခရစ်တော်ကိုအမှီပြု၍ အလျင်ဝမ်းမြောက်ဝမ်းသာဖြစ်နေခဲ့ပါသည်။ သေသောသူတို့၏ရှင်ပြန်ထမြောက်ခြင်းအမှုသည် ကတိတော်နှင့်စပ်ဆိုင်သောအမျိုးအနွယ် (ခရစ်တော်) အားဖြင့်သာ ဖြစ်လာရမည် ဆိုသည့်အချက်ကိုလည်း အာဗြဟံသိရှိခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်းအမှုသည် ယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာလျှင် ဖြစ်လာနိုင်သည်ဟုယုံကြည်ထားသည့် သူ၏ယုံကြည်ခြင်းတရားကပင် သူ့အား စစ်ဆေးစုံစမ်းမှုတို့ကို ခံရပ်နိုင်စေခဲ့ပါသည်။

ဘုရားသခင်သည် မိမိ၏တပါးတည်းသောသားတော်ကို ပူဇော်တော်မူမည်ဖြစ်သောကြောင့်၊ ထိုသခင်သည် မိမိသားကို သေခြင်းမှထမြောက်စေတော်မူမည်ကို ယုံကြည်လျက်၊ အာဗြဟံသည် မိမိ၏တစ်ဦးတည်းသောသားကို ပူဇော်ခဲ့ပါသည်။ ထိုမျှမက ဘုရားသခင်သည်မိမိ၏တစ်ပါးတည်းသောသားတော်ကို ပူဇော်ထားနှင့်ပြီးသားဖြစ်နေခဲ့ပြီး ဖြစ်ကြောင်းကို၊ "ထိုခရစ်တော်ကား၊ ဤကမ္ဘာမတည်မရှိမှီ ခန့်ထားတော်မူခြင်းကို ခံနှင့်သည်ဖြစ်၍" ဟု ဖေါ်ပြထားပါသည်။ သို့ရာတွင် ထိုခရစ်တော်သည် ပေါ်ထွန်းလာရဦးမည်ဖြစ်သည်။ ၁ပေ ၁း၂၀။ အာဗြဟံ၏ ကြီးမားအံ့ဖွယ်ရာယုံကြည်ခြင်းအကြောင်းနှင့် ထိုယုံကြည်ခြင်းတရားကဘုရားသခင်၏တန်ခိုးတော်နှင့်အကြံအစည်တော်တို့ကို မည်မျှစုံလင်စွာသဘောပေါက်နားလည်စေခဲ့ကြောင်းကို ဤနေရာ၌ တွေ့မြင်နိုင်ပါသည်။ ကောင်းကြီးမင်္ဂလာသည် လူသားများထံသို့ အမျိုးအနွယ်တည်း ဟူသောမေရှိယအရှင်အားဖြင့် ဆင်းသက်လာရမည်ဖြစ်သောကြောင့်၊ ထိုမေရှိယသည် ဣဇာက်၏သားစဉ်မြေးဆက်ထဲမှ မွေးဖွားလာရမည်ဖြစ်သည်။ အမွေခံတစ်ဦးတစ်လေမျှမရှိသေးဘဲနှင့် ဣဇာက်သည် ဖြတ်တောက်ပစ်ခြင်းခံလိုက်ရတော့မည်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်သည် မိမိဘာသာမိမိပြည့်စုံခြင်းရှိလာလိမ့်မည်ကို အာဗြဟံသည်ယုံကြည်လျက်၊ ထိုနှုတ်ထွက်စကားတော်တွင်ပါရှိသော အသက်နှင့်တန်ခိုးတော်တို့ကို သူယုံကြည်စိတ်ချထားခဲ့ပါသည်။ ဣဇာက်၏အမျိုးအနွယ်မှ ဖွားမြင်လာမည့်သူဖြစ်သည့် သေခြင်းတရားကိုချိုးဖျက်တော်မူပြီး ရှင်ပြန်ထမြောက်ခြင်းတရားကို ယူဆောင်ပေးလာမည့်သူတည်းဟူသော လောကတွင်ပေါ်ထွန်းတော်မမူသေးသည့် မေရှိယအရှင်သည်၊ ဘုရားသခင်ထားတော်မူသည့်ကတိတော်ပြည့်စုံခြင်းရှိဖို့ရန်နှင့် မိမိအနေဖြင့်လောကကြီးထဲတွင်ဖွားမြင်လာနိုင်ရန်အလို့ငှါ လိုအပ်သည့် ဣဇာက်အားသေခြင်းမှရှင်ပြန်ထမြောက်လာစေနိုင်သည့်တန်ခိုးအား ပိုင်ဆိုင်ထားလျက်ရှိကြောင်းကို အာဗြဟံယုံကြည်ထားခဲ့ပါသည်။ အာဗြဟံ၏ယုံကြည်ခြင်းထက် သာ၍ကြီးမားသောယုံကြည်ခြင်းဟူ၍ မရှိခဲ့ပါချေ။

## ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်း

ခရစ်တော်၏ ရှေးမဆွကတည်းရှိနေခဲ့ခြင်း သက်သေကိုသာမက၊ ထိုတည်ရှိခြင်းအကြောင်းအရာကိုသိရှိထားခဲ့သည့် အာဗြဟံ၏သိကျွမ်းခြင်းသက်သေကိုပါ ဤနေရာတွင် တွေ့ရှိရပါသည်။ ခရစ်တော်က ဤသို့မိန့်မြွက်တော်မူခဲ့ပါသည်။ "ငါသည်အသက်ရှင်ခြင်းအကြောင်း၊ ထမြောက်ခြင်းအကြောင်းဖြစ်၏။" ယောဟန် ၁၁း၂၅။ ထိုခရစ်တော်သည် အစအဦး၌ဘုရားသခင်နှင့်အတူရှိတော်မူသော နှုတ်ကပတ်တော်ဖြစ်ပြီး၊ သူသည် ဘုရားသခင်လည်း ဖြစ်တော်မူပေသည်။ သူသည် အာဗြဟံ၏ခေတ်တွင် အသက်ရှင်ခြင်းအကြောင်း၊ ထမြောက်ခြင်းအကြောင်း ဖြစ်တော်မူခဲ့သကဲ့သို့ပင်၊ လာဇရု၏ခေတ်တွင်လည်း အသက်ရှင်ခြင်းအကြောင်းနှင့် ထမြောက်ခြင်းအကြောင်းဖြစ်တော်မူခဲ့ပါသည်။ "ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။" အဆုံးမရှိသောအသက်သည် သူ၌ တည်နေလျက်ရှိပါသည်။ ဤအချက်ကို အာဗြဟံယုံကြည်ထားခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ထိုနှုတ်ကပတ်တော်၏တန်ခိုးတော်ကို တွေ့ကြုံခံစားထားရပြီး၊ ကတိတော်ပြည့်စုံ

ခြင်းရှိလာနိုင်ရန်အလို့ငှါ ထိုနှုတ်ကပတ်တော်၏အသက်သည် ဣဇာက်အား အသက်ရှင်ပြန်စေလိမ့်မည် ဟု အာဗြဟံအနေဖြင့် စိတ်ချယုံကြည်ထားခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။

အာဗြဟံသည် မိမိ၏ခရီးစဥ်ကို စတင်ခဲ့လိုက်ပါတော့သည်။ မိမိ၏ကြမ်းတမ်းသောလမ်းခရီးအတိုင်း သုံးရက်တိုင်တိုင်အပြင်းနှင်လာခဲ့ပါသည်။ ထိုနေရာတွင် အာဗြဟံအား သံသယစကားပေါင်းစုံတို့ဖြင့် ပြင်းပြင်းထန်ထန်ပုတ်ခတ်ထိုးနက်နိုင်မည့် ပိုလျှံလုံလောက်သောအချိန်ကာလတစ်ခုကို စုံစမ်းသွေးဆောင်သူကြီးအနေဖြင့် ရရှိထားခဲ့ပါသည်။ သို့ရာတွင် "သုံးရက်မြောက်သောနေ့၌ မျှော်ကြည့်၍၊ ထိုအရပ်ကို အဝေးကမြင်" တွေ့ခဲ့လိုက်ရသည့်အခါတွင် သံသယစိတ်များ လုံးဝရှင်းလင်းကွယ်ပျောက်သွားခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၂၂း ၄။ အာဗြဟံအား ဘုရားသခင်ပေးတော်မူခဲ့သည့် အချို့သောလက္ခဏာများတို့သည် တောင်ပေါ်၌ထင်ရှားတော်မူခဲ့ပြီး၊ မိမိအား ဘုရားသခင်အနေဖြင့် ဦးဆောင်လမ်းပြပေးတော်မူလျက်ရှိကြောင်းကိုလည်း သူသည်သံသယကင်းစွာဖြင့် သိရှိနားလည်ခဲ့ပါသည်။ ရှုန်းကန်မှုကြီးသည် လွန်မြောက်သွားခဲ့ပြီး၊ အာဗြဟံအနေဖြင့် မိမိလုပ်ဆောင်ရမည့်အလုပ်ကို ပြီးစီးဆောင်ရွက်နိုင်ဖို့ရန်အတွက် သူသည် ရှေ့ဆက်လျှောက်သွားခဲ့ပါသည်။ ဘုရားသခင်သည် ဣဇာက်အား သေခြင်းထဲမှ ထမြောက်လာစေလိမ့်မည်ဆိုသည့်အချက်ကိုလည်း သူ့အနေဖြင့် ပြည့်ပြည့်ဝဝ အာမခံယုံကြည်ထားခဲ့ပါသည်။

"ငယ်သား နှစ်ယောက်တို့အား၊ သင်တို့သည် ဤအရပ်၌မြည်းနှင့် အတူနေရစ်ကြလော့။ ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ၊ သင်တို့ဆီသို့ပြန်လာဦးမည်ဟု ဆိုလေ၏။" အခန်းငယ် ၅။ ဓမ္မသစ်ကျမ်းထဲတွင် ဤအကြောင်းအရာမျိုးကိုဖော်ပြသည့်စာကြောင်းလေးတစ်ကြောင်းမျှ ပါရှိခြင်းမရှိခဲ့သည့်တိုင်အောင်၊ အာဗြဟံသည် ရှင်ပြန်ထမြောက်ခြင်းအပေါ် ယုံကြည်မှုသက်ဝင်မှုရှိကြောင်းကို ကျွန်ုပ်တို့အနေနှင့် ဤကျမ်းပိုဒ်အားဖြင့် သိရှိနိုင်ကြပါသည်။ "ငါသည် သားနှင့်အတူ ထိုအရပ်သို့ သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ၊ သင်တို့ဆီသို့ပြန်လာဦးမည်။" ဤစာကြောင်းကို မူရင်းဟေဗြဲဘာသာထဲတွင် ရှင်းရှင်းလင်းလင်းတင်ပြထားလေသည်မှာ၊ "ငါတို့သွားမည်။ ပြီးမှ သင်တို့ဆီသို့ ငါတို့သည် တဖန်ပြန်လာဦးမည်။" ဣဇာက်ကို မီးရှို့ရာပူဇော်သက္ကာအနေဖြင့် ပူဇော်ရမည်ဖြစ်သော်လည်း၊ ပူဇော်ခြင်းအမှုပြီးဆုံးပြီးသည့်နောက် ပြန်လာသောအခါတွင် သူတို့နှစ်ဦးစလုံးအတူတကွပြန်လာနိုင်ဖို့ရန်အတွက်၊ ထိုသားအား တဖန်ထမြောက်စေတော်မူမည်ဖြစ်ကြောင်းကို ဘိုးဘေးကြီးအာဗြဟံအနေဖြင့် ယုံကြည်စိတ်ချထားခဲ့ပါသည်။ "မျှော်လင့်ခြင်းသည် ရက်ကြောက်စရာအကြောင်းနှင့်ကင်းလွတ်၏။" ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခဲ့ပြီးဖြစ်သည့်အတွက်ကြောင့်၊ ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ရန်ငြိမ်းခြင်းတရားကို အာဗြဟံရရှိထားနှင့်ပြီးသားဖြစ်နေခဲ့ပါသည်။ မိမိ၏ယုံကြည်ခြင်းကိုစမ်းသပ်လာခဲ့သည့် စမ်းသပ်မှုအပေါ် သူသည်စိတ်ရှည်သည်းခံစွာဖြင့် ခံရပ်နိုင်ခဲ့လေပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရုန်းကန်လှုပ်ရှားခြင်း၏ခါးသီးခြင်းအရသာသည် ယခုအခါတွင်ကုန်စင်သွားခဲ့ပြီးဖြစ်ကာ၊ နှုတ်ကပတ်တော် (ခရစ်တော်) အထဲတွင်ပါရှိသော ကြွယ်ဝပြည့်စုံသည့်ဘဝအတွေ့အကြုံတစ်ခုသည် သူ့ထံသို့ရောက်ရှိလာခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။ ထိုအတွေ့အကြုံသည် မယိမ်းယိုင်နိုင်သောမျှော်လင့်ခြင်းမျိုးကို ပေးစွမ်းပါသည်။ ထိုအချက်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိထားကြရမည်ဖြစ်သည်။

## ပူဇော်ခြင်းအမှုပြီးမြောက်သွားခဲ့ခြင်း

ထွက်ပေါ်လာခဲ့သည့် ရလဒ်ကို ကျွန်ုပ်တို့အားလုံးသိရှိထားကြပါသည်။ ဣဇာက်သည် ထင်းကို ထမ်းလျက် သတ်မှတ်ထားသည့်နေရာသို့တက်သွားခဲ့ပါသည်။ ယဇ်ပလ္လင်သည် အသင့်ဖြစ်နေပြီး၊ သူ့အား ချည်နှောင်လိုက်ကာ ထိုယဇ်ပလ္လင်အပေါ်သို့ လဲချစေခဲ့လိုက်ပါတော့သည်။ ဤနေရာတွင် ခရစ်တော်၏ အသေခံတော်မူခြင်းနှင့်ထပ်တူညီသည့်အချက်ကို တွေ့ရှိရပြန်ပါသည်။ ဘုရားသခင်သည် မိမိ၏တစ်ပါးတည်း

သောသားတော်ကိုစွန့်တော်မူခဲ့ပါသည်။ သို့ရာတွင် သားတော်သည်လည်း စိတ်ဆန္ဒမပါပဲနှင့်ထွက်မသွားခဲ့ပါချေ။ ခရစ်တော်သည် ငါတို့အဖို့ "ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူ၏။" ထို့နည်းတူ ဣဇာက်သည်လည်း မိမိကိုယ်ကို ပူဇော်သက္ကာတစ်ခုအနေဖြင့် ဆက်ကပ်အပ်နှံထားခဲ့လိုက်ပါသည်။ သူသည် ငယ်ရွယ်ပြီးသန်မာသောသူတစ်ဦးဖြစ်သည်။ ခုခံလိုက ပြန်လည်ခုခံနိုင်စွမ်းရှိပါသည် (သို့မဟုတ်) ထွက်ပြေးသွားလိုက ထွက်ပြေးနိုင်စွမ်းရှိသည်။ သို့ရာတွင် သူထိုသို့မပြုခဲ့ပါချေ။ ထိုပူဇော်သက္ကာသည် သူ၏ပူဇော်သက္ကာဖြစ်သကဲ့သို့ သူ့ဖခင်ကြီး၏ပူဇော်သက္ကာလည်းဖြစ်ပါသည်။ ခရစ်တော်သည် မိမိ၏လက်ဝါးကပ်တိုင်ကို ထမ်းသွားခဲ့သကဲ့သို့ပင်၊ ဣဇာက်သည်လည်း မိမိအားပူဇော်မှုပြုရာတွင်အသုံးပြုမည့်ထင်းကို ထမ်းသွားခဲ့ပါသည်။ မိမိ၏အသက်ကိုလည်း ခါး၍ ညင်သာစွာအပ်နှံခဲ့လိုက်ပါသည်။ ဣဇာက်၏အဖြစ်အပျက်တွင်၊ "အသေသတ်ခြင်းငှါ ဆောင်သွားသော သိုးသငယ်ကဲ့သို့" ဖြစ်တော်မူသည့် ခရစ်တော်၏ရုပ်ပုံလွှာကို တွေ့ရပါသည်။ "သိုးသငယ်ကို ဘုရားသခင်သည် မိမိအဘို့ ပြင်ဆင်တော်မူလိမ့်မည်။" ဆိုသည့်အာဗြဟံ၏တင်ပြချက်သည်၊ ဘုရားသခင်၏သိုးသငယ်အပေါ်ထားရှိသော မိမိ၏ယုံကြည်ခြင်းတရားအကြောင်းကို ဖေါ်ထုတ်ပြသပေးသည့် ဖေါ်ပြချက်တစ်ခုပင်ဖြစ်ပေသည်။

"မိမိလက်ကိုဆန့်၍ သားကိုသတ်ခြင်းငှါ၊ ထားကိုကိုင်ယူလေ၏။ ထိုအခါ၊ ထာဝရဘုရား၏ ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား သင်၌တယောက်တည်းသောသားကိုငါတောင်း၍ သင်သည် ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ ထိုအခါ အာဗြဟံသည် မျှော်ကြည့်၍ မိမိနောက်မှ ချုံဖုတ်၌ ချိုညှိလျက်ရှိသောသိုးကို မြင်လေ၏။ ထိုသိုးကိုသွား၍ ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ယဇ်ပြု၍ ပူဇော်လေ၏။" ကမ္ဘာ ၂၂း ၁၀-၁၃။ သား၏အသက်သည် လွတ်မြောက်သွားခဲ့ပါသည်။ သို့ရာတွင် ထိုယဇ်ပူဇော်ခြင်းအမှုသည် ဣဇာက်အားအမှန်တကယ်သတ်ပစ်ပြီးမှပူဇော်ခဲ့သကဲ့သို့ပင် အစစ်အမှန်ပြီးမြောက်သွားခဲ့ပါသည်။

## ယုံကြည်ခြင်း၏အလုပ် (အကျင့်)

ယုံကြည်ခြင်းနှင့် အလုပ် (အကျင့်) ၏ဆက်စပ်ပုံအကြောင်းနှင့်ပတ်သက်ပြီး ဤမှတ်တမ်းက မည်သို့ သွန်သင်ထားကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်ဖွင့်ဖတ်ကြည့်ကြပါစို့။ "လျှပ်ပေါ်သောလူ၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ကို သိချင်သလော။ ငါတို့အဘအာဗြဟံသည်၊ မိမိသားဣဇာက်ကို ယဇ်ပလ္လင်ပေါ်မှာတင်လှူပူဇော်သောအခါ၊ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်လော။ ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍၊ အကျင့်အားဖြင့် စုံလင်သည်ကိုသိမြင်ရ၏။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏ ဟူသော ကျမ်းစကားပြည့်စုံလေ၏။ အာဗြဟံသည်လည်း၊ ဘုရားသခင်၏အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကိုခံရ၏။" ယာကုပ် ၂း၂၀-၂၃။

တမန်တော်ရှင်ပေါလု၏ အရေးအသားများထဲတွင်တင်ပြထားသည့်အရာဆိုလျှင်၊ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည် ဆိုသည့်သွန်သင်မှုနှင့် ဆန့်ကျင်သည့်အချက် (သို့) ထိုသွန်သင်မှုကို ပြန်လည်မွမ်းမံပြင်ဆင်ထားသည့်အချက် တစ်ချက်တစ်လေရှိနေရန် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။ ယုံကြည်ခြင်းသည် အကျင့်ကိုကျင့်ဆောင်သည် (အလုပ်လုပ်သည်) ဆိုသည့်အကြောင်းကို ကျမ်းစာတစ်အုပ်လုံးက သွန်သင်ပြထားပါသည်။ "မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်း" (ဂလာတိ ၅း၆) ကို၊ မရှိမဖြစ်လိုအပ်သောအရာတစ်ခုအဖြစ် တင်ပြပေးထားသည်။ သက်သာလောနိတ်မြို့ရှိ ညီအစ်ကိုများတို့သည် သူတို့၏ "ယုံကြည်သောစိတ်နှင့် အကျင့်ကို ကျင့်" ခဲ့ကြခြင်းအတွက် အချီးအမွမ်းခံခဲ့ကြရပါသည်။ ၁ သက် ၁း၂၊ ၃။

ထို့ကြောင့် ယုံကြည်သောစိတ်နှင့်အကျင့်ကိုကျင့်ဆောင်ခြင်း၏ ပုံဥပမာတစ်ခုအနေဖြင့် အာဗြဟံ၏ အကြောင်းအရာကို အသုံးပြုထားခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့အား ကတိတစ်ခုကို ပေးတော်မူခဲ့သည်။ ထိုကတိတော်ကို သူယုံကြည်ခဲ့သည်။ ထို့ကြောင့် သူ၏ယုံကြည်ခြင်းသည် သူ၏ဖြောင့်မတ်ခြင်းအနေဖြင့် မှတ်ယူတော်မူခြင်းခံခဲ့ရသည်။ သူ၏ယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်းကိုကျင့်ဆောင်သည့် ယုံကြည်ခြင်းမျိုးဖြစ်သည်။ ယခုအခါတွင် ထိုယုံကြည်ခြင်းသည် လက်တွေ့စမ်းသပ်မှုတစ်ခုကို ခံခဲ့ရပါသည်။ ထိုအခါတွင် သူ၏ယုံကြည်ခြင်းသည် စုံလင်လျက်ရှိကြောင်းကို သူကျင့်ဆောင်ခဲ့သည့်အကျင့် (သို့) လုပ်ဆောင်မှုများက ပြသပေးခဲ့ပါသည်။ ထို့ကြောင့် "အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။" ဟူသောကျမ်းစကားပြည့်စုံလေ၏။ ဤအကျင့်သည်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ တရားသဖြင့်မှတ်တော်မူခဲ့ပြီးပါပြီး ဆိုသည့်အချက်ကို ပြသပေးသည့် သရုပ်ပြသင်ကြားမှုတစ်ခုသာဖြစ်ပါသည်။ ထိုယုံကြည်ခြင်းသည်လည်း (သူ၏) အကျင့်နှင့်အတူပြုပြင်သောယုံကြည်ခြင်းပင်ဖြစ်ပေသည်။ အာဗြဟံကျင့်ခဲ့သောအကျင့်သည် ယုံကြည်သဖြင့်ကျင့်သောအကျင့်ဖြစ်သည်။ သူ၏အကျင့်များက သူ၏ယုံကြည်ခြင်းကို ဖြစ်ပေါ်မလာစေခဲ့ပါချေ။ သို့သော် သူ၏ယုံကြည်ခြင်းက သူ၏အကျင့်တို့ကို ဖြစ်ပေါ်လာစေခဲ့ပါသည်။ သူသည် ယုံကြည်ခြင်း နှင့် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရှိခဲ့ခြင်းမဟုတ်ပါချေ။ သို့ရာတွင် အကျင့်ကျင့်သောယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ခဲ့ခြင်းဖြစ်သည်။

## ဘုရားသခင်၏အဆွေ

"အာဗြဟံသည်လည်း၊ ဘုရားသခင်၏အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကိုခံရ၏" ခရစ်တော်သည် မိမိ၏တပည့်တော်များတို့ကို ဤသို့မိန့်တော်မူခဲ့ပါသည်။ "ယခုမှစ၍ ငါသည်သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား၊ ကိုယ်သခင်ပြုသောအမှုကိုမသိ။ သင်တို့ကို အဆွေဟူ၍ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။" နှစ်ဦးနှစ်ဘက်တို့၏ကြားတွင် တည်ရှိသည့် ခင်မင်မှုဆိုသည့်အနက်အဓိပ္ပါယ်မှာ အပြန်အလှန်ယုံကြည်စိတ်ချမှုပင်ဖြစ်သည်။ ပြည့်စုံသောခင်မင်မှုတွင်၊ နှစ်ဦးနှစ်ဘက်သောသူတို့သည် အပြင်လောကတွင်ဆက်ဆံသည့်ပုံစံမျိုးဖြင့် တစ်ယောက်ကိုတစ်ယောက်မဆက်ဆံကြပါချေ။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုမရှိခြင်း၊ အကျပ်ကိုင်ခြင်း စသည်တို့ရှိနေသ၍ ပြည့်စုံသည့်ခင်မင်မှုဟူသည် ရှိလာနိုင်လိမ့်မည်မဟုတ်ပါချေ။ ပြည့်စုံသောမိတ်ဆွေများကြားတွင် ပြည့်ဝသောနားလည်မှု ရှိပါသည်။ ထို့ကြောင့် အာဗြဟံကို ဘုရားသခင်က အဆွေဟုခေါ်ခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တစ်ဦးကိုတစ်ဦး နားလည်မှုအပြည့်အဝရှိခဲ့ကြသောကြောင့်ဖြစ်သည်။ ဤယဇ်ပူဇော်ခြင်းအဖြစ်အပျက်က အာဗြဟံ၏အကျင့်စာရိတ္တကို အပြည့်အဝဖေါ်ထုတ်ပြသပေးသွားခဲ့ပါသည်။

"သူ့ကိုငါသိ၏။" ဟု ဘုရားသခင်အနေဖြင့် ယခင်ကပြောခဲ့ဖူးပါသည်။ ယခုတွင်လည်း "သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။" ဟု ထပ်မံပြောဆိုထားခဲ့ပြန်ပါသည်။ အာဗြဟံသည် ဘုရားသခင်ကို နားလည်ခဲ့ပါသည်။ လူသားတို့အဖို့အလို့ငှါ၊ မိမိ၏တစ်ဦးတည်းသောသားတော်ကို စွန့်လွှတ်ထားနှင့်ပြီးသားဖြစ်သော ဘုရားသခင်၏ မေတ္တာတော်နှင့်ပြည့်ဝသောအကျင့်စာရိတ္တတော်အကြောင်းကို အာဗြဟံ အနေဖြင့် နားလည်သဘောပေါက်ထားကြောင်းကို သူ၏တစ်ဦးတည်းသောသားကို ပူဇော်ခဲ့ခြင်းအမှုက ပြညွှန်ပေးနေခဲ့ပါသည်။ အာဗြဟံနှင့်ဘုရားသခင်သည် အပြန်အလှန်ဆက်ကပ်ပူဇော်မှုပြုခြင်းအားဖြင့်သော်လည်းကောင်း၊ အပြန်အလှန်သနားကြင်နာခြင်းအားဖြင့်သော်လည်းကောင်း အချင်းချင်းစည်းလုံးညီညွတ်လျက်ရှိနေခဲ့ကြပါသည်။ အာဗြဟံလောက် မည်သူကမျှ ဘုရားသခင်၏ခံစားမှုတို့ကို ပြည့်ပြည့်ဝဝ နားလည်သဘောမပေါက်နိုင်ခဲ့ပါချေ။

အာဗြဟံ ခံရပ်နိုင်ခဲ့သောစမ်းသပ်မှုမျိုးကို တွေ့ကြုံရင်ဆိုင်ဖို့ရန် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဆင့်ခေါ်ခြင်းခံရလိမ့်မည်မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော်အခြေအနေတို့သည် တဖန်ပြန်လည်ပြီး ထိုပုံစံအတိုင်းဖြစ်လာနိုင်တော့မည်မဟုတ်သောကြောင့်ဖြစ်သည်။ ကမ္ဘာကြီး၏ကံကြမ္မာသည် တစ်ဦးတည်းသောသူ၌ နောက်တဖန်ချည်နှောင်နေတော့မည်မဟုတ်သလို၊ ရင်တမမနှင့်စိုးရိမ်ပေးနေရမည့်အခြေအနေမျိုးတွင်လည်း နောက်တဖန် ရှိနေတော့မည်မဟုတ်ပါချေ။ သို့ရာတွင် အာဗြဟံ၏ သားသမီးတစ်ယောက်ချင်းစီတိုင်းတို့သည် စုံစမ်းစစ်ဆေးခြင်းကိုခံရကြလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံ၏ယုံကြည်ခြင်းကို ရရှိထားသည့်သူများသာလျှင် အာဗြဟံ၏သားသမီးများ ဖြစ်နိုင်ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ လူအယောက်စီတိုင်းတို့သည် ဘုရားသခင်၏အဆွေဖြစ်နိုင်ကြပါသည်။ အကယ်၍ ထိုသူသည်အာဗြဟံ၏ သားဖြစ်သည်မှန်လျှင် ထိုအတိုင်းပင်ဖြစ်နေရပါမည် (ဘုရားသခင်၏အဆွေဖြစ်နေရပါမည်)။ ဘုရားသခင်သည် မိမိ၏လူများနှင့်ဆက်ဆံရာတွင် လောကအားဆက်ဆံသည့်ပုံစံမျိုးနှင့်ဆက်ဆံလိမ့်မည်မဟုတ်ပဲ၊ သူသည် မိမိလူတို့အား မိမိကိုယ်ကိုထင်ရှားပြသပေးတော်မူလိမ့်မည်ဖြစ်သည်။

သို့ရာတွင် ထိုခင်မင်မှုသည် အပြန်အလှန်စိတ်ချယုံကြည်မှုအပေါ်တွင် အခြေခံထားလျက်ရှိကြောင်းကို ကျွန်ုပ်တို့အနေဖြင့် မမေ့လျော့ထားရပါချေ။ အကယ်၍ ကျွန်ုပ်တို့ သည် ဘုရားသခင်အား ကျွန်ုပ်တို့နှင့်ယုံကြည်စိတ်ချမှုရှိစေချင်သည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သူ့အား မိမိတို့၏ယုံကြည်စိတ်ချရာအနေဖြင့် မှတ်ယူထားရပါမည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏အပြစ်များတို့ကို ဖေါ်ပြဝန်ချပြီး၊ မိမိတို့၏အားနည်းခြင်းများနှင့် ခက်ခဲဆင်းရဲခြင်းများရှိသမျှတို့ကို သူ၏ရှေ့တော်မှောက်တွင် စိတ်ချစွာဖြင့် ချထားမည်ဆိုလျှင်၊ မိမိသည်မိတ်ဆွေအစစ်အမှန်တစ်ဦးဖြစ်ကြောင်းကို သူသည်ကျွန်ုပ်တို့အား ပြသပေးလိမ့်မည်ဖြစ်ပြီး၊ စုံစမ်းနှောက်ယှက်ခြင်းအမှုထဲက ကျွန်ုပ်တို့ကို မေတ္တာတော်အားဖြင့်ကယ်နှုတ်ပေးတော်မူမည့် မိမိ၏တန်ခိုးတော်တို့ကို သူသည် ကျွန်ုပ်တို့အား ထုတ်ဖေါ်ပြပေးတော်မူလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့စုံစမ်းခြင်းခံနေရသကဲ့သို့ သူသည်လည်း မည်ကဲ့သို့အစုံစမ်းခံခဲ့ရပြီးဖြစ်ကြောင်း၊ ကျွန်ုပ်တို့ခံစားနေရသည့်နွမ်းလျမှုတို့ကိုလည်း သူသည်မည်ကဲ့သို့ခံစားသွားခဲ့ရပြီးဖြစ်ကြောင်းနှင့် ထိုအရာများတို့ကို မည်သို့မည်ပုံနှင့်အောင်မြင်နိုင်ကြောင်းကို ကျွန်ုပ်တို့အား သူသည် ပြသပေးလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မေတ္တာတော်နှင့်ပြည့်ဝသောအပြန်အလှန်ယုံကြည်စိတ်ချမှုမျိုးနှင့်တကွ၊ ကျွန်ုပ်တို့သည် ခရစ်တော်ယေရှုအားဖြင့် ကောင်းကင်နိုင်ငံထဲတွင် အတူတကွဝိုင်းဖွဲ့ထိုင်ကြမည်ဖြစ်ပြီး၊ အတူကတွ စားသောက်ကြရပေလိမ့်မည်။ အံ့သြဖွယ်အမှုအရာများတို့ကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြသပေးတော်မူလိမ့်မည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိဿဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကို သိရသောအခွင့်ရှိကြ"လိမ့်မည် ဖြစ်သောကြောင့်ပေတည်း။ ဆာလံ ၂၅း၁၄။

## ၁၀း အာဗြံအားခေါ်တော်မူခြင်း – ကတိတော်နှင့် ကျိန်ဆိုမှု
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လိုင် ၉၊ ၁၈၇၆

ယဇ်ပူဇော်ခြင်းအမှုကို ပြုပြီးခဲ့ချေပြီ။ အာဗြဟံ၏ယုံကြည်ခြင်းသည် စမ်းစစ်ခြင်းခံခဲ့ရပြီး စုံလင်ကြောင်းလည်းတွေ့ရှိခဲ့ရပေပြီ။ "တဖန် ထာဝရဘုရား၏ ကောင်းကင်းတမန်သည် ကောင်းကင်ပေါ်က အာဗြဟံကိုခေါ်လျက်၊ သင်သည် ဤအမှုကိုပြု၍၊ သင်၏သား သင်၌တယောက်တည်းသောသားကို၊ ငဲ့အားမငြင်းသောကြောင့်၊ ငါသည် သင့်အား အစဥ်အမြဲကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဥ်အမြဲ *ပွါးများစေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏အမျိုးအနွယ်အားဖြင့်၊ လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏စကားကို သင်နားထောင်သောကြောင့်၊ ငါသည်ကိုယ်ကိုကိုယ် တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုလေ၏။" ကမ္ဘာ ၂၂း၁၅-၁၈။

*"(Blessing I Will Bless) အစဥ်အမြဲကောင်းကြီးပေးမည်၊" "(Multiplying I Will Multiply) အစဥ်အမြဲပွါးများစေမည်။" ဆိုသည့်စကား းလုံးနှစ်လုံးတို့သည် မူရင်းဟေဗြဲဘာသာအားဖြ င့်ရေးသားသည့် အရပ်သုံးစကားအတိုင်းတိုက်ရိုက်အဓိပ္ပါယ်ပြန်ဆိုထားသည့် စကားလုံးများဖြစ်သည်။ ဟေဗြဲဘာသာတွင် အာရုံစိုက်အသာပေးမှုကို အဖန်တလဲလဲဖေါ်ပြခြင်းအားဖြင့် သရုပ်ဖေါ်ပြပေးလေ့ရှိသည်။ ထိုအရပ်သုံးစကားကို ရိုးရိုးအင်္ဂလိပ်စာပုံစံဖြင့် ပြန်ရေးချလိုက်သည့်အခါတွင်၊ "ငါသည်သင့်အား ဧကန်အမှန်ကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်အားလည်း ဧကန်အမှန် ပွါးများစေမည်။" ဆိုသည့်ပုံစံထွက်လာပါသည်။ ဤအချက်နှင့် ဆင်တူရိုးမှား ဥပမာတစ်ခုကို ကမ္ဘာ ၂း၁၆၊ ၁၇ တွင်တွေ့နိုင်ပါသည်။ မူရင်းဟေဗြဲကျမ်းအရဆိုလျှင် ထိုကျမ်းပိုဒ်၏တိုက်ရိုက်စကားလုံးကို ဤသို့တွေ့နိုင်ပါသည်။ "eating thou mayest eat," and "dying thou shalt die," ဖြစ်သည်။ ထိုအရပ်သုံးစကား (ဘန်းစကား) သည် "(thou mayest freely eat) ရှိသမျှသော အ ပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏" "(thou shalt surely die) စားသေ ၁နေ့တွင် ဧကန်အမှန်သေရမည်" ဆိုသည့် ပြန်ဆိုမှုအရေးအသား၏ ပင်ရင်းစကားလုံးဖြစ်သည်။ ထွက်မြောက်ရာ ၃း၇ တွင်လည်း ထိုသို့သော အရပ်သုံးစကားဖြစ်သည့် "Seeing I have seen" ကိုထပ်တွေ့ရပြန်သည်။ ထို စာကြောင်းကို ကျမ်းစာထဲတွင် "I have surely seen (ငါစေ့စေ့မြင်ခဲ့ပြီး)" ဟု ပြန်ဆိုရေးသားပေးထားသည်။ တမန်တော် ၇း၃၄ တွင်လည်း အဖန်တလဲလဲအသာပေးဖေါ်ပြချက်ကို အောက်ပါအတိုင်း ထည့်သွင်းထားပါသည်။ "(I have seen, I have seen) ငါစေ့စေ့မြင်ခဲ့ပြီ။"

မိမိကိုယ်ကိုတိုင်တည်ပြီးကျိန်ဆိုခဲ့သည့် ဘုရားသခင့်ကျိန်ဆိုမှု၏ အရေးပါပုံအကြောင်းကို ဟေဗြဲဩဝါဒစာထဲတွင် လေ့လာတွေ့ရှိရပါသည်။ အောက်တွင်ဖေါ်ပြထားသည့် ကျမ်းချက်သည် အပေါ်တွင်ကောက်နုတ်ပြခဲ့သည့်ကျမ်းချက်နှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေကြောင်းကို စာဖတ်သူအနေဖြင့် တချိန်တည်းတွင် နားလည်သဘောပေါက်ရပေလိမ့်မည်။…

"ဘုရားသခင်သည် အာဗြဟံ၌ ကတိထားတော်မူသောအခါ၊ ကိုယ်တော်ထက်သာ၍ ကြီးမြတ်သောသူကို တိုင်တည်၍ ကျိန်ဆိုရန်မရှိသောကြောင့်၊ ကိုယ်တော်ကိုတိုင်တည်၍၊ ငါသည်သင့်အား အစဥ်အမြဲကောင်းကြီးပေးမည်။ သင့်ကို အစဥ်အမြဲပွါးများစေမည်ဟု ကျိန်ဆိုတော်မူ၏။ ထိုသို့နှင့်အညီအာဗြဟံသည် သည်းခံလျက်စောင့်နေပြီးမှ၊ ကတိတော်ကိုဝင်စားလေ၏။ လူတို့သည် မိမိထက်ကြီးမြတ်သောသူကို တိုင်တည်၍ ကျိန်ဆိုလေ့ရှိကြ၏။ မြဲမြံစေတတ်သောအကျိန်သည် ငြင်းခုံခြင်းရှိသမျှကို ဖြေတတ်၏။ ထိုကြောင့်၊ ကတိတော် ကို အမွေခံရသောသူတို့သည်၊ ဘုရားသခင်၏ အကြံအစည်တော်မဖေါက်ပြန်နိုင်ကြောင်းကို အတပ်သိစေခြင်းငှါ၊ ဘုရားသခင်သည် အကျိန်အားဖြင့် အာမခံတော်မူ၏။ အကြောင်းမူကား၊ ဘုရားသခင်သည် မုသာမသုံးနိုင်သောအရာတည်းဟူသော မဖောက်ပြန်မပြောင်းလဲနိုင်သော အရာနှစ်ပါးကို အမှီ

ပြု၍၊ ကိုယ်ရှေ့၌ထားသောမြော်လင့်ရာကိုခိုလှုံခြင်းငှါ ပြေးသောငါတို့သည် သက်သာအားကြီးကြမည်အကြောင်းတည်း။ ထိုမြော်လင့်ခြင်းမူကား၊ ကုလားကာအတွင်း၌ချ၍ မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ကျောက်ဆူးကဲ့သို့ ငါတို့၌ရှိသတည်း။ မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သော ယေရှုသည်၊ ငါတို့အတွက်၊ ထိုအတွင်း အရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။" ဟေဗြဲ ၆း၁၇-၂၀။

ကျိန်ဆိုမှုသည် အာဗြဟံအတွက် မဟုတ်ခဲ့ပါချေ။ ဘုရားသခင်အပေါ်ထားရှိသည့် သူ၏ယုံကြည်ခြင်းသည် ကျိန်ဆိုခြင်းမပါမရှိပဲနှင့် ပြည့်စုံလုံလောက်ပြီးသားဖြစ်နေပါသည်။ သူ့အား ကျိန်ဆိုခြင်းမပြုမှီကတည်းက သူ၏ယုံကြည်ခြင်းသည် စုံလင်နေခဲ့ပါသည်။ ထို့အပြင်မကသေးပါ၊ ထိုကျိန်ဆိုမှုကို သူ့အတွက်ပေးခဲ့သည်မှန်လျှင်၊ ထိုကျိန်ဆိုမှုကို မှတ်တမ်းအဖြစ်ရေးသားချန်ရစ်ထားစရာအကြောင်းလည်း မရှိပါချေ။ အဘယ့်ကြောင့်ဆိုသော် ဤမှတ်တမ်းကိုမပြုစုမရေးသားမှီအချိန် နှစ်ပေါင်းများစွာကတည်းက အာဗြဟံသေဆုံးသွားခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ကတိတော်ကို အမွေခံရသောသူတို့သည်၊ ဘုရားသခင်၏ အကြံအစည်တော်မဖေါက်ပြန်နိုင်ကြောင်းကို အတပ်သိစေခြင်းငှါ၊ ဘုရားသခင် အလိုတော်ရှိတော်မူပါသည်။ ထိုကြောင့်သူသည် မိမိ၏ကတိတော်ကို ကျိန်ဆိုမှုတစ်ခုအားဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

## ခရစ်တော်တစ်ပါးတည်း၌သာ

ကတိတော်ကိုအမွေခံကြမည့် အမွေခံများကား အဘယ်သူနည်း။ -- ဤမေးခွန်း၏အဖြေကို နောက်စာကြောင်းတစ်ကြောင်းတွင် တင်ပြထားပါသည်။ ထိုကျိန်ဆိုခြင်းကို ပေးခဲ့ခြင်းအရာမှာ၊ "ငါတို့သည် သက်သာအားကြီးကြမည်အကြောင်းတည်း။" ထိုကျိန်ဆိုခြင်းကို ကျွန်ုပ်တို့အတွက် ပေးထားခဲ့ခြင်းဖြစ်ပါသည်။ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်သည် ကျွန်ုပ်တို့နှင့်သက်ဆိုင်ကြောင်းကို ဤကျိန်ဆိုမှုက ပြသပေးပါသည်။ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်ကြပြီး၊ ကတိတော်နှင့်အညီ အမွေခံအရာ၌တည်ကြပါသည်။ ခိုလှုံရာအတွက်ခရစ်တော်ထံတော်သို့ ကျွန်ုပ်တို့ပြေးလာကြသည့်အခါတွင် ကျွန်ုပ်တို့အား နှစ်သိမ့်အားပေးမည့်အရာတစ်ခုအနေဖြင့် ဤကျိန်ဆိုမှု (အကျိန်)ကို ပေးထားတော်မူခဲ့ခြင်းဖြစ်သည်။

အာဗြဟံနှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်နှင့်တကွ ထိုပဋိညာဉ်ထဲတွင်ပါရှိသမျှသော ကတိတော်အလုံးစုံတို့သည် ဧဝံဂေလိတရားစစ်စစ်ပင်ဖြစ်ကြောင်းကို နောက်ဆုံးကောက်နှုတ်ပြထားပေးသည့်ကျမ်းက အလွန်ရှင်းလင်းစွာ ပြပေးထားပါသည်။ ထိုကျိန်ဆိုမှုသည် ကတိတော်ကို ထောက်ခံပြပေးပါသည်။ ခိုလှုံရာအတွက် ခရစ်တော်ထံတော်သို့ ကျွန်ုပ်တို့ပြေးလာကြသည့်အခါတွင်လည်း ထိုကျိန်ဆိုမှုက ကျွန်ုပ်တို့ကို သက်သာမှု (နှစ်သိမ့်မှု) ပေးပါသည်။ ထို့ကြောင့် ကတိတော်ကို ယေရှုခရစ်တော်၌သာ ရယူနိုင်မည်ဖြစ်ပါသည်။ ထိုသို့ရယူရမည့်အကြောင်းကိုလည်း ကျမ်းပိုဒ်ထဲတွင်ပြထားပေးပါသည်။ ထပ်ခါတလဲလဲ ဖေါ်ပြပေးထားပါသည်၊ "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။" ထိုကတိတော်တွင် ခရစ်တော်နှင့် သူ၏လက်ဝါးကပ်တိုင်တော်မှတဆင့် ဆင်းသက်လာသည့်ကောင်းချီးမင်္ဂလာများမှလွဲပြီး အခြားမည်သည့်အရာမျှ နောက်ထပ် ပါဝင်နေခြင်းမရှိကြောင်းကို ကျွန်ုပ်တို့တွေ့ရပါသည်။ ထို့ကြောင့် "ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်" မှတပါး တခြားမည်သည့်အရာကိုမျှ မသိမမှတ်သည့် တမန်တော်ရှင်ပေါလုက၊ "ဘုရားသခင်သည် ဘိုးဘေးများတို့အား ပေးတော်မူသော ကတိတော်ကိုထောက်၍ မြော်လင့်ခြင်းတရားအကြောင်းကြောင့်၊" စစ်ကြောစီရင်ခြင်းကို ကိုယ်တိုင်ခံရပါသည်ဟု ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။ တမန်တော် ၂၆း၆။ "ဘိုးဘေးများတို့အား ပေးတော်မူသောကတိတော်ကိုထောက်သည့် (ရှေ့ရှုသည့်) မြော်လင့်ခြင်းတရား" သည်

ခရစ်တော်အားဖြင့် "ကိုယ်ရှေ့ (ငါတို့၏အရှေ့) ၌ထားသော မျှော်လင့်ရာ" ဖြစ်တော်မူပြီး၊ ထိုမျှော်လင့်ရာသည်လည်း အာပြဟံအား ဘုရားသခင်ပြုတော်မူခဲ့သည့်ကျိန်ဆိုမှုအားဖြင့် "သာ၍" ခိုင်လုံနေပေတော့သည်။

ဘုရားသခင်၏ကျိန်ဆိုမှုသည် ပဋိညာဉ်တရားကို အတည်ပြုပေးပါသည်။ ကျွန်ုပ်တို့၏ကိုယ်စားတွင် မေလခိဇေဒက်နည်းတူယဇ်ပုရောဟိတ်အဖြစ်ဆောင်ရွက်ပေးသောသူဖြစ်သည့် ယဇ်ပုရောဟိတ်ကြီး ခရစ်တော်တည်ရှိရာ တဲတော်သို့ခိုလှုံရာအနေဖြင့်ပြေးလာကြသည့်အခါတွင်၊ ကတိတော်ကိုအတည်ဖြစ်စေသောထိုကျိန်ဆိုမှု (အကျိန်) သည် ကျွန်ုပ်တို့အား ကြီးမားသောစိတ်သက်သာမှု (နှစ်သိမ့်မှု) ကို ပေးတော်မူပါသည်။ ထို့ကြောင့် အာပြဟံ၌ပြုတော်မူခဲ့သည့် ကျိန်ဆိုမှုသည်၊ ခရစ်တော်အား မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်အဖြစ်သို့ ရောက်ရှိစေတော်မူခဲ့သည့် ကျိန်ဆိုမှုနှင့် အတူတူပင်ဖြစ်ပါသည်။ ဤအကြောင်းကို၊ ခရစ်တော်အား ယဇ်ပုရောဟိတ်ဖြစ်စေတော်မူသည်ဆိုသည့်တင်ပြချက်ထဲတွင် ရှင်းလင်းစွာ ပြသထားပေးပါသည်။ "ယေရှုမူကား၊ အကျိန်တော်မရှိဘဲ ယဇ်ပုရောဟိတ်အရာကိုမရ၊ ထာဝရဘုရားက၊ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊ နောက်တဖန် စိတ်ပြောင်းလဲခြင်းရှိတော်မမူသည်နှင့်အညီ၊ ယေရှုသည် အကျိန်တော်ကိုခံ၍ ယဇ်ပုရောဟိတ်အရာကိုရသည်အတိုင်း၊" (ဟေဗြဲ ၇း၂၁)။ ထိုသို့ သူသည်ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသည့်အတွက်ကြောင့် သူ့အားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်လာသောသူတို့ကို ကယ်တင်ခြင်းငှါ သူတတ်စွမ်းနိုင်တော်မူပါသည်။

ခရစ်တော်အား မေလခိဇေဒက်နည်းတူသောယဇ်ပုရောဟိတ်အဖြစ်သို့ ရောက်ရှိစေခဲ့သည့် ကျိန်ဆိုမှုနှင့်၊ ထိုခရစ်တော်အား "သာ၍မြတ်သောပဋိညာဉ်တရား" တည်းဟူသော အသစ်သောပဋိညာဉ်တရား၏အာမခံအရာသို့ ရောက်ရှိစေသည့် ကျိန်ဆိုမှုတို့သည် တစ်ခုတည်းသောကျိန်ဆိုမှုပင်ဖြစ်ပေသည်။ (အခန်းငယ် ၂၂) ။ မေလခိဇေဒက်နည်းတူယဇ်ပုရောဟိတ်အဖြစ်သို့ ခရစ်တော်အား ရောက်ရှိစေခဲ့သည့် ထိုကျိန်ဆိုမှုနှင့် အာပြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်တရားအား အတည်ပြုပေးခဲ့သည့် ကျိန်ဆိုမှုသည်လည်း အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် အာပြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်တရားသည် အသစ်သောပဋိညာဉ်တရားနှင့် တပ်တူညီနေသည်ကိုတွေ့ရပါသည်။ အာပြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်ထဲတွင် မပါရှိသည့်မည်သည့်အရာတစ်စုံတစ်ခုမျှ အသစ်သောပဋိညာဉ်ထဲတွင်ပါရှိမနေပါချေ။ အာပြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်ဖြင့် အာပြဟံ၏သား ဖြစ်မလာသောသူသည် အသစ်သောပဋိညာဉ်ထဲတွင် ပါဝင်နိုင်ခွင့်ရှိမည်မဟုတ်ပါချေ။

အာပြဟံအားပေးတော်မူခဲ့သည့် ဘုရားသခင်၏ကတိတော်တစ်ခုတည်း၌သာတည်ရှိတော်မူသည့် ဧဝံဂေလိတရားတော်ကို မသိမြင်ကြသောသူများတို့သည် ကြီးမားအံ့ဩဖွယ်ရာ (သက်သာမှု) နှစ်သိမ့်မှုကြီးကို လက်လွတ်ဆုံးရှုံးသွားကြရပါသည်။ ဘုရားသခင်၏အကျိန်မှ ပေးသနားတော်မူသည့် "သက်သာအားကြီးခြင်း" (ခေ႐ိ) ကြီးမားသောနှစ်သိမ့်မှုသည် ခရစ်တော်၏အမှုတော်လုပ်ငန်းတွင်ပါရှိနေပါသည်။ သူ၏အမှုတော်လုပ်ငန်းအကြောင်းကို အောက်ပါအတိုင်းတင်ပြထားပါသည်။ "ခရစ်တော်သည် လူတို့၏ အပြစ်ဖြေစရာအကြောင်းကိုစီရင်၍၊ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့်ငြင်း၊ သစ္စာနှင့်ငြင်း ပြည့်စုံသော ယဇ်ပုရောဟိတ်အကြီးဖြစ်အံ့သောငှါ၊...."။ ယဇ်ပုရောဟိတ်တစ်ပါးအနေဖြင့် သခင်ခရစ်တော်သည် မိမိ၏အသွေးတော်ကို ဆက်ကပ်တော်မူပြီး၊ ကျွန်ုပ်တို့အနေဖြင့်လည်း ထိုအသွေးတော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြရုံသာမက၊ အပြစ်ခွင့်လွှတ်ခြင်းကိုပါ ခံရပါတော့သည်။ ယဇ်ပုရောဟိတ်တပါးအနေဖြင့် သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကရုဏာတော်ကို ပြင်ဆင်ပေးရုံသာမက၊ "တော်လျော်သော မစခြင်းကျေးဇူးတော်" ကိုပါ ပြင်ဆင်ပေးတော်မူပါသည်။ ဤပြင်ဆင်ပေးမည်ဆိုသည့်စကားကို "လူမျက်နှာကိုထောက်တော်မမူ" ပဲ ဘုရားသခင်၏ကျိန်ဆိုမှုအားဖြင့် ကျွန်ုပ်တို့၌ အာမခံကြားပြောပေးထားပါသည်။

## "သက်သာအားကြီးခြင်း (ကြီးမားသောနှစ်သိမ့်မှု)"

ကျူးလွန်မိခဲ့သည့်အပြစ်များနှင့်၊ အမျိုးမျိုးသောမိမိ၏အားနည်းခြင်း၊ မထိုက်တန်ခြင်းများအကြောင်းကို ပြန်လည်စဥ်းစားသုံးသပ်လိုက်ခြင်းအားဖြင့် စိတ်ပျက်အားလျော့နေသည့် စိုးရိမ်တုန်လှုပ်နေသောသနားဖွယ်ရာ လူသားတစ်ဦးရှိနေပါသည်။ ဘုရားသခင်သည် မိမိအားလက်မခံတော့မည်ကို သူအနေဖြင့်ကြောက်နေမိသည်။ ဘုရားသခင်အနေဖြင့် မိမိအား အာရုံစိုက်ရလောက်အောင် မိမိသည် ထိုသခင်အတွက် အရေးပါလိမ့်မည်မဟုတ်ဟု သူ့အနေဖြင့် တွေးထင်မိနေသည်။ မိမိအနေဖြင့် ပျောက်ဆုံးသွားမည်ဆိုလျှင်လည်း အခြားသူများအနေဖြင့်ရော၊ ဘုရားသခင်အနေနှင့်ပါ သူအဖို့ ဘာမျှခံစားမိကြမည်မဟုတ်ပါဟုလည်း သူတွေးနေမိသည်။ ထိုသို့သောသူအား ဘုရားသခင် မိန့်ကြားတော်မူသည်ကား၊... "ဖြောင့်မတ်ခြင်းတရားသို့လိုက်၍ ထာဝရဘုရားကို ရှာသောသူတို့၊ ငါ့စကားကို နားထောင်ကြလော့။ သင်တို့ကို ခုတ်ယူရာကျောက်နှင့်၊ တူးယူရာတွင်းဝကို ကြည့်ရှုကြလော့။ သင်တို့၏အဘ အာဗြဟံနှင့်၊ သင်တို့ကို ဘွားသောသူစာရာတို့ကို ကြည့်ရှုကြလော့။ ငါသည် တယောက်တည်းသောသူ အာဗြဟံကိုခေါ်၍၊ ကောင်းကြီးပေးသဖြင့် များပြားစေ၏။ ထိုသို့နှင့်အညီ၊ ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံ့ရာ အရပ်အလုံးစုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို ဒေင်အရပ်ကဲ့သို့၎င်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ဥယျာဉ်ကဲ့သို့၎င်း ဖြစ်စေတော်မူသဖြင့်၊ ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်လန်းခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့် ပြည့်စုံလိမ့်မည်။" ဟေ ၅၁း ၁-၃။

တပါးအမျိုးသားတစ်ဦးဖြစ်သော အာဗြဟံကိုကြည့်ပါ။ သူ့အတွက်ဘုရားသခင်က မည်သည့်အရာလုပ်ဆောင်ပေးခဲ့သည်၊ မည်သည့်ကတိကိုပေးခဲ့သည်၊ ထိုကတိကိုလည်း ကျွန်ုပ်တို့အဖို့အလို့ငှါ မိမိကိုယ်ကိုတိုင်တည်တော်မူပြီးမှ ကျိန်ဆိုခဲ့သည့်ကျိန်ဆိုမှုမျိုးဖြင့် မည်ကဲ့သို့အတည်ပြုသွားခဲ့သည်ကို သင့်အနေဖြင့် ပြန်ပြီးကြည့်မြင်လိုက်ပါ။ သင်သည် လွန်စွာမိုက်မှောင်ကျနေပြီး၊ အရေးမပါတော့သည့်အတွက်ကြောင့် သင်ဆုံးရှုံးခြင်းသို့ရောက်မည်ဆိုပါကလည်း ဘုရားသခင်အနေဖြင့် သင့်အား ဘာမျှအရေးလုပ်နေလိမ့်မည် မဟုတ်ဟု သင်တွေးထင်နေသည်။ အဘယ့်ကြောင့် ထိုသို့တွေးထင်ရသနည်း။ သင်၏ ထိုက်တန်ခြင်း၊ မထိုက်တန်ခြင်းအမှုသည် အရေးပါခြင်းမရှိပါ မိတ်ဆွေ။ ဘုရားသခင်က၊ "ငါတပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့်၊ သင်၏အပြစ်တို့ကိုဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကိုမအောက်မေ့။"ဟု မိန့်ကြားထားတော်မူပါသည်။ ဟေရှာယ ၄၃း၂၅။ သို့ဆိုလျှင်၊ ကျွန်ုပ်၏အပြစ်များကို သူ့အတွက်ကြောင့် ဖြေပေးလိမ့်မည်လော။ မှန်ပါသည်မိတ်ဆွေ၊ လုံးဝသေချာပါသည်။ ကျွန်ုပ်တို့အားချစ်တော်မူသည့် မိမိ၏ကြီးမားသောမဟာမေတ္တာတော်ကြောင့်၊ ထိုအမှုကိုပြုလုပ်ပေးဖို့ရန် သူသည်မိမိကိုယ်ကို ဆုံးဖြတ်သတ်မှတ်ထားခဲ့ပြီးဖြစ်ပါသည်။ ယေရှုခရစ်တော်အားဖြင့် မိမိအထံတော်သို့ရောက်ရှိလာကြသောသူများအားလုံးတို့ကို ကယ်တင်ရန်အဖို့အလို့ငှါ ဘုရားသခင်သည် မိမိကိုယ်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူခဲ့လေပြီ။ "ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကို ငြင်းပယ်တော်မမူနိုင်" ပါချေ။ ၂တိ ၂း၁၃။

ဘုရားသခင်သည် ကိုယ်ကိုတိုင်တည်တော်မူသည့်အကြောင်းကို စဥ်းစားကြည့်ပါ။ ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကိုကယ်တင်ခြင်းပေးဖို့ရန် သူသည် မိမိကိုယ်ကိုမိမိပြန်ပြီး ကတိသစ္စာပြုခဲ့ခြင်းပင်ဖြစ်သည်။ သူသည် မိမိကိုယ်ကို အပေါင်ခံထားခဲ့လိုက်ပါသည်။ ကျွန်ုပ်တို့သည် သူ့အားယုံကြည်ပြီးသေလွန်သွားကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့အဖို့ ပေးသနားထားတော်မူသည့်သူ၏အသက်သည် ကျွန်ုပ်တို့အတွက်ရှိနေလိမ့်မည်ဖြစ်သည်။ သင်သည် အရေးပါသည်မပါသည်၊ ထိုက်တန်သည် မတန်သည်မှာ အဓိကမကျပါချေ။ ကျွန်ုပ်တို့သည် "အဘယ်မျှမဟုတ်သောအရာထက် သာ၍ငယ်" သောသူများပင်ဖြစ်ကြသည်ဟု ဘုရားသခင်ကိုယ်တော်တိုင် ပြောထားပြီးဖြစ်သည်။ ဟေရှာယ ၄၀း ၁၇။ "ကျွန်ုပ်တို့သည် ကိုယ်ဘိုးငွေကို မရဘဲ ကျွန်ခံကြ (ကိုယ့်ကိုယ်ကို ရောင်းစားကြ)" ပြီး ဟု ဘုရားသခင်ကမိန့်တော်မူထားပါသည်။ (ဟေရှာယ ၅၂း၃)။ ဤအချက်

က ကျွန်ုပ်တို့၏ တန်ဖိုးအမှန်ကိုပြသပေးနေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ငွေမပေးပဲ ရွေးနှုတ်ခြင်းကိုခံကြရပြီးဖြစ်သည်။ ခရစ်တော်၏ အဖိုးထိုက်တော်မူသော အသွေးတော်အားဖြင့်ပင် ရွေးနှုတ်ခံထားရကြပါသည်။ ခရစ်တော်၏အသွေးဆိုသည်မှာ ခရစ်တော်၏အသက်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၌ ပေးသနားထားတော်မူသော ထိုခရစ်တော်၏အသက်သည်လည်း ကျွန်ုပ်တို့အား ထိုခရစ်တော်၏ကြွယ်ဝခြင်းအားခံစားရသောအခွင့်ကို ပေးတော်မူပါသည်။ မေးခွန်းတစ်ခုရှိပါသည်။ ဘုရားသခင်သည် မိမိ၏ကျိန်ဆိုခြင်းအမှုကို မေ့လျော့သွားနိုင်ပါသလော။ (သို့) ပယ်ဖျက်သွားနိုင်ပါမည်လော။ အဖြေမှာ၊ ကျွန်ုပ်တို့၌ မဖောက်ပြန်မပြောင်းလဲနိုင်သောအရာနှစ်ပါးရှိသည်၊ ထိုအရာနှစ်ပါးတွင် "ဘုရားသခင်သည် မုသာမသုံးနိုင်" ပါချေ။

ထိုကတိတော်နှင့် ထိုကျိန်ဆိုခြင်းတို့ကို ပါယ်ဖျယ်လိုက်မည်ဆိုလျှင် မည်သည့်အရာများပါ ပါသွားလိမ့်မည်ကို သင့်အနေဖြင့်စဉ်းစားသုံးသပ်ကြည့်နိုင်ပါသည်။ ကတိတော်ကို ဆောင်ယူပေးလာသည့် ဘုရားသခင်၏နှုတ်ထွက်စကားတော် (နှုတ်ကပတ်တော်) သည်၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူခဲ့ပြီး၊ ထိုကောင်းကင်နှင့်မြေကြီးတို့ကို ထောက်မထားတော်မူသော နှုတ်ကပတ်တော်ပင်ဖြစ်သည်။ "အထက်သို့မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှ မပေါ်ဘဲမနေရ။ အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကို ထာဝရဘုရား သိတော်မမူဟု အဘယ်ကြောင့်ပြောသနည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကို သင်၏ဘုရားသခင်မှတ်တော်မမူဟု၊ အဘယ်ကြောင့်ဆိုရသနည်း။" ဟေရှာယ ၄၀း၂၆-၂၇။ ဤဟေရှာယ အခန်းကြီး ၄၀ ၏ အရှေ့ပိုင်းအခန်းငယ်များတွင်၊ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူခဲ့သည့် ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်းကို ပြောဆိုတင်ပြထားပါသည်။ ထိုနှုတ်ကပတ်တော်သည် အစဉ်အမြဲတည်ရလိမ့်မည်ဖြစ်ကြောင်းကိုလည်း ထိုအရှေ့ပိုင်းတွင်တင်ပြထားပါသည်။ ထိုအကြောင်းအရာကို တမန်တော်ပေတရုက ပြန်လည်ကိုးကားချက်ယူပြီး၊ "ထိုနှုတ်ကပတ်တော်သည်၊ သင်တို့အား ဟောပြောသော ဧဝံဂေလိတရားဖြစ်သတည်း။" ဟု ထပ်မံတင်ပြထားခဲ့ပါသည်။ ၁ပေ ၁း၂၅။

စကြဝဠာကို ထောက်ပင့်ထားတော်မူ၍ မရေမတွက်နိုင်အောင်များပြားသည့် ကြယ်များတို့ကို မိမိတို့၏တည်နေရာအတိုင်း နေရာချပေးတော်သည့်အရာမှာ ယေရှုခရစ်တော်တွင်တွေ့ရှိရသော ဘုရားသခင် ၏ နှုတ်ကပတ်တော်ပင်ဖြစ်ပေသည်။ "ခပ်သိမ်းသောအရာတို့သည် သူ့အားဖြင့် တည်တော်မူ၏။" အကယ်၍သာ သူသည်ကျရှုံးမှုရှိခဲ့မည်ဆိုလျှင် စကြဝဠာကြီးသည်လည်း အစိတ်စိတ်အမွှာမွှာဖြစ်သွားပေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်သည်သေချာတိကျမှုရှိသကဲ့သို့ သူ၏နှုတ်ထွက်စကားတော်သည်လည်း သေချာတိကျမှုရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် မိမိ၏နှုတ်ထွက်စကားတော်ကို မိမိ၏ကျိန်ဆိုခြင်းအမှုအားဖြင့်ထောက်ခံပြထားပေးသည့် အတွက်ကြောင့်ဖြစ်သည်။ သူသည် မိမိ၏ဖြစ်တည်ခြင်းကို အဓိဋ္ဌာန်ပြု တိုင်တည်လိုက်ပြီး မိမိ၏နှုတ်ထွက်စကားတော်ကို သက်သေပြသွားခဲ့သည်။ လောကကမ္ဘာကြီးတွင်ရှိသော နိမ့်ချမှုအရှိဆုံးလူသားတစ်ဦး၌ ထားတော်မူခဲ့သည့် သူ၏ကတိစကားသည် ပျက်ကွက်သွားခဲ့မည်ဆိုလျှင် သူကိုယ်တိုင်သည်လည်း မျက်နှာပျက်သွားရလိမ့်မည်ဖြစ်ပြီး၊ မရှိမသေပြုခြင်းကိုခံရလိမ့်မည်ဖြစ်ကာ၊ သူ့အနေဖြင့်လည်း နန်းချခြင်းခံရလိမ့်မည်ဖြစ်သည်။ စကြဝဠာကြီးသည်လည်း ပရမ်းပတာဖြစ်သွားမည်ဖြစ်ပြီး၊ လုံးဝပျက်သုဉ်းသွားရပေလိမ့်မည်။

ထို့ကြောင့် ယေရှုခရစ်တော်ကိုအမှီပြု၍ ကယ်တင်ခြင်းတရားကို ရှာဖွေကြသောအသက်ဝိညာဉ်တိုင်း ကယ်တင်ခြင်းခံရမည်ဆိုသည့်အချက်ကို  အာမခံပေးဖို့ရန်အတွက် စကြဝဠာတစ်ခုလုံးသည် လျောက်ပတ်စွာတည်နေလျက်ရှိပါသည်။ စကြဝဠာထဲတွင်ပေါ်လွင်ထင်ရှားနေသည့် တန်ခိုးတော်သည်၊ အားနည်းသောသူအား ကူညီထောက်ပံ့ပေးမည့် ဝန်ခံကတိပြုထားတော်မူသည့်တန်ခိုးတော်ပင်ဖြစ်သည်။ အကြောင်းတရားတည်ရှိနေသ၍ ဘုရားသခင်၏နှုတ်ထွက်စကား (နှုတ်ကပတ်တော်) သည်လည်း ခိုင်လုံတည်တံ့မှုရှိနေ

မည်ဖြစ်သည်။ (တနည်းအားဖြင့် - ဘုရားသခင်၏နှုတ်ထွက်စကားသည် အကြောင်းကိစ္စတစ်စုံတစ်ရာမရှိပဲ နှင့်တော့ ဖြစ်တည်ခိုင်လုံမှုရှိမလာတတ်။) "အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ် အမြဲတည်ပါ၏။" အကယ်၍ သင်သည် ပေးထားတော်မူသောကယ်တင်ခြင်းကို လက်လွတ်ဆုံးရှုံးသွားခဲ့သည် ဆိုလျှင် ထိုဆုံးရှုံးမှုသည် သင့်အတွက်ဝမ်းနည်းစရာဆုံးရှုံးမှုတစ်ခုဖြစ်သွားမည်ဖြစ်သည်။ (တနည်းအားဖြင့် - သင်၏ဆုံးရှုံးမှုဖြစ်သွားမည်ဖြစ်သည်)။ သို့ရာတွင် ဘုရားသခင်ဘက်ကဖြစ်ပေါ်သည့်ချို့ယွင်းမှု၊ ချွတ်ချော်မှု တစ်စုံတစ်ခုကြောင့်နှင့် သင်သည် ကယ်တင်ခြင်းကိုဆုံးရှုံးသွားရသည်ဆိုလျှင် ထိုဆုံးရှုံးမှုသည် ဘုရားသခင် အတွက် သာ၍ကြီးမားသောဆုံးရှုံးမှုတစ်ခု ဖြစ်သွားမည်ဖြစ်သည်။ (တနည်းအားဖြင့် ဘုရားသခင်၏ဆုံးရှုံးမှု ဖြစ်သွားမည်ဖြစ်သည်)။

ထို့ကြောင့် ယခင်က သံသယစိတ်နှင့်ပြည့်ဝနေခဲ့သည့် အသက်ဝိညာဉ် (လူသား)သည် ဤသီချင်း ကိုဆိုပါစေ၊...

"သူ၏အကျိန်၊ သူ၏ပဋိညာဉ်၊ သူ၏အသွေးတော်သည် လွှမ်းမိုးသောလှိုင်းတံပိုးများထဲတွင်ရှိ သော အကျွန်ုပ်ကို ထောက်ပင့်ကူညီတော်မူ၏၊ အကျွန်ုပ်၏စိတ်ဝိညာဉ်အားပျက်နွမ်းလျနေချိန်တွင်၊ သူသည် အကျွန်ုပ်၏တစ်ခုတည်းသော မြော်လင့်ရာ၊ ခိုကိုးရာဖြစ်တော်မူ၏။"

## ၁၁း အာဗြဟံအားခေါ်တော်မူခြင်း – အောင်နိုင်မည်ဟူသောကတိတော်
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လှိုင် ၁၆၊ ၁၈၇၆

ကတိတော်အကြောင်းနှင့် ထိုဂတိတော်အားအတည်ပြုပေးတော်မူသည့် အကျိုန်တို့အကြောင်းကို ထပ်ခါတလဲလဲတင်ပြထားရာ၊ ထိုတင်ပြချက်များကို ကျွန်ုပ်တို့အနေဖြင့် လေ့လာလာခဲ့ကြပြီးဖြစ်ပေသည်။ သို့ရာတွင် အထူးပြုပြီးမှ လေ့လာမှတ်သားမှုမပြုရသေးသည့် အလွန်အရေးကြီးသော ကတိတော်ဆိုင်ရာအကြောင်းအရာတစ်ခုသည် ကျန်ရစ်နေပါသေးသည်။ ထိုအကြောင်းအရာကား၊ "သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။" ကမ္ဘာ ၂၂း၁၇။ ဤအချက်ကို အသေအချာအာရုံစိုက်ဖို့ကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ဧဝံဂေလိတရားတော်၏ ပြီးပြည့်စုံခြင်းအကြောင်းအရာကို ဤအချက်တွင် တင်ပြပေးထားသောကြောင့်ဖြစ်သည်။

"ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" ဆိုသည့်အချက်ကို ဘယ်သောအခါမျှ မမေ့ထားလိုက်ပါနှင့်။ ဂလာတိ ၃း၁၆။ အမျိုးအနွယ်တစ်ယောက်တည်းရှိပါသည်။ ထိုသူမှာ ခရစ်တော်ပင်ဖြစ်ပါသည်။ သို့ရာတွင် "ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ" များပင်ဖြစ်ပြီး၊ သူတို့သည် ယေရှုခရစ်တော်၌ တလုံးတဝတည်းဖြစ်ကြသောသူများပင်ဖြစ်ကြပေသည်။ ထို့ပြင်မက "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။" အခန်းငယ် ၂၉။ ထိုအမျိုးအနွယ်ဆိုသည်မှာ ခရစ်တော်နှင့် သူနှင့်စပ်ဆိုင်သောသူများပင်ဖြစ်ကြပါသည်။ အခြားမရှိပါချေ။ ကျမ်းစာထဲတွင် မည်သည့်နေရာတွင်မျှ အာဗြဟံ၏အခြားသောအမျိုးအနွယ်အကြောင်းကို ဖော်ပြပေးထားခြင်းမရှိပါချေ။ ထို့ကြောင့် အာဗြဟံအားပေးတော်မူခဲ့သည့် ကတိတော်သည် ဤသို့သောအဓိပ္ပါယ်ရှိပါသည်၊...ခရစ်တော်နှင့် ထိုခရစ်တော်နှင့်စပ်ဆိုင်သောသူများတည်းဟူသော သင်၏အမျိုးအနွယ် သည် မိမိရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။

တစ်ယောက်သောသူအားဖြင့် အပြစ်တရားသည် လောကထဲသို့ဝင်ရောက်လာခဲ့သည်။ ခရစ်တော်၏အဓိကရန်သူကြီးတည်းဟူသော စာတန်အားဖြင့် စုံစမ်းခြင်းဝင်ရောက်လာခဲ့သည်။ စာတန်နှင့်သူ၏ ဗိုလ်ခြေများတို့သည် ခရစ်တော်နှင့်တကွ ခရစ်တော်နှင့်စပ်ဆိုင်သောအရာဟူသမျှတို့၏ ရန်သူများပင်ဖြစ်ပေသည်။ သူတို့သည် ကောင်းသောအမှုရှိရှိသမျှတို့၏ ရန်သူများဖြစ်ကြသည်။ လူသားအားလုံးတို့၏ရန်သူများဖြစ်ကြသည်။ ပေါင်းပင်မျိုးစေ့ကို ကြဲသော "ရန်သူ" မှာ မာရ်နတ်ပင်ဖြစ်သည်။ "စာတန်" ဆိုသည့်နာမည်၏ အဓိပ္ပါယ်မှာ ရန်သူပင်ဖြစ်သည်။ "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။" ၁ပေ ၅း၈။ အာဗြဟံ၏အမျိုးအနွယ်သည် ရန်သူ၏မြို့တံခါးကိုအစိုးရ ရမည်ဆိုသကတိတော်သည်၊ ယေရှုခရစ်တော်အားဖြင့် အပြစ်တရားနှင့် စာတန်ကိုအောင်နိုင်ရမည်ဆိုသည့် ကတိတော်နှင့်အတူတူပင်ဖြစ်ပါသည်။

ဤအကြောင်းအရာကို သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေခဲ့စဉ်အချိန်၌ တင်ပြပြောဆိုသွားခဲ့သည့် ယဇ်ပုရောဟိတ်ဇာခရိ၏စကားချက်ထဲတွင် ဖော်ပြပေးထားပါသည်။ သူ့အနေဖြင့် ပုရောဖက်ပြုပြီး ဤသို့မိန့်မြွက်ခဲ့လိုက်ပါသည်။ "ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ပေါ်ထွန်းသော မိမိသန့်ရှင်းသောပရောဖက်တို့နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ၊ ငါတို့သည် ရန်သူဘေးနှင့်ကင်းလွတ်၍ ဘုရားသခင့်ရှေ့တော်၌ တသက်လုံး သန့်ရှင်းဖြောင့်မတ်ခြင်းပါရမီအားဖြင့် ဘုရားဝတ်ကိုရဲရင့်စွာပြုရသောအခွင့်ကိုပေးမည်ဟု ငါတို့အဘအာဗြဟံ

အား ကျိန်ဆိုခြင်း ကတိတော်တည်းဟူသောသန့်ရှင်းသောပဋိညာဉ်တရားကို အောက်မေ့တော်မူသဖြင့်ငှင်း၊ ငါတို့ဘိုးဘေးများနှင့် ဝန်ခံတော်မူသော သနားခြင်းကျေးဇူးကို ပြုတော်မူသဖြင့်ငှင်း၊ မိမိလူမျိုးကို အကြည့်အရှုကြွလာလျက် ရွေးနှုတ်ခြင်းကျေးဇူးကိုပြုတော်မူ၍ ငါတို့ကိုရန်သူလက်မှငှင်း၊ မုန်းသောသူရှိသမျှတို့လက်မှငှင်း ကယ်လွှတ်မည်အကြောင်း၊ ကယ်လွှတ်ခြင်းဦးချိုကို မိမိကျွန်ဒါဝိဒ်အမျိုးထဲ၌ ငါတို့အားပေါ်ထွန်းစေတော်မူပြီ။" လုကာ ၁း၆၈-၇၅။

ဤစကားသည် ခရစ်တော်၏ရှေ့တော်ပြေးဖြစ်သူ၊ နှစ်ခြင်းဆရာယောဟန် ဖွားမြင်လာခဲ့သည့် အခါတွင် မြွက်ဆိုခဲ့သည့်စကားပင်ဖြစ်ပါသည်။ ဤစကားသည် ကျွန်ုပ်တို့လေ့လာနေကြသည့် အကြောင်း အရာများဖြစ်ကြသည့် ကတိတော်နှင့်ကျိန်ဆိုမှုတို့မှ တိုက်ရိုက်ကိုးကားထားသည့် စကားပင်ဖြစ်သည်။ ဤစကားသည် သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုအားဖြင့် ထွက်ပေါ်လာခဲ့သည့်စကားဖြစ်သည်။ ထို့ ကြောင့် ကျွန်ုပ်တို့ရန်သူများ၏မြို့တံခါးကို ကျွန်ုပ်တို့သည် အစိုးရရလိမ့်မည်ဆိုသည့်ကတိစကား၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ စာတန်နှင့်စပ်ဆိုင်သောဗိုလ်ခြေများတို့၏တန်ခိုးအာဏာစက်မှ လွတ်မြောက်ခြင်းပင်ဖြစ်သည်ဟု မှတ်ယူထားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ပွဲပြင်မှုနှင့် အံဝင်ခွင်ကျဖြစ်နေပါသည်။ တစ်ကျိပ်နှစ်ပါးသောတပည့်တော်များကို စေလွှတ်တော်မူခဲ့စဉ်က၊ ခရစ်တော်သည် သူတို့အား "နတ်ဆိုးအပေါင်းတို့အား နိုင်သောအခွင့် တန်ခိုး"ကို ပေးတော်မူခဲ့ပါသည်။ လုကာ ၉း၁။ ဤတန်ခိုးသည် ဘုရားသခင်၏အသင်းတော်ကြီးနှင့်အတူ နောက်ဆုံးသောအချိန်ကာလတိုင်အောင် ရှိတော်မူမည့် တန်ခိုးတော်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ "ယုံကြည်သောသူတို့၌ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတံ့။" ဟု ခရစ်တော်က မိန့်ထားတော်မူခဲ့ခြင်းကြောင့်ဖြစ်သည်။ မာကု ၁၆း၁၇။ တဖန်၊ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့ သွား၏။" ဟုတင်ပြထားပြန်ပါသည်။ ယောဟန် ၁၄း၁၂။

သို့ရာတွင် သေခြင်းတရားသည် အပြစ်တရားနှင့်အတူတကွဝင်ရောက်လာခဲ့ပါသည်။ စာတန်သည် အပြစ်တရားကိုအစပျိုးခဲ့သောသူ ဖြစ်ခဲ့သည့်အလျောက် သူ၌ သေခြင်း၏တန်ခိုးသည် တည်ရှိနေပါသည်။ သေခြင်းတရားဟူသည့်အရာသည် မိတ်ဆွေတစ်ဦးသာဖြစ်ပါသည်ဟု မိစ္ဆာဒိဋ္ဌိအယူဝါဒ၏ဘာသာရေးသွန်သင်မှုက လူတို့အား သွန်သင်ပေးနေမည်ဖြစ်သည်။ သို့ရာတွင်၊ ရှိရှိသမျှသော မသာထမ်းစင်များတို့နှင့်သေသူအဖို့ကျခဲ့ရသော ခါးသီးသောမျက်ရည်တစ်စက်ချင်းစီတိုင်းတို့က ထိုသေခြင်းတရားဆိုသည့်အရာသည် ရန်သူတစ်ဦးသာဖြစ်ကြောင်းကို ကြွေးကြော်လျက်နေကြပါသည်။ ထိုသေခြင်းအကြောင်းနှင့် ထိုသေခြင်းအားဖျက်စီးပစ်မည့်အကြောင်းတို့ကို ကျမ်းစာတော်မြတ်က ရှင်းလင်းတင်ပြထားပါသည်။ ထိုသေခြင်းတရားအကြောင်းနှင့်ပတ်သက်ပြီး ညီအစ်ကိုများတို့အား မိန့်မြွက်ထားလေသည်မှာ၊ — "လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့။ သို့ရာတွင် လူအသီးအသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးအသီးသောအသီးဖြစ်တော်မူ၏၊ ခရစ်တော်သည် ကြွလာတော်မူသောအခါ၊ တပည့်တော်ဖြစ်သောသူတို့သည် ရှင်ခြင်းသို့ရောက်ကြလိမ့်မည်။ ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ်အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့။ ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဘဝါးတော်အောက်၌ ချထားတော်မမူမီတိုင်အောင် အုပ်စိုးတော်မူရမည်။ နောက်ဆုံးသော ရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရလတံ့။" ၁ ကော ၁၅း ၂၂-၂၆။

အဆုံးသည် ဘုရားသခင်၏ကြွလာခြင်းအချိန်၌ ဖြစ်မည်အကြောင်းကို ဤအချက်က ဖော်ပြနေလျက်ရှိပါသည်။ ထိုကြွလာခြင်းအချိန်သို့ရောက်ရှိလာသောအခါတွင်၊ ခမည်းတော်သည် သားတော်အား

မိန့်မြွက်ထားတော်မူသည့်စကားအတိုင်း ခရစ်တော်၏ရန်သူရှိသမျှတို့သည် ထိုခရစ်တော်၏ခြေဘဝါးအောက်၌ ချထားခြင်းခံရကြလိမ့်မည်ဖြစ်သည်။ သားတော်အားမိန့်မြွက်ထားတော်မူခဲ့လေသည်မှာ... "သင်၏ ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့။" ဆာလံ ၁၁ဝး ၁။ အဖျက်ဆီးခံရမည့် နောက်ဆုံးသောရန်သူကြီးသည် သေခြင်းတရားပင်ဖြစ်ပါသည်။ နောက်ဆုံးသောနေ့ကြီးတွင်၊ သေသောသူ အကြီးအငယ်ရှိသမျှတို့သည် တရားစီရင်ခြင်းကိုခံဖို့ရန်အလို့ငှါ ဘုရားသခင်၏ရှေ့တော်၌ ရပ်လျက်နေကြရမည်ကို ရူပါရုံထဲတွင် ယောဟန်တွေ့မြင်ခဲ့ရပါသည်။ သိုးသငယ်၏အသက်စာစောင်ထဲတွင် စာရင်းမဝင်ကြသည့်သူအပေါင်းတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လိုက်သည်ကို သူတွေ့မြင်ခဲ့ရသည်။ "ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်း ဖြစ်သတည်း။" "ပဌမမြောက်သေခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြလိမ့်မည်။" ဗျာဒိတ် ၂ဝး ၁၄၊ ၆။

ရန်သူရှိသမျှတို့ကို အမျိုးအနွယ်ရှိသမျှတို့က အောင်နိုင်ခြင်းမရှိဘူးဆိုလျှင်၊ "သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။" ဆိုသည့်ကတိတော်သည် ပြည့်စုံခြင်းရှိနိုင်လိမ့်မည်မဟုတ်ပါချေ။ ခရစ်တော် အောင်နိုင်သွားခဲ့ပါသည်။ ယခုအချိန်၌ပင် ငါတို့သည် "သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော" သူတည်းဟူသော ဘုရားသခင်အား ကျေးဇူးတင်ချီးမွမ်းနိုင်ပါသည်။ သို့ရာတွင် တိုက်ပွဲကြီးသည် အဆုံးမသတ်သေးပါချေ။ ကျွန်ုပ်တို့ပင်လျှင် ထိုတိုက်ပွဲ၌ ပါဝင်ဆင်နွှဲနေရကြပါသည်။ ယခုအခါတွင် ဘုရားသခင်၏အလံတော်အောက်တွင် မစုရုံးလာကြသေးသော်လည်း နောက်ဆုံးတွင် အောင်နိုင်သောသူများဖြစ်လာကြဦးမည့်သူ မြောက်များစွာရှိနေပါလိမ့်မည်။ ယခုအခါတွင် ဘုရားသခင်နှင့်စပ်ဆိုင်သောသူဖြစ်ကြသော်လည်း နောက်ပိုင်းတွင် ယုံကြည်ခြင်းတရားလမ်းမှ လွဲရှောင်သွားကြမည့်ပုဂ္ဂိုလ်အချို့လည်း ရှိနေလိမ့်ဦးမည်ဖြစ်သည်။ ထို့ကြောင့် ကတိတော်၏ပြည့်စုံခြင်းဆိုသည်မှာ ဧဝံဂေလိလုပ်ငန်းပြီးမြောက်သောအခါနှင့် ဒုတိအကြိမ်ကြွလာသောအခါတွင် ဖြစ်ပျက်လာမည့်အမှုများဖြစ်ကြသည့် ဖြောင့်မတ်သောသူများဟုခေါ်ဝေါ်ခြင်းခံရမည့် အာဗြဟံ၏သားသမီးများတို့၏ရှင်ပြန်ထမြောက်ခြင်းအမှုနှင့် မသေနိုင်သောအဖြစ်ကိုယူတင်ဝတ်ဆောင်သွားခြင်းအမှုပင် ဖြစ်ပေသည်။ အခြားအရာမရှိပါချေ။

"ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်အား ရရှိပိုင်ဆိုင်ထားခြင်းအမှုသည် ခရစ်တော်နှင့်စပ်ဆိုင်သောသူများတို့၏ထူးခြားသော လက္ခဏာတစ်ခုပင်ဖြစ်သည်။ "ခရစ်တော်၏ဝိညာဉ်ကိုမရသော သူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" ဝိညာဉ်တော်ကိုရသောသူတို့သည် ရှင်ပြန်ထမြောက်ရမည်ဆိုသည့် အာမခံချက်ကို ရရှိထားကြပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ "ယေရှုကိုသေခြင်းမှ ထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသောဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ်သောမိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သောသင်တို့၏ ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။" ရောမ ၈း၁၁။

ထို့ကြောင့် အာဗြဟံအားထားတော်မူခဲ့သောကတိတော်နှင့်စပ်ဆိုင်သည့် မျှော်လင့်ခြင်းဆိုသည်မှာ၊ ဘုရားသခင်၏ကြွလာတော်မူခြင်းတွင် ဖြစ်ပျက်လာမည့် သေသောသူတို့၏ ရှင်ပြန်ထမြောက်ခြင်းအမှုပင်ဖြစ်သည်။ ခရစ်တော်၏ကြွလာခြင်းနှင့်စပ်ဆိုင်သည့် မျှော်လင့်ခြင်းသည် အာဗြဟံ၏ခေတ်ကာလအချိန်တွင်သာမက၊ အာဒံ၏ခေတ်ကာလအချိန်မှစ၍ကာလတစ်လျှောက် အသက်ရှင်လာခဲ့ကြသည့် ဘုရားသခင်၏သားသမီးတို့အား ဝမ်းမြောက်ခြင်းကိုပေးလာခဲ့သည့် "မင်္ဂလာရှိသော မျှော်လင့်ရာ" ပင် ဖြစ်ပါသည်။ ယဇ်ပူဇော်ခြင်းအမှုရှိသမျှတို့သည် ရှေ့တွင်ကြွလာမည့်ခရစ်တော်ကို ပြသွန်ပေးခဲ့ပါသည်ဟု ကျွန်ုပ်တို့အနေဖြင့် မကြာမကြာပြောဆိုလေ့ရှိကြပါသည်။ ကျွန်ုပ်တို့ပြောဆိုလေ့ရှိသည့် ထိုစကား၏အနက်အဓိပ္ပါယ်ကို မကြာခဏ

ဆိုသလိုပင်၊ ကျွန်ုပ်တို့အနေဖြင့် မေ့လျော့လုနီးပါး ဖြစ်သွားတတ်ကြပါသည်။ ထိုယဇ်ပူဇော်ခြင်းအမှုတို့သည် အပြစ်လွတ်ခြင်းတရားရရှိလာမည့်အချိန်ကို ပြညွှန်ပေးပါသည် ဆိုသည့်အဓိပ္ပါယ်မျိုး မသက်ရောက်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်အသေခံတော်မူခဲ့သည့်အချိန်မှစ၍၊ ရှေ့ဆက်ကာလတလျှောက် လူသားများရရှိထားကြသည့် ခွင့်လွှတ်ခြင်းတရားကိုပင် ရှေးဘိုးဘေးများအပေါင်းတို့သည်လည်း ရရှိထားခဲ့ကြပြီးဖြစ်သောကြောင့်ဖြစ်သည်။ ထိုသူများထဲတွင် အာဗေလနှင့် ဧနောက်တို့၏အကြောင်းကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သောသူများအနေဖြင့် အထူးပြုပြီး တင်ပြပေးထားပါသည်။ ခရစ်တော်၏ကပ်တိုင်တော်သည် အာဗြဟံ၏ခေတ်ကာလအချိန်အတွက် စစ်မှန်သောအရာတစ်ခုဖြစ်နေခဲ့သကဲ့သို့ပင် ဤကနေ့တွင် အသက်ရှင်နေကြသောသူတိုင်းအတွက်လည်း စစ်မှန်သောအရာတစ်ခုအနေဖြင့် တည်ရှိနေလျက်ရှိပါသည်။

သို့ဖြစ်လျှင် အာဗေလ၏အချိန်ကာလမှစ၍ ခရစ်တော်၏အချိန်ကာလအထိတိုင်အောင် ပြုလုပ်ဆောင်ရွက်လာခဲ့ကြသည့်ယဇ်ပူဇော်ခြင်းအမှုရှိသမျှတို့သည် ခရစ်တော်ကို ပြညွှန်ပေးပါသည် ဆိုသည့်တင်ပြချက်၏ စစ်မှန်သောအရေးပါမှုကား အဘယ်နည်း။ အဖြေမှာ၊ ထိုယဇ်ပူဇော်ခြင်းအမှုတို့သည် ခရစ်တော်၏အသေခံတော်မူခြင်းအမှုကို ဖေါ်ပြပေးသည်ဆိုသည့်အချက်သည် ရှင်းပါသည်။ ထိုအချက်အတွက် နောက်ထပ်တင်ပြစရာမလိုတော့ပေ။ သို့ရာတွင် ရှင်ပြန်ထမြောက်ခြင်းအမှုမရှိခဲ့လျှင် ခရစ်တော်၏အသေခံခြင်းအမှုသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ ရှင်ပေါလုသည် ခရစ်တော်နှင့်ထိုခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းကိုသာ ဟောကြားခဲ့ပါ သည်။ သို့ရာတွင် အားအပါဆုံးဖြင့်သူဟောကြားခဲ့သည့်သတင်းစကားမှာ “ယေရှု၏တရားနှင့် ထမြောက်ခြင်းတရား” သတင်းစကားပင်ဖြစ်ပါသည်။ ခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းကို ဟောပြောခြင်းသည်၊ ထိုခရစ်တော်၏ထမြောက်တော်မူခြင်းအကြောင်းကို ဟောပြောခြင်းပင်ဖြစ်သည်။ သို့ရာတွင် ခရစ်တော်၏ထမြောက်တော်မူခြင်းအမှုထဲတွင်၊ သူနှင့်စပ်ဆိုင်သောသူများအားလုံးတို့၏ရှင်ပြန်ထမြောက်ခြင်းအမှုသည် ပါဝင်နေလျက်ရှိပါသည်။ အာဗြဟံအားပြုတော်မူခဲ့သည့်ကတိတော်သည် ခရစ်တော်၏ကြွလာတော်မူခြင်းအချိန်တွင် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်ဆိုသည့်အချက်အပေါ် ယုံကြည်ထားခဲ့သည့် ယုံကြည်ခြင်းနှင့်ပြည့်ဝသော ပညာတတ်ဂျူးလူမျိုးတစ်ဦးဖြစ်သူ ပေါလုသည် မိမိပူဇော်ခဲ့သည့်ပူဇော်သက္ကာများအားဖြင့် မိမိ၏ယုံကြည်ခြင်းကို ထုတ်ဖေါ်ပြသခဲ့ပါသည်။ ပဿခါပွဲတွင်စားသုံးခဲ့ကြသည့် မုန့်နှင့်စပျစ်ရည်တို့သည် ခရစ်တော်၏အသွေးတော်နှင့် အသားတော်ကို ပုံဆောင်သကဲ့သို့ပင်၊ ထိုသူတို့ပူဇော်ခဲ့ကြသည့် ယဇ်ကောင်တို့၏အသွေးနှင့်အသားတို့သည်လည်း ခရစ်တော်၏ အသွေးတော်နှင့်အသားတော်ကိုပုံဆောင်ခဲ့ပါသည်။ ထိုသူတို့သည် မုန့်နှင့်စပျစ်ရည်တို့ကိုစားသောက်ခြင်းအားဖြင့် “သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင် ပြု (ခဲ့) ကြ” သကဲ့သို့ပင်၊ ကျွန်ုပ်တို့သည်လည်း ထိုသူတို့နည်းတူ ပြုလျက်နေကြပါသည်။

## ၁၂။ အာဗြဟံအားခေါ်တော်မူခြင်း – ယေဘုယျခြုံငုံသုံးသပ်ခြင်း ယနေ့အတွက်သမ္မာတရား၊ ဇွန်လှိုင် ၂၃၊ ၁၈၉၆

"အာဗြဟံသည် အမွေခံရလတံ့သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင် ခေါ်တော်မူသောအခါ၊ သူသည်အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်နေသကဲ့သို့၊ ကတိတော်နှင့် စပ်ဆိုင်သောပြည်၌ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။ ထိုကတိတော်ကို အမွေခံရသော အဘော်အဘက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။ အကြောင်းမူကား၊ ဘုရားသခင် တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့်သတည်း။ သူ၏ခင်ပွန်းစာရာသည်လည်း အရွယ်လွန်သောအခါ၊ ပဋိသန္ဓေယူနိုင်သောအခွင့်တန်ခိုးကို ယုံကြည်ခြင်းအားဖြင့် ခံရလေ၏။ အကြောင်းမူကား၊ ကတိထားတော်မူသောသူသည် သစ္စာရှိသည်ဟု စိတ်စွဲလမ်းခြင်းရှိ၏။ သို့ဖြစ်၍၊ ထိုအမူအရာ၌ လူသေနှင့်တူသော သူတယောက်သည်၊ အရေအတွက်အားဖြင့် ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာကမ်းနား၌မရေတွက်နိုင်သောသဲလုံးကဲ့သို့၎င်း၊ များစွာသောသူတို့၏အဘဖြစ်သတည်း။ ယခုဆိုခဲ့ပြီးသောသူအပေါင်းတို့သည်၊ ကတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ၊ အဝေးကမြော်မြင်လျက်၊ စိတ် နှလုံးနှင့် ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူတနိုင်ငံသား၊ ဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက်၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။ ထိုသို့ဝန်ခံသောသူတို့သည် မိမိတို့အဘပြည်ကို ရှာကြသည်ဟု အတည့်အလင်းပြောဆိုကြ၏။ ထိုသူတို့သည် အထက်ကထွက်သွားသောပြည်ကို အောက်မေ့သည်မှန်လျှင်၊ ထိုပြည်သို့ ပြန်ရသော အခွင့်ရှိကြ၏။ ထိုပြည်ကိုမအောက်မေ့ဘဲ၊ ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်ကို တောင့်တခြင်းရှိကြ၏။ ထိုကြောင့်၊ ဘုရားသခင်သည် သူတို့၏ ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကိုရှက်တော်မမူ၊ သူတို့နေစရာဘို့မြို့ ကို တည်ထောင်တော်မူပြီ။" ဟေဗြဲ ၁၁း၈-၁၆။

### အမွေခံများအားလုံး

ဖေါ်ပြပါပုဂ္ဂိုလ်အားလုံးတို့သည် အမွေခံများပင်ဖြစ်ကြောင်းကို တင်ပြထားသည့်ကျမ်းစကားမှ ဦးစွာသိမှတ်လိုက်ရပါသည်။ မိမိအသက်ရှင်ခဲ့သည့်ကာလတစ်လျှောက်တွင် အာဗြဟံသည် အမွေခံတစ်ဦးဖြစ်ရုံသာဖြစ်ခဲ့ရပါသည်။ အခြားဘာမျှမပိုခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် မိမိအမျိုးအနွယ်များ ကျွန်ဘဝမှ လွတ်မြောက်မလာမီတွင် သေဆုံးသွားခဲ့ရသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့အပြင်၊ သူ၏လတ်တလောအမျိုးအနွယ်များဖြစ်ကြသည့် ဣဇာက်နှင့် ယာကုပ်တို့သည်လည်း သူကဲ့သို့သော အမွေခံများသာဖြစ်ခဲ့ကြရသည်။ ထိုသားများတို့သည် ကတိထားတော်မူခဲ့သောအမွေတော်ကို အဘအာဗြဟံနှင့်အတူတကွ အမွေခံကြမည့် အမွေခံများပင်ဖြစ်ကြသည်။ ထို့ပြင်ကမသေးပါ၊ အာဗြဟံမှဆင်းသက်လာခဲ့သည့် "အရေအတွက်အားဖြင့် ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာကမ်းနား၌မရေတွက်နိုင်သောသဲလုံးကဲ့သို့၎င်း၊ များစွာသောသူ" များလည်းရှိပါသေးသည်။ ဤသူတို့သည် ထိုတမျိုးတည်းသောကတိတော်ကိုသာ အမွေခံကြရမည့် အမွေခံများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူရှိသမျှတို့သည် "ကတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ၊ အဝေးကမြော်မြင်လျက်၊ စိတ်နှလုံးနှင့် ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူတနိုင်ငံသား၊ ဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက်၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်သွားခဲ့ကြ" သည့်အတွက်ကြောင့်ဖြစ်သည်။ အာဗြဟံ၏အမျိုးအနွယ် တစ်စုတစ်ပုံကြီးတို့သည် "က<u>တိတော်</u>နှင့်စပ်ဆိုင်သောအကျိုးကျေးဇူးကိုမခံရဘဲ၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်သွားခဲ့ကြ" ပါသည် ဆိုသည့်အချက်ကို မှတ်သားပါ။ {မှတ်ချက်- အင်္ဂလိပ်ကျမ်းစာတွင် - PROMISES (ကတိတော်များ)ဟုရေးထားသည်}။ "PROMISES"

"ကတိတော်များ" ဟု ပြောဆိုတင်ပြထားသည့်အကြောင်းကို သတိပြုပါ။ ထိုကတိတော်သည်တချို့တဝက်သောကတိတော်မျိုးမဟုတ်ပဲ ကတိတော်တစ်ခုလုံး (အားလုံး) ကိုပြောဆိုခြင်းဖြစ်သည်။ ကတိတော်အလုံးစုံတို့သည် အမျိုးအနွယ်တည်းဟူသော ယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာ တည်တော်မူ၍၊ ထိုကတိတော် အလုံးစုံတို့သည် ထိုယေရှုခရစ်တော်၌ အရင်အဦးပြည့်စုံခြင်းရှိပြီးမှသာလျှင်၊ သူနှင့်စပ်ဆိုင်သောသူတို့၌ ပြည့်စုံလာနိုင်မည်ဖြစ်ပါသည်။ ခရစ်တော်ကိုယ်တော်တိုင်ပင်လျှင် မိမိရန်သူများတို့ကို မိမိ၏ခြေတဝါးတော်အောက်တွင် ချထားလာမည့်အချိန်ကို စောင့်မျှော်လျက်နေနေပါသည်။

သူတို့သည် ကတိတော်များတို့နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ၊ မြေကြီးပေါ်မှာ တကျွန်းတနိုင်ငံသား၊ ဧည့်သည်အာဂန္တုများဖြစ်ကြသည်ကို ဝန်ခံကြလျက် ယုံကြည်ခြင်းနှင့် သေလွန်သွားခဲ့ကြပါသည် ဆိုသည့်တင်ပြချက်နှင့် ထပ်တူညီသည့် ရှင်ဘုရင်ဒါဝိဒ်၏မိန့်ဆိုချက်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ အချိန်အခါအားဖြင့်ဆိုလျှင် ဣသရေလများ အဲဂုတ္တုပြည်မှလွတ်မြောက်လာခဲ့ကြပြီးသည့်နောက်ပိုင်း နှစ်ပေါင်းရာချီအကြာတွင်ဖြစ်သည်။ ဒါဝိဒ်က - "ဘိုးဘေးအပေါင်းတို့သည် ဖြစ်ဘူးသကဲ့သို့၊ အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။" ဆာလံ ၃၉း၁၂။ တန်ခိုးအာဏာအထွဋ်အထိပ်သို့ရောက်ရှိနေခဲ့သည့်အချိန်တွင် ဒါဝိဒ်သည် မိမိ၏သားတော်ရှောလမုန်၌ နိုင်ငံတော်ကိုပေးအပ်ခဲ့သည်။ ထိုသို့ပေးအပ်ခဲ့စဉ်အချိန်၌ လူအားလုံးတို့၏ရှေ့တွင် သူသည် ဤသို့မိန့်မြွက်ခဲ့ပါသည်။ "အကျွန်ုပ်တို့သည် ဘိုးဘေးများကဲ့သို့ ရှေ့တော်၌ ဧည့်သည် အာဂန္တုဖြစ်ပါ၏။ မြေကြီးပေါ်မှာ နေရသော ကာလသည် အရိပ်ကဲ့သို့ ဖြစ်ပါ၏။ မှီခိုရာမရှိပါ။" ၁ ရာဇဝင် ၂၉း၁၅။

ဤမရေမတွက်နိုင်သောသူတို့သည် ကတိထားတော်မူသောအမွေတော်အား မရရှိမခံစားခဲ့ကြရသည့်အကြောင်းအရင်းကို အောက်တွင်ဖော်ပြထားသည့်ကျမ်းချက်ထဲတွင် တင်ပြပေးထားပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့မရောက်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့အဘို့အလိုငှါ သာ၍မြတ်သော ကျေးဇူးကိုကြံစည်တော်မူ၏။" ရှေ့ဆက်အသေးစိတ် အကြောင်းအရာကိုမူ နောက်ဆက်လေ့လာသွားမည့် သင်ခန်းစာများတွင် ဆွေးနွေးသွားပါမည်။

## မြို့တော်နှင့်ပြည်တော်

အာဗြဟံသည် ဘုရားသခင်တည်ထောင်တော်မူသော၊ အမြစ် (တိုက်မြစ်) နှင့်တကွ ခိုင်ခံ့မြဲမြံသောမြို့တော်ကို မျှော်လင့်ခဲ့ပါသည်။ အမြစ် (တိုက်မြစ်) နှင့်တကွ ခိုင်ခံ့မြဲမြံသောထိုမြို့တော်အကြောင်းကို ဗျာဒိတ်ကျမ်း ၂၁း၁၀-၁၄၊ ၁၉ တွင် ဤသို့ဖော်ပြပေးထားပါသည်။ "ကြီးမြင့်သောတောင်သို့ ဝိညာဉ်တော်အားဖြင့် ငါ့ကိုဆောင်သွား၍ သန့်ရှင်းသောယေရုရှလင်မြို့သည် ဘုရားသခင်၏ ဘုန်းတော်နှင့် ပြည့်စုံလျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါ့အားပြလေ၏။ ထိုမြို့၏ အရောင်အဝါသည်၊ ကျောက်သလင်း နဂါးသွဲ့ကဲ့သို့၊ အမြတ်ဆုံးသော ကျောက်မျက်မွန်နှင့်တူ၏။ ကြီးမြင့်သော မြို့ရိုးလည်းရှိ၏။ အရှေ့ဘက်၌ တံခါးသုံးပေါက်၊ မြောက်ဘက်၌ သုံးပေါက်၊ တောင်ဘက်၌သုံးပေါက်၊ အနောက်ဘက်၌ သုံးပေါက်၊ တံခါးတဆယ်နှစ်ပေါက်ရှိ၏။ ထိုတံခါး တဆယ်နှစ်ပေါက်၌ ကောင်းကင်တမန် တဆယ်နှစ်ပါး ရှိ၏။ ဣသရေလအမျိုးတဆယ်နှစ်မျိုး၏ နာမတို့သည် ထိုတံခါးပေါ်၌ ရေးထားလျက်ရှိ၏။ တဆယ်နှစ်ပါး၏ နာမတို့သည် မြို့ရိုးအမြစ်ပေါ်၌ ရေးထားလျက်ရှိကြ၏။" "မြို့ရိုးအမြစ်တို့သည် ကျောက်မြတ်အမျိုးမျိုးနှင့် ပြည့်စုံကြ၏။"

ဤဖော်ပြချက်သည် အာဗြဟံမျှော်လင့်ခဲ့သည့်မြို့တော်အကြောင်းကို တပိုင်းတစဖော်ပြပေးထားသည့် ဖော်ပြချက်တစ်ခုသာဖြစ်ပါသည်။ သူ၏သားစဉ်မြေးဆက်များတို့သည်လည်း ထိုမြို့တော်ကိုသာမျှော်လင့်ခဲ့ကြပါသည်။ ထိုအကြောင်းအရာကို ရှေးပုရောဖက်များတို့၏ရေးသားဖော်ပြချက်များတွင် ဖတ်ရှုရပါသည်။ သူတို့အနေဖြင့် အလိုရှိခဲ့ကြမည်ဆိုလျှင် လောက၌အိမ်တစ်ဆောင်စီကိုပိုင်ဆိုင်နိုင်ကြပါသည်။ ခါလ

ဒဲ ပြည်သည် ဖိလတ္တိပြည်ကဲ့သို့ပင် မြေသြဇာကောင်းသောမြေဖြစ်ပါသည်။ အခြားသောပြည်နည်းတူပင် ထို ပြည်တွင် ယာယီအိမ်ကိုဆောက်လုပ်ဖို့ရန် သူတို့အဖို့ ကောင်းမွန်လုံလောက်ပါသည်။ သို့ရာတွင် မည်သည့် ပြည်ကမျှသူတို့အဖို့ စိတ်ကျေနပ်မှုကို မပေးစွမ်းနိုင်ခဲ့ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့သည် "ကောင်း ကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်ကို တောင့်တခြင်းရှိကြ၏။ ထိုကြောင့်၊ ဘုရားသခင်သည် သူ တို့၏ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကိုရှက်တော်မမူ၊ သူတို့နေစရာဘို့မြို့ကို တည်ထောင်တော်မူပြီ။"

ဤကျမ်းချက်ကို မိမိတို့၏စိတ်ထဲတွင်သိုမှီထားခြင်းသည် က္လသရေလသားသမီးများအကြောင်း ကိုအခြေခံထားသည့် နောက်ပိုင်းလေ့လာမှုများကိုလေ့လာမှုပြုရာတွင်အထောက်အကူဖြစ်စေလိမ့်မည် ဖြစ်သည်။ ဤလက်ရှိကမ္ဘာမြေကြီးတွင် ကတိတော်ပြည့်စုံခြင်းရှိလာဖို့ရန် အာဗြဟံသည် မျှော်လင့်မထားခဲ့ပဲ၊ ကမ္ဘာသစ်တွင်သာ ပြည့်စုံခြင်းရှိလာဖို့ရန် သူမျှော်လင့်ထားခဲ့ပါသည်။

## စံနမူနာတင်ပြချက်တစ်ခုအဖြစ် က္လဇာက်

ကောင်းကင်ပြည်တော်ကို မျှော်လင့်တောင့်တသည့်စိတ်ဆန္ဒသည် စစ်မှန်သောအမွေခံများတို့ကို လက်ရှိယာယီအရာကလေးများ၊ အခြေအနေများဖြင့် အဆင်ပြေကျေနပ်မှုရှိစေပါသည်။ ဤအကြောင်းကို က္လ ဇာက်၏အသက်တာအားဖြင့် နမူနာပြုတင်ပြထားပေးပါသည်။ သူသည်ဖိလိတ္တိပြည်တွင် တည်းခိုခြင်းငှါထွက် သွားခဲ့ပြီး၊ ထိုပြည်တွင် စိုက်ပျိုးရေးလုပ်ခဲ့ကာ၊ "တစ်နှစ်ခြင်းတွင် အဆတရာသောအသီးအနှံကို ရလေ၏။ ထာဝရဘုရားသည်လည်း၊ ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည်ကြီးပွါး၍၊ အလွန်စည်းစိမ်ကြီးသည်တိုင် အောင် တိုးတက်လျက်၊ စီးပွါးဥစ္စာများပြားစွာ ဖြစ်လေ၏။ သိုးစု၊ နွားစုများ၊ ကျွန်များနှင့်ပြည့်စုံ ကြွယ်ဝ၏။ ထို ကြောင့်၊ ဖိလိတ္တိလူတို့သည် သူ့ကိုငြူစူကြ၏။... အဘိမလက်မင်းကလည်း၊ သင်သည် ငါတို့ထက် တန်ခိုးကြီး၏။ ငါတို့ထံမှထွက်သွားလော့ဟု၊ က္လဇာက်ကို အမိန့်ရှိသောကြောင့်၊ က္လဇာက်သည် ထိုမြို့မှထွက် သွားပြီးလျှင်၊ ဂေရာချိုင့်၌တဲကို ဆောက်၍နေလေ၏။" ကမ္ဘာဦးကျမ်း ၂၆း၁၂-၁၇။

က္လဇာက်သည် မိမိနေထိုင်သောပြည်တွင်ရှိသည့် ပြည်သားများတို့ထက် အားကြီးသော်လည်း၊ သူ အနေဖြင့် အလွန်စည်းစိမ်ကြီးသည်တိုင်အောင် စီးပွါးဥစ္စာများပြားတိုးတက်နေသည့်အချိန်တွင်ပင် သူ့အား ထိုပြည်သားတို့က မိမိတို့ပြည်မှထွက်သွားဖို့ တောင်းဆိုမှုပြုခဲ့ကြသောအခါတွင် သူထွက်သွားပေးခဲ့ပါသည်။ လောကပိုင်ဆိုင်မှုများအတွက် သူသည် လုယက်တိုက်ခိုက်ခြင်းမပြုခဲ့ပါချေ။

ဂေရာမြို့သို့သူရောက်ရှိလာခဲ့သည့်အခါတွင်လည်း သူ၏ထိုသို့သောစိတ်ဓါတ်သည် ပေါ်လွင် ထင်ရှားခဲ့ပါသည်။ အာဗြဟံပိုင်ခဲ့သည့် ရေတွင်းများတို့ကို က္လဇက်၏ကျွန်များတို့သည် တဖန်ပြန်လည်ပြီးတူး ဖေါ်ခဲ့ကြပြီး၊ ချိုင့်ဝှမ်းအရပ်တွင်လည်း စမ်းရေပေါက်များကိုတူးဖေါ်ခဲ့ကြပါသည်။ ထိုအခါတွင် ဂေရာမြို့ရှိ နွားကျောင်းသမားများတို့ကလည်း "ဤရေသည် ငါတို့ရေဖြစ်၏။" ဆိုလျက် လုယက်ပြောဆိုလာခဲ့ကြပါသည်။ ထို့ကြောင့် သူတို့သည် အခြားနေရာသို့သွားပြီး ရေတွင်းများကို တူးကြပြန်ပါသည်။ သို့သော်လည်း ထိုဂေရာ မြို့ရှိ နွားကျောင်းသားများတို့သည် တဖန်လာပြန်ပြီး အရင်ကကဲ့သို့ပင် လုယက်ပြောဆိုလာခဲ့ကြပြန်ပါသည်။ "ထိုအရပ်မှ နေရာပြောင်း၍၊ အခြားသောရေတွင်းကို တူးကြ၏။ ထိုရေတွင်းကို အဘယ်သူမျှ မလုယက် သောကြောင့်၊ ငါတို့နေစရာအခွင့်ကို ယခု ထာဝရဘုရားပေးတော်မူပြီဖြစ်၍၊ ဤပြည်၌ ငါတို့သည် စီးပွါးများ ကြလိမ့်မည်ဟုဆိုလျက်၊ ထိုရေတွင်းကို ရဟောဘုတ်အမည်ဖြင့် မှည့်သတည်း။" ကမ္ဘာဦးကျမ်း ၂၆း ၁၈-၂၂။

"ထိုနေ့ညမှာ ထာဝရဘုရားသည် ထင်ရှား၍၊ ငါသည် သင်၏အဘအာဗြဟံ၏ဘုရားဖြစ်၏။ မ စိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ ငါသည်ကောင်းကြီးပေးမည်။ ငါ၏ကျွန်အာဗြဟံအတွက်၊ သင်၏အမျိုး အနွယ်ကို ငါများပြားစေမည်ဟု မိန့်တော်မူ၏။ ထိုအရပ်၌ ယဇ်ပလ္လင်ကိုတည်၍၊ ထာဝရဘုရား၏နာမတော်ကို

ပဌာနာပြုလေ၏။ တဲကိုလည်း တည်ဆောက်၍၊ ကျွန်တို့သည် ရေတွင်းကိုတူးကြ၏။" ကမ္ဘာဦးကျမ်း ၂၆း၂၄၊ ၂၅။

သာ၍မြတ်သောပြည်တည်းဟူသော ကောင်းကင်ပြည်တော်နှင့်စပ်ဆိုင်သည့် ကတိတော်ကို ဣဇာက်ရရှိထားခဲ့ပါသည်။ ထို့ကြောင့် အပြစ်ကျိန်စာသင့်ထားသည့်ဤလောကကြီးတွင်ရှိသော မိုင်အနည်းငယ်ခန့်ကျယ်ဝန်းရှည်လျားသည့် မြေကွက်ကိုပိုင်ဆိုင်ရရှိနိုင်ရေးအတွက် သူ့အနေဖြင့် လုယက်မှုမပြုပဲနေခဲ့ခြင်းဖြစ်သည်။ သူ့အနေဖြင့် အဘယ့်ကြောင့် ထိုသို့ပြုခဲ့ရပါမည်နည်း။ အကြောင်းမှာ ထိုပြည် (ထိုမြေ) သည် သူ့အား ဘုရားကတိပြုထားတော်မူခဲ့သည့် အမွေတော်မဟုတ်သည့်အတွက်ကြောင့်ဖြစ်သည်။ မိမိတည်းခိုနေနေရသည့်ပြည်တွင်ရှိသော မြေကွက်တကွက်လေးအတွက်နှင့် ဣဇာက်အနေဖြင့် အဘယ့်ကြောင့် တိုက်ခိုက်သိမ်းပိုက်ဖို့ ကြိုးစားနေရပါအံ့းမည်နည်း။ သူနေထိုင်ဖို့လိုအပ်သည်မှာ မှန်ပါပေသည်။ သို့ရာတွင် အာပြဟံသည် မိမိ၏နေရေးထိုင်ရေးကိစ္စအဝဝတို့ကို ဘုရားသခင်၏လက်တော်ထဲ၌ အပ်နှံထားခဲ့ပါသည်။ တစ်နေရာမှ သူ့ကိုနှင်ထုတ်လိုက်သည့်အခါတွင်၊ သူသည်ထိုနေရာကိုစွန့်ပြီး အခြားတစ်နေရာသို့ထွက်သွားခဲ့သည်။ နောက်ဆုံး ငြိမ်သက်အေးချမ်းသည့်နေရာကိုတွေ့ရှိသွားသည်အထိ သူ့အနေဖြင့်တစ်ရာမှတစ်နေရာသို့ပြောင်းရွှေ့ခဲ့ပါသည်။ ထိုသို့တွေ့ရှိသောအခါတွင်၊ "ငါတို့ နေစရာအခွင့်ကို ယခု ထာဝရဘုရားပေးတော်မူပြီ။" ဟု အာပြဟံ ပြောဆိုခဲ့လေသည်။ ဤနေရာတွင် သူသည် ခရစ်တော်၏စစ်မှန်သောစိတ်ဓါတ်ကို ဖေါ်ကျူးခဲ့လိုက်ခြင်းပင်ဖြစ်ပေသည်။ ခရစ်တော်သည် "ကဲ့ရဲ့ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့၊ အသေခံရသောအခါ ခြိမ်းချောက်ခြင်းကိုမပြု။ တရားသဖြင့် စီရင်တော်မူသောသူ၌ ကိုယ်ကိုကိုယ် အပ်နှံတော်မူ၏။" ၁ ပေး ၂း၂၃။

ဤနေရာ၌ ကျွန်ုပ်တို့အဖို့ ပုံသက်သေကောင်းတစ်ခုရှိနေပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာပြဟံ၏အမျိုးအနွယ်ပင်ဖြစ်ကြပြီး ကတိတော်နှင့်အညီ အမွေခံ၏အရာ၌တည်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏စည်းမျဉ်းပညတ်ချက်များအတိုင်း လျှောက်လိုက်ရကြမည်ဖြစ်ပေသည်။ တစ်ချက်ရှိသည်မှာ၊ "ငါပညတ်သည်ကား၊ နှောင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ပါးတဘက်ကို သူတပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။ သင့်အင်္ကျီကိုယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။" (မသဲ ၅း၃၉၊ ၄၀) ဆိုသည့်ကျမ်းချက်ကို မြောက်များစွာသောခရစ်ယာန်များတို့က စိတ်ကူးယဉ်ဆန်ပြီး၊ လက်တွေ့မဆန်သောကျမ်းအနေဖြင့် တွေးထင်ထားကြပါသည်။ သို့ရာတွင် ထိုကျမ်းကို နေ့စဉ်အသုံးပြုကျင့်သုံးဖို့ရာအနေဖြင့် စီမံချမှတ်ထားပေးတော်မူခဲ့ခြင်းဖြစ်သည်။ ထိုကျမ်းအတိုင်း ခရစ်တော် ကျင့်သုံးခဲ့ပါသည်။ သက်သေတစ်ခုအနေဖြင့် ဣဇာက်၏အဖြစ်အပျက်တွင်လည်း ကျွန်ုပ်တို့ တွေ့ရှိနေရပါသည်။

"သို့ရာတွင် ထိုကျမ်းချက်ကပြောထားသည့်အရာအတိုင်း ကျွန်ုပ်တို့လိုက်လျှောက်ကျင့်သုံးကြမည်ဆိုပါက၊ ဤလောကတွင်ရှိသော ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများတို့ကို ကျွန်ုပ်တို့ဆုံးရှုံးသွားလိမ့်မည်။" ဆိုသည့်ပြောဆိုသံမျိုးကို ကျွန်ုပ်တို့ကြားနေရပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအခြေအနေမျိုးကိုကြုံလာခဲ့သည်ဆိုသည်တိုင်အောင်၊ ကျွန်ုပ်တို့၏ထိုသို့သောအခြေအနေမျိုးသည် ခရစ်တော်ကြုံခဲ့ရသည့် အခြေအနေလောက်မဆိုးရွားသေးပါချေ။ သို့ရာတွင်၊ "ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သိတော်မူ၏။" ဆိုသည့်အချက်ကို ကျွန်ုပ်တို့ ပြန်ပြီးသတိရနေကြရပါမည်။ စာကလေးများကို ကြည့်ရှု စောင့်ရှောက်တော်မူသောသူသည်၊ မိမိအမှုအရာများတို့ကို သူ့၌လာရောက်အပ်နှံထားကြသည့်သူတို့အား ကြည့်ရှုစောင့်ရှောက်ပေးနိုင်ပေသည်။ "မိမိရထိုက်သည့် အဖိုးကို တိုက်ခိုက်" လုယူခြင်း မပြုခဲ့သော်လည်း ဣဇာက်သည် ကြွယ်ဝပြည့်စုံနေခဲ့ကြောင်းကို ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ ဘိုးဘေးတို့၌ ထားတော်မူခဲ့သည့် ကတိတော်ကို ထိုတစ်ပါးတည်းသောဘုရားသခင်ကျွန်ုပ်တို့၌ အပ်ထားတော်မူပါသည်။ သူတို့သည် ပြည်တွင်ရှိစဉ်တွင် "အရေအတွက်အားဖြင့်မများ၊ အလွန်နည်း၍ ထိုပြည်၌ ဧည့်သည်ဖြစ်လျက်နေသောအခါ၊" "သူတို့သည် တမြို့မှတမြို့သို့၎င်း၊ တနိုင်ငံမှ တနိုင်ငံသို့၎င်း၊

လှည့်လည်၍ သွားကြသောအခါ၊ သူတို့ကို ညှဥ်းဆဲစေခြင်းငှါ အဘယ်သူအားမျှ အခွင့်ပေးတော်မမူ။ သူတို့အတွက်လည်းရှင်ဘုရင်တို့ကို ဆုံးမလျက်၊ ငါ့ထံ၌ ဘိသိက်ခံသောသူတို့ကို မထိမခိုက်နှင့်။ ငါ၏ပရောဖက်တို့ကို အပြစ်မပြုနှင့်ဟု မိန့်တော်မူ၏။" ဆာလံ ၁၀၅း ၁၂-၁၅။ ထိုဘုရားသခင်ကပင်၊ မိမိအားယုံကြည်ကိုးစားခြင်းပြုသောသူတိုင်းတို့ကို စောင့်ရှောက်ကူညီပေးနေလျက်ရှိပါသည်။

မိမိလူတို့အား ဘုရားသခင်ကတိထားတော်မူသည့် အမွေတော်သည်၊ ခရစ်တော်၏လက်နက်စုံတည်းဟူသော ဝိညာဉ်တော်လက်နက်များတို့ဖြင့် စာတန်၏တပ်အား တိုက်ခိုက်ခြင်းအားဖြင့်သာ ရရှိပိုင်ဆိုင်ရမည့်အမွေတော်တစ်ခုဖြစ်သည်။ ဘုရားသခင်ကတိထားတော်မူသည့်ပြည်တော်ကို မျှော်လင့်ကြသည့်သူများတို့က၊ မိမိတို့သည် တကျွန်းတနိုင်ငံသားများဖြစ်ပြီး၊ ဤလောကတွင်ခေတ္တနေထိုင်ကြသော ဧည့်သည်များသာဖြစ်ကြပါသည်ဟု ကြွေးကြော်ကြပါသည်။ ထာဝရဘုရားသည် သူတို့၏အကွယ်အကာ ဖြစ်တော်မူသည်။ ဘုရားသခင် မိန့်တော်မူသည်ကား၊ "လူကိုကိုးစား၍ လူသတ္တဝါကို အမှီပြုသဖြင့်၊ စိတ်နှလုံးထဲ၌ ထာဝရဘုရားထံတော်မှ ထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။ ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက်ကဲ့သို့ဖြစ်၍၊ ကောင်းကျိုးရောက်ကြောင်းကို မသိရ။ အဘယ်သူမျှမနေသောဆားမြေ၊ သဲခြောက်သောလွင်ပြင်၌ နေရလိမ့်မည်။ ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာ အကြောင်းဖြစ်စေသောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့်၊ ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုဃ်းခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကိုသီးတတ်သောအပင်နှင့်အတူ၏။" ယေရမိ ၁၇း၅-၈။ လက်ရှိဘဝတွင်၊ ကျွန်ုပ်တို့၏ အမှားရှိရှိသမျှတို့ကို အမှန်အဖြစ်သို့ချက်ခြင်းပြောင်းလဲပေးရန် ဘုရားသခင် ကတိပြုတော်မမူထားပါချေ။ သို့ရာတွင် ဆင်းရဲသောသူတို့၏ ငိုယိုအော်ဟစ်သံကို သူသည်မေ့လျော့မထားပါချေ။ သူမိန့်တော်မူခဲ့သည်ကား၊ "ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်။" ရောမ ၁၂း၁၉။ "ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်အတိုင်း ဆင်းရဲခံရသောသူတို့သည်၊ ဘုရားသခင်ကို သစ္စာရှိသော အသက်သခင်ကဲ့သို့မှတ်လျက်၊ ကောင်းသောအကျင့်ကိုကျင့်နေ၍၊ ကိုယ်တော်၌မိမိတို့ အသက်ဝိညာဉ်ကို အပ်နှံကြစေ။" ၁ပေ ၄း၁၉။ "ထာဝရဘုရားသည်ဆင်းရဲသောသူ၏ အမှုကိုစောင့်၍၊ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူမည်။" ဆိုသည့်အရာကို ကျွန်ုပ်တို့အနေဖြင့် အပြည့်အဝစိတ်ချယုံကြည်ထားလျက်၊ မိမိတို့၏ အသက်ဝိညာဉ်ကို ကိုယ်တော် ထံတော်ပါး၌ အပ်နှံနိုင်ကြပါသည်။

## ဧသော၏သစ္စာမဲ့ခြင်း

အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ကတိထားတော်မူခဲ့သည် အမွေတော်သည် လက်ရှိဘဝတွင် ခံစားစံစားရမည့် ယာယီအမွေတစ်ခုမဟုတ်ပဲ၊ နောင်တမလွန်ဘဝတွင် ရရှိခံစားရမည့် အမွေတော်တစ်ခုသာဖြစ်ကြောင်းကို ဧသော၏အဖြစ်အပျက်က ဆက်စပ်မှုရှိသည့် နောက်ထပ် အထောက်အထားတစ်ခုအနေဖြင့် ထောက်ခံတင်ပြပေးထားပါသည်။ ဧသော၏ပုံပြင်ကို ဤသို့တင်ဆက်ပြသထားပေးပါသည်။

"တနေ့သည်၌၊ ယာကုပ်သည် စားစရာကိုချက်ပြုတ်စဉ်တွင်၊ ဧသောသည် တောမှလာ၍ မောသောကြောင့်၊ ယာကုပ်အား၊ ထိုနီသောစားစရာနှင့် ငါ့ကိုကျွေးပါလော့၊ ငါမောပါသည်ဟုဆိုလေ၏။ ထိုကြောင့် သူ၏နာမည်ကို ဧဒုံဟုတွင်သတည်း။ ယာကုပ်ကလည်း၊ ယနေ့ပင် သင်၏သားဦးအရာကို၊ ငါ့အား ရောင်းပါဟုဆိုလျှင်၊ ဧသောက၊ ငါသေလုပြီ။ သားဦးအရာအားဖြင့် အဘယ်အကျိုး ရှိပါလိမ့်မည်နည်းဟုဆို၏။ ယာကုပ်ကလည်း၊ ယနေ့ပင်ငါ့အား ကျိန်ဆိုခြင်းကိုပြုပါဟုဆိုသော်၊ သူသည်ကျိန်ဆိုသဖြင့်၊ ယာကုပ်အား မိမိသားဦးအရာကို ရောင်းလေ၏။ ထိုအခါ ယာကုပ်သည်၊ မုန့်နှင့်ပဲဟင်းကို ဧသောအားပေးသဖြင့်၊ သူသည် စားသောက်

ပြီးမှထ၍သွားလေ၏။ ထိုသို့သောသည်၊ မိမိနှင့် ဆိုင်သောသားဦးအရာကို မထီမဲ့မြင်ပြုသတည်း။" ကမ္ဘာဦးကျမ်း ၂၅း ၂၉-၃၄။

ဟေဗြဲသြဝါဒစာစောင်ထဲတွင် ဧသောကို "ဘုရားတရားကို မရှိမသေပြုသောသူ" ဟု ခေါ်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် မိမိ၏သားဦးအရာကို ရောင်းစားခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ဤဖြစ်ရပ်တွင် မိုက်မဲခြင်းအပြင် အခြားသောအခြေအနေရပ်များကိုလည်းတွေ့ရပါသည်။ အစားအသောက်တစ်နပ်စာကလေးကြောင့်နှင့် မိမိ၏သားဦးအရာကိုရောင်းစားခြင်းသည် ကလေးကလားဆန်ပါသည်ဟု တချို့သောသူတို့က ပြောဆိုနေကြပေလိမ့်မည်။ သို့ရာတွင် ထိုအမှုသည် ကလေးဆန်ခြင်းအမှုထက်ပင် ပိုမိုဆိုးရွားနေပါသည်။ ထိုအမှုသည် မတရားသောအမှုပင်ဖြစ်သည်။ သူသည် ယုံကြည်သူတစ်ဦးမဟုတ်ကြောင်းကို ထိုအချင်းအရာက ပြသသွားခဲ့ပါသည်။ သူ၌ ဘာခံစားမှုမျှမရှိခဲ့သည့်ပြင်၊ မိမိဖခင်အားပေးထားတော်မူသည့် ဘုရားသခင်၏ကတိတော်ကိုလည်း အထင်အမြင်သေးခဲ့ပါသည်။

မိမိအား သားဦး၏အရာကို ရောင်းပေးဖို့ရန် ယာကုပ်ကတောင်းဆိုလိုက်သည့်အခါတွင်၊ ပြန်လည်ပြောဆိုလာခဲ့သည့် ဧသော၏စကားကို သတိပြုကြည့်ပါလေ။ "ဧသောက၊ ငါသေလုပြီ။ သားဦးအရာအားဖြင့် အဘယ်အကျိုးရှိပါလိမ့်မည်နည်းဟုဆို၏။" သူ့၌ နောင်တမလွန်ဘဝအတွက်မျှော်လင့်စရာဆို၍ မရှိခဲ့ပါ။ သူသည် ဝေးဝေးလံလံ မကြည့်မြင်လိုပါချေ။ လက်ရှိဘဝတွင် မပိုင်ဆိုင်ထားရသည့်အရာများအပေါ်တွင် သူသည်စိတ်ချယုံကြည်မှုမရှိပါချေ။ သူသည် လွန်စွာဆာလောင်နေမည်မှာ သေချာပါသည်။ ထိုအချိန်တွင် သူ့အနေဖြင့် သေဆုံးတော့မည့်အခြေအနေမျိုးတွင် ရှိကောင်းရှိနိုင်ပေလိမ့်မည်။ သို့ရာတွင် သေရတော့မည်ဆိုသည့်မျှော်လင့်စရာအခြေအနေမျိုးကပင်လျှင် အာဗြဟံနှင့် မြောက်များစွာသောသူများတို့ကို မတုန်လှုပ်သွားစေနိုင်ခဲ့ပါချေ။ ကတိတော်တို့နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကို မခံခဲ့ရကြပဲနှင့် သူတို့သည် ယုံကြည်သောစိတ်နှင့် သေဆုံးသွားခဲ့ကြသည်။ သို့ရာတွင်သူတို့သည် ထိုကတိတော်ကို မျှော်မြင်ကြလျက်၊ စိတ်နှလုံးနှင့်ဖက်ယမ်းလျက်နေခဲ့ကြပါသည်။ သို့ရာတွင် ဧသော၌ ထိုသို့သောယုံကြည်ခြင်းမျိုးမရှိခဲ့ပါချေ။ သေဆုံးခြင်း၏တဖက်တွင်တည်ရှိသော အမွေတော်ကို သူ့အနေဖြင့် အလျှင်း ယုံကြည်ခြင်းမရှိခဲ့ပါချေ။ မည်သည့်အရာပင်ဖြစ်စေ၊ သူသည် မိမိလိုချင်သောအရာတစ်ခုကို ယခုချက်ချင်းရမှ ကျေနပ်သည်။ ထို့ကြောင့် သူသည် မိမိ၏သားဦးအရာကို ရောင်းစားပစ်ခဲ့ခြင်းဖြစ်သည်။

ယာကုပ်ပြုခဲ့သည့်လုပ်ရပ်ကို တနည်းနည်းတဖုံဖုံဖြင့် ချီးကျူးပြောဆိုဖို့မဟုတ်ပါချေ။ သူသည် အစားထိုးဝင်ရောက်သူတစ်ဦး၏အပိုင်းကဏ္ဍတွင် ဝင်ရောက်ပြုမူဆောင်ရွက်ခဲ့ပါသည်။ ထိုအရာသည်ပင် သူ၏ပင်ကိုယ်စိတ်နေစိတ်ထားဖြစ်သည်။ သူ၏အဖြစ်အပျက်သည် လိမ္မာပါးနပ်မှုမရှိသောအကြမ်းစားယုံကြည်ခြင်းမျိုး၏ပုံစံကို ဖေါ်ဆောင်ပြနေပါသည်။ ဘုရား၏ကတိတော်တွင် တစ်စုံတစ်ရာရှိသည်ဟု သူ့အနေဖြင့် ယုံကြည်ထားခဲ့သည်။ ထိုကတိတော်တွင်ပါရှိသည့်အရာ တစ်စုံတစ်ခုကိုမျှ သူအနေဖြင့် အမှန်တကယ်မပိုင်ဆိုင်ခဲ့ရသေးသော်လည်း သူသည် ဖခင်ကြီး၏ယုံကြည်ခြင်းအပေါ် ရှိသေလေးစားမှုရှိခဲ့သည်။ မိမိ၏ဖခင်နှင့် အဘိုးတို့အားကတိထားတော်မူခဲ့သည့် အမွေတော်ကို ပေးအပ်ပေးတော်မူလိမ့်မည်ကိုလည်း သူယုံကြည်ထားခဲ့ပါသည်။ သို့ရာတွင် သူ့၌ ဝိညာဉ်ရေးပိုင်းဆိုင်ရာဗဟုသုတ အနည်းငယ်သာရှိခဲ့ပါသည်။ ဘုရားသခင်ပေးတော်မူသောဆုလက်ဆောင်ကို ငွေနှင့်ဝယ်ယူရလိမ့်မည်ဟု သူထင်ထားခဲ့ပါသည်။ အာဗြဟံပင်လျှင်၊ ဘုရားသခင်၏ကတိတော်ကို မိမိကိုယ်တိုင်ဖြည့်စွက်လုပ်ဆောင်ပေးရလိမ့်မည်ဟု သူ့အနေဖြင့် တစ်ကြိမ်ထင်မှတ်ခဲ့ဘူးပါသည်။ ထို့ကြောင့် လူအများကတွေးထင်ထားကြသည့် "မိမိကိုယ်ကိုကူညီသောသူကို ဘုရားသခင်သည် ကူညီတော်မူသည်။" ဆိုသည့်အတွေးမျိုးကို ယာကုပ်လည်း တွေးထင်ထားမိခဲ့မည်မှာ သေချာပါသည်။ နောက်ပိုင်းတွင် ယာကုပ်သည် ပိုမိုသင်ယူမိလာခဲ့ပြီး၊ အမှန်တကယ်ပြောင်းလဲလာခဲ့ပါသည်။ အာဗြဟံနှင့် ဣဇာက်တို့ကဲ့သို့ပင် သူသည်လည်း ဖြူစင်သောယုံကြည်ခြင်းတရားကို လက်တွေ့လုပ်ဆောင်ကျင့်သုံးလာခဲ့သည်။ သူ၏အကြောင်းအရာသည် ကျွန်ုပ်တို့အတွက် ခွန်အားတက်စရာ အကြောင်းအရာတစ်

ခုဖြစ်သင့်ပါသည်။ အလွန်တရာနစ်မြုပ်နေဖွယ်ရာ မကောင်းသည့်ပင်ကိုယ်စရိုက်မျိုးရှိသောသူတစ်ယောက်ကို ဘုရားသခင်အနေဖြင့် မိမိအပေါ်မှီခိုတတ်လာအောင် မည်သို့လုပ်ဆောင်ပေးနိုင်သည်၊ မည်သို့ပြင်ဆင်ပေးနိုင်သည်ကို ယာကုပ်၏အဖြစ်အပျက်တွင် ပြသထားပေးပါသည်။ ဧသော၏အဖြစ်အပျက်ကို သတိပြုစရာကောင်းသည့် အရာတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ရှေ့တွင် ချပြပေးထားလေသည်မှာ…

“လူအပေါင်းတို့နှင့် အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုငှင်း၊ သန့်ရှင်းခြင်းပါရမီကိုငှင်း၊ မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင်၊ အဘယ်သူမျှ ထာဝရဘုရားကို မဖူးမမြင်ရ။ သင်တို့တွင် တစုံတယောက်မျှ ဘုရားသခင်၏ကျေးဇူးတော်ကို မရဘဲမနေစေခြင်းငှါငှင်း၊ ခါးစွာသောပင်မြစ်ပေါက်၍ သင်တို့နှောင့်ယှက်သဖြင့်၊ လူအများတို့သည် အပြစ်နှင့်မညစ်ညူးစေခြင်းငှါငှင်း၊ မတရားသောမေထုန်မှီဝဲသောသူ မရှိစေခြင်းငှါငှင်း၊ တနပ်စာအဘိုးနှင့်သားဦးအရာကို ရောင်းသော ဧသောကဲ့သို့ ဘုရားတရားကို မရိုမသေပြုသောသူ မရှိစေခြင်းငှါငှင်း၊ သတိနှင့်ကြည့်ရှုကြလော့။ သင်တို့သိသည်အတိုင်း၊ ဧသောသည်နောက်မှ ကောင်းကြီးမင်္ဂလာကို အမွေခံခြင်းငှါအလိုရှိသောအခါ၊ ငြင်းပယ်ခြင်းကိုခံရ၏။ မျက်ရည်ကျ၍ ကောင်းကြီးမင်္ဂလာကို အလွန်ရှာသော်လည်း၊ မိမိအဘ၏စိတ်ပြောင်းလဲခြင်းအခွင့်ကိုမတွေ့မရ။ ဟေဗြဲ ၁၂း၁၄-၁၇။

လောကတွင် ဧသောတစ်ဦးတည်းကသာ မိုက်မဲပြီး ဘုရားတရားမဲ့နေခြင်းမဟုတ်ပါချေ။ ဧသော၏ရူးသွပ်မိုက်မဲခြင်းအမှုအပေါ် ထောင်ပေါင်းများစွာသောသူတို့သည် ပြစ်တင်စကားဆိုနေကြစဉ်မှာပင်၊ သူတို့သည် ဧသောနည်းတူ ပြုမူနေကြပြီး ဖြစ်ပါသည်။ အာဗြဟံအားကတိထားတော်မူခဲ့သည့် အမွေတော်၏ဘုန်းအသရေတော်ကို ရယူပိုင်ဆိုင်ကြဖို့ရန် ကျွန်ုပ်တို့ကို ဘုရားသခင်ဖိတ်ခေါ်နေပြီးဖြစ်ပါသည်။ သေခြင်းမှ ထမြောက်ခဲ့သော ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းအမှုအားဖြင့် ငါတို့၌ အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ၊ ဘုရားသခင်သည် ငါတို့ကို တဖန်ဖြစ်ပွါးစေတော်မူပြီး၊ “ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သော ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သောကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း။” ၁ပေ ၁း၄-၅။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော် ပညတ်တော်ဆယ်ပါးကို နားထောင်လိုက်လျှောက်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏နားထောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သော ဤအမွေတော်ကို ရရှိကြရန်ဖြစ်ပါသည်။ သို့ရာတွင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ဣသရေလလူမျိုးများအားလုံးစောင့်ထိန်းခဲ့ကြသည့် သတ္တမနေ့ဥပုသ်အား စောင့်ထိန်းရန်လိုအပ်ကြောင်းကို လူများတို့သည် လေ့လာသိရှိလာကြသောအခါတွင်၊ သူတို့အနေဖြင့် စတင်ခေါင်းခါလာကြပါသည်။ သူတို့ပြောဆိုတတ်ကြလေသည်မှာ၊ ကျွန်ုပ် “မစောင့်ထိန်းနိုင်ပါ။” “ကျွန်ုပ်အနေနှင့် ထိုသို့မပြုနိုင်ပါ။ ကျွန်ုပ်အနေနှင့် စောင့်ထိန်းလိုစိတ်တော့ ရှိသင့်သည်။ ထိုသို့စောင့်ထိန်းရခြင်းအမှုသည် တာဝန်ဝတ္တရားတစ်ခုပင်ဖြစ်သည်ဟု ကျွန်ုပ်မြင်သည်။ အကယ်၍သာ ထိုနေ့ကို ကျွန်ုပ်စောင့်ထိန်းခဲ့မည်ဆိုလျှင် ကျွန်ုပ်၏ စားဝတ်နေရေးအဆင်ပြေတော့မည် မဟုတ်ပါချေ။ ကျွန်ုပ် အလုပ်ထုတ်ခံရလိမ့်မည်။ မိသားစုနှင့်အတူတကွငတ်သေရတော့မည်ဖြစ်သည်။”

ဤပုံစံနည်းမျိုးအတိုင်း ဧသောအနေဖြင့် အကြောင်းပြခဲ့ပါသည်။ သူသည်ငတ်သေခါနီးဖြစ်ခဲ့ပါသည် (သို့) ငတ်ပြီးသေတော့မည်ဟု သူတွေးထင်ခဲ့သည်။ ထို့ကြောင့် စားစရာတစ်စုံတစ်ခုအတွက်နှင့် သူသည် မိမိ၏သားဦးအရာကို တမင်ပေးခဲ့လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် လူအများစုတို့သည် စားစရာတစ်စုံတစ်ခုအတွက်နှင့် မိမိတို့အမွေခံရမည့်အခွင့်အရေးကို ရောင်းစားကြဖို့ရန်အတွက် သူတို့သည် သေခါနီးအခြေအသို့ရောက်ရှိလာသည့်အထိတိုင်အောင်ပင် မစောင့်စားကြတော့ပါချေ။ မရှိသည့် အန္တရာယ်ကို သူတို့သည် တွေးကြောက်နေတတ်ကြပါသည်။ လူတို့သည် ငတ်ပြီးသေလုမတတ်ဖြစ်ကြသည့်အထိ ဘုရားသခင်ကို မဆာလောင်ကြပါချေ။ ဖြစ်လေသမျှ အခြေအနေရပ်တိုင်းတွင် ကျွန်ုပ်တို့၏အသက်ရှင်သန်ရေးသည် ဘုရား

သခင်အပေါ်၌သာ လုံးလုံးမူတည်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် သူ၏ပညတ်တော်တို့ကို နှင်းချေနေကြစဉ်တွင်ပင် သူသည် ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည်မှန်လျှင်၊ ကျွန်ုပ်တို့အနေဖြင့် သူ့အားအစေခံနေကြသည့်အခါတွင် သူသည် ကျွန်ုပ်တို့ကို ပို၍ပင် စောင့်ထိန်းပေးနေလိမ့်ဦးမည်ဖြစ်သည်။ ငတ်သေမှာကို တွေးပြီးမကြောက်ပါနှင့်၊ အနာဂါတ်အဖို့စိုးရိမ်ပူပန်ခြင်းအမှုသည် မယုံကြည်သောတပါးအမျိုးသားများတို့၏ သွင်ပြင်လက္ခဏာတစ်ခုသာဖြစ်သည်ဟု ကယ်တင်ရှင်က မိန့်မြွက်ထားတော်မူပါသည်။ တိကျသော ဤအာမခံချက်တစ်ခုကိုလည်း ကျွန်ုပ်တို့အား သူပေးထားပါသည်။ “ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတံ့။” မသဲ ၆း၃၃။ ဆာလံဆရာကလည်း ဤသို့မိန့်ကြားထားပါသည်။ “ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရသည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍စားရသည်အကြောင်းကို ငါသည် အသက်ပျိုသည် ကာလမှစ၍ အိုသည်တိုင်အောင် မမြင်စဖူး။” ဘုရားသခင်၏သမ္မာတရားအတွက်ကြောင့်နှင့် ကျွန်ုပ်တို့သည် မိမိတို့၏အသက်ကိုဆုံးရှုံးကြရမည်ဆိုသည့်တိုင်အောင်ပင်၊ ကျွန်ုပ်တို့သည် ကောင်းသောအပေါင်းအသင်းထဲတွင်ပါဝင်နေကြဖို့သင့်ပါသည်။ ဟေဗြဲ ၁၁း ၃၂-၃၈ ကိုပြန်ကြည့်ပါ။ မုန့်တလုတ်စာလေးဖြင့် ထာဝရအမွေတော်ကို လက်လွှတ်ပေးအပ်လိုက်သည့်အဖြစ်မျိုးနှင့် အချိန်လွန်သွားခါမှ နောင်တရလာသည့်အဖြစ်မျိုး စသည့်အဖြစ်မျိုးတို့နှင့်ကြုံတွေ့လာစေမည့်အမှုတစ်ခုဖြစ်သည့် ဘုရားသခင်၏ကြွယ်ဝပြည့်စုံတော်မူသော ကတိတော်များတို့ကိုပေါ့ပေါ့တန်တန်ထားခြင်းအမှုကို ကျွန်ုပ်တို့အနေဖြင့် သတိထားရှောင်ကြဉ်ကြပါစို့။

“အိမ်၊ မြေယာများတို့နှင့် အကျွန်ုပ်၏အဘသည် ပြည့်စုံကြွယ်ဝ၊ ဤလောက၏ချမ်းသာကြွယ်ဝမှုကို သူသည်
မိမိ၏လက်တော်ထဲတွင် ဆုပ်ကိုင်ထား၊
သူ၏ဘဏ္ဍာသေတ္တာများက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့်ပြည့်လျှံကျ။ ပြောမပြနိုင်လောက်သည့်တိုင်
ကြွယ်ဝပါပေသည်တကား။

“ကျွန်ုပ်သည် ဘုရင်တစ်ပါး၏သား၊ ဘုရင်တစ်ပါး၏သား၊ အကျွန်ုပ်ကယ်တင်ရှင်ယေရှုနှင့်အတူတကွ
အကျွန်ုပ်သည် ဘုရင်တစ်ပါး၏သား။

“ကျွန်ုပ်အဘ၏သားတော် လူသားတို့၏ကယ်တင်ရှင်သည်၊
အဆင်းရဲဆုံးသောသူအဖြစ်နှင့် လောကတွင်လှည့်လည်ဆင်းကြွခဲ့။
သို့သော် ယခုတွင် သူသည် အထက်အရပ်၌ အစဉ်ထာဝရစိုးစံလျက်၊
နောင်ကာလအခါ ငါ့အဖို့ သူသည် အိမ်တစ်ဆောင်ကိုပေးတော်မူဦးမည်။

“ကျွန်ုပ်သည် တချိန်က လောကဧည့်သည်၊ ရွေးချယ်မှုအားဖြင့် အပြစ်သားတစ်ဦး၊
မွေးကတည်းက တကျွန်းတနိုင်ငံသား၊
သို့သော် အကျွန်ုပ်သည် မွေးစားခြင်းခံရပြီး၊ နာမည်သည်လည်းရေးမှတ်ထားလျက်ရှိချေပြီး၊
ဝတ်လုံ၊ သရဖူနှင့် အိမ်တော်ကို အမွေခံရမည့်သူအဖြစ်၊

“တဲအိမ်ကို ကျွန်ုပ်သည် အဘယ့်ကြောင့် စိတ်စွဲနေရပါမည်နည်း။ ထိုအရပ်တွင် သူတို့သည် ကျွန်ုပ်အဖို့
နန်းတော်တစ်ဆောင်ကို ဆောက်ပေးလျက်နေ၊
အိမ်တော်မှ နှင်ထုတ်ခြင်းခံထားရသော်ငြား၊ ကျွန်ုပ်သည် ချီးမွမ်းသီဆိုနိုင်ပါသေးသည်တကား၊
ဘုရားသခင့်ဘုန်းတော်ကိုချီးမွမ်းမည်၊ ကျွန်ုပ်သည် ဘုရင်တစ်ပါး၏သား။”

## ၁၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ
## –ဣသရေလ၊ ဘုရားသခင်၏မင်းသား
## ယနေ့အတွက်သမ္မာတရား၊ ဇွန်လှိုင် ၃၀၊ ၁၈၇၆

ယာကုပ်သည် သားဦးနှင့်ဆိုင်သောအမွေကို ဧသောထံမှ ပဲဟင်းတစ်ခွက်နှင့် ဝယ်ယူခဲ့ပြီး၊ လိမ်လည်မှုအားဖြင့် သားဦးနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများတို့ကို ဖခင်ထံမှ ရယူခဲ့ပါသည်။ သို့ရာတွင် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့၌ ကတိထားတော်မူခဲ့သည့်အမွေတော်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုသို့သောနည်းများအားဖြင့် ရရှိနိုင်လိမ့်မည်မဟုတ်ပါချေ။ ထိုအမွေကို ယုံကြည်ခြင်းအားဖြင့်သာရနိုင်မည်အကြောင်းကို အာဗြဟံအား အတိအကျ အသိပေးခဲ့ပါသည်။ ဖိအားပေးမှု (သို့) လိမ်လည်မှုအားဖြင့် ထိုအမွေကိုရရှိလိမ့်မည်ဟု အဘယ်သူမျှမတွေးထင်မိပါစေနှင့်။ "မုသာရှိသမျှတို့သည် သမ္မာတရားနှင့် မစပ်ဆိုင်။" သမ္မာတရားဆိုသည့်အရာကို မသမ္မာမတရားမှုအားဖြင့် ဘယ်သောအခါမျှ ဆောင်ရွက်၍မရနိုင်ပါချေ။ အာဗြဟံ နှင့်သူ၏အမျိုးအနွယ်တို့အားကတိထားတော်မူသည့် အမွေတော်သည် ဖြောင့်မတ်ခြင်းတရားနှင့်စပ်ဆိုင်သော အမွေတော်ဖြစ်သည်။ ထို့ကြောင့် ထိုအမွေတော်ကို မဖြောင့်မတ်သည့် မည်သည့်အရာတစ်စုံ တစ်ခုအားဖြင့်နှင့်မျှ မရရှိနိုင်ပါချေ။ အချိန်ကာလတစ်ခုအနေနှင့်၊ လောကပိုင်ဆိုင်မှုများတို့ကို လိမ်လည်ခြင်းမုသာအားဖြင့် မကြာမကြာရယူထားနိုင်ကြသည်၊ မကြာမကြာထိန်းသိမ်းထားနိုင်ကြသည်။ ကောင်းကင်အမွေတော်ကိုမူ ထိုသို့ပြုလုပ်၍မရပါချေ။ မိမိ၏ထက်မြက်မှုနှင့် လိမ်လည်လှည့်ဖြားမှုများတို့အားဖြင့် ယာကုပ်ရရှိသွားခဲ့သည့်တစ်ခုတည်းသောအရာမှာ၊ မိမိ၏အစ်ကိုနှင့်ထာဝရရန်သူဖြစ်သွားခြင်းနှင့်၊ မိမိဖခင်၏အိမ်မှ နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင်တိုင် ထွက်ပြေးတိမ်းရှောင်နေလျက် မိမိ၏မိခင်ဖြစ်သူအားနောက်တဖန်မတွေ့မြင်ရတော့သည့်အကျိုးရလဒ်များပင်ဖြစ်ပေသည်။

သို့ရာတွင် သားအကြီးဖြစ်သူ၏နေရာအစားတွင် ယာကုပ်သည် အမွေခံအရာ၌တည်ရမည်ဟု ဘုရားသခင်အနေဖြင့် အချိန်ကြာမြင့်စွာတကည်းက မိန့်မြွက်ခဲ့သည်။ ယာကုပ်နှင့် သူ့မိခင်ကြီးတို့၏ပြဿနာမှာ၊ ဘုရားသခင်၏ကတိတော်များတို့ကို မိမိတို့၏နည်းလမ်းအတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်လိမ့်မည်ဟု တွေးထင်ခဲ့ကြသည့်ပြဿနာပင်ဖြစ်သည်။ ထိုအမှားသည် အာဗြဟံနှင့်စာရာတို့ ကျူးလွန်ခဲ့သည့်အမှားနှင့်တူညီနေပါသည်။ ဘုရားသခင်အနေနှင့် မိမိ၏အကြံအစည်များတို့ကို မိမိ၏အလိုတော်နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမည့်အမှုကို သူတို့အနေဖြင့် မစောင့်ဆိုင်းနိုင်ခဲ့ကြပါချေ။ ယာကုပ်နှင့်ပတ်သက်ပြီး ဘုရားသခင် မည်ကဲ့သို့မိန့်တော်မူခဲ့ကြောင်းကိုလည်း ရေဗက္ကအနေဖြင့် သိရှိထားခဲ့ပါသည်။ ကောင်းကြီးမင်္ဂလာတို့ကို ဧသောအားပေးမည်ဟု ကတိပြုခဲ့သည့် ဣဇာက်၏စကားသံကိုကြားသောအခါတွင်၊ မိမိသာ ဝင်ရောက်စွက်ဖက်ခြင်းမပြုလျှင် ဘုရားသခင်၏အကြံအစည်တော်သည် ပျက်စီးခြင်းသို့ရောက်ပါလိမ့်မည်ဟု သူမ တွေးထင်ခဲ့သည်။ အမွေတော်သည် ဘုရားသခင်၏တန်ခိုး၌သာ လုံးလုံးတည်နေတော်မူကြောင်းနှင့်၊ ထိုတန်ခိုးတော်ကို မိမိအဖို့ငြင်းပါယ်လိုက်ခြင်းမှတပါး၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုတန်ခိုးတော်ကို ဖယ်ရှားပစ်စရာအကြောင်းမရှိကြောင်းကို သူမအနေဖြင့် မေ့လျော့နေခဲ့ပါသည်။ ဧသောသည် ကောင်းကြီးမင်္ဂလာကို မိမိ၏ဖခင်ကြီးထံမှရရှိခဲ့သည်ဆိုသည့်တိုင်၊ ဘုရားသခင်အနေဖြင့် မိမိ၏အကြံအစည်တော်ကို လျောက်ပတ်သည့်အချိန်နာရီတွင် အကောင်အထည်ဖော်သွားပေးခဲ့လိမ့်မည်ဖြစ်ပါသည်။

## ဘုရားသခင်၏ရွေးချယ်မှု

သို့ဖြစ်၍၊ ယာကုပ်သည် နှစ်ထပ်ကွမ်းရှောင်ပုန်းသူတစ်ဦးဖြစ်လာခဲ့သည်။ သူသည် လောက၌ တကျွန်းတနိုင်ငံသားတစ်ဦး ဖြစ်နေခဲ့ရုံသာမကပဲ၊ ထိုလောကထဲတွင် တဖန်ရှောင်ပုန်းနေခဲ့ရသည့် ဝရမ်းပြေး

သမားတစ်ဦးလည်းဖြစ်နေခဲ့ရပါသည်။ သို့ရာတွင် သူ့အားဘုရားသခင်စွန့်ပစ်တော်မမူခဲ့ပေ။ ထိုသို့သောအပြစ်နှင့်ပြည့်ဝနေခဲ့သူ (ယာကုပ်) အဖို့ မျှော်လင့်ချက်ရှိခဲ့ပါသည်။ ဘုရားသခင်အနေနှင့် ယာကုပ်ကို ဧသောထက်သာ၍နှစ်သက်ခဲ့သည့်အဖြစ်သည် အချို့သောသူများအဖို့ ထူးဆန်းနေပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ယာကုပ်၏အကျင့်စာရိတ္တသည် ဧသော၏အကျင့်စာရိတ္တထက် ထူးမြတ်သည်ဟူ၍ ဘာတစ်ခုမျှမရှိခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် လူတစ်ဦးတစ်ယောက်ကို သူ၏ကောင်းမွန်သည့်အကျင့်စာရိတ္တကြောင့် ရွေးချယ်သည်မဟုတ်ကြောင်းကို ပြန်လည်စဉ်းစားကြည့်ကြပါစို့။ "အကြောင်းမူကား၊ အထက်က ငါတို့သည် ပညာမဲ့သောသူ၊ နားမထောင်သောသူ၊ မှားယွင်းသောသူ၊ အထူးထူးအပြားပြားသော တပ်မက်ခြင်း၊ ကာမဂုဏ်ခံစားခြင်း အမှုတို့ကိုဆောင်ရွက်သောသူ၊ မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ အချင်းချင်းမုန်းသောသူဖြစ်ကြ၏။ ငါတို့ကိုကယ်တင်တော်မူသော အရှင်ဘုရားသခင်၏ စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်းသောအခါ၊ ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောအသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။ ငါတို့ကို ကယ်တင်သော အရှင်ယေရှုခရစ်အားဖြင့် ငါတို့အပေါ်သို့ ထိုဝိညာဉ်တော်ကို ကြွယ်ဝစွာသွန်းလောင်းတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍ ထာဝရအသက်ကို မျှော်လင့်သည်နှင့်အညီ အမွေခံဖြစ်ကြမည်အကြောင်းတည်း။" တိတု ၃း၃-၇။

လူသားတို့သည် မည်သူမည်ဝါများဖြစ်ကြသည့်အတွက်ကြောင့် သူတို့အား ဘုရားကရွေးချယ်တော်မူခြင်းမဟုတ်ပါချေ။ ဘုရားသခင်က သူတို့အား နားလည် သဘောပေါက်နိုင်တော်မူသောကြောင့်သာ သူတို့ကိုရွေးချယ်လိုက်ခြင်းဖြစ်သည်။ အဆိုးသွမ်းအခက်ထန်ဆုံးနှင့် စာရိတ္တအပျက်ပြားဆုံးသောသူများအနေဖြင့် စိတ်ဆန္ဒပါလျက် သူ၏နှုတ်ကပတ်တော်ကိုယုံကြည်ကြမည်ဆိုလျှင်၊ ဘုရားသခင်သည် ထိုသို့သောသူများကိုပင်လျှင် နားလည်ပေးနိုင်တော်မူလေသည်။ လက်ဆောင်ဆိုသည်မှာ အတင်းထိုးပေး၍ရသည့်အရာမျိုးမဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်နှင့် ထိုဖြောင့်မတ်ခြင်း၏အမွေတော်ကို လက်ခံရရှိမည့်သူသည် ထိုအရာတို့ကို လိုချင်သည့်စိတ်ဆန္ဒရှိရပါမည်။ "ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်။" အကယ်၍ ကျွန်ုပ်တို့သည် ယုံကြည်သောသူတို့၏အထဲ၌ပြုပြင်ပေးတော်မူတတ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ကြမည်ဆိုလျှင်၊ ထိုဘုရားသခင်သည် "ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ" ပြုလုပ်ပေးနိုင်တော်မူပါသည်။ ဖါရိရှဲများတို့သည် အခွန်ခံများနှင့် ပြည့်တန်ဆာမိန်းမများတို့ထက် ဂုဏ်ယူလေးစားခြင်းကိုခံကြရပါသည်။ သို့ရာတွင် ထိုအခွန်ခံများနှင့် ပြည့်တန်ဆာများတို့သည် ဖါရိရှဲများတို့ထက်အရင် ကောင်းကင်နိုင်ငံတော်ကိုဝင်စားကြလိမ့်မည်ဟု ခရစ်တော် ကတင်ပြပြောဆိုခဲ့လေသည်။ အကြောင်းမှာ အခွန်ခံများနှင့် ပြည်တန်ဆာများတို့က ဘုရားသခင်ကိုယုံကြည်၍ ထိုသခင်အားမှီခိုအားထားနေကြစဉ်တွင်၊ ထိုဖါရိရှဲများတို့သည် မိမိတို့ကိုယ်ကိုကိုးစားလျက် ဘုရားအပေါ် ယုံကြည်ခြင်းကင်းမဲ့နေခဲ့ကြသောကြောင့်ဖြစ်သည်။ ဧသောနှင့်ယာကုပ် အဖြစ်အပျက်တွင်လည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ ဧသောသည် ဘုရားတရားကို မရှိမသေပြုသောသူတစ်ဦးဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အထင်အမြင်သေးသည့်သဘောဖြင့် သူ့ရှုမြင်ခဲ့သည်။ သဘာဝအားဖြင့် ယာကုပ်သည် ဧသောထက်ဘာမျှပိုမိုကောင်းမွန်သည်ဟူ၍ မရှိခဲ့ပါချေ။ သို့ရာတွင်၊ ယုံကြည်သောသူတို့အား ဘုရားပကတိနှင့်ဆက်ဆံရသောအခွင့်ကိုပေးတော်မူသည့် ဘုရားသခင်၏ကတိတော်ကို ယာကုပ် ယုံကြည်ထားခဲ့ပါသည်။

အခြားသောသူများတို့ကို ရွေးချယ်တော်မူသည့်ပုံစံအတိုင်း ဘုရားသခင်သည် ယာကုပ်ကို ရွေးချယ်ခဲ့ပါသည်။ "ငါတို့သည်ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမှီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေး

သနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။" ဖေက် ၁း၃၊၄။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ရွေးချယ်ခြင်းခံထားရသောသူများဖြစ်ကြသည်။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်အားဖြင့် ဖန်ဆင်းလျက်ရှိပြီး၊ ခပ်သိမ်းသောအရာတို့သည်လည်း သူ့အားဖြင့်သာ တည်ကြသည့်အတွက်ကြောင့်၊ ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကိုမိမိ ခရစ်တော်လက်ခံလာအောင် လုပ်နေကြဖို့မဟုတ်ပဲ၊ ထိုခရစ်တော်ကို ကျွန်ုပ်တို့က အသိအမှတ်ပြုကြလျက်၊ ယုံကြည်ခြင်းအားဖြင့် သူ၌တည်နေကြရမည်သာဖြစ်ကြောင်း ထင်ရှားလုပေသည်။ အခြားသောသူများအားလုံးတို့အား ရွေးချယ်တော်မူသည့်ပုံစံမျိုးနှင့်သာ ယာကုပ်အားရွေးချယ်တော်မူခဲ့ပါသည်။ မျက်နှာလိုက်ပြီး ရွေးချယ်ခြင်းမျိုးလုံးဝမပါမရှိခဲ့ပါချေ။ လူသားအားလုံးတို့ကို ယေရှုခရစ်တော်အားဖြင့် ရွေးချယ်ထားတော်မူပြီး၊ သူတို့အားလုံးအနေဖြင့် ခရစ်တော်ကိုမငြင်းပယ်ဘဲ လက်ခံကြမည်ဆိုလျှင်၊ သူတို့အနေဖြင့် ဆုံးရှုံးခြင်းသို့ရောက်ရကြတော့မည်မဟုတ်ပါချေ။

"ကျေးဇူးတော်သည် ကြွယ်ဝလုပေသည်၊ ကြွယ်ဝလုပေသည်။ တောင်းရှိသာတောင်းခံလိုက်ပါ - သင့်အား ပေးသနားတော်မူလိမ့်မည်။

ခေါက်ရှိသာခေါက်လိုက်ပါ ကောင်းကင်သို့ပို့ဆောင်ပေးမည့် ပွင့်နေသည့်တံခါးဝကို သင်တွေ့ရပေလိမ့်မည်။

ပြီးလျှင် ကရာနီတောင်ပေါ်တွင်အသေခံခဲ့သည့်သူ၏အသွေးတော်ဖြင့် ပေးဆပ်မှုပြုခဲ့ရသည့် အကြောင်းကို သတိရအောက်မေ့နေလျက်၊ သင့်အားအခမဲ့ဖြင့် အပြည့်အဝပေးသနားတော်မူသည့် ကောင်းမြတ်တော်မူသောအရာကို ထယူသိမ်းပိုက်လိုက်ပါ။"

## ယာကုပ်အတွက် ပထမဆုံးသောသင်ခန်းစာ

ဘုရားသခင်၏ကတိတော် ပြီးပြည့်စုံမှုရှိရေးအတွက် ကြိုးစားအားထုတ်ပြီးလုပ်ဆောင်ပေးနေလျက်ရှိသော မိမိအား ထိုကတိတော်မြတ်က လုပ်ဆောင်ပြီးရသောအစွမ်းသတ္တိကိုပေးစွမ်းလိမ့်မည်ဟု ယာကုပ်အနေဖြင့် ပြည့်ပြည့်ဝဝယုံကြည်ထားခဲ့စဉ်အချိန်တွင်၊ ဘုရားသခင်တပါးတည်းကသာလျှင် ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် ထိုကတိတော်ကို ပြီးပြည့်စုံစေနိုင်တော်မူကြောင်းကို သူ့အနေဖြင့် သေသေချာချာနားမလည်ခဲ့သေးပါချေ။ ထို့ကြောင့် သူ့အား ဘုရားသခင်အနေဖြင့် စတင်ဆုံးမသွန်သင်ပေးခဲ့ရလေတော့သည်။ မိမိပြစ်မှုကျူးလွန်ထားခဲ့မိသည့်ပုဂ္ဂိုလ်ဖြစ်သည့် မိမိအစ်ကို၏ရန်မှ ပုန်းရှောင်ထွက်ပြေးသွားသည့်အနေဖြင့် ယာကုပ်သည် ရှုရိပြည်သို့ တစ်ဦးတည်းခရီးနှင်လာခဲ့ပါသည်။ "တစုံတခုသောအရပ်သို့ရောက်၍၊ မိုဃ်းချုပ်သောကြောင့်၊ ညဥ့်ကိုလွန်စေမည်အကြံရှိသည်နှင့်၊ ထိုအရပ်၌ ကျောက်ကိုယူ၍ ခေါင်းအုံးဘို့ထားပြီးလျှင် အိပ်လေ၏။ မြင်ရသောအိပ်မက်ဟူမူကား၊ မြေကြီးပေါ်၌ လှေကားထောင်လျက် အဖျားသည် မိုဃ်းကောင်း ကင်တိုင်အောင်မှီ၏။ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည်၊ ထိုလှေကားဖြင့် ဆင်းလျက်၊ တက်လျက်ရှိကြ၏။ ထာဝရဘုရားသည် လှေကားထက်၌ ရပ်တော်မူလျက်၊ ငါသည် သင်၏အဘအာဗြဟံဘုရား၊ ဣဇာက် ၏ဘုရားတည်းဟူသော ထာဝရဘုရားဖြစ်၏။ သင်အိပ်သောမြေကို သင်နှင့်သင်၏အမျိုးအနွယ်အား ငါပေးမည်။ သင်၏အမျိုးအနွယ်သည် မြေမှုန့်ကဲ့သို့ များပြားလိမ့်မည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေး မျက်နှာ အရပ်တို့သို့နှံ့ပြားကြလိမ့်မည်။ သင်နှင့်သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံကြရလိမ့်မည်။ ငါသည် သင့်ဘက်မှာရှိ၏။ သင်သွားလေရာရာ၌ ငါစောင့်မမည်။ ဤပြည်သို့ တဖန် ဆောင်ခဲ့ဦးမည်။ ကတိထားသည်အတိုင်း မပြည့်စုံမှီ၊ သင့်ကိုငါမစွန့်ဟု မိန့်တော်မူ၏။ ယာကုပ်သည်အိပ်ပျော်ရာမှ နိုးလျှင် အကယ်စင်စစ် ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော်မူကြောင်းကို ငါမသိ။ ဤအရပ်ကား၊ အဘယ်မျှလောက်ကြောက်မက်ဘွယ်ဖြစ်သည်တကား။ ဤအရပ်ကား၊

အခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်၊ ကောင်းကင်တံခါးဝဖြစ်သည်တကားဟု၊ ကြောက်ရွံ့ခြင်းသို့ ရောက်၍ဆို၏။" ကမ္ဘာဦးကျမ်း ၂၈း ၁၁-၁၇။

ဤအဖြစ်အပျက်သည် ယာကုပ်အဖို့ ကြီးမားသောသင်ခန်းစာတစ်ခုပင်ဖြစ်သည်။ ဤအဖြစ်အပျက်မတိုင်မီတွင် ဘုရားသခင်အပေါ်ထားရှိခဲ့သည့် သူ၏တွေးခေါ်မှုတို့သည် အကြမ်းပတမ်းအတွေးအခေါ်တစ်ခုသာဖြစ်နေခဲ့ပါသည်။ ဘုရားသခင်၏တည်ရှိမှုသည် နေရာအကန့်အသတ်ဖြင့်သာဖြစ်သည်ဟု သူထင်မှတ်ထားခဲ့သည်။ သို့ရာတွင် ယခုလိုသူ့အား ဘုရားသခင်က ထင်ရှားပြလာတော်မူခဲ့သည့်အခါတွင်၊ "ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်။" ဆိုသည့်အရာကို သူ့အနေဖြင့် စတင်ပြီး နားလည်သဘောပေါက်လာခဲ့လေသည်။ ယောဟန် ၄း၂၄။ နောက်ထပ်နှစ်ပေါင်းများစွာအတန်ကြာတွင် ရှမာရိအမျိုးသမီးအား မိန့်မြွက်တော်မူခဲ့သည့် ခရစ်တော်၏ပြောဆိုချက်ကို ယာကုပ်သည် စတင်ပြီးနားလည်သဘောပေါက်လာခဲ့ပါသည်။ ဘုရားသခင်အားကိုးကွယ်ခြင်းအမှုတွင် နေရာဒေသသည် အဓိကမကျပါ၊ မည်သည့်နေရာတွင် ဝတ်ပြုနေသည်ဖြစ်စေ အသက်ဝိညာဉ်သည် ဘုရားသခင်ထံရောက်ရှိဖို့နှင့် ထိုသခင်ကိုရှာဖွေတွေ့ရှိဖို့သာ အဓိကအရေးကြီးပါသည်ဟု ခရစ်တော်အနေဖြင့် ထိုရှမာရိအမျိုးသမီးကို မိန့်မြွက်တော်မူခဲ့လေသည်။

သည့်အပြင်မကပါ၊ မိမိ၏ထူးခြားထက်မြက်သောအပေးအယူလုပ်ခြင်းအတတ်ပညာအားဖြင့် ရရှိနိုင်လိမ့်မည်ဟု သူတွေးထင်ထားသည့် ဘိုးဘေးတို့အားကတိထားတော်မူခဲ့သော အမွေတော်ကို လက်ရှိလုပ်ဆောင်သည့်ပုံစံနှင့် လုံးဝကွဲပြားခြားနားသည့်ပုံစံတစ်မျိုးအားဖြင့်သာ ရယူနိုင်မည်ဖြစ်ကြောင်းကိုလည်း ယာကုပ် စတင်ပြီးလေ့လာသိရှိလာခဲ့ရပါသည်။ ထိုတနေရာတည်းမှာပင် မည်မျှများပြားသည့်သင်ခန်းစာကို သူ့အနေဖြင့် ဆုပ်ကိုင်နိုင်ခဲ့ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် မပြောနိုင်ပါချေ။ သို့ရာတွင် ဤထင်ရှားခြင်းတွင် ဘုရားသခင်သည် သူ့အား ဧဝံဂေလိတရားကိုကြွေးကြော်တော်မူခဲ့ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သိရှိရပါသည်။ "သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။"ဆိုသည့်စကားဖြင့် ဘုရားသခင်သည် အာဗြဟံအား ဧဝံဂေလိတရားဟောခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ သင်ယူထားခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်က "သင်နှင့်သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံကြရလိမ့်မည်။"ဟု ယာကုပ်အားမိန့်မြွက်တော်မူခဲ့ရာတွင်၊ သူသည် ယာကုပ်အား ဧဝံဂေလိတရားကို ဟောပြောနေခြင်းသာဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အသေအချာသိရှိနိုင်ကြပါသည်။

ကတိတော်ပြည်အကြောင်းနှင့် မရေမတွက်နိုင်အောင်များပြားသောနောင်လာနောက်သားများအကြောင်းတို့သည် ဤတင်ပြချက်နှင့်ဆက်နွယ်မှုရှိနေပါသည်။ ယာကုပ်၌ထားတော်မူခဲ့သကတိတော်သည် ဣဇာက်၌ထားတော်မူခဲ့သည့်ကတိတော်နှင့် ထပ်တူညီနေပါသည်။ ယာကုပ်၏အမျိုးအနွယ်နှင့် ဣဇာက်၏ အမျိုးအနွယ်သည် အတူတူပင်ဖြစ်ပြီး၊ ထိုအမျိုးအနွယ်မှာ ယေရှုခရစ်တော်နှင့် ဝိညာဉ်တော်အားဖြင့် ထိုခရစ်တော်နှင့်စပ်ဆိုင်သောသူများသာဖြစ်ပါသည်။ ထိုကောင်းချီးမင်္ဂလာများသည် ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်မှတဆင့် ဆင်းသက်လာပါသည်။

ဤအကြောင်းအရာအားလုံးတို့ကို ယာကုပ်တွေ့မြင်ခဲ့ရသည့်၊ နားဖြင့်ကြားခဲ့ရသည့်အဖြစ်အပျက်ကြီးက ပြညွှန်ထားပေးပါသည်။ ဘုရားသခင်နှင့်လူကို ဆက်သွယ်ပေးထားတော်မူသည့် မြေကြီးမှထောင်၍ ကောင်းကင်တိုင်အောင်မီလျက်ရှိနေသော လှေကားတစ်ခုရှိပါသည်။ ဘုရားသခင်၏တပါးတည်းသောသားတော် ယေရှုခရစ်တော်သည် ကောင်းကင်နှင့်မြေကြီးစပ်ကြား၊ ဘုရားသခင်နှင့်လူစပ်ကြားတွင် ချိတ်ဆက်ပေးနေတော်မူသည့် ကွင်းဆက်ကြီးတစ်ခုဖြစ်သည်။ မြေကြီးမှ ကောင်းကင်တိုင်အောင်မီနေပြီး၊ ကောင်းကင်တမန်များ အပေါ်အောက် တက်လိုက်ဆင်းလိုက်လုပ်နေခဲ့သည့် လှေကားသည်၊ ဣသရေလလူစစ်ဖြစ်သူ နာသနေလအား ခရစ်တော်မိန့်ကြားတော်မူခဲ့သည့်မိန့်ကြားချက်ကို ပုံဆောင်နေသည့်အရာတစ်ခုသာဖြစ်ပါသည်။ မိန့်တော်မူခဲ့လေသည်ကား၊ "နောင်ကာလ၌ ကောင်းကင်ဖွင့်လှစ်သည်ကိုင်၎င်း၊ ဘုရားသခင်၏ ကောင်းကင်

တမန်တို့သည် လူသား၏အပေါ်၌ ဆင်းလျက်တက်လျက်ရှိနေသည်ကိုငင်း၊ သင်တို့သည် မြင်ရကြလတံ့။" ယောဟန် ၁း၅၁။ ကောင်းကင်သို့ရောက်ရှိနိုင်သည့်လမ်းသည် ကပ်တိုင်လမ်းပင်ဖြစ်ပါသည်။ ထိုညတွင် ယာကုပ်အား ဤကပ်တိုင်လမ်းကိုပြည့်ပြနေ့ခဲ့ပါသည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချခြင်းအားဖြင့်မဟုတ်ပဲ၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းအားဖြင့်သာလျှင် ကတိတော်နှင့်ကောင်းချီးမင်္ဂလာများတို့ကို ရယူရမည်ဖြစ်သည်။ "အကြင်သူသည် အသက်" နှင့်တကွ ထိုအသက်၌ပါသမျှသောအရာတို့ကို ရှုံး၏။ "ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်။"

## သင်ခန်းစာကိုပြန်လည်အသုံးချခြင်း

ရှုရိပြည်တွင်သွားရောက်တည်းခိုခဲ့သည့် ယာကုပ်၏နေထိုင်တည်းခိုမှုအကြောင်းကို သီးသန့်ဆွေးနွေးသွားဖို့မလိုအပ်ပါချေ။ လိမ်လည်လှည့်စားခြင်းနှင့် ထူးခြားထက်မြက်သောအပေးအယူပြုခြင်းအမှုတို့သည် မည်သည့်အကျိုးအမြတ်ကိုမျှမပေးစွမ်းနိုင်သည့်အကြောင်းကို ယာကုပ်အနေဖြင့် မိမိဦးလေး လာဗန်၌ကျွန်ခံနေခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်အတွင်းတွင် ပြည့်ပြည့်ဝဝ သင်ယူခွင့်ရခဲ့ပါသည်။ သူပြုခဲ့သည့်အမှုသည် သူ့အပေါ်ပြန်လည်သက်ရောက်လာခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင်သည် သူနှင့်အတူရှိပေးတော်မူခဲ့ပြီး၊ သူ့အားကြွယ်ဝစေခဲ့ပါသည်။ မိမိအားပေးတော်မူသည့်သင်ခန်းစာများတို့ကို ယာကုပ်အနေဖြင့် မိမိ၏နှလုံးသားထဲတွင် ထည့်သွင်းထားနေပုံရပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိနှင့်သက်ဆိုင်သည်တို့ကို မိမိ၏ဦးလေးထံမှပြန်ပြီးရရှိလာအောင်လုပ်ဆောင်ခဲ့သည့်နေရာတွင် သူ၏ယခင်မူလပင်ကိုယ်အကျင့်စရိုက်ကို အနည်းငယ်သာတွေ့ရသောကြောင့်ဖြစ်သည်။ သူသည် မိမိ၏အမှုအရာကို ဘုရားသခင်ထံတော်၌ လုံးလုံးလျားလျားအပ်နှံပြီး၊ မိမိအပေါ် မညှာမတာပြုမူဆက်ဆံလာသမျှတို့ကို ရန်တုန့်ပြန်ခြင်းမရှိပဲ ငြိမ်ခံပေးခဲ့ပုံပေါ်ပါသည်။ မိမိအား သူခိုးအဖြစ်စွဲချက်တင်ခဲ့သည့် လာဗန်၏စွပ်စွဲချက်အပေါ် ယာကုပ်အနေဖြင့် ပြန်ပြီးတုန့်ပြန်ပြောဆိုခဲ့လေသည်မှာ...

"ကျွန်ုပ်သည် သင့်ထံ၌ အနှစ်နှစ်ဆယ်ပတ်လုံးနေရာတွင်၊ သင်၏သိုးမ၊ ဆိတ်မတို့သည် ဝမ်းပိုးမပျက်။ ဆိတ်ထီး၊ သိုးထီးတို့ကိုကျွန်ုပ်မစား။ သားရဲကိုက်သတ်သော အကောင်ကိုသင့်ထံသို့ ကျွန်ုပ်မဆောင်ခဲ့၊ ကိုယ်အရှုံးခံရ၏။ နေ့မှာ ခိုးသည်ဖြစ်စေ၊ ညမှာခိုးသည်ဖြစ်စေ၊ သင်သည် ကျွန်ုပ်တွင်အစားတောင်းလေ့ရှိ၏။ နေ့အချိန်၌လည်း နေပူကိုငင်း၊ ညဥ့်အချိန်၌လည်း နှင်းခဲကိုငင်း ခံရပြီ။ အအိပ်ပျက်ခြင်းကိုလည်းခံရပြီ။ ထိုသို့ ကျွန်ုပ်သည် အနှစ်နှစ်ဆယ်ပတ်လုံး သင်၏အိမ်၌နေ၍၊ သင်၏သားသမီးနှစ်ယောက် အတွက်ကြောင့် ဆယ်လေးနှစ်၊ သိုးဆိတ်တို့အတွက်ကြောင့် ခြောက်နှစ်အစေခံရပြီ။ သို့ရာတွင်သင်သည်၊ ကျွန်ုပ်အခကို ဆယ်ကြိမ်လဲပြီတကား။ ယခုလည်း ကျွန်ုပ်အဘ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ကြောက်ရွံ့ရာဘုရားသည် ကျွန်ုပ်ဘက်၌မရှိလျှင်၊ သင်သည် ကျွန်ုပ်ကိုကေနအမှန်လက်ချည်း လွှတ်လိုက်လိမ့်မည်တကား။ အကယ်စင်စစ် ကျွန်ုပ်ဆင်းရဲခံရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းကို ဘုရားသခင်မြင်၍၊ မနေ့ညမှာ သင့်ကိုဆုံးမတော်မူပြီဟု ဆိုလေ၏။" ကမ္ဘာဦးကျမ်း ၃၁း၃၈-၄၂။

ဤတင်ပြချက်သည် တည်ငြိမ်အေးဆေးပြီး၊ သိက္ခာရှိသော တင်ပြချက်တစ်ခုဖြစ်သည်။ ယာကုပ်သည် ဖခင်ဣဇာက်ကိုကြောက်ရွံ့ခြင်းရှိကြောင်းနှင့်၊ ထို ကြောက်ရွံ့ခြင်းသဘောက သူ့အားလှုံ့ဆော်ပေးလျက်ရှိကြောင်းကို ဤတင်ပြချက်က ပြသထားပေးပါသည်။ ယာကုပ်၌ ဧဝံဂေလိတရားတော်ကိုဟောပြောပေးခဲ့ခြင်းအရာသည် အချည်းနှီးသက်သက်ဖြစ်မသွားခဲ့ပါချေ။ သူ၌ ကြီးမားသောပြောင်းလဲမှုကြီးတစ်ရပ်ဖြစ်ပေါ်သွားခဲ့ပါသည်။

လိမ္မာပါးနပ်စွာဖြင့် မိမိ၏အစ်ကိုဖြစ်သူထံမှ ဝယ်ယူထားခဲ့သည့်သားဦးအရာနှင့်ဆိုင်သည့်အရာတစ်စုံတစ်ခုကိုမျှ ယာကုပ်အနေဖြင့်မရရှိသွားခဲ့ကြောင်းကို ဤနေရာတွင်မှတ်သားပါ။ သူ၏ပစ္စည်းဥစ္စာများတို့

သည် ဘုရားသခင်အထံတော်မှ တိုက်ရိုက်လာသော ကောင်းချီးမင်္ဂလာများကြောင့်သာဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ဆက်စပ်လျက်၊ ကျွဇာက်ခံရသောကောင်းချီးမင်္ဂလာများတို့သည်လည်း သူ့အားဘုရားသခင်ကကောင်းချီးပေးတော်မူခြင်းကြောင့်သာဖြစ်သည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်သတိရမိနေပါလိမ့်မည်။ ထိုအမွေတော်သည် ဖခင်မှတဆင့် သားအားပြန်လည်အပ်နှင်းပေးရသည့် အမွေမျိုးမဟုတ်ပါချေ။ ထိုအမွေတော်သည် ဖခင်နှင့်သား သူတို့တစ်ဦးချင်းစီတို့က ဘုရားထံမှတိုက်ရိုက်ရရှိကြရသည့် ကိုယ်ပိုကတိတော်၊ ကိုယ်ပိုင်ကောင်းချီးမင်္ဂလာများဖြစ်သည်။ "အာဗြဟံ၏ အမျိုးအနွယ်(များဖြစ်လာရန်နှင့်)၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်" နိုင်ကြဖို့ရန်အတွက်ဆိုလျှင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်ရကြမည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်ကြပြီး၊ ထိုခရစ်တော်နှင့်အတူအမွေတော်ကိုဆက်ဆံရသောသူများဖြစ်ကြသည် မှန်လျှင်၊ ကျွန်ုပ်တို့တတွေသည် "ဘုရားသခင်၏ အမွေခံများ" ပင်ဖြစ်ကြလေတော့သည်။

## နောက်ဆုံးစစ်ဆေးစမ်းသပ်မှု

သို့ရာတွင် မိမိ၏အစောပိုင်းအသက်တာတွင် ယာကုပ်သည် ဝမ်းနည်းဖွယ်ရာကောင်းသောရှုံးနိမ့်မှုတစ်ခုကို ဖန်တီးခဲ့မိပါသည်။ သို့ဖြစ်သောကြောင့် ဘုရားသခင်သည် တိကျသောဆရာတစ်ဦးအနေဖြင့် သူ့အား သူရှုံးနိမ့်သွားခဲ့သော မြေပေါ်သို့ တဖန်ခေါ်ဆောင်လာခဲ့ရပေဦးမည်ဖြစ်သည်။ မုသာအားဖြင့် အောင်နိုင်မှု ရလိမ့်မည်ဟု အရင်က သူထင်ထားခဲ့သည်။ "လောကကို အောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။" ဆိုသည့်သင်ခန်းစာကို သူ့အနေဖြင့် ပြည့်ပြည့်ဝဝ သင်ယူမိသွားရမည် ဖြစ်ပါသည်။ ၁ယော ၅း၄။

ယာကုပ်အားသတ်ပစ်ဖို့ရန် ဧသောကြိုးစားနေခဲ့သည့်အတွက်ကြောင့် ရေဗက္ကာသည် သူ့အား အိမ်နှင့်ဝေးရာသို့ရှောင်ပြေးထွက်သွားဖို့ရန် အကြံပြုခဲ့လိုက်ပါသည်။ သူမ ပြောဆိုခဲ့လေသည်ကား၊ "ထိုကြောင့်၊ ငါ့သား၊ ငါ့စကားကိုနားထောင်ပါ။ ငါ့မောင်လာဗန်နေရာခါရန်မြို့သို့ ထ၍ပြေးသွားပါလော့။ သင်၏အစ်ကိုစိတ်ပြေသည်တိုင်အောင်၊ သူ့ထံမှာ ခဏရှောင်၍နေပါလော့။ သင်၏အစ်ကို စိတ်ပြေ၍၊ သင်သည်သူ၌ပြုသောအမှုကို သူမေ့လျော့သောအခါ၊ ငါမှာလိုက်၍၊ ထိုအရပ်မှသင့်ကို ဆောင်ခဲ့စေမည်။ ငါ့သားနှစ်ယောက်လုံးကို တနေ့ခြင်းတွင် အဘယ်ကြောင့် ငါရှုံးရမည်နည်းဟုဆိုလေ၏။" ကမ္ဘာဦးကျမ်း ၂၇း၄၃-၄၅။ သို့ရာတွင် သူမသည် ဧသော၏ ပင်ကိုယ်စရိုက်ကို မသိရှိထားခဲ့ပါချေ။ ဧသောသည် ပြင်းထန်သောနောက်မဆုတ်အလျှော့မပေးတတ်သူတစ်ဦးဖြစ်သည်။ "တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဧဒုံပြည်သည် သနားသောစိတ်ကိုချုပ်တည်း၍၊ ညီအစ်ကိုကို ထားနှင့်လိုက်သောအပြစ်၊ ဒေါသစိတ်နှင့် အစဉ်အမြဲဆွဲဖြတ်၍ အစဉ်အမြဲအငြိုးထားသော အပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်ဒဏ်မပေးဘဲမနေ။" အာမုတ် ၁း၁၁။ (ဧဒုံဆိုသည်မှာ ဧသောပင်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၂၅း၃၀၊ ၃၆း၁ ကိုပြန်ကြည့်ပါ။) ယာကုပ်၏ပင်ကိုယ်စရိုက်သည် ဆိုးရွားသကဲ့သို့ပင်၊ ဧသော၏အကျင့်စရိုက်သည်လည်း စက်ဆုပ်ဖွယ်ရာအကောင်းဆုံးဖြစ်သည်ကို ဤနေရာတွင် ကျွန်ုပ်တို့တွေ့ရပါသည်။

နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင်ကျော်လွန်သွားခဲ့သည်ဆိုသော်လည်း၊ ဧသော၏အမျက်ဒေါသသည် အရင်ကကဲ့သို့ လတ်ဆတ်နေဆဲဖြစ်နေပါသည်။ ဧသောအား ငြိမ်ချမ်းရေးစကားဆိုဖို့ရန်အတွက်နှင့် သူ့နှင့်ပြန်လည်သင့်မြတ်ရေးအတွက် ယာကုပ်သည် သူ့ထံသို့ အစေခံတမန်များကို စေလွှတ်လိုက်သည့်အခါတွင်၊ ဧသောသည် လူလေးရာတို့ဖြင့်ချီတက်လျက်လာနေပြီးဆိုသည့်သတင်းကို တမန်တို့က ပြန်သယ်ဆောင်လာခဲ့ရပါသည်။ ကျွမ်းကျင်သည့်ဤစစ်သူရဲများတို့ကို တနည်းနည်းဖြင့်ပြန်လည်ခုခံရန် ယာကုပ်အနေဖြင့် မျှော်လင့်ချက်မထားနိုင်ခဲ့ပါချေ။ သို့ရာတွင် ဘုရားသခင်အားယုံကြည်ကိုးစားခြင်းသင်ခန်းစာကို သူ့အနေဖြင့်

သင်ယူထားခဲ့ရပါသည်။ ထို့ကြောင့် ဤအမှုတွင် သူသည် ကတိတော်များကိုသာ အသနားခံတောင်းလျှောက်နေခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။

"တဖန် ယာကုပ်က၊ အကျွန်ုပ်အဘ အာဗြဟံ၏ဘုရားသခင်၊ အကျွန်ုပ်အဘ ဣဇာက်၏ ဘုရားသခင်၊ ထာဝရဘုရား ကိုယ်တော်က၊ သင်၏ပြည် သင်၏အမျိုးသားချင်းတို့ထံသို့ ပြန်လော့။ ငါသည် သင်၌ ကျေးဇူးပြုမည်ဟု မိန့်တော်မူပါပြီ။ ကိုယ်တော်ကျွန်၌ ပြတော်မူသောကရုဏာသစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ။ အကျွန်ုပ်သည် အထက်က၊ ဤယော်ဒန်မြစ်ကို လက်စွဲတောင်ဝှေးနှင့်သာ ကူးပါ၏။ ယခုမူကား၊ အပေါင်းအသင်းနှစ်စုဖြစ်ပါ၏။ သို့ဖြစ်၍၊ အကျွန်ုပ်ကို အစ်ကိုဧသောလက်မှ ကယ်လွှတ်တော်မူမည်အကြောင်း ဆုတောင်းပါ၏။ သူသည်လာ၍ အကျွန်ုပ်ကိုငင်း၊ သားမယားတို့ကိုငင်း သတ်မည်ဟု အလွန်စိုးရိမ်ပါ၏။ ကိုယ်တော်က၊ ငါသည်သင်၌ အမှန်ကျေးဇူးပြု၍၊ မရေတွက်နိုင်အောင်များပြားသော သမုဒ္ဒရာသဲလုံးနှင့်အမျှ သင်၏အမျိုးအနွယ်ကို ငါဖြစ်စေမည်ဟုမိန့်တော်မူပါပြီဟု တောင်းလျှောက်လေ၏။" ကမ္ဘာဦးကျမ်း ၃၂း၉-၁၂။

ယာကုပ်သည် မိမိအစ်ကို၏အရိုက်အရာကို လိမ်လည်မှုအားဖြင့်ရယူဖို့ တစ်ကြိမ်ကြိုးစားခဲ့လိုက်ပြီးဖြစ်သည်။ ထိုသို့သောနည်းအားဖြင့် မိမိသည် ဘုရားသခင့်ကတိတော်ကိုအမွေခံမည့် အမွေခံတစ်ဦးဖြစ်လာနိုင်မည်ဟု သူတွေးထင်ခဲ့ပေသည်။ ယခုတွင်မူ ထိုကတိတော်ကို ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ရရှိနိုင်သည် အကြောင်းကို သူ့အနေဖြင့် သိရှိသွားခဲ့ပြီးဖြစ်သည်။ သို့နှင့် မိမိအစ်ကို၏အမျက်တော်မှ လွတ်မြောက်နိုင်ဖို့ရန်အတွက် သူသည် ကိုယ်တိုင်ထွက်သွား၍ဆုတောင်းခြင်းပြုခဲ့လေတော့သည်။ မိမိ၏ မိသားစုနှင့် သိုးနွားအုပ်တို့ကို အကောင်းဆုံးဖြစ်နိုင်ခြေရှိသည့်အခြေအနေသို့ရောက်အောင် ပြင်ဆင်ထားပေးပြီးသည့်နောက်တွင်၊ ဘုရားသခင်ထံဆက်လက်ပြီး ပဌာနာပြုဖို့ရန်အတွက် သူတစ်ဦးတည်းကျန်ရစ်နေခဲ့ပါသည်။ မိမိသည် မည်သည့်အရာနှင့်မျှမထိုက်တန်ကြောင်းနှင့်၊ ထိုနေရာတွင် မိမိအားစွန့်ပယ်ချန်ထားတော်မူခဲ့မည်ဆိုပါက မိမိအနေဖြင့်ပျက်စီးခြင်းသို့ရောက်သွားမည်ဖြစ်ကြောင်းကို ယာကုပ်သိရှိနားလည်ထားခဲ့ပါသည်။ သို့ဖြစ်၍ မိမိသည် ဘုရားသခင်၏ကရုဏာတရားတော်၌သာ မိမိကိုယ်ကိုရှေ့ဆက်တိုးပြီးပုံအပ်ထားရမည်ဟု သူ့အနေဖြင့် ခံစားမိလာခဲ့လေတော့သည်။

"ယာကုပ်သည် တယောက်တည်းနေရစ်၍၊ လူတဦးသည် မိုဃ်းလင်းသည်တိုင်အောင် သူနှင့်လုံးထွေးလေ၏။ ထိုသူသည် မိမိမနိုင်မှန်းကိုသိလျှင်၊ ယာကုပ် ပေါင်ချန်ကိုထိုး၍၊ လုံးထွေးစဉ်တွင် ပေါင်ဆစ်ပြုတ်လေ၏။ ထိုသူကလည်း၊ ငါ့ကိုလွှတ်ပါ၊ မိုဃ်းလင်းဆဲရှိပြီ ဟုဆိုလျှင်၊ ယာကုပ်က၊ ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းကြီးမပေးလျှင်၊ မသွားရဟုဆို၏။ ထိုသူကလည်း၊ သင်၏အမည်ကား အဘယ်သို့နည်းဟု မေးလျှင်၊ ယာကုပ်ဖြစ်ပါသည်ဟု ပြန်ဆို၏။ နောင်၌ သင်၏အမည်ကို ယာကုပ်ဟူ၍ မခေါ်ရ၊ ဣသရေလဟူ၍ခေါ်ရမည်။ အကြောင်းမူကား၊ သင်သည် ဘုရားသခင်နှင့်ငင်း၊ လူနှင့်ငင်း၊ မင်းကဲ့သို့ ပြိုင်၍ နိုင်လေပြီဟု မိန့်တော်မူ၏။ ယာကုပ်ကလည်း၊ နာမတော်ကား အဘယ်သို့နည်း။ အကျွန်ုပ်အား ဘော်ပြတော်မူပါဟု မေးလျှောက်လျှင်၊ ငါ့နာမကို အဘယ်ကြောင့်မေးသနည်းဟုဆို၍၊ ထိုအရပ်၌ ကောင်းကြီးပေးတော်မူ၏။ ထိုအရပ်ကို ပေနေလဟူ၍၊ ယာကုပ်သည် သမုတ်လေ၏။ အကြောင်းမူကား၊ ငါသည် ဘုရားသခင်ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရသော်လည်း၊ အသက်ချမ်းသာပြီဟု ဆိုသတည်း။" ကမ္ဘာဦးကျမ်း ၃၂း ၂၄-၃၀။

ဆုတောင်းခြင်းအမှု၌ ယာကုပ်ကဲ့သို့ ဘုရားသခင်နှင့်လုံးပန်းရမည့်အကြောင်းအရာကို လူများမကြာမကြာပြောဆိုလေ့ရှိပါသည်။ မိမိနှင့်လုံးပန်းနေခဲ့သောသူသည် ဘုရားသခင်ဖြစ်ကြောင်းကို ယာကုပ်အနေဖြင့် မိုးမလင်းမီကတည်းက သိရှိထားခဲ့ပါသည်ဆိုသည့် အထောက်အထားမျိုး ဘာတစ်ခုမျှမရှိခဲ့ပါချေ။ မိမိရန်သူ၏တို့ထိလိုက်ခြင်းအားဖြင့် ယာကုပ်၏ပေါင်သည် အဆစ်လွဲသွားခဲ့ပါသည်။ စင်စစ်၊ မိမိနှင့်လုံးပန်းနေသောသူသည် ဘုရားသခင်ဖြစ်ကြောင်းကိုသိရှိထားခဲ့ကြမည်ဆိုလျှင် ထိုဘုရားသခင်နှင့်အားပြိုင်လုံးပန်းရာတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ရဲရဲတင်းတင်းဖြင့် လုံးပန်းရဲလိမ့်မည်မဟုတ်ပါချေ။ ကောင်းကင်

တမန်သည် လူသားတစ်ဦးအသွင်ဖြင့် ယာကုပ်ရှေ့တွင်ပေါ်လာခဲ့ပါသည်၊ ထိုအခါတွင် သူခိုးဓါးပြတစ်ဦးက မိမိအားတိုက်ခိုက်လာနေပြီးဟူ၍ ယာကုပ်အနေဖြင့် ထင်မှတ်ခဲ့ပါသည်။ ယာကုပ်သည် တညလုံးလုံး ဒုက္ခအကြီးအကျယ်ရောက်နေခဲ့ရသည်အကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ကောင်းစွာခန့်မှန်းသိရှိနိုင်ကြမည်ဖြစ်သည်။ အမျက်ထွက်နေသော မိမိအစ်ကိုအား မျက်နှာချင်းဆိုင်ရမည့်အချိန်သည်လည်း လျင်မြန်စွာနီးကပ်လာနေပြီးဖြစ်ကာ၊ မိမိနှင့်ဘုရားစပ်ကြားတွင် အရာရာအားလုံးပြေလည်သွားပါပြီးဆိုသည့် ပြည့်ဝသည့်အာမခံချက်မပါမရှိပဲနှင့် သူသည် မိမိအစ်ကိုအား မတွေ့ဆုံရဲခဲ့ပါချေ။ မိမိ၏အတိတ်ကမတရားမှုများတို့အတွက် မိမိသည်ခွင့်လွှတ်ခြင်းခံခဲ့ရပြီးဖြစ်ကြောင်းကို ယာကုပ်သိရှိထားဖို့လိုပါသည်။ သို့ရာတွင်၊ ဘုရားသခင်နှင့်ဆက်သွယ်မှုပြုရန် ရာထားခဲ့သည့်အချိန်နာရီတို့ကို ရန်သူဟုထင်မှတ်ရသည့်သူတစ်ဦးနှင့်လုံးပန်းသတ်ပုတ်ခြင်းအားဖြင့် အသုံးပြုနေခဲ့လိုက်ရသည်။ ထို့ကြောင့် မိမိရန်သူနှင့်အားသွန်ခွန်စိုက်လုံးပန်းသတ်ပုတ်နေခဲ့ရစဉ်တချိန်တည်းမှာပင် ယာကုပ်၏နလုံးသားသည် ခါးသီးခြင်းဝေဒနာများနှင့်တကွ ဘုရားသခင့်အထံတွင်ရောက်ရှိနေလိမ့်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ အသေအချာသိရှိနေကြပေလိမ့်မည်။ ထိုညတွင်ဖြစ်ပေါ်လာခဲ့သည့် စိုးရိမ်ကြောက်ကြမှုများတို့သည် လွန်စွာကြောက်စရာကောင်းနေခဲ့လိမ့်မည်မှာ သေချာပါသည်။

ယာကုပ်သည် ခံနိုင်ရည်ရှိပြီး၊ ကာယခွန်အားကြီးမားသောသူတစ်ဦးဖြစ်သည်။ ဤအချက်ကို၊ သိုးစုများအားနေ့ညမပြတ် နှစ်နှင့်ချီပြီးထိန်းကျောင်းလာခဲ့သည့်အဖြစ်က ထောက်ခံပြသထားပေးပါသည်။ ထိုသို့ထိန်းကျောင်းနေခဲ့ရစဉ်တချိန်တည်းမှာပင် သူ၏ကိုယ်လုံးကိုယ်ထည်သည်လည်း တောင့်တင်းသန်မာလာခဲ့ပါသည်။ ထို့ကြောင့် သူသည် ဆက်လက်ရုန်းကန်ပြီး တညတာလုံး လုံးပန်းနိုင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထိုသို့ရုန်းကန်သတ်ပုတ်ခဲ့ခြင်းကြောင့် အောင်မြင်မှုကို သူ့အနေဖြင့် ရရှိသွားခဲ့သည်တော့မဟုတ်ပါချေ။ ကျွန်ုပ်တို့ ဖတ်ရှုရလေသည်မှာ၊ "ခွန်အားကြီး၍ ဘုရားသခင်နှင့် ပြိုင်လေ၏။ ကောင်းကင်တမန်နှင့်ပြိုင်၍ နိုင်လေ၏။ ငို၍တောင်းပန်နှင့်ပြီ။ ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ထာဝရဘုရားကို ဗေသလမြို့မှာဖူးတွေ့၍၊ ငါတို့အဘို့ ဗျာဒိတ်တော်ကို ခံလေ၏။ ထာဝရဘုရားတည်းဟူသောနာမသည် ထိုဘုရားသခင်၏ ဘွဲ့နာမတော်ဖြစ်၏။" ဟောရှေ ၁၂း၃-၅။ မိမိ၏ခွန်အားအားဖြင့် ယာကုပ်သည် ဘုရားသခင်နှင့်ပြိုင်၍နိုင်ခဲ့လေသည်။ သို့ရာတွင် နပန်းသမားတစ်ဦးကဲ့သို့သော အစွမ်းခွန်အားမျိုးဖြင့် အောင်နိုင်ခဲ့ခြင်းမဟုတ်ခဲ့ပါချေ။ ကျွန်ုပ်တို့တွေ့ကြရသည့်အတိုင်းပင်၊ သူ၏ခွန်အားသည် သူ၏အားနည်းခြင်း၌သာတည်ရှိနေခဲ့ပါသည်။ ဘုရားတန်ခိုးတော်၏တို့ထိမှုအားဖြင့် မိမိ၏ပေါင် အဆစ်လွဲသွားသည့်အချိန်တွင်၊ မိမိ၏ပြိုင်ဘက်သည် သာမာန်လူသားတစ်ဦးမဟုတ်ကြောင်းကို ယာကုပ် ရိပ်မိသွားခဲ့ပါသည်။ ရန်သူဟူ၍ မိမိထင်မှတ်ခဲ့သောထိုသူသည် အဘယ်သူဖြစ်ကြောင်းကို သူချက်ချင်းသိခဲ့လိုက်ရပါသည်။ ထိုတို့ထိမှုသည် လူသားတစ်ဦး၏တို့ထိမှုမဟုတ်ပဲ၊ ဘုရားသခင်၏လက်တော်သာဖြစ်သည်ဟု သူခံစားသိရှိခဲ့လိုက်ပါသည်။ ထိုအခါ သူဘာလုပ်ခဲ့ပါသနည်း။ သူ၏ထိုသို့သောအခြေအနေမျိုးတွင် လူသားတစ်ယောက်အနေနှင့် ဘာကိုလုပ်ဆောင်နိုင်ပါမည်နည်း။ ခြေထောက်ကိုအမှီပြု၍ များစွာအားစိုက်ထုတ်ရသည့်ထိုသို့သောလုံးပန်းမှုတွင် မိမိ၏ခြေတစ်ဖက်အဆစ်လွဲသွားသည့်သူတစ်ယောက်၏အဖြစ်ကို သင်ပုံဖေါ်မြင်ယောင်ကြည့်လိုက်ပါ။ လူတစ်ယောက်သည် လမ်းလျှောက်နေရင်း (သို့) မတ်တတ်ရပ်နေရင်းနှင့်ပင် သူ၏ခြေတဖက်သည် အဆစ်လွဲသွားသည်ဆိုလျှင် ထိုသူသည် မြေပေါ်သို့ချက်ချင်းကြီး လဲကျသွားလိမ့်မည်ဖြစ်သည်။ နပန်းလုံးနေရင်း ထိုသို့ဖြစ်သွားမည်ဆိုလျှင် ထိုသူသည် လဲကျသွားဖို့ရန် ပို၍ပင်လွယ်ကူနေလိမ့်မည်ဖြစ်သည်။ ထိုသို့သောအခြေအနေတွင် ယာကုပ်သည် တင်းကြပ်သောဆုတ်ကိုင်လိုက်ခြင်းအားဖြင့် မိမိကိုယ်ကို ဘုရားသခင့်လက်ထဲတွင်ချက်ချင်း မှီခိုလိုက်ခြင်းမပြုပဲနေခဲ့မည်ဆိုပါက၊ သူ့အနေဖြင့်လည်း ချက်ချင်းလဲကျသွားခဲ့ပါလိမ့်မည်။ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသည်အတိုင်း သူ့အနေဖြင့်လည်း ထိုအချိန်တွင် အထောက်အမရနိုင်ရန်အတွက် မိမိနှင့်အနီးဆုံးနေရာတွင်ရှိသည့်အရာတစ်စုံတစ်ခုကို ဆွဲပြီးဆုတ်ကိုင်ထားခဲ့ပေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် မိမိဆုတ်ကိုင်ထားသောသူသည် မိမိတွေ့မြင်ချင်နေသည့်သူပင်ဖြစ်ကြောင်းကို သိရှိသွားခဲ့သည့်အသိစိတ်တစ်ခုက၊ ဖြစ်လေ့ဖြစ်ထရှိသောဆုတ်ကိုင်

လိုက်ခြင်းထက်ပိုသော ဆုတ်ကိုင်မှုတစ်ခုကို သူ၌ ဖြစ်ပေါ်စေခဲ့ပါသည်။ သူ့အတွက် အခွင့်အရေးသည် ရောက်လာခဲ့ပြီးဖြစ်သောကြောင့် ထိုအခွင့်အရေးကို သူလက်လွှတ် မခံတော့ပါချေ။

လုံးပန်းခြင်းအမှုကို ရပ်လိုက်ပြီး ဘုရားသခင်၌ဖက်တွယ်ထားခဲ့ရာတွင်၊ ယာကုပ်သည် မိမိအနေဖြင့် ဘာကိုမျှမလုပ်ဆောင်နိုင်တော့သည့်အတွက်ကြောင့်သာ ထိုသို့ဖက်တွယ်ထားလိုက်ခြင်းမဟုတ်ပဲ၊ "ငါ့ကိုလွှတ်ပါ" ဟု ပြောဆိုခဲ့သည့် ဘုရားသခင်၏စကားသံကြောင့်လည်း သူ့အနေဖြင့် ထိုသို့ပြုခဲ့ခြင်းဖြစ်သည်။ ထိုအခါ "ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းကြီးမပေးလျှင်၊ မသွားရ" ဟု ယာကုပ်ပြန်ပြောခဲ့ပါသည်။ ထိုအမှုသည် အသက်ရှင်ခြင်း၊ သေခြင်းနှင့်ဆိုင်သောအမှုတစ်ခုဖြစ်သည်။ သူ၏အသက်ရှင်ခြင်းနှင့် ကယ်တင်ခြင်းသည် ဘုရားသခင်အပေါ်သူ၏ဖက်တွယ်ထားခြင်း၌သာ မှီခိုနေပါသည်။ "ငါ့ကိုလွှတ်ပါ။" ဆိုသည့်စကားသည် သူ့အားစမ်းသပ်ဖို့အတွက်သာဖြစ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလိုအလျောက်ချန်ထားတော်မမူတတ်ပေ။ သို့ရာတွင် ယာကုပ်သည် ကောင်းကြီးမင်္ဂလာတစ်ခုကို ရမှဖြစ်မည်ဆိုပြီး ဆုံးဖြတ်ထားခဲ့သည့်အတွက်ကြောင့်၊ သူသည် အနိုင်ရသွားခဲ့ခြင်းဖြစ်လေသည်။ သူ၏ခွန်အား အားဖြင့် အောင်နိုင်သွားခဲ့သည်မှာမှန်ပါသည်။ သို့ရာတွင် ထိုခွန်အားသည် ယုံကြည်ခြင်းခွန်အားသာဖြစ်ပါသည်။ "ငါသည် အားနည်းသောအခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏။" ကောင်းကြီးမင်္ဂလာနှင့် အမွေတော်တို့သည် ဗိုလ်ချေအားဖြင့်မဟုတ်၊ ခွန်အားအားဖြင့်လည်းမဟုတ်၊ ဘုရားသခင် ၏ ဝိညာဉ်တော်အားဖြင့်သာလျှင် ဆင်းသက်လာလိမ့်မည်ဆိုသည့် သင်ခန်းစာတစ်ခုကို ထိုနေရာတွင် ယာကုပ်အနေဖြင့် ပြည့်ပြည့်ဝဝ သင်ယူမိသွားခဲ့ပါသည်။

## နာမည်အသစ်

ထိုနာမည်အသစ်သည် ယာကုပ်အားလက်ခံတော်မူကြောင်းကိုပြသသည့် သူ၌ပေးအပ်ခဲ့သည့် ဝန်ခံကတိတစ်ခုပင်ဖြစ်သည်။ ထိုနာမည်အသစ်သည် သူ့အား မည်သည့်အရာကိုမျှ မပေးစွမ်းခဲ့ပါချေ။ သို့ရာတွင် ထိုနာမည်သစ်သည် သူရရှိထားနှင့်ပြီးသားဖြစ်သောအရာတစ်ခု၏ တံဆိပ်အမှတ်အသားတစ်ခုသာဖြစ်သည်။ သူသည် ဘုရားသခင်၌ မှီခိုပုံအပ်လိုက်ပြီး၊ မိမိ၏ကိုယ်ပိုင်လုပ်ရပ်များတို့မှ ရပ်တန့်ပစ်ခဲ့လိုက်ပါသည်။ ထို့ကြောင့် ယခုအခါတွင် သူသည် မိမိ၏အဆုံးသတ်လမ်းများကို ပိုမို ရှည်လျားလာအောင် ကြိုးစားဆောင်ရွက်နေသည့် အစားထိုးဝင်ရောက်လာသူတစ်ဦးမဟုတ်တော့ပါချေ။ ယခုတွင် သူသည် ယုံကြည်ခြင်းတရားနှင့်ဆိုင်သောတိုက်လုန်မှုတွင် ကောင်းစွာသောတိုက်လုန်ခြင်းကို ပြုခဲ့ပြီး၊ ထာဝရအသက်ကိုလည်း ဖမ်းယူဆုတ်ကိုင်ထားသော ဘုရား၏မင်းသားတော်တစ်ဦးဖြစ်နေပြီးဖြစ်သည်။ ထိုအချိန်မှစ၍ ရှေ့တလျှောက်လုံးတွင် သူ့အား ဣသရေလအဖြစ် သိမှတ်လာခဲ့လေတော့သည်။

ယခုတွင် သူသည် မိမိ၏အစ်ကိုနှင့်တွေ့ဆုံဖို့ရန် ထွက်ခွာသွားနိုင်ပြီးဖြစ်ပါသည်။ ဘုရားသခင်၏မျက်နှာတော်ကို မျက်နှာချင်းဆိုင်ဖူးမြင်ထားရသောသူသည် လူ၏မျက်နှာကို မျက်နှာချင်းဆိုင်ပြီးကြည့်ဖို့ရန်အတွက် ကြောက်စရာမလိုတော့ပါချေ။ ဘုရားသခင်နှင့်အားပြိုင်၍ အနိုင်ရထားသောသူသည် လူနှင့်အားပြိုင်ရာတွင် လုံးဝသေချာပေါက်အောင်နိုင်လိမ့်မည်ဖြစ်သည်။ ဤအရာသည် စွမ်းအင်တန်ခိုး၏ လျှို့ဝှက်ချက်ပင်ဖြစ်သည်။ မိမိသည် လူသားတို့နှင့် အားပြိုင်အနိုင်ရလိုသည်ဆိုလျှင် ရှေဦးစွာ ဘုရားသခင်နှင့်အားပြိုင်အနိုင်ရနိုင်ဖို့လိုသည်ဆိုသည့်အချက်ကို ဘုရားသခင်၏အစေခံကျွန်သည် သိရှိထားပါစေ။ သူသည် ဘုရားသခင်ကိုသိရှိပြီး၊ ထိုသခင်နှင့် မျက်နှာချင်းဆိုင်စကားပြောဘူးရပါလိမ့်မည်။ ထိုသို့သောသူအား ဘုရားသခင်မိန့်မြွက်တော်မူလေသည်ကား၊ "အကြောင်းမူကား၊ ရန်သူအပေါင်းတို့သည် မငြင်းခုံမဟန့်တားနိုင်သော နှုတ်သတ္တိ၊ ဉာဏ်သတ္တိကို ငါပေးမည်။" လုကာ ၂၁း၁၅။ သတေဖန်သည် ဘုရားသခင်ကိုသိကျွမ်းခဲ့ပြီး ထိုသခင်နှင့်အတူ မိတ်သဟာယဖွဲ့ခဲ့ပါသည်။ ထိုအခါ သမ္မာတရားကို မုန်းသောသူတို့သည် "သူဟောပြော၍သုံးစွဲသော

ပညာနှင့် ဝိညာဉ်တော်ကို မခံမဆီးနိုင်" ခဲ့ကြပါချေ။ သို့ဆိုလျှင် သမ္မာတရားကိုလက်ခံရယူဖို့ရန်အတွက် မိမိတို့၏နှလုံးသားများကိုဖွင့်ထားသောသူတို့၌ စွမ်းအင်တန်ခိုးသည် အဘယ်သို့ဖြစ်လာပါမည်နည်း။

အာပြဟံနှင့်သူ၏အမျိုးအနွယ်၌ ဘုရားသခင်ကတိထားတော်မူခဲ့သော အမွေတော်ကို မည်ကဲ့သို့ရယူရမည်ဆိုသည့်သင်ခန်းစာကို ဤယာကုပ်ပုံပြင်ထဲတွင် ကျွန်ုပ်တို့အနေဖြင့် အသစ်တဖန်လေ့လာမှတ်သားရပါသည်။ ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ရယူရမည်ဖြစ်သည်။ နောင်တရခြင်းနှင့် ယုံကြည်ခြင်းတရား တို့သည် လွတ်မြောက်ခြင်းကိုပေးစွမ်းနိုင်သည့် တစ်ခုတည်းသောနည်းလမ်းပင်ဖြစ်သည်။ အမွေတော်ကိုခံစားစံစားနိုင်ဖို့ရန်အတွက် ယာကုပ်၌ ထိုနည်းလမ်းတစ်ခုတည်းသာရှိခဲ့ပါသည်။ သူ၏ကယ်တင်ခြင်းတစ်ခုလုံးသည် ဘုရားသခင်၏ကတိတော်အပေါ်ထားရှိသည့်သူ၏မှီခိုခြင်းအမှု၌သာ တည်နေခဲ့ပါသည်။ ထို့ကြောင့်သူ့အား ဘုရားပကတိကိုဆက်ဆံရသောသူတစ်ဦးအဖြစ်သို့ ပြုပြင်ပေးတော်မူခဲ့ခြင်းဖြစ်သည်။

## ဣသရေလလူမျိုးများကားအဘယ်သူနည်း။

ဣသရေလသည် အဘယ်သူဖြစ်သည့်အကြောင်းကိုလည်း ကျွန်ုပ်တို့လေ့လာရပါသည်။ ယုံကြည်ခြင်းအားဖြင့် ယာကုပ်ရရှိထားခဲ့သည့်အောင်မြင်မှု၏ အမှတ်လက္ခဏာတစ်ခုအနေဖြင့် ထိုနာမည်ကို ယာကုပ်အား ပေးအပ်ခဲ့သည်။ ထိုနာမည်သည် ယာကုပ်အား မည်သည့်ကျေးဇူးတရားကိုမျှ မပေးစွမ်းခဲ့ပါချေ။ သို့ရာတွင် ထိုနာမည်သည် သူရရှိထားနှင့်ပြီးသားဖြစ်သော ကျေးဇူးတော်၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် အောင်နိုင်ကြသောသူအားလုံးတို့အားထိုနာမည်သစ်ကို ပေးတော်မူလိမ့်မည်ဖြစ်သည်။ ဣသရေလလူမျိုးဟု အခေါ်ခံရခြင်းသည် ထိုအခေါ်ခံရသောသူအား တစ်စုံတစ်ခုသောအရာကိုပေးနေခြင်းမဟုတ်ပါချေ။ ထိုနာမည်သည် ကောင်းချီးမင်္ဂလာကို မယူဆောင်ပေးလာပါချေ။ ကောင်းချီးမင်္ဂလာသည်သာ ထိုနာမည်ကို ယူဆောင်ပေးလာခြင်းဖြစ်ပါသည်။ ယာကုပ်သည် ဣသရေလဆိုသည့်နာမည်ကို သူ၏ပင်ကိုယ်စရိုက်အားဖြင့် ရရှိခဲ့ခြင်းမဟုတ်ခဲ့သလို၊ မည်သူတစ်ဦးတစ်ယောက်ကမျှလည်း မိမိတို့၏ ပင်ကိုယ်စရိုက်အားဖြင့် ထိုနာမည်ကို ရရှိနိုင်ကြလိမ့်မည်မဟုတ်ပါချေ။ စစ်မှန်သောဣသရေလလူမျိုးတစ်ဦးသည် သူ၏နှုတ်၌ မုသားမရှိပါချေ။ ထိုသို့သောသူသာလျှင် ဘုရားသခင်၏စိတ်တော်နှင့်တွေ့နိုင်မည်ဖြစ်သည်။ သို့ရာတွင်၊ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်" ပါချေ။ ထို့ကြောင့် ဣသရေလလူမျိုးဆိုသည်မှာ မိမိ၌ ဘုရားသခင်အားကိုယ်ပိုင်ယုံကြည်ခြင်းတရားရှိသောသူသာ ဖြစ်သည်။ "ဣသရေလနှင့် ဆက်နွယ်သော သူအပေါင်းတို့သည် ဣသရလလူမှန်မဟုတ်။" "ကတိတော်နှင့်ဆိုင်သောသားတို့သည် အမျိုးအနွယ်မှန်သည်ဟု မှတ်တော်မူ၏။" ရောမ ၉း၆၊ ၈။

ယာကုပ်သည်ထိုနာမည်အား မည်ကဲ့သို့ရရှိသွားခဲ့ကြောင်းကို၊ ဣသရေလလူမျိုးအဖြစ် မိမိကိုယ်ကိုအသိအမှတ်ပြုခံချင်လိုသောသူယောက်တိုင်းစီအနေဖြင့် စဉ်းစားကြစေ။ ယာကုပ်ရရှိခဲ့သည့်ပုံစံအတိုင်းသာ ထိုနာမည်ကိုရရှိနိုင်မည်အကြောင်းကိုလည်း သူတို့သည် နားလည်သိရှိထားကြစေ။ ကတိတော်နှင့်စပ်ဆိုင်သော အမျိုးအနွယ်တည်းဟူသော ယေရှုခရစ်တော်သည်လည်း ထိုရုန်းကန်မှုအခြေအနေကို ဖြတ်သန်းလာခဲ့ရပါသည်။ ခမည်းတော်ဘုရားသခင်၏နှုတ်တော်ထွက်အပေါ်ထားရှိခဲ့သည့် မိမိ၏ယုံကြည်ကိုးစားမှုအားဖြင့် ခရစ်တော်သည် တိုက်ခိုက်အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်သူသည် ဣသရေလဘုရင်ဖြစ်ရသောအခွင့် ကိုရရှိခြင်းဖြစ်သည်။ ဣသရေလလူမျိုးများသာလျှင် ထိုခရစ်တော်နှင့်အတူ နိုင်ငံတော်ကိုရရှိပိုင်ဆိုင်ကြရလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဣသရေလလူမျိုးများတို့သည် အောင်နိုင်သောသူများဖြစ်ကြသောကြောင့်ဖြစ်သည်။ ကတိတော်တစ်ချက်မှာ၊ "ငါသည်အောင်မြင်၍ ငါ့ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည်ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်။" ဗျာဒိတ် ၃း၂၁။

## ၁၄း ကဿသရေလလူတို့၌ထားတော်မူသောကတိတော်များ – အဲဂုတ္တုပြည်ရောက်ကဿသရေလ ယနေ့အတွက်သမ္မာတရား၊ ဩဂုတ်လ ၆၊ ၁၈၇၆

အာဗြဟံကိုယ်တိုင်သည် အမွေတော်ကိုမရရှိပဲနှင့် သေဆုံးသွားရမည်ဖြစ်ပြီး၊ သူ၏ သားစဥ်မြေးဆက်များတို့သည်လည်း တပါးအမျိုးသားတို့၏ပြည်တွင် ဖိနှိပ်ညှဥ်းဆဲခြင်းကိုခံရမည်ဖြစ်ကာ၊ ထို့နောက်မှ သားစဥ်မြေးဆက်လေးဆက်မြောက်တွင် သူတို့သည်ကတိထားတော်မူရာပြည်သို့ ဝင်စားကြရမည်ဖြစ်ကြောင်းကို ပဋိညာဥ်ပြုတော်မူခဲ့သည့် အချိန်တွင် အာဗြဟံအား ဘုရားသခင်မိန့်ကြားခဲ့ပါသည်။ ထိုမိန့်ကြားချက်ကို ပြန်ပြီးသတိရမိကြပေလိမ့်မည်။ "ဘုရားသခင်သည်လည်း အရေဖျားလှီးခြင်းနှင့်ဆိုင်သော ပဋိညာဥ်တရားကို အာဗြဟံအားပေးတော်မူ၏။ ထိုသို့ဣဇာက်ကို ဘွားမြင်၍ ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကိုပေးလေ၏။ ဣဇာတ်သား ယာကုပ်၊ ယာကုပ်သားများကား၊ အမျိုး၏အဘ တကျိပ်နှစ်ပါးတည်း။ အမျိုး၏ အဘတို့သည်လည်း ငြူစူသောစိတ်ရှိ၍၊ ယောသပ်ကို အဲဂုတ္တုပြည်သို့ ရောင်းလိုက်ကြ၏။ ဘုရားသခင်သည် သူ့ကိုစောင့်မတော်မူလျက်၊ အလုံးစုံသောဒုက္ခဆင်းရဲထဲမှ ကယ်နှုတ်၍၊ အဲဂုတ္တုပြည်ကို အစိုးရသော ဖာရောဘုရင်ထံ၌ မျက်နှာပွင့်လန်းခြင်းနှင့် ပညာအတတ်ကိုပေးတော်မူသဖြင့်၊ ထိုမင်းကြီးသည် အဲဂုတ္တုနိုင်ငံ အုပ်အရာ၊ နန်းတော်အုပ်အရာ၌ ယောသပ်ကိုခန့်ထားလေ၏။ ခါနာန်ပြည်နှင့်အဲဂုတ္တုပြည် တလျှောက်လုံး၌ အစာခေါင်းပါးခြင်း၊ ကြီးစွာသောဆင်းရဲခြင်းရှိ၍ ငါတို့အဘများ၌ စားစရာကုန်သောအခါ၊ အဲဂုတ္တုပြည်မှာ ဆန်စပါးရှိသည်ဟု ယာကုပ်သည်ကြားလျှင်၊ ငါတို့အဘများကို ပဌမအကြိမ်တွင် စေလွှတ်လေ၏။ ဒုတိယအကြိမ်တွင် ယောသပ်သည် မိမိညီအစ်ကိုတို့အား မိမိအကြောင်းကိုဘော်ပြ၍၊ ဖာရောဘုရင်သည် ယောသပ်၏အမျိုးကို သိတော်မူ၏။ ထိုအခါ ယောသပ်သည်စေလွှတ်၍ မိမိအဘယာကုပ်နှင့်တကွ အရေအတွက်အားဖြင့် ခုနစ်ကျိပ်ငါးယောက်သော မိမိအမျိုးသားချင်းအပေါင်းတို့ကို ခေါ်ပင့်လေ၏။ ယာကုပ်သည်လည်း အဲဂုတ္တုပြည်သို့သွား၍ ကိုယ်တိုင်မှစသော ငါတို့အဘများသည် သေလွန်ကြ၏။ ထိုသူတို့ကိုလည်း ရှေခင်မြို့သို့ ပို့ဆောင်သဖြင့်၊ ရှေခင်၏အဘဖြစ်သောဟာမော်၏သားတို့အား အဘိုးငွေကိုပေး၍ဝယ်ပြီဖြစ်သောသင်္ချိုင်းတွင်း၌ ထားကြ၏။ အာဗြဟံအား ဘုရားသခင် ဓိဋ္ဌာန်တော်မူသောကတိတော်၏ အချိန်ရောက်လုသောအခါ၊ ထိုလူမျိုးသည် အဲဂုတ္တုပြည်၌တိုးပွါး၍၊ ယောသပ်ကိုမသိမကျွမ်းသော မင်းကြီးတပါး ပေါ်လာသည်တိုင်အောင် များပြားကြလေ၏။ ထိုမင်းကြီးသည် ငါတို့အဆွေအမျိုးကို ပရိယာယ်ပြုသဖြင့်၊ သူငယ်များကိုအသက်မရှင်စေခြင်းငှါ ပစ်ထားရမည်အကြောင်း ငါတို့ အဘများကို ညှဥ်းဆဲနှိပ်စက်လေ၏။" တမန်တော် ၇း၈-၁၉။

"ယောသပ်ကိုမသိကျွမ်းသော" မင်းကြီးဆိုသည်မှာ၊ အခြားသောမင်းဆက်မှ မင်းတစ်ပါးဖြစ်ပါသည်။ အဲဂုတ္တုပြည်ကိုတိုက်ခိုက်အောင်နိုင်ခဲ့သည့် အရှေ့ပိုင်းဒေသမှလာသော လူတစ်စုဖြစ်သည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် ကိုယ်ဘိုးငွေကိုမရဘဲ ကျွန်ခံရသည်ဖြစ်၍၊ ငွေမပေးဘဲရွေးခြင်းသို့ ရောက်ကြလိမ့်မည်။ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏လူတို့သည်အထက်က အဲဂုတ္တုပြည်၌ တည်းခိုအံ့သောငှါသွားကြ၏။ နောက်မှအာရှုရိလူတို့သည် အကြောင်းမရှိဘဲ ညှဥ်းဆဲကြ၏။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏လူတို့ကို အကြောင်းမရှိဘဲယူသွား၍၊ အစိုးရသောသူတို့သည်ဝါကြွားလျက် ငါ့နာမကို နေ့တိုင်းကဲ့ရဲ့ကြသည်ဖြစ်၍၊ ငါသည် အဘယ်သို့ပြုရမည်နည်း။ သို့ဖြစ်၍၊ ငါ၏လူတို့သည် ငါ့ကိုသိကြလိမ့်မည်။ ကတိထားသောသူကား၊ ငါဖြစ်သည်ကို အချိန်ရောက်မှသိကြလိမ့်မည်။ အကယ်စင်စစ် ငါရှိသည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ဟေရှာယ ၅၂း၃-၆။

## အဲဂုတ္တုပြည်၏ပုံဆောင်မှုအနက်အဓိပ္ပါယ်

အဲဂုတ္တုပြည်တွင် က္ကသရေလလူမျိုးများတို့အား ဖိနှိပ်ညှဉ်းပန်းမှုပြုခြင်းသည် ဘုရားသခင်အား ဆန့်ကျင်ဘက်ပြု၍ ကဲ့ရဲ့နေကြခြင်းပင်ဖြစ်ကြောင်းနှင့် သူတို့ (က္ကသရေလလူမျိုး) ၏ဘုရားသခင်နှင့် သူတို့၏ ဘာသာတရားကို အထင်အမြင်သေးနေကြသည့်အမှုကိစ္စအတွက် ကျပ်တည်းစွာစီရင်ဖြေရှင်းမှုပြုတော်မူမည် အကြောင်းတို့ကို နောက်ဆုံးတင်ပြထားသည့်ကျမ်းပိုဒ်မှ လေ့လာတွေ့ရှိပါသည်။ အဲဂုတ္တုပြည်မှလွတ်မြောက် လာခဲ့ကြသည့် ထိုသူတို့၏လွတ်မြောက်မှုသည် "အပြစ်တရား၌ ကျေးကျွန်ဖြစ်" ကြသောသူအပေါင်းတို့၌ ရောက်ရှိလာသည့်လွတ်မြောက်ခြင်းအမှုနှင့် ထပ်တူညီနေပါသည်။ "သင်တို့သည် ကိုယ်ဘိုးငွေကိုမရဘဲ ကျွန်ခံရသည်ဖြစ်၍၊ ငွေမပေးဘဲရွေးခြင်းသို့ ရောက်ကြလိမ့်မည်။" "မိစဉ်ဘဆက်ကျင်လည်သော အချည်းနှီး ကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မ ဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေး တော်မြတ်နှင့်ရွေးတော်မူသည်ကို သိမှတ်ကြလော့။" ၁ပေ ၁း၁၈၊ ၁၉။ ထိုကြောင့်၊ သမ္မာကျမ်းစာထဲတွင် အဲဂု တ္တုပြည်သည် မည်သည့်အရာကိုပုံဆောင်ကြောင်းနှင့် ထိုပြည်တွင်နေထိုင်ခဲ့ကြသည့် က္ကသရေလများတို့၏ အခြေနေမှန်အကြောင်းကို အကျဉ်းချုပ်လေ့လာခြင်းသည်၊ ထိုက္ကသရေလများတို့၏လွတ်မြောက်ခြင်း အကြောင်းကို ကျွန်ုပ်တို့အား နားလည်သဘောပေါက်လာစေလိမ့်မည်ဖြစ်ပါသည်။

## အဲဂုတ္တုပြည်သားများတို့၏ ရုပ်ထုဆင်းတုကိုးကွယ်ခြင်းအမှု

ရှေးခေတ်ကာလရုပ်ထုဆင်းတုကိုးကွယ်ခြင်းအမှုများထဲတွင် အဲဂုတ္တုပြည်၏ရုပ်ထုဆင်းတု ကိုးကွယ်ခြင်းအမှုသည် အကြမ်းတမ်းဆုံးနှင့် အမျိုးပေါင်းအစုံလင်ဆုံးဖြစ်ခဲ့ပါသည်။ အဲဂုတ္တုပြည်၏ဘုရား များတို့၏အရေအတွက်သည် တွက်ချက်လို့မရနိုင်လောက်အောင်ပင် များပြားနေခဲ့ပါသည်။ "အဲဂုတ္တုပြည် တွင်ရှိသော မြို့တိုင်းမြို့တိုင်းတို့တွင် အထွဋ်အမြတ်ထားရသောတိရိစ္ဆာန်၊ သို့မဟုတ် အစွဲအလမ်းကြီးစွာဖြင့် ထိန်းသိမ်းထားကြသည့်ပစ္စည်းတစုံတရာသည် ရှိနေခဲ့ပါသည်။ မိမိတို့၏ ဒေသဆိုင်ရာဘုရားများ၊ ဒေသ ဆိုင်ရာ ဘာသာတရားများတို့သည် မြို့တိုင်းတွင် ရှိနေပါသည်။"ဗြိတိန်စွယ်စုံကျမ်းမှကောက်နုတ်တင်ပြသည်။ သို့ရာတွင်၊ "နေသည် ပြည်တစ်ခုလုံးနှင့်ဆိုင်သော အဓိကပင်မနေရာတွင် တည်ရှိနေခဲ့ပါသည်။ သူ (နေ) သည် ရာထူးဂုဏ်အဆင့်ဆင့်တို့၏အထက်တွင် ပုံစံအမျိုးမျိုးဖြင့် ရပ်တည်နေခဲ့ပါသည်။" SUN IMAGES AND THE SUN OF RIGHTEOUSNESS, IN O. T. STUDENT, JAN. 1886 မှ ကောက်နုတ်တင်ပြသည်။ "RA (ရာ) အမည်ရှိသော နေကိုယ်၊ သိမ်းငှက်ခေါင်း ရှိသောလူသားတစ်ဦးအနေဖြင့် အများအားဖြင့် ပုံဖေါ်တင်ပြလေ့ရှိ ပြီး၊ တစ်ခါတစ်ရံတွင်မူ လူသားတစ်ဦးအနေဖြင့် ပုံဖေါ်တင်ပြထားသည်။ ဖေါ်ပြသည့်ပုံစံနှစ်မျိုးစလုံးတို့တွင် များသောအားဖြင့် ထိုလူသား၏ခေါင်းပေါ်၌နေရောင်ခြည်စက်ဝန်းပုံကို သယ်ပိုးထားစေပါ သည်။"

ဘာသာရေးနှင့် နိုင်ငံရေးပေါင်းစပ်မှုသည် အဲဂုတ္တုပြည်တွင် ပြည့်ပြည့်ဝဝရှိနေခဲ့ပါသည်။ ဘာသာ ရေးနှင့် နိုင်ငံရေး ထိုနှစ်ခုတို့သည် ခွဲခြားလို့မရနိုင်လောက်အောင် ဆင်တူနေပါသည်။ ဤအကြောင်းအရာကို ရော်လင်စံ (RAWLINSON) ရေးသားခဲ့သော "RELIGIONS OF THE ANCIENT WORLD" စာအုပ်၊ စာမျက်နှာ ၂၀တွင် အောက်ပါအတိုင်း ဖေါ်ပြထားပါသည်။ -

RA (ရာ) ဆိုသည်မှာ အဲဂုတ္တုပြည်သားတို့၏နေဘုရားဖြစ်ပါသည်။ ထိုဘုရားကို ဟီလီယိုပိုလစ် (HELIOPOLIS) ဆိုသည့်မြို့တွင် အထူးသဖြင့် တည်ထား ကိုးကွယ်ခဲ့ကြသည်။ အချို့သောသူတို့၏ပြောဆိုချက် အရဆိုလျှင်၊ မျက်နှာလေးဖက်ရှိပြီး ထိပ်ပိုင်းချွန်သည့်ကျောက်များတို့သည် ထိုနေဘုရား၏ရောင်ခြည်တော် များကိုပုံဆောင်ပြီး၊ များသောအားဖြင့် (သို့) အမြဲတမ်းလိုလိုပင်၊ နေဘုရားကိုရှိသေမှုပြုသည့်အနေဖြင့် ထို

ကျောက်များတို့ကို ထူထောင်ထားခဲ့ကြခြင်းဖြစ်သည်။ ရှင်ဘုရင်များတို့သည် များသောအားဖြင့် ထို RA (ရာ) ကို မိမိတို့၏အထူးသော မစထောက်ပံ့ရှင်၊ ကွယ်ကာရှင်အနေဖြင့် မှတ်ယူထားခဲ့ကြသည်။ ဖြစ်နိုင်သည်မှာ၊ သူတို့သည် မိမိတို့ကိုယ်ကို ထိုသူ (နေဘုရား) နှင့်ထပ်တူပြုလာကြသည်အထိ ဖြစ်လာခဲ့ပါသည်။ သူ၏နာမည်ကို မိမိတို့၏နာမည်အနေဖြင့် အသုံးပြုလာကြပြီး၊ မိမိတို့၏အမည်နာမများ၏ရှေ့တွင် သူ (နေဘုရား) ၏နာမည်ကို သာမာန်ရှေ့ဆောင်ပုဒ်တစ်ခုအနေဖြင့် ထိန်းသိမ်းလာခဲ့ကြပါသည်။ ဖာရော(PHARAOH) ဆိုသည့်စကားလုံး၏ မူရင်းဟောပြဲ စကားလုံးမှာ PH နှင့် RA (နေ) ဖြစ်သည်ဟု များစွာသောသူများတို့က ယူဆထားကြသည်။

အိုစီရစ် (OSIRIS) နှင့် အိုင်စစ် (ISIS) ဟု အမည်ပေးထားသည့် နေ နှင့်လအပြင်၊ "အဲဂုတ္တုပြည်သားများတို့သည် နွားထီး၊ ခွေး၊ ဝံပုလွေ၊ သိမ်းငှက်၊ မိချောင်း၊ ခရုစုပ်ငှက်၊ ကြောင် စသည်ဖြင့် မြောက်များစွာသောသားရဲတိရိစ္ဆာန်များတို့ကိုလည်း ဝတ်ပြုကိုးကွယ်ခဲ့ကြသည်။" "တိရိစ္ဆာန်များအားလုံးတို့အထဲတွင် အဖစ် (APIS) အမည်ရှိသော နွားထီးသည် အထင်ရှားအကျော်ကြားဆုံးဖြစ်သည်။ ဂရိလူမျိုးများတို့က ထိုနွားထီးကို အီးဖါဖရစ် (EPAPRIS) ဆိုသည့်အမည် ဖြင့် ခေါ်တွင်ခဲ့ကြသည်။ ထိုနွားအသက်ရှင်ခဲ့စဉ် အချိန်က ခမ်းနားကြီးကျယ်သောကျောင်းဆောင်များတို့ကို သူ့အဖို့ဆောက်လုပ်ပေးခဲ့ကြပြီး၊ သူသေဆုံးသွားသည့်နောက်ပိုင်း အချိန်တွင်လည်း ပို၍ပို၍ပင် ကြီးကျယ်ခမ်းနားနေဆဲ ရှိနေခဲ့ပါသည်။ သူသေဆုံးသည့်အခါတွင် အဲဂုတ္တုပြည်သားများတို့သည် အကြီးအကျယ်ဝမ်းနည်းပူဆွေးခဲ့ကြသည်။ သူ၏စျာပနအစီအစဉ်ကို မယုံကြည်နိုင်လောက်အောင်ပင် ခမ်းနားစွာစီရင်ကျင်းပပေးခဲ့ကြပါသည်။ တိုလမီလဂ(စ်) (PTOLEMY LAGUS) နန်းတက်ခဲ့သည့်ကာလတွင် အဖစ် (APIS) ဆိုသည့် ထိုနွားထီးသည် အသက်ကြီးပြီးသေဆုံးသွားခဲ့သည်။ သူ့အတွက်ပြုလုပ်ပေးခဲ့သည် စျာပနအခမ်းအနား၏ထည်ဝါမှုမှာ၊ ပုံမှန်ကုန်ကျစရိတ်အပြင် ပြင်သစ်သရဖူအခုပေါင်း ငါးသောင်းအထက်တန်ဖိုးရှိသည့် ငွေပမာဏတစ်ခုအထိ ကုန်ကျသွားခဲ့ပါသည်။ သေဆုံးသွားခဲ့သောထိုနွားအား နောက်ဆုံးဂါရဝပြုအရိုအသေများပေးခဲ့ကြပြီးသည့်နောက်တွင် နောက်ထပ်လုပ်ဆောင်မှုတစ်ခုကို ထပ်မံလုပ်ဆောင်လာခဲ့ကြပါသည်။ ထိုသေဆုံးသူအစားတွင် အမွေဆက်ခံမည့်သူတစ်ဦးကို ထပ်မံရှာဖွေသည့်အလုပ်ဖြစ်သည်။ သို့ဖြစ်၍ ထိုရည်ရွယ်ချက်အတွက်နှင့် အဲဂုတ္တုပြည်တစ်လျှောက်လုံးတွင် အမွေဆက်ခံမည့်သူကို လိုက်လံရှာဖွေနေကြလေတော့သည်။ ထိုသို့ရှာဖွေရာတွင် အခြားသောတိရိစ္ဆာမျိုးစိတ်များတို့နှင့်မရောမိသွားစေဖို့ရန်အတွက် ရှာဖွေကြရမည့်နွားတွင်ရှိရမည့်တိကျသောသွင်ပြင်လက္ခဏာများကို ပေးထားခဲ့ပါသည်။ သူ၏ခေါင်းတွင် လခြမ်းပုံသဏ္ဍာန်ရှိသည့်အဖြူကွက်တစ်ကွက်ရှိရမည်၊ ကျောကုန်းထက်တွင် သိန်းငှက်တစ်ကောင်၏ရုပ်ပုံမျိုးရှိရမည်၊ လျှာတွင်လည်း တင်းပုတ်တစ်ခု၏ရုပ်ပုံမျိုးပါရှိရမည်။ ထိုသို့သောနွားမျိုးကိုရှာဖွေတွေ့ရှိသွားခဲ့ကြသည့်နှင့်တပြိုင်နက်၊ ငိုကြွေးမြည်တမ်းမှုများအစားတွင် ပျော်ရွှင်ဝမ်းသာခြင်းများ ဝင်ရောက်လာခဲ့ပါတော့သည်။ အဲဂုတ္တုပြည်တစ်ပြည်လုံးတွင် ပွဲခံခြင်းများနှင့် ဝမ်းမြောက်ကခုန်ခြင်းများအကြောင်းမှလွဲပြီး တခြားမည်သည့်ပူဆွေးဝမ်းနည်းခြင်းအကြောင်းကိုမျှ မကြားရတော့ပါချေ။ သိက္ခာတော်တင်သည့်အစီအစဉ်ပြုလုပ်ပေးဖို့ရန်အတွက် ထိုဘုရားအသစ်ကို မဲဖစ် (MEMPHIS) မြို့သို့ ယူဆောင်လာခဲ့ကြပြီး၊ ထိုမြို့တွင် အခမ်းအနားပေါင်းမြောက်များစွာတို့ကို ပြုလုပ်ကျင်းပခဲ့ကြလေသည်။" ROLLIN'S ANCIENT HISTORY, BOOK 1, PART 2, CHAP. 2, SEC. 1.

မလွဲနိုင်မရှောင်နိုင်၍သာပြောရသည်၊ ဤအခမ်းအနားပွဲများတို့သည် ညစ်ညမ်းသောစာရိတ္တမျိုးတို့ဖြင့်ပြီးသောပွဲများသာဖြစ်ပါသည်။ နေဝတ်ပြုကိုးကွယ်ခြင်း ဟု ခေါ်တွင်သည့် ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင်လည်း ဘာသာရေးဝတ္တရားတစ်ခုအနေဖြင့် စာရိတ္တပျက်ယွင်းသည့်လုပ်ရပ်များကိုသာ ကျင့်ဆောင်နေခဲ့ကြပါသည်။

အဲဂုတ္တုပြည်သားများတွင် ကြီးမားသည့်အယူသီးမှုတစ်ခုရှိနေခဲ့ကြရာ၊ သူတို့သည် ကြက်သွန်မြိတ်များနှင့် ကြက်သွန်နီများကိုပင် ဝတ်ပြုကိုးကွယ်ခဲ့ကြသည်။ ဤနေရာ၌ ကျွန်ုပ်တို့ကို အသိပေးနိုးဆော်နေသည့်အချက်တစ်ချက်မှာ၊ အယူသီးခြင်းအမှုနှင့် စက်ဆုပ်ဖွယ်ကောင်းသောရုပ်ထုကိုးကွယ်ခြင်းအမှုတို့သည်

ဥာဏ်ရည်နိမ့်ကျမှုကြောင့်ဖြစ်ပေါ်လာသည့်အမှုများမဟုတ်ပါ ဆိုသည့်အချက်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရှေးခေတ်အဲဂုတ္တုပြည်သား (အီဂျစ်ပြည်သား) များတို့သည် အနုပညာများနှင့် သိပ္ပံပညာများအပိုင်းတွင် မြင့်မားသည့်အဆင့်တွင်ရပ်တည်လာခဲ့ကြသည်။ ထိုရုပ်ထုကိုးကွယ်ခြင်းအလေ့အထသည် ယခင်ကသူတို့ ရှိနေခဲ့ကြသည့် မြင့်မားသည့်အဆင့်အတန်းကနေမှ သူတို့ကို ဆွဲချသွားခဲ့ပါသည်။

အဲဂုတ္တုဆိုသည့်နာမည်၏လုံးကွဲဓိပ်တူ (စာလုံးပေါင်းချင်းမတူသော်လည်း အဓိပ္ပါယ်ချင်းတူသည့်) စကားလုံးများမှာ၊ မတရားမှုနှင့် ယေရှုခရစ်တော်၏ဘာသာအယူဝါဒကိုဆန့်ကျင်မှု စသည်တို့ပင်ဖြစ်ပြီး၊ ထိုအဲဂုတ္တုဆိုသည့်စကားလုံးသည် သောဒုံဆိုသည့်စကားလုံးနှင့် ပူးတွဲနေလျက်ရှိပါသည်။ ဘုရားသခင်၏ “သက်သေခံနှစ်ပါး” တို့ကို ရည်ဆောင်လျက် မိန့်တော်မူသည်ကား၊ “သူတို့သခင်သည် လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောအရပ်တည်းဟူသော သောဒုံဟူ၍ရင်း၊ အဲဂုတ္တုဟူ၍ရင်း အတွင်းအနက်အားဖြင့် ခေါ်ဝေါ်သော မြို့ကြီး၏လမ်း၌ အလောင်းကောင်တို့သည် နေရစ်ကြလိမ့်မည်။” ဗျာဒိတ် ၁၁း၈။ အဲဂုတ္တုပြည်ရောက်ဣသရေလလူမျိုးများတို့သည် ထိုပြည်၏မတရားမှုနှင့် ရုပ်ထုကိုးကွယ်ခြင်းအမှုတို့တွင် ပါဝင်ခဲ့ကြကြောင်းနှင့်၊ ဘုရားသခင်အားကိုးကွယ်ဝတ်ပြုခြင်းအမှုမှ သူတို့ကို အမိန့်အာဏာနှင့်တကွ ဟန့်တား တားမြစ်ထားခဲ့ကြကြောင်းကို ကျမ်းစာထဲရှိ ကျမ်းပိုဒ်တော်တော်များများထဲတွင် ထောက်ပြထားပေးပါသည်။

ဣသရေလလူမျိုးများတို့အား ကယ်နှုတ်ရန်အတွက် မောရှေအားစေလွှတ်တော်မူခဲ့သည့်အချိန်တွင် ဖါရောမင်းထံသို့ မောရှေပေးခဲ့သည့် ပထမဦးဆုံးသော သတင်းစကားမှာ၊ “ဖါရောဘုရင်ကိုလည်း ထာဝရဘုရားက ဣသရေလသည် ငါ့သားဖြစ်၏။ ငါ့သားဦးဖြစ်၏။ ငါ့သားသည် ငါ့အားဝတ်ပြုသောအခွင့်ရှိစေခြင်းငှါလွှတ်လော့၊” ထွက်မြောက်ရာ ၄း၂၂-၂၃။ အဲဂုတ္တုပြည်မှထုတ်ဆောင်ရသည့်အဓိကအကြောင်းအရင်းမှာ ဣသရေလလူမျိုးများအနေဖြင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်နိုင်ကြဖို့ဖြစ်သည်။ ထိုပြည်၌ရှိနေကြစဥ် သူတို့သည် ဘုရားသခင်အားကိုးကွယ်ခြင်းမပြုခဲ့ကြောင်းကို ဤအချက်ကထောက်ပြပေးထားပါသည်။

ထို့ကြောင့် ဤသို့တဖန်ဖတ်ရှုလိုက်ခဲ့ရပြန်ပါသည်။ “အကြောင်းမူကား၊ မိမိကျွန်အာဗြဟံ၌ ထားခဲ့ဘူးသော သန့်ရှင်းသောကတိတော်ကို အောက်မေ့တော်မူ၏။ ရွေးကောက်တော်မူသော မိမိလူတို့ကို ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်တကွ ထုတ်ဆောင်တော်မူ၏။ သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်း ကျင့်၍၊ ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း၊ တပါးအမျိုးသားတို့၏မြေကို ပေးတော်မူသဖြင့်၊ သူတို့သည် အခြားသောလူတို့၏အလုပ်ထဲသို့ ဝင်စားရကြ၏။ ဟာလေလုယ။”ဆာလံ ၁၀၅း ၄၂-၄၄။

ဣသရေလလူမျိုးတို့သည် အဲဂုတ္တုပြည်၏ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင် ပါဝင်ခဲ့ကြကြောင်းကို ထောက်ပြထားသည့် အခိုင်လုံဆုံးသောထောက်ပြချက်ကို၊ ရုပ်ထုကိုးကွယ်ခြင်းအမှုကိုမစွန့်ပစ်ကြခြင်းအတွက် သူတို့အားဆုံးမထားသည့် ပြစ်တင်ဆုံးမစကားထဲမှ တွေ့ရှိရပါသည်။ “အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး ငါရွေးကောက်၍၊ အဲဂုတ္တုပြည်၌သူတို့အားထင်ရှားလျက်၊ ငါသည်သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု၊ ယာကုပ်အမျိုးသားတို့အား ကျိန်ဆိုသည်ကာလ၊ သင်တို့အသီးအသီးဖူးမျှော်သော စက်ဆုပ်ရွံရှာဘွယ်အရာတို့ကို စွန့်ပစ်ကြလော့။ အဲဂုတ္တုရုပ်တုတို့နှင့် ကိုယ်ကိုကိုယ်မညစ်ညူးစေကြနှင့်။ ငါသည်သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်၏ဟု ငါဆိုသော်လည်း၊ သူတို့သည် နားမထောင်၊ ငါ့ကိုပုန်ကန်ကြ၏။ အသီးသီးဖူးမြင်သော စက်ဆုပ်ရွံရှာဘွယ် အရာတို့ကိုရင်း၊ အဲဂုတ္တုရုပ်တုကိုရင်း၊ မစွန့်ပစ်ဘဲနေကြ၏။ ထို့ကြောင့်၊ သူတို့၌ ငါ့ဒေါသစိတ်ပြေမည်အကြောင်း၊ အဲဂုတ္တုပြည်ထဲမှာ သူတို့အပေါ်သို့ ငါ့အမျက်ရှိန်ကို သွန်းလောင်းမည်ဟု ငါအကြံရှိ၏။” ယေဇကျေလ ၂၀း၅-၈။

## အဲဂုတ္တုပြည်၏အချုပ်အနှောင်ထဲတွင် ရှိရစ်နေဆဲဖြစ်ခြင်း

ထိုအမှုသည် ယနေ့အထိတိုင်အောင် တည်ရှိနေဆဲဖြစ်သည်။ ဘေးဒဏ်ကျရောက်ခဲ့သည့်အချိန်ကာလတွင် အဲဂုတ္တုပြည်အားလွှမ်းမိုးထားခဲ့သည့် အမှောင်ထုသည် ကမ္ဘာကြီးတစ်ခုလုံးအပေါ်တွင် ထိုအဲဂုတ္တုပြည်ကနေမှ ဖြန့်ကျဲလွှမ်းမိုးထားစေခဲ့သည့်အမှောင်ထုလောက် မမိုက်မှောင်ခဲ့ပါချေ။ ယင်းလက်တွေ့အမှောင်ထုကြီးသည်၊ ထိုအဲဂုတ္တုပြည်မှာကတည်းကဖြစ်ပေါ်ဆင်းသက်လာသည့်အမှောင်ထု၊ အထဲတွင်လူသားများကျော့မိနေကြသည့် စာရိတ္တအမှောင်ထုကြီးကို ပုံဆောင်ထားသည့် ရှင်းလင်းသောပုံဆောင်မှုတစ်ခုဖြစ်သည်။ ခရစ်ယာန်အသင်းတော်ထဲတွင်တွေ့ရှိရသည့် ယုံကြည်ခြင်းဖေါက်လွဲဖေါက်ပြန်မှုဆိုင်ရာ ရာဇဝင်သမိုင်းကြောင်းသည် အမှားအယွင်းများစွာတို့နှင့်ပြီးသောမှတ်တမ်းတစ်ခုသာဖြစ်ပြီး၊ ထိုအမှားအယွင်းများတို့သည် အဲဂုတ္တုပြည်မှဆောင်ယူလာခဲ့သည့် မှားယွင်းမှုများသာဖြစ်ကြပါသည်။

ခရစ်ယာန်ခေတ်ကာလ၏ဒုတိယရာစုနှစ်ကုန်ဆုံးခါနီးအချိန်တွင် အဲဂုတ္တုပြည်တွင် အတွေးအခေါ်အယူဝါဒအသစ်တစ်ခု ပေါ်ထွက်လာခဲ့သည်။ “ဤအယူဝါဒကို အလက်ဇန္ဒြီးယားရှိပညာတတ်များက မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကိုခရစ်ယာန်များစာရင်းထဲတွင် ထည့်ဝင်ရေတွက်ခြင်းခံလိုခဲ့ကြသည့်၊ အတွေးအခေါ်ပညာရှင်များဆိုသည့်ဂုဏ်ပုဒ်အဆင့်အတန်းများနှင့် ပညာရှင်ဝတ်လုံများကို ဆက်လက်ထိန်းသိမ်းဝတ်ဆင်ထားလိုခဲ့ကြသည့် ပညာရှင်များပင်ဖြစ်သည်။ အထူးသဖြင့် ထိုရာစုနှစ်တွင် အလက်ဇန္ဒြီးယားမြို့ရှိခရစ်ယာန်ကျောင်းများတို့၌ သဘာပတိအဖြစ်ဆောင်ရွက်အမှုထမ်းခဲ့ကြသည့်သူများဖြစ်ကြသည့် အသန်နဂိုးရပ်စ် (ATHENAGORAS)၊ ဖန်ထိန်းနပ်စ် (PANTAENUS) နှင့် ခလီးမန်းစ် အလက်ဇန္ဒြီးနပ်စ် (CLEMENS ALEXANDRINUS) တို့က ထိုအယူဝါဒကို ထောက်ခံအတည်ပြုခဲ့ကြပါသည်။ ဤတို့ယုံကြည်လက်ခံထားခဲ့ကြလေသည်မှာ၊ စစ်မှန်သောအတွေးအခေါ် ကြီးမြတ်၍ အကျိုးဖြစ်ထွန်းမှုကိုအများဆုံးပေးစွမ်းသည့် ဘုရားသခင်၏ဆုကျေးဇူးတို့သည်၊ အတွေးအခေါ်ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့်အသင်းအဖွဲ့များကြားတွင် ပြန့်ကျဲနေသောအပိုင်းအစကလေးများအနေဖြင့် တည်ရှိနေပါသည်။ ထို့ကြောင့် ပညာရှိသောသူအယောက်တိုင်းစီတို့နှင့် အထူးသဖြင့် ခရစ်ယာန်ဆရာသမားအယောက်စီတိုင်းတို့သည် ဘာသာရေးခုခံကာကွယ်ရန်အတွက်နှင့် ဘာသာတရားမကိုင်းရှိုင်းခြင်းအမှုများအကြောင်းတို့ကို သာဓကများနှင့်တင်ဆက်ပြောပြပေးနိုင်ရန်အတွက် သူတို့သည် ဤပြန့်ကြဲနေသောအပိုင်းအစများကို လေးဘက်လေးနံ့နေရာပေါင်းစုံတို့မှ စုသိမ်းကြရမည့်တာဝန်ရှိကြပါသည်။”

“ရာစုနှစ်အဆုံးပိုင်းတွင် အမိုနီးယပ်စ်စက်ခက်စ် (AMMONIUS SACCAS) အမည်ရှိသည့်ပုဂ္ဂိုလ်တစ်ဦးက အလက်ဇန္ဒြီးယားမြို့တွင် ကျောင်းတစ်ကျောင်းကိုဖွင့်လှစ်ခဲ့ပြီး၊ နယူးပလေတိုးနစ် (NEW PLATONIC) ဟုခေါ်သော အဖွဲ့အစည်း၏အခြေခံအုတ်မြစ်ကို သူချမှတ်သွားခဲ့လိုက်ပါသည်။ ထိုအချိန်တွင် ယခင်ကရှိခဲ့သောတွေးခေါ်မှုပုံစံသည် တချို့တဝက်ပြုပြင်မွမ်းမံခြင်းခံလိုက်ရပါသည်။ ဤပုဂ္ဂိုလ်သည် ခရစ်ယာန်တစ်ဦးအနေဖြင့်ဖွားမြင်လာခဲ့ပြီး၊ ပညာတတ်ခရစ်ယာန်တစ်ဦးလည်းဖြစ်ခဲ့ကာ၊ သူ့အသက်တာတစ်လျှောက်လုံးတွင်လည်း မိမိကိုယ်ကို ခရစ်ယာန်တစ်ဦးအဖြစ်ဟန်ဆောင်ပြီး အသက်ရှင်နေထိုင်သွားခဲ့ပါသည်။ သူသည်ဉာဏ်ရည်ထက်မြက်ပြီး၊ စကားပြောကောင်းသူတစ်ဦးဖြစ်သည့်အလျှောက်၊ တွေးခေါ်မှုစနစ်များအားလုံးနှင့်ဘာသာရေးအယူဝါဒအားလုံးတို့ကို တစ်ခုနှင့်တစ်ခုလိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ပေးဖို့ သူသည်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ (တနည်းအားဖြင့်) သူသည် အတွေးအခေါ်တစ်ခုကို သွန်သင်ဖို့ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး၊ ထိုသို့သွန်သင်ခြင်းတွင် သူ၏အဓိကရည်ရွယ်ချက်မှာ၊ မိမိသွန်သင်လိုက်သည့်အတွေးအခေါ်အားဖြင့် အတွေးအခေါ်ပညာရှင်များအားလုံးနှင့် ခရစ်ယာန်ဘာသာပါမကျန် ရှိသမျှသောဘာသာရေးသမားများအားလုံးတို့သည် အတူတကွပေါင်းစည်းမိလာကြရန်နှင့် အချင်းချင်းမိတ်သဟာယဖွဲ့လာကြရန် ဖြစ်သည်။ ဤတွင် ယခင်က အဲဂုတ္တုပြည်တွင်ကြီးထွားပြန့်နှံ့သွားခဲ့သည့် နှံ့စပ်ကျယ်ပြန့်စွာလက်ခံထားခဲ့ကြသည့်

အတွေးအခေါ်နှင့် ယခုပြန်ပြီးပေါ်ထွက်လာခဲ့သော အဖွဲ့အစည်း၏အတွေးအခေါ် စသည့်အတွေးအခေါ်နှစ်ခု၏စပ်ကြားတွင် ကွဲပြားခြားနားမှုကြီးတစ်ခု ဖြစ်ပေါ်လာခဲ့လေတော့သည်။ နှံ့စပ်ကျယ်ပြန့်စွာ တွေးခေါ်ယူဆခဲ့ကြသည့်အတွေးအခေါ်ပညာရှင်များ ယုံကြည်ဆွဲကိုင်ထားကြလေသည်မှာ၊ အဖွဲ့အစည်းတိုင်းတွင် အကောင်းနှင့်အဆိုး အမှားနှင့်အမှန်တို့သည် ရောထွေးနေလျက်ရှိသည် ဟုယုံကြည်ထားခဲ့ကြသည်။ ထို့ကြောင့် ထိုအမှားအမှန်၊ အကောင်းအဆိုးများအားလုံးထဲမှ ကျိုးကြောင်းဆက်စပ်မှုရှိ၊ အဓိပ္ပါယ်ရှိသောအရာများကို သူတို့သည်ရွေးထုတ်ယူပြီး ကျန်အရာများတို့ကို ငြင်းပယ်ထားခဲ့ကြသည်။ သို့ရာတွင် အမိုနီးယပ်စ်စက်ခက်စ် (AMMONIUS SACCAS) ယုံကြည်ဆွဲကိုင်ထားသည့်အတွေးအခေါ်မှာ၊ အဖွဲ့အစည်းတိုင်းတို့သည် တူညီသည့်အမှန်တရားစည်းစနစ်တစ်မျိုးတည်းကိုသာ လက်ခံထားကြပြီး၊ ထိုအမှန်တရားစည်းစနစ်ကို တင်ပြကြသည့်သူတို့၏တင်ပြပုံတင်ပြနည်းတို့ကသာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနည်းငယ်ကွာဟမှုရှိတတ်ကြသည်။ ထို့ကြောင့်နည်းစနစ်ကျကျဖြင့်သင့်လျော်မှုရှိအောင်ရှင်းလင်းတင်ပြပေးမည်ဆိုလျှင် အခက်အခဲအနည်းငယ်ရှိလိမ့်မည်ဆိုသော်လည်း သူတို့ကိုတစ်စုတစ်စည်းတည်းဖြစ်သွားအောင် ပေါင်းစပ်နိုင်မည်ဖြစ်သည် ဟုယုံကြည်ထားသည်။ သည့်အပြင်မက၊ တစ်ခုတည်းသော ဤနိယာမအသစ်ကိုသူသည်ဆွဲကိုင်ထားခဲ့ပါသည်။ သူ၏နိယာမအသစ်မှာ၊ ခရစ်ယာန်ဘာသာကဲ့သို့သော ရေပန်းစားနေသည့် ဘာသာများတို့၏အကြောင်းကို လူအများလက်ခံထားကြသည့်အတွေးအခေါ်နှင့်အညီ နားလည်ထားရမည်။ ရှင်းပြပေးနိုင်ရမည်။” MOSHEIM’S ECCL. HIST., CENT. 2, PART, CH. 1, SECS. 6, 7.

“အလက်ဇန္ဒြီးယားမြို့ရှိ ခလီမန့် (CLEMENT) ဆိုသူအား၊ ဤအတွေးအခေါ်၌မိမိကိုယ်ကိုဆက်ကပ်အပ်နှံထားသည့် ခရစ်ယာန်ဆရာသမားတစ်ဦးအနေဖြင့် တင်ပြထားပါသည်။ “ခလီမန့်ကို ပထမဦးဆုံးသောအဓိကအရေးပါသည့် ဘာသာရေးခုခံကာကွယ်သူ ခရစ်ယာန်များနှင့် တွေးခေါ်မှုပိုင်းဆိုင်ရာသိပ္ပံဆရာသမားများစာရင်းထဲတွင် ထည့်သွင်းရမည်ဖြစ်သည်။ စင်စစ်၊ အတွေးအခေါ်ပညာ၏ စဉ်းမျဉ်းဥပဒေသများနှင့်ခရစ်ယာန်ဘာသာရေး၏ စည်းမျဉ်းဥပဒေသများစပ်ကြားတွင် ဖျာခင်းဖို့နေရာရှာခဲ့သည့် အလွဲလွဲ အချော်ချော် စိတ်ထက်သန်မှုမျိုးဖြင့်တည်ဆောက်ထားသောအတွေးအခေါ်မျိုးကို ဖန်တီးပျိုးထောင်ရာတွင် မိမိတို့ကိုယ်ကိုရင်းနှီးမြုပ်နှံထားကြသည့်သူများတို့၏ ခေါင်းဆောင်နေရာတွင် ထိုခလီမန့်ဆိုသူကို တင်မြှောက်ထားလို့ပင်ရနိုင်ပါသည်။” ဟု မိုရှိမ် (MOSHEIM) ကကျွန်ုပ်တို့ကိုပြောပြထား းသည်။” MOSHEIM’S COMMENTARIES, CENT. 2, SECTION 25, NOTE 2.

ထိုသို့သောအတွေးအခေါ်မျိုးသည် မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ပင်ဖြစ်ကြောင်းကို သတိရပါလေ။ ခရစ်ယာန်အသင်းတော်ထဲတွင် ဆရာသမားများအနေဖြင့်ဝင်ရောက်လုပ်ကိုင်ကြသောသူတို့က ထိုသို့သောအတွေးအခေါ်မျိုးတွင် ပါဝင်ရင်းနှီးမြုပ်နှံလိုက်ကြသောအခါတွင် မည်သည့်မဖြစ်မနေအကျိုးရလဒ်များဖြစ်ပေါ်လာမည်ကို ကျွန်ုပ်တို့အနေဖြင့် စဉ်းစားသုံးသပ်နိုင်မည်ဖြစ်ပေသည်။ “အမိုးနီးယပ်စ်၏ တပည့်တပန်းများအားဖြင့်သော်၎င်း၊ နောက်ရာစုနှစ်တစ်ခု (တတိယမြောက်ရာစုနှစ်) တွင်မယုံနိုင်လောက်အောင်ပင် ထင်ပေါ်ကျော်ကြားလာခဲ့သည့် ORIGEN (အော်ရီဂန်) ဆိုသည့် ပုဂ္ဂိုလ်အားဖြင့်သော်၎င်း၊ ယခင်က ဆရာကြီး (အမိုးနီးယပ်စ်)ထံမှရရှိခဲ့ကြသည့် သွန်သင်မှုများတို့သည် လူငယ်လူရွယ်များတို့၏ စိတ်နှလုံးသားများထဲတွင် သင်ကြားပို့ချလိုက်သည့်ပညာရေးသင်ခန်းစာများနှင့်တကွ တဖြည်းဖြည်းခြင်းဖြင့် ခိုင်မာစွာစိမ့်ဝင်ကိန်းအောင်းသွားခဲ့ပါသည်။ သို့ဖြစ်၍ နောက်ပိုင်းတွင် အမှုတော်သာသနာလုပ်ငန်းတွင်ပါဝင်ရန်အတွက် အများဆုံးခန့်အပ်ခြင်းခံလာခဲ့ကြရသည့် ဤနောက်ပေါက်လူငယ်များတို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အတွေးအခေါ်ကိုချစ်မြတ်နိုးတတ်သည့်စိတ်သဘောသည် အသင်းတော်၏အဓိကအရေးကြီးသည့်အပိုင်းကဏ္ဍတစ်ခုအဖြစ်လွှမ်းမိုးပျံ့နှံ့လာခဲ့ပါသည်။” ဟု မိုရှိမ်(MOSHEIM) က ကျွန်ုပ်တို့ကိုပြောပြထားပါသည်။ လေ့လာသင်ယူမှုတို့၏ အချုပ်အခြာမြို့တည်းဟူသော အလက်ဇန္ဒြီးယားမြို့တွင်ရှိသော “CATECHETICAL SCHOOL” (ခေါ်) ဓမ္မကျမ်းစာကျောင်းတွင် အော်ရီဂန်ဆိုသူသည် အထွတ်အထိပ်ခေါင်းဆောင်ပိုင်းနေရာတွင် ရပ်တည်လာခဲ့ပါသည်။ ထို

ရာစုနှစ်တွင် သူသည် ကျမ်းစာအနက်ဖွင့်ဆိုသူအားလုံးတို့၏ အထွတ်အထိပ်ခေါင်းဆောင်ပိုင်းနေရာတွင် ရပ်တည်နေခဲ့ပြီး၊ အထက်ဖော်ပြပါဓမ္မကျမ်းစာကျောင်းတွင် စုရုံးရောက်ရှိလာကြသောလူငယ်များတို့သည် လည်း သူ့အားအတုခိုးလာခဲ့ကြသည်။ ဖားရယ် (FARRAR) ဆိုသည့်ပုဂ္ဂိုလ်တစ်ဦးက ဤသို့ပြောဆိုတင်ပြ ထားခဲ့ပါသည်။ "တနေ့တာဟောကြားခဲ့ကြသည့် တရားဟောချက်များတို့ထဲမှ တဝက်လောက်သော တရားဟောချက်များတို့သည် သိ၍သော်၎င်း၊ မသိ၍သော်၎င်း၊ တိုက်ရိုက်နည်းအားဖြင့်သော်၎င်း၊ သွယ်ဝိုက် သောနည်းအားဖြင့်သော်၎င်း၊ အော်ရီဂန် (ORIGEN) အတွေးအခေါ်များနှင့်နည်းစနစ်များမှ ငှါးရမ်းသုံးနှုန်းထား သော တရားဟောချက်များပင်ဖြစ်နေပေတော့သည်။" "LIVES OF THE FATHERS," CHAP. 16, SEC. 8.

ကျမ်းစာကို "အနက်ဖွင့်ဆိုသူ" တစ်ဦးအနေဖြင့်ရပ်တည်ခဲ့သည့် အော်ရီဂန်၌တွေ့မြင်ရသည့် သူ၏စွမ်းရည်သည် အတွေးအခေါ်ပညာရှင်တစ်ဦး၏စွမ်းရည်မျိုးပင်ဖြစ်ပေသည်။ မရှိသည့်အရာများတို့ကို ရှိ အောင်ပြောတတ်သည့်စွမ်းရည်မျိုးဖြစ်သည်။ ကျမ်းစာအုပ်ကို အော်ရီဂန်နှင့်သူ၏အပေါင်းအပါများတို့က အတွေးအခေါ်ပညာရှင်များရေးသားထားသည့် စာပေများအနေဖြင့်သော်၎င်း၊ မိမိတို့၏ညာဏစွမ်းရည်ကို ထုတ်ဖော်ပြသရာတွင်အသုံးပြုသည့် လက်ကိုင်ပစ္စည်းတစ်ခုအနေဖြင့်သော်၎င်း အသုံးပြုခဲ့ကြသည်။ ရိုးရှင်း သောကျမ်းပိုဒ်တစ်ပိုဒ်ကိုဖတ်ပြီး၊ ထိုဖတ်ရှုခဲ့ရသည့်အတိုင်းသာယုံကြည်လိုက်ခြင်းနှင့် ကျောင်းသား/သူများ တို့၏စိတ်နှလုံးသားများတွင် ရိုးရှင်းသောသမ္မာတရားကိုချပြပေးလိုက်ခြင်း စသည့်နည်းလမ်းများအားဖြင့် လူ တို့၏စိတ်နှလုံးသားများကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ထိတွေ့စေခြင်းအမှုသည် အလွန်ကလေး က လားဆန်လွန်းသောအမှုတစ်ခု၊ ဆရာသမားတစ်ယောက်၏ဂုဏ်သိက္ခာမျိုးနှင့်မညီညွတ်သည့်အမှုတစ်ခုဟု သူ တို့အနေဖြင့် ယူဆထားခဲ့ကြသည်။ ထိုသို့သောအမှုမျိုးကို မည်သူမဆို လုပ်တတ်ပါသည် (တနည်းအားဖြင့်၊ ကလေးများပင်လုပ်တတ်သည်) ဟုလည်း သူတို့တွေးထင်ထားကြသည်။ ထိုသူတို့၏အလုပ်မှာ သာမာန် လူတန်းစားများအနေဖြင့် သမ္မာကျမ်းစာထဲတွင် မည်သည့်အခါမျှ ရှာဖွေတွေ့ရှိနိုင်ကြလိမ့်မည်မဟုတ်သော အရာတစ်စုံတစ်ခုကို သူတို့က ထိုသမ္မာကျမ်းစာတော်ထဲမှ ထုတ်ယူဖော်ပြပေးသည့်အလုပ်ဖြစ်သည်။ သာမာန် လူတန်းစားများတို့က မရှာဖွေမတွေ့ရှိနိုင်ကြရသည့်အကြောင်းအရင်းမှာ သူတို့ထုတ်ယူဖော်ပြသည့်အရာ တို့သည် ကျမ်းစာထဲတွင်မရှိသည့်အရာများဖြစ်ပြီး၊ သူတို့၏စိတ်ကူးစိတ်သန်းများအားဖြင့် တီထွင်ဖန်တီးထား သည့်အရာများသာဖြစ်သောကြောင့် ဖြစ်သည်။

မိမိတို့သည် ကျွမ်းကျင်သည့်ကျမ်းတတ်ပုဂ္ဂိုလ်များ၊ ဆရာကြီးသမားကြီးဖြစ်ကြပါသည် ဆိုသည့် ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်၊ အခြားသောသူများတို့အား သူတို့က ဤသို့သွန် သင်ခဲ့ကြပါသည်။ သမ္မာကျမ်းစာသည် ရေးထားသည့်စာသားအတိုင်းအဓိပ္ပါယ်မပေါ်ပါ၊ သို့ဖြစ်၍ ရေးသား ထားသည့်ကျမ်းစာစာသားအတိုင်းသာ လိုက်လျှောက်သောသူတို့သည် ကေန်အမှန်ပင် လမ်းလွဲသွားကြလိမ့် မည်ဖြစ်ပြီး၊ အတွေးအခေါ်ပညာရပ်ကို လေ့လာခြင်းဖြင့် မိမိတို့၏ စွမ်းရည်များတို့ကို အလေ့အကျင့်ပေးထား သည့်သူများသာလျှင် ထိုကျမ်းစာကို ရှင်းပြပေးနိုင်မည်ဖြစ်သည်ဟု သူတို့သွန်သင်ထားခဲ့ကြသည်။ ထို့ကြောင့် အကျိုးဆက် အနေဖြင့် သူတို့သည် သာမာန်လူတန်းစားများတို့၏လက်ထဲကနေမှ ကျမ်းစာအုပ်များကို သိမ်း ပစ်ခဲ့ကြပါသည်။ သူတို့၏လက်ထဲ၌ သမ္မာကျမ်းစာအုပ်မရှိတော့သည့်အခါတွင် လူများအနေဖြင့်လည်း မည်သူကခရစ်ယာန် မည်သူကမိစ္ဆာဒိဋ္ဌိအယူကိုစွဲလမ်းသောသူ ဟူ၍ ကွဲကွဲပြားပြား မခွဲခြားနိုင်တော့ပါချေ။ ထိုသို့ ကျမ်းစာများကို သိမ်းပစ်လိုက်ကြသည့်အခါတွင် ခရစ်ယာန်ပေါင်းမြောက်များစွာတို့သည် ပျက်ယွင်းဆိုး ယုတ်လာခဲ့ကြသည်သာမက၊ မယုံကြည်သောတပါးအမျိုးသားများတို့သည်လည်း မိမိတို့၏အကျင့်ဓလေ့များ ၌ ပြောင်းလဲခြင်းမရှိပဲနှင့် အသင်းတော်ထဲသို့ဝင်ရောက်လာခဲ့ကြလေတော့သည်။ "ခရစ်ယာန်ဘာသာရေးနှင့် အမိုးနီးယပ်စ် (AMMONIUS) ၏ သွန်သင်မှုများကို နှိုင်းယှဉ်ကြည့်ခဲ့ကြသည့် ပလေတိုးနစ် (ပလေတိုအယူဝါဒ ကိုလက်ခံသူ) အများစုတို့၏ ခေါင်းထဲတွင်အတွေးတစ်ခုဝင်ရောက်လာခဲ့ပါသည်။ ခရစ်ယာန်ဖြစ်လာဖို့နှင့် ခရစ်ယာန်တို့၏ပျက်စီးရာပျက်စီးကြောင်းအတွက် လုပ်ဆောင်ဖို့ စသည့်အလုပ်နှစ်ခုထက် သာ၍လွယ်ကူ

သည့်အလုပ်ဟူ၍ အခြားဘာမှမရှိတော့ပါဟူသည့် အတွေးသည် သူတို့ခေါင်းထဲတွင်ဝင်ရောက်လာခဲ့ပြီး၊ ခရစ်ယာန်ဘာသာထဲသို့ဝင်ရောက်လာနိုင်ကြဖို့ရန်အတွက် မိမိတို့၏ယခင်မူဝါဒများကိုစွန့်ပစ်ချန်ထားရန်မလို ပါဟု သူတို့တွေးထင်လာခဲ့ကြပါသည်။"

ထို့ကြောင့် အောက်ဖော်ပြပါအခြေအနေတစ်ခုသည် ဖြစ်ပေါ်လာခဲ့လေတော့သည်။ "ဒုတိယ ရာစုနှစ်နှင့် တတိယရာစုနှစ်များတွင် ခရစ်ယာန်ဘာသာရေးကို ပုံဖေါ်လို့မရနိုင်တော့သည်အထိဖြစ်သွားခဲ့ပြီး၊ ထိုခရစ်ယာန်ဘာသာရေး၏ ရိုးရှင်းမှုနှင့် အပြစ်ကင်းစင်မှုတို့ကို ကုန်စင်လုနီးပါးဖြစ်အောင် ပျောက်ကွယ်သွား စေခဲ့သည့် ဖေါက်ပြန်ပျက်ယွင်းခြင်းအမှုအားလုံးနီးပါးတို့သည် အဲဂုတ္တုပြည်မှအရင်းခံဆင်းသက်လာခဲ့ပြီး၊ ထို ဖေါက်ပြန်ပျက်ယွင်းမှုတို့သည် ထိုကနေမှတဆင့် အခြားသောအသင်းတော်များဆီသို့ ချိတ်ဆက်ပြန့်နှံ့သွားခဲ့ ပါသည်။" "အီဂျစ်နိုင်ငံတွင်သော်၎င်း၊ အခြားသောနိုင်ငံများတွင်သော်၎င်း တပါးအမျိုးသားဝတ်ပြုကိုးကွယ် သူများတို့သည် မိမိတို့၌ အများပြည်သူနှင့်ဆိုင်သည့်ဘာသာရေးအခမ်းအနားပွဲများရှိလာခဲ့ကြပါသည်။ ထိုပွဲ များတွင် လူတန်းစားခွဲခြားခြင်းမရှိပဲ လူတိုင်းတက်ရောက်ခွင့်ရှိပါသည်။ သို့ရာတွင် သူတို့တွင် လျှို့ဝှက်ဆန်း ကျယ်မှုများ ဆိုသည့်အမည်ဖြင့် မှည့်ခေါ်ထားသည့် အထွတ်အမြတ်ထားရသော အခမ်းအနားတချို့လည်းရှိခဲ့ ပါသည်။ ထိုအခမ်းအနားတွင် ယုံကြည်ခြင်းပြည့်ဝသောသူများနှင့် နားလည်သိကျွမ်းသောသူများမှအပ အ ခြားမည်သူကမျှ တက်ရောက်ခွင့်မရှိခဲ့ပါချေ။ ခရစ်ယာန်ဘာသာရေးကို မိစ္ဆာဒိဋ္ဌိအယူဝါဒ၏ စံချိန်စံညွှန်းအ တိုင်း ပုံသွင်းသင့်သည်ဟု အလက်ဇန္ဒြီးယားမြို့ရှိ ခရစ်ယာန်များနှင့် နောက်ပိုင်းအချိန်ကာလများတွင် ပေါ်ပေါက်လာခဲ့သည့် ခရစ်ယာန်များတို့က တွေးထင်လာခဲ့ကြပါသည်။ ထိုအခါတွင် ခရစ်ယာန်လူထုကြီးကို အဖွဲ့နှစ်ဖွဲ့ခွဲထားခဲ့ကြပါသည်။ တဖွဲ့ကို "PROFANE" (သို့) သာမာန်အဖွဲ့ဟု ခေါ်တွင်လာကြပြီး၊ ထိုသူတို့သည် လျှို့ ဝှက်ဆန်းကျယ်မှုများဟု ခေါ်သည့် အခမ်းအနားများတွင် တက်ရောက်ခွင့်မရှိကြပါချေ။ ကျန်တစ်ဖွဲ့ကိုမူ "INITIATED" (သို့) တည်ကြည်စုံလင်သောအဖွဲ့ဟု ခေါ်ဆိုခဲ့ကြ ပါသည်။ ဤသို့စီမံဖွဲ့စည်းမှုများပြုရာမှ၊ မ ယုံကြည်သူတပါးအမျိုးသားများတို့၏ လျှို့ဝှက်ဆန်းကျယ်မှုဟုခေါ်သည့် အခမ်းအနားပွဲများတွင် အသုံးပြုနေ ကြသည့် များစွာသောစကားလုံးအခေါ်အဝေါ်များတို့ကို ခရစ်ယာန်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များတွင် ထည့်သွင်းအသုံးပြုလာခဲ့ကြသည်။ အထူးသဖြင့် နှစ်ခြင်းမင်္ဂလာအစီအစဉ်များနှင့် ပွဲတော်မင်္ဂလာအစီအစဉ် များတွင် ထိုစကားလုံးအခေါ်အဝေါ်များတို့ကို အသုံးပြုလာခဲ့ကြပါသည်။ ဖြစ်စဉ်အတော်များများတွင် တွေ့မြင် ရသည်ကား၊ အသင်းတော်ဆိုင်ရာအစီအစဉ်အခမ်းအနားပွဲများတို့၏ နေရာအစားတွင် မိစ္ဆာဒိဋ္ဌိအစီအစဉ် အခမ်းအနားအမျိုးမျိုးတို့ကို ထည့်သွင်းအစားထိုးလာခဲ့ကြပါသည်။"

## အဲဂုတ္တုပြည်ထဲမှ ထွက်ခွါလာဖို့ရန် ခေါ်တော်မူခြင်း

အသင်းတော်ထဲတွင် မိတ်ဆက်ဝင်ရောက်လာခဲ့သည့် မှားယွင်းသောသွန်သင်မှုအမျိုးမျိုးနှင့် အ လေ့အထအမျိုးမျိုးတို့ကို တစ်ခုချင်းစီရေတွက်နေဖို့မလိုအပ်ပါချေ။ မဖေါက်ပြန်မပျက်ယွင်းသည့်အရာဟူ၍ တစ်စုံတစ်ခုမျှမရှိပါ၊ အတုခိုးပြီးလက်တွေ့လိုက်လျှောက်ခြင်းမပြုရသေးသည့် တပါးအမျိုးသားတို့၏အယူဝါဒ ဟူ၍လည်း မရှိသလောက် ဖြစ်နေပါသည်ဟု ပြောလိုက်ရုံဖြင့်ပင် လုံလောက်ပါပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မိုက်မှောင်ကျသွားခဲ့ရပါသည်။ ရလဒ်အနေဖြင့် "အမှောင်ခေတ်ကာလ" သည် မဖြစ်မ နေဆိုက်ရောက်လာခဲ့လေတော့သည်။ သမ္မာကျမ်းစာကို ပိုင်ဆိုင်နိုင်ကြရန်နှင့် ပြန်လည်ဖတ်ရှုခွင့်ရနိုင်ကြဖို့ ရန်အတွက် လူများတို့၏ လက်ထဲသို့ ပြန်လည်ထည့်သွင်းပေးနိုင်ခဲ့သည့်အချိန်ဖြစ်သည့် ဘာသာရေးပြုပြင် ပြောင်းလဲခြင်းအချိန်ကာလအထိပင် ထိုအမှောင်ထုသည် ဖုံးလွှမ်းနေခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ၊ ဘာသာရေးပြုပြင်ပြောင်းလဲခြင်းအမှုသည် အမှုတော်လုပ်ငန်းကို မ ပြီးမြောက်စေခဲ့ပါချေ။ စစ်မှန်သောပြုပြင်ပြောင်းလဲခြင်းဟူသည် ဘယ်သောအခါမျှ အဆုံးမရှိတတ်ပါချေ။ သို့

ဖြစ်၍ မတရားမှုပြုခြင်းအမှုကိစ္စအတွက် အရှေ့တွင် ကိုင်တွယ်ဆောင်ရွက်ထားပေးခဲ့သည့် ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းကို ကောင်းစွာသောအမှုအားဖြင့် ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့ရာတွင် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများတို့နောက်ပိုင်း ပေါ်ထွန်းလာခဲ့ကြသောသူများတို့သည် ထိုသူတို့နည်းတူမဟုတ်ကြတော့ပါချေ၊ နောက်ပိုင်းလူများတို့သည် ဝိညာဉ်တော်နှင့်မပြည့်ဝကြတော့ပါချေ။ ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများ ယုံကြည်ထားခဲ့ကြသည့်အရာများအပြင် သူတို့အနေဖြင့် အခြားမည်သည့်အရာကိုမျှမယုံကြည်လိုကြတော့ပါချေ၊ ရှေ့ဆက်မတိုးချင်ကြတော့ပါချေ။ ထိုသို့သောအခြေအနေမျိုးတွင်ပင် ကျေနပ်ရောင့်ရဲနေခဲ့ကြသည်။ ထို့သို့ဖြစ်သောကြောင့် အကျိုးရလဒ်တစ်ခုအနေဖြင့် သမိုင်းကြောင်းသည်လည်း တစ်ကျော့ပြန် ပြန်လှည့်လာခဲ့ပြန်လေသည်။ လူတို့နှုတ်မှထွက်သောစကားများတို့ကို ဘုရားသခင်၏နှုတ်ထွက်စကားတော်အနေဖြင့် လက်ခံလာခဲ့ကြပြန်ပါသည်။ ထို့ကြောင့် အမှားအယွင်းသည် အသင်းတော်ထဲတွင် ဆက်လက်ပြီး ကျန်ရစ်မြဲကျန်ရစ်နေခဲ့သည်။ ဆင့်ကဲဖြစ်စဉ်သွန်သင်မှုများကို အကျယ်တဝင့်လက်ခံလာကြခြင်းနှင့်၊ "HIGHER CRITICISM" ဟုခေါ်သည့်အယူဝါဒတစ်မျိုး၏ လွှမ်းမိုးထားခြင်းကြောင့် ယနေ့လက်ရှိအခြေအနေသည် အောက်သို့အရှိန်အဟုန်ဖြင့် ထိုးဆင်းသွားနေပြီးဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာခန့်က အယ်လီမြို့၏တက္ကသိုလ်ဌာနမှူးတစ်ဦးဖြစ်သူ သမိုင်းဆရာကြီး မန်ရီဗေး (MERIVALE) က ဤသို့တင်ပြသွားခဲ့ပါသည်။ "မိစ္ဆာဒိဋ္ဌိအယူဝါဒကို ဖါယ်ရှားသုတ်သင်ပစ်ခဲ့လိုက်ခြင်းမဟုတ်ပဲနှင့် စိတ်တွင်စွဲမှတ်ထားခဲ့ကြခြင်းသာဖြစ်ပါသည်။ ခရစ်ယာန်လောကကြီးသည်လည်း ထိုဒဏ်ကို အရင်အချိန်ကာလများက တည်းက အနည်းနှင့်အများ နှစ်ပေါင်းများစွာ ခံစားလာခဲ့ကြရသည်။" "EPOCHS OF CHURCH HISTORY," P.169.

လောကကမ္ဘာကြီးကို အမြဲတမ်းဖုံးလွှမ်းထားသောအမှောင်ထုကြီးနှင့် လူသားများအား လွှမ်းခြုံထားသော ရုန်းရင်းကြမ်းတမ်းသည့်အမှောင်ထုကြီးသည် အဲဂုတ္တုပြည်၏အမှောင်ထုကြီးသာဖြစ်ကြောင်းကို ဤအကျဉ်းချုပ်ဖေါ်ပြချက်မှ လွယ်လင့်တကူဖြင့်တွေ့မြင်နိုင်ပါသည်။ ဇာတိအချုပ်အနှောင်ထဲမှ ကယ်နှုတ်ပေးဖို့ရန်အတွက်သာမက၊ သာ၍ဆိုးရွားသောဝိညာဉ်အမှောင်ထုကြီးထဲမှ ကယ်နှုတ်ပေးဖို့ရန်အတွက်ပါ ဘုရားသခင်ကိုယ်တော်တိုင် စိတ်ပိုင်းဖြတ်ထားခဲ့လေသည်။ ဤအမှောင်ထုကြီးသည် ကြီးမားစွာဖြင့်လွှမ်းမိုးထားနေဆဲဖြစ်သည့်အတွက်ကြောင့် ကယ်တင်ခြင်းအမှုတော်လုပ်ငန်းသည်လည်း ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ရှေးဣသရေလလူမျိုးများတို့သည် သူတို့၌ "အဲဂုတ္တုပြည်သို့ ပြန်ချင်သောစိတ်" ရှိနေခဲ့ကြပါသည်။ ဣသရေလလူများတို့၏ သမိုင်းကြောင်းတလျှောက်လုံးတွင် ထိုအဲဂုတ္တုပြည်နှင့်ပတ်သက်မှုမရှိဖို့ရန် သူတို့အားသတိပေးလာခဲ့ပါသည်။ ဣသရေလတို့သည် ထိုပြည်၏ကူးစက်ပြန့်ပွါးလျက်ရှိသည့်သြဇာသက်ရောက်မှုအောက်မှ လွတ်လွတ်ကျွတ်ကျွတ်လွတ်မြောက်သွားခဲ့သည်ဟူ၍ တစ်ကြိမ်တစ်ခါမျှမရှိခဲ့ကြောင်းကို ဤအခြင်းအရာက သက်သေပြနေပါသည်။ လူသားများတို့ကို အချုပ်အနှောင်ရှိရှိသမျှတို့မှ ကယ်နှုတ်ပေးရန်အတွက် သခင်ခရစ်တော်သည် လောကသို့ဆင်းကြွလာတော်မူခဲ့ပြီး၊ မိမိ၏နောက်ဆုံးထွက်သက်ထိတိုင်အောင်ပင် လူသား၏နေရာတွင် သူသည်မိမိကိုယ်ကိုအပြည့်အဝထားရှိတော်မူခဲ့သည်။ ထို့ကြောင့် ခရစ်တော်အနေဖြင့် အဲဂုတ္တုပြည်သို့ဆင်းသက်သွားတော်မူခဲ့ခြင်းအမှုတွင် တကယ့်အရေးပါသည့်အချက်တစ်ချက်ကို တွေ့ရှိရသည်။ အကြောင်းမှာ "ငါ့သားကို အဲဂုတ္တုပြည်မှငါခေါ်ခဲ့ပြီ" ဟု ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံမည်အကြောင်းတည်း။ ခရစ်တော်သည် အဲဂုတ္တုပြည်မှခေါ်ထုတ်ခြင်းကို ခံရသည်ဖြစ်သည့်အတွက်ကြောင့်၊ အာဗြဟံ၏အမျိုးအနွယ်တည်းဟူသော ခရစ်တော်နှင့်စပ်ဆိုင်သောသူအားလုံးတို့သည်လည်း ထို့နည်းတူ ခေါ်ထုတ်ခြင်းခံရကြမည်ဖြစ်သည်။ ဤအရာသည်ကား ဧဝံဂေလိသတင်းစကား၏ လုပ်ငန်းစဉ်ပေတည်း။

## ၁၅။ ကွဲသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ကတိတော်နှင့်စပ်ဆိုင်သောအချိန်ကာလ
## ယနေ့အတွက်သမ္မာတရား၊ ဩဂုတ် ၁၃၊ ၁၈၉၆

အဲဂုတ္တုပြည်တွင် ဣသရေလလူများရှိနေပြီး၊ ထိုရှိနေခြင်းအရာက မည်သည့်အဓိပ္ပါယ်ကိုဖေါ်ဆောင်ကြောင်းကိုလည်း ကျွန်ုပ်တို့သိရှိနားလည်ထားကြပြီးဖြစ်ပါသည်။ ကျွန်ခံကြရမည့်အကြောင်းနှင့် လွတ်မြောက်လာရမည့်အကြောင်းအရာတို့ကို အာဗြဟံနှင့် ပဋိညာဉ်ဖွဲ့တော်မူခဲ့စဉ်အချိန်က အာဗြဟံအား ကြိုတင်ဟောပြထားပေးခဲ့ပါသည်။ ထိုပဋိညာဉ်ကိုလည်း ဘုရားသခင်၏အကျိန်တော်အားဖြင့် တည်စေတော်မူခဲ့ပါသည်။ ဂျူးကောင်စီရှေ့တွင်ရပ်ပြီး စကားမိန့်မြွက်သွားခဲ့သည့် ဝိညာဉ်နှင့်ပြည့်ဝသူသတေဖန် တင်ပြပြောဆိုခဲ့သည့်စကားတချို့ကို ပြန်ပြီးလေ့လာကြည့်ကြပါစို့။ အာဗြဟံ၌ထားတော်မူခဲ့သောကတိတော် ပြည့်စုံလာဖို့ရန်အတွက်ဆိုလျှင် ရှင်ပြန်ထမြောက်ခြင်းအမှုသည် မရှိမဖြစ်လိုအပ်နေပါသည်။ သတေဖန်သည် ခိုင်လုံသည့် အထောက်အထားလေးတစ်ခုအားဖြင့် မိမိ၏စကားကို အစချီလိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ အာဗြဟံ နှင့်သူ၏အမျိုးအနွယ် သူတို့နှစ်ဦးစလုံးက အမွေမြေကိုပိုင်ဆိုင်ရမည်ဟု ဘုရားသခင်ကမိန့်ကြားတော်မူခဲ့သော်လည်း၊ အာဗြဟံသည် မိမိအား ကတိထားတော်မူခဲ့သည့်မြေကို ခြေဘဝါးတစ်ကွက်စာလောက်ကိုပင် မပိုင်ဆိုင်ခဲ့ရသေးသည့်အတွက်ကြောင့်ဖြစ်သည်။

အာဗြဟံသည် ထိုအမွေတော်မခံရပဲနှင့် သေဆုံးသွားခဲ့ရပြီး၊ သူကဲ့သို့ ယုံကြည်ခြင်းရှိကြသည့် မြောက်များစွာသောသူတို့သည်လည်း သူ့နည်းတူ အမွေတော်ကို မခံခဲ့ရပဲနှင့်သေဆုံးသွားခဲ့ကြပါသည်။ ထို့ကြောင့် ထိုကတိတော်သည် ရှင်ပြန်ထမြောက်ခြင်းအမှုတစ်ခုတည်းအားဖြင့်သာလျှင် ပြည့်စုံခြင်းသို့ရောက်ရှိလာနိုင်ပါသည် ဆိုသည့်သုံးသပ်ချက်သည် လုံးဝမှန်ကန်ပါပေသည်။ ဂျူးလူမျိုးအမြောက်အများ ဇေဝေလီသတင်းစကားတော်ကို ငြင်းပယ်ထားခဲ့ကြသည့်အကြောင်းအရင်းကား၊ အာဗြဟံ၌ ထားတော်မူခဲ့သောကတိတော်သည် ယာယီကတိတော်မဟုတ်၊ ထာဝရကတိတော်သာဖြစ်ပါသည်ဆိုသည့် သမ္မာကျမ်းစာ၏ရိုးရှင်းလှသောသက်သေအထောက်အထားကို သူတို့သည် ခေါင်းမာစွာဖြင့် လျစ်လျူရှုထားခဲ့ကြသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ဣသရေလလူတို့၌ကတိထားတော်မူခဲ့သည့်အမွေသည် လောကနှင့်သာဆိုင်သောယာယီအမွေသာဖြစ်သည် ဆိုသည့်ယုံကြည်ချက်နှင့် ခရစ်တော်ကိုရာနှုန်းပြည့်ယုံကြည်ဖို့လိုသည် ဆိုသည့်ယုံကြည်ချက် စသည့်ယုံကြည်ချက်နှစ်ခုတို့ကို ယနေ့ခေတ်အချိန်အခါတွင် အတူတကွနှိုင်းယှဉ်တွဲထားလို့မရပါချေ။

အာဗြဟံ၏အမျိုးအနွယ်သည် တပါးအမျိုးသားတို့၏ပြည်၌ ဧည့်သည်ဖြစ်လျက်၊ ညှင်းပန်းနှိပ်စက်မှုကို ခံရကြမည်ဖြစ်ပြီး ထိုနောက်ပိုင်းတွင်မှသာ တဖန်လွတ်မြောက်လာရကြလိမ့်မည်ဟု အာဗြဟံအား ဘုရားသခင်ပြောခဲ့သည့်စကားကို သတေဖန်ပြန်လည်သတိရလာခဲ့ပါသည်။ ထို့နောက်တွင် "အာဗြဟံအား ဘုရားသခင် ဓိဋ္ဌာန်တော်မူသော ကတိတော်၏ အချိန်ရောက်လုသောအခါ၊ ထိုလူမျိုးသည် အဲဂုတ္တုပြည်၌ တိုးပွါး၍ များပြားကြလေ၏။" တမန်တော် ၇း၁၇။ ထို့နောက်တွင် ဖိနှိပ်ညှင်းပန်းခြင်းအဖြစ်အပျက်နှင့် မောရှေ၏ဖွားမြင်လာခဲ့ခြင်းအဖြစ်အပျက်တို့ လိုက်လာခဲ့ပါသည်။ အာဗြဟံအား ဘုရားသခင် ဓိဋ္ဌာန်တော်မူသော ကတိတော်၏ အချိန်ရောက်လုသောအခါဟု ဆိုရာတွင် မည်သည့်အဓိပ္ပါယ်ကို ဆိုလိုချင်ပါသနည်း။ ဤမေးခွန်းအတွက် ရှင်းလင်းသောအဖြေကို လေ့လာထားခဲ့ပြီးသား ကျမ်းပိုဒ်အချို့တို့၌ ပြန်လည်တွေ့ရှိရပါသည်။

ပဋိညာဉ်ပြုတော်မူခဲ့ရာတွင်၊ အာဗြဟံအား ဘုရားသခင်မိန့်ကြားတော်မူခဲ့သည့်စကားကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ "ငါသည် ဤပြည်ကို သင်အမွေခံစရာဘို့၊ သင်အားပေးလိုသောငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ သင့်ကို ထုတ်ဆောင်သော ထာဝရဘုရားဖြစ်သည်။" ထို့နောက်တွင် ပဋိညာဉ်ပြုတော်မူခဲ့ခြင်းအကြောင်းအရာအသေးစိတ်ကိုတွေ့ရသည်။ ထို့နောက်တွင် အောက်ပါမိန့်ဆိုချက်ကို တွေ့ရ

သည်။ "ထာဝရဘုရားကလည်း၊ သင်၏ အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊ သူတပါးတို့၌ကျွန်ခံခြင်း၊ နှိပ်စက်ညှဥ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ သူတို့ကိုစေခိုင်းသော လူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှ၊ သူတို့သည် များစွာသောဥစ္စာနှင့် ထွက်ကြလိမ့်မည်။ သင်သည်ဘိုးဘေးတို့ထံသို့ ငြိမ်ဝပ်စွာသွားရလိမ့်မည်။ အသက်ကြီးရင့်လျက် သင်္ဂြိုဟ်ခြင်းကို ခံရလိမ့်မည်။ လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့ပြန်လာကြလိမ့်မည်။ အာမောရိအမျိုးသားတို့၏ ဒုစရိုက်အပြစ်သည် မစုံလင်သေးဟု အာဗြံအား မိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၁၅း၁၃-၁၆။

နောက်ပိုင်းတွင် ထိုပဋိညာဉ်ကို အရေဖျားလှီးခြင်းမင်္ဂလာအားဖြင့် တံဆိပ်ခတ်လိုက်တော်မူပြီး၊ ဣဇာက်အားပူဇော်မှုပြုလိုက်ခြင်းအားဖြင့် အာဗြဟံသည် မိမိ၏ယုံကြည်ခြင်းကိုပြသလိုက်သည့်အခါတွင် ဘုရားသခင်သည် မိမိပြုတော်မူခဲ့သကတိတော်၌ မိမိ၏ကျိန်ဆိုမှုကို ထပ်မံပေါင်းထည့်လိုက်ပြီး ဤသို့မိန့်မြွက်တော်မူခဲ့လေတော့သည်။ "သင်သည် ဤအမှုကိုပြု၍၊ သင်၏သားသင်၌ တယောက်တည်းသောသားကို၊ ငါ့အား မငြင်းသောကြောင့်၊ ငါသည် သင့်အား အစဉ်အမြဲကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲပွားများစေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။" ကမ္ဘာဦးကျမ်း ၂၂း၁၆၊ ၁၇။ ဤကတိတော်သည် အာဗြဟံ၌ ဘုရားသခင်ကျိန်ဆိုတော်မူခဲ့သည့် တစ်ခုတည်းသော ကတိတော်ပင်ဖြစ်သည်။ ထိုကျိန်ဆိုမှုသည် မူလရှိထားနှင့်ပြီးသားကတိတော်၏ သက်သေအထောက်အထားတစ်ခုသာဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့လေ့လာတွေ့ရှိထားရသည့်အတိုင်းပင်၊ အမျိုးအနွယ်တည်းဟူသောခရစ်တော်အားဖြင့် သေခြင်းမှရှင်ပြန်ထမြောက်ရကြမည်ဆိုသည့်အချက်သည် ထိုကတိတော်၏အဓိကအကျဆုံးနေရာတွင်တည်ရှိနေပါသည်။ ပရောဖက်အားဖြင့် မိန့်တော်မူခဲ့သည့် ဘုရားသခင်၏နှုတ်ထွက်စကားတော် ပြည့်စုံခြင်းရှိနိုင်ရန်အတွက်ဆိုလျှင်၊ "နောက်ဆုံးသော ရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရ" လိမ့်မည်ဖြစ်သည်။ ပရောဖက်အားဖြင့် မိန့်တော်မူခဲ့သည့် စကားမှာ၊ "သူတို့ကို မရဏာနိုင်ငံတန်ခိုးမှ ငါကယ်လွှတ်မည်။ သေမင်းလက်မှလည်း ရွေးမည်။ အိုသေမင်း၊ သင့်ကို ကာလနာစွဲစေမည်။ အိုမရဏာနိုင်ငံ၊ သင်၌ ဖျက်ဆီးသောဘေးကို ရောက်စေမည်။ နောင်တရမည်အကြောင်းကို ပမာဏမပြု။" ဟောရှေ ၁၃း၁၄။ အာဗြဟံ၌ ကျိန်ဆိုတော်မူခဲ့သည့် ဘုရားသခင်၏ကတိတော်သည် ထိုအခါ၌သာ ပြည့်စုံခြင်းရှိရလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံ၏ အမျိုးအနွယ်များသည် ထိုအချိန်သို့ရောက်ရှိလာသည့်အခါမှသာ ရန်သူ၏မြို့တံခါးကို သိမ်းယူရကြလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။

ဟေရုဒ်မင်း၏အမိန့်ပေးသတ်ဖြတ်ခြင်းကိုခံခဲ့ကြရသည့် မိမိတို့၏သားသမီးများအတွက် ငိုကြွေးနေကြသည့်မိခင်တို့အား ဘုရားသခင်မိန့်တော်မူလေသည်မှာ၊ "သင်သည် ငိုကြွေးသံကိုချုပ်လော့၊ မျက်ရည်မကျစေနှင့်။ သင်သည် ကိုယ်ကျင့်သောအကျင့်၏အကျိုးကိုခံရလိမ့်မည်။ သင်၏သားတို့သည် ရန်သူပြည်မှ ပြန်လာကြလိမ့်မည်။ သင်၏အဆုံး၌ မြော်လင့်စရာအကြောင်းရှိ၏။ သင်၏သားတို့သည် နေရင်းပြည်သို့ ပြန်လာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ယေရမိ ၃၁း ၁၆၊ ၁၇။ အာဗြဟံ၏အမျိုးအနွယ်၊ ဣဇာက်နှင့်ယာကုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် မိမိတို့၏နယ်စပ်သို့ တဖန်ပြန်ပြီး ရောက်ရှိလာနိုင်ကြပေလိမ့်မည်ဖြစ်သည်။ မိမိအမျိုးအနွယ်တို့သည် ထိုပြည်သို့မဝင်စားမီတွင် သူတို့သည် တပါးအမျိုးသားတို့၏ပြည်တွင် နှိပ်စက်ညှင်းပန်းခြင်းကိုခံရကြမည်ဖြစ်ပြီး အာဗြဟံအနေဖြင့်လည်း အရင်သေဆုံးသွားရမည်ဖြစ်ကာ "လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်။" ဆိုသည့် တင်ပြချက်ကို ဘုရားသခင်က အာဗြဟံအား ပြညွှန်ပေးထားခဲ့ပါသည်။ ဣသရေလလူမျိုးတို့အား အဲဂုတ္တုပြည်၏အချုပ်အနှောင်ထဲမှ လွတ်မြောက်စေတော်မူမည့်လုပ်ငန်းကို ရှင်ပြန်ထမြောက်လာခြင်းအချိန်နှင့် ခပ်သိမ်းသောအရာတို့ကို နဂိုမူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိလာစေမည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်သွားရန် ဘုရားသခင်ကြံစည်ထားတော်မူပါသည်။ ဤအချက်အပေါ် သံသယဖြစ်စရာမရှိပါ

ချေ။ ကတိတော်နှင့်စပ်ဆိုင်သော ထိုအချိန်ကာလသည် နီးကပ်လာခဲ့ပါသည်။ အဲဂုတ္တုပြည်မှထွက်ခွါလာခဲ့ကြသည့်အချိန်မှစ၍ ခပ်သိမ်းအရာတို့သည် နဂိုမူလအခြေအနေသို့ပြန်လည်ရောက်လာသည့်အချိန်အထိဆိုလျှင် အချိန်မည်မျှ ကြာညောင်းနေခဲ့လိမ့်မည်ကို ကျွန်ုပ်တို့အနေဖြင့် မည်သည့်နည်းနှင့်မျှ မသိရှိနိုင်ကြပါချေ။ လောကလူသားများအား သတိပေးဟောကြားပေးခြင်းလုပ်ငန်းကို ပြီးမြောက်အောင်လုပ်ဆောင်သွားရမည့်အပိုင်းသည်လည်း များစွာရှိနေခဲ့မည်မှာ သေချာပါသည်။ အချိန်ကာလ၏ကြန့်ကြာမှုအတိုင်းအတာသည် ဣသရေလသားသမီးများတို့၏ သစ္စာရှိခြင်း၊ မရှိခြင်းအပေါ်တွင်သာမူတည်နေခဲ့ပါသည်။ ဣသရေလလူမျိုးတို့၏ သစ္စာမဲ့မှုကြောင့်၊ ခပ်သိမ်းသောအရာတို့သည် မည်သို့သောအားဖြင့် ပြည့်စုံလာနိုင်လိမ့်မည်ဆိုသည့်အချက်အပေါ် ကျွန်ုပ်တို့အနေဖြင့် လိုက်ပြီး မှန်းဆနေစရာမလိုအပ်ပါချေ။ ကျွန်ုပ်တို့၏ခေါင်းထဲတွင် ထည့်ထားရမည့်တစ်ခုတည်းသောအရာမှာ၊ အဲဂုတ္တုပြည်မှကယ်နှုတ်တော်မူခြင်းဆိုသည်မှာ ဘုရားသခင်၏သားသမီးများအားလုံးတို့ကို အပြစ်နှင့် သေခြင်းတရား၏အချုပ်အနှောင်ထဲမှ အပြီးသတ်ကယ်နှုတ်တော်မူခြင်းနှင့် ခပ်သိမ်းသောအရာတို့ကို နဂိုမူလအခြေအနေအတိုင်းပြန်လည်ရောက်ရှိစေခြင်းပင်ဖြစ်ပေသည်။

## ၁၆။ ဣသရေလလူမျိုးတို့၌ ထားတော်မူသောကတိတော်များ – ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခ ယနေ့အတွက်သမ္မာတရား၊ အောဂုတ် ၂၀၊ ၁၈၇၆

"မောရှေသည် အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်းထက်၊ ဘုရားသခင်၏လူတို့နှင့် အတူညှဉ်းဆဲခံရခြင်းကိုသာ၍ အလိုရှိသဖြင့်၎င်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့်၎င်း၊ ယုံကြည်ခြင်းစိတ်ရှိ၍ ဖါရောဘုရင်သမီး၏သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကိုပယ်၏။ အကြောင်းမူကား၊ နောက်ရလတ္တံ့သောအကျိုးကိုထောက်စာမြော်လင့်လျက်နေ၏။" ဟေဗြဲ ၁၁း၂၄၊ ၂၅။

အဲဂုတ္တုပြည်၏စည်းစိမ်တို့သည် အပြစ်ရှိသောကာမဂုဏ်များသာဖြစ်ကြောင်း၊ အဲဂုတ္တုပြည်၏စည်းစိမ်များကို ငြင်းပယ်ခြင်းသည် အပြစ်ထဲ၌အသက်ရှင်နေထိုင်ဖို့ရန် ငြင်းပယ်ခြင်းပင်ဖြစ်ကြောင်းနှင့်၊ ဣသရေလလူများနှင့်အတူတကွ လက်တွဲပူးပေါင်းခြင်းသည် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခကို ခံစားရန်သာဖြစ်ကြောင်းကို ဤကျမ်းပိုဒ်က အတိအကျပြောပြထားပါသည်။ ခရစ်တော်သည်သာ သူတို့၏ခေါင်းဆောင်အစစ်အမှန်ဖြစ်ပြီး၊ ထိုသို့ဖြစ်တော်မူမည်အကြောင်းကိုလည်း သူတို့အား ကတိပြုထားတော်မူခဲ့ကာ၊ အဲဂုတ္တုပြည်မှ လွတ်မြောက်ရသောအခွင့်ကိုလည်း ထိုခရစ်တော်တစ်ပါးတည်းနှင့် ထိုခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခတစ်မျိုးတည်းအားဖြင့်သာ ရရှိလိမ့်မည်ဖြစ်ကြောင်းကို ဤအချက်က ပြည့္ဆန်ထားပေးပါသည်။ ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခဆိုသည်မှာ လက်ဝါးကပ်တိုင်တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အာဗြဟံ၏အမျိုးအနွယ်တည်းဟူသော စစ်မှန်သောဣသရေလလူမျိုးများဆိုသည်မှာ၊ ထိုခရစ်တော်၏အသွေးတော်ကို ယုံကြည်ပြီးမှ ခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်လာကြသည့်သူများသာဖြစ်ပါသည်။

ခရစ်တော်ကြောင့် မောရှေ စွန့်လွှတ်ထားခဲ့သည့်အရာများအကြောင်းကို လူအနည်းငယ်ကသာ ပြန်လည်ဆင်ခြင်သုံးသပ်မိကြပါသည်။ မောရှေသည် ဖါရောဘုရင့်သမီးတော်၏ မွေးစားသားဖြစ်ပြီး၊ အဲဂုတ္တုပြည်၏ရာဇပလ္လင်ကို အမွေဆက်ခံရမည့်သူတစ်ဦးဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ အဲဂုတ္တုပြည်၏စည်းစိမ်ရှိရှိသမျှတို့သည် သူ၏လက်ထဲတွင်သာရှိနေခဲ့ပါသည်။ သူသည် "အဲဂုတ္တုအတတ်၊ ပညာအလုံးစုံတို့ကိုသင်၍၊ နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။" တမန်တော် ၇း၂၂။ သရဖူဆောင်းအိမ်ရှေ့မင်းသား၊ ပညာရှင်၊ စစ်ဗိုလ်ချုပ်၊ ဟောပြောသူ စသည့်ရာထူးအဆင့်များနှင့်တကွ၊ ချီးမြင့်မြှောက်စားခြင်းကိုခံရသည့် လောကီအခွင့်အလမ်းများတို့သည် သူ၏ရှေ့၌ ချထားလျက်ရှိနေစဉ်တွင်ပင်၊ ခရစ်တော်အတွက်ကြောင့်နှင့် သူသည် အထင်အမြင်သေးခြင်းခံရသောလူတစ်စုနှင့် လက်တွဲဖို့ရန်အတွက် ထိုအရာများအားလုံးတို့ကို သူစွန့်ပစ်ထားခဲ့လိုက်ပါသည်။

သူသည် "ဖါရောဘုရင်သမီး၏သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကိုပယ်" ပစ်ခဲ့လိုက်သည်။ မိမိ၏ အဆင့်အတန်းရာထူးကို ဆက်လက်ထိန်းသိမ်းထားဖို့ရန်အတွက် သူသည် တိုက်တွန်းခြင်းခံခဲ့ရကြောင်းကို ထိုအခြေအနေက ညွှန်ပြပေးထားပါသည်။ မိမိခံစားရရှိမည့် လောကီဆိုင်ရာ မျှော်လင့်စရာများတို့ကို စွန့်လွှတ်ပြီး ဘုရားသခင်၏လူတို့နှင့်အတူတကွ ညှဉ်းဆဲခြင်းကိုခံဖို့ရန် ရွေးချယ်လိုက်ခြင်းအရာသည် ဆန့်ကျင်ဘက်သဘောတရားတစ်ခုလိုဖြစ်နေခဲ့ပါသည်။ မောရှေ၏ဆုံးဖြတ်ချက်အပေါ် မည်သို့သောပုံစံမျိုးတို့ဖြင့်ရှုမြင်သုံးသပ်ခဲ့ကြမည်၊ (သို့) သူ့အပေါ်အပြစ်ပုံပြီးပြောနေခဲ့ကြမည့် လှောင်ပြောင်ကဲ့ရဲ့သံများတို့သည် မည်သို့ရှိခဲ့မည်ကို ကျွန်ုပ်တို့အနေဖြင့် ပုံဖေါ်ကြည့်ဖို့ပင် ခက်ခဲနေလိမ့်မည်ဖြစ်ပါသည်။ သူ့အားပြောဆိုခဲ့ကြမည့်စကားများထဲတွင် "အရူး" ဆိုသည့်စကားလုံးသည်ပင် အနူးညံ့သိမ်မွေ့ဆုံး ဖြစ်နေမည်ဖြစ်သည်။ ယနေ့ခေတ်တွင်အသက်ရှင်ကြသောလူသားများအနေဖြင့်လည်း မိမိတို့၏ရာထူးကိုစွန့်ပြီး ခေတ်မစားရေပန်းမစားသည့်အမှန်တရားတစ်ခုကိုလက်ခံဖို့ရန် ခေါ်တော်မူခြင်းခံကြရသည့်အခါမျိုးတွင်၊ သူတို့အနေဖြင့် မောရှေ၏အဖြစ်အပျက်ကို ပြန်လည်အောက်မေ့သတိရဖို့ကောင်းပါပေသည်။

“စွန့်လွှတ်ဆက်ကပ်ခြင်းအမှု” ကိုပြုရန် မောရှေအား တွန်းအားပေးခဲ့သည့်အရာကားအဘယ်နည်း။ “ဆုလဒ်မင်္ဂလာပေးအပ်ခြင်းခံရမည့်အခြေအနေအထိတိုင် သူသည်လေးစားခြင်းခံခဲ့ရသည်။” မောရှေ၏အခြေအနေမှာ၊ အနာဂတ်တွင် သာ၍ကောင်းမွန်သောအရာတစ်စုံတစ်ခုကို မျှော်လင့်ခွင့်ပေးနိုင်မည့် လတ်တလော ရာထူးဂုဏ်ဒြပ်တို့ကို စွန့်လွှတ်ထားလိုက်ခြင်းထက်ပိုပါသည်။ ရှေ့ဆက်လျှောက်လှမ်းလာခဲ့သည်နှင့်အမျှ မောရှေသည် မိမိစွန့်လွှတ်ခဲ့သည့်အရာများတို့၏တန်ဖိုးထက် ပိုမိုတန်ဖိုးမြင့်မားသောအရာများတို့ကို ပိုင်ဆိုင်ခွင့်ရလာခဲ့ပါသည်။ မောရှေသည် မိမိအပြည့်အဝရရှိခဲ့သည့် ခရစ်တော်ကြောင့်ခံရသည့်ကဲ့ရဲ့ခြင်းဒုက္ခကို အဲဂုတ္တုပြည်၏စည်းစိမ်ထက် တန်ဖိုးထားမြတ်နိုးခဲ့ပါသည်။ သူသည် ဘုရားသခင်ကိုသိရှိသောသူတစ်ဦးဖြစ်ကြောင်းကို ဤအခြင်းအရာကပြသပေးပါသည်။ လူသားများအတွက် ခရစ်တော်ပြုတော်မူသည့် စွန့်လွှတ်ဆက်ကပ်မှုကို သူနားလည်သဘောပေါက်ထားခဲ့ပြီး၊ ထိုစွန့်လွှတ်ဆက်ကပ်မှုကို မျှဝေခံစားသွားရန် သူရွေးချယ်ခဲ့လိုက်ပါသည်။ ဘုရားသခင်၏ဝမ်းမြောက်ခြင်းအကြောင်းကိုသာ သူ မသိထားခဲ့ဘူးဆိုလျှင်၊ မောရှေအနေဖြင့် ထိုကဲ့သို့ အဆုံးတိုင်အောင် စွန့်လွှတ်ဆက်ကပ်သွားနိုင်မည်မဟုတ်ပါချေ။ ဤသို့သော အခြေအနေတွင် သူ့အား နှစ်သိမ့်မှုပေးခဲ့သည့်တစ်ခုတည်းသောအရာမှာ ထိုဝမ်းမြောက်ခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်အတွက်ကြောင့်နှင့် မောရှေစွန့်လွှတ်ခဲ့သည့် လောကီမျှော်မှန်းချက်များတမျှ ကြီးမားသည့်မျှော်မှန်းချက်တို့ကို မည်သည့်လူသားကမျှ မစွန့်လွှတ်ရဘူးပါချေ။ ထို့ကြောင့် ထိုမျှလောက်ကြီးမားသည့် ဘုရားသခင်ကိုသိကျွမ်းခြင်းအသိတစ်ခုသည် မောရှေ၌ရှိနေခဲ့ကြောင်းနှင့်၊ အချို့သောပုဂ္ဂိုလ်များနည်းတူပင် သူသည် မိမိလုပ်ဆောင်သည့်လုပ်ငန်းအကြောင်းကို ကောင်းစွာနားလည်သိကျွမ်းထားခဲ့ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သေချာတတ်အပ်သိရှိနိုင်ကြပါသည်။ သူသည် ဘုရားသခင်ကိုသိကျွမ်းထားနှင့်ပြီးသားပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကို သူရွေးလျှောက်လှမ်းခဲ့သည့် သူ၏ခြေလှမ်းများက သက်သေပြနေပါသည်။ ယေရှုခရစ်တော် ၏ နာကျင်ခြင်းဒုက္ခဝေဒနာကို မျှဝေခံစားခဲ့ခြင်းအရာသည် သူတို့နှစ်ဦး (ခရစ်တော်နှင့် မောရှေ) ကြားတွင် အလွန်ကြီးမားသောသံယောဇဉ်အထုံးအဖွဲ့တစ်ခုကို ဖြစ်ပေါ်လာစေခဲ့လိမ့်မည်ဖြစ်သည်။

ခရစ်တော်နှင့် ဧဝံဂေလိတရားတော်ကြောင့် ဖါရောဘုရင်သမီးတော်၏သားဟူ၍ ခေါ်ဝေါ်သောအခွင့်ကို မောရှေ စွန့်ပါယ်သွားခဲ့ပါသည်။ သို့ရာတွင် အစစ်အမှန်ဆုံးအဖြူစင်ဆုံးသောယုံကြည်သူများတို့၌ သင်ယူလေ့လာစရာအကြောင်းအရာ များစွာရှိသည် ဆိုသည့်အချက်ကို ယာကုပ်၏အဖြစ်အပျက်နှင့် အခြားသောမြောက်များစွာသောသူများတို့၏အဖြစ်အပျက်များတို့က ပြသပေးနေသည်နည်းတူပင် မောရှေ၏ အဖြစ်အပျက်ကလည်းပြသပေးနေပါသည်။ ဘုရားသခင်သည်လူသားတို့အား မိမိ၏အမှုတော်အတွက်ခေါ်တော်မူရာတွင် သူတို့၌ စုံလင်ခြင်းရှိနေခြင်းကြောင့်မဟုတ်ပဲ၊ အမှုတော်အတွက်လိုအပ်သည့်သင်တန်းကို သူတို့၌ ပို့ချပေးနိုင်ရန်အတွက်သာ ခေါ်တော်မူခြင်းဖြစ်သည်။ ရှေးဦးပထမအနေဖြင့်၊ ယကနေ့ခေတ်ကာလတွင် ထောင်ပေါင်းများစွာသောခရစ်ယာန်များ မသင်ယူမိကြသေးသည့် သင်ခန်းစာတစ်ခုကို မောရှေ သင်ယူခဲ့ရပါသည်။ “လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်” ပါ ဆိုသည့်သင်ခန်းစာကို သူသင်ယူခဲ့ရပါသည်။ ယာကုပ် ၁း၂၀။

ဘုရားသခင်၏အမှုအရာတို့သည် လူတို့၏ထောက်ပံ့ဖေးမမှုအားဖြင့် မည်သည့်အခါမျှ ရပ်တည်လေ့မရှိကြောင်းကို မောရှေသင်ယူခဲ့ရသည်။ “ငါတို့စစ်တိုက်၍သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကိုင်၊ ဘုရားသခင်ကိုသိသောပညာကို တားဆီးသောမာန်မာနရှိသမျှတို့ကိုင်၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏။” ၂ကော ၁၀း၄၊၅။

"အသက်လေးဆယ်စေ့သောအခါ ဣသရေလ အမျိုးသားဖြစ်သော မိမိညီအစ်ကိုတို့ကို အကြည့်အရှုသွားမည်ဟု အကြံရှိ၏။ အမျိုးသားချင်းတယောက်သည် ညှဉ်းဆဲခံရသည်ကိုမြင်လျှင် သူ့ဘက်ကနေ၍ အဲဂုတ္တုလူကိုကွပ်မျက်သဖြင့်၊ ထိုညှဉ်းဆဲခံရသောသူအား အနိုင်ပေးလေ၏။ ဘုရားသခင်သည် ဤသူလက်ဖြင့် ငါတို့ကိုကယ်နှုတ်တော်မူမည်အရာကို ညီအစ်ကိုတို့သည်နားလည်လိမ့်မည်ဟု ထင်မှတ်သော်လည်း၊ ထိုသူတို့သည် နားမလည်ဘဲနေကြ၏။ နက်ဖြန်နေ့၌ အချင်းချင်း ခိုက်ရန်ပြုကြသော သူတို့ရှိရာသို့သွား၍၊ အချင်းလူတို့၊ ညီအစ်ကိုချင်းဖြစ်လျက်နှင့် အဘယ်ကြောင့် တယောက်ကိုတယောက် ညှဉ်းဆဲကြသနည်းဟုဆို၍ ရန်ငြိမ်းရာသို့ သွေးဆောင်သည်ရှိသော်၊ အိမ်နီးချင်းကိုညှဉ်းဆဲသောသူက၊ အဘယ်သူသည် သင့်ကိုငါတို့အပေါ်မှာအကဲအမှူး တရားသူကြီးအရာ၌ ခန့်ထားသနည်း။ မနေ့ကအဲဂုတ္တုလူကိုသတ်သကဲ့သို့ ငါ့ကိုသတ်လိုသလောဟုဆိုလျက် မောရှေကိုပယ်၏။ ထိုစကားကိုကြားလျှင်၊ မောရှေသည် ပြေး၍ မိဒျန်ပြည်၌ ဧည့်သည်ဖြစ်လျက်နေသည်တွင် သားနှစ်ယောက်ကိုမြင်လေ၏။" တမန်တော် ၇း၂၃-၂၉။

ဣသရေလလူမျိုးများတို့ကို မောရှေ၏လက်ဖြင့် ကယ်နှုတ်ရန်မှာ ဘုရားသခင်၏အကြံအစည်ပင်ဖြစ်ပါသည်။ ဤအရာကို မောရှေကိုယ်တိုင်ကလည်း သိရှိထားခဲ့ပြီး၊ သူ၏ညီအစ်ကိုများအနေဖြင့်လည်း ထိုအကြောင်းအရာကို နားလည်သဘောပေါက်ကြလိမ့်မည်ဟု မောရှေ ထင်မှတ်ခဲ့ပါသည်။ သို့ရာတွင် ထိုသူတို့နားမလည်ခဲ့ကြပါချေ။ သူတို့ကို ကယ်နှုတ်ဖို့ရန်လုပ်ဆောင်ခဲ့သည့် သူ၏ကြိုးပမ်းလုပ်ဆောင်မှုသည် ဝမ်းနည်းဖွယ်ရာရှုံးနိမ့်မှုတစ်ခုဖြစ်သွားခဲ့ရပါသည်။ ရှုံးနိမ့်မှုဖြစ်ပေါ်သွားရသည့်အကြောင်းအရင်းသည် မောရှေကြောင့်ဖြစ်သကဲ့သို့ပင်၊ ထိုသူတို့ကြောင့်လည်းပါပါသည်။ ဘုရားသခင်သည် မောရှေ၏လက်ဖြင့် သူတို့ကို ကယ်နှုတ်တော်မူမည်အကြောင်းကို သူတို့နားမလည်ခဲ့ကြပါချေ။ မောရှေမှာမူ ထိုအရာကိုနားလည်ထားခဲ့သည်။ သို့သော် လုပ်ဆောင်ရမည့်နည်းလမ်းကို သူ့အနေဖြင့် မသင်ယူမိခဲ့သေးပါချေ။ ယင်းကယ်နှုတ်ခြင်းအမှုသည် ဗိုလ်ခြေအားဖြင့် ထိရောက်မှုရှိရမည်ဖြစ်ပြီး၊ သူ၏ဦးဆောင်မှုအောက်တွင် ဣသရေလသားသမီးများတို့သည် ထ၍ မိမိတို့အား အနိုင်ကျင့်ဖိနှိပ်ခဲ့သူများတို့ကို ပြန်လည်အောင်နိုင်ကြရမည်ဟု မောရှေတွေးထင်ထားခဲ့သည်။ သို့ရာတွင် ထိုအရာသည် ဘုရားသခင်၏ အစီအစဉ်မဟုတ်ပါချေ။ မိမိလူများအတွက် ဘုရားသခင်ပြင်ဆင်ထားတော်မူသော ကယ်နှုတ်ခြင်းမျိုးမှာ၊ လူသားတို့၏ကြိုးစားအားထုတ်မှုအားဖြင့် မရယူနိုင်သည့် ကယ်နှုတ်ခြင်းမျိုးဖြစ်သည်။

ဣသရေလလူမျိုးများအတွက် ဘုရားသခင်ကြံရွယ်ထားတော်မူခဲ့သည့်လုပ်ငန်း၏သဘောသဘာဝနှင့် များမကြာမီလေးတွင် သူတို့အား လမ်းပြပို့ဆောင်ပေးသွားမည့်နေရာဖြစ်သည့် အမွေတော်အရပ်၏သဘောသဘာဝကို မောရှေ၏ဤကျရှုံးခြင်းအဖြစ်အပျက်မှတဆင့် ကျွန်ုပ်တို့အနေဖြင့် များစွာ လေ့လာရကြပါသည်။ ဣသရေလလူတို့ကို ဇာတိ၏ကျေးကျွန်ဘဝတစ်ခုတည်းမှ ရွေးနှုတ်ပေးရန်နှင့်၊ ယာယီခေတ္တလောကအမွေတော်အရပ်သို့ ပို့ဆောင်ပေးရန်အတွက် ဘုရားသခင်အလိုရှိခဲ့မည်ဆိုလျှင် ထိုရွေးနှုတ်ခြင်းအမှုသည် မောရှေအစပြုခဲ့သည့် နည်းလမ်းအားဖြင့် ပြီးမြောက်အောင်မြင်ဖို့ အလားအလာရှိနိုင်ပေလိမ့်မည်ဖြစ်သည်။ အရေအတွက်အားဖြင့် ဣသရေလလူမျိုးတို့သည် များပြားကြပြီး၊ မောရှေ၏ဦးဆောင်မှုအောက်တွင် သူတို့သည် အောင်နိုင်မှုရနိုင်ပါသည်။ ထိုနည်းလမ်းသည် လောကီပိုင်ဆိုင်မှုများတို့ကို ရယူရာတွင်အသုံးပြုသည့်နည်းလမ်းမျိုးဖြစ်သည်။ သမိုင်းကြောင်းတွင် လူနည်းစုအဖွဲ့က လူအများစုပါဝင်သောအဖွဲ့၏ လက်အောက်မှ ကိုယ်လွတ်ရုန်းလွတ်မြောက်နိုင်ခဲ့ကြသည့် အဖြစ်အပျက်များကို တွေ့ရပါသည်။ သို့ရာတွင် ဘုရားသခင်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အား လောကီအမွေမဟုတ်သည့် ကောင်းကင်အမွေကိုသာ ကတိထားတော်မူခဲ့ပါသည်။ ထို့ကြောင့် ထိုကောင်းကင်အမွေတော်ကို ကောင်းကင်မှလာသော အထောက်အမများအားဖြင့်သာ ရယူနိုင်ပေလိမ့်မည်ဖြစ်သည်။

## အလုပ်ပြဿနာများနှင့် ယင်းပြဿနာများတို့အတွက်ကုထုံး

ကျွန်ုပ်တို့၏အပြန်အလှန်ဆက်ဆံကြသည့်အခြေအနေများနှင့် များစွာတူညီသည့်အခြေအနေများတို့ကို ယကနေ့လက်ရှိအချိန်ကာလတွင် တွေ့ရှိနေရပါသည်။ "ချွေးပြန်အောင်အလုပ်လုပ်ရသည့်စနစ်" အစပြုတည်ရှိလာခဲ့သည့်အချိန်မှစတင်၍ ယခုအချိန်အခါအထိတွင် ထိုစနစ်သည်အနှံ့အပြားတွင်တည်ရှိနေသည့်နည်းတူပင် ထိုကျွန်ုပ်တို့ကရေလများခေတ်အချိန်အခါတွင်လည်း ထိုစနစ်သည် အနှံ့အပြားတွင် များပြားစွာတည်ရှိနေခဲ့ပါသည်။ နာရီပေါင်းများစွာ အလုပ်ကြမ်းကိုလုပ်ရပြီး၊ ခံရသောအဖိုးအခမှာမူ အနည်းငယ်သာရသည် (သို့) အဖိုးအခပင်မရရှိသည့်အခြေအနေသည် ထိုခေတ်အချိန်အခါတွင် ဥပဒေတစ်ခုလိုဖြစ်နေသည်။ ထိုအဲဂုတ္တုပြည်၏ မြို့တော်ကြီးတွင် မည်သည့်အချိန်တွင်မျှ ထိုမျှလောက်ကြီးမားသည့် ဖိနှိပ်မှုခိုင်းစေမှုမျိုးကို မပြုလုပ်ခဲ့ဘူးပါချေ။ ထိုအခါတွင် ဖိနှိပ်ခံရသောသူများတို့၏ခေါင်းထဲတွင်ဖြစ်ပေါ်လာခဲ့သည့် ပင်ကိုယ်အတွေးအခေါ်တစ်ခုမှာ၊ မိမိတို့ရပိုင်သည့်အခွင့်အရေးတို့ကို လုံခြုံစေနိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ အားသုံးပြီးဖိနှိပ်လာသည့်အရာကို အားသုံးပြီးပြန်လည်ခုခံခြင်းနည်းလမ်းပင်ဖြစ်သည် ဆိုသည့်အတွေးအခေါ်ပင်ဖြစ်သည်။ သို့ရာတွင် လူ၏အကြံအစည်သည် ဘုရားသခင်၏ အကြံအစည်မဟုတ်ပါ။ ဘုရားသခင်၏အကြံအစည်သည်သာလျှင် တစ်ခုတည်းသောမှန်ကန်မှုရှိသည့်အကြံအစည်ဖြစ်သည်။ ဆင်းရဲသားတို့သည် ပြင်းထန်စွာအနှိပ်စက်ခံရကြပြီး၊ နင်းချေခြင်းခံနေကြရသည်ဆိုသည့်အချက်အပေါ် မည်သူကမျှငြင်းဆိုမှုပြုလို့မရပါချေ။ သို့ရာတွင် အနည်းငယ်သောသူများသာလျှင် ဘုရားသခင်၏ ကယ်နှုတ်ပုံကယ်နှုတ်နည်းကို လက်ခံထားလိုကြသည်။ ဆင်းရဲသူဆင်းရဲသားများအပေါ်ပြုကြသည့် သူဌေး၊ သူကြွယ်တို့၏ဖိနှိပ်ညှင်းပန်းခြင်းအမှုကို ပြစ်တင်ဆုံးမရာတွင် ကျမ်းစာထဲ၌ကျပ်တည်းစွာဆုံးမအပြစ်တင်ထားသကဲ့သို့ အခြားမည်သူကမျှ ကျပ်တည်းစွာ ပြစ်တင်မဆုံးမတတ်ပါချေ။ အကြောင်းမှာ ဘုရားသခင်သည် ဆင်းရဲသားတို့၏မိတ်ဆွေဖြစ်သောကြောင့်ဖြစ်သည်။

ဆင်းရဲခံရသောသူတို့နှင့် နှိပ်စက်ညှင်းပန်းခြင်းခံရသောသူများတို့ကို ဘုရားသခင်သည် ကြည့်ရှုစောင်မတော်မူသည်။ ဆင်းရဲသောသူတို့အားပေးကမ်းသမျှသောသူတို့သည် ဘုရားသခင်ကိုပေးကမ်းကြသည်ဟုဆိုထားသည့်အထိပင် ဘုရားသခင်သည် မိမိကိုယ်ကို ထိုဆင်းရဲသူဆင်းရဲသားများတို့နှင့် ထပ်တူထပ်မျှဖော်ပြ ထားတော်မူပြီးဖြစ်သည်။ ယေရှုခရစ်တော်သည် ဤလောကကြီးထဲတွင် ဆင်းရဲသားတစ်ဦးအနေဖြင့် နေထိုင်အသက်ရှင်ခဲ့သည်။ ထို့ကြောင့် "ဆင်းရဲသားတို့ကို ညှဉ်းဆဲသောသူသည် ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏။" သုတ္တံ ၁၄း၁၃။ "ထာဝရဘုရားသည် ဆင်းရဲသောသူတို့၏စကားကို နားထောင်တော်မူ၏။" ဆာလံ ၆၉း၃၃။ "ငတ်မွတ်သောသူတို့ကို အစဉ်မမေ့လျော့တော်မမူ။ ဆင်းရဲသောသူတို့သည် မြော်လင့်၍မရဘဲ အစဉ်မနေရကြ။"ဆာလံ ၉း၁၈။ "ထာဝရဘုရားသည်ဆင်းရဲသော သူ၏အမှုကို စောင့်၍၊ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူမည်ဟု ငါသိ၏။" ဆာလံ ၁၄၀း၁၂။ "ဆင်းရဲသောသူသည် ခံရသောညှဉ်းဆဲခြင်း၊ ငတ်မွတ်သောသူ၏ ငိုကြွေးခြင်းကြောင့် ယခုငါထမည်။ ကဲ့ရဲ့ခြင်းကိုခံရသောသူအား ချမ်းသာပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ဆာလံ ၁၂း၅။ "အိုထာဝရဘုရား၊ အစိုးတရပြုသောသူ၏ လက်မှဆင်းရဲသားကို နှုတ်တော်မူ၍၊ လုယူဖျက်ဆီးတတ်သောသူ၏လက်၌ ဆင်းရဲငတ်မွတ်လျက် ခံနေရသောသူကို ချမ်းသာပေးတော်မူတတ်သော ကိုယ်တော်နှင့်အဘယ်သူတူပါသနည်းဟု လျှောက်ဆိုကြမည်။" ဆာလံ ၃၅း၁၀။

မိမိတို့၏အမှုအရေးများတွင် လွှန်စွာစိတ်ပါဝင်စားမှုရှိသော တန်ခိုးကြီးသောဘုရားသခင်သည် မိမိတို့နှင့်အတူရှိပါလျက်နှင့် မိမိတို့၏ကိုယ်ပိုင်အမှားများကိုအမှန်မြင်ဖို့ကြိုးစားနေကြခြင်းအားဖြင့် ပညာမဲ့နေကြသည့် ထိုဆင်းရဲသောသူများတို့၏အဖြစ်သည် အလွန်သနားဖို့ကောင်းပါပေသည်။

ဘုရားသခင်မိန့်တော်မူလေသည်ကား၊ "အချင်းသူဌေး၊ သူကြွယ်တို့၊ ယခုလာကြ၊ သင်တို့အပေါ်၌ရောက်လတံ့သောဆင်းရဲဒုက္ခဝေဒနာကြောင့် ငိုကြွေးအော်ဟစ်ကြ။ သင်တို့ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်

ရှိ၏။ အဝတ်ကိုလည်း ပိုးကိုက်စားလေပြီ။ ရွှေငွေလည်းအချေးတက်၍ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့တဘက်၌ သက်သေဖြစ်၍၊ မီးကဲ့သို့ သင်တို့အသားကိုစားလိမ့်မည်။ နောက်ဆုံးသောနေ့ရက်ကာလအဘို့ဘဏ္ဍာကို ဆည်းပူးကြပြီတကား၊ နားထောင်ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောသူတို့ကို လုည့်စား၍၊ အခမပေးဘဲနေသောကြောင့်၊ ထိုအခသည် ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏ အော်ဟစ်ခြင်းအသံသည်လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နားတော်ထဲသို့ဝင်လေပြီ။ သင်တို့သည်မြေကြီးပေါ်မှာ ကာမဂုဏ်ခံစား၍ အလွန်ပျော်မွေ့ကြပြီ။ သတ်ရသောနေ့၌ကဲ့သို့၊ မိမိတို့နှလုံးကိုမွေးမြူကြပြီ။ ဖြောင့်မတ်သောသူကို အပြစ်စီရင်၍ ကွပ်မျက်ကြပြီ။ သူသည်လည်း သင်တို့ကိုမဆီးတား။" ယာကုပ် ၅း၁-၆။

ဤစကားသည် ဆင်းရဲသူဆင်းရဲသားများတို့ကို ဖိနှိပ်ကြသောသူများတို့နှင့် ထိုသူတို့ရသင့်ရထိုက်သောအခကြေးငွေကိုသူတို့အားမပေးပဲနှင့် သူတို့အားမတရားညစ်စားနေကြသည့်သူများတို့ကို ဆန့်ကျင်ထားသည့် ကြောက်မက်ဖွယ်ရာစီရင်ချက်စကားဖြစ်သည်။ ထိုစကားသည် ထိုသူများတို့ကို သေချာပေါက်တရားစီရင်တော်မူမည်ဆိုသည့် ကတိတစ်ခုလည်းဖြစ်သည်။ ဆင်းရဲသားများတို့၏ငိုကြွေးသံကို ဘုရားသခင်သည်ကြားတော်မူပြီး၊ သူသည်မေ့လျော့တော်မမူပေ။ ဖိနှိပ်မှုပြုသည့်လုပ်ရပ်တစ်ခုစီတိုင်းတို့ကို ဘုရားသခင်သည် မိမိအားတိုက်ရိုက်ဆန့်ကျင်နေသည့်လုပ်ရပ်များအဖြစ် သတ်မှတ်တော်မူသည်။  သို့ရာတွင် ဆင်းရဲသားများတို့သည် ထိုအမှုကိစ္စများတို့ကို မိမိတို့၏ကိုယ်ပိုင်လက်ဖြင့်၊ မိမိတို့အပေါ်ကျရောက်လာသော လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုကို လက်ဝါးကြီးပြန်လည်အုပ်ချုပ်ကိုင်ခြင်းအားဖြင့်သော်၎င်း၊ အားသုံးအနိုင်ကျင့်မှုကို အားသုံးပြီးပြန်လည်အနိုင်ကျင့်ခြင်းအားဖြင့်သော်၎င်း၊ ပြန်လည်တုန့်ပြန်လာကြသည့်အခါတွင် သူတို့သည် မိမိတို့ကိုယ်ကို မိမိတို့အားဖိနှိပ်ကြသည့်သူများတို့နှင့် တတန်းတည်းထားရှိလိုက်ကြခြင်းပင်ဖြစ်လေတော့သည်။ သို့နှင့် သူတို့သည် မိမိတို့ကိုယ်စား ဝင်ရောက်ကိုင်တွယ်ဖြေရှင်းပေးလာမည့် ဘုရားသခင်၏ ကောင်းသောလုပ်ဆောင်ပေးမှုများတို့မှ မိမိတို့ကိုယ်တိုင် ပိတ်ပင်ထားလိုက်ကြလေတော့သည်။

ချမ်းသာကြွယ်ဝသောဖိနှိပ်သူများတို့အား ဘုရားသခင်မိန့်တော်မူသည်ကား၊ "ဖြောင့်မတ်သောသူကို အပြစ်စီရင်၍ ကွပ်မျက်ကြပြီ။ သူသည်လည်း သင်တို့ကို မဆီးတား။" "ငါပညတ်သည်ကား၊ နှောင့်ယှက်သောသူကို မဆီးမတားနှင့်။" ဆိုသည့်အမိန့်စကား၏ အနက်အဓိပ္ပါယ်မှာ ထိုမိန့်ထားသည့် စကားအတိုင်းသာဖြစ်ပါသည်။ (နှောင့်ယှက်သောသူကို မဆီးမတားနှင့်။) အခြားသောအဓိပ္ပါယ်မရှိပါ။ ထိုစကားသည် ခေတ်နောက်ကျသွားသည့်စကားလည်းမဟုတ်ပါချေ။ ထိုစကားသည် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင့်ရှစ်ရာကျော်ကျော်ခန့်က ကျင့်သုံးခဲ့ကြသကဲ့သို့ပင် ယနေ့ခေတ်အချိန်အတွက်လည်း ကျင့်သုံးလို့ရပါသည်။ လောကကမ္ဘာကြီး၏အကျင့်စာရိတ္တပိုင်းသည် မည်သည့်ပြောင်းလဲမှုမျှမရှိသေးပါချေ။ လူသားတို့၏ ယခုလောဘစိတ်နှင့် ယခင်ကလောဘစိတ်တို့သည် အတူတူပင်ဖြစ်နေပါသည်။ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိပါချေ။ ဤအမိန့်တော်ကို နာခံကြသည့်သူများတို့အား ဘုရားသခင်က "ဖြောင့်မတ်သောသူ" ဟူ၍ ခေါ်တော်မူပါသည်။ ဖြောင့်မတ်သောသူတို့သည် မတရားသဖြင့်စီရင်ခြင်းခံရကြသည့်အခါ၊ မတရားသဖြင့်လုယူခံရသောအခါနှင့် အသေသတ်ခြင်းကိုပင်ခံကြရသည့်အခါမျိုးတွင် သူတို့သည် ပြန်ပြီးမခုခံမတိုက်ခိုက်ကြပါချေ။

"အကယ်၍ ဆင်းရဲသောသူတို့သည် သေဆုံးသွားကြရသည့်အထိနာကျင်ဝေဒနာခံစားသွားကြရသည်ဆိုလျှင်၊ ဤမှားယွင်းမှုများအတွက် ကုထုံး (ဖြေရှင်းချက်) တစ်စုံတစ်ရာသည် အဘယ်သို့ရှိလာနိုင်ပါလိမ့်မည်နည်း။" ဆင်းရဲသောသူတို့အား ဘုရားသခင်သည်မည်သည့်အရာကို မိန့်တော်မူကြောင်းကို ရှေ့ဆက်တိုးပြီး နားထောင်ကြည့်လိုက်ပါ။ ထိုဆင်းရဲသားတို့အား ညီအစ်ကိုဟူ၍ ခေါ်ဝေါ်ဖို့အတွက် ဘုရားသည် ရှက်ကြောက်တော်မမူပေ။ ဘုရားသခင်မိန့်တော်မူလေသည်မှာ၊ "ထိုကြောင့်၊ ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍လယ်လုပ်သော သူသည်အရင်.မိုယ်း၊ နောက်မိုယ်းကိုရသည်တိုင်အောင်၊ အဘိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍ မြော်လင့်

တတ်၏။ သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကိုမြဲမြံစေကြလော့။ သခင်ဘုရား ကြွလာတော်မူသောအချိန်ရောက်လုနီးပြီ။" ယာကုပ် ၅း၇-၈။

ဘုရားသခင်ကြွလာတော်မူသည့်အခါတွင် ဖိနှိပ်ညှင်းပန်းခြင်းအမှုအရာအားလုံးသည် အဆုံးသတ်သွားမည်ဖြစ်သည်။ ပြဿနာမှာ၊ လူတို့သည် ဧသောနည်းတူပင် သူတို့၌ယုံကြည်ခြင်းတရားမရှိကြ၊ သည်းခံလျက်စောင့်နေလိုသည့်စိတ်လည်းမရှိကြပါချေ။ ထို့ကြောင့် လယ်လုပ်သောသူပုံဥပမာမှ သင်ခန်းစာတစ်ခုကို ထုတ်ပြပေးထားလိုက်ခြင်းဖြစ်သည်။ လယ်လုပ်သောသူသည် မျိုးစေ့ကိုကြဲပြီးသည့်နောက်တွင် သူသည် ထိုတစ်နေ့ချင်းတွင် မိမိကြဲလိုက်သောအရာများတို့ကို ပြန်လည်ပြီးမရိတ်သိမ်းရသည့်အတွက်ကြောင့်နှင့် သူ့အနေဖြင့် စိတ်ရှည်သည်းခံခြင်းမရှိသည့်အခြေအနေသို့ မရောက်ရှိသွားပါချေ။ မြေ၏အသီးအနှံကိုမျှော်လင့်စောင့်စားရာတွင် သူသည် လွန်စွာစိတ်ရှည်တတ်ပါသည်။ "စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သောကာလဖြစ်၏။" မဿဲ ၁၃း၃၉။ ထိုအခါတွင် မိမိတို့၏အမှုအရာများတို့ကို ထာဝရဘုရား၌ အပ်နှံထားသောသူတို့သည် မိမိတို့၏ကိုးစားယုံကြည်ခြင်းနှင့် စိတ်ရှည်သည်းခံခြင်းတို့အတွက် ပြည့်လျှံလုံလောက်သောတန်ပြန်ပေးဆပ်မှုကို ခံရကြလိမ့်မည်ဖြစ်သည်။ ထို့နောက်တွင် ထိုသူတို့တောင်းဆိုထားကြသည့်လွတ်လပ်မှုကို မြေကြီးတပြင်လုံးတွင်သော်ငင်း၊ သတ္တဝါခပ်သိမ်းတို့ထံတော်သို့ငင်း ကြေငြာပေးတော်မူမည်ဖြစ်သည်။

ကျွန်ုပ်တို့အား ဤလွတ်မြောက်ခြင်းအကြောင်းကို သိခွင့်ပေးလိုက်သည့်အရာနှင့်၊ ပူဆွေးဖွယ်ရာဆင်းရဲဒုက္ခများက ဖိစီးထားသော်ငြားလည်း ဝမ်းမြောက်ခြင်းတရားကို ယခုလက်ရှိအချိန်၌တွင်ပင်လျှင် ပေးသနားနေတော်မူသောအရာကား ယေရှုခရစ်တော်၏ ဧဝံဂေလိတရားတော်ပင်ဖြစ်ပါသည်။ ထိုဧဝံဂေလိတရားသည် ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်သည်။ ဧဝံဂေလိတရားတော်ကို ယနေ့ခေတ်ကာလ၏အလုပ်ပြဿနာများအတွက် ကုထုံးအနေဖြင့် တင်ဆက်ဟောပြောနေခြင်းအမှုကို လောကပညာက လှောင်ပြောင်ကဲ့ရဲ့နေပါသည်။ သို့ရာတွင် ယကနေ့ခေတ်အချိန်တွင်တွေ့ရှိရသော အလုပ်ပြဿနာများတို့သည် မောရှေခေတ်အချိန်တွင်တွေ့ရှိခဲ့ရသည့် အလုပ်ပြဿနာများလောက် မဆိုးရွားမကြီးမားပါချေ။ ဧဝံဂေလိတရားကိုကြွေးကြော်ခြင်းအမှုသည် သူတို့ (က္လသရေလလူတို့) ၏ တိုးတက်ရေးအတွက် ဘုရားသခင် လက်ခံအသုံးပြုခဲ့သည့် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။ ခရစ်တော်ကြွလာတော်မူခဲ့စဉ်က သူ့အမှုတော်လုပ်ငန်း၏ သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို အခိုင်လုံဆုံးသက်သေပြသပေးသွားခဲ့သည့်အချက်မှာ၊ ဆင်းရဲသားတို့အားလည်း ဝမ်းမြောက်စရာသတင်းကို ကြားပြောခဲ့သည် ဆိုသည့်အချက်ပင်ဖြစ်သည်။ မဿဲ ၁၁း၅။ အခြားမည်သူကမျှမသိရှိနိုင်သည့် ဆင်းရဲသားတို့၏ လိုအပ်ချက်များတို့ကို ဘုရားသခင်သည်သိရှိတော်မူသည်။ ထိုအရာအတွက် သူ၏ကုထုံးမှာ ဧဝံဂေလိတရားတော်ပင်ဖြစ်သည်။ မဖြစ်နိုင်ပါဟုထင်မှတ်ရလောက်သော ဖြစ်နိုင်ခြေနည်းလမ်းများတို့သည် ဧဝံဂေလိတရားတော်ထဲတွင်ပါရှိနေပါသည်။ ဧဝံဂေလိတရားတော်မှ ကတိပြုထားတော်မူသော အမွေတော်အကြောင်းကို မှန်ကန်စွာနားလည်သဘောပေါက်ခြင်း အမှုတစ်ခုတည်းကသာလျှင် လူသားများတို့ကို လောက၏ဖိနှိပ်မှုအောက်တွင် စိတ်ရှည်သည်းခံစွာဖြင့် ကြံ့ကြံ့ခံရပ်တည်သွားစေနိုင်မည်ဖြစ်ပါသည်။

## ၁၇း ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – အမှုတော်ကိုပေးအပ်တော်မူခြင်း
## ယနေ့အတွက်သမ္မတာရေး၊ အောဂုတ်လ ၂၇၊ ၁၈၉၆

ပထမအကြိမ် မစူးစမ်းမဆင်ခြင်ပဲလုပ်ခဲ့မိလိုက်သည့်အရာတစ်ခုဖြစ်သည့် အဲဂုတ္တုပြည်သားတစ်ဦးကို မောရှေသတ်ပစ်မိခဲ့သည်နောက်၊ မိမိလူတို့ကို ဘုရားသခင်က သူ၏လက်ဖြင့်ကယ်နှုတ်ဖို့ရန်အတွက် အဆင်သင့်မဖြစ်မှီစပ်ကြားတွင် နှစ်ပေါင်းလေးဆယ်ကျော်ကြာညောင်းသွားခဲ့ပါသည်။ အလွန်အရေးကြီးသည့် လုပ်ငန်းတစ်ခုအတွက် မောရှေကိုပြုပြင်ပြင်ဆင်ခဲ့ရာတွင် အချိန်ထိုမျှလောက်ကုန်လွန်သွားခဲ့ပါသည်။ မိမိ၏နောက်ပိုင်းအသက်တာအချိန်ကာလတွင် မောရှေသည် အခြားသောလူသားများအားလုံးထက် စိတ်နှုးညံ့သိမ်မွေ့ခဲ့သည်အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုရပါသည်။ သို့ရာတွင်ထိုစိတ်သဘောသည် သူ၏ပင်ကိုယ်စရိုက်၊ ပင်ကိုယ်စိတ်သဘောမဟုတ်ပါ။ နန်းတော်မှရသောပညာသည် စိတ်နှုးညံ့သိမ့်မွေ့ခြင်းသဘောကို ဖြစ်ပေါ်လာအောင်မစွမ်းဆောင်ပေးခဲ့ပါချေ။ မောရှေသည် စိတ်လိုက်မာန်ပါထင်မြင်ရာလိုက်လုပ်တတ်သောသူတစ်ဦးပင်ဖြစ်ကြောင်းကို၊ မိမိလူတို့၏အလုပ်ပြဿနာများကိုဖြေရှင်းပေးဖို့ရန်အတွက် ပထမအကြိမ် သူလုပ်ဆောင်ခဲ့လိုက်သည့်လုပ်ရပ်မှ ကျွန်ုပ်တို့အနေဖြင့်တွေ့မြင်ရပါသည်။ သို့ရာတွင် အာဗြဟံ၏သားသမီးများတို့ကို ကတိတော်အမွေရှိရာသို့ပို့ဆောင်ပေးမည့်သူသည် အလွန်ထူးခြား ခြားနားသည့်စရိုက်လက္ခဏာများကို ပိုင်ဆိုင်ထားသောသူ ဖြစ်ရပါမည်။

အာဗြဟံ၌ကတိထားတော်မူခဲ့သည့်အမွေတော်ကား ကမ္ဘာကြီးပင်ဖြစ်ပါသည်။ ထိုအမွေကို ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရယူရန်ဖြစ်သည်။ သို့ရာတွင် ထိုယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းသည် စိတ်နှုးညံ့သိမ်မွေ့ခြင်းသဘောနှင့် ခွဲထုတ်ထားလို့မရသောအရာဖြစ်သည်။ “စိတ်မြင့်သောသူသည် သဘောမဖြောင့်။ ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။” ဟဗက္ကုတ် ၂း၄။ ထို့ကြောင့် ကယ်တင်ရှင်ဘုရားသခင်မိန့်တော်မူသည်ကား၊ “စိတ်နှုးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကိုအမွေခံရကြလတံ့။” မသဲ ၅း၅။ “ငါချစ်သောညီအစ်ကိုတို့၊ နားထောင်ကြလော့။ လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်းရတနာကို ရတတ်စေခြင်းငှါ၎င်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟုဂဝန်ခံတော်မူသောနိုင်ငံတော်၏ အမွေခံဖြစ်စေခြင်းငှါ၎င်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော။” ယာကုပ် ၂း၅။ ဣသရေလလူများတို့အား ပို့ဆောင်သွားခဲ့မည့်အရပ်တည်းဟူသော ကတိထားရာအမွေတော်ပြည်ကို စိတ်နှုးညံ့သိမ်မွေ့သောသူများတို့ကသာ အမွေခံနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုအမွေခံမည့်သူများတို့ကို လမ်းတလျှောက်စီမံအုပ်ချုပ်ခန့်ခွဲမှုပြုပေးမည့်သူသည် ထိုစိတ်သဘောကို မဖြစ်မနေပိုင်ဆိုင်ထားရပါမည်။ တောထဲတွင် သိုးကျောင်းသားတစ်ဦးအနေဖြင့် နှစ်ပေါင်းလေးဆယ်တိုင်တိုင် ပင်စင်ယူခဲ့ခြင်းအမှုက မျှော်လင့်ထားသည့်ပြောင်းလဲမှုတစ်ခုကို မောရှေ၏အထဲတွင် ဖြစ်ပေါ်လာစေခဲ့ပါသည်။

“ကာလအင်တန်ကြာပြီးမှ၊ အဲဂုတ္တုရှင်ဘုရင် အနိစ္စရောက်လေ၏။ ဣသရေလအမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့် ညည်းတွားငိုကြွေးကြ၏။ ထိုသို့ အစေကျွန်ခံ၍ငိုကြွေးသောအသံသည် ဘုရားသခင်ထံတော်သို့ တက်ရောက်လေ၏။ သူတို့ ညည်းတွားမြည်တမ်းခြင်းအသံကို ဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့ဘူးသောပဋိညာဥ်ကို အောက်မေ့တော်မူ၏။” ထွက်မြောက်ရာ ၂း၂၃၊ ၂၄။

ဤပဋိညာဥ်ကို ယေရှုခရစ်တော်၌ အတည်ပြုတော်မူခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိလာခဲ့ရပါသည်။ ထိုပဋိညာဥ်သည် ဘိုးဘေးတို့နှင့်ပြုတော်မူခဲ့သည့်ပဋိညာဥ်ပင်ဖြစ်ပေသည်။ အာဗြဟံအား မိန့်မြွက်တော်မူသည်ကား၊ “သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။” တမန်တော် ၃း၂၅။ ဤကောင်းချီးမင်္ဂလာသည် လူမျိုးအပေါင်းတို့အား မိမိတို့၏ရှိရှိသမျှသောဒုစရိုက်

အပေါင်းတို့မှ လွဲစေတော်မူမည့် ကောင်းချီးမင်္ဂလာပင်ဖြစ်ပေသည်။ ခရစ်တော်၏ရှေ့တော်ပြေးဖြစ်သူနှစ်ခြင်းဆရာယောဟန်အား စေလွှတ်တော်မူခဲ့ရာတွင် အထက်ဖော်ပြပါပဋိညာဉ်တော်ကို ဘုရားသခင် ပြန်လည်အောက်မေ့သတိရလာခဲ့ပါသည်။ ခရစ်တော်ဆိုသူမှာ၊ မိမိလူများအနေဖြင့် "ဘုရားသခင့်ရှေ့တော်၌ တသက်လုံးသန့်ရှင်းဖြောင့်မတ်ခြင်းပါရမီအားဖြင့် ဘုရားဝတ်ကိုရဲရင့်စွာပြုရသောအခွင့်ကို" ရရှိနိုင်ကြရေးအတွက် ထိုလူများအား မိမိတို့ရန်သူ၏လက်ထဲမှ ကယ်နှုတ်ပေးတော်မူမည့်သူပင်ဖြစ်ပေသည်။ ထိုပဋိညာဉ်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အား ယေရှုခရစ်၌ပုဂ္ဂလိကယုံကြည်ခြင်းအားဖြင့် ပြည်တော်ကိုသိမ်းယူရမည်ဆိုသည့်အာမခံချက်ကို ပေးခဲ့သည့် ပဋိညာဉ်ပင်ဖြစ်ပေသည်။

သို့ရာတွင် ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအရာက မည်သည့်ပုဂ္ဂိုလ်ကိုမျှ လောကကိုပိုင်ဆိုင်ရမည်ဆိုသည့်အာမခံချက်ကို ပေးတော်မမူပါချေ။ ဘုရားသခင်၏အမွေခံဖြစ်ကြသောသူတို့သည် လောကီအရာ၌ဆင်းရဲသောသူများဖြစ်ကြပြီး၊ ယုံကြည်ခြင်းအရာ၌ ကြွယ်ဝသောသူများဖြစ်ကြသည်။ ခရစ်တော်ကိုယ်တိုင်ပင် ဤလောကတွင် မိမိခေါင်းချစရာနေရာအနေဖြင့် သူပိုင်ဆိုင်သည့်နေရာဟူ၍ မရှိခဲ့ဖူးပါချေ။ ထို့ကြောင့် သမ္မာတရားအားဖြင့် ထိုသခင်၏နောက်သို့လိုက်သောသူတို့အား လောကပိုင်ဆိုင်မှုနှင့်စပ်ဆိုင်သောအာမခံချက်ကိုပေးမည်ဟု တွေးထင်နေစရာအကြောင်းမရှိပါချေ။ ထိုအတွေး၏ဆန့်ကျင်ဘက် အတွေးမျိုးကိုသာ ခေါင်းထဲထည့်ထားရဖို့ ရာခိုင်နှုန်းပိုများပါသည်။

ဣသရေလလူမျိုးများတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်ခြင်းအကြောင်းနှင့် သူတို့၏ ခါနန်ပြည်ခရီးစဉ်အကြောင်းကို လေ့လာဆင်ခြင်ကြရာတွင် အထက်ဖော်ပြပါအချက်များတို့ကို ပြန်ပြီးသတိရဖို့ လိုအပ်လာပါသည်။ ဣသရေလလူမျိုးတို့၏သမိုင်းကြောင်းတစ်ခုလုံးကို လေ့လာသည့်အခါတွင်လည်း ထိုအချက်များတို့ကို ပြန်ပြီးသတိရလာသင့်ပါသည်။ သို့မဟုတ်လျှင်၊ မိမိတို့၏လောကီဆိုင်ရာစိတ်ဝင်စားစရာများတို့ကို ဦးစားပေးဆောင်ရွက်သွားဖို့ရန် ကြွလာတော်မမူခဲ့သည့် ခရစ်တော်ကို လက်မခံနိုင်ခဲ့ကြသည့် ဣသရေလလူမျိုးများတို့ပြုလုပ်ကျူးလွန်ခဲ့ကြသည့်အမှားမျိုးကိုသာ ကျွန်ုပ်တို့အနေဖြင့်ဆက်လက်ပြီး ကျူးလွန်မိနေကြလိမ့်ဦးမည်ဖြစ်သည်။

"မောရှေသည်၊ မိမိယောက္ခမမိဒျန်ယဇ်ပုရောဟိတ် ယေသရော၏သိုးဆိတ်များကိုထိန်းစဉ်၊ တောနောက်ဘက်သို့ဆောင်သွား၍၊ ဟောရပ်အမည်ရှိသော ဘုရားသခင်၏တောင်သို့ ရောက်လေ၏။ ထိုအခါဘုရားသခင်၏ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ၊ မီးလောင်၍ချုံမကျွမ်းဘဲရှိသည်ကိုမြင်လျှင်၊ အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသောရူပါရုံကို ငါသွား၍ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင် မောရှေ၊ မောရှေဟု ချုံထဲကခေါ်တော်မူ၏။ မောရှေကလည်း၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း၊ မချဉ်းနှင့်။ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်ဟူ၍၎င်း၊ ငါသည်သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၎င်း မိန့်တော်မူ၏။ မောရှသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကို ဖုံးလျက်နေ၏။ ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်၌ရှိသော ငါ၏လူတို့ခံရသောညှဉ်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကို စေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း ငါကြားခဲ့ပြီ။ သူတို့နာကြဉ်းခြင်း ဝေဒနာကိုငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည် စီးတတ်သော ပြည်သို့ ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။ ယခုတွင်လည်း ဣသရေလအမျိုးသားတို့ ငိုကြွေးသောအသံသည် ငါ့ထံသို့တက်ရောက်၍၊ သူတို့ကို အဲဂုတ္တုလူတို့သည် ညှဉ်းဆဲခြင်းအမှုကိုလည်း ငါမြင်ရပြီ။ ထိုကြောင့် ယခုသွားလော့။ သင်သည် ငါ၏လူ ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်မည်အကြောင်း၊ သင့်ကိုဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။" ထွက်မြောက်ရာ ၃း၁-၁၀။

မောရှေ၏ ငြင်းဆိုမှုပြုခဲ့ခြင်းအကြောင်းအရာနှင့် ဘုရားသခင်၏ခိုင်းစေမှုအား နောက်ဆုံးတွင် လက်ခံလာခဲ့ခြင်းအကြောင်းအရာများတို့ကို ကျွန်ုပ်တို့အနေဖြင့် အသေးစိတ်သွားနေဖို့မလိုတော့ပါချေ။ ယခုတွင် မိမိနောက်တွန့်နေခဲ့မိသည့်ထိုလုပ်ငန်းအတွက် မောရှေသည် အမှန်တကယ်သင့်တော်သောသူတစ်ဦးဖြစ်နေပြီးဖြစ်ပေသည်။ ကယ်နှုတ်ခြင်းအမှုကိုထိရောက်မှုရှိစေမည့် တန်ခိုးတော်အကြောင်းကို ထိုစေခိုင်းမှုကြီးတွင် ရှင်းလင်းစွာ ပြသထားပေးပါသည်။ ဤသို့သော ကယ်နှုတ်မှုမျိုးကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ပေးနိုင်သည့် တစ်ခုတည်းသောတန်ခိုးတော်မှာ ဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်ပေသည်။ မောရှေအနေဖြင့် ထိုဘုရားသခင်၏ လက်တော်ထဲတွင် လက်ထောက်အနေဖြင့်သာ အမှုထမ်းဆောင်နေရန်ဖြစ်သည်။

မောရှေယူဆောင်သွားခဲ့သော မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြသည့် အထောက်အထားများတို့ကိုလည်း မှတ်သားပါ။ "မောရှေကလည်း၊ အကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ ရှိရာသို့ရောက်၍၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင်သည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏ နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကိုပြန်၍ မေးသောအခါ၊ အဘယ်သို့ပြန်ပြောရပါမည်နည်းဟု ဘုရားသခင်အားမေးလျှောက်လေ၏။ ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ ဟူ၍၎င်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍၎င်း၊ မောရှေအားမိန့်တော်မူ၏။" ထွက်မြောက်ရာ ၃း၁၃၊ ၁၄။

ဤနာမသည် မည်သူတစ်ဦးတစ်ယောက်ကမျှ နားမလည်နိုင်သော ဘုရားသခင်၏ "ဘုန်းကြီးသော၊ ကြောက်မက်ဖွယ်သောနာမတော်" ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနာမသည် သူ၏အဆုံးအစမဲ့ခြင်းနှင့် ထာဝရဖြစ်ခြင်းကို ဖော်ပြတော်မူသောကြောင့်ဖြစ်သည်။ REVISION ကျမ်းစာအုပ်၏ မှတ်ချက်တွင် ဖော်ပြထားသည့် ဘာသာပြန်ဆိုချက်အသုံးများကို ကြည့်လိုက်ပါ။ "ငါဖြစ်သည်အတွက်ကြောင့် ငါဖြစ်၏။" (သို့) "ငါသည် ငါတည်းဟူသောသူဖြစ်၏။" (သို့) "ငါဖြစ်မည်အတိုင်း ငါဖြစ်မည်။" ဤဘာသာပြန်ဆိုချက်များထဲတွင် မည်သည့်ပြန်ဆိုချက်ကမျှ သူ့ဘာသာနှင့်သူပြည့်စုံနေသည်ဟူ၍မရှိပါချေ။ သို့ရာတွင် အမည်နာမ၏သဘောသဘာဝကို ဖော်ပြပေးဖို့ရန်အတွက်ဆိုလျှင် ထိုပြန်ဆိုချက်အားလုံးကို တပြိုင်တည်းအတူတကွ လိုအပ်လာပါသည်။ ထိုပြန်ဆိုချက်အားလုံးကိုပေါင်းလိုက်သောအခါတွင် အောက်ပါအဖြေထွက်လာပါသည်။ "ငါသည် အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍ ပစ္စုပ္ပန် ၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရအရှင်ဘုရားသခင်ဖြစ်သည်။" ဗျာဒိတ် ၁း၈။

မိမိလူတို့ကို ယာယီအချုပ်အနှောင်ထဲကနေသာမကပဲ ဝိညာဉ်ရေးအချုပ်အနှောင်ထဲမှ ကယ်နှုတ်ပေးလုဆဲဆဲအချိန်နှင့်၊ သခင်ခရစ်တော်၏ကြွလာခြင်းအမှုနှင့် ရှင်ပြန်ထမြောက်ခြင်းအမှုတစ်ခုတည်းအားဖြင့်သာ ရရှိနိုင်မည်ဖြစ်သောအမွေတော်ကို သူတို့၌ ပေးအပ်လုဆဲဆဲအချိန်တွင်၊ ဘုရားသခင်သည် မိမိကိုယ်ကို အလိုအလျောက်ရပ်တည်တော်မူသောဖန်ဆင်းရှင်ဖြစ်ကြောင်းကိုသာမက၊ ကြွလာတော်မူမည့်သူဖြစ်ကြောင်းကိုပါ ဖော်ပြအသိပေးခဲ့ခြင်းအရာသည် အတော်လေးကိုသင့်လျော်လျောက်ပတ်မှုရှိပေသည်။ ဘုရားသခင်၏ကြွလာခြင်းအကြောင်းနှင့် မိမိလူများတို့အား သူတို့၏ရန်သူကြီးတည်းဟူသော သေခြင်းတရား၏လက်မှ နောက်ဆုံးကယ်နှုတ်တော်မူမည့်အကြောင်းတို့ကိုသာ အဓိကရေးသားတင်ပြထားသည့် သမ္မာကျမ်းစာ၏နောက်ပိတ်ဆုံးသောကျမ်းထဲတွင်လည်း ဘုရားသခင်သည် မိမိကိုယ်ကို ဖန်ဆင်းရှင်ဆိုသည့်နာမည်ဖြင့်သော်၎င်း၊ ကြွလာမည့်သူဆိုသည့်နာမည်ဖြင့်သော်၎င်း ဖော်ပြထားပါသည်။

"တဖန်ဘုရားသခင်က၊ သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြောရမည်။ ထိုအမည်သည် အစဉ်ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ် ငါ့ဘွဲ့နာမဖြစ်၏။" ထွက်မြောက်ရာ ၃း၁၅။ ဤကယ်နှုတ်ခြင်းအမှုတစ်ခုလုံးသည် ယေရှုခရစ်တော်အားဖြင့် အာဗြဟံ၊

ဣဇာက်၊ ယာကုပ်တို့၌ပြုထားတော်မူခဲ့သကတိတော်၏ ပြီးပြည့်စုံခြင်းအမှုသာဖြစ်ကြောင်းကို အဆက်မပြတ် အသိပေးနှိုးဆော်နေလျက်ရှိနေပါသည်။ ဓမ္မသစ်ကျမ်းတွင်မှတ်တမ်းတင်ထားသည့် ထိရောက်မှုအရှိဆုံးဧဝံ ဂေလိတရားနှင့်ဆိုင်သော တရားဟောချက်အချို့တို့၏ အရေးပါမှုကို မှတ်သားပါ။ ထိုတရားဟောချက်များထဲ တွင် ဘုရားသခင်ကို အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ဘုရားအနေဖြင့် တင်ပြထားပါသည်။ ကျွန်ုပ်တို့အနေ ဖြင့်လည်း ဘုရားသခင်ကို ထိုနာမအားဖြင့်သာ သိရှိထားရကြမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အလိုရှိပါက ဘိုးဘေးများ တို့၌ ထားတော်မူခဲ့သောကတိတော်များတို့ကို ဘိုးဘေးတို့၌ရှိခဲ့သောယုံကြည်ခြင်းမျိုးအားဖြင့် ကျွန်ုပ်တို့သည် လက်ခံရရှိကြလိမ့်မည်ဖြစ်ကြောင်းကို ထိုတရားဟောချက်များထဲတွင် ခေါ်ဝေါ်အသုံးပြုထားသည့်အမည်နာမ က ကျွန်ုပ်တို့အား သက်သေပြနေပါသည်။ "ထိုအမည်သည် အစဥ်ငါ့အမည်ဖြစ်၏။ လူမျိုးအစဥ်အဆက်မ ပြတ် ငါ့ဘွဲ့နာမဖြစ်၏။"

သူ့အတွက်အထောက်အထားဖြစ်စေမည့် ဤနာမတော်၊ ဘုရားသခင်သည်မိမိနှင့်အတူရှိပြီး မိမိ အနေဖြင့် မည်သည့်အရာကို သွန်သင်ရမည်ကိုလည်း ထိုသခင်က သွန်သင်ပေးတော်မူမည်ဆိုသည့် အာမခံ ချက်၊ နိမိတ်လက္ခဏာပြသနိုင်သည့်တန်ခိုး၊ ထိုလုပ်ငန်းတွင် မိမိ၏အစ်ကိုဖြစ်သူအာရုန်သည်လည်း မိမိနှင့် အတူ ပူးပေါင်းလုပ်ဆောင်မည်ဆိုသည့်အာမခံချက် စသည့်အရာများအားဖြင့်နှစ်သိမ့်မှုရလိုက်ပြီးသည့် နောက်တွင် မောရှေသည် အဲဂုတ္တုပြည်သို့ ခရီးနှင်လာခဲ့ပါတော့သည်။

## ၁၈း ဣသရေလလူတို့၌ထားတော်မူခဲ့သောကတိတော်များ – အဲဂုတ္တုပြည်တွင် ဇေဝဂေလီ သတင်းစကားဟောပြောခြင်း
## ယနေ့အတွက်သမ္မာတရား၊ စက်တင်ဘာ ၃၊ ၁၈၄၄

"ထိုသူညီနောင်နှစ်ပါးတို့သည် သွား၍ ဣသရေလအမျိုးသား အသက်ကြီးသူတို့ကို စုဝေးစေပြီးလျှင်၊ အာရုန်သည်မောရှေအား ထာဝရဘုရားမိန့်တော်မူသော စကားတော်အလုံးစုံတို့ကို ပြန်ပြော၍၊ လူတို့ရှေ့မှာ နိမိတ်သက်သေတို့ကိုပြလေ၏။ ထိုလူများတို့သည် ယုံကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို အကြည့်အရှုကြွတော်မူသည်ကိုဂင်း၊ သူတို့ခံရသောဆင်းရဲခြင်းကို မှတ်တော်မူသည်ကိုဂင်း ကြားသောအခါ၊ ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏။" ထွက်မြောက်ရာ ၄း၂၉-၃၁

သို့ရာတွင် အဲဂုတ္တုပြည်မှထွက်ခွါဖို့ရန် ဣသရေလလူများအဆင်သင့်မရှိခဲ့ကြပါချေ။ သူတို့သည် ကျောက်ပေါ်သောမြေ နှင့်တူသည့် နှုတ်ထွက်စကားကိုကြားနာသူများနှင့်တူနေပါသည်။ အစပိုင်းတွင် ဝမ်းမြောက်သောစိတ်နှင့်ခံယူခဲ့လိုက်ကြသည်။ သို့ရာတွင် ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပေါ်လာခဲ့သည်နှင့်တပြိုင်နက် သူတို့သည် မကျေမနပ်ဖြစ်လာခဲ့ကြသည်။ အကယ်၍သာ မည်သည့်အဆီးအတားမျှမရှိပဲနှင့် အဲဂုတ္တုပြည်ထဲမှ ထွက်လာခဲ့ရပြီး၊ ကတိတော်ပြည်သို့ လွယ်ကူသောလမ်းခရီးဖြင့် ရောက်ရှိသွားခဲ့ကြရမည်ဆိုလျှင်၊ သေချာပေါက် သူတို့သည် ညည်းညူမြည်တမ်းနေခဲ့ကြလိမ့်မဟုတ်ပါချေ။ သို့ရာတွင် "ငါတို့သည် များပြားသောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရကြမည်" ဖြစ်ပြီး (တမန်တော် ၁၄း၂၂)၊ နိုင်ငံတော်သို့ ဝင်သောသူသည် ဆင်းရဲဒုက္ခအထဲ၌ပင်လျှင် ဝမ်းမြောက်ခြင်းရှိနိုင်ဖို့ရန် သူ့အနေဖြင့်သင်ယူရပါမည်။ ဤသင်ခန်းစာကို ဣသရေလလူမျိုးများအနေဖြင့် သင်ယူမိသွားကြဖို့ လိုအပ်နေပါသေးသည်။ ဖါရောမင်းထံသို့ ရောက်ရှိလာခဲ့သည့်သတင်းကား၊ "ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားက၊ ငါ၏လူတို့သည် တော၌ ငါ့အဘို့ပွဲခံစေခြင်းငှါ လွှတ်ရမည်။" ဤသတင်းအကြောင်းကို နောက်ပိုင်းတွင်ကျမှ သီးသန့်ပြန်ပြီးဆွေးနွေးသွားပါမည်။ ထိုသတင်းစကား၏နောက်မှဆက်တိုက်လိုက်လာခဲ့သည့် အကျိုးဆက်ဟူမူကား ဣသရေလလူမျိုးများအပေါ် ကျရောက်ခဲ့သည့်ညှဉ်းပမ်းမှုများသည် ပိုမိုပြင်းထန်လာခဲ့ပါသည်။ ထွက်ခွါလာဖို့ရန်အတွက် သူတို့အနေဖြင့် ပိုမိုပြီးစိတ်ဇောကြီးလာနိုင်ကြဖို့ရန်၊ ပြန်လှည့်လာလိုသည့်စိတ် ရှိမလာဖို့ရန်နှင့် ဘုရားသခင်၏ တန်ခိုးတော်ကို တွေ့မြင်လာနိုင်ကြဖို့ရန်အတွက် ထိုပြင်းထန်သောညှဉ်းပန်းမှုသည် သူတို့အတွက် အမှန်တကယ်လိုအပ်ခဲ့ပါသည်။ အဲဂုတ္တုပြည်တွင်ကျရောက်လာခဲ့သည့်ဘေးဒဏ်များတို့သည် အဲဂုတ္တုပြည်သားများအတွက်ဖြစ်သည်နည်းတူ၊ ထွက်ခွါသွားချင်လိုသည့်ဆန္ဒတစ်ခုသည် ဣသရေလလူမျိုးတို့၌ ဖြစ်ပေါ်လာနိုင်ဖို့ရန်အတွက် သူတို့ (ဣသရေလများ) အား ဘုရားသခင်၏တန်ခိုးတော်အကြောင်းကို သွန်သင်ပြသပေးရာတွင်လည်း ထိုဘေးဒဏ်များတို့ကို လိုအပ်နေခဲ့ပါသည်။ လူသား၏တန်ခိုးအာဏာအားဖြင့်မဟုတ်ပဲ၊ ဘုရားသခင်၏ပြုတော်မူသောအမှုတော်သက်သက်အားဖြင့်သာ မိမိတို့သည် ကယ်နှုတ်ခြင်းခံရမည်အကြောင်းကို ဣသရေလလူများတို့သည် သင်ယူဖို့လိုအပ်ခဲ့ပါသည်။ ထိုသခင်၏လမ်းပြကွယ်ကာမှုအောက်တွင် မိမိတို့ကိုယ်ကို အပြည့်အဝယုံကြည်ပုံအပ်လာကြဖို့ရန်အတွက် သူတို့အနေဖြင့် သင်ယူမှုများပြုလုပ်ခဲ့ကြရပါသည်။ "ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မြော်လင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမသြဝါဒပေး၍ ရေးထား" (ရောမ ၁၅း၄) လျက်ရှိသည်ဖြစ်သည့်အတွက်ကြောင့်၊ ကျွန်ုပ်တို့အနေဖြင့် ဤရာဇဝင်ကို လေ့လာသွားကြရာတွင် ထို ဣသရေလလူတို့သင်ယူခဲ့ရသည့်သင်ခန်းစာကို ကျွန်ုပ်တို့လည်း သင်ယူထားသင့်ကြပါသည်။

မောရှေသယ်ဆောင်လာခဲ့သည့် သတင်းစကား၏အကျိုးဆက်အနေဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းအမှုသည် ပို၍ပြင်းထန်လာခဲ့သောအခါတွင် ဣသရေလလူများတို့သည် မကျေမနပ်ဖြစ်လာခဲ့ကြပါသည်။ ဤအချက်ကို အံ့အားသင့်နေရန်မလိုအပ်ပါချေ။ မောရှေကိုယ်တိုင်လည်း ထိုအချက်နှင့်ပတ်သက်ပြီး ရှုပ်ထွေး

သွားနေခဲ့ပုံရပြီး၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး ဘုရားသခင်ကို မေးမြန်းဖို့ရန်အတွက် သူ ထွက်သွားခဲ့ပါသည်။ "ထာဝရဘုရားကလည်း၊ ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည် ယခုသိလိမ့်မည်။ သူသည် ကြီးစွာသောတန်ခိုးကိုတွေ့မြင်၍၊ ငါ၏လူတို့ကို လွှတ်ရလိမ့်မည်။ ကြီးစွာသောတန်ခိုးကိုတွေ့မြင်၍ သူတို့ကို မိမိပြည်မှနှင်ရလိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ တဖန်ဘုရားသခင်သည် မောရှေ၌ ဗျာဒိတ်ထားတော်မူသည်ကား၊ "ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား၊ အနန္တတန်ခိုးရှင်၊ ဘုရားသခင်နာမနှင့် ထင်ရှားသော်လည်း၊ ထာဝရဘုရားနာမအားဖြင့် သူတို့သည် ငါ့ကိုမသိကြ။ သူတို့သည် အရပ်ရပ်လည်၍၊ ဧည့်သည်နေရာပြည်၊ ခါနာန်ပြည်ကို သူတို့အားပေးခြင်းငှါ၊ သူတို့နှင့်ငါပြုသောပဋိညာဉ်ကို ငါတည်စေပြီ။ အဲဂုတ္တုလူတို့သည် အစေကျွန်ခံစေသော ဣသရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းခြင်းအသံကို ငါကြားရပြီ။ ငါပဋိညာဉ်ကိုလည်း ငါအောက်မေ့၏။ ထိုကြောင့် ဣသရေလအမျိုးသားတို့အား ပြောရသောစကားဟူမူကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှလွှတ်၍၊ သူတို့၏ ညှဥ်းဆဲခြင်းထဲက နှုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကိုငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ဘုရားသခင်ဖြစ်မည်။ ငါသည်သင်တို့ကို အဲဂုတ္တုလူတို့လက်မှလွှတ်သော သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြလိမ့်မည်။ ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အားပေးမည်ဟု ကျိန်ဆိုသောပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဘို့ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။" ထွက်ရာကျမ်း ၆း၁-၈။

## ကယ်နှုတ်ပေးတော်မူသော ဧဝံဂေလိတရားတော်

အာဗြဟံအား ကတိပေးတော်မူခဲ့သည့်အခါတွင် ဘုရားသခင်သည် အာဗြဟံအား ဧဝံဂေလိတရားကိုဟောတော်မူခဲ့ပါသည်။ ထိုအကြောင်းကို ကျွန်ုပ်တို့လေ့လာလာခဲ့ကြပြီးဖြစ်သည်။ သို့ဖြစ်သောကြောင့်၊ ကတိတော်ကိုပြည့်စုံစေတော်မူမည့်အချိန်သို့ ရောက်ရှိလာသောအခါတွင် ကတိတော်နှင့်စပ်ဆိုင်သည့်အမျိုးအနွယ်တို့သည် အာဗြဟံအားဖော်ပြခဲ့သည့်ဧဝံဂေလိတရားတော်၏အနက်အဓိပ္ပါယ်ကို သိရှိခွင့်ရကြမည်ဖြစ်ကြောင်းနှင့်၊ အာဗြဟံအား ဟောပြခဲ့သည့်ဧဝံဂေတရားနှင့် ထိုအမျိုးအနွယ်အား ဟောပြတော်မူမည့် ဧဝံဂေလိတရားသည် တစ်ခုတည်းသောတရားပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ စဥ်းစားမိဖို့ကောင်းပေသည်။ ဤအချက်သည် အဓိကအချက်ဖြစ်သည်။ ကျွန်ုပ်တို့၌ ယခုဟောကြားလျက်ရှိသော ဧဝံဂေလိတရားသည် ဣသရေလလူတို့၌ဟောပြောပေးခဲ့သည့် ဧဝံဂေလိတရားနှင့်အတူတူပင်ဖြစ်ကြောင်းကို ဟေဗြဲသြဝါဒစာထဲမှ ကျွန်ုပ်တို့ လေ့လာခဲ့ရသည်။ ထိုအချက်ကို အပေါ်တွင် နောက်ဆုံးကောက်နှုတ်တင်ပြပေးထားသောကျမ်း၌လည်းတွေ့ရသည်။ အောက်ပါအချက်များကို မှတ်သားထားပါ။

၁။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်ပတ်သက်ပြီး ဘုရားသခင်က ဤသို့ပြောဆိုထားပါသည်။ "သူတို့သည် အရပ်ရပ်လည်၍၊ ဧည့်သည်နေရာပြည် ခါနာန်ပြည်ကို သူတို့အားပေးခြင်းငှါ၊ သူတို့နှင့်ငါပြုသောပဋိညာဉ်ကို ငါတည်စေပြီ။"

၂။ ထို့နောက် ထပ်မံပြောဆိုခဲ့လေသည်မှာ၊ "အဲဂုတ္တုလူတို့သည် အစေကျွန်ခံစေသော ဣသရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းခြင်းအသံကို ငါကြားရပြီ။ ငါပဋိညာဉ်ကိုလည်း ငါအောက်မေ့၏။"

၃။ မိမိသည် တစ်ခုခုသောအရာကို အောက်မေ့ပါသည်ဟု ဘုရားသခင်က ပြောဆိုလိုက်သည့်အခါတွင်၊ ထိုအောက်မေ့သည့်အရာကို သူ၏စိတ်ထဲတွင်မေ့လျော့သွားခဲ့ဘူးသည်ဆိုသည့် ပုံစံမျိုးဖြင့် သွယ်ဝိုက်ပြောနေခြင်းမဟုတ်ပါချေ။ အကြောင်းမှာ သူသည် မေ့လျော့ရန်မဖြစ်နိုင်သောကြောင့်ဖြစ်သည်။ မည်သည့်

အရာကမျှ သူ့ကိုလွဲရှောင်လို့မရနိုင်ပါချေ။ သို့စေကာမူ ဖြစ်စဉ်တော်တော်များများတွင် ကျွန်ုပ်တို့တွေ့ရှိနေရသည့်အတိုင်းပင်၊ မိမိသည် ထိုအောက်မေ့တော်မူသည်ဆိုသည့်အမှုကို ပြုတော့မည့်ဆဲဆဲဖြစ်နေပြီးဖြစ်ကြောင်းကို သူ့အနေဖြင့် အခါအားလျော်စွာ ညွှန်ပြပေးတော်မူပါသည်။ ဗာဗုလုန်မြို့အပေါ်ပြုခဲ့သည့် နောက်ဆုံးသောတရားစီရင်ခြင်းအမှုတွင် တင်ပြထားလေသည်မှာ၊ "သူ၏မတရားသောအမှုတို့ကို ဘုရားသခင် သတိရတော်မူပြီ။" ဗျာဒိတ် ၁၈း၅။ "ဘုရားသခင်သည် ပြင်းစွာသောဒေါသအမျက်တော်၏ စပျစ်ရည်ဖလားကိုတိုက်ခြင်းငှါ ဗာဗုလုန်မြို့ကြီးကို အောက်မေ့တော်မူ၏။" ဗျာဒိတ် ၁၆း၁၉။ "ဘုရားသခင်သည် နောဧ ကို အောက်မေ့၍" လွှမ်းမိုးသောရေကို ရပ်တန့်စေတော်မူခဲ့လိုက်ပါသည်။ သို့ရာတွင် သင်္ဘောထဲတွင် နောဧရှိနေခဲ့ရသည့်အချိန်တွင်လည်း ဘုရားသခင်သည် သူ့အား တခဏလေးတောင်မျှ မေ့လျော့မထားခဲ့ကြောင်းကို ကျွန်ုပ်တို့သိရှိထားကြပါသည်။ အကြောင်းမှာ စာကလေးတစ်ကောင်ကိုပင် သူသည် မေ့လျော့ထားတော်မမူသောကြောင့်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁၉း၂၉၊ ၃၀း၂၂ နှင့် ၁ဓမ္မရာဇဝင် ၁း၁၉ ကိုလည်းပြန်ကြည့်လိုက်ပါ။ "အောက်မေ့တော်မူသည်" ဆိုသည့် စကားလုံးကို သုံးနှုန်းရာတွင် ကတိပြုထားတော်မူသောအရာကို ပြီးပြည့်စုံစေလုဆဲဆဲရှိပြီးဆိုသည့်အဓိပ္ပါယ်မျိုးနှင့် သုံးနှုန်းထားသည်ကို တွေ့ရမည်။

၄။ သို့ဖြစ်သောကြောင့်၊ အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူသောကတိတော်ကို ဘုရားသခင်သည် ပြီးပြည့်စုံစေလုဆဲဆဲရှိနေခဲ့ပြီးဖြစ်ကြောင်းကို ထွက်မြောက်ရာကျမ်း အခန်းကြီး ၆ တွင် အထောက်အထားအနေဖြင့်တွေ့ရှိရသည်။ သို့ရာတွင် အာဗြဟံသည် သေဆုံးသွားခဲ့ပြီးဖြစ်သောကြောင့် ထိုကတိသည် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းအမှုတစ်ခုတည်းအားဖြင့်သာလျှင် ပြီးပြည့်စုံလာလိမ့်မည်ဖြစ်သည်။ အာဗြဟံအား ဘုရားသခင် ကျိန်ဆိုထားခဲ့သည့် ကတိတော်အချိန်ကာလသည် အလွန်နီးကပ်နေခဲ့ပြီးဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားတစ်ခုတည်းကသာ အဆုံးသောအချိန်အဖို့ ပြင်ဆင်ပေးတော်မူသည် ဖြစ်သည့်အတွက်ကြောင့် ထိုဣသရေလများအချိန်အခါ၌ ဧဝံဂေလိတရားတော်ကို သူတို့အား ဟောပြောပေးနေခဲ့သည်ဆိုသည့် သက်သေအထောက်အထားကို ဤနေရာတွင် တွေ့ရှိရပါသည်။

၅။ ဘုရားသခင်သည် မိမိလူတို့၌ မိမိကိုယ်ကိုထင်ရှားပြတော်မူခဲ့သည်။ သို့ဆိုရာတွင် ဧဝံဂေလိတရားတော်အားဖြင့်သာ သူသည် မိမိကိုယ်ကိုထင်ရှားပြတော်မူပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကို ဖေါ်ပြသောအရာများတို့သည် သူ၏ဘုရားဖြစ်ခြင်းအဖြစ်တော်ကို ထင်ရှားပြတော်မူပါသည်။

၆။ ဘုရားသခင်မိန့်တော်မူသည်ကား၊ " ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ငါသည် သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြလိမ့်မည်။" ဤတင်ပြချက်ကို အသစ်သောပဋိညာဉ်တရားနှင့်စပ်ဆိုင်သော ကတိတော်နှင့် ပြန်လည် နှိုင်းယှဉ်ကြည့်ပါ။ "နောက်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ ငါသည် သူတို့၏ဘုရားဖြစ်သည်။ သူတို့သည်လည်းငါ၏လူဖြစ်ကြလိမ့်မည်။ ထိုသူတို့က၊ ထာဝရဘုရားကိုသိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကိုတယောက် ဆုံးမသြဝါဒ မပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည် ဟုထာဝရဘုရားမိန့်တော်မူ၏။"ယေရမိ ၃၁း၃၃၊ ၃၄။ ဤအရာသည် ဧဝံဂေလိတရားကိုကြွေးကြော်ခြင်းအမှုပင်ဖြစ်သည် ဆိုသည့်အချက်အပေါ် အဘယ်သူကမျှ မေးခွန်းမထုတ်လာကြပါချေ။ သို့ရာတွင် ထိုဧဝံဂေလိတရား (ပဋိညာဉ်တရား) သည် အဲဂုတ္တုပြည်တွင် ဣသရေလတို့အားဟောကြားခဲ့သည့် ဧဝံဂေလိတရားနှင့် အတူတူသာဖြစ်သည်ဆိုသည့်အချက်ကိုမူ အချို့တို့သည် မေးခွန်းထုတ်လာကြပါသည်။

၇။ ထိုသူတို့အားကယ်နှုတ်ခြင်းအမှုသည် ဇာတိအချုပ်အနှောင်ထဲမှသည် ယာယီအမွေတော်ရှိရာအရပ်သို့ ကယ်နှုတ်ပို့ဆောင်ပေးသည့် သာမာန်ကယ်နှုတ်မှုမျိုးမဟုတ်ကြောင်းကို ဧဝံဂေလိတရားတော်ကိုဟော ခြင်းအမှုတစ်ခုတည်းအားဖြင့်သာလျှင် ဣသရေလသားသမီးများတို့ကို ကယ်နှုတ်နိုင်ပါလိမ့်မည် ဆို သည့်အချက်က သက်သေပြနေပါသည်။ ဣသရေလလူတို့သည် မိမိတို့၏ချွေ့သည်ဖြစ်ရသောအချိန် ကာလကိုသိမြင်၍၊ သစ္စာရှိစွာဖြင့် ဆက်လက်ရပ်တည်သွားခဲ့ကြမည်ဆိုလျှင်၊ သူတို့သည် အံ့သြဖွယ်ရာ အကောင်းဆုံးသော မျှော်လင့်ချက်ကြီးတစ်ခုကို မိမိတို့၏မျက်စိရှေ့တွင် မြင်တွေ့ခဲ့ကြရပေလိမ့်မည်။

## ဖာရောမင်းအား တရားဟောခြင်း

"အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ လူအမျိုးမျိုးတို့တွင် ဘုရားသခင် ကို ကြောက်ရွံ့၍ တရားသဖြင့်ကျင့်ဆောင်သောသူသည် အထံတော်၌မျက်နှာရသည်" ဆိုသည့်အရာသည် အမှန်တရားတစ်ခုပင်ဖြစ်သည်။ တမန်တော် ၁၀း၃၄၊ ၃၅။ ထိုအရာသည် နဂိုကတည်းကရှိထားနှင့်ပြီးသား ဖြစ်သောအမှန်တရားဖြစ်သည်။ ပေတရု၏ခေတ်အချိန်တွင်မှ ပေါ်ထွက်လာခဲ့သော အမှန်တရားတစ်ခုမဟုတ် ပါချေ။ အကြောင်းမှာ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောဘုရား အမြဲတမ်းဖြစ်သောကြောင့်ဖြစ်သည်။ များသောအားဖြင့် လူသားများတို့က ထိုအမှန်တရားကို အချိန်ကြာမှ သိရှိလာကြသည်။ သို့ရာတွင် ထိုသို့ သောအသိနှောင့်နှေးခြင်းအရာက ထိုအမှန်တရားကို မည်သည့်နည်းနှင့်မျှ မထူးခြားမပြောင်းလဲသွားစေနိုင်ပါ ချေ။ လူသားများအနေဖြင့် ဘုရားသခင်၏တန်ခိုးတော်ကို အသိအမှတ်ပြုကြရန် ပျက်ကွက်ကောင်း ပျက် ကွက်ကြပေလိမ့်မည်။ သို့ရာတွင် ထိုပျက်ကွက်ခြင်းအရာက ထိုသခင်၏တန်ခိုးတော်ကို ယုတ်လျော့မသွားစေ နိုင်ပါချေ။ ထို့ကြောင့်ဘုရားသခင်၏နောက်လိုက်များအနေဖြင့် ဝန်ခံထားကြသောသူအစုလိုက်အပြုံလိုက်တို့ က ဘုရားသခင်သည် လုံးဝမျက်နှာမလိုက်တတ်သောသူဖြစ်သည်ဆိုသည့်အချက်ကို များသောအားဖြင့် အသိအမှတ်မပြုပဲနေကြပြီး၊ ဘုရားသခင်သည် မိမိတို့ကိုသာချစ်ပြီး အခြားသောသူများကိုမူ မချစ်ပါဟု တွေး ထင်ထားကြသည့်အမှုအရာသည် ဘုရားသခင်၏အကျင့်စာရိတ္တကို မကျဥ်းမြောင်းသွားစေနိုင်ပါချေ။

ကတိတော်ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်အား ပေးထားတော်မူခဲ့ပါသည်။ သို့ရာတွင်၊ "အရေ ဖျားလှီးခြင်းကို မခံဘဲယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာအကြောင်းရှိစေခြင်းငှါ၊ ငါ တို့ အဘအာဗြဟံသည် ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါငှါ" ထိုကတိတော်နှင့် ကောင်းကြီးမင်္ဂလာ များတို့သည် အာဗြဟံအရေးဖျားလှီးခြင်းမခံရမီအချိန်ကတည်းက သူ့ထံသို့ရောက်လာခဲ့ခြင်းဖြစ်သည်။ (ရောမ ၄း၁၁၊၁၂) "ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောက်ျားမရှိ၊ မိန်းမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအ နွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။" ဂလာတိ ၃း၂၈၊ ၂၉။ အဲဂုတ္တုပြည်သားများ တို့သည် ယုံကြည်ခဲ့ကြမည်ဆိုလျှင် ထိုကတိတော်သည် ဣသရေလလူမျိုးများအတွက်ဖြစ်သည်သာကမ သူ တို့အတွက်လည်းဖြစ်နေပါသည်။ သည့်အပြင်မက၊ ထိုကတိတော်သည် မယုံကြည်သောအဲဂုတ္တုပြည်သားများ အတွက် မဟုတ်သည်နည်းတူ၊ မယုံကြည်သော ဣသရေလလူမျိုးများအတွက်လည်း မဟုတ်ပါချေ။ အာဗြဟံ သည် အရေလှီးခြင်းခံသောသူတို့၏အဘဖြစ်သည်။ သို့ဆိုရာတွင် "အရေဖျားလှီးခြင်းကိုခံသည်သာမက၊ အရေဖျားလှီးခြင်းကိုမခံမှီကတည်းက ယုံကြည်ခြင်းတရားကိုပိုင်ဆိုင်ထားသည့် ငါတို့အဘအာဗြဟံ၌ရှိသော ယုံကြည်ခြင်းလမ်းသို့လိုက်သော သူတို့" သာလျှင် အာဗြဟံ၏သားများ ဖြစ်နိုင်ကြလိမ့်မည်ဖြစ်ပါသည်။ အရေ ဖျားလှီးခြင်းကိုမခံသောသူသည် တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်လျှင်၊ ထိုသူ၏အရေဖျားမလှီးဘဲ အဖြစ်ကို အရေဖျားလှီးခြင်းအဖြစ်ကဲ့သို့ မှတ်ပေးတော်မူလိမ့်မည်ဖြစ်သည်။ ရောမ ၂း၂၅-၂၉ ကိုပြန်ပြီးကြည့်

လိုက်ပါ။ ဘုရားသခင်သည် ဖါရောမင်းနှင့် သူ့လူများတို့အပေါ်တွင် ဘေးဒဏ်များကို ချက်ချင်းကြီး ချတော်မမူခဲ့ကြောင်းကို မေ့လျော့မထားသင့်ပါချေ။

ညှင်းပန်းနှိပ်စက်လာသောသူတို့ကို သတ်ဖြတ်ပစ်လိုက်ခြင်းအားဖြင့် ဘုရားသခင်သည် ဣသရေလ လူမျိုးများတို့ကို ကယ်နှုတ်ဖို့ရန် မရည်ရွယ်ခဲ့ပါချေ။ အကယ်၍ဖြစ်နိုင်မည်ဆိုပါက ထိုသူတို့၏ရန်သူတို့ကို ပြောင်းလဲစေခြင်းအားဖြင့်သာ သူတို့ကို ကယ်နှုတ်ရန် ရည်ရွယ်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် “ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။” ၂ပေ ၃း၉။ “လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။” ၁တိ ၂း၄။ “အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။” ယေဇကျေလ ၃၃း၁၁။ လူသားအပေါင်းတို့သည် ဘုရားသခင်၏ဖန်ဆင်းခံသတ္တဝါများ၊ ဘုရားသခင်၏သားသမီးများဖြစ်ကြပြီး၊ နိုင်ငံ၊ လူမျိုး ခွဲခြားသတ်မှတ်ခြင်းမရှိပဲ သူတို့အားလုံးကို ထိုဘုရားသခင်ကမိမိ၏မဟာမေတ္တာနှလုံးသားတော်အားဖြင့် ပွေ့ဖက်ထားလျက်ရှိပါသည်။

ဤသို့ဖြင့် ဘုရားသခင်၏လူများတို့ကိုလွှတ်ပေးပါရန် ပန်ကြားလာခဲ့သည့် ရိုးရှင်းသောခွင့်ပန်ကြားချက်တစ်ခုသည် စစချင်းတွင် ဖါရောမင်းထံတွင် ရောက်ရှိလာခဲ့လေတော့သည်။ သို့ရာတွင် မောက်မာအတင့်ရဲစွာဖြင့် သူကဤသို့တုန့်ပြန်ခဲ့လိုက်ပါသည်။ “ထာဝရဘုရား၏စကားကို နားထောင်၍၊ ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရားကို ငါမသိ၊ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟု ဆိုလေ၏။” ထွက်မြောက်ရာ ၅း၂။ ထိုအခါတွင် နိမိတ်လက္ခဏာများကို သူ့ရှေ့တွင် ပြသပေးခဲ့လိုက်ပါသည်။ ဤနိမိတ်လက္ခဏာများတို့သည် ပထမအကြိမ်တရားစီရင်မှုများမဟုတ်သေးပါချေ။ ထိုနိမိတ်လက္ခဏာများတို့သည် ဘုရားသခင်၏တန်ခိုးတော်ကို ထင်ရှားပေါ်လွင်စေခြင်းအမှုများသာဖြစ်သည်။ သို့ရာတွင် စာတန်၏တပည့်များဖြစ်ကြသော ဖါရောမင်း၏မျက်လှည့်ပညာရှင်များတို့သည် ဤနိမိတ်လက္ခဏာများကို တုပလုပ်ဆောင်ခဲ့ကြပါသည်။ ထိုအခါ ဖါရောမင်း၏နှလုံးသားသည် အရင်ကထက် ပိုမိုမာကြောလာခဲ့ပါသည်။ သို့စေကာမူ မျက်လှည့်ပညာရှင်များတုပခဲ့သည့် နိမိတ်လက္ခဏာများအလယ်တွင် ဘုရားသခင် ၏ သာလွန်သည့်တန်ခိုးသည် ပေါ်လွင်ထင်ရှားနေခဲ့ကြောင်းကို သေသေချာချာလေ့လာဖတ်ရှုသွားသောသူ အနေဖြင့် တွေ့မြင်ရပေလိမ့်မည်။

ထာဝရဇီဝဂေလီတရားသင်ခန်းစာအတွဲတွင် ရှေ့ဆက်လေ့လာသွားမည့် နောက်အကြောင်းအရာတစ်ခုမှာ၊ ဖါရောမင်း၏စိတ်နှလုံးကို မည်ကဲ့သို့ မာကြောစေတော်မူခဲ့သနည်းဆိုသည့်မေးခွန်းအပေါ်အဓိက အခြေခံထားသည့် အကြောင်းအရာတစ်ခုပင်ဖြစ်ပေသည်။

## ၁၉။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ဖါရောမင်း၏နှလုံးကိုအဘယ်သို့ ခိုင်မာစေတော်မူခဲ့သနည်း။
## ယနေ့အတွက်သမ္မာတရား၊ စက်တင်ဘာ ၁၀၊ ၁၈၉၆

ဖါရောမင်းအား အနုနည်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကို အသိအမှတ်ပြုလာအောင် လုပ်ဆောင်ပေး၍မရတော့သောအခါတွင်၊ တရားစီရင်ခြင်းအမှုတို့ကို စေလွှတ်ပေးလာခဲ့လေတော့သည်။ အစမှအလယ်အဆုံး အလုံးစုံကိုသိတော်မူသော ဘုရားသခင်က၊ ဖါရောမင်း၏စိတ်နှလုံးကို ခိုင်မာစေမည်၊ မိမိကိုယ်တော်တိုင်ပင်ခိုင်မာစေတော်မူလိမ့်မည်ဟု မိန့်မြွက်ထားခဲ့သည်အတိုင်း အမှန်တကယ်ဖြစ်လာခဲ့ပါသည်။ သို့ဆိုရာတွင် အကယ်၍ဖါရောမင်းသည် သူ့ထံသို့ပြန်လှည့်လာလိုသည့်စိတ်ဖြစ်ပေါ်လာလျှင် ထိုမင်းအနေဖြင့် ပြန်မလှည့်နိုင်ရန်အတွက် ဘုရားသခင်သည် သူ၏စိတ်ဆန္ဒသဘောကိုဆန့်ကျင်ဘက်ပြုလျက် သူ၏ နှလုံးသားကို တမင်တကာခိုင်မာနေစေလိမ့်ဦးမည်ဟူ၍ ထင်မြင်မိစရာအကြောင်းမရှိပါချေ။ အမှန်တရားကို ငြင်းပယ်ပြီး၊ လိမ်လည်မှုကိုချစ်မြတ်နိုးသောသူတို့အနေဖြင့် ထိုလိမ်လည်မှုကို ယုံကြည်လာနိုင်ကြဖို့ရန်အတွက် ဘုရားသခင်သည် ထိုသူတို့အပေါ်တွင် ပြင်းစွာသောလှည့်ဖြားခြင်းကို စေလွှတ်ပေးတော်မူပါသည်။ လူတိုင်းတွင် မိမိတို့အလိုရှိဆုံးသောအရာတို့ကို ပိုင်ဆိုင်ထားကြပါသည်။ တစ်စုံတစ်ယောက်သောသူသည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်လိုလျှင် ထိုသူသည် အဘယ်သို့ဆောင်ရွက်ရမည် ဆိုသည့်သွန်သင်မှုကို သိရှိလိမ့်မည်ဖြစ်ပြီး၊ သမ္မာတရားကို ငြင်းပယ်လိုသောသူ၏အတွက်မှာမူ အမှောင်ထုနှင့် လှည့်ဖြားခြင်းအမှုသာ ရှိရစ်နေလိမ့်မည်ဖြစ်သည်။

ဖာရောမင်း၏စိတ်နှလုံး ခိုင်မာနေခြင်းအမှုသည် ဘုရားသခင်၏ကရုဏာတော်ပေါ်လွင်ထင်ရှားခြင်းအကြောင်းသာဖြစ်သည်ဆိုသည့်အချက်သည် စိတ်ဝင်စားစရာကောင်းသော အချက်တစ်ချက်ဖြစ်သည်။ ဘုရားသခင်၏ ရိုးရှင်းလှသောတောင်းဆိုမှုသည် မထီမဲ့မြင်ပြုခြင်းခံရလျက် အငြင်းပယ်ခံခဲ့ရပါသည်။ ထိုအခါတွင် ဘေးဒဏ်များစတင်ကျရောက်လာခဲ့ပါတော့သည်။ သို့ရာတွင် ချက်ချင်းကြီးတော့မဟုတ်ပါချေ။ ဖါရောမင်းအနေဖြင့် ဆင်ခြင်သုံးသပ်မှုပြုနိုင်မည့် လုံလောက်သည့်အချိန်အကန့်အသတ်တစ်ခုကို ထိုစပ်ကြားတွင် သူ့၌ ပေးထားတော်မူခဲ့ပါသည်။ သို့ရာတွင် ဝိဇ္ဇာဆရာတို့၏တန်ခိုးသည် မောရှေနှင့် အာရုန်တို့ပြခဲ့သောတန်ခိုးနှင့် ရင်ဘောင်တန်းကာယှဉ်ပြိုင်လို့ရသေးသမျှကာလပတ်လုံး ဖါရောမင်းသည် သူတို့ကို မထုတ်ပေးခဲ့ပါချေ။ ထိုအခါတွင် ဝိဇ္ဇာဆရာတို့၏တန်ခိုးထက် သာလွန်ကြီးမြတ်သောတန်ခိုးတစ်ခုသည် ပေါ်လွင်ထင်ရှားလာခဲ့ပါသည်။ ထိုဝိဇ္ဇာဆရာများတို့သည် ပြည်ပေါ်တွင် ဖားများကိုဆောင်ခဲ့ကြသည်။ သို့ရာတွင် ထိုဖားတို့ကို သူတို့အနေဖြင့် ပြန်ပြီးမောင်းမထုတ်နိုင်ခဲ့ကြပါချေ။ "ထိုအခါ ဖါရောမင်းသည်၊ မောရှေနှင့် အာရုန်ကိုခေါ်၍၊ ထာဝရဘုရားသည် ဘားတို့ကိုငါနှင့်ငါ့လူတို့ထံမှ ပယ်ရှားတော်မူမည်အကြောင်း တောင်းပန်လော့။ ဣသရေလ လူတို့သည် ထာဝရဘုရားအား ယဇ်ပူဇော်ရသောအခွင့်ကို ငါပေးမည်ဟုဆို၏။" ထွက်မြောက်ရာ ၈း၈။ ဘုရားသခင်က မိမိကိုယ်ကို ငါဖြစ်သည်အတိုင်း ငါဖြစ်သည်ဟု ခေါ်ဆိုရခြင်းကို ဖါရောမင်းအနေဖြင့် ယခုအခါတွင် ပြည့်ပြည့်ဝဝကြီး သဘောပေါက်သွားခဲ့ပြီးဖြစ်သည်။

"အာရုန်နှင့်အတူ အထံတော်မှထွက်သွား၍၊ ဖါရောဘုရင်အပေါ်သို့ ထာဝရဘုရားဆောင်တော်မူသော ဘားတို့အကြောင်းကြောင့်၊ မောရှေသည် ဆုတောင်းပဌနာပြုလေ၏။ ထာဝရဘုရားသည် မောရှေတောင်းလျှောက်သော စကားအတိုင်းပြုတော်မူသဖြင့်၊ ဘားတို့သည် အိမ်များ၊ ရွာများ၊ လယ်ပြင်များတို့တွင် သေကြ၏။ အသေကောင်တို့ကို စုပုံ၍ထားသဖြင့် တပြည်လုံးနံလေ၏။ ဖါရောမင်းလည်း၊ သက်သာရကြောင်းကို သိမြင်သောအခါ၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ နှလုံးခိုင်မာ၍ သူတို့စကားကို နားမထောင်ဘဲ နေပြန်လေ၏။" အခန်းငယ် ၁၂-၁၅။

“မတရားသောသူသည် ကျေးဇူးကိုခံရသော်လည်း၊ တရားကိုမသင်တတ်ပါ။ တရားကျင့်ရာပြည်၌ပင် အဓမ္မပြု၍၊ ထာဝရဘုရား၏ဘုန်းတော်ကို ပမာဏမပြုတတ်ပါ။” ဟေရှာယ ၂၆း၁၀။ ဖါရောမင်း၌ ထိုသို့ဖြစ်နေခဲ့ပါသည်။ ဘုရားသခင်၏တရားစီရင်ခြင်းအမှုက သူ၏မောက်မာသောအကြံအစည်ကို ပျော့ပြောင်းအားနည်းသွားစေခဲ့ပါသည်။ သို့ရာတွင် “သက်သာရကြောင်းကို သိမြင်သောအခါ၊... နှလုံးခိုင်မာ၍၊ (အင်္ဂလိပ်ကျမ်းစာအရေးအသားတွင် သူ၏နှလုံးကို သူကပြန်ပြီးခိုင်မာစေ၍)"

တဖန် ဘုရားသခင်၏အမိန့်တော်ရှိသည်အတိုင်း ယင်ရဲအစုလိုက်အပြုံလိုက် ကျရောက်လာခဲ့သည်။ ထိုအခါ ဖါရောမင်းက၊ “သင်တို့၏ဘုရားသခင်ထာဝရဘုရားအား၊ တော၌ ယဇ်ပူဇော်မည်အကြောင်း၊ သွားရသောအခွင့်ကို ငါပေးမည်။ သို့ရာတွင် ဝေးဝေးမသွားရကြ။ ငါ့အဘို့တောင်းပန်လော့ဟု မိန့်တော်မူ၏။ မောရှေကလည်း၊ အကျွန်ုပ်သည် ကိုယ်တော်ထံမှထွက်သွား၍ ယင်ရဲတို့သည် ဖါရောဘုရင်နှင့်သူ၏ကျွန်များ၊ လူများထံမှ၊ နက်ဖြန်နေ့သွားမည်အကြောင်း ထာဝရဘုရားကိုတောင်းပန်ပါမည်။ သို့ရာတွင် ဣသရေလလူတို့သည် ထာဝရဘုရားအား ယဇ်မပူဇော်ရမည်အကြောင်း၊ နောက်တဖန်ဆီးတား၍ လှည့်စားတော်မမူပါနှင့်ဟု လျှောက်ပြီးလျှင်၊ ဖါရောဘုရင်ထံမှထွက်သွား၍ ထာဝရဘုရားကို တောင်းပန်လေ၏။ ထာဝရဘုရားသည်လည်း၊ မောရှေစကားကိုနားထောင်၍ ယင်ရဲတို့ကို ဖါရောဘုရင်နှင့်သူ၏ကျွန်များ၊ လူများထံမှာ တကောင်မျှမကျန်စေခြင်းငှါ ပယ်ရှားတော်မူ၏။ ထိုအခါ၌လည်း၊ ဖါရောဘုရင်သည် နှလုံးခိုင်မာပြန်၍၊ ဣသရေလလူတို့ကို မလွှတ်ဘဲနေလေ၏။” ထွက်မြောက်ရာ ၈း၂၈-၃၂။

ဤသို့ဖြင့် ဘေးဒဏ်တစ်ခုပြီးတိုင်းပြီးတိုင်းတွင် ထိုသို့သာဆက်လက်ဖြစ်နေခဲ့လေတော့သည်။ ဖြစ်ပေါ်သွားခဲ့သည့်အဖြစ်အပျက်တစ်ခုချင်းစီတိုင်းတွင်ပါရှိသည့် အဆင့်တစ်ဆင့်စီတိုင်းကို ဖော်ပြမထားပေးပါချေ။ သို့ရာတွင် ဖါရောမင်း၏နှလုံးကို ခိုင်မာစေသောအရာမှာ ဘုရားသခင်၏ စိတ်ရှည်သည်းခံတော်မူခြင်းနှင့် သူ၏ကရုဏာတရားပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ခရစ်တော်၏ခေတ်တွင် မြောက်များစွာသောသူတို့ကို နှစ်သိမ့်မှုပေးခဲ့သည့် တမျိုးတည်းသောတရားဟောချက်သည် အခြားသောသူများတို့ကို ခရစ်တော်အားဆန့်ကျင်ကြရာတွင် ပိုမိုခါးသီးပြင်းထန်လာစေခဲ့ပါသည်။ စိတ်နှလုံးခိုင်မာလျက်၊ ဘုရားသခင်ကို ငြင်းပယ်သောသူယောက်တိုင်းစီတို့သည် ထင်ရှားပြတော်မူသော ဘုရားသခင်၏ကရုဏာတော်ကိုလည်း ငြင်းပယ်နေကြပြီးဖြစ်ကြောင်းကို တရားစီရင်ခြင်းအမှုက ဖော်ပြတော်မူလိမ့်မည်ဖြစ်သည်။

## ဖါရောမင်းအတွက် ဘုရားသခင်၏အကြံအစည်တော်

“တဖန်ထာဝရဘုရားက၊ နံနက်စောစောထ၍၊ ဖါရောဘုရင်ရှေ့မှာရပ်လျက်၊ ဟေဗြဲလူတို့၏ ဘုရားသခင်ထာဝရဘုရားက၊ ငါ၏လူတို့သည် ငါ့အားဝတ်ပြုမည်အကြောင်း၊ သွားရသောအခွင့်ကိုပေးလော့။ သို့မဟုတ် ယခုကာလအခါ သင်၏နှလုံး၌၎င်း၊ သင်၏ကျွန်များ၊ လူများ၌၎င်း၊ ငါ၏ဘေးဒဏ်အလုံးစုံတို့ကို သင့်ရောက်စေမည်။ မြေကြီးတရှောက်လုံး၌ ငါကဲ့သို့သောသူ မရှိကြောင်းကိုသင်သည် သိရလိမ့်မည်။ ငါ့လက်ကို ငါဆန့်၍ သင်နှင့်သင်၏လူတို့ကို ကာလနာဖြင့်ဒဏ်ခတ်မည်။ သင့်ကိုလည်း မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းမည်။ အကယ်စင်စစ် ငါ့တန်ခိုးကို သင်၌ငါပြခြင်းငှါ၎င်း၊ ငါ့နာမကို မြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်းငှါ၎င်း၊ သင့်ကိုငါချီးမြှောက်ခဲ့ပြီ။” ထွက်မြောက်ရာ ၉း၁၃-၁၆။

ဤကျမ်းကို မူရင်းဟေဗြဲစာနှင့်တိကျစွာတူညီသည့် ဒေါက်တာ ခလစ်ရှ် (DR.KALISCH) ၏ ကျမ်းစာဘာသာပြန်ဆိုမှုတွင်၊ ဤသို့ဖတ်ရှုရပါသည်။ “ယခုတွင် ငါသည် ငါ၏လက်တော်ကိုဆန့်တန်းပြီး သင်နှင့်တကွ သင်၏လူတို့ကို ကပ်ရောဂါဖြင့်ဒဏ်ခတ်မည်။ သင့်အားလည်း မြေကြီးပေါ်မှ သုတ်သင်ပါယ်ရှင်းလိုက်မည်။ သင့်အား ငါ၏တန်ခိုးတော်ကို ပြသရန်နှင့်၊ ငါ၏နာမကို မြေကြီးတပြင်လုံးသို့ သိရှိစေရန်အဖို့ အလို့ငှါသာ သင့်အား ငါသည် အသက်ရှင်စေတော်မူပြီးဖြစ်သည်။” ပြန်ပြီးနှိုင်းယှဉ်ကြည့်လိုက်သောအခါတွင်

ဤအထက်ပါကောက်နုတ်တင်ပြချက်၏အဓိပ္ပါယ်မျိုးကို REVISED VERSION ကျမ်းစာတွင်လည်း ဖော်ပြထား ပါသည်။ သို့ရာ တွင် ဤတင်ပြချက်လောက်တော့ မရှင်းလင်းပါ။

မိမိ၏အာဃာတအငြိုးများကို သူ၏အပေါ်တွင်သက်ရောက်စေလိုသည့်ရည်ရွယ်ချက်ဖြင့် ဘုရားသခင်သည် ဖာရောမင်းကိုဖြစ်တည်လာစေခဲ့ပါသည်ဟူ၍ မကြာခဏဆိုသလို မသိမသာလေးဖြင့် တွေးတောထင်မြင်ခြင်းအမှုသည် မှန်ကန်သည့်အရာတစ်ခုမဟုတ်ပါ။ ထိုသို့သောအတွေးအခေါ်မျိုးသည် ဘုရားသခင်၏အကျင့်စာရိတ္တတော်ကို မထီမဲ့မြင်အပြုဆုံးသော အတွေးအခေါ်တစ်ခုဖြစ်သည်။ အမှန်အားဖြင့်ဆိုလျှင် စလျင်စချင်းတွင်ပင်၊ ဘုရားသခင်သည် ဖါရောမင်းကို သုတ်သင်ပယ်ရှင်းလိုက်ပြီး၊ မည်သည့် နှောင့်နှေးခြင်းမျှမရှိပဲနှင့် မိမိ၏လူများတို့ကို ကယ်နုတ်သွားနိုင်ပါသည်။ သို့ရာတွင် ထိုသို့ပြုမူခြင်းအမှုသည်၊ နောင်တရဖို့ရန်အတွက် လူသားအယောက်စီတိုင်းတို့ကို ကြွယ်ဝသောအခွင့်အရေးကိုပေးသနားတော်ပါသည်ဆိုသည့် ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောလုပ်နည်းလုပ်ဟန်နှင့် ဆက်စပ်မှုမရှိပါချေ။ ဖါရောမင်း၏ ခေါင်းမာခြင်းအမှုအရာအပေါ် ဘုရားသခင်သည် ကြာရှည်စွာသည်းခံလာခဲ့ပြီးဖြစ်ကာ၊ ယခုအခါတွင် သာ၍ ပြင်းထန်သောတရားစီခြင်းအမှုများတို့ကို စေလွှတ်ဖို့ရန် သူသည်အစပြုခဲ့လိုက်ပြီးဖြစ်သည်။ သို့ရာတွင် မိမိ၏မတရားသောအမှုထဲမှ ပြန်လည်ထွက်ခွါလာနိုင်ဖို့အတွက်ကိုရည်ရွယ်လျက် ဘုရားသခင်သည် တရားမျှတသောသတိပေးချက်ကို ထိုမင်းအား ပေးတော်မူခဲ့ပါသည်။

မိမိ၏တန်ခိုးတော်ကို ဖါရောမင်းအားပြသပေးနိုင်ဖို့ရန်အတွက်၊ ဘုရားသခင်သည် ထိုမင်းအားအသက်ဆက်ရှင်ခွင့်ကိုပေးထားခဲ့ကာ၊ မိမိ၏အပြင်းထန်ဆုံးသော စီရင်ချက်များတို့ကို ထိုမင်းအပေါ်တွင်စေလွှတ်ဖို့ရန် ဘုရားသခင် သည်ငံ့လင့်ထားခဲ့ပြီးဖြစ်ပေသည်။ သို့ရာတွင် မိမိလူတို့၏ကယ်တင်ခြင်းအတွက် ထိုအချိန်တွင် ဘုရားသခင်၏တန်ခိုးတော်သည် ပေါ်လွင်ထင်ရှားနေခဲ့ပါသည်။ ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဆိုသည်မှာ ဧဝံဂေလိတရားသာဖြစ်ပါသည်။ ထို့ကြောင့် ဖါရောမင်း၏ခေါင်းမာမှုကို မျက်ကွယ်ပြုလျက်၊ ဧဝံဂေလိတရားတော်ကိုလေ့လာနိုင်မည့် ပြည့်လျှံလုံလောက်သောအခွင့်အရေးကို ပေးသနားတော်မူသည့်အနေဖြင့် ဘုရားသခင်သည် သူ့အား ဆက်လက်ပြီးအသက်ရှင်ခွင့်ပေးခဲ့ပါသည်။ ထို ဧဝံဂေလိတရားသည် ဖါရောမင်းအားကယ်တင်ပေးနိုင်စွမ်းရှိသကဲ့သို့ ဣသရေလလူမျိုးများအားလည်း ကယ်တင်နိုင်စွမ်းရှိပါသည်။

စီစစ်တည်းဖြတ်ထားသည့် ဘာသာပြန်ဆိုချက်များတို့ကို အသုံးပြုထားရခြင်းအကြောင်းမှာ၊ ထိုပြန်ဆိုချက်များတို့သည် ရိုးရိုးသာမာန်ဘာသာပြန်တင်ဆက်မှုများတို့ထက် ပိုမိုရှင်းလင်းသောကြောင့်ဖြစ်သည်။ သာမာန်ဘာသာပြန်တင်ဆက်မှုတွင် မရှိသည့်အမှန်တရားများကို စီစစ်တည်းဖြတ်ထားသည့်ပြန်ဆိုမှုတွင် တွေ့ရှိရသည့်အတွက်ကြောင့်မဟုတ်ပါချေ။ (တနည်းအားဖြင့် ဖော်ပြပုံခြင်းမတူသော်လည်း ဖော်ပြထားသည့်အမှန်တရားမှာကား တမျိုးတည်းသာဖြစ်သည်ကိုဆိုခြင်းဖြစ်သည်။) ရိုးရိုးသာမာန် ဘာသာပြန်တင်ဆက်မှုတွင် ကြည့်ပါ၊ "သင့်အား ငါ၏တန်ခိုးတော်ကို ပြသပေးခြင်းငှါငှင်း၊ ငါ၏နာမတော်ကို လောကတစ်ခုလုံးတွင် ဖော်ပြစေခြင်းငှါငှင်း၊ စင်စစ်အားဖြင့် ဤအကြောင်းကြောင့် ငါသည် သင့်အားပေါ်ထွန်းစေပြီ။" ပေါ်ထွန်းစေသည်ဟု ဆိုရာတွင် ဖါရောမင်းအား ပလ္လင်ပေါ်တွင် ချီးမြောက်နေရာပေးခြင်းကို ရည်ညွှန်းပြောဆိုထားခြင်းပင်ဖြစ်သည်။ ယခုဆိုလျှင် ဘုရားသခင်သည် ဖါရောမင်းအား ဘေးဒဏ်သင့်စေဖို့ရန်နှင့် သုတ်သင်ပယ်ရှင်းဖို့ရန် ရည်ရွယ်ချက်ဖြင့် သူ့အား ပေါ်ထွန်းစေတော်မူခဲ့ပါသည်ဆိုသည့် ပြဋ္ဌန်းချက်မျိုးနှင့် လုံးဝအလှမ်းဝေးသွားပြီးဖြစ်ပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကိုထင်ဟပ်စေရန်နှင့် ထိုသခင်၏နာမတော်ကိုလည်း လောကကမ္ဘာတစ်ခုလုံးတွင် သိရှိစေရန်ဆိုသည့်ရည်ရွယ်ချက်နှင့်သာ ဖါရောမင်းအား ပေါ်ထွန်းစေတော်မူခဲ့ကြောင်းကို အထက်ပါကောက်နုတ်ထားသည့် ဘာသာပြန်ကျမ်းချက်မှ တင်ပြပေးထားပါသည်။ ဘုရားသခင်သည် လူသားများအားဖျက်စီးပစ်လိုက်တော်မူခြင်းအားဖြင့်သာလျှင် မိမိ၏တန်ခိုးတော်ကိုပြသနိုင်၍၊ မိမိ၏နာမတော်ကို သိရှိစေနိုင်ပါသည်ဟု ကောက်ချက်ချခြင်းသည် ဘုရားသခင်ကို မထီမဲ့ပြင်ပြုနေခြင်းပင်ဖြစ်

ပြီး ဧဝံဂေလိတရားတော်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ "သူ၏ကရုဏာတော်သည် အစဥ်အမြဲတည်တော်မူပါသည်။"

ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိ၏နာမတော်ကို လောကကမ္ဘာတခုလုံး၌ ကြွေးကြော်သိရှိစေရန်ဖြစ်သည်။ ဤရည်ရွယ်ခဲ့သည့်အတိုင်းလည်း ဖြစ်လာခဲ့ပါသည်။ အကြောင်းမှာ နောက်ထပ်နှစ်ပေါင်းလေးဆယ်ခန့်တွင်၊ ခါနန်လူတို့သည် ချဥ်းကပ်လာခဲ့သောဣသရေလလူမျိုးများတို့ကို ကြောက်လန့်နေခဲ့ကြကြောင်းကို ကျွန်ုပ်တို့ ဖတ်ရှုခဲ့ရသည်။ ကြောက်လန့်နေခဲ့ကြရသည့်အကြောင်းမှာ ဣသရေလလူမျိုးတို့ကို ဘုရားသခင်သည် အဲဂုတ္တုပြည်မှ မည်ကဲ့သို့နှုတ်ဆောင်လာခဲ့ကြောင်းကို ထိုသူတို့သည် ပြန်လည်အောက်မေ့လာခဲ့သောကြောင့်ဖြစ်သည်။ အကယ်၍သာ ဖါရောမင်းသည် ဘုရားသခင်၏အလိုတော်၌ မိမိကိုယ်ကိုအပ်နှံထားခဲ့မည်ဆိုလျှင် ဘုရားသခင်၏ရည်ရွယ်ချက်သည်လည်း အလျင်အမြန်ပြီးပြည့်စုံလာခဲ့ပေလိမ့်မည်ဖြစ်သည်။ ဖါရောမင်းသည် ဘုရားသခင်ကို အသိအမှတ်ပြုပြီး မိမိ၌ဟောကြားပေးခဲ့သော ဧဝံဂေလိတရားကို လက်ခံခဲ့မည်ဆိုလျှင် မည်သည့်ရလဒ်မျိုးထွက်ပေါ်လာပါလိမ့်မည်နည်း။ မောရှေပြုခဲ့သကဲ့သို့ သူပြုလုပ်ခဲ့ပေလိမ့်မည်ဖြစ်သည်။ ခရစ်တော်ကြောင့်ခံရမည့်ဆင်းရဲဒုက္ခကို ရယူနိုင်ဖို့ရန်နှင့် ထာဝရအမွေတော်ပြည်တွင် နေရာတစ်နေရာကိုရရှိနိုင်ဖို့ရန်အတွက် သူသည် အဲဂုတ္တုပြည်၏ပလ္လင်ကို စွန့်ထားခဲ့လိမ့်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် လောကကမ္ဘာတစ်ခုလုံးသို့ ဘုရားသခင်၏နာမတော်အကြောင်းကို ကြွေးကြော်ဝေငှရာတွင် သူသည် ထိရောက်မှုအရှိဆုံးသောကိုယ်စားလှယ်တော်တစ်ဦး ဖြစ်လာခဲ့လိမ့်မည်ဖြစ်ပေသည်။ ခွန်အားကြီးသောဘုရင်တစ်ပါးက ဧဝံဂေလိတရားကိုလက်ခံလိုက်သည်ဆိုသည့် အချက်သည်၊ ဘုရားသခင်၏ နာမတော်အကြောင်းကို လူများတို့အား ထိရောက်စွာ သိရှိသွားစေနိုင်လိမ့်မည်ဖြစ်သည်။ ဘေးဒဏ်များအကြောင်းကို သိရှိသွားခဲ့ကြရသည့်နည်းတူပင် ထိုနာမတော်အကြောင်းကို သိရှိလာခဲ့ကြလိမ့်မည်ဖြစ်သည်။ ပေါလုကဲ့သို့ပင် ဖါရောမင်းသည်လည်း ဘုရားသခင်၏လူတို့ညှဥ်းပန်းနှိပ်စက်သောသူတစ်ဦးအဖြစ်မှ ယုံကြည်ခြင်းတရားအကြောင်းကို ဟောပြောသောဓမ္မဆရာတစ်ဦးအဖြစ်သို့ ပြောင်းလဲလာခဲ့ပေလိမ့်မည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဖါရောမင်းသည် မိမိပြစ်ဒဏ်စီရင်ခြင်းခံရမည့်နေ့ကို မသိကျေးကျွန်ပြုထားခဲ့မိသည့်အချက်ပင်ဖြစ်သည်။

မိမိ၏နာမတော်ကို လောကကမ္ဘာတစ်ခုလုံးသို့ သိရှိစေရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်အကြီးအစည်ပင်ဖြစ်သည်ဆိုသည့်အချက်ကို အဓိကမှတ်သားထားပါ။ ဤအလုပ်သည် တစ်ထောင့်တစ်နေရာလေးတွင်၌သာ ပြီးမြောက်ရမည့်အလုပ်မျိုးမဟုတ်ခဲ့ပါချေ။ အဲဂုတ္တုပြည်မှ ကယ်နှုတ်တော်မူခြင်းအမှုသည် လောကကမ္ဘာ၏တစ်ထောင့်တနေရာတွင်ရှိသည့် အနည်းငယ်သောလူတစ်စုတို့နှင့်သာသက်ဆိုင်ခဲ့သည့်အရာတစ်ခုမဟုတ်ပါချေ။ "လူသားအားလုံးတို့နှင့်" သက်ဆိုင်နေခဲ့ပါသည်။ အာဗြဟံ၌ ထားတော်မူခဲ့သည့်ကတိတော်နှင့်အညီ ဘုရားသခင်သည် ဣသရေလသားသမီးများတို့ကို အချုပ်အနှောင်ထဲမှ ကယ်နှုတ်ပေးတော်မူမည်ဖြစ်သည်။ သို့ရာတွင် ထိုကယ်နှုတ်ခြင်းသည် သူတို့ (ဣသရေလလူတို့) ၏ကောင်းစားရေးတစ်ခုတည်းအတွက်သာ မဟုတ်ပါချေ။ သူတို့အားကယ်နှုတ်တော်မူခြင်းအားဖြင့် ဘုရားသခင်၏နာမတော်နှင့်တန်ခိုးတော်ကို ရှိရှိသမျှသော လောကီနိုင်ငံအစွန်အဖျားများအထိသို့ သိရှိစေရန်ဖြစ်ပါသည်။ အာဗြဟံ၌ကျိန်ဆိုတော်မူခဲ့သည့် ဂတိတော်အချိန်ကာလသည် သာ၍နီးကပ်လာခဲ့ပါသည်။ သို့စေကာမူ ထိုကတိတော်တွင် ကမ္ဘာတစ်ခုလုံးပါဝင်နေသည် ဖြစ်သည့်အတွက်ကြောင့်၊ ဧဝံဂေလိတရားတော်ကို ကျယ်ပြန့်စွာဟောပြောဖို့ရန် လိုအပ်လာခဲ့ပါသည်။ ဣသရေလသားသမီးများတို့သည် ဤဟောပြောခြင်းအမှုကိုပြုဖို့ရန်အတွက် ရွေးချယ်ခြင်းခံထားရသော ဘုရားသခင်၏ကိုယ်စားလှယ်တော်များဖြစ်ကြပါသည်။ သက်ရှိကလာပ်စည်းများ၏ ဗဟိုအနေဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် သူတို့ပတ်ပတ်လည်တွင် သူတို့၌ဗဟိုပြုနေရန်ဖြစ်ပါသည်။ ကိုးစားယုံကြည်ခြင်းအရာ၌ မိမိတို့သည်သစ္စာမရှိကြကြောင်းကို ထိုဣသရေလလူတို့သည် သက်သေပြသွားခဲ့ကြပါသည်။ သူတို့၏ သစ္စာမရှိမတည်ကြည်ခြင်းအရာက ဘုရားသခင်၏ အကြံအစည်တော်ကို နှောင့်နှေးကြန့်ကြာသွားစေခဲ့ပါသည်။ သို့ရာတွင် အကြံအစည်တော်ကို မပြောင်းလဲသွားစေနိုင်ခဲ့ပါချေ။

ဘုရားသခင်၏နာမတော်ကို ကြွေးကြော်ဖို့ရန် ထိုသူတို့သည် ပျက်ကွက်ခဲ့ကြပြီး၊ ထိုနာမတော်ကို ညှဉ်းပယ်သွားခဲ့ကြသည့်အခြေအနေအထိတိုင် ရောက်ရှိသွားခဲ့ကြသော်လည်း၊ “ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတပြင်လုံး၌နှံ့ပြားလိမ့်မည်။” ဟု ဘုရားသခင်က မိန့်မြွက်သွားတော်မူခဲ့ပါသည်။

## ၂၀။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – အသက်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်ခြင်း
## ယနေ့အတွက်သမ္မာတရား ၊ စက်တင်ဘာ ၁၇၊ ၁၈၉၆

မောရှေ၏အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုရလေသည်မှာ၊ "ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမျက်ကို မကြောက်ဘဲ၊ အဲဂုတ္တုပြည်ကိုစွန့်သွား၏။ အကြောင်းမူကား၊ မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏။ သားဦးများကို ဖျက်ဆီးသောသူသည် ဣသရေလလူတို့ကို ဒဏ်မခတ်စေခြင်းငှါ၊ ယုံကြည်ခြင်းအားဖြင့် ပသခါပွဲကိုင်၊ အသွေးဖြန်းဆွတ်ခြင်းကိုင်၊ စောင့်လေ၏။" ဟေဗြဲ ၁၁း၂၇၊ ၂၈။ ကြောက်ရွံ့ပြီးမှ ထွက်ပြေးလာခဲ့ရသည့် စစချင်းအချိန်တုန်းက မောရှေသည် အဲဂုတ္တုပြည်ကို ယုံကြည်ခြင်းအားဖြင့် ကျောမခိုင်းထားခဲ့သေးပါချေ။ သို့ရာတွင် ပသခါပွဲဝင်ပြီးမှ ပြန်လည်ထွက်ခွါလာခဲ့သည့်အခါတွင် သူသည် ထိုပြည်ကို ယုံကြည်ခြင်းအားဖြင့် ကျောခိုင်းထားခဲ့လိုက်ပါသည်။ ထိုအခါတွင် ရှင်ဘုရင်၏အမျက်တော်သည် သူ့အတွက် ဘာမျှမဟုတ်တော့ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ သူသည် "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ" နေခဲ့သောကြောင့်ဖြစ်သည်။ သူသည် ဘုရင်တကာတို့၏ဘုရင်ဖြစ်တော်မူသော ပုဂ္ဂိုလ်ကြီး၏ကွယ်ကာမှုအောက်တွင် ရှိနေခဲ့ပါသည်။ ဤကျမ်းထဲတွင် မောရှေတစ်ဦးတည်း၏အကြောင်းကိုသာ တင်ပြပြောဆိုထားသည်ဆိုသော်ငြားလည်း၊ ဣသရေလသားသမီးများထဲတွင် မောရှေတစ်ဦးတည်းကသာ ယုံကြည်ခြင်းရှိခဲ့ပါသည်ဟု ကျွန်ုပ်တို့အနေဖြင့် ထင်မှတ်စရာအကြောင်းမရှိပါချေ။ အကြောင်းမှာ ထိုသူတို့တစ်အုပ်စုလုံးတို့သည် "ယုံကြည်ခြင်းအားဖြင့် ဒေ့ပင်လယ်အလယ်၌ လျှောက်သွား"ခဲ့ကြသည်ဆိုသည့်အကြောင်းကို နောက်အခန်းငယ်တစ်ခုထဲတွင် ကျွန်ုပ်တို့အနေဖြင့် ပြန်လည်ဖတ်ရှုရသည့်အတွက်ကြောင့်ဖြစ်သည်။ သို့စေကာမူ၊ အဲဂုတ္တုပြည်မှထွက်လာခဲ့ကြသည့်လူတစ်အုပ်စုလုံးထဲတွင် မောရှေ တစ်ဦးတည်းကသာ ယုံကြည်ခြင်းရှိခဲ့ပါသည်ဆိုသည့်အချက်သည် မှန်ကန်နေသည်ဆိုစေဦးတော့၊ ကျန်သည့်အခြားသူများအားလုံးတို့သည်လည်း မောရှေထွက်လာခဲ့သည့်ပုံစံအတိုင်း ထွက်လာကြရမည်ဖြစ်ပြီး၊ ထိုကယ်နှုတ်ခြင်းအမှုတစ်ခုလုံးသည်လည်း ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောအလုပ်သာဖြစ်ကြောင်းကို ထိုအချက်က သက်သေပြနေခဲ့လိမ့်ဦးမည်ဖြစ်ပါသည်။

မောရှေသည် "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏။" ယကနေ့ခေတ်စစ်မှန်သောခရစ်ယာန်များ အသက်ရှင်နေထိုင်နေကြသည့်ပုံစံအတိုင်းသာ မောရှေအသက်ရှင်နေထိုင်ခဲ့ပါသည်။ ထိုတူညီချက်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။ "အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းအကြောင်း ရှိစေခြင်းငှါ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်ကို ငါတို့သည်ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့ကိုတဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သောကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း။ အရည်ကျိုချ၍စုံစမ်းခြင်းကိုခံနိုင်သော်လည်း၊ ပျက်စီးတတ်သော ရွှေကိုစစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သာ၍မြတ်သည်နှင့်၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်သရေ၊ ဘုန်းအာနုဘော်အလိုငှါဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကိုခံရသောအကြောင်းရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။ ထိုသခင်ကို သင်တို့သည် မမြင်ဘူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်းမမြင်ဘဲလျက်၊ ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့်စပ်ဆိုင်သော၊ ပြော၍မမှီနိုင်

သောရှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကိုခံရကြ၏။" ၁ပေ ၁း၃-၉။

ကျွန်ုပ်တို့အဖို့ သိုထားပေးတော်မူသော တမျိုးတည်းသောအမွေတော်ကို ပိုင်ထိုက်ဖို့ရန်အတွက် မောရှေနှင့်တကွ ဣသရေလလူမျိုးတို့သည် ခေါ်တော်မူခြင်းခံခဲ့ကြရပါသည်။ သူတို့၌ ထိုကတိတော်ကို ယေရှုခရစ်တော်အားဖြင့် ပေးအပ်ထားခဲ့သကဲ့သို့ ကျွန်ုပ်တို့၌လည်း ထိုခရစ်တော်အားဖြင့် ပေးအပ်ထားပါသည်။ ယင်းကတိတော်နှင့်ဆိုင်သောအမွေတော်သည် ယေရှုခရစ်၌ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာ ပိုင်ဆိုင်ရယူရမည့် အမွေတော်ဖြစ်ပြီး၊ ခရစ်တော်သည်မျက်မြင်မရသောဘုရားဖြစ်ငြားသော်လည်း ထိုယုံကြည်ခြင်းသည် ထိုခရစ်တော်ကို အမှန်တကယ်ကိုယ်တိုင်တည်ရှိတော်မူသောခရစ်တော်အဖြစ်ယုံကြည်သော ယုံကြည်ခြင်းမျိုးဖြစ်ရပါလိမ့်မည်။ ၎င်းအပြင်၊ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့၏ အဓိကအရေးအကြီးဆုံးသောအပိုင်းမှာ ယေရှုခရစ်တော်၏သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်းအမှုပင်ဖြစ်ပါသည်။ ယခုအချိန်ကဲ့သို့ပင် သခင်ခရစ်တော်သည် ယခင်ကလည်း အသင်းတော်၏ဦးခေါင်း ဖြစ်တော်မူခဲ့ပါသည်။ စစ်မှန်သောအသင်းတော်၌ မမြင်နိုင်သောဦးခေါင်းတော်မှတစ်ပါး အခြားမည်သည့်ဦးခေါင်း (ခေါင်းဆောင်) မျှမရှိပါချေ၊ မည်သည့်အခါမျှလည်း မရှိလာနိုင်ပါချေ။ "ဣသရေလအမျိုး၏ သန့်ရှင်းတော်မူသောဘုရား" သည် ဗက်လင်မြို့တွင် သူငယ်တော်အဖြစ်နှင့်မဖွားမြင်လာခဲ့မီနှစ်ပေါင်းများစွာအချိန်ကတည်းကပင် သူ့ကို "ဥပဇ္ဈာယ်ဆရာဖြစ်စေခြင်းငှါ၎င်း၊ စီရင်အုပ်စိုးသော အရှင်ဖြစ်စေခြင်းငှါ၎င်း၊ လူမျိုးတို့အား (၌)" ဘုရားသခင်သည် ထိုသန့်ရှင်းတော်မူသောဘုရားကို ပေးသနားထားတော်မူပါသည်။

ထို့ကြောင့် ခရစ်တော်ကို မိမိကိုယ်တိုင်ယုံကြည်ခြင်းအရာသည် ဣသရေလလူမျိုးများတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့ခြင်းအကြောင်းအရာ၏ အဓိကအရေးအပါဆုံးသောအရာပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ဤအချက်ကို ပသခါပွဲအခမ်းအနားတွင် ပြသထားပါသည်။ ထိုပွဲကို ကျင်းပပြီးခဲ့ကြသည့်အခါတွင် ဘေးကျပ်နံကျပ်အခြေအနေများဖြစ်ပေါ်လာခဲ့ပါသည်။ ဘုရားသခင်၏ကရုဏာတော်သည် မိမိအပေါ်တွင် လုံးဝအာနိသင်မရှိနိုင်တော့သည်အထိတိုင်အောင်ပင် ဖါရောမင်းသည် ခေါင်းမာစွာဖြင့် ဆက်လက်ခုခံနေခဲ့ပါသည်။ မိမိသည် တမင်တကာပြုမူလျက်နေကြောင်းနှင့် အလင်းတော်ကိုလည်း ပြစ်မှားလျက်နေပြီးဖြစ်ကြောင်းကို၊ ကျိုင်းကောင်များကို လွှတ်တော်မူခဲ့ပြီးသည့်နောက်ပိုင်းတွင် သူ (ဖါရောမင်း) ကိုယ်တိုင်တင်ပြခဲ့သည့် တင်ပြချက်က ပြသပေးထားပါသည်။ မောရှေ နှင့် အာရုန်ကိုခေါ်ပြီး ထိုမင်းအနေဖြင့် ဤသို့ပြောခဲ့ပါသည်။ "သင်တို့၏ဘုရားသခင် ထာဝရဘုရားကို၎င်း၊ သင်တို့ကို၎င်း ငါပြစ်မှားပါပြီ။ သို့ဖြစ်၍သည်တခါ ငါ့အပြစ်ကို သည်းခံပါလော့။ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည်၊ ဤသေဘေးတခုကိုသာ ငါမှပယ်ရှားပါမည်အကြောင်း တောင်းပန်ပါ။" ထွက်မြောက်ရာ ၁၀း၁၆၊ ၁၇။ သူသည် ဘုရားသခင်ကို ဝန်ခံမှုပြုလာခဲ့ပြီး၊ ဘုရားသခင်အားဆန့်ကျင်ပုန်ကန်မှုပြုခြင်းသည် အပြစ်ပင်ဖြစ်ကြောင်းကိုလည်း သူသိရှိလာခဲ့ပါသည်။ သို့ရာတွင် ဘေးဒဏ် ရပ်တန့်သွားသည်နှင့်တပြိုင်နက် သူသည် ခေါင်းမာမြဲ ဆက်လက်ခေါင်းမာနေခဲ့ပါသည်။ ဘုရားသခင်၏ချဉ်းကပ်တော်မူခြင်းအမှုရှိရှိသမျှတို့ကို သူသည် လုံးလုံးလျားလျားငြင်းပယ်ခဲ့လိုက်ပါသည်။ ယခုအခါတွင်မူ မိမိ၏ညှဉ်းပန်းနှိပ်စက်ခြင်းအမှုကိုရပ်တန့်ပြီး ဣသရေလလူမျိုးများတို့ကို လွှတ်ပေးဖို့ရန်အတွက် ဖါရောမင်းအား အကျပ်ကိုင်ဖိအားပေးလာမည့် တရားစီရင်ခြင်းအမှုတစ်ခုကို ပြုပေးဖို့ရန်သာကျန်ရှိပါတော့သည်။ လုပ်ပေးလို့ရသည့်အရာ အခြားဘာမျှမကျန်တော့ပါချေ။

## ပထမဦးဆုံးသော ပသခါပွဲတော်

ဣသရေလလူမျိုးများအနေဖြင့် အီဂျစ်ပြည်တွင် နေထိုင်ရမည့်နောက်ဆုံးညသို့ ရောက်ရှိလာခဲ့ပါသည်။ သားဦးများတို့ကိုကွပ်မျက်ခြင်းအားဖြင့် ရှင်ဘုရင်နှင့်လူများအပေါ်တွင် ဘုရားသခင်သည် မိမိ၏

နောက်ဆုံးအပြင်းထန်ဆုံးသောစီရင်မှုကို ယူဆောင်လာလုဆဲဆဲဖြစ်နေပေပြီးဖြစ်သည်။ "အပြစ်မပါသော" သိုးငယ်တစ်ကောင်ကိုယူလျက်၊ ညနေဘက်တွင် သတ်လိုက်ရမည်ဖြစ်ကာ အသားကိုစားရကြမည်ဖြစ်ကြောင်း ဣသရေလလူတို့ကို ညွှန်ကြားခဲ့လိုက်ပါသည်။ "သိုးသငယ်၏အသားကို စားရသောအိမ်၏ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌၊ သိုးသငယ်၏အသွေးကိုယူ၍ ထိုးရမည်။" "ထာဝရဘုရား၏ ပသခါဖြစ်သတည်း။ အကြောင်းမူကား၊ ယနေ့ညဥ့်တွင် အဲဂုတ္တုပြည်ကို ငါသည်ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသောလူတို့၏သားဦးများနှင့် တိရစ္ဆာန်တို့၏သားဦးများအပေါင်းတို့ကိုဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏။ သိုးသငယ်၏အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏လက္ခဏာသက်သေဖြစ်၍၊ ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကိုငါလွန်သွားမည်။ ထိုသို့ အဲဂုတ္တုပြည်ကို ငါသည်ဒဏ်ခတ်သောအခါ၊ ဖျက်ဆီးခြင်းဘေးဥပါဒ်သည် သင်တို့ကိုမသင့်မရောက်ရ။" ထွက် ၁၂း၅-၁၃။

သိုးသငယ်၏အသွေးသည် သူတို့ကို မကယ်တင်ပေးခဲ့ပါချေ။ ထိုသို့မကယ်တင်ခဲ့ကြောင်းကိုလည်း သူတို့သိရှိခဲ့ကြပါသည်။ ထိုအသွေးတော်သည် ထိုသူတို့၌ရှိသောယုံကြည်ခြင်းတရား၏ လက္ခဏာသက်သေတစ်ခုသာဖြစ်ကြောင်းကို သူတို့အား ဘုရားသခင်ကပြောပြခဲ့သည်။ ယုံကြည်ခြင်းတရားဟုဆိုရာတွင် ထိုသိုးသငယ်၏ အသွေးတော်က ပုံဆောင်ထားသောအရာဖြစ်သည့် "အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်" ၌ ယုံကြည်သည့် ယုံကြည်ခြင်းတရားဖြစ်ပါသည်။ အကြောင်းမူကား "ခရစ်တော်တည်းဟူသော ငါတို့ပသခါ သိုးသငယ်သည် ငါတို့အဘို့ယဇ်ပူဇော်ရာဖြစ်၏။" ၁ကော ၅း၇။ ထို့ကြောင့် သိုးသငယ်၏အသွေးသည် ဘုရားသခင့်သိုးသငယ်တော်ကိုပြညွှန်သော လက္ခဏာသက်သေတစ်ခုသာဖြစ်ပြီး၊ "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ" ကြသောသူတို့သည် ဤအချက်ကိုနားလည်သဘောပေါက်ထားကြပါသည်။

"ကိုယ်ခန္ဓာ၏အသက်သည် အသွေး၌တည်၏။" ဝတ်ပြုရာ ၁၇း၁၁။ ခရစ်တော်၏အသွေးတော်တည်းဟူသော သူ၏အသက်တော်အားဖြင့်၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုရရှိကြပြီး၊ အပြစ်လွှတ်ခြင်းတရားကိုပင်ရရှိကြပါသည်။ အကြောင်းမူကား၊ "လွန်ခဲ့ပြီးသောဒုစရိုက်အပြစ်များကို မှတ်တော်မမူရာတွင် (လွန်သွားတော်မူရာတွင်)၊ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေခြင်းငှါ၎င်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေ၍၊ ယေရှုကိုယုံကြည်သော သူတို့၏အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့် ပြုတော်မူခြင်းငှါ၎င်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှါ" ဘုရားသခင်သည် ယေရှုခရစ်တော်ကို ခန့်ထားတော်မူသောကြောင့်ဖြစ်သည်။ ရောမ ၃း၂၅။ အပြစ်များတို့ကို လွန်သွားတော်မူရာတွင် ဘုရားသခင်သည် ထိုအပြစ်များတို့ကို အပေးအယူလုပ်လိုက်ခြင်းမဟုတ်ပါချေ။ "ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ" သောကြောင့် သူသည် ထိုအပြစ်တို့ကို လွန်သွားခြင်းဖြစ်သည်။ ၁ယော ၁း၇။ ခရစ်တော်၏အသက်တော်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်ပြီး၊ ဘုရားသခင်၏ပညတ်တော်သည်လည်း သူ (ခရစ်တော်) ၏နှလုံးသားထဲတွင် စုံလင်သောဖြောင့်မတ်ခြင်းအနေဖြင့် တည်နေတော်မူသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏အသွေးတော်(သို့)အသက်တော်ကို သုတ်လိမ်းခြင်းဆိုသည်မှာ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ အသွေးတော်ကိုသုတ်လိမ်းခြင်းပင်ဖြစ်ပြီး၊ ထိုသုတ်လိမ်းခြင်းအမှုသည် အပြစ်တရားကိုဖယ်ရှားပစ်လိုက်ခြင်းအမှုပင်ဖြစ်သည်။ အသွေးတော်ကို တံခါးဘောင်၌ဖြန်းဆွတ်ခြင်းအရာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို နောက်ပိုင်းတွင် ပြောဆိုတင်ပြထားပေးပါသည်။ "ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်း သတ္တိရှိသမျှနှင့် ချစ်လော့။ ယနေ့ ငါမှာထားသောစကားကို နှလုံးသွင်းရမည်။ အိမ်တံခါး၊ မြို့တံခါးတို့၌လည်း ရေးထားရမည်။" တရားဟောရာ ၆း၄-၉။ ဘုရားသခင့်ပညတ်တော်၏ ဖြောင့်မတ်ခြင်းတရားတော်ကို ယေရှုခရစ်တော်

၏အသက်တော်တစ်ခုတည်း၌သာ တွေ့ရှိနိုင်ပါသည်။ နှလုံးသားကို အပြစ်များမှကင်းစင်စေဖို့ရန် အတွက် ခရစ်တော်၌ရှိသောဘုရားသခင်၏အသက်တော်သည် ထိုနှလုံးသားထဲ၌ တည်ရှိလာသည့်အခါမှသာလျှင် ဖြောင့်မတ်ခြင်းတရားတော်သည်လည်း နှလုံးသားထဲတွင် တည်ရှိလာနိုင်မည်ဖြစ်သည်။ အိမ်တံခါး ဘောင် ပေါ်တွင် သွေးကိုသုတ်လိမ်းခြင်းအရာသည် ဘုရားသခင်၏ပညတ်တော်ကို အိမ်တံခါး၊ မြို့တံခါးတို့၌ ရေးသား ထားခြင်းအရာနှင့် အတူတူပင်ဖြစ်ပါသည်။ ဤအခြင်းအရာသည် ယေရှုခရစ်တော်၌တည်နေခြင်းအမှု တ နည်းအားဖြင့် ထိုခရစ်တော်၏အသက်တော်အားဖြင့် ဝန်းရံထားခြင်းခံရခြင်းအမှုကိုသာ ပြည့်နှန်ပေးထား ပါသည်။

ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူပြီး၊ သူသည် ခမည်းတော်၏အလိုကိုဆောင် ရခြင်းအမှုကို နှစ်သက်အားရတော်မူသောသူဖြစ်သည်။ သူသည် အဲဂုတ္တုပြည်တွင်ရှိသော ဣသရေလသား သမီးများတို့၏ ပသခါသိုးသငယ်ဖြစ်တော်မူခဲ့သည်နည်းတူ၊ ကျွန်ုပ်တို့၏ ပသခါသိုးသငယ်လည်း ဖြစ်တော်မူ ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏အသက်သည် ထာဝရအသက်၊ ဖျက်စီး၍မရနိုင်သောအသက်ဖြစ်ကာ၊ ထိုအသက်၌တည်နေသောသူရှိသမျှတို့သည် ထိုအသက်မှ ပေးစွမ်းသည့်လုံခြုံမှုကို ရရှိနိုင်ကြသောကြောင့် ဖြစ်သည်။ မည်သည့်လူသား၊ မည်သည့်နတ်ဆိုးကမျှ သူ (ခရစ်တော်) ၏အသက်တော်ကို သူ့ထံမှလုယူမသွား နိုင်ပါချေ။ ခမည်းတော်သည်လည်း သူ့ကိုချစ်တော်မူပြီး၊ သူ၏အသက်တော်ကို သူ့ထံမှဖယ်ရှားပစ်ရန် အလို တော်မရှိပါချေ။ ထိုအသက်ကို သူ (ခရစ်တော်) သည် မိမိအလိုအလျောက်စွန့်တော်မူခဲ့ပြီး ထိုအသက်ကို တ ဖန်ပြန်လည်သိမ်းယူတော်မူခဲ့ပါသည်။ ထိုအသက်တော်ကို ကျွန်ုပ်တို့အနေဖြင့် သိမ်းယူနိုင်ရန်အလို့ငှါ သူ သည် ထိုအသက်ကိုစွန့်တော်မူခဲ့ပြီး၊ ကျွန်ုပ်တို့အား ထိုအသက်နှင့်တကွ သိမ်းယူနိုင်ဖို့ရန်အတွက် ခရစ်တော် သည် ထိုအသက်ကို တဖန်ပြန်ပြီး သိမ်းယူတော်မူခဲ့ပါသည်။ ထို့ကြောင့် တံခါးဘောင်များ၌ အသွေးတော်ဖြန်း ဆွတ်ခြင်းအမှုအားဖြင့် ပြည့်နှန်ထားပေးသော ထိုသခင်၌တည်နေခြင်းအမှုအရာ၏ ဆိုလိုရင်းအနက်အဓိပ္ပါယ် မှာ အပြစ်မှလွတ်မြောက်ခွင့်ရရှိခြင်း၊ နားမထောင်သောသားသမီးများအပေါ်တွင် ကျရောက်လာသည့် ဘုရားသခင်၏အမျက်တော်မှ ကယ်နှုတ်ခြင်းခံရခြင်းပင်ဖြစ်ပေသည်။ ယေရှုခရစ်သည် "မနေ့၊ ယနေ့၊ နောင် ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏။" ဟေဗြဲ ၁၃း၈။ သိုးသငယ်၏အသွေးတော်ကို အိမ်တံခါးများ၌ ဖြန်းဆွတ်ခြင်းအမှုအားဖြင့် ထင်ရှားပြထားသည့် ထိုသခင်၏အသွေးတော်၌ယုံကြည်ခြင်းအမှုအရာသည် ယခင်ကကဲ့သို့ပင် ယခုအခါတွင်လည်း တူညီသောအကျိုးရလဒ်ကို ဖြစ်ပေါ်လာစေပါသည်။ ခရစ်တော် သစ္စာ ဖေါက်ခြင်းခံရပြီး ကွပ်မျက်ခြင်းခံခဲ့ရသည့် ပသခါပွဲနေ့တွင် စတင်ထူထောင်ခဲ့သော ယေရှုခရစ်တော်၏ညစာ စားပွဲ (ပွဲတော်မင်္ဂလာ) ကို ကျွန်ုပ်တို့အနေဖြင့် စီရင်ကျင်းပကြသည့်အခါတွင် ကျွန်ုပ်တို့သည် အဲဂုတ္တုပြည်၌ ဣသရေလလူမျိုးများကျင်းပခဲ့ကြသည့်ပွဲကိုသာ စီရင်ကျင်းပနေကြခြင်းဖြစ်ပါသည်။ ပထမဦးဆုံးသော ပသ ခါပွဲကို စီရင်ကျင်းပခဲ့ကြစဉ်က ဣသရေလလူများတို့သည် အဲဂုတ္တုပြည်တွင်သာ ရှိနေခဲ့ကြသေးပါသည်။ ထို အမှုအရာသည် ယုံကြည်ခြင်းကိုပြသောအမှုအရာတစ်ခုပင်ဖြစ်ပြီး၊ ခရစ်တော်ကို မိမိတို့၏ကယ်နှုတ်ရှင် အနေဖြင့် ယုံကြည်ထားသည့် ထိုသူတို့၏ယုံကြည်စိတ်ချမှုကို ပြသပေးနေခဲ့ပါသည်။ "အဘ၏အမှုကို ဆောင် သောသားကို အဘနမြောသကဲ့သို့" (မာလခိ ၃း၁၇) ထိုနေ့ရက်သို့ရောက်ရှိလာသောအခါတွင် မိမိအသက်ကို ခရစ်တော်နှင့်အတူတကွ ဘုရားသခင်၌ဝှက်ထားသောသူတို့ကို ဘုရားသခင်သည် နမြောတော်မူလိမ့်မည် ဖြစ်သည်။ တစ်ခုတည်းသောအကြောင်းအရင်းကြောင့်သာ နမြောတော်မူလိမ့်မည်ဖြစ်ပါသည်။ အဘယ့် ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိ၏သားတော်ရင်းကို နမြောတော်မူပြီး၊ လူသားများတို့ကိုလည်း ထိုသား တော်ကြောင့်သာ နမြောတော်မူသောကြောင့်ပင်ဖြစ်ပါသည်။

## နောက်ဆုံးသော ပသခါပွဲ

ခရစ်တော်သည် မိမိတပည့်တော်များနှင့်အတူတကွ နောက်ဆုံးသောထိုပသခါပွဲကို ကျင်းပခဲ့ရာတွင်၊ သူ့အနေဖြင့် ဤသို့မိန့်တော်မူခဲ့လေသည်။ "ငါသည် အသေမခံမီ ဤပသခါပွဲကို သင်တို့နှင့်အတူစားခြင်းငှါ အလွန်အလိုရှိလေပြီ။ ငါဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်၌ ပသခါပွဲမပြည့်စုံမှီတိုင်အောင် ယခုမှစ၍ ဤပွဲကို တဖန်ငါမစားရဟု မိန့်တော်မူလျက်၊" လုကာ ၂၂း၁၅၊ ၁၆။ ပသခါပွဲကိုထူထောင်ခဲ့ခြင်းအမှုသည်၊ မတရားသောသူတို့ကို ပြစ်ဒဏ်စီရင်ခြင်းငှါရင်း၊ မိမိလူတို့ကို ကယ်နှုတ်ဖို့ရန်အတွက်သော်၎င်း ကြွလာတော်မူမည့် ဘုရားသခင်၏ကြွလာခြင်းအမှုနှင့် တိုက်ရိုက်ချိတ်ဆက်လျက်နေကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အထက်ဖော်ပြပါဤကျမ်းချက်ထဲမှ လေ့လာတွေ့ရှိရပါသည်။ "သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင် ပြကြ၏။" ၁ကော ၁၁း၂၆။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ခရစ်တော်၏အသေခံတော်မူခြင်းအမှုသည် အချည်းနှီးသက်သက်ဖြစ်သွားပါလိမ့်မည်။ ခရစ်တော်ရှင်ပြန်ထမြောက်ခဲ့ခြင်းအမှု၏အဓိပ္ပါယ်ကား ထိုခရစ်တော်၌ မိမိတို့၏အသက်ကိုဝှက်ထားသောသူရှိသမျှတို့၏ ရှင်ပြန်ထမြောက်ခြင်းပေတည်း။ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့် ကင်းစင်သောအမွေတော်ကို အသက်ရှင်ခြင်းနှင့်ဆိုင်သောမြော်လင့်ခြင်းနှင့်တကွ မြော်လင့်နိုင်ဖို့ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖြစ်ဘွားစေတော်မူရာတွင် ထိုခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းအမှုအားဖြင့်သာလျှင် ကျွန်ုပ်တို့ကိုဖြစ်ပွါးစေတော်မူပါသည်။ ထိုတစ်ခုတည်းသောအမွေတော်ကိုယုံကြည်မြော်လင့်နေသည့် တစ်ခုတည်းသောယုံကြည်ခြင်းနှင့် မြော်လင့်ခြင်းတို့ကို အဲဂုတ္တုပြည်တွင်ရှိသော စစ်မှန်သောဣသရေလလူမျိုးတို့က ပြသသွားခဲ့ကြပါသည်။ ကျွန်ုပ်တို့မြော်လင့်နေကြသည့် အမွေတော်သည် ကောင်းကင်တွင်သိုထားလျက်ရှိပါသည်။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၌ ကတိထားတော်မူခဲ့သည့်အမွေတော်တည်းဟူသော ဣသရေလသားသမီးများတို့ကို ခေါ်ဆောင်သွားဖို့ရန်အတွက် ဘုရားသခင်ပြင်ဆင်တော်မူခဲ့သည့်ပြည်မှာ၊ "ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်" ပင်ဖြစ်ပါသည်။

"အသွေးဖြန်းဆွတ်ခြင်း" (နှိုင်းယှဥ်ပါ ထွက် ၁၂း၅-၁၄၊ ဟေဗြဲ ၁၁း၂၇၊ ၂၈၊ ၁၂း၄ နှင့် ၁ပေ ၁း၂-၁၀) ဆိုသည့်အရာသည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ကျွန်ုပ်တို့ကို ရှေးဣသရေလများတို့နှင့် ချိတ်ဆက်ပေးသော ကွင်းဆက်ကြီးတစ်ခုဖြစ်သည်။ သူတို့အတွက် ဘုရားသခင်ပြုတော်မူခဲ့သည့် ကယ်နှုတ်ခြင်းအမှုသည် ယကနေ့တွင် ကျွန်ုပ်တို့အတွက်ပြုပေးတော်မူသည့် ကယ်နှုတ်ခြင်းအမှုနှင့် အတူတူပင်ဖြစ်ကြောင်းကို ထိုကွင်းဆက်ကြီးက ပြသပေးထားပါသည်။ ထိုကွင်းဆက်က ထိုဣသရေလလူမျိုးတို့နှင့် ကျွန်ုပ်တို့ကို သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါးတည်း၌ ချုပ်ခြာစေပါသည်။ ကျွန်ုပ်တို့နှင့်အတူရှိနေတော်မူသကဲ့သို့ပင် ခရစ်တော်သည် ထိုသူတို့ (ဣသရေလ) တို့နှင့်အတူ ရှိခဲ့ပါသည်။ ထိုသူတို့သည် မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိဖို့အခွင့်ရှိခဲ့ကြပါသည်။ ထို့နည်းတူ ကျွန်ုပ်တို့၌လည်း ထိုအခွင့်အရေးရှိနေပါသည်။ ခရစ်တော်သည် "ကမ္ဘာဦးကပင် ကွပ်မျက်ခြင်းခံရ" သည်ဖြစ်သည့်အတွက်ကြောင့်၊ သူသည် ကမ္ဘာဦးကပင် ထမြောက်တော်မူခဲ့ပါသည်။ ဤသို့သောအားဖြင့် သူ၏အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်းအမှုမှ ရရှိလာသောအကျိုးရလဒ်များကို ဣသရေလလူမျိုးများရော ကျွန်ုပ်တို့ပါဆုပ်ကိုင်မိနိုင်ကြဖို့ရန်ဖြစ်ပါသည်။ ထိုသူတို့အတွက် ဘုရားသခင် ပြုတော်မူခဲ့သည့် ကယ်နှုတ်ခြင်းအမှုသည်အမှန်တကယ်လက်တွေ့ဆန်ပါသည်။ သူတို့၏မြော်လင့်ခြင်းမှာ၊ သေသောသူတို့ကိုရှင်ပြန်ထမြောက်စေဖို့ရန်အတွက်၊ တနည်းအားဖြင့် ကယ်နှုတ်တော်မူခြင်းအမှု ပြီးမြောက်နိုင်ဖို့ရန်အတွက် ဘုရားသခင်၏ကြွလာခြင်းကို မြော်လင့်သော မြော်လင့်ခြင်းပင်ဖြစ်သည်။ ထိုမင်္ဂလာရှိသောမြော်လင့်ခြင်းကို ကျွန်ုပ်တို့လည်း ရရှိထားကြသည်။ ထိုသူတို့၏ နောက်ပိုင်းကျရှုံးခြင်းအမှုများတို့ကို ကျွန်ုပ်တို့ သတိပြုကြပါစို့၊ "စိတ်စွဲလမ်းခြင်းကို အစပြုသကဲ့သို့ အဆုံးတိုင်အောင် တည်ကြည်" သွားကြပါစို့။ ဤသင်ခန်းစာကိုအခြေပြုပြီး ရှေ့ဆက်လေ့လာသွား

ကြသောအခါတွင် ကျွန်ုပ်တို့အတွက် ပိုပြီးအဆင်ပြေလွယ်ကူမှုရှိနေပါလိမ့်မည်။ အကြောင်းမှာ ကယ်တင်ခြင်း စီမံကိန်းတွင်ပါရှိသော ဘုရားသခင်နှင့်သူ၏လူတို့စပ်ကြားရှိဆက်ဆံမှုများအကြောင်းနှင့်၊ ဧဝံဂေလိတရား တော်အားကြွေးကြော်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည့် ကယ်တင်တော်မူသောဘုရားသခင် ၏တန်ခိုးတော်အကြောင်းကိုသာ ကျွန်ုပ်တို့သည် လေ့လာနေကြပါသည်ဆိုသည့်အချက်ကို ရှေ့ဆက်လေ့လာ သွားမည့်အဆင့်တိုင်းတွင် ကျွန်ုပ်တို့အနေဖြင့် ရှင်းလင်းစွာ တွေ့မြင်ကြရမည်ဖြစ်သောကြောင့်ဖြစ်သည်။ "ငါ တို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မြော်လင့်ရသောအခွင့်ရှိ စေခြင်းငှါ၊ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမဩဝါဒပေး၍ ရေးထားသတည်း။"

## ၂၁း ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – နောက်ဆုံးသောလွတ်မြောက်ခြင်း
## ယနေ့အတွက်သမ္မာတရား၊ စက်တင်ဘာ ၂၄၊ ၁၈၇၆

**“အဲဂုတ္တုပြည်၏ထူထပ်သော ပင်လယ်ပြင်ပေါ်တွင် ဗုံသံကို ကျယ်စွာလွင့်စေလော့၊
ယေဟောဝါဘုရားသည် အောင်နိုင်လေပြီး၊ သူ၏လူတို့သည် လွတ်မြောက်ကြလေပြီး။”**

ဣသရေလလူတို့၏ လွတ်မြောက်ခြင်းအကြောင်းရာဇဝင်ကို နှုတ်တော်ထွက်မှမှတ်တမ်းတင်ထားသည့်အတိုင်း အကျဉ်းချုပ်လေ့လာသွားကြပါစို့။ “သန်းခေါင်အချိန်၌၊ ထာဝရဘုရားသည် နန်းထိုင်သော ဖာရောဘုရင်၏သားဦးမှစ၍ ထောင်ထဲမှာအချုပ်ခံရသော သူ၏သားဦးတိုင်အောင်၊ အဲဂုတ္တုပြည်၌ သားဦးရှိသမျှကိုင်၊ တိရစ္ဆာန်တို့၏ သားဦးရှိသမျှကိုင်း ဒဏ်ခတ်တော်မူ၏။ ထိုညဉ့်တွင်၊ ဖာရောဘုရင်နှင့် သူ၏ကျွန်များ၊ အဲဂုတ္တုလူများတို့သည်ထကြ၍၊ အသေကောင်ကင်းသောအိမ်တအိမ်မျှ မရှိသောကြောင့်၊ အဲဂုတ္တုပြည်၌ ကြီးစွာသောငိုကြွေးခြင်းဖြစ်လေ၏။ ထိုညဉ့်ခြင်းတွင် မောရှေနှင့်အာရုန်ကို ခေါ်တော်မူလျှင်၊ သင်တို့မှစ၍ ဣသရေလအမျိုးသားတို့၊ ထ၍ ငါ့လူစုထဲက ထွက်သွားကြလော့။ သင်တို့တောင်းသည်အတိုင်း ထာဝရဘုရားအားသွား၍ ဝတ်ပြုကြလော့။ သင်တို့တောင်းသည်အတိုင်း သိုးနွားများကို ယူ၍သွားကြလော့။ ငါ့ကိုလည်း ကောင်းကြီးပေးကြလော့ဟု မိန့်တော်မူ၏။ အဲဂုတ္တုလူတို့ကလည်း၊ ငါတို့ရှိသမျှသည် အသေကောင်ဖြစ်ကြပြီ ဟုဆိုလျက်၊ ဣသရေလလူတို့ကို အဲဂုတ္တုပြည်ထဲက အလျင်အမြန်လွတ်ခြင်းငှာ ကျပ်ကျပ်နှိုးဆော်ကြ၏။ ထိုလူတို့သည် တဆေးမရောသေးသော မုန့်စိမ်းကိုယူ၍ မုန့်နယ်သောခွက်တို့ကိုလည်း အဝတ်နှင့်တကွ ထုပ်၍ ထမ်းကြ၏။ မောရှေစီရင်သည်အတိုင်း၊ ဣသရေလအမျိုးသားတို့သည် ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာများကို အဲဂုတ္တုလူတို့၌ တောင်းကြ၏။ တောင်းသည်အတိုင်းလည်း၊ ပေးချင်သောစေတနာစိတ်ကို အဲဂုတ္တုလူတို့အား ထာဝရဘုရား ပေးတော်မူသဖြင့်၊ အဲဂုတ္တုလူတို့၏ဥစ္စာများကို လုယူကြ၏။”

ကျမ်းစာဘာသာပြန်ဆိုမှုတော်တော်များတွင် တွေ့ရှိရသည့်စကားလုံးတစ်လုံးဖြစ်သည့် “ချေးယူခဲ့သည်” ဆိုသည့်စကားလုံးကြောင့် ဣသရေလသားသမီးများကိုသာမကပဲ၊ ဘုရားသခင်ကိုပင်လျှင် ကြမ်းတမ်းပြင်းထန်သောစကားလုံးပေါင်းမြောက်များစွာတို့ဖြင့် ဆန့်ကျင်ပြောဆိုလာနေကြပြီးဖြစ်ပါသည်။ ထိုပြန်ဆိုထားသည့်စကားလုံးသည် မူရင်းဘာသာ၏အဓိပ္ပါယ်နှင့် လွဲနေသည့်စကားလုံးတစ်လုံးဖြစ်သည်။ ဣသရေလသားသမီးများတို့သည် ကြိုးစားပမ်းစားအလုပ်လုပ်ခဲ့ကြပြီး၊ သူတို့အနေဖြင့် ဘယ်အရာကိုမျှ မမျှော်ကိုးခဲ့ကြပါချေ။ ယခုအခါတွင် အပြန်အလှန်သဘောအနေဖြင့် သူတို့သည် အရာတစ်စုံတစ်ခုကို တောင်းဆိုခဲ့ကြပြီး၊ ထိုတောင်းဆိုလာသည့်အရာကိုလည်း သူတို့အားပေးခဲ့ပါသည်။ သူတို့ရရှိခဲ့သောအရာများတို့သည် သူတို့ရထိုက်ကြသည့် သူတို့၏အပိုင်ဥစ္စာများသာဖြစ်ပါသည်။ (ချေးယူခြင်းမဟုတ်ပါ)

“ဣသရေလအမျိုးသားမိန်းမနှင့် သူငယ်ကိုမဆိုဘဲ၊ ယောကျ်ားအရေအတွက်အားဖြင့် ခြောက်သိန်းခန့်မျှ ရှိသောသူတို့သည်၊ ရာမသက်မြို့မှ ထွက်၍ သုကုတ်အရပ်သို့ ခရီးသွားကြ၏။ အမျိုးမျိုးသော လူအများတို့သည်လည်း၊ သိုးနွားအစရှိသော များစွာသောတိရစ္ဆာန်တို့နှင့်တကွလိုက်ကြ၏။” ထွက်မြောက်ရာ ၁၂း ၃၇-၃၈။

“ဣသရေလလူတို့ကို ဖာရောဘုရင်လွှတ်သောနောက်၊ ဖိလိတ္တိပြည်ကို လျှောက်သောလမ်းသည် ဖြောင့်သော်လည်း၊ ထိုလမ်းဖြင့် ဘုရားသခင်ဆောင်တော်မမူ။ အကြောင်းမူကား၊ သူတို့သည် စစ်မှုကိုတွေ့မြင်သောအခါ စိတ်ပျက်၍၊ အဲဂုတ္တုပြည်သို့ ပြန်ကောင်းပြန်ကြလိမ့်မည်ဟုသိတော်မူ၏။ ထိုကြောင့် ဘုရားသခင်သည်၊ သူတို့ကို ဒေါ်ပင်လယ်နားတောလမ်းဖြင့် ဝိုင်း၍ဆောင်တော်မူ၏။” ထွက်မြောက်ရာ ၁၃း၁၇၊ ၁၈။

“တဖန် သူတို့သည် သုကုတ်အရပ်မှ ထွက်သွား၍ တောအနား၊ သေံမြို့၌ စခန်းချကြ၏။ သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ကား၊ လမ်းပြဘို့ မိုဃ်းတိမ်တိုင်အားဖြင့်ငင်း၊ ညဉ့်၌ကား၊

အလင်းပေးဘို့ မီးတိုင်အားဖြင့်၎င်း၊ သူတို့ရှေ့က ကြွတော်မူ၏။ နေ့အချိန်၌ မိုဃ်းတိမ်တိုင်၊ ညဥ့်အချိန်၌မီးတိုင်ကို သူတို့ရှေ့မှ ရုပ်သိမ်းတော်မမူ။" အခန်းငယ် ၂၀-၂၂။

"ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့သည် လည်၍၊ ပိဟဟိရုတ်မြို့နား၊ မိဂဒေါလမြို့နှင့် ပင်လယ်စပ်ကြား၊ ဗာလဇေဖုန်မြို့ရှေ့မှာ တပ်ချစေခြင်းငှာ မှာလိုက်လော့။ ထိုမြို့ရှေ့ ပင်လယ်ကမ်းနားမှာ တပ်ချရကြမည်။ အကြောင်းမူကား၊ ဖာရောဘုရင်က၊ ဣသရေလအမျိုးသားတို့သည် ကျဉ်းကျုပ်ရာသို့ ရောက်ကြပြီ။ တောလမ်းပိတ်လျက်ရှိ၏ဟု ဆိုလိမ့်မည်။ ငါသည်လည်း၊ ဖာရောဘုရင်၏ နှလုံးကိုခိုင်မာစေ၍၊ သူသည် ဣသရေလတို့ကို လိုက်လိမ့်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို အဲဂုတ္တုလူတို့သည်သိစေခြင်းငှာ၊ ထိုမင်းနှင့်သူ၏စစ်သူရဲအလုံးအရင်းအားဖြင့် ငါ့ဘုန်းပွင့်လိမ့်မည်ဟု မောရှေအားမိန့်တော်မူသည်အတိုင်း၊ ထိုသူတို့သည်ပြုကြ၏။"

"ထိုလူတို့ထွက်ပြေးကြောင်းကို၊ အဲဂုတ္တုရှင်ဘုရင်အား ကြားလျှောက်သဖြင့်၊ သူမှစ၍ ကျွန်များတို့သည် မနာလိုသောစိတ်ဖောက်ပြန်လျှင်၊ ငါတို့သည် ဤသို့ပြု၍ ဣသရေလလူတို့ကို ငါတို့စေခိုင်းရာမှ အဘယ်ကြောင့် လွှတ်ရသနည်းဟု ပြောဆိုကြ၏။ ထိုအခါ ဖာရောဘုရင်သည်၊ ရထားတော်ကိုပြင်၍၊ မိမိလူအပေါင်းတို့ကို ခေါ်လေ၏။ ရွေးသော ရထားခြောက်ရာ၊ အဲဂုတ္တုမြင်းစီးသူရဲအပေါင်းနှင့်တကွ၊ ဗိုလ်မင်းအသီးအသီးတို့ကို ခေါ်ယူလေ၏။ ထာဝရဘုရားသည်၊ ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ သူသည် ဣသရေလအမျိုးသားတို့ကို လိုက်လေ၏။ သို့သော်လည်း၊ ဣသရေလလူတို့သည် ဝါကြွားသောအခြင်းအရာနှင့် ထွက်သွားကြ၏။ ထိုသို့ ဖာရောဘုရင်၏မြင်းတော်၊ ရထားတော်၊ မြင်းစီးသူရဲဗိုလ်ပါ၊ အဲဂုတ္တုလူအပေါင်းတို့သည်လိုက်၍ ပိဟဟိရုတ်မြို့နား၊ ဗာလဇေဖုန်မြို့ရှေ့၌ ပင်လယ်ကမ်းနားမှာ တပ်ချလျက်နေသော ဣသရေလ လူတို့ကို မှီကြ၏။" ထွက်မြောက်ရာ ၁၄း၅-၉။

"ဖာရောဘုရင်သည် ချဉ်းလာသောအခါ၊ ဣသရေလအမျိုးသားတို့သည် မျှော်ကြည့်၍၊ အဲဂုတ္တုလူတို့ စစ်ချီလာကြောင်းကိုမြင်လျှင်၊ အလွန်ကြောက်လန့်၍ ထာဝရဘုရားအား အော်ဟစ်ကြ၏။ မောရှေကိုလည်း၊ အဲဂုတ္တုပြည်၌ သင်္ချိုင်းမရှိသောကြောင့်၊ ဤတော၌သေစေခြင်းငှာ ငါတို့ကိုဆောင်ခဲ့သလော။ ငါတို့ကို ဤသို့ပြု၍၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်း။ ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက်ရှိကြပါစေဟု အဲဂုတ္တုပြည်၌ငါတို့ပြောရာတွင်၊ ဤအမှုကို ရည်ဆောင်၍ ပြောသည်မဟုတ်လော။ ငါတို့သည် ဤတော၌သေရသည်ထက်၊ အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံလျှင် သာ၍ကောင်းသည်ဟုဆိုကြ၏။ မောရှေကလည်း မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည်၊ ယနေ့ပြတော်မူသောကယ်တင်ခြင်းကို ကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သောအဲဂုတ္တုလူတို့ကို၊ နောက်တဖန် အလျှင်းမမြင်ရကြ။ သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာနေရကြမည်ဟု လူများတို့အားဆို၏။" အငယ် ၁၀-၁၄။

ဘုရားသခင်၏အမိန့်တော်၌ ပင်လယ်ရေသည် မည်ကဲ့သို့ဆုတ်ခွါရပ်တန့်သွားခဲ့ပြီး၊ ဣသရေလသားသမီးများအနေဖြင့် ခြောက်သွေ့စွာဖြင့် ဖြတ်လျှောက်သွားနိုင်ကြဖို့ရန်အတွက် ထိုပင်လယ်အလယ်တွင် လမ်းကြောင်းတစ်ခု မည်သို့ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဲဂုတ္တုပြည်သားများအနေဖြင့် ထို့အတူဖြတ်လျှောက်ဖို့ကြိုးစားခဲ့ရာတွင် ပင်လယ်ရေသည်မည်သို့ပြန်လည်စုမိလာခဲ့ပြီး၊ သူတို့အား မည်ကဲ့သို့ဝါးမျိုခဲ့လိုက်ကြောင်း၊ စသည့် ဣသရေလလူမျိုးတို့၏လွတ်မြောက်လာခဲ့ပုံသည် လူတိုင်းတို့နှင့်ရင်းနှီးထားပြီးသားဖြစ်နေပါသည်။ "ဣသရေလလူတို့သည် ကုန်းကြောင်းသွားသကဲ့သို့၊ ယုံကြည်ခြင်းအားဖြင့် ဒေ့ပင်လယ်အလယ်၌ လျှောက်သွားရကြ၏။ ထိုသူတို့နည်းတူအဲဂုတ္တုလူတို့သည် သွားမည်အားထုတ်သောအခါ နစ်မြုပ်ကြ၏။" ဟေဗြဲ ၁၁း၂၉။ ဤသမိုင်းရာဇဝင်မှ ကျွန်ုပ်တို့အနေဖြင့် သင်ယူလေ့လာသွားကြမည့် အနည်းငယ်သောသင်ခန်းစာတို့ကို မှတ်သားသွားကြပါစို့။

၁။ ထိုလူအုပ်ကြီးကို လမ်းပြပို့ဆောင်ခဲ့သူမှာ ဘုရားသခင်ဖြစ်သည်။ “ဖာရောဘုရင် လွှတ်သောနောက်၊ ဖိလိတ္တိပြည်ကို လျှောက်သောလမ်းသည် ဖြောင့်သော်လည်း၊ ထိုလမ်းဖြင့် ဘုရားသခင်ဆောင်တော်မမူ။” မိမိအား ဘုရားသခင်မိန့်တော်မူသည့်အရာကို လုပ်ဆောင်နေခြင်းမှအပ မောရှေ အနေဖြင့်လည်း လူအုပ်ကြီးနည်းတူပင် အခြားမည်သည့်အရာကိုဆက်လုပ်ရမည် (သို့) မည်သည့် လမ်းဖြင့်သွားရမည်ကို သူ့အနေဖြင့် မသိရှိခဲ့ပါချေ။ ဘုရားသခင်သည် မောရှေအား ပြောဆို၍ မောရှေသည် စကားနားထောင်ခဲ့ပါသည်။ အကြောင်းမှာ “မောရှေသည် ဘုရားသခင်၏ အိမ်တော်တွင်သစ္စာစောင့်သောကြောင့်တည်း။

၂။ လူအုပ်ကြီးအနေဖြင့် မောရှေအားပြစ်တင်မြည်တမ်းနေခဲ့ကြရာတွင် သူတို့အနေဖြင့် ဘုရားသခင်အားပြစ်တင်မြည်တမ်းနေခဲ့ကြခြင်းသာဖြစ်ပါသည်။ “ငါတို့ကိုဤသို့ပြု၍၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။” ဟု မောရှေအား ပြောဆိုခဲ့လိုက်ကြရာတွင်၊ ထိုသူတို့သည် ထိုအမှုကိစ္စတွင် ဘုရားသခင်၏ ကိုယ်စားလှယ်လုပ်ငန်းကို အမှန်တကယ် ငြင်းပယ်နေခဲ့ကြပါသည်။ မောရှေကို မိမိတို့အထံသို့ စေလွှတ်ပေးသည့်ပုဂ္ဂိုလ်မှာ ဘုရားသခင်ပင်ဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိနေလင့်ကစား သူတို့ ငြင်းပယ်ခဲ့ကြပါသည်။

၃။ ဘေးအန္တရာယ်ကို ပထမဦးဆုံးတွေ့ကြုံလိုက်ကြရသည့်အခါတွင် ထိုသူတို့၏ယုံကြည်ခြင်းသည် ယိမ်းယိုင်လာခဲ့ပါသည်။ ဘုရားသခင်သည် မိမိတို့အဖို့ ဘယ်ကဲ့သို့ပြုလုပ်ပေးထားခဲ့ပြီးဖြစ်ကြောင်းနှင့် မိမိတို့၏လွတ်မြောက်ရေးအတွက် သူ့အနေဖြင့် အားသွန်ခွန်စိုက် မည်ကဲ့သို့ဝင်ရောက်လုပ်ကိုင်ပေးခဲ့ကြောင်းကို ထိုသူတို့ မေ့လျော့ထားခဲ့ကြပါသည်။ ဘုရားသခင်ကိုယုံကြည်ကိုးစားတတ်လာအောင် သူတို့အား သွန်သင်ပြပေးဖို့ရန်အတွက်နှင့် အသက်ရှင်လျက်ကျန်ရစ်နေခဲ့ကြသည့် အဲဂုတ္တုပြည်သားများတို့၏ လက်မှ ဘုရားသခင်သည် မိမိတို့အား ပြည့်ပြည့်ဝဝကယ်နှုတ်ပေးနိုင်ကြောင်းကို သူတို့အား သွန်သင်ပြပေးဖို့ရန်အတွက်၊ အဲဂုတ္တုပြည်သားများအပေါ် ကျရောက်လာခဲ့သည့် နောက်ဆုံးစီရင်မှုသည် သူတို့အဖို့ လုံလောက်နေခဲ့သင့်ပါသည်။

၄။ သူတို့ (ဣသရေလများ) အနေဖြင့် တိုက်ခိုက်မှုပြုလုပ်ကြဖို့ရန်အတွက် ဘုရားသခင်ရည်ရွယ်တော်မမူခဲ့ပါချေ။ စစ်မှုကိုမကြုံရစေခြင်းငှါ ဘုရားသခင်သည် သူတို့အား တောလမ်းဖြင့် လမ်းပြပို့ဆောင်ခဲ့လေသည်။ သို့ရာတွင်၊ သူတို့သွားနေခဲ့ကြသည့် ဤတောလမ်းအတိုင်းသွားမည်ဆိုပါက အဲဂုတ္တုလူတို့သည် သေချာပေါက် သူတို့နောက်မှလိုက်လာမည်ဖြစ်ကြောင်းကိုလည်း ဘုရားသခင်သည် သိရှိထားခဲ့ပါသည်။ ပင်လယ်နားတွင် အဲဂုတ္တုပြည်သားများက သူတို့နှင့်မလှမ်းမကမ်းနေရာသို့ရောက်ရှိလာခဲ့ကြသည့်အခါတွင် ဣသရေလသားသမီးတို့သည် ပြန်လည်ခုခံတိုက်ခိုက်ဖို့လိုအပ်လာပါတော့သည်။ သို့ရာတွင် ထိုအချိန်၌ “သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။” ဆိုသည့်စကားသံပေါ်ထွက်လာခဲ့ပါသည်။ ဘုရားသခင်သည် သူတို့အား စစ်မှုကိုမတွေ့မမြင်စေလိုခဲ့သည့်အကြောင်းအရင်းမှာ၊ တိုက်ခိုက်မှုပြုဖို့ရန်အတွက် သူတို့အနေဖြင့် လေ့ကျင့်မှုမရှိထားခဲ့ကြသည့်အတွက်ကြောင့်ဖြစ်သည် ဟု ပြောကောင်းပြောကြပါလိမ့်မည်။ သို့ရာတွင်၊ အခြားသောဖြစ်ရပ်များဖြစ်သည့် သူတို့၌ စစ်ရေးလေ့ကျင့်မှုရထားသည့်စစ်သည်များ မြောက်များစွာ ရှိနေခဲ့ကြသည့်အခါတွင်လည်း သူတို့၏အကူအညီမပါပဲနှင့် ဘုရားသခင်သည် သူတို့အား မကြာမကြာကယ်နှုတ်ခဲ့သည့်အကြောင်းအရာများကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်သတိရရပါမည်။ ဣသရေလလူမျိုးတို့၏လွတ်မြောက်လာခဲ့ခြင်းအမှုသည် လူသား အစွမ်းခွန်အား အားဖြင့်မဟုတ်ပဲနှင့် ဘုရားသခင်ထံမှလာသော တိုက်ရိုက်အစွမ်းတန်ခိုးတော်အားဖြင့် မည်သို့ပြီးစီးခဲ့ကြောင်း၊ ဣသရေလလူမျိုးများအပိုင်းမှ လုပ်ဆောင်ကြရသည့်အရာကား ထိုသခင်၏ နှုတ်ထွက်စကားကို နာခံလိုက်လျှောက်ဖို့ရန်အတွက်သာဖြစ်ကြောင်း စသည့် ထိုသူတို့၏ အဲဂုတ္တုပြည်မှ လွတ်မြောက်လာခဲ့ကြသည့်ပုံစံအခြေအနေများတို့ကို ပြန်ပြီးစဉ်းစားလိုက်သောအခါတွင်၊ ဘုရားသခင်

၏အကြံအစည်တော်အရဆိုလျှင် ဣသရေလလူမျိုးများအနေဖြင့် မည်သည့်တိုက်ခိုက်မှုကိုမျှ လုပ်ဆောင်ရန်မဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အတိအကျသိရှိရပါသည်။

၅။ အနီးဆုံးနှင့် အလွယ်ကူဆုံးဟု ထင်ထားရသောလမ်းသည် အကောင်းဆုံးသောလမ်း အမြဲတမ်းမဖြစ်နိုင်ကြောင်းကိုလည်း ကျွန်ုပ်တို့အနေဖြင့် သင်ယူထားကြရမည်ဖြစ်သည်။ ဖိလိတ္တိပြည်ကိုဖြတ်ပြီးမှသွားသောလမ်းသည် အနီးဆုံးသောလမ်းဖြစ်ပါသည်။ သို့ရာတွင် ထိုလမ်းသည် ဣသရေလများအတွက် အကောင်းဆုံးသောလမ်းတစ်ခုမဟုတ်ပါချေ။ မိမိတို့၏ထွက်လမ်း (လွတ်လမ်း) ကို မမြင်တွေ့နိုင်သည့် ခက်ခဲကျပ်တည်းသောအခြေအနေသို့ ကျွန်ုပ်တို့ရောက်ရှိသွားခြင်းအမှုသည် ဘုရားသခင်က ကျွန်ုပ်တို့အား ဦးဆောင်လမ်းပြမနေတော့ပါဘူးဆိုသည့် သက်သေအထောက်အထားတစ်ခုမဟုတ်ပါချေ။ ဘုရားသခင်သည် ဣသရေလလူတို့ကိုအဲဂုတ္တုပြည်မှနှုတ်ဆောင်ရာတွင် ထိုသူတို့အား ဦးဆောင်လမ်းပြခဲ့သကဲ့သို့ပင်၊ ပင်လယ်နှင့် တောင်များကြားရှိ ကျဉ်းမြောင်းသောတောလမ်းခရီးတွင်လည်း သူတို့အား ဦးဆောင်လမ်းပြခဲ့ပါသည်။ ဤသို့သောထောင်ချောက်မျိုးထဲမှ ဣသရေလများအနေဖြင့် မိမိတို့ကိုယ်ကို ပြန်ပြီးမကယ်တင်နိုင်ကြောင်းကို ဘုရားသခင်သည် သိရှိတော်မူခဲ့ပါသည်။ ယခင်က ဣသရေလ လူတို့အနေဖြင့် တကြိမ်တခါမျှ နားမလည်ခဲ့ကြဖူးသည့်အရာတစ်ခုဖြစ်သည့်၊ မိမိတို့၏လုံခြုံရေးအတွက် တာဝန်ယူထားရသည့်ပုဂ္ဂိုလ်မှာ ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်တော်မူသည်ဆိုသည့် အချက်နှင့်၊ ဘုရားသခင်သည် မိမိ တာဝန်ယူလက်ခံထားသည့်အမှုကိစ္စတစ်ခုကို ပြည့်ပြည့်ဝဝ လုပ်ဆောင်ဖြည့်ဆည်းနိုင်တော်မူသည် ဆိုသည့်အချက်ကို သူတို့အနေဖြင့် နားလည်သဘောပေါက်လာနိုင်ကြဖို့ရန်အတွက် ဘုရားသခင်သည် သူတို့အား ထိုတောလမ်းအားဖြင့် တမင်တကာပို့ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ မေ့လျော့ဖျက်ဆီး၍မရနိုင်သော ဘုရားသခင်အပေါ်ကိုးစားခြင်းသင်ခန်းစာတစ်ခုကို သူတို့အား ပေးအပ်ဖို့ရန်အတွက် ထိုပြဿနာကို သူတို့အဖို့စီမံထားခဲ့ခြင်းဖြစ်သည်။

၆။ နောက်ဆုံးအနေဖြင့်၊ ထိုသူတို့၏ မယုံကြည်ခြင်းအပေါ် စီရင်ချက်မချမိကြရန်အတွက် ကျွန်ုပ်တို့အနေဖြင့် သိရှိသင်ယူမိထားကြရပါမည်။ "သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်သည်ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ အကြောင်းမူကား၊ သင်သည်စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍၊ သူတပါးကို စစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏။" ရောမ ၂း၁။ ဘုရားသခင်အပေါ်ထားရှိသည့် သူတို့၏မယုံကြည်ခြင်းကို ကျွန်ုပ်တို့အနေဖြင့် စစ်ကြောစီရင်လိုက်ကြသောအခါတွင်၊ ကျွန်ုပ်တို့၌ ညည်းငြူမြည်တမ်းခြင်းပြုနေစရာဘာအကြောင်းမျှမရှိကြောင်းကို ကျွန်ုပ်တို့ကိုယ်တိုင်က သိရှိထားကြပြီးဖြစ်ကြောင်းကို ကျွန်ုပ်တို့က ပြသလိုက်ကြပါသည်။ ထိုသူတို့၌ရှိထားခဲ့သည့် ဘုရားသခင့်တန်ခိုးတော်နှင့်စပ်ဆိုင်သည့်အထောက်အထားဟူသမျှကို ကျွန်ုပ်တို့ရရှိထားကြရုံမက၊ ထိုထက်မကများပြားသောအထောက်အထားများကိုပင် ကျွန်ုပ်တို့က ရရှိထားကြပါသည်။ သူတို့၏ကြောက်ရွံ့မှုသည် မည်မျှအဓိပ္ပါယ်ကင်းမဲ့ပြီး၊ သူတို့၏ညည်းငြူမြည်တမ်းခြင်းအမှုများတို့သည်လည်း မည်မျှမှားယွင်းနေလျက်ရှိကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်ကြသည်မှန်လျှင်၊ ကျွန်ုပ်တို့အနေဖြင့်လည်း မိမိကိုယ်ကို ထိုသူတို့ထက် ပိုပြီးအဓိပ္ပါယ်မဲ့၊ ပိုပြီးမှားယွင်းနေကြသည့်သူများ မဖြစ်ကြဖို့ရန် ကြိုးစားကြရမည်ဖြစ်သည်။ ထိုသို့မဖြစ်အောင်ကြိုးစားကြပါစို့။

## "ဒုတိယအကြိမ်"

ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အနေဖြင့် သင်ယူကြရမည့်နောက်ထပ်သင်ခန်းစာတစ်ခု ရှိနေပါသေးသည်။ ထိုသင်ခန်းစာထဲတွင် အခြားသောသင်ခန်းစာများအားလုံးပါဝင်နေသည် ဖြစ်သည့်အတွက်ကြောင့်၊ ထိုသင်ခန်းစာကို အထူးအလေးပေးအာရုံစိုက်ဖို့ အလွန်အရေးကြီးပါသည်။ ထို

သင်ခန်းစာကို ဟေရှာယအခန်းကြီး ၁၁ တွင် လေ့လာတွေ့ရှိရပါသည်။ ယင်းအခန်းကြီးထဲတွင်၊ ခရစ်တော်မွေးဖွားခြင်းအကြောင်းအရာမှစ၍ သန့်ရှင်းသူများတို့ကို ဘုရားသခင့်နိုင်ငံတော်ထဲတွင် နောက်ဆုံးသိမ်းဆည်းခေါ်ဆောင်သွားပြီး မတရားသောသူများတို့အား ဖျက်ဆီးအဆုံးစီရင်မည် ဆိုသည့်အကြောင်းအရာများပါဝင်သည့်ဇာတ်ဝင်လေ သတင်းစကားတစ်ခုလုံးကို အနည်းငယ်သောစကားလုံးလေးများတို့ဖြင့် ထည့်သွင်းဖော်ပြထားသည်ကိုတွေ့ရပါသည်။

"ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီးသီးလိမ့်မည်။ ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။ ထိုသူသည် ထာဝရဘုရားကိုကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်းမဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏ အမှုကိုတရားတော်အတိုင်း စီရင်၍၊ နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေလျက်၊ ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ မြေကြီးကိုနှုတ်ကပတ်တော်လှံတံနှင့် ဒဏ်ခတ်၍၊ ဆိုးသောသူကို နှုတ်ခမ်းထွက်သက်နှင့် ကွပ်မျက်လိမ့်မည်။ တရားနှင့်သစ္စာသည် သူ၏ခါးပန်းခါးစည်းဖြစ်လိမ့်မည်။" ဟေရှာ ၁၁း ၁-၅။

အထက်ဖော်ပြကျမ်းပိုဒ်၏ အစပိုင်းကို လုကာ ၄း၁၆-၁၈ နှင့်နှိုင်းယှဉ်ပြီး၊ ထိုကျမ်းပိုဒ်၏အဆုံးပိုင်းကိုမူ ဗျာဒိတ် ၁၉း၁၁-၂၁ နှင့် နှိုင်းယှဉ်ကြည့်လိုက်ပါ။ ထိုကျမ်းချက် (ဟေရှာယ ၁၁း၁-၅) သည်မည်မျှအဓိပ္ပါယ်ကျယ်ပြန့်မှုရှိကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရပါလိမ့်မည်။ ယင်းကျမ်းချက်သည် မတရားသောသူတို့၏ ပျက်စီးခြင်းအကြောင်းအထိတိုင် ကျွန်ုပ်တို့ကို ဆွဲခေါ်သွားပါသည်။ ထိုကျမ်းချက်က ကယ်တင်ခြင်းနေ့ရက်တစ်ခုလုံး၏အကြောင်းအရာကို တင်ပြထားပေးပါသည်။ "ထိုကာလ၌ ယေရှဲ၏အမြစ်သည် ပေါက်၍၊ လူများအဘို့ထူသောအလံ ဖြစ်လိမ့်မည်။ ထိုအလံ၌ တပါးအမျိုးသားတို့သည် ဆည်းကပ်ကြလိမ့်မည်။ ကျိန်းဝပ်တော်မူရာအရပ်သည်လည်း ဘုန်းကြီးလိမ့်မည်။ ထိုကာလ၌ ထာဝရဘုရားသည် လက်တော်ကိုဆန့်၍၊ ကျန်ကြွင်းသော ကိုယ်တော်၏ လူတို့ကိုအာရှုရိပြည်၊ အဲဂုတ္တုပြည်၊ ပါသရုပြည်၊ ကုရှပြည်၊ ဧလံပြည်၊ ရှိနာပြည်၊ ဟာမတ်ပြည်၊ ပင်လယ်တဘက်၌ရှိသောပြည်များတို့မှ ကယ်ယူခြင်းငှါ တဖန်ပြုတော်မူလိမ့်မည်။ တပါးအမျိုးသားတို့အဘို့ အလံကိုထူတော်မူသဖြင့်၊ နှင်ထုတ်သောဣသရေလအမျိုးသားနှင့်၊ အရပ်ရပ်ကွဲပြားသောယုဒအမျိုးသားတို့ကို မြေကြီးလေးမျက်နှာတို့မှခေါ်၍ စုဝေးစေတော်မူလိမ့်မည်။" အငယ် ၁၀-၁၂။

ဤနေရာတွင် ဘုရားသခင့်လူများတို့၏လွတ်မြောက်ခြင်းအကြောင်းကို မြင်ကွင်းထဲတွင် တဖန်ထပ်မံပြီးဖော်ပြထားပေးပြန်ပါသည်။ ထိုအချိန်သည် ထာဝရဘုရားအနေဖြင့် မိမိလက်တော်ကိုဆန့်တန်းပြီး ကယ်နှုတ်ခြင်းအမှုကို ဒုတိယအကြိမ်ပြုတော်မူမည့်အချိန်ဖြစ်ပါသည်။ ထိုအမှုသည် အောင်မြင်ခြင်းရှိလိမ့်မည်ဖြစ်သည်။ မောရှေ၏ခေတ်အချိန်၌ ဘုရားသခင်သည် ကယ်တင်ခြင်းအမှုကို ပထမအကြိမ်အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် မယုံကြည်ခြင်းအမှုကြောင့် ဣသရေလလူများတို့သည် ထိုကယ်တင်တော်မူခြင်းအမှုထဲသို့ ဝင်စားခွင့်ကို မရရှိခဲ့ကြပါချေ။ ဒုတိယအကြိမ် လက်တော်ကိုဆန့်၍ ကယ်ယူတော်မူရာတွင်မူ မိမိလူများ၏ထာဝရကယ်တင်တော်မူခြင်းအတွက် အကျိုးသက်ရောက်မှုရှိနေလိမ့်မည်ဖြစ်ပါသည်။ နောက်ဆုံးအကြိမ်စုဝေးစေခြင်းအမှုသည် တပါးအမျိုးသားတို့အဖို့အလံတည်းဟူသော ယေရှုခရစ်တော်အားဖြင့်သာ ဖြစ်လိမ့်မည်ဆိုသည့်အချက်ကို မှတ်သားထားပါ။ အကြောင်းမှာ ဘုရားသခင်သည် မိမိနာမအဘို့၊ တပါးအမျိုးသားတို့အထဲက အချို့သောသူတို့ကိုနှုတ်ယူခြင်းငှါ၊ ရှေဦးစွာ တပါးအမျိုးသားတို့ကို အကြည့်အရှုကြွလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုတပါးအမျိုးသားများတို့ကို "မြေကြီးအရပ်လေးမျက်နှာတို့မှ" စုသိမ်းတော်မူမည့်အကြောင်းကား၊ "လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့်၊ သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံးကြ" မည်ဖြစ်သောကြောင့်ဖြစ်သည်။ မဿဲ ၂၄း၃၁။

ဤကယ်နှုတ်ခြင်းအမှုမှာမူ နောက်ဆုံးနေ့ရက်ကာလတွင်ဖြစ်မည်ဖြစ်ပြီး၊ အချိန်ကာလ၏အဆုံးသို့ရောက်လုနီးပါးအချိန်တွင် ဖြစ်ပေါ်လိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ "ကျန်ကြွင်းသော" လူစုတည်းဟူသော နောက်ဆုံးသောလူစုအား စုသိမ်းတော်မူမည်ဟုတင်ပြထားသည့် တင်ပြချက်က ဤကယ်နှုတ်ခြင်း၏အချိန်ကာလကို ရှင်းလင်းစွာပြပေးထားပါသည်။ ယခုဖော်ပြမည့်ကတိတော်နှင့် ပြန်လည်အသိပေးနှိုးဆော်ချက်ကို မှတ်သားထားပါ၊ "ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်သွားသောအခါ၌ ဖြစ်သကဲ့သို့၊ အာရှုရိပြည်မှ ကျန်ကြွင်းသောကိုယ်တော်၏လူတို့သွားရာ လမ်းကြီးဖြစ်ရလိမ့်မည်။" ဟေရှာယ ၁၁း၁၆။

ကယ်နှုတ်ခြင်းဆိုင်ရာအမှုတော်လုပ်ငန်းသည် ဣသရေလလူမျိုးများ အဲဂုတ္တုပြည်မှထွက်မလာခဲ့ကြမီအချိန်ကတည်းက အစပြုခဲ့သည်ဖြစ်ကြောင်းကို စိတ်ထဲတွင်စွဲမှတ်ထားပါ။ အာဗြဟံ၌ထားတော်မူခဲ့သည့် မိမိ၏ကတိတော်ကို ပြည့်စုံစေတော်မူမည်ဖြစ်သော ဘုရားသခင်၏အကြံအစည်တော်အကြောင်းကို လူများတို့အား ကြားပြောဖို့ရန်အတွက် အဲဂုတ္တုပြည်သို့ မောရှေစတင်ရောက်ရှိလာခဲ့သည့်အချိန်တွင် ထိုကယ်နှုတ်ခြင်းဆိုင်ရာအမှုတော်လုပ်ငန်းသည် အစပြုခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် ပြသခဲ့သော ဘုရားသခင့်တန်ခိုးတော်ဆိုင်ရာ ခင်းကျင်းပြသမှုအပေါင်းတို့သည် ဧဝံဂေလိတရားတော်ကိုဟောပြောခြင်းအမှုသာဖြစ်ပြီး၊ ကယ်နှုတ်ခြင်းဆိုင်ရာအမှုတော်လုပ်ငန်း၏ တစ်စိတ်တစ်ဒေသသာဖြစ်ပါသည်။ မိမိ၏ကျန်ကြွင်းသောလူတစ်စုတို့ကို ကယ်နှုတ်ဖို့ရန်အတွက် ဒုတိယအကြိမ် မိမိ၏လက်တော်ကိုဆန့်၍ ကယ်နှုတ်တော်မူသည့်အခါ၌လည်း ထိုနည်းတူ ဖြစ်လိမ့်မည်ဖြစ်ပါသည်။ ထိုဒုတိယအကြိမ်ကယ်နှုတ်တော်မူခြင်းနေ့ရက်သည် ယကနေ့ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ "ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏။ ယခုပင်ကယ်တင်ရာ နေ့ရက်ကာလရှိ၏။" ၂ကော ၆း၂။ ဣသရေလလူအယောက်တိုင်းစီတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြမည်ဖြစ်ပါသည်။ အကြောင်းမှာ "ကယ်လွှတ်သောသခင်သည် ဇိအုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသောအမှုကို ယာကုပ်အမျိုးသားတို့မှ လွှဲတော်မူလတံ့ (လိမ့်မည်)" ဖြစ်သောကြောင့်ဖြစ်သည်။ ရောမ ၁၁း၂၆။ ဘုရားသခင်၏လူတို့ကို အပြစ်၏အချုပ်အနှောင်ထဲမှ ကယ်နှုတ်ပေးတော်မူသည့်အမှုတော်လုပ်ငန်းသည်၊ နောက်ဆုံးသောကယ်နှုတ်တော်မူခြင်းအမှုနှင့် အတူတူပင်ဖြစ်သည်။ ဘုရားသခင် ဒုတိယအကြိမ် ပြန်လည်ကြွဆင်းလာသောအခါတွင်၊ သူသည် "ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူသော ပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ ဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတံ့။" ဖိလပ္ပိ ၃း၂၁။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို အသစ်ပြင်ဆင်ပေးမည့်တန်ခိုးတော်တည်းဟူသော ရှင်ပြန်ထမြောက်စေနိုင်သည့် တန်ခိုးတော်သည် ကျွန်ုပ်တို့၏အပြစ်များတို့ကို နှိမ့်ချဖယ်ရှားပေးသည့် တန်ခိုးတော်ပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကို ထိုအပြစ်များတို့၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်စေတော်မူမည်ဖြစ်သည်။ ဣသရေလလူမျိုးများတို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်တော်မူရာတွင် ထိုတန်ခိုးတော်ကိုသာ ဖော်ထုတ်ပြသပေးတော်မူခဲ့လေသည်။

"ငါသည်ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။" ရောမ ၁း၁၆။ ထိုတန်ခိုးတော်သည် မည်မျှကြီးမြတ်တော်မူသည့်အကြောင်းကို သိရှိလိုသောသူ မည်သူမဆို၊ ထိုတန်ခိုးတော်၏ လက်တွေ့ပုံဥပမာတစ်ခုကို တွေ့မြင်နိုင်ဖို့ရန်အတွက်ဆိုလျှင် ဣသရေလလူမျိုးတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူခဲ့ခြင်းအဖြစ်အပျက်နှင့် ပင်လယ်နီအား နှစ်ခြမ်းခွဲပစ်ခဲ့လိုက်ခြင်းအဖြစ်အပျက်တို့ကို ပြန်လည်ကြည့်ရှုဖို့ရန်သာ လိုအပ်ပါသည်။ ထိုတန်ခိုးတော်သည် စုံလင်သောဧဝံဂေလိတရားကိုဟောပြောခြင်းအမှုနှင့်အတူ ခရစ်တော်၏ပြန်လည်ကြွဆင်းလာသည့်အချိန်ထိတိုင် အမြဲအတူရှိနေမည့် တန်ခိုးတော်ပင်ဖြစ်ပေသည်။

## ၂၂။ ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – လွတ်မြောက်ရာသီချင်း
## ယနေ့အတွက် သမ္မာတရား၊ အောက်တိုဘာ ၁၊ ၁၈၉၆

"ထိုအခါ မောရှေနှင့် ဣသရေလအမျိုးသားတို့သည်၊ ထာဝရဘုရားအား သီချင်းဆိုသော စကားဟူမူကား၊
ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အား သီချင်းဆိုပါအံ့။
မြင်းနှင့် မြင်းစီးသူရဲကို ပင်လယ်ထဲသို့ လှဲချတော်မူပြီ။
ထာဝရဘုရားသည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကို ကယ်တင်သော အရှင်ဖြစ်တော်မူ၏။
ထိုဘုရားသည် ငါကိုးကွယ်သော ဘုရားသခင် ဖြစ်တော်မူ၍၊ ထောမနာပြုပါမည်။
ငါ့ဘိုးဘေးတို့၏ ဘုရားသခင် ဖြစ်တော်မူ၍၊ ငါချီးမြှောက်ပါမည်။
ထာဝရဘုရားသည် စစ်သူရဲဖြစ်တော်မူ၏။
ထာဝရဘုရားတည်းဟူသော နာမတော်ရှိတော်မူ၏။
ဖာရောဘုရင်၏ ရထားနှင့် ဗိုလ်ခြေတို့ကို ပင်လယ်ထဲသို့ လှဲချတော်မူပြီ။
ရွေးသော ဗိုလ်မင်းတို့သည်၊ ဧဒုံပင်လယ်ထဲ၌ မြုပ်လျက်ရှိကြ၏။
နက်စွာသောအရပ်၌ လွှမ်းမိုးလျက်ရှိကြ၏။
ကျောက်ကဲ့သို့ အောက်သို့ဆင်းကြ၏။
အို ထာဝရဘုရား၊ လက်ျာလက်တော်သည် တန်ခိုးအားဖြင့် ဘုန်းကြီးတော်မူ၏။
အို ထာဝရဘုရား၊ လက်ျာလက်တော်သည် ရန်သူတို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူ၏။
ကိုယ်တော် တဘက်၌ ထသောသူတို့ကို၊
ဘုန်းတန်ခိုးအာနုဘော်တော်တို့နှင့် လှဲတော်မူ၏။
အမျက်တော်ကိုလွှတ်၍၊ သူတို့ကို အမှိုက်ကဲ့သို့ မီးလောင်စေတော်မူ၏။
နှာခေါင်းတော်လေအားဖြင့် ရေသည် စုဝေး၍၊ စီးသောရေသည် ပုံ့ပုံ့ကြွ၍၊
ပင်လယ်၏အထဲ၌ပင် နက်သောရေသည် တောင့်မာလျက်နေရ၏။
ရန်သူက၊ ငါလိုက်မည်။ သူတို့ကို မှီလိမ့်မည်။ လုယူသောဥစ္စာကိုဝေ၍
သူတို့၌ ငါချင်ရဲပြေလိမ့်မည်။
ထားကို အိမ်မှထုတ်၍ သူတို့ကို ငါ့လက်နှင့် ဖျက်ဆီးမည်ဟု ဆိုသတည်း။
ကိုယ်တော်သည် လေကို မှုတ်တော်မူသဖြင့်၊ ပင်လယ်သည် သူတို့ကို လွှမ်းမိုး၍
သူတို့သည် အားကြီးသောရေထဲမှာ ခဲကဲ့သို့ ဆင်းကြလေ၏။
အို ထာဝရဘုရား၊ ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း။
သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကို ခံစဉ်တွင်၊
ကြောက်မက်ဘွယ် ဖြစ်တော်မူထသော၊ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသော၊
ကိုယ်တော်နှင့် အဘယ်ဘုရားတူပါသနည်း။
လက်ျာလက်တော်ကို ဆန့်တော်မူသဖြင့်၊ သူတို့ကို မြေမြုပ်လေ၏။
ရွေးတော်မူသော လူမျိုးကို ကရုဏာတော်အားဖြင့် ပို့ဆောင်တော်မူ၏။
သန့်ရှင်းသော နေတော်မူရာသို့ တန်ခိုးတော်အားဖြင့် လမ်းပြတော်မူ၏။
လူမျိုးတို့သည် သိတင်းကြား၍ ကြောက်လန့်ကြလိမ့်မည်။
ပါလေတ္တိနပြည်သူပြည်သားတို့သည် ပူပန်ခြင်းသို့ ရောက်ကြလိမ့်မည်။
ဧဒုံဗိုလ်တို့သည် မိန်းမောတွေဝေခြင်း၊
မောဘသူရဲတို့သည် တုန်လှုပ်ခြင်း၊

ခါနာန်ပြည်သားအပေါင်းတို့သည် စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။
အို ထာဝရဘုရား၊ ကိုယ်တော်၏လူတို့သည် လွန်သွားသောအခါ၊
ရွေးတော်မူသော ကိုယ်တော်၏လူတို့သည် လွန်သွားသောအခါ၊
ထိုလူအမျိုးမျိုးတို့သည် ကြောက်သောစိတ်၊ ထိတ်လန့်သောစိတ်အားကြီး၍
လက်ရုံးတော်တန်ခိုးကြောင့်၊ သူတို့သည် ကျောက်ကဲ့သို့ ငြိမ်ငြိမ်နေကြလိမ့်မည်။

အို ထာဝရဘုရား၊ အမွေခံတော်မူရာ တောင်တည်းဟူသော ကျိန်းဝပ်တော်မူရာဘို့ ဖန်ဆင်းတော်မူသော အရပ်ထဲသို့ ကိုယ်တော်၏လူတို့ကို သွင်းတော်မူလိမ့်မည်။
အို ထာဝရဘုရား၊ လက်တော်နှင့် တည်တော်မူသော
သန့်ရှင်းရာဌာနတော်၌ နေရာချတော်မူလိမ့်မည်။
ထာဝရဘုရားသည် ကာလအစဉ်အမြဲ စိုးစံတော်မူစေသတည်းဟု သီချင်းဆိုကြလေ၏။"
ထွက်မြောက်ရာကျမ်း ၁၅း၁-၁၈။

ဤမှတ်တမ်းတွင် ကျွန်ုပ်တို့အဖို့ မည်သည့်ဆုံးမသွန်သင်မှုများ၊ မည်သည့်တိုက်တွန်းအားပေး ချက်များနှင့် မည်သည့်မျှော်လင့်ချက်များ ပါဝင်နေကြောင်းကို ကြည့်မှတ်သွားကြပါစို့။

၁။ ပင်လယ်နီကို နှစ်ခြမ်းကွဲစေခဲ့ပြီး၊ ဣသရေလလူတို့ကို လုံခြုံစွာဖြင့် ဖြတ်လျှောက်စေခဲ့သည့် တန်ခိုးတော်သည် ရန်သူများတို့၏ တိုက်ခိုက်လာမှုကို ထိန်းချုပ်တားဆီးထားသော တန်ခိုးတော်ပင်ဖြစ်သည်။ ထွက်မြောက်ရာ ၁၅း၁၄-၁၆ နှင့် ယောရှုမှတ်စာ ၂း၉-၁၁။ လွတ်မြောက်လာခဲ့စဉ်အခါက မိမိတို့၌ရှိ ထားခဲ့ကြသည့်ယုံကြည်ခြင်းအားဖြင့် သူတို့အနေနှင့် ရှေ့ဆက်လျှောက်လှမ်းခဲ့ကြမည်ဆိုလျှင် သူတို့၌ တိုက်ခိုက်မှုများပြုလုပ်ဖို့ လိုအပ်ခဲ့လိမ့်မည်မဟုတ်ပါချေ။ မည်သည့်ရန်သူကမျှ သူတို့အားတိုက်ခိုက်ရဲ လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်သည် သူတို့ကို ထိုတောလမ်းအတိုင်း အဘယ့်ကြောင့် ပို့ဆောင်တော် မူခဲ့ရကြောင်းကို ဤနေရာတွင် အဖြေရှာကြည့်နိုင်ပါသည်။ လူကို ဘယ်သောအခါမျှ ကြောက်နေဖို့မလို ပါ ဆိုသည့်သင်ခန်းစာတစ်ခုကို နောက်ဆုံးသောရွေးနုတ်ခြင်းအမှုတစ်ခုအားဖြင့် သူတို့အား သွန်သင်ပြ ဖို့ရန်အတွက် ဘုရားသခင်၌အကြံအစည်ရှိခဲ့ပါသည်။

၂။ ဤတစ်ခုတည်းသောတန်ခိုးတော်အားဖြင့် သူတို့သည် ဘုရားသခင်၏နာမတော်ကို လောကကမ္ဘာတစ် ခုလုံးတွင် သိရှိစေရန်ဖြစ်သည်။ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကကမ္ဘာတစ်ခုလုံးတွင် ဟောကြားရန်ဖြစ်သည်။ ဤလုပ်ငန်းသည် ထားတော်မူသောကတိတော် မပြည့်စုံမှီအချိန်လေးတွင် ဣသရေလလူမျိုးများအနေဖြင့် ထမ်းဆောင်ရကြမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အကယ်၍သာ သူတို့ ၌ ယုံကြည်ခြင်းတရားရှိခဲ့ကြမည်ဆိုလျှင် ထိုလုပ်ငန်းကိုလုပ်ဆောင်ပြီးစီးနိုင်ဖို့ရန်အတွက် အချိန်ကြာ ညောင်းနေခဲ့လိမ့်မည်မဟုတ်ပါချေ။

၃။ သူတို့အားလွတ်မြောက်စေတော်မူခဲ့သည့် ရည်ရွယ်ချက်မှာ၊ သူတို့အနေနှင့် လုံခြုံစွာဖြင့်ထာဝရနေထိုင် သွားကြရမည့် သူတို့၏အပိုင်မြေတည်းဟူသော ဘုရားသခင်၏အမွေခံတော်မူရာတောင်တွင် သူတို့ကို ခေါ်သွင်းနေရာချပေးရန်ပင်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်သည် ရှင်ဘုရင်ဒါဝိဒ်မင်း၏နိုင်ငံတော် အထွတ်အထိပ်သို့ရောက်နေခဲ့သည့် အချိန်ကာလတွင်ပင်လျှင် မပြည့်စုံလာခဲ့သေးပါချေ။ ထိုအချိန် ကာလ၌ သူသည် ရန်သူအားလုံးတို့နှင့်ငြိမ်းချမ်းမှုရှိနေခဲ့ပြီး၊ ဘုရားသခင်အဖို့ ဗိမာန်တော်တစ်ဆောင် ဆောက်လုပ်ရန်အတွက်လည်း သူ့အနေဖြင့် အဆိုပြုခဲ့ပါသည်။ ထိုအခါသူ့အား ဘုရားသခင်ပြန်ပြီးမိန့် တော်မူခဲ့သည်ကား၊ "ထိုမှတပါး ငါ၏လူ ဣသရေလအမျိုးနေရာအရပ်ကိုငါ ပြင်ဆင်ပြီ။ သူတို့သည်

နောက်တဖန်မပြောင်းမလဲ မိမိတို့နေရာ၌နေစေခြင်းငှါ ငါမြဲမြံစေမည်။ မတရားသောသူတို့သည် ရှေးကာလ၌ ညှဉ်းဆဲသကဲ့သို့ နောက်တဖန်မညှဉ်းဆဲရ။" ဤကျမ်းပိုဒ်ကို လုကာ ၁း၆၇-၇၅ နှင့်ပြန်နှိုင်းယှဉ်ကြည့်ပါ။

၄။ ဣသရေလလူမျိုးတို့ကို အဲဂုတ္တုပြည်မှကယ်နှုတ်တော်မူခြင်းနှင့်ပတ်သက်သည့် ဘုရားသခင်၏ အကြံအစည်တော်အကြောင်းကို အထက်ပါ အံ့ဩဖွယ်ရာတေးသီချင်းထဲတွင် တင်ပြထားပါသည်။ "အိုထာဝရဘုရား၊ အမွေခံတော်မူရာတောင်တည်းဟူသော ကျိန်းဝပ်တော်မူရာဘို့ ဖန်ဆင်းတော်မူသောအရပ်ထဲသို့ ကိုယ်တော်၏လူတို့ကို သွင်းတော်မူလိမ့်မည်။ အို ထာဝရဘုရား၊ လက်တော်နှင့်တည်တော်မူသော သန့်ရှင်းရာဌာနတော်၌ နေရာချတော်မူလိမ့်မည်။" ဘုရားသခင်အဖို့ ကိန်းဝပ်တော်မူရာနေရာကို မည်သူကမျှ မဆောက်လုပ်ပေးနိုင်ပါချေ။ အကြောင်းမှာ၊ "အမြင့်ဆုံးသော ဘုရားသည် လူတို့လက်ဖြင့် လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။" တမန် ၇း၄၈။ "ထာဝရဘုရား၏ ပလ္လင်တော်သည် ကောင်းကင်ပေါ်မှာတည်၏။" ဆာလံ ၁၁း၄။ "လူမဆောက်ပဲ၊ ထာဝရဘုရား ဆောက်တော်မူသော" တဲတော်စစ်တည်းဟူသော ဘုရားသခင်၏ကိန်းဝပ်တော်မူရာနေရာအမှန်သည် ကောင်းကင်ဘုံတွင်ရှိသော ဇိအုန်တောင်ပေါ်တွင် တည်ရှိနေပါသည်။ ဤအချက်သည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၌ ထားခဲ့သောကတိတော်နှင့် ကိုက်ညီမှုရှိနေပါသည်။ ထိုကတိတော်သည်ဘိုးဘေးများတို့အား မိမိတို့ကိုယ်ကို မြေကြီးပေါ်တွင် တကျွန်းတနိုင်ငံသားများအနေဖြင့် မှတ်ယူတတ်လာစေပြီး၊ သူတို့အား ကောင်းကင်ပြည်နှင့် "ဘုရားသခင်တည်ထောင်ပြုစုတော်မူသည့် ခိုင်ခံ့မြဲမြံသောမြို့"ကို မျှော်လင့်လာတတ်စေခဲ့ပါသည်။ ဟေဗြဲ ၁၁း၁၀။ အချိန်ကြာမြင့်စွာရွှေ့ဆိုင်းထားခဲ့သည့် ဤကတိတော်သည် ထိုအချိန်တွင် ပြည့်စုံလုနီးပါးအခြေအနေသို့ရောက်ရှိလာခဲ့ပြီး၊ ဣသရေလသားသမီးများအနေဖြင့် မိမိတို့သီဆိုခဲ့ကြသည့် သီချင်းထဲတွင်ပါရှိသည့် ယုံကြည်ခြင်းတရားကို ဆက်ပြီးထိန်းသိမ်းထားခဲ့ကြမည်ဆိုလျှင် ထိုကတိတော်သည် လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြီးပြည့်စုံလာခဲ့လိမ့်မည်ဖြစ်ပါသည်။

၅။ ဣသရေလလူမျိုးတို့၏ လွတ်မြောက်ခြင်းနှင့် ပင်လယ်နီအား နှစ်ခြမ်းကွဲစေခဲ့ခြင်းအကြောင်းအရာတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းတရား ထွက်သွားရာအချိန်တည်းဟူသော ဧဝံဂေလိတရားနှင့် စပ်ဆိုင်သည့်နောက်ဆုံးသောနေ့ရက်ကာလအချိန်တွင် အသက်ရှင်ကြသည့် ဘုရားသခင်၏လူများတို့အတွက် ခွန်အားယူစရာအကြောင်းအရာများပင်ဖြစ်ပါသည်။ မိမိလူတို့ပြောဆိုရမည့်စကားကို ဘုရားသခင်က အောက်ပါအတိုင်း သွန်သင်ပြထားပါသည်။ "အိုထာဝရဘုရား၏ လက်ရုံးတော်၊ နိုးတော်မူပါ။ နိုး၍ခွန်အားကိုယူတော်မူပါ။ ရှေးကာလနှင့် လွန်ဘူးသောကာလ၌ကဲ့သို့ နိုးတော်မူပါ။ ရာခပ်ကိုဒဏ်ခတ်၍ နဂါးကိုနာစေသောသူကား၊ ကိုယ်တော်ပင် မဟုတ်လော။ ပင်လယ်ရေ၊ နက်နဲရာရေတို့ကို ခမ်းခြောက်စေ၍၊ ပင်လယ်နက်နဲရာအရပ်တို့ကို ရွေးနှုတ်သောသူများ သွားစရာလမ်းဖြစ်စေသောသူကား၊ ကိုယ်တော်ပင် မဟုတ်လော။ သို့ဖြစ်၍၊ ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည် ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကို ဆောင်းလျက်၊ ဇိအုန်မြို့သို့ ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍၊ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်။" ဟေရှာယ ၅၁း၉-၁၁။ ဣသရေလလူတို့သည် ညည်းညူခြင်းကိုမပြုပဲ ဆက်လက်ပြီးသီချင်းဆိုနေခဲ့ကြမည်ဆိုလျှင် သူတို့သည် ဘုရားသခင်ကိုယ်တော်တိုင်တည်လုပ်သောမြို့တည်းဟူသော ဇိအုန်မြို့သို့ လျင်မြန်သောအရှိန်အဟုန်နှင့်တကွ ရောက်ရှိနေခဲ့ကြပါပေလိမ့်မည်။

၆။ ထာဝရဘုရားသခင်၏ကယ်တင်ခံသူတို့သည် နောက်ဆုံးတွင် ဇိအုန်တောင်ပေါ်တွင် ရပ်လျက် ဘုရားသခင်၏စောင်းများတို့ကို ကိုယ်စီကိုယ်ငှရရှိကြသောအခါတွင် "ထိုသူတို့သည် ဘုရားသခင်၏ ကျွန်မောရှေ၏ သီချင်းနှင့်သိုးသငယ်၏သီချင်းကိုသီ၍၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍အံ့ဩဘွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊

ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အိုထာဝရဘုရား၊ ကိုယ်တော်ကိုမကြောက်ရွံ့ဘဲ၊ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့် စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားသည်ဖြစ်၍၊ လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်ဟု လျှောက်ဆိုကြ" ပါလိမ့်မည်။ ဗျာဒိတ် ၁၅း၃၊၄။ ထိုသီချင်းသည် လွတ်မြောက်ခြင်းသီချင်း၊ အောင်မြင်ခြင်းသီချင်းပင်ဖြစ်ပေသည်။

၇။ ကတိထားတော်မူရာပြည်သို့မရောက်မီ ပင်လယ်နီကြီး၏ကမ်းစပ်တွင်ရှိနေကြစဉ်တွင် ဣသရေလလူမျိုးတို့သည် အောင်မြင်ခြင်းသီချင်းကို ကျူးသေီဆိုခဲ့ကြသကဲ့သို့ပင်၊ နောက်ဆုံးသောကာလတွင်အသက်ရှင်ကြသော ဘုရားသခင်၏သားသမီးများတို့သည်လည်း ကောင်းကင်ခါနန်သို့မဝင်စားမီတွင် သူတို့အနေဖြင့် အောင်မြင်ခြင်းသီချင်းကို ကျူးသေီဆိုကြပါလိမ့်မည်။ ထိုသူတို့ ကျူးဧကြမည့်သီချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဤသီချင်းကိုဖတ်ရှုရာတွင် ပင်လယ်နီနံဘေးနားတွင်သီဆိုခဲ့ကြသည့် မောရှေ၏သီချင်းအစပိုင်းနှင့် နှိုင်းယှဉ်ပြီး ဖတ်ရှုသွားပါ။ မိမိ၏ကျန်ကြွင်းသောလူစုကို ပြန်လည်ရွေးနှုတ်ယူရန်အတွက် ဘုရားသခင်သည် မိမိ၏လက်တော်ကို ဒုတိယအကြိမ် ဆန့်တန်းတော်မူသည့်အခါတွင်၊ "ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်သွားသောအခါ၌ ဖြစ်သကဲ့သို့၊ အာရှုရိပြည်မှ ကျန်ကြွင်းသော ကိုယ်တော်၏လူတို့သွားရာလမ်းကြီးဖြစ်ရလိမ့်မည်။" ဆိုသည့်အကြောင်းအရာကို ကျွန်ုပ်တို့အနေဖြင့် ဖတ်ရှုထားခဲ့ပြီးသားဖြစ်ပါသည်။ ဟေရှာယ ၁၁း၁၆။ "ထိုကာလ၌ သင်မြွက်ဆိုရမည်ကား၊ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါမည်။ အကျွန်ုပ်ကို အမျက်တော်မူသော်လည်း၊ တဖန် အမျက်တော်ငြိမ်း၍၊ အကျွန်ုပ်ကို နှစ်သိမ့်စေတော်မူ၏။ ဘုရားသခင်သည် ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ကြောက်လန့်သော စိတ်မရှိဘဲ ရဲရင့်မည်။ ထာဝရဘုရားသည် ငါချီးမွမ်းရာ၊ ငါသီချင်းဆိုရာ၊ ငါ့ကို ကယ်တင်တော်မူသောအရှင်ဖြစ်တော်မူ၏။ သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့်ကယ်တင်ခြင်းစမ်းရေတွင်းတို့၌ ရေခပ်ရကြလိမ့်မည်။ ထိုကာလ၌လည်း ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းကြလော့။ နာမတော်ကို ပဌနာပြုကြလော့။ အမှုတော်တို့ကို လူများတို့ တွင်ဘော်ပြလော့။ နာမတော်သည် မြင့်မြတ်သောကြောင့်ချီးမွမ်းကြလော့။ ထာဝရဘုရားကို ထောမနာသီချင်းဆိုကြလော့။ ထူးဆန်းသောအမှုကို ပြုတော်မူပြီ။ အမှုတော်သည် မြေတပြင်လုံး၌ထင်ရှားပါစေ။ အိုဇိအုန်သတို့သမီး၊ ကြွေးကြော်လော့။ ဝမ်းမြောက်သဖြင့်အော်ဟစ်လော့။ အကြောင်းမူကား၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားသည် သင်၏အလယ်၌ ဘုန်းကြီးတော်မူ၏ဟု မြွက်ဆိုရလိမ့်မည်။" ဟေရှာယ ၁၂။

ဘုရားသခင်၏ကယ်တင်ခံသူအပေါင်းတို့သည် ဤသီချင်းနှင့်တကွ ဇိအုန်မြို့သို့ ရောက်လာကြရမည်ဖြစ်သည်။ ဤသီချင်းသည် အောင်မြင်ခြင်းသီချင်းတစ်ပုဒ်ဖြစ်သည်။ သို့ရာတွင် ကယ်တင်ခံသူများအနေဖြင့် ဤသီချင်းကို ယခုအခါတွင် ကြိုတင်သီဆိုထားနိုင်ပါသည်။ အကြောင်းမှာ၊ "လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ ယုံကြည်ခြင်း" ပင် ဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ ဇိအုန်တောင်ရှိရာသို့ ချီတက်သွားနေကြစဉ်မှာပင် ထိုသူတို့သည် မိမိတို့သီဆိုကြမည့်သီချင်းကို သီဆိုတတ်သွားကြပါသည်။

"ဘုန်းတော်ပေါ်ထွန်းရာအရပ်နေရာတွင် ငါသည် အသစ်သော၊ အသစ်သောသီချင်းကို ဆိုမည်။

"ထိုသီချင်းသည် ကြာမြင့်စွာသောအချိန်ကတည်းက ငါစွဲလမ်းနေခဲ့ရသော ပုံပြင်ဟောင်း၊ ပုံပြင်ဟောင်း ပေတည်း။"

## ၂၃း ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – ကောင်းကင်မှလာသောမုန့် ယနေ့အတွက်သမ္မာတရား၊ အောက်တိုဘာ ၈၊ ၁၈၉၆

ဘုရားသခင်၏ရွေးနှုတ်တော်မူခြင်းကိုခံရသောသူတို့သည် သီချင်းဆိုလျက် ဇိအုန်မြို့သို့ ပြန်လာကြလိမ့်မည်ဖြစ်သည်။ အောင်မြင်ခြင်းသီချင်းသည် ယုံကြည်ခြင်း၏ လက္ခဏာသက်သေတစ်ခုဖြစ်သည်။ ထိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သောသူသည် အသက်ရှင်ရလိမ့်မည်။ အားပေးတိုက်တွန်းထားသည့်စကားတစ်ခွန်းဟူမူကား၊ “ထိုကြောင့်၊ ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။” ဟေဗြဲ ၁၀း၃၅။ “ငါတို့သည် စိတ်စွဲလမ်းခြင်းကိုအစပြုသကဲ့သို့ အဆုံးတိုင်အောင်တည်ကြည်လျှင်၊ ခရစ်တော်နှင့် ဆက်ဆံသောသူဖြစ်ကြ၏။” ဟေဗြဲ ၃း၁၄။ ဣသရေလလူမျိုးတို့သည် ကောင်းမွန်စွာ အစချီခဲ့ကြပါသည်။ “ဣသရေလလူတို့သည် ကုန်းကြောင်းသွားသကဲ့သို့၊ ယုံကြည်ခြင်းအားဖြင့် ဒေ့ပင်လယ်အလယ်၌ လျှောက်သွားရကြ၏။” ထိုပင်လယ်၏တစ်ဖက်ကမ်းသို့ရောက်သောအခါတွင် သူတို့သည် အောင်မြင်ခြင်းသီချင်းကိုသီဆိုခဲ့ကြသည်။ အကယ်စင်စစ်၊ ထိုအချိန်၌သူတို့သည် တောထဲ၌သာရှိနေပါသေးသည်။ သို့ရာတွင် ယုံကြည်ခြင်းကား “လောကကို အောင်ခြင်းအကြောင်း” ပင်ဖြစ်ပြီး၊ မိမိတို့အား လုံခြုံစွာပို့ဆောင်ပေးတော်မူမည့်ဘုရားတန်ခိုးကို ပြည့်စွန်ပေးသည့် အံ့သြဖွယ်ရာအကောင်းဆုံးသောသက်သေအထောက်အထားကိုလည်း ထိုဣသရေလလူတို့သည် ရရှိထားခဲ့ကြသည်။ အကယ်၍သာ၊ အောင်မြင်ခြင်းသီချင်းကိုဆက်လက်ပြီးသီဆိုသွားခဲ့ကြမည်ဆိုလျှင် သူတို့သည် ဇိအုန်မြို့ဆီသို့ အလျင်အမြန်ရောက်ရှိသွားခဲ့ကြလိမ့်မည်ဖြစ်သည်။

သို့ရာတွင် သူတို့သည် သင်ခန်းစာအပြည့်အစုံကို မသင်ယူမိခဲ့ကြသေးပါချေ။ ဘုရားသခင်အားတွေ့မြင်နိုင်ကြသေးသ၍ ထိုသခင်ကို သူတို့အနေဖြင့် ကိုးစားယုံကြည်ခဲ့ကြသည်။ သို့ရာတွင် သူတို့သည် ထိုထက်ပိုပြီး မယုံကြည်ခဲ့ကြပါချေ။ “အဲဂုတ္တုပြည်၌ ပြုတော်မူသောအံ့သြဖွယ်တို့ကို ဘိုးဘေးတို့သည် နားမလည်ကြ။ များစွာသောကရုဏာတော်ကို မအောက်မေ့ကြ။ ပင်လယ်နား၊ ဒေ့ပင်လယ်နားမှာ ပုန်ကန်ကြပါ၏။ သို့သော်လည်း၊ မဟာတန်ခိုးတော်ကို ထင်ရှားစေခြင်းငှါ၊ နာမတော်၏အကြောင်းကြောင့် သူတို့ကို ကယ်တင်တော်မူ၏။ ဒေ့ပင်လယ်ကို ဆုံးမတော်မူ၍၊ ပင်လယ်ရေသည် ခမ်းခြောက်လေ၏။ တော၌ ပို့ဆောင်သကဲ့သို့ နက်နဲရာအရပ်၌ သူတို့ကို ပို့ဆောင်တော်မူ၏။ မုန်းသောသူ၏လက်မှ သူတို့ကိုကယ်တင်၍၊ ရန်သူ၏လက်မှ ရွေးနှုတ်တော်မူ၏။ ရန်သူတစုံတယောက်ကိုမျှ မကျန်ရစ်စေခြင်းငှါ၊ ရေသည် လွှမ်းမိုးလေ၏။ ထိုအခါ စကားတော်ကိုယုံ၍ ဂုဏ်ကျေးဇူးတော်ကို သီချင်းဆိုကြ၏။ သို့သော်လည်း၊ အမှုတော်ကို အလျင်အမြန် မေ့လျော့သည်ဖြစ်၍၊ အကြံအစည်တော်ကို မဆိုင်းမလင့်၊” ဆာလံ ၁၀၆း၇-၁၃။

သူတို့အဖို့ ဘုရားသခင်ပြုတော်မူခဲ့သည့်ခပ်သိမ်းသောအမှုအရာတို့ကို မေ့လျော့သွားဖို့ရန်အတွက်၊ ရေမရှိသည့်သုံးရက်တာတောလမ်းခရီးစဉ်က လုံလောက်နေခဲ့ပါသည်။ ရေကိုရှာတွေ့သည့်အခါတွင်လည်း၊ ထိုရေသည် ခါးသည့်အတွက်ကြောင့် သူတို့အနေဖြင့် မသောက်သုံးနိုင်ခဲ့ကြပါ။ ထိုအခါတွင် သူတို့ညည်းငြူမြည်တမ်းနေခဲ့ကြသည်။ ထိုရေကိုချိုသွားစေသည့်အပင်တစ်ပင်ကို မောရှေအားပြပေးခဲ့သည့် ထာဝရဘုရားသခင်အားဖြင့် ဤအခက်အခဲကို လွယ်လင့်တကူ ကုစားဖြေရှင်းနိုင်ခဲ့ပါသည်။ “ထိုအရပ်၌ သူတို့ကို စုံစမ်း၍ စီရင်ထုံးဖွဲ့တော်မူ” ခဲ့ပါသည်။ ထွက်မြောက်ရာ ၁၅း၂၅။

ဧလိမ်ရွာ၏စွန်ပုလွံပင်များနှင့် ရေတွင်းများအနားတွင် တပ်ချနေခဲ့ကြစဉ်အခါတွင် သူတို့အားစိတ်အနှောက်အယှက်ဖြစ်စေသည့်အရာ ဘာတစ်ခုမျှမရှိခဲ့ပါ ချေ။ သို့ဖြစ်၍ ညည်းငြူမြည်တမ်းခြင်းကို နောက်တဖန်ပြန်ပြီးပြုလုပ်ခဲ့ကြသည့်အချိန်အထိဆိုလျှင် ကြားတွင် တစ်လနီးပါးလောက်ကြာညောင်းသွားခဲ့ပါသည်။ ထိုအချိန်ကာလအတောအတွင်းတွင် သူတို့သည် မိမိတို့ကိုယ်ကိုသော်၎င်း၊ မိမိတို့၏ပတ်ဝန်းကျင်နှင့်သော်၎င်း လွန်စွာစိတ်ကျေနပ်အားရနေခဲ့ကြပါသည်။ ယခုအခါတွင် ထိုသူတို့သည် ဘုရားသခင်ကို အမှန် တကယ် ယုံကြည်နေကြပြီးလော။ ကျွန်ုပ်တို့သည် တနေရာရာတွင်စွဲစွဲမြဲမြဲကျောက်ဆူးချနိုင်ပြီး၊ ဒီရေလှိုင်းလုံး

သည်လည်း ကျွန်ုပ်တို့ကိုကျော်လွန်သွားခဲ့ပြီးဆိုသည့်အချိန်အခါမျိုးတွင် ကျွန်ုပ်တို့၌တိုးတက်မှုရှိနေပါသည် ဆိုသည့်အတွေးတစ်ခုကို ကျွန်ုပ်တို့အနေဖြင့်တွေးခေါ်မိဖို့ ရာခိုင်နှုန်းပိုများလာတတ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားကို စစ်ဆေးမှုပြုလာမည့် စမ်းသပ်မှုဘာတစ်ခုမျှမရှိသည့်အချိန်အခါမျိုးတွင် ကျွန်ုပ်တို့သည် ဘုရားသခင်အားကိုးစားယုံကြည်ခြင်းသင်ခန်းစာတစ်ခုကို သင်ယူမိသွားကြပြီးဟု ကျွန်ုပ်တို့အနေဖြင့် အလိုလိုတွေးထင်မိတတ်ကြပါသည်။

ထိုသူတို့သည် ဘုရားသခင်၏တန်ခိုးတော်ကို မေ့လျော့ခဲ့ကြသည်သာမက၊ သူတို့၌ပြုပေးတော်မူမည့်အမှုအရာရှိသမျှတို့ကို ငြင်းပယ်ကြဖို့ရန်အတွက်လည်း အသင့်ရှိနေခဲ့ကြပါသည်။ အဲဂုတ္တုပြည်မှ ထွက်လာခဲ့ကြသည့်အချိန်မှစ၍၊ "ဧလိမ်အရပ်နှင့် သိနာတောင်စပ်ကြား" တွင်ရှိသော သိန်တော (wilderness of sin – အပြစ်တောတောင်) အရပ်သို့ရောက်ရှိလာခဲ့သည့်အချိန်အထိဆိုလျှင်၊ စပ်ကြားတွင် အချိန်ကာလတစ်လခွဲလောက်သာ ကြာသွားခဲ့ပါသေးသည်။ ထိုအခါတွင် "ထိုတော၌ ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့က၊ ငါတို့သည်အဲဂုတ္တုပြည်၌ အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ၊ ထာဝရဘုရား၏လက်တော်ဖြင့် သေလျှင်သာ၍ကောင်း၏။ ယခုမူကား၊ ဤစည်းဝေးလျက်ရှိသောလူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လိုသောငှာ၊ ဤတောအရပ်သို့ဆောင်ခဲ့ပြီတကားဟု မောရှေနှင့်အာရုန်ကို အပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏။"

"ထိုအခါ ထာဝရဘုရားက ကြည့်ရှုလော့။ ငါသည် သင်တို့အဘို့ မိုဃ်းကောင်းကင်က မုန့်မိုဃ်းကို ရွာစေမည်။ လူတို့သည် နေ့တိုင်းထွက်၍ တနေ့စားလောက်အောင် သိမ်းယူရကြမည်။ ငါ၏တရားအတိုင်း ကျင့်မည်လော၊ မကျင့်လောဟု ထိုသို့သောအားဖြင့် သူတို့ကိုငါစုံစမ်းမည်။ နေ့တိုင်းသိမ်းယူသောအရာထက်၊ ခြောက်ရက်မြောက်သောနေ့၌ နှစ်ဆကိုသိမ်းယူ၍ ပြင်ရကြမည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေနှင့်အာရုန်တို့ကလည်း၊ ထာဝရဘုရားသည် သင်တို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်တော်မူသည်ဟု ယနေ့ ညဦးယံ၌ သင်တို့သိကြလိမ့်မည်။ နံနက်ယံ၌လည်း၊ ထာဝရဘုရား၏ ဘုန်းတော်ကို မြင်ရကြလိမ့်မည်။ ထာဝရဘုရားကို အပြစ်တင်လျက် မြည်တမ်းကြသောအသံကိုကြားတော်မူပြီ။ ငါတို့ကိုအပြစ်တင်လျက် မြည်တမ်းစေခြင်းငှာ၊ ငါတို့သည်အဘယ်သို့သောသူဖြစ်သနည်းဟု ဣသရေလအမျိုးသားအပေါင်းတို့အားဆိုလေ၏။" ထွက်မြောက်ရာ ၁၆း၄-၇။

နောက်တစ်နေ့မနက် နှင်းများမကျတော့သည့်အချိန်တွင် "နှင်းခဲကဲ့သို့ သေးသေးလုံးလုံးအရာသည် မြေမျက်နှာပေါ်မှာ ရှိရစ်လေ၏။ ထိုအရာကို ဣသရေလအမျိုးသားတို့သည် မြင်သောအခါ၊ အဘယ်အရာနည်းဟု မသိသောကြောင့်၊ တယောက်ကိုတယောက်မေးကြ၏။ မောရှေကလည်း၊ ဤအရာသည် သင်တို့စားစရာဘို့ ထာဝရဘုရား ပေးသနားတော်မူသောမုန့်ဖြစ်၏။ လူတိုင်း မိမိတဲ၌ရှိသောသူအရေအတွက်နှင့်အညီ၊ လူအသီးအသီးစားလောက်အောင် တယောက်တဩမဲစီသိမ်းယူကြလော့ဟု ထာဝရဘုရား မိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။ ဣသရေလအမျိုးသားတို့သည် ထိုသို့ပြု၍၊ အနည်းအများအလိုက် သိမ်းယူကြ၏။ ဩမဲတောင်းနှင့် ခြင်ကြသောအခါ၊ များများရသောသူမပို၊ နည်းနည်းရသောသူ မလို၊ အသီးအသီးတို့သည် စားလောက်အောင်သိမ်းယူကြ၏။" အခန်းငယ် ၁၄-၁၈။

"မောရှေကလည်း၊ နံနက်တိုင်အောင် အဘယ်သူမျှ မကျန်စေနှင့်ဟုဆိုသော်လည်း၊ အချို့တို့သည် မောရှေစကားကိုနားမထောင်ဘဲ၊ နံနက်တိုင်အောင်ကျန်စေသဖြင့်၊ ပိုးဖြစ်၍နံလေသော်၊ မောရှေသည် အမျက်ထွက်၏။ ထိုသူအသီးအသီးတို့သည် နေ့တိုင်း မိမိတို့စားလောက်သမျှကိုသိမ်းယူကြ၏။ နေပူသောအခါ အရေပြစ်လေ၏။" အခန်းငယ် ၁၉-၂၁။

"ခြောက်ရက်မြောက်သောနေ့၌၊ မုန့်နှစ်ဆတည်းဟူသော တယောက်နှစ်ဩမဲစီ သိမ်းရကြ၏။ ထိုအကြောင်းကို ပရိသတ်အုပ်အပေါင်းတို့သည် မောရှေအားကြားပြောလေ၏။ သူကလည်း၊ နက်ဖြန်နေ့သည် ထာဝရဘုရားရှေ့၌ သန့်ရှင်းသောဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ဖြစ်၏။ မုန့်ကို ပေါင်းချင်သည်အတိုင်း

ပေါင်းကြလော့။ ပြုတ်ချင်သည်အတိုင်း ပြုတ်ကြလော့။ ကျန်သောအရာကို နံနက်တိုင်အောင် စောင့်၍သို ထားကြလော့ဟု ထာဝရဘုရား မိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။ မောရှေမှာထားသည်အတိုင်း၊ နံနက် တိုင်အောင် သိုထားကြ၏။ နံခြင်းနှင့် ကင်းလွတ်၏။ ပိုးလည်းမရှိ။ မောရှေကလည်း၊ ကျန်သောအရာကို ယနေ့ စားကြလော့။ ယနေ့သည် ထာဝရဘုရား၏ ဥပုသ်နေ့ ဖြစ်၏။ ယနေ့တွင် ထိုအရာကို တော၌မတွေ့ရ။ ခြောက် ရက်ပတ်လုံး သိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟုဆိုလေ ၏။" အခန်းငယ် ၂၂-၂၆။

"ခုနစ်ရက်မြောက်သောနေ့၌၊ အချို့တို့သည် သိမ်းယူခြင်းငှာ ထွက်သွားရာတွင်၊ ရှာ၍ မတွေ့ရကြ။ ထာဝရဘုရားကလည်း၊ သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြလိမ့် မည်နည်း။ ထာ ဝရဘုရားသည် ဥပုသ်နေ့ကို သင်တို့အားပေးတော်မူပြီ။ ထို ကြောင့် ခြောက်ရက်မြောက်သော နေ့၌ နှစ်ရက်အတွက်မုန့်ကို ပေးတော်မူ၏။ လူတိုင်း မိမိနေရာ၌နေစေ၊ ခုနစ်ရက်မြောက်သောနေ့၌ မိမိနေရာ မှ အဘယ်သူမျှမသွားစေနှင့်ဟု မောရှေအားမိန့်တော်မူ၏။ ထိုကြောင့် လူများတို့သည် ခုနစ်ရက်မြောက်သော နေ့၌ ငြိမ်ဝပ်စွာနေကြ၏။" အခန်းငယ် ၂၇-၃၀။

ယခုတွင်၊ အဖြစ်အပျက်တစ်ခုလုံးကို ကျွန်ုပ်တို့၏ရှေ့တွင် တွေ့မြင်နေရပြီးဖြစ်သည့်အားလျော်စွာ ထိုအဖြစ်အပျက်ထဲတွင်ပါရှိသည့် သင်ခန်းစာများတို့ကို အသေးစိတ်လေ့လာနိုင်ပြီးဖြစ်သည်။ ဤအဖြစ် အပျက်အကြောင်းကို ရေးသားမှတ်တမ်းတင်ထားရာတွင် ယင်းအဖြစ်အပျက်တွင်ပါဝင်ခဲ့ကြသည့်သူများ အတွက် ရေးသားထားခြင်းမဟုတ်ပဲ၊ ကျွန်ုပ်တို့အတွက် ရေးသားပေးထားခြင်းသာဖြစ်ပါသည်။ "ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မြော်လင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကိုဆုံးမဩဝါဒပေး၍ ရေးထားသတည်း။" ဖြစ်ပျက်သွားခဲ့ သည့်အဖြစ်အပျက်များမှ သင်ယူရမည့်သင်ခန်းစာကို ဘုရားသခင်သည် သူတို့အဖို့စီစဥ်ပေးခဲ့ရာ၊ သူတို့အ နေဖြင့် ထိုသင်ခန်းစာကို သင်ယူရန်ပျက်ကွက်ခဲ့ကြပါသည်။ ထိုသို့ပျက်ကွက်ခဲ့ကြသည်မှန်လျှင်၊ ထိုသူတို့၏ ပျက်ကွက်မှုကိုမှတ်တမ်းတင်ထားသည့် မှတ်တမ်းမှတ်ရာမှလည်း ကျွန်ုပ်တို့အနေဖြင့် သင်ခန်းစာပြန်ယူရမည့် အကြောင်းအရင်း မြောက်များစွာရှိနေပေသည်။

## စမ်းသပ်မှု

ထိုသူတို့သည် မိမိ၏ပညတ်တော်အတိုင်း လိုက်လျှောက်မည်၊ မလိုက်လျှောက်မည်ကို စုံစမ်း သည့်အနေဖြင့် သူတို့အားစမ်းသပ်မှုပြုတော်မူမည်ဟု ဘုရားသခင်မိန့်တော်မူခဲ့လေသည်။ သူတို့အား ဥပုသ်နေ့အားဖြင့် စမ်းသပ်တော်မူခဲ့ပါသည်။ ဤနေ့ကို သူတို့အနေဖြင့် စောင့်ထိန်းခဲ့ကြမည်ဆိုလျှင်၊ ပညတ် တော်တစ်ခုလုံးကိုလည်း သူတို့အနေဖြင့် စောင့်ထိန်းသွားကြမည်မှာ လုံးဝသေချာပါသည်။ ထို့ကြောင့် ဘုရားသခင်၏ပညတ်တော်တွင် ဥပုသ်နေ့သည် အရေးပါသောစမ်းသပ်မှုတစ်ခုဖြစ်နေခဲ့ပါသည်။ ထိုဥပုသ်နေ့ သည် ယခုအချိန်မျိုးတွင်ပင်လျှင် အရေးပါသောစမ်းသပ်မှုတစ်ခုဖြစ်နေပါသည်။ ထိုအကြောင်းကို ကျွန်ုပ်တို့ လေ့လာထားခဲ့ကြသည့် အချက်အလက်များတို့မှ ပြန်လည်ပြညွှန်ပေးပါလိမ့်မည်။

၁။ အာပြဟံနှင့်ပြုတော်မူခဲ့သည် ပဋိညာဥ်တရားတော်ကို အကောင်အထည်ဖေါ်လုပ်ဆောင်သည့်အနေဖြင့် ထိုက္ကသရေလလူတို့ကို ကယ်နှုတ်တော်မူခဲ့ပါသည်။ ထွက်မြောက်ရာ ၆း၃၊၄ ကိုကြည့်ပါ။ ထိုပဋိညာဥ် တော်ကို အကျိန်တစ်ခုအားဖြင့် တည်စေတော်မူခဲ့ပြီး၊ အာပြဟံ၌ပြုတော်မူခဲ့သည့် ကတိတော်နှင့်စပ် ဆိုင်သောအချိန်ကာလသည်လည်း နီးကပ်လာခဲ့ပြီးဖြစ်ပါသည်။ အာပြဟံသည် ဘုရားသခင်၏ပညတ် ကိုစောင့်ထိန်းခဲ့ပြီး၊ ထိုသို့စောင့်ထိန်းခဲ့ခြင်းကြောင့် သူ့အားပေးခဲ့သောကတိတော်သည် သူ၏နောင်လာ

နောက်သားများအထိ ဆက်လက်တည်တံ့မှုရှိခဲ့ပါသည်။ ထိုအကြောင်းကို ဤမှတ်တမ်းစာရင်းထဲတွင် တွေ့ရှိရပါသည်။ ကမ္ဘာဦးကျမ်း ၂၆း၃-၅။ မိမိဖခင်ဖြစ်သူအာဗြဟံ၌ ကျိန်ဆိုခဲ့သည့်အကျိန်ကို ဘုရားသခင်သည်အကောင်အထည်ဖေါ်လုပ်ဆောင်ပေးလိမ့်မည်ဟု ဣဇာက်အား ဘုရားသခင် မိန့်တော်မူခဲ့သည်။ “အကြောင်းမူကား၊ အာဗြဟံသည် ငါ့စကားကိုနားထောင်၍၊ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း။” ထိုအကျိန်တော်ကို ပြည့်စုံစေသည့်အနေဖြင့် ဘုရားသခင်သည် အာဗြဟံ၏သားသမီးများတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ပေးတော်မူခဲ့ပြီး၊ ထိုသို့နှုတ်ဆောင်ပေးတော်မူရာတွင်၊ ထိုသူတို့အနေဖြင့်လည်း ဘုရားသခင်၏ပညတ်တော်အတိုင်း လိုက်လျှောက်မည်၊ မလိုက်လျှောက်မည်အကြောင်းကို သိမြင်နိုင်ဖို့ရန်အတွက် ဘုရားသခင်သည် သူတို့အား စမ်းသပ်မှုပြုတော်မူခဲ့လေသည်။ ထိုသူတို့အား စမ်းသပ်တော်မူရာတွင် ဥပုသ်နေ့အားဖြင့် စမ်းသပ်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ အာဗြဟံသည် ဥပုသ်တော်နေ့ကိုစောင့်ထိန်းခဲ့ကြောင်းနှင့် သူ၌ဘုရားသခင်ပြုတော်မူခဲ့သည့် ပဋိညာဉ်တရားတော်တွင်လည်း ထိုဥပုသ်တော်နေ့ပါရှိနေကြောင်းကို ဤအချက်က အခိုင်အမာသက်သေပြနေပါသည်။ ဤဥပုသ်တော်နေ့သည် အရေဖျားလှီးခြင်းမင်္ဂလာမခံမီကတည်းက အာဗြဟံရရှိထားခဲ့သည့် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတရားတော်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့၏ မြော်လင့်ခြင်းသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ဣသရေလလူမျိုးများတို့၏ရှေ့၌ ထားတော်မူခဲ့သော မြော်လင့်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ (တနည်းအားဖြင့် ကျွန်ုပ်တို့၏မြော်လင့်ခြင်းသည် သူတို့၏မြော်လင့်ခြင်းနှင့်အတူတူပင်ဖြစ်သည်။) “ဘုရားသခင်သည် ဘိုးဘေးများတို့အား ပေးတော်မူသော ကတိတော်ကိုထောက်၍ မြော်လင့်ခြင်းတရား (တနည်းအားဖြင့် ဘိုးဘေးများတို့အား ဘုရားသခင်ပေးထားတော်မူခဲ့သော ကတိတော်နှင့်စပ်ဆိုင်သော မြော်လင့်ခြင်းတရား)” ကြောင့် တမန်တော်ရှင်ပေါလုသည် စစ်ကြောစီရင်ခြင်းကိုခံခဲ့ရပြီး (တမန်တော် ၂၆း၆)၊ သစ္စာစောင့်သောသူတို့အဖို့ ပေးထားတော်မူသောကတိတော်မူကား၊ ထိုသူတို့သည်ဘုရားသခင်၏နိုင်ငံတော်တွင်အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့နှင့်အတူတကွ ထိုင်ရသောအခွင့်ရှိလိမ့်မည်ဖြစ်သည်။ ကျန်ကြွင်းသောမိမိ၏လူတို့ကို ကယ်နှုတ်ဖို့ရန်အတွက် ဘုရားသခင်သည် မိမိ၏လက်တော်ကို ဒုတိယအကြိမ်ဆန့်တန်းနေတော်မူပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါတွင် နားထောင်ခြင်းရှိမရှိကိုစစ်ဆေးပေးနေသည့် စမ်းသပ်မှုသည် မူလအစက ပြုခဲ့သည့်စမ်းသပ်မှုနှင့်အတူတူပင်ဖြစ်ပါသည်။ ဥပုသ်နေ့ဆိုသည်မှာ ဖန်ဆင်းရှင်အနေဖြင့်သော်၎င်း၊ သန့်ရှင်းစေသူအနေဖြင့်သော်၎င်း တည်ရှိတော်မူသည့် ဘုရားသခင်၏တန်ခိုးတော်ကို ပြန်လည်အောက်မေ့သတိရစေသည့်အရာဖြစ်ပါသည်။ ဘုရားသခင်၏တရားစီရင်တော်မူသောအချိန်သည်ရောက်လာပြီးဆိုသည့် သတင်းစကားကိုကြွေးကြော်ပြထားသည့် နောက်ဆုံးသောကာလအတွက် လိုအပ်သောပြင်ဆင်မှုများကိုပေးစွမ်းသည့် ထာဝရဧဝံဂေလိသတင်းစကားထဲတွင် အောက်ပါအတိုင်း ဟောကြားထားပါသည်။ “ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့။” ဗျာဒိတ် ၁၄း၆၊၇။

၃။ သိနာတောင်ပေါ်၌ ပညတ်တော်ဆယ်ပါးကို မကြေညာမီ၊ ဣသရေလလူတို့အနေဖြင့်လည်း ထိုတောင်ရှိရာအရပ်သို့မရောက်ရှိလာမီတွင်၊ ဤစမ်းသပ်မှုကိုပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုပညတ်တော်၏ကြိန်အင်လက္ခဏာတစ်ခုစီတိုင်းတို့ကို သူတို့သည် သိရှိထားပြီးသားဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိရပါသည်။ ပညတ်တော်ကို သိနာတောင်တွင်မပေးအပ်မီ၊ ပထမအကြိမ်ကြေညာမှုမပြုမီ တလကျော်ကျော်လောက်တွင် ဣသရေလလူမျိုးတို့သည် ထိုဥပုသ်နေ့အားဖြင့် စမ်းသပ်ခြင်းကိုခံခဲ့ကြရပါသည်။ ဣသရေလလူတို့သည် ရှေးလွန်ခဲ့သည့်နှစ်ပေါင်းမြောက်များကတည်းက ထိုပညတ်တော်ကို သိရှိထားခဲ့ကြပြီး၊ ထိုပညတ်တရားကို မိမိတို့၏မယုံကြည်ခြင်းအမှုများအားဖြင့် မကြာခဏချိုးဖေါက်ခဲ့

ကြကြောင်းကို၊ "သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြလိမ့်မည်နည်း။" ဆိုသည့် ကျမ်းချက်က ထောက်ပြထားပေးပါသည်။

ဂျူးလူမျိုးတို့အား စောင့်ထိန်းစေလိုခဲ့သည့်ဥပုသ်နေ့သည် ခရစ်တော်၏အသေခံတော်မူခြင်းအမှုအားဖြင့် ကွယ်ပျောက်သွားစရာဘာအကြောင်းမျှမရှိကြောင်း၊ ထိုဥပုသ်နေ့သည်ခရစ်တော်အသေခံတော်မမူမှီရာစုနှစ်များစွာကတည်းက ဇေဝဇေလိတရားတော်၏ တစ်စိတ်တစ်ဒေသအဖြစ် တည်ရှိလာခဲ့ကြောင်းကို၊ ပညတ်တော် ပေးအပ်တော်မူခြင်းအကြောင်းနှင့်စပ်ဆိုင်သည့် အဖြစ်အပျက်များတို့ကိုလေ့လာသွားကြသောအခါတွင် ကျွန်ုပ်တို့အနေဖြင့် ပိုမိုပြီး နားလည်သဘောပေါက်လာကြပါလိမ့်မည်။

"ခြောက်ရက်ပတ်လုံး သိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟု"လူများတို့အား မိန့်မှာထားခဲ့ပါသည်။ ဤဖော်ပြချက်သည် စတုတ္ထမြောက်သောပညတ်တော်ထဲတွင်ပါရှိသည့် ဖော်ပြချက်နှင့် အလွန်မှပင်တူညီမှုရှိနေပါသည်။ "ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍သင်၏သားသမီး၊ ကျွန်ယောက်ျားမိန်းမ၊ တိရစ္ဆာန်၊ သင်၏ တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။" ယင်းပညတ်ချက်တွင်ဖော်ပြထားသည့်တောင်းဆိုချက်သည် တိကျမှုမရှိ၊ ထိုဥပုသ်နေ့ဆိုသည်မှာ ရက်သတ္တပတ်၏သီးသန့်နေ့တစ်နေ့နှင့်ချည်နှောင်ထားခြင်းမရှိပဲ၊ အရှေ့တွင်အလုပ်လုပ်ဆောင်သောရက်ခြောက်ရက်တွဲပါလာသည့် ရက်သတ္တပတ်ထဲက မည်သည့်နေ့မဆို ထိုနေ့သည်ဥပုသ်နေ့ပင်ဖြစ်ပါသည်ဟု မြောက်များစွာသောသူများအနေဖြင့် အယုံသွင်းခြင်းခံထားကြရပါသည်။ ဤအယူဝါဒသည် မှားယွင်းသောအယူဝါဒတစ်ခုပင်ဖြစ်ကြောင်းနှင့် လေးပါးမြောက်ဖြစ်သောယင်းပညတ်တော်က တိကျမှုမရှိသော သတ္တမမြောက်အချိန်ပိုင်းတစ်ခုကို တောင်းဆိုထားခြင်းမဟုတ်ပဲ ရက်သတ္တပတ်၏ခုနစ်ရက်မြောက်သောနေ့ကိုသာတောင်းဆိုထားခြင်းဖြစ်ကြောင်းကို မန္နမုန့်ချပေးသည့်အဖြစ်အပျက်မှတ်တမ်းမှ ပြသပေးထားပါသည်။

ဥပုသ်နေ့သည် တိကျသောနေ့တစ်နေ့ဖြစ်ပြီး၊ ထိုနေ့သည် မည်သည့်နေ့ဖြစ်ရမည်ဟူ၍ လူသားများအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်းကို မန္နမုန့်ချပေးခြင်းအကြောင်းအရာက အခိုင်အမာဆုံးထောက်ပြပေးထားပါသည်။ သည့်အပြင်မက၊ "သတ္တမနေ့" သည် သတ္တမမြောက်သောအချိန်ပိုင်းတစ်ခုမဟုတ်ပဲ အသေအချာ ထပ်တလဲလဲ ဖြစ်ပေါ်သောနေ့တစ်နေ့သာဖြစ်ကြောင်းကိုလည်း ထောက်ပြပေးထားပါသေးသည်။ အကယ်၍သာ၊ "သတ္တမနေ့" သည် သတ္တမြောက်သောအချိန်ပိုင်းတစ်ခု ဖြစ်သည်မှန်လျှင်၊ "ဆဌမနေ့" သည်လည်း ဆဌမမြောက်သောအချိန်ပိုင်းတစ်ခုဖြစ်သွားမည်ဖြစ်သည်။ သို့ဖြစ်လျှင်၊ ဣသရေလလူမျိုးများအနေဖြင့် ထိုအယူအဆဖြင့်သာ အစပြုခဲ့ကြမည်ဆိုလျှင်၊ စလျင်စချင်း ထိုသူတို့အနေဖြင့် အခက်တွေ့ကုန်ကြလိမ့်မည်ဖြစ်ပါသည်။

ခုနစ်ရက်ဆိုသည့်အချိန်ကာလအပိုင်းအခြားတစ်ခုတော့ရှိပါသည်။ ထိုကာလအပိုင်းအခြားမှာ ဖန်ဆင်းခြင်းအချိန်ကတည်းက သိရှိထားခဲ့ကြသည့်ရက်သတ္တပတ်ပင်ဖြစ်ပါသည်။ "သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကိုလက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍၊ ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ၊ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား၊ ဖန်ဆင်းပြုပြင်တော်မူသော ထိုအမှုအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။" ကမ္ဘာဦးကျမ်း ၂း၂၊၃။ ထို့ကြောင့် သတ္တမနေ့ရက်သည် ဥပုသ်နေ့ပင်ဖြစ်သည်ဟု ဘုရားသခင်အနေဖြင့်ပြောဆိုလိုက်ရာတွင်၊ ဥပုသ်နေ့ဆိုသည်မှာ စနေနေ့ဟုအများကသိရှိထားကြသည့် ရက်သတ္တပတ်၏သတ္တမမြောက်သောနေ့ပင်ဖြစ်သည်ဟု သူ့အနေဖြင့် ဆိုလိုလိုက်ခြင်းပင်ဖြစ်ပေသည်။ ဣသရေလလူများအနေဖြင့် ဥပုသ်နေ့အတွက်ပြင်ဆင်မှုပြုခဲ့ကြရသည့် ဆဌမနေ့မှာမူ သောကြာနေ့ဟု အများကခေါ်ဆိုထားကြသည့် ရက်သတ္တပတ်၏ ဆဌမမြောက်သောနေ့ပင်ဖြစ်ပါသည်။

ခရစ်တော်၏အသေခံတော်မူခြင်းနှင့် မြှုပ်နှံသင်္ဂြိုလ်ခြင်းအကြောင်းကို တင်ပြထားသည့်မှတ်တမ်းမှလည်း ထိုရှုပ်ထွေးမှုအားလုံးတို့ကို ရှင်းလင်းပြထားပေးပါသည်။ ထိုမှတ်တမ်းထဲတွင်၊ "ဥပုသ်နေ့လွန်ခုနစ်ရက်တွင် ပဌမနေ့ရက်မိုဃ်းလင်းအံ့ဆဲဆဲအချိန်၌၊" (မသဲ ၂၈း၁) အမျိုးသမီးများတို့သည် သင်္ချိုင်းတော်သို့ ရောက်လာခဲ့ကြသည့်အကြောင်းကိုတင်ပြထားပါသည်။ ကျမ်းရေးဆရာနောက်တစ်ဦးကလည်း "ဥပုသ်နေ့လွန်မှ" (မာကု ၁၆း၁)ဟု တင်ပြထားသည်။ ရက်သတ္တပတ်၏ ပထမနေ့ရက်သည် ဥပုသ်နေ့ပြီးသည်နှင့် ဆက်တိုက်လိုက်လာသည့်နေ့ပင်ဖြစ်ကြောင်း၊ ဥပုသ်နေ့ကုန်ဆုံးသွားခဲ့သည့်အချိန်နှင့် အမျိုးသမီးများသင်္ချိုင်းဂူရှိရာသို့ အလည်အပတ်ပြုခဲ့သည့်အဖြစ်အပျက်စပ်ကြားတွင် မည်သည့်ကြားဖြတ်အချိန်ကာလမျှမရှိကြောင်းကို ပြသပေးဖို့ရန်အတွက်၊ အထက်ပါကျမ်းပိုဒ်နှစ်ပိုဒ်ကို ကွှန်ုပ်တို့အနေဖြင့် ရည်ညွှန်းတင်ပြပေးလိုက်ခြင်းဖြစ်သည်။ ခရစ်တော်အားမြှုပ်နှံသင်္ဂြိုလ်ကြသည့်အချိန်သည် "အဘိတ်နေ့ဖြစ်၍ ဥပုသ်နေ့အချိန်နီး" ကြောင်းကို ရှင်လုကာကျမ်းတွင်တင်ပြထားသည့်မှတ်တမ်းထဲတွင် လေ့လာဖတ်ရှုရပါသည်။ ခရစ်တော်၏အလောင်းတော်ထားရာအရပ်သို့လာပြီး မိန်းမတို့သည်ကြည့်ရှုခဲ့ကြပြီးသည့်နောက်တွင်၊ သူတို့သည် "ပြန်သွားပြီးလျှင် ဆီမွှေးနှင့်နံ့သာမျိုးကို ပြင်ဆင်၍ ပညတ်တော်အတိုင်း ဥပုသ်နေ့၌ အလုပ်မလုပ်ဘဲ နေကြ၏။" ထို့နောက်မှ "ခုနစ်ရက်တွင် ပဌမနေ့ရက် အာရုဏ်တက်သောအချိန်၌၊ ထိုမိန်းမတို့သည် အခြားသောမိန်းမတို့နှင့်တကွ မိမိတို့ပြင်ဆင်သောနံ့သာမျိုးကိုဆောင်လျက် သင်္ချိုင်းတော်သို့သွားကြ၏။" လုကာ ၂၃း ၅၄-၅၆၊ ၂၄း၁။

"အဘိတ်နေ့" ပြီးသည်နှင့် ဥပုသ်နေ့သည် ဆက်တိုက်လိုက်လာပြီး၊ ဥပုသ်နေ့ပြီးသည်နှင့် "ခုနစ်ရက်တွင် ပဌမနေ့ရက်"သည် ဆက်တိုက်လိုက်လာပါသည်။ ထို့ကြောင့် ဥပုသ်တော်နေ့ဆိုသည်မှာ ခုနစ်ရက်တွင် သတ္တမမြောက်သောနေ့ပင်ဖြစ်ပါသည်။ ထိုနေ့သည် "ပညတ်တော်အတိုင်း (ဖြစ်သော) ဥပုသ်နေ့" ပင်ဖြစ်သည်။ ထို့ကြောင့် ပညတ်တော်ထဲတွင်ပါရှိသည့်ဥပုသ်နေ့ဆိုသည်မှာ ခုနစ်ရက်တွင် သတ္တမမြောက်သောနေ့ ပင်ဖြစ်ပါသည်။ အခြားသောနေ့မရှိပါချေ။ အထူးတကာ့အထူးခြားဆုံးသောနည်းလမ်းတည်းဟူသော နှစ်ပေါင်းလေးဆယ်တိုင်တိုင် အံ့သြဖွယ်ရာနိမိတ်လက္ခဏာများပြုတော်မူခြင်းအမှုအားဖြင့် ဘုရားသခင်သည် ထိုနေ့ကို ဥပုသ်တော်နေ့အနေဖြင့် အခြားသောနေ့များမှ ခွဲထုတ်ပြထားတော်မူခဲ့ပါသည်။ ဤအချက်ကို ကောင်းမွန်စွာ ဆင်ခြင်စဉ်းစားကြည့်ပါလေ။ ကျမ်းစာထဲတွင် ဥပုသ်နေ့ (SABBATH) အကြောင်းကို ပြောတိုင်းပြောတိုင်းတွင်၊ ခုနစ်ရက်တွင်သတ္တမနေ့ (တနည်းအားဖြင့် ရက်သတ္တပတ်၏ခုနစ်ရက်မြောက်သောနေ့) ကိုသာ ရည်ညွှန်းပြောဆိုခြင်းဖြစ်သည် ဆိုသည့်အချက်ကို အောက်မေ့သတိရစေပါ။ စတုတ္ထပညတ်တွင်ပါရှိသော ဤဥပုသ်နေ့နှင့် သခင်ခရစ်တော်၏ဇေဝေဝလိတရားတို့သည် မောရှေမပေါ်ထွန်းမီ နှစ်ပေါင်းများစွာအချိန်ကတည်းက အမြဲတမ်းအတူ ယှဉ်တွဲဆက်စပ်လျက်ရှိနေခဲ့ကြကြောင်းကို ရှေ့ဆက်လေ့လာသွားကြမည့်သင်ခန်းစာတွင် ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရပေလိမ့်မည်ဖြစ်သည်။

## ၂၄။ ဣသရေလလူတို့ခံ့ထားတော်မူသောကတိတော်များ – ဘုရားသခင့်အထံတော်မှလာသော အသက်
### ယနေ့အတွက်သမ္မာတရား၊ အောက်တိုဘာ ၁၅၊ ၁၈၉၆

တောထဲတွင်လှည့်လည်ရသောအချိန်ကာလ၏ အဆုံးသတ်အချိန်သို့ရောက်ရှိလာသောအခါတွင် မောရှေသည် လူထုကြီးအား ဤသို့မိန့်မှာထားခဲ့လိုက်ပါသည်။ “သင်သည်အသက်ရှင်၍ များပြားမည်အကြောင်း၊ ထာဝရဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့သွား၍ ဝင်စားမည်အကြောင်း၊ ယနေ့ ငါမှာထားသောပညတ်အလုံးစုံတို့ကိုကျင့်ဆောင်အံ့သောငှာ သတိပြုရမည်။ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီးသောအနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်တော်မူသော လမ်းခရီးတလျှောက်လုံးကို အောက်မေ့ရမည်။ ထိုသို့ သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဘူးသော မန္နနှင့် ကျွေးမွေးတော်မူသဖြင့်၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။” တရားဟောရာကျမ်း ၈း ၁-၃။

“ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊” နှင့်ပြည့်စုံသည်။ ဟေဗြဲ ၄း၁၂။ ခရစ်တော်မိန့်တော်မူသည်ကား၊ “ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။” ယောဟန် ၆း၆၃။ ပရောဖက်တော်အားဖြင့် မိန့်တော်မူသည်ကား၊ “နားညွှတ်သောနားနှင့် ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။” ဟေရှာယ ၅၅း၃။ “ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ယခုပင်ရောက်လျက်ရှိ၏။” ယောဟန် ၅း၂၅။ ထိုကာလသည် ဣသရေလလူမျိုးများ တောထဲ၌ရှိနေခဲ့ကြသည့်အချိန်တွင် ရောက်ရှိလာခဲ့ပါသည်။ လူသည် “ဘုရားသခင် မိန့်တော်မူသမျှအားဖြင့်” သာ အသက်မွေးရမည်အကြောင်းကို မန္နမုန့်ချပေးခဲ့ခြင်းအားဖြင့် ဘုရားသခင်သည် သူတို့ကို သွန်သင်ပြပေးခဲ့ပါသည်။

ဤအချက်ကို ကောင်းစွာမှတ်သားပါ။ ထိုသူတို့သည် ဘုရားသခင်၏ပညတ်တော်အတိုင်း လိုက်လျှောက်မည်၊ မလိုက်လျှောက်မည်ကို စစ်ကြောဖို့ရန်အတွက် ဘုရားသခင်သည် သူတို့အဖို့ မန္နမုန့်ကို ပြင်ဆင်ပေးခဲ့ပါသည်။ တချိန်တည်းမှာပင်၊ ပညတ်တော်သည် အသက်နှင့်ပြည့်စုံတော်မူသည့်အကြောင်းကိုလည်း သူတို့အား သွန်သင်ပြပေးခဲ့ပါသည်။ ခရစ်တော်မိန့်တော်မူသည်ကား၊ “ခမည်းတော်၏ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို ငါသိ၏။” ယောဟန် ၁၂း၂၀။ အသက်ရှင်နိုင်ဖို့ရန်အတွက်ဆိုလျှင် ထိုသူတို့သည် ပညတ်တော်များကို စောင့်ထိန်းကြရမည်ဖြစ်သည်။ သို့ရာတွင် ယင်းပညတ်တော်များကို ကြားနာခြင်းအားဖြင့်သာလျှင် သူတို့အနေဖြင့် စောင့်ထိန်းနိုင်ကြမည်ဖြစ်သည်။ အသက်သည် ထိုပညတ်ချက်များအထဲတွင် တည်ရှိနေပါသည်။ စောင့်ထိန်းသောသူ၏အထဲတွင် မတည်ရှိနေပါချေ။ သို့ဖြစ်၍ စောင့်ထိန်းသောသူသည် အသက်ဆိုသည့်အရာကို မိမိ၏ကြိုးစားအားထုတ်မှုများမှ မရရှိနိုင်ပါချေ။ သို့ရာတွင် သူသည် ထိုပညတ်တော်များအားဖြင့် အသက်ကိုရရှိရမည်ဖြစ်သည်။ ကျေးဇူးတော်သည် ဖြောင့်မတ်ခြင်းတရားတော်အားဖြင့်စိုးစံတော်မူပြီး၊ ယေရှုခရစ်တော်အားဖြင့် ထာဝရစိုးစံတော်မူပါသည်။ ထိုသို့စိုးစံရသည့်အကြောင်းကား၊ ထိုနှုတ်ကပတ်တော် (မိန့်တော်မူချက်) ပင်လျှင် အသက်ဖြစ်တော်မူပြီး၊ ထိုမိန့်တော်မူချက်ကို ကျွန်ုပ်တို့အနေဖြင့် ဂရုတစိုက်နားထောင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ထိုမိန့်တော်မူချက်အားဖြင့် အသက်ရှင်ရကြလိမ့်မည်ဖြစ်သည်။ “သင်သည် ငါ၏ပညတ်တို့ကိုစောင့်ရှောက်ပါစေသော။ သို့ပြုလျှင်၊ သင်၏ချမ်းသာသည် မြစ်ကဲ့သို့၎င်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့၎င်း ဖြစ်ရလိမ့်မည်။” ဟေရှာယ ၄၈း၁၈။

ခရစ်တော်မိန့်တော်မူသည်ကား၊ "အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင်ပညတ်တော်တို့ကို စောင့်ရှောက်လော့။" မသဲ ၁၉း၁၇။ သို့ရာတွင်၊ ဖြောင့်မတ်ခြင်းတရားနှင့် အသက်ရှင်ခြင်းတရားကို၊ ကျွန်ုပ်တို့ သည် မိမိတို့၏ကြိုးစားအားထုတ်မှုများကိုအားကိုးလျက် တိကျသောအဆင့်အတန်းတစ်ခုသို့ရောက်ရှိအောင်ကြိုးစားခြင်းအားဖြင့်သော်၎င်း၊ ကျွန်ုပ်တို့၌ တိုးတက်မှုရှိမရှိကိုတွေ့မြင်ကြဖို့ရန်အတွက် မိမိတို့ကိုယ်ကို ထိုပညတ်တော်နှင့်တိုင်းတာမှုပြုကြခြင်းအားဖြင့်သော်၎င်း ရယူကြဖို့မဟုတ်ပါချေ။ ထိုသို့ပြုလုပ်ခြင်းသည် လူကို ခရစ်ယာန်များကဲ့သို့မဖြစ်လာစေပဲ၊ ဖါရိရှဲများကဲ့သို့သာ ဖြစ်လာစေပါသည်။ အာဗြဟံသည် ဘုရားသခင်၏ပညတ်တော်များကို စောင့်ထိန်းခဲ့ပါသည်။ ထိုသို့စောင့်ထိန်းခဲ့သည့်အချိန်တွင် ပညတ်တော်ကို ရေးသားခြင်းမပြုရသေးပါချေ။ သို့ဆိုလျှင် သူ့အနေဖြင့် မည်ကဲ့သို့ စောင့်ထိန်းခဲ့ပါသနည်း။ ဘုရားသခင်၏အသံတော်ကို နားထောင်ခြင်းအားဖြင့်သော်၎င်း၊ ထိုသခင်အား ကိုးစားယုံကြည်ခြင်းအားဖြင့်သော်၎င်း သူ့အနေဖြင့် စောင့်ထိန်းခဲ့ပါသည်။ အာဗြဟံ၌ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတရားရှိသည်ဟု ဘုရားသခင်အနေဖြင့် သက်သေခံပြောကြားခဲ့ပါသည်။

အာဗြဟံအား ပို့ဆောင်တော်မူခဲ့သည့်နည်းလမ်းအတိုင်းပင်၊ ဘုရားသခင်သည် ဣသရေလလူတို့ကို ပို့ဆောင်ခဲ့ပါသည်။ မိမိ၏ပရောဖက်တော်များအားဖြင့်သော်၎င်း၊ သူတို့အား အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့ရာတွင် ပြသတော်မူခဲ့သည့် နိမိတ်လက္ခဏာများအားဖြင့်သော်၎င်း ဘုရားသခင်သည် သူတို့ကို စကားပြောခဲ့ပါသည်။ သူတို့၌ဖြောင့်မတ်ခြင်းတရားကိုဖြစ်ပေါ်စေမည့် မိမိ၏တန်ခိုးတော်ကိုလည်း သူတို့အား ပြသတော်မူခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏အသံတော်ကို သူတို့နားထောင်ပြီး၊ ထိုသခင်အား ယုံကြည်ခဲ့ကြမည်ဆိုလျှင် သူတို့၏ဖြောင့်မတ်ခြင်းအဖို့အလို့ငှါ ပြုပြင်စီမံပေးတော်မူရာတွင် မည်သည့်အခက်အခဲမျှ ရှိနေခဲ့လိမ့်မည်မဟုတ်ပါချေ။ သူတို့သည် မိမိကိုယ်ကို ကိုးစားခြင်းမပြုပဲ ဘုရားသခင်ကိုသာ ကိုးစားနေခဲ့ကြမည်ဆိုလျှင် သူတို့၏ဖြောင့်မတ်ခြင်းနှင့် အသက်ရှင်ခြင်းအတွက် ဘုရားသခင်သည် တာဝန်ယူပေးသွားခဲ့လိမ့်မည်ဖြစ်ပါသည်။ "ငါ၏လူစု၊ နားထောင်လော့။ ငါမှာထားမည်။ အိုဣသရေလအမျိုး၊ သင်သည် ငါ့စကားကိုနားထောင်ပါစေသော်။ သင်၌ တပါးအမျိုး၏ဘုရားမရှိရ။ တကျွန်းတနိုင်ငံဘုရားကို မကိုးကွယ်ရ။ ငါသည်သင့်ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ သင်၏နှုတ်ကို ကျယ်ကျယ်ဖွင့်လော့။ ဝပြောစွာကျွေးမည်။" ဆာလံ ၈၁း၈-၁၀။ "ဖြောင့်မတ်ခြင်းပါရမီကို ဆာတော်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတံ့။" မသဲ ၅း၆။ မန္နမုန့်ကိုချပေးတော်မူခဲ့ခြင်းအားဖြင့် ဘုရားသခင်သည် သူတို့အား ဤကျမ်းချက်ထဲမှတင်ပြထားသည့်အချက်ကို သွန်သင်ပေးဖို့ ကြိုးစားနေခဲ့ပါသည်။ မန္နမုန့်ချပေးခဲ့သည့် အဖြစ်အပျက်အကြောင်းကို မှတ်တမ်းတင်ရေးသားထားသည့် ကျမ်းချက်တွင်ပါရှိသည့် သင်ခန်းစာကို သင်ယူမိကြဖို့ရန် ဘုရားသခင်လိုလားတော်မူပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုအနီးကပ်လေ့လာသွားကြပါစို့။

## အသက်မုန့်

တောထဲတွင်ရှိသော ဣသရေလသားသမီးများအားလုံးတို့သည် "ဓမ္မအစာကိုအတူစားကြသည်" ဟု တမန်တော်ပေါလုက ပြောပြထားပါသည်။ ၁ ကော ၁၀း၄။ "ငါသည် သင်တို့အဘို့ မိုဃ်းကောင်းကင်ကမုန့်မိုဃ်းကို ရွာစေမည်။" ဟု ပြောတော်မူလျက်၊ ထိုသူတို့အား အစာကိုပေးတော်မူမည်ဟုကတိပြုတော်မူခဲ့သည့် ဘုရားသခင်၏နှုတ်ထွက်စကားတော်များကို ကျွန်ုပ်တို့ဖတ်ရှုခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်သည် "အထက်မိုဃ်းတိမ်တို့ကို မှာထားလျက်၊ ကောင်းကင်တံခါးတို့ကို ဖွင့်" တော်မူခဲ့ပြီး၊ သူသည် "သူတို့ စားစရာဘို့ မန္နကို မိုဃ်းရွာစေသဖြင့်၊" သူတို့အား "ကောင်းကင်ဆန်စပါးကို ပေးတော်မူသည်ဖြစ်၍" "ထိုသူအပေါင်းတို့သည်

ကြီးမြတ်သောသူတို့၏အစာ (မူရင်းဟေဗြဲတွင် ကောင်းကင်တမန်တို့၏အစာ) ကိုသုံးဆောင်" ကြ ၏။ ဆာလံ ၇၈း ၂၃-၂၅။

သူတို့စားသုံးခဲ့ကြရသည့်အစာသည် သူတို့ဖြတ်လျှောက်ခဲ့ကြသည့်ပြည်မှ ထုတ်လုပ်သော ထုတ်ကုန်အစာတစ်ခုမဟုတ်ပါချေ။ သူတို့ဖြတ်လျှောက်ခဲ့ကြသည့်ပြည်မှရရှိသည့်အစာဖြစ်သည်မှန်လျှင် ထို အစာကို သူတို့အနေဖြင့် အရင်ကတည်းက ရရှိခဲ့ကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ထိုအစာတို့သည် ကောင်း ကင်မှရွာကျလာခဲ့သည်ဟု သမ္မာကျမ်းစာထဲမှ ပြောပြထားပါသည်။ ထိုအစာသည် ဘုရားသခင့်အထံတော်မှ တိုက်ရိုက်လာသောအစာဖြစ်သည်။ ထိုအစာသည် "ဓမ္မအစာ" "ကြီးမြတ်သောသူတို့၏အစာ (ဟေဗြဲဘာသာ တွင် ကောင်းကင်တမန်တို့၏အစာ)" ပင်ဖြစ်ပါသည်။ ယုံကြည်မည်ဆိုလျှင်၊ ထိုအစာသည် သူတို့အဖို့ပင်ဖြစ်စဖို့ ရန် ရည်ရွယ်ထားတော်မူခဲ့ပါသည်။ ထိုအကြောင်းကို တောထဲတွင်ရှိသော လူထုကြီးအားအစာပေးကျွေးမွေးခဲ့ သည့် နောက်အဖြစ်အပျက်တစ်ခု ဖြစ်ပျက်သွားခဲ့စဉ်တွင် မိန့်ကြားတော်မူခဲ့သည့် ခရစ်တော်၏နှုတ်ထွက် စကားထဲမှ လေ့လာတွေ့ရှိရပါသည်။

တောထဲတွင်ရှိသော လူအုပ်ကြီးတစ်စုအတွက် စားသုံးဖွယ်ရာအစားအစာများကို အံ့သြဖွယ်ရာ ကောင်းလောက်သောပြင်ဆင်မှုမျိုးဖြင့် ပြင်ဆင်ပေးခဲ့သည့်အဖြစ်အပျက်နှင့်သက်ဆိုင်သည့် နောက်ထပ် မှတ်တမ်းတစ်ခုကို ယောဟန်အခန်းကြီး ၆ တွင် တွေ့ရှိရပါသည်။ ထိုလူအုပ်တွင် "မိန်းမနှင့်သူငယ်တို့ကိုမဆို ဘဲ၊ ယောက်ျားငါးထောင်မျှလောက်" ရှိပြီး၊ ထိုလူအုပ်တွင်ပါရှိလာသော စုစုပေါင်းအစားအစာပမာဏမှာ မုန့် ငါးလုံးနှင့် ငါးလေးနှစ်ကောင်သာရှိခဲ့ပါသည်။ ထိုလူများအားလုံးအတွက် တစ်ယောက်ကို မုန့်တဖက်စီစေ့ အောင်ဝေပေးမည်ဆိုက ဒေနာရိအပြားနှစ်ရာအဘိုးထိုက်သောမုန့်ပင် လုံလောက်လိမ့်မည်မဟုတ်ကြောင်းကို တပည့်တော်တစ်ဦးက တင်ပြခဲ့လိုက်ပါသည်။ ကျွန်ုပ်တို့အား တင်ပြပေးထားသည့် ထိုသူတို့၌ရှိခဲ့သည့် ဒေနာ ရိနှစ်ရာ၏တန်ဖိုးမှာ ယနေ့ခေတ် ဒေနာရိနှစ်ရာ၏တန်ဖိုးထက် ပိုပြီးများပြားသည်ဖြစ်သည့်အတွက်ကြောင့် ထိုသူတို့အနေဖြင့် အစားအသောက်များစွာဝယ်ယူနိုင်ခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ ထိုလောက်များပြားသည့် အစားအစာများပင်လျှင် တစ်ခါစာအတွက် လုံလောက်မှုမရှိခဲ့ပါချေ။ သို့ဖြစ်၍ "ဤမျှလောက်များစွာသောသူ တို့သည်ရှိကြသည်ဖြစ်၍၊ ထိုမုန့်နှင့်ငါးနှစ်ကောင်တို့ကို အဘယ်ပြောစရာရှိပါသနည်း။" ဟု ပေတရုအနေဖြင့် တင်ပြပြောဆိုလိုက်ရာတွင် ဘာမျှအံ့အားသင့်စရာမရှိပါချေ။

မည်သို့ပင်ဖြစ်စေကာမူ၊ ခရစ်တော်သည် "မိမိအဘယ်သို့ပြုမည်ကို သိတော်မူ၏။" သူသည် မိမိ၏လက်ထဲတွင် မုန့်ကိုကိုင်ယူထားလိုက်ပြီး ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ လူအုပ်ကြီးအားမုန့်ကိုဝေပေးကြ မည့်တပည့်တော်များဆီသို့ ထိုမုန့်ကိုပေးခဲ့လိုက်ပါသည်။ ငါးများကိုလည်း ထို့အတူပြုတော်မူခဲ့ပါသည်။ ထိုမှ ဖြစ်ပေါ်လာခဲ့သည့် ရလဒ်မှုကား၊ အရသာကိုပင်ခံလို့ရနိုင်မည်မဟုတ်သည့် အရေးမပါသောအရေအတွက်သာ ရှိသောအစာကနေမှ သူတို့အားလုံးတို့အား စိတ်ကျေနပ်စွာဖြင့်ဝဝလျှင်လျှင်ကျွေးမွေးနိုင်ခဲ့ပြီး၊ စားပြီးသော အခါတွင်လည်း အကြွင်းအကျန် တစ်ဆယ့်နှစ်တောင်းပင် ပိုလျှံခဲ့ပါသည်။ စားပြီးမှ ကြွင်းကျန်ရစ်ခဲ့သည့် ပမာဏသည် မစားမီတွင် ရှိနှင့်ထားခဲ့သည့် ပမာဏထက်ပင် ပို၍များပြားနေခဲ့ပါသည်။

ထိုမုန့်သည် မည်သည့်အရပ်ကလာပါသနည်း။ ဖြစ်နိုင်ခြေရှိသည့်အဖြေတစ်ခုတည်းသာရှိပါ သည်။ အဖြေမှာ ဘုရားသခင့်ကိုယ်တော်တိုင်ထံမှ လာပါသည်ဆိုသည့် အဖြေပင်ဖြစ်သည်။ ဘုရားဇာတိတော် နှင့်စပ်ဆိုင်သည့်အသက်သည် ဘုရားသခင်၌တည်ရှိနေတော်မူပြီး၊ ထိုအသက်သည် အသက်တကာတို့၏ မူလအရင်းအမြစ်ပင်ဖြစ်ကာ၊ ထိုအသက်သည် မုန့်ဖြစ်ပေါ်လာရာဂျုံစေ့များကို ကြီးထွားစေတော်မူခဲ့သကဲ့သို့ ပင် ထိုမုန့်ကိုပွါးများစေတော်မူခဲ့ပါသည်။ ထို့ကြောင့် လူထုကြီးသည် ခရစ်တော်ကိုယ်တော်တိုင်ထံမှလာသည့် အရာကိုသာ စားသုံးခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့၌ သူတို့၏ခန္ဓာကိုယ်များအတွက်ရရှိသွားခဲ့ကြသည့် အာဟာရ ဓါတ်မှာ ခရစ်တော်ကိုယ်ကိုယ်တိုင်၏ အသက်ပင်ဖြစ်ပါသည်။ ရုတ်တရက်ထွက်ပေါ်လာခဲ့သည့် သူတို့၏ ကာယလိုအင်များကို ဖြည့်ဆည်းပေးဖို့ရန်ရည်ရွယ်တော်မူသည့်အနေဖြင့် နိမိတ်လက္ခဏာကို ပြုတော်မူခဲ့ခြင်း

ဖြစ်ပါသည်။ သည့်အပြင်မကာ နောက်တစ်ရက်တွင် သူတို့ရှေ့၌ ခရစ်တော် ခင်းကျင်းပြပေးတော်မူမည့် တန်ဖိုးအရှိဆုံးသောဝိညာဉ်ရေးဆိုင်ရာသင်ခန်းစာတစ်ခုကို သူတို့အားသွန်သင်ပြပေးဖို့ရန် ရည်ရွယ်သည့် အနေဖြင့်လည်း ထိုနိမိတ်လက္ခဏာကို ပြုတော်မူခဲ့ခြင်းဖြစ်သည်။

နောက်တစ်ရက် ခရစ်တော်ကို ရှာဖွေတွေ့ရှိသွားကြသည့်အခါတွင်၊ သူတို့အတွက် ခရစ်တော်၌ရှိထားသော သာ၍ကောင်းမွန်သောအစာကို ရှာခြင်းထက် ထိုမုန့်နှင့်ငါးတို့ကိုသာ ကြိုးစားပြီးရှာဖွေခဲ့ကြခြင်းအမှုကြောင့် သူတို့ကို ခရစ်တော်က ဆုံးမစကားဆိုတော်မူခဲ့လေတော့သည်။ မိန့်တော်မူသည်ကား၊ "ပျက်စီးတတ်သောအစာကိုရခြင်းငှါ မကြိုးစားကြနှင့်။ လူသားသည် သင်တို့အားပေး၍ ထာဝရအသက်နှင့်အမျှ တည်တတ်သောအစာကိုရခြင်းငှါ ကြိုးစားကြလော့။ ထိုသားသည် ခမည်းတော်ဘုရား၏တံဆိပ်ခတ်ခြင်းကို ခံသောသူဖြစ်သည်။" ထိုအခါ သူတို့က "ဘုရားသခင်၏ အလိုတော်နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ပြုရပါမည်နည်း။" ဟု မေးလျှောက်ကြသောအခါ၊ ခရစ်တော်က၊ "ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်း။" ယောဟန် ၆း၂၇ -၂၉။ ထိုအခါ၊ သူတို့သည် မိမိတို့ကြုံခဲ့မြင်ခဲ့ရသောအလုံးစုံသောအရာများတို့ကို မျက်ကွက်ပြုလျက်၊ ခရစ်တော်အား နိမိတ်လက္ခဏာတစ်ခုကို တောင်းဆိုခဲ့ပါသည်။ သူတို့ပြောဆိုခဲ့ကြလေသည်မှာ၊ "အကျွန်ုပ်တို့သည် ကိုယ်မျက်စိနှင့်မြင်၍ ကိုယ်တော်ကိုယုံကြည်မည်အကြောင်း အဘယ်နိမိတ်လက္ခဏာကို ပြတော်မူသနည်း။ အဘယ်အမှုကို ပြုတော်မူသနည်း။" ထိုအခါ၊ ထိုသူတို့သည် မိမိတို့၏အကျိုးအဖို့အလိုငှါပြသပေးထားတော်မူခဲ့သည့် တူညီသော နိမိတ်လက္ခဏာကို မိမိတို့သည် ပိုင်ဆိုင်ထားကြရပြီးဖြစ်ကြောင်းကို သူတို့အနေဖြင့် နားလည်သဘောပေါက်ခြင်းမရှိပဲ၊ မန္နမုန့်ချပေးခဲ့သည့်အကြောင်းအရာကိုအောက်ပါအတိုင်း ပြန်လည်ရည်ညွှန်းပြောဆိုခဲ့ကြပြန်ပါသည်။ "ကျမ်းစာ၌လာသည်ကား၊ ထိုသူတို့ စားစရာဘို့ ကောင်းကင်မှမုန့်ကို ပေးတော်မူသည်ဟု လာသည်နှင့်အညီ၊ ငါတို့ဘိုးဘေးများသည်တော၌ မန္နကိုစားကြသည်။" အခန်းငယ် ၃၀၊ ၃၁။

တောထဲတွင် ဣသရေလူတို့အား မုန့်အထောက်အပံ့ကိုပေးခဲ့သည့်ပုဂ္ဂိုလ်မှာ မောရှေမဟုတ်ပဲ၊ ကောင်းကင်မှလာသောမုန့်ကိုပေးသနားတော်မူသော ဘုရားသခင်တစ်ပါးတည်းသာဖြစ်ကြောင်းကို ထိုသူတို့အား ခရစ်တော်က ပြန်လည်သတိရလာစေခဲ့သည်။ ယေရှုခရစ်မိန့်တော်မူသည်ကား၊ "ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှဆင်းသက်၍ လောကီသားတို့အားအသက်ကို ပေးသောမုန့်ပေတည်း။" ခရစ်တော်ပြောသောစကား၏အနက်အဓိပ္ပါယ်ကို သူတို့သည် သဘောမပေါက်ကြသေးသည့်အတွက်ကြောင့်၊ ခရစ်တော်အနေဖြင့် "ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တဖန် ရေငတ်မခံရ။"ဟု မိန့်မြွက်လိုက်ခြင်းအားဖြင့်၊ မိမိကိုယ်ကို အသက်မုန့်ဖြစ်တော်မူကြောင်းကို ထိုသူတို့အား ရှင်းလင်းစွာပြောဆိုတင်ပြပေး လိုက်သည့်အခါတွင်၊ ထိုသူတို့က ထိုအသက်မုန့်ကို မိမိတို့အား အစဉ်မပြတ်ပေးဖို့ရန်အတွက်ကိုသာ တောင်းဆိုခဲ့ကြလေတော့သည်။ ခရစ်တော်အနေဖြင့် နောက်ပိုင်းအချိန်တွင်လည်း ဆက်လက်ပြီး ဤကဲ့သို့ မိန့်တော်မူခဲ့ပါသေးသည်။ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ ငါသည်အသက်မုန့်ဖြစ်၏။ သင်တို့ဘိုးဘေးများသည် တော၌မန္နကိုစားလျက် သေရကြ၏။ ကောင်းကင်မှဆင်းသက်သောမုန့်ကို စားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ငါသည်ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏ အသက်အဘို့အလိုငှါ စွန့်သောငါ၏အသားပေတည်းဟုမိန့်တော်မူ၏။" အခန်းငယ် ၃၂-၅၁။

အကယ်၍သာ ထိုသူတို့သည် ယုံကြည်ခဲ့ကြမည်ဆိုလျှင်၊ ခရစ်တော်ထံမှလာသောမုန့်ကိုစား၍ ထိုမုန့်အားဖြင့် ခွန်အားပြည့်လာခဲ့ကြသကဲ့သို့၊ ထိုခရစ်တော်ထံမှလည်း သူတို့အနေဖြင့် ဝိညာဉ်အသက်ကိုရရှိခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်၏အသက်သည် ဖြောင့်မတ်ခြင်းပင်ဖြစ်တော်မူပြီး၊ ယုံကြည်ခြင်းအားဖြင့် သူ့အားစားသုံးကြသည့်သူအပေါင်းတို့သည် ထိုဖြောင့်မတ်ခြင်းကို ရရှိကြမည်ဖြစ်ပါသည်။ ထိုသူတို့သည်

တောထဲတွင်လှည့်လည်ခဲ့သော ဣသရေလလူမျိုးများနည်းတူပင် ကောင်းကင်မှလာသောမုန့်ကို စားသုံးခဲ့ကြပြီး၊ ထိုသူတို့နည်းတူပင် ထိုအသက်မုန့်ကို အသိအမှတ်ပြုလက်ခံခြင်းမရှိခဲ့ကြပါချေ။ သို့ဖြစ်သောကြောင့် ထိုသူတို့နည်းတူပင် ထိုအသက်မုန့်အားဖြင့်ရရှိသည့် ပြည့်ဝသောအကျိုးခံစားခွင့်ကို သူတို့သည်လည်း မရရှိခဲ့ကြပါချေ။

## ၂၅း ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – နှုတ်ကပတ်တော်မှလာသော အသက်
## ယနေ့အတွက်သမ္မာတရား၊ အောက်တိုဘာ ၂၂၊ ၁၈၉၆

ထိုသူတို့စားသုံးဖို့ရန်အတွက် မိမိကိုယ်ကို သူတို့အားပေးတော်မူမည်ဟု မိန့်မြွက်တော်မူခဲ့သည့် ခရစ်တော်၏စကားကို ဂျူးလူမျိုးများအနေဖြင့် ယုံဖို့ခက်နေကြပါသည်။ ထိုအခါသူတို့က၊ "ဤသူသည်မိမိအသားကို ငါတို့စားစရာဘို့အဘယ်သို့ ပေးနိုင်သနည်း။" ထိုအခါ ထိမိသောစကားလုံးများဖြင့် ခရစ်တော်ပြန်လည်မိန့်ကြားလိုက်သည်ကား၊ "ဝိညာဉ်သာလျှင်အသက်ရှင်စေ၏။ ကိုယ်ကာယသည်အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။"

အကယ်၍ ထိုသူတို့အယောက်တိုင်းစီတိုင်းအနေဖြင့် ထိုနေရာတွင်ရပ်နေခဲ့သည့် ခရစ်တော်၏အသားအစစ်ကို စားသုံးခဲ့ကြပြီး၊ ထိုသို့ဆက်လက်စားသုံးသွားနိုင်ဖို့ရန်အတွက် သူတို့စားလိုက်သည့် ခရစ်တော်၏အသားသည် ပြန်ပြီးပြည့်လာခဲ့မည်ဆိုလျှင်၊ ထိုအသားသည် သူတို့၏ဝမ်းထဲသို့ဝင်ရောက်သွားပြီး ဝမ်းထဲတွင်အစာချေသွားမည်ဖြစ်ကာ၊ ထိုသူတို့အနေဖြင့် ထိုအသားမှ မည်သည့်ရေရှည်အကျိုးရလဒ်ကိုမျှ ရရှိနိုင်ကြလိမ့်မည်မဟုတ်ပါချေ။ သူတို့၌ ဝိညာဉ်ရေး နှင့်စပ်ဆိုင်သော မည်သည့်အကျိုးရလဒ်မျှ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပါချေ။ ထိုအခြေအနေမျိုးသည် ထိုပရိတ်သတ်တို့တွင် ဖြစ်ပေါ်နေခဲ့ပါသည်။ ယေရှုခရစ်၏အသက်တော်မှလာသောမုန့်ကို စားသုံးခဲ့ကြသောအခါတွင်၊ သူတို့သည် ထိုမုန့်အားဖြင့် မည်သည့်အကျိုးကိုမျှ မခံစားခဲ့ကြရပါချေ။ သို့ဖြစ်ပါ၍၊ ဘရင်ဂျီ (Roman Catholic) အယူဝါဒမှ တင်ပြထားသည့်အချက်တစ်ချက်ဖြစ်သည့် မုန့်ကိုခရစ်တော်၏အသားအစစ်အဖြစ်သို့ပြောင်းလဲနိုင်သည့်တန်ခိုးသည် ဘုန်းတော်ကြီးများ၌ရှိပါသည် ဆိုသည့်အချက်က မှန်ကန်မှုရှိနေသည့်တိုင်၊ ထိုသို့ပြောင်းလဲလိုက်ခြင်းအရာက ဘာအကျိုးကိုမျှမဖြစ်ထွန်းစေနိုင်ပါချေ။ လူတို့သည် ထိုပြောင်းလဲထားသည့်အသားကိုစားပြီး၊ ယခင်ကပုံစံအတိုင်းသာ ဆိုးယုတ်မြဲ ဆက်လက်ဆိုးယုတ်နေကြမည်ဖြစ်ပါသည်။ "ကိုယ်ကာယသည်အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။" ယောဟန် ၆း၆၃။

"ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကိုငင်၊ နှုတ်တော်အသက်အားဖြင့် မိုဃ်းကောင်းကင်တန်ဆာများကိုငင် ဖန်ဆင်းတော်မူ၏။" ဆာလံ ၃၃း၆။ ခရစ်တော်မိန့်ကြားခဲ့လေသည်ကား၊ "မြေသည် မြက်ပင်ကိုငင်၊ စပါးသီးကို ဖြစ်စေသော စပါးပင်ကိုငင်၊ မြေပေါ်မှာ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသောသစ်ပင်ကိုငင်၊ ပေါက်စေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။" ကမ္ဘာ ၁း၁၁။ ရှိရှိသမျှသော အပင်အနှံတို့၏အသက်သည် ဘုရားသခင့်နှုတ်ကပတ်တော် (နှုတ်ထွက်စကား) ထဲတွင်တည်ရှိနေသည့် အသက်၏ ထင်ရှားခြင်းအကြောင်းပင်ဖြစ်သည်။ သူ၏နှုတ်ထွက်စကားထဲတွင်ပါရှိနေသည့်တန်ခိုးတော်သည် အစအဦး၌ ဆန်စပါးကိုပေါက်လာစေပြီး၊ ထိုဆန်စပါးပင်ကို ဆက်လက်ပြီး ကြီးထွားရှင်သန်စေခဲ့ပါသည်။ ထို့ကြောင့် လူသားများစားသုံးနေကြရသော အစာဟူသမျှသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်မှ လာသောအစာပင်ဖြစ်ပါသည်။ ဂျုံစပါးစေ့တစ်စေ့၏အထဲတွင်ရှိနေသည့်အသက်ကို ကျွန်ုပ်တို့ မတွေ့မြင်နိုင်ပါချေ။ သို့ရာတွင် ထိုဂျုံစပါးမှရရှိလာသောမုန့်ကို စားသုံးကြသောအခါတွင် ထိုအသက်ကို ကျွန်ုပ်တို့အနေဖြင့် ခံစားသိရှိရပါသည်။ အစာမှ ကျွန်ုပ်တို့ရရှိကြသည့် ကိုယ်ကာယခွန်အားသည် ဘုရားသခင့်နှုတ်ထွက်စကားတော်၏လုပ်ရှားခြင်းအားဖြင့် ရရှိလာသည့်ခွန်အားသာဖြစ်သည်။ ယခုတွင် ကျွန်ုပ်တို့သည် ဤအချက်နှင့်ပတ်သက်ပြီး ဘုရားသခင်အား အသိအမှတ်ပြုခြင်း၊ မျက်မှောက်ပြုခြင်းမရှိကြဘူးဆိုလျှင်၊ ကျွန်ုပ်တို့အနေဖြင့်လည်း ကိုယ်ကာယခွန်အားမှတပါး အခြားမည်သည့်ခွန်အားကိုမျှ ရရှိနိုင်ကြမည်မဟုတ်ပါချေ။ သို့သော်ကျွန်ုပ်တို့သည် အရာရာတိုင်း၌ ဘုရားသခင်ကိုတွေ့မြင်တတ်၊ မျက်မှောက်ပြုတတ်ကြမည်ဆိုလျှင် ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော ထိုသခင်၏အသက်တာကို ကျွန်ုပ်တို့အနေဖြင့် ရရှိပိုင်ဆိုင်ခွင့်ရှိပေလိမ့်မည်။ သခင်ဘုရား

မိန့်တော်မူသည်ကား၊ "သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။" သုတ္တံကျမ်း ၃း၆။

ကျွန်ုပ်တို့၏လမ်းခရီးတို့ကို ဘုရားသခင်ပဲ့ပြင်ပေးတော်မူသည့်အခါတွင် ထိုလမ်းခရီးတို့သည် မှန်ကန်သောလမ်းခရီးများဖြစ်လာပါသည်။ အကြောင်းမှာ၊ "ဘုရားသခင် စီရင်တော်မူသောအမှုသည် စုံလင်" တော်မူသောကြောင့်ဖြစ်သည်။ ဆာလံ ၁၈း၃၀။ တောထဲတွင် မုန့်များ (မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်) ကိုစားသုံးခဲ့ကြသောသူတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းမရှိ၊ ထိုသခင်၏အသက်တော်ကိုလည်း အသိအမှတ်မပြုခဲ့ကြပါချေ။ ထို့ကြောင့် သူတို့သည် မိမိတို့စားသုံးခဲ့လိုက်ရသည့်အရာမှမည်သည့်ဝိညာဉ်အသက်ကိုမျှ မရရှိသွားခဲ့ကြပါချေ။ တောထဲတွင်လည်ပတ်ခဲ့ကြသည့် ဣသရေလလူတို့၌လည်း ထို့အတူဖြစ်ပျက်သွားခဲ့ပါသည်။ "အကြောင်းမူကား၊ အထက်မိုဃ်းတိမ်တို့ကို မှာထားလျက်၊ ကောင်းကင်တံခါးတို့ကို ဖွင့်၍၊ သူတို့စားစရာဘို့မန္နကို မိုဃ်းရွာစေသဖြင့်၊ ကောင်းကင်ဆန်စပါးကို ပေးတော်မူသည်ဖြစ်၍၊ ထိုသူအပေါင်းတို့သည် ကြီးမြတ်သောသူတို့၏ အစာကိုသုံးဆောင်၍၊ ဝပြောစွာစားကြမည်အကြောင်း ပြုတော်မူသော်လည်း၊ သူတို့သည် ဘုရားသခင်ကိုမယုံကြည်။ ကယ်တင်တော်မူခြင်းကျေးဇူးကို မကိုးစားဘဲနေကြ၏။" ဆာလံ ၇၈း၂၂-၂၄။ အကယ်စင်စစ် ထိုသူတို့သည် ခရစ်တော်၏အသက်တော်အားဖြင့် ကျွေးမွေးခြင်းကိုခံခဲ့ကြရသော်လည်း မိမိတို့၏ အမြင်ချို့ယွင်းနေသောမယုံကြည်ခြင်းတရားကြောင့်၊ သူတို့အနေဖြင့် ဝိညာဉ်အသက်ကို မရရှိနိုင်ခဲ့ကြပါချေ။ သူတို့အား မန္နမုန့်ကိုချပေးတော်မူရာတွင်၊ တောထဲတွင်တရားနာခဲ့ကြသောလူထုကြီးအား ပေးတော်မူခဲ့သည့် သင်ခန်းစာကိုသာ ခရစ်တော်သည် ထိုသူတို့ (ဣသရေလလူတို့) အားပေးတော်မူခဲ့ပါသည်။ ထိုသင်ခန်းစာမှာ မိမိ၏နှုတ်တော်ထွက်သည် အသက်ဖြစ်သည်ဆိုသည့်သင်ခန်းစာနှင့် "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်၊ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်၊" ဆိုသည့် သင်ခန်းစာပင်ဖြစ်သည်။

မန္နမုန့်သည် ဘုရားသခင်၏ပညတ်တော်အပေါ်နှင့်၊ အထူးသဖြင့် ထိုပညတ်တော်၏တံဆိပ်လက္ခဏာ တစ်ခုကဲ့သို့ဖြစ်သော ဥပုသ်တော်နေ့အပေါ် ထားရှိကြသည့် ထိုသူတို့၏သစ္စာတရားကို စစ်ဆေးစမ်းသပ်မှုပြုခဲ့သည့်အရာတစ်ခုဖြစ်သည်။ သို့ရာတွင် ထိုစမ်းသပ်မှုကို သူတို့နားလည်သဘောပေါက်ခဲ့ကြမည်ဆိုလျှင်၊ မိမိတို့စားသုံးခဲ့ကြသောမန္နမုန့်အားဖြင့် သခင်ခရစ်တော်ကို သူတို့သိရှိနေခဲ့ကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင့်နှုတ်ကပတ်တော်အားယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို မိမိတို့၏နှလုံးထဲ၌ ရာနှုန်းပြည့်ကိန်းအောင်းခွင့်ပေးကြမည်ဆိုလျှင်၊ ထိုသခင်သည် ဥပုသ်နေ့အပါအဝင်ဖြစ်သော ပညတ်တော်တစ်ခုလုံးအားစောင့်ထိန်းခြင်းအမှုကို ကျွန်ုပ်တို့၏အသက်တာထဲသို့ ဆောင်ယူလာပေးတော်မူလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်တော်မှ ထွက်ကျလာသည့်နှုတ်ထွက်စကားလုံးတိုင်းသည် ကျွန်ုပ်တို့၏ဘဝအသက်တာအတွက် မရှိမဖြစ်လိုအပ်ပါသည်။

အစားအသောက်များ စားသောက်သည့်အချိန်တိုင်း၌ ပြန်လည်ကျေးဇူးတင်ချီးမွမ်းတတ်သည့် အလေ့အထသည် ခရစ်ယာန်များကြားတွင် လုပ်ရိုးလုပ်စဉ်တစ်ခုလိုဖြစ်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် စားသောက်သည့်အခါ၌ဖြစ်စေ၊ ဘုရားသခင်၏အခြားသောကောင်းကြီးတစ်စုံတစ်ရာကို ရရှိခံစားရသည့်အခါတွင်ဖြစ်စေ ကျေးဇူးတင်ချီးမွမ်းခြင်းပြုကြပါသည်။ ထိုသို့ပြုကြရသည့် အကြောင်းအရင်းလည်း မြောက်များစွာရှိပါသည်။ "အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။" ပြဿနာတစ်ခုမှာ မကြာခဏဆိုလိုပင်ကျေးဇူးတင်ချီးမွမ်းခြင်းအမှုသည် ပုံစံခွက်တစ်ခုလိုဖြစ်နေပါသည်။ မကြာခဏဆိုသလိုပင်၊ ထိုအမှုကိုပြုကြရာတွင် နှလုံးသားထဲမှထွက်ပေါ်လာခြင်းကြောင့်မဟုတ်ပဲ၊ လုပ်လေ့လုပ်ထဖြစ်နေသည့်အတွက်ကြောင့် ပြုလိုက်သည်က များနေပါသည်။ ကျေးဇူးတင်ချီးမွမ်းခြင်းဆိုသည်မှာ အမှန်အားဖြင့် မည်သည့်အရာကိုဆိုလိုချင်ပါသနည်း။ အဖြေမှာ ကျွန်ုပ်တို့အတွက် စားစရာ၊ သောက်စရာများနှင့်တကွ၊ ကျွန်ုပ်တို့ဘဝအသက်တာအတွက်လိုအပ်သော

ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထံမှလာသည်ဖြစ်ကြောင်းကို ဆိုလိုနေခြင်းဖြစ်သည်။ ကျေးဇူးတင်ချီးမွမ်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့အဖို့ထားရှိတော်မူသည့် ဘုရားသခင့်မေတ္တာတော်၏ ပေါ်လွင်ထင်ရှားခြင်းအကြောင်းပင်ဖြစ်ပေသည်။ သို့ဆိုရာတွင်၊ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်" မူသည့်အတွက်ကြောင့်၊ သူ့မေတ္တာတော်၏ပေါ်လွင်ထင်ရှားခြင်းအကြောင်းဆိုသည်မှာ သူ့အသက်တော်၏ ပေါ်လွင်ထင်ရှားခြင်းအကြောင်းပင်ဖြစ်ပေသည်။ သူ၏မေတ္တာတော်အားဖြင့် ပေးသနားတော်မူသော ဆုလက်ဆောင်များတို့ကို ကျွန်ုပ်တို့အနေဖြင့် သုံးဆောင်စားသုံးခြင်းသည် ယုံကြည်ခြင်းအားဖြင့် ထိုသခင်ကို သုံးဆောင်စားသုံးနေခြင်းပင်ဖြစ်ပေသည်။ ဤအချက်ကို ကျွန်ုပ်တို့အနေဖြင့် ဆက်လက်ပြီး အသိအမှတ်ပြုလက်ခံထားကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် စားသည်ဖြစ်စေ၊ သောက်သည်ဖြစ်စေ၊ မည်သည့်အမှုကိုပြုနေကြသည်ဖြစ်စေ ပြုလုပ်ဆောင်ရွက်ကြသည့်အမှုအရာတိုင်း၌ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေနိုင်ကြလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်တွင် တကယ်အသက်ရှင်နေထိုင်ရသည့်ပုံစံမျိုးဖြင့် အသက်ရှင်ရကြလိမ့်မည်ဖြစ်သည်။ ထိုသခင်၏အသက်တော်သည် ဖြောင့်မတ်ခြင်းပင်ဖြစ်တော်မူကြောင်းနှင့် သူ၏နှုတ်ထွက်စကားသည်လည်း သူ၏အသက်ပင်ဖြစ်တော်မူကြောင်းကို သိရှိကြသောအခါတွင်၊ အစာအတွက်ပြုကြသည့် ကျွန်ုပ်တို့၏ကျေးဇူးတင်ချီးမွမ်းခြင်းအမှုသည် သူ၏နှုတ်ထွက်စကားတော်အတွက်ပြုကြသည့် ကျေးဇူးတင်ချီးမွမ်းခြင်းအမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဤသို့သောအသက်တာ (ဘုရားသခင်၏အသက်တာ) သည် ဖြောင့်မတ်သည့်အသက်တာတစ်ခုပင်ဖြစ်ကြောင်းကို မသိမြင်နိုင်သောသူ အဘယ်သူရှိပါသနည်း။ ကျွန်ုပ်တို့သည် မိမိတို့၏နေ့စဉ်အစားအစာများမှတဆင့် ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်၌ဝပြောခြင်းရှိနိုင်ကြပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့ သည်ထိုသခင်၏ဖြောင့်မတ်ခြင်းတရားနှင့် အမှန်တကယ်ဝပြောခြင်းရှိကြလိမ့်မည်ဖြစ်သည်။ ဤအချက်ကို မန္နမုန့်ချပေးတော်မူခြင်းအဖြစ်အပျက်ထဲမှ သင်ယူထားမိကြဖို့ရန် ဘုရားသခင်အလိုတော်ရှိပါသည်။ အကယ်၍ သူတို့သည် မိမိတို့အဖို့ချပေးတော်မူခဲ့သောမန္နမုန့်မှတဆင့် သခင်ခရစ်တော်ကို အသိအမှတ်ပြုလက်ခံခဲ့ကြမည်ဆိုလျှင် သူတို့၏အသက်တာသည် တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်သောအသက်တာများ ဖြစ်လာလိမ့်မည်ဖြစ်သည်။ ထိုသူတို့ မျက်ကွယ်ပြုထားခဲ့ကြသည့် သင်ခန်းစာကို ကျွန်ုပ်တို့သည် လေ့လာသင်ယူမိကြပါစေ။

## မျှတမှုကိုဖော်ပြသည့်သင်ခန်းစာတစ်ခု

မန္နမုန့်ချပေးတော်မူသည့်အကြောင်းအရာမှတ်တမ်းထဲတွင်၊ "အသီးအသီးတို့သည် စားလောက်အောင် သိမ်းယူကြ၏။" ဆိုသည့်တင်ပြချက်ကို အဖန်တလဲလဲတင်ပြပေးထားပါသည်။ တဲတွင်ရှိကြသောသူများအဖို့ မုန့်ကိုသိမ်းယူပေးကြဖို့ရန်အတွက်လည်း သူတို့အားမိန့်ကြားခဲ့ပါသည်။ "ဣသရေလအမျိုးသားတို့သည်ထိုသို့ပြု၍၊ အနည်းအများအလိုက် သိမ်းယူကြ၏။ ဩမဲတောင်းနှင့် ခြင်ကြသောအခါ၊ များများရသောသူမပို၊ နည်းနည်းရသောသူမလို၊" ထွက် ၁၆း ၁၇၊၁၈။

ဤဖြစ်စဉ်တွင် အံ့ဩဖွယ်ရာကောင်းသည့် အချက်တစ်ချက်ရှိနေပါသည်။ ဤနေရာ၌ နိမိတ်လက္ခဏာတစ်ခုကို တွေ့မြင်နေရသကဲ့သို့ဖြစ်နေပါသည်။ ယင်းအဖြစ်အပျက်မြင်ကွင်းတွင် နိမိတ်လက္ခဏာတစ်ခုရှိနေပါသည်။ သို့ဆိုရာတွင် ဩမဲတောင်းနှင့် ခြင်လိုက်သည့်အခါတွင် များများရသောသူ၏မုန့်တို့သည် ချက်ခြင်းဆိုသလို အတိုင်းအတာတစ်ခုအထိသို့ ယုတ်လျော့သွားပြီး၊ ပြည့်ဖို့ရန် တဝက်လိုနေသေးသောသူ၏မုန့်တို့မှာမူ အံ့အားသင့်ဖွယ်ရာကောင်းလောက်အောင် အလိုအလျောက်ပြည့်လာခြင်းအားဖြင့် နိမိတ်လက္ခဏာဖြစ်ပေါ်ခဲ့ခြင်းမျိုးတော့မဟုတ်ပါချေ။ ထိုအကြောင်းအရာကို နားလည်နိုင်ဖို့ရန်အတွက် တမန်တော်ကြီးပေါလုက ဖြေရှင်းချက်ပေးထားပါသည်။ ပေးကမ်းခြင်းအကြောင်းနှင့်ပတ်သက်ပြီး ကောရိန်သုမြို့တွင်ရှိသော ညီ

အစ်ကိုများထံသို့ ရေးသားပေးပို့ခဲ့သည့်စာထဲတွင် သူ့အနေဖြင့် ဤသို့တင်ပြပေးထားပါသည်။ "ဤအမှုရာ ၌ အခြားသောသူတို့သည် ချမ်းသာရ၍ သင်တို့သည်ဆင်းရဲစေခြင်းငှါ ငါအကြံရှိသည်မဟုတ်။ များများရသော သူမပို။ နည်းနည်းရသော သူမလိုဟူသောကျမ်းစကားနှင့်အညီ၊ မျှခြင်းတရားကိုထောက်၍၊ ယခု၌ သင်တို့၏စည်းစိမ်သည် သူတို့၏ဆင်းရဲကိုမစသဖြင့်ငှင်း၊ နောင်၌ သူတို့၏စည်းစိမ်သည် သင်တို့၏ဆင်းရဲကို မစသဖြင့်ငှင်း၊ အညီအမျှဖြစ်စေခြင်းငှါ ငါအကြံရှိ၏။" ၂ကော ၈း၁၃-၁၅။

ထိုနိမိတ်လက္ခဏာမှာ ပေးကမ်းခြင်းအမှုနှင့်စပ်ဆိုင်သော ဘုရားသခင့်ကျေးဇူးတော်၏ နိမိတ်လက္ခဏာတစ်ခုသာဖြစ်ပါသည်။ များများရသောသူသည် မပိုရသည့်အကြောင်းအရင်းကား၊ ထိုသူသည် မိမိရသောပမာဏတချို့တဝက်တို့ကို နည်းနည်းရသောသူ (သို့) အနည်းငယ်မျှမကောက်ယူနိုင်သည့်သူအား ခွဲဝေပေးလိုက်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် နည်းနည်းရသောသူသည်လည်း မလိုတော့ပါချေ။ သို့ဖြစ်၍ ပင်တေကုတ္တေပွဲနေ့နောက်ပိုင်းတွင် အသင်းတော်၌ကျင့်သုံးလာခဲ့သည့်နည်းဥပဒေသနှင့် တောထဲတွင်လှည့်လည်စဉ်က ဣသရေလလူတို့ကျင့်သုံးခဲ့ကြသည့် နည်းဥပဒေသတို့သည် တစ်ခုတည်းပင်ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွှတ်တည်းရှိကြ၍၊ အဘယ်သူမျှ မိမိဥစ္စာတစုံတခုကို ငါ့ဥစ္စာဟူ၍မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။ သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့် သက်သေခံ၍၊ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။ ထိုသူတို့တွင် ဆင်းရဲသောသူတယောက်မျှမရှိ။" တမန်တော် ၄း၃၂-၃၄။

ရှေးဣသရေလလူတို့၏မှားယွင်းမှုများအကြောင်းကို ကျွန်ုပ်တို့အနေဖြင့် မြောက်များစွာဆွေးနွေးဖြစ်ခဲ့ကြသည်။ တခါတရံ၌လည်း အခြားသောရှုထောင့်တစ်ခုကနေမှ ပြန်ပြီးစဉ်းစားသုံးသပ်ဖို့ကောင်းပေသည်။ သူတို့ပြုခဲ့ကြသည့် ခပ်သိမ်းသောမှားယွင်းမှုများတို့သည် လူတို့တွင် ဖြစ်လေ့ဖြစ်ထဖြစ်သောမှားယွင်းမှုများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဣသရေလလူတို့သည် အခြားသောသူများတို့ထက် ပိုပြီးမဆိုးသွမ်းခဲ့ကြပါချေ။ သူတို့ (ဣသရေလလူများ) သည် တွေ့မြင်ရခဲ့သော မြင့်မားသည့်ယုံကြည်ကိုးစားခြင်းအဆင့်အတန်းတစ်ခုအထိသို့ တခါတရံတွင် ရောက်ရှိသွားခဲ့ကြသည်။ သူတို့၌ သနားကြင်နာတတ်သောစိတ်သဘောမျိုးအမြဲတမ်းရှိနေမည်ဖြစ်ပြီး၊ သူတို့အထဲတွင် လောဘစိတ်ဟူသည် ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့အနေဖြင့် တွေးထင်မိစရာအကြောင်းမရှိပါချေ။ တမန်တော်ကျမ်းထဲတွင် တင်ဆက်ထားသည့် အသင်းတော်သမိုင်းကြောင်းတွင်ပင်လျှင် လောဘစိတ်ရှိခြင်း၊ ကြင်နာခြင်းမဲ့ခြင်း စသည့်အဖြစ်အပျက်များတို့ကို တွေ့ရှိနေရပါသည်။ ဘုရားသခင်သည် တောထဲရှိဣသရေလလူတို့အား မုန့်ကိုပြည့်စုံကြွယ်ဝစွာ ပေးသနားခဲ့ပါသည်။ သူတို့ဘက်မှ လုပ်ဆောင်ခဲ့ကြရသည်မှာ ထိုမုန့်တို့ကို စုသိမ်းကြရုံသာဖြစ်ပါသည်။ ထို့ကြောင့် ထိုသူတို့အနေဖြင့် လိုအပ်နေသောမိမိတို့၏ညီအစ်ကိုတို့အား မိမိတို့ကောက်ယူရရှိကြသည့်မုန့်ကို မဝေပေးနိုင်စရာ ဘာအကြောင်းမျှ မရှိပါချေ။ စင်စစ်အားဖြင့်၊ ဤသို့သော ရှုထောင့်မျိုးကနေမှ ကြည့်လိုက်မည်ဆိုလျှင်၊ ထိုသို့သော ဝေငှပေးကမ်းခြင်းအမှုကို လောကကြီးထဲတွင် လိုက်နာကျင့်သုံးရမည့် သဘာဝအကျဆုံးသောအမှုတစ်ခုအနေဖြင့် တွေ့မြင်ရပါသည်။

သို့ရာတွင် ကျွန်ုပ်တို့၏အခြေအနေသည် သူတို့အခြေအနေနှင့် တထပ်တည်းဖြစ်နေပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်အထံတော်မှ လာသည့်အရာမှတစ်ပါး အခြားမည်သည့်အရာမျှမရှိပါ။ ထိုအရာတို့ကို ဘုရားကပေးသည်။ ကျွန်ုပ်တို့အနေဖြင့် အတတ်နိုင်ဆုံးလုပ်ဆောင်နိုင်သည့်အရာမှာ ထိုအရာတို့ကို သိမ်းယူကြဖို့ရန်သာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ပိုင်ဆိုင်ထားကြသည့် မည်သည့်အရာတစ်စုံတစ်ခုကိုမျှ ကျွန်ုပ်တို့၏ကိုယ်ပိုင်အရာများအနေဖြင့် မမှတ်ယူမိကြဖို့အရေးကြီးပါသည်။ ထိုအရာတို့ကို ကျွန်ုပ်တို့က ဘုရားသခင်၌ကိုးစားယုံကြည်ခြင်းအားဖြင့် ကိုင်တွယ်အသုံးပြုကြရမည်ဖြစ်သည်။ ဣသရေလလူတို့ကျင့်သုံးခဲ့ကြသည့် ကွန်မြူနစ်ဝါဒသည် ယနေ့ခေတ်ကာလတွင်တွေ့ရသည့် ကွန်မြူနစ်ဝါဒလမ်းစဉ်များနှင့် လုံးဝကိုကွာခြား

နေပါသည်ဆိုသည့်အချက်ကို မှတ်သားပါ။ ပိုင်ဆိုင်မှုတို့ကို ဥပဒေအာဏာအားဖြင့် ခွဲဝေပေးခြင်းမျိုးမဟုတ်ပဲနှင့် အားကြီးသောသူက အားနည်းသောသူအား နေ့စဉ်ပေးကမ်းသည့် ခွဲဝေပေးခြင်းမျိုးဖြင့် သူတို့သည် အချင်းချင်း ပေးကမ်းခဲ့ကြသည်။ အဘယ်သူမျှ မိမိ၏ရှေ့ရေးအတွက် တစ်စုံတစ်ခုသောအရာတို့ကို သိုမှီးခြင်းမပြုကြပဲ၊ မိမိတို့အထဲတွင် ဆင်းရဲမွဲတေခြင်းအမှုမဖြစ်ရလေအောင် မိမိ၌ရှိသောအရာတို့ကို သူတို့သည် အခြားသောသူတို့အား ပေးလိုက်ကြပါသည်။ သို့ရာတွင် မိမိတို့၏နေ့စဉ်လိုအပ်ချက်အတွက် သူတို့သည် ဘုရားသခင်ကို ကိုးစားနေခဲ့ကြပါသည်။

ထိုသို့သော ကွန်မြူနစ်ဝါဒမျိုးကို လူသားတို့၏မည်သည့်အကြံအစည်အားဖြင့်နှင့်မျှ မရယူနိုင်ပါချေ။ ထိုဝါဒမျိုးသည် နှလုံးသားထဲတွင်ကိန်းအောင်းနေသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်မှ ပေါက်ပွါးလာသည့် ဝါဒမျိုးဖြစ်သည်။ "အကြင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင်၊ မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍၊ သနားခြင်း ကရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း။" "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စည်းစိမ်ရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိ၏။" ဤကျေးဇူးတော်နှင့်မေတ္တာတော်သည် စစ်မှန်သောက္ကသရေလလူမျိုးဆိုသည်မှာ အဘယ်သို့သောသူဖြစ်သည်ကို ထုတ်ဖေါ်ပြသပေးပါသည်။

## ၂၆း ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ကျောက်မှထွက်သော အသက်စမ်းရေ
## ယနေ့အတွက်သမ္မာတရား၊ အောက်တိုဘာ ၂၉၊ ၁၈၉၆

## "မြဲတည်ကျောက် ကျွန်ုပ်ဖို့ကွဲ၊ ကိုယ်တော်၌ခိုစေမိုဝဲ"

"ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သိန်တောထဲကထွက်၍ ခရီးသွားသဖြင့်၊ ရေဖိဒိမ်အရပ်၌ စားခန်းချကြ၏။ ထိုအရပ်၌ လူများသောက်ဘို့ရာရေမရှိ။ ထိုကြောင့်လူများတို့က၊ သောက်ဘို့ရေပေးပါဟုဆို၍ မောရှေကိုရန်တွေ့ကြ၏။ မောရှေကလည်း၊ ငါ့ကိုအဘယ့်ကြောင့် ရန်တွေ့ကြသနည်း။ ထာဝရဘုရားကို အဘယ်ကြောင့်စုံစမ်းကြသနည်းဟု ဆိုလေ၏။ လူများတို့သည်ရေငတ်၍ မောရှေကိုအပြစ်တင်မြည်တမ်းလျက်၊ ငါတို့မှစ၍ သား၊ သမီးတိရစ္ဆာန်တို့ကို အငတ်ထား၍သတ်ခြင်းအလိုငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်းဟု ဆိုကြ၏။ ထိုအခါ မောရှေသည် ထာဝရဘုရားအား အော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ ပြုရပါမည်နည်း။ အကျွန်ုပ်ကို ခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏။ ထာဝရဘုရားကလည်း၊ လူများရှေ့သို့သွား၍ ဣသရေလအမျိုး အသက်ကြီးသူတို့ကိုခေါ်လော့။ မြစ်ကိုရိုက်သောသင်၏လှံတံကိုကိုင်လျက်၊ ဟောရပ်အရပ်သို့သွားလော့။ ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင့်ရှေ့မှာငါရပ်နေမည်။ သင်သည်ထိုကျောက်ကိုရိုက်ရမည်။ လူများသောက်ဘို့ ထိုကျောက်ထဲကရေထွက်လိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း ဣသရေလအမျိုး အသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြုလေ၏။ ဣသရေလအမျိုးသားတို့က၊ ထာဝရဘုရားသည် ငါတို့တွင်ရှိသလော မရှိလောဟု ထာဝရဘုရားကိုစုံစမ်း၍ ရန်တွေ့သောအကြောင်းကြောင့်၊ ထိုအရပ်ကို မဿာနှင့် မေရိဘဟု သမုတ်သတည်း။" ထွက်မြောက်ရာကျမ်း ၁၇း၁-၇။

ဘုရားသခင်သည် မန္နမုန့်အားဖြင့် ဓမ္မအစာကို လူများတို့အား ပေးတော်မူခဲ့ကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ အထက်ပါတင်ပြထားသည့် အကြောင်းအရာအား ရည်ညွှန်းကိုးကားထားသည့်ဖေါ်ပြချက်ကို ဖတ်ရှုရာတွင်လည်း ထိုနည်းတူတွေ့ရှိရပြန်ပါသည်။ ထိုဖေါ်ပြချက်တွင်၊ ထိုသူတို့သည် "သူတို့နောက်၌ လိုက်သောဓမ္မကျောက်မှ ထွက်သောရေကိုသောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။" ဟု ဖေါ်ပြထားပါသည်။ ၁ကော ၁၀း၄။

အသက်ရှင်ရေးအတွက် မရှိမဖြစ်အလိုအပ်ဆုံးသောအရာများထဲတွင် ရေသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်၏ သုံးပုံနှစ်ပုံသည် ရေဖြင့်ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ရေအထောက်အပံ့ပုံမှန်မရရှိလျှင် အချိန်ခဏတာအတောအတွင်းတွင် တိရိစ္ဆာန်ရော အပင်အနွံများပါ သေဆုံးသွားကုန်ကြမည်ဖြစ်သည်။ တောထဲတွင်ရှိသောသူများအနေဖြင့်လည်း ရေအထောက်အပံ့ကို မရရှိခဲ့ကြဘူးဆိုလျှင် အချိန်ခဏတာအတောအတွင်းတွင် သေဆုံးသွားကုန်ကြလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရေသည် သူတို့အဖို့ အသက်ပင်ဖြစ်ပါသည်။ အရိုက်ခံရသောကျောက်မှ ပန်းထွက်လာခဲ့သည့် လတ်ဆတ်သောအသက်ရေကို သောက်သုံးခဲ့လိုက်ရသည့်အချိန်၌ ဣသရေလလူတို့၏စိတ်ဝိညာဉ်သည် မည်ကဲ့သို့ပြန်လည်အသက်ဝင်လာခဲ့ပြီး၊ အသစ်သောအသက်တာသည် သူတို့၏အထဲ၌ မည်ကဲ့သို့ ရှင်သန်ပေါက်ပွါးလာခဲ့ကြောင်းကို ရေငတ်ဖူးသောသူတိုင်း ကောင်းမွန်စွာ နားလည်သဘောပေါက်ကြလိမ့်မည်ဖြစ်သည်။

"ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။" ဘုရားသခင်ကို အကြိမ်ပေါင်းများစွာ ကျောက်နှင့် ပုံဆောင်ထားပါသည်။ "ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကိုကယ်လွှတ်သောသခင်၊" ဆာလံ ၁၈း၂။ "ငါ၏ကျောက်၊ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသောအမှုနှင့် ကင်းလွတ်တော်မူသည်။" ဆာလံ ၉၂း၁၅။ "ငါတို့ဘုရားသခင်၏ ဘုန်းအာနုဘော်တော်ကို ချီးမွမ်းကြလော့။ ဘုရားသခင်သည်

(ကျောက်) မူလအမြစ်ဖြစ်၍၊ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သောဘုရားဖြစ်တော်မူ၏။" တရားဟော ၃၂း ၃၊၄။ ခရစ်တော်သည် အသင်းတော်၏ထပ်ဆင့်တည်ဆောက်ရာကျောက်တည်းဟူသော- "ဘုရားသခင် ရွေးချယ်တော်မူသော အသက်ကျောက်မြတ်" ဖြစ်တော်မူသည်။ သူ့ထံသို့ ကျွန်ုပ်တို့ တိုးဝင်လာခဲ့ကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် "အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိ" ကြလိမ့်မည် ဖြစ်ပေသည်။ ၂ပေ ၂း၄၊၅။ ပရောဖက်များနှင့် တမန်တော်များတို့သည် ဘုရားသခင်ကို "တိုက်ထောင့်အမြစ် ကျောက်မြတ်" (ဖေက် ၂း၂၀၊ ၁ပေ၂း၆) အနေဖြင့်မှတ်ယူလျက်၊ ထိုသခင်အပေါ်၌ထပ်ဆင့် တည်ဆောက်ခဲ့ ကြသည်သာမကပဲ၊ တိုက်မြစ်တစ်ခုလုံးအနေဖြင့်သော်ငင်း၊ တစ်ခုတည်းသော ချစရာတိုက်မြစ် အနေဖြင့် သော်ငင်း မှတ်ယူလျက် ထပ်ဆင့်တည်ဆောက်ခဲ့ကြပါသည်။ ၁ကော ၃း၁၁။ သူ၌ ထပ်ဆင့်တည်ဆောက်ခြင်း မပြုသောသူ ရှိရှိသမျှတို့သည် ခိုင်မြဲခြင်းမရှိသောသဲပေါ်တွင် ထပ်ဆင့်တည်ဆောက်နေကြသည့်သူများသာ ဖြစ်ကြပါသည်။

တောထဲတွင် ဣသရေလလူမျိုးများ တွေ့မြင်ခဲ့ရသည့်ကျောက်သည် ထိုကျောက်အပေါ်တွင် ရပ်နေတော်မူခဲ့သည့် ကျောက်ဆောင်ကြီးတည်းဟူသော သခင်ခရစ်တော်၏ ပုံရိပ်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုခရစ်တော်ကို သူတို့အနေဖြင့် မတွေ့မြင်ခဲ့ကြပါချေ။ မီးခတ်ကျောက်ကဲ့သို့မာကျောသောထိုကျောက်သည် အလိုအလျောက် ရေမထုတ်ပေးနိုင်ပါချေ။ ချိုမြိန်လတ်ဆတ်သောရေကို ဆက်လက်စီးဆင်းပေးနိုင်ဖို့ရန် အတွက် အဆက်မပြတ်သောရေအထောက်အပံ့သည်လည်း ထိုကျောက်ထဲတွင် သိုလှောင်မထားပါချေ။ ထို ကျောက်၌ အသက်မရှိပါချေ။ သို့ရာတွင် "အသက်ကိုအစအဦးစီရင်သောသူ" တည်းဟူသော ခရစ်တော်သည် ထိုကျောက်အပေါ်တွင် ရပ်နေခဲ့ပြီး၊ ရေသည်လည်း သူ့အထံတော်မှ စီးဆင်းလာခဲ့ပါသည်။ ထိုအရာနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့အနေဖြင့် တွက်ချက်နေဖို့မလိုပါချေ။ အကြောင်းမှာ သူတို့သည်ခရစ်တော်ထံမှ သောက်သုံးခဲ့ကြရပါသည်ဟု ကျမ်းစာတော်မြတ်က ကျွန်ုပ်တို့အား ရှင်းလင်းစွာတင်ပြပေးထားပြီးဖြစ်သော ကြောင့်ဖြစ်သည်။

တခဏတာအချိန်ယူပြီး ဤအကြောင်းအရာကိုစဉ်းစားကြည့်ကြသည့်သူတိုင်းအနေဖြင့် ရှင်းလင်း သည့်အထောက်အထားများကို ရှာဖွေတွေ့ရှိသွားကြပါသည်။ စင်စစ်၊ သူတို့ (ဣသရေလလူတို့) ၏ယုံကြည် ခြင်းကင်းမဲ့သောပုစ္ဆာမေးခွန်းအတွက် တိုက်ရိုက်အဖြေတစ်ခုအနေဖြင့် ရေကိုပေးတော်မူခဲ့ခြင်းပင်ဖြစ်ပါ သည်။ သူတို့၏မေးခွန်းကား၊ "ထိုဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိသလော။" ဆိုသည့်မေးခွန်းပင်ဖြစ် သည်။ သူတို့တွင် မိမိသည် အမှန်တကယ်ပင်ရှိတော်မူကြောင်းကို၊ ခြောက်သွေ့ပြီး အပင်တစ်ပင်မျှအသက် မရှင်နိုင်သောကန္တာရထဲတွင်ရှိသည့် ခိုင်မြဲမာကြောသောကျောက်ထဲမှထွက်သောရေနှင့် ထောက်ပံ့ပေးတော် မူခဲ့ခြင်းအားဖြင့် သူတို့အား သက်သေပြသပေးတော်မူခဲ့ပါသည်။ ထိုသို့သောအမှုကို အဘယ်သူမျှမတတ်နိုင် ပဲ၊ ဘုရားသခင်တစ်ပါးတည်းကသာ တတ်နိုင်တော်မူပါသည်။

ဘုရားသခင်သည် ဧည့်သည်တစ်ဦးအနေဖြင့်သာ သူတို့တွင်ရှိနေခဲ့ခြင်းမဟုတ်ပါချေ။ သူသည် ထိုသူတို့၏အသက်လည်းဖြစ်သည်။ ထိုသို့ဖြစ်တော်မူကြောင်းကို သူတို့အားသွန်သင်ပြသပေးဖို့ရန်အတွက် ဤနိမိတ်လက္ခဏာကို ပြုတော်မူခဲ့ခြင်းဖြစ်သည်။ မိမိတို့အသက်ရှင်ရပ်တည်အရေးအတွက် ရေသည် ပင်မ မျှော်လင့်ချက်ကြီးတစ်ခုပင်ဖြစ်ကြောင်းကို သူတို့အနေဖြင့်သိရှိထားခဲ့ကြပြီး၊ မိမိတို့အား တဖန်ပြန်ပြီးအ သက်ဝင်လာစေခဲ့သည့် ထိုရေသည် ဘုရားသခင်ထံတော်မှ တိုက်ရိုက်ရလာသောရေပင်ဖြစ်ကြောင်းကို သူတို့ အနေဖြင့် စဉ်ဆက်မပြတ်တွေ့မြင်ခဲ့ကြရပါသည်။ ထို့ကြောင့် အချိန်ယူစဉ်းစားကြည့်ကြသည့်သူများအနေဖြင့် ထိုသခင်သည် မိမိတို့၏အသက်၊ မိမိတို့၏အထောက်အပံ့ပင်ဖြစ်တော်မူသည့်အကြောင်းကို လုံးဝတွေ့မြင်ခဲ့ ကြရမည်ဖြစ်ပါသည်။ ထိုအရာကို သူတို့အနေဖြင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သူတို့သည် သခင်ခရစ်

တော်မှ တိုက်ရိုက်သောက်သုံးနေခဲ့ကြရပါသည်။ ထိုသို့သောက်သုံးခြင်းသည် ထိုသခင်၏အသက်တော်ကို လက်ခံရယူနေရခြင်းပင်ဖြစ်သည်။ ထိုသခင်ထံပါးတွင် "အသက်စမ်းရေတွင်းရှိပါ၏။" ဆာလံ ၃၆း၉။

လောကကြီးထဲတွင် ထူးခြားမှုကိုဖြစ်ပေါ်စေသည့်အရာမှာ၊ ခရစ်တော်အား မိမိတို့အသက်၏ပင်မ အရင်းအမြစ်အနေဖြင့် အသိအမှတ်ပြုခြင်း၊ မပြုခြင်းဆိုသည့်အရာ၌သာ အခြေခံပါသည်။ သူတို့အနေဖြင့် အသိအမှတ်ပြုခဲ့ကြမည်ဆိုလျှင်၊ ယုံကြည်ခြင်းအားဖြင့်သောက်သုံးခဲ့ကြမည်ဆိုလျှင် ထိုသူတို့သည် ကျောက် တည်းဟူသောခရစ်တော်ထံမှ ဓမ္မအသက်ကို ရရှိခဲ့ကြမည်ဖြစ်သည်။ သူတို့သည် ကျေးဇူးတော်နှင့်ပြည့်ဝ သော ထိုသခင်ပေးတော်မူသည့်လက်ဆောင်နှင့်တကွ၊ ထိုသခင်အား အသိအမှတ်မပြုခဲ့ကြဘူးဆိုလျှင်၊ မိမိ တို့၏တိရိစ္ဆာန်များနည်းတူပင်၊ သူတို့သည်လည်း ထိုရေမှ မည်သည့်ထူးခြားမှုကိုမျှ ရရှိခဲ့ကြလိမ့်မည်မဟုတ်ပါ ချေ။ "ဂုဏ်အသရေနှင့်ပြည့်စုံလျက် ပညာသတိမရှိသောသူသည်ကား၊ ပျက်စီးခြင်းသို့ ရောက်တတ်သော တိရစ္ဆာန်နှင့်တူ၏။" ဆာလံ ၄၉း၂၀။ အခြားသတ္တဝါတို့ထက် ဉာဏ်ရည်စွမ်းရည်မြင့်မားသည့်လူသားတို့သည် မိမိတို့၏တိရိစ္ဆာန်များနည်းတူပင်၊ ဘုရားသခင်ပေးသောဆုလက်ဆောင်များနှင့်တကွ ထိုသခင်အားအသိ အမှတ်မပြုပဲနေကြသည့်အခါတွင်၊ သူတို့သည် မိမိတို့၏တိရိစ္ဆာန်များတို့ထက် ဆင်ခြင်ဉာဏ်ပိုမိုကင်းမဲ့နေကြ ကြောင်းကို ပြသနေကြပါသည်။ "နွားသော်လည်း မိမိအရှင်ကိုသိ၏။ မြည်းသော်လည်း မိမိသခင်၏ မြည်း ဖောင်းကို သိ၏။ ဣသရေလအမျိုးသားတို့မူကား၊ ငါ့ကိုမသိကြ။ ငါ၏လူမျိုးမူကား၊ မဆင်ခြင်တတ်ပါတကား။" ဟေရှာယ ၁း၃။

ဘုရားသခင်ကိုယ်တော်တိုင်တည်းဟူသောကျောက်ထဲမှ ရေကိုထွက်စေခဲ့သည့် နိမိတ်လက္ခဏာ ကို ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏စိတ်ထဲတွင်မှတ်သားထားလိုက်သောအခါတွင်၊ နောက်ပိုင်းတွင် မိမိအထံ တော်မှ ထွက်ခွါသွားခဲ့ကြသည့်ဣသရေလလူမျိုးတို့၏ ကြီးမားသောဒုစရိုက်အပြစ်ကိုဖေါ်ပြတော်မူခဲ့ရာတွင် ဘုရားသခင်မိန့်တော်မူခဲ့သည့် မိမိနှုတ်ထွက်စကားတော်၏ လေးနက်မှုကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုပြီး နားလည်လာကြပေလိမ့်မည်။ "ထာဝရဘုရား မိန့်တော်မူသည်ကား၊ အို မိုဃ်းကောင်းကင်တို့၊ ထိုအမှုကို မိန်းမောတွေဝေ၍၊ ကြက်သီးမွေးညှင်းထသည်တိုင်အောင် ထိတ်လန့်လျက်နေကြလော့။ ငါ၏လူတို့သည် အ သက်စမ်းရေတွင်းတည်းဟူသော၊ ငါ့ကိုစွန့်ပစ်၍၊ ရေမလုံ၊ ပဲ့ပျက်သောရေကျင်းတို့ကို တူးသောအားဖြင့် ဒုစ ရိုက်နှစ်ပါးကိုပြုကြပြီ။" ယေရမိ ၂း၁၂၊ ၁၃။

ဘုရားသခင်၏အကြောင်းကို ဆာလံဆရာက ဤသို့တင်ပြထားသည်။ "ငါ၏ကျောက် ထာဝရ ဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသောအမှုနှင့် ကင်းလွတ်တော်မူသည်။" သူ၏အသက်တာသည် ဖြောင့်မတ်သောအသက်တာဖြစ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ထိုသခင်၌တည်နေသောသူတို့ သည် ဖြောင့်မတ်သောအသက်တာဖြင့် အသက်ရှင်ကြသည်။ ကန္တာရထဲတွင်ရှိသောကျောက်ထဲကနေမှ ထွက် လာခဲ့သောရေသည် ထိုသူတို့၏အသက်ရှင်ရပ်တည်ရေးအတွက်ဖြစ်သည်။ ထိုရေသည် ခရစ်တော်ကိုယ် တော်တိုင်၏ အသက်တော်ပင်ဖြစ်သည်။ ထိုရေကိုသောက်သုံးခဲ့ကြရာတွင်၊ ဣသရေလလူတို့အနေဖြင့် ထိုစီး ထွက်လာခဲ့သည့် ထိုရေ၏အရင်းအမြစ်ကို အသိအမှတ်ပြုခဲ့ကြမည်ဆိုလျှင်၊ သူတို့သည် ထိုရေမှ ဖြောင့်မတ် ခြင်းပါရမီကို သောက်သုံးခဲ့ကြရမည်ဖြစ်ပြီး၊ ထိုဖြောင့်မတ်ခြင်းပါရမီနှင့်စပ်ဆိုင်သောကောင်းချီးမင်္ဂလာသည် လည်း သူတို့အပေါ်တွင် ကျရောက်လာခဲ့လိမ့်မည်ဖြစ်သည်။ အကြောင်းမှာ၊ "ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ် ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတံ့။" မဿဲ ၅း၆။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်ကြပြီး၊ ဝပြောခြင်းသို့ရောက်ကြသည်မှန် လျှင်၊ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ဆာငတ်နေကြသော ထိုဖြောင့်မတ်ခြင်းပါရမီကိုသောက်သုံးလိုက်ခြင်းတစ်ခု တည်းကြောင့်သာ ထိုသို့ဝပြောကြရခြင်းဖြစ်သည်။

ယေရှုခရစ်တော်သည် အသက်စမ်းရေတွင်းဖြစ်တော်မူ၏။ ထို့ကြောင့် ယာကုပ်၏ရေတွင်းတွင် ရေခပ်ဖို့ရန်ရောက်ရှိလာခဲ့သည့် ရှမာရိအမျိုးသမီးအား သောက်စရာရေကိုတောင်းခဲ့ရာတွင် အံ့အားသင့်သွား

ခဲ့သည့် ထိုရှမာရိအမျိုးသမီးအား ခရစ်တော်က ဤသို့မိန့်တော်မူခဲ့လိုက်ခြင်းဖြစ်သည်။ "ဘုရားသခင်ကျေးဇူးတော်ကိုဇင်၊ ငါသောက်ဘို့ရေပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုဇင်း သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်။" သူ၏စကားတော်၌ သူမအနေဖြင့် အံ့အားသင့်လျက်ရှိနေစဉ်တွင် ခရစ်တော်က၊ "ဤရေကိုသောက်သောသူသည် နောက်တဖန် ရေငတ်ဦးမည်။ ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်။" ဟု ထပ်ပြီးမိန့်တော်မူခဲ့ပြန်ပါသည်။ ယောဟန် ၄း၁၀-၁၄။

"အလိုရှိသောသူ" သည် ဤအသက်စမ်းရေကို ယခုပင်သောက်သုံးနိုင်ပြီးဖြစ်ပါသည်။ အကြောင်းမူကား၊ "ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း၊ လာခဲ့ပါဟုဆိုပါစေ ၊ ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည်အဘိုးကိုမပေးဘဲ အသက်ရေကို ယူပါစေ။" ဗျာဒိတ် ၂၂း၁၇။

အဖိုးမပေးပဲ လာရောက်သောက်သုံးဖို့ရန်အတွက် လူသားတိုင်းတို့၌ကမ်းလှမ်းပေးထားသည့်ရေသည် "ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ထဲကထွက်သော၊ အသက်ရေစီးရာမြစ်" ပင်ဖြစ်ပါသည်။ ဗျာဒိတ် ၂၂း၁။ ထိုမြစ်ရေသည် ခရစ်တော်အထံတော်မှစီးဆင်းလာခဲ့ပါသည်။ အကြောင်းမှာ၊ အသက်ရေစီးထွက်ရာပလ္လင်တော်ကို ယောဟန်သည် မြင်တွေ့ခဲ့ရသည့်အတွက်ကြောင့်ဖြစ်သည်။ "ပလ္လတော်၏အလယ်" တွင် "မြေကြီးတပြင်လုံး၌ လွှတ်သော ဘုရားသခင်၏ ဝိညာဉ်ခုနစ်ပါးတည်းဟူသော မျက်စိခုနစ်လုံးနှင့် ချိုခုနစ်ချောင်းနှင့်ပြည့်စုံသည့် အသေသတ်ပြီးသကဲ့သို့သော သိုးသငယ်သည် ရပ်လျက်ရှိသည်ကို" ယောဟန်မြင်တွေ့ခဲ့ပါသည်။ ဗျာဒိတ် ၅း၆။

ကရာနီတောင်တော်ပေါ်က အဖြစ်အပျက်ကို ပြန်ကြည့်မည်ဆိုလျှင် ဤကျမ်းချက်ကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုရှင်းလင်းစွာဖြင့် နားလည်လာမည်ဖြစ်သည်။ ယေရှုသည် ကပ်တိုင်ပေါ်၌ ချိတ်ဆွဲခြင်းခံထားရသောအခါတွင်၊ "စစ်သူရဲတယောက်သည် နံဖေးတော်ကို လှံနှင့်ထိုးဖောက်၍ သွေးနှင့်ရေသည်ချက်ချင်းထွက်လာ" ခဲ့ပါသည်။ ယောဟန် ၁၉း၃၄။ ယခုတွင် "မြေကြီးပေါ်၌ ဝိညာဉ်တော်တပါး၊ ရေတပါး၊ အသွေးတပါး၊ သက်သေခံသုံးပါးရှိ၍ ထိုသုံးပါးတို့သည် တညီတညွတ်တည်းဖြစ်၏။" ၁ယော ၅း၈။ "အသက်သည် အသွေး၌တည်" လျက်ရှိပြီး (ဝတ်ပြုရာ ၁၇း၁၁၊၁၄)၊ "ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ" သည် (ရောမ ၈း၁၀) ဆိုသည့် စသည့်အကြောင်းအရာတို့ကို ကျွန်ုပ်တို့အနေဖြင့် သိရှိထားကြပါသည်။ သို့ဖြစ်၍၊ ဝိညာဉ်တပါး၊ ရေတပါး၊ အသွေးတပါး ထိုသုံးပါးတို့သည် တညီတညွတ်တည်း ဖြစ်ကြသည့်အတွက်ကြောင့် ထိုရေသည်လည်း အသက်ရေဖြစ်ရပေလိမ့်မည်ဖြစ်သည်။ ကပ်တိုင်ပေါ်တွင် ခရစ်တော်သည် လူသားများအတွက် မိမိ၏အသက်ကို သွန်းလောင်းပေးတော်မူခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာသည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ပြီး၊ သူ၏နှလုံးသားထဲတွင် ဘုရားသခင်ကနန်းထိုင်လျက်စိုးစံတော်မူပါသည်။ ထို့ကြောင့် သူ၏ဒဏ်ရာရထားသည့်နံဘေးတော်မှာစီးဆင်းလာခဲ့သည့် အသက်ရေသည်၊ ဘုရားသခင်၏ပလ္လင်တော်မှစီးထွက်လာသည့် အသက်ရေကိုသာ ပုံဆောင်ပါသည်။ ထိုပလ္လင်မှထွက်သောရေကို ကျွန်ုပ်တို့သည် သောက်သုံးပြီး၊ အသက်ရှင်နိုင်ကြပါသည်။ ခရစ်တော်၏နှလုံးတော်သည်လည်း "ဒုစရိုက်အပြစ်အညစ်အကြေးကို ဆေးကြောစရာဘို့" ပွင့်လျက်ရှိနေသည့် စမ်းရေတွင်းပင်ဖြစ်ပါသည်။ ဇာခရိ ၁၃း၁။

ကျွန်ုပ်တို့ထံသို့ ဤအသက်စမ်းရေကို ဆောင်ယူပေးလာသည့်အရာမှာ ဘုရားသခင်၏ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရသော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခြင်းဖြင့် ကျွန်ုပ်တို့သည် အသက်စမ်းရေကို လက်ခံရရှိကြပါသည်။ ဤသို့လက်ခံရယူကြရာ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ကိုယ်စားပြုခြင်းကိုခံထားရသော သခင်ခရစ်တော်အား ယုံကြည်ကြခြင်းအားဖြင့် လက်ခံရယူကြခြင်းဖြစ်သည်။ သကေနေပွဲခံသည့် နောက်ဆုံးသောနေ့တွင်၊ "ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူ

သည်ကား၊ ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေတွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတ့်သောဝိညာဉ်တော်ကိုရည်မှတ်၍ မိန့်တော်မူ၏။" ယောဟန် ၇း၃၇-၃၉။

နှလုံးသားထဲ၌ လက်ခံရရှိထားသော ဝိညာဉ်တော်သည် ခရစ်တော်၏အသက်တော်တည်းဟူသော "ခမည်းတော်နှင့်အတူရှိဘူး၍၊ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို၊" ပင် ကျွန်ုပ်တို့ထံသို့ ယူဆောင်လာပေးပါသည်။ ၁ယော ၁း၂။ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသောသူရှိသမျှတို့သည် ခပ်သိမ်းသောဒုစရိုက်အပြစ်တို့မှ သန့်ရှင်းစင်ကြယ်စေတော်မူသည့် ခရစ်တော်၏အသွေးတော်နှင့်တစ်ထပ်တည်းဖြစ်သော အသက်စမ်းရေကိုလည်း လက်ခံရရှိကြပါသည်။ တောတောင်ကန္တာရကြီးထဲတွင်ရှိနေခဲ့ကြသည့် ဣသရေလလူမျိုးများတို့သည် မိမိတို့အားပေးတော်မူခဲ့သည့်ရေကို ယုံကြည်ခြင်းအားဖြင့် သောက်သုံးခဲ့ကြမည်ဆိုလျှင်၊ ထိုအသက်စမ်းရေကို သူတို့အနေဖြင့်လည်း လက်ခံရရှိခဲ့ရကြလိမ့်မည်ဖြစ်သည်။ ရှင်ပေါလုခေတ်ကာလတွင်၊ ဂလာတိလူတို့၏ရှေ့တွင် "အသေခံတော်မူသော ယေရှုခရစ်ကို ထင်ရှားစွာပြ" သထားလျက်ရှိသည် နည်းတူပင်၊ မောရှေရိုက်ခဲ့သည့် ကျောက်ထဲတွင်လည်း ယေရှုခရစ်တော်ကို ဣသရေလလူတို့၏ရှေ့တွင် ထင်ရှားစွာပြသပေးထားခဲ့ပါသည်။ ဂလာတိ ၃း၁။ ယေရုရှလင်မြို့မှ ကရာနီတောင်တလျှောက်လုံးအထိတိုင် စုရုံးလာခဲ့ကြသည့် ဂျူးလူမျိုးများနည်းတူပင်၊ တောထဲတွင်လှည့်လှည်ခဲ့ကြသည့်ဣသရေလလူတို့သည်လည်း ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်ရင်း၌ ရပ်နေခဲ့ကြပါသည်။ နောက်ပိုင်းဂျူးလူမျိုးများတို့သည် အသေသတ်ခြင်းခံရသောခရစ်တော်ကို မသိရှိခဲ့ကြသောကြောင့်၊ ယေရုရှလင်မြို့ပျက်စီးခြင်းအမှုအားဖြင့် သူတို့သည် မိမိတို့၏ဒုစရိုက်အပြစ်များ၌ ပျက်စီးဆုံးရှုံးသွားခဲ့ကြသည်။ ထိုနည်းတူပင် တောထဲတွင်လှည့်လှည်ခဲ့ကြသည့် မြောက်များစွာသောထိုသူတို့သည်လည်း မိမိတို့အပေါ်ကျရောက်လာခဲ့မည့် စီရင်ခြင်းနေ့ရက်ကို မသိရှိခဲ့ကြသည့်အတွက်ကြောင့် ထိုတောထဲတွင် ပျက်စီးဆုံးရှုံးသွားခဲ့ကြရပါသည်။ သို့ရာတွင် "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။" ယော ၁း၁၂။

မောရှေ၏ခေတ်ကာလတွင်အသက်ရှင်ခဲ့ကြသည့် ဣသရေလလူမျိုးများတို့၌ ဘုရားသခင်ကို မသိရှိကြပါဆိုသည့်ဆင်ခြေမျိုးကို သူတို့အနေဖြင့် ပေးနိုင်စရာဘာအကြောင်းမျှမရှိခဲ့ပါချေ။ အကြောင်းမှာ မြောက်များစွာသောကြီးမားသည့်နိမိတ်လက္ခဏာများတို့ဖြင့် ဘုရားသခင်သည် ထိုသူတို့၌ မိမိကိုယ်ကို ထင်ရှားပြထားတော်မူခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ခရစ်တော်အား "ဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်" အနေဖြင့် အသိအမှတ်မပြုနိုင်လောက်သည့် ဆင်ခြင်ပေးစရာဟူ၍ ဘာတစ်ခုမျှမရှိခဲ့ပါချေ။ အကြောင်းမှာ ထိုသခင်သည်မိမိတို့၏အသက်ပင်ဖြစ်ကြောင်းကို ဖေါ်ပြသည့်သက်သေအထောက်အထားသည် သူတို့၌နေ့စဉ်ရှိနေခဲ့ပြီး၊ သူတို့၏ကယ်တင်တော်မူခြင်းအကြောင်းတည်းဟူသော မိမိ၏အရိုက်ခံရသောနံဘေးတော်ကနေမှ မိမိ၏အသက်တော်ကို သူတို့အဖို့သွန်းလောင်းတော်မူသည့်ကျောက်တော်အကြောင်းကိုလည်း အရိုက်ခံခဲ့ရသည့်ကျောက်က သူတို့အား စဉ်ဆက်မပြတ်ပြောပြပေးနေခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။

ထာဝရဘုရားကယ်လွတ်တော်မူသောသူတို့သည် သီချင်းများကိုသီဆိုလျက် ဇိအုန်မြို့သို့ ရောက်ရှိလာကြမည်ဖြစ်သည်။ သို့ရာတွင် ထိုသီချင်းတို့သည် အတင်းအဓ္ဓမစေခိုင်းခြင်းခံရပြီးမှ သီဆိုကြရသောသီချင်း များမဟုတ်ပေ။ ဝမ်းမြောက်ကြသည့်အတွက်ကြောင့်၊ မိမိတို့၏ဝမ်းမြောက်ခြင်းကို အခြားအရာများအားဖြင့်မဟုတ်ပဲ၊ သီချင်းအားဖြင့်သာ ဖေါ်ပြကြမည်ဖြစ်သည့်အတွက်ကြောင့် ထိုသူတို့သည် သီချင်းဆိုကြလိမ့်မည်ဖြစ်သည်။ ဤဝမ်းမြောက်ခြင်းသည် ထာဝရဘုရား၏ဝမ်းမြောက်ခြင်းပင်ဖြစ်သည်။ ကောင်းကင်မှလာသောမုန့်အားဖြင့် ဘုရားသခင်သည် သူတို့အား ကျွေးမွေးတော်မူပြီး၊ မိမိ၏အလိုတော်ရှိရာမြစ်မှရေကို သူတို့အား သောက်စေတော်မူသည်။ ထိုအမှုသည်ကား ဘုရားသခင်သည် မိမိကိုယ်ကို သူတို့အား ပေးသနား

တော်မူခြင်းအမှုပေတည်း။ သို့ဆိုရာတွင်၊ ဘုရားသခင်သည် မိမိကိုယ်ကို ကျွန်ုပ်တို့အား ပေးသနားတော်မူသည်ဖြစ်သည့်အတွက်ကြောင့် နောက်ထပ်ပေးစရာ ဘာမျှမရှိတော့ပါချေ။ "မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှအတို့အလိုငှါ စွန့်တော်မူသောသူသည်၊ သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" ရောမ ၈း၃၂။ မိမိ၏အသက်တော်ကို ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့၌ ပေးတော်မူခဲ့ခြင်းအားဖြင့်၊ ဘုရားသခင်သည် မိမိကိုယ်ကို ကျွန်ုပ်တို့အား ပေးတော်မူပါသည်။ ယေရှုခရစ်တော်ထံမှလာသောအသက်ရေကို ပေးသနားတော်မူခဲ့ခြင်းအမှုအားဖြင့် ဤအချက်ကို ဣသရေလ လူမျိုးတို့အား ဖော်ပြပေးခဲ့ပါသည်။ လူသားတို့အတွက် ခရစ်တော်၏ဧဝံဂေလိတရားတော်၌ပါရှိနေသည့် အရာဟူသမျှတို့သည် တောထဲတွင်လှည့်လှည်ခဲ့ကြသော ဣသရေလသားသမီးများအတွက်လည်း ဖြစ်ပါသည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် သိလိုက်ရပါသည်။

အာပြဟံ၌ထားတော်မူခဲ့သောကတိတော်မှာ ဧဝံဂေလိတရားတော်ပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ လေ့လာထားခဲ့ကြပြီးဖြစ်သည်။ ထိုကတိတော်ကိုအတည်ဖြစ်စေသော အကျိုန်သည်လည်း၊ ဘုရားသခင်၏ သန့်ရှင်းတော်မူသောအရပ်တွင်ရှိတော်မူသည့်ခရစ်တော်အထံတော်သို့ ခိုလှုံဖို့ရန်အတွက် ကျွန်ုပ်တို့ပြေးလာသောအချိန်တွင် ကျွန်ုပ်တို့အား ကြီးစွာသောနှစ်သိမ့်မှုကိုပေးသည့် အကျိုန်ပင်ဖြစ်ပေသည်။ ထို အကျိုန်သည် ဘုရားသခင်၏အခမဲ့ကျေးဇူးတော်ကို ဣသရေလလူတို့၌ အာမခံပေးခဲ့ပါသည်။ မိမိတို့သောက်သုံးသောရေသည် ခရစ်တော်တည်းဟူသောကျောက်တော်မှ လာသောရေဖြစ်ကြောင်းကို ယုံကြည်လာကြသည့်အခါတွင်၊ သူတို့အနေဖြင့် ခရစ်တော်၏အသက်တော်ကို သောက်သုံးနိုင်ကြဖို့ရန်အတွက်လည်း ထိုအကျိန်က ကူညီပေးခဲ့ပါသည်။ ယေရှုခရစ်၌တည်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် အပြစ်လွတ်ခြင်းတည်းဟူသော အာပြဟံ၌ပေးအပ်ခဲ့သည့်ကောင်းချီးမင်္ဂလာသည် မိမိတို့အတွက်လည်းဖြစ်ကြောင်းကို ထိုအကျိန်တော်က ဣသရေလလူမျိုးတို့အား အာမခံပြသပေးခဲ့သည်။ ထိုအချက်ကို ဤသို့ပြသထားပေးပါသည်။ "ကျောက်ကိုလည်း ဖွင့်လှစ်တော်မူသဖြင့်၊ ရေသည်ထွက်၍ သွေ့ခြောက်သောအရပ်၌ မြစ်ကဲ့သို့စီးသွားလေ၏။ အကြောင်းမူကား၊ မိမိကျွန် အာပြဟံ၌ထားခဲ့ဘူးသော သန့်ရှင်းသောကတိတော်ကို အောက်မေ့တော်မူ၏။" ဆာလံ ၁၀၅း၄၁၊ ၄၂။

ယေရှုခရစ်တော်သည် (မူရင်းဟေပြဲကျမ်းအရ) - "ကမ္ဘာဦးကပင် ကွပ်မျက်ခြင်းခံရသော သိုးသငယ်" ဖြစ်တော်မူ၏။ (ဗျာဒိတ် ၁၃း၈)။ "ထိုခရစ်တော်ကား၊ ဤကမ္ဘာမတည်မရှိမီ ခန့်ထားတော်မူခြင်းကို ခံနှင့်သည်ဖြစ်၍၊" ၁ပေ ၁း၂၀။ ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်သည် ခေတ်ကာလတစ်ခုနှင့်သာဆိုင်သော အရာတစ်ခုမဟုတ်ပဲ၊ ကျရှုံးခြင်းအချိန်မှစ၍ ခေတ်ကာလတစ်လျှောက် ကယ်တင်ခြင်းကိုလိုအပ်သည့်အပြစ်သားများရှိသည့်နေရာတိုင်းတွင် ထိုလက်ဝါးကပ်တိုင်သည် ရပ်တည်နေလျက်ရှိပါသည်။ ယုံကြည်သူများအနေဖြင့် ရှင်ပေါလုနှင့်အတူတကွ၊ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။" ဟု ကြွေးကြော်နိုင်ကြဖို့ရန်အတွက် ထိုကပ်တိုင်တော်သည် အမြဲတမ်းတည်ရှိလျက်နေပါသည်။ ဂလာတိ ၂း၂၀။ ရှေးခေတ်အခါကလူများတို့သည် လက်ဝါးကပ်တိုင်တော်ကို တွေ့မြင်နိုင်ကြဖို့ရန်အတွက် သူတို့အနေဖြင့် ရှေ့သို့ရှုမျှော်လျက် မျှော်လင့်စောင့်စားနေဖို့ မလိုအပ်ခဲ့သကဲ့သို့ပင်၊ ကျွန်ုပ်တို့အနေဖြင့် လက်ဝါးကပ်တိုင်ကို တွေ့မြင်နိုင်ကြဖို့ရန်အတွက်ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့်လည်း အနောက်သို့ ပြန်ပြီးလှည့်ကြည့်နေဖို့ မလိုအပ်ပါချေ။ အာဒံကျရှုံးသွားခဲ့သည့်အချိန်မှစ၍ ပြန်လည်ပြီးမူလနေရာသို့ရောက်ရှိလာမည့်အချိန်အထိ တည်ရှိနေသည့်ရာစုနှစ်များတို့ကို ထိုလက်ဝါးကပ်တိုင်တော်သည် မိမိ၏ဆန့်တန်းနေသည့် လက်နှစ်ဖက်အားဖြင့် လွှမ်းကိုင်ထားလျက်ရှိနေပါသည်။ လူသားများထံသို့အသက်ရှင်သောမြစ်တစ်စင်းအဖြစ် စီးဆင်းလာသော ဘုရားသခင်၏ထာဝရမေတ္တာတော်အားဖြင့် ထိုလူသားများတို့ကိုဆွဲယူနေလျက်ရှိသည့် "မြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကို ခံရ" သော ခရစ်တော်အား တွေ့မြင်နိုင်ဖို့ရန်အတွက်၊ လူသားတို့အနေဖြင့် အချိန်တိုင်း၊ နေရာတိုင်းတွင် သူ့အား မျှော်ကြည့်နေကြရမည်ဖြစ်ပါသည်။

## စစ်မှန်သောတည်ရှိမှု

ရေအတွက် ညည်းငြူမြည်တမ်းနေခဲ့ကြရာတွင် ထိုသူတို့အနေဖြင့်၊ "ထာဝရဘုရားသည် ငါတို့တွင် ရှိသလော မရှိလော။" ဟု မေးခွန်းထုတ်ခဲ့ကြပါသည်။ ထိုမေးခွန်းကို လက်တွေ့အကျဆုံးသော နည်းလမ်းတစ်ခုအားဖြင့် ထာဝရဘုရားသည် ပြန်လည်ဖြေကြားတော်မူခဲ့သည်။ ဟောရပ်အရပ်တွင်ရှိသော ကျောက်ပေါ်တွင် သူသည် ရပ်နေတော်မူခဲ့ပြီး၊ ထိုသူများအနေဖြင့် သောက်သုံးပြီးအသက်ရှင်သန်နိုင်ကြဖို့ရန်အတွက် သူတို့အဖို့ ရေကိုပေးတော်မူခဲ့ပါသည်။ ဘုရားသခင်သည် ထိုနေရာတွင် အမှန်တကယ်ပင် သူကိုယ်တိုင်တည်ရှိနေခဲ့ပါသည်။ ထိုအရာသည် သူ၏စစ်မှန်သောတည်ရှိမှုပင်ဖြစ်ပေသည်။ ထိုအရပ်တွင် သူရှိနေခဲ့သည်။ သို့ရာတွင် ထိုသူတို့သည် သူ့ကိုမတွေ့မြင်ခဲ့ကြပါချေ။ သူတို့အနေဖြင့် ဘုရားသခင်အား ယုံကြည်ခြင်းအားဖြင့် ရှာဖွေကြည့်လာကြသည့်အခါတွင်၊ ထိုသခင်အားတွေ့ရှိလျက် လက်ခံရရှိနိုင်ကြမည်အကြောင်းနှင့် သူတို့သောက်သုံးခဲ့ကြသည့်ရေသည် သူတို့၏အထဲ၌ရှိနေခဲ့သည်နည်းတူပင် ထိုသခင်၏စစ်မှန်သောတည်ရှိတော်မူခြင်းသည်လည်း သူတို့၏အထဲ၌ရှိနေနိုင်မည်အကြောင်း၊ ဘုရားသခင်သည် သူတို့ထဲကမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ဝေးတော်မမူကြောင်းကို သူတို့အား သက်သေပြပေးတော်မူခဲ့ပါသည်။

ဣသရေလလူများ နေ့စဥ်စားသုံးခဲ့ကြသည့် ကောင်းကင်မှလာသောမုန့်တည်းဟူသော မန္နမုန့်တွင်သော်၎င်း၊ ကျောက်တည်းဟူသောခရစ်တော်ထံတော်မှ လာခဲ့သည့်ရေတွင်သော်၎င်း၊ ဘုရားသခင်၏ပွဲတော်နှင့် လုံးဝထပ်တူကျသည့် တူညီမှုကို ကျွန်ုပ်တို့အနေဖြင့် တွေ့မြင်ရပါသည်။ မုန့်နှင့်စပျစ်ရည်တို့ကို ခရစ်တော်၏ အသားစစ်၊ အသွေးစစ်အဖြစ်သို့ မည်သည့်နည်းနှင့်မျှပြောင်းလဲပစ်လို့မရနိုင်သကဲ့သို့ပင်၊ ထိုမန္နမုန့်နှင့်ရေတို့သည်လည်း ခရစ်တော်မဟုတ်ခဲ့ပါချေ။ ယင်းမုန့်နှင့်စပျစ်ရည်တို့ကို အသွေးအသားအစစ်အဖြစ်သို့ ပြောင်းလဲလို့ရနိုင်သည့်တိုင်၊ ထိုသို့ပြောင်းလဲသွားခြင်းအရာက ဘာမျှအသုံးမဝင်လာပါချေ။ အကြောင်းမှာ "ကိုယ်ကာယသည်အလျှင်းမတတ်နိုင်" သောကြောင့်ဖြစ်သည်။ သို့ရာတွင် မုန့်နှင့်စပျစ်ရည် (မုန့်နှင့်ရေ) တို့သည် ထာဝရဘုရားသခင်၏ကိုယ်ခန္ဓာတော်ကို မြင်တွေ့နိုင်ကြသည့် ယုံကြည်ခြင်း မျက်စိရှိသောသူတိုင်းတို့အား ထိုသခင်၏စစ်မှန်သောတည်ရှိတော်မူခြင်းကို ပြသပေးပါသည်။ ပုံဆောင်ထားသော ထိုမုန့်နှင့်စပျစ်ရည် (ရေ) တို့ကို ကိုယ်ခန္ဓာ၏အထဲတွင် အခမဲ့ခံယူရရှိသည့်နည်းတူပင် ခရစ်တော်သည်လည်း နှလုံးသားထဲတွင် ယုံကြည်ခြင်းအားဖြင့် အခမဲ့ကိန်းအောင်းပေးတော်မူကြောင်းနှင့်၊ ပုံဆောင်ထားသောထိုအရာများတို့ကို စားသုံးပြီးသောအခါတွင် ထိုအရာတို့သည် အမှန်တကယ် အာဟာရအသွေးအသားဖြစ်လာသည့်နည်းတူပင်၊ နှုတ်ကပတ်တော်တည်းဟူသောသခင်ခရစ်တော်သည်လည်း ယုံကြည်ခြင်းအားဖြင့် မိမိအားလက်ခံသောသူရှိရှိသမျှတို့၌ အမှန်တကယ်ပင် သွေးသားဖြစ်လာပါသည်။ သန့်ရှင်းသောဝိညာဥ်တော်၏တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့၏ အတွင်းသဘောထဲ၌ ခရစ်တော်ကိုပုံသွင်းရုပ်လုံးဖေါ်ပေးလာပါသည်။

ဘုရားသခင်သည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဥ်တော်သည်လည်း ဒဏ္ဍာရီပုံပြင်တစ်ပုဒ်မဟုတ်ပါ။ သူကိုယ်တော်တိုင်သည် အစစ်အမှန်ဖြစ်နေသကဲ့သို့ပင် သူ၏တည်ရှိခြင်းသည်လည်း အစစ်အမှန်ဖြစ်ပါသည်။ "ငါသည်တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကို ကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူ စားသောက်မည်။" (ဗျာဒိတ် ၃း၂၀)ဟု ခရစ်တော်အနေဖြင့် မိန့်တော်မူလိုက်ရာတွင်၊ ထိုအရာကို အမှန်တကယ်ဖြစ်စဥ်တစ်ခုအနေဖြင့် ဆိုလိုနေခြင်းဖြစ်သည်။ "ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း၊ သူဆီသို့ကြွ၍ နေရာချမည်။" (ယောဟန် ၁၄း၂၃)ဟု ခရစ်တော်အနေဖြင့် မိန့်တော်မူရာတွင်လည်း၊ ကျွန်ုပ်တို့အား ယုံမှားသံသယဖြစ်စရာစကားလေးတစ်ခွန်းနှင့် လှည့်စားဖို့ရန်အတွက် သူ့အနေဖြင့် ရည်ရွယ်ပြီးမိန့်တော်မူခြင်းမဟုတ်ပါချေ။ ခရစ်တော်သည် ယုဒပြည်တွင် လူသားဇာတိကို အမှန်တကယ်ခံတော်မူခဲ့သည့်နည်းတူပင်၊ ယကနေ့တွင်လည်း လူသားဇာတိကို အမှန်တကယ်ခံယူလျက်နေနေပါသည်။ လူ့ဇာတိကို

ခံယူလျက်ပေါ်ထွန်းတော်မူခဲ့ခြင်းအမှုတွင် ခရစ်တော်သည်၊ လူသားဇာတိ၌ ဖြစ်နိုင်ချေရှိသည့်အရာများနှင့် ထိုဇာတိ၏စုံလင်ပြည့်စုံမှုများတို့ကို လူသားများအားပြသပေးဖို့ရန်ဖြစ်ပါသည်။ မိမိအားလက်ခံသောသူရှိသမျှတို့၌ ယခုအခါတွင် သူသည်လာရောက်ပြီး လူသားဇာတိကို ခံယူနေတော်မူသည့်နည်းတူပင်၊ ကဿရေလလူမျိုးများ တောထဲတွင်ရှိနေခဲ့ကြသည့် ရှေးခေတ်အချိန်ကာလများတွင်လည်း သူ့အနေဖြင့် ထိုဇာတိကိုခံယူတော်မူခဲ့ပါသည်။ အာဗြဟံနှင့် အာဗေလတို့၏ခေတ်အချိန်ကာလများတွင်ပင်လျှင် သူသည် ထိုဇာတိကို လာရောက်ပြီးခံယူတော်မူခဲ့ပါသည်။ ထိုသို့သောအမှုသည် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း ဆိုသည့်အတွေးပေါင်းမြောက်များစွာတို့ဖြင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုမိမိ ပင်ပန်းအောင်လုပ်ပြီး၊ ဤနည်းအားဖြင့် မိမိတို့၌ ဝိညာဉ်စာအင်တော်ပြတ်ခံလျက် အသက်သေဆုံးခံလိုပါက ကျွန်ုပ်တို့အနေဖြင့် အသက်သေဆုံးခံနိုင်ပါသည်။ သို့မဟုတ်၊ ကျွန်ုပ်တို့အနေဖြင့် “ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည့် အကြောင်းကို မြည်းစမ်း၍ သိမှတ်” ကြပြီး၊ ဘုရားသခင့်အထံတော်၌ စိတ်ကျေနပ်ခြင်း၊ “စုံလင်သောဝမ်းမြောက်ခြင်း” တို့နှင့်တကွ နေလိုပါက ကျွန်ုပ်တို့အနေဖြင့် နေထိုင်နိုင်ကြပါသည်။

## ၂၇း ကျွသရေလလူတို့၌ ထားတော်မူသောကတိတော်များ – သရုပ်ပြသွန်သင်မှု ယနေ့အတွက် သမ္မာတရား၊ နိဝင်ဘာ ၅၊ ဇဂ္ဂဖြ

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကလေးများနှင့်ဆက်ဆံသည့်ပုံစံမျိုးနှင့် ဆက်ဆံတော်မူပြီး၊ ဥပမာပေးသင်ခန်းစာများဖြင့် သွန်သင်တော်မူသည်။ သာမန်လူ့မျက်စိဖြင့် မမြင်နိုင်သည့်အရာများတို့ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည့်အရာများအားဖြင့် သွန်သင်ပြပေးသည်။ ထို့ကြောင့်၊ ယုံကြည်သောသူတို့၌ သခင်ခရစ်တော်ပေးတော်မူသည့်အသက်၏အစစ်အမှန်တရားအကြောင်းကို ကျောက်မှစီးထွက်ခဲ့သောရေနှင့် ခရစ်တော်၏နံတော်မှစီးထွက်ခဲ့သော သွေးနှင့်ရေတို့မှကျွန်ုပ်တို့လေ့လာရပါသည်။ ဝိညာဉ်နှင့်ဆိုင်သောအရာတို့သည် စိတ်ကူးယဉ်ဆန်သောအရာများမဟုတ်ပဲ၊ တကယ့်အစစ်အမှန်အရာများဖြစ်သည်။ မိမိတို့ကိုအားသစ်လောင်းစေခဲ့သည့်ရေသည် ခရစ်တော်အထံတော်မှလာကြောင်းကို တောထဲတွင်ရှိနေခဲ့ကြသည့်ထိုသူတို့သည် သိရှိခဲ့ကြရပြီး၊ ထိုခရစ်တော်သည် အသက်ကိုအမှန်တကယ်ပေးစွမ်းနိုင်သောသူဖြစ်ကြောင်းကို သူတို့အနေဖြင့် ထိုအဖြစ်အပျက်မှ သိရှိနိုင်ခဲ့ကြပါသည်။ သို့ရာတွင် အသက်ကို ဘယ်ကဲ့သို့ပေးစွမ်းနိုင်တော်မူကြောင်းကိုမူ သူတို့အနေဖြင့် မသိရှိနိုင်ခဲ့ကြပါချေ။ ထိုသို့သိရန်လည်း မလိုအပ်ခဲ့ပါချေ။ ပေးစွမ်းနိုင်တော်မူပါသည် ဆိုသည့်အကြောင်းကို သိနေရခြင်းကပင် သူတို့အဖို့လုံလောက်နေပြီးဖြစ်ပေသည်။

ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ယုံကြည်လျှင်၊ တောထဲရှိဣသရေလများနည်းတူ ကျွန်ုပ်တို့သည်လည်း ခရစ်တော်အထံတော်မှ တိုက်ရိုက်သောက်သုံးနေရကြကြောင်းကို သိရှိနိုင်ကြမည်ဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းများတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ “ခပ်သိမ်းသောအရာတို့သည် သူ့အားဖြင့် တည်ကြသည်။” ဟောရပ်အရပ်တွင်ရှိသောကျောက်မှ ပန်းထွက်လာခဲ့သည့်ရေသည် ခရစ်တော်ထံမှ အမှန်တကယ်လာသည့်ရေဖြစ်သည့်နည်းတူ၊ ကျွန်ုပ်တို့သောက်သုံးနေကြသည့်မြေကြီးထဲကထွက်သောရေသည်လည်း ထို့အတူပင်ဖြစ်ပါသည်။ “နက်နဲသောသမုဒ္ဒရာကိုလည်း လုံခြုံရာအရပ်တို့၌ သိုထားတော်မူ၏။” ဆာလံ ၃၃း၇။

ရေသည် မိမိဘာသာအလိုအလျောက်ဖြစ်ပေါ်လာပါသည် ဆိုသည့်အတွေးအခေါ်မျိုးနီးပါးနင်နင်ပင်၊ လူတို့သည် မြေကြီးတွင်ရှိသောရေကို “သဘာဝထုတ်ကုန်” တစ်ခုအနေဖြစ် ခေါ်ဝေါ်သမုတ်ကြသည်။ ရွာကျလာသောမိုးရေများနှင့် စီးဆင်းလျက်ရှိသော မြစ်ချောင်းအင်းအိုင်များတို့ကို “သဘာဝ အရင်းအမြစ်များ” ဟူ၍ ခေါ်ဆိုထားကြသည်။ ခေါ်ရလွယ်ကူသော ဤအသုံးအနှုန်းများတို့သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအမှုကို ပျောက်ကွယ်စေပါသည်။ တောင်များကြားမှ မြစ်ဖျားခံစီးဆင်းလာသော ကြည်လင်သောစမ်းချောင်းလေးတစ်ခု၏နံဘေးတွင် ရပ်နေလိုက်ပါ။ ထိုချောင်းလေးသည် အမြဲတမ်းပြောင်းလဲနေသည်။ သို့သော် အမြဲတမ်းစီးဆင်းမြဲစီဆင်းနေသည်။ ထိုသို့ အဆက်မပြတ်စီးဆင်းရာတွင်၊ ထိုစမ်းချောင်းသည် အဘယ့်ကြောင့် မကုန်နိုင်မခမ်းနိုင်ဖြစ်နေရပါသနည်း။ ရေပမာဏလျော့နည်းသွားခြင်းမရှိပဲနှင့် ချောင်းရေကို “ထာဝရစီးဆင်းသွား” စေသည့် စွမ်းအင်မကုန်ခမ်းနိုင်သော ရေလှောင်တမန်ကြီးတစ်ခုသည် ကမ္ဘာကြီး၏အလယ်ဗဟိုထဲတွင် တည်ရှိနေခြင်းပါလော။ ထိုသို့သော စဉ်ဆက်မပြတ်စီးဆင်းခြင်းအရာက အံ့ဩစရာကောင်းသည့် အမှုအရာတစ်ခုမဟုတ်ပါလော။ ရေသံသရာလည်ခြင်းအကြောင်းကို သိရှိထားသည့်ပုဂ္ဂိုလ်က ပြန်လည်တုန့်ပြန်ဖြေကြားလာသည်ကား၊ “အို၊ ထိုအရာသည် အံ့ဩစရာအမှုတစ်ခုမဟုတ်ပါ။” “ထိုအရာသည် ရိုးရှင်းသောအရာတစ်ခုသာဖြစ်သည်။ မြေမျက်နှာပြင်ထက်တွင်ရှိသောရေသည် မိုးတိမ်များဆီသို့တက်ရောက်သွားပြီး၊ ထိုမိုးတိမ်ကနေမှ မိုးပြန်ရွာချလာကာ စဉ်ဆက်မပြတ်သောစီးဆင်းမှုကိုဖြစ်ပေါ်စေပါသည်။” သို့ရာတွင် ထိုမိုးကိုဖြစ်ပေါ်လာစေသူကား အဘယ်သူနည်း။ “ထာဝရဘုရားမူကား၊ မှန်သောဘုရား၊ အသက်ရှင်သောဘုရား၊ နိစ္စထာဝရဘုရင်ဖြစ်တော်မူ၏။...အသံတော်ကို လွှတ်တော်မူသောအခါ၊ မိုဃ်းရေ အသံဗလံဖြစ်တတ်၏။ မြေကြီးစွန်းမှ မိုဃ်းတိမ်ကို တက်စေတော်မူ၏။” ယေရမိ ၁၀း၁၀-၁၃။ ထိုသူကား “အသက်ရှင်

သောဘုရား” ဖြစ်တော်မူပြီး၊ “သဘာဝတရား” ၏လည်ပတ်စီးဆင်းမှုများတို့သည် ထိုဘုရား၏ရပ်တန့်ခြင်းမရှိသောအမှုတော်ကို ထင်ရှားပေါ်လွင်စေသည့်အရာများပင်ဖြစ်ပါသည်။

တောထဲရှိကုလသရေလလူတို့သည် ကျောက်ထဲမှထွက်လာခဲ့သောထိုရေ၏စီးဆင်းမှုကို မကြာမီအချိန်တွင် အံ့ဖွယ်ရာအမှုတစ်ခုအနေဖြင့်ရှုမြင်နေခဲ့ကြရာမှ ရပ်တန့်သွားခဲ့မည်မှာ လုံးဝသေချာပါသည်။ သူတို့အထဲတွင် မြောက်များစွာသောသူတို့သည်၊ ရေကိုစစချင်းရလိုက်ကြသည့်အချိန်မျိုး၌ပင်လျှင် ထိုရေသည် မိမိတို့၏ ငတ်မွတ်မှုကို ပြေပျောက်စေခဲ့သည် ဆိုသည့်အတွေးကလွဲပြီး နောက်ထပ်အခြားမည်သည့်အတွေးကိုမျှ သူတို့၏ခေါင်းထဲတွင် ထည့်သွင်းစဉ်းစားခဲ့မိကြလိမ့်မည်မဟုတ်ပါချေ။ သို့ရာတွင် ထိုရေသည် တစ်နှစ်ပြီးတစ်နှစ် ဆက်လက်စီးဆင်းနေခဲ့ပြီး၊ ထိုသူတို့အတွက် တွေ့နေမြင်နေကျအရာတစ်ခုလိုဖြစ်လာခဲ့ပါသည်။ ထိုအရာအပေါ် အံ့အားသင့်မှုများသည်လည်း တဖြည်းဖြည်းလျော့နည်းလာခဲ့ပြီး၊ အဆုံးတွင် အံ့အားသင့်မှုအလျင်းမရှိတော့သည့်အထိဖြစ်သွားခဲ့ပါသည်။ နောက်ပေါက်လာခဲ့ကြသော ကလေးများအတွက် ထိုရေသည် နဂိုကတည်းကရှိထားနှင့်ပြီးသားအရာတစ်ခုကဲ့သို့ ဖြစ်လာခဲ့ပါသည်။ မြေကြီးမှထွက်သောစမ်းရေများကို ယကနေ့ခေတ်တွင် ကျွန်ုပ်တို့က “သဘာဝအရင်းအမြစ်များ” အဖြစ်နှင့် မှတ်ထင်နေကြသကဲ့သို့ပင်၊ ကျောက်မှထွက်နေခဲ့သောထိုရေသည် ထိုနောက်ပေါက်တို့အတွက် “သဘာဝအရင်းအမြစ်များ” မှလာသောထုတ်ကုန်တစ်ခုကဲ့သို့ ဖြစ်လာခဲ့ပါသည်။ ဤသို့ဖြင့် ရေ၏ပင်မအရင်းအမြစ်ကြီးကို ယကနေ့ခေတ်တွင်မေ့လျော့ထားကြသည်နည်းတူပင် ထိုအခါတွင်လည်း မေ့လျော့သွားခဲ့ကြပါသည်။

အရာရာတွင် “သဘာဝတရား” ကိုသာ အသာပေးပြီး ထည့်ပြောနေတတ်ကြသည့်သူများနှင့်၊ ဘုရားသခင်ကို လောကကမ္ဘာမှရသောလက်ဆောင်ရှိရှိသမျှတို့၏ တိုက်ရိုက်ပင်မ အရင်းအမြစ်အနေဖြင့် မျက်မှောက်မပြု၊ ဘုန်းတော်မထင်ရှားစေသောသူများတို့သည် ကောင်းကင်နိုင်ငံထဲသို့ ဝင်ခွင့်ရကြမည်ဆိုပါက၊ ကောင်းကင်နိုင်ငံတွင်လည်း ထိုအတိုင်းသာ ဆက်ပြော၊ ဆက်လုပ်နေကြလိမ့်ဦးမည်ဖြစ်ပါသည်။ ဘုရား၏ပလ္လင်တော်မှ ထာဝရစီးဆင်းနေသော အသက်ရေစီးရာမြစ်သည် သူတို့အတွက် “သဘာဝဖြစ်စဉ်တစ်ခု” သာ ဖြစ်နေလိမ့်မည်ဖြစ်သည်။ ထိုမြစ်ရေ စတင်စီးဆင်းသည်ကို သူတို့သည်မတွေ့မြင်ခဲ့ရသည့်အတွက်ကြောင့် ထိုစီးဆင်းမှုကို သူတို့အနေဖြင့် သဘာဝဖြစ်စဉ်တစ်ခုအနေနှင့်သာ ရှုမြင်ကြလိမ့်မည်ဖြစ်ပြီး၊ ထိုစီးဆင်းမှုအတွက် ဘုရားသခင်၏ဘုန်းတော်ကိုလည်း ချီးမွမ်းကြလိမ့်မည်မဟုတ်ပါချေ။ ဘုရားသခင်ပြုထားပေးတော်မူသောအမှုများအတွက် ထိုသခင်အား ဤကမ္ဘာတွင် အသိအမှတ်ပြုခြင်း၊ မျက်မှောက်ပြုခြင်းမရှိသောသူသည်၊ လာမည့်ကမ္ဘာတွင်လည်း ထိုသခင်အား ထိုနည်းအတိုင်းပင် မျက်ကွယ်ပြုနေခဲ့လိမ့်မည်ဖြစ်သည်။ ထာဝရကာလအဖို့ ကယ်တင်တော်မူခြင်းခံရသောသူတို့၏နှုတ်မှထွက်လာမည့် ဘုရားသခင်အားချီးမွမ်းခြင်းစကားသံမှာ လောကတွင်ရှိစဉ်အခါ သူတို့အနေဖြင့် လေ့ကျင့်ထားခဲ့ကြသည့် တေးသီချင်းသံစဉ်ပင်ဖြစ်နေလိမ့်မည်ဖြစ်သည်။

## ဘုရားသခင်ကို မျက်မှောက်ပြုခြင်း

“သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။” သုတ္တံ ၃း၆။ လူ၏လမ်းခရီးတို့ကို ဘုရားက ပဲ့ပြင်ပေးတော်မူလိုက်သောအခါတွင် ထိုလမ်းခရီးတို့သည် ဘုရားသခင်၏ကိုယ်ပိုင်လမ်းခရီးများနည်းတူပင် စုံလင်ခြင်းရှိလာပါသည်။ “အကြင်သူသည် ထာဝရဘုရားကို ကြောက်ရွံ့တတ်၏။ ထိုသူအား နှစ်သက်ဘွယ်သောလမ်းကို ပြဋ္ဌာန်းတော်မူမည်။” ဘုရားသခင်ပြုပေးတော်မူသောခပ်သိမ်းသောအမှုအရာများအတွက် ထိုသခင်အား မြင်တတ်၊ မျက်မှောက်ပြုတတ်သောသူနှင့် အရာရာ၌ သူ့အား ကျေးဇူးတင်တတ်သောသူတို့သည် ဖြောင့်မတ်သောအသက်တာဖြင့် အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့ စဉ်ဆက်မပြတ်သုံးစွဲနေကြသည့်အရာတည်းဟူသော၊ ရေဆိုသည့်လက်ဆောင်ကို ဥပမာအနေဖြင့် ယူလိုက်ပါ။ ရေကို ကျွန်ုပ်တို့ လိုအပ်လာကြသည့်အခါခါတိုင်း၌ ဘုရားသခင်အား ထိုရေကို ပြင်ဆင်ပေးတော်မူသောသူအနေဖြင့်သော်၎င်း၊ ထိုရေကို တွေ့မြင်လိုက်တိုင်း (သို့) အသုံးပြုလိုက်တိုင်းတွင် ခရစ်တော်အား အသက်ရေကိုပေးစွမ်းသောအရှင်အနေဖြင့်သော်၎င်း ကျွန်ုပ်တို့က ပြန်လည်စဉ်းစားမိလာကြပြီး၊ ကျွန်ုပ်တို့သည် ထိုရေအားဖြင့် ဘုရားသခင်၏အသက်တော်ကို ရရှိနိုင်ကြပါသည် ဆိုသည့်အချက်ကို ပြန်လည်သတိရမိလာကြမည်ဆိုလျှင် မည်သည့်အကျိုးရလဒ်ပေါ်ထွက်လာပါမည်နည်း။ အဖြေမှာ ရိုးရှင်းပါသည်။ သို့ပြုလျှင် ကျွန်ုပ်တို့၏အသက်တာသည် သူ၏ထိန်းချုပ်မှုအောက်တွင် ဆက်လက်တည်ရှိနေလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်သည် သူ့အထံတော်မှလာသည် ဆိုသည့်အချက်ကို သိမှတ်လျက်၊ ထိုအသက်တာကို သူတစ်ပါးတည်းကသာလျှင် အမိန့်ပေးပိုင်ခွင့်ရှိပါသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် နားလည်ထားသင့်ပါသည်။ ကျွန်ုပ်တို့၏အထဲတွင် မိမိ၏အသက်တာတော်အတိုင်း ဝင်ရောက်အသက်ရှင်ပေးဖို့ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် သူ့အား ခွင့်ပြုသင့်ပါသည်။ သို့ပြုလျှင် ဖြောင့်မတ်ခြင်းပါရမီကို ကျွန်ုပ်တို့ သောက်သုံးရကြပါလိမ့်မည်။ သစ္စာတရားသည် ကျွန်ုပ်တို့အဖို့ မြေကြီးထဲက ပေါ်ထွက်လာမည်ဖြစ်ပြီး၊ ဖြောင့်မတ်ခြင်းတရားသည်လည်း ကျွန်ုပ်တို့ကို ကောင်းကင်မှ ငုံ့ကြည့်နေတော်မူမည်ဖြစ်သည်။ ဆာလံ ၈၅း၁၁။ မိုးတိမ်သည်ပင်လျှင် “တရားကိုရွာကျစေ” တော်မူမည်ဖြစ်သည်။ ဟေရှာယ ၄၅း၈။

သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုခြင်းအရာက ကျွန်ုပ်တို့ကို တကိုယ်ကောင်းဆန်သောမာန်မာနတရားမှသော်၎င်း၊ ဝါကြွားလျက် မိမိတို့၏ “ပင်ကိုယ်အရည်အချင်းများ” အပေါ် ကိုးစားနေခြင်း ဘေးအန္တရာယ်မှသော်၎င်း ကွယ်ကာပေးလိမ့်မည်ဖြစ်သည်။ “ထိုမှတပါး၊ အဘယ်သူသည် သင့်ကိုထူးခြားစေသနည်း။ သူတပါးလက်မှ မခံမယူဘဲ အလိုအလျောက်ရသောအရာ တစုံတခုမျှ သင်၌ရှိသလော။ သူတပါးလက်မှ ခံယူသည်မှန်လျှင်၊ မခံမယူသကဲ့သို့ အဘယ်ကြောင့် ဝါကြွားသနည်း။” ဆိုသည့် နှုတ်ထွက်စကားတော်ကို ကျွန်ုပ်တို့အနေဖြင့် နားစိုက်ထောင်ဖို့သင့်ပါသည်။ ဤစကားသည် ကျွန်ုပ်တို့ကို တရားလမ်းထဲသို့ တည့်မှတ်ပေးတော်မူပါသည်။ အကြောင်းမှာ “နှိမ့်ချလျက်ရှိသောသူတို့ကို တရားလမ်း၌ သွေးဆောင်တော်မူ၏။ နှိမ့်ချလျက်ရှိသောသူတို့အား ခရီးတော်တို့ကို သွန်သင်တော်မူ၏။” ဆိုသည့် ကတိစကားသည် ရှိနေသောကြောင့်ဖြစ်သည်။ ဆာလံ ၂၅း၉။ ကျွန်ုပ်တို့အား ပို့ဆောင်လမ်းပြပေးနိုင်ဖို့ရန်အတွက်၊ ကျွန်ုပ်တို့၏ အားနည်းမိုက်မဲသော ဉာဏ်ပညာအစားတွင်၊ ဘုရားသခင်၏ ဉာဏ်ပညာကို ကျွန်ုပ်တို့အနေဖြင့် ရယူထားသင့်ပါသည်။

ဆန့်ကျင်ဘက်ရှုထောင့်မှကြည့်ခြင်းအားဖြင့်လည်း ကျွန်ုပ်တို့အနေဖြင့် ဤသင်ခန်းစာကို သင်ယူနိုင်ပါသည်။ “ဖန်ဆင်းတော်မူသော အရာများ” အားဖြင့် ဖော်ပြလျက်ရှိသော ဘုရားသခင်ကို မျက်မှောက်မပြုမိကြခြင်းဖြင့်၊ လူသားတို့သည် နှိမ့်ကျသောမိစ္ဆာဒိဋ္ဌိများဖြစ်လာခဲ့ကြသည်။ ထူထပ်သောအမှောင်ထုထဲတွင် သူတို့အနေဖြင့် ထိုသို့ကျရောက်သွားခဲ့သည့်အခြေအနေအပေါ် ကျွန်ုပ်တို့အနေဖြင့် စောဒကတက်စရာအကြောင်း မရှိပါချေ။ “အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို သိလျက်ပင်၊ ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်းကျေးဇူးတော်ကိုလည်း မသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသောစိတ်နှလုံးကို မိုက်မဲခြင်းသို့ရောက်ကြ၏။ ပညာရှိယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌ တည်ကြသည်ဖြစ်၍၊ မဖေါက်ပြန်မပျက်စီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကိုပယ်လျက်၊ ဖေါက်ပြန်ပျက်စီးတတ်သောလူ၏ရုပ်တု၊ သားငှက်အစရှိသော တွားတတ်သောတိရစ္ဆာန်၏ရုပ်တုကို ဘုရားသခင်အရာ၌ချီးမြှောက်ကြ၏။” “ထိုသူတို့သည် ဘုရားသခင်ကိုမသိမမှတ်လိုသည်ဖြစ်၍၊ မလျောက်ပတ်သော အမှုကိုပြုစေမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ကို မောဟ (မောဟဆိုသည်မှာ ဆင်ခြင်တုံတရားကင်းမဲ့သွားသည့်စိတ်) လက်သို့အပ်လိုက်တော်မူသည်နှင့်အညီ၊ သူတို့သည်အလုံးစုံသော အဓမ္မကျင့်ခြင်း၊ မတရားသောမေထုန်ကိုပြုခြင်း ၊ …” စသည်ဖြင့်…။ ရောမ ၁း၂၀-၂၃၊ ၂၈၊ ၂၉။

ဣသရေလလူမျိုးများတို့သည် ဘုရားသခင်၏အံ့ဖွယ်ရာအမှုတော်တချို့တို့ကို အထူးခြားဆုံးသော ပုံစံမျိုးဖြင့် မြင်တွေ့ခဲ့ကြရသော်လည်း၊ ထိုသခင်ကို သူတို့အနေဖြင့် မျက်မှောက်မပြုခဲ့ကြပါချေ။ "ထိုနေ့ရက်ကာလ၌ နွားသငယ်ကိုလုပ်၍ ထိုရုပ်တုအား ယဇ်ပူဇော်သဖြင့် မိမိတို့လက်နှင့်လုပ်သောအရာ၌ပင် ပျော်မွေ့ကြ၏။" တမန်တော် ၇း၄၁။ "သူတို့၏ဘုန်းကိုလဲ၍ မြက်ကိုစားသောနွား၏ ပုံသဏ္ဌာန်ကိုယူကြ၏။ အဲဂုတ္တုပြည်၌ ကြီးသောအမှုတို့ကိုငင်း၊ ဟာမအမျိုးနေရာ၌ အံ့ဘွယ်သောအမှုတို့ကိုငင်း၊ ဧဒုံပင်လယ်နားမှာ ကြောက်မက်ဘွယ်သော အမှုတို့ကိုငင်းပြု၍၊ ကယ်တင်တော်မူသော အရှင်ဘုရားသခင်ကိုမေ့လျော့ကြ၏။"ဆာလံ ၁၀၆း ၂၀-၂၂။

သို့ရာတွင် ဤသို့ဖြစ်လာစရာမလိုပါချေ။ ယခုအခါတွင်လည်း ထိုသို့ဖြစ်နေဖို့မလိုအပ်ပါချေ။ မိမိ၏အမွေခံရာတောင်တော်တည်းဟူသော မိမိကိုယ်တော်တိုင်ကိန်းဝပ်တော်မူဖို့ရန်အတွက် မိမိလက်ဖြင့် တည်ဆောက်ထားခဲ့သည့် တဲတော်တည်ရှိရာအရပ်တွင် နေရာချပေးဖို့ရန်အတွက် ဘုရားသခင်သည် ဣသရေလသားသမီးများတို့ကို ခေါ်ဆောင်လာခဲ့ပါသည်။ ထိုသို့ခေါ်ဆောင်လာခဲ့ရာလမ်းခရီးတစ်လျှောက်တွင်၊ သူတို့အားနေရာချပေးတော်မူမည့်အရပ်နှင့်စပ်ဆိုင်သော သာယာကြည်နူးဖွယ်ရာများတို့ကို ဘုရားသခင်သည် သူတို့အား တွေ့ကြုံခံစားစေလိုခဲ့ပါသည်။ ထို့ကြောင့် သူတို့အနေဖြင့် ဘုရားသခင်၏ပလ္လင်တော်နားသို့ ယုံကြည်ခြင်းအားဖြင့် တိုးဝင်ချဉ်းကပ်လျက်၊ ထိုပလ္လင်တော်မှစီးထွက်လာသော အသက်ရေကို သောက်သုံးခွင့်ရှိကြကြောင်းကို သူတို့အားပြသပေးလိုက်သည့်အနေဖြင့်၊ ဘုရားသခင်သည် မိမိအထံတော်မှ တိုက်ရိုက်စီးဆင်းလာခဲ့သောရေကို သူတို့အား ပေးတော်မူခဲ့ပါသည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့အတွက်လည်းဖြစ်ပါသည်။ ကောင်းကင်မြို့တော်ကြီးနှင့်စပ်ဆိုင်သောဝမ်းမြောက်ခြင်းများတို့ကို ရရှိခံစားနိုင်ဖို့ရန်အတွက်၊ မသေနိုင်သောအဖြစ်ကို ကျွန်ုပ်တို့အနေဖြင့် ထိုင်စောင့်နေကြသည့်အဖြစ်မျိုးကို ဘုရားသခင်မလိုလားပါချေ။ ခရစ်တော်၏အသွေးတော်ကြောင့်၊ ဘုရားသခင့်တဲတော်၏အသန့်ရှင်းဆုံးသောအခန်းထဲသို့ပင်လျှင် တိုးဝင်ဖို့ရန်အတွက် ကျွန်ုပ်တို့၌ ရဲရင့်ခြင်းရှိနေကြပြီးဖြစ်ပါသည်။ သနားခြင်းဂရုဏာကိုခံယူဖို့ရန်အတွက် ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်လာကြဖို့ရန် ကျွန်ုပ်တို့အားဖိတ်ခေါ်နေပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် အသက်ဖြစ်ပြီး၊ ထိုအသက်သည် အသက်ရေစမ်းချောင်းတစ်ခုအဖြစ် စီးဆင်းလျက်ရှိနေပါသည်။ အသက်ရေစီးဆင်းရာအရပ်တည်းဟူသော ဘုရားသခင်၏ ပလ္လင်တော်နားသို့ တိုးဝင်လာဖို့ရန်အတွက် ကျွန်ုပ်တို့အားခွင့်ပြုထားပြီးဖြစ်သည့်အတွက်ကြောင့်၊ ထိုအသက်ရေကို သောက်သုံးရာတွင် ကျွန်ုပ်တို့အား ဟန့်တားနေမည့်အရာ ဘာတစ်ခုမျှမရှိမည်မှာ လုံးဝသေချာပါသည်။ အထူးသဖြင့် ထိုရေကိုအခမဲ့ပေးသနားတော်မူသည့်အခါမျိုးတွင် မည်သည့်အရာကမျှ ဟန့်တားနိုင်မည်မဟုတ်ပါချေ။ ဗျာဒိတ်ကျမ်း ၁၂း၁၇။

"အိမ်တော်၌ နေသောသူတို့သည် မင်္ဂလာရှိပါ၏။ ကိုယ်တော်ကို အစဉ်ချီးမွမ်းကြပါလိမ့်မည်။" ဆာလံ ၈၄း၄။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့မြင်တွေ့ရသောအရာများမှတဆင့် မမြင်နိုင်သောအရာများအကြောင်းကို သင်ယူမိကြမည်ဆိုလျှင်၊ ဘုရားသခင်ပြုတော်မူသောအမှုအရာအလုံးစုံတို့၌သော်ငင်း၊ ကျွန်ုပ်တို့သွားလေရာရာ၌သော်ငင်း ထိုဘုရားသခင်ကို မျက်မှောက်ပြုကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဤလောကကမ္ဘာကြီး၌နေထိုင်စဉ်အခါ၌ပင်လျှင် ထိုသခင်၏မျက်မှောက်တော်ထဲ၌ ကေန်အမှန်နေရကြမည်ဖြစ်ပြီး၊ ကောင်းကင်တွင် ကောင်းကင်တမန်များက သူ့အားချီးမွမ်းနေကြသည့်နည်းတူပင် ကျွန်ုပ်တို့သည်လည်း သူ့အား အစဉ်မပြတ် ချီးမွမ်းနေကြရမည်ဖြစ်သည်။

"ထာဝရဘုရား၏အိမ်တော်၌ စိုက်ပျိုးသောသူတို့သည် ငါတို့ဘုရားသခင်၏တန်တိုင်းတော်တွင် ပွင့်လန်းကြလိမ့်မည်။ အသက်ကြီးသောကာလတွင်ပင်၊ အသီးကိုသီး၍ ကြွယ်ဝစိမ်းလန်းကြလိမ့်မည်။ ထိုသို့သောအားဖြင့် ငါ၏ကျောက်၊ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသောအမှုနှင့် ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း။" ဆာလံ ၉၂း၁၃-၁၅။ "အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုး

ဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကို ခိုလှုံလျက်နေရကြပါ၏။ အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍၊ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်းငှါ အခွင့်ပေးတော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက်စမ်းရေတွင်းရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကိုရကြပါ၏။" ဆာလံ ၃၆း၇-၉။

## အောက်အရပ်မြေကြီးပေါ်က ဒေင်

"ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်းငှါ အခွင့်ပေးတော်မူ၏။" ဆိုသည့် ဖေါ်ပြချက်ကို မှတ်သားပါ။ ဤနေရာတွင်ပါရှိသော "ချမ်းသာ" ဆိုသည့်စကားလုံး၏ မူရင်းဟေဗြဲစကားလုံးမှာ (EDEN) ဒေင် ပင်ဖြစ်ပါသည်။ ဒေင်၏အဓိပ္ပါယ်မှာ ချမ်းသာ (သို့) နှစ်သက်ဖွယ်ရာ ဖြစ်သည်။ ဒေင်ဥယျာဉ်သည် နှစ်သက်ဖွယ်ရာကောင်းသော ဥယျာဉ်တော်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ကွယ်ကာရာဌာနတော်၌နေလျက်၊ အနန္တတန်ခိုးရှင်၏အရိပ်တော်ကို ခိုလှုံသောသူတို့သည် ဘုရားသခင်အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍ ဒေင်မြစ်ရေကိုသောက်သုံးရလိမ့်မည်ဖြစ်ကြောင်းကို ထိုကျမ်းချက်က ပြောနေခြင်းဖြစ်ပါသည်။ ထိုဒေင်မြစ်ကား ဘုရားသခင်၏ အသက်ရေစီးရာမြစ်ပေတည်း။

ယခုအချိန်၌ပင်လျှင်၊ ဤအရာသည် ယုံကြည်သူများတို့၏ဝေစု ဖြစ်နေပြီးဖြစ်ပါသည်။ ကျောက်မှ ထွက်သောရေကို ဣသရေလလူတို့သည် အမှန်တကယ် သောက်သုံးခဲ့ကြရသည်နည်းတူ၊ (သို့) ကျွန်ုပ်တို့သည် ဘုရားသခင်၏ပေးကမ်းမှုများတို့ကို တစ်နေ့ပြီးတစ်နေ့ အမှန်တကယ်ခံစားနေကြရသည်နည်းတူပင် ထိုအရာသည်ကျွန်ုပ်တို့၏ဝေစုပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့်လည်း အမှန်တကယ်သိရှိနိုင်ပါသည်။ ယခုအချိန်၌ပင်လျှင်၊ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်ရေကိုသောက်သုံးခြင်းနှင့် "ဝှက်ထားသောမန္န" ကိုစားသုံးကြခြင်းအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်များကို ပြန်လည်လန်းဆန်းစေရသောအခွင့်ကို ရရှိထားကြပြီးဖြစ်သည်။ ဘုရားသခင့်သားတော်၏ အသားတော်နှင့် အသွေးတော်ကို စားသောက်ကြခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းပါရမီကို စားသုံးခွင့်ရရှိကြပြီးဖြစ်ပါသည်။

**"ဘုရားသခင်၏မြစ်ရေတော်၊ အကျွန်ုပ်သည် သင့်အား အဝေးမှမဟုတ်ပဲ၊ အနီးမှ နှုတ်ဆက်လိုက်ပါ၏၊**

**အကျွန်ုပ်၏အသက်ဝိညာဉ်သည် ငြိမ်သက်လျက်ရှိသော သင်၏ရေများကို ယခုပင် ဆာလောင်ပါ၏၊**

**သန့်ရှင်းတော်မူသောမြစ်ရေ၊ ကျွန်ုပ်အားသင့်ကိုသာ သောက်သုံးရသောအခွင့်ကို ပေးတော်မူပါ။"**

**"အသက်ရေစီးဆင်းသောမြစ်ရေ"**

သို့ရာတွင် ဘုရားသခင်သည် လူသားတို့အားကောင်းချီးပေးတော်မူရာတွင်၊ ထိုသူတို့အနေဖြင့် တခြားသောသူများတို့အဖို့ တဆင့်ပြန်ပြီး ကောင်းကြီးမင်္ဂလာဖြစ်လာနိုင်ကြဖို့ရန်အတွက်သာဖြစ်သည်။ အာဗြဟံ အား ဘုရားသခင်မိန့်တော်မူခဲ့သည်ကား၊ "ငါ ကောင်းကြီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်။" (မူရင်းဟေဗြဲကျမ်းတွင် သင်သည် ကောင်းကြီးမင်္ဂလာတစ်ပါးဖြစ်လိမ့်မည်။) သို့ဖြစ်လျှင်၊ သူ၏အမျိုးအနွယ်အပေါင်းတို့၌လည်း ထိုသို့ဖြစ်ရကြလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ကြမည်ဆိုလျှင် ယနေ့နှင့် နေ့ရက်စဉ်တိုင်းတို့တွင် ကျွန်ုပ်တို့၌ပြည့်စုံလာနိုင်သည့် ခရစ်တော်၏နှုတ်ထွက်စကားတစ်ခွန်းရှိနေပါသည်။ ထိုနှုတ်ထွက်စကားကို တဖန်ပြန်လည် ဖတ်ရှုရသည်ကား

"ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတံ့သောဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။" ယောဟန် ၇း၃၇-၃၉။

ခရစ်တော်သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ပြီး၊ သူ၏နှလုံးတော်သည် ဘုရားသခင်ပလ္လင်တော်ဖြစ်တော်မူသကဲ့သို့ပင်၊ ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ကိန်းဝပ်တော်မူနိုင်ရန်အတွက် ကျွန်ုပ်တို့သည်လည်း ထိုသခင်၏ဗိမာန်တော်များပင်ဖြစ်နေကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို နှလုံးသားထဲတွင် လုံအောင်ပိတ်ပစ်ထားလို့ မရပါချေ။ နှလုံးသားထဲတွင် သူတည်ရှိနေမည်ဆိုလျှင်၊ သူ၏ဘုန်းရောင်ခြည်သည် အပြင်သို့ဖြာထွက်လာပါလိမ့်မည်။ အသက်ရေသည် အသက်ဝိညာဉ် (လူသား) ၏အထဲ၌ တည်ရှိနေမည်ဆိုလျှင် ထိုရေသည် တခြားသောသူများဆီသို့ စီးဆင်းသွားလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ဤလောကကို မိမိနှင့်ရန်ငြိမ်းစေတော်မူခဲ့ရာတွင်၊ သူသည် မိမိ၏ဘုံဗိမာန်တော်ကို စစ်မှန်သောယုံကြည်သူများထဲတွင် နေရာချထားတော်မူပြီး၊ ထိုသူတို့၏အထဲတွင် ထိုရန်ငြိမ်းခြင်းတရားကို ထည့်သွင်းပေးတော်မူကာ၊ မိမိနှင့်လူသားတို့ကြားတွင် မိဿဟာယဖွဲ့နိုင်ဖို့ရန်အတွက် သူသည် ထိုယုံကြည်သူများတို့ကို မိမိ၏ကိုယ်စားလှယ်တော်များအနေဖြင့် ခရစ်တော်၏ကိုယ်စား ခန့်အပ်တော်မူခဲ့ပါသည်။ တပါးတည်းသောသားတော်၏အမှုတော်တွင်ပါဝင်လုပ်ရသောအခွင့်တည်းဟူသော အံ့ဩဖွယ်ရာအထူးအခွင့်အရေးတစ်ခုကို ဘုရားသခင်သည် မိမိမွေးစားထားသည့်သားသမီးများတို့၌ ပေးအပ်ထားတော်မူပါသည်။ သူတို့သည် ထိုသခင်နည်းတူပင် ဝိညာဉ်တော်၏အမှုဆောင်များ ဖြစ်လာနိုင်ကြပါသည်။ သူတို့သည် ဝိညာဉ်တော်စေလွှတ်တော်မူသည့် အမှုဆောင်များဖြစ်ကြရုံသာမကပဲ၊ ဝိညာဉ်တော်ကိုပြန်ပြီး အမှုဆောင်ကြမည့်သူများ လည်းဖြစ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်၊ လောကသားများရှေ့တွင် ခရစ်တော်၏သဏ္ဌာန်တော်ကိုတဖန်ထင်ဟပ်စေကြသည့် ဘုရားသခင်၏ကိန်းဝပ်တော်မူရာနေရာများဖြစ်လာကြပြီး၊ ပင်ပန်းနွမ်းလျနေသောသူတို့ကို အားသစ်လောင်းစေမည့် အသက်ရေစီးရာစမ်းချောင်းများဖြစ်လာကြသောအခါတွင်၊ ကောင်းကင်နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်တွင် ပေါ်လွင်ထင်ရှားနေလိမ့်မည်ဖြစ်သည်။

မေရိဘစမ်းရေတွင်း၌ရှိနေခဲ့ကြစဉ်အခါတွင် ဘုရားသခင်သည် ထိုဣသရေလလူမျိုးများအား ဤသင်ခန်းစာကိုသင်ယူစေလိုခဲ့ပါသည်။ ကျွန်ုပ်တို့သည် ထိုဣသရေလလူမျိုးများနည်းတူ ညည်းငြူပုန်ကန်နေကြသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤတစ်ခုတည်းသောသင်ခန်းစာကိုပင် သွန်သင်ပေးဖို့ရန်အတွက် ကြိုးစားလုပ်ဆောင်နေလျက်ရှိပါသည်။ ဤသင်ခန်းစာကို ကျွန်ုပ်တို့အနေဖြင့် ယခုပင်သင်ယူကြလိမ့်မည်မဟုတ်ပါလော။ "ထိုသို့နေသောလူမျိုးသည် မင်္ဂလာရှိပါ၏။ ထာဝရဘုရားသည် အကြင်လူမျိုး၏ဘုရားသခင်ဖြစ်၏။ ထိုလူမျိုးသည် မင်္ဂလာရှိပါ၏။"

## ၂၈း ဣသရေလလူတို့၌ထားတော်မူသော ကတိတော်များ – ပညတ်တရားဝင်ရောက်လာခြင်း (အပိုင်း – ၁)
## ယနေ့အတွက်သမ္မာတရား၊ နိဝင်ဘာလ ၁၂၊ ၁၈၉၆

"ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ကြွယ်ဝ၏။ ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည်သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့သခင်ယေရှုခရစ် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။" ရောမဩဝါဒစာ ၅း၂၀-၂၁။

သိနာတောင်တွင် ပညတ်တရား ဝင်ရောက်လာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ "ပြစ်မှားသော အပြစ် (တနည်းအားဖြင့် ပြစ်မှားခြင်းသဘော) ပွါးများ" ဖို့ရန်ဖြစ်သည်။ အပြစ်တရားပိုမိုများပြားလာဖို့ရန် မဟုတ်ပေ။ အကြောင်းမှာ ကျေးဇူးတော်ပွါးများစေခြင်းငှါ အပြစ်တရားကို ကျင့်၍မနေကြဖို့ရန် ကျွန်ုပ်တို့အား သတိပေးထားသောကြောင့်ဖြစ်သည်။ သာ၍များပြားသောကျေးဇူးတော်အား ခင်းကျင်းပြသနိုင်မည့်အခွင့်အရေးတစ်ခုကို မိမိအနေဖြင့်ရရှိနိုင်ဖို့ရန်အတွက် ဖြောင့်မတ်တော်မူသောဘုရားသခင်သည် အပြစ်တရားကို တမင်တကာတိုးပွါးစေလိမ့်မည်မဟုတ်ကြောင်းကို ဤသတိပေးချက်က သက်သေခံထောက်ပြပေးနေပါသည်။ ပညတ်တရားသည် အပြစ်တရားမဟုတ်ပါ။ သို့ရာတွင်၊ "အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့်ပြည့်စုံခြင်းရှိ" လာနိုင်ရန်အလို့ငှါ၊ ထိုပညတ်တရားသည် အပြစ်တရားအား "မိမိသဘော (အပြစ်သဘော) ကိုထင်ရှားစေ" ပါသည်။ ထိုသို့သောအားဖြင့် ပညတ်တရားသည် အပြစ်တရားအပေါ် အကျိုးသက်ရောက်မှုရှိနေလေသည်။ ရောမ ၇း၁၃။ ထို့ကြောင့် သိနာတောင်တွင် ပညတ်တရားဝင်ရောက်လာရခြင်း၏အဓိကရည်ရွယ်ချက်မှာ၊ ဘုရားသခင်၏သာလွန်ကြွယ်ဝတော်မူသောကျေးဇူးတော်ကို မိမိ၏အဖြစ်မှန်တန်ဖိုးအတိုင်း မြတ်နိုးတန်ဖိုးထားတတ်လာကြဖို့ရန်အတွက်နှင့် ရှိထားနှင့်ပြီးသားအပြစ်တရားကို မိမိ၏ အဖြစ်မှန်သဘောသဘာဝအတိုင်း၊ မိမိ၏ရိုရင်းစွဲပမာဏအတိုင်း ထုတ်လွှင့်ဖော်ပြပေးဖို့ရန်သာဖြစ်ပါ သည်။

ပညတ်တရားဝင်ရောက်လာခြင်းအရာသည် ပြစ်မှားသောအပြစ် (သို့) ပြစ်မှားခြင်းသဘောကို ပွါးများစေခဲ့ပါသည် (ထင်ရှားစေခဲ့ပါသည်)။ သို့ရာတွင် ပညတ်တရားတော်က ပွါးများထားစေနှင့်ပြီးသားဖြစ်သော (ထင်ရှားစေနှင့်ပြီးသားဖြစ်သော) အပြစ်တရားသည် သိနာတောင်မတိုင်မှီတွင် တည်ရှိထားခဲ့ပါသည်။ "ပညတ်တရားကို မထားမှီတိုင်အောင် ဤလောက၌ အပြစ်ရှိ၏။" ရောမ ၅း၁၃။ ထို့ကြောင့် ပညတ်တရားသည် သိနာတောင်၌ မပေးအပ်မှီအချိန်ကတည်းက လောကကြီးထဲတွင် ရှိနှင့်ထားသကဲ့သို့၊ ပေးအပ်ပြီးသွားခဲ့သည့်နောက်ပိုင်းတွင်လည်း ရှိနေဆဲဖြစ်ပါသည်။ အကြောင်းမှာ၊ "အဘယ်ပညတ်တရားမျှမရှိလျှင်၊ အပြစ်ရှိသည် ဟု မှတ်စရာမရှိ၊" သည့်အတွက်ကြောင့်ဖြစ်သည်။ ဣဇာက်အား ဘုရားသခင်မိန့်တော်မူခဲ့သည်ကား၊ "အကြောင်းမူကား၊ အာဗြဟံသည် ငါ့စကားကို နားထောင်၍၊ ငါစီရင်မှာထားသောပညတ်တရား အမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း ဟုမိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၂၆း၅။ အာဗြဟံ ခံစားရရှိခဲ့သည့်ကောင်းချီးမှာ အပြစ်လွတ်ခြင်းနှင့်စပ်ဆိုင်သောကောင်းချီးပင်ဖြစ်ပြီး၊ "အရေဖျားလှီးခြင်းကို မခံဘဲ ယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာအကြောင်းရှိစေခြင်းငှါ၊ ငါတို့အဘအာဗြဟံသည် ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါရင်း၊ အာဗြဟံသည် အရေဖျားလှီးခြင်းကိုမခံမှီရှိသော ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်း တံဆိပ်တည်းဟူသော အရေဖျားလှီးခြင်း၏လက္ခဏာကို ခံရသတည်း။" ရောမ ၄း၁၁။ ဣသရေလသားသမီးများ သိနာတောင်သို့မရောက်လာမှီ၊ ပထမဦးဆုံးအကြိမ် မန္နမုန့်ကျလာခဲ့သည့်အချိန်၌ ဘုရားသခင်က၊ ဣသရေလတို့သည် "ငါ၏တရားအတိုင်း ကျင့်မည်လော၊ မကျင့်မည်လော" ကို မိမိကိုယ်တော်တိုင် စုံစမ်းတော်ခဲ့ပါသည်။ ထွက် ၁၆း၄။

ထို့ကြောင့်၊ သိနာတောင်၌ ပညတ်တော်ပေးအပ်တော်မူခဲ့ခြင်းအရာက လူနှင့်ဘုရားစပ်ကြားတွင် ရှိထားနှင့်ပြီးသားဖြစ်သော ဆက်ဆံရေးကို မည်သည့်ထူးခြားပြောင်းလဲမှုမျှ ဖြစ်ပေါ်မသွားစေခဲ့ပါချေ။ သိနာတောင်အချိန်မတိုင်မီတွင် တည်ရှိထားနှင့်ပြီးသားဖြစ်သည့် တစ်ခုတည်းဖြစ်သောထိုပညတ်တော်သည် ထိုခေတ်အခါ၌လည်း တူညီသော အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းမှာ ယင်းပညတ်တော်က၊ လူသားများတို့သည် အပြစ်သားများပင်ဖြစ်ကြောင်းကို ပြသပေးခဲ့ပြီး၊ ပညတ်တော်ကတောင်းဆိုလာသည့် ဖြောင့်မတ်ခြင်းတရားတော်နှင့်တကွ၊ လူသားတိုင်း ရရှိပိုင်ဆိုင်ခွင့်ရှိသည့်အရာဟူသမျှတို့ကို ယုံကြည်ခြင်း ရှိသောသူများတို့က ပိုင်ဆိုင်ထားခဲ့ရကြပြီးဖြစ်ကြောင်းနှင့် ထိုသူများထဲတွင် ‌နောက်နှင့်အာပြဟံတို့ကို ထင်ရှားစွာတွေ့မြင်ရကြောင်းကို ယင်းပညတ်တော်က ပြသပေးခဲ့ပါသည်။ သိနာတောင်တွင် ပညတ်တော်ပေးအပ်တော်မူခဲ့ရခြင်း၏ တစ်ခုတည်းသောအကြောင်းအရင်းမှာ၊ ယင်းပညတ်တော်၏ အလွန်အရေးပါမှုနှင့် ထိုပညတ်တရားကတားမြစ်ထားသည့် ကြောက်စရာကောင်းသော အပြစ်တရား၏သဘောသဘာဝတို့ကို လူသားများတို့အား ပိုမိုထင်ရှားစွာသိမြင်လာစေဖို့ရန်အတွက်နှင့် လူသားများအနေဖြင့် မိမိတို့ကိုယ်ကို ကိုးစား ယုံကြည်နေကြမည့်အစားတွင် ဘုရားသခင်အားကိုးစားယုံကြည်တတ်လာအောင် သူတို့အား လမ်းပြပေးဖို့ရန် အတွက်ပင်ဖြစ်သည်။

ပညတ်တော်ပေးအပ်တော်မူခဲ့စဥ်အချိန်တွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များတို့သည် အထက်ဖော်ပြပါရည်ရွယ်ချက်များအတွက် ဖြစ်ပျက်ခဲ့ခြင်းပင်ဖြစ်ပေသည်။ ထိုမျှလောက်ကြောက်မက်ဖွယ်ရာကောင်းသော တန်ခိုးတော်ဂုဏ်တော်၏ဖော်ပြမှုမျိုးကို မည်သူကမျှမတွေ့မြင်ခဲ့ဘူးပါချေ။ ထိုအချိန်မှ၍ယခုအချိန်အထိတွင်လည်း ထိုဖြစ်စဥ်နှင့်တူညီသည့် မည်သည့်ဖြစ်စဥ်မျိုးကိုမျှ မတွေ့မြင်ရသေးပါချေ။ သိနာတောင်တွင် ပညတ်တော်ကိုပေးအပ်ခဲ့ခြင်းအဖြစ်အပျက်နှင့်ဆင်တူပြီး ထိုအဖြစ်အပျက်ထက်သာ၍ကြီးကျယ်နိုင်သည့် တစ်ခုတည်းသောအဖြစ်အပျက်မှာ ခရစ်တော်၏ဒုတိယအကြိမ်ပြန်ကြွလာခြင်းအဖြစ်အပျက်ပင် ဖြစ်ပေလိမ့်မည်ဖြစ်သည်။ ကြွလာခြင်းတွင်၊ "ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူ" မည်ဖြစ်ပြီး၊ "မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော် ထင်ရှားခြင်းကိုငှါ၊ ယုံကြည်သောသူအပေါင်းတို့အားဖြင့် အံ့ဩချီးမွမ်းခြင်းကိုငှါ၊ ခံအံ့သောငှါ" ကြွလာတော်မူမည်ဖြစ်သည်။ ၂ သက်သာလောနိတ် ၁း၇-၁၀။

## နှိုင်းယှဥ်ချက်များ

ပညတ်တော်ကိုပေးအပ်ခဲ့စဥ်အချိန်က၊ "ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက်၊ သိနာတောင်ပေါ်သို့ ဆင်းသက်တော်မူသောကြောင့်၊ တတောင်လုံးမီးခိုးထွက်လေ၏။" ထွက်မြောက်ရာ ၁၉း ၁၈။ ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာသောအခါတွင်၊ "မီးလျှံအားဖြင့်၊" "သခင်ဘုရားသည် ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ" လိမ့်မည်ဖြစ်သည်။ ၁သက် ၄း၁၆၊ ၂သက် ၁း၈။

သိနာတောင်သို့ ဘုရားသခင်ကြွတော်မူခဲ့သည့်အခါတွင်၊ သူသည် မိမိလူတို့အတွက် မိမိ၏လက်ယာလက်တော်မှ "ဓမ္မမီး" (မူရင်းဟေဗြဲကျမ်းစာတွင် "မီးတောက်နေသောပညတ်တော်") ကို စေလွှတ်ပေးတော်မူခဲ့ပြီး၊ သန့်ရှင်းသောသူ အထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ" ခဲ့ပါသည်။ တရားဟောရာ ၃၃း၁၊ ၂။ ကောင်းကင်ဗိုလ်ခြေများဖြစ်ကြသည့် ဘုရားသခင်၏ကောင်းကင်တမန်များအားလုံးတို့သည် ပညတ်တော်ပေးအပ်တော်မူခဲ့ခြင်းအဖြစ်အပျက်တွင် အားလုံးတက်ရောက်လာခဲ့ကြသည်။ ထိုသို့ပေးအပ်တော်မမူမီ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက၊ အာဒံမှဆင်းသက်၍ ခုနစ်ဆက်မြောက်သောသူ ‌နောက်သည် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို ဤသို့ ပရောဖက်ပြုဟောကြားခဲ့ပါသည်။ "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်ခြင်းငှါ၊ အတိုင်းမသိ များစွာသောမိမိသန့်ရှင်းသူတို့

နှင့်တကွကြွလာတော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ ဟောပြောလေ၏။" ယုဒ ၁း၁၄၊၁၅။ ဘုန်းတော်နှင့်တကွ ပြန်လည်ကြွဆင်းလာတော်မူသောအခါတွင်၊ သူသည် "သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့် တကွ" ပြန်လည်ကြွလာတော်မူမည်ဖြစ်ပါသည်။ မဿဲ ၂၅း၃၁။

မိမိ၏သန့်ရှင်းတော်မူသောပညတ်တော်ကို မိမိလူများတို့၌ ကြေညာပေးဖို့ရန်အတွက် ဘုရားသခင်သည် သိနာတော်ပေါ်တွင် ဆင်းကြွတော်မူခဲ့ပါသည်။ "ဓမ္မမီး (မူရင်းဟေဗြဲကျမ်းစာတွင် - မီးတောက်နေသောပညတ်တော်) သည် ဣသရေလလူတို့အဘို့ လက်ျာလက်တော်မှ ထွက်လေ၏။" သိနာတောင်မှလာသော ပညတ်တော်သည် ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းအကြောင်းကို နှုတ်အားဖြင့်ဖော်ပြနေသည့် ဖော်ပြချက်တစ်ခုသာဖြစ်ပါသည်။ သို့ရာတွင် ဒုတိယအကြိမ် သူပြန်လည်ကြွဆင်းလာသောအခါတွင်၊ "ဘုရားသခင်သည် ကိုယ်တော်တိုင် တရားဆုံးဖြတ်တော်မူသည်ဖြစ်၍၊ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်။" ဆာလံ ၅၀း၆။

သိနာတောင်ပေါ်ရှိဘုရားသခင်၏မျက်မှောက်တော်အကြောင်းကို ခမ်းနားထည်ဝါစွာဖြင့် အသိပေးကြေညာသည့်အနေဖြင့် "တံပိုးမြည်သံသည် ကြာကြာမြည်လျက်၊ အသံတိုး၍ကြီး" လာခဲ့ပါသည်။ ထွက်မြောက်ရာ ၁၉း၁၉။ ထိုနည်းတူစွာပင် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းကို "ဘုရားသခင်၏တံပိုးတော်" က ကြွေးကြော်နေလိမ့်မည်ဖြစ်ပါသည်။ "ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။" အကြောင်းမူကား၊ "လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့်၊ သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံး" စေတော်မူလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ၁ကော ၁၅း၅၂၊ မဿဲ ၂၄း၃၁။

သိနာတောင်ပေါ်တွင် တံပိုးသံသည် ကြာရှည်စွာ၊ ကျယ်လောင်စွာဖြင့် အသံမြည်လာသောခါတွင်၊ "မောရှေသည် ခေါ်၍၊ ဘုရားသခင်သည် စကားသံနှင့်ထူးတော်မူ၏။" ထွက်မြောက်ရာ ၁၉း၁၉။ ထိုအခါ ဘုရားသခင်သည် ပညတ်တော်၌ပါသော စကားတော်ရှိသမျှတို့ကို "မီး၊ မိုယ်းတိမ်၊ ထူထပ်သော မှောင်မိုက်ထဲက ကြီးစွာသောအသံနှင့် စည်းဝေးရာပရိသတ်အပေါင်းတို့အား မိန့်မြွက်တော်မူ၏။ ထပ်၍ မိန့်မြွက်တော်မမူ။" တရားဟောရာကျမ်း ၅း၂၂။ ထို့နည်းတူပင်၊ "ငါတို့၏ ဘုရားသခင် ကြွလာတော်မူ (မည်) ၏။ တိတ်ဆိတ်စွာ နေတော်မမူ (မူမည်မဟုတ်)။ ရှေ့တော်၌ မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုယ်းသက်မုန်တိုင်း ပြင်းပြလျက် ရှိ (လိမ့်မည်) ၏။ မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလိုငှါ အထက်ကောင်းကင်ကိုငင်၍၊ မြေကြီးကိုငင်း ခေါ်တော်မူ" မည်ဖြစ်သည်။ ဆာလံ ၅၀း၃၊ ၄။ "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။" ၁သက် ၄း၁၆။

တရားစီရင်ခြင်းငှါကြွလာတော်မူမည့် ခရစ်တော်၏ကြွလာခြင်းသည် မိမိ၏ပညတ်တော်ကို ကြွေးကြော်ဖို့ရန်အတွက် ကြွလာတော်မူခဲ့ခြင်းအမှုထက် သာ၍ကြီးမြတ်နေလိမ့်မည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပညတ်တော်ကိုကြွေးကြော်ရန်ကြွလာခဲ့စဉ်အချိန်က သူ့အား အဘယ်သူမျှ မမြင်တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ "ထာဝရဘုရားသည်လည်း၊ မီးထဲက သင်တို့အားမိန့်မြွက်တော်မူ၏။ သင်တို့သည် သဏ္ဍာန်တော်ကိုမမြင်ရဘဲ၊ စကားတော်အသံကိုသာ ကြားရကြ၏။" တရားဟော ၄း ၁၂။ ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာသောအချိန်တွင်မူ၊ "ကိုယ်တော်ကို ထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူတို့သည် ကိုယ်တော်ကို ရှုမြင်ရကြလိမ့်မည်။ မြေကြီးသားအမျိုးမျိုးရှိသမျှတို့သည် ကိုယ်တော်ကြောင့် ငိုကြွေးမည်တမ်းရကြလိမ့်မည်။" ဗျာဒိတ် ၁း၇။

နောက်ဆုံးအနေဖြင့်၊ ဘုရားသခင်၏အသံတော်ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုခြင်းမတူညီသည့် နှိုင်းယှဉ်ချက်တစ်ခုကျန်ရှိနေပါသည်။ သိနာတောင်၌ ဘုရားသခင်အနေဖြင့် မိမိ၏ပညတ်တော်ကို

ကြွေးကြော်လိုက်သည့်အခါတွင်၊ "တတောင်လုံး ပြင်းစွာလှုပ်လေ၏။" ထွက်မြောက်ရာ ၁၉း၁၈။ "ဘုရားသခင်၏မျက်နှာတော်ကြောင့်၊ မြေကြီးလှုပ်၍ မိုဃ်းကောင်းကင်သည် ယိုစီးလေ၏။ ဣသရေလအမျိုး၏ ဘုရားသခင်မျက်နှာတော်ကြောင့် သိနာတောင်သည်လည်း တုန်လှုပ်၏။" ဆာလံ ၆၈း၈။ "မြေကြီးသည်လည်း တုန်လှုပ်ပါ၏။" ဆာလံ ၇၇း၁၈။ သို့ရာတွင် ဒုတိယအကြိမ်ကြွလာခြင်းတွင် ထိုထက်သာ၍ပြင်းထန်သော သက်ရောက်မှုသည် ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ "အထက်က (သိနာတောင်တွင်မိန့်ခဲ့သည့်) ဗျာဒိတ်တော်အသံသည် မြေကြီးကိုလှုပ်သည်ဖြစ်၍၊ ယခုတဖန်ငါသည် မြေကြီးနှင့်ကောင်းကင်ကိုလှုပ်ဦးမည်ဟု ကတိတော်ရှိ၏။" ဟေဗြဲ ၁၂း၂၆။ "မိုဃ်းကောင်းကင်သည်ကြီးစွာသောအသံနှင့်တကွပျောက်သွားလိမ့်မည်။" (၂ပေ ၃း၁၀)။ အဘယ့်ကြောင့်ဆိုသော်၊ "ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်" ဖြစ်သောကြောင့်တည်း။ မဿဲ ၂၄း၂၉။

သိနာတောင်၌ ပညတ်တော်ကိုပေးအပ်ဖို့ရန်ကြွလာခဲ့သည့် ဘုရားသခင်၏ကြွလာခဲ့ခြင်းအမှုနှင့် တရားစီရင်ခြင်းအလို့ငှါ ကပ်ကာလအဆုံးတွင် ကြွလာတော်မူမည့် ထိုသခင်၏ကြွလာခြင်းအမှု စသည့်ကြွလာခြင်းအမှုနှစ်မျိုး၏စပ်ကြားတွင် အံ့ဖွယ်ရာကောင်းသော တူညီချက်များစွာကို ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ ဆက်လက်လေ့လာသွားကြရာတွင်၊ ထိုတူညီချက်များတို့သည် မတော်တဆတိုက်ဆိုင်မှုကြောင့်ဖြစ်ပေါ်လာသည့်တူညီချက်များမဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိရကြလိမ့်မည်ဖြစ်ပါသည်။

## သေခြင်း၏တရား

"သေမင်း၏လက်နက်ကား၊ ဒုစရိုက်အပြစ်ပေတည်း။ ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ်တရားပေတည်း။" ၁ကော ၁၅း၅၆

လူသားများတို့၏အပြစ်များတို့ကို အရှိတိုင်းပေါ်လွင်စေဖို့ရန် ရည်ရွယ်သည့်အနေဖြင့် ပညတ်တရားဝင်ရောက်လာခဲ့ပါသည်။ သေနေလျက်ရှိသော ထိုဒုစရိုက်အပြစ်၏တန်ခိုးအကြောင်းကို ကျွန်ုပ်တို့မသိရှိကြပါချေ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ထိုအပြစ်နှင့် ကိုယ်တိုင်တွေ့ကြုံပြီး အားခြင်းမပြိုင်ဖူးကြသည့်အတွက်ကြောင့်ဖြစ်သည်။ ပညတ်တရားဝင်ရောက်လာသောအခါတွင် သေနေလျက်ရှိသည့်ယင်းဒုစရိုက်အပြစ်သည် အသက်ဝင်လှုပ်ရှားလာပါတော့သည်။ "ပညတ်တရားမရှိလျှင်၊ အပြစ်တရားသေ၏။" ရောမ ၇း၈။ ပညတ်တရားသည် ဒုစရိုက်အပြစ်ကို မိမိ၏ (ယင်းဒုစရိုက်အပြစ်၏) စရိုက်လက္ခဏာအတိုင်း၊ မိမိ၏အရွယ်အစားအတိုင်း ဖေါ်ထုတ်ပြတော်မူ၍၊ ထိုဒုစရိုက်၏တန်ခိုးတည်းဟူသော သေခြင်းတန်ခိုးနှင့် စစ်ပြိုင်တော်မူပါသည်။ "ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်" ရောမ ၃း၂၀။ ဒုစရိုက်အပြစ်ကိုညွှန်ပြဖို့ရန်နှင့် ၎င်း၏ကြောက်မက်ဖွယ်ရာစွမ်းအင်တန်ခိုးကို ပြသပေးရန်မှာ၊ ပညတ်တရား၏အဓိကလုပ်ငန်းပင်ဖြစ်သည်။

သို့ရာတွင် အပြစ်တရားကြောင့် သေခြင်းတရားဝင်ရောက်လာသည်။ "အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏။" ရောမ ၅း၁၂။ အပြစ်သွားလေရာနောက်သို့ သေခြင်းလိုက်ပါသွားပါသည်။ အပြစ်တရားသည် သေခြင်းတရားကို မိမိ၏နောက်မှ တွဲခေါ်ဆွဲခေါ်သွားနေခြင်းမဟုတ်ပဲ မိမိ၏ရင်ခွင်ထဲတွင်ထည့်သွားပါသည်။ အပြစ်တရားနှင့် သေခြင်းတရားတို့ကို ခွဲထုတ်ထားလို့မရပါချေ။ ထိုအရာနှစ်ခုတို့သည် တစ်ခုနှင့်တစ်ခု အင်္ဂါချင်းများဖြစ်ကြပါသည်။ သေခြင်းတရားကိုတံခါးပိတ်ထားလိုက်ပြီး၊ အပြစ်တရားဝင်လာရောက်လာစေဖို့ရန်အတွက်ကိုမူ တံခါးဟရုံလေးဟထားပေးလို့မရပါချေ။ အပြစ်တရားဝင်ဆန့်နိုင်သည့် အက်ကွဲကြောင်းတစ်ခုသည် ထိုအပြစ်တရားနှင့်အတူပါလာသော သေခြင်းတရားအားလည်း အဝင်မဆန့်စေနိုင်စရာအကြောင်း မရှိပါချေ။

သိနာတောင်၌ ပညတ်တရားဝင်ရောက်မလာမှီအချိန်ကတည်းက အပြစ်တရားသည် တည်ရှိထားနှင့်ပြီးသားဖြစ်နေခဲ့ရာ၊ ယင်းပညတ်တရားဝင်ရောက်လာခဲ့ခြင်းအရာသည် အကျိုန်စကားတစ်ခွန်းကို ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊ "ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်း။" ဟု ကျမ်းစာ၌ရေးထားသောကြောင့်ဖြစ်သည်။ ဂလာတိ ၃း၁ဝ။ ထိုအကျိန်ကား သေခြင်းပင်ဖြစ်သည်။ ထိုအကျိန်သည် ကျွန်ုပ်တို့အတွက် ခရစ်တော်ယူတင်ဝတ်ဆောင်ပေးခဲ့သည့် အကျိန်ဖြစ်သည်။ ထို့ကြောင့် သိနာတောင်၌ ပညတ်တော်ကိုပေးအပ်တော်မူခဲ့ခြင်းအရာသည် သေခြင်း၏တရားပင်ဖြစ်ကြောင်း ဤအချက်ကသက်သေပြပေးနေပါသည်။ "ပညတ်တရားသည်ကား အမျက်ဒေါသနှင့်စပ်ဆိုင်၏။" ထိုသို့ဆိုင်ကြောင်းကို၊ ဖြစ်ပေါ်သွားခဲ့သည့်အဖြစ်အပျက်အားလုံးတို့က သက်သေပြပေးခဲ့ပါသည်။ မိုဃ်းချုန်းခြင်းနှင့် လျှပ်ပြက်ခြင်း၊ အရှိန်အဟုန်ပြင်းထန်သောမီးလျှံ၊ မီးခိုးထွက်နေသည့်တောင်၊ လှုပ်ခါသွားခဲ့သည့်မြေလျှင်၊ စသည့်အရာများအားလုံးတို့က သေခြင်းအကြောင်းကို ပြောနေခဲ့ကြပါသည်။ ချီးဖေါက်ခြင်းခံရသော ဘုရားသခင့်ပညတ်တော်ကိုပုံဆောင်သည့် ထိုသိနာတောင်သည် မိမိအားတို့ ထိသောသူဟူသမျှတို့၌ သေခြင်းကိုဖြစ်စေခဲ့ပါသည်။ မိမိ၏ပညတ်တော်ကိုကြွေးကြော်လိုက်သည့်ဘုရားသခင်၏ ကြောက်မက်ဖွယ်ရာကောင်းသည့်အသံတော်ကို ကြားလိုက်ရသည့်အခါတွင်၊ လူများကပ်မလာစေဖို့ရန်အတွက် ထိုတောင်ပတ်လည်တွင် အဆီးအကာများ ချရန်မလိုအပ်တော့ပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသခင်၏အသံတော်ကို ကြားလိုက်ရသည်နှင့်တပြိုက်နက် ထိုသူတို့သည် "ရွှေ့၍ အဝေး၌ ရပ်နေကြ၏။" "အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကို စိုးရိမ်ပါသည်။" ဟု သူတို့လျှောက်ဆိုခဲ့ကြ၏။ ထွက်မြောက်ရာ ၂ဝး ၁၈၊ ၁၉။

"အပြစ်တရားသည်ပညတ်တရားအားဖြင့် အခွင့်ရလျှင်၊ ငါ့ကို လှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို သတ်လေ၏။" (ရောမ ၇း၁၁)၊ အကြောင်းမူကား "သေမင်း၏လက်နက်ကား၊ ဒုစရိုက်အပြစ်ပေတည်း။ ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ်တရားပေတည်း။" အသက်ကိုပေးစွမ်းနိုင်သည့် ပညတ်တော်တစ်ခုတည်ရှိဖို့ရန်မှာ မဖြစ်နိုင်ပါချေ။ ထိုသို့ရှိနေဖို့ရန်လည်းမလိုအပ်ပါချေ။ အစောပိုင်းတွင် ဣသရေလလူမျိုးများတို့အား ပေးသနားတော်မူခဲ့သည့် ဗျာဒိတ်ပေါ်ပြချက်များတို့ကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုနက်ရှိုင်းစွာဖွေရှာလေ့လာကြသည့်အခါ၌ ဤအချက်ကို ကျွန်ုပ်တို့ ပိုမိုနားလည်သွားပါလိမ့်မည်။

## ပညတ်တရားတော်ကို ပေးအပ်ခဲ့ရသည့်အကြောင်းအရင်း

သေခြင်းတစ်မျိုးတည်းကိုသာ ယူဆောင်ပေးလာနိုင်သည့် ပညတ်တော်ကို လူသားတို့အားပေးသနားတော်မူခြင်းအားဖြင့်၊ ဘုရားသခင်သည် လူသားတို့ကို ပြက်ရယ်ပြုလိုခဲ့ပါသလော။ ထိုသို့မဟုတ်ပါချေ။ "အကယ်စင်စစ် ထိုလူမျိုးကိုချစ်တော်မူ၏။" "ဓမ္မမီးသည် ဣသရေလလူတို့အဘို့၊ လက်ျာလက်တော်မှ ထွက်" တော်မူခဲ့သည့်အချိန်ကလောက် ဘုရားသခင်သည် သူတို့အားချစ်သည်ဟူ၍ မရှိခဲ့ပါချေ။ တရားဟောရာကျမ်း ၃၃း၂၊၃။

အကြောင်းမှာ၊ "ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။" သို့သော်လည်း "အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။" ရောမ ၅း၂ဝ။ အပြစ်ကို ပွါးများစေ (ပေါ်လွင်စေ) ခဲ့သည့်အရာကား ပညတ်တော်ပင်ဖြစ်သည့်အတွက်ကြောင့်၊ ထိုအပြစ်၏ကြီးမားကျယ်ပြန့်မှုကို သိနာတောင်တွင်ထင်ရှားစေခဲ့သည့်နည်းတူထင်ရှားစေနိုင်မည့် အခြားသောနေရာ မည်သည့်နေရာရှိပါဦးမည်နည်း။ သို့ရာတွင်၊ "အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ" သည်ဖြစ်သည့်အတွက်ကြောင့်၊ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင့်ကျေးဇူးတော်၏ကြီးမားကျယ်ပြန့်မှုကို သိနာတောင်တွင် အထင်ရှားဆုံးတွေ့ရမည်မှာ လုံးဝသေချာပါသည်။ အပြစ် မည်မျှပင်ပွါးများစေကာမူ၊ ကျေးဇူးတော်သည် ယင်းအပြစ်ထက် သာ၍

ပင်ပွါးများလျက်ရှိပါသည်။ "တောင်ထိပ်သည် မိုဃ်းကောင်းကင်အလယ်၌ မီးလောင်လျက်" ရှိသော်လည်း၊ အာမခံချက်သည် ကျွန်ုပ်တို့အဖို့ရှိနေစမြဲပင်ဖြစ်သည်။ ယင်းအာမခံချက်မှာ၊ "အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်းကင်သို့ငှင်၊ သစ္စာတော်သည် မိုဃ်းတိမ်သို့ငှင်းမှီပါ၏။" ဆာလံ ၁၀၈း၄။ "မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည်အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။" ဆာလံ ၁၀၃း၁၁။

ခရစ်တော်သည် ဥပဇ္ဈာယ်ဆရာ (COMFORTER - နှစ်သိမ့်မှုပေးသူ) ပင် ဖြစ်သည်။ "တစုံတယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တည်းဟူသော ငါတို့ဥပဇ္ဈာယ် ဆရာသည် ခမည်းတော်ထံ၌ ရှိတော်မူ၏။" (တွဲဖက်ကျမ်းလေ့လာမှု၏ အသုံးအနှုန်းအရ) ၁ယော ၂း၁။ သို့ဖြစ်၍၊ မိမိတို့ထံမှခရစ်တော်က ထွက်ခွါသွားတော့မည် ဆိုသည့်ကြေညာချက်ကိုကြားရ၍ တပည့်တော်များဝမ်းနည်းနေကြစဉ်အချိန်တွင်၊ ခရစ်တော်က၊ "ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။" ဟု ပြန်ပြီးမိန့်မြွက်ပေးခဲ့ပါသည်။ ယောဟန် ၁၄း၁၆၊ ၁၇။ လောက၌ သက်ရှိထင်ရှားနေတော်မူခဲ့စဉ်အချိန်တွင်၊ ခရစ်တော်သည် ဝိညာဉ်တော်၏ကိုယ်စားလှယ်တော်တစ်ဦးဖြစ်ခဲ့သည်။ သို့ရာတွင် သူသည် မိမိ ၏အမှုတော်လုပ်ငန်းကို နယ်နိမိတ်ကန့်သတ်ထားခြင်းမပြုခဲ့ပါချေ။ ထို့ကြောင့် သူ့အနေဖြင့် ဤသို့မိန့်တော်မူခဲ့ခြင်းဖြစ်သည်။ "ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။ ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင်၊ ဒုစရိုက်အပြစ်ကိုငှင်၊ အပြစ်ကင်းခြင်းကိုငှင်၊ အပြစ်စီရင်ခြင်းကိုငှင်၊ လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်။" ယောဟန် ၁၆း၇၊၈။

ဥပဇ္ဈာယ်ဆရာ၏ပထမဦးဆုံးသောအလုပ်မှာ ဒုစရိုက်အပြစ်ကို ထင်ရှားစွာဘော်ပြခြင်းအလုပ်ပင်ဖြစ်သည်။ ဤအချက်ကို ကောင်းစွာမှတ်သားထားပါလေ။ ဝိညာဉ်တော်၏ဓါးဆိုသည်မှာ "အသက်နှင့် စိတ်ဝိညာဉ်ကိုငှင်၊ အရိုးဆစ်နှင့် ခြင်ဆီကိုငှင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်ပြီး၊ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်" သော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဟေဗြဲ ၄း၁၂။ အထက်မြက်အနက်ရှိုင်းဆုံးသော ဒုစရိုက်အပြစ်ဘော်ပြခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးနေသည့်တချိန်တည်းမှာပင် ထိုဝိညာဉ်တော်သည် ဥပဇ္ဈာယ်ဆရာ (နှစ်သိမ့်မှုပေးသူ) လည်းဖြစ်တော်မူပါသည်။ သူသည် အပြစ်လွတ်ခြင်းတရားရရှိရေးအတွက် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဖေါ်ပြပေးသည့်ဥပဇ္ဈာယ်ဆရာတစ်ဦးဖြစ်သည်ထက်၊ ဒုစရိုက်အပြစ်ကို ထင်ရှားစွာဖေါ်ပြပေးသည့်ဥပဇ္ဈာယ်ဆရာတစ်ဦးဖြစ်နေပါသည်။ ဘုရားသခင်ပေးတော်မူသည့် ဒုစရိုက်အပြစ်ဘော်ပြခြင်းလုပ်ငန်းထဲတွင် နှစ်သိမ့်မှုပါရှိပါသည်။ သေခြင်းတရားကိုပေါက်ပွါးစေသည့် အဆိပ်အတောက်နှင့်ပြည့်ဝသောအရာတို့ကို ကိုယ်ခန္ဓာအထဲမှထုတ်ပေးနိုင်ရန်အလို့ငှါ အရိုးအထိရောက်အောင်ထုတ်ချင်းခွင်းပေးတော်မူသည့် ခွဲစိတ်ဆရာဝန်ကြီးသည်၊ အနာပျောက်စေသောဆီကို အောင်မြင်စွာဖြင့်သုတ်လိမ်းပေးလိုတော်မူပါသည်။

ဣသရေလသားသမီးများတို့၏ ကြီးမားသောဒုစရိုက်အပြစ်ကား မယုံကြည်ခြင်းပေတည်း။ သူတို့သည် ဘုရားသခင်ကိုခိုလှုံကိုးစားခြင်းအရာထက် လူကိုခိုလှုံကိုးစားခဲ့ကြသည်။ ဤအခြင်းအရာကို လူမျိုးနွယ်တစ်ခုလုံးတွင် တွေ့မြင်ရပါသည်။ ယုံကြည်ခြင်းတရားဝင်ရောက်လာနိုင်ဖို့ရန်အတွက်ဆိုလျှင်၊ ဤအချည်းနှီးသောမိမိကိုယ်ကိုကိုးစားခြင်းအရာကို ချေမှုန်းဖျက်စီးပစ်နိုင်မည့်အရာတစ်ခုခုရှိနေဖို့ လိုအပ်နေလိမ့်မည်ဖြစ်သည်။ ထိုသို့သောချေမှုန်းဖျက်စီးပစ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးဖို့ရန်အတွက်နှင့်၊ ဖြောင့်မတ်ခြင်းတရားဟူသည် လူ၏ကြိုးစားအားထုတ်မှုအားဖြင့်မဟုတ်သော ယုံကြည်ခြင်းအမှုတစ်ခုတည်းအားဖြင့်သာလျှင် ဝင်ရောက်လာနိုင်ပါသည်ဆိုသည့်အချက်အား မီးမောင်းထိုးပြပေးဖို့ရန်အတွက်ကို ရည်ရွယ်သည့်အနေဖြင့် ပညတ်တရားသည် ဝင်ရောက်လာခဲ့ပါသည်။ ပညတ်တော်ကိုကြွေးကြော်ခဲ့သည့် တောင်တော်ကိုတို့ထိ

မိလ္လာဖျင် ကေန်ပျက်စီးရမည်ဆိုသည့်အချက်ကို ရှုမှတ်သောအားဖြင့်၊ လူသားတို့အတွက် ဖြောင့်မတ်ခြင်းတရားနှင့်ကယ်တင်ခြင်းတရားတို့သည် ဘုရားသခင်တစ်ပါးတည်း၌သာ မူတည်လျက်ရှိနေကြောင်းကို ပညတ်တော်ပေးအပ်ခဲ့ခြင်းအဖြစ်အပျက်ကနေမှ ပြသပေးထားပါသည်။ သို့ဖြစ်၍၊ လူသည် ပညတ်တရားအားဖြင့် ဖြောင့်မတ်ခြင်းတရားကိုရယူရမည်ဆိုသည့်အတွေးအခေါ်မျိုးကို လူသားများအနေဖြင့် တွေးခေါ်တတ်လာအောင် ဘုရားသခင်သည်စီမံထားတော်မူလေသည် ဟု တွေးထင်မိစရာ အဘယ်အကြောင်းများရှိပါမည်နည်း။ အသေခံတော်မူသောယေရှုခရစ်တော်၏အကြောင်းကို လူသားမျိုးနွယ်တစ်ခုလုံးတို့အား သိရှိစေဖို့ရန်အတွက်ကိုရည်ရွယ်လျက် ကမ္ဘာတစ်ခုလုံးလှုပ်ခါသွားခဲ့သည့်တိုင် အသံနှင့်တကွ ထိုသိနာတောင်တွင် ဟောပြောတော်မူခဲ့ပါသည်။

## ၂၉း ဣသရေလလူတို့၌ ထားတော်မူခဲ့သောကတိတော်များ – ပညတ်တရားဝင်ရောက်လာခြင်း (အပိုင်း ၂)
## ယနေ့အတွက်သမ္မာတရား၊ နိုဝင်ဘာ ၁၉၊ ၁၈၉၆

သိနာတောင်ပေါ်မှ ပညတ်တော်ကို မိန့်မြွက်တော်မူခဲ့ရာတွင် ဘုရားသခင်၌ ရည်ရွယ်ချက်တစ်ခုရှိခဲ့ပါသည်။ ကျွန်ုပ်တို့လေ့လာခဲ့ရသည့် ဣသရေလလူမျိုးများတို့၏သမိုင်းကြောင်းနှင့် ဂလာတိအခန်းကြီး ၃ ထဲတွင် ထိုရည်ရွယ်ချက်အကြောင်းကို ရှင်းလင်းတိကျစွာ တင်ပြထားပါသည်။ ထိုတင်ပြချက်ထက် ပိုပြီးရှင်းလင်းတိကျသည့်တင်ပြချက်ဟူ၍ အခြားမရှိတော့ပါချေ။

### ဂလာတိအခန်းကြီး (၃)

ဤကျမ်းကို အကျဉ်းချုပ်လေ့လာသွားပါမည်။ ဤကျမ်းသည် ကလေးပုံပြင်စာအုပ် တစ်အုပ်ကဲ့သို့ပင် ရိုးရှင်းလှသည်။ သို့ရာတွင် ဘုရားသခင်၏မေတ္တာတော်ကဲ့သို့ပင် နက်ရှိုင်းလှပေသည်။

အယောင်ဆောင်ဧဝံဂေလိတရားတည်းဟူသော မှားယွင်းသောအယူဝါဒ၏လှည့်စားခြင်းကိုခံရသောအခါတွင်၊ ဂလာတိမြို့ရှိညီအစ်ကိုများတို့သည် မိမိတို့၏ ယုံကြည်ခြင်းတရားလမ်းမှ စတင်လမ်းလွဲသွားခဲ့ကြပါသည်။ ဤအကြောင်းအရာကို ဤဂလာတိကျမ်းအခန်းကြီး ၁၊ အခန်းငယ် ၆ နှင့် ၇ တွင် ကျွန်ုပ်တို့အား ဖေါ်ပြပေးထားပါသည်။ ဤသို့ဖြစ်လျှင်ဖြစ်ပြီးချင်းတွင် တမန်တော်ကြီးအနေဖြင့် အားပါးတရနှင့် ဤသို့ ကြွေးကြော်ခဲ့လိုက်ပါသည်။ "သို့သော်လည်း၊ သင်တို့အားငါဟောပြောသောဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်၎င်း၊ ကောင်းကင်ဘုံမှ လာသော ကောင်းကင်တမန်ဟောပြောသော်၎င်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ တဖန်တုံ၊ သင်တို့ခံယူပြီးသောဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို တစုံတယောက်သောသူဟောပြောလျှင်၊ ထိုသူသည် ကျိန်တော်မူခြင်းကိုခံစေဟု ငါတို့ဆိုခဲ့ပြီးသည့်အတိုင်း ယခုငါထပ်၍ဆိုသေး၏။" ဂလာတိ ၁း၈၊ ၉။

ရှင်ပေါလု တရားဟောခဲ့သည့်အချိန်အခါတွင်၊ ရေးသားပြုစုထားပြီးသားကျမ်းအနေဖြင့် တည်ရှိခဲ့သည့်တစ်ခုတည်းသောကျမ်းမှာ ဓမ္မဟောင်းကျမ်းအနေဖြင့်အများကသိရှိထားသည့် ကျမ်းစာပင်ဖြစ်ပါသည်။ တရားဟောသောအခါတွင်၊ သူသည် ထိုကျမ်းစာကိုသာ ဖွင့်ဟခဲ့ပြီး၊ မေးခွန်းများတို့အတွက်အဖြေများကိုလည်း ထိုကျမ်းစာထဲမှသာ ရှင်းချက်ထုတ်ပေးခဲ့ပါသည်။ သူ၏သတင်းစကားကိုကြားနာရသည့်သူများထဲတွင် စိတ်ပါဝင်စားမှုရှိကြသောသူများတို့က မိမိတို့ကြားနာခဲ့ရသည့် ပေါလုဟောသောသတင်းစကားများကို ကျမ်းစာဖြင့်ပြန်လည်တိုက်ကြည့်ပြီး စစ်ဆေးသွားခဲ့ကြပါသည်။ တမန်တော် ၁၇း၃၊ ၁၁။ မိစ္ဆာဒိဋ္ဌိအယူများ၊ ပုန်ကန်မှုများစသည့်အရာများနှင့် ရင်ဆိုင်လာရသောအခါတွင် ရှင်ပေါလုက၊ မိမိ၏အမှုတော်လုပ်ငန်းဆောင်ရွက်စဉ်ကာလတလျှောက်တွင် "မောရှေမှစသော ပရောဖက်များတို့ ဟောပြောသောစကားထက်" လွန်ပြီး မိမိအနေဖြင့် သက်သေမခံခဲ့ကြောင်း တည်ငြိမ်လေးနက်စွာဖြင့် ပေါလုပြန်လျှောက်ဆိုခဲ့ပါသည်။ တမန်တော် ၂၆း၂၂။ မိမိဟောခဲ့သည့်ဧဝံဂေလိသတင်းစကားနှင့်ခြားနားသည့် အခြားသောဧဝံဂေလိသတင်းစကားတစ်ခုကို ဟောပြောသောသူရှိသမျှတို့အား ဆန့်ကျင်ထားသည့် ရှင်ပေါလု၏ကြေညာချက်ကို ယခုအခါ ပြန်လည်ဖတ်ရှုလိုက်သောအခါတွင်၊ ဓမ္မဟောင်းကျမ်းတွင်တွေ့ရှိရသည့်အရာများနှင့် ဆန့်ကျင်ဖက်ဖြစ်သောသတင်းစကားကို ဟောပြောသောသူရှိသမျှတို့သည် ဘုရားသခင်၏အမင်္ဂလာကို မိမိတို့အပေါ်တွင် ယူတင်ဝတ်ဆောင်နေကြသည့်သူများသာဖြစ်သည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ တွေ့မြင်လာရပါသည်။ ဤသည်မှာ၊ မောရှေကျမ်းများနှင့်ပုရောဖက်ကျမ်းများတို့ကို ကျွန်ုပ်တို့အနေဖြင့် ဆက်လက်ပြီးလေ့လာမှုပြုနေကြရသည့် ခိုင်လုံသောအကြောင်းအရင်းတစ်ခုပင် ဖြစ်ပေသည်။

ရှင်ပေါလုသည် အချိန်တိုင်း၊ နေရာတိုင်းတွင် "ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတပါး၊" အခြားမည်သည့်အကြောင်းအရာကိုမျှ ဟောပြောခြင်းမပြုကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သိရှိထားကြပြီးဖြစ်သည့်အတွက်ကြောင့်၊ "ပညာမဲ့သောဂလာတိလူတို့၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောယေရှုခရစ်ကို သင်တို့မျက်မှောက်၌ ထင်ရှားစွာပြပြီးသည်ဖြစ်၍၊ သမ္မာတရားကိုနားမထောင်စေခြင်းငှါ သင်တို့ကိုအဘယ်သူပြုစားသနည်း။" ဟု အစချီပြောဆိုလိုက်သည့် ပေါလု၏စကားချီ အပေါ် ကျွန်ုပ်တို့အနေဖြင့် အံ့အားသင့်မနေရတော့ပါချေ။ ဂလာတိ ၃း၁။ သခင်ခရစ်တော်ကို၊ မကြာမီတွင် အသေခံတော်မူမည့်သူ (သို့မဟုတ်) လွန်ခဲ့သည့်အချိန်တွင် အသေခံသွားခဲ့သည့်သူတစ်ဦးအနေဖြင့်မဟုတ်ဘဲ၊ သူတို့၏မျက်မှောက်၌သာ ထင်ထင်ရှားရှားကြီး အသေခံတော်မူသောသူတစ်ဦးအနေဖြင့် မောရှေနှင့် ပရောဖက်တော်များရေးသားထားသည့်ကျမ်းများမှတဆင့် ထိုဂလာတိလူတို့အား တွေ့မြင်စေခဲ့ပါသည်။ ယုတ်လျော့နေသည့် ထိုသူတို့၏ယုံကြည်ခြင်းစိတ်နှင့် ဖွဲစိတ်များတို့ကို ပြန်လည်နိုးကြားစေဖို့ရန်အတွက် ပြောဆိုခဲ့သည့် ရှင်ပေါလု၏အစပြုစကားချီသည် ထိုရှေးစာပေများမှ အရင်းခံခဲ့ပါသည်။

သူတို့၏အခြေအနေသည် အသေးစိတ်ဆွေးနွေးပြောဆိုစရာအကြောင်းအရာတစ်ခုဖြစ်လာခဲ့ပါသည်။ အကြောင်းမှာ သူတို့သည် ဝိညာဥ်တော်ကို ခံယူထားခဲ့ကြရပြီး၊ ခရစ်တော်အတွက်နှင့် ညှင်းပန်းနှိပ်စက်မှုတို့ကို ခံလာခဲ့ကြသောသူများဖြစ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် တမန်တော်ကြီးက ဤသို့ မေးခွန်းထုတ်လိုက်ပါသည်။ "ပညတ်တရား၏အကျင့်အားဖြင့် ဝိညာဥ်တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလော။" အခန်းငယ် ၂။ သူတို့သည် တရားစကားကို ကြားနာခဲ့ကြရပြီး၊ ယုံကြည်ခြင်းနှင့်လက်ခံခဲ့ကြသည်။ ထို့ကြောင့် ဝိညာဥ်တော်သည် ထိုတရား၌ပါသောဖြောင့်မတ်ခြင်းတရားတော်ကို သူတို့၏အထဲ၌ ပြုပြင်ပေးတော်မူခဲ့လေပြီးဖြစ်သည်။ "ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်း။" ယောဟန် ၆း၂၉။ ဤနေရာတွင်တမန်တော်ကြီးအနေဖြင့် ပညတ်တရားကို နှိမ့်ချပြောဆိုနေခြင်းမဟုတ်ပဲ၊ ထိုပညတ်တရားအပေါ် ပြောင်းလဲသွားသည့်သူတို့၏စိတ်နေသဘောထားကို ဆုံးမပြောဆိုနေခြင်းသာဖြစ်သည်။ ထိုတရားစကားကို ယုံကြည်ခြင်းအားဖြင့်ကြားနာခဲ့ကြသောအခါတွင် ဝိညာဥ်တော်ကို သူတို့ခံခဲ့ကြရပြီး၊ ကောင်းစားခြင်းအမှုနှင့်လည်း တွေ့ကြုံခွင့်ရခဲ့ကြသည်။ သို့ရာတွင် တရား၌ပါသောဖြောင့်မတ်ခြင်းကို လုပ်ဆောင်ဖို့ရန်အတွက် မိမိတို့၏သွေးသားဇာတိအပေါ် စတင်ကိုးစားမှုပြုလာခဲ့ကြသည့်အခါတွင် သူတို့အနေဖြင့် သမ္မာတရားကို နားမထောင်ပဲနေခဲ့ကြလေသည်။

တမန်တော်ကြီးက တဖန်မေးပြန်သည်ကား၊ "ထိုမှတပါးဝိညာဥ်တော်ကို သင်တို့အားပေး၍၊ သင်တို့၌တန်ခိုးများကိုပြသောသူသည် ပညတ်တရား၏ အကျင့်အားဖြင့်ပြသလော။ ယုံကြည်ခြင်းတရားကို နာခြင်းအားဖြင့် ပြသလော။" ဂလာတိ ၃း၅။ ဤစကားသည် ပုစ္ဆာအမေးတစ်ပုဒ် ဖြစ်သလို၊ ထင်ရှားမြင်သာသော အဖြေတစ်ခုလည်းဖြစ်ပေသည်။ ၎င်းအဖြေမှာ၊ ယုံကြည်ခြင်းတရားကိုနာခြင်းအားဖြင့်ပြပါသည် ဆိုသည့် အဖြေပင်ဖြစ်သည်။ "ထိုနည်းတူအာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။" အခန်းငယ် ၆။ အာဗြဟံနည်းတူပင် ထိုယုံကြည်သူများတို့သည်လည်း ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခဲ့ကြပါသည်။ အလုပ်အားဖြင့်မဟုတ်ခဲ့ပါချေ။ ရှေ့ဆက်ပြီး လေ့လာမှုမပြုမီတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်စကားအချို့တို့ကို ကျွန်ုပ်တို့အနေဖြင့် မှတ်သားကြပါစို့။ "ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်းဖြစ်သတည်း။" (၁ယော ၃း၄)၊ "မတရားသောအမှုမည်သည်ကား ဒုစရိုက်ဖြစ်၏။" ၁ယော ၅း၁၇။ ထို့ကြောင့် ဤကျမ်းချက်နှစ်ခုကိုပေါင်းစပ်လိုက်သည့်အခါတွင်၊ "မတရားသောအမှုမည်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း (နားမထောင်ခြင်း) ပေတည်း' ဆိုသည့်အဖြေထွက်ပေါ်လာပါသည်။ ထိုနည်းတူပင်၊ တရားသောအမှုမည်သည်ကား ပညတ်တော်ကို နာခံခြင်းပင်ဖြစ်ပါသည် ဆိုသည့်အချက်ကို ယင်းအဖြေက ထောက်ပြပေးနေပါသည်။ ထို့ကြောင့်၊ အာဗြဟံသည် ဘုရားသခင်ကိုယုံ

ကြည်ပြီး သူ၏ယုံကြည်ခြင်းကိုလည်း ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူသည် ဆိုသည့်အကြောင်းအရာကို ဖတ်ရှုကြရာတွင် ကျွန်ုပ်တို့အနေဖြင့်၊ အာဗြဟံသည် ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ပညတ်တော်အားနာခံလိုက်လျှောက်ခြင်းအဖြစ် မှတ်တော်မူပါသည် ဆိုသည့်အချက်ကို သိမြင်နိုင်ကြပါသည်။

ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူခြင်းအရာသည် အာဗြဟံအဖို့ ပုံသဏ္ဍာန်မဲ့အရာတစ်ခု မဟုတ်ခဲ့သည့်နည်းတူ၊ ကျွန်ုပ်တို့အဖို့လည်း ပုံသဏ္ဍာန်မဲ့အရာတစ်ခု မဟုတ်ပါချေ။ ထိုမှတ်တော်မူခြင်းအမှုကိုပြုသောသူမှာ မုသာနှင့်ကင်းစင်သည်သာမက၊ မဖြစ်သေးသောအရာတို့ကို သေသောသူတို့အားရှင်ပြန်စေနိုင်သည့်တန်ခိုးတော်အားဖြင့် ဖြစ်သောအရာကဲ့သို့ မှာထားတော်မူသော ဘုရားသခင်ပင်ဖြစ်ပေသည်။ အာဗြဟံသည် ဖြောင့်မတ်ခြင်းကို အမှန်တကယ်ရရှိခဲ့ပါသည်။ သူ၏ယုံကြည်ခြင်းသည်လည်း အလုပ်လုပ်သောယုံကြည်ခြင်းမျိုးဖြစ်သည်။ "ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်း။" "ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။" ရောမ ၁၀း ၁၀။

ကျွန်ုပ်တို့ရှေ့တွင်လေ့လာလာခဲ့ရသော ဤကျမ်းအခန်းကြီးထဲတွင် ပညတ်တော်အား နိမ့်ချပြောဆိုထားခြင်းမျိုးမပါရှိကြောင်းနှင့် ယုံကြည်ခြင်း၏အသီးအပွင့်တည်းဟူသော ဖြောင့်မတ်ခြင်းတရားဆိုသည်မှာ ဘုရားသခင်၏ပညတ်တော်ကို အမြဲတစေနာခံခြင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့၏စိတ်ထဲတွင် မှတ်ကျုံးထားနိုင်ကြဖို့ရန်အတွက် ဤသွယ်ဝိုက်ရေးသားချက်လေးက ကျွန်ုပ်တို့အား အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်သည်။

အာဗြဟံသည် ယုံကြည်ခြင်းရှိသောသူအပေါင်းတို့၏အဘဖြစ်သည်။ "ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သား ဖြစ်သည်ဟု အမှန်သိမှတ်ကြလော့။ ဘုရားသခင်သည် ယုံကြည်ခြင်းကိုထောက်၍၊ တပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌တည်စေတော်မူမည်ဟု ကျမ်းစာသည်မြော်မြင်လျက်၊ အာဗြဟံအား အမိန့်ရှိ၍၊ သင့်အားဖြင့်လူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဧဝံဂေလိတရားကို ဟောနှင့်လေ၏။" ဂလာတိ ၃း၇၊ ၈။ အာဗြဟံအား ဟောတော်မူခဲ့သည့် ဧဝံဂေလိတရား၊ "လူမျိုးအပေါင်းတို့" အတွက် ဧဝံဂေလိတရားနှင့် "လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရမည့် နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရား" တို့မှာ တစ်ခုတည်းသော ဧဝံဂေလိတရားပင်ဖြစ်သည်။ "ရှိသမျှသော ဝေနေယျသတ္တဝါ" တို့အား ထိုတရားကို ဟောပြောရမည်ဖြစ်ပြီး၊ ထိုတရားကိုယုံကြည်၍၊ ဗတ္တိဇံကိုခံသောသူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ရကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဧဝံဂေလိတရားတော်ထဲတွင်၊ "ယုံကြည်ခြင်း၌ တည်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည်၊ ယုံကြည်ခြင်းအဘို့အလိုငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။" "ယုံကြည်နားထောင်" ခြင်းရှိနိုင်ဖို့ရန်အတွက် ဧဝံဂေလိတရားကို ဟောပြောရလေသည်။ နားထောင်ခြင်းဆိုသည့်အရာသည် မိမိနှင့်အတူတကွ ကောင်းကြီးမင်္ဂလာတစ်ပါးကို ယူဆောင်ပေးလာသည့်အရာဖြစ်ပါသည်။ အကြောင်းမှာ ကျမ်းစာလာသည်ကား၊ "ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။" "သို့ဖြစ်၍ယုံကြည်ခြင်းရှိသောသူတို့သည် ယုံကြည်သော အာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာကို ခံရကြ၏။" အငယ် ၉။

## ပညတ်တရား၏ကျိန်ခြင်း

"ပညတ်တရား၏အကျင့်ကို အမှီပြုသောသူရှိသမျှတို့သည် အကျိန်နှင့်စပ်ဆိုင်ကြ၏။ အကြောင်းမူကား၊ ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်းဟု ကျမ်းစာလာ၏။" ဂလာတိ ၃း၁၀။

ဤကျမ်းချက်ကို သတိလက်လွတ်ဖြင့်ဖတ်ရှုခြင်း (သို့) ယင်းကျမ်းချက်၏အရှေ့ပိုင်းတဝက်ကိုသာ ဖတ်ရှုခြင်းအရာက အချို့သောသူများတို့ကို၊ ပညတ်တော်ကိုယ်တိုင်နှင့် ထိုပညတ်တော်ကိုနာခံခြင်းသည် ကျိန်ခြင်းပင်ဖြစ်သည်ဟု တွေးထင်ယုံကြည်လာစေပါသည်။ ဤသို့သောတွေးထင်မှုမျိုးသည် ကြီးမားသောမှားယွင်းမှုကြီးတစ်ခုပင်ဖြစ်ကြောင်းကို ယင်းကျမ်းချက်၏နောက်ဆုံးပိုင်းစာကြောင်းအား စဥ်းစဥ်းစားစားဖတ်ရှုလိုက်သောအခါတွင် တွေ့ရှိလိုက်ရပါသည်။ "အကြောင်းမူကား၊ ပညတ္တိကျမ်းစာ၌ပါသမျှသော စကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်းဟု ကျမ်းစာလာ၏။" ကျိန်ခြင်းဆိုသည်မှာ နားထောင်ခြင်းအဖို့မဟုတ်၊ နားမထောင်ခြင်းအဖို့သာဖြစ်ပေသည်။ ပညတ်တော်၌ရေးထားသမျှသောအရာတို့ကို အစဥ်စောင့်သောသူသည် ကျိန်ခြင်းကိုခံရသောသူမဟုတ်၊ အစဥ်စောင့်ထိန်းခြင်းမပြုသောသူသာလျှင် ကျိန်ခြင်းကိုခံရသောသူ ဖြစ်သည်။ စောင့်ထိန်းရာတွင် တချို့တလေကိုသာစောင့်ထိန်းရန်မဟုတ်ပဲ၊ တစ်ခုလုံးကို စောင့်ထိန်းရန်ဖြစ်သည်။ တစ်ကြိမ်တည်းစောင့်ထိန်းရန်မဟုတ်ပဲ၊ အစဥ်အမြဲစောင့်ထိန်းရန်ဖြစ်သည်။ ထိုသို့မပြုသောသူသည် ကျိန်ခြင်းကိုခံရသောသူဖြစ်သည်။ သို့ဖြစ်သည့်အတွက်ကြောင့် ထိုသို့ပြုသောသူသည် ကောင်းချီးမင်္ဂလာခံစားရလိမ့်မည်ဖြစ်သည်။

တရားဟောရာကျမ်း ၁၁း၂၆-၂၈ တွင် တင်ပြထားသည့် ကောင်းချီးမင်္ဂလာနှင့် ကျိန်ခြင်း စသည့် အရာနှစ်ခုတို့အား နှိုင်းယှဥ်ဖေါ်ပြချက်ကို ဤဂလာတိကျမ်းအခန်းကြီး ၃ ၏ အခန်းငယ် ၉ နှင့် ၁၀ တွင် တွေ့ရှိရပါသည်။ "ယနေ့ ကောင်းချီးပေးခြင်းနှင့် ကျိန်ခြင်းတည်းဟူသော ဤနှစ်ပါးကိုသင်တို့ရှေ့မှာငါထား၏။ ယနေ့ ငါဆင့်ဆိုသော သင်တို့ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကိုနားထောင်လျှင်မူကား၊ ကောင်းချီးပေးခြင်း၊ သင်တို့ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကို နားမထောင်လျှင်မူကား ကျိန်ခြင်းကိုငါထား၏။" တဖက်တွင်၊ ယုံကြည်ခြင်း၊ နားထောင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းကြီးပေးခြင်း၊ အသက်ရှင်ခြင်း စသည်တို့ကို အုပ်စုတစ်စုအဖြစ်တွေ့ရှိရသည်။ ကျန်တဖက်တွင်မူ၊ မယုံကြည်ခြင်း၊ နားမထောင်ခြင်း၊ အပြစ်၊ ကျိန်ခြင်း၊ သေခြင်း စသည်တို့သည် တစ်ဖွဲ့တည်းတွင် အတူတကွပေါင်းစပ်နေလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုဖွဲ့ပေါင်းစပ်ခြင်းအရာတို့သည် လူတစ်ယောက်၏အသက်ရှင်နေထိုင်ရသည့် ခေတ်ကာလအပေါ်မူတည်ပြီးမှ ပြောင်းလဲသွားခြင်းမျိုးမရှိပါချေ။

"တဖန်တုံ၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ ပညတ်တရားမူကား၊ ယုံကြည်ခြင်းနှင့်မစပ်ဆိုင်။ ထိုအကျင့်ကို ကျင့်သောသူသည်၊ ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်ဟု ဆိုသတည်း။" ဂလာတိ ၃း ၁၁၊ ၁၂။

"ထိုအကျင့်ကို ကျင့်သောသူသည်၊ ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်။" သို့သော် မည်သူကမျှ ထိုအကျင့်ကိုမကျင့်ကြပါချေ။ "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။" ထို့ကြောင့် အသက်ရှင်ခြင်းအကြောင်းကို ထိုပညတ်တရားထဲတွင် အဘယ်သူမျှရှာမတွေ့နိုင်ပါချေ။ ထို့ကြောင့်၊ "အသက်ရှင်ခြင်းနှင့်ဆိုင်သော ပညတ်တရားသည်" "သေခြင်းနှင့် ဆိုင်သည်ကို" တွေ့ရှိရခြင်းဖြစ်သည်။ ရောမ ၇း၁၀။ သို့ဖြစ်သောကြောင့်၊ မိမိ၏ကြိုးစားအားထုတ်မှုအားဖြင့် ပညတ်တရားကိုစောင့်ထိန်းနိုင်ဖို့ရန်ကြိုးစားသောသူသည် ကျိန်ခြင်း၏လက်အောက်တွင်ရှိနေသောသူပင်ဖြစ်ပြီး၊ ပညတ်တရားကို ယုံကြည်ခြင်းအားဖြင့် လက်မခံသူတို့၏ရှေ့တွင် ထိုပညတ်တရားကိုဖွင့်ဟပြပေးခြင်းသည်လည်း ထိုသူတို့၌ သေခြင်း၏တရားကိုဖွင့်ပြပေးနေခြင်းသာဖြစ်ပေသည်။ ပညတ်တရားတော်၏အကျိန်ကား သေခြင်းပင်ဖြစ်ပါသည်။ ထိုအရာမှာ ယင်းပညတ်တရားတော်အား လွန်ကျူးခြင်း၏ အပြစ်ဒဏ်ပေတည်း။

သို့ရာတွင် "သစ်တိုင်၌ဆွဲထားခြင်းခံရသောသူတိုင်း ကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာ လာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။" ဂလာတိ ၃း၁၃။ သစ်တိုင်ပေါ်တွင် ခရစ်တော်နာကျင်ခံစားသွားခဲ့

သည့်အရာမှာ၊ သေခြင်းတရားဖြစ်သည့်အတွက်ကြောင့် ပညတ်တရား၏ကျိန်ခြင်းဆိုသည်မှာ ထိုသေခြင်းတရားပင်ဖြစ်သည် ဆိုသည့်လတ်လတ်ဆတ်ဆတ်သက်သေအထောက်အထားကို ကျွန်ုပ်တို့ ရရှိထားကြပါသည်။ "အပြစ်တရား၏အခကား သေခြင်း" ပင်ဖြစ်ပြီး၊ ခရစ်တော်ကို "ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ" ခဲ့ပါသည်။ ၂ကော ၅း၂၁။ "ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ" ခဲ့ပြီး "သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြပါ၏။" ဟေရှာယ ၅၃း၅၊ ၆။ ခရစ်တော်သည် ကျွန်ုပ်တို့အား ပညတ်တရားတော်ကို နားထောင်ခြင်းမှ ရွေးနှုတ်ကယ်တင်တော်မူခဲ့ခြင်းမဟုတ်ပဲ၊ (ပညတ်တရားတော်ကို နားမထောင်ခြင်း) ပညတ်တော်ကိုလွန်ကျူးခြင်းနှင့် သေခြင်းတို့မှ ရွေးနှုတ်ကယ်တင်တော်မူခဲ့လေသည်။ ယင်းသေခြင်းဆိုသည်မှာ အပြစ်တရားအားဖြင့် ဝင်ရောက်လာသောအရာဖြစ်သည်။ ထိုသခင်၏အသေခံတော်မူခြင်းကား၊ "ငါတို့သည်၊ တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်ကြမည်အကြောင်းတည်း။" ရောမ ၈း၄။

"ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကိုပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။" ဆိုသည့် ဤအမှန်တရားကြီးသည် သိနာတောင်တွင်ရှိနေခဲ့ကြသော ဣသရေလ လူမျိုးများတို့၏ခေတ်ကာလတွင် အမှန်တရားတစ်ခုဖြစ်နေခဲ့သကဲ့သို့ပင် ယကနေ့အချိန်ကာလတွင်လည်း အမှန်တရားတစ်ခုဖြစ်နေပါသည်။ လက်ဝါးကပ်တိုင်တော်ကို ကရာနီတောင်ပေါ်၌ မထူထောင်မီ နှစ်ပေါင်းခုနစ်ရာကျော်ကျော်အချိန်တုန်းက အသက်ရှင်ခဲ့သည့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်၊ မိမိ၏အပြစ်ကို ဘုရားသခင်၏ယဇ်ပလ္လင်တော်ပေါ်မှလောင်ကျွမ်းနေသောမီးခဲအားဖြင့် စင်ကြယ်စေခြင်းခံခဲ့ရသော၊ မိမိပြောဆိုသည့်အရာအကြောင်းကို မိမိကိုယ်တိုင်က သိကျွမ်းနေခဲ့သောသူ ဟေရှာယက ဤသို့မိန့်မြွက်ခဲ့ဖူးပါသည်။ "ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။" "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။" ဤမြွက်ဆိုချက်ကျမ်းစကားသည် ဂလာတိ ၃း၁၃ နှင့် ထပ်တူညီနေပါသည်။

တောထဲတွင်လှည့်လည်သွားလာခဲ့ကြသော ဣသရေလသားသမီးများတို့အား အထူးရည်ညွှန်းလျက် ဟေရှာယအနေဖြင့် တဖန် ရေးသားထားပြန်သည်ကား၊ "အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ စေလွှတ်သောကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်းရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။" ဟေရှာယ ၆၃း၉။ ဟေရှာယခေတ်အချိန်ကာလမတိုင်မီ နှစ်ပေါင်းများစွာအချိန်တုန်းက သက်ရှိထင်ရှားခဲ့သူ ဒါဝိဒ် မြွက်ဆိုခဲ့သည်ကား၊ "ငါတို့ပြစ်မှားခြင်းနှင့် အလျောက်ငါတို့၌ ပြုတော်မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကိုပေးတော်မမူတတ်၊" "အရှေ့ မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏။" ဆာလံ ၁၀၃း ၁၀၊ ၁၂။ စိတ်ဝိညာဉ်ကိုရွှင်လန်းစေသော ဤစကားအတွက် ကျွန်ုပ်တို့သည် ဒါဝိဒ်အား အကြွေးတင်နေကြပါသည်။ ထိုအရေးအသားမှ ပြီးမြောက်ထားပြီးသားဖြစ်ရပ်မှန်တစ်ခုအကြောင်းကို ဖော်ပြပေးထားပါသည်။ ကယ်တင်ခြင်းသည် ယကနေ့အချိန်ကာလတွင် စုံလင်မှုရှိနေသည့်နည်းတူ ထိုခေတ်အချိန်ကာလများတွင်လည်း စုံလင်နေခဲ့ပါသည်။

ခရစ်တော်သည် "ကမ္ဘာဦးကပင် ကွပ်မျက်သောသိုးသငယ်" ဖြစ်တော်မူပြီး၊ အာဗေလ၏ခေတ်အချိန်ကာလမှစ၍ ယနေ့အထိတိုင်အောင် သူသည် သူ့အားယုံကြည်သောသူရှိသမျှတို့ကို ပညတ်တရား ၏ကျိန်ခြင်းမှ ရွေးနှုတ်ပေးတော်မူလျက်နေပြီးဖြစ်သည်။ ဖြောင့်မတ်ခြင်းတရားနှင့်ယှဉ်သော ကောင်းချီးမင်္ဂလာကို အာဗြဟံ သည် ရရှိပိုင်ဆိုင်ခဲ့ရပြီး၊ "ယုံကြည်ခြင်းရှိသောသူတို့သည်လည်း ယုံကြည်သော အာဗြဟံနှင့်အတူ ကောင်းချီးမင်္ဂလာကို ခံရကြ" လိမ့်မည်ဖြစ်သည်။

ဤအချက် ဟုတ်မှန်ကြောင်းကို၊ “အာဗြဟံခံရသော ကောင်းချီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တပါးအမျိုးသားတို့၌ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ကတိတော်နှင့်ယှဉ်သောဝိညာဉ်တော်ကိုယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်း” ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံခဲ့ရပါသည် ဆိုသည့်တင်ပြချက်မှ ပိုမိုခိုင်လုံစွာ သက်သေပြပေးထားပါသည်။ ခရစ်တော်၏လက်ဝါးကပ်တိုင်တော်အားဖြင့် ရောက်ရှိလာသော ကောင်းချီးမင်္ဂလာအလုံးစုံတို့သည် အာဗြဟံနှင့်သော်၎င်း၊ ယုံကြည်ခြင်းအားဖြင့် သူ၏သားသမီးများဖြစ်ကြကုန်သော ဘာသာစကားချင်း (သို့) မျိုးနွယ်ချင်းမတူသည့် သူများနှင့်သော်၎င်း သက်ဆိုင်နေလျက်ရှိပါသည်။ ခရစ်တော်၏ကပ်တိုင်တော်နှင့်စပ်ဆိုင်သော ကောင်းချီးမင်္ဂလာများကိုသာ အာဗြဟံ ပိုင်ဆိုင်ထားခဲ့ပါသည်။ သူသည် ခရစ်တော်ကြွလာမည့်အချိန်ကာလကို မျှော်မြင်ခြင်းငှါအလိုရှိလျက် မြင်ရသောအခါတွင်လည်း ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ ဤအချက်သည် အံ့အားသင့်စရာ အချက်တစ်ချက်မဟုတ်ပါချေ။ ကပ်တိုင်ထက်၌ ခရစ်တော်၏အသေခံတော်မူခြင်းအရာသည် ကျွန်ုပ်တို့ထံသို့ အာဗြဟံခံရသော ကောင်းချီးများကိုသာ ဆောင်ယူလာပေးပါသည်။

## ပြောင်းလဲခြင်းမရှိသော ပဋိညာဉ်

“ညီအစ်ကိုတို့၊ လောကီဝေါဟာရအားဖြင့်ငါပြောမည်။ လူသော်လည်း ဝန်ခံစာကိုချုပ်ပြီးမှ အဘယ်သူမျှမပယ်ရ။ ထပ်ဆင့်၍စကားကိုမသွင်းရ။ ဂတိတော်တို့ကို အာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။ ငါဆိုသည်ကား၊ ခရစ်တော်ကိုရည်မှတ်၍ ဘုရားသခင်တည်စေတော်မူနှင့်သောပဋိညာဉ်တရားကို အနှစ်လေးရာသုံးဆယ်လွန်ပြီးမှ နောက်ဖြစ်သော ပညတ်တရားသည်မပယ်နိုင်။ ကတိတော်ကို အချည်းနှီးမဖြစ်စေနိုင်။” ဂလာတိ ၃း၁၅-၁၇။

ပထမတင်ပြထားချက်မှာ အလွန်ရိုးရှင်းလှပါပေသည်။ လူတစ်ယောက်၏ဝန်ခံစာချုပ်ပင်လျှင်၊ တစ်ကြိမ်ချုပ်ထားလိုက်ပြီးဆိုလျှင် ထိုဝန်ခံစာကို အဘယ်သူကမျှ နုတ်ပယ်ခြင်း (သို့) ပြန်လည်ထည့်သွင်းခြင်း ပြုလုပ်လို့မရတော့ပါချေ။

အဆုံးသတ်သုံးသပ်ထားချက်သည်လည်း ထို့အတူပင် ရိုးရှင်းလှပါသည်။ ဘုရားသခင်သည် ပဋိညာဉ်တစ်ခုကို အာဗြဟံနှင့်ပြုတော်မူခဲ့ပြီး ထိုပဋိညာဉ်ကို အကျိန်တစ်ခုအားဖြင့် အာမခံထားခဲ့လေသည်။ “လူတို့သည် မိမိထက်ကြီးမြတ်သောသူကို တိုင်တည်၍ ကျိန်ဆိုလေ့ရှိကြ၏။ မြဲမြံစေတတ်သောအကျိန်သည် ငြင်းခုံခြင်းရှိသမျှကို ဖြေတတ်၏။ ထိုကြောင့်၊ ကတိတော်ကို အမွေခံရသောသူတို့သည်၊ ဘုရားသခင်၏ အကြံအစည်တော်မဖေါက်ပြန်နိုင်ကြောင်းကို အတပ်သိစေခြင်းငှါ၊ ဘုရားသခင်သည် အကျိန်အားဖြင့် အာမခံတော်မူ၏။ အကြောင်းမူကား၊ ဘုရားသခင်သည် မုသာမသုံးနိုင်သောအရာတည်းဟူသော မဖောက်ပြန်မပြောင်းလဲနိုင်သောအရာနှစ်ပါးကို အမှီပြု၍၊ ကိုယ်ရှေ့၌ထားသော မျှော်လင့်ရာကို ခိုလှုံခြင်းငှါ ပြေးသောငါတို့သည် သက်သာအားကြီးကြမည်အကြောင်းတည်း။” ဟေဗြဲ ၆း၁၆-၁၈။ ထို့ကြောင့် မိမိ၏ဖြစ်ခြင်းရှိခြင်းကို တိုင်တည်လျက် သစ္စာဆိုခဲ့သည့် ဘုရားသခင်၏အကျိန်တော်အားဖြင့် ယေရှုခရစ်တော်၌ အာမခံထားခဲ့သော ထိုပဋိညာဉ်သည် မည်သည့်နည်းနှင့်မျှ ပြောင်းလဲခြင်းမရှိနိုင်တော့ပါချေ။ ဗိန္ဒုတစ်လုံးမျှပင် ပြောင်းလဲခြင်းမရှိနိုင်ပါချေ။ ဘုရားသခင် အသက်ရှင်နေသမျှကာလပတ်လုံး ထိုပဋိညာဉ်တွင်ပါရှိသည့်စကားတော် တစိုးတစိမျှ ပျောက်ဆုံးသွားခြင်း မရှိနိုင်ပါချေ။ (သို့) ထပ်မံအသစ်သွင်းခြင်း မပြုနိုင်ပါချေ။

“ကတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။” ဆိုသည့်တင်ပြချက်ကို မှတ်သားပါ။ အမျိုးအနွယ်ဆိုသည်မှာ ခရစ်တော်ပင်ဖြစ်သည်။ အာဗြဟံအားပေးတော်မူခဲ့သည့် ကတိတော်

အားလုံးတို့ကို ယေရှုခရစ်တော်၌ အတည်ပြုပေးတော်မူခဲ့ပါသည်။ "ကတိတော်တို့" ဆိုသည့်အရေးအသား ကို သတိရပါ။ ထိုကတိတော်သည် ကတိတစ်ခုတည်းကိုသာပြောဆိုနေခြင်းမဟုတ်ပေ။ "ထိုသခင်မှာ ဘုရား သခင်၏ကတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန် ၏ဟူ၍၎င်း၊ အာမင်ဟူ၍၎င်းဖြစ်သတည်း။" ၂ကော ၁း၂၀။

## ငါတို့၏မြော်လင့်ခြင်းလည်းဖြစ်၏။

ဘုရားသခင်၏အကျိုန်တော်အားဖြင့် ယေရှုခရစ်တော်၌အာမခံထားခဲ့သော အာဗြဟံနှင့်ဖွဲ့တော်မူ ခဲ့သည့်ပဋိညာဉ်သည် ယေရှုခရစ်၌တည်ရှိသောကျွန်ုပ်တို့အတွက်မြော်လင့်ခြင်းကို ကျွန်ုပ်တို့အား ပေးစွမ်း ပေးပါသည် ဆိုသည့်အချက်ကို တဖန်ပြန်လည်မှတ်သားထားပါ။ ကိုယ်ရှေ့၌ထားသောမျှော်လင့်ရာကို ခိုလှုံ ခြင်းငှါ ပြေးသောငါတို့၌ သက်သာအားကြီးခြင်းရှိလာနိုင်ကြဖို့ရန်အတွက် ထိုပဋိညာဉ်တော်ကို အကျိုန်အား ဖြင့် အာမခံထားခဲ့ခြင်းဖြစ်သည်။ ပေတရုဟောပြောခဲ့သောစကားချက်တွင်ဖေါ်ပြထားသည့်အရဆိုလျှင်၊ ပဋိ ညာဉ်၏အနှစ်ချုပ်မှာ ခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းပင်ဖြစ်သည်။ "သင်တို့သည် ပရောဖက်အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရားသခင်သည် အာဗြဟံကို၊ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဗျာဒိတ်ထား တော်မူ၍၊ ငါတို့ဘိုးဘေးများတို့အား ပေးတော်မူသော ပဋိညာဉ်တရားတော်နှင့် သင်တို့သည်ဆိုင်ကြ၏။ သင် တို့တွင် မိမိဒုစရိုက်တို့ကို ကြဉ်ရှောင်ပယ်ရှားသောသူရှိမျှတို့အား ကောင်းကြီးမင်္ဂလာကိုပေးစေခြင်းငှါ ဘုရား သခင်သည် မိမိသားတော်ယေရှုကို ထမြောက်စေတော်မူပြီးလျှင်၊ သင်တို့ရှိရာသို့ ရှေးဦးစွာစေလွှတ်တော်မူ သည်။" တမန်တော် ၃း၂၅၊ ၂၆။

ထို့ကြောင့် ခရစ်တော်၏လက်ဝါးကပ်တိုင်တော်နှင့် အပြစ်လွှတ်ခြင်းမင်္ဂလာတို့သည် သိနာတောင် အချိန်ကာလတွင်သာမက၊ အာဗြဟံ၏ခေတ်ကာလတွင်လည်း တည်ရှိနေခဲ့ပါသည်။ ကယ်တင်ခြင်းတရား သည် မိမိအားယဇ်ပူဇော်ဖို့ရန်အတွက် ဣဇာက်အနေဖြင့် မောရိတောင်ပေါ်သို့ ထင်းများကို သယ်ဆောင်သွား ခဲ့သည့်နေ့တွင်ထက်၊ ယေရှုခရစ်တော် ဂူသင်္ချိုင်းအတွင်းမှ ထမြောက်လာခဲ့သည့်နေ့တွင် ပိုမိုပြီးတိကျခိုင်လုံ လာခြင်းမျိုးမရှိခဲ့ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ကတိတော်နှင့် အကျိုန် စသည့်အရာနှစ်ခု တို့သည် "မဖောက်ပြန် မပြောင်းလဲနိုင်သောအရာ" နှစ်ပါးပင်ဖြစ်သောကြောင့်ဖြစ်သည်။ လူသော်လည်း "ဝန်ခံစာကိုချုပ်ပြီးမှ အဘယ်သူမျှမပယ်ရ။ ထပ်ဆင့်၍စကားကိုမသွင်းရ။" သို့ဖြစ်လျှင်၊ မိမိကိုယ်တော် တိုင်၏အသက်တော်ကိုတိုင်တည်လျက် အကျိုန်တစ်ခုအားဖြင့်အာမခံထားသော ဘုရားသခင့်ကိုယ်တော် တိုင်၏ပဋိညာဉ်ဆိုလျှင် ပို၍ပင်ခိုင်လုံသေချာမှုရှိနေမည်မဟုတ်ပါလော။ ထိုပဋိညာဉ်သည် လူသားမျိုးနွယ်တို့ အတွက် ကယ်တင်ခြင်းတရားကို ခိုင်လုံသေချာစေပါသည်။ သို့ဖြစ်ပါ၍ ဘုရားသခင်သည် အာဗြဟံအား ကတိတော်နှင့် အကျိုန်တော်ကို ပေးအပ်ထားခဲ့ပြီးသည့်နောက်ပိုင်းတွင်၊ ကယ်တင်ခြင်းစီမံကိန်းထဲသို့ မည် သည့်အသစ်အဆန်းအရာတစ်စုံတစ်ခုကိုမျှ ထပ်မံပေါင်းထည့်၍မရတော့ပါချေ။ မည်သည့် တာဝန်ဝတ္တရား အသစ်အဆန်းကိုမျှ ထပ်ပေါင်းထည့်၍မရနိုင်သလို၊ ရှိပြီးသား လုပ်ဆောင်စရာတာဝန်ဝတ္တရားများတို့ကို လည်း ပယ်ထုတ်လို့မရပါချေ။ ထိုနည်းတူစွာပင်၊ ကယ်တင်ခြင်းအတွက်လုပ်ဆောင်ရမည့် လိုအပ်ချက်များနှင့် ပတ်သက်သည့် အပြောင်းအလဲဟူ၍ ဘာတစ်ခုမျှ ဖြစ်လာနိုင်စရာအကြောင်းမရှိတော့ပါချေ။

ထို့ကြောင့် သိနာတောင်တွင် ပညတ်တရားဝင်ရောက်လာခဲ့ခြင်းအရာက၊ ယေရှုခရစ်တော် အားဖြင့် အာမခံပေးထားခဲ့သည့် အာဗြဟံနှင့်ဖွဲ့ခဲ့သည့်ပဋိညာဉ်တရားတော်ထဲတွင် မည်သည့်အသစ်သော အစိတ်အပိုင်းတစ်စုံတစ်ရာကိုမျှ သွတ်သွင်းလာခြင်းမပြုနိုင်ခဲ့သလို၊ ကတိတော်ကိုလည်း မည်သည့်နည်းနှင့် မျှ အဟန့်အတား မဖြစ်သွားစေနိုင်ခဲ့ပါချေ။ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင် ကြိုတင်အာမခံထားတော်

မူခဲ့သည့် ပဋိညာဉ်တရားတော်ကို မည်သည့်နည်းနှင့်မျှ ပယ်ထုတ်ပစ်လို့မရပါ။ (တနည်းအားဖြင့်) နောက်ထပ် နှစ်ပေါင်း လေးရာသုံးဆယ်အချိန်တွင် မိန့်မြွက်ပေးတော်မူခဲ့သည့် ပညတ်တရားသည် ထိုပဋိညာဉ်၌ပါရှိသော ဂတိတော်များကို မည်သည့်နည်းနှင့်မျှ ပြောင်းလဲမသွားစေနိုင်ပါချေ။

သို့ရာတွင် ပညတ်တရားကို စောင့်ထိန်းရမည်ဖြစ်သည်။ ထိုသို့စောင့်ထိန်းခြင်းမရှိပါက သေခြင်းတရားသည် တဖက်တွင်သေချာနေပြီးဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ပညတ်တော်တွင်ပါရှိသည့် အငယ်ဆုံးသော စာလုံးဗိန္ဒုတလုံးတလေကို ပစ်ပယ်ထားလို့မရပါချေ။ "ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကို ခံစေသတည်း။" သိနာတောင်တွင်ပညတ်တော်ကိုပေးအပ်တော်မူခဲ့ခြင်းအရာက အာဗြဟံနှင့်ဖွဲ့တော်မူခဲ့သည့် ပဋိညာဉ်ထဲတွင် မည်သည့်အရာကိုမျှ ထပ်မံပေါင်းထည့်ခြင်းမပြုခဲ့ပါ ဆိုသည့်အခြင်းအရာနှင့် ပညတ်တရားတော်ကို စုံလင်စွာစောင့်ထိန်းရမည်ဆိုသည့်အချင်းအရာတို့ကို ထောက်ရှုသောအားဖြင့်၊ အာဗြဟံနှင့်ဖွဲ့တော်မူခဲ့သည့် ပဋိညာဉ်တရားတော်ထဲတွင် ပညတ်တရားပါရှိနေကြောင်းကို တွေ့ရှိရပါသည်။ ထိုပဋိညာဉ်တော်အားဖြင့် အာဗြဟံအား အာမခံချက်ပေးထားခဲ့သည့် ဖြောင့်မတ်ခြင်းတရား (တနည်းအားဖြင့် ယုံကြည်ခြင်းအားဖြင့် အာဗြဟံရရှိခဲ့သည့် ဖြောင့်မတ်ခြင်းတရား) သည် သိနာတောင်ပေါ်တွင် ကြွေးကြော်တော်မူခဲ့သည့် ပညတ်တရား၏ ဖြောင့်မတ်ခြင်းတရားပင်ဖြစ်ပါသည်။ ဤအချက်သည် မှန်ကန်နေကြောင်းကို ထောက်ခံချက်ပေးနိုင်မည့်အချက်တစ်ချက်မှာ၊ ယုံကြည်ခြင်းအားဖြင့်ရရှိခဲ့သော ဖြောင့်မတ်ခြင်း၏တံဆိပ်အနေဖြင့် အာဗြဟံသည် အရေဖျားလှီးခြင်းကို ရရှိခဲ့ခြင်းဖြစ်ပြီး၊ ထိုအရေဖျားလှီးခြင်းသည်လည်း ပညတ်တရားအားစောင့်ထိန်းခြင်းအမှုအတွက် ရပ်တည်ပေးသည့်အရာသာဖြစ်ပါသည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ရောမ ၂း၂၅-၂၉။

ပညတ်တော်ဆယ်ပါးထဲတွင် အပြည့်အစုံဖော်ပြထားသည့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ယုံကြည်သူအယောက်ချင်းစီတိုင်းတို့၌သော်၎င်း၊ သူတို့၏အထဲတွင်သော်၎င်း ထည့်သွင်းပေးပါမည်ဟု အာဗြဟံအားကျိန်ဆိုထားခဲ့သည့် ဘုရားသခင်၏အကျိန်သည် မြဲမြံတည်ကြည်မှုရှိပါသည်။ ယေရှုခရစ်အားဖြင့် အာမခံထားသောပဋိညာဉ်တော်နှင့် ထိုပဋိညာဉ်ထဲ၌ပါရှိသော ပညတ်တော်တို့ကို ထောက်ရှုသောအားဖြင့်၊ ယနေ့ခေတ်ကာလခရစ်ယာန်များတို့အတွက် ဘုရားသခင်၏တောင်းဆိုချက်များတို့သည် အာဗြဟံခေတ်ကာလရှိခရစ်ယာန်များတို့အတွက် ဘုရားသခင်၏တောင်းဆိုချက်များတို့နှင့် တစိုးတစိကလေးမျှကွာခြားခြင်းမရှိကြောင်းကို သေချာတပ်အပ် တွေ့ရှိရပါသည်။ ပညတ်တရားအား ပေးအပ်တော်မူခဲ့ခြင်းသည် မည်သည့်အသစ်သောအရာကိုမျှ ယူဆောင်လာခြင်း မပြုပေးခဲ့ပါချေ။

"သို့ဖြစ်၍ပညတ်တရားသည် အဘယ်အကျိုးရှိသနည်း။" ဤမေးခွန်းသည် မေးသင့်မေးထိုက်သည့်မေးခွန်းတစ်ခုဖြစ်ပြီး၊ မျှတသည့်အဖြေတစ်ခုကို ရရှိထားသည့်မေးခွန်းတစ်ခုလည်းဖြစ်သည်။ ပညတ်တရားသည် အာဗြဟံနှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်ထဲတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကိုမျှ ပြောင်းလဲမသွားစေခဲ့ဘူးဆိုလျှင်၊ ထိုပညတ်တရားကိုပေးတော်မူခဲ့ရာတွင် အဘယ်အကျိုးအတွက်ပေးတော်မူခဲ့ပါသနည်း။ အဖြေမှာ "ဒုစရိုက်များကြောင့် ထိုတရားကို *ထပ်၍ပေးတော်မူ၏။" (ဂလာတိ ၃း၁၉)။ ထိုတရားသည် "တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ (တနည်းအားဖြင့် - ပြစ်မှုထင်ရှား၏)" ရောမ ၅း၂၀။ ထိုတရားသည် "ဘုရားသခင်၏ ကတိတော် (များ) နှင့် ဆန့်ကျင်ဘက်" မဖြစ်ပဲ (ဂလာတိ ၃း၂၁)၊ ထိုကတိတော်များနှင့် တိုက်ရိုက်သဘောတူညီမှုမှုရှိနေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရှိရှိသမျှသော ဘုရားသခင် ၏ ကတိတော်များတို့သည် ဖြောင့်မတ်ခြင်းတရားအားဖြင့်ဖြစ်၍၊ ပညတ်တော်သည် ထိုဖြောင့်မတ်ခြင်းတရားတော်၏ စံချိန်စံညွှန်းဖြစ်နေသည့်အတွက်ကြောင့်ဖြစ်သည်။ ပြစ်မှားသောအပြစ် ပွါးများဖို့ရန်အတွက် (တနည်းအားဖြင့် ပြစ်မှုထင်ရှားဖို့ရန်အတွက်) ထိုပညတ်တော်ကို လိုအပ်လာခဲ့ပါသည်။ "ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည်သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့သခင်ယေရှုခရစ်ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။" အသက်တာ

ပြောင်းလဲခြင်းမတိုင်မီတွင် ဒုစရိုက်အပြစ်ကိုဖေါ်ပြပေးခြင်းအမှုသည် အရင်နေရာကျပါသည်။ ထိုအမွေတော်ကို ပေးတော်မူမည် ဟု ရာနှုန်းပြည့်ကတိထားတော်မူခဲ့သည် ဆိုသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတစ်ခုတည်းအားဖြင့်သာလျှင် ထိုအမွေတော်ကို ရရှိနိုင်မည်ဖြစ်သည်။ အကြောင်းမှာ ဖြောင့်မတ်ခြင်းတရားဟူသည် "ကျေးဇူးတော်အားဖြင့်ရသော လက်ဆောင်" ပင်ဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် လူသားများအနေဖြင့် ဘုရားသခင်၏ကတိတော်များတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာကြဖို့ရန်အတွက်ဆိုလျှင်၊ ထိုကတိတော်များတို့ကို မိမိတို့အနေဖြင့် လိုအပ်နေကြလျက်ရှိကြောင်းကို သူတို့အားသိရှိခံစားစေရမည်ဖြစ်သည်။ ပညတ်တော်ကို ဤမျှလောက်နှစ်မြို့ဖွယ်ရာမကောင်းသည့်ပုံစံမျိုးဖြင့် ပေးအပ်တော်မူခဲ့ရသည့်ရည်ရွယ်ချက်မှာ၊ ထိုပညတ်တရား၏ဖြောင့်မတ်ခြင်းကို မိမိတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုအားဖြင့်ရယူမည်ဆိုလျှင် ဘယ်နည်းနှင့်မျှမဖြစ်နိုင်ကြောင်းနှင့် သူတို့အား ကူညီထောက်ပံ့မှုပေးရာတွင် ဘုရားသခင်အနေဖြင့် သူတို့အဖို့ စိုးရိမ်နေခဲ့မိသည့်အရာကား အဘယ်အရာဖြစ်ကြောင်းကို သူတို့အား သိရှိစေဖို့ရန်အတွက်ဖြစ်သည်။

* "ထပ်၍ပေးတော်မူ၏။ (ထပ်မံပေါင်းထည့်၏)" ဆိုသည့်စကားလုံးသည်၊ အရင်က ဘုရားသခင်ရေးဆွဲထားတော်မူခဲ့သော စီမံကိန်းများတွင် အသစ်သောအရာတစ်စုံတစ်ခုကို ထပ်မံပေါင်းထည့်ခြင်းကို ဆိုလိုပါသည်ဟု မှတ်ယူပြီး၊ အချို့သောသူများတို့က ထိုစကားလုံးအပေါ် အငြင်းပွါးစရာအကြောင်းတစ်ခုကို ဖန်တီးဖို့ကြိုးစားနေကြပါသည်။ ထိုစကားလုံးကို မည်သို့သောအဓိပ္ပါယ်မျိုးဖြင့် အသုံးပြုထားကြောင်းကို တရားဟောရာကျမ်း ၅း၂၂ တွင်ဖေါ်ပြထားသည့် ကောက်နှုတ်ချက်က ပြသပေးပါလိမ့်မည်။ ပညတ်တော်ဆယ်ပါးကို ဖတ်ပြပေးပြီးသည့်နောက်တွင် မောရှေမိန့်ကြားခဲ့လေသည်မှာ၊ "ထိုစကားတော်ကို ထာဝရဘုရားသည် တောင်ပေါ်မှာ မီး၊ မိုဃ်းတိမ်၊ ထူထပ်သောမှောင်မိုက်ထဲက ကြီးစွာသောအသံနှင့် သင်တို့စည်းဝေးရာပရိသတ်အပေါင်းတို့အား မိန့်မြွက်တော်မူ၏။ ထပ်၍မိန့်မြွက်တော်မမူ။" အဓိပ္ပါယ်မှာ သူသည် များစွာမိန့်မြွက်တော်မူခဲ့ပြီးသည့်နောက်တွင် ဘာကိုမျှထပ်ပြီးမိန့်မြွက်တော်မမူကြောင်းကို ပြောဆိုခြင်းဖြစ်သည်။ ဟေဗြဲ ၁၂း၁၈၊ ၁၉ တွင် ထိုအကြောင်းအရာကိုပင် ပိုမိုရှင်းလင်းစွာဖြင့် ပြသပေးထားပါသည်။ "ထိုမှတပါး၊ သင်တို့သည် လက်နှင့်တွေ့နိုင်သောတောင်သို့၎င်း၊ လောင်သောမီးသို့၎င်း၊ မည်းသောတိမ်တိုက်၊ မှောင်မိုက်၊ မိုဃ်းသက် မုန်တိုင်းသို့၎င်း၊ တံပိုးမှုတ်ခြင်းအသံသို့၎င်း၊ နှုတ်ကပတ်တော်အသံသို့၎င်း၊ ရောက်ကြသည်မဟုတ်။ ထိုအသံတော်ကိုကြားသောသူတို့သည်၊ ထပ်၍ မိန့်တော်မမူမည်အကြောင်း တောင်းပန်ကြ၏။" ထွက်မြောက်ရာကျမ်း ၂၀း၁၉ နှင့် နှိုင်းယှဉ်ကြည့်ပါ။ ဤနေရာတွင်အသုံးပြုထားသည့် "မိန့်တော်မူ" ဆိုသည့်အသုံးအနှုန်း ၏ မူရင်းဂရိစကားလုံးနှင့် ဂလာတိ ၃း၁၉ တွင်အသုံးပြုထားသည့် "ထပ်၍ပေးတော်မူ" ဆိုသည့်အသုံးအနှုန်း၏ မူရင်းဂရိစကားလုံးတို့သည် ထပ်တူညီလျက်ရှိနေပါသည်။ SEPTUAGINT (စက်ပ်ထွားဂျင့်) ဟုခေါ်သည့် ကျမ်းစာပြန်ဆိုမှု၏ တရားဟောရာကျမ်း ၂၂ တွင်လည်း ထိုထပ်တူညီသည့်အဓိပ္ပါယ်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် "ပဋိညာဉ်တရားတွင် မည်သည့်ပြောင်းလဲမှုကိုမျှ မဖြစ်ပေါ်စေခဲ့သည့် ပညတ်တရားတော်ကို အဘယ်အကျိုးအတွက်ပေးတော်မူခဲ့ပါသနည်း" ဆိုသည့်မေးခွန်းအတွက်အဖြေကား၊ "ဒုစရိုက်များကြောင့် ထိုတရားကိုထပ်၍မိန့်မြွက်တော်မူ၏။"

## အာမခံသခင်တည်းဟူသောခရစ်တော်

ဤခေါင်းစဉ်ကို မီးမောင်းထိုးပြထားပေးသည့်အချက်မှာ၊ ထိုတရားကို "အာမခံ၏လက်၌ ထားတော်မူ၏။" ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုအာမခံသခင်ကား အဘယ်သူနည်း။ "အာမခံမည်သည်ကား၊ တဘက်နှင့်သာ ဆိုင်သည်မဟုတ်။ ဘုရားသခင်မူကား တဘက်ဖြစ်တော်မူ၏။" ဂလာတိ ၃း၂၀။ "ဘုရားသခင် တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏။" ထို့ကြောင့် ယေရှုခရစ်တော်သည် သိနာတောင်ပေါ်တွင် ပညတ်တော်ကို ပေးအပ်ခဲ့သောသူ

ပင်ဖြစ်ပြီး၊ ဘုရားသခင်နှင့် လူတို့၏စပ်ကြားတွင်ရှိသောအာမခံအဖြစ်ရပ်တည်ပေးနိုင်သည့် မိမိ၏စွမ်းရည်နှင့် အညီ သူသည် ထိုပညတ်တော်ကို ပေးအပ်တော်မူခဲ့ပါသည်။ ပေးထားတော်မူခဲ့သည့်ပညတ်တော်တစ်ခုသည် အသက်ကို ပေးပိုင်နိုင်သည့်အစွမ်းမရှိသော်လည်း၊ မိမိကိုယ်တော်တိုင်၏အသက်တော်ကိုစွန့်တော်မူသည့် အာမခံတစ်ဦး၏လက်ထဲတွင် မယုံကြည်သောအပြစ်သားများတို့၌ သေခြင်းအဖြစ်ရပ်တည်နေလျက်ရှိသော ထိုပညတ်တော်သည်  တည်ရှိနေခဲ့ပါသည်။ ထိုပညတ်တော်သည် မိမိဘာသာမိမိအသက်ရှင်စုံလင်ခြင်းမျိုး တော့ရှိနေသည်။ ယေရှုခရစ်အားဖြင့် သေခြင်းတရားအား အောင်နိုင်ရသောအခွင့်ကိုရရှိရပြီး၊ ထိုသေခြင်း ၏အစားတွင် အသက်ရှင်ခြင်းတရားက ဝင်ရောက်နေရာယူလာပါသည်။ ပညတ်တရား၏ကျိုန်ခြင်းကို သူ သည် ယူတင်ဝတ်ဆောင်တော်မူပြီး၊ ထိုပညတ်တရား၏ကောင်းချီးမင်္ဂလာသည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာ ပါသည်။ ဤအချက်က၊ သိနာတောင်၌ ကရာနီကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ အား စဉ်းစားမိလာစေပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်သည့် ရှေ့ဆက်လေ့လာမှုအတွက်ကိုမူ နောက်တဆင့် လေ့လာသွားကြရာတွင် တွေ့ရှိရမည်ဖြစ်သည်။

## ၃၀း ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – သိနာတောင်နှင့် ကရာနီတောင် ယနေ့အတွက်သမ္မာတရား၊ နိုဝင်ဘာ ၂၆၊ ၁၈၇၆

"ဣသရေလအမျိုးသားအပေါင်းတို့အဘို့ ဟောရပ်အရပ်၌ ငါမှာထားသော၊ ငါ့ကျွန်မောရှေ၏ တရားတည်းဟူသော စီရင်ထုံးဖွဲ့တော်မူချက်တို့ကို အောက်မေ့ကြလော့။ ကြည့်ရှုလော့။ ထာဝရဘုရား၏ ကြောက်မက်ဘွယ်သောနေ့ရက်ကြီးမရောက်မှီ၊ ပရောဖက်လေိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။ ငါသည် လာ၍ သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် (သို့) မူရင်းစာပေအရ - "နောက်ဆုံးသောဖျက်ဆီးခြင်းဘေးနှင့်" ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့်အဘတို့ကိုငင်၊ အဘတို့နှင့်သားတို့ကိုငင်း အသင့် အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏။" မာလခိ ၄း၄-၆

ဘုရားသခင့်ဝိညာဉ်တော်၏ ညင်သာသောပြုပြင်ပြောင်းလဲပေးခြင်းလုပ်ငန်းနှင့် ဟောရပ်တောင် အရပ်တွင်မိန့်မြွက်တော်မူခဲ့သည့်ပညတ်တော် စသည့်အရာနှစ်ခုတို့၏အချင်းချင်းဆက်စပ်ပုံကို လေ့လာ မှတ်သားပါလေ။ ဘုရားသခင့်ကျွန်မောရှေ၏မိန့်ကြားချက်ကို ဖေါ်ပြထားသည့် တရားဟောရာကျမ်း ၄း၁၀ -၁၄ မှ လေ့လာတွေ့ရှိချက်အရဆိုလျှင်၊ သိနာတောင်ဆိုသည်မှာ ဟောရပ်တောင်ပင်ဖြစ်ပါသည်။ - "သင်တို့ သည်၊ ဟောရပ်အရပ်မှာ သင်တို့၏ ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ရပ်နေကြသောအခါ...ထာဝရဘုရား က၊ လူများတို့ကို ငါ့ထံမှာ စုဝေးစေလော့။ ငါ့စကားကို ကြားစေမည်ဟု ငါ့အား မိန့်တော်မူသည်အတိုင်း၊ သင် တို့သည် အနီးတော်သို့ချဉ်းကပ်၍၊ တောင်ခြေရင်း၌ရပ်နေကြ၏။ တောင်ထိပ်သည် မိုဃ်းကောင်းကင် အ လယ်၌ မီးလောင်လျက်၊ မည်းသောအဆင်း၊ မိုဃ်းတိမ်တိုက်၊ ထူထပ်သောမှောင်မိုက်နှင့် ပြည့်စုံလေ၏။ ထာဝရဘုရားသည်လည်း၊ မီးထဲကသင်တို့အား မိန့်မြွက်တော်မူ၏။ သင်တို့ကျင့်စရာဘို့ မှာထားတော်မူသော ပဋိညာဉ်တရားတည်းဟူသော ပညတ်တော်ဆယ်ပါးတို့ကိုမိန့်မြွက်၍ ကျောက်ပြားနှစ်ပြားပေါ်၌ ရေးထားတော် မူ၏။ သင်တို့သည်သွား၍ ဝင်စားသောပြည်၌ သင်တို့အား ငါသွန်သင်ရသော စီရင်ထုံးဖွဲ့ချက်တို့ကိုလည်း၊ ထိုအခါ ထာဝရဘုရားသည် ငါ့အား မှာထားတော်မူ၏။"

ဟောရပ် (ခေါ်) သိနာတောင်အရပ်၌ မိန့်ကြားတော်မူခဲ့သောပညတ်တော်ကို အောက်မေ့ကြဖို့ရန် ဘုရားသခင်က ကျွန်ုပ်တို့အား မိန့်တော်မူရာတွင်၊ မိမိ၏ ကြောက်မက်ဖွယ်ရာနေ့ရက်ကြီးအတွက် ပြင်ဆင်မှုရှိ စေရန်အလို့ငှါ အဘတို့နှင့်သားတို့ကိုအသင့်အတင့်ဖြစ်စေတော်မူမည့် ဘုရားသခင်၏တန်ခိုးတော်အကြောင်း ကို ကျွန်ုပ်တို့အား သိရှိစေဖို့ရန်ရည်ရွယ်တော်မူပါသည်။။ "ထာဝရဘုရား၏တရားတော်သည် စုံလင်သည် ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။" ဆာလံ ၁၉း၇။

## ကွဲအက်သွားသောကျောက်

သိနာတောင်ပေါ်မှ ပညတ်တော်ကို ဘုရားသခင်မိန့်မြွက်ခဲ့သည့်အချိန်တွင်၊ ဟောရပ်တောင်ရှိ အ ရိုက်ခံရသောကျောက်ထဲမှ စီးထွက်နေခဲ့သည့် အသက်ရေစီးဆင်းရာစမ်းချောင်းသည် ဆက်လက်စီးဆင်း နေလျက်ရှိပါသည်။ အကယ်၍သာ ထိုရေသည် စီးဆင်းရာမှရပ်တန့်သွားခဲ့မည်ဆိုလျှင်၊ ဣသရေလလူတို့ သည် အရင်ကနည်းတူပင် ဆိုးရွားသည့်အခြေအနေတစ်ခုကို တွေ့ကြုံကြရဦးမည်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ထိုရေသည် သူတို့အတွက် တစ်ခုတည်းသောရေအထောက်အပံ့၊ တစ်ခုတည်းသော အသက်၏ မျှော်လင့်ရာပင် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသူတို့အား ပြန်လည်အသက်ဝင်လာစေခဲ့သည့်ရေ ထွက်လာရာ အရပ်တည်းဟူသော ဟောရပ်တောင်မှ ဘုရားသခင်သည် ပညတ်တော်ကိုမိန့်မြွက် တော်မူခဲ့ပါသည်။ ရေစီး ဆင်းလာခဲ့သည့် တစ်ခုတည်းသောကျောက်တော်ထဲမှ ပညတ်တရားသည် ထွက်ပေါ်လာခဲ့ပါသည်။ "ထို ကျောက်ကား ခရစ်တော်ဖြစ်သတည်း။" ၁ကော ၁၀း၄။

သိနာတောင်ကို ပညတ်တော်နှင့် ဂုဏ်ရည်ချင်းတူသည့်အသုံးအနှုန်းတစ်ခုအဖြစ် မှန်ကန်စွာရှုမြင်ထားပါသည်။ သို့ရာတွင် သိနာတောင်၏ဂုဏ်ရည်ချင်းတူညီမှုသည် ခရစ်တော်၏ဂုဏ်ရည်ချင်းတူညီမှုကို မမှီပါချေ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်တွင် အသက်တည်ရှိနေသောကြောင့်ဖြစ်သည်။ ခရစ်တော်မိန့်တော်မူခဲ့သည်ကား၊ "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏။" ဆာလံ ၄၀း၈။ သို့ဖြစ်သောကြောင့် ပညတ်တရားတော်သည် ခရစ်တော်၏အသက်ပင်ဖြစ်ပါသည်။ အကြောင်းမူကား နှလုံးသည် အသက် ၏အခြေအမြစ်ပင်ဖြစ်သောကြောင့်ဖြစ်သည်။ သုတ္တံ ၄း၂၃။ "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။" "သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။" ကရာနီတောင်ကုန်းပေါ်တွင် ရိုက်နှက်ခြင်းခံရပြီး၊ ဒါဏ်ရာရနေခဲ့သောအခါတွင်၊ အသက်ကိုပေးစွမ်းသည့်သွေးတော်သည် သူ၏နှလုံးတော်မှ စီးကျလာခဲ့ပြီး၊ ထိုစီးဆင်းမှုသည် ကျွန်ုပ်တို့အဖို့ ဆက်လက်ပြီးစီးဆင်းနေဆဲရှိပါသည်။ သို့ရာတွင် သူ၏နှလုံးထဲတွင် ပညတ်တရားတော်တည်ရှိနေလျက်ရှိသည်ဖြစ်သည့်အတွက်ကြောင့်၊ အသက်ပေးစွမ်းသည့်ရေကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သောက်သုံးကြသည့်အခါခါတွင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ပညတ်တော်၏ဖြောင့်မတ်ခြင်းကို သောက်သုံးကြရလေတော့သည်။ ပညတ်တော်သည် ကျေးဇူးတော်မြစ်တစင်းအနေဖြင့်သော်၎င်း၊ အသက်ရေစီးဆင်းရာမြစ်တစင်းအနေဖြင့်သော်၎င်း ကျွန်ုပ်တို့ထံသို့ စီးဆင်းရောက်ရှိလာပါသည်။ နှစ်မျိုးစလုံးဖြစ်သော "ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း။" ယောဟန် ၁း၁၇။ ကျွန်ုပ်တို့သည် ထိုသခင်ကို ယုံကြည်လိုက်ကြသောအခါတွင် ပညတ်တရားဆိုသည့်အရာသည် ကျွန်ုပ်တို့၌ "နှုတ်ကပတ်တော်အသံ" ကဲ့သို့ဖြစ်သည်သာမက၊ အသက်စမ်းရေတွင်းတစ်ခုကဲ့သို့လည်း ဖြစ်နေပါတော့သည်။

ဤအခြင်းအရာအားလုံးတို့သည် သိနာတောင်တွင်ဖြစ်ပျက်သွားခဲ့ပါသည်။ ပညတ်တရားကို ပေးအပ်တော်မူသောသူမူကား ဟောရပ်တောင်ဟုခေါ်သောသိနာတောင်တွင် အရိုက်ခံခဲ့ရသောကျောက်ပင်ဖြစ်ပါသည်။ ထိုကျောက်မှထွက်သောရေသည် မိမိအားသောက်သုံးခဲ့ကြသောသူတို့၌ အသက်ရှင်ခြင်းအကြောင်းကိုဖြစ်စေသည့်ရေ၊ မိမိတို့၏ဘုရားသခင်တည်းဟူသော လောကတစ်ခုလုံး၏သခင်အထံတော်မှ တိုက်ရိုက်စီးဆင်းလာခဲ့သည့်ရေပင်ဖြစ်ကြောင်းကို ကျေးဇူးမသိတတ်သောရေသောက်သုံးသူတို့က နားမလည်ခဲ့ကြပါချေ။ မိမိတို့အတွက် ထားရှိတော်မူသည့် ထိုသခင်၏နူးညံ့သောမေတ္တာတော်အကြောင်းနှင့် ထိုသခင်သည် မိမိတို့၏အသက်၊ မိမိတို့၏ဖြောင့်မတ်ခြင်းပင်ဖြစ်သည်ဆိုသည့်အချက်တို့ကို အာမခံချက်တစ်ခုအနေဖြင့် သူတို့ရရှိထားခဲ့ကြပါသည်။ ခရစ်တော်မပါမရှိလျှင် ပညတ်တရားဟူသည် လူသားတို့အတွက် သေခြင်းအကြောင်းပင်ဖြစ်သည် ဆိုသည့်အချက်ကို ထောက်ပြထားသည့်အထောက်အထားတစ်ခုအနေဖြင့်၊ ထိုသိနာတောင်ကို တို့ထိလာမိသောသူတိုင်းပျက်စီးခြင်းသို့ရောက်ရမည်ဖြစ်သော်လည်း ထိုတောင်တော်မှစီးဆင်းလာခဲ့သည့်ရေကိုမူ သူတို့အနေဖြင့် သောက်သုံးနိုင်ခဲ့ကြသည့်အဖြစ်အပျက်တစ်ခုကို ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် တွေ့မြင်နေရပါသည်။ ထို့ကြောင့် ယေရှုခရစ်တော်၏အသက်တော်အားဖြင့် ထိုသူတို့သည် ပညတ်တရားနှင့်ဆိုင်သော ဖြောင့်မတ်ခြင်းတရားကို သောက်သုံးနိုင်ခဲ့ကြပါသည်။ ဣသရေလလူတို့၏အသက်တည်းဟူသော ရေစီးထွက်လာခဲ့ရာတစ်ခုတည်းသောကျောက်မှ မိန့်မြွက်တော်မူခဲ့သည့်နှုတ်ထွက်စကားတော်သည် မိမိတို့၏သခင်ခရစ်တော်က ပေးအပ်ပေးတော်မူမည့် ဖြောင့်မတ်တရား၏ သဘောသဘာဝကို ပြသပေးသွားခဲ့ပါသည်။ ထိုပညတ်သည် "ဓမ္မမီး (မီးကဲ့သို့သောပညတ်)" ဖြစ်နေခဲ့စဉ်တချိန်တည်းမှာပင် အသက်ရေစီးဆင်းရာမြစ်တစ်စင်းလည်း ဖြစ်တော်မူခဲ့ပါသည်။ ခရစ်တော်သည် သိနာတောင်၌အရိုက်ခံခဲ့ရသောကျောက် ဖြစ်တော်မူကြောင်းနှင့် သူသည် "လူဖြစ်သော ယေရှုခရစ်တည်းဟူသော လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ်စွန့်တော်မူသော" အာမခံတစ်ဦးပင်ဖြစ်တော်မူကြောင်းကို သိရှိထားခဲ့သည့် ပရောဖက်ဟေရှာယ က

အောက်ပါအတိုင်းပြောဆိုတင်ပြလိုက်ပါသည်။ "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။" "သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။"

ပညတ်တရားဟူသည် ခရစ်တော်၏လက်ဝါးကပ်တိုင်တော်တစ်ခုတည်းအားဖြင့်သာလျှင် အသက်ရှင်ခြင်းအနေဖြင့် လူသားများထံသို့ရောက်ရှိလာတတ်ပါသည် ဆိုသည့်သင်ခန်းစာကို ရှေးကာလသရေလလူတို့အတွက် အဓိကမီးမောင်းထိုးပြထားပေးခဲ့ပါသည်။ ထို့အတူပင် ဖြောင့်မတ်ခြင်းတရားဟူသည် လက်ဝါးကပ်တိုင်တော်၌ကျွန်ုပ်တို့အဖို့စွန့်တော်မူခဲ့သည့်အသက်တော်အားဖြင့်သာလျှင် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာတတ်ပါသည်ဆိုသည့်သင်ခန်းစာတစ်ခုသည်လည်း ယနေ့တွင် ကျွန်ုပ်တို့အဖို့ရှိနေပါသည်။။ အတိအကျအားဖြင့်ဆိုရသော်၊ ထိုအသက်တော်သည် ပညတ်တော်ဆယ်ပါးက တောင်းဆိုမှုပြုထားခဲ့သည့် အသက်တော်ပင်ဖြစ်သည်။ ထိုပညတ်တော်တို့ကို ဖတ်ရှုကြပါစို့။

## ဘုရားသခင်မိန့်တော်မူသည်ကား၊

၁။ "ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။

၂။ "အထက်မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသော သူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသောဘုရားဖြစ်၏။

၃။ သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။

၄။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်၊ သင်၏ တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုဃ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။

၅။ သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာ ရှည်မည် အကြောင်း၊ သင်၏မိဘကို ရိုသေစွာပြုလော့။

၆။ လူအသက်ကို မသတ်နှင့်။

၇။ သူ့မယားကို မပြစ်မှားနှင့်။

၈။ သူ့ဥစ္စာကို မခိုးနှင့်။

၉။ ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကို မခံနှင့်။

၁၀။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောက်ျား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်ဟု မိန့်တော်မူ၏။

ဤပညတ်တော်သည် သိနာတောင်၏ကြောက်မက်ဖွယ်ရာမြင်ကွင်းများကြားထဲကမိန့်မြွက်တော်မူခဲ့သည့် ပညတ်တော်ပင်ဖြစ်ပြီး၊ ပညတ်တော်ကိုမိမိ၏အသက်တော်အနေဖြင့်ခံယူထားခဲ့သည့်၊ ခံယူနေသည့် ပုဂ္ဂိုလ်ကြီး (ခရစ်တော်) ၏နှုတ်တော်အားဖြင့် ထိုပညတ်တော်ကို မိန့်မြွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့မိန့်မြွက်နေစဉ်အချိန်တွင်၊ မိမိလူတို့အဖို့ပေးသနားထားတော်မူသော မိမိကိုယ်တော်တိုင်၏အသက်တော်သည် ထိုပုဂ္ဂိုလ်ကြီးထံမှစီးဆင်းလာခဲ့ပါသည်။ ကပ်တိုင်တော်သည်၊ အနာကိုပျောက်ကင်းစေပြီး အသက်ကိုပေးစွမ်းနိုင်သည့် အသက်ရေနှင့်အတူတကွ ထိုသိနာတောင်တွင်ရှိနေခဲ့ပါသည်။ ထို့ကြောင့် ထိုကပ်တိုင်တော်သည် ပညတ်တရားကို မည်သည့်နည်းနှင့်မျှ မပြောင်းလဲစေနိုင်ပါချေ။ ဧဝံဂေလိတရားတော်တွင် ဖော်ပြထားသည့် ဖြောင့်မတ်ခြင်းတရားသည် ပညတ်တော်ဆယ်ပါး၏ ဖြောင့်မတ်ခြင်းတရားသာဖြစ်ကြောင်းကို သိနာတောင်၌သော်၎င်း၊ ကရာနီတောင်၌သော်၎င်း ခရစ်တော်အထံတော်မှအရင်းခံစီးဆင်းလာခဲ့သည့်အသက်က ပြသထားပေးပါသည်။ အငယ်ဆုံးသော စာလုံးဗိန္ဒုတလုံးမျှ မပျက်စီးရပါချေ။ သိနာတောင်၏ ကြောက်မက်ဖွယ်ရာမြင်ကွင်းများဖြစ်သည့် ထူထပ်သောမှောင်မိုက်၊ မြေလျှင်နှင့် ဘုရားသခင်သားတော်၏ ကြီးစွာသောစကားသံတို့ကို ကရာနီတောင်တွင် တွေ့မြင်ခဲ့ရပါသည်။ သိနာတောင်ရှိ အရိုက်ခံရသောကျောက်နှင့် စီးဆင်းနေသောရေတို့သည် ကရာနီတောင်ကိုပုံဆောင်ပါသည်။ ကရာနီသည် ထိုသိနာတောင်အရပ်တွင်ရှိနေခဲ့ပါသည်။ ထို့ကြောင့် သိနာတောင်တွင် ကြားခဲ့ရသည့်မိန့်ဆိုချက်စကားနှင့် ထပ်တူညီသည့် ပညတ်တော်ဆယ်ပါးကို ကရာနီတောင်မှ ကြွေးကြော်ခဲ့ပါသည် ဆိုသည့်အချက်သည် မှန်ကန်သည့်အချက်တစ်ချက်ပင်ဖြစ်ပါသည်။ ကြောက်မက်ဖွယ်ရာကောင်းပြီး၊ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်ပညတ်တော်၏ စင်ကြယ်သန့်ရှင်းခြင်းအကြောင်းကို သိနာတောင်ကဖော်ပြခဲ့သည့်နည်းတူပင် ကရာနီတောင်တော်ကလည်းဖော်ပြတော်မူခဲ့ပါသည်။ "ထိုသူသည် မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်၏။" ဟု ဆိုထားသည့်အတိုင်း၊ ထိုပညတ်တော်သည် ဘုရားသခင်၏သားတော်ကိုပင် မသက်ညှာပေးခဲ့ပါချေ။ ယင်းပညတ်တော်သည် ထိုမျှလောက်ပင်ကြောက်မက်ဖွယ်ကောင်းပြီး၊ ထိုမျှလောက်ပင် ပြောင်းလဲခြင်းနှင့် ကင်းစင်ပေသည်။ သို့ရာတွင် ပညတ်တရားတော်အားဖြင့်ဖြစ်ပေါ်လာသည့်ထိတ်လန့်ဖွယ်ရာအမှုသည် မည်မျှပင်ကြီးမားနေစေကာမူ၊ ကျေးဇူးတော်အားဖြင့်ဖြစ်ပေါ်လာသည့် မြော်လင့်ခြင်းတရားသည် သာ၍ပင်ကြီးမားနေပါသည်။ အဘယ့်ကြောင့်ဆိုသော် "အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။" ကျေးဇူးတော်နှင့်ယှဉ်သော ဘုရားသခင်ပဋိညာဉ်တော်၏အကျိုန်သည် ခပ်သိမ်းသောအရာတို့၏အဓိကနေရာတွင်ရပ်တည်နေလျက်ရှိပြီး၊ စုံလင်သောဖြောင့်မတ်ခြင်းတရားနှင့် ပညတ်တော်နှင့်စပ်ဆိုင်သောအသက်ရှင်ခြင်းတရားတို့ကို ယေရှုခရစ်အားဖြင့် အာမခံထားပေးပါသည်။ ထို့ကြောင့် ပညတ်တော်သည် သေခြင်းတရားကိုသာ မိန့်မြွက်နေခဲ့သည်ဆိုသော်လည်း၊ ယုံကြည်သောသူတို့အဖို့ ဘုရားသခင်ပြုပေးတော်မူမည်ဟုကတိပြုထားသည့် ကြီးမားသောအရာများတို့ကိုသာ ပြသပေးသွားခဲ့ပါသည်။ ဇာတိပကတိစိတ်ကို အားကိုးခြင်းမပြုပဲ၊ ဘုရားသခင်ကို နံဝိညာဉ်နှင့်

ကိုးကွယ်မှုပြု၍ ယေရှုခရစ်၌ ဝမ်းမြောက်နေကြဖို့ရန် ထိုပညတ်တော်က ကျွန်ုပ်တို့အား သွန်သင်ပေးပါသည်။ "လူသည် မုန့်အားဖြင့်သာအသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်" ဆိုသည့်အချက်ကို မိမိလူများတို့အား သိရှိစေဖို့ရန်အတွက် ဘုရားသခင်သည် သူတို့အား သက်သေပြပေးခဲ့ပါသည်။

ထို့ကြောင့် ပညတ်တရားသည် အသက်ကိုမပေးစွမ်းနိုင်သော်လည်း၊ ဘုရားသခင်၏ကတိတော်များတို့နှင့် ဆန့်ကျင်ဘက်ဖြစ်မနေပါချေ။ ထိုသို့ဆန့်ကျင်မနေသည့်အပြင်၊ ထိုကတိတော်များတို့ကို မိုးကြိုးသံများထဲကပင် ထောက်ခံပေးခဲ့ပါသည်။ အကြောင်းမူကား၊ ဘုရားသခင်၏ မြဲမြံတည်ကြည်သောအကျိုန်တော်နှင့်ဆိုလျှင်၊ ပညတ်တော်၏အကြီးမားဆုံးသောတောင်းဆိုမှုသည် ယုံကြည်ခြင်းရှိသောသူတို့အဖို့ ကတိတော်၏ပြီးပြည့်စုံရာပင်ဖြစ်သည့်အတွက်ကြောင့်တည်း။ ထို့ကြောင့် "ခမည်းတော်၏ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို" ကျွန်ုပ်တို့အနေဖြင့် သိရှိနိုင်ကြဖို့ရန်အတွက် ယေရှုခရစ်တော်အနေဖြင့် ဤသို့သွန်သင်ပေးထားခဲ့ခြင်းဖြစ်သည်။

## ၃၁း ဣသရေလလူတို့၌ထားတော်မူသော ကတိတော်များ – သိနာတောင်နှင့် ဇိအုန်တောင် ယနေ့အတွက်သမ္မတရား၊ ဒီဇင်ဘာ ၃၊ ၁၈၉၆

“ထာဝရဘုရားသည် ကြီးမြတ်တော်မူ၏။ သန့်ရှင်းသောတောင်တော်ပေါ်မှာ ငါတို့ဘုရားသခင်၏ မြို့တော်တွင် အထူးသဖြင့် ထောမနာချီးမွမ်းခြင်းကို ခံထိုက်တော်မူ၏။ မြေကြီးတပြင်လုံးရွှင်လန်းရာ ဇိအုန်တောင်ထိပ်သည် အဆင်းလှပေ၏။ မြောက်မျက်နှာဘက်၌ မဟာမင်းကြီး၏ မြို့တော်သည်တည်၏။ ထိုမြို့၏ဘုံဗိမာန်တို့တွင် ဘုရားသခင်၌ ခိုလှုံရသည်ကို သိရ၏။” ဆာလံ ၄၈း ၁-၃။

ကောင်းကင်ဘုံတွင်ရှိသော ဘုရားသခင်၏ကျိန်းဝပ်တော်မူရာနေရာကြောင်းကို အထက်ပါကျမ်းချက်ဖြင့် ချီးမွမ်းသီဆိုပြထားပါသည်။ “ထာဝရဘုရားသည် သန့်ရှင်းသောဗိမာန်တော်၌ ရှိတော်မူ၏။ ထာဝရဘုရား၏ ပလ္လင်တော်သည် ကောင်းကင်ပေါ်မှာတည်၏။” (ဆာလံ ၁၁း၄)။ “ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာ ထိုင်နေတော်မူ” သော (ဟေဗြဲ ၁၁း၄) ယေရှုခရစ်ကိုရည်မှတ်လျက် ဘုရားသခင်မိန့်မြွက်တော်မူသည်ကား၊ “ငါ၏ရှင်ဘုရင်ကို သန့်ရှင်းသောဇိအုန်တောင်တော်ပေါ်မှာ၊ (သို့မဟုတ် ငါ၏သန့်ရှင်းခြင်းတောင်တည်းဟူသော ဇိအုန်တောင်ပေါ်မှာ)၊ ငါကိုယ်တိုင် ဘိသိက်ပေးပြီး။” ဆာလံ ၂း၆။

ဇိအုန်ရှင်ဘုရင်အရာ၌ခန့်အပ်ခြင်းခံရသူ ယေရှုခရစ်တော်သည် “မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်” မင်းတစ်ပါးလည်းဖြစ်နေပါသည်။ “အညွန့်အမည်ရှိသောသူ” ၏အကြောင်းကိုရည်မှတ်လျက် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုသူသည် “ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်ပြီးလျှင်၊ ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍၊ ထိုနှစ်ပါးတို့သည် မိဿဟာယပဋိညာဉ်ကို ဖွဲ့ကြလိမ့်မည်။” ဇာခရိ ၆း၁၂၊ ၁၃။ ထို့ကြောင့် ကောင်းကင်ဘုံတွင်ရှိသော မိမိအဘခမည်းတော်၏ပလ္လင်တော်ပေါ်တွင် ထိုင်လျက်နေတော်မူသည့်ထိုသခင်သည် “လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူ၏။” ဟေဗြဲ ၈း၂။

ဣသရေလလူမျိုးများတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်တော်မူခဲ့ရာတွင်၊ ဘုရားသခင်၏သန့်ရှင်းရာတောင်တော်တည်းဟူသော ဇိအုန်တောင်တော်သို့သော်၎င်း၊ မိမိကိန်းဝပ်တော်မူရာအရပ်တည်းဟူသော တဲတော်ရှိရာအရပ်သို့သော်၎င်း၊ ဘုရားသခင်သည် သူတို့ကို ဦးတည်ခေါ်ဆောင်သွားခဲ့ပါသည်။ ပင်လယ်နီကြီးအား ဘေးကင်းစွာဖြင့်ဖြတ်ကျော်သွားခဲ့ပြီးသောအခါတွင်၊ မောရှေသည် အားတက်ဖွယ်ရာစကားလုံးများဖြင့် သီကုံးထားသည့် ဤသီချင်းလေးတစ်ပုဒ်ကို သီဆိုခဲ့လိုက်ပါသည်။ “အို ထာဝရဘုရား၊ အမွေခံတော်မူရာတောင်တည်းဟူသော ကျိန်းဝပ်တော်မူဘို့ ဖန်ဆင်းတော်မူသောအရပ်ထဲသို့ ကိုယ်တော်၏လူတို့ကို သွင်းတော်မူလိမ့်မည်။ အိုထာဝရဘုရား၊ လက်တော်နှင့်တည်တော်မူသော သန့်ရှင်းရာဌာနတော်၌ နေရာချတော်မူလိမ့်မည်။” ထွက်မြောက်ရာကျမ်း ၁၅း၁၇။

သို့ရာတွင် ထိုသူတို့သည် ဇိအုန်တောင်သို့ ရောက်မသွားခဲ့ကြပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့သည် “ရဲရင့်ခြင်း၌၎င်း၊ မြော်လင့်ခြင်းနှင့်စပ်ဆိုင်သော ဝါကြွားဝမ်းမြောက်ခြင်း၌၎င်း၊ အဆုံးတိုင်အောင်တည်ကြည်” ခြင်းမရှိခဲ့ကြသည့်အတွက်ကြောင့်ဖြစ်သည်။ “သို့ဖြစ်၍၊ သူတို့သည် မယုံကြည်သောကြောင့်သာ မဝင်နိုင်သည်ကို ငါတို့သိမြင်ကြ၏။” သို့ရာတွင် သူတို့ကို ဘုရားသခင်စွန့်ပါယ်တော်မမူခဲ့ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ “ငါတို့သည်မယုံကြည်ကြသည့်တိုင်၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော်မမူနိုင်” သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် မောရှေမှတဆင့် ဣသရေလလူမျိုးတို့အား ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များတို့ကို အခြားသောဥစ္စာပစ္စည်းများတို့နှင့်အတူတကွ ဆောင်ယူလာခဲ့ကြပါရန် ညွှန်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ ထိုညွှန်ကြားချက်အပြီးတွင် အောက်ပါအတိုင်း ဆက်လက်မိန့်

ကြားထားတော်မူခဲ့ပါသည်။ "ငါသည် သင်တို့တွင် ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ။ ငါပြသမျှသော တဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီ လုပ်ရမည်။" ထွက်မြောက်ရာ ၂၅း၈၊ ၉။

ဤတဲတော်သည် "ထာဝရဘုရား ဆောက်တော်မူသောတဲတော်စစ်" မဟုတ်သည့် လူဆောက်သည့်တဲတော်သာဖြစ်သည်။ တဲတော်နှင့် တဲတော်တန်ဆာပလာတို့သည် "ကောင်းကင်ဘုံ၌ရှိသော အရာတို့၏ ပုံများ (ပုံတူများ)" သာဖြစ်ပါသည်။ ၎င်းတို့သည် "ကောင်းကင်အရာ" များ မဟုတ်ပါချေ။ ဟေဗြဲ ၉း၂၃။ ထိုတဲတော်သည် စစ်မှန်သောအရာ၏ အရိပ်တစ်ခုသာဖြစ်သည်။ အရိပ်အကြောင်းကို နောက်ပိုင်းသင်ခန်းစာများတွင် လေ့လာဆွေးနွေးသွားပါမည်။ သို့ရာတွင်၊ ပရောဖက်မြွက်ဆိုခဲ့သည့်စကားတစ်ခွန်းဖြစ်သည့်၊ "အမြင့်ဆုံးသော ဘုရားသည် လူတို့လက်ဖြင့်လုပ်သောဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။" ဆိုသည့်စကားကို နောက်ပိုင်းခေတ်ကာလအချိန်တွင်အသက်ရှင်ခဲ့သည့် သတေဖန်နှင့် ရှေးခေတ်ယုံကြည်သူဘိုးဘေးများတို့က နားလည်ထားခဲ့ကြပါသည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ "ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သောဗိမာန်ကိုငါ့အဘို့ တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါ့ကျိန်းဝပ်ရာအရပ်ဖြစ်မည်နည်း။" တမန်တော် ၇း၄၈၊ ၄၉။ ကြီးကျယ်ခမ်းနားသော မိမိ၏ဗိမာန်တော်ကြီးအား ဆက်ကပ်အပ်နှံခဲ့သည့်ပွဲတွင် ရှောလမုန်မင်းကြီးအနေဖြင့် ဤသို့မိန့်ကြားခဲ့လိုက်ပါသည်။ "သို့ရာတွင်ဘုရားသခင်သည် မြေကြီးပေါ်မှာ လူတို့တွင် ကေန်အမှန်ကျိန်းဝပ်တော်မူမည်လော။ ကောင်းကင်နှင့် ကောင်းကင်တကာတို့၏အထွဋ်၊ အမြင့်ဆုံးသော ကောင်းကင်သည်ကိုယ်တော်ကို မဆံ့မခံနိုင်သည်ဖြစ်၍၊ အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ်ရာရှိပါသနည်း။" ၂ရာဇဝင်ချုပ် ၆း၁၈။

လောကတဲတော် (သို့) လောကဗိမာန်တော်သည် ဘုရားသခင်ကျိန်းဝပ်တော်မူသော နေရာအစစ်အမှန်မဟုတ်ကြောင်း၊ ထိုတဲတော်သည် ပုံရိပ်တစ်ခုသာဖြစ်ကြောင်းကို ဘုရားသခင်၏ သစ္စာရှိသားသမီးများက နားလည်သဘောပေါက်ထားကြပါသည်။ ထို့နည်းတူစွာပင် ယင်းတဲတော်တွင်ပါရှိသည့် တန်ဆာပလာများတို့သည်လည်း ပုံရိပ်များသာဖြစ်ကြပါသည်။

ကောင်းကင်တွင်ရှိသော သန့်ရှင်းသောဗိမာန်တော်ထဲတွင် ဘုရားသခင်၏ပလ္လင်တော် တည်ရှိနေသည်နည်းတူပင်၊ မြေကြီးတွင်ရှိသော အရိပ်ပြဗိမာန်တော်ထဲတွင်လည်း ဘုရားသခင်၏ ကိုယ်စားပြုပလ္လင်တစ်ခု တည်ရှိနေခဲ့ပါသည်။ လူသားတို့၏လုပ်ဆောင်မှုသည် ဘုရားသခင်၏လုပ်ဆောင်မှုကို လိုက်မမှီနိုင်သည်နည်းတူပင် ထိုကိုယ်စားပြုပလ္လင်သည်လည်း အစစ်အမှန်ပလ္လင်ကို လိုက်မမှီခဲ့ပါချေ။ ထိုကိုယ်စားပြုပလ္လင်သည် လွန်စွာအားနည်းသော ပလ္လင်တစ်ခုဖြစ်သည်မှာ မှန်ပါပေသည်။ သို့ရာတွင် ထိုပလ္လင်၏ ရုပ်လုံးမှာမူ၊ အားနည်းသောရုပ်လုံးတစ်ခုမဟုတ်ခဲ့ပါချေ။ ဘုရားသခင်ပလ္လင်တော်၏ရုပ်လုံးကား ပညတ်တော်ကျောက်ပြားများကိုထည့်သွင်းထားသည့် သေတ္တာတော်ပင်ဖြစ်ပါသည်။ ဤအချက်ကို အချို့သောကျမ်းချက်များတွင် ဖေါ်ပြပေးသွားပါမည်။

ထွက်မြောက်ရာ ၂၅း၁၀-၂၂ တွင် သေတ္တာတော်အကြောင်းကိုပြည့်စုံစွာတင်ဆက်ထားပါသည်။ ထိုသေတ္တာတော်သည် သစ်သားသေတ္တာတစ်လုံးဖြစ်သည်။ သို့ရာတွင် သေတ္တာ၏အတွင်းအပြင်နှစ်ခုစလုံးကို ရွှေစင်ဖြင့်ပြန်ကွပ်ထားသည်။ ဘုရားသခင်ပေးတော်မူမည့် သက်သေခံ (ကျောက်ပြား) ကို သေတ္တာတော်ထဲတွင် ထည့်ထားဖို့ရန် မောရှေအား ဘုရားသခင် ညွှန်ကြားတော်မူခဲ့ပါသည်။ နောက်ပိုင်းတွင် ဤညွှန်ကြားချက်အတိုင်း မောရှေလုပ်ဆောင်ဖြစ်ခဲ့ပါသည်။ အရင်ပေးခဲ့သည့်ကျောက်ပြားနှစ်ပြားကို ကျိုးပဲ့သွားစေခဲ့သည့် ထိုသူတို့၏ရုပ်ထုကိုးကွယ်ခြင်းအကြောင်းနှင့်၊ ပညတ်တော်ပေးအပ်ခဲ့ပုံများအကြောင်းကို မောရှေက တ္တသရေလလူမျိုးများအား အောက်ပါအတိုင်း ပြန်လည်ပြောပြပေးခဲ့ပါသည်။

"ထိုအခါ ထာဝရဘုရားက၊ အရင်ကျောက်ပြားနှစ်ပြားနည်းတူ၊ ကျောက်ပြားနှစ်ပြားကို ခုတ်ဦးလော့။ ငါရှိရာသို့ တက်လာလော့။ သေတ္တာကိုလည်း လုပ်လော့။ သင်ချိုးဖဲ့သော အရင်ကျောက်ပြား၌ စကားပါသည်အတိုင်း၊ နောက်ကျောက်ပြားပေါ်မှာ ငါရေးထားဦးမည်။ သင်သည် ထိုကျောက်ပြားကို သေတ္တာထဲမှာ

ထားရမည်ဟု ငါ့အားမိန့်တော်မူ၏။ ငါသည်လည်း၊ အကာရှသစ်သားဖြင့် သေတ္တာကိုလုပ်၍၊ အရင်ကျောက် ပြားနည်းတူ ကျောက်ပြားနှစ်ပြားကိုခုတ်ပြီးမှ၊ ထိုကျောက်ပြားကို ကိုင်လျက် တောင်ပေါ်သို့ တက်လေ၏။ သင် တို့စည်းဝေးသောနေ့၌ ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲကမိန့်မြွက်တော်မူသော ပညတ်တော်ဆယ်ပါး တို့ကို၊ အရင်စာ၌လာသည်အတိုင်း၊ ထာဝရဘုရားသည်ရေးထား၍ ငါ့အားပေးတော်မူ၏။ ငါသည်လည်း လှည့်၍ တောင်ပေါ်ကဆင်းသဖြင့်၊ လုပ်ပြီးသောသေတ္တာထဲ၌ ထိုကျောက်ပြားကိုထား၍၊ ထာဝရဘုရားမှာထား တော်မူသည်အတိုင်း၊ ထိုသေတ္တာထဲ၌ ယခုရှိ၏။" တရားဟောရာကျမ်း ၁၀း၁-၅။

ယင်းသေတ္တာတော်၏အဖုံးကို "ကရုဏာပလ္လင်" ဟု ခေါ်ပါသည်။ ထိုအဖုံးကို ရွှေဖြင့်တစပ်တည်း ထုလုပ်ထားပြီး၊ အဖုံး၏အလျားတဖက်တချက်တွင် အရှုယ်ချင်း၊ သဏ္ဍာန်ခြင်းတူသည့် မိမိတို့၏အတောင်ကို ဖြန့်ထားလျက်ရှိသော ရွှေခေရုဗိမ်နှစ်ပါးရှိနေပါသည်။ "ခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာချင်းဆိုင်၍၊ သေတ္တာ ဖုံးကို ရှုလျက်၊" နေကြပါသည်။ မောရှေအား ထိုသို့ညွှန်ကြားပြီးသည်နောက်တွင် တဖန်ထပ်မံပြီး ညွှန်ကြားခဲ့ ပြန်သည်ကား၊ "သေတ္တာအဖုံးကို သေတ္တာပေါ်မှာတင်ရမည်။ ငါပေးသောသက်သေခံချက်ကိုလည်း သေတ္တာ ထဲမှာထားရမည်။" ဤညွှန်ကြားချက်များအတိုင်း မောရှေဆောင်ရွက်သွားခဲ့ကြောင်းကို ကျွန်ုပ်တို့လေ့လာ တွေ့ရှိခဲ့ရပါသည်။ "ထိုအရပ်၌ ငါသည် သင်နှင့်တွေ့၍၊ သက်သေခံချက်ထားသော သေတ္တာဖုံးအပေါ်၊ ခေရုဗိမ် နှစ်ပါးစပ်ကြားမှာ သင်နှင့်နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးသားတို့၌ ဆင့်ဆိုရာသမျှတို့ကို စီရင်မည်။" ထွက်မြောက်ရာကျမ်း ၂၅း၇-၂၂။

သူတို့အား "ခေရုဗိမ်နှစ်ပါးတို့စပ်ကြား" မှ မိန့်မြွက်နေတော်မူမည်ဟု ဘုရားသခင် မိန့်မှာသွားခဲ့ ပါသည်။ သို့ဖြစ်၍ ဆာလံ ၉၉း၁၊ ၂ တွင် ဤသို့ဖော်ပြပေးထားပါသည်။ "ထာဝရဘုရားသည် စိုးစံတော်မူ၏။ လူများတို့သည် တုန်လှုပ်ခြင်းရှိကြစေ။ ခေရုဗိမ်တွင် ကျိန်းဝပ်တော်မူ၏။ မြေကြီးသည် လှုပ်ရှားခြင်းရှိစေ။ ထာဝရဘုရားသည် ဇိအုန်တောင်မှာကြီးမြတ်တော်မူ၏။ လူများအပေါင်းတို့ထက် ချီးမြှောက်ခြင်းရှိတော်မူ၏။" လူတို့အား ဘုရားသခင်မိန့်မြွက်စကားဆိုသည့်နေရာတည်းဟူသော ထိုကရုဏာပလ္လင်တော်ပေါ်တွင် ခေရုဗိမ် တို့သည် လွှမ်းမိုးလျက်ရှိနေပါသည်။ ဤနေရာတွင် ကရုဏာ၏အဓိပ္ပါယ်မှာ ကျေးဇူးတော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် လောကတဲတော်တွင်ရှိသောကရုဏာပလ္လင်၌ "ကျေးဇူးတော်ပလ္လင်" ၏ပုံရိပ်ကို ကျွန်ုပ်တို့တွေ့မြင် ကြရခြင်းဖြစ်သည်။ "သနားခြင်းကရုဏာကိုငင်၊ တော်လျော်သောမစခြင်း ကျေးဇူးတော်ကိုငင် ခံရမည်အ ကြောင်း၊" ထိုကျေးဇူးတော်ပလ္လင်ရှိရာသို့ ရဲရင့်သောစိတ်နှင့်တိုးဝင်ချဉ်းကပ်လာကြဖို့ရန် ကျွန်ုပ်တို့အား တိုက်တွန်းထားပါသည်။ ဟေဗြဲ ၄း၁၆။

## ဘုရားသခင်၏အုပ်ချုပ်မှု အခြေခံအုတ်မြစ်

ကျောက်ပြားနှစ်ပြားပေါ်တွင်ရှိသော ပညတ်တော်ဆယ်ပါးသည် သေတ္တာ၏အထဲ၊ ကရုဏာပလ္လင် တော်၏အောက်တွင် ရှိနေခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် မိမိပလ္လင်နှင့် မိမိအုပ်ချုပ်ရေး၏ အခြေခံပင်ဖြစ်ကြောင်းကို ဤအချက်ကပြသပေးနေပါသည်။ ဤအချက်နှင့်လိုက်လျောညီထွေသည့်ဖော် ပြချက်တစ်ခုကို ဤသို့ဖော်ပြထားပေးပါသည်။ "ထာဝရဘုရားသည် စိုးစံတော်မူ၏။ မြေကြီးသည် ဝမ်း မြောက်၍၊ ကျွန်းများတို့သည်လည်း ရွှင်လန်းကြစေ။ မိုဃ်းတိမ်နှင့် မှောင်မိုက်တို့သည် ထာဝရဘုရား၏ ပတ် ဝန်းကျင်တို့၌ရှိကြ၏။ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏တည်ရာဖြစ်၏။" "တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်စွာ ဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏တည်ရာဖြစ်ပါ၏။ ကရုဏာနှင့် သစ္စာ သည် မျက်နှာတော်ရှေ့၌သွားကြပါ၏။" ဆာလံ ၉၇း၁၊၂၊ ၈၉း၁၄။

တဲတော်နှင့်တဲတော်ထဲတွင်ရှိသောအရာအားလုံးတို့ကို မောရှေအားဖော်ပြပေးခဲ့သည့်ပုံစံနှင့်အညီ ပြုလုပ်ရမည် ဆိုသည့်အချက်နှင့်၊ ထိုအရာတို့သည် "ကောင်းကင်ဘုံ၌ရှိသော အရာတို့၏ပုံများ" သာဖြစ်သည်

ဆိုသည့်အချက်တို့ကို ထောက်ရှုသောအားဖြင့်၊ ကျောက်ပြားနှစ်ပြားပေါ်တွင်ရှိသော ပညတ်တော်ဆယ်ပါး သည်၊ ကောင်းကင်ဘုံရှိ ဘုရားသခင်ပလ္လင်တော်စစ်၏အခြေခံအုတ်မြစ်တည်းဟူသော ပညတ်တော်အား ပြန်လည်ကူးယူထားသည့် တိကျမှန်ကန်သောမိတ္တူများပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိရပါသည်။ ဤအချက်က "ပညတ္တိကျမ်း၌ အငယ်ဆုံးသော ဗိန္ဒုတလုံးပျက်စီးလွယ်သည်ထက်၊ ကောင်းကင်နှင့်မြေကြီးပျက်စီးလွယ်၏။" ဆိုသည့်ကျမ်းချက်ကို ကျွန်ုပ်တို့အား ပိုမိုနားလည်သဘောပေါက်လာစေပါသည်။ လုကာ ၁၆း၁၇။ ဘုရားသခင်၏ပလ္လင်တော်တည်ရှိနေသ၍၊ သိနာတောင်တော်မှမိန့်တော်မူခဲ့သည့် ဘုရားသခင်၏ ပညတ်တော်သည်လည်း ပြောင်းလဲခြင်းမရှိ ဆက်လက်တည်ရှိနေရမည်ဖြစ်သည်။ "အမြိတကဲ (အခြေခံအုတ်မြစ်) တို့သည် ပျက်လျှင် ဖြောင့်မတ်သောသူသည် အဘယ်သို့ ပြုနိုင်သနည်း။" ဆာလံ ၁၁း၃။ ဘုရားသခင်ပလ္လင်တော်၏အခြေခံအုတ်မြစ်ကျောက်များတည်းဟူသော ပညတ်တော်ဆယ်ပါးတို့သည် ပျက်လျှင်၊ ထိုပလ္လင်သည်အလိုအလျောက်လဲပြိုသွားလိမ့်မည်ဖြစ်ပြီး ဖြောင့်မတ်သောသူတို့အဖို့ မျှော်လင့်ခြင်းတရားသည်လည်း ပျက်သုဉ်းသွားလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဤသို့သောဖြစ်ရပ်မျိုးအတွက် တွေးကြောက်နေဖို့မလိုပါချေ။ "ထာဝရဘုရားသည် သန့်ရှင်းသောဗိမာန်တော်၌ရှိတော်မူ၏။ ထာဝရဘုရား၏ ပလ္လင်တော်သည် ကောင်းကင်ပေါ်မှာတည်၏။" အဘယ့်ကြောင့်ဆိုသော် သူ၏နှုတ်ထွက်စကားတို့သည် ကောင်းကင်ဘုံတွင် အစဉ်အမြဲတည်နေသောကြောင့်ဖြစ်သည်။ "မလှုပ်သောအရာ" (မပြောင်းလဲတတ်သောအရာ) များထဲတွင် သူ၏နှုတ်ထွက်စကားတို့သည်လည်း တစ်ခုအပါအဝင်ဖြစ်နေပါသည်။

ပညတ်တော်နှင့် လုံးကွဲမိပ်တူစကားလုံးတစ်လုံးဖြစ်ပြီး၊ ထိုပညတ်တော်၏ ကြောက်မက်ဖွယ်ရာကောင်းသော ကြီးကျယ်ခမ်းနားမှုကိုရုပ်လုံးဖော်ပေးခဲ့သည့် သိနာတောင်သည် ဘုရားသခင်ပလ္လင်တော်၏ ကိုယ်စားပြုပလ္လင်တစ်ခုဖြစ်နေပါသည်။ အကယ်စင်စစ်၊ ထိုတောင်သည် ထိုခေတ်အချိန်ကာလအတွက် ဘုရားသခင်၏ပလ္လင်တော်တစ်ခုပင်ဖြစ်နေခဲ့ပါသည်။ မိမိ၏သန့်ရှင်းတော်မူသော ခပ်သိမ်းသောကောင်းကင်တမန်များနှင့်တကွ ဘုရားသခင်သည် ထိုတောင်ပေါ်တွင် တည်ရှိနေခဲ့ပါသည်။

သည့်ပြင်မက၊ သိနာတောင်တွင် ဖော်ပြခဲ့သည့်ကြောက်မက်ဖွယ်ရာမြင်ကွင်းများသည် ကောင်းကင်တွင်ရှိသော ဘုရားသခင်ပလ္လင်တော်၏ ကြောက်မက်ဖွယ်ရာမြင်ကွင်းနှင့် အတူတူပင်ဖြစ်သည်။ ကောင်းကင်တွင်ရှိသော ဘုရားသခင်၏ဗိမာန်တော်နှင့် ဘုရားသခင်စိုးစံတော်မူသောပလ္လင်တော်တို့ကို ရူပါရုံထဲတွင် ယောဟန်မြင်တွေ့ခဲ့ရပါသည်။ "ပလ္လင်တော်ထဲကလျှပ်စစ်ပြတ်၏။ စကားပြောသံ၊ မိုဃ်းကြိုးသံလည်း မြည်၏။" "တဖန်ကောင်းကင်ဘုံ၌ ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍၊ ဗိမာန်တော်ထဲမှာ ပဋိညာဉ်သေတ္တာတော် ထင်ရှားလေ၏။ လျှပ်စစ်ပြက်ခြင်း၊ အသံမြည်ခြင်း၊ မိုဃ်းချုပ်ခြင်း၊ မြေလှုပ်ခြင်း၊ အလုံးကြီးစွာသောမိုဃ်းသီးကျခြင်းဖြစ်ကြ၏။" "မီးသည် ရှေ့တော်၌သွား" လေ၏။

ဘုရားသခင်ပလ္လင်တော်၏ ကြောက်မက်ဖွယ်ရာမြင်ကွင်းသည် ပညတ်တော်၏ကြောက်မက်ဖွယ်ရာမြင်ကွင်းတည်းဟူသော သိနာတောင်တွင် ထင်ရှားခဲ့သည့် ကြောက်မက်ဖွယ်ရာမြင်ကွင်းနှင့် အတူတူပင်ဖြစ်သည်။ သို့ရာတွင်၊ ရဲရင့်စွာဖြင့် ကျွန်ုပ်တို့အနေနှင့် တိုးဝင်ချဉ်းကပ်သွားကြရမည့် "ကရုဏာပလ္လင်" ဆိုသည်မှာလည်း အထက်ဖော်ပြပါ ဘုရားသခင်၏ပလ္လင်တော်ပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ "မောရှေမူကား၊ ဘုရားသခင်ရှိတော်မူရာ ထူထပ်သောမှောင်မိုက်သို့ ချဉ်းကပ်လေ၏။" ထွက်မြောက်ရာ ၂၀း၂၁။ မောရှေတစ်ဦးတည်း ချဉ်းကပ်ခဲ့ခြင်း မဟုတ်ပါချေ။ "အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသောဣသရေလအမျိုး အသက်ကြီးသူ ခုနစ်ကျိပ်တို့သည်" လည်း ထိုတောင်ပေါ်သို့ တက်သွားခဲ့ကြပြီး၊ "ဣသရေလအမျိုး၏ ဘုရားသခင်ကို မြင်ကြ၏။ ခြေတော်အောက်၌နီလာကျောက်ဖြင့်ပြီးသော ကျောက်ခင်းကဲ့သို့၎င်း၊ ကြည်လင်သောကောင်းကင်မျက်နှာကဲ့သို့၎င်း ထင်လေ၏။ ဣသရေလအမျိုးသားမှူးမတ်တို့ကို အပြစ်ပေးတော်မမူ။ သူတို့သည် ဘုရားသခင်ကိုမြင်ရသော်လည်း၊ စားသောက်လျက်နေကြ၏။" ထွက်မြောက်ရာ ၂၄း၉-၁၁။ ထိုအဖြစ်အပျက်မျိုးသာမရှိခဲ့ဘူးဆိုလျှင်၊ လျှပ်စစ်၊ မိုးကြိုးနှင့် စကားပြောသံများထွက်ပေါ်လာရာ ကြောက်မက်

ဖွယ် ပလ္လင်တော်တည်းဟူသော ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ပြီး ထိုပလ္လင်တော်၌ကရုဏာတော်ကို ရှာတွေ့ကောင်းပါသည် ဆိုသည့် အပြုသဘောဆောင်သော သရုပ်ပြသွန်သင်မှုတစ်ခုကို ကျွန်ုပ်တို့အနေဖြင့်လည်း ရရှိနိုင်ကြလိမ့်မည်မဟုတ်ပါချေ။ ပညတ်တရားသည် အပြစ်ကိုထင်ရှားပွါးများစေပါသည်။ "သို့သော်လည်း အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။" လက်ဝါးကပ်တိုင်တော်သည် သိနာတောင်တွင်ရှိနေခဲ့ပါသည်။ သို့ဖြစ်၍ ဘုရားသခင်၏ကျေးဇူးပလ္လင်သည် ထိုနေရာ၌ပင် တည်ရှိနေခဲ့ပါသည်။

"ယေရှုခရစ်တော်၏အသွေးတော်" တမျိုးတည်းအားဖြင့်သာလျှင်၊ "ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်" ကို ရရှိနိုင်ကြသည် ဆိုသည့်အချက်ကို အောက်မေ့သတိရပါလေ။ ဟေဗြဲ ၁၀း၁၉။ <u>သိနာ</u>တောင်နားသို့ ပေါ့ပေါ့တန်တန်ဖြင့် (တနည်းအားဖြင့် - အခွင့်မရှိပဲ) ချဉ်းကပ်လာသောသူရှိသမျှတို့အတွက် သေခြင်းတရားသည် သေချာပေါက်တည်ရှိနေခဲ့သည့်နည်းတူ၊ ယေရှုခရစ်၏အသွေးတော်မပါပဲ ဘုရားသခင်ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ရန်ကြိုးစားနေသောသူများနှင့် အသွေးတော်မပါမရှိပဲ ထိုသခင်၏နာမတော်အကြောင်းကို ပြောဆိုနေကြသောသူများအတွက်လည်း သေခြင်းတရားသည် သေချာပေါက်တည်ရှိနေမည်ဖြစ်ပါသည်။ သို့ရာတွင် မောရှေနှင့်အခြားသောသူများတို့သည် သိနာတောင်ပေါ်တွင်ရှိသော ဘုရားသခင်ထံတော်သို့ချဉ်းကပ်သွားခဲ့ကြပါသည်။ ထူထပ်သောမှောင်မိုက်၏အတွင်းထဲသို့ပင်လျှင်ချဉ်းကပ်သွားခဲ့ကြပြီး၊ သူတို့ မသေဆုံးခဲ့ကြရပါချေ။ ဤနေရာတွင် ယေရှုခရစ်၏အသွေးတော်မြတ်က သူတို့အား ကယ်တင်ပေးခဲ့သည်မှာ သက်သေထင်ရှားနေပါသည်။ "ကျောက်သလင်းကဲ့သို့ကြည်လင်သောအသက်ရေစီးရာမြစ်" သည် "ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်ထဲက" ထွက်ပေါ်လာသည့်နည်းတူပင်၊ ခရစ်တော်ထံမှလာသော အသက်ရေသည်လည်း သိနာတောင်တွင် စီးဆင်းနေခဲ့ပါသည်။ ဗျာဒိတ် ၂၂း၁။

ပညတ်တော် အခြေချခဲ့သည့်နေရာနှင့် အခြေချနေသည့်နေရာတည်းဟူသော ခရစ်တော်၏နှလုံးတော်မှ ထို (အသက်) ရေသည် စီးထွက်လာပါသည်။ ခရစ်တော်သည် ဘုရားသခင်၏ဗိမာန်တော်ပင်ဖြစ်ပြီး၊ သူ၏နှလုံးသားသည် ဘုရားသခင်ကိန်းဝပ်တော်မူရာအရပ်ပင်ဖြစ်ပေသည်။ ဣသရေလလူများအတွက် အသက်ရေသည် သိနာတောင်ရှိ ခရစ်တော်ထံမှစီးထွက်လာခဲ့ပြီး၊ လောကကမ္ဘာတစ်ခုလုံး၏အသက်အတွက် လိုအပ်သည့် အသက်ရေတည်းဟူသော တညီတညွတ်တည်းဖြစ်သည့်အသွေးတော်နှင့် ရေတို့သည် ကရာနီတောင်ရှိ ခရစ်တော်၏နံဘေးတော်မှစီးထွက်လာခဲ့ပါသည်။ လူသားများအတွက် ဘုရားသခင်၏ညင်သာသောကရုဏာတော်နှင့် မေတ္တာတော်အကြောင်းတို့ကို ကရာနီတောင်ပေါ်ရှိလက်ဝါးကပ်တိုင်တော်က အထင်ရှားဆုံးဖြစ်အောင် ထုတ်ဖေါ်ပြသပေးနေသည်ဆိုသော်ငြားလည်း၊ ဘုရားသခင်ပလ္လင်တော်၏ကြောက်မက်ဖွယ်ရာမြင်ကွင်းတည်းဟူသော သိနာတောင်၏ကြောက်မက်ဖွယ်ရာမြင်ကွင်းများတို့သည် ထိုကရာနီတောင်ပေါ်ရှိလက်ဝါးကပ်တိုင်၌ပင် ထင်ရှားသွားခဲ့ပါသည်။ ထိုနေရာတွင် ထူထပ်သောမှောင်မိုက်နှင့် မြေငလျင်ကြီးတစ်ခု လှုပ်ခါသွားခဲ့ပါသည်။။ လူများတို့သည်လည်း ကြီးစွာသောစိုးရွံ့ထိတ်လန့်မှုများတို့ဖြင့် ပြည့်ဝနေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိ၏ပညတ်တော်ကိုချိုးဖေါက်ပစ်ခြင်း၏ ကြောက်မက်ဖွယ်ရာနောက်ဆက်တွဲအကျိုးရလဒ်ကို ဘုရားသခင်သည် ထိုနေရာ၌ ခင်းကျင်းပြသပေးတော်မူခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ပညတ်တရားသည် မတရားပြုသောသူတို့၌ ကြောက်မက်ဖွယ်ရာဖြစ်သည် ဆိုသည့်အချက်သည် ကရာနီတောင်တွင် ထင်ရှားခဲ့သည်နည်းတူပင်၊ သိနာတောင် (ခေါ်) ဘုရားသခင်ပလ္လင်တော်၏အလယ်ဗဟိုတွင်လည်း ထင်ရှားနေခဲ့ပါသည်။

ကောင်းကင်တွင်ရှိသောဗိမာန်တော်နှင့် ကြောက်မက်ဖွယ်ရာပလ္လင်တော်ကို ယောဟန်မြင်ရသောအခါတွင်၊ "အသေသတ်ပြီးသကဲ့သို့သော သိုးသငယ်" ကို သူသည် "ပလ္လင်တော်အလယ်၌" တွေ့မြင်ခဲ့ရပါသည်။ ဗျာဒိတ် ၅း၆။ ထို့ကြောင့် သိနာတောင်နှင့် ကရာနီတောင်တော်မှ အသက်ရေစီးထွက်လာခဲ့သည့်နည်းတူပင်၊ ဘုရားသခင်ပလ္လင်တော်၏အလယ်မှလာသော အသက်ရေစီးဆင်းရာမြစ်သည်လည်း ခရစ်တော်အထံတော်မှ စီးထွက်လာခဲ့ပါသည်။ သိနာတောင်၊ ကရာနီတောင်နှင့် ဇိအုန်တောင်တည်းဟူသော ဘုရား

သခင်၏သန့်ရှင်းသောတောင်သုံးတောင်တို့သည် ယုံကြည်ခြင်းအားဖြင့်မိမိတို့အထံတော်သို့ချဉ်းကပ်လာကြသောသူတို့၌ သဘောတညီတညွတ်တည်းရှိနေပါသည်။ ကြောက်မက်ဖွယ်ရာကောင်းပြီး၊ သေခြင်းတရားနှင့်စပ်ဆိုင်သော ဘုရားသခင်၏ပညတ်တော်သည် ချိုမြိန်လတ်ဆတ်သော အသက်ရေစီးဆင်းရာမြစ်တစ်စင်းအနေဖြင့် ကျွန်ုပ်တို့ထံသို့ စီးဆင်းနေပါသည်။ ထိုစီးဆင်းမှုအတွက် ကျွန်ုပ်တို့အနေဖြင့် အောက်ဖော်ပြပါသီချင်းလေးကို ညည်းဆိုနိုင်ကြပါသည်။

**"ဘုရားသခင်၏ ကရုဏာတော်သည်**
**ပင်လယ်ကြီးကဲ့သို့ ကျယ်ဝန်းပါသည်။**
**သူ၏သစ္စာတရားသည် သနားကြင်နာမှုနှင့်ပြည့်ဝပြီး**
**လွတ်မြောက်ခြင်းအခွင့်ထက် ပိုပါသည်။"**

## ၃၂။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ကတိတော်ပါသော ပဋိညာဥ်တရားများ ယနေ့အတွက်သမ္မာတရား၊ ဒီဇင်ဘာ ၁၀၊ ၁၈၉၆

“ထိုကြောင့်၊ လက်ဖြင့် ကိုယ်ကာယ၌ပြုသောဝေါဟာရအရေဖျားလှီးခြင်းကို ခံသောသူတို့ ခေါ်ဝေါ်သောအားဖြင့်၊ အရေဖျားလှီးခြင်းကိုမခံသောလူဟူ၍ ခေါ်ဝေါ်ကြသော သာသနာပလူတို့အထဲ၌ သင်တို့သည် အထက်ကပကတိအတိုင်းဖြစ်ကြသည်ကိုငင်း၊ ထိုအခါ သင်တို့သည် ခရစ်တော်ကိုမသိ၊ ဣသရေလအပေါင်း၌မဝင်၊ ကတိတော်ပါသော ပဋိညာဥ်တရားတို့နှင့်မဆိုင်၊ မြော်လင့်ခြင်းမရှိ၊ လောက၌ဘုရားမဲ့နေကြသည်ကိုငင်း၊ အောက်မေ့ကြလော့။” ဖေက် ၂း၁၁၊ ၁၂

အလွန်ရေပန်းစားနေသည့် အတွေးအခေါ်တစ်ခုရှိနေပါသည်။ ၎င်းမှာ၊ ဘုရားသခင်၌ ဂျူးလူမျိုးများအတွက် ပဋိညာဥ်တစ်ခုရှိပြီး၊ တပါးအမျိုးသား(သို့) သာသနာပလူများအတွက် အခြားပဋိညာဥ်တစ်ခုရှိနေသည်။ သာသနာပလူများလုံးဝမပါဝင်သည့် ဂျူးလူမျိုးတို့နှင့်ပဋိညာဥ်ပြုခဲ့သည့်အချိန်တစ်ချိန်ရှိခဲ့သည်။ သို့ရာတွင် ယခုအခါတွင် သာသနာပလူတို့နှင့်သာအဓိကသက်ဆိုင်သည့် အသစ်သောပဋိညာဥ်တစ်ခုကို ထပ်မံဖွဲ့ထားပေးတော်မူပါသည်။ ထို့ကြောင့် ဂျူးလူမျိုးများတို့သည် ပဋိညာဥ်ဟောင်း၏လက်အောက်တွင်ရှိနေကြပြီး၊ တပါးအမျိုးသားများ (ခေါ်) သာသနာပလူများတို့သည် အသစ်သောပဋိညာဥ်တရား၏ လက်အောက်တွင် ရှိနေကြသည်။ ဤအတွေးအခေါ်သည် ကြီးမားသောမှားယွင်းမှုကြီး တစ်ခုပင်ဖြစ်ကြောင်းကို အထက်ဖော်ပြပါ ကျမ်းပိုဒ်မှ လွယ်လင့်တကူတွေ့မြင်နိုင်ပါသည်။

အကယ်စင်စစ်၊ သာသနာပလူများအဖြစ်ရှိနေကြသော တပါးအမျိုးသားများတို့သည် ကတိတော်နှင့်စပ်ဆိုင်သော ဘုရားသခင်၏ပဋိညာဥ်များနှင့် မည်သည့်နည်းနှင့်မျှ မသက်ဆိုင်ကြပါချေ။ ထိုကတိတော်များတို့သည် ယေရှုခရစ်တော်၌သာ အမှန်တည်ရှိနေပါသည်။ “ထိုသခင်မှာ ဘုရားသခင်၏ ကတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ဟူ၍၎င်း၊ အာမင်ဟူ၍ ၎င်းဖြစ်သတည်း။” ၂ကော ၁း၂၀။ တပါးအမျိုးသားများတို့သည် ခရစ်တော်ကိုမသိသောသူများပင်ဖြစ်ပြီး၊ သူတို့သည် “ကတိတော်၌ပါသော ပဋိညာဥ်တရားတို့နှင့် မဆိုင်” ကြပါချေ။ မည်သည့်တပါးအမျိုးသားတစ်ဦးတစ်လေကမျှ ကတိတော်ပါသောပဋိညာဥ်တရားတစ်စုံတစ်ရာတို့နှင့် သက်ဆိုင်ခြင်းမရှိပါချေ။ သို့ရာတွင် ဆန္ဒရှိသောသူ မည်သူမဆို ခရစ်တော်ထံတော်သို့လာပြီး ကတိတော်များတို့ကို အတူတကွမျှဝေခံစားခွင့်ရှိပါသည်။ အကြောင်းမူကား “ငါ့ထံသို့လာသောသူကို ငါသည်အလျင်းမပယ်။” ဟု ခရစ်တော်က မိန့်ကြားထားတော်မူသောကြောင့်ဖြစ်သည်။ ယောဟန် ၆း၃၇။ သို့ဖြစ်၍၊ တပါးအမျိုးသားသည် ဘုရားသခင့်အထံတော်သို့လာသောအခါတွင်၊ သူသည်မည်သည့်နိုင်ငံသား မည်သည့်လူမျိုးပင်ဖြစ်စေကာမူ၊ ထိုသူသည် တပါးအမျိုးသားတစ်ဦးမဟုတ်တော့ပါချေ။ သူသည် “ဣသရေလအပေါင်း” အသင်းဝင်တစ်ဦး ဖြစ်လာပါသည်။

သို့ရာတွင် အမည်အားဖြင့်ဂျူးလူမျိုး၊ ဂျူးနိုင်ငံသားတစ်ဦးဖြစ်နေသည်ဆိုသော်လည်း ခရစ်တော်ကိုငြင်းပယ်သောသူတစ်ဦးဖြစ်နေလျှင် ထိုသူသည် တပါးအမျိုးသားနည်းတူပင် ဘုရားသခင်၏ကတိတော်တစ်စုံတစ်ရာကိုမျှ (သို့) ကတိတော်ပါသော ပဋိညာဥ်တရားတစ်စုံတစ်ရာကိုမျှ ပိုင်ဆိုင်ရသောအခွင့်မရှိနိုင်ပါချေ။ ဤအချက်ကိုပါ မှတ်သားထားပါ။ သို့ဖြစ်လျှင်၊ ကတိတော်များကို လက်ခံသောသူများမှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ထိုကတိတော်များတို့ကို ခံစားပိုင်ခွင့်မရှိဟု ဆိုရပေမည်။ ဂျူးလူမျိုးဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ “ခရစ်တော်ကိုမသိ” သောသူရှိရှိသမျှတို့သည်၊ “လောက၌ ဘုရားမဲ့နေကြ” သောသူများပင်ဖြစ်ကြပြီး၊ သူတို့သည် “ကတိတော်ပါသော ပဋိညာဥ်တရားတို့နှင့်မဆိုင်” သော၊ ဣသရေလအပေါင်း၌ မဝင်ကြသည့်သူများပင်ဖြစ်ကြပါသည်။ လူတစ်ယောက်အနေဖြင့် “ကတိတော်ပါသော ပဋိညာဥ်တို့” ၏အကျိုးကို ခံစားနိုင်ဖို့ရန်အတွက်နှင့်၊ “ဣသရေလအပေါင်း” အသင်းဝင်တစ်ဦးဖြစ်လာနိုင်ဖို့ရန်အ

တွက်ဆိုလျှင်၊ ထိုသူသည် ခရစ်တော်၌ တည်နေရပါမည်။ ဤအချက်ကို အထက်ဖော်ပြပါကျမ်းချက်တွင် သွန်သင်ပြပေးထားပါသည်။ "ဣသရေလလူစစ်" တစ်ဦးဖြစ်ခြင်းဆိုသည်မှာ ခရစ်ယာန်တစ်ဦးဖြစ်ခြင်းကိုသာ ဆိုလိုပါသည်။ ဤအချက်သည် မောရှေခေတ်တွင်အသက်ရှင်ခဲ့ကြသောသူများတို့အတွက် အမှန်တရားတစ်ခု ဖြစ်ခဲ့သည်နည်းတူပင်၊ ရှင်ပေါလုခေတ်အချိန်အခါ (သို့) ယကနေ့ခေတ်အချိန်အခါတွင်အသက်ရှင်နေကြသောသူများတို့အတွက်လည်း အမှန်တရားတစ်ခုပင်ဖြစ်နေပါသည်။

တစ်စုံတစ်ယောက်သောသူသည် ဤကဲ့သို့ မေးခွန်းထုတ်လာနိုင်ပါသည်။ "ဒီလိုဆို သိနာတောင်မှာဖွဲ့ခဲ့တဲပဋိညာဉ်ကရော။ ခရစ်ယာန်တွေက အဲဒီသိနာတောင်ပဋိညာဉ်ရဲ့လက်အောက်မှာပဲ ရှိနေတယ်လို့ ဆိုလိုချင်တာမျိုးလား။ ဒါမှမဟုတ် အဲဒီပဋိညာဉ်က ယနေ့ခရစ်ယာန်တွေ လက်အောက်ခံရောက်နေကြတဲ့ ပဋိညာဉ်နဲ့ ဂုဏ်ရည်ချင်းတူတယ်လို့ ပြောချင်တာလား။ အဲဒီပဋိညာဉ်က ပျက်သွားတဲ့ပဋိညာဉ်ဖြစ်တယ်လို့ ကျွန်ုပ်တို့ကို ပြောပြထားပေးပြီးသားမဟုတ်ဘူးလား။ ပျက်သွားတဲ့ ပဋိညာဉ်ဖြစ်တယ်ဆိုရင် အသက်ရှင်ခြင်းတရားနှင့် ကယ်တင်ခြင်းတရားကို အဲဒီပဋိညာဉ်အားဖြင့် ဘယ်လိုမျိုးရရှိလာနိုင်မှာလဲ။"

ဤမေးခွန်းများတို့သည် အလွန်အချက်ကျပြီး၊ လွယ်ကူစွာဖြင့် ပြန်လည်အဖြေပေးနိုင်မည့် မေးခွန်းများဖြစ်ပါသည်။ "ငါတို့ကို ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်၏ဘုန်းအသရေတော်" တည်းဟူသောကျေးဇူးတော်သည် သိနာတောင်၌ ပွါးများခဲ့ပါသည် ဆိုသည့်အချက်သည် ငြင်းဆိုဖွယ်ရာမရှိသော အချက်တစ်ချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် ထိုသိနာတောင်အရပ်တွင် မိမိ၏ ကျေးဇူးတော်၊ သစ္စာတော်များနှင့်တကွ တည်ရှိနေခဲ့သောကြောင့်ဖြစ်သည်။ ထိုနေရာတွင် ကရုဏာတော်နှင့် သစ္စာတော်တို့သည် အတူတူဆုံမိကြပြီး၊ ဖြောင့်မတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့သည် မြစ်တစ်စင်းအဖြစ်နှင့် စီးဆင်းသွားခဲ့ပါသည်။ ထိုနေရာ၌ ကရုဏာတရားနှင့် ငြိမ်သက်ခြင်းတရား တည်ရှိနေခဲ့ခြင်းအမှုသည် သိနာတောင်တွင်ဖွဲ့ခဲ့သည့်ပဋိညာဉ်တရားတော်၏ ကောင်းမှုကုသိုလ်ကြောင့်မဟုတ်ခဲ့ပါချေ။ ဣသရေလလူမျိုးများ စံစားနိုင်သည့်အရာဟူသမျှသည် ထိုတောင်တွင် တည်ရှိနေခဲ့သည် ဆိုသော်ငြားလည်း၊ ထိုပဋိညာဉ်တရားသည် သူတို့အဖို့ မည်သည့်အရာကိုမျှ ယူဆောင်မပေးနိုင်ခဲ့ပါချေ။

"ပထမ" နှင့် "ဒုတိယ" အနေဖြင့်သော်၎င်း၊ "အဟောင်း" နှင့် "အသစ်" အနေဖြင့်သော်၎င်း တစ်ခုနှင့်တစ်ခုဆက်စပ်နေလျက်ရှိသော ပဋိညာဉ်နှစ်ခုအား နှိုင်းယှဉ်ဖော်ပြချက်ကို ဟေဗြဲကျမ်းထဲတွင် ထည့်သွင်း ပြသထားပေးပါသည်။ ခရစ်တော်ကို ယဇ်ပုရောဟိတ်မင်းအနေဖြင့်သော်၎င်း၊ သူ၏ယဇ်ပုရောဟိတ်အရာနှင့် လူသားတို့၏ယဇ်ပုရောဟိတ်အရာတို့အား နှိုင်းယှဉ်ဖော်ပြချက်တို့ကိုသော်၎င်း၊ ထိုကျမ်းတွင်တင်ပြထားပါသည်။ လောကယဇ်ပုရောဟိတ်မင်းများထက်သာလွန်သည့် ကျွန်ုပ်တို့ယဇ်ပုရောဟိတ်မင်းကြီး၏ သာလွန်ထူးခြားသည့်အချက်တချို့တို့ကို အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

၁။ "ယေရှုမူကား၊ အကျိန်တော်မရှိဘဲ ယဇ်ပုရောဟိတ်အရာကိုမရ၊ ထာဝရဘုရားက သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍ နောက်တဖန် စိတ်ပြောင်းလဲခြင်းရှိတော် မမူသည်နှင့်အညီ၊ ယေရှုသည် အကျိန်တော်ကိုခံ၍ ယဇ်ပုရောဟိတ်အရာကိုရ၏။" ဟေဗြဲ ၇း၂၁။

၂။ လောကယဇ်ပုရောဟိတ်မင်းများတို့သည် အချိန်တိုယဇ်ပုရောဟိတ်များသာဖြစ်ခဲ့ကြပါသည်။ အကြောင်းမူကား၊ "ထိုသူတို့သည်လည်း သေရသောကြောင့် အစဉ်မတည်" ကြရပါချေ။ ထိုကြောင့် စဉ်ဆက်မပြတ်သောအပြောင်းအလဲများနှင့် ထိုယဇ်ပုရောဟိတ်အရာကိုတစ်ယောက်ပြီးတစ်ယောက်ဆက်ခံနေကြရသည့်အခြေအနေများကိုတွေ့ရသည်။ ခရစ်တော်မူကား "နိစ္စထာဝရတည်" တော်မူသောကြောင့် "မပြောင်းမလဲသော ယဇ်ပုရောဟိတ်အရာ" ကို သူ့အနေဖြင့်ရရှိထားခဲ့ပါသည်။ လောကယဇ်ပုရောဟိတ်များတို့သည် မိမိတို့အသက်ရှင်နေသမျှကာလပတ်လုံး ယဇ်ပုရောဟိတ်ရာထူးကိုဆက်လက်

ထမ်းဆောင်ခဲ့ကြသည်။ သို့ရာတွင် သူတို့သည် ကာလကြာရှည်စွာ အသက်မရှင်ခဲ့ကြပါချေ။ ခရစ်တော်သည်လည်း ယဇ်ပုရောဟိတ်ရာထူးကို မိမိအသက်ရှင်နေသမျှကာလပတ်လုံး ဆက်လက်ထမ်းရွက်သွားမည်ဖြစ်ပြီး၊ သူမူကား "ကမ္ဘာအဆက်ဆက်အသက်နှင့် ပြည့်စုံ" သောသူ ဖြစ်ပေသည်။

၃။ လေဝိယဇ်ပုရောဟိတ်များတို့သည် "ကိုယ်ခန္ဓာနှင့် စပ်ဆိုင်သောတရားအတိုင်း ခန့်ထား" ခြင်းခံထားကြရပါသည်။ သူတို့၏ယဇ်ပုရောဟိတ်အရာသည်ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သော အပြင်ပန်းယဇ်ပုရောဟိတ်အရာသာဖြစ်ပါသည်။ အပြစ်တရားကိုလည်း ၎င်း၏အပြင်ပန်းပေါ်လွင်ထင်ရှားမှုများအတိုင်းသာ စီရင်ပိုင်ခဲ့ကြသည်။ ထိုစီရင်မှုသည် ယခုအခါတွင်လည်းရှိမနေတော့ပါချေ။ ခရစ်တော်မူကား၊ အစဉ်ကယ်တင်ပေးနိုင်သော "ထာဝရအသက်၏ တန်ခိုးအာနုဘော်အတိုင်း ခန့်ထား" ခြင်းခံထားရသောယဇ်ပုရောဟိတ်မင်းကြီးတစ်ပါးဖြစ်ပါသည်။ သူသည် ဝိညာဉ်တော်အားဖြင့် ပညတ်တရားကိုစောင့်ကြပ်စီရင်သောသူပင်ဖြစ်ပါသည်။

၄။ သူတို့သည် လူလုပ်သောလောကတဲတော်၌သာ အမှုဆောင်ခဲ့ကြရပါသည်။ ခရစ်တော်မူကား၊ "ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာ ထိုင်နေတော်မူ၏။ လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူ၏။"

၅။ မိမိ၏ သေနိုင်သောအဖြစ်မှ ဖေါ်ပြပေးလိုက်သည့်အတိုင်းပင်၊ ထိုလောကယဇ်ပုရောဟိတ်များတို့သည် အပြစ်သားများပင်ဖြစ်ကြပါသည်။ ခရစ်တော်မူကား "သေခြင်းမှထမြောက်တော်မူ၍၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ တန်ခိုးနှင့်တကွ ဘုရားသခင်၏သားတော် ဖြစ်တော်မူ" ပါသည်။ (ရောမ ၁း၂-၄) ထို့ကြောင့် ထိုခရစ်တော်သည် "သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသောသူတို့နှင့်မဆက်ဆံ၊ ကောင်းကင်သားအပေါင်းတို့ထက် မြင့်မြတ်သောသူဖြစ်" တော်မူသည်။ ဟေဗြဲ ၇း၂၆။

ယခုအခါတွင် "ယေရှုမူကား သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံဖြစ်၏။" ဟေဗြဲ ၇း၂၂။ ခရစ်တော်နှင့် သူ၏ယဇ်ပုရောဟိတ်အရာသည် လေဝိယဇ်ပုရောဟိတ်များနှင့် သူတို့၏ယဇ်ပုရောဟိတ်အရာတို့ထက် သာ၍မြတ်တော်မူသည့်နည်းတူပင်၊ ခရစ်တော်အမှုဆောင်ခဲ့သည့် ပဋိညာဉ်သည်လည်း သိနာတောင်တွင်ပဋိညာဉ်ဖွဲ့ခဲ့သည့်အချိန်တွင်မှာမှ ယဇ်ပုရောဟိတ်အရာကို စတင်ရရှိခဲ့ကြသည့် လေဝိယဇ်ပုရောဟိတ်များတို့အမှုဆောင်ခဲ့ကြသည့် ပဋိညာဉ်ထက် သာ၍မြတ်ပါပေသည်။ ခရစ်တော်သည် လူသားတို့ထက် သာ၍မြတ်တော်မူသည့်နည်းတူ၊ ကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သည်နည်းတူ၊ ကောင်းကင်တွင်ရှိသောတဲတော်သည် မြေကြီးအရပ်တွင်ရှိသောတဲတော်ထက် သာ၍မြတ်သည်နည်းတူ၊ ဘုရားသခင်ပြုတော်မူသောအမှုသည် လူသားတို့ပြုသောအမှုများထက် သာ၍မြတ်သည်နည်းတူ၊ "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရား" တော်သည် "ကိုယ်ခန္ဓာနှင့် စပ်ဆိုင်သောတရား"ထက် သာ၍မြတ်သည်နည်းတူ၊ ထာဝရအသက်သည် "ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သော အခိုးအငွေ့" ကဲ့သို့သောအသက်ထက် သာ၍မြတ်သည်နည်းတူ၊ ဘုရားသခင်၏အကျိန်သည် လူ့စကားထက်သာ၍မြတ်သည်နည်းတူပင်၊ ယဇ်ပုရောဟိတ်မင်းကြီးအနေဖြင့် ခရစ်တော်အမှုဆောင်ခဲ့သော ပဋိညာဉ်သည်လည်း သိနာတောင်တော်မှ အစပြုခဲ့သည့် ပဋိညာဉ်ထက်သာ၍ မြတ်ပါပေသည်ဟု ပြောဆိုရပေလိမ့်မည်။

## ခြားနားချက်

ယခုအခါတွင် ကြီးမားသည့်ဤခြားနားချက်ကြီးအကြောင်းကို ဖော်ပြထားသည့်ကျမ်းကို ကျွန်ုပ်တို့ အနေဖြင့် ဖတ်ရှုသွားပါမည်။ "ထိုမှတပါး၊ ယေရှုသည် သာ၍မြတ်သော ကတိတော်တို့၌တည်သော၊ သာ၍မြတ်သောပဋိညာဉ်တရား၏ အာမခံဖြစ်သည်နှင့်အညီ၊ သာ၍မြတ်သောဝတ်ပြုခြင်းအခွင့်အရာကို ရ တော်မူ၏။ ပဌမပဋိညာဉ်တရားသည်၊ အပြစ်တင်ခွင့်မရှိသည် မှန်လျှင်၊ ဒုတိယပဋိညာဉ်တရား တည်ရသော အခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။ ပဌမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ မိန့်တော်မူ သည်ကား၊ ငါသည် ဤလူမျိုး၏ဘိုးဘေးတို့ကိုလက်ဆွဲ၍ အဲဂုတ္တုပြည်မှဆောင်သွားသောအခါ၊ သူတို့၌ ငါပေး သော ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါ ပေးသော အချိန်ကာလရောက်လိမ့်မည်။ အရင် ငါပေးဘူးသော ပဋိညာဉ်တရား၌ သူတို့သည် မတည်ကြ၊ ငါ သည်လည်း သူတို့ကို မကြည့်ရှုမပြုစုဘဲနေ၏။ နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့နှလုံး ပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့် မည်။ ထိုသူတို့ က၊ ထာဝရဘုရားကိုသိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကိုတယောက် ဆုံးမ သြဝါဒ မပေးရကြ၊ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင် ထိုသူအပေါင်း တို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူး ခြင်းများကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။" ဟေဗြဲ ၈း၆-၁၂။

အထက်ပါကျမ်းချက်ကို ဆင်ခြင်ပြီးဖတ်ရှုသွားသောစာဖတ်သူတစ်ဦးအနေဖြင့် အောက်ဖော်ပြပါအချက်များ တို့ကို ထင်ရှားစွာတွေ့မြင်ရပေလိမ့်မည်။

၁။ ပြုတော်မူခဲ့သည့် ပဋိညာဉ်နှစ်ခုစလုံးတို့သည် ဣသရေလလူများနှင့်သာ ပြုတော်မူခဲ့သည့်ပဋိညာဉ် ဖြစ်သည်။ ကျွန်ုပ်တို့တွေ့မြင်လာခဲ့ရသည့်အတိုင်းပင်၊ တပါးသောအမျိုးသားများတို့သည် "ကတိတော် ၌ပါသော ပဋိညာဉ်တရားတို့နှင့်မဆိုင်" ကြသောသူများဖြစ်ကြသည်။ သူတို့သည် ပဋိညာဉ်အဟောင်း နှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်မှုရှိမနေကြောင်းကို အမြဲလိုလိုထောက်ခံတင်ပြထားပါသည်။ သည့်ပြင် မက ထိုသူတို့သည် ပဋိညာဉ်အသစ်နှင့် ပို၍ပင်ဆက်စပ်မှုရှိမနေပါချေ။

၂။ ပဋိညာဉ်နှစ်ခုစလုံးတို့ကို "ဣသရေလအမျိုးသားတို့" နှင့် ဖွဲ့တော်မူခဲ့ပါသည်။ လူတစ်ယောက်နှစ် ယောက်နှင့် ဖွဲ့ခဲ့ခြင်းမဟုတ်၊ နှစ်ခြမ်းကွဲနေသည့်လူမျိုးနှင့်လည်းမဟုတ်။ ဣသရေလအမျိုးအားလုံး ပါဝင်သည့် "ဣသရေလအမျိုးသား၊ ယုဒအမျိုးသား" များတို့နှင့် ဖွဲ့ခဲ့ခြင်းဖြစ်သည်။ ပဌမပဋိညာဉ်ကို ဣသရေလလူမျိုးများ နှစ်ဖွဲ့ကွဲမသွားမီအချိန်က ဣသရေလအမျိုးသားအားလုံးတို့နှင့် ဖွဲ့ခဲ့ပါသည်။ ဒုတိယပဋိညာဉ်ကိုမူ၊ မိမိလူဣသရေလလူများတို့အား တပါးအမျိုးသားများထဲက ပြန်လည်သိမ်းယူပြီး လူမျိုးတမျိုးတည်းပြန်လည်ဖြစ်စေတော်မူမည့်အချိန်တည်းဟူသော "နောင်တဖန် သူတို့သည် လူနှစ် မျိုးမဖြစ်ရ၊ နှစ်တိုင်းနှစ်ပြည်ကွဲပြားလျက်မရှိရ။" တော့မည့်အချိန်ကာလတွင် ဖွဲ့တော်မူလိမ့်မည် ဖြစ်သည်။ ယေဇကျေလ ၃၇း၂၂၊ ၂၆။ သို့ဆိုရာတွင် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ အနေဖြင့်နောက်ထပ် လေ့လာသွားကြဦးမည်ဖြစ်ပါသည်။

၃။ ပဋိညာဉ်နှစ်ခုစလုံးတို့တွင် ကတိတော်များပါဝင်နေပြီး၊ ယင်းကတိတော်များတို့ကိုလည်း ထိုပဋိညာဉ်များတွင် တွေ့ရှိရပါသည်။

၄။ "အသစ်သောပဋိညာဉ်" သည် သိနာတောင်တွင် ပြုခဲ့သည့်ပဋိညာဉ်ထက် သာ၍မြတ်ပါသည်။

၅။ သာ၍မြတ်ရသည့်အကြောင်းကား၊ ထိုပဋိညာဉ်အသစ်တွင်တွေ့ရှိရသော ကတိတော်များတို့သည် သာ၍မြတ်သောကြောင့်ဖြစ်သည်။

၆။ ပဋိညာဉ်နှစ်ခုစလုံးတို့၏ အဆုံးသတ်ဦးတည်ချက်တို့သည် အတူတူပင်ဖြစ်ကြောင်းကို ယင်းပဋိညာဉ်တစ်ခုချင်းစီတွင်သုံးနှုန်းထားသည့် စကားလုံးအသုံးအနှုန်းများတို့ကို အချင်းချင်းပြန်လည်နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ပဋိညာဉ်ဟောင်းက "ငါ့စကားကို အမှန်နားထောင်လျှင်" ဟု သုံးနှုန်းထားပြီး၊

ပဋိညာဉ်သစ်က "ငါ့ပညတ်တို့ကို သူတို့ စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။" ဟု သုံးနှုန်းထားသည်။ ယင်းပဋိညာဉ်နှစ်ခုစလုံးတို့သည် ဘုရားသခင်၏တစ်ခုတည်းသော ပညတ်တော်ကိုသာ ရည်ညွှန်းပြနေပါသည်။ ပဋိညာဉ်နှစ်ခုစလုံးတွင် သန့်ရှင်းခြင်းနှင့်တကွ ထိုသန့်ရှင်းခြင်း၏ဆုလဒ်မင်္ဂလာများ တို့သည် အဓိကပါဝင်နေပါသည်။ သိနာတော်တွင်ဖွဲ့ခဲ့သည့်ပဋိညာဉ်တွင် ဣသရေလလူမျိုးတို့အား ဤသို့ပြောထားပါသည်။ "သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်။" ထွက်မြောက်ရာ ၁၉း၆။ ဘုရားသခင်ပိုင်ထိုက်တော်မူသောသူအစစ်အမှန်များမှာ၊ "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။" ၁ပေ ၂း၅၊ ၉။

သို့ရာတွင် သိနာတောင်တွင်ပြုတော်မူခဲ့သည့်ပဋိညာဉ်တွင်ပါရှိသော ကတိတော်များတို့ကို ဘယ်သောအခါတွင်မျှ နားမလည်နိုင်ခဲ့ကြပါချေ။ ထိုသို့ဖြစ်ရသည့်အဓိကအကြောင်းအရင်းမှာ၊ ထိုကတိများတို့ကို ချိုးဖျက်ခဲ့ကြသည့်အတွက်ကြောင့်ဖြစ်သည်။ ထိုပဋိညာဉ်တွင်ပါရှိသော ကတိပြုချက်များတို့သည် ဣသရေလလူများတွင်အပြည့်အဝအခြေခံထားသည့် ကတိပြုချက်များသာဖြစ်သည်။ ထိုသူတို့ ပြောဆိုခဲ့ကြသည်ကား၊ "ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်။" ထွက်မြောက်ရာ ၁၉း၈၊ ၂၄း၇။ မည်သည့်အရာတစ်စုံတစ်ခုကိုမျှ မိမိတို့ဘာသာ မလုပ်ဆောင်နိုင်ကြကြောင်းကို သူတို့အနေဖြင့် ထင်ရှားစွာတွေ့မြင်လာခဲ့ကြရပြီးဖြစ်သော်လည်း၊ ထိုသခင်၏ပညတ်တော်များကိုစောင့်ထိန်းကြပါမည်ဟု သူတို့ကတိပြုခဲ့ကြပါသည်။ "ဇာတိပကတိကြောင့် ပညတ်တရားသည် အားနည်း" လျက်ရှိသည်နည်းတူပင်၊ ပညတ်တရားကို စောင့်ထိန်းပါမည်ဆိုသည့် ထိုသူတို့၏ကတိစကားများတို့သည်လည်း အားနည်းလျက်ရှိနေခဲ့ပါသည်။ ရောမ ၈း၃။ ထိုပဋိညာဉ်တရား၏အားသာချက်မှာ ပညတ်တရား၏တစ်ခုတည်းသော အားသာချက်ပင်ဖြစ်ပါသည်။ ၎င်းမှာ သေခြင်းပင်ဖြစ်သည်။

## သိနာတောင်တွင် အဘယ့်ကြောင့်ပဋိညာဉ်ဖွဲ့ခဲ့ရပါသနည်း။

ထိုအခါတွင် အဘယ့်ကြောင့် ပဋိညာဉ်ဖွဲ့ခဲ့ရပါသနည်း။ အကြောင်းအရင်းကား၊ သိနာတောင်တွင် ပညတ်တော်ကိုမိန့်ကြားခဲ့ရသည့်အကြောင်းအရင်းနှင့် အတူတူပင်ဖြစ်သည်။ "လွန်ကျူးခြင်းအပြစ်ကြောင့်" ဖြစ်သည်။ "အရင် ငါပေးဘူးသော ပဋိညာဉ်တရား၌ သူတို့သည် မတည်ကြ" သောကြောင့်ဖြစ်သည်ဟု

ဘုရားသခင်မိန့်တော်မူ၏။ အာဗြဟံနှင့် ဘုရားသခင်ပြုတော်မူခဲ့သော "ထာဝရပဋိညာဉ်" တော်ကို ထိုသူတို့သည် အနည်းငယ်သာ တန်ဖိုးထားမြတ်နိုးခဲ့ကြသည့်အတွက်ကြောင့်၊ ထိုသူတို့အားဆန့်ကျင်သည့်သက်သေတစ်ခုအနေဖြင့် ဤပဋိညာဉ်ကို သူတို့နှင့်ဖွဲ့တော်မူခဲ့လိုက်ခြင်းဖြစ်သည်။

အာဗြဟံနှင့်ပြုတော်မူခဲ့သော ထို "ထာဝရပဋိညာဉ်" သည် ယုံကြည်ခြင်းနှင့် စပ်ဆိုင်သော ပဋိညာဉ်တစ်ခုဖြစ်သည်။ ထာဝရပဋိညာဉ်ဖြစ်တော်မူသောကြောင့် ဝင်ရောက်လာခဲ့သည့် ပညတ်တရားက ထိုပဋိညာဉ်ကို မဖျက်ပယ်နိုင်ခဲ့ပါချေ။ ဘုရားသခင်၏အကျိန်တော်အားဖြင့် ယင်းပဋိညာဉ်ကို အာမခံထားသည့်အတွက်ကြောင့်၊ ပညတ်တရားသည် ထိုပဋိညာဉ်တော်သို့ မည်သည့်အရာကိုမျှ ထပ်ပြီးပေါင်းထည့်လို့မရနိုင်ခဲ့ပါချေ။ ပညတ်တရားသည် ထိုပဋိညာဉ်တော်တရား၌ မည်သည့်အရာကိုမျှ ပေါင်းထည့်ခြင်းမပြု၊ ယင်းပဋိညာဉ်တွင်ပါရှိသောကတိတော်များတို့ကိုလည်း ဆန့်ကျင်ထားခြင်းမရှိသည့်အတွက်ကြောင့်၊ ထိုပဋိညာဉ်နှင့်စပ်ဆိုင်သကတိတော်များထဲတွင် ပညတ်တော်သည်ပါဝင်နေခဲ့သည်မှာ ထင်ရှားပါသည်။ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ဘုရားသခင်၏ပဋိညာဉ်တော်က အာဗြဟံနှင့်သူ၏အမျိုးအနွယ်အား ယုံကြည်ခြင်းအားဖြင့်ရသော ပညတ်တရား၏ဖြောင့်မတ်ခြင်းတရားကို အာမခံထားပေးပါသည်။ အကျင့်အားဖြင့်မဟုတ်ပါ၊ ယုံကြည်ခြင်းအားဖြင့်သာဖြစ်ပါသည်။

အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်တော်သည် လူမျိုးနွယ်ခပ်သိမ်း၊ "(လောကတွင်ရှိကြကုန်သော) လူမျိုးအပေါင်း" တို့အား လွှမ်းခြုံထားသည့်တိုင်အောင် ယင်းပဋိညာဉ်တော်၏နယ်ပယ်သည် ကြီးမားကျယ်ပြန့်မှုရှိနေလေသည်။ ထိုပဋိညာဉ်သည် ဘုရားသခင်၏အကျိန်တော်အားဖြင့် ထောက်ပံ့ထားသောပဋိညာဉ်ပင်ဖြစ်ပေသည်။ ယင်းပဋိညာဉ်၏အာမခံတည်းဟူသော ယေရှုခရစ်အထံတော်သို့ တိုးဝင်ချဉ်းကပ်လာကြရာတွင်၊ ကျွန်ုပ်တို့သည် ထိုအကျိန်တော်အားဖြင့် မျှော်လင့်ချက်နှင့် စိတ်ချစရာများတို့ရရှိပိုင်ဆိုင်ကြရပါသည်။ မည်သူမဆို ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ထိုပဋိညာဉ်၏ကုသိုလ်ကောင်းမှုတစ်မျိုးတည်းအားဖြင့်သာ လက်ခံရရှိနေကြပါသည်။ အကြောင်းမူကား၊ ခရစ်တော်၏ကပ်တိုင်တော်သည် အာဗြဟံခံရသောကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့ထံသို့ ဆောင်ယူလာပေးသောကြောင့်ဖြစ်သည်။

ထိုပဋိညာဉ်တစ်ခုလုံးသည် ယုံကြည်ခြင်းနှင့်သာသက်ဆိုင်ပါသည်။ ထို့ကြောင့် ထိုပဋိညာဉ်က ကယ်တင်ခြင်းအတွက် အာမခံပေးနိုင်ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။" ကယ်တင်ခြင်းသည် ဘုရားသခင်၌သာ လုံးလုံးမူတည်နေတော်မူသည်။ လူသားတို့၌ တည်နေတော်မမူပါ ဆိုသည့်အချက်ကို အာဗြဟံ၏သမိုင်းပုံပြင်က အလွန်တိကျပြတ်သားစွာဖြင့် တင်ပြပေးထားပါသည်။ "တန်ခိုးသည် ဘုရားသခင်၌ရှိ" (ဆာလံ ၆၂း၁၁) တော်မူပြီး၊ ဧဝံဂေလိတရားသည် "ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော် ဖြစ်၏။" ဘုရားသခင်၏ကတိတော်များတို့ကို တစ်ပါးတည်းသောဘုရားသခင်ကိုယ်တော်တိုင်ကသာလျှင် ပြီးပြည့်စုံစေနိုင်ပါသည် ဆိုသည့်အချက်ကို အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏အဖြစ်အပျက်များက ကျွန်ုပ်တို့အား ထောက်ပြနေပါသည်။ ထိုသူတို့သည် မိမိတို့၏ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အစွမ်းတန်ခိုးများအားဖြင့် မည်သည့်အရာကိုမျှ မရရှိခဲ့ကြပါချေ။ ခပ်သိမ်းသောအရာတို့သည် ဘုရားသခင့်အထံတော်မှလာသော ဆုလက်ဆောင်များသာဖြစ်သည်။ ဘုရားသခင်သည် သူတို့ကိုပဲ့ပြင်တော်မူခဲ့ပြီး၊ သူတို့အား ကွယ်ကာတော်မူခဲ့ပါသည်။

ဣသရေလသားသမီးများတို့ကို အဲဂုတ္တုပြည်မှသည် ခါနန်ပြည်သို့ပို့ဆောင်တော်မူခဲ့ခြင်းအဖြစ်အပျက်တွင် ဤအမှန်တရားသည် အပေါ်လွင်အထင်ရှားဆုံးသောအမှန်တရားတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရားသခင်က မိမိကိုယ်ကို "ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရား" အနေဖြင့် သူတို့အား မိတ်ဆက်ပေးခဲ့သည်။ (ထွက်မြောက်ရာ ၃း၁၅)။ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် မိမိ၏ပဋိ

ညာဉ်တော်ကို ပြည့်စုံစေတော်မူသည့်အနေဖြင့် မိမိသည် သူတို့အားကယ်နှုတ်တော့မည်ဖြစ်ကြောင်းကို သူတို့အားအသိပေးဖို့ရန်အတွက် ဘုရားသခင်သည် မောရှေကို တာဝန်ပေးအပ်ခဲ့သည်။ ဘုရားသခင်သည် မောရှေ၌ ဗျာဒိတ်ထားတော်မူသည်ကား၊

"ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား၊ အနန္တတန်ခိုးရှင်၊ ဘုရားသခင်နာမနှင့် ထင်ရှားသော်လည်း၊ ထာဝရဘုရားနာမအားဖြင့် သူတို့သည် ငါ့ကိုမသိကြ။ သူတို့သည် အရပ်ရပ်လည်၍၊ ဧည့်သည်နေရာပြည်၊ ခါနာန်ပြည်ကို သူတို့အားပေးခြင်းငှါ၊ သူတို့နှင့်ငါပြုသောပဋိညာဉ်ကို ငါတည်စေပြီ။ အဲဂုတ္တုလူတို့တွင် အစေကျွန်ခံစေသော ဣသရေလအမျိုးသားတို့၏ ညည်းတွားမြည်တမ်းခြင်း အသံကို ငါကြားရပြီ။ ငါပဋိညာဉ်ကိုလည်း ငါအောက်မေ့၏။ ထိုကြောင့် ဣသရေလအမျိုးသားတို့အား ပြောရသောစကားဟူမူကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်၍၊ သူတို့၏ ညှဥ်းဆဲခြင်းထဲက နှုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသောဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ငါသည်သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်သော သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြလိမ့်မည်။ ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အားပေးမည်ဟု ကျိန်ဆိုသောပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဘို့ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။" ထွက်မြောက်ရာကျမ်း ၆း၂-၈။

သိနာတောင်၌ ပဋိညာဉ်ဖွဲ့တော်မမူမီတွင် မိန့်တော်မူခဲ့သည့် ဘုရားသခင်၏နှုတ်ထွက်စကားကို ယခုအခါတွင် တဖန်ပြန်ပြီးဖတ်ကြည့်လိုက်ပါ။

"ဣသရေလသားတို့အား ပြန်ပြောရသော အမိန့်တော်ဟူမူကား၊ ငါသည် အဲဂုတ္တုလူတို့၌ ပြုသော အကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဖို့သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထိုကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကိုအမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်။" ထွက်မြောက်ရာ ၁၉း၃-၆။

ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို ထိုသူတို့အဖို့ မိမိကိုယ်တော်တိုင် ပြုလုပ်ပေးတော်မူခဲ့ပါသည် ဆိုသည့်အချက်အပေါ် ဘုရားသခင်အနေဖြင့် မည်သို့မှတ်ယူတော်မူခဲ့သည့်အကြောင်းကို မှတ်သားပါ။ ဘုရားသခင်သည် အဲဂုတ္တုလူတို့၏လက်မှ သူတို့ကိုကယ်နှုတ်တော်မူခဲ့ပြီး၊ သူတို့ကို မိမိအထံတော်သို့ ယူဆောင်လာခဲ့ပါသည်။ ဤအချက်ကို သူတို့အနေဖြင့် အဆက်မပြတ်မေ့လျော့နေခဲ့ကြပါသည်။ ထိုသို့မေ့လျော့နေကြသည်အကြောင်းကို သူတို့၏ ညည်းညူမြည်တမ်းသောစကားသံများက ထောက်ပြနေပါသည်။ အကယ်စင်စစ် ဘုရားသခင်သည် သူတို့နှင့်အတူရှိသည်၊ မရှိသည်ကို စုံစမ်းမှုပြုခဲ့ကြသည်အထိတိုင်အောင် ထိုသူတို့သည်အစွန်းရောက်သွားခဲ့ကြပါသည်။ မိမိတို့သည် ဘုရားသခင်ထက် အရာရာကိုပိုမိုစီမံခန့်ခွဲနိုင်ကြသည် ဆိုသည့်အတွေးအခေါ်တစ်ခုသည် မိမိတို့တွင် ရှိနေသည်အကြောင်းကို ထိုသူတို့၏ ညည်းညူမြည်တမ်းသောစကားသံများက ထောက်ပြပေးနေပါသည်။ ပင်လယ်နီသို့ရောက်သော တောင်နားလမ်းအားဖြင့် သော်၎င်း၊ စားစရာ သောက်စရာမရှိသော တောထဲသို့သော်၎င်း ဘုရားသခင်သည် သူတို့ကို ပို့ဆောင်လာခဲ့ပြီး၊ အချိန်အခါတိုင်းတွင် သူတို့လိုချင်သောအရာများတို့ကို အံ့ဖွယ်ရာအမှုများနှင့်တကွ ထောက်ပံ့ပေးခဲ့ပါသည်။ ထိုသို့ထောက်ပံ့ပေးခဲ့သည့်အကြောင်းကား၊ မိမိတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်တစ်ခုတည်းအားဖြင့်သာ အသက်ရှင်နိုင်ကြပါသည် ဆိုသည့်အချက်ကို သူတို့အား နားလည်သဘောပေါက်စေဖို့ရန်ဖြစ်သည်။ တရားဟောရာကျမ်း ၈း၃။

အာဗြဟံနှင့် ဘုရားသခင်ပြုတော်မူခဲ့သည့် ပဋိညာဉ်သည် ယုံကြည်ကိုးစားခြင်းအပေါ်တွင် အခြေခံလျက်ရှိပါသည်။ "အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူသည်။" ထို့ကြောင့် ထိုပဋိညာဉ်ကို ပြည့်စုံစေသည့်အနေဖြင့် ဘုရားသခင်သည် ဣသရေလလူမျိုးများတို့အား အချုပ်အနှောင်မှကယ်နှုတ်သောအခါတွင်၊ သူတို့အဖို့ပြုတော်မူခဲ့သောအရာများတို့ကို ဘုရားသခင်က၊ မိမိအားကိုးစားတတ်လာဖို့ရန်အတွက် သူတို့အား သွန်သင်ပေးသည့်အရာများအနေဖြင့် မှတ်ယူတော်မူခဲ့သည်။ ထိုသို့သောအားဖြင့် ထိုသူတို့သည် သမ္မာတရား၌တည်သော ပဋိညာဉ်၏သားသမီးများ ဖြစ်လာကြဖို့ရန်ဖြစ်သည်။

## ကိုးစားယုံကြည်ခြင်း သင်ခန်းစာ

ဣသရေလလူမျိုးတို့၏ တုန့်ပြန်မှုသည် မိမိတို့ကိုယ်ကိုမိမိယုံကြည်စိတ်ချသော တုန့်ပြန်မှုမျိုးဖြစ်သည်။ ဆာလံ ၁၀၆ တွင်ဖော်ပြထားသော ထိုသူတို့၏မယုံကြည်မကိုးစားခြင်းမှတ်တမ်းကို ဖတ်ရှုပါ။ ပင်လယ်နီတွင်သော်၎င်း၊ မန္နမုန့်ချပေးတော်မူခဲ့ရာတွင်သော်၎င်း၊ မေရိဘစမ်းရေတွင်း၌သော်၎င်း ဘုရားသခင်သည် သူတို့အား စစ်ဆေးစမ်းသပ်တော်မူခဲ့သည်။ နေရာတိုင်းနေရာတိုင်းတွင် ထိုသူတို့သည် ဘုရားသခင်ကို ပြည့်ပြည့်ဝဝယုံကြည်ကိုးစားခြင်း မရှိခဲ့ကြပါချေ။ ယခုအခါတွင် ပညတ်တော်ကိုပေးအပ်တော်မူခြင်းအားဖြင့် သူတို့အား တဖန်ထပ်မံစုံစမ်းခဲ့ပြန်ပါသည်။ ကျွန်ုပ်တို့လေ့လာခဲ့ရသည့်အတိုင်းပင်၊ လူသားများအနေနှင့် ပညတ်တော်အားဖြင့် ဖြောင့်မတ်ခြင်းတရားကိုရရှိဖို့ ကြိုးစားလုပ်ဆောင်ခြင်းမျိုး (သို့) ထိုသို့ကြိုးစားလုပ်ဆောင်ရန်ဖြစ်နိုင်သည်ဟု တွေးထင်နေခြင်းမျိုးကို ဘုရားသခင်သည် ဘယ်အခါတွင်မျှလိုလားတော်မမူခဲ့ပါချေ။ ပညတ်တရားသည် အလုံးစုံသောလူသားများတို့၏ကြိုးစားအားထုတ်မှုအားဖြင့် လက်လှမ်းမှီနိုင်သည့်နေရာ၏ တဖက်အလွန်တွင် တည်ရှိနေပါသည် ဆိုသည့်သင်ခန်းစာတစ်ခုကို ဣသရေလလူများရော ကျွန်ုပ်တို့ပါ သင်ယူမိကြဖို့ရန် ဘုရားသခင်ရည်ရွယ်တော်မူခဲ့ပါသည်။ ပညတ်တော်တို့ကိုစောင့်ထိန်းခြင်းအမှုသည် ဘုရားသခင်ကတိထားတော်မူသောကယ်တင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာတစ်ခုပင်ဖြစ်သည့်အတွက်ကြောင့်၊ ဘုရားသခင်သည် ထိုပညတ်တော်ကို ကျွန်ုပ်တို့၏အထဲတွင် မိမိကိုယ်တော်တိုင်ပြည့်စုံစေတော်မူပေလိမ့်မည်။ ဤအချက်ကို ကျွန်ုပ်တို့နားလည်ထားဖို့ရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ ဤသည်မှာ ဘုရားသခင်၏နှုတ်ထွက်စကားပင်ဖြစ်ပေသည် - "ငါ၏လူစု၊ နားထောင်လော့။ ငါမှာထားမည်။ အိုဣသရေလအမျိုး၊ သင်သည် ငါ့စကားကိုနားထောင်ပါစေသော။ သင်၌ တပါးအမျိုး၏ ဘုရားမရှိရ။ တကျွန်းတနိုင်ငံဘုရားကို မကိုးကွယ်ရ။" ဆာလံ ၈၁း၈၊၉။ "နှုးညွတ်သောနားနှင့် ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။" ဟေရှာယ ၅၅း၃။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်သည် လာဇရုကိုဂူသင်္ချိုင်းထဲမှ ထုတ်ဆောင်တော်မူခဲ့သကဲ့ပင်၊ အသက်ဝိညာဉ်ကိုလည်း အပြစ်တရား၏သေခြင်းမှသည် ဖြောင့်မတ်ခြင်းနှင့်ယှဉ်သောအသက်ရှင်ခြင်းသို့ ပြောင်းလဲသွားစေပါသည်။

အခြားသောပဋိညာဉ်တစ်ခုကို ထပ်မံဖွဲ့တော်မူခဲ့ပါသည် ဆိုသည့်အရိပ်အရောင်မျိုး ဘာတစ်ခုမျှမရှိသည်အကြောင်းကို ထွက်မြောက်ရာ ၁၉း၁-၆ အား ဂရုတစိုက်ဖတ်ရှုသောအခါတွင် တွေ့ရှိရပေလိမ့်မည်။ အကယ်စင်စစ်၊ ထိုသို့သောအရိပ်အရောင်မျိုးနှင့် ဆန့်ကျင်ဘက်ဖြစ်သော သက်သေအထောက်အထားကိုသာ တွေ့ရှိရပေမည်။ အချိန်အကြာကြီးကတည်းက အာဗြဟံအားပေးတော်မူခဲ့သည့်ပဋိညာဉ်တည်းဟူသော မိမိ၏ပဋိညာဉ်တော်ကို ဘုရားသခင်သည် ပြန်လည်ရည်ညွှန်းလျက်၊ ထိုပဋိညာဉ်တော်အား စောင့်ထိန်းကြဖို့ရန်အတွက် သူတို့အား တိုက်တွန်းနှိုးဆော်တော်မူခဲ့ပြီး၊ ထိုသို့စောင့်ထိန်းကြခြင်းဖြင့် ရရှိလာမည့်အကျိုးရလဒ်ကိုလည်း သူတို့အားပြောပြပေးခဲ့ပါသည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်းပင်၊ အာဗြဟံနှင့်ဖွဲ့ခဲ့သော ပဋိညာဉ်သည် ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောပဋိညာဉ်တစ်ခုပင်ဖြစ်ပြီး၊ ယုံကြည်ခြင်းတရားကိုစောင့်ထိန်းခြင်း

အားဖြင့် သူတို့သည် ထိုပဋိညာဉ်ကို အလွယ်တကူစောင့်ထိန်းနိုင်ပါသည်။ မိမိနှင့်အတူတကွ အခြားသောပဋိ ညာဉ်တစ်ခုထဲသို့ ဝင်ရောက်လာဖို့ရန် ဘုရားသခင်သည် သူတို့အား တောင်းဆိုခြင်းမပြုခဲ့ပါချေ။ အချိန်ကြာ မြင့်စွာကတည်းက ဘိုးဘေးများတို့အားပေးထားတော်မူခဲ့သည့် ငြိမ်သက်ခြင်းနှင့်ယှဉ်သောမိမိ၏ပဋိညာဉ် တရားတော်အား လက်ခံရယူကြဖို့ရန်အတွက်ကိုသာ သူတို့အား ဘုရားသခင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထိုအခါ ဣသရေလလူမျိုးများက "သို့ဖြစ်လျှင်၊ အိုဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်၏အလို တော်အတိုင်းသာဖြစ်စေတော်မူပါ။" ဟု ပြန်လည်တုန့်ပြန်ဖြေကြားသင့်ပါသည်။ သို့ရာတွင် ထိုသို့သောအဖြေ မျိုးနှင့်ဆန့်ကျင်လျက် သူတို့ဖြေကြားခဲ့သည်ကား၊ "ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြု ပါမည်။" ပညတ်တော်အား မိန့်မြွက်တော်မူသောအသံကို ကြားခဲ့ရပြီးသည့်အခါတွင်ပင်လျှင် ထိုသူတို့သည် မိမိတို့၏ထိုကတိစကားကို လေးနက်စွာဖြင့် တဖန်ထပ်မံလျှောက်ကြားခဲ့ကြပြန်သည်။ ခရစ်တော်အား "ဘုရား သခင်၏ အလိုတော်နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ ပြုရပါမည်နည်း။" ဟု မေးလာခဲ့သည့် ထို သူတို့၏ သားစဉ်မြေးဆက်များတို့အား ထိုကဲ့သို့သောမေးခွန်းမျိုးကိုမေးထွက်လာစေခဲ့သည့်အရာကား သူ တို့၌ရှိထားခဲ့ကြသည့် မိမိကိုယ်ကိုယုံကြည်အားထားသောစိတ်သဘောထားပင် ဖြစ်သည်။ သေခြင်းကိုမ လွဲရှောင်နိုင်သောလူသားများက ဘုရားသခင်၏အလုပ်ကိုလုပ်ဆောင်နိုင်ကြမည်ဟု မှတ်ယူနေသည့်အဖြစ်ကို စဉ်းစားသုံးသပ်ကြည့်ပါလေ။ ခရစ်တော်ပြန်လည်ဖြေကြားခဲ့သည်ကား၊ "ဘုရားသခင်စေလွှတ်တော်မူသော သူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့် ညီသောအကျင့်တည်း။" သို့ဆိုရာတွင် ထိုစကားသည်၊ သိနာ တောတွင် ပညတ်တော်ကိုပေးအပ်တော်မူပြီး၊ ပဋိညာဉ်ကိုကိုဖွဲ့တော်မူခဲ့သည့်အချိန်တွင်လည်း တည်ရှိနေခဲ့ပါ သည်။

ဘုရားသခင်၏အလုပ်ကိုဝင်ရောက်လုပ်ဆောင်ဖို့ရန် တာဝန်ယူလိုက်ကြရာတွင်၊ ထိုသူတို့သည် ထိုသခင်၏ကြီးမြတ်တော်မူခြင်းနှင့် သန့်ရှင်းခြင်းအပေါ် မိမိတို့အနေဖြင့် မြတ်နိုးတန်ဖိုးထားခြင်းမရှိကြောင်း ကို ပြသခဲ့ကြပါသည်။ လူသားများအနေဖြင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို မသိသောအခါတွင်၊ သူ တို့သည် ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါရှာကြံကြလျက်၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရား၌ ဝန်ခံ မှုပြုရန် သူတို့သည် ငြင်းပယ်လာကြပါသည်။ ရောမ ၁၀း၃ ကိုကြည့်ပါ။ သူတို့၏ကတိစကားများတို့သည် မည် သည့်အရာအတွက်မျှမကောင်းမသင့်ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ ထိုစကားများအတိုင်း ပြည့်စုံလာစေနိုင် သည့်အစွမ်းသတ္တိသည် ထိုသူတို့၌ မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုသူတို့ပြုခဲ့သောကတိစကားများ အပေါ်တွင် အခြေခံထားခဲ့သည့် မိမိတို့အားအသက်ကိုပေးစွမ်းသည်ဟု ထိုသူတို့အနေဖြင့်တွေးထင်ထားခဲ့ကြ သည့် ထိုပဋိညာဉ်သည် လုံးဝတန်ဖိုးမဲ့ခဲ့ပါသည်။ ထိုပဋိညာဉ်မှ သူတို့ရရှိနိုင်မည့်တစ်ခုတည်းသောအရာမှာ သူ တို့ကိုယ်တိုင်ထံမှရရှိနိုင်သည့်အရာတစ်ခုဖြစ်သည့် သေခြင်းတရားပင်ဖြစ်ပါသည်။ ထိုပဋိညာဉ်အား ယုံကြည် ကိုးစားခြင်းအမှုသည် သေခြင်းနှင့်ပဋိညာဉ်ဖွဲ့ခြင်းအမှုပင်ဖြစ်ပြီး၊ မရဏာနိုင်ငံ (သင်္ချိုင်း) နှင့် သဘော တူညီမှု ရယူခြင်းအမှုပင်ဖြစ်သည်။ ယင်းပဋိညာဉ်ထဲသို့ ထိုသူတို့၏ဝင်ရောက်လာခဲ့ခြင်းအမှုသည် ဘုရားသခင်အဖို့ သွယ်ဝိုက်သောသတင်းစကားတစ်ခုလိုဖြစ်နေပါသည်။ ၎င်းသတင်းစကားမှာ၊ ထိုသူတို့သည် ဘုရားသခင်မပါ မရှိပဲနှင့် မိမိတို့ဘာသာမိမိတို့ ကောင်းမွန်စွာရှင်သန်ရပ်တည်နိုင်ပြီး၊ မိမိ (ဘုရားသခင်) ပြုသော ကတိတော်ကို သူတို့အနေဖြင့်အကောင်အထည်ဖော်လုပ်ဆောင်ပေးနိုင်သည်၊ ဆိုသည့် သွယ်ဝိုက်သည့်သတင်းစကားမျိုး ဖြစ်သည်။

သို့ရာတွင် ဘုရားသခင်သည် ထိုသူတို့အား စွန့်ပစ်တော်မမူခဲ့ပါချေ။ "အကယ်စင်စစ် သူတို့သည် ငါ၏လူဖြစ်ကြ၏။ သစ္စာမပျက်သော သားလည်းဖြစ်ကြ၏ ဟု မိန့်တော်မူသဖြင့်၊ သူတို့ကို ကယ်နှုတ်တော် မူ၏။" ဟေရှာယ ၆၃း၈။ ကတိကိုပြုခဲ့ကြရာတွင် ထိုသူတို့သည် စိတ်၏လှုံ့ဆော်မှုကြောင့် ကတိပြုခဲ့ကြ ကြောင်းကို ဘုရားသခင်သိရှိခဲ့ပါသည်။ မိမိတို့ပြုခဲ့သောကတိစကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း သူတို့အ နေဖြင့် နားမလည်ခဲ့ကြကြောင်းကို ဘုရားသခင်သိရှိခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အတွက် စိတ်အား

ကြီးခဲ့ကြသည်။ သို့ရာတွင် သိက္ခာမဲ့ခြင်းနှင့်ယှဉ်သောစိတ်အားကြီးခြင်းမျိုးမဟုတ်ခဲ့ပါချေ။ မိမိအားသိက္ခာမဲ့ လာဖို့ရန် သူတို့အားသွန်သင်ပေးနိုင်ဖို့ရန်အတွက် ဘုရားသခင်သည် သူတို့ကို အဲဂုတ္တုပြည်မှထုတ်ဆောင်လာ ခဲ့ပါသည်။ ဘုရားသခင်သည် သူတို့အားအမျက်ထွက်တော်မမူခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သင်ယူမှုပြုကြရာတွင် နှေးကွေးကြသည့်အတွက်ကြောင့်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်တော်ကို မိမိ အနေဖြင့် အကောင်အထည်ဖေါ်လုပ်ဆောင်နိုင်မည်ဟု အာဗြဟံအနေဖြင့်တွေးထင်မိခဲ့သောအချိန်တွင် ဘုရားသခင်သည် သူ့အားစိတ်ရှည်ခဲ့သည်။ ကတိထားတော်မူသော ဘုရားသခင်၏အမွေတော်ကို ထူးခြား သော အပေးအယူလုပ်ခြင်းအားဖြင့်သော်၎င်း၊ လိမ်လည်မှုအားဖြင့်သော်၎င်း ရရှိနိုင်မည်ဟု တွေးထင်ခဲ့မိ သည့် ယာကုပ်၏မသိနားမလည်မှုအတွက်လည်း ဘုရားသခင်သည် သည်းခံတော်မူခဲ့လေသည်။ ယခုအခါ တွင်မူ ထိုဘိုးဘေးများတို့မှပေါက်ပွါးလာသောသားသမီးများတို့၏ မသိနားမလည်မှုများနှင့် ယုံကြည်ခြင်းကင်း မဲ့နေခြင်းများအတွက် ဘုရားသခင်သည် စိတ်ရှည်သည်းခံပေးတော်မူခဲ့ပြန်ပါသည်။ ထိုသို့ပြုရခြင်း၏ ဦးတည်ချက်မှာ နောက်နောင်အချိန်များတွင် ထိုသူတို့အား ယုံကြည်ခြင်းတရား လမ်းထဲသို့ပြန်လည်ခေါ် ဆောင်လာနိုင်ဖို့ရန်ဖြစ်သည်။

## ဘုရားသခင်၏သည်းခံတော်မူခြင်း

ဘုရားသခင်သည် လူသားများတို့အား မိမိတို့ရှိနေကြသည့်အခြေအနေတွင် တွေ့ဆုံပေးပါသည်။ သူသည် "မိုက်သောသူ၊ မှားယွင်းသောသူတို့ကို သည်းခံခြင်းငှါ တတ်နိုင်၏။" ဟေဗြဲ ၅း၂။ လူသားတို့သည် မည်မျှပင်အကျင့်စာရိတ္တပျက်ယွင်းနေကြစေကာမူ၊ သူတို့အားလုံးတို့ကို မိမိအထံတော်သို့ဆွဲယူဖို့ရန်အတွက် ဘုရားသခင်သည် အချိန်တိုင်း၊ နေရာတိုင်းတွင် ကြိုးစားလုပ်ဆောင်နေပါသည်။ ထို့ကြောင့် မိမိအားအစေခံ လိုသည့် အားအနည်းဆုံးသောစိတ်ဆန္ဒတစ်ခုကိုတွေ့မြင်ရသည့်အခါ၌ပင်လျှင်၊ ချက်ချင်းဆိုသလိုပင် ထိုဆန္ဒ ကို အားသစ်လောင်းပေးတော်မူပါသည်။ အသက်ဝိညာဉ်၌ သာ၍ကြီးမြတ်သောမေတ္တာနှင့် သာ၍စုံလင်သော အတွေးအခေါ်များရှိလာနိုင်ဖို့အတွက် ဘုရားသခင်သည် မိမိရနိုင်သမျှအခွင့်အရေးကို အကောင်းဆုံးအသုံးချ တော်မူပါသည်။ ထို့ကြောင့်၊ မိမိအပေါ်ကိုးစားယုံကြည်ခြင်းနှင့်သက်ဆိုင်သည့် ဤစမ်းသပ်မှုကြီး၌ ဣသရေလ လူမျိုးများအနေဖြင့် ရှုံးနိမ့်သွားခဲ့ကြသော်လည်း၊ မိမိအားအစေခံလိုကြသည့် အားနည်းခြင်းနှင့်ယှဉ်သော ထို သူတို့၏ စိတ်ဆန္ဒတစ်ခုကို သူသည် အမိအရဆွဲယူထားတော်မူခဲ့ခြင်းဖြစ်သည်။ မိမိတို့၏မယုံကြည်ခြင်း ကြောင့် ဘုရားသခင်ပေးလိုသောအရာအားလုံးတို့ကို ထိုသူတို့အနေဖြင့်မရရှိနိုင်ခဲ့ကြပါချေ။ သို့ရာတွင် မိမိတို့ ၏မယုံကြည်ခြင်းတရားအားဖြင့် ထိုသူတို့ရရှိသွားခဲ့ကြသည့်အရာတစ်ခုမှာ၊ အပြည့်အဝယုံကြည်ကြမည်ဆို လျှင် မိမိတို့အနေဖြင့် တစ်ခုသောအရာကိုရရှိပိုင်ဆိုင်ကြရလိမ့်မည် ဆိုသည့် အဆက်မပြတ်သတိပေးနှိုးဆော် မှုပင်ဖြစ်သည်။ ဘုရားသခင့်သန့်ရှင်းတော်မူခြင်း၏ကြီးမြတ်မှုကို ထိုသူတို့ မသိရှိခဲ့ကြသည့်အတွက်ကြောင့်၊ မိမိ၌ရှိသောဖြောင့်မတ်ခြင်းတရားတော်၏ကြီးမြတ်မှုနှင့် ထိုဖြောင့်မတ်ခြင်းကိုရယူနိုင်ရန်ကြိုးစားနေကြသည့် ထိုသူတို့၏အချည်းနှီးသောကြိုးပမ်းဆောင်ရွက်မှုတို့ကို သူတို့အားပြသဖို့ရန်အတွက် ဘုရားသခင်သည် ပညတ်တော်ကိုကြွေးကြော်တော်မူခဲ့ခြင်းအားဖြင့် မိမိ၏အကြံအစည်တော်ကို အကောင်အထည်ဖေါ်လုပ် ဆောင်သွားခဲ့ပါသည်။

## ၃၃။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – မျက်နှာဖုံးနှင့် အစိုးပ် ယနေ့အတွက်သမ္မတရား၊ ဒီဇင်ဘာလ ၁၇၊ ၁၈၉၆

"ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျက်ရှိလျှင်၊ ဆုံးရှုံးခြင်းသို့ရောက်သော သူတို့အားသာဖုံးအုပ်လျက်ရှိ၏။ ထိုသို့မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏အရောင်သည် အလင်းကိုမပေးစေခြင်းငှါ၊ ဤလောကကိုအစိုးရသောဘုရားသည် သူတို့၏ဥာဏ်မျက်စိကို ကွယ်စေ၏။" ၂ကော ၄း၃၊၄။

"မောရှေသည် သက်သေခံချက်ကျောက်ပြားနှစ်ပြားကိုကိုင်လျက်၊ သိနာတောင်ပေါ်မှ ဆင်းသက်သောအခါ၊ မိမိနှင့်ဘုရားသခင်နှုတ်ဆက်တော်မူသောကြောင့်၊ မိမိမျက်နှာအရေ ထွန်းပကြောင်းကို မိမိမသိ။" ထွက်မြောက်ရာ ၃၄း ၂၉။ မောရှေသည် ဘုရားသခင်နှင့်နှုတ်ဆက်စကားပြောခဲ့သောကြောင့် ဘုရားသခင်၏မျက်မှောက်တော်မှ ထွက်ခွါသွားခဲ့သည့်နောက်ပိုင်းအချိန်၌တွင်ပင်လျှင် သူ၏မျက်နှာ ထွန်းတောက်နေခဲ့ပါသည်။ "အာရုန်နှင့် ဣသရေလအမျိုးသားအပေါင်းတို့သည်၊ မောရှေကို မြင်သောအခါ၊ သူ၏မျက်နှာ အရေထွန်းပသောကြောင့်၊ သူတို့သည် မချဉ်းမကပ်ဝံ့ကြ။ မောရှေသည် သူတို့ကိုခေါ်၍၊ အာရုန်နှင့် ပရိသတ်သူကြီးတို့သည် ချဉ်းကပ်ကြလျှင်၊ မောရှေသည်နှုတ်ဆက်လေ၏။ ထိုနောက် ဣသရေလအမျိုးသားအပေါင်းတို့သည် ချဉ်းကပ်ကြလျှင်၊ သိနာတောင်ပေါ်မှာ ထာဝရဘုရားမိန့်တော်မူသမျှတို့ကို သူတို့အားဆင့်ဆိုလေ၏။ မောရှေသည် သူတို့အား ဟောပြော၍မပြီးမှီ မိမိမျက်နှာကို ဖုံးအုပ်လေ၏။ ထာဝရဘုရားရှေ့တော်သို့ ဝင်၍လျှောက်သောအခါ၊ မထွက်မှီတိုင်အောင် မျက်နှာဖုံးကို ချွတ်ထား၏။ တဖန်ထွက်၍ အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆို၏။ သူ၏မျက်နှာအရေ ထွန်းပကြောင်းကို ဣသရေလအမျိုးသားတို့သည် မြင်ကြလျှင်၊ တဖန် အထဲသို့ဝင်၍ မလျှောက်မှီတိုင်အောင် မိမိမျက်နှာကို ဖုံးအုပ်ပြန်၏။" အခန်းငယ် ၃၀-၃၅

မယုံကြည်ခြင်းတရားသည် အသိဉာဏ်ကို ကွယ်စေပါသည်။ မျက်နှာဖုံးတစ်ခုသဖွယ် အလင်းကို ကွယ်စေပါသည်။ မောရှေ၌ နက်ရှိုင်းပြီး မြဲမြံတည်ကြည်သောယုံကြည်ခြင်းရှိကြောင်းကို ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင် ကျွန်ုပ်တို့အနေဖြင့် နားလည်နိုင်ပါသည်။ ထိုသို့သောယုံကြည်ခြင်းမျိုးရှိနေခြင်းကြောင့် သူသည် "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်" နိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်ဘုန်းရောင်ခြည်တော်၏ရှေ့တော်မှောက်သို့ ရောက်ရှိသွားခဲ့သည့်အခါတွင်ပင်လျှင် သူသည် မိမိ၏မျက်နှာပေါ်တွင် မျက်နှာဖုံးတပ်ဖို့ရန် မလိုအပ်ခဲ့ပါချေ။ ဣသရေလလူများတို့နှင့် စကားပြောဆိုဖို့ရန်အတွက် တောင်ပေါ်မှ ဆင်းလာသောအခါတွင် မိမိ၏မျက်နှာတွင်မျက်နှာဖုံးကိုတပ်ဆင်ခဲ့ရသည့်အကြောင်းကား၊ ထိုသူတို့အနေဖြင့် သူ၏မျက်နှာကို မကြည့်ရှုနိုင်လောက်သည်အထိ သူ၏မျက်နှာသည် ထွန်းတောက်နေခဲ့သောကြောင့်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်နှင့်စကားပြောရန် သူပြန်သွားသောအခါတွင် ထိုမျက်နှာဖုံးကို သူချွတ်ထားခဲ့ပါသည်။

မောရှေ၏မျက်နှာပေါ်တွင်ရှိသော မျက်နှာဖုံးသည် ဣသရေလလူတို့၏အားနည်းချက်အတိုင်း လျော့ချညှိနှိုင်းမှုပြုပေးခဲ့သောအရာတစ်ခုဖြစ်ပါသည်။ အကယ်၍သာ မောရှေအနေဖြင့် ထိုမျက်နှာဖုံးကို တပ်ဆင်ခြင်းမပြုခဲ့ဘူးဆိုလျှင်၊ သူဟောပြောမည့်စကားကိုကြားနာဖို့ရန် သူ့အနီးပါးသို့ချဉ်းကပ်လာကြရာတွင် ထိုသူတစ်ဦးချင်းစီတိုင်းတို့သည် မိမိတို့၏ကိုယ်စီမျက်နှာများပေါ်တွင် မျက်နှာဖုံးများကို တပ်ဆင်လာကြရပါလိမ့်မည်။ မောရှေသည် မျက်နှာဖုံးတပ်ဆင်ထားခြင်းမရှိသောမျက်နှာနှင့် ဘုရားသခင်ကိုရှုမြင်နိုင်ခဲ့သကဲ့သို့ ထိုသူတို့သည် မရှုမြင်နိုင်ခဲ့ကြပါချေ။ လက်တွေ့ကျကျပြောရမည်ဆိုလျှင်၊ ထိုသူတို့တစ်ယောက်ချင်းစီ၏မျက်နှာပေါ်တွင် မျက်နှာဖုံးတစ်ခုစီရှိနေကြပါသည်။ မောရှေ၏မျက်နှာမှာမူ မျက်နှာဖုံးတပ်ဆင်ထားခြင်းမရှိပါချေ။

ဣသရေလလူများတို့၏မျက်နှာပေါ်တွင်ရှိသော မျက်နှာဖုံးသည် ထိုသူတို့၏နှလုံးသားထဲတွင်ရှိသော သူတို့၏မယုံကြည်ခြင်းကို ပုံဆောင်ပါသည်။ ထို့ကြောင့် သူတို့၏နှလုံးသားသည် အမှန်တကယ်ပင် ဖုံးအုပ်နေလျက်ရှိနေပါသည်။ "သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ၍" "ယခုတိုင်အောင်လည်း၊ မောရှေ၏ကျမ်းစာကို ဘတ်ကြသောအခါ၊ သူတို့စိတ်နှလုံးသည် ဖုံးအုပ်လျက်ရှိသေး၏။" ဤစကားသည် ဂျူးလူမျိုး (ဣသရေလလူမျိုး)တမျိုးတည်းကိုသာ ပြောဆိုနေခြင်းမဟုတ်ပဲ၊ မောရှေရေးသောကျမ်းစာထဲတွင် တင်ပြထားသော သခင်ခရစ်တော်ကို မမြင်တွေ့ကြသောသူရှိသမျှတို့ကိုပါ ပြောဆိုနေခြင်းဖြစ်သည်။

ဣသရေလလူများနှင့် အလင်း၏စပ်ကြားတွင် ကြားဝင်လာခဲ့သော မျက်နှာဖုံးသည် သူတို့ကို အရိပ်ထဲတွင်ကျန်ရှိစေခဲ့ပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် မိမိတို့နှင့် "ခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏ အလင်း(ရောင်)" ၏စပ်ကြားတွင် မယုံကြည်ခြင်းမျက်နှာဖုံး (ခေါ်) ကုလားကာတစ်ချပ်ကို ဖြန့်ချထားခဲ့ကြပါသည်။ သို့ဖြစ်၍၊ ထိုအလင်းရောင်၏အရိပ်ကိုသာ သူတို့ပိုင်ဆိုင်ရလေတော့သည်။ သူတို့အား ကတိထားတော်မူသည့် ကောင်းမြတ်သောအရာများတို့ကို အလုံးလိုက်အထည်လိုက် ရရှိခဲ့ကြရမည့်အစားတွင်၊ သူတို့သည် ထိုအရာများတို့၏အရိပ်ကိုသာ ရရှိသွားခဲ့ကြပါသည်။ အစစ်အမှန်အရာများနှင့် နှိုင်းယှဉ်ပြထားသော အရိပ်တချို့တို့ကို ကျွန်ုပ်တို့အနေဖြင့် မှတ်သားကြပါစို့။

## အရိပ်နှင့် အကောင်အထည်

ဘုရားသခင်မိန့်တော်မူသည်ကား၊ "သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင်...သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ ဖြစ်ရကြလိမ့်မည်။" သို့ရာတွင် ထိုသူတို့သည် ဘယ်သောအခါမျှ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်အမျိုး ဖြစ်မလာခဲ့ကြပါချေ။ လေဝိအမျိုးတမျိုးတည်းကသာလျှင် တဲတော်နှင့်ပတ်သက်သည့်ဆောင်ရွက်စရာများကို ဆောင်ရွက်ခွင့်ရှိပြီး၊ ထိုအမျိုးထဲမှာမှ အာရုန်အမျိုးကသာလျှင် ယဇ်ပုရောဟိတ်ဖြစ်ခွင့်ရှိခဲ့သည်။ အာရုန်၏အမျိုးအနွယ်မဟုတ်သည့် တမျိုးတဖုံအားဖြင့် ယဇ်ပုရောဟိတ်အမှုကိုဆောင်ကြသောသူ မည်သူမဆို သေချာပေါက် အသေခံကြရပါသည်။ သို့ရာတွင် ယေရှုခရစ်တော်ကို ယုံကြည်သောအားဖြင့် ဘုရားသခင်၏သားသမီးအမှန်ဖြစ်လာကြသောသူရှိသမျှတို့မှာမူ "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုး၊" "ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုး" ပင် ဖြစ်လာကြပေသည်။ ၁ပေ ၂း၅။ ဤစကားသည် သိနာတောင်အရပ်တွင် ဂျူးလူမျိုးများတို့အား ကတိပြုတော်မူခဲ့သည့် ဘုရားသခင်၏ကတိစကားပင် ဖြစ်ပေသည်။ သို့ရာတွင် ကတိတော်ကို သူတို့အနေဖြင့် တစ်ကြိမ်တစ်ခါမျှ မပိုင်ဆိုင်နိုင်ကြပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ထိုသခင်၏ပဋိညာဉ်တော်ကို စောင့်ထိန်းခြင်းမပြုကြပဲ၊ မိမိတို့၏ကြိုးစားအားထုတ်မှုများ၌သာ အားကိုးယုံကြည်နေခဲ့ကြသောကြောင့်ဖြစ်သည်။

၁။ ဘုရားသခင်၏လက်တော်ဖြင့်တည်ဆောက်ထားသော ကောင်းကင်တဲတော်သို့ ခေါ်သွင်းခြင်းခံရပြီး၊ ထိုအရပ်တွင် နေရာချပေးခြင်းကို ခံရကြမည့်အစားတွင်၊ သူတို့၌ လူလက်ဖြင့်လုပ်သောလောကတဲတော်တစ်ခုကိုသာ ပိုင်ဆိုင်ခဲ့ကြရပြီး၊ ထိုတဲတော်အထဲသို့ ဝင်ရောက်ရသောအခွင့်ကိုပင် သူတို့မရရှိခဲ့ကြပါချေ။

၂။ အထက်အရပ်တဲတော်တွင်ရှိသော ဘုရားသခင်၏ပလ္လင်တော်သည် အသက်ရှင်လှုပ်ရှားသောပလ္လင်တစ်ခုဖြစ်ပြီး၊ ဝိညာဉ်တော်၏အကြံရှိသည်အတိုင်း ထိုပလ္လင်တော်သည် လျှပ်စစ်နွယ်ကဲ့သို့ သွားလာလျက်ရှိနေပါသည်။ ယေဇကျေလ ၁။ ဆန့်ကျင်ဘက်အနေဖြင့်၊ လောကတဲတော်ထဲတွင် ထိုအထက်အ

ရပ်တဲတော်ရှိပလ္လင်ကိုပုံဆောင်သည့် သစ်သားနှင့် ရွှေတို့ဖြင့်ပြုလုပ်ထားသော သေတ္တာတော်တစ်ခုရှိပါ သည်။ ယင်းသေတ္တာသည် လူတို့၏ပခုံးထက်တွင် ထမ်းပိုးသယ်ဆောင်ရသော သေတ္တာတစ်လုံး ဖြစ်သည်။

၃။ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်ထဲတွင်ပါရှိသည့်၊ ဘုရားသခင်၏လူများအနေဖြင့် ယုံယုံကြည် ကြည်ဆွဲကိုင်ထားရကြမည့် ကတိတော်မှာ၊ ပညတ်တော်ကိုနှလုံးသားထဲတွင် ထည့်သွင်းပေးတော်မူ မည် ဆိုသည့်ကတိတော်ပင်ဖြစ်သည်။ ဣသရေလလူတို့သည် ထိုပညတ်တော်ကို ကျောက်ပြားပေါ်တွင် ရရှိခဲ့ကြသည်။ မိမိတို့အားအသက်ကိုပေး၍ အသက်ကျောက်များကဲ့သို့ဖြစ်စေတော်မူမည်ဖြစ်သော ဘုရား သခင်ပလ္လင်တော်၏အလယ်တွင်ရှိသည့် "သက်ကျောက်မြိတ်" (၁ပေ ၂း၃၊၄၊ ဗျာဒိတ် ၅း၆) ပေါ် တွင် ရေးထားလျက်ရှိသော "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏ (ပညတ်) တ ရား" (ရောမ ၈း၂) ကို ဣသရေလလူတို့သည် ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိကြရမည့်အစားတွင်၊ မိမိတို့အားသေခြင်းတရားမှအပ အခြားမည်သည့်အရာကိုမျှ မပေးစွမ်းနိုင်သည့်အေးစက်စက် အသက် မဲ့ကျောက်ပြားပေါ်တွင်ရေးထားလျက်ရှိသော ပညတ်တော်ကိုသာ ထိုသူတို့ရရှိခဲ့ကြပါသည်။

၄။ အနှစ်ချုပ်အနေဖြင့်ဆိုရသော်၊ ခရစ်တော်၌တည်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားကို ရရှိခဲ့ ကြရမည့်အစားတွင်၊ ထိုသူတို့သည် သေခြင်း၏ တရားကိုသာရရှိခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သောသူတို့၌ အသက်ရှင်ခြင်းအကြောင်းကိုဖြစ်စေသည့်အမွေးအကြိုင်တည်းဟူသော ပညတ် တရားနှင့် မယုံကြည်သောသူတို့၌ သေခြင်းအကြောင်းကိုဖြစ်စေသည့်အမွေးအကြိုင်တည်းဟူသော ပညတ်တရားတို့သည် တစ်ခုတည်းသောပညတ်တရားပင်ဖြစ်သောကြောင့်ဖြစ်သည်။

ဤသို့သောအခြေအနေမျိုးတွင်ပင် ဘုရားသခင်သည် မိမိ၏သနားခြင်းကရုဏာတော်ကို ပြသ သွားခဲ့ပါသည်။ ထိုအရာကို ကြည့်မြင်တတ်ပါလေ။ ဘုန်းတော်နှင့်ပြည့်ဝသော မိမိဧဝံဂေလိတရားတော်၏ ထွန်းလင်းတောက်ပမှုကို သူသည် ထိုသူတို့အား ပေးသနားတော်မူခဲ့ပြီး၊ ထိုသူတို့က ထိုတောက်ပမှုကို မ ယုံကြည်ခြင်းမျက်နှာဖုံးအားဖြင့် ကြားခံကွယ်ကာထားခဲ့လိုက်ကြပါသည်။ ထို့ကြောင့် ထိုတောက်ပမှု၏အရိပ် ကိုသာ သူတို့ပိုင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ သို့စေကာမူ၊ ထိုအရိပ်သည် အကောင်အထည်ကို အမြဲတစေမီးမောင်း ထိုးပြထားသောအရာတစ်ခုဖြစ်နေပါသည်။ ထူထပ်သောမိုးတိမ်တိုက်တစ်ခုကနေမှ ကမ္ဘာမြေပေါ်တွင် အရိပ်ကို ကျရောက်လာစေသောအခါတွင်၊ ကျွန်ုပ်တို့အနေနှင့် စဥ်းစားသိမြင်ကြရသည့်အချက်တစ်ချက်ကား၊ နေ မရှိခဲ့ ဘူးဆိုလျှင် ထိုမိုးတိမ်သည် အရိပ်ကိုဖြစ်စေနိုင်မည်မဟုတ်။ သို့ဖြစ်သောကြောင့်၊ ထို မိုးတိမ်သည် နေ၏ တည်ရှိခြင်းကို ဖေါ်ထုတ်ပြပေးနေခြင်းသာဖြစ်သည်။ ခရစ်ယာန်များအပါအဝင်၊ ယကနေ့ခေတ်လူသားများ တို့သည် ဣသရေလလူမျိုးများနည်းတူ ဝိညာဥ်မျက်စိကွယ်နေကြသည့်အဖြစ်မျိုးနှင့် ကင်းဝေးနေနိုင်ခဲ့ကြ မည်ဆိုလျှင်၊ သူတို့သည် ဘုရားသခင်မျက်နှာတော်၏အလင်းတော်ထဲတွင် အစဥ်မပြတ်ဝမ်းမြောက်နေကြရ ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ မိုးတိမ်သည် အလင်း၏တည်ရှိခြင်းကို အမြဲတမ်းသက်သေပြလျက်ရှိ ပြီး၊ ယုံကြည်ခြင်းတရားသည် ထိုမိုးတိမ်ကို ပျောက်လွင့်သွားစေနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

## မယုံကြည်သောသူတို့၌ ဘုရားသခင်၏သက်သေ

ဂျူးလူမျိုးများတို့၌ ပညတ်တရားအလျင်းမရှိသည်ထက်စာလျှင်၊ သူတို့အားဆန့်ကျင်ဘက်ပြု သောသက်သေတစ်ခုအနေဖြင့် တည်ရှိခဲ့သည့်ပညတ်တရားတစ်ခု သူတို့၌ရှိနေခဲ့ခြင်းအရာက သူတို့အဖို့

သာ၍ကောင်းပေသည်။ ဘုရားသခင်၏ဗျာဒိတ်တော်များကို ရရှိခံစားခွင့်ရှိခြင်းသည် သူတို့အဖို့ကြီးစွာသော အခွင့်အရေးတစ်ခုဖြစ်သည်။ ရောမ ၃း၂။ ကျွန်ုပ်တို့၌ ပညတ်တရားမရှိသည်ထက်စာလျှင်၊ ကျွန်ုပ်တို့၏ဒုစရိုက်အပြစ်များအတွက် ကျွန်ုပ်တို့ကိုဆိုဆုံးမပေးပြီး၊ ဖြောင့်မတ်ခြင်းတရားလမ်းကိုပြညွှန်ပေးသည့် ပညတ်တရားကို ယခုလိုပိုင်ဆိုင်နေရခြင်းသည် ကျွန်ုပ်တို့အဖို့သာ၍ကောင်းပါပေသည်။ ထို့ကြောင့် ယုံကြည်ခြင်းမရှိသော ထိုဂျူးလူမျိုးများပင်လျှင် တပါးအမျိုးသားများတို့ထက် အခွင့်အရေးပိုရခဲ့ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ဂျူးလူမျိုးတို့သည် "ပညတ်တရားတော်အားဖြင့် ပညာကိုငင်၊ သမ္မာတရားကိုငင်း ရိုပ်မိသောသူ" များ ဖြစ်ကြသောကြောင့်ဖြစ်သည်။ ရောမ ၂း၂၀။ ထိုသို့ရိပ်မိခြင်းအရာက သူတို့ကို ကယ်တင်ခြင်းမပေးနိုင်သလို၊ လိုက်လျှောက်ရမည့်ညွှန်ကြားချက်များကို မလိုက်လျှောက်မိပါကလည်း ထိုရိပ်မိခြင်းအရာက သူတို့ကို စီရင်ချက်ချပြန်သည်။ သို့ရာတွင် ထိုနေရာ၌ အကျိုးအမြတ်တစ်ခုရှိနေခဲ့ပါသည်။ ၎င်းမှာ ထိုသို့ရိပ်မိသောအားဖြင့် သူတို့သည် ဘုရားသခင်၏ဖြစ်တည်ခြင်းသက်သေတစ်ခုကို အမြဲတမ်းရရှိထားလိုက်ကြပါသည်။ ဘုရားသခင်သည် တပါးအမျိုးသားများကိုလည်း သက်သေမပေးပဲ နေတော်မမူပါချေ။ မိမိဖန်ဆင်းပြုပြင်တော်မူခဲ့သောအရာများအားဖြင့် သူသည် ထိုတပါးအမျိုးသားများနှင့်ဆက်သွယ်ခဲ့ပါသည်။ ဖန်ဆင်းခြင်းအမှုအရာများအားဖြင့် ထိုတပါးအမျိုးသားများတို့အား ဇဝံဂေလိတရားကို ဟောတော်မူပါသည်။ သို့ရာတွင် ဂျူးလူမျိုးများအား သူပေးတော်မူခဲ့သည့်သက်သေမှုကား၊ ယခင်ဖေါ်ပြခဲ့သော ဖန်ဆင်းခြင်းသက်သေနှင့် မတူပါချေ။ ဂျူးတို့အားပေးခဲ့သည့် သက်သေမှာ မိမိထာဝရအဖြစ်တော်၏ပုံသဏ္ဍာန်တော်ပင်ဖြစ်သည်။

ထိုထာဝရအဖြစ်တော်သည် မိမိ၏ဣသရေလလူများအတွက်ဖြစ်သည်။ မိမိတို့ရရှိခဲ့ကြသည့်အရိပ်၏ အကောင်အထည်ကို မရရှိနိုင်ရန်အလို့ငှါ၊ ထိုသူတို့၏ နှလုံးကိုဖုံးအုပ်ထားသော မယုံကြည်ခြင်းမျက်နှာဖုံးသည် သူတို့ကို ဆီးတားနှောက်ယှက်ထားခဲ့ပါသည်။ သို့ရာတွင် "ခရစ်တော်အားဖြင့် ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်း" တော်မူပြီး(၂ကော ၃း၁၄)၊ ထိုခရစ်တော်သည် သူတို့နှင့်အတူရှိနေတော်မူခဲ့ပါသည်။ နှလုံးသားသည် ဘုရားသခင့်အထံသို့ ပြန်လှည့်လာသည့်အချိန်တိုင်းအချိန်တိုင်းတွင်၊ ထိုနှလုံးသား၌ရှိသော ဖုံးအုပ်ခြင်းအကြောင်းသည် ပယ်ရှင်းသွားစမြဲဖြစ်သည်။ ပဋိညာဉ်ဟောင်းနှင့်စပ်ဆိုင်သောတဲတော်နှင့် ထိုတဲတော်တွင်တွေ့ရသောဝတ်ပြုခြင်းအခမ်းအနားများတို့သည်၊ အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အားပေးမည်ဟု ဘုရားသခင်ကျိန်ဆိုထားတော်မူသည့်အရာများ၏ အကောင်အထည်များ (တကယ့်အစစ်အမှန်အရာများ) မဟုတ်ကြောင်းကို ဝိညာဉ်မျက်စိအလင်းအမိုက်မှောင်ဆုံးသောသူပင်လျှင် တွေ့မြင်နိုင်ခဲ့လေသည်။ထို့ကြောင့် ဣသရေလသမိုင်းကြောင်းတစ်လျှောက်တွင် ဣသရေလလူမျိုးတို့သည် တစ်ဦးတစ်ယောက်အနေဖြင့် ဘုရားသခင်ထံသို့ပြန်လှည့်လာခဲ့ကြသကဲ့သို့ပင်၊ သူတို့ရှိသမျှသည် တချိန်တည်းတွင်အတူတကွ ဘုရားသခင်ထံသို့ ပြန်လှည့်လာလိုက ပြန်လှည့်လာနိုင်ရသောအခွင့်ကို ရရှိထားခဲ့ကြပါသည်။

မောရှေသည် မျက်နှာဖုံးတပ်မထားသောမျက်နှာနှင့် ဘုရားသခင်ကိုစကားပြောခဲ့ပါသည်။ အခြားသောသူများ "အဝေးတွင်ရပ်နေ" ကြသောအခါတွင်၊ "မောရှေသည် အနီးအပါးသို့ချဉ်းကပ်သွားခဲ့သည်။" မည်သူမဆို ခရစ်တော်၏အသွေးတော်တစ်ခုတည်းအားဖြင့်သာ အနီးအပါးသို့ တိုးဝင်ချဉ်းကပ်နိုင်ပါသည်။ ယေရှုခရစ်၏အသွေးတော်အားဖြင့် ငါတို့သည် ဘုရားသခင်၏ကွယ်ကာရာဌာနတော်တည်းဟူသော အသန့်ရှင်းဆုံးသောအခန်းထဲသို့ပင် ရဲရင့်သောစိတ်နှင့်တကွ တိုးဝင်ချဉ်းကပ်နိုင်ကြလေသည်။ အဖိုးထိုက်တော်မူသောအသွေးတော်၏တန်ခိုးကြီးခြင်းအကြောင်းကို မောရှေသည် သိရှိကြောင်းနှင့်၊ ထိုအသွေးတော်ကို သူသည် စိတ်ချယုံကြည်မှုအပြည့်ရှိကြောင်းကို သူလုပ်ဆောင်ခဲ့သည့်လုပ်ဆောင်ချက်များက ဖေါ်ပြခဲ့ပါသည်။ သို့ဆိုရာတွင်၊ မောရှေအား ဝင်ရောက်ရသောအခွင့်နှင့် ရဲရင့်ခြင်းစိတ်ကို ပေးစွမ်းနိုင်ခဲ့သည့် အသွေးတော်သည် မောရှေယုံကြည်သကဲ့သို့ ယုံကြည်ကြသောသူအပေါင်းတို့အားလည်း ဝင်ရောက်ရသောအခွင့်နှင့် ရဲရင့်ခြင်းစိတ်ကို ပေးစွမ်းနိုင်ပါသည်။

အရိပ်တစ်ခု၏ဖြစ်တည်မှုက နေမင်းကြီး၏ထွန်းလင်းတောက်ပမှုကို သက်သေခံနေပါသည် ဆို သည့်အချက်ကို မေ့လျော့မထားပါနှင့်။ ဘုရားသခင့် ဖြောင့်မတ်ခြင်းတရားတော်၏ ဘုန်းရောင်ခြည်တော် တည်ရှိခြင်းမရှိခဲ့ဘူးဆိုလျှင်၊ ဣသရေလလူမျိုးများအနေဖြင့် အရိပ်ကိုပင်ရရှိနိုင်ခဲ့ကြလိမ့်မည်မဟုတ်ပါချေ။ ထိုအရိပ်ကို ဖြစ်ပေါ်စေခဲ့သည့်အရာကား မယုံကြည်ခြင်းပင်ဖြစ်သည့်အတွက်ကြောင့်၊ ယုံကြည်ခြင်းတရား သည် သူတို့ကို ပြည့်ဝသောနေရောင်ခြည်အလင်းထဲသို့ ချက်ချင်းခေါ်သွင်းပေးနိုင်ပြီး၊ သူတို့အနေဖြင့်လည်း "ကျေးဇူးတော်၏ ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ၊" တတ်စွမ်းလာနိုင်ပါသည်။

မောရှေသည် ဘုန်းရောင်ခြည်တော်ကို မျက်နှာဖုံးတပ်ဆင်ထားခြင်းမရှိသောမျက်နှာနှင့် တွေ့မြင် ခဲ့ရပြီး၊ ထိုရောင်ခြည်တော်က သူ့အားပြောင်းလဲစေခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်လျှင်၊ "မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ် တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ" လိမ့်မည်ဖြစ်သည်။ ၂ကော ၃း ၁၈။ ထိုနည်းတူစွာပင်၊ ဣသ သရေလလူမျိုးများတို့၌ ယုံကြည်ခြင်းရှိခဲ့ကြမည်ဆိုလျှင်၊ သူတို့၌လည်း ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိခဲ့လိမ့်မည် ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် မျက်နှာမလိုက်တတ်သောကြောင့်ဖြစ်သည်။ မောရှေရရှိခဲ့သည့် အခွင့်အရေးမျိုးကို လူတိုင်းရရှိနိုင်ကြပါသည်။

## "ပယ်ရှားခြင်းခံရသောအရာ"

"ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏။" ရောမ ၁၀း၄။ "ထိုသခင်သည် သေခြင်းအကြောင်းကိုပယ်ရှား၍၊ အ သက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့်ထင်ရှားစေတော်မူ ပြီ။" (၂တိမောသေ ၁း၁၀)။ ထိုဧဝံဂေလိတရားကို အာဗြဟံအားငင်း၊ အဲဂုတ္တုပြည်တွင်ရှိနေခဲ့ကြသော၊ တော ထဲတွင်လှည့်လည်ခဲ့ကြသည့် ဣသရေလလူမျိုးများတို့အားငင်း ဟောတော်မူခဲ့လေသည်။ သို့ရာတွင် မိမိတို့ ၏မယုံကြည်ခြင်းအမှုကြောင့်၊ "ပယ်ရှင်းသောအရာ၏အဆုံးကို ဣသရေလအမျိုးသားတို့သည် စေ့စေ့မ ကြည့်ရှု" နိုင်ခဲ့ကြခြင်းဖြစ်သည်။ ၂ကော ၃း၁၃။ မိမိတို့၏ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အားဖက်ယမ်းထား ခြင်းမပြုခဲ့သည့်အတွက်ကြောင့်၊ ပညတ်တော်ကို၊ "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်၏ တရား" အနေဖြင့် ရရှိခဲ့ကြရမည့်အစားတွင်၊ ထိုပညတ်တော်ကို "သေခြင်း၏တရား" အနေဖြင့်သာ သူတို့ရရှိ ခဲ့ကြရပါသည်။ (အခန်းငယ် ၇)

"ဧဝံဂေလိသက်တမ်း" နှင့် "ဧဝံဂေလိအချိန်ကာလ" အကြောင်းကို ပြောဆိုဆွေးနွေးကြရာတွင်၊ လူတို့သည် ဧဝံဂေလိတရားဆိုသည့်အရာကို ဘုရားသခင်၏နောက်မှရသောစိတ်ကူးတစ်ခုအနေဖြင့်သော် ၎င်း၊ လူသားတို့အားပေးသနားရန်အတွက် ဘုရားသခင်အနေဖြင့် ကြာမြင့်စွာအချိန်ဆွဲလာခဲ့သည့်အရာတစ်ခု အနေဖြင့်သော်၎င်း ဆွေးနွေးတင်ပြနေကြသည်။ သို့ရာတွင်၊ "ဧဝံဂေလိသက်တမ်း" နှင့် "ဧဝံဂေလိအချိန် ကာလ" သည် ဒေဝ်ဥယျာဥ်ပျောက်ဆုံးချိန်မှစ၍ ဒေဝ်ဥယျာဥ်ကိုပြန်လည်အသစ်ပြုပြင်တော်မူမည့်အချိန် အထိဖြစ်သည်ဟု သမ္မာကျမ်းစာတော်မြတ်က ကျွန်ုပ်တို့ကို သွန်သင်ပြထားသည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတံ့။" မသဲ ၂၄း၁၄။ ဤအချက်ကို ကျွန်ုပ်တို့သိရှိထားကြသည်။ ထို အရာသည် ဧဝံဂေလိတရား၏အဆုံးသတ်ဖြစ်သည်။ သို့ရာတွင် ဧဝံဂေလိတရား၏အစမှာ လူသားတို့၏ကျရှုံး ခြင်းအချိန်မှ အစပြုခဲ့ပါသည်။ ဦးခေါင်းပေါ်၌ ဘုန်းအသရေပတ်ရစ်နေလျက်ရှိပြီး၊ ဘုရားသခင်ဖန်ဆင်းထား တော်မူသောအရာများတို့ကို အုပ်စိုးခွင့်ကိုရထားခဲ့သည့် ကနဦးလူသား၏ အခြေအနေဘက်သို့ တမန်တော်

ရှင်ပေါလုက ကျွန်ုပ်တို့၏ စိတ်အာရုံကိုဆွဲခေါ်သွားပါသည်။ မိမိတွေ့မြင်ရသမျှသောအရာများတို့အားအုပ်ချုပ်ရသော အုပ်ချုပ်သူသခင်အရာကို ရရှိထားခဲ့သည့် ဒေင်ဥယျာဉ်ထဲက လူသား၏အခြေအနေအပေါ်တွင် အာရုံစိုက်ထားဖို့ရန် လမ်းညွှန်ပေးပြီးနောက်တွင်၊ ရှင်ပေါလုက ဤသို့ စကားဆက်လိုက်ပါသည်။ "ယခုမူကား၊ ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရကြသေး။" အဘယ်အကြောင်းကြောင့်နည်း။ လူသည် ကျရှုံးသွားပြီး၊ ဘုန်းတော်နှင့် နိုင်ငံတော်ကို ဆုံးရှုံးခဲ့ရသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် အပြစ်ကင်းခြင်းဘုန်းအသရေနှင့်ပြည့်စုံသော လူသားအား ဦးစွာတွေ့မြင်ခဲ့ရသည့်နေရာကို ကျွန်ုပ်တို့ဆက်လက်ကြည့်နေလိုက်ကြသောအခါ၌ဝယ်၊ ထိုနေရာတွင် အပြစ်ထဲသို့ကျရောက်သွားပြီး၊ ဘုန်းအသရေပျက်စီးသွားခဲ့ရသည့်လူသားကို တွေ့မြင်ခဲ့ရပြီး၊ ထိုနေရာတွင်ပင် "ယေရှုကို ငါတို့မြင်ကြ" ရပါသည်။ ပျောက်ဆုံးခဲ့သောအရာကို ရှာဖွေကယ်တင်ဖို့ရန်အတွက် ခရစ်တော်ဆင်းကြွလာခဲ့သည်။ သူ့အနေဖြင့်၊ ပျောက်ဆုံးခဲ့သောထိုအရာကို ပျောက်ဆုံးသွားခဲ့သည့်နေရာတွင်မရှာဖွေပဲ အခြားတနေရာတွင် အဘယ်သို့ရှာဖွေနိုင်ပါမည်နည်း။ ကျရှုံးခြင်းထဲမှ လူကိုကယ်တင်ဖို့ရန်အတွက် သူကြွလာခဲ့ပါသည်။ ထို့ကြောင့် လူသားကျရှုံးခဲ့သောနေရာသို့ သူသည် မဖြစ်မနေဆင်းသွားခဲ့လေတော့သည်။ အပြစ်ပွါးများသော နေရာရှိသမျှတို့တွင်၊ ကျေးဇူးတော်သည် သာ၍ပွါးများကြွယ်ဝလေသည်။ ထို့ကြောင့် "ဧဝံဂေလိအချိန်ကာလ" သည်၊ ခရစ်တော်၏လက်ဝါးကပ်တိုင်တော်ကနေမှဘုရားသခင်ဘုန်းတော်၏ရောင်ခြည်တော်ကို အပြစ်တရားအမိုက်မှောက်ထဲသို့ သွန်းလောင်းချပေးခဲ့သည့်အချိန်ဖြစ်သည့် အာဒံကျရှုံးခဲ့သည့်အချိန်တွင် အစပျိုးခဲ့ပါသည်။ ပထမအာဒံရှုံးနိမ့်သွားခဲ့သည့်နေရာတွင် ဒုတိယအာဒံသည် အောင်နိုင်သွားခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာတွင် လက်ဝါးကပ်တိုင်တော်ကို ထူထောင်ခဲ့လိုက်သောကြောင့်ဖြစ်သည်။

"လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့၊ သေသောသူတို့၏ ထမြောက်ခြင်းတရားသည် လူအားဖြင့် တည်လျက်ရှိ၏။" အကြောင်းမူကား ဒုတိယအာဒံသည် "အသက်ရှင်စေသောဝိညာဉ်ဖြစ်" တော်မူပြီး (၁ကော ၁၅း၂၁၊ ၄၅)၊ သူသည် "ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း" ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အာဒံ အပြစ်ကျူးလွန်ခဲ့သည့် တစ်နေ့ထဲမှာပင်၊ သေခြင်းတရားသည် ယေရှုခရစ်အားဖြင့် ပါယ်ရှင်းခြင်းခံခဲ့ရပြီး၊ အသက်ရှင်ခြင်းနှင့် မသေနိုင်သော အဖြစ်သည် ဧဝံဂေလိတရားတော်အားဖြင့် ဝင်ရောက်လာခဲ့ပါသည်။ ထိုသို့သာမဟုတ်ခဲ့ဘူးဆိုလျှင် ထိုအပြစ်ကျူးလွန်ခဲ့သည့် တစ်နေ့ထဲမှာပင် အာဒံသေဆုံးသွားခဲ့ရလိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် သေခြင်းတရားကို ပါယ်ရှင်းပစ်လိုက်ပြီးဆိုသည့်အကြောင်းကို အာပြဟံနှင့် စာရာတို့သည် မိမိတို့၏ကာယခန္ဓာကိုယ်အားဖြင့် သက်သေပြသွားခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့နှစ်ဦးစလုံးတို့သည် ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်ကို တွေ့ကြုံခံစားခဲ့ကြရပြီး၊ ခရစ်တော်ကြွလာခဲ့မည့် အချိန်ကာလကို မျှော်မြင်ခြင်းငှါ အလွန်အလိုရှိခဲ့ကြပါသည်။ သူတို့၏ ခေတ်ကာလမတိုင်မီ လွန်ခဲ့သောနှစ်ပေါင်းများစွာအချိန်တုန်းက၊ သေခြင်းကိုမမြည်းစမ်းရပဲနှင့် ပုံသဏ္ဍာန်ပြောင်းလဲသွားခဲ့သည့် ဧနောက်၏ပုံသဏ္ဍာန်ပြောင်းလဲခြင်းအဖြစ်အပျက်ကလည်း ထိုသေခြင်း၏တန်ခိုးသည် ကျိုးပဲ့သွားပြီးဖြစ်ကြောင်းကို သက်သေပြသွားခဲ့လေသည်။ သူ၏ပုံသဏ္ဍာန်ပြောင်းလဲခြင်းအမှုသည် ယေရှုခရစ်၌ထားရှိခဲ့သည့် သူ၏ယုံကြည်ခြင်းကြောင့်ဖြစ်သည်။ ထိုခေတ်အချိန်ကာလများမှစ၍ ကမ္ဘာ့သမိုင်းရာဇဝင်တလျှောက်လုံးတွင် သိနာတောင်ကဲ့သို့ပင် ဘုန်းတော်နှင့်ပြည့်ဝသော "ဧဝံဂေလိကာလ" အကြောင်းနှင့်ပတ်သက်သည့် နောက်ထပ်အဖြစ်အပျက်ပေါင်းများစွာရှိပါသေးသည်။ ဧဝံဂေလိကာလအကြောင်းမဟုတ်သည့် အခြားသောကာလအကြောင်းကို ဟောပြောလာသောသူရှိသမျှတို့သည်၊ ဘုရားသခင်၏ကြွယ်ဝတော်မူသော ကောင်းမြတ်ခြင်း၊ စိတ်ရှည်သည်းခံခြင်းများတို့ကို မထီမဲ့မြင်ပြုတတ်သည့် ခက်ထန်မာကျောသောနှလုံးသားမျိုးကို  ပိုင်ဆိုင်ထားသောသူများသာဖြစ်ပါသည်။ ထိုသို့သော‌သူတို့သည် ဒေါသနေ့ (တရားစီရင်ရာနေ့) အဖို့ ကိုယ်ခံစရာဘို့ အမျက်ဒေါသကို ဆည်းပူးနေကြသောသူများသာ ဖြစ်ပါသည်။

သေခြင်းတရားသည် သိနာတောင်တွင် ယေရှုခရစ်တော်အားဖြင့် ဖျက်သိမ်းပစ်ခြင်းခံရသည်မှာ အလွန်မှန်ပါပေသည်။ ပညတ်တရားကို "အာမခံ၏ လက်၌ထားတော်မူ၏။" (ဂလာတိ ၃း၁၉) ထို့ကြောင့် ပညတ်တရားကို ထိုအာမခံအားဖြင့် လက်ခံရရှိသောသူရှိသမျှတို့၌ ထိုပညတ်တရားသည် အသက်ရှင်ခြင်းအကြောင်းကိုဖြစ်စေပါသည်။ ဒုစရိုက်အပြစ်၏တန်ခိုးကား ပညတ်တရားပင်ဖြစ်သည်။ ထိုဒုစရိုက်အားဖြင့်ဝင်ရောက်လာခဲ့သည့်အရာတည်းဟူသော သေခြင်းတရားသည် ပယ်ဖျက်ခြင်းခံခဲ့ရပြီး၊ ၎င်း၏နေရာအစားတွင် အသက်ရှင်ခြင်းတရားကို ထည့်သွင်းထားခဲ့လိုက်ပါသည်။ ထိုအသက်ရှင်ခြင်းတရားသည် ယုံကြည်သောသူတိုင်းတို့အဖို့ပင် ဖြစ်ပါသည်။ ယုံကြည်သောသူတို့၏အရေအတွက်သည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ထိုအသက်ရှင်ခြင်းတရားသည် ထိုသူတို့အဖို့ပင်ဖြစ်ပေသည်။ အသက်မဲ့သောကျောက်ပြားပေါ်တွင်ရေးထားသော ပညတ်တော်သည် အရိပ်တစ်ခုသာဖြစ်သည်မှန်လျှင်၊ ထိုအရိပ်သည် ယေရှုခရစ်တော်တည်းဟူသော အသက်ကျောက်မြတ်ပေါ်တွင်ရေးထားသော အသက်ရှင်သောပညတ်တော်၏ တိကျသောအရိပ် (ပုံရိပ်) တစ်ခုပင်ဖြစ်ပေသည်။ ယုံကြည်သောသူအား ခရစ်တော်၏နားထောင်ခြင်းတရားက ပေးတော်မူသည့် ဖြောင့်မတ်ခြင်းတရားသည် သိနာတောင်တွင်မိန့်မြွက်တော်မူခဲ့သည့်ပညတ်တော်ထဲတွင် ဖော်ပြထားသည့် ဖြောင့်မတ်ခြင်းတရားပင်ဖြစ်သည်။ ဤအချက်ကို ဘုရားသခင်က မိမိ၏အသံတော်ကိုကြားရသည့်နေရာတိုင်းတွင်ရှိသော လူခပ်သိမ်းတို့အား သိရှိစေတော်မူလိမ့်မည်ဖြစ်သည်။ ပညတ်တော်ထဲတွင်ပါရှိသော စကားလုံးတစ်လုံးကိုမျှ ပြောင်းလဲပစ်လို့မရပါချေ။ ထိုပညတ်တော်သည် ယေရှုခရစ်၌တွေ့ရှိရသောဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို ဖော်ပြထားသည့် ရှင်းလင်းတိကျသောဓါတ်ပုံတစ်ပုံပင်ဖြစ်သည်။ မှန်ပါသည်၊ ဓါတ်ပုံတစ်ပုံဆိုသည်မှာ ပုံရိပ်တစ်ခုသာဖြစ်ပါသည်။ သို့ရာတွင် အလင်းရောင်ကြည်လင်ပြတ်သားမှုရှိလျှင်၊ ထိုဓါတ်ပုံသည် ရိုက်ကူးလိုက်သည့်အရာဝတ္ထု၏ရုပ်လုံးကို ရှင်းလင်းပြတ်သားစွာသရုပ်ဖော်ထားသည့်ပုံတူတစ်ပုံဖြစ်လာပါသည်။ ဤနေရာတွင် အလင်းရောင်ဆိုသည်မှာ၊ "ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်" ကိုဆိုလိုခြင်းဖြစ်ပါသည်။ (၂ကော ၄း၄)။ ထို့ကြောင့် ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်ဖြောင့်မတ်ခြင်းတရား၏ ရှင်းလင်းတိကျသောမှုရင်းပုံပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သိရှိကြရပါသည်။ ပညတ်တော်ဆယ်ပါးကို ရိုးရှင်းသောယုံကြည်ခြင်းအားဖြင့် စောင့်ထိန်းကြမည်ဆိုလျှင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသားနှလုံးပေါ်တွင် အသက်ရှင်သောစာကို ထည့်သွင်းပုံနှိပ်ပေးတော်မူလိမ့်မည်ဖြစ်ပြီး၊ ပညတ်တော်ဆယ်ပါးက ထိုထည့်သွင်းပုံနှိပ်ပေးတော်မူမည့်စာသားကို ကျွန်ုပ်တို့အား ဖော်ပြပေးသွားပါလိမ့်မည်။

## ၃၄။ ကွာသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ပညတ်နှစ်မျိုး
## ယနေ့အတွက်သမ္မာတရား၊ ဒီဇင်ဘာ ၂၄၊ ၁၈၇၆

ပဋိညာဉ်နှစ်မျိုးရှိသည်နည်းတူ ပညတ်လည်းနှစ်မျိုးရှိပြီး၊ ပဋိညာဉ်နှစ်မျိုးတို့သည် တစ်ခုနှင့်တစ်ခု တူညီစွာဆက်စပ်နေသည်နည်းတူ ယင်းပညတ်နှစ်မျိုးသည် လည်းတစ်ခုနှင့်တစ်ခု တူညီစွာဆက်စပ်လျက်နေပါသည်။ ထိုအချက်ကို ရှေ့တွင်လေ့လာခဲ့သည့်သင်ခန်းစာတွင် အထောက်အထားနှင့်တကွတွေ့ခဲ့ရပါသည်။ မယုံကြည်ခြင်းမျက်နှာဖုံးကို အသက်၏အလင်းတော် (ခရစ်တော်) ၏ရှေ့တွင် ဖြန့်ချထားလိုက်သည့်ရလဒ်အနေဖြင့် ပညတ်တစ်ခုသည် ကျန်ပညတ်တစ်ခု၏အရိပ်ဖြစ်လာပါတော့သည်။

“အကြောင်းမူကား၊ ပညတ်တော်သည် မီးခွက်ဖြစ်၏။ တရားတော်သည် အလင်းဖြစ်၏။ အပြစ်ကိုပြတတ်သော ဩဝါဒစကားသည် အသက်လမ်းဖြစ်၏။” သုတ္တံ ၆း၂၃။ သို့ရာတွင် ခရစ်တော်သည် တစ်ခုတည်းသော လောက၏အလင်း၊ အသက်၏အလင်းဖြစ်တော်မူပါသည်။ ထို့ကြောင့် အသက်ရှင်သော စစ်မှန်သည့်ပညတ်တော်ကို ထိုသူတစ်ပါးတည်း၌သာ တွေ့မြင်နိုင်ခြင်းဖြစ်သည်။ ပညတ်တော်သည် သူ၏အသက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုပညတ်သည် သူ၏နှလုံးသားထဲတွင်တည်ရှိနေပြီး၊ နှလုံးဆိုသည်မှာလည်း အသက်၏အခြေအမြစ်ဖြစ်သောကြောင့်ဖြစ်သည်။ သူသည် အသက်ရှင်သော ကျောက်မြတ်ဖြစ်သည်။ ကျေးဇူးသစ္စာတော်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏အထဲတွင်ရှိသောပညတ်တော်ကို ထိုကျောက်မြတ်ပေါ်တွင် တွေ့ရှိရပါသည်။ ကျောက်ပြားပေါ်တွင်ရှိသောပညတ်တော်မှာမူ အရိပ်သာဖြစ်ပါသည်။ သို့ရာတွင် ထိုအရိပ်သည် တိကျစုံလင်သော အရိပ်တစ်ခုဖြစ်သည်။ ခရစ်တော်၌ ကျွန်ုပ်တို့တွေ့မြင်ရမည့်အရာသည် အဘယ်အရာဖြစ်မည်ကို ထိုအရိပ်က ကျွန်ုပ်တို့အား တိတိကျကျပြောပြပေးပါသည်။

ကျောက်ပြားပေါ်တွင်ရှိသော ပညတ်တော်သည် ဘုရားသခင်၏စုံလင်သောဖြောင့်မတ်ခြင်းတရားအကြောင်းကို ဖေါ်ပြပေးပါသည်။ သို့သော် သူ့ (ပညတ်) အား ကျွန်ုပ်တို့အနေဖြင့် မည်မျှပင်တောင့်တနေစေကာမူ သူ့အနေဖြင့် ကျွန်ုပ်တို့၏အထဲတွင် ဝင်ရောက်ပြီးမထင်ရှားနိုင်ပါချေ။ သူသည် “ဇာတိပကတိကြောင့်အားနည်း” လျက်ရှိပါသည်။ သူသည် လမ်းပြပေးသည့် ခိုင်မြဲသောလမ်းပြမှတ်တိုင်တစ်ခုဖြစ်သည်။ သို့ရာတွင် ထိုလမ်းပေါ်သို့ရောက်အောင် သူက ကျွန်ုပ်တို့ကို သယ်ဆောင်မသွားပေးပါချေ။ သို့ရာတွင် “ဇာတိပကတိသဘောရှိသမျှတို့ကို အောင်နိုင်ရသောအခွင့်” သည် ခရစ်တော်၌ရှိပါသည်။ ပညတ်တရားသည် ထိုခရစ်တော်အားဖြင့် အသက်နှင့်ပြည့်စုံလျက်ရှိကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ပညတ်တရားသည်ကောင်းမြတ်တော်မူကြောင်းကို ကျွန်ုပ်တို့သည်လက်ခံ၍၊ ခရစ်တော်သည် လူ့ဇာတိကိုခံယူတော်မူခဲ့ကြောင်းကို ဝန်ခံကြမည်ဆိုလျှင်၊ ထိုပညတ်တော်သည် ဇာတိပကတိကြောင့် အားနည်းနေလင့်ကစား၊ ကျွန်ုပ်တို့၏ အကျင့်အကြံ၊ အပြောအဆိုနှင့် အပြုအမူများတို့တွင် ယင်းပညတ်တရားသည် မိမိဘာသာအလိုအလျောက် ဝင်ရောက်ထင်ရှားခြင်းရှိလာပါလိမ့်မည်။

ပညတ်တရားကို စာအုပ်တစ်အုပ်ထဲတွင်ရှိသောအရာတစ်ခုအနေဖြင့်သာ သိရှိထားသောသူများနှင့် ၎င်းအား မိမိတို့၏ကြိုးစားအားထုတ်မှုတစ်ခုတည်းအားဖြင့်သာ ကျင့်ဆောင်ရမည်ဟု တွေးထင်ထားကြသောသူတို့၌ ထိုပညတ်တရားသည် အကျင့်နှင့်ဆိုင်သောပညတ်တရားတစ်ခုအဖြစ်ရပ်တည်ပေးပြီး၊ ထိုသူတို့သည်လည်း ယင်းပညတ်တော်၏ကျိန်ခြင်းကိုသာ ခံရကြမည်ဖြစ်သည်။ ပညတ်တရားကို ယေရှုခရစ်အားဖြင့်သိရှိထားကြသောသူတို့၌မူကား၊ ယင်းပညတ်တရားသည် ခွင့်လွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းဆိုင်ရာကောင်းကြီးမင်္ဂလာအကြောင်းကို ကြွေးကြော်ပေးသည့် ယုံကြည်ခြင်းနှင့်ဆိုင်သောပညတ်တစ်ခုဖြစ်လာပါသည်။

ပညတ်တရားကို ကျောက်ပြားပေါ်တွင် (သို့) စာအုပ်ထဲတွင်ရှိသောပညတ်အဖြစ်သာ သိရှိထားခြင်းသည်၊ ၎င်းပညတ်အား “အပြစ်တရားနှင့်သော်၎င်း၊ သေခြင်းတရားနှင့်သော်၎င်း စပ်ဆိုင်သည့်တရား” တစ်ခုကဲ့သို့ဖြစ်လာစေပါသည်။ (ရောမ ၈း၂)။ အကြောင်းမူကား၊ “သေမင်း၏လက်နက်ကား၊ ဒုစရိုက်အပြစ်

ပေတည်း။ ဒုစရိုက်အပြစ်၏ တန်ခိုးကား၊ ပညတ်တရားပေတည်း။" ၁ကော ၁၅း၅၆။ သို့ရာတွင် ပညတ်တရားကို ယေရှုခရစ်အားဖြင့်သိရှိထားသောအခါတွင်မူ၊ ၎င်းပညတ်တရားသည် "ဖြောင့်မတ်ခြင်းတရားကြောင့်" "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရား" ဖြစ်လာသည်။

"ကျောက်ပြားပေါ်၌ အက္ခရာတင်၍ ရေးထားသော" ပညတ်တရားသည် "သေခြင်း၏တရား" ပင်ဖြစ်ပါသည်။ ပညတ်တော်ကိုစောင့်ထိန်းရမည့်တာဝန်သည် မိမိတို့၏တာဝန်ပင်ဖြစ်ကြောင်းကို လူများတို့အား ပြောပြပေးခြင်း၊ ထိုပညတ်တော်ကိုစောင့်ထိန်းနိုင်ဖို့ရန်အတွက် အကောင်းဆုံးကြိုးစားလုပ်ဆောင်သွားကြဖို့ရန် သူတို့အား အားပေးတိုက်တွန်းခြင်း၊ စသည်အားဖြင့် ရေးထားသောပညတ်အကြောင်းကိုသာ ဟောပြောမှုပြုနေသောသူသည် စီရင်ခြင်းတရားအတွက် အမှုဆောင်နေသူပင်ဖြစ်ပေသည်။ သို့ရာတွင် အသားနှလုံးပြားပေါ်တွင် "အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်နှင့်" (၂ကော ၃း၃) ရေးထားသည့် ထိုတစ်မျိုးတည်းသောပညတ်မူကား "အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း" ပင်ဖြစ်ပြီး၊ ခရစ်တော်သည် "လူ့ဇာတိအားဖြင့် ကြွလာတော်မူသော" သူပင်ဖြစ်ကြောင်းနှင့်၊ လူသားတို့၏အထဲတွင် ယကနေ့တွင် ဝင်ရောက်နေထိုင်တော်မူသောထိုခရစ်တော်သည် လွန်ခဲ့နှစ်ပေါင်းနှစ်ထောင်ဝန်းကျင်အချိန်ကကဲ့သို့ပင် ယကနေ့တွင်လည်း ပညတ်တော်ကိုနားထောင်လိုက်လျှောက်နေဆဲဖြစ်သည် ဆိုသည့်အကြောင်းတို့ကို ဟောပြောသောသူမည်သည်ကား၊ ဖြောင့်မတ်ခြင်းတရားအတွက် အမှုဆောင်သောသူပင် ဖြစ်ပေသည်။

ပညတ်တော်ဆယ်ပါးကို၊ ကျွန်ုပ်တို့၏အသက်တာတွင် မဖြစ်မနေလိုက်လျှောက်ရမည့် ပညတ်တစ်ခုအနေဖြင့်သာ သိရှိထားခြင်း "ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ်တရား" အနေဖြင့်သာ သိရှိထားခြင်းသည် "ကျွန်ခံရာ ထမ်းဘိုး" တစ်ခုပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုပညတ်တော်ကိုစောင့်ထိန်းနိုင်ဖို့ရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိနေသောသူတစ်ဦး၏ အကောင်းဆုံးကြိုးပမ်းမှုများတို့သည် အပြစ်သက်သက်သာဖြစ်နေသောကြောင့်ဖြစ်သည်။ "ကျမ်းစာသည်လူအပေါင်းတို့ကို အပြစ်၌ချုပ်ထား၏။" ပညတ်တရားသည်၊ "ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်" တစ်ခုချင်းစီနှင့်တကွ ၎င်းအကျင့်နှင့်စပ်ဆိုင်သောသေခြင်းတရားအားဖြင့် ကျွန်ုပ်တို့ကို ကြပ်ကြပ်ဖမ်းချုပ်ထားပြီး၊ ကျွန်ုပ်တို့၏ထောင်နံရံများကိုလည်း ပိုမိုခိုင်ခံ့စေပါသည်။ သို့သော်၊ "သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကို ဆိုလိုသတည်း။ သခင်ဘုရား၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။" ၂ကော ၃း၁၇။ ထို့ကြောင့် ပညတ်တရားသည် ယေရှုခရစ်တော်အားဖြင့် "အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း" ကိုဖြစ်စေပါသည်။ ယာကုပ် ၁း၂၅။

သိနာတောင်တွင် ဂျူးလူမျိုးများအနေဖြင့် ဘုရားသခင်၏အလုပ်ကို လုပ်ဆောင်ပေးကြဖို့ရန် ဆုံးဖြတ်လိုက်ကြသည့်အချိန်တွင်၊ သူတို့သည် မိမိတို့အတွက် ကယ်တင်ခြင်းကို မိမိတို့ဘာသာ တာဝန်ယူလုပ်ဆောင်သွားခဲ့ကြပါသည်။ အာဗြဟံ၏သမိုင်းရာဇဝင်အကြောင်းနှင့်၊ အထူးအာရုံစိုက်လာကြဖို့ရန် သူတို့အား ကမ်းလှမ်းခဲ့သည့် အာဗြဟံနှင့်ပြုတော်မူခဲ့သော ဘုရားသခင်၏ပဋိညာဉ်တော်ကို သူတို့လျစ်လျူရှုထားခဲ့ကြပါသည်။ သို့ရာတွင် ဘုရားသခင်သည် စိတ်ရှည်သည်းခံတော်မူခဲ့သည်။ အဘယ်သူမျှ ပျက်စီးခြင်းသို့မရောက်ပဲ၊ ခပ်သိမ်းသောသူအပေါင်းတို့သည် နောင်တရစေခြင်းငှါ သူအလိုတော်ရှိပါသည်။ ထို့ကြောင့် အာဗြဟံ နှင့်ပြုတော်မူခဲ့သော မိမိ၏ပဋိညာဉ်တရားတော်နှင့်အညီ ထိုကာလသရေလလူတို့ကို သူသည် မစွန့်ပဲနေတော်မူခဲ့သည့်ပြင်၊ ထိုသူတို့၌ ယုံကြည်ခြင်းတရားကင်းမဲ့နေသည့်အချိန်မျိုးတွင်ပင်လျှင် ဘုရားသခင်သည် မိမိ၏အကြောင်းနှင့် မိမိ၏ကယ်တင်ခြင်းအကြောင်းကို သူတို့အားသွန်သင်ပြပေးဖို့ရန် ကြိုးစားခဲ့လေသည်။ သူသည် ယဇ်နှင့်ပူဇော်သက္ကာများတို့နှင့်စပ်ဆိုင်သော အထုံးအဖွဲ့တစ်မျိုးကို ထိုသူတို့အားပေးအပ်တော်မူခဲ့သည်။ အကျင့်နှင့်စပ်ဆိုင်သောပညတ်တော် ဟုအမည်ရှိသည့် စောင့်ထိန်းရန်အတွက် ထိုသူတို့ရွေးချယ်ခဲ့ကြသည့်ပညတ်တော်နှင့်အတူတကွ နေ့စဉ်၊ နှစ်စဉ်စောင့်ထိန်းရန် အခမ်းအနားပွဲများတို့ကိုလည်း သူတို့အား ပေးအပ်ခဲ့ပါသည်။

ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သောအထုံးအဖွဲ့ဖြစ်ပေါ်လာရာ ချိုးဖောက်ခြင်းခံခဲ့ရသည့် အကျင့်နှင့်စပ်ဆိုင်သောပညတ်တော်သည် သူတို့အား ကယ်တင်ခြင်းမပေးနိုင်သည်နည်းတူ၊ ၎င်းအထုံးအဖွဲ့သည်လည်း သူတို့အား လုံးဝမကယ်တင်ပေးနိုင်ခဲ့ပါချေ။ အပြစ်၏သဘောသဘာဝနှင့် ၎င်းအတွက်လိုအပ်သည့်အပြစ်ဖြေခြင်းအကြောင်းတို့ကို နားလည်သဘောပေါက်ထားကြသောသူများတို့က၊ ခွင့်လွှတ်ခြင်းတရားနှင့် ဖြောင့်မတ်ခြင်းတရားတို့ကို တဲတော်တွင်ကျင်းပသည့်မည်သည့်အခမ်းအနားပွဲကမျှ မပေးစွမ်းနိုင်ကြောင်းကို သိရှိထားခဲ့ကြပါသည်။ သေခြင်းတရားဟူသည်မှာ အပြစ်တရား၏အဖိုးအခ၊ အသီးအပွင့်ပင်ဖြစ်ကြောင်းကို အပူဇော်ခံရသောယဇ်ကောင်က မီးမောင်းထိုးပြထားခဲ့ပါသည်။ သို့ရာတွင် သိုးတစ်ကောင်၊ ဆိတ်တစ်ကောင် (သို့) နွားတစ်ကောင်၏အသက်သည် လူတစ်ယောက်၏အသက်လောက် တန်ဖိုးမရှိကြောင်းကို လူတိုင်း တွေ့မြင်ခွင့်ရခဲ့ပါသည်။ ထို့ကြောင့် ထိုတိရိစ္ဆာန်များထဲတွင် မည်သည့်တိရိစ္ဆာန်၏အသက်ကမျှ (သို့) ထိုတိစ္ဆာန်အားလုံးတို့၏အသက်သည် လူတစ်ဦးတစ်ယောက်၏အသက်အတွက် အဖြေမပေးနိုင်ခဲ့ပါချေ။ ထောင်သောင်းမကသော သိုးသငယ်များသာမက၊ လူတစ်ယောက်၏အသေခံခြင်းပင်လျှင် တစ်စုံတစ်ရာသော အပြစ်ကို ဖြေစေခြင်းငှါ မတတ်စွမ်းနိုင်ခဲ့ပါချေ။ မိက္ခာ ၆း၆၊၇။

ထိုသူတို့အထဲတွင် ဘုရားအပေါ်သစ္စာရှိခဲ့ကြသောသူတို့က အထက်ပါဖော်ပြချက်ကို ကောင်းစွာနားလည်ထားခဲ့ကြပါသည်။ ကြီးမားသောအပြစ်ဒုစရိုက်တစ်ခုကို ကျူးလွန်ခဲ့မိသူဒါဝိဒ်က ဤသို့ပြောဆိုတင်ပြသွားခဲ့ပါသည်။ “ယဇ်ပူဇော်ခြင်းကို အလိုတော်မရှိ။ သို့မဟုတ်လျှင် ယဇ်ပူဇော်ပါမည်။ မီးရှို့သောယဇ်ပူဇော်ခြင်းကိုပင် နှစ်သက်တော်မမူ။” ဆာလံ ၅၁း၁၆။ တဖန် ပရောဖက်တော်များအားဖြင့် ထိုသူတို့အား ဆုံးမသွန်သင်ထားသည်ကား၊ “သင်တို့ ပူဇော်သောယဇ်များကို ငါသည်အဘယ်သို့ဆိုင်သနည်း။” “မီးရှို့၍ ပူဇော်သောသိုးကောင်၊ ဆူဖြိုးအောင်ကျွေးသောတိရစ္ဆာန်တို့၏ဆီဥနှင့်ငါဝပြီ။ နွားနှင့်သိုးသငယ်၊ ဆိတ်တို့၏အသွေးကို ငါမနှစ်သက်။” ဟေရှာယ ၁း၁၁။ “သင်တို့မီးရှို့ရာယဇ်တို့ကို ငါအလိုမရှိ။ ပူဇော်သောယဇ်အမျိုးမျိုးကို ငါမနှစ်သက်။” ယေရမိ ၆း၂၀။ ထိုအရာများတို့၌ မည်သည့်ကောင်းမှုကုသိုလ်မျှမရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ပညတ်တရားသည် “နောက်ဖြစ်လတံ့သောမင်္ဂလာအကျိုးတို့၏ သေချာသောပုံသဏ္ဍာန်ကိုမပြ၊ အရိပ်ကိုသာပြ” ပေးပြီး၊ ၎င်းသည် “နှစ်စဉ်မပြတ်ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ ချဉ်းကပ်သောသူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်” သောကြောင့်ဖြစ်သည်။ ဟေဗြဲ ၁၀း၁

ဣသရေလလူတို့သည် အာဗြဟံနှင့် မောရှေတို့၏ ရိုးရှင်းပြီး၊ ခိုင်ခံ့မြဲမြံသောယုံကြည်ခြင်းတရားကို ဆက်လက်ထိန်းသိမ်းခဲ့ကြမည်ဆိုလျှင် သာ၍ကောင်းမွန်ခဲ့ပေလိမ့်မည် (သို့) အကောင်းဆုံးဖြစ်ခဲ့ပေလိမ့်မည်။ ထိုသို့ပြုခဲ့ကြမည်ဆိုလျှင် လောကတဲတော်မဟုတ်သည့်၊ “လူမဆောက်ဘဲ ထာဝရဘုရား ဆောက်တော်မူသော” တဲတော်ကိုသော်၎င်း၊ အခြားသောယဇ်ပုရောဟိတ်မင်းတစ်ပါးမဟုတ်သည့် “မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သော” ယေရှုခရစ်ကိုသော်၎င်း၊ အခြားသောပညတ်တရားမဟုတ်သည့် “အသက်ရှင်စေသော ဝိညာဉ်တော်၏တရား” တော်ကိုသော်၎င်း၊ အကျဉ်းအားဖြင့်ဆိုရသော် - အရိပ်မဟုတ်သော အစစ်အမှန်အရာများတို့ကိုသာ ထိုဣသရေလများအနေဖြင့် ပိုင်ဆိုင်ခဲ့ကြရပေလိမ့်မည်။ သို့ရာတွင် ထိုသူတို့၌ ယုံကြည်ခြင်းကင်းမဲ့ခဲ့ကြသည့်အတွက်ကြောင့်၊ ဆက်လက်တည်ရှိနေမည့် သရုပ်ပြသင်ခန်းစာတစ်ခုအနေဖြင့်ရပ်တည်ပေးသည့် အရာတစ်ခုကိုသာ သူတို့အား ဘုရားသခင်ပေးသနားနိုင်ခဲ့လေတော့သည်။ ထိုသို့ပေးသနားတော်မူခြင်းအမှုသည် ဘုရားသခင်၏ချစ်သနားတော်မူခြင်းနှင့် စိတ်ရှည်သည်းခံတော်မူခြင်းတို့၏ အံ့ဖွယ်ရာထင်ရှားမှုကြီးတစ်ခုပေတည်း။ စဉ်းစားတွေးခေါ်တတ်သောသူတိုင်းက၊ အကျင့်နှင့်စပ်ဆိုင်သော ပညတ်တရား၏ “အားမရှိ၊ အကျိုးကိုမပေးနိုင်" သောအဖြစ်ကို (ဟေဗြဲ ၇း၁၈) အမြဲတစေထင်ရှားစွာတွေ့မြင်ခဲ့ကြရပါသည်။ ပညတ်တရားသည် အပြစ်ကိုဖော်ပြပေးခြင်းအကျိုးတစ်မျိုးတည်းကိုသာပေးစွမ်းနိုင်ကြောင်းနှင့် ထိုပညတ်တရား၏တစ်ခုတည်းသောတန်ခိုးကား သေခြင်းတရားပင်ဖြစ်ကြောင်းကို လူသားတစ်ဦးအနေဖြင့် သိမြင်လာသောအခါတွင်၊ ထိုပညတ်တရားသည် ထိုလူသားအား လွှတ်ခြင်းအခွင့်နှင့်

အသက်ရှင်ခြင်းအကြောင်းကို လူသားတို့၌ခြုပ်ခြာစေသောသူတည်းဟူသောခရစ်တော်၏အထံတော်သို့ ခေါ်ဆောင်ပေးသွားပါတော့သည်။ ကယ်တင်ခြင်းတရားကို ယေရှုခရစ်တော်တစ်ပါးတည်း၌သာ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်းကို ထိုပညတ်တော်က သူတို့အား သက်သေထောက်ပြပေးခဲ့ပါသည်။ ယေရှုခရစ်တော်၌ရှိသော သမ္မာတရားသည် စင်ကြယ်သန့်ရှင်းစေတော်မူသော သမ္မာတရားပင်ဖြစ်ပေသည်။

## ခွင့်လွှတ်ခြင်းတရား ဝင်ရောက်လာပုံ

လေ့လာထားပြီးသားအကြောင်းအရာတစ်ခုဖြစ်သည်ဆိုသော်ငြားလည်း သီးသန့်အနေဖြင့်ပြန်ပြီး လေ့လာမှတ်သားဖို့ရန်လိုအပ်သည့် နောက်ထပ်အချက်တစ်ချက်ရှိပါသေးသည်။ ၎င်းမှာ ကယ်တင်ခြင်းတရား (သို့) တစ်စုံတစ်ရာသောအပြစ်အတွက်ခွင့်လွှတ်ခံရသည့်အဖြစ်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ အကျင့်နှင့်စပ်ဆိုင်သောပညတ်တရား၏ ကောင်းမှုကုသိုလ်အားဖြင့်ဖြစ်စေ၊ ထိုပညတ်တရားနှင့်ဆက်စပ်နေသည့် ယဇ်ပူဇော်ခြင်းအမှုများအားဖြင့်ဖြစ်စေ၊ မရရှိဖူးပါချေ။ ထို့အပြင်၊ ပညတ်တရားသည် ကယ်တင်ခြင်းကိုပေးစွမ်းနိုင်ပါသည်ဆိုသည့်အတွေးအခေါ်မျိုးကို မိမိလူများတွေးခေါ်မိလာအောင် ဘုရားသခင်အနေဖြင့် မည်သည့်အခါတွင်မျှ မလုပ်ဆောင်ခဲ့ဖူးပါချေ။ သူ့အားအမှန်တကယ်ယုံကြည်ကြသည့် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ထိုသို့ မတွေးခေါ်ဖူးကြပါချေ။ ရှောလုမင်းအား ရှမွေလက ဤသို့ပြောခဲ့ပါသည်၊ "အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏။" ၁ဓမ္မရာဇဝင် ၁၅း၂၂။

ပရောဖက်ရှင်ဘုရင်ကြီး (ပရောဖက်လည်းဖြစ်၊ ဘုရင်လည်းဖြစ်) က ဘုရားသခင်၏ကရုဏာတော်ကြောင့် နောင်တစိတ်ဖြင့်အရည်ပျော်ကျလျက်ရှိသော မိမိ၏နှလုံးသားမှလာသောစကားလုံးများကို ဤသို့ ချရေးပြထားခဲ့ပါသည်၊ "ယဇ်ပူဇော်ခြင်းကို အလိုတော်မရှိ။ သို့မဟုတ်လျှင် ယဇ်ပူဇော်ပါမည်။ မီးရှို့သော ယဇ်ပူဇော်ခြင်းပင် နှစ်သက်တော်မမူ။ ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။" ဆာလံ ၅၁း၁၆၊ ၁၇။ ဟောရှေအားဖြင့် ထာဝရဘုရားမိန့်တော်မူခဲ့သည်ကား၊ "ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကိုင်၎င်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့်ကျွမ်းဝင်ခြင်းကို၎င်း ငါနှစ်သက်၏။" ဟောရှေ ၆း၆။ ဆူးဖြိုးသောတိရိစ္ဆာန်တို့ကို ယဇ်ပူဇော်ကြမည့်အစားတွင်၊ "တရားသဖြင့် စီရင်ခြင်းကို ရေကဲ့သို့၎င်း၊ ဖြောင့်မတ်ခြင်းကို မပြတ်စီးသောမြစ်ရေကဲ့သို့၎င်း စီးစေကြ" ဖို့ရန် ဘုရားသခင်လိုလားတော်မူပါသည်။ အာမုတ် ၅း၂၄။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားအား သောက်သုံးခြင်းအကြောင်းအရာကိုဖော်ပြပေးထားသည့် အခန်းကို ပြန်လည်ဆင်ခြင်အောက်မေ့ပါ။

"အာဗေလသည်၊ ကာဣနပူဇော်သောယဇ်ထက်သာ၍ မြတ်သောယဇ်ကို၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားပူဇော်၏။ ထိုသို့သောယဇ်ကိုပူဇော်၍၊ မိမိဖြောင့်မတ်သည်ဟု သက်သေခံတော်မူခြင်းကိုရလေ၏။" ဟေပြဲ ၁၁း၄။ အာဗေလအနေဖြင့် ဖြောင့်မတ်ခြင်းတရားကို ရရှိခဲ့သည့်အရာတွင်၊ အဦးပေါက်ပွါးလာခဲ့သောမိမိ၏တိရိစ္ဆာန်များတို့ကို ယဇ်ပူဇော်ခဲ့လိုက်ခြင်းကြောင့် မဟုတ်ပဲ၊ ယဇ်ပူဇော်လိုသောစိတ်ဆန္ဒကို ဖြစ်ပွါးလာစေခဲ့သည့် မိမိ၏ယုံကြည်ခြင်းကြောင့်သာ ဖြစ်ပါသည်။ "ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။" ရောမ ၅း၁။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။" ဧဖက် ၂း၈။ ထို့ကြောင့် ထိုအပြစ်သည် အစအဦးအချိန်ကတည်းက စတင်ခဲ့ပါသည်။ အကြောင်းမူကား "အာဗြဟံသည်ဘုရားသခင်ကို

ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။” ထိုနည်းတူစွာပင်၊ နောက်၊ နောဧ၊ ရှေးဘိုးဘေးများနှင့် ပုရောဖက်များတို့သည်လည်း ထိုသို့မှတ်ယူခြင်း ခံခဲ့ရကြပါသည်။

တဲတော်ကို ဆောက်လုပ်ပြီးစီးသွားခဲ့သည့်နောက်ပိုင်းတွင် ယဇ်ပူဇော်ခြင်းအမှုကို အခြားသော နေရာများတွင် ပြုလုပ်ကျင်းပခွင့်မရှိတော့ပါချေ။ သို့ရာတွင် မြောက်များစွာသော ဣသရေလလူတို့သည် ထို တဲတော်နှင့် ဝေးသောအရပ်များတွင် နေထိုင်ခဲ့ရပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်သို့ တက်ရောက်လာ နိုင်ဖို့ရန် ထိုသူတို့သည် တစ်နှစ်တွင် သုံးကြိမ် စုရုံးလာခဲ့ကြရပါသည်။ မိမိတို့ကျူးလွန်မိကြသောဒုစရိုက်အပြစ် များအတွက် ခွင့်လွှတ်ခြင်းတရားကိုရရှိဖို့ရန်၊ သူတို့အနေဖြင့် ထိုစုရုံးရသည့်အချိန်ကာလသို့ ရောက်ရှိလာ သည့်အချိန်အထိ စောင့်နေဖို့မလိုခဲ့ပါချေ။ လူတစ်ဦးတစ်ယောက်သည် ဒုစရိုက်ကိုပြုမိ၍၊ မိမိနှလုံးသား၏ ပြဿနာအခြေအနေကို သိရှိလာခဲ့သည့်အချိန်တိုင်းအချိန်တိုင်းတွင် သူသည် မိမိပြုခဲ့သောထိုဒုစရိုက်အပြစ် ကို မိမိနှင့်အမြဲတမ်းအတူရှိနေတော်မူသော ဘုရားသခင့်အထံတွင် ချက်ချင်းဝန်ခံနိုင်ခဲ့ပါသည်။ ထိုနည်းတူစွာ ပင် ကျွန်ုပ်တို့အနေဖြင့်လည်း ထိုသို့ပြုလုပ်နိုင်ပါသည်။ “ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့ အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ် ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။” ၁ ယော ၁း၉။ ဤအခြင်းအရာကို ဘုရားသခင်၏ပရောဖက်တော် အားဖြင့် ပြစ်တင်ဆုံးမခြင်းကိုခံခဲ့ရသည့် ဒါဝိဒ်၏အဖြစ်အပျက်တွင် ရုပ်လုံးဖော်တင်ပြထားပါသည်။ ဒါဝိဒ်က “ငါသည် ထာဝရဘုရားကို ပြစ်မှားပါပြီး။” ဟု ပြောခဲ့ပါသည်။ ထိုအခါ ချက်ချင်းဆိုသလိုပင်၊ “ထာဝရဘုရား သည် ကိုယ်တော်အပြစ်ကို ပယ်တော်မူပြီး။” ဆိုသည့် အာမခံချက်တစ်ခုသည် သူ့အတွက်ရောက်ရှိလာခဲ့ ပါသည်။ ၂ဓမ္မ ၁၂း၁၃။

ဤသို့သောအခြေအနေမျိုး ဖြစ်ပေါ်နေသောအချိန်၌၊ နောင်တရပြီးမှ အပြစ်လွှတ်ခြင်းအခွင့်ကို ရရှိသွားခဲ့ပြီးသောထိုအသက်ဝိညာဉ်သည် ဘုရားသခင်လက်ခံတော်မူသည့် “တရားသဖြင့်ယဇ်ပူဇော်” ခြင်း အမှု ကို စတင်ပြုလုပ်နိုင်ခဲ့လေသည်။ (ဆာလံ ၄း၅၊ ၅၁း၁၉) ထိုအခါတွင်မှသာ ဘုရားသခင်သည် မိမိ၏မီးရှို့ ရာပလ္လင်တော်ပေါ်တွင် တင်ထားသော မီးရှို့ရာပူဇော်သက္ကာများနှင့် တစ်ကောင်လုံးမီးရှို့ရာပူဇော်သက္ကာများတို့ ကို အားရနှစ်သက်တော်မူခဲ့လေသည်။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။  အဘယ့်ကြောင့်ဆိုသော် ထို ပူဇော်သက္ကာများတို့သည် ထိုသူ၏နှလုံးသားမှလာသော ကျေးဇူးသိတတ်သောစိတ်ကို ဖေါ်ပြပေးသည့်အ တွက်ကြောင့်ဖြစ်သည်။ ထိုပူဇော်သက္ကာများတို့သည်၊ ခပ်သိမ်းသောအရာတို့သည်ဘုရားသခင်နှင့်သက်ဆိုင် တော်မူပြီး ဘုရားသခင့်အထံတော်မှလာသည် ဆိုသည့်အချက်ကို အသိအမှတ်ပြုထားသည့် အသိအမှတ်ပြု ခြင်းလက္ခဏာတစ်ခုပင် ဖြစ်သောကြောင့်ဖြစ်သည်။ စစ်မှန်သော ယဇ်ပူဇော်ခြင်းအမှုရှိသမျှတို့တွင် အခြေခံ ကျသည့်နိယာမတစ်ခုရှိပါသည်။ ၎င်းမှာ လောကအရာရှိရှိသမျှတို့သည် အကြွင်းအကျန်မျှပင်မကျန်တော့ သည်အထိ လောင်ကျွမ်းပျောက်ကွယ်သွားမည်ဆိုသော်ငြားလည်း၊ အသက်ဝိညာဉ်ကို ကယ်တင်တော်မူသော သူသည် ခန္ဓာကိုယ်အဖို့လိုအပ်သည့်အရာရှိရှိသမျှတို့ကို ပေါများကြွယ်ဝစွာ ထောက်ပံ့ပေးနိုင်တော်မူပါသည်။ ဤနိယာမ၊ ဤအယူအဆသည် ဘုရားသခင်အားကျွန်ုပ်တို့ ပေးကြမည့်အယူအဆတစ်ခုမဟုတ်ပဲ၊ ကျွန်ုပ်တို့ အား ဘုရားသခင်ပေးထားတော်မူသည့် အယူအဆတည်းဟူသော စစ်မှန်သောပူဇော်ခြင်းအမှုကို ဖြစ်ပေါ်စေ သည့် အယူအဆတစ်ခုပင် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ခုတည်းသောစစ်မှန်သည့် ပူဇော်ခြင်း မှာ ခရစ်တော်၏ပူဇော်ခြင်းအမှုပင် ဖြစ်သောကြောင့်ဖြစ်သည်။ ဤအချက်ကို ပူဇော်ခြင်းခံခဲ့ရသည့် ယဇ် ကောင်တိုင်းတွင် ထင်ရှားစွာ ထုတ်ဖေါ်ပြသပေးထားပါသည်။ မိမိတို့သည် ဘုရားသခင်အား တိုးတက်ချမ်းသာ လာအောင် လုပ်ပေးနေကြခြင်းမဟုတ်ကြောင်းကို ထိုဣသရေလလူမျိုးများအနေဖြင့် တွေ့မြင်နိုင်ခဲ့ကြပါ သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ပူဇော်လိုက်သည့်ပူဇော်သက္ကာသည် လောင်ကျွမ်းပျောက်ကွယ်သွားခဲ့ သည့်အတွက်ကြောင့်ဖြစ်သည်။ အသိဉာဏ်နှင့်ယှဉ်တွဲလျက် ပူဇော်မှုပြုခဲ့ကြသောသူရှိရှိသမျှ၊ နံဝိညာဉ် နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ခဲ့ကြသောသူရှိရှိသမျှတို့က၊ မိမိတို့သည် ယခုဘဝအတွက်ရော

နောင်ဘဝ အတွက်ပါ ဘုရားသခင်၌ လုံးလုံးလျားလျားမှီခိုနေကြရသည် ဆိုသည့်အကြောင်းကို ပြဋ္ဌန်းသွားခဲ့ကြပါသည်။

## အမိုးမဲ့သော ပဋိညာဉ်အဟောင်း

ထို့ကြောင့် ပဋိညာဉ်တရားထဲတွင်ပါရှိသည့် ပညတ်တော်နှင့်အတူတကွ ထိုပဋိညာဉ်တရား သည် အပြစ်လွတ်ခြင်းနှင့် အပြစ်မှကယ်တင်တော်မူခြင်းအမှုအတွက် ဘာမျှအကျိုးမဝင်ခဲ့ပါချေ။ ထိုပဋိညာဉ်သည် အစအဦး၌တွင်ပင်လျှင် ချိုး "ဖျက်" ခြင်းခံခဲ့ရပါသည်။ (ဆာလံ ၈၉း၃၀၊၃၉)။ ဤအကြောင်းအရာအား သရုပ်ဖော်ပြပေးထားသည့် အထောက်အထားတစ်ခုကို၊ ဣသရေလသားသမီးများ နွားသငယ်ရုပ်ကိုထုလုပ်ကြပြီး၊ ယင်းရုပ်ထုအားကိုးကွယ်ခဲ့ကြသည့်အခါတွင်၊ သူတို့အဖို့ ဘုရားသခင့်အထံတော်၌ ကြားဝင်အသနားခံပေးခဲ့သည့် မောရှေ၏အသနားခံတောင်းလျှောက်ခြင်းအဖြစ်အပျက်တွင် ထောက်ပြပေးထားပါသည်။ ဘုရားသခင်က၊ "ငါ့ကိုရှိစေတော့။ ငါသည် အမျက်ပြင်းစွာထွက်၍ သူတို့ကို ဖျက်ဆီးမည်။" ဟု မိန့်တော်မူလိုက်သောအခါတွင်၊ မောရှေက

"အို ထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုးအားကြီးသောလက်နှင့် အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့သော ကိုယ်တော်၏လူတို့ကို၊ အဘယ်ကြောင့် အမျက်ပြင်းစွာ ထွက်တော်မူသနည်း။ အဲဂုတ္တုလူတို့ကလည်း၊ ဘုရားသခင်သည် မကောင်းသောအကြံရှိသဖြင့်၊ သူတို့ကို တောတောင်များ၌သတ်၍ မြေကြီးပေါ်ကသုတ်သင်ပယ်ရှင်းခြင်း အလိုငှါသာ၊ နှုတ်ဆောင်လေသည်ဟု အဘယ်ကြောင့် ဆိုဘွယ်အကြောင်း ရှိရပါမည်နည်း။ ပြင်းစွာသော အမျက်တော်ကို ပယ်တော်မူပါ။ ကိုယ်တော်၏ လူတို့၌ ဤသို့ အပြစ်ပေးမည်အကြံကို နောင်တရတော်မူပါ။ ကိုယ်တော်က သင်တို့အမျိုးအနွယ်ကို ကောင်းကင်ကြယ်ကဲ့သို့ ငါများပြားစေမည်။ ငါ ပြောခဲ့သော ဤမြေရှိသမျှကို သင်တို့အမျိုးအနွယ်အားငါပေးသဖြင့်၊ သူတို့သည် အစဉ်အမြဲအမွေခံရကြလိမ့်မည်ဟု ကိုယ်ကိုကိုယ်တိုင်တည်၍ ကျိန်ဆိုတော်မူသောစကားကိုခံခဲ့ပြီးသော ကိုယ်တော်၏ ကျွန်အာဗြဟံ၊ ဣဇာက်၊ ဣသရေလတို့ကို အောက်မေ့တော်မူပါ။" ဟုဘုရားသခင်အား အသနားခံတောင်းလျှောက်ထားလိုက်ပါသည်။ ထွက် ၃၂း၁၀-၁၃

ထိုနေရာတွင် လောလောလတ်လတ်ပြုခဲ့ကြသည့်ပဋိညာဉ်တရားအကြောင်းကို ပြောဆိုထားသည့် စကားလုံးတစ်လုံးမျှမပါရှိပဲ၊ အာဗြဟံနှင့်ပြုတော်မူခဲ့သည့် ပဋိညာဉ်အကြောင်းကို ပြောဆိုထားသည့် စကားလုံးများကိုသာတွေ့ရှိရပါသည်။ ဣသရေလလူများ ကတိပြုခဲ့သကတိစကားများအပေါ် အမှီအခိုပြုထားသည့် စကားအရိပ်အယောင်တစ်ခုတစ်လေမျှမပါရှိပဲ၊ ဘုရားသခင်ပြုတော်မူခဲ့သည့် ကတိစကားနှင့် အကျိန်အပေါ်တွင် အမှီအခိုပြုထားသည့် စကားများသာပါရှိနေသည်ကို တွေ့ရပါသည်။ သိနာတောင်၌ပြုခဲ့သည့်ပဋိညာဉ်သည် တန်ဖိုးရှိသောပဋိညာဉ်တစ်ခု ဖြစ်ခဲ့ဘူးသည်မှန်လျှင် ယင်းပဋိညာဉ်အား စစချင်းဖွဲ့ခဲ့လိုက်သည့်အချိန်တွင် ယင်းသည် သေချာပေါက် တန်ဖိုးရှိနေပေလိမ့်မည်။ သို့ရာတွင် ထိုစစချင်းအချိန်တွင်ပင်လျှင် ထိုပဋိညာဉ်သည် မြင်ကွင်းထဲကနေမှ လုံးလုံးကြီး နှစ်မြုပ်ကွယ်ပျောက်သွားခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ရှိခဲ့ရပါသည်။ ထိုပဋိညာဉ်သည် ထိုသူတို့အား ကယ်တင်ပေးနိုင်စွမ်း မရှိပါချေ။ ထိုပဋိညာဉ်သည် မိမိအားရေးသားထားသည့်နေရာ၌သာ အရာထင်ကျန်နေခဲ့ပါသည်။

နောက်ပိုင်းနှစ်ပေါင်းများစွာလွန်လာခဲ့သည့်ကာလတစ်ခုတွင် ယေရမိက ဤသို့ဆုတောင်းထားခဲ့ပါသည်။ "အိုထာဝရဘုရား၊ အကျွန်ုပ်တို့၏အပြစ်သည် အကျွန်ုပ်တို့တဘက်၌ သက်သေခံသော်လည်း၊ နာမတော်ကို ထောက်၍စီရင်တော်မူပါ။ အကျွန်ုပ်တို့သည် ကြိမ်ဖန်များစွာဖောက်ပြန်ပါပြီ။ ကိုယ်တော်ကို ပြစ်မှားပါပြီ။" "အို ထာဝရဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်ဒုစရိုက်များနှင့် ဘိုးဘေးတို့၏အပြစ်များကို ဝန်ချပါ၏။ ကိုယ်တော်ကို ပြစ်မှားပါပြီ။ ကိုယ်တော်၏နာမကြောင့်၊ အကျွန်ုပ်တို့ကို စက်ဆုပ်ရွံရှာတော်မမူပါနှင့်။ ဘုန်း

တော်ပလ္လင်၏အသရေကို ရှုတ်ချတော်မမူပါနှင့်။ အောက်မေ့တော်မူပါ။ အကျွန်ုပ်တို့နှင့်ဖွဲ့သော ပဋိညာဉ်တော်ကို ဖျက်တော်မမူပါနှင့်။ သာသနာပ လူတို့ ကိုးကွယ်သော ရုပ်တုဆင်းတုတို့တွင်၊ မိုဃ်းရွာစေနိုင်သော သူရှိပါသလော။ မိုဃ်းသည် အလိုလိုရွာနိုင်ပါသလော။ အကျွန်ုပ်တို့ ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်သာလျှင် တတ်နိုင်တော်မူသည် မဟုတ်လော။ သို့ဖြစ်၍၊ ကိုယ်တော်ကို မြော်လင့်လျက်နေပါမည်။ ကိုယ်တော်သည် အလုံးစုံတို့ကိုဖန်ဆင်းသော ဘုရားဖြစ်တော်မူ၏။" ယေရမိ ၁၄း၇၊ ၂၀-၂၂။ ထိုအခါ ထိုသူတို့နှင့်တကွ၊ ယခုကာလတွင် ရှိကြကုန်သောကျွန်ုပ်တို့အား ဘုရားသခင်ပြန်လည်တောင်းဆိုထားလိုက်သည်ကား၊ "အိုဖောက်ပြန်သော ဣသရေလ၊ ပြန်လာပါဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်၌ ငါသည်မျက်မုန်းကြိုးခြင်းကိုမပြု၊ ကရုဏာ စိတ်သဘောရှိ၏။ အစဉ်အမျက်ထွက်တတ်သည်မဟုတ်ဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို ပြစ်မှား၍၊ အပြစ်ရှိကြောင်းကို ဝန်ချရုံမျှသာပြုလော့။" ယေရမိ ၃း၁၂၊၁၃။ ထိုစကားသည် ထိုခေတ်အချိန်ကာလ၌ မှန်ကန်သောစကားတစ်ခွန်းဖြစ်ခဲ့သည့်နည်းတူပင် ယကနေ့အချိန်ကာလ၌လည်း မှန်ကန်နေဆဲဖြစ်ပါသည်။ "ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေ" တော်မူမည်။

ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အဖြစ်တည်ရှိနေသည့် ဘုရား၏တန်ခိုးတော်၊ သူ၏ကတိတော်နှင့် အကျိုးတော်၊ စသည့်အရာများအားလုံးတို့သည် အမှန်တကယ်နောင်တရသောဂျူးလူမျိုးများတို့၏ကယ်တင်ခြင်းအတွက် အမြဲတစေအားထားမှီခိုနေခဲ့ရသောအရာများသာဖြစ်နေခဲ့ပါသည်။ သူတို့ထဲတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ၊ မိမိတို့၏အကျင့်များ (သို့) မိမိတို့၏ကတိစကားများအပေါ်တွင်အားထားမှီခိုခြင်းအရာကို ကယ်တင်ခြင်း၏အရင်းအမြစ်များအနေဖြင့် မစဉ်းစားမတွေးခေါ်ခဲ့ကြပါချေ။ အကျဉ်းချုပ်အနေဖြင့် ဆိုရသော်၊ အာဗေလ၏အချိန်မှစ၍ ယကနေ့ခေတ်အချိန်အထိတွင်၊ ကယ်တင်ခြင်းနှင့်အသက်လမ်းသည် တစ်လမ်းတည်းသာရှိနေပါသည်။ ဘုရားသခင်ထံသို့ချဉ်းကပ်နိုင်သည့်လမ်းတစ်လမ်းတည်းရှိသည်။ လူသားတို့အား ကယ်တင်ခြင်းပေးနိုင်သည့် ကောင်းကင်အောက်တွင်ရှိသော နာမဟူ၍ တစ်ခုတည်းသာရှိပါသည်။ အာဒံ နှင့် ဧဝတို့ ဒေဝဥယျာဉ်တော်ထဲမှ နှင်ထုတ်ခြင်းမခံရမှီ၊ မိန်းမ၏အမျိုးအနွယ်အားဖြင့် ကယ်တင်ခြင်းကို ပေးတော်မူမည် ဆိုသည့်သတင်းကို သူတို့အား သိရှိစေတော်မူခဲ့သည့်နေ့မှစ၍ ယခုအထိတွင် ကယ်တင်ခြင်းစီမံကိန်းသည် ပြောင်းလဲသွားသည်ဟူ၍ မရှိဘူးပါချေ၊ ကယ်တင်ခြင်းအတွက် ဘုရားသခင်ပြုတော်မူခဲ့သည့် တောင်းဆိုမှုများနှင့် ကယ်တင်ခြင်းပေးအပ်ထားခြင်းခံရသည့်သူ အရေအတွက်တို့သည်လည်း ပြောင်းလဲသွားသည်ဟူ၍မရှိဘူးပါချေ။ ဘုရားသခင်ကိုယ်တော်တိုင်နှင့် ကောင်းကင်တွင်ရှိသော ထိုသခင်၏ပလ္လင်တော်သည် ပြောင်းလဲခြင်းနှင့်ကင်းလွတ်တော်မူသည်နည်းတူ၊ အထက်ဖော်ပြပါ ကယ်တင်ခြင်းဆိုင်ရာအမှုအရေးများ တို့သည်လည်း ပြောင်းလဲခြင်းနှင့်ကင်းလွတ်လျက်ရှိပါသည်။

လူများ ပြောင်းလဲသွားကြသည်။ သို့သော် ဘုရားသခင်သည် ပြောင်းလဲသွားတော်မမူပေ။ မိမိတို့ကိုယ်တိုင်ပြောသောစကားများ၊ ကိုယ်တိုင်ပြုသောကတိဝန်ခံချက်များနှင့် စီရင်ထုံးဖွဲ့သော ထုံးစံဓလေ့များအပေါ် ယုံကြည်အားထားနေကြသည့်သူများသည် အမြဲရှိနေပါသည်။ သို့ရာတွင် ထိုသို့ရှိခြင်းအရာသည်၊ ဘုရားသခင်က သူတို့အား ထိုကဲ့သို့ဖြစ်ရန် အလိုတော်ရှိနေသည် ဆိုသည့်သက်သေတစ်ခုမဟုတ်ပါချေ။ မောရှေနှင့် ခရစ်တော်တို့၏ ခေတ်အချိန်ကာလများတွင် အများစုသောသူများတို့သည် စီရင်ထုံးဖွဲ့မှုများ၌ အများဆုံး ကိုးစားယုံကြည်နေခဲ့ကြသည်။ ယကနေ့တွင်လည်း ထို့အတူဖြစ်နေပါသည်။ အကောင်အထည်ထက် အရိပ်ကို အမိအရဖမ်းဆုပ်နိုင်ကြဖို့ရန်အတွက် လူသားများတို့သည် ပိုပိုပြီးအမြဲတမ်းအသင့်ရှိနေကြပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ပျက်နေခြင်းအရာက၊ ရှေးကာလအချိန်များ၌ ဘုရားသခင်သည် လူများတို့ကို အကျင့်နှင့်စပ်ဆိုင်သောပညတ်တော်အားဖြင့် ကယ်တင်ခြင်းရစေလိုပြီး ယခုခေတ်အချိန်တွင်မူ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေလိုပါသည်ဆိုသည့် အယူအဆအတွက် သက်သေအထောက်အထားတစ်ခုမဟုတ်ပါချေ။

## လိုသည်ထက်ပိုသောအကျင့်များ

စီရင်ထုံးဖွဲ့မှုများနှင့် အခမ်းအနားပွဲများတို့ကို ပိုမိုများပြားလာစေသည့် သက်ရောက်မှုတစ်ခုသည် လူသားများကြားတွင် အမြဲတစေ တည်ရှိနေလျက်ရှိပါသည်။ ဤအရာသည် ကယ်တင်ခြင်းကို အကျင့်အားဖြင့်လုပ်ယူရမည်ဆိုသည့် ယုံကြည်ချက်၏ တိကျသောအသီးအပွင့်ပင်ဖြစ်သည်။ ထိုသို့သော ယုံကြည်ခြင်းမျိုးသည် ခရစ်တော်၏ခေတ်အချိန်၌ရှိနေခဲ့ပြီး၊ ယခုခေတ်အချိန်၌လည်း ရှိနေပါသည်။ မိမိတို့၏ အကျင့်သည် မိမိတို့ကိုကယ်တင်မည် (သို့) ဘုရားသခင်၏အလုပ်များကို မိမိတို့က လုပ်ဆောင်ပေးရမည်ဆိုသည့် အတွေးအခေါ်မျိုးကို လူသားများတွေးခေါ်မိလာကြသောအခါတွင်၊ သူတို့အနေဖြင့် ဘုရားသခင်၏ ပညတ်ချက်များကိုစောင့်ထိန်းရသည့်အခြေအနေမျိုးနှင့်ပင် မရောင့်ရဲနိုင်ကြတော့ပါချေ။ ထို့ကြောင့် သွန်သင်မှုအသစ်အဆန်းများ "လူတို့စီရင်သောပညတ်များ" တို့ကို သူတို့သွန်သင်လာကြပြီး၊ ကျင့်ဆောင်ရန်လိုအပ် သည့် "ကောင်းသောအကျင့်များ" တို့ကို လူသားများအနေဖြင့် ကွဲကွဲပြားပြားမသိမြင်နိုင်တော့သည့်၊ မကျင့်ဆောင်နိုင်ကြတော့သည့်အခြေအနေသို့ရောက်ရှိလာသည့်အထိတိုင်အောင်ပင် ထိုသွန်သင်မှုအသစ်အဆန်းများတို့ကို သူတို့အနေဖြင့် အဆက်မပြတ်ထပ်မံပေါင်းထည့်နေကြလေတော့သည်။ မူလအစကတည်းကပင် ရှက်ဖွယ်ရာအမှုနှင့်ပြည့်ဝပြီး လေးလံနေသောထိုထမ်းပိုးသည် ယခုအခါတွင် လေးသထက်ပိုမိုလေးလံလာကာ၊ ဘာသာတရားဆိုသည့်အရာသည် နောက်ဆုံးတွင် ကုန်ရောင်းကုန်ဝယ်အမှုကိစ္စတစ်ခုကဲ့သို့ ဖြစ်လာခဲ့သည်အထိ ပိုမိုလေးလံလာပါတော့သည်။ ငွေကြေးအတွက် လူကိုအလှဲအလှယ်လုပ်လာကြပါသည်။ တနည်းအားဖြင့်ဆိုရသော် တချို့သောသူများတို့သည် မိမိတို့ မဖြစ်မနေလုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများတို့ကို ငွေကြေးထိုးပေးခြင်းအားဖြင့် ရှောင်ထွက်သွားကြသည်။ လူသားများအနေဖြင့် လူတို့စီရင်သောပညတ်များထက်၊ ဘုရားသခင်စီရင်တော်မူသော ပညတ်များကို မိမိတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများဖြင့် စောင့်ထိန်းဖို့ရန် ပို၍ပင် ဖြစ်နိုင်ချေမရှိသည့်အတွက်ကြောင့်၊ ဘုရားသခင်၏ပညတ်တော်သည် လူတို့၏ စီရင်ထုံးဖွဲ့မှုထက် နိမ့်ကျသွားသည့်အထိတိုင်အောင်ပင် လူတို့၏ထင်မြင်ယူဆမှုထဲတွင်ထိုသခင်၏ ပညတ်သည် မကြာမီတွင် တိမ်ကောပျောက်ကွယ်သွားလေတော့သည်။

အကောင်အထည်တည်းဟူသော ယေရှုခရစ်တော်တစ်ပါးတည်း၌သာ လူတို့သည် မဖြစ်မနေအားထားမှီခိုမှုပြုရကြမည် ဆိုသည့်အချက်ကို ဣသရေလလူတို့အား သိရှိစေလိုသောကြောင့် ဘုရားသခင်သည် မိမိပေးဖူးသမျှသောစီရင်ထုံးဖွဲ့မှုအလုံးစုံတို့ကို သူတို့အားပေးဖြစ်တော်မူခဲ့ခြင်းဖြစ်သည်။ ဤအချက်နှင့် တကွ မောရှေရေးသောကျမ်းစာတို့ကို နားမလည်ကြသောအခါတွင်၊ အထက်ဖော်ပြပါ သက်ရောက်မှုအားလုံးတို့သည် မဖြစ်မနေဖြစ်လာခဲ့လေတော့သည်။

## တူညီမှုတစ်ခုကို အသုံးပြုထားခြင်း

အရိပ်နှင့် အကောင်အထည်အကြောင်းနှင့်ပတ်သက်ပြီး လေ့လာစရာ စကားလုံး နောက်တစ်လုံးရှိပါသေးသည်။ ကျွန်ုပ်တို့တွေ့မြင်လာခဲ့ရသည့်အတိုင်းပင်၊ သိနာတောင်အရပ်တွင်ရှိသော ဣသရေလလူတို့အား ပေးတော်မူခဲ့သည့် ပညတ်တော်သည် ဘုရားသခင်၏အသက်တော်တည်းဟူသော ပညတ်တော်အစစ်၏ အရိပ်သာ ဖြစ်ပါသည်။ ပညတ်တရားကို နှိမ့်ချပြောဆိုကြရာတွင် ဤအချက်ကို မကြာမကြာနှိုးဆော်ပြထားလေ့ရှိပါသည်။ မြောက်များစွာသောသူတို့ တွေးထင်တတ်ကြလေသည်မှာ၊ ပညတ်တော်သည် မင်္ဂလာအကျိုးတို့၏အရိပ်သာဖြစ်သည့်အတွက်ကြောင့်၊ ထိုအရိပ်နှင့်ဆန့်ကျင်ဘက်သဘောသက်ရောက်မှုအရှိနိုင်ဆုံးသောအရာကို ကျွန်ုပ်တို့အနေဖြင့် ရွေးချယ်သင့်ကြပါသည်ဟု တွေးထင်တတ်ကြလေသည်။ လူတို့သည် လောကတွင်ဖြစ်ပေါ်နေသောအရာများကိုဥပမာယူလျက် အဖြေမထုတ်ကြပါချေ။ ကျွန်ုပ်တို့၌ ကျွန်ုပ်တို့ရှာဖွေ

တွေ့မြင်လိုသည့်သူတစ်ဦး၏ ဓါတ်ပုံတစ်ပုံ - အရိပ်တစ်ခုရှိနေမည်ဆိုလျှင်၊ ထိုဓါတ်ပုံထဲတွင်ပါသော သူနှင့်လုံး ဝရုပ်ဆင်းသဏ္ဍာန်မတူသည့်သူတစ်ဦးဦးကို ကျွန်ုပ်တို့အနေဖြင့်လိုက်ရှာပြီး၊ “ဒီလူဟာ ငါရှာနေတဲ့” သူပဲဆိုပြီး ကျွန်ုပ်တို့အနေဖြင့် ပြောဆိုကြလိမ့်မည်မဟုတ်ပါချေ။ ဓါတ်ပုံထဲတွင်ပါသောသူနှင့် ချွတ်စွပ်တူသည့်သူကို ကျွန်ုပ်တို့ရှာဖွေနိုင်သည့်အခါမှသာ၊ ကျွန်ုပ်တို့သည် မိမိတို့ရှာဖွေနေကြသောသူကို တွေ့ပြီးဖြစ်ကြောင်း သိရှိကြရပါသည်။ ယခုတွင်လည်း ပညတ်တော်အစစ်သည် ဘုရားသခင်၏အသက်တော်ပင်ဖြစ်ပြီး၊ ဣသရေလလူတို့၌ပေးအပ်တော်မူခဲ့သည့် ပညတ်တော်တည်းဟူသော မဂ်လာအကျိုးတို့၏အရိပ်မှာမူ ဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို ရိုက်ကူးထားသည့်ဓါတ်ပုံပင်ဖြစ်ပါသည်။

ထိုဓါတ်ပုံတွင်ပါရှိသော အသေးစိတ်အချက်အလက်များအားလုံးတို့နှင့်ပြည့်စုံသောသူဟူ၍ လောကကမ္ဘာတစ်ခုလုံးတွင် တစ်ဦးတည်းသာရှိပါသည်။ ထိုသူမှာ၊ မိမိ၏နှလုံးတော်ထဲတွင် ပညတ်တရားကို ထည့်သွင်းထားသည့် “လူဖြစ်သော ယေရှုခရစ်တော်” ပင်ဖြစ်ပေသည်။ သူသည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ပင်ဖြစ်ပါသည်။ ပုံသဏ္ဍာန်ဟုဆိုရာတွင် အသက်ရှင်သော ပုံသဏ္ဍာန်၊ အသက်ရှင်သောကျောက်မြတ်ကိုပြောဆိုခြင်းဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် သူ့အထံတော်သို့ လာကြသောအခါတွင် ကျွန်ုပ်တို့သည် အသက်ရှင်သောကျောက်များပင်ဖြစ်လာကြပြီး၊ ထိုသူ၏အထဲ၌ရှိသောပညတ်တော်ကိုလည်း ကျွန်ုပ်တို့၏အထဲတွင် ထည့်သွင်းရေးသားပေးလေတော့သည်။ အဘယ်ကြောင့်ဆိုသော်၊ သူ၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ထိုတစ်မျိုးတည်းသောအသက်ရှင်သောပုံသဏ္ဍာန်အဖြစ်သို့ပြောင်းလဲပေးတော်မူပြီး၊ သိနာတောင်ပေါ်တွင်ရှိသည့် ကျောက်ပြားနှစ်ပြားပေါ်တွင်ရှိသည့် ပညတ်တော်က၊ ယင်းပုံသဏ္ဍာန်တူညီမှုသည် လုံးဝချွတ်စွပ်ဖြစ်ကြောင်းကို သက်သေပြပေးမည်ဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် စုံလင်သော ထိုဓါတ်ပုံနှင့်မတူညီသည့်အချက် တစ်စုံတစ်ရာရှိမည်ဆိုပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုအစစ်အမှန်များမဟုတ်ကြကြောင်းကို ထိုမတူညီချက်က ပြသပေးသွားလိမ့်မည်ဖြစ်သည်။

## ၃၅း ကုသရေလလူတို့၌ ထားတော်မူခဲ့သောကတိတော်များ – ကတိထားတော်မူရာပြည်သို့ ဝင်စားခြင်း
## ယနေ့အတွက်သမ္မာတရား၊ ဒီဇင်ဘာ ၃၁၊ ၁၈၉၆

“အနှစ်လေးဆယ်မျှလောက်သောကာလပတ်လုံး တော၌ကျွေးမွေးတော်မူ၏။” တမန်တော် ၁၃း ၁၈ (မူရင်းဟေဗြဲကျမ်းအရေးအသားအရ - “သူ (ဘုရားသခင်) သည် တော၌ အနှစ်လေးဆယ်မျှလောက်သောကာလပတ်လုံး ထိုသူတို့၏ပြုမူမှုများကြောင့်နှင့် ဝေဒနာခံတော်မူခဲ့လေ၏။”) အန္တိအုတ်မြို့တွင်ရှိသော တရားဇရပ်တစ်ခုတွင် တရားဟောခဲ့ရာတွင်၊ တမန်တော်ရှင်ပေါလုအနေဖြင့် တောထဲရှိကုသရေလလူများတို့၏နှစ်ပေါင်းလေးဆယ်ခရီးစဉ်အကြောင်းကို အနည်းငယ်သော ဤစကားလုံးလေးများတို့ဖြင့် ထည့်သွင်းဟောကြားသွားခဲ့ပါသည်။ ဤအကြောင်းအရာကို ကျွန်ုပ်တို့အနေဖြင့် အလျင်အမြန်လေ့လာသွားကြပါမည်။ ဘုရားသခင် အမှန်တကယ် “ဝေဒနာခံတော်မူခဲ့” ရသည်အထိတိုင်အောင်၊ ထိုသူတို့၏ပြုမူပုံများတို့သည် ဆိုးရွားပြင်းထန်နေခဲ့ပါသည်။ “သူတို့သည် ဘုရားသခင်ကိုမယုံကြည်။ ကယ်တင်တော်မူခြင်းကျေးဇူးကို မကိုးစားဘဲနေကြ၏။” ဆာလံ ၇၈း၂၂။ “သူတို့သည် ကိုယ်တော်ကို တော၌ပုန်ကန်၍၊ လူဆိတ်ညံ့ရာအရပ်၌ စိတ်တော်နာဘွယ်သောအကြောင်းကို ကြိမ်ဖန်များစွာ ပြုကြပါသည်တကား။ ဘုရားသခင်ကို အဖန်ဖန်စုံစမ်း၍ ကုသရေလအမျိုး၌ သန့်ရှင်းတော်မူသောဘုရားကို ဆန့်ကျင်ဘက်ပြုကြပါသည်တကား။ တန်ခိုးတော်ကိုငှင်း၊ ဒုက္ခထဲကကယ်လွှတ်တော်မူသော နေ့ရက်ကာလကိုငှင်း မအောက်မေ့ကြ။ အဲဂုတ္တုပြည်၌ လက္ခဏာသက်သေတော်တို့ကိုငှင်း၊ ဇောနအရပ်၌ အံ့ဘွယ်သောအမှုတို့ကိုငှင်း ပြုတော်မူ၏။” အခန်းငယ် ၄၀-၄၃။ နှစ်ပေါင်းလေးဆယ်တိုင်တိုင် ထိုသူတို့သည် သခင်ဘုရားပြုတော်မူခဲ့သောအမှုများတို့ကို နေ့ရက်စဉ်တိုင်း တွေ့မြင်ခဲ့ကြရသော်လည်း၊ သူတို့သည် ထိုသခင်၏အလေ့အလာများတို့ကို မသင်ယူခဲ့ကြပါချေ။ ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူခဲ့သည်ကား၊ “ထိုလူမျိုးကိုငါရွံ့သည်ဖြစ်၍၊ သူတို့သည် အစဉ်စိတ်သဘော မှားယွင်းတတ်ကြ၏။ ငါ၏ အလေ့အလာတို့ကို နားမလည်ကြဟု ငါဆိုရ၏။ ထို့ကြောင့်၊ သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆို၏။” ဟေဗြဲ ၃း၁၀၊ ၁၁။

## ယုံကြည်ခြင်းအမွေအနှစ်

“သို့ဖြစ်၍၊ သူတို့သည် မယုံကြည်သောကြောင့်သာ မဝင်နိုင်သည်ကို ငါတို့သိမြင်ကြ၏။” မိမိလူများတို့အား ခေါ်ဆောင်သွားတော်မူခဲ့သည့် အမွေပြည်တော်၏ သဘောသဘာဝအကြောင်းနှင့်ပတ်သက်ပြီး ဤကျမ်းချက်က ကျွန်ုပ်တို့အား မည်သို့သွန်သင်ပြထားပါသနည်း။ အဖြေမှာရှင်းပါသည်။ ထိုအမွေပြည်တော်သည် ယုံကြည်ခြင်းရှိသောသူများသာလျှင် သိမ်းပိုက်ရယူနိုင်မည့် အမွေပြည်တော်တစ်ခုဖြစ်သည်။ ယုံကြည်ခြင်းတစ်မျိုးကသာလျှင် ထိုပြည်တော်ကို သိမ်းယူနိုင်ခဲ့ပါသည်။ မယုံကြည်သောသူများတို့သည် လောကနှင့်ဆိုင်သောယာယီပိုင်ဆိုင်မှုများတို့ကိုရရှိပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နိုင်ကြပေလိမ့်မည်။ ယခုတွင်လည်း ပိုင်ဆိုင်နေကြပါသည်။ ဘုရားသခင်ကို မထီမဲ့မြင်ပြုလျက် ထိုသခင်အားပြစ်မှားနေကြသောသူများပင်လျှင် ထိုလောကအရာများတို့ကို ပိုင်ဆိုင်နေကြပါသည်။ အကယ်စင်စစ်၊ မယုံကြည်သောသူတို့သည် ဤလောကနှင့်ဆိုင်သောအရာများတို့ကို အများဆုံးပိုင်ဆိုင်ထားရကြပါသည်။ ဆာလံကျမ်းအခန်းကြီး ၇၃ ကို ရေးသားခဲ့သည့် စာရေးဆရာကြီးအပါအဝင်၊ မြောက်များစွာသောသူတို့သည် မတရားသောသူတို့၏ချမ်းသာကြွယ်ဝမှုအပေါ် မနာလိုဖြစ်တတ်ကြပါသည်။ တစ်စုံတစ်ယောက်သောသူသည် ထာဝရတည်မြဲခြင်းရှိသောအရာများတို့ကို အာရုံစိုက်နေရမည့်အစားတွင် ယာယီသာတည်မြဲခြင်းရှိသည့်အရာများတို့ကိုသာ အာရုံစိုက်နေမိသည့်အခါတွင် ထိုသို့သောမနာလိုစိတ်သည် သူ၌ ပေါက်ပွါးလာလေတော့သည်။ (မူရင်းဟေဗြဲကျမ်းအရ)

"မိုက်သောသူတို့၏ကြွယ်ဝခြင်းသည် သူတို့ကို ပျက်စီးခြင်းသို့ရောက်စေလိမ့်သတည်း။" "ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟုဝန်ခံတော်မူသော နိုင်ငံတော်၏အမွေခံဖြစ်စေခြင်းငှါ" လောကီအရာ၌ ဆင်းရဲ၍၊ ယုံကြည်ခြင်းရတနာကိုရတတ်သောသူတို့ကို ဘုရားသခင် ရွေးကောက်တော်မူပါသည်။ ယာကုပ် ၂း၅။ ထိုနိုင်ငံတော်သည် "ဤလောကနှင့်မစပ်ဆိုင်" (ယေဟန် ၁၈း၃) ပါချေ။ ထိုနိုင်ငံတော်သည် ဘိုးဘေးများမျှော်လင့်နေခဲ့ကြသည့် "ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်" ပင်ဖြစ်ပေသည်။ မိမိ၏ဣသရေလလူများကို အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့စဥ်အချိန်က သူတို့အား ပို့ဆောင်ပေးမည်ဟု ဘုရားသခင်ကတိပြုခဲ့သည့်ပြည်သည် ဤသာ၍မြတ်သောပြည်ပင်ဖြစ်ပေသည်။ သို့ဆိုသော် "ယုံကြည်ခြင်းရတနာကိုရတတ်" သောသူများသာလျှင် ထိုပြည်တော်ကို သိမ်းပိုက်နိုင်မည်ဖြစ်သည်။

မိမိလူတို့အဖို့ထားတော်မူခဲ့သည့်အကြံအစည်အတိုင်း အကောင်အထည်ဖေါ်လုပ်ဆောင်နိုင်ခဲ့သည့် အချိန်သည် ရောက်ရှိလာခဲ့ပါသည်။ မိမိတို့၏သားသမီးများတို့သည် တောထဲတွင် သေကြေပျက်စီးကုန်ကြလိမ့်မည်ဟု ပြောဆိုခဲ့ကြသည့် ယုံကြည်ခြင်းမရှိသောသူတို့သည် ပျက်စီးကုန်ကြပြီး၊ ယခုအခါတွင်မူ လူကြီးအရွယ်သို့ရောက်ရှိလာခဲ့ပြီးဖြစ်သည့် ထိုသူတို့၏သားသမီးများတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားနေကြကာ ကတိထားရာပြည်သို့ ဝင်စားရတော့မည်ဖြစ်သည်။ မောရှေ ကွယ်လွန်သွားခဲ့ပြီးသည်နောက်တွင် ထာဝရဘုရားသည် ယောရှုအား ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။ "သင်နှင့် သင်၌ပါသော ဤလူအပေါင်းတို့သည် ယခုထ၍ ယော်ဒန်မြစ်တဘက်သို့ ကူးကြလော့။ ဣသရေလအမျိုးသားတို့အား ငါပေးသောပြည်ကို ဝင်စားကြလော့။ မောရှေအား ငါကတိရှိသည်အတိုင်း သင်တို့နင်းသမျှသောမြေကို သင်တို့အားငါပေးမည်။" ယောရှုမှတ်စာ ၁း၂၃။

## ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်း

သို့ရာတွင် မိမိတို့၌ပါလာသမျှသော တိရိစ္ဆာန်များ၊ ကလေးသူငယ်များနှင့်အတူတကွ မိမိတို့အနေဖြင့် သွားရောက်ဝင်စားကြရမည့်ပြည်ကြီးနှင့် ဣသရေလလူမျိုးတို့၏စပ်ကြားတွင် ယော်ဒန်မြစ်ရေသည် လည်ပတ်စီးဆင်းလျက်နေပါသည်။ မြစ်ရေ၏အမြင့်မှာ ကမ်းနားတစ်လျှောက်လုံးတွင် ရေများဖုံးလွှမ်းစီးဆင်းနေသည့်အထိ တိုင်အောင်ပင် မြင့်တက်လျက်ရှိနေခဲ့ပါသည်။ တံတားတစ်ချောင်းမျှမရှိခဲ့ပါချေ။ သို့ရာတွင် မိမိလူတို့အား ပင်လယ်နီကြီးကိုဖြတ်လျှောက်စေခဲ့သောဘုရားသည် ထိုသူတို့အားဦးဆောင်နေဆဲဖြစ်ပါသည်။ ထိုဘုရားသည် ထူးဆန်းအံ့ဖွယ်သောအမှုများတို့ကို အမြဲတစေပြုနိုင်တော်မူသောသူဖြစ်သည်။ သူ၏ညွှန်ကြားချက်အတိုင်း ထိုသူတို့သည် ကိုယ့်နေရာကိုယ်ယူခဲ့ကြပါသည်။ ခြေလှမ်းပေါင်း တစ်ထောင်ဝန်းကျင်ခန့်ကွာဝေးသော ဣသရေလတပ်ကြီး၏ရှေ့တွင် သေတ္တာတော်ကိုထမ်းပိုးထားသောယဇ်ပုရောဟိတ်များတို့အသင့်နေရာယူထားကြပါသည်။ ထိုသူတို့သည် မြစ်ရေလျှံနေဆဲရှိသော ယော်ဒန်မြစ်ဆီသို့ ချီတက်သွားခဲ့ကြပြီး၊ မြစ်အဝသို့ရောက်ရှိလာခဲ့ကြပါသည်။ သို့သော် မြစ်ရေသည် တစ်လက်မခန့်မျှပင် လျော့ကျသွားခြင်းမရှိခဲ့ပါချေ။ ယခုအခါတွင် ထိုသူတို့သည် ဘုရားအပေါ်ယုံကြည်ကိုးစားခြင်းသင်ခန်းစာတစ်ခုကို သင်ယူထားမိကြပြီးသားဖြစ်နေပြီးဖြစ်ပါသည်။ ရှေ့ဆက်သွားကြဖို့ရန် သူတို့အား မိန့်ကြားတော်မူလိုက်သည့်အခါတွင် ထိုသူတို့သည် တစ်စက္ကန့်ကလေးမျှပင် တုံ့ဆိုင်းခြင်းမရှိခဲ့ကြပါချေ။ ထိုမြစ်သည် ရေတိမ်ဖို့ရာမဖြစ်နိုင်သည့် ရေနက်သောမြစ်တစ်စင်းပင်ဖြစ်ကြောင်းနှင့် မိမိတို့အားမျှောပါသွားစေနိုင်လောက်အောင် ရေအစီးသန်ကြောင်းကို သူတို့အနေဖြင့်သိရှိထားခဲ့ကြသော်လည်း ထိုမြစ်ရေထဲသို့ သူတို့ဆင်းသွားခဲ့ကြပါသည်။ အခက်အခဲများအကြောင်းကို သူတို့အနေဖြင့် တအုံအုံစဥ်းစားနေဖို့ရန်မလိုခဲ့ပါချေ။ သူတို့လုပ်ဆောင်ရမည့်အပိုင်းကဏ္ဍကား၊ ဘုရားသခင်၏စကားကိုနားထောင်လျက် ရှေ့ဆက်နေဖို့ရန်သာဖြစ်ပြီး၊ ထိုဘုရားသခင်၏အပိုင်းကဏ္ဍကား လမ်းပြင်ဆင်ပေးဖို့ရန်ပင်ဖြစ်ပေသည်။

"ပဋိညာဉ်သေတ္တာကို ထမ်းသောယဇ်ပုရောဟိတ်တို့သည် လူများရှေ့မှာသွားလျက်၊ ယော်ဒန်မြစ်နားသို့ရောက်၍ ခြေဘဝါးတို့သည် လျှံသောရေကို နင်းသောအခါ၊ စပါးရိတ်ရာကာလ၌ ထိုမြစ်ရေသည် ကမ်းတလျှောက်လုံးကို လျှံလေ့ရှိသော်လည်း၊ မြစ်ညာက စီးလာသောရေသည် တန့်ရပ်၍ ဝေးသောအရပ်၊ ဇာရတန်မြို့နားမှာရှိသော အာဒံမြို့တိုင်အောင် ပုံ့ပုံ့ကြွလျက်နေ၏။ လွင်ပြင်အိုင်တည်းဟူသော သောဒုံအိုင်သို့ စီးသွားသောရေသည်လည်း အကုန်အစင်ပြတ်၍၊ လူများတို့သည် ယေရိခေါမြို့သို့ ရှေ့ရှုကူးကြ၏။ လူများအပေါင်းတို့သည် ယော်ဒန်မြစ်တဘက်သို့ မရောက်မီတိုင်အောင် ထာဝရဘုရား၏ပဋိညာဉ်သေတ္တာကိုထမ်းသောယဇ်ပုရောဟိတ်တို့သည်၊ မြစ်အလယ်တွင် မြေပေါ်၌မြဲမြံစွာနင်း၍၊ ဣသရေလအမျိုးသားအပေါင်းတို့သည် မြေပေါ်၌ လျှောက်သွားရကြ၏။" ယောရှုမှတ်စာ ၃း၁၄-၁၇

ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းအမှုအရာကိုဖော်ပြနေသော ကြီးကျယ်သည့်သရုပ်ပြမှုတစ်ခုပါတကား။ လူများဖြတ်လျှောက်သွားနိုင်ဖို့ရန်အတွက် ယော်ဒန်မြစ်၏အောက်ခြေကြမ်းပြင်သည် ရေခမ်းခြောက်သွားခဲ့ပါသည်။ အမှန်တကယ်ခမ်းခြောက်သွားပါသည်။ သို့ရာတွင် လက်ယာဘက်အခြမ်းတွင် မြင့်သထက်ပိုမိုမြင့်မားစွာ ပုံ့ကြွလျက်နေသော မျက်စိဖြင့်မြင်နိုင်သည့်အခုအခံတစ်စုံတစ်ရာမှမရှိသည့် ရေနံရံကြီးတစ်ခုရှိနေခဲ့ပါသည်။ ဣသရေလလူတို့ကို ဝါးမျိုတော့မလိုလိုနှင့်ခြောက်လှန့်နေမည်ဖြစ်သော ထိုရေအစုအဝေးကြီး၏ပုံရိပ်ကို သင့်ဘာသာပုံဖော်မြင်ယောင်ကြည့်လိုက်ပါ။ ထိုသို့သောရေနံရံကြီး၏ရှေ့တွင် ငြိမ်သက်စွာဖြင့် ဖြတ်လျှောက်သွားခဲ့ကြသောထိုသူများတို့၏ ယုံကြည်ခြင်းကို သင့်အနေဖြင့် ပိုမိုပြီးခံစားသိရှိနိုင်မည်ဖြစ်သည်။ ဖြတ်လျှောက်လျက်နေကြစဉ်တွင် ယဇ်ပုရောဟိတ်များတို့သည် မြစ်ကြမ်းပြင်၏အလယ်တည့်တည့်တွင် မတုန်မလှုပ်ပဲ ငြိမ်သက်စွာဖြင့်ရပ်နေခဲ့ကြပြီး၊ လူများတို့သည်လည်း အဆက်ပြတ်ခြင်းမရှိပဲ ချီတက်သွားခဲ့ကြပါသည်။ မိမိတို့အပေါ်သို့ ရေများပြိုကျလာမည်ကိုစိုးရိမ်ပြီး၊ မြစ်၏တဖက်ကမ်းသို့အမြန်ရောက်ရှိအောင်ကုတ်ဖက်ပြေးတက်သွားခဲ့ကြသည့်အဖြစ်မျိုးကို ထိုနေရာ၌မတွေ့ရှိခဲ့ရပါချေ။ အဘယ့်ကြောင့်ဆိုသော် "ထိုကျောက်ကို အမှီပြုသောသူသည် ပြေးရသောအကြောင်းမရှိ။" သောကြောင့်ဖြစ်သည်။

## အဆုံးတွင် လွတ်မြောက်သွားခဲ့ခြင်း

"ထိုအခါ ထာဝရဘုရားသည် ယောရှုကိုခေါ်၍၊ သင်သည် ကျောက်ထားများကိုလုပ်ပြီးလျှင်၊ ဣသရေလ အမျိုးသားတို့အား အရေဖျားလှီးမင်္ဂလာကို တဖန်ပေးလော့ဟု မိန့်တော်မူ၏။" "အဲဂုတ္တုပြည်မှထွက်လာသောစစ်သူရဲအပေါင်းတို့သည် ထာဝရဘုရား၏စကားတော်ကို နားမထောင်ဘဲနေ၍၊ မသေမပျောက်မီတိုင်အောင် ဣသရေလအမျိုးသားတို့သည် အနှစ်လေးဆယ်ပတ်လုံး တောင်၌လှည့်လည်ရကြ၏။ ထာဝရဘုရားသည်၊ ငါပေးမည်ဟု ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၊ နို့နှင့်ပျားရည်စီးသောပြည်ကို ထိုသူတို့သည် မမြင်ရကြဟု ကျိန်ဆိုတော်မူ၏။ သူတို့ကိုယ်စား ဖြစ်စေတော်မူသောသူတို့၏ သားများတို့သည်၊ လမ်း၌အရေဖျားလှီးမင်္ဂလာကို မခံရသေးသောကြောင့်၊ ယောရှုသည် အရေဖျားလှီးမင်္ဂလာကို ပေးလေ၏။ လူအပေါင်းတို့သည် အရေဖျားလှီးမင်္ဂလာကိုခံပြီးမှ၊ အနာမပျောက်မီတိုင်အောင် တပ်ထဲ၌နေကြ၏။ ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှယနေ့ငါပယ်ရှင်းပြီဟု ယောရှုအား မိန့်တော်မူ၏။" ယောရှုမှတ်စာ ၅း၂-၉

ဤအရေဖျားလှီးခြင်းမင်္ဂလာအခမ်းအနား၏အစွမ်းထက်ပုံအကြောင်းကို နားလည်သဘောပေါက်နိုင်ဖို့ရန်အတွက်ဆိုလျှင်၊ အရေဖျားလှီးခြင်းမင်္ဂလာ၏အရေးပါမှုအကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ပြန်ပြီးစဉ်းစားသုံးသပ်ရမည်ဖြစ်ပြီး၊ "အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့ရာအကြောင်း" ဆိုသည့်စကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း သိရှိထားရပါမည်။ အရေဖျားလှီးခြင်းဆိုသည်မှာ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို ဆိုလိုပါသည် (ရောမ ၂း၂၅-၂၉)။ လူ၏အချီးအမွမ်းနှင့်မဆိုင်ပဲ၊ ဘုရား၏အချီးအမွမ်းနှင့်သာ

ဆိုင်သော စစ်မှန်သောအရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာ၊ ဝိညာဉ်တော်အားဖြင့် ပညတ်တရားတော်ကိုနာခံခြင်း (ရောမ ၂း၂၅-၂၉)၊ မိမိကိုယ်ကိုလုံးဝမကိုးစားခြင်း၊ ယေရှုခရစ်တော်၌သာ ကိုးစားခြင်းနှင့် ထိုခရစ်တော်၌သာ ဝါကြွားဝမ်းမြောက်ခြင်းပင်ဖြစ်ပါသည်။ ဖိလိပ္ပိ ၃း၃။ ကျွန်ုပ်တို့၏ရှေ့တွင် တွေ့မြင်နေရသည့် ဤအဖြစ်အပျက်တွင် အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူကြဖို့ရန် ဘုရားသခင်ကိုယ်တော်တိုင်က သူတို့အားအမိန့်ပေးခဲ့ကြောင်းကိုတွေ့ရှိရပါသည်။ ဤအခြင်းအရာသည် ဘုရားကိုယ်တော်တိုင်က သူတို့အား ဖြောင့်မတ်သောသူများ အဖြစ်လက်ခံကြောင်းကို ထောက်ပြပေးသည့် ခိုင်လုံသောသက်သေတစ်ခုဖြစ်ပါသည်။ အာဗြဟံနည်းတူပင် ထိုသူတို့သည်လည်း မိမိတို့၏ယုံကြည်ခြင်းကို မိမိတို့၌ရှိသော ဖြောင့်မတ်ခြင်းအဖြစ် မှတ်ယူပေးခြင်းခံခဲ့ကြရပါသည်။

“ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။ ဒုစရိုက်အပြစ်မူကား၊ ပြည်သားများတို့ကို (ကဲ့ရဲ့) ရှုတ်ချတတ်၏။” သုတ္တံ ၁၄း၃၄။ ဒုစရိုက်အပြစ်သည် “အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်း” ပင်ဖြစ်ပေသည်။ ဣသရေလသားသမီးများတို့ထံမှ ပယ်ရှင်းပေးတော်မူခဲ့သည့်အရာကား ထိုအပြစ်ပင်ဖြစ်ပေသည်။ အကြောင်းမူကား အရေဖျားလှီးခြင်းမင်္ဂလာအဖြစ် ဘုရားသခင်က လက်ခံတော်မူသည့် စစ်မှန်သောနှလုံးသားအရေဖျားလှီးခြင်းမင်္ဂလာဆိုသည်မှာ၊ “ခရစ်တော်၏အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏ကိုယ်ကိုပယ်ရှင်းခြင်း” ပင်ဖြစ်သောကြောင့်ဖြစ်သည်။ ကောလောသဲ ၂း၁၁။ “အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုးကိုငါရွေးကောက်၍၊ အဲဂုတ္တုပြည်၌ သူတို့အားထင်ရှားလျက်၊ ငါသည်သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု၊ ယာကုပ်အမျိုးသားတို့အား ကျိန်ဆိုသည်ကာလ၊ သင်တို့အသီးအသီးဖူးမျှော်သော စက်ဆုပ်ရွံရှာဘွယ်အရာတို့ကို စွန့်ပစ်ကြလော့။ အဲဂုတ္တု ရုပ်တုတို့နှင့် ကိုယ်ကိုကိုယ် မညစ်ညူးစေကြနှင့်။ ငါသည်သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏ဟု ငါဆိုသော်လည်း၊ သူတို့သည်နားမထောင်၊ ငါ့ကိုပုန်ကန်ကြ၏။ အသီးသီးဖူးမြင်သော စက်ဆုပ်ရွံရှာဘွယ်အရာတို့ကိုဂင်း၊ အဲဂုတ္တုရုပ်တုကိုဂင်း၊ မစွန့်ပစ်ဘဲနေကြ၏။” ယေဇကျေလ ၂ဝး ၅-၈။

မောရှေနှင့်အတူ အဲဂုတ္တုပြည်မှ ထွက်ခွါသွားခဲ့ကြသောသူတို့သည် ကတိထားတော်မူရာပြည်သို့ မဝင်စားနိုင်ခဲ့ရသည့်အကြောင်းအရင်းကား၊ သူတို့သည် ထိုအဲဂုတ္တုပြည်၏ရုပ်ထုများတို့ကို မစွန့်ပစ်ခဲ့ကြသောကြောင့်ဖြစ်သည်။ လူတစ်ယောက်သည် တစ်ချိန်တည်းတွင် လူလွတ်လည်းဖြစ် ကျွန်လည်းဖြစ်နိုင်ရန်မှာ မဖြစ်နိုင်ပါချေ။ “အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်း” တည်းဟူသော ထိုအဲဂုတ္တုပြည်၏ အချုပ်အနှောင်ဆိုသည်မှာ၊ ဣသရေလလူမျိုးများတို့အား အခကြေးငွေကိုမပေးပဲနှင့် အတင်းအကျပ် လုပ်ခိုင်းစေခဲ့သည့် ကာယအားဖြင့်လုပ်ဆောင်ရသောအလုပ်အကိုင်တစ်မျိုးတည်းသာမကပဲ၊ ထိုဣသရေလလူမျိုးများ ကျရောက်သွားခဲ့ကြသည့် အဲဂုတ္တုပြည်၏ စက်ဆုပ်ရွံရှာဘွယ်ရာ ရုပ်ထုကိုးကွယ်ခြင်းအမှုလည်းပါဝင်နေပါသည်။ “ငါ၏လူတို့သည် ငါ့အားဝတ်ပြုမည်အကြောင်း၊ သူတို့ကိုလွှတ်လော့။”ဟု ဖါရောမင်းအား ပြောဆိုလိုက်ရာတွင်၊ ဘုရားသခင်သည် မိမိလူတို့ကို ဤရုပ်ထုကိုးကွယ်ခြင်းအမှုထဲမှ နှုတ်ဆောင်ဖို့ရန်အတွက် ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးတွင် ထိုဣသရေလလူတို့သည် ဤလွတ်လပ်မှုကို ရရှိသွားခဲ့ကြပါသည်။ အချုပ်အနှောင်၊ ဒုစရိုက်အပြစ်၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို သူတို့ထံမှပယ်ရှင်းပေးတော်မူခဲ့ပြီးဖြစ်ကြောင်းကို ဘုရားသခင်ကိုယ်တော်တိုင် ကြွေးကြော်တော်မူခဲ့ပါသည်။ ထိုအခါတွင် “တံခါးတို့ကို ဖွင့်ကြလော့။ သစ္စာစောင့်၍ ဖြောင့်မတ်သောလူမျိုး ဝင်ပါစေ။” ဆိုသည့် ချီးမွမ်းသီဆိုလည်း ထွက်ပေါ်လာခဲ့ပါသည်။ ဟေရှာယ ၂၆း၂

ယုံကြည်ခြင်းကြောင့်ရရှိခဲ့သော အောင်မြင်ခြင်း

"ယေရိခေါမြို့ကို ခုနစ်ရက်ပတ်လုံးဝိုင်း၍ လှည့်ပြီးမှ၊ ယုံကြည်ခြင်းအားဖြင့် မြို့ရိုးသည် ပြိုလဲ၏။" ဟေပြဲ ၁၁း၃၀

"ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။" ဟေပြဲ ၁၁း၁

"ငါတို့စစ်တိုက်၍သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကိုဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏။" ၂ကော ၁၀း၄

ဣသရေလသားသမီးတို့သည် ကတိထားတော်မူရာပြည်တွင် ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လက်ရှိအခြေအနေအရဆိုလျှင် အရင်ကနည်းတူပင် ထိုမြေကို သူတို့အနေဖြင့် မပိုင်ကြရသေးပါချေ။ ထိုပြည်တွင်နေထိုင်ကြကုန်သော ပြည်သူပြည်သားများတို့က "ကောင်းကင်သို့ထိသော မြို့ရိုး" များနှင့်ဝန်းရံထားသော၊ သတင်းကြားရုံနှင့်ပင် အရင်ကဣသရေလလူမျိုးများစိတ်နှလုံးအရည်ပျော်ကျခဲ့ရပြီး နှစ်ပေါင်းလေးဆယ်တိုင်တိုင်ပြန်လှည့်ထွက်သွားခဲ့ရသည့်အထိတိုင်အောင် ခိုင်ခံ့ခြင်းရှိသော မိမိတို့၏ဆိုင်ရာဆိုင်ရာမြို့များတို့တွင် ခိုင်မာစွာအခြေချနေထိုင်လျက်နေကြစဉ်တွင်၊ ဣသရေလလူတို့သည် တဲများတွင်သာအခြေချနေထိုင်နေခဲ့ကြရပါသည်။ သို့ရာတွင်၊ စစ်မှုကို ဘုရားသခင်ကွပ်ကဲတော်မူလိုက်သောအခါတွင် ကျောက်တံတိုင်းကြီးများနှင့် ကြီးမားများပြားသော လက်နက်ကိုင်အလုံးအရင်းများတို့သည် ဘာမျှမတတ်နိုင်ကြတော့ပါချေ။

"ထိုအခါ ဣသရေလအမျိုးသားတို့ကြောင့်၊ ယေရိခေါမြို့သည် ကျပ်တည်းစွာပိတ်ထားလျက်ရှိ၍၊ ထွက်သောသူ၊ ဝင်သောသူ တစုံတယောက်မျှမရှိ" ယောရှုမှတ်စာ ၆း၁။ ပထမဦးဆုံးတိုက်ခိုက်သိမ်းပိုက်ရမည့်မြို့မှာ ယေရိခေါမြို့ပင်ဖြစ်ပြီး၊ ဘုရားသခင်ရေးဆွဲထားပေးခဲ့သည့် စစ်ဆင်ရေးတိုက်ကွက်မှာမူကား ဣသရေလ လူမျိုးတို့၏ယုံကြည်ခြင်းကို အဓိကစမ်းသပ်မှုပြုသွားမည့်စစ်ဆင်ရေးမျိုးပင်ဖြစ်သည်။ သေတ္တာတော်နှင့်တကွ ရှေ့တွင်ချီတက်သွားကြမည်ဖြစ်သော တံပိုးခရာကိုမှုတ်နေကြရမည့် ယဇ်ပုရောဟိတ်များမှအပ၊ ကျန်လူများအားလုံးတို့သည် ထိုမြို့ကို လုံးဝတိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပတ်ပြီးချီတက်ကြရမည်ဖြစ်သည်။ "ယောရှုကလည်း၊ သင်တို့သည် ကြွေးကြော်စေခြင်းငှါ ငါမှာထားသောနေ့မရောက်မှီတွင် မကြွေးကြော်ရ၊ အသံတစုံတခုကိုမျှမပြုရ၊ စကားတခွန်းကိုမျှမပြောရ။ ထိုနေ့ရောက်မှ ကြွေးကြော်ရကြမည်ဟု လူများတို့အားမှာနှင့်လေပြီ။" ယောရှုမှတ်စာ ၆း၁၀။ မြို့ကိုငြိမ်သက်စွာဖြင့် ပတ်လမ်းတစ်ပတ်ပြည့်သွားအောင် ပတ်ပြီးလျှင်ပြီးချင်းတွင် သူတို့သည် မိမိတို့၏စခန်းသို့ပြန်သွားရကြပါမည်။ ကြားတွင်ရက်ခြားခြင်းမရှိပဲ ခြောက်ရက်ပြည့်သွားသည်အထိ ထိုပုံစံမျိုးအတိုင်းပြုလုပ်ကြရမည်ဖြစ်ပြီး၊ သတ္တမမြောက်သောနေ့တွင်မူ ပတ်လမ်းအတိုင်းခုနစ်ပတ်ပြည့်အောင်ပတ်ရကြမည်ဖြစ်သည်။

အခြေအနေကို သင့်ဘာသာ ပုံဖေါ်မြင်ယောင်ကြည့်ပါ။ လူအုပ်ကြီးတစ်အုပ်လုံးသည် မြို့ကိုပတ်ကြပြီး စခန်းသို့ပြန်ဝင်သွားကြသည်။ သိသာထင်ရှားသည့် မည်သည့်ထူးခြားမှုမရှိပဲနှင့် ထိုအတိုင်းသာ ထပ်ခါထပ်ခါ ပတ်ချီတက်ပြီး စခန်းသို့ပြန်ဝင်သွားခဲ့ကြသည်။ မြို့တံတိုင်းကြီးသည် အရင်ကအတိုင်းပင် မြင့်မြဲမြင့်မားနေပါသည်။ ခိုင်မြဲခိုင်မာနေပါသည်။ ကျောက်ခဲတစ်လုံးတလေမျှ ပြုတ်ပျက်ကျထွက်မလာခဲ့သေးပါချေ။ ကပ်နေသည့်ရေညှိ (ဘီးလပ်မြေ) များလည်း တစိုးတစိမျှ ကွာကျမလာသေးပါချေ။ သို့ရာတွင် မကျေမနပ်ဖြစ်နေသည့်စကားသံတစ်ခွန်းကိုမျှ ထိုလူအုပ်ကြီးထဲမှ မကြားခဲ့ရပါချေ။

ကြီးမားသောတပ်ကြီးက ထိုမြို့အားငြိမ်သက်တိတ်ဆိတ်စွာဖြင့် ပတ်နေခဲ့ကြသည့်ထိုမြင်ကွင်းကြီး တစ်ခုသည် ပထမတစ်ရက် နှစ်ရက်လောက်တွင် ထိုမြို့သူ /သားများတို့ကို ကြောက်ရွံ့စိတ်များနှင့်လွှမ်းခြုံသွား စေခဲ့လိမ့်မည်မှာ သေချာပါသည်။ အထူးသဖြင့် ထိုအချိန်မတိုင်မီလေးတွင် ထိုလူအုပ်ကြီးအတွက်ဘုရား သခင်ပြုတော်မူခဲ့သည့်အမှုနှင့်စပ်ဆိုင်သည့် သတင်းများကြောင့်လည်း ထိုမြို့သားများအနေဖြင့် ကြိုတင် ကြောက်ရွံ့တုန်လှုပ်ထားခဲ့ကြမည်ဖြစ်သည်။ သို့ရာတွင် မည်သည့်ဦးတည်ချက်မျှမရှိသည့်ပုံစံမျိုးဖြင့် တစ်ရက် ပြီးတစ်ရက် ထိုအတိုင်းသာချီတက်နေကြသည့်အခါတွင်၊ ထိုချီတက်မှုသည် အဝန်းရံခံထားခဲ့ရသောထိုသူတို့ အတွက် ဖြစ်မြဲအမှုကိစ္စတစ်ခုကဲ့သို့သာ ဖြစ်နေမည်ဖြစ်ပြီး၊ သူတို့အနေဖြင့် ပြန်ပြီးအားယူမိလာကြမည်ဖြစ် ကာ၊ တွေ့မြင်နေကြရသည့် ထိုဖြစ်စဉ်တစ်ခုလုံးကိုလည်း ရယ်မောဖွယ်ရာအရာတစ်ခုအနေဖြင့်သာ ရှုမြင်နေ ကြပေလိမ့်မည်။ အစိပ္ပါယ်မဲ့သော ထိုဣသရေလလူတို့၏ပြုပုံပြုနည်းများကြောင့် များစွာသောထိုမြို့သူ/သား များတို့သည် သူတို့အား ကဲ့ရဲ့လှောင်ပြောင်သောစကားများကို စတင်ပြောဆိုလာခဲ့ကြပေလိမ့်မည်။ မြို့တစ်မြို့ ကိုအောင်နိုင်ဖို့ရန်အတွက် ထိုသို့သောနည်းလမ်းမျိုးဖြင့် အစချီခဲ့သည်ဆိုသည့် ဥပမာအဖြစ်အပျက်မျိုးလည်း စစ်သမိုင်းရာဇဝင်တလျှောက်လုံးတွင် တစ်ခါမျှမရှိဘူးခဲ့ပါချေ။ ထိုမြို့တွင်ရှိသောမြို့သူ /သားတချို့တို့က မြို့ပြင် တွင်ချီတက်နေခဲ့ကြသောသူများတို့အား ပြောင်ကျကျ လှောင်ပြောင်စကားဆိုခြင်းမျိုးမရှိခဲ့ဘူးဆိုလျှင် လူ့ သဘာဝကိုဆန့်ကျင်နေရာကျနေပေလိမ့်မည်။

သို့ရာတွင် ထိုလူအုပ်တန်းကြီးကနေမှ ပြန်လည်တုန့်ပြန်ခဲ့စကားတစ်ခွန်းတစ်လေမျှ ထွက်မလာခဲ့ ပါချေ။ မိမိတို့အား ပြစ်ပြစ်ခါခါပြောလာခဲ့ကြသည့် လှောင်ပြောင်စော်ကားသောစကားဟူသမျှတို့ကို ဣသရေ လ သားသမီးများတို့က စိတ်ရှည်စွာဖြင့်သည်းခံနေခဲ့ကြပါသည်။ “တို့ဒီလိုလုပ်နေကြတာ ဘာများအသုံးဝင်လို့ လဲ။” “ဒီယောရှုဆိုတဲ့အကောင်က ဘယ်လိုစစ်ဗိုလ်မျိုးပါလိမ့်။” “ဖြေးဖြေးမှန်မှန်နဲ့လှုပ်ရှားနေကြတဲ့ တို့တ တွေရဲ့ခြေလှမ်းတွေကြောင့် မြို့ရိုးတွေတုန်ခါမှုဖြစ်ပြီး၊ ပြိုကျလာလိမ့်မယ်လို့ သူထင်နေတာလား။” “ဒီလို ကလေးကလားဆန်တဲ့စစ်ရေးကျင်းပမှုမျိုးမှာ ကိုယ့်ခြေထောက်ကိုကိုယ် ညောင်းအောင်လုပ်ပြီး၊ ကိုယ့်ဖိနပ် တွေကိုပျက်အောင်လုပ်နေတာဟာ ဘာများအကျိုးရှိမှာမို့လဲ။” “တော်ပြီး ငါကတော့ ဒီအရူးကွက်တွေကို အီ ကုန်ပြီ၊ အကျိုးရှိမယ့်အလုပ်တစ်ခုခုမလုပ်လာမချင်း ငါ့အနေနဲ့ကတော့ တဲထဲမှာပဲအောင်းနေတော့မယ်။” ဆို သည့်စကားသံမျိုး တစ်ခွန်းတစ်လေကိုမျှ မကြားခဲ့ရပါချေ။ ဤသို့သောအခြေအနေမျိုးတွင် လူအများစုက ထို စကားမျိုး၊ ထိုကဲ့သို့သောစကားမျိုးကို ပြောလာကြလိမ့်မည်ဖြစ်ပြီး၊ အကယ်၍သာ ထိုအဖြစ်အပျက်မျိုးတွင် ထိုကဲ့သို့သော ပြောင်ကျကျဆန့်ကျင်စကားပြောဆိုခြင်းမျိုးမရှိခဲ့ဘူးဆိုလျှင် ထိုအခြင်းအရာသည် မှတ် ကျောက်တင်သွားမည်မှာ လုံးဝသေချာပါသည်။ ဤအချက်ကို လူ့မနောလူ့သဘောကိုသိရှိထားကြသည့် မည် သူမဆို သိနေကြပါသည်။ ထိုနေရာတွင်၊ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ခန့်က ဣသရေလလူများဆိုလျှင် ထို ကဲ့သို့ပြောင်ကျကျဆန့်ကျင်နေခဲ့ကြပေလိမ့်မည်။ မည်သည့်ဦးတည်ချက်မျှမရှိသည့်ပုံစံမျိုးဖြင့် ထိုမြို့ကို အပတ်ရေ တစ်ဆယ့်သုံးပတ်တိုင်တိုင် စိတ်ရှည်ငြိမ်သက်စွာဖြင့် ချီတက်ပတ်လျှောက်ခဲ့ကြသည့် အခြင်းအရာ သည် ကမ္ဘာ့အထူးခြားအပြောင်မြောက်ဆုံးသော ယုံကြည်ခြင်းသက်သေတစ်ခုပင်ဖြစ်ပေသည်။ နားမလည် နိုင်သည့်၊ အသုံးဝင်ပုံမပေါ်သည့် သက်သောင့်သက်သာမရှိသောအခြေအနေမျိုးထဲသို့ကျရောက်သွားခဲ့ကြ သည့် ထိုအချိန်အခါမျိုး၌ ထိုဣသရေလလူမျိုးတစ်မျိုးနွယ်လုံးထဲတွင် အပြစ်ရှာတတ်သောသူဟူ၍တစ် ယောက်မျှမရှိခဲ့ပါ။ ညည်းညူမြည်တမ်းသည့်စကားတစ်ခွန်းတစ်လေကို ပြောဆိုမည့်သူဟူ၍လည်း တစ် ယောက်မျှမရှိခဲ့ပါချေ။ ထိုအချက်ကို ဆင်ခြင်သုံးသပ်ကြည့်ပါလေ။

သတ္တမမြောက်သောနေ့အချိန်သည် ကုန်ဆုံးလုနီးပါးဖြစ်ကာ၊ တစ်ဆယ့်သုံးကြိမ်မြောက်သော မြို့ အားပတ်ခဲ့သည့်အပတ်ရေသည်လည်းပြည့်သွားခဲ့ပါသည်။ အရာရာအားလုံးတို့သည် ထိုသူတို့စတင်ချီတက်ခါ စအချိန်တုန်းကကဲ့သို့ ရှိနေဆဲဖြစ်သည်။ ယခုအခါတွင် သရဖူဆောင်းထားသည့် ယုံကြည်ခြင်းစာမေးပွဲကြီး သည် ကျရောက်လို့လာခဲ့ပါတော့သည်။ “သတ္တမအကြိမ်တွင် ယဇ်ပုရောဟိတ်တို့သည် တံပိုးမှုတ်သောအခါ၊

ယောရှုက၊ ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် သင်တို့အား မြို့ကို ပေးတော်မူမည်။" ယောရှုမှတ်စာ ၆း၁၆။

အဘယ့်ကြောင့် သူတို့ကြွေးကြော်ခဲ့ရပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့အား မြို့ကိုပေးတော်မူပြီးဖြစ်သောကြောင့်ဖြစ်သည်။ သူတို့အနေဖြင့် အောင်မြင်မှုအတွက် ကြွေးကြော်ကြဖို့ဖြစ်ပါသည်။ အောင်မြင်မှုရပြီးဖြစ်ကြောင်းကိုဖော်ပြသည့် မည်သည့်သက်သေတစ်စုံတစ်ခုသည် ထိုနေရာတွင်ရှိနေပါသနည်း။ မည်သည့်တိုးတက်မှုကိုမျှ သူတို့အနေဖြင့် မမြင်တွေ့ခဲ့ရပါချေ။ ယုံကြည်ခြင်းဆိုသည်မှာ "မမြင်ရသေးသောအရာတို့ကို မျက်မှောက်ပြုခြင်း" ပင် ဖြစ်ပါသည်တကား။ ထိုနေရာတွင် ယုံကြည်ခြင်းသက်သေကိုတွေ့ရှိရပါသည်။ အောင်မြင်မှုသည် ထိုသူတို့၏အပိုင်ပင်ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ထိုအောင်မြင်မှုကိုသူတို့အား ပေးအပ်ထားတော်မူခဲ့ပြီးဖြစ်ကာ၊ ထိုသခင်၏စကားတော်အပေါ်ထားရှိသောသူတို့၏ယုံကြည်ခြင်းကို အောင်မြင်မှုအတွက်ကြွေးကြော်ခဲ့လိုက်ကြသောကြောင့်ဖြစ်သည်။ သူတို့သည် တခဏကလေးမျှပင် တုံ့ဆိုင်းမနေခဲ့ကြပါချေ။ သူတို့၏ယုံကြည်ခြင်းတရားသည် စုံလင်နေခဲ့ပါသည်။ အမိန့်ပေးလိုက်သောအခါတွင် ထိုစုရုံးနေသောလူအုပ်ကြီးထံမှ အောင်မြင်သောကြွေးကြော်သံတစ်ခုသည် ပေါ်ထွက်လာခဲ့ပါသည်။ "တံပိုးသံကိုကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင် ပြိုလဲ၍၊" ယောရှုမှတ်စာ ၆း၂၀။

ထိုသူတို့အားပေးတော်မူခဲ့သည့် ကတိတော်သည်၊ ယခုတွင် ကျွန်ုပ်တို့အား ဘုရားသခင်က လက်ကမ်းပေးနေတော်မူသည့် ကတိတော်နှင့်အတူတူပင် ဖြစ်ပါသည်။ မှတ်တမ်းတင်ရေးသားထားသည့် ထိုသူတို့၏အကြောင်းအရာရှိရှိသမျှတို့သည် ကျွန်ုပ်တို့သင်ယူစရာအဖို့ပင်ဖြစ်ပါသည်။ "သူတို့သည် ကိုယ်ထားဖြင့် ထိုမြေကိုအစိုးရကြသည်မဟုတ်ပါ။ ကိုယ်လက်ဖြင့် ကိုယ်ကိုကယ်တင်ကြသည်မဟုတ်ပါ။" (ဆာလံ ၄၄း၃) ထာဝရဘုရား၏ လက်ယာတော်လက်သည် သူတို့ကို ကယ်တင်တော်မူခဲ့ပါသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့ကို "ရန်သူလက်မှ၎င်း၊ မုန်းသောသူရှိသမျှတို့လက်မှ၎င်း ကယ်လွှတ်မည်အကြောင်း၊" နှင့် ကျွန်ုပ်တို့သည် ရန်သူဘေးနှင့်ကင်းလွတ် ၍ ဘုရားသခင့်ရှေ့တော်၌ တသက်လုံးသန့်ရှင်းဖြောင့်မတ်ခြင်းပါရမီအားဖြင့် ဘုရားဝတ်ကိုရဲရင့်စွာပြုရသောအခွင့်ကို ရကြမည်အကြောင်း ထိုသခင်သည် ကျွန်ုပ်တို့အား ကယ်လွှတ်ခြင်းကို ပေးတော်မူလိမ့်မည်ဖြစ်သည်။ ထိုကယ်လွှတ်ခြင်းသည် ယေရှုခရစ်တော်အားဖြင့်ပင်ဖြစ်ပါသည်။ ထိုခရစ်တော်သည် ယောရှုခေတ်အချိန်ကနည်းတူပင် ယခုအချိန်တွင်လည်း "ထာဝရဘုရား၏ ဗိုလ်ခြေကိုအုပ်စိုးသောဗိုလ်မှူး" အဖြစ် တည်ရှိနေဆဲဖြစ်သည်။ ထိုဗိုလ်မှူးကြီး၏ အမိန့်တော်စကားချက်ဟူမူကား၊ "သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်။ ငါသည်လောကကိုအောင်ပြီ။" ယောဟန် ၁၆း၃၃။ "အထွဋ်အမြတ်အာဏာစက်ရှိသမျှကိုအုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။" ကောလောသဲ ၂း၁၀။ ထို့ကြောင့် "လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ ယုံကြည်ခြင်းပေတည်း။" ၁ယော ၅း၄

## ၃၆။ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိခြင်းနှင့် ရှုံးနိမ့်ခြင်း
## ယနေ့အတွက်သမ္မာတရား၊ ဇန်နဝါရီ ၇၊ ၁၈၉၇

**"သင်သည်ယုံကြည်ခြင်းအားဖြင့်သာ တည်၏။ မာနစိတ်မရှိစေနှင့်။ ကြောက်ခြင်းစိတ်ရှိစေလော့။" ရောမဩဝါဒစာ ၁၁း၂၀**

**"ထိုကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟုမိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။" ၁ကော ၁၀း၁၂**

ကြီးမားသည့်အောင်မြင်မှုတစ်စုံတစ်ရာကို ရရှိပြီးခါစအချိန်သည် လူတစ်ယောက်အတွက်အန္တရာယ်အရှိဆုံးအချိန်ပင်ဖြစ်ပါသည်။ ထိုသူသည် မိမိကိုယ်ကို အထူးသတိပြုခြင်းမရှိခဲ့ပါလျှင်၊ သူ၏ဝမ်းမြောက်ဖွယ်ရာချီးမွမ်းသီချင်းသည် အချည်းနှီးဖြစ်သော မိမိကိုယ်ကိုဂုဏ်ဖော်ချီးမွမ်းမှုများနှင့်သာ ပြည့်နက်နေပေလိမ့်မည်။ လူသည် ဘုရားသခင်၏တန်ခိုးတော်ကို အသိအမှတ်ပြုခြင်းနှင့်တကွ အစပြုလျက်၊ ထိုတန်ခိုးတော်အတွက် ကျေးဇူးတင်ချီးမွမ်းကာ၊ နောက်ပိုင်းတွင်မူ ရှေးဖြစ်စဉ်များကို မအောက်မေ့တော့ပဲ၊ မိမိကိုယ်ကို ဘုရားသခင်၏နေရာတွင်ချီးမြောက်လာကာ၊ မိမိ၏ကိုယ်ပိုင်ဉာဏ်စွမ်းသတ္တိကသာ အောင်မြင်မှုအကြီးအငယ်ဟူသမျှကို မိမိထံသို့ ယူဆောင်လာပေးခဲ့သည်ဟု သူ့အနေဖြင့် ထင်မှတ်လာသောအခါတွင်၊ ထိုသူသည် ရှုံးနိမ့်ဖို့ လုံးဝသေချာနေသည့်အခြေအနေတွင် ရောက်ရှိနေပြီးဖြစ်သည်။ ထိုသူသည် မိမိ၏ရန်သူကို လက်ချည်းဗလာဖြင့် တိုက်ခိုက်ရန် ကြိုးစားနေသောသူပင်ဖြစ်ပေသည်။ ထိုသူသည် ရှုံးနိမ့်ရပါလိမ့်မည်။ ရှုံးနိမ့်မှုနှင့်တွေ့ကြုံရမည့်အကြောင်းကား၊ သူသည် တန်ခိုးတော်၏အရင်းအမြစ်မှ ခွဲထွက်လာပြီးဖြစ်သောကြောင့်ဖြစ်သည်။ ထာဝရအစွမ်းသတ္တိဟူသည် ယေဟောဝါဘုရားသခင်တစ်ပါးတည်း၌သာ တည်ရှိနေပါသည်။

"ယောရှုသည်လည်း၊ ယေရိခေါမြို့မှ လူတို့ကိုစေလွှတ်၍၊ သင်တို့သည် ဗေသလမြို့အရှေ့ ဗေသဝင်မြို့အနားမှာရှိသော အာဣမြို့သို့သွား၍ ထိုပြည်ကိုကြည့်ရှုကြလော့ဟု မှာထားသည်အတိုင်း သူတို့သည် သွား၍၊ အာဣမြို့ကိုကြည့်ရှုပြီးလျှင်၊ ယောရှုထံသို့ပြန်လာ၍၊ ဤလူတို့ကို အကုန်အစင်မသွားပါစေနှင့်။ လူနှစ်ထောင် သုံးထောင်လောက်သွား၍ အာဣမြို့ကိုလုပ်ကြံပါစေ။ ထိုမြို့သို့ သွားရာတွင် ဤလူအပေါင်းတို့ကို မပင်ပန်းပါစေနှင့်။ မြို့သားတို့သည် မများပါဟု လျှောက်သည်နှင့်အညီ၊ လူသုံးထောင်ခန့်မျှ ချီသွား၍ အာဣမြို့သားတို့ရှေ့မှာ ပြေးရကြ၏။ အာဣမြို့သားတို့သည် လူသုံးဆယ်ခြောက်ယောက်တို့ကို သတ်ကြ၏။ လူများတို့၏ စိတ်နှလုံးသည် အရည်ကျို၍ ရေကဲ့သို့ဖြစ်လေ၏။" ယောရှုမှတ်စာ ၇း၂-၅

## ဘေးအန္တရာယ်နှင့်ကင်းလွတ်သောသူတစ်ယောက်မျှမရှိ

"ကျေးဇူးတော်၌ တစ်ကြိမ်ရှိဖူးလျှင် ထိုကျေးဇူးတော်၌ တစ်သက်လုံးရှိနေခြင်းပင်ဖြစ်သည်" အဓိပ္ပါယ်မှာ၊ လူတစ်ယောက်သည် ဘုရားသခင်အားကြောက်ရွံ့သည့်အသက်တာနှင့် တစ်ကြိမ်အသက်ရှင်လျှောက်လှမ်းဖူးလျှင် ထိုသူသည် ဘယ်သောအခါတွင်မျှလမ်းလွဲမသွားနိုင်တော့ပါ။ - ဤအယူအဆသည် သမ္မာကျမ်းစာ၏အယူအဆပင်ဖြစ်သည်ဟု အဖန်တလဲလဲဖြင့် အခိုင်အလုံပြောဆိုနေကြသောသူများအဖို့ ယေရိခေါမြို့နှင့် အာဣမြို့ပုံပြင်မှ အပြည့်အစုံအဖြေပေးထားပါသည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး ယေရိခေါမြို့အား ချီတက်ပတ်လျှောက်ခဲ့စဉ်အခါတွင် ဣသရေလလူမျိုးတို့သည် ဘုရားသခင်အား အမှန်တကယ်ပင် အပြည့်အဝယုံကြည်ကိုးစားခဲ့ကြပါသည်။ ထိုသူတို့သည် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းကိုရရှိကြပြီးဖြစ်ကြောင်းကို ဘုရားသခင်ကိုယ်တော်တိုင်က သက်သေခံတော်မူခဲ့ပြီး၊ ဘုန်းတော်နှင့်ပြည့်စုံသောအောင်မြင်

ခြင်းကို ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းအားဖြင့် ရရှိခဲ့ကြပြီးဖြစ်ကြောင်းကိုလည်း မိမိ၏နှုတ်ထွက်စကား တော်အားဖြင့် မိန့်မြွက်တော်မူခဲ့ပါသည်။ သို့ရာတွင် ထိုအောင်မြင်မှုကို ဆွတ်ခူးခဲ့ပြီးသည်နောက်ရက်အနည်း ငယ်ခန့်အကြာတွင် သူတို့သည် ကြီးစွာသောရှုံးနိမ့်မှုတစ်ရပ်ကို ကြုံတွေ့ခံစားခဲ့ကြရပါသည်။ ၎င်းမှာ ဖေါက် ပြန်သင်းခွဲခြင်း၏ မူလအစပင်ဖြစ်ပေသည်။ နောက်ပိုင်းအချိန်ကာလများတွင် ဘုရားသခင်သည် ထိုသူတို့ အဖို့ များစွာသောအံ့ဖွယ်ရာအမှုများတို့ကို ပြုပေးတော်မူခဲ့ပြီး၊ မိမိတို့၏ယုံကြည်ခြင်းအားဖြင့်ဆုပ်ကိုင်နိုင်ကြ မည့် အခွင့်အရေးဟူသမျှတို့ကိုလည်း သူတို့အဖို့ အမြဲတမ်းချပြပေးထားတော်မူခဲ့ပါသည်။ သို့ရာတွင် “ကောင်းစွာသော တိုက်လှန်ခြင်းကို” ပြုဖို့ရန်အတွက် ထိုဣသရေလတစ်မျိုးသားလုံးအနေဖြင့် မည်သည့် အခါတွင်မျှ တဖန်ပြန်ပြီး မစည်းလုံးနိုင်ခဲ့ကြတော့ပါချေ။ ဝိညာဉ်တော်ကိုသွန်းလောင်းတော်မူခဲ့သည့် ပင်တေ ကုတ္တေပွဲနေ့ နောက်ပိုင်းများမကြာမှီအချိန်ကလေးတွင်၊ ယုံကြည်သောဣသရေလလူအပေါင်းတို့သည် “စိတ် နှလုံး တညီတညွတ်တည်းရှိခဲ့ကြ” ပါသည်။ စုံလင်သောယုံကြည်ခြင်းနှင့်တကွ ထိုကဲ့သို့သောစည်းလုံးညီ ညွတ်မှုမျိုးနှင့် အားကြီးခြင်းအမှုမျိုးတို့ကို ဘုရားသခင်၏လူများကြားတွင် တဖန်တွေ့ရှိရဦးမည်ဖြစ်ပါသည်။ ဘုရားသခင်၏ကတိတော်ရှိသည်အတိုင်း ထိုအမှုသည် သေချာပေါက်ဖြစ်လာလိမ့်မည်ဖြစ်ပါသည်။

## ရှုံးနိမ့်ရသည့်အကြောင်းအရင်း

အာဣမြို့အား သွားရောက်တိုက်ခိုက်ခဲ့ကြစဉ်အခါတွင် စခန်း၌ ဒုစရိုက်လွန်ကျူးခြင်းအမှုတစ်ခု တည်ရှိနေခဲ့ပြီး၊ ထိုဒုစရိုက်မှုသည်ပင် သူတို့၏ရှုံးနိမ့်ရသည့်အကြောင်းအရင်းဖြစ်နေလေတော့သည်။ အာခန် ပြုခဲ့သော ဒုစရိုက်အပြစ်တစ်ခုတည်းကြောင့်မဟုတ်ပဲ၊ ထိုသူတို့အားလုံးတို့သည် အပြစ်လွန်ကျူးမိခဲ့ကြသည့် အတွက်ကြောင့် တပ်တစ်ခုလုံး၌ ဒုက္ခပြဿနာကြုံခဲ့ရလေသည်။ “စိတ်မြင့်သောသူသည် သဘောမဖြောင့်။ ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။” ဟဗက္ကုပ် ၂း၄။ “ဒုစရိုက်၏ လှည့်ဖြားခြင်း” ကြောင့် ထိုသူတို့၌ အလင်းကွယ်ပြီး၊ သူတို့၏စိတ်နှလုံးထဲသို့ ထောင်လွှားခြင်းသဘောက ဝင် ရောက်ခြင်း မဝင်ရောက်ခြင်းအရာ၊ (သို့) ထောင်လွှားခြင်းသဘောကသူတို့အား ဒုစရိုက်အပြစ်ထဲသို့တွန်းပို့ ခြင်း မတွန်းပို့ခြင်းအရာတို့က အဓိကမကျပါချေ။ အဓိကမှာ သူတို့သည် ဒုစရိုက်အပြစ်အတွက် နေရာပေးခဲ့ ကြပြီး၊ မိမိကိုယ်ကို ယုံကြည်အားကိုးလာခဲ့ကြခြင်းအရာပင် ဖြစ်ပါသည်။ ထိုသို့သောယုံကြည်အားကိုးမှုမျိုး တွင် ဒုစရိုက်ပါရှိနေပါသည်။ ဒုစရိုက်အပြစ်ကြောင့် ထိုသူတို့သည် ဒုက္ခနှင့်ကြုံခဲ့ကြရပြီး၊ ထိုဒုစရိုက်အပြစ်ကို မိမိတို့၏စိတ်နှလုံးထဲတွင် နေရာပေးလာခဲ့သမျှကာလတလျှောက်လုံးတွင် သူတို့အနေဖြင့် ပြည်တော်ကို အောင်မြင်ရသောအခွင့်နှင့် ရှေ့မဆက်နိုင်ခဲ့ကြတော့ပါချေ။ သူတို့အား ဘုရားသခင် ခေါ်ဆောင်သွားတော်မူခဲ့ သည့်ပြည်သည် ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းကို ပိုင်ဆိုင်ထားကြသည့်သူများတည်းဟူသော ဖြောင့်မတ် သောသူများကသာ သိမ်းပိုက်နိုင်မည့်ပြည်ဖြစ်ကြောင်းကို ဤနေရာတွင် တဖန်ထောက်ပြထားပြန်ပါသည်။

ပြည်တော်ကို ကြည့်ရှုစစ်ဆေးရန် ထွက်သွားခဲ့ကြသောသူတို့က၊ အာဣမြို့သည် ငယ်သောမြို့ တစ်မြို့ပင်ဖြစ်သည့်အတွက်ကြောင့် ထိုမြို့ကိုသိမ်းပိုက်နိုင်ရန်အတွက် လူအနည်းငယ်သာလိုပါသည်ဟု လူ များတို့အား ထိုသူတို့အယုံသွင်းခဲ့ကြပါသည်။ အကယ်စင်စစ်၊ ဤသို့တွေးထင်နေစရာအကြောင်း ဘာတစ်ခုမျှ မရှိခဲ့ပါချေ။ အာဣမြို့သည် ယေရိခေါ်မြို့လောက် မကြီးသည်မှာ မှန်ပါသည်။ သို့ရာတွင် ထိုမြို့ကိုသိမ်းယူနိုင်ဖို့ ရန်အတွက်မှာမူ အရေအတွက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါချေ။ “ယုံကြည်ခြင်းအားဖြင့် ယေရိခေါ်မြို့ရိုးသည် ပြိုလဲ၏။” ထိုအချိန်တွင် အကယ်၍သာ ဣသရေလလူမျိုးတို့သည် ၎င်းတို့ရှိနေခဲ့ကြသည့်အရေအတွက်၏ တ ဝက်ခန့်မျှသာ (သို့) ထိုအရေအတွက်၏ ဆယ်ပုံတစ်ပုံခန့်သာရှိခဲ့မည်ဆိုလျှင်လည်း မြို့ရိုးသည် ပြိုလဲနေဦး မည်ဖြစ်ပါသည်။ အာဣမြို့ကို သိမ်းပိုက်နိုင်ရန်အတွက် လိုအပ်နေသည့်တန်ခိုးကား၊ ယေရိခေါ်မြို့ကို အောင် နိုင်ခဲ့သည့်တန်ခိုးတော်ပင်ဖြစ်ပါသည်။ ၎င်းမှာ ယုံကြည်ခြင်းအားဖြင့်သာရရှိနိုင်သည့် ဘုရားသခင်၏တန်ခိုး

ပင်ဖြစ်သည်။ အာကွာမြို့ကို သိမ်းယူနိုင်ဖို့ရန်အတွက် လူအနည်းငယ်သာလိုပါသည်ဟု ပြောဆိုခဲ့ကြရာတွင်၊ ထို ပြည်ကိုမိမိတို့၏ စစ်ရေးကျွမ်းကျင်မှုအားဖြင့် အပိုင်သိမ်းနိုင်ကြမည်ဟု သူတို့အနေဖြင့် ယူဆနေခြင်းပင်ဖြစ် ပေသည်။ ထိုအရာသည် အလွန်ဆိုးရွားသောအမှားတစ်ခုပင်ဖြစ်ပေသည်။ ထိုပြည်ကို မိမိတို့အားပေးမည်ဟု ဘုရားသခင်က ကတိထားတော်မူသည့်အတွက်ကြောင့်၊ ထိုပြည်ကို သူတို့က လက်ဆောင်တစ်ခုအနေဖြင့်သာ လက်ခံရရှိနိုင်လိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းနေခဲ့ကြသည့် ယုံကြည်ခြင်းအားကြီး သော စစ်လက်နက်မဲ့လူအနည်းစုလေးတစ်စုက ထိုပြည်ကို လွယ်လင့်တကူဖြင့် သိမ်းယူနိုင်ခဲ့စဉ်တွင်၊ အ ကောင်းဆုံးသောစစ်လက်နက်များကိုကိုင်ဆောင်ထားကြရသည့် အားအကြီးဆုံးစစ်တပ်ကြီးက ထိုပြည်ကိုမ သိမ်းယူနိုင်ခဲ့ပါချေ။ ကောင်းကင်နိုင်ငံတော်ကို သိမ်းပိုက်အောင်နိုင်စေနိုင်သည့် အင်အားကား စစ်လက်နက် အင်အားမဟုတ်ပါချေ။

## ဘုရားသခင်၏စီမံကိန်းတွင် ကျရှုံးခြင်းဟူသည်မရှိ

ဘုရားသခင်သည် မိမိလူတို့ကို နာကျင်ရှုံးနိမ့်မှုများနှင့် ကြုံတွေ့စေဖို့ရန် မည်သည့်အချိန်တွင်မျှ အလိုတော်မရှိခဲ့ကြောင်း (သို့) ထိုပြည်ကို ဝင်ရောက်သိမ်းပိုက်ကြရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အ သေမခံစေလိုကြောင်းကို ဤအာကွာမြို့ပုံပြင်တွင် နောက်သင်ခန်းစာတစ်ခုအနေဖြင့် လေ့လာတွေ့ရှိရပါသည်။ သာမာန်စစ်ပွဲတစ်ပွဲတွင် အင်အားကြီးမားသည့်မြို့တစ်မြို့ကို အားသကုန်ဝင်ရောက်တိုက်ခိုက်ခြင်းပြုရာ၌ လူ ပေါင်းသုံးဆယ်ခြောက်ဦးခန့်ကျရှုံးသွားသည့်အဖြစ်မျိုးကို မည်သူကမျှ အရေးကြီးခွင်ကျယ်လုပ်မနေတတ်ပါ ချေ။ ထိုသို့တိုက်ခိုက်ရာတွင် အောင်မြင်မှုကိုရရှိနေသည့်တိုင် ထိုသို့သောကျရှုံးမှုမျိုးကို အရေးလုပ်နေကြမည် မဟုတ်ပေ။ သို့ရာတွင် ခါနန်ပြည်အားဝင်ရောက်သိမ်းပိုက်ရာ၌ ထိုမျှလောက်ကျရှုံးသွားခဲ့သည့်အမှုသည် ကြောက်မက်ဖွယ်ရာရှုံးနိမ့်မှုကြီးတစ်ခုဖြစ်နေခဲ့ပါသည်။ ထားတော်မူခဲ့သောကတိတော်မူကား၊ “မောရှေအားငါ ကတိရှိသည်အတိုင်း သင်တို့နင်းသမျှသောမြေကို သင်တို့အားငါပေးမည်။” “သင့်အသက်တည်သည်ကာလ ပတ်လုံး သင့်ရှေ့မှာအဘယ်သူမျှမခံမရပ်နိုင်ရာ။ မောရှေနှင့်အတူငါရှိသကဲ့သို့ သင်နှင့်အတူငါရှိလိမ့်မည်။ ငါ သည် သင့်ကိုမစွန့်၊ သင့်ကိုပစ်၍မထား။” (ယောရှုမှတ်စာ ၁း၃၊ ၅) ယခုအဖြစ်အပျက်တွင်၊ အချို့သောသူ တို့၏အသက်ကို ဆုံးရှုံးခဲ့ရခြင်းနှင့်အတူတကွ ထိုသူတို့ကိုယ်တိုင်က ထွက်ပြေးနေကြရပါသည်။ ယော်ဒန်မြစ် ကိုဖြတ်ကူးပြီး ယေရိခေါမြို့ကို အနိုင်ရခဲ့ကြသည့်အဖြစ်အပျက်ကြောင့် တပါးအမျိုးသားများတို့သည် ယခင် အချိန်က တုန်လှုပ်ကြောက်ရွံ့နေခဲ့ကြရပါသည်။ သို့ရာတွင် ထိုအဖြစ်မျိုးတို့သည် ယခုအခါတွင် ပျောက်ကွယ် သွားခဲ့လေပြီးဖြစ်သည်။ မိမိတို့၏ကိုယ်စွမ်းသတ္တိကို ယုံကြည်အားထားခဲ့ကြသည့်အတွက်ကြောင့် ဣသရေလ လူမျိုးတို့သည် ဘုရားသခင့်မျက်မှောက်တော်တွင်တွေ့ရှိရသောတန်ခိုးတော်ကို ဆုံးရှုံးခဲ့ကြရပြီး၊ သူတို့အနေ ဖြင့် မိမိတို့၏ ကိုယ်ကိုယ်တိုင်အားနည်းခြင်းအရာကို သရုပ်ဖော်ပြသွားခဲ့ကြပါသည်။

ကတိထားတော်မူရာပြည်ကိုသိမ်းယူကြရာ၌ ဣသရေလလူများ အသက်သေဆုံးရသည့်အဖြစ်မျိုး သည် ဘုရားသခင်၏အစီအစဉ်နှင့် လုံးဝဆန့်ကျင်နေခဲ့ပါသည်။ ထိုအချက်ကို ဤနေရာတွင်ကျွန်ုပ်တို့ လေ့လာမှတ်သားသွားကြမည့် အကြောင်းအရာဖြစ်သည့် ကတိထားတော်မူရာအမွေပြည်ကိုသိမ်းပိုက်နိုင်ဖို့ ရန်အတွက် တိုက်ခိုက်မှုပြုကြဖို့ရန်မှာ ဘုရားသခင်၏အကြံအစည်မဟုတ်ပါ ဆိုသည့်အကြောင်းအရာတွင် ထပ်မံပြသထားပါသည်။ ယေရိခေါမြို့ကိုသိမ်းယူရာတွင် အရေအတွက်နှင့် လက်နက်အင်အားများတို့သည် ဘာမျှအကျိုးမဝင်ခဲ့ကြောင်းနှင့် သာမာန်စစ်ပွဲများတွင် စစ်အင်အားကိုခိုင်မာတောင့်တင်းစေသည့် စစ်လက် နက်များတို့ကို ဣသရေလလူများအနေဖြင့် မှီခိုအားကိုးလိုက်ကြသောအခါတွင် ၎င်းတို့သည် သူတို့အတွက် ဘာမျှအသုံးမဝင်ခဲ့ကြောင်းတို့ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ အဲဂုတ္တုပြည်မှ အံ့ဖွယ်ရာနှုတ်ဆောင်တော်မူခဲ့ ခြင်းအကြောင်း၊ မည်သည့်လက်နက်တစ်စုံတစ်ရာကိုမျှ ကိုင်ဆောင်ထားခြင်းမရှိပဲနှင့် (သို့) မည်သည့်လူသား

တစ်စုံတစ်ယောက်၏ အစွမ်းသတ္တိကိုမျှ အသုံးပြုခြင်းခြင်းမရှိပဲနှင့် ဖာရောမင်း၏တပ်တစ်တပ်လုံးအား အနိုင်ယူတော်မူခဲ့ခြင်းအကြောင်းနှင့် မိမိလူများအား စစ်မှုနှင့်မတွေ့ကြုံစေဖို့ရန်အတွက် ဘုရားသခင်သည် သူတို့အား အဝေးဆုံးနှင့် အကြမ်းတမ်းဆုံးသောလမ်းဖြင့် ပို့ဆောင်တော်မူခဲ့ခြင်းအကြောင်း စသည့် အကြောင်းအရာများတို့ကိုလည်း ပြန်လည်စဉ်းစားသုံးသပ်ကြည့်ပါ။ (ထွက်မြောက်ရာ ၁၃း၁၈) ထို့နောက်တွင် အောက်ဖော်ပြပါကတိတော်ကို ဖတ်ရှုလိုက်ပါ၊

“ထိုလူမျိုးတို့သည် ငါ့ထက်သာ၍များ၏။ ငါသည် သူတို့ကို အဘယ်သို့နှင်ထုတ်နိုင်မည်နည်းဟု သင်သည် စိတ်ထဲမှာအောက်မေ့လျက်၊ သူတို့ကိုမကြောက်ရ။ သင်၏ဘုရားသခင်ထာဝရဘုရားသည် ဖါရောဘုရင်နှင့် အဲဂုတ္တုပြည်တပြည်လုံး၌ ပြုတော်မူသောအမှုကိုငင်း၊ ကိုယ်တိုင်မြင်၍ ကြီးစွာသောစုံစမ်းခြင်းတို့ကိုငင်း၊ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှုတ်ဆောင်သောအခါ၊ ပြတော်မူသောနိမိတ်လက္ခဏာ အံ့ဘွယ်သောအမှုတို့ကိုငင်း၊ အားကြီးသောလက်ရုံးတော်ကို ဆန့်တော်မူခြင်းကိုငင်း စေ့စေ့အောက်မေ့ရမည်။ ထိုနည်းတူ၊ သင်ကြောက်တတ်သောလူမျိုးရှိသမျှတို့၌ သင်၏ဘုရားသခင်ထာဝရဘုရား ပြုတော်မူမည်။ ထိုမှတပါး၊ ကျန်ကြွင်း၍ ပုန်းရှောင်လျက်နေသောသူတို့သည် မပျက်စီးမှီတိုင်အောင်၊ သင်၏ဘုရားသခင်ထာဝရဘုရားသည် ပျားတူများကို သူတို့တွင်စေလွှတ်တော်မူမည်။ သူတို့ကြောင့် ထိတ်လန့်ခြင်းမရှိရ။ အကြောင်းမူကား၊ တန်ခိုးကြီး၍ ကြောက်မက်ဘွယ်သောသင်၏ဘုရားသခင်ထာဝရဘုရားသည် သင်တို့တွင် ရှိတော်မူ၏။” တရားသူကြီးမှတ်စာ ၇း၁၇-၂၁။

## ခုခံကာကွယ်နိုင်သည့်နည်းလမ်း

ကတိထားတော်မူရာပြည်သို့ ခရီးဆက်နေကြသော ဣသရေလလူတို့၏ရှေ့ဆက်ချီတက်မှုကို နှောင့်ယှက်ဟန့်တားလာကြမည့် ရန်သူရှိသမျှတို့ကို ဘုရားသခင်သည် ဖါရောမင်းနှင့်တကွ အဲဂုတ္တုပြည်တစ်ခုလုံးအား ပြုတော်မူခဲ့သည့်ပုံစံအတိုင်း ပြုတော်မူလိမ့်မည်ဖြစ်ကြောင်း ကတိထားတော်မူခဲ့ပါသည်။ အဲဂုတ္တုပြည်မှ လွတ်မြောက်လာခဲ့ခြင်းအမှုနှင့် ထိုပြည်၏စစ်သည်တော်ရှိရှိသမျှတို့ကို အနိုင်ယူခဲ့ခြင်းအမှု ဖြစ်မြောက်လာရေးအတွက် ဣသရေလလူမျိုးများအနေဖြင့် အထောက်အပံ့ တစ်စုံတစ်ရာကိုမျှ မပေးခဲ့ရကြပါချေ။ ဤကာလမတိုင်မှီ နှစ်ပေါင်းလေးဆယ်ခန့်က မောရှေသည်တိုက်ခိုက်မှုအင်အားဖြင့် ဣသရေလလူတို့ကို ကယ်တင်ဖို့ရန်ကြိုးစားခဲ့ရာ၊ သူ့အနေဖြင့်အကြီးအကျယ်ရှုံးနိမ့်သွားခဲ့ရပြီး၊ မျက်နှာပျက်လျက် ထွက်ပြေးတိမ်းရှောင်နေခဲ့ရပါသည်။ ဧဝံဂေလိတရားဆိုသည့်အရာကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးအနေဖြင့် သိရှိသွားခဲ့သည့်အချိန်တွင်မှသာလျှင် မောရှေသည် ရှင်ဘုရင်၏အမျက်တော်ကို ကြောက်ရွံ့ခြင်းကင်းစွာဖြင့် မိမိ၏လူတို့ကို ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့လေသည်။ ပြည်တော်ကို သိမ်းပိုက်နိုင်ဖို့ရန်အတွက် တိုက်ခိုက်မှုပြုကြရသည့်အဖြစ်မျိုးကို ဘုရားသခင်သည် ထိုသူတို့၌ အလိုတော်မရှိကြောင်းနှင့် ထိုသူတို့အနေဖြင့် တိုက်ခိုက်မှုမပြုပဲနေခဲ့ကြမည်ဆိုလျှင် စစ်ပွဲတွင် အဘယ်သူကိုမျှ ဆုံးရှုံးခဲ့ရကြမည်မဟုတ်ကြောင်းကို ဤအချက်က အနှစ်ချုပ်အနေဖြင့်သက်သေထောက်ပြပေးထားပါသည်။ ပြည်တော်ကို သူတို့၌အပ်ပေးဖို့ရန်အတွက် ဘုရားသခင်၌ မည်သည့်အကြံအစည်ရှိထားခဲ့ကြောင်းကို ရှေ့ဆက်ဖတ်ရှုကြည့်လိုက်ပါ။

“ငါ့ကိုကြောက်တတ်သောသဘောကို သင့်ရှေ့သို့ငါစေလွှတ်၍၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကိုငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ ပျားတူများကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာနှင်ထုတ်ကြလိမ့်မည်။ ထိုလူများကို တနှစ်ခြင်းတွင် သင့်ရှေ့မှာငါမနှင်ထုတ်။ သို့ပြုလျှင် ပြည်သည်လူဆိတ်ညံ၍ သားရဲသည် သင့်တဘက်၌များပြားလိမ့်မည်။ သင်သည်တိုးပွား၍ တပြည်လုံးကိုဝင်စားသည်တိုင်အောင်၊ သူတို့ကို သင့်ရှေ့မှာ ဖြည်းဖြည်းငါနှင်ထုတ်မည်။” ထွက်မြောက်ရာကျမ်း ၂၃း၂၇-၃၀

ထိုကာလမတိုင်မီ နှစ်ပေါင်းများစွာအချိန်က ယာကုပ်သည် မိမိ၏မိသားစုများနှင့်အတူတကွ ထိုခါနန်ပြည်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ထိုအခါတွင် "ပတ်ဝန်းကျင်မြို့သားတို့သည်၊ ဘုရားသခင်ကိုကြောက်ရွံ့၍၊ ယာကုပ်သားတို့ကို မလိုက်ဝံ့ဘဲနေကြ၏။" ကမ္ဘာဦးကျမ်း ၃၅း၅။ "လူမျိုးအဆက်တထောင်တိုင်အောင် မိန့်မြွက်တော်မူသော နှုတ်ကပတ်တည်းဟူသော ဝန်ခံခြင်းတရားတော်ကို အစဉ်အမြဲအောက်မေ့တော်မူ၏။ သူတို့သည် တမြို့မှတမြို့သို့၎င်း၊ တနိုင်ငံမှတနိုင်ငံသို့၎င်း၊ လှည့်လည်၍သွားကြသောအခါ၊ သူတို့ကို ညှဉ်းဆဲစေခြင်းငှါ အဘယ်သူအားမျှအခွင့်ပေးတော်မမူ။ သူတို့အတွက်လည်းရှင်ဘုရင်တို့ကို ဆုံးမလျက်၊ ငါ့ထံ၌ ဘိသိက်ခံသောသူတို့ကို မထိမခိုက်နှင့်။ ငါ၏ပရောဖက်တို့ကိုအပြစ်မပြုနှင့်ဟု မိန့်တော်မူ၏။" ဆာလံ ၁၀၅း၁၂-၁၅။ ထိုတန်ခိုးကသာလျှင် သူတို့ကို ပြည်တော်သို့ပို့ဆောင်ပေးတော်မူမည်ဖြစ်ပြီး၊ ထိုပြည်တွင်ရှိသောထာဝရအမွေကို သူတို့၌အလျင်အမြန်အပ်ပေးတော်မူမည်ဖြစ်သည်။ ထိုသူတို့၏ မယုံကြည်ခြင်းကို အကြောင်းပြု၍ ထာဝရဘုရား မိန့်တော်မူခဲ့သည်ကား၊

"ငါ၏လူစုသည် ငါ့စကားကိုနားထောင်၍၊ ဣသရေလအမျိုးသည် ငါ့လမ်း၌လိုက်ပါစေသော။ လိုက်လျှင် ငါသည်သူတို့ရန်သူများကို အလျင်အမြန်နှိပ်စက်၍၊ ရန်ဘက်ပြုသောသူတို့ကို ဒဏ်ခတ်မည်။ ထာဝရဘုရားကို မုန်းသောသူတို့သည် တောင်းပန်ခြင်းကိုပြု၍၊ ငါ၏လူတို့သည်လည်း၊ အစဉ်အမြဲတည်ရသော အခွင့်ရှိကြလိမ့်မည်။" ဆာလံ ၈၁း၁၃-၁၅

## ထိုသူတို့ အဘယ့်ကြောင့်တိုက်ခိုက်ခဲ့ကြရသနည်း။

"ဣသရေလလူတို့သည် မိမိတို့၏ထင်မြင်ယူဆချက်အတိုင်း တိုက်ခိုက်မှုပြုခဲ့ကြသလို၊ ဘုရားသခင်၏ညွှန်ကြားချက်အတိုင်းလည်း တိုက်ခိုက်မှုပြုလာခဲ့ကြသည်၊" ဆိုသည့်အချက်ကို ပြောဆိုတင်ပြလာကြပေလိမ့်မည်။ ထိုအချက်သည် အလွန်မှန်ပါပေသည်။ သို့စေကာမူ၊ ထိုသို့တိုက်ခိုက်မှုပြုကြရန်မှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်ကြောင်းကို ထိုအချက်က ထောက်ခံမထားပါချေ။ မယုံကြည်သောကြောင့် "သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ" သည်ဖြစ်၍၊ သူတို့အဖို့ရှိထားတော်မူသော ဘုရားသခင်၏အကြံအစည်တော်ကို ထိုသူတို့သည် နားမလည်နိုင်ခဲ့ကြပါချေ။ ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သော ဝိညာဉ်ရေးဆိုင်ရာအစစ်အမှန်အရာများတို့ကို ထိုသူတို့သည် မဆုပ်ကိုင်ခဲ့ကြပဲ၊ အရိပ်အယောင်အရာများတို့နှင့်သာ ကျေနပ်အားရနေခဲ့ကြပါသည်။ ထိုသူတို့နှလုံးသား၏ မိုက်မဲမှုအခြေအနေကို ရှေးမဆွမှီက သည်းခံလာပေးတော်မူခဲ့သောသူတည်းဟူသော၊ သူတို့၌ အကောင်အထည်ကို မပိုင်ဆိုင်ထားခဲ့ကြသည့်အချိန်တွင် အရိပ်အယောင်အရာများတို့အားဖြင့် သူတို့အား သွန်သင်ပြသပေးဖို့ရန် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည့် ဘုရားသခင်သည် ထိုသူတို့နှင့် အတူရှိနေတော်မူဆဲပင်ဖြစ်ပြီး၊ ထိုသူတို့၏အားနည်းခြင်းအမှုအရာများအတွက် ကိုယ်တော်သည် သနားကြင်နာမှုအပြည့်ဖြင့် ညှာတာထောက်ထားတော်မူခဲ့ပါသည်။ ထိုသူတို့စိတ်နှလုံးမိုက်သောကြောင့်၊ သူတို့အနေဖြင့် မယားအများယူကြဖို့ရန်နှင့် မကောင်းမှုဒုစရိုက်များ လျော့နည်းပါစေတော့ ဆိုသည့်ရည်ရွယ်ချက်နှင့် မယားအများယူသောအလေ့အထကို ဥပဒေများအဖြစ်ထုတ်ပြန်လာကြဖို့ရန် ဘုရားသခင်သည် သူတို့အား လွှတ်ထားပေးတော်မူခဲ့ပါသည်။ သို့စေကာမူ၊ ဤသို့ဖြစ်လာဖို့ရန်မှာ သူတို့အဖို့ထားရှိတော်မူခဲ့သော ဘုရားသခင်၏အကြံအစည်ပင်ဖြစ်ကြောင်းကို ထိုအချက်က ထောက်ခံမထားပါချေ။ "အစအဦး၌ ထိုသို့မဟုတ်" ခဲ့ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ကောင်းစွာသိရှိထားကြပါသည်။ ထို့ကြောင့် တိုက်ခိုက်ခြင်းအမှုကို မည်သည့်အခြေအနေမျိုးတွင်မဆို မလုပ်ဆောင်ကြဖို့ရန်အတွက် မိမိလူတို့အား တားမြစ်တော်မူရာခဲ့တွင်၊ သခင်ခရစ်တော်အနေဖြင့် သွန်သင်မှုအသစ်အဆန်းတစ်စုံတစ်ရာကို စတင်မိတ်ဆက်နေခြင်းမဟုတ်ပါချေ။ ထို့အတူပင်၊ လူတစ်ယောက်တွင် မယားတစ်ယောက်သာရှိရမည်ဖြစ်ပြီး ထိုမယားအသက်ရှင်သန်နေသမျှကာလပတ်လုံး သူမ၌သာမှီဝဲနေရမည်ဟု သွန်သင်တော်မူခဲ့ရာတွင်လည်း သခင်ခရစ်တော်အနေဖြင့် သွန်သင်

မှု အသစ်အဆန်းတစ်စုံတစ်ရာကို စတင်မိတ်ဆက်နေခြင်းမဟုတ်ပါချေ။ ထိုကဲ့သို့ပြုတော်မူခဲ့ရာတွင် ဦးစွာတည်ရှိထားနှင့်ပြီးသားဖြစ်သော စည်းမျဉ်းဥပဒေများကို သူအနေဖြင့် ကြွေးကြော်နေခြင်းသာဖြစ်ပေသည်။ စုံလင်သောပြုပြင်ပြောင်းလဲခြင်းအကြောင်းကို ဟောပြောနေခြင်းသာဖြစ်ပါသည်။

## ကျမ်းစာ၌မှတ်သားထားသော တရားစီရင်ချက်အတိုင်း အပြစ်စီရင်မှုပြုခြင်း

ရန်သူအားခုခံကာကွယ်ဖို့ရန် အတွက်သော်ငင်း၊ တိုက်ခိုက်သိမ်းပိုက်ဖို့ရန်အတွက်သော်ငင်း ဘုရားသခင်သည် ဣသရေလလူတို့အား စစ်တိုက်ခွင့်ပေးထားတော်မူပါသည်ဟု ပြောဆိုလိုကြသောသူများတို့၏စိတ်ထဲတွင် အမြဲတမ်းစွဲမှတ်နေသင့်သည့်အချက်တစ်ချက်မှာ၊ မိမိတို့၏ဒုစရိုက်ခွက်ဖလား မပြည့်လျှံသေးကြသောသူများတို့နှင့် ဖြောင့်မတ်ခြင်းတရားနှင့်ဆိုင်သောလမ်းကို လုံးဝအပြီးအပိုင် မစွန့်ကြသေးသောသူများတို့ကို ဖျက်စီးပစ်ဖို့ရန်အတွက် ဘုရားသခင်သည် ဣသရေလလူတို့ကို ဘယ်သောအခါမျှ မိန့်မှာတော်မမူခဲ့ပါ ဆိုသည့်အချက်ပင်ဖြစ်သည်။ ဤလောကကမ္ဘာကြီး၏ နောက်ဆုံးသောအချိန်ဖြစ်သည့် သန့်ရှင်းသူများက ပြည်တော်ကိုသိမ်းပိုက်ကြရမည့်အချိန်သို့ ရောက်ရှိလာသောတစ်နေ့တစ်ချိန်တွင်၊ အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့၌ တရားစီရင်တော်မူခြင်းအခွင့်ကို ပေးအပ်တော်မူလိမ့်မည်ဖြစ်ပြီး (ဒံယေလ ၇း၂၂)၊ ထိုသန့်ရှင်းသူတို့သည်လည်း ဤလောကကမ္ဘာကြီးကိုသာမက ကောင်းကင်တမန်များတို့ကိုပါ တရားစီရင်ခွင့်ရှိနေလိမ့်မည်ဖြစ်သည်။ ၁ ကော ၆း၂၊ ၅။ ခရစ်တော်နှင့်ဆက်ဆံသောအမွေခံများအနေဖြင့် သူတို့သည် အပြစ်စီရင်ရသောအခွင့်ကို ရရှိကြလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊

"သန့်ရှင်းသူတို့သည်ဘုန်းကြီး၍ ဝမ်းမြောက်ဝမ်းသာကြစေ။ ကျိန်းဝပ်ရာပေါ်မှာ ရွှင်လန်းစွာ သီချင်း ဆိုကြစေ။ တပါးအမျိုးသားတို့အား တရားအတိုင်း အပြစ်ပေး၍၊ လူစုတို့အား ဒဏ်ခတ်ခြင်းငှါင်၊ သူတို့၏ရှင်ဘုရင်များကို သံကြိုးနှင့်ချည်နှောင်၍၊ မှူးမတ်များကို သံခြေချင်းခတ်ခြင်းငှါင်၊ ကျမ်းစာ၌မှတ်သားသောအပြစ်စီရင်ခြင်းကိုသူတို့အား ပြုခြင်းငှါင်၊ သန့်ရှင်းသူတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို နှုတ်နှင့်ချီးမွမ်း၍၊ သန်လျက်ကိုလက်နှင့်ကိုင်ကြစေ။ ထာဝရဘုရား၏သန့်ရှင်းသူအပေါင်းတို့သည် ထိုသို့သောဘုန်းနှင့်ဆိုင်ကြ၏။" ဆာလံ ၁၄၉း၅-၉

ခရစ်တော်သည် နိုင်ငံတော်တွင် မိမိလူတို့ကို မိမိကိုယ်တော်တိုင်နှင့် မိတ်ဖွဲ့စေတော်မူပြီး၊ သူတို့အားရှင်ဘုရင်အရာနှင့် ယဇ်ပုရောဟိတ်တို့၌ ခန့်ထားတော်မူသောကြောင့်၊ သူ၏သန့်ရှင်းသူများအနေဖြင့် သူနှင့်ပေါင်းသင်းလျက်၊ သူထံမှတိုက်ရိုက်လာသောအာဏာစက်တော်အားဖြင့် ပြောင်းလဲ၍မရသောမတရားသောသူတို့အား တရားစီရင်ရန်မှာ လုံးဝမဖြစ်နိုင်စရာအကြောင်းမရှိပါချေ။ ထို့ကြောင့်၊ အဲဂုတ္တုပြည်မှ လွတ်မြောက်လာခဲ့သည့်အချိန်သည် နောက်ဆုံးသောအချိန်ကာလ၏ အစအဦးပင်ဖြစ်ကြောင်းနှင့် ထိုအချိန်တွင် မိမိလူတို့အား ပေးအပ်ဖို့ရန်အတွက် ဘုရားသခင်အနေဖြင့် ကြံစည်ထားတော်မူခဲ့သည့်ပြည်တော်မှာ ယခုတွင် ကျွန်ုပ်တို့အား ပေးမည်ဟုကတိထားတော်မူသော ပြည်တော်ပင်ဖြစ်ပြီး၊ ယေရှုခရစ်တော်ပြန်လည်ကြွဆင်းလာသောတစ်နေ့တွင် ကောင်းကြီးခံရသောသူတို့အား ထိုပြည်တော်သို့သိမ်းဆည်းခေါ်ဆောင် သွားတော်မူမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အောက်မေ့သတိရလာကြသောအခါတွင်၊ ထိုဣသရေလလူတို့အား လွတ်မြောက်လာစေခဲ့သည့်အချိန်တုန်းကနည်းတူပင် ယခုအခါတွင်လည်း ဖြောင့်မတ်သောသူတို့သည် ဘုရားသခင်၏တရားမှုအတွက် ကိုယ်စားလှယ်တော်များ ဖြစ်နိုင်ကြပါသည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့အနေဖြင့် ကောင်းမွန်စွာနားလည်သဘောပေါက်လာကြမည်ဖြစ်သည်။ ဣသရေလများစစ်တိုက်ခဲ့ကြရခြင်းအမှုသည် ကတိထားတော်မူရာပြည်ကို သိမ်းယူနိုင်ကြဖို့ရန်အတွက် တိုက်ခိုက်နေရခြင်းမျိုးမဟုတ်ပဲ၊ သူတို့အနေဖြင့် ထိုသူတို့အား တရားစီရင်နေကြခြင်းပင်ဖြစ်ပေသည်။ သို့ရာတွင်၊ ထိုကဲ့သို့သော စီရင်မှုကို ပြုလုပ်ရမည့်အချိန်သို့ရောက်ရှိလာသောအခါတွင် ဘုရားသခင်ကိုယ်တော်တိုင်က ညွှန်ကြားချက်ပေးတော်မူမည်ဖြစ်

ပြီး၊ ဤစီရင်ခြင်းအမှုတွင် ဘုရားသခင်၏ အကြံအစည်တော်ကား အဘယ်သို့ရှိမည်ကို လူသားများအနေဖြင့် မသိနားမလည်နိုင်ရသောအခြေအနေမျိုးနှင့်တွေ့ကြုံဖို့ရန်အတွက် ဘုရားသခင်သည် သူတို့ကို စွန့်ထားတော်မမူကြောင်းကို မေ့လျော့မထားရပါချေ။ ထို့အပြင် အပြစ်မရှိသောသူများကသာလျှင် အပြစ်သားများတို့ကို အပြစ်စီရင်ရသောအခွင့်ရှိမည်ဖြစ်ပါသည်။

## စစ်ပွဲသည် အောင်မြင်မှုတစ်ခုမဟုတ်ပါ။

တိုက်ခိုက်ခြင်းအကြောင်းနှင့် ကတိထားတော်မူရာအမွေတော်တည်းဟူသော ခါနန်ပြည်အား သိမ်းယူခြင်းအကြောင်းတို့နှင့် ဆက်စပ်ပြီး သတိရအောက်မေ့စရာ အချက်နောက်ထပ်တစ်ချက်ကျန်ရှိနေပါသည်။ ၎င်းမှာ၊ ထိုခါနန်ပြည်ကို ဣသရေလလူတို့သည် တိုက်ခိုက်မှုအားဖြင့် သိမ်းယူနိုင်ခဲ့ခြင်းမဟုတ်ပါ ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ သူတို့၌ ထားတော်မူခဲ့သောကတိတော်သည် ကျွန်ုပ်တို့အဖို့ ကျန်ရစ်နေပါသည်။ "ယောရှုသည် ထိုသူတို့ကိုချမ်းသာပေးသည်မှန်လျှင်၊ ထိုနောက် အခြားသောနေ့ရက်ကို အဘယ်ဆိုဘွယ်ရှိသနည်း။" ဟေဗြဲ ၄း၁၊ ၈။ ထိုကတိတော်ကို သူတို့အနေဖြင့် မရရှိခဲ့လိုက်ရခြင်းအကြောင်းကား သူတို့၏မယုံကြည်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထိုမယုံကြည်ခြင်းကြောင့် သူတို့သည် တိုက်ခိုက်မှုများပြုခဲ့ကြပါသည်။ အကယ်၍သာ ထိုသူတို့သည် ဘုရားသခင်ကို ယုံကြည်ခဲ့ကြမည်ဆိုလျှင်၊ လုံးဝဆိုးသွမ်းနေကြသောထိုပြည်သားတို့အား မိမိ၏အကြံအစည်တော်ရှိသည်အတိုင်း ပယ်ရှင်းပေးဖို့ရန်အတွက် သူတို့အနေဖြင့် ထိုဘုရားသခင်ကို ခွင့်ပြုထားခဲ့ကြမည်ဖြစ်ပါသည်။ ထိုသို့ခွင့်ပြုနေစဉ်တွင် သူတို့သည် ပျင်းရိစွာနေနေခဲ့ကြလိမ့်မည်မဟုတ်ပဲ၊ သူတို့၌ ဘုရားသခင်ထားရှိတော်မူခဲ့သည့် ယုံကြည်ခြင်းနှင့်ဆိုင်သောအကျင့်ကို သူတို့အနေဖြင့် ကျင့်ဆောင်ခဲ့ကြလိမ့်မည်ဖြစ်ပြီး၊ သူတို့၏ထိုသို့ကျင့်ဆောင်ခြင်းအရာက ကျွန်ုပ်တို့အဖို့ အာရုံစိုက်လေ့လာစရာအကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပေလိမ့်မည်။

## ၃၇။ ဣသရေလ၊ အမှုတော်ဆောင်လူတစ်စု
## ယနေ့အတွက်သမ္မာတရား၊ ဇန်နဝါရီ ၁၄၊ ၁၈၉၇

ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်လာဖို့ရန်အတွက် မောရှေအား စေလွှတ်တော်မူခဲ့ရာတွင်၊ ဖာရောမင်းထံသို့ ပေးပို့လာခဲ့သည့် ဘုရားသခင်၏ သတင်းစကားတော်ကား၊ "ဣသရေလသည် ငါ့သားဖြစ်၏။ ငါ့သားဦးဖြစ်၏။ ငါ့သားသည် ငါ့အားဝတ်ပြုသောအခွင့် ရှိစေခြင်းငှါ လွှတ်လော့။" (ထွက် ၄း၂၂၊ ၂၃)။ ထို့နောက်တွင်၊ ထိုသူတို့အား နှုတ်ဆောင်တော်မူခဲ့ပြီး၊ "သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်းကျင့်၍၊ ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း" တပါးအမျိုးသားတို့၏ပြည်ကို သူတို့၌ အပ်ပေးတော်မူခဲ့လေသည်။ ဆာလံ ၁၀၅း၄၄၊ ၄၅။ ဂျူးလူမျိုးများအနေဖြင့် အခြားသောသူများတို့ထက် သာလွန်ထူးကဲနေသည့်အချက်တစ်ချက်ကား၊ သူတို့သည် "ဘုရားသခင်၏ ဗျာဒိတ်တော်များကို ခံရကြ" ပါသည်။ ရောမ ၃း၁၊၂။ အသေးစိတ်ပြောရမည်ဆိုလျှင် ထိုသူတို့သည် "အသက်ရှင်စေသော ဗျာဒိတ်တော်" များကို မိမိတို့၏ အစွမ်းသတ္တိရှိသမျှတို့နှင့် လက်မခံခဲ့ကြပါချေ။ မိမိတို့၌ရှိသော ထူးမြတ်သောအကျိုး (ထူးမြတ်သောထိုအခွင့်အရေး) ကိုလည်း အတိုင်းမသိကြီးပွါးတိုးတက်လာအောင် မလုပ်ဆောင်ခဲ့ကြပါ။ သို့သော် ဤသို့ဖြစ်ခြင်းသည် ဘုရားသခင်၏အမှားတစ်ခုမဟုတ်ပါချေ။ ဣသရေလလူတို့အမှန်တကယ် ပိုင်ဆိုင်ခဲ့ကြသည့်အရာကား အဘယ်အရာဖြစ်ပြီး၊ အမှန်တကယ်အားဖြင့် သူတို့သည် အဘယ်သူများဖြစ်ကြသည် ဆိုသည့်အကြောင်းအရာများကို မဟုတ်ပဲ၊ သူတို့အနေဖြင့် မည်သည့်အရာကို ပိုင်ဆိုင်ခွင့်ရှိခဲ့ကြသည့်အကြောင်းနှင့် မည်သို့သောသူများဖြစ်ခွင့်ရှိခဲ့ကြကြောင်းကိုသာ ကျွန်ုပ်တို့အနေဖြင့် လေ့လာသွားကြမည်ဖြစ်သည်။

အမြဲတမ်းမှန်ကန်နေသည့် အမှန်တရားနှစ်ခုရှိပါသည်။ ၎င်းတို့မှာ၊ "အဘယ်သူမျှကိုယ်အဘို့အလိုငှါ အသက်မရှင်။" "ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။" ဤအမှန်တရားနှစ်ခုကိုပေါင်းစပ်လိုက်သောအခါတွင် တတိယအမှန်တရားတစ်ခုပေါ်ထွက်လာပါသည်။ ၎င်းမှာ ဘုရားသခင်သည် လူတစ်ဦးတစ်ယောက်ကိုဆုကျေးဇူးတစုံတရာ (သို့) ထူးမြတ်သောအကျိုးတစုံတရာကို ပေးအပ်လိုက်သည့်အခါတိုင်းတွင်၊ ထိုပေးအပ်ခြင်းခံရသောသူသည် အခြားသောသူများတို့၏ အကျိုးစီးပွါးအဖို့အလို့ငှါ ထိုဆုကျေးဇူးကို ပြန်လည်အသုံးပြုရန်ဖြစ်သည်။ ကောင်းကြီးမင်္ဂလာများတို့ကို လူသတ္တဝါအပေါင်းတို့အား မပေးလိုသည့်အတွက်ကြောင့် ဘုရားသခင်သည် လူတစ်ဦးတစ်လေကိုသာ (သို့) လူဟိုတစ်စုသည်တစ်စုကိုသာ ထိုကောင်းချီးတို့ကို ပေးအပ်နေခြင်းမဟုတ်ပါ။ အာဗြဟံအား ကောင်းချီးပေးတော်မူခဲ့ရာတွင်၊ အာဗြဟံအနေဖြင့် အခြားသောသူတို့အဖို့ ပြန်ပြီးကောင်းချီးဖြစ်စေဖို့ရန်၊ မြေကြီးသားအပေါင်းတို့သည် သူ့အားဖြင့် ကောင်းချီးခံစားနိုင်ရန်ဖြစ်သည်။ အာဗြဟံ၌ထားတော်မူခဲ့သည့် မျိုးနွယ်အားဖြင့် ဘုရားသခင်သည် ဣသရေလလူတို့ကို ကယ်နှုတ်တော်မူခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ပညတ်တော်အားပိုင်ဆိုင်ရသည့်အခွင့်ထူးအခွင့်မြတ်ကို ဣသရေလလူတို့အား ပေးသနားတော်မူခဲ့ရာတွင်၊ အတိုင်းအဆမရှိကြီးမားသောထိုအခွင့်ထူးအခွင့်မြတ်ကို အခြားသောသူများထံသို့ သူတို့အနေဖြင့် ပြန်လည်လက်ဆင့်ကမ်းပေးဝေဖို့ရန်ဖြစ်သည်။ ထိုသို့သောအားဖြင့် အခြားသောသူတို့သည် ထိုအခွင့်ထူးအကြောင်းကို တဖန်ပြန်လည်ဝေငှနိုင်ကြလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏အကြံအစည်မှာ မိမိ၏နာမတော်ကို လောကကမ္ဘာတစ်ခုလုံးတွင် သိရှိစေဖို့ရန်ဖြစ်သည်။ ထွက်မြောက်ရာ ၉း၁-၅။ ဣသရေလလူတို့ကို မိမိအား သိကျွမ်းစေလိုတော်မူခဲ့သည်နည်းတူပင် လူသတ္တဝါအပေါင်းတို့ကိုလည်း သိကျွမ်းစေလိုပါသည်။ စစ်မှန်သောတစ်ဆူတည်းသောဘုရားကိုသိကျွမ်းခြင်းသည် ထာဝရအသက်ပင်ဖြစ်ပေသည် (ယောဟန် ၁၇း၃)။ ထို့ကြောင့်၊ မိမိကိုယ်ကို ဣသရေလလူတို့၌ ထင်ရှားပြတော်မူခဲ့ရာတွင်၊ ဘုရားသခင်သည် ထာဝရအသက်လမ်း (သို့) ဧဝံဂေလိတရားတော်ကို ထိုသူတို့အား ပြသသွားခဲ့ပါသည်။ ထိုသို့ပြသရသည့်အကြောင်းကား၊ သူတို့အနေဖြင့် ထိုဧဝံဂေလိတရားကို အခြားသောသူများတို့၌ ပြန်လည်ကြွေးကြော်ဝေငှနိုင်ရန်ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်ကို ဣသရေလလူ

တို့၌ မှတ်သားလောက်သည့်နည်းမျိုးဖြင့် ထင်ရှားပြတော်မူခဲ့သည့် အကြောင်းအရင်းကား၊ လက်ရှိအချိန်တွင် အခြားသောသူများနှင့်စာလျှင် သူတို့သည် ဘုရားနှင့်ပိုမိုနီးကပ်သောနေရာတွင် တည်ရှိနေကြသောကြောင့် ဖြစ်သည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၊ ယောသပ်တို့နှင့်တကွ ထိုသူတို့၏ယုံကြည်ခြင်းများအပေါ်တွင် ထားရှိတော်မူခဲ့သည့် ဘုရားသခင်၏ဆက်ဆံရေးပုံစံသည် ဣသရေလလူတို့၏အထဲတွင် စွဲမှတ်လျက်နေပြီး၊ ထိုမှတ်ဉာဏ်က သူတို့ကို ပိုမိုနားလည်လွယ်စေခဲ့ပါသည်။ သူတို့အား ရွေးချယ်တော်မူခဲ့ရာတွင်၊ ဘုရားသခင်သည် သူတို့ကို အခြားသောသူများတို့ထက် ပိုပြီးချစ်သည့်အတွက်ကြောင့်မဟုတ်ပါ။ သူသည် လူသားအားလုံးတို့ကို ချစ်တော်မူပြီး၊ မိမိနှင့်အနီးစပ်ဆုံးနေရာတွင်ရှိသော ကိုယ်စားလှယ်တော်များတို့၏ ပါဝင်မှုများအားဖြင့် ထိုလူသားအားလုံးတို့၌ မိမိကိုယ်ကိုထင်ရှားစေဖို့ရန်အတွက် သူတို့အား ရွေးချယ်တော်မူခြင်းဖြစ်သည်။ ဘုရားသခင်သည် ခွဲခြားသတ်မှတ်သောဘုရား၊ မိမိ၏အထူးသောလူတစ်စု၌သာ မိမိ၏ကရုဏာတရားနှင့် သစ္စာတရားတို့ကို ချည်နှောင်ထားတော်မူခဲ့သောဘုရားပင်ဖြစ်သည် ဆိုသည့်အတွေးအခေါ်သည် ဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို အထိပါးအစော်ကားဆုံးသောအတွေးအခေါ်ပင်ဖြစ်သည်။ ဘုရားသခင်သည် တပါးအမျိုးတို့အား ဘယ်သောအခါမျှ မိမိ၏သက်သေကိုမပေးပဲနေတော်မမူပါချေ။ အသုံးပြုခြင်းခံလိုသောသူတစ်ဦး (သို့) လူတစ်စုကို သူ့အနေဖြင့်တွေ့ရှိခဲ့သည့်အချိန်တိုင်းတွင် မိမိကိုယ်တော်တိုင်၏ဗျာဒိတ်တော်ကို ပိုမိုထင်ရှားစေဖို့ရန်အတွက် ဘုရားသခင်သည် နှောင့်နှေးခြင်းမရှိပဲ ထိုသူတို့ကို မိမိ၏အမှုတော်ထဲတွင် ထည့်သွင်းပေးတော်မူခဲ့ပါသည်။

## အဲဂုတ္တုပြည်တွင် ဧဝံဂေလိတရားကိုကြွေးကြော်ခဲ့ခြင်း၏ အကျိုးသက်ရောက်ပုံ

ဧဝံဂေလိတရားဆိုသည်မှာ ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်ပြီး၊ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှကယ်နှုတ်တော်မူခဲ့ရာတွင် ဘုရားသခင်၏ကြီးမားသောတန်ခိုးကို ခင်းကျင်းပြသခဲ့သည်ဖြစ်သည့်အတွက်ကြောင့် တခါမျှမကြွေးကြော်ခဲ့ဖူးသည့်ပုံစံမျိုးဖြင့် ထိုအချိန်တွင် ဧဝံဂေလိတရားကို ကြွေးကြော်သွားခဲ့သည်မှာ သက်သေထင်ရှားလှပါသည်။ ထိုသို့ကြွေးကြော်ခဲ့ခြင်း၏ အကျိုးသက်ရောက်ပုံအကြောင်းကို တပါးအမျိုးသားဖြစ်သော ပြည်တန်ဆာရာခပ် ပြောခဲ့သောစကားတွင် ပြသထားပါသည်။ ယေရိခေါမြို့တွင်ရှိသော သူမ၏အိမ်ထဲသို့ သူလျှိုနှစ်ဦး ရောက်ရှိလာခဲ့သောအခါတွင် သူမသည် ထိုသူနှစ်ဦးကို ပုန်းထားပေးခဲ့ပြီး သူတို့အား ဤသို့ ပြောဆိုခဲ့ပါသည်။

"ထာဝရဘုရားသည် သင်တို့အား ဤပြည်ကိုပေးတော်မူကြောင်းကိုငှင်း၊ သင်တို့ကို ငါတို့ကြောက်လန့်အားကြီး၍ သင်တို့ကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် စိတ်ပျက်ကြောင်းကိုငှင်း ကျွန်မသိပါ၏။ သင်တို့သည် အဲဂုတ္တုပြည်မှထွက်လာသောအခါ၊ ဒေးပင်လယ်ရေကို ထာဝရဘုရား ခမ်းခြောက်စေတော်မူကြောင်းကိုငှင်း၊ ယော်ဒန်မြစ်တဘက်၌နေ၍ သင်တို့ ရှင်းရှင်းဖျက်ဆီးသော အာမောရိရှင်ဘုရင် ရှိဟုန်နှင့် ဩဃတို့၌ သင်တို့ပြုသောအမှုကိုငှင်း၊ အကျွန်ုပ်တို့ကြားရကြပြီ။ ထိုသိတင်းကိုကြားသောအခါ၊ အကျွန်ုပ်တို့သည် စိတ်ပျက်၍ သင်တို့ကြောင့် တစုံတယောက်သောသူ၌မျှ ရဲရင့်ခြင်းသတ္တိအလျှင်းမကျန်ကြွင်းပါ။ အကြောင်းမူကား၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် အထက်ကောင်းကင်ဘုံ၌ငှင်း၊ အောက်အရပ်မြေကြီး၌ငှင်း၊ အစိုးရသောဘုရားသခင်ဖြစ်တော်မူ၏။" ယောရှုမှတ်စာ ၂း၉-၁၁။ ထိုနောက်တွင် သူမသည် သူမအား လွတ်ခွင့်ပေးရန်ကတိတစ်ခုကိုတောင်းဆိုခဲ့ပြီး ထိုကတိကို သူမရရှိခဲ့ပါသည်။

"ပြည်တန်ဆာရာခပ်သည် သူလျှိုတို့ကို အဆွေဖွဲ့၍ လက်ခံသောကြောင့်၊ မယုံကြည်သောသူတို့နှင့်အတူ မပျက်စီးဘဲ၊ ယုံကြည်ခြင်းအားဖြင့် ချမ်းသာရ၏။" ဟေဗြဲ ၁၁း၃၁။ ယေရိခေါမြို့တွင်နေထိုင်ကြသော အခြားသောသူတို့သည် ရာခပ်ကဲ့သို့ယုံကြည်ခဲ့ကြမည်ဆိုလျှင်၊ ရာခပ်နည်းတူပင် သူတို့အနေဖြင့်လည်း လွတ်မြောက်ခဲ့ရကြပေလိမ့်မည်။ သူမ ကြားခဲ့ရသည့်သတင်းကို သူတို့သည်ကြားနာခဲ့ကြရပြီး၊ "သင်တို့၏

ဘုရားသခင်ထာဝရဘုရားသည် အထက်ကောင်းကင်ဘုံ၌၎င်း၊ အောက်အရပ်မြေကြီး၌၎င်း၊ အစိုးရသော ဘုရားသခင်ဖြစ်တော်မူ" ကြောင်းကို သူမသိခွင့်ရခဲ့သည့်နည်းတူပင် ထိုမြို့သား / သူများအနေဖြင့်လည်း သိခွင့်ရခဲ့ကြပါသည်။ သို့ရာတွင် သိကျွမ်းခြင်းဟူသည်မှာ ယုံကြည်ခြင်းတရားမဟုတ်ပါချေ။ ဘုရားသခင်တစ်ဆူတည်းရှိတော်မူကြောင်းကို နတ်ဆိုးတို့သည် သိကျွမ်းကြပါသည်။ သို့ရာတွင် ထိုနတ်ဆိုးတို့၌ ယုံကြည်ခြင်းတရားမရှိပါချေ။ ယုံကြည်ခြင်းဆိုသည်မှာ ကိုးစားခြင်း၊ လက်ခံခြင်းဖြစ်သည်။ မိမိ၏မြို့သူ / သားများတို့က ဘုရားသခင်အား ငြင်းပယ်နေခဲ့ကြစဉ်တွင်၊ ရာခပ်သည် ဘုရားသခင်၏တောင်းဆိုမှုများကို လက်ခံဖို့ရန်နှင့် ထိုသခင်၏ ပိုင်ထိုက်သောသူတစ်ဦးအနေဖြင့် အသက်ရှင်ရန်လိုလားခဲ့ပါသည်။ လူတို့သည် ကောင်းသည့်အတွက်ကြောင့်မဟုတ်ပဲ၊ ကောင်းအောင်ပြုပြင်ပေးခြင်းကို ခံယူလိုကြသည့်အတွက်ကြောင့်သာ ဘုရားသခင်သည် သူတို့အား ကယ်တင်တော်မူပါသည် ဆိုသည့်အချက်ကို သူမ၏အဖြစ်အပျက်တွင် သက်သေအဖြစ်တွေ့ရှိရပါသည်။ ကျွန်ုပ်တို့အား ကောင်းချီးပေးဖို့ရန်အတွက် သခင်ခရစ်တော်ကို စေလွှတ်ပေးတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ကို မိမိတို့၏ဒုစရိုက်အပြစ်များမှ လွှဲရှောင်စေခြင်းအားဖြင့် ကောင်းချီးပေးတော်မူပါသည်။ လိမ်လည်သောစကားတစ်ခွန်းကို တည်ငြိမ်သောမျက်နှာထားဖြင့်သော်၎င်း၊ လိပ်ပြာသန့်သန့်လေးနှင့်သော်၎င်း ပြောရဲဆိုရဲခဲ့သည့် ဂုဏ်အသရေမဲ့အသက်တာဖြင့်အသက်ရှင်ခဲ့ရသော သနားစရာထိုတစ်ပါးအမျိုးသားမိန်းမကြီး၏အတွေးအခေါ်မှာ အနိမ့်ကျဆုံးသောအခြေအနေတွင်ရှိနေခဲ့ပါသည်။ သို့သော် ဘုရားသခင်သည် သူမအား မိမိ၏ပိုင်ထိုက်တော်မူသောသူတစ်ဦးအနေဖြင့် အသိအမှတ်ပြုခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူမသည် မိမိထံသို့ရောက်ရှိလာခဲ့သောအလင်းတော်မှ လမ်းလွှဲပြီးအသက်တာကိုမလျှောက်လှမ်းခဲ့ပဲ၊ ထိုအလင်းတော်ထဲ၌သာ လျှောက်လှမ်းခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ သူမ၏အသက်ဝိညာဉ်ကယ်တင်ခြင်းရရှိဖို့ရန်အတွက် သူမ၌ ယုံကြည်ခြင်းတရားရှိနေခဲ့ပါသည်။ သူမ၏ယုံကြည်ခြင်းက အပြစ်နှင့်ပြည့်ဝနေသည့် သူမ၏ပတ်ဝန်းကျင်အသိုင်းဝိုင်းများ၏အပြင်ဘက်သို့ သူမကိုဆွဲထုတ်ပေးပြီး၊ အသိဉာဏ်လမ်းပေါ်သို့ သူမအား နေရာချပေးခဲ့ပါသည်။ ခရစ်တော်သည် တပါးအမျိုးသားတိုကို မိမိ၏ညီအစ်ကိုအဖြစ် ခေါ်ဝေါ်ဖို့ရန်အတွက် ရှက်ကြောက်တော်မမူကြောင်းကို ထောက်ပြပေးသည့် အခိုင်လုံဆုံးသော သက်သေတစ်ခုကို ဤနေရာတွင်တွေ့ရှိရပါသည်။ ထိုသက်သေမှာ ခရစ်တော်သည် တပါးအမျိုးသားများထဲမှ ပြည်တန်ဆာမတစ်ဦးကို ဇာတိအရဖြစ်သော မိမိ၏ဆွေစဉ်မျိုးဆက်စာရင်းထဲတွင် ထည့်သွင်းထားရန် ရှက်ကြောက်တော်မမူခဲ့သည့် သက်သေပင်ဖြစ်ပေသည်။

## လူသားအားလုံးအဖို့ ဘုရားသခင်၏အကြံအစည်တော်

သို့ရာတွင်၊ ရာခပ်အကြောင်းကို တင်ပြထားသည့် ဤတင်ပြချက်တွင် ပါဝင်နေသည့် အဓိကအချက်မှာ၊ ဘုရားသခင်သည် ဂျူးလူမျိုးများတို့၌ မိမိကိုယ်ကို သီးသန့်ချည်နှောင်ထားတော်မမူပါ ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ ရုပ်ထုကိုးကွယ်သော ခါနန်ပြည်သားတစ်ဦးသည် ဘုရားသခင်အား အသိအမှတ်ပြုလက်ခံလိုသည့် စိတ်ဆန္ဒရှိလာသည့် တခဏချင်း၌ပင် ထိုသူသည် ဘုရားသခင်၏ပိုင်ထိုက်တော်မူသောသူများတို့၏စာရင်းထဲတွင် ထည့်သွင်းတွက်ရေခြင်းကို ခံခဲ့ရလေသည်။ ဤသင်ခန်းစာသည် လက်တွေ့ကျသောသင်ခန်းစာတစ်ခုဖြစ်ရုံသာမက၊ နှစ်သိမ့်မှုနှင့် ခွန်အားယူစရာတို့ကို အမှန်တကယ်ပေးစွမ်းသည့် သင်ခန်းစာတစ်ခုလည်းဖြစ်ပါသည်။ လက်တွေ့ကျသည်ဟုဆိုရာတွင်၊ အာဗြဟံ၌ပြုတော်မူခဲ့သည့် ကတိတော်သည် ယာကုပ်မှဆင်းသက်လာသောအမျိုးအနွယ်များအတွက်သာမက၊ လောကကမ္ဘာကြီးတစ်ခုလုံးအတွက်လည်းဖြစ်ပါသည် ဆိုသည့်အချက်ကို ရည်ညွှန်းပြောဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်သည် မည်မျှသည်းခံစိတ်ရှည်တော်မူကြောင်းကို ဤသင်ခန်းစာက ပြသပေးထားပါသည်။ သူသည် "ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ" လေသည်။ ၂ပေ၃း၉။ မိမိအားရှာဖွေလိုသည့်အားအနည်း

ဆိုးသောစိတ်ဆန္ဒတစ်ခုကို ဘုရားသခင်က အဘယ်မျှလောက်လျင်မြန်စွာဖြင့် ဆုပ်ကိုင်လိုက်ကြောင်းနှင့် လမ်းလွဲနေသောအသက်ဝိညာဉ်အား မိမိနှင့်ပိုမိုနီးကပ်အောင် ဆွဲယူပေးသည့်အရာတစ်ခုအနေဖြင့် ထိုစိတ်ဆန္ဒကို ဘုရားသခင်က မည်သို့အသုံးပြုတော်မူကြောင်းကို ဤသင်ခန်းစာမှ ပြသပေးထားပါသည်။ အသေးငယ်ဆုံးသော မီးပွါးလေးသည် အရှိန်အဟုန်ကြီးမားသောမီးတောက်မီးလျှံကြီးအဖြစ်သို့ တိုးတက်ကြီးပွါးမှုရှိနိုင်ဖို့ရန်အတွက် ဘုရားသခင်သည် ထိုမီးပွါးလေးအား ညင်သာစွာဖြင့် လေမှုတ်ပေးတော်မူပါသည်။ အဖြည်းဖြည်းဆုံးသော တီးတိုးစကားသံလေးအား ကြားနိုင်ဖို့ရန်အတွက် ဘုရားသခင်သည် မိမိ၏နားတော်ကို လောကဘက်သို့ အစဉ်မပြတ်လှည့်ထားတော်မူပါသည်။ ထိုသို့သောအားဖြင့် အနက်ရှိုင်းဆုံးသောနေရာမှ ပေါ်ထွက်လာသည့် အားအနည်းဆုံးသောအော်ဟစ်သံတည်းဟူသော သူ့အားခေါ်ဖို့ရန်အတွက် အားယူနေသည့်စကားသံကို သူ့အနေဖြင့် ချက်ချင်းဆိုသလိုကြားနိုင်တော်မူပြီး ချက်ချင်းဆိုသလို ပြန်ပြီးတုန့်ပြန်မှုပြုနိုင်တော်မူလေသည်။

## ဘုရားသခင်၏ယဇ်ပုရောဟိတ်များ

ကာလသရေလလူတို့အတွက် ဘုရားသခင်၏အကြံအစည်မှာ သူတို့အနေဖြင့် လောကကမ္ဘာတစ်ခုလုံးဆီသို့ ဧဝံဂေလိတရားကို ကြွေးကြော်ဝေငှကြဖို့ရန်ဖြစ်သည်။ ထိုအကြောင်းအရာကို၊ ဘုရားသခင်၏ ပဋိညာဉ်တော်ထဲ၌ ထိုသူတို့ တည်နေခဲ့ကြမည်ဆိုလျှင် သူတို့သည် ယဇ်ပုရောဟိတ်အမျိုးဖြစ်ရကြလိမ့်မည် ဆိုသည့်ဖေါ်ပြချက်ထဲတွင် တွေ့ရှိရပါသည်။ သူတို့အားလုံးသည် ဘုရားသခင်၏ယဇ်ပုရောဟိတ်များဖြစ်ဖို့ရန်ဖြစ်သည်။ ယဇ်ပုရောဟိတ်တစ်ဦး၏ လုပ်ငန်းအကြောင်းကို မာလခိ ၂း၅-၇ တွင် တင်ပြထားပေးပါသည်။ ထိုကျမ်းတွင် ဘုရားသခင်က လေဝိလူတို့ကို အောက်ပါအတိုင်း မိန့်မြွက်တော်မူခဲ့ပါသည်။

"ငါဖွဲ့သော အသက်ပဋိညာဉ်၊ ငြိမ်ဝပ်ခြင်းပဋိညာဉ်သည် ထိုအမျိုး၌ရှိ၏။ ငါ့ကို ကြောက်ရွံ့၍ ငါ၏နာမတော်ရှေ့၌ ထိတ်လန့်သောကြောင့် ငါဖွဲ့၍ပေး၏။ ထိုအမျိုးသည် သစ္စာတရားစကားကို ပြောတတ်၏။ သူ့နှုတ်၌ အပြစ်ကိုရှာ၍မတွေ့။ ငြိမ်ဝပ်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ငါနှင့်အတူသွားလာ၍၊ များစွာသော သူတို့ကို ဒုစရိုက်အပြစ်မှလွှဲရှောင်စေတတ်၏။ ယဇ်ပုရောဟိတ်၏နှုတ်ခမ်းသည် ပညာကိုစောင့်ရမည်။ သူ၏နှုတ်၌ လူတို့သည် တရားတော်ကိုရှာရကြမည်။ အကြောင်းမူကား၊ သူသည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားစေလွှတ်တော်မူသောတမန်ဖြစ်၏။"

လူသားတို့ကို ဒုစရိုက်များမှကျောခိုင်းလှည့်ထွက်စေတော်မူသည့်အလုပ်သည် မိမိ၏ရှင်ပြန်ထမြောက်ခြင်းအမှုအားဖြင့် ပြုတော်မူသည့် သခင်ခရစ်တော်၏အလုပ်ပင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော ယဇ်ပုရောဟိတ်၏ လုပ်ငန်းမှာ ဧဝံဂေလိတရားတော်ကိုဟောကြားခြင်းတည်းဟူသော စိတ်ဝိညာဉ်ကို ပြောင်းလဲစေတတ်သည့် စုံလင်သောအသက်ရှိပညတ်တရားတော်ကို မိမိအထဲတွင်ပိုင်ဆိုင်ထားသည့် အသက်ရှင်သောကယ်တင်ရှင်၏အကြောင်းကို ကြွေးကြော်ခြင်းပင်ဖြစ်သည်။ ဣသရေလလူအပေါင်းတို့သည် ယဇ်ပုရောဟိတ်များဖြစ်ရကြမည်ဖြစ်ပြီး၊ သူတို့အားလုံးတို့သည် ပညတ်တရားတော်နှင့် အကျွမ်းဝင်ထားကြသောသူများဖြစ်ကြသောကြောင့်၊ သူတို့သည် မိမိတို့ဣသရေလအချင်းချင်းတို့၌ ဆရာသမားများအနေဖြင့် အခြေချကြရန်သာမက၊ အခြားသောသူများတို့၌လည်း ကိုယ်စားပြုယဇ်ပုရောဟိတ်များ ဖြစ်ရကြမည်ဖြစ်သည်။ သူတို့အနေဖြင့် ဘုရားသခင်၏အကြံအစည်တော်ကို လက်ခံပြီး၊ မိမိတို့ကိုယ်တိုင်ပြုခဲ့ကြသော ပဋိညာဉ်တွင် မရပ်တည်ပဲ ဘုရားသခင်ပြုသောပဋိညာဉ်၌သာ ရပ်တည်ခဲ့ကြမည်ဆိုလျှင်၊ သူတို့အားလုံးတို့သည် သမ္မာတရားကို သိရှိခဲ့ရကြလိမ့်မည်ဖြစ်ပြီး၊ ထိုသို့သိရှိရသောအားဖြင့် သူတို့အားလုံးတို့သည် လွတ်မြောက်ခွင့်ရှိခဲ့ကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ယဇ်ပုရောဟိတ်တစ်ဦး၏ လုပ်ငန်းတာဝန်မှာ ပညတ်တရားကို သွန်သင်ပြပေးဖို့ရန်ဖြစ်သည့်အတွက်ကြောင့်၊ ဣသရေလလူများတို့အား အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူခဲ့သည့်

ဘုရားသခင်၏အကြံအစည်တော်မှာ သူတို့အားလုံးတို့အား လောကီကမ္ဘာအရပ်ရပ်တို့၌ စေလွှတ်ပြီး ဧဝံဂေလိတရားတော်ကို ဟောပြောစေခြင်းအရာသည် လက်တွေ့ကျသောအမှုအရာတစ်ခုပင်ဖြစ်ပေသည်။

ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ပံ့ပိုးထားတော်မူသော ဤလုပ်ငန်းသည် သူတို့အဖို့ အလွန်လွယ်ကူပြီး၊ လျင်မြန်သောလုပ်ငန်းတစ်ခု ဖြစ်နေခဲ့ပေမည်။ အဲဂုတ္တုပြည်၌ ဘုရားသခင်ပြုတော်မူခဲ့သော ကျော်ကြားသည့်ဂုဏ်သတင်းသည် သူတို့ရှေ့မှသွားလျက်၊ ထိုသခင်၏တန်ခိုးနှင့်တကွ ရှေ့ဆက်ချီတက်သွားကြရာတွင် သူတို့သည် လက်ခံဖို့ရန် (သို့) ငြင်းပယ်ဖို့ရန် အသင့်ပြင်ဆင်ထားနှင့်ပြီးသားဖြစ်သောသူတို့အား ဧဝံဂေလိတရားတော်ကို အပြည့်အဝဟောပြောနိုင်ခဲ့ပေမည်။ ခါနန်ပြည်တွင် မိမိတို့၏ဇနီးမယားများနှင့် ကလေးသူငယ်များတို့ကို လုံခြုံစွာချန်ရစ်ထားပြီး၊ မိမိတပည့်တော်များအား ခရစ်တော်စေလွှတ်တော်မူခဲ့သည် နည်းတူ သူတို့အနေနှင့် နှစ်ယောက်တစ်တွဲစီ ထွက်ပြီးအမှုဆောင်ကြကာ၊ ထိုသို့သောအားဖြင့် လောကကမ္ဘာ၏အဝေးလံဆုံးသောနေရာဒေသများဆီသို့ ဧဝံဂေလိတရားတော်ကို အချိန်တိုလေးအတွင်းတွင် သယ်ဆောင်သွားနိုင်ခဲ့ကြပေလိမ့်မည်ဖြစ်သည်။ ရန်သူများက သူတို့၏ရှေ့ဆက်ချီတက်မှုကို နှောက်ယှက်ဟန့်တားဖို့ကြိုးစားခဲ့မည်ဆိုလျှင် အဘယ်သို့ဖြစ်မည်နည်း။ ထိုသို့ဖြစ်လျှင် လူတစ်ယောက်သည် တစ်ထောင်ကို နှင်နိုင်မည်ဖြစ်ပြီး၊ လူနှစ်ယောက်တို့သည် လူတစ်သောင်းကို ပြေးစေနိုင်လိမ့်မည်ဖြစ်သည်။ ထိုသူတို့နှစ်ဦးချင်းစီတို့နှင့် အတူရှိတော်မူမည့် ဘုရားသခင်၏တည်ရှိတော်မူခြင်းတန်ခိုးတော်သည် သူတို့နှစ်ဦးစီတို့ကို ရန်သူတို့၏မျက်စိရှေ့တွင် လူတစ်သောင်းနှင့်ညီမျှစေတော်မူလိမ့်မည်ဖြစ်ပြီး၊ အဘယ်သူကမျှ သူတို့အား တိုက်ခိုက်ဝံ့ကြမည်မဟုတ်ပါချေ။ ဤသို့သောအားဖြင့် မိမိတို့အား ကိုယ်ထိလက်ရောက် စော်ကားလာကြမည့်ရန်ကို သူတို့အနေဖြင့် ကြောက်စရာမလိုပဲ၊ မိမိတို့၌ ပေးအပ်ထားတော်မူသည့် ဧဝံဂေလိတရားဝေငှခြင်းလုပ်ငန်းကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြပေလိမ့်မည်။ ညှင်းပန်းနှိပ်စက်မည့် သူများတို့အား တုန်လှုပ်သွားစေမည့် ထိုသူတို့၏တည်ရှိနေခြင်းအရာက၊ သူတို့ဟောပြောလိုက်သည့် သတင်းစကားသည် သမ္မာတရားကိုလက်ခံနိုင်ဖို့ရန်အတွက် နှလုံးသားများတို့ကို ဖွင့်ဟပေးနိုင်စွမ်းရှိကြောင်းကို ပြသပေးပါသည်။

ဘုရားသခင်၏ပြည့်ဝစုံလင်တော်မူသောတန်ခိုးတော်ကို ယူတင်လျက် ရှေ့ဆက်ချီတက်ခဲ့ကြမည်ဆိုလျှင်၊ ဖြတ်သန်းသွားခဲ့သည့်အမှုတော်မြေပြင်ကြီးကို ဒုတိယအကြိမ် ပြန်ပြီးလှည့်ကြည့်စစ်ဆေးဖို့ရန် လိုခဲ့လိမ့်မည်မဟုတ်ပါချေ။ သတင်းစကားကို ကြားနာရသောသူအပေါင်းတို့သည် သမ္မာတရားအတွက်ရပ်တည်သည့်ဘက် (သို့) သမ္မာတရားအားဆန့်ကျင်သည့်ဘက်တစ်ဘက်ဘက်တွင် ချက်ချင်းဆိုသလို နေရာယူခဲ့ကြလိမ့်မည်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်သည် နောက်ဆုံးသောဆုံးဖြတ်ချက် ဖြစ်နေခဲ့လိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ကြီးစွာသောတန်ခိုးတော်နှင့်တကွ ပြည့်ပြည့်စုံစုံဖြင့် ဟောကြားပေးလိုက်သော ဧဝံဂေလိတရားတော်ကို ငြင်းပယ်လိုက်သောသူအတွက် နောက်ထပ်ပြုလုပ်ပေးလို့ရနိုင်သည့်အရာ ဘာတစ်ခုမျှ မကျန်တော့သောကြောင့်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏တန်ခိုးထက် သာ၍ကြီးမြတ်သော တန်ခိုးဟူသည် မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယော်ဒန်မြစ်ကိုဖြတ်ကူးပြီးခဲ့သည့်နောက်ပိုင်းတွင်၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားတော်ကို လူမျိုးတကာတို့၏သက်သေတစ်ခုအနေဖြင့် လောကီနိုင်ငံအရပ်ရပ်တို့၌ ပြီးပြတ်အောင်ဟောကြားနိုင်ဖို့ရန်အတွက်ဆိုလျှင် နှစ်ပေါင်းအနည်းငယ် (သို့) လပိုင်းလေးနှင့်ပင် အချိန်လုံလောက်ခဲ့ပေလိမ့်မည်ဖြစ်သည်။

## ဘုရားသခင်သည် မျက်နှာလိုက်တော်မမူကြောင်းကို ပြသသည့်အထောက်အထားများ

သို့ရာတွင် ဣသရေလလူတို့သည် အထက်အရပ်မှခန့်အပ်ထားတော်မူသည့်လုပ်ငန်းကို မပြီးမြောက်စေခဲ့ကြပါချေ။ မိမိတို့၏မယုံကြည်ခြင်းနှင့် မိမိကိုယ်ကိုကိုးစားခြင်းစိတ်သဘောထားများက၊ ကတိတော်ပြည်ထဲသို့ဝင်ရောက်လာခဲ့ကြစဉ်အခါတွင် သူတို့ရရှိထားခဲ့ကြဖူးသည့် ကောင်းသောဂုဏ်သတင်းကို

နှုတ်ပါယ်သွားခဲ့ပါသည်။ သူတို့သည် မိမိတို့၏အလင်းကို မလင်းစေခဲ့ကြပါချေ။ ထို့ကြောင့် နောက်ဆုံးတွင် သူတို့ကိုယ်တိုင်ကပါ ထိုအလင်းကို ဆုံးရှုံးခဲ့ကြရသည်။ လောကကမ္ဘာတစ်ခုလုံးကို သိမ်းယူကြရမည့်အစား၊ ခါနန်ပြည်၌ အုပ်စုဖွဲ့ပြီးနေထိုင်ရခြင်းမျိုးကို သူတို့အနေဖြင့် အားရကျေနပ်နေခဲ့ကြပါသည်။ ဘုရားသခင်သည် မိမိတို့အား အခြားသောသူများတို့ထက်ပိုပြီး ချစ်တော်မူသောကြောင့် မိမိတို့၌ အလင်းကိုပေးအပ်ထားပေးတော်မူသည်ဟု သူတို့ထင်မှတ်ထားခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် စိတ်ကြီးဝင်နေခဲ့ကြကာ အခြားသောသူများတို့ကို အထင်အမြင်သေးခဲ့ကြလေတော့သည်။ သို့ရာတွင်၊ မိမိတို့သည် လောက၏အလင်းဖြစ်ရကြမည်ဆိုသည့်အချက်ကို ဘုရားသခင်က သူတို့အား ပြပေးတော်မူဆဲဖြစ်ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကို ဂျူးလူမျိုးများ၌သာ ချည်နှောင်နေပါသည် ဆိုသည့်အကြောင်းကို မဟုတ်ပဲ၊ ဘုရားသခင်သည် မိမိ၏နာမတော်ကို တပါးသူများတို့အား သိကျွမ်းစေရန်အလို့ငှါ ကလ္ဒဲရေလူတို့ကို အသုံးပြုရန် ကြိုးပမ်းတော်မူခဲ့ပါသည်ဆိုသည့်အကြောင်းကိုသာ ဂျူးလူမျိုးတို့၏သမိုင်းရာဇဝင်ထဲတွင် ပြသထားပေးပါသည်။ သက်သေအနေဖြင့်၊ မိမိ၏အနူရောဂါ သက်သာပျောက်ကင်းဖို့ရန်အတွက် ကလ္ဒဲရေလဘုရင်ထံသို့ စေလွှတ်ခြင်းခံခဲ့ရသည့် ရှုရိလူ နေမန်ကို ကြည့်မြင်နိုင်ပါသည်။ မိမိထံသို့ ဧလိယကိုစေလွှတ်လာခဲ့သည့် ဇရတ္တမြို့သူမုဆိုးမ၏အဖြစ်အပျက်ကိုလည်း ကြည့်မြင်ပါလေ။ ရှောလမုန်မင်း၏ ဉာဏ်ပညာကြီးခြင်းအကြောင်းကို နားထောင်ဖို့ရန်အတွက် ရှေဘမိဖုရားသည် ဝေးသောအရပ်မှ ရောက်ရှိလာခဲ့ပါသည်။ မိမိဟောကြားခဲ့သည့်တရားကြောင့် နောက်ပိုင်းတွင် နောင်တရလာခဲ့ကြသည့် နိနဝေမြို့သားများတို့အား သတိပေးဖို့ရန်အတွက် ယောနသည် မိမိ၏စိတ်လိုအင်နှင့် ဆန့်ကျင်လျက်စေလွှတ်ခြင်းခံခဲ့ရပါသည်။ ယေရှာယ၊ ယေရမိနှင့် ယေဇကျေလတို့၏ အနာဂတ္တိစကားများကို ဖတ်ရှုကြည့်ပါ၊ အမျိုးမျိုးသော လူမျိုးနွယ်တို့သည် ဘယ်နကြိမ်ဘယ်နခါ တိုက်ရိုက်သတိပေးခြင်းကိုခံခဲ့ကြရသည်အကြောင်းကို ဖွေရှာမှတ်သားပါ။ ယခင်အချိန်တုန်းကရော ယခုအခါတွင်ပါ၊ ဘုရားသခင်သည် ဂျူးလူမျိုးများတို့၏ဘုရားသာမဟုတ်ပဲ၊ တပါးအမျိုးသားတို့၏ဘုရားသခင်လည်းဖြစ်တော်မူသည်ဆိုသည့်အချက်ကို အထက်ဖေါ်ပြပါအကြောင်းအရာအားလုံးတို့က ပြသထားပါသည်။ အမှုတော်အတွက်ခေါ်ယူနေလျက်ရှိသည့် ဘုရားသခင်၏ခေါ်တော်မူခြင်းကို လုံးလုံးလျားလျားငြင်းပယ်လိုက်ကြသောအခါတွင်၊ ဘုရားသခင်သည် ထိုကလ္ဒဲရေလလူမျိုးများတို့ကိုရန်သူတို့၏သိမ်းယူခြင်းသို့ အပ်ထားခဲ့လိုက်ပါသည်။ ထိုသို့ပြုတော်မူရခြင်းအကြောင်းကား၊ မိမိတို့အား ကလ္ဒဲရေလလူမျိုးများ စိတ်ပါလက်ပါမဝေငှပေးခဲ့ဖူးသည့် ဘုရားသခင်ကိုသိကျွမ်းခြင်းပညာတချို့ကို တပါးအမျိုးသားများအနေဖြင့် ရရှိနိုင်ကြဖို့ရန်အတွက်ဖြစ်သည်။ ဘုရားသခင်အား နှိမ့်ချစွာဖြင့် အချိန်မှီလက်ခံပြီး၊ မိမိ၏ယုံကြည်လက်ခံခြင်းအကြောင်းကိုလည်း လောကကမ္ဘာတခွင်လုံးတွင် အသိပေးဖြန့်ဝေခဲ့သော တပါးအမျိုးသားရှင်ဘုရင်တစ်ပါးဖြစ်သူ နေဗုခဒ်နေဇာမင်း၏ရှေ့တော်မှောက်တွင် သမ္မာတရားကို ထင်ရှားစွာဖြင့် ဆောင်ယူလာခဲ့ကြသည့် သစ္စာရှိသောသူတချို့ရှိခဲ့ပါသည်။ ကုရုမင်းနှင့် အခြားသော ပေရသိရှင်ဘုရင်တို့သည်လည်း စစ်မှန်သောတစ်ပါးတည်းသောဘုရားသခင်၏နာမတော်ကို လောကီကမ္ဘာတစ်ခုလုံးတွင် ကြီးကျယ်ခမ်းနားသောကြေညာမှုမျိုးတို့ဖြင့် အသိပေးကြေညာစေခဲ့ကြပါသည်။

## တစ်ခုတည်းသောသိုးခြံအတွင်းသို့ ခေါ်သွင်းတော်မူခြင်း

ဂျူးလူမျိုးများနှင့် ထပ်တူညီလုနီးပါးဖြစ်သည့် တပါးအမျိုးသားတို့၏ကယ်တင်ခြင်းလောက် ဘုရားသခင်စိတ်ဝင်စားသည့်အရာဟူ၍ အခြားဘာမျှမရှိခဲ့ကြောင်းနှင့် မိမိ၏အနီးအနားတွင်ရှိသောသူများသာမက၊ အဝေးဆုံးသောနေရာတွင်ရှိသောသူများတို့အားလည်း သူသည် ကယ်တင်ခြင်းပေးလိုခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကတိတော်တို့ကို ဂျူးလူမျိုးများနှင့် သူတို့၏သားသမီးများတို့၌သာမကပဲ၊ “ဝေးသောသူ” အပေါင်းတို့၌လည်း ထားတော်မူခဲ့သောကြောင့်ဖြစ်သည်။ တမန်တော် ၂း၃၉၊ ယေရှာယ ၅၇း၁၉ကိုကြည့်ပါ။ ထိုဘုရားသခင်သည် ဂျူးလူမျိုးများနှင့် တပါးအမျိုးသားများစပ်ကြားတွင် မည်

သည့် ခွဲခြားမှုကိုမျှပြုတော်မမူခဲ့ကြောင်းကို အာဗြဟံ၏ဖြစ်ရပ်တွင် တွေ့မြင်ရပါသည်။ ဂျူးလူမျိုးတို့၏ဦးခေါင်းဖြစ်သူ အာဗြဟံကိုယ်တိုင်သည် တစ်ပါးအမျိုးသားတစ်ဦး ဖြစ်နေပြီး၊ "အရေဖျားလှီးခြင်းကို မခံဘဲယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာအကြောင်းရှိစေခြင်းငှါလည်းကောင်း၊ ယုံကြည်ခြင်းလမ်းသို့လိုက်သောသူတို့၏အဘဖြစ်အံ့သောငှါလည်းကောင်း" သူသည် မိမိအားဘုရားသခင်ကလက်ခံတော်မူပါသည် ဆိုသည့်အာမခံကို အရေဖျားလှီးခြင်းမခံမီကတည်းက ရရှိထားခဲ့ပါသည်။ ရောမ ၄း၁၁၊ ၁၂။ အာဗြဟံကို တပါးအမျိုးသားများထဲမှ ခေါ်ထုတ်ရန် အသင့်ရှိနေတော်မူခဲ့သည့် ကိုယ်တော်သည်၊ တပါးအမျိုးသားဖြစ်ကြသောသူတို့အား လက်ခံဖို့ရန်အတွက်ဆိုလျှင်လည်း အမြဲတမ်းအသင့်ရှိနေခဲ့ပါသည်။ ခရစ်တော်ကြွလာခဲ့စဉ်အချိန်က၊ မိမိသည် ဣသရေလအမျိုးအဝင် ပျောက်လွင့်နေသည့်သိုးများအတွက် စေလွှတ်ခြင်းခံခဲ့ရသည်ဟု သူ့အနေဖြင့်မိန့်ကြားခဲ့လေသည်။ ထိုသို့မိန့်တော်မူခဲ့စဉ်တစ်ချိန်တည်းမှာပင်၊ ယုံကြည်သောတပါးအမျိုးသားမိန်းမတစ်ယောက်အား သက်သာပျောက်ကင်းခြင်းအခွင့်ကိုပေးတော်မူခဲ့ခြင်းအားဖြင့် ဣသရေလအမျိုးအဝင် ပျောက်လွင့်နေသည့်သိုးများကား အဘယ်သူများပင်ဖြစ်ကြောင်းကို သူ့အနေဖြင့် ပြသသွားခဲ့ပါသည်။ မဿဲ ၁၅။

ထိုခါနန်အမျိုးသမီးအတွက် ပြုပေးတော်မူခဲ့သည့်အမှုအရာမျိုးကို၊ ယုံကြည်ခြင်းရှိသောခါနန်ပြည်သားအားလုံးတို့နှင့်တကွ ယောရှုခေတ်အချိန်ကာလတွင်ရှိသော လောကီလူသားအားလုံးတို့အတွက် ပြုလုပ်ပေးဖို့ရန် ယေရှုခရစ်အနေဖြင့် အသင့်ရှိနေခဲ့ပါသည်။ ပြုလုပ်ပေးလိုသည့် ဆန္ဒပြင်းပြနေခဲ့ပါသည်။ တစ်ဦးတည်းသောသိုးထိန်းရှိရာ တစ်ခုတည်းသောသိုးခြံထဲသို့ရောက်ရှိသည့်တိုင်အောင်၊ မိမိတို့၏ရုပ်ထုဆင်းထုများတို့၌ လည်ပင်းခိုင်မာစွာ တွယ်ငြိမနေခဲ့ကြသည့်သူရှိသမျှတို့ကို ဣသရေလသိုးခြံထဲတွင် ခေါ်သွင်းပေးရန် အကြံအစည်ရှိခဲ့ပါသည်။ ယုံကြည်လက်ခံသောသူအပေါင်းတို့အတွက် ကယ်တင်ခြင်းတရားကို ထားရှိပေးခဲ့ပါသည်။ သို့ရာတွင် သူတို့သည် ဣသရေလလူစစ်များ ဖြစ်လာကြဖို့ရန်လိုအပ်ပါသည်။

## ဣသရေလလူများအနေဖြင့် သီးခြားနေရန်လိုအပ်ခြင်း

ထိုပြည်သားတို့နှင့်မိတ်သဟာယဖွဲ့ရသောအခွင့်ကို ဣသရေလလူတို့၌ ပိတ်ပင်ထားခဲ့ရသည့်အကြောင်းအရင်းကား အောက်ပါအတိုင်းပင်ဖြစ်ပါသည်။ မိတ်သဟာယဖွဲ့ခြင်းဆိုသည်မှာ တူညီခြင်း၊ ဩဇာအာဏာချင်းတူသည့် အဖွဲ့နှစ်ဖွဲ့တို့၏ ပေါင်းစည်းခြင်းကို ပုံဖေါ်ပါသည်။ မိမိတို့ခံရသော ခေါ်တော်မူခြင်းအမှု၌ သစ္စာရှိခဲ့ကြစဉ်အချိန်တွင်၊ ဣသရေလလူများနှင့် ထိုပြည်သားတို့စပ်ကြားတွင် တူညီခဲ့သည့်အချက်ဟူ၍ ဘာတစ်ခုမျှ မရှိခဲ့ပါချေ။ သန့်ရှင်းသောဘုရားသခင်၏မျက်မှောက်တော်က သူတို့နှင့်အတူရှိနေသည်ဖြစ်သောကြောင့် သူတို့သည် ခြားနားသောလူတစ်စုအနေဖြင့် နေထိုင်ရကြပါမည်။ "ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်" ဟု မောရှေအား ဘုရားသခင်မိန့်တော်မူသောအခါတွင်၊ မောရှေက "ကိုယ်တော်တိုင်မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှပို့တော်မမူပါနှင့်။ အကျွန်ုပ်နှင့် ကိုယ်တော်၏လူတို့သည် ရှေ့တော်၌မျက်နှာရသောအကြောင်းသည် အဘယ်သို့ထင်ရှားပါမည်နည်း။ အကျွန်ုပ်တို့နှင့် ကြွသွားတော်မူသောအားဖြင့်သာ ထင်ရှားပါမည် မဟုတ်လော။ ထိုသို့ အကျွန်ုပ်နှင့်ကိုယ်တော်၏လူတို့သည် မြေကြီးပေါ်မှာ ရှိသမျှသောလူတို့နှင့် ခြားနားရပါမည်။" ထွက်မြောက်ရာ ၃၃း၁၄-၁၆။ မိမိတို့ပတ်လည်တွင်ရှိသောလူမျိုးများတို့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် သူတို့နှင့်ပေါင်းဖေါ်ခြင်းအမှုပင်ဖြစ်သည်။ အဓိပ္ပါယ်မှာ ဘုရားသခင်၏ မျက်မှောက်တော်မှ သီးခြားကွာဝေးနေခြင်း (ကျောခိုင်းထွက်သွားခြင်း) ပင်ဖြစ်သည်။ ဘုရားသခင်၏မျက်မှောက်တော်ဆိုသည့်အရာသည် ဣသရေလလူတို့ကို ထိုလူမျိုးများတို့နှင့် သီးခြားခွဲခြားထားသောအရာတစ်ခုပင်ဖြစ်ပြီး၊ ထိုမျက်မှောက်တော်၏အဓိကလုပ်ဆောင်ပေးသည့်အရာမှာ သီးခြားခွဲခြားထားပေးခြင်းမှအပ အခြားမရှိတော့ပါချေ။ ဘုရားသခင်၏မျက်မှောက်တော်သည် ယနေ့ခေတ်အချိန်အခါတွင်လည်း ထို့အတူပြုပေးတော်မူလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောကြောင့်ဖြစ်သည်။

ထို့ကြောင့် တစ်စုံတစ်ယောက်သောသူက၊ ဘုရားသခင်၏သားသမီးများတို့သည် အခြားသောလူမျိုးများတို့နှင့် သီးခြားခွဲ နေဖို့ရန်မလိုအပ်ပါဟု ပြောဆိုလိုက်သည်ဆိုလျှင်၊ ထိုသားသမီးတို့၌ ဘုရားသခင်၏မျက်မှောက်တော်ကိုပိုင်ဆိုင်နေဖို့ မလိုအပ်ပါဟု ထိုသူအနေဖြင့် ပြောဆိုနေခြင်းပင်ဖြစ်သည်။

ဣသရေလလူမျိုးများ ရှင်ဘုရင်ကိုတောင်းတနေခဲ့ကြခြင်းအမှုတွင်လည်း ဤသဘောတရားမျိုး ပါဝင်လျက်ရှိနေပါသည်။ ၁ ဓမ္မရာဇဝင် ၈ တွင်ပါရှိသော မှတ်တမ်းကို ဖတ်ရှုကြည့်ပါ။ ရှမွေလအား ထိုသူတို့လျှောက်ဆိုခဲ့ကြလေသည်မှာ၊ "လူမျိုးအပေါင်းတို့၏ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ချီးမြှောက်ပါလော့။" ထိုစကားက ရှမွေလအား စိတ်မချမ်းမသာဖြစ်စေခဲ့ပြီး၊ သူ့အားနာကျင်စေခဲ့မည်မှာ မလွဲမသွေပေ။ သို့ရာတွင် "အကျွန်ုပ်တို့ကို အုပ်စိုးရသောရှင်ဘုရင်ကို ပေးပါလော့။" ဟု ရှမွေလအား သူတို့အတင်းအကျပ်တောင်းဆိုခဲ့ကြသည်။ ထိုအခါ ထာဝရဘုရားက၊ "သင့်အား လူများတို့ပြောဆိုသမျှသော စကားကို နားထောင်လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကိုမအုပ်စိုးစေခြင်းငှါ ငါ့ကိုလည်း ပယ်ကြပြီ။ သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သောနေ့မှစ၍ ယနေ့တိုင်အောင် ငါ့ကိုစွန့်၍ အခြားတပါးသော ဘုရားတို့ကိုဝတ်ပြုသဖြင့် ကျင့်မိသမျှသောအကျင့်အတိုင်း သင်၌လည်းပြုကြ၏။ ယခုမှာ သူတို့စကားကို နားထောင်လော့။ သို့ရာတွင် သတိပေး၍ သူတို့ကိုအုပ်စိုးသောရှင်ဘုရင်၏ထုံးစံကိုပြလော့" ဟု ရှမွေလအား မိန့်တော်မူ၏။ ထိုအခါရှမွေလက ဘုရားသခင်မိန့်တော်မူသည့်အတိုင်း၊ မိမိတို့၌ရှင်ဘုရင်ကိုခန့်ထားမည်ဆိုလျှင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှုအချို့တို့ကို ထိုသူတို့အား ရှင်းလင်းပြပေးခဲ့ပါသည်။ သို့သော် ထိုဖျောင်းဖျမှုကို သူတို့ငြင်းပယ်ခဲ့ကြပြီး၊ "သို့သော်လည်း လူများတို့က၊ မဟုတ်ပါ။ အုပ်စိုးသော ရှင်ဘုရင်ကို လိုချင်ပါ၏။ အကျွန်ုပ်တို့သည် တပါးအမျိုးသားအပေါင်းတို့နှင့် တူမည်အကြောင်း အကျွန်ုပ်တို့ကို အုပ်စိုးသော ရှင်ဘုရင်ရှိရမည်။" ဟု ပြန်ပြီးပြောဆိုခဲ့ကြလေသည်။

သမ္မာကျမ်းစာထဲတွင် "လူမျိုးအပေါင်းတို့" ဆိုသည်မှာ တပါးအမျိုးသားများပင်ဖြစ်ပါသည်။ "လူမျိုးအပေါင်းတို့" ဟု ဘာသာပြန်ဆိုထားသော မူရင်းဟေဗြဲစကားလုံးနှင့် "တပါးအမျိုးသားများ" ဆိုသည့် စကားလုံး ဆင်းသက်လာရာ မူရင်းဟေဗြဲစကားလုံးတို့မှာ ထပ်တူညီသောစကားလုံးများပင်ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး၊ ဆာလံ ၉၆း၅ တွင်ပါရှိသောရေးသားချက်က အင်္ဂလိပ်ဘာသာဖြင့်ဖတ်ရှုလေ့လာသောသူများတို့အား ရှင်းလင်းနားလည်စေနိုင်မည်ဖြစ်ပါသည်။ "တပါးအမျိုးသားတို့၏ ဘုရားရှိသမျှတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ ထာဝရဘုရားမူကား၊ မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူ၏။" "လူမျိုးအပေါင်းတို့" ဆိုသည်မှာ တပါးအမျိုးသားများပင်ဖြစ်ကြောင်းကို ဤနေရာတွင် အထောက်အထားခိုင်လုံစွာဖြင့် တွေ့ရှိရပါသည်။ မူရင်းအင်္ဂလိပ်ကျမ်းစာတွင် ဆာလံကျမ်း၂း၁ တွင် "တပါးအမျိုးသားများတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ်ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီးကြံစည်ကြသနည်း။" ဟု ရေးသားထားပြီး၊ ပြန်လည်ပြင်ဆင်ရေးသားထားသောအင်္ဂလိပ်ကျမ်းစာတွင်မူ "လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ်ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီးကြံစည်ကြသနည်း။" ဟု ရေးသားထားပါသည်။ ဤကျမ်းတွင်ပါသော "လူမျိုး" ဆိုသည့်စကားလုံးကို "ခရစ်ယာန်လူမျိုး" ဆိုသည့် အဓိပ္ပါယ်မျိုးနှင့်ယူလိုက်သောအခါတွင် ၎င်း၏အဓိပ္ပါယ်သည် ကမောက်ကမဖြစ်သွားပြီး၊ "တပါးအမျိုးသား ခရစ်ယာန်" (သို့) "အပြစ်သားခရစ်ယာန်" ဆိုသည့်အဓိပ္ပါယ်မျိုး ဖြစ်လာပါသည်။ လောကရှိတိုင်းနိုင်ငံများအကြောင်းကို ပြောဆိုရာတွင် ဘုရားသခင်သုံးနှုန်းခေါ်ဆိုသည့် "လူမျိုး" ဆိုသည်မှာ တပါးအမျိုးသားတို့၏အစုအရုံးပင်ဖြစ်ပါသည်။ ထို့ကြောင့် အမှန်တကယ်အားဖြင့်ဆိုလျှင် ဂျူးလူမျိုးများတို့က အောက်ပါအတိုင်း ပြောဆိုခဲ့ကြခြင်းသာဖြစ်ပါသည်။ "တပါးအမျိုးသားများတို့၏ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုးရသောရှင်ဘုရင်ကို ချီးမြှောက်ပါလော့။" သူတို့အနေဖြင့် ထိုသို့ဖြစ်လိုခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားသောလူရှိသမျှတို့သည် ယေဟောဝါဘုရားသခင်ထက် အခြားသောဘုရားများတို့ကို အသိအမှတ်ပြုလက်ခံကြပြီး၊ ဣသရေလလူမျိုးများမှလွဲပြီး ကျန်လူမျိုးရှိသမျှတို့တွင် မိမိတို့ကို အုပ်စိုးသောရှင်ဘုရင်

များရှိနေသောကြောင့်ဖြစ်သည်။ ဒိန်းမတ်ဘာသာစကားဖြင့်ပြန်ဆိုထားသောကျမ်းစာတွင် ဓမ္မရာဇဝင်ပထမစောင် ၈း၂၀ ကို၊ "အကျွန်ုပ်တို့သည် တပါးအမျိုးသားအပေါင်းတို့နှင့် တူပါမည်အကြောင်း" ဟုပြန်ဆိုရေးသားထားပါသည်။

ထိုလူမျိုးထဲတွင် ဣသရေလလူမျိုးများတစ်မျိုးအပါအဝင်မဖြစ်ဖို့ရန်မှာ ဘုရားသခင်၏အကြံအစည်တော်ပင်ဖြစ်သည်။ ထိုသို့ကြံရွယ်တော်မူခဲ့သော်လည်း ထိုသူတို့သည် ထိုအကြံအစည်တော်ကို အစမှအဆုံးထိတိုင်အောင် မေ့လျော့ထားခဲ့ကြပြီး၊ ထိုသခင်၏အလိုတော်နှင့်အညီလျှောက်လိုက်ကြဖို့ရန် ငြင်းပယ်ထားခဲ့ကြပါသည်။ ဤအဖြစ်အပျက်ကို ကြည့်ရှုမှတ်သားထားဖို့ကောင်းပေသည်။ ဂျူးလူမျိုးများတွင် တရားသူကြီးများ၊ ဗိုလ်များနှင့် တိုင်းပြည်အုပ်ချုပ်မှုပိုင်းဆိုင်ရာ အထွေထွေအရာရှိများရှိခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ဘုရားသခင်၏ပဋိညာဉ်တော်တွင် သူတို့အဖို့ ပါရှိခဲ့သည့်အရာမှာမူ ထိုအရာများတို့နှင့်တခြားစီပင်ဖြစ်သည်။ မိမိတို့၏မယုံကြည်ခြင်းကြောင့် ထိုအရာကို သူတို့အနေဖြင့် မည်သည့်အခါတွင်မျှ ပြည့်ပြည့်ဝဝနားမလည်နိုင်ခဲ့ကြပါချေ။

## ယေရှုခရစ်တော်၏အသင်းတော် ဣသရေလ

"အသင်းတော်" ဆိုသည့်စကားလုံးသည် အတော်များများအသုံးပြုလေ့ရှိကြသော စကားလုံးတစ်လုံးဖြစ်သည်။ သို့ရာတွင် ထိုစကားလုံးသည် ဂရိစကားလုံး တစ်လုံးပင်ဖြစ်ပြီး၊ ၎င်း၏အဓိပ္ပါယ်မှာ "ခေါ်ထုတ်ခြင်းခံရသောသူ" ပင်ဖြစ်ကြောင်းနှင့် ထိုခေါ်ထုတ်ခြင်းခံရသောသူဆိုသည်မှာ အဓိကအားဖြင့် ဣသရေလလူမျိုးများကိုပင်ရည်ညွှန်းထားခြင်းဖြစ်ကြောင်းကို အနည်းစုသောသူများကသာ နားလည်သိရှိထားကြပါသည်။ ဣသရေလလူတို့သည် ဘုရားသခင်၏အသင်းတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး၊ သူတို့သည် အဲဂုတ္တုပြည်မှ ခေါ်ထုတ်ခြင်းခံထားကြရသောသူများပင်ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ထိုသူတို့ကို "ပရိသတ်" ဟူ၍ ခေါ်ဝေါ်ထားပါသည်။ ပရိသတ်ဆိုသည်မှာ အတူတကွစုရုံးလာကြသောသူများ (သို့) အုပ်စုဖွဲ့လာကြသောသူများပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏သိုးစုအဖြစ် ဖွဲ့စည်းတည်ဆောက်လာခဲ့ကြပြီး၊ ထိုသိုးစုတွင် ဘုရားသခင်သည် သိုးထိန်းကြီးဖြစ်တော်မူခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်ကို "ဣသရေလသိုးထိန်းကြီး" အဖြစ် သိရှိထားကြပါသည်။ ဆာလံ ၈၀း၁။ ဆာလံ ၂၃း၁ ကိုလည်းဖတ်ပါ။ ထို့ကြောင့် နောက်ပိုင်းအချိန်ကာလများတွင် အသင်းတော်ကိုဘုရားသခင်၏သိုးစုဟူ၍ခေါ်တွင်လာကြသည်။ တမန်တော် ၂၀း၂၈။ အကြီးအကဲများတို့၏ရှေ့တွင် စကားပြောဆိုခဲ့ရာတွင်၊ သတေဖန်က ဣသရေလလူတို့ကို "တောထဲတွင်ရှိသောအစည်းအဝေး (အသင်းတော်)" အဖြစ် တင်ပြပြောဆိုခဲ့သည်။

အသင်းတော်တစ်ခုတည်းသာရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်ဆိုသည်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ပင်ဖြစ်ပြီး (ဧဖက် ၁း၁၉-၂၃)၊ ခရစ်တော်၏ကိုယ်ခန္ဓာဆိုသည်မှာလည်း တစ်ခုတည်းသာရှိသောကြောင့်ဖြစ်သည်။ ဧဖက် ၄း၄။ ထိုတစ်ခုတည်းသောအသင်းတော်ထဲတွင် ခရစ်တော်၏စကားကိုကြား၍ နောက်တော်သို့လိုက်သောသူများတို့နှင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ "ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍" "ငါ့နောက်သို့လိုက်ကြ၏။" ဟု ခရစ်တော်မိန့်ထားတော်မူခဲ့သောကြောင့်ဖြစ်သည်။ ယောဟန် ၁၀း၂၇။ ထို့ကြောင့် တောထဲတွင်ရှိသော ထိုအသင်းတော်သည် ခေတ်အဆက်ဆက်တွင် ရပ်တည်လာခဲ့သော သခင်ခရစ်တော်၏ စစ်မှန်သောအသင်းတော်နှင့် အတူတူပင်ဖြစ်ပါသည်။ ဤအကြောင်းအရာကို ဟေဗြဲ ၃း၂-၆မှ ပိုပြီးရှင်းလင်းအောင် တင်ပြပေးထားပါသည်။ ဤကျမ်းချက်ကို ဖတ်ရှုရာတွင်၊ "ဘုရားသခင်၏အိမ်ထောင်" ဆိုသည်မှာ "အသက်ရှင်တော်မူသောဘုရားသခင်၏အသင်းတော်" ပင်ဖြစ်သည် ဆိုသည့်အချက်ကိုလည်း သတိပြုပါလေ။ ၁တိမောသေ ၃း ၁၄-၁၅။ မောရှေသည် ဘုရားသခင်၏အိမ်တော်၌ သစ္စာစောင့်သကဲ့သို့ ခရစ်တော်သည်လည်း သစ္စာစောင့်တော်မူ

ကြောင်းကို ထိုပဟေဠိကျမ်းတွင် တင်ပြထားပါသည်။ မောရှေသည် ဘုရားသခင်၏အိမ်တော်တွင် အစေခံတစ်ဦးကဲ့သို့ သစ္စာစောင့်ပြီး၊ သခင်ခရစ်တော်မှာမူ ထိုအိမ်တော်တွင် သားတစ်ဦးအနေဖြင့် သစ္စာစောင့်ခဲ့ပါသည်။ "ငါတို့သည်ကား၊ ရဲရင့်ခြင်း၌၎င်း၊ မြော်လင့်ခြင်းနှင့်စပ်ဆိုင်သော ဝါကြွားဝမ်းမြောက်ခြင်း၌၎င်း၊ အဆုံးတိုင်အောင် တည်ကြည်လျှင်၊ ထိုအိမ်တော်ဖြစ်သတည်း။" "ငါ့သားကို အဲဂုတ္တုပြည်မှငါခေါ်ခဲ့ပြီ" ဟု ကျမ်းစာလာသည်အတိုင်း၊ ယေရှုခရစ်တော်သည် အဲဂုတ္တုပြည်မှ ခေါ်ထုတ်တော်မူခြင်းကို ခံခဲ့ရပါ သည်။ မသဲ ၂း၁၅။ သူသည် မောရှေနှင့်အတူတကွထွက်လာခဲ့ကြသည့်အလုံးအရင်း၏ ဦးခေါင်းနှင့် ခေါင်းဆောင်ကြီးပင်ဖြစ်ပါသည်။ ၁ကော ၁၀း၁-၁၀။ ထို့ကြောင့် ခရစ်တော်နှင့် မောရှေတို့သည် တစ်ခုတည်းသောမိတ်သဟာယ၊ တစ်ခုတည်းသောအဖွဲ့အစည်းထဲတွင်သာ ရှိနေကြပြီး၊ ခရစ်တော်ကိုဆက်ဆံသောသူရှိသမျှတို့သည် မောရှေအား ဘုရားသခင်၏ညီအစ်ကိုချင်းတစ်ဦးအနေဖြင့် အသိအမှတ်ပြုရပါမည်။

ဤအချက်တို့သည် အရေးကြီးဆုံးသောအချက်များပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဣသရေလလူတို့အဖို့ ဘုရားသခင်၏အကြံအစည်တော်အကြောင်းကို လေ့လာမှုပြုကြရာတွင်၊ ခေတ်ကာလတိုင်းတွင်သာမက ခေတ်ကာလအဆုံးခန်းတိုင်အောင်ပင် ဘုရားသခင်၏အသင်းတော်အတွက် တည်နေတော်မူသော စစ်မှန်သောစံနမူနာကို ကျွန်ုပ်တို့က လေ့လာနေကြရသောကြောင့်ဖြစ်သည်။ ဣသရေလလူတို့ ပြုခဲ့သောအမှုများတို့ကို ကျွန်ုပ်တို့ပြုလုပ်ဆောင်ရွက်ရမည့်အရာများအနေဖြင့် လက်လွတ်စလွယ် ရည်ညွှန်းတင်ပြသွားမည်မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် ဘုရားသခင်ကို မကြာမကြာတော်လှန်ပုန်ကန်ခဲ့ကြပြီး၊ ထိုသူတို့၏ရာဇဝင်မှတ်တမ်းတွင် သစ္စာရှိခြင်းအရာထက် ဖေါက်ပြန်သင်းခွဲခြင်းအရာက ပိုပြီးများနေသောကြောင့်ဖြစ်သည်။ သို့ရာတွင် သူတို့၌ ထားတော်မူခဲ့သည့် ဘုရားသခင်၏ကတိတော်များနှင့် ပြစ်တင်ဆုံးမမှုများအကြောင်းတို့ကို ကျွန်ုပ်တို့လေ့လာသွားကြမည်ဖြစ်ပါသည်။ လေ့လာဖို့လည်းသင့်ပါပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့အတွက် ပေးတော်မူခဲ့သည့်အရာများတို့သည် ကျွန်ုပ်တို့အတွက်ပင် ဖြစ်နေသည့်အတွက်ကြောင့်ဖြစ်သည်။

## အသင်းတော်နိုင်ငံတော်

မိမိတို့တွင် ရှောလုမင်းကိုခန့်ထားပေးတော်မမူမီ မူလအစကတည်းက ဣသရေလလူတို့သည် နိုင်ငံတော်တစ်ခုကို တည်ထောင်ခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏အသင်းတော်သည် ထိုသခင်၏နိုင်ငံတော်ပင်ဖြစ်ပြီး၊ ထိုသခင်အတွက်အဓိကအရေးအပါဆုံးသောအရာမှာ သူ၏သားသမီးများအားလုံးပင်ဖြစ်သောကြောင့်ဖြစ်သည်။ "ဘုရားသခင်၏အိမ်တော်သား" သည် "ဣသရေလအပေါင်း" အသင်းဝင်များပင်ဖြစ်ပါသည်။ ဖေက် ၂း၁၉။ ယေရှုခရစ်တော်သည် ခမည်းတော်နှင့်အတူ "ကရုဏာပလ္လင်" ပေါ်တွင် ထိုင်နေတော်မူပြီး စစ်မှန်သောအသင်းတော်သည် ထိုခရစ်တော်တစ်ပါးတည်းကိုသာ သခင်အနေဖြင့် လက်ခံအသိအမှတ်ပြုထားပါသည်။ အသင်းတော်ထံသို့ စာရေးသာပေးပို့ခဲ့ရာတွင် တမန်တော်ယောဟန်က၊ "ယေရှုခရစ်၏ ဆင်းရဲခြင်းဒုက္ခမှစ၍ နိုင်ငံတော်ကိုင်၎င်း၊ သည်းခံတော်မူခြင်းကို၎င်း၊ သင်တို့နှင့်အတူဆက်ဆံသော အဘက်၊ သင်တို့အစ်ကို" ဟု မိမိကိုယ်ကို ဖေါ်ပြလိုက်ပါသည်။ ခရစ်တော်က မိမိသည် ရှင်ဘုရင်တစ်ပါးဖြစ်ကြောင်း၊ ဂျူးလူမျိုးတို့၏ရှင်ဘုရင်ပင်ဖြစ်ကြောင်းကို အတိအလင်းကြေညာတော်မူခဲ့ပြီး (မသဲ ၂၇း၁၁)၊ "ဣသရေလရှင်ဘုရင်" အနေဖြင့် ဂါရဝပြုခြင်းကို ခံယူတော်မူခဲ့ပါသည်။ ယောဟန် ၁း၄၉။ မိမိသည် ရှင်ဘုရင်ဖြစ်ကြောင်းကို ကြွေးကြော်နေခဲ့စဉ်တချိန်တည်းမှာပင် ယေရှုခရစ်တော်သည် "ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့် စပ်ဆိုင်လျှင်၊ ငါသည် ယုဒလူတို့လက်သို့မရောက်စေခြင်းငှါ၊ ငါ၏လူတို့သည် တိုက်လှန်ကြလိမ့်မည်။ ယခုမူကား ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့်မစပ်ဆိုင်" ဟု မိန့်တော်မူခဲ့လိုက်ပါသည်။ ယောဟန် ၁၈း၃၆။ ခရစ်တော်၏နိုင်ငံတော်သည် ဤလောကနှင့် စပ်ဆိုင်ခြင်းမရှိ

သည်နည်းတူ၊ သူ၏ခန္ဓာကိုယ်တည်းဟူသော သူ၏အသင်းတော်၊ သူရွေးချယ်တော်မူသောသူ၊ ဤလောကီကမ္ဘာကြီးထဲမှ သူခေါ်ထုတ်တော်မူသောသူတို့သည် ဤလောကထဲတွင်ရှိနေကြရသော်လည်း လောကီသဏ္ဍာန်ဆောင်ခြင်းအမှုကို ရှောင်ကြဉ်ရကြမည်ဖြစ်သည်။ မည်သည့်ရည်ရွယ်ချက်အတွက်နှင့်မျှ ဤလောကနှင့် ဆက်ဆံပေါင်းသင်းခြင်းမပြုရပါချေ။ လောကတွင် ထိုသူတို့၏တစ်မျိုးတည်းသော အသုံးဝင်ပုံမှာ၊ သူတို့သည် လောက၏အလင်းဖြစ်ရကြပါမည်။ လောကကို တတ်နိုင်သမျှ အစွမ်းကုန် ထိန်းသိမ်းထားပေးနိုင်သော လောက၏ဆားဖြစ်ရကြပါမည်။ အလင်းဟုဆိုရာတွင်လည်း မိမိ၏အလင်းထွန်းလင်းပေးထားသော မှောင်သောလောကအတွက် အလင်းဖြစ်နေခြင်းမှတပါး၊ ထိုလောက၏အစိတ်အပိုင်းများဖြစ်မသွားရပါချေ။ "အလင်းသည်မှောင်မိုက်နှင့် အဘယ်သို့ ဆက်ဆံနိုင်မည်နည်း။" ၂ကော ၆း၁၄။ ကမ္ဘာပေါ်တွင် အတန်းအစား နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ အသင်းတော်နှင့် လောကပင်ဖြစ်ပါသည်။ သို့ရာတွင် တရားဝင်အနေဖြင့်သော်၎င်း၊ လောက၏နည်းနာ (သို့) စည်းမျဉ်းဥပဒေသများတို့ကို မွေးမြူပျိုးထောင်ခြင်းအားဖြင့်သော်၎င်း၊ အသင်းတော်က လောကနှင့်မိတ်ဖွဲ့ပေါင်းသင်းလိုက်သောအခါတွင် ကမ္ဘာပေါ်တွင် အတန်းစား တစ်မျိုးတည်းသာကျန်နေပါတော့သည်။ ၎င်းမှာ လောကပင်ဖြစ်ပါသည်။ သို့စေကာမူ၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ပင် သစ္စာရှိသောလူနည်းစုတစ်စုသည် အမြဲတမ်းတည်ရှိနေစမြဲပင်ဖြစ်သည်။ အကြီးမားဆုံးသောဖေါက်ပြန်သင်းခွဲမှုကြီး ကျရောက်လာသည့်အချိန်မျိုးတွင်ပင်လျှင် ထိုလူတစ်စုတို့သည် အမြဲတမ်းတည်ရှိနေဆဲဖြစ်ပါသည်။

## ဘုရားအုပ်ချုပ်သောနိုင်ငံတစ်ခုမဟုတ်တော့ပါ

ဣသရေလနိုင်ငံကို ဘုရားအုပ်ချုပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ပြောစမှတ်ရှိကြပါသည်။ ဤသို့ဖြစ်ရန်မှာ ဘုရားသခင်၏အကြံအစည်တော်ပင်ဖြစ်ပြီး၊ ထိုနည်းအတိုင်းသာဖြစ်လာဖို့သင့်ပါသည်။ သို့ရာတွင် ထိုပုံစံအတိုင်းဖြစ်မလာခဲ့ပါချေ။ "အကျွန်ုပ်တို့သည် တပါးအမျိုးသားအပေါင်းတို့နှင့် တူပါမည်အကြောင်း" လောကရှင်ဘုရင်တစ်ပါးကို ပေးပါဟု တောင်းဆိုလိုက်ကြသောအခါတွင် ဣသရေလနိုင်ငံသည် ဘုရားအုပ်ချုပ်သောနိုင်ငံတစ်နိုင်ငံတစ်ခုမဟုတ်တော့ပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ကြခြင်းဖြင့် သူတို့သည် ဘုရားသခင်ကို မိမိတို့၏ရှင်ဘုရင်အဖြစ်မှ ငြင်းပယ်ခဲ့ကြသောကြောင့်ဖြစ်သည်။

"ဘုရားအုပ်ချုပ်သောစနစ်" ဆိုသည့်စကားလုံးသည် ဂရိစကားလုံးနှစ်လုံးဖြင့်ပေါင်းစပ်ထားသော စကားလုံးတစ်လုံးဖြစ်ပြီး၊ ၎င်း၏အဓိပ္ပါယ်မှာ "ဘုရားသခင်၏အုပ်ချုပ်မှု" ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သည့် ဘုရားအုပ်ချုပ်သောစနစ်ဆိုသည်မှာ ဘုရားသခင်က အရေးအပါဆုံးသောအုပ်ချုပ်သူတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤအုပ်ချုပ်မှုမျိုးသည် လောကတွင်တွေ့မြင်ရခဲသော အုပ်ချုပ်မှုတစ်ခုဖြစ်ပြီး၊ ရှိခဲ့ဘူးသည့်အတိုင်းအတာမှ တိုးတက်လာခဲ့ခြင်းမျိုးလည်း တကြိမ်တခါမျှမရှိခဲ့ပါချေ။ အာဒံအား ဖန်ဆင်းခဲ့ပြီးသည့်နောက် ဧဒင်အရပ်တွင် သူ့အား နေရာချပေးတော်မူခဲ့သည့်အချိန်၊ "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ" ခဲ့သည့်အချိန်တွင် စစ်မှန်သည့် ဘုရားအုပ်ချုပ်သောစနစ်တစ်ခုသည် တည်ရှိနေခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁း၃၁။ ဘုရားသခင်သည် အာဒံကို မြေမှုန့်မှဖန်ဆင်းတော်မူခဲ့ပြီး၊ မိမိလက်တော်ဖြင့်ဖန်ဆင်းပြုပြင်တော်မူခဲ့သမျှတို့ကို အုပ်ချုပ်စေတော်မူခဲ့ပါသည်။ "ပင်လယ်ငါးတို့ကို၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ သားယဉ်တို့ကို၎င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း၊" အုပ်ချုပ်ဖို့ရန်အတွက် သူ့အား အုပ်ချုပ်သူတစ်ဦးအဖြစ်ခန့်အပ်ခဲ့ပါသည်။ ကမ္ဘာ ၁း၂၆။ ထို့ကြောင့် သူဥ္စအပ်နှင်းထားခဲ့သော အာဏာတန်ခိုးရှိသမျှတို့ကို သူပိုင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် ခေါင်းပေါ်၌ ဘုန်းအသရေဖြင့်ပတ်ရစ်ထားခြင်းခံခဲ့ရသည့် အမြင့်ဆုံးအကောင်းဆုံးသောအဆင့်တွင်ရှိနေခဲ့ရစဥ်မှာပင် အာဒံသည် မြေမှုန့်သာဖြစ်နေပါသည်။ မိမိ

၏ခြေဖဝါးအောက်တွင် နင်းထားသော မြေကြီးနည်းတူပင် သူသည် မိမိ၌ မည်သည့်ကိုယ်ပိုင်အစွမ်းတန်ခိုးမျှ မရှိခဲ့ပါချေ။ ထို့ကြောင့် သူ၌ထင်ရှားတော်မူခဲ့သော ကြီးမားသည့်တန်ခိုးတော်သည် သူ၏ကိုယ်ပိုင်တန်ခိုးမဟုတ်ပဲ၊ သူ၌ပြုတော်မူသော ဘုရားသခင်၏တန်ခိုးတော်သာဖြစ်ပါသည်။ ဘုရားသခင်သာလျှင် အုပ်ချုပ်သူအစစ်အမှန်ဖြစ်တော်မူပြီး၊ မိမိ၏တန်ခိုးတော်ကို လူသားအားဖြင့် ပေါ်လွင်စေဖို့ရန်အတွက် ဤကမ္ဘာကြီးအား တည်စေတော်မူခဲ့ခြင်းအရာက ထိုသခင်အားကျေနပ်အားရစေပါသည်။ ဘုရားသခင်ဘက်၌ အာဒံ သစ္စာစောင့်သိခဲ့သည့်ကာလတစ်လျှောက်လုံးတွင် ဤကမ္ဘာပေါ်တွင် စုံလင်သည့် ဘုရားအုပ်ချုပ်သောစနစ်တစ်ခုသည် တည်ရှိနေခဲ့ပါသည်။

ထိုသို့သော စနစ်မျိုးကို ထိုအချိန်မှစပြီး နောက်ပိုင်းတွင် တကြိမ်တခါမျှ မတွေ့ရှိရတော့ပါချေ။ အဘယ့်ကြောင့်ဆိုသော် လူသားတို့၏ကျရှုံးမှုသည် စာတန်အား ဤလောက၏ဘုရားအနေဖြင့် အသိအမှတ်ပြုလက်ခံသွားခဲ့သောကြောင့်ဖြစ်သည်။ ထိုစနစ်သည် လူသားတစ်မျိုးနွယ်လုံးတွင်မရှိတော့သော်လည်း တစ်ယောက်ချင်းစီအနေဖြင့် ဒုတိယအာဒံတည်းဟူသော ယေရှုခရစ်တော်တွင် တည်ရှိနေခဲ့ပါသည်။ ထိုသူ၏နှလုံးသားထဲတွင် ဘုရားသခင်၏ပညတ်တော်တည်ရှိတော်မူပြီး၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် သူ၌ ကိုယ်ထင်ရှားလျက် ကျိန်းဝပ်နေတော်မူခဲ့ပါသည်။ ကမ္ဘာကြီးအား အသစ်တဖန်ပြုပြင်တော်မူပြီး ခပ်သိမ်းသောအရာတို့ကို မူလအစကကဲ့သို့ ပြန်လည်ဖြစ်စေတော်မူမည့်တစ်နေ့သော အခါတွင် သိုးခြံတစ်ခုတည်း၊ သိုးထိန်းတစ်ပါးတည်း၊ လောကကမ္ဘာတစ်ခုလုံးတွင် ရှင်ဘုရင်တစ်ပါးတည်းသာ ရှိနေလိမ့်မည်ဖြစ်ပြီး၊ ထိုအရာသည် စုံလင်သည့် ဘုရားအုပ်ချုပ်သောစနစ်တစ်ခု ဖြစ်နေလိမ့်မည်ဖြစ်သည်။ ယခုအခါတွင် ဘုရားသခင်၏အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံနေလျက်ရှိသည်နည်းတူ ထိုအခါတွင်လည်း မြေကြီးတစ်ခုလုံးတွင် ပြည့်စုံနေလိမ့်မည်ဖြစ်သည်။ မိမိ၏စာရိတ္တတော်ကို ရောင်ပြန်ဟပ်ထွန်းလင်းစေမည့်၊ ယုံကြည်ခြင်းအားဖြင့် မိမိတို့၏နှလုံးသားထဲတွင် ဘုရားသခင်အားနေရာပေးမည့်လူတစ်စုကို ယခုအခါတွင် ခရစ်တော်ကလိုက်လံစုသိမ်းနေလျက်ရှိပါသည်။ ထိုသို့သောအားဖြင့်၊ မိမိနှင့်တူသောထိုသူတို့သည် “ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံနိုင်ကြမည်” ဖြစ်သည်။ ဧဖက် ၃း၁၇-၁၉။ စုသိမ်းခြင်းခံနေရသော ထိုလူတစ်စုတို့သည် “အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံတော်မူသောသူ၏ပြည့်စုံခြင်း” တည်းဟူသော ခရစ်တော်၏အသင်းတော်ကို တည်ထောင်နေသောသူများပင်ဖြစ်ပါသည်။ ဧဖက် ၁း၂၂၊ ၂၃။ ထို့ကြောင့် ကောင်းကင်ဘုံတွင်ရှိတော်မူသော မိမိတို့၏အဖအား “ကိုယ်တော်သည် အစိုးရတော်မူ၏” ဟု နေ့စဥ်နှင့်အမျှ ရိုးသားစွာဆုတောင်းနေကြသောသူ တစ်ဦးချင်းစီတို့၏နှလုံးသားထဲတွင် စစ်မှန်သည့်ဘုရားအုပ်ချုပ်သောစနစ်သည် အရင်အဦးနေရာယူကိန်းအောင်းနေပြီး၊ အသင်းတော်တည်းဟူသော ထိုယုံကြည်သောသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်တညီတညွတ်တည်းဖြင့် အတူတကွပေါင်းစည်းလာကြသောအခါတွင်၊ သူတို့သည် ကမ္ဘာပေါ်တွင် အရင်ကတည်ရှိထားဘူးသည့် စစ်မှန်သည့် တစ်ခုတည်းသော ဘုရားအုပ်ချုပ်သောစနစ်ကို တည်ထောင်နေကြလေတော့သည်။ အသင်းတော်သည် ဖေါက်ပြန်သင်းခွဲသွားသောအခါတွင်၊ ၎င်းသည် ဘုရားအုပ်ချုပ်သောစနစ်ပုံစံကို လောကနှင့်မိတ်ဖွဲ့ခြင်းအားဖြင့်သော်၎င်း၊ ဘုရင်အာဏာကိုလက်ခံကျင့်သုံးခြင်းအားဖြင့်သော်၎င်း ထုတ်ဖေါ်ပြသဖို့ရန် ကြိုးစားလုပ်ဆောင်လေတော့သည်။ သို့ရာတွင် သူတို့ထုတ်ဖေါ်ပြသလိုက်သည့် ပုံစံသည် ဘုရားတန်ခိုးအလျင်းမပါမရှိသည့် အတု အယောင်ပုံစံတစ်ခုသာဖြစ်နေပါသည်။ စင်စစ်၊ အရေအတွက်အားဖြင့် အနည်းငယ်သာရှိပြီး မြေကြီးတပြင်လုံးတွင် ပျံ့နှံ့နေကာ၊ တပါးအမျိုးသားများ မသိဘူးသော ဘုရားသခင်၏စစ်မှန်သောနောက်လိုက်များတို့သည် စစ်မှန်သည့် ဘုရားအုပ်ချုပ်သောစနစ်၏ ပုံသက်သေတစ်ခုကို ထုတ်ဖေါ်ပြသပေးကြပါသည်။

ကျိန်ဆဲခြင်းပြုရန်အတွက်မိမိ၏နှုတ်ကို ဖွင့်ဟခဲ့သော်လည်း ကောင်းကြီးမင်္ဂလာစကားများကိုသာ မိမိ၏နှုတ်မှ ပြောထွက်လာခဲ့သည့်ပုရောဖက်အားဖြင့် မိမိလူဣသရေလတို့၏အကြောင်းကို ဘုရားသခင်မိန့်မြွက်တော်မူခဲ့သည်ကား၊ “ထိုလူမျိုးသည် တမျိုးတည်းနေ၍ အခြားတပါးသောလူမျိုးတို့နှင့် မရောနှောရ။”

တောလည်ရာကျမ်း ၂၃း၉။ ဘုရားသခင်၏လူတို့သည် မိမိတို့အား အမှောင်ထဲမှ အလင်းတော်ထဲသို့ ခေါ် သွင်းပေးတော်မူခဲ့သောသူ၏ ဘုန်းအာနုဘော်တော်ကို ထင်ရှားစေရန်ရည်ရွယ်ချက်နှင့် ဤလောကတွင်ရှိနေကြပါသည်။ သို့သော် သူတို့သည် လောကနှင့်ဆိုင်သောသူများမဟုတ်ကြပါချေ။ ဘုန်းအာနုဘော်ထင်ရှားခြင်း အမှုကို ဘုရားသခင်အား အထွတ်အထိပ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် လက်ခံအသိအမှတ်ပြုခြင်းအားဖြင့်သာလျှင် ပြုလုပ်နိုင်ကြမည်ဖြစ်သည်။ အသင်းတော်ဆိုသည်မှာ ဘုရားသခင်တစ်ပါးတည်းသာအုပ်ချုပ်သည့်နိုင်ငံတော်ပင်ဖြစ်ပြီး၊ ထိုနိုင်ငံ၏တခုတည်းသော နိုင်ငံ၏ဥပဒေပညတ်ကား မေတ္တာဖြင့်အခြေခံထားသော ဘုရားသခင် ၏ ပညတ်တော်ပင်ဖြစ်ပါသည်။ ထိုအသင်းတော်သည် ဘုရားသခင်၏အသံတစ်ခုတည်းကိုသာ ကြားနာရပြီး၊ ထို သခင်၏နောက်တော်သို့လိုက်သွားပါသည်။ ထိုအသင်းတော်အားဖြင့် စကားပြောနေတော်မူသည့် တစ်ခု တည်းသောအသံမှာလည်း ဘုရားသခင်၏အသံတော်ပင်ဖြစ်ပါသည်။

## လောကီပုံသဏ္ဌာန်မဆောင်ကြနှင့်

လောကီနိုင်ငံများ (သို့) လောကီအသင်းအဖွဲ့များတွင်ရှိသည့် မည်သည့်အရာတစ်စုံတစ်ခုကမျှ ဘုရားသခင်၏အသင်းတော်နှင့်နိုင်ငံတော်တည်းဟူသော စစ်မှန်သည့် ဘုရားအုပ်ချုပ်သောစနစ်၏ ပုံသက်သေတစ်ခုအနေဖြင့် မရပ်တည်ပေးနိုင်ပါချေ။ ထို့အတူပင် လူမှုအဖွဲ့အစည်းများတို့၏ မည်သည့် လုပ်ဆောင်မှုများကိုမျှ ဘုရားအုပ်ချုပ်သောစနစ်၏ပုံသက်သေများအဖြစ် မှတ်ယူလို့မရနိုင်ပါချေ။ ထိုစနစ်သည် စည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် လူ့အစိုးရက မှီခိုနေရသည့် မည်သည့်အရာတစ်စုံတစ်ခုအပေါ်တွင်မျှ မှီခိုစရာနေစရာမလိုသော ပြိုင်ဘက်ကင်းအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်သည်။ ထို့အပြင် ထိုစနစ်သည် စနစ်ကျမှု၊ သဟဇာတဖြစ်မှုနှင့် တန်ခိုးအာဏာအကြောင်းတို့ကို ပြသထားပေးသည့် အံ့ဖွယ်ရာ ခင်းကျင်းပြသမှုတစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုစနစ်သည် အရာခပ်သိမ်းတို့ကို အံ့အားသွားစေလောက်သည့် အုပ်ချုပ်မှုစနစ်တစ်ခုဖြစ်သည်။

သို့ရာတွင်၊ ဘုရားသခင်၏သားသမီးအစစ်အမှန်များတို့သည် တပါးသောလူမျိုးတို့နှင့်အတူ ရောတွက်ဝင်ခြင်းကိုမခံပဲ ခြားနားစွာနေထိုင်ကြရမည်ဖြစ်ပြီး၊  သူတို့၏ နိုင်ငံတော်အုပ်ချုပ်ရေးနှင့်စပ်ဆိုင်သော စီမံညွှန်ကြားမှုပိုင်းတွင်လည်း ထိုတပါးသူများနှင့် ခြားနားနေကြရမည်ဖြစ်သော်လည်း၊ လူသားတို့၏ ကောင်းကျိုးချမ်းသာအတွက်ကိုမူ မည်သည့်နည်းနှင့်မျှ လျစ်လျူရှုခြင်းမပြုကြရပါချေ။ မိမိတို့၏ သန့်ရှင်းတော်မူသောခေါင်းဆောင်ကြီးနည်းတူပင် သူတို့၏အမှုတော်လုပ်ငန်းမှာလည်း ကောင်းသောအမှုကိုပြုသော အမှုတော်လုပ်ငန်းပင်ဖြစ်နေရမည်ဖြစ်သည်။ အာဒံသည် ဘုရား၏သားတော်ဖြစ်သည်နည်းတူပင် (လုကာ ၃း၃၈)၊ ကျရှုံးသောသူများဖြစ်နေလင့်ကစား လူသားများတို့သည်လည်း ဘုရားသခင်၏သားသမီးများပင် ဖြစ်နေကြပါသည်။ ဘုရားသခင်၏ မိုက်သောသားများပင်ဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်၏စစ်မှန်သော သားသမီးများတို့သည် လူသားတိုင်းတို့ကို မိမိတို့၏ညီအစ်ကိုများကဲ့သို့ မှတ်ယူကြလိမ့်မည်ဖြစ်ပြီး၊ ထိုသူတို့၏ကောင်းကျိုးအတွက်နှင့် ကယ်တင်ခြင်းရရှိရေးအတွက် သူတို့သည် အလုပ်လုပ်ဆောင်ပေးရကြမည်ဖြစ်သည်။ ထိုသူတို့၏အလုပ်မှာ ဘုရားသခင်ကို ချစ်သနားခြင်းနှင့်ပြည့်ဝတော်မူသောဖခင် တစ်ဦးအနေဖြင့် လောကကမ္ဘာကြီး၌ ထင်ရှားပြသပေးဖို့ရန်ပင်ဖြစ်သည်။ ထိုသခင်၏မေတ္တာတော်ကို မိမိ၏အသက်တာထဲတွင် ထွန်းလင်းပေးဖို့ရန် ခွင့်ပြုလိုက်ခြင်းအားဖြင့်သာလျှင် ထိုသို့ထင်ရှားပြသပေးနိုင်ကြမည်ဖြစ်သည်။

လောကတွင်ရှိသော ခရစ်တော်၏နိုင်ငံတော် (အသင်းတော်) တွင် ထင်ရှားပြသစရာ အဓိက လုပ်ငန်းတစ်ခုရှိနေပါသည်။ ထိုလုပ်ငန်းကို လက်တွေ့ကျသော ခရစ်တူအသက်တာအားဖြင့်ပြသရပါမည်။ သူတို့သည် ကိုယ်တော်အား ခပ်သိမ်းသောအရာတို့၏ ထိုက်တန်သောအရှင်သခင်အနေဖြင့် အသိအမှတ်ပြုဝန်ခံရပါမည်။ ကိုယ်တော်၏ကြီးမြတ်တော်မူခြင်းအကြောင်းကိုပြသကြခြင်းအားဖြင့် ဘုရားသခင်အား ရှင်ဘု

ရင်အဖြစ်လက်ခံအသိအမှတ်ပြုခြင်းအဖြစ်တော်ထဲသို့ အခြားသောသူများစွာတို့ကို ခေါ်သွင်းလာရပါမည်။ ဘုန်းတော်နှင့်တကွ ပလ္လင်တော်ပေါ်ထိုင်လျက်ကြွဆင်းလာတော်မူသောအခါတွင် ကြွလာတော်မူသောထို ခရစ်တော်အား လက်ခံနိုင်ကြဖို့ရန်အတွက် ထိုအခြားသောသူများတို့ကို သူတို့က ဤနည်းလမ်းအားဖြင့် အသင့်ပြင်ဆင်ပေးရကြပါမည်။ မဿဲ ၂၅း၃၁။ ဤလောကထဲသို့ ရောက်ရှိလာခဲ့ရာတွင် အရှင်မင်းကြီး ခရစ်တော်၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ၊ သမ္မာတရားဘက်၌ သက်သေခံဖို့ရန်အတွက်သာဖြစ် ပါသည်။ (ယောဟန် ၁၈း၃၇) သူ၏အသက်တာတွင် ဤရည်ရွယ်ချက်အပြင် အခြားသောရည်ရွယ်ချက်ဟူ၍ မရှိခဲ့ပါချေ။ သူ၏လောကီနိုင်ငံတော်တွင်ရှိသောယုံကြည်သူများ (အသင်းတော်) သည် မိမိတို့၏အထဲတွင် ကိန်းအောင်းနေတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ဟောပြောသက်သေခံကြရ ပါမည်။ (တမန်တော် ၁း၈)၊ နိုင်ငံရေး (သို့) လူမှုရေးအရှုပ်အရှင်းများကြားတွင် ပါဝင်ရောထွေးနေခြင်းအားဖြင့် ဟောပြောသက်သေခံရန်မဟုတ်ပါချေ။ ကောင်းကင်သို့ ပြန်လည်တက်ကြွသွားပြီးနောက် များမကြာမှီအချိန် တွင် အသင်းတော်ကြီးသည် မိမိတို့၌ရှိသော ဤသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်နှင့် ကျေနပ် ရောင့်ရဲနေခဲ့ကြပြီး၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိသတင်းစကားကို ဟောပြောသည့်လုပ်ငန်းသည်လည်း ထူးခြားစွာတိုးတက်လာခဲ့ပါသည်။ သို့ရာတွင် မကြာမှီအချိန်မှာပင် အသင်းတော်ကြီးသည် လောကီနည်းစနစ် များတို့ကို မွေးမြူကျင့်သုံးလာခဲ့ကြပြီး၊ အသင်းသူအသင်းသားများတို့သည်လည်း ခရစ်တော်၏နိုင်ငံတော် အပေါ်စိတ်ပါဝင်စားမှု ပျောက်ကွယ်သွားကာ နိုင်ငံရေးဆိုင်ရာအမှုအရေးများတို့ကို စိတ်ပါဝင်စားလာခဲ့ကြပါ သည်။ ဤသို့ဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်သည် ကွယ်ပျောက်သွားခဲ့ရပါတော့သည်။ သို့ရာ တွင် လွန်ခဲ့သည့် ရာချီသောနှစ်ပေါင်းများစွာတုန်းက ပေးခဲ့ဘူးသည့်တန်ခိုးတော်သည် အသင်းတော် အနေဖြင့် သစ္စာရှိစွာရပ်တည်နေခဲ့သည့် ထိုအချိန်ကာလ (တမန်တော်ခေတ်ကာလ) တွင်လည်း တည်ရှိနေခဲ့ ကြောင်းနှင့် ယခင်ကရည်ရွယ်ချက်နှင့်သာ တည်ရှိနေခဲ့ကြောင်းကို ပြန်လည်သတိရအောက်မေ့ပါလေ။ ဘုရားသခင်၏တန်ခိုးတော် ထင်ရှားခြင်းအကြောင်းကို ဖြစ်ပေါ်စေခဲ့သည့် ယခင်ကလူများတို့နှင့် တမန်တော် ခေတ်ကာလလူများတို့သည် "ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်း" ကို ပေါ်ထွန်းစေခဲ့သောသူချင်းသာ ဖြစ်ကြောင်းကိုလည်း ပြန်ပြီးသတိရပါလေ။ ယောဟန် ၄း၂၂

"ဘုရားသခင်စီရင်တော်မူသော အမှုသည် စုံလင်၏။" "ဘုရားသခင်ပြုတော်မူသမျှသောအမှု သည် နိစ္စထာဝရဖြစ်သည်ကို ငါ (တို့) သိ၏။ ထပ်၍မပြုနိုင်ရာ။ နှုတ်၍မယူနိုင်ရာ။ လူတို့သည် ရှေ့တော်၌ ကြောက်ရွံ့မည်အကြောင်း၊ ဘုရားသခင်ပြုတော်မူ၏။" ဒေသနာ ၃း၁၄။ ထို့ကြောင့် တရားသူကြီးများနှင့် ပ ရောဖက်များအုပ်ချုပ်သောခေတ်ကာလတွင် ဣသရေလလူတို့သည် မိမိတို့၏ယုံကြည်ခြင်းတရားကို စွဲလမ်း ခြင်းမရှိခဲ့ကြသော်လည်း၊ ထို့နည်းတူစွာပင် တမန်တော်ခေတ်အချိန်မှစ၍ ကြီးမားတိုးပွားလာခဲ့သောအသင်း တော်ကြီးသည် မိမိရရှိသောအထူးအခွင့်အရေးများနှင့် မိမိ၏တာဝန်ကို စိတ်ဝင်စားခြင်းမရှိခဲ့ကြသော်လည်း၊ ဘုရားသခင်၏ဣသရေလအမျိုးတည်းဟူသော အသင်းတော်အနေဖြင့် လောကမှထွက်လာပြီး သီးခြားစွာနေ ထိုင်ရမည့်အချိန်တစ်ချိန်သည် ရောက်လာလိမ့်ဦးမည်ဖြစ်ပါသည်။ ထိုအခါတွင်လောကီအနှောင်အဖွဲ့ရှိရှိသမျှ တို့မှ လွတ်မြောက်လာကြသောထိုသူတို့သည် ယေရှုခရစ်တော်တစ်ပါးတည်း၌သာ မှီခိုနေကြမည်ဖြစ်ပြီး၊ သူ တို့သည် "လကဲ့သို့ တင့်တယ်လျက်၊ နေကဲ့သို့ ထွန်းလင်းလျက်၊ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်" ကြ ပါလိမ့်မည်။

# ၃၈း ဣသရေလလူတို့၌ ထားတော်မူခဲ့သောကတိတော်များ – ကတိထားတော်မူသည့်ငြိမ်ဝပ်ခြင်းချမ်းသာ (အပိုင်း ၁)

## ယနေ့အတွက်သမ္မာတရား၊ ဇန်နဝါရီ ၂၁၊ ၁၈၉၇

**"ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်ဟု မိန့်တော်မူ၏။" ထွက်မြောက်ရာ ၃၃း၁၄**

နွားသငယ်ရုပ်ကို ထုလုပ်ကိုးကွယ်ခြင်းအားဖြင့် အလွန်ကြီးမားသောဒုစရိုက်ကို လွန်ကျူးခဲ့မိကြသည့်နောက်ပိုင်းတွင်၊ ထိုဣသရေလလူမျိုးများအား ရှေ့ဆက်ဦးဆောင် မှုပြုသွားနိုင်ရန်အလို့ငှါ၊ မောရှေအား ဘုရားသခင်က ဤသို့အားပေးစကားဆိုခဲ့ခြင်းဖြစ်သည်။

## ခရစ်တော်၏ငြိမ်ဝပ်ခြင်းချမ်းသာ

မိမိ၏လူများတို့အား ခရစ်တော်ကတိထားတော်မူခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာအကြောင်းကို လေ့လာမှုပြုကြရာတွင်၊ ဤနေရာတွင် မှတ်တမ်းတင်ရေးသားထားသည့် ကတိတော်သည် မသဲ ၁၁း၂၈ တွင် မှတ်တမ်းတင်ထားသည့် ကတိတော်နှင့် တထပ်တည်းပင်ဖြစ်ကြောင်းကို ဆင်ခြင်သတိပြုသင့်ပါသည်။ ငြိမ်ဝပ်ခြင်းချမ်းသာကို မိမိလူတို့နှင့်အတူလိုက်ပါသွားခဲ့သည့် ဘုရားသခင်ကိုယ်တော်တိုင်၏မျက်မှောက်တော်၌သာ ကတိထားတော်မူခဲ့ပြီး၊ ၎င်းကို ထိုသခင်၏မျက်မှောက်တော်၌သာ တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် "ငါတို့နှင့်အတူရှိတော်မူသောဘုရား" (မသဲ ၁း၂၃) တည်းဟူသော၊ "ကပ်ကမ္ဘာကုန်သည့်တိုင် အောင်" (မသဲ ၂၈း၂၀) ငါတို့နှင့်အတူရှိတော်မူမည့် ယေရှုခရစ်တော်က၊ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါထံသို့ လာကြလော့၊ ငါသည်ချမ်းသာပေးမည်။"ဟု မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ တောထဲတွင် ဣသရေလလူတို့အား ပေးအပ်တော်မူခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် လူမျိုးနွယ်ခပ်သိမ်းတို့၌ ဘုရားသခင်ပေးတော်မူသည့် ငြိမ်ဝပ်ခြင်းချမ်းသာတို့မှာ အတူတူပင်ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်၏ထာဝရလက်ရုံးတော်တွင် မှီခိုနေရသော ငြိမ်ဝပ်ခြင်းမျိုးပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ပါးတည်းသောသားတော်သည် "ခမည်းတော် ၏ရင်ခွင်တော်၌ ရှိနေသောကြောင့်ဖြစ်သည်။" ယောဟန် ၁း၁၈။ "အမိသည် သားငယ်ကို နှစ်သိမ့် စေသကဲ့သို့၊ သင်တို့ကို ငါနှစ်သိမ့်စေမည်။" ဟေရှာယ ၆၆း၁၃။

သို့ဆိုရာတွင် ဘုရားသခင်သည် နေရာတိုင်းတွင် အမြဲတမ်းရှိနေခဲ့ပါသည်။ ယခုလည်း ရှိနေပါသည်။ ထိုသို့ဖြစ်လျှင် ငြိမ်ဝပ်ခြင်းချမ်းသာကို လူသတ္တဝါအားလုံးတို့က အဘယ့်ကြောင့်မရရှိနိုင်ကြရပါသနည်း။ အဖြေမှာရှင်းပါသည်။ လူသားတို့သည် ထိုသခင်ကိုယ်တော်တိုင်ကိုသာမက သူ၏တည်ရှိတော်မူခြင်းအဖြစ်ကိုပင် အသိအမှတ်မပြုပဲ နေနေကြသောကြောင့်ဖြစ်ပါသည်။ မိမိတို့ဘဝအသက်တာ၏ အမှုအရေးရှိရှိသမျှတို့တွင် ဘုရားသခင်အား ရှေ့တန်းတင်ကြရမည့်အစားတွင်၊ အများစုသောသူတို့သည် ဘုရားမရှိသည့်ပုံစံမျိုးဖြင့် အသက်ရှင်နေကြပါသည်။ "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကို ယုံကြည်ရမည်။" ဟေဗြဲ ၁၁း၆။ ဘုရားသခင်၏ အားရနှစ်သက်တော်မူခြင်း မပိုင်ဆိုင်နိုင်ရသည့်အကြောင်းအရင်းနှင့် ငြိမ်ဝပ်ခြင်းချမ်းသာကို ရှာမတွေ့နိုင်ကြရသည့်အကြောင်းအရင်းကား ဘုရားသခင်တည်ရှိကြောင်းကို မယုံကြည်နိုင်ကြသည့် လက်တွေ့ကျသောမယုံကြည်ခြင်းကြောင့်ပင်ဖြစ်သည်။

ဘုရားသခင် တည်ရှိတော်မူကြောင်းကို ကျွန်ုပ်တို့ အဘယ်သို့ သိရှိနိုင်ပါမည်နည်း။ မိမိအားမသိရှိကြသောသူများတို့၌ ဆင်ခြင်ပေးစရာမရှိစေခြင်းငှါ ဘုရားသခင်သည် မိမိ၏ မျက်မြင်မရသောအရာများဖြစ်ကြသည့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တို့ကို ဖန်ဆင်းထားတော်မူသောအရာများတို့တွင် ကမ္ဘာ

တည်သည့်ကာလမှစ၍ ထင်ရှားစေတော်မူခဲ့ပါသည်။ (ရောမ ၁း၂၀ ကိုကြည့်ရန်)။ ဘုရားသခင်သည် မိမိကိုယ်ကို ဖန်ဆင်းရှင်တစ်ပါးအနေဖြင့် ထင်ရှားစေတော်မူပါသည်။ သူသည်ဖန်ဆင်းရှင်ပင်ဖြစ်သည် ဆိုသည့်အချက်က သူသည်မိမိဘာသာဖြစ်တည်နေသောဘုရားပင်ဖြစ်ကြောင်းကို အမှတ်အသားပေးနေပြီး၊ မှားယွင်းသောဘုရားရှိသမျှတို့မှ သူ့အား ကွဲပြားခြားနားစေပါသည်။ “ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဘွယ် ဖြစ်တော်မူ၏။ ဘုရားတကာတို့ထက် ကြောက်ရွံ့ဘွယ်ဖြစ်တော်မူ၏။ တပါးအမျိုးသားတို့၏ ဘုရားရှိသမျှတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ ထာဝရဘုရားမူကား၊ မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူ၏။” ဆာလံ ၉၆း၄၊ ၅။ “ထာဝရဘုရားမူကား၊ မှန်သောဘုရား၊ အသက်ရှင်သောဘုရား၊ နိစ္စထာဝရဘုရင်ဖြစ်၏။... ကောင်းကင်နှင့်မြေကြီးကို မဖန်ဆင်းသောဘုရားတို့သည် ဤကောင်းကင်အောက်၊ ဤမြေကြီးပြင်မှ ကွယ်ပျောက်ကြလိမ့်မည်။ ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓာတ်ကို တည်တော်မူပြီ။ ဥာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။” ယေရမိ ၁၀း၁၀-၁၂။ “ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ၊ ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။” ဆာလံ ၁၂၁း၂။ “ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောထာဝရဘုရား၏နာမတော်အားဖြင့်၊ ငါတို့သည် မစခြင်းကျေးဇူးကို ခံရကြသတည်း။” ဆာလံ ၁၂၄း၈။ ငြိမ်ဝပ်ခြင်းချမ်းသာကို ဘုရားသခင်ကိုယ်တိုင်၌သာလျှင် ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပြီး၊ သူ၏ဖန်ဆင်းတော်ခြင်းလက်ရာများအားဖြင့်သာလျှင် ထိုသခင်ကိုယ်တော်တိုင်ကို အမှန်တကယ်လက်ခံသိကျွမ်းနိုင်မည်ဖြစ်သောကြောင့်၊ ကတိထားတော်မူရာ ထိုငြိမ်ဝပ်ခြင်းချမ်းသာသည် ဖန်ဆင်းခြင်းနှင့် အတော်လေးဆက်စပ်နေလျက်ရှိကြောင်း သက်သေထင်ရှားနေပါသည်။

## တသီးတခြားစီခွဲထားရန်မဖြစ်နိုင်သည့် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်

ကတိတော် ဆိုသည့်ခေါင်းစဉ်အောက်တွင် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့သည် အမြဲတမ်းဆက်စပ်နေကြသည်ဖြစ်ရာ ၎င်းတို့ကို တသီးတခြားခွဲထုတ်ထား၍မရနိုင်ပါချေ။ ဣသရေလလူတို့အားတောထဲတွင် ဆုံးမတော်မူခဲ့ရာတွင် ဘုရားသခင်အနေဖြင့် ထိုသူတို့၌ မိန့်မှာတော်မူခဲ့သည်ကား၊ “ယခုကာလ၊ ဤအရပ်၌ပြုသကဲ့သို့၊ ထိုအရပ်၌ လူတိုင်း ကိုယ်ဥာဏ်ကိုလိုက်၍ မပြုရကြ။ သင်တို့၏ဘုရားသခင် ထာဝရဘုရားပေးတော်မူသောအမွေခံရာ ချမ်းသာထဲသို့ သင်တို့သည်မဝင်ရကြသေး။ သင်တို့သည် ယော်ဒန်မြစ်တဘက်သို့ကူး၍၊ သင်တို့အမွေခံရာဘို့ သင်တို့၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်၌ နေကြသောအခါ၊ ရန်သူအပေါင်းတို့လက်မှသင်တို့ကိုကယ်နှုတ်တော်မူသဖြင့် ငြိမ်ဝပ်စွာနေကြသောအခါ၊ နာမတော်ကိုတည်စေဘို့ရာ၊ သင်တို့၏ဘုရားသခင်ထာဝရဘုရား ရွေးကောက်တော်မူသောအရပ်ရှိရမည်။” တရားဟောရာကျမ်း ၁၂း၈-၁၆။ ထို့ကြောင့် ယော်ဒန်မြစ်အရှေ့ဘက်အခြမ်းတွင် နေရာကျသောအမျိုးအနွယ်တို့အား မောရှေမှာ ကြားခဲ့လေသည်ကား၊ “သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် ဤမြေကို သင်တို့အား အပိုင်ပေးတော်မူပြီ။ သို့ရာတွင် စစ်တိုက်တတ်သောသူအပေါင်းတို့သည် လက်နက်ကိုကိုင်၍၊ သင်တို့ညီအစ်ကို ဣသရေလအမျိုး သားတို့ရှေ့မှာ ကူးသွားရကြမည်။ ထာဝရဘုရားသည် သင်တို့အား ချမ်းသာပေးတော်မူသည်နည်းတူ၊ ညီအစ်ကိုတို့အား ပေးတော်မမူမှီတိုင်အောင်၎င်း၊ ယော်ဒန်မြစ်တဘက်၌ သင်တို့၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောမြေကို သူတို့သည် မသိမ်းမယူမှီတိုင်အောင်၎င်း၊ သင်တို့မယား၊ သားသူငယ်များ၊ တိရစ္ဆာန်များတို့သည် ငါပေးသောမြို့တို့၌နေရကြမည်။” တရားဟောရာကျမ်း ၃း၁၈-၁၉။ အကယ်စင်စစ်၊ ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့သည် တစ်ခုတည်းသာဖြစ်နေပါသည်။ ကျွန်ုပ်တို့ခံရမည့် အမွေတော်ကား၊ အပြစ်တရားက ယူဆောင်လာခဲ့သည့် ပင်ပန်းနွမ်းနယ်ခြင်းနေရာအစားတွင် ဝင်ရောက်လာခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပေလိမ့်မည်။ “ငါတို့နှင့်အတူ ရှိတော်မူသောဘုရား”တည်းဟူသော ယေရှုခရစ်၌

ကျွန်ုပ်တို့ သည် ငြိမ်ဝပ်ခြင်းချမ်းသာကို တွေ့ရှိကြရပြီး၊ "မိမိစေတနာ၏အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သော သူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။" ပိုင်ထိုက်တော်မူသောသူတို့သည် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဤအမွေတော်၏ အဦးသီးသောအသီးအနှံဖြစ်တော်မူပါသည်။ "ထာဝရဘုရားသည် ငါအမွေခံရာအဘို့ ဖြစ်တော်မူ၏။" ဆာလံ ၁၆း၅။ သူသည် ကျွန်ုပ်တို့၏ငြိမ်ဝပ်ခြင်းချမ်းသာနှင့် ကျွန်ုပ်တို့၏အမွေတော်ပင်ဖြစ်ပေသည်။ သူ့အား ပိုင်ဆိုင်လိုက်သောအခါတွင် ကျွန်ုပ်တို့ သည် ခပ်သိမ်းသောအရာတို့ကို ပိုင်ဆိုင်ကြရလေတော့သည်။

ဣသရေလလူတို့သည် ကတိထားတော်မူရာပြည်တွင် ရောက်ရှိနေကြကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်လာခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ထိုပြည်နှင့် ငြိမ်ဝပ်ခြင်းချမ်းသာတို့ကို သူတို့ပိုင်ဆိုင်ခဲ့ရကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ယောရှု၏ခေတ်ကာလတွင်တည်ရှိခဲ့သော အမှန်တရားနှင့်စပ်ဆိုင်သည့်တင်ပြထားချက်ကို ကျွန်ုပ်တို့က အောက်ပါအတိုင်း ဖတ်ရှုတွေ့မြင်နေရသောကြောင့်ဖြစ်သည်။...

"ထာဝရဘုရားကလည်း၊ ငါပေးမည်ဟု ဘိုးဘေးတို့အားကျိန်ဆိုတော်မူသော ပြည်ရှိသမျှကို ဣသရေလအမျိုးသားတို့အား ပေးတော်မူသဖြင့်၊ သူတို့သည် သိမ်းယူ၍ နေရာကျကြ၏။ ဘိုးဘေးတို့အားကျိန်ဆိုတော်မူသမျှအတိုင်း၊ ပတ်ဝန်းကျင်အရပ်တို့၌ ငြိမ်ဝပ်ရာအခွင့်ကို ပေးတော်မူသဖြင့်၊ သူတို့ရှေ့မှာ အဘယ်ရန်သူမျှမရပ်နိုင်။ ရန်သူအပေါင်းတို့ကို သူတို့လက်သို့အပ်တော်မူ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးအဘို့ မိန့်တော်မူသောကောင်းကျိုးတစုံတပါးမျှမလျော့၊ ရှိသမျှတို့သည် ပြည့်စုံကြ၏။" ယောရှုမှတ်စာ ၂၁း၄၃-၄၅။

## ဘုရားသခင်၏ သစ္စာတည်တော်မူခြင်းအကြောင်းကို ယောရှုကြွေးကြော်ခဲ့ခြင်း

သို့ရာတွင်၊ ကျွန်ုပ်တို့၏လေ့လာမှုကို ဤနေရာ၌သာ ရပ်တန့်ထားခဲ့ကြမည်ဆိုလျှင် ကြီးမားသည့်မှားယွင်းမှုကြီးတစ်ခုထဲသို့ ကျွန်ုပ်တို့ကျရောက်သွားရကြလိမ့်မည်ဖြစ်သည်။ အခန်းကြီး ၂၂ကို ကျော်လွန်ခဲ့သည်နောက် အခန်းကြီး ၂၃တွင်၊ ဣသရေလ "အမျိုးသားအပေါင်း" နှင့်တကွ အသက်ကြီးသူများ၊ တရားသူကြီးများ နှင့် အခြားသူများတို့အား မိန့်ကြားပေးခဲ့သည့် ယောရှုမိန့်မှာစကားကို တွေ့ရှိရပါသည်။ ထိုသို့မိန့်ကြားခဲ့သည့်အချိန်ကား၊ "ထာဝရဘုရားသည် ပတ်ဝန်းကျင်၌နေသော ရန်သူအပေါင်းတို့လက်မှ ဣသရေလအမျိုးကို ကယ်လွှတ်၍၊ ငြိမ်သက်ခြင်းအခွင့်ကို ကြာမြင့်စွာသော ကာလပတ်လုံးပေးတော်မူပြီး" သည့်နောက်ပိုင်းအချိန်တွင်မှ မိန့်ကြားခဲ့ခြင်းဖြစ်သည်။ မိမိတို့အဖို့ ဘုရားသခင်ပြုတော်မူခဲ့သည့်အရာများအကြောင်းတို့ကို သူတို့အား ပြန်လည်အမှတ်ရလာစေခဲ့ပြီးသည့်နောက်တွင်၊ ယောရှုက၊ -

"ယော်ဒန်မြစ်မှစ၍ အနောက်ပင်လယ်ကြီးတိုင်အောင်၊ ငါပယ်ရှင်းသမျှသောလူမျိုးတို့နှင့်တကွ ကြွင်းသေးသော ဤလူမျိုးနေသောပြည်ကို သင်တို့အမျိုးများ အမွေခံစရာဘို့ စာရေးတံချ၍ ငါဝေဖန်ပြီ။ သင်တို့၏ ဘုရားသခင်ထာဝရဘုရားကတိတော်ရှိသည်အတိုင်း၊ ဤလူမျိုးတို့ကို နှင်ထုတ်၍ သင်တို့မမြင်ရအောင် သုတ်သင်ပယ်ရှင်းတော်မူသဖြင့်၊ သူတို့၏မြေကို သင်တို့သည်အပိုင်ရကြလိမ့်မည်။ သို့ဖြစ်၍ သင်တို့သည် မောရှေ၏ပညတ္တိကျမ်းစာလမ်းမှ လက်ျာဘက် ဘက်ဝဲဘက်သို့မလွှဲဘဲ၊ ပါသမျှအတိုင်း ကျင့်စောင့်ခြင်းငှါ၎င်း၊ သင်တို့တွင် ကြွင်းသေးသော ဤလူမျိုးနှင့်မပေါင်းဘော်၊ သူတို့ဘုရား၏နာမကို မြွက်၍ မကျိန်ဆို၊ ဝတ်မပြု ဦးမညွှတ်ဘဲ၊ ယနေ့တိုင်အောင်ကျင့်သကဲ့သို့၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရား၌ ဆည်းကပ်မှီဝဲခြင်းငှါ၎င်း၊ အလွန်ရဲရင့်သောစိတ်ရှိကြလော့။ အကြောင်းမူကား၊ ကြီးမား၍ ခွန်အားနှင့်ပြည့်စုံသော လူမျိုးတို့ကို ထာဝရဘုရားသည် သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်၊ ယနေ့တိုင်အောင် သင်တို့ရှေ့၌ အဘယ်သူမျှမရပ်နိုင်။ သင်တို့တယောက်သော်လည်း အခြားသောသူတထောင်ကို ပြေးစေလိမ့်မည်။ အကြောင်းမူကား၊ သင်တို့၏ဘုရား

သခင်ထာဝရဘုရားသည် ကတိတော်ရှိသည်အတိုင်း သင်တို့ဘက်၌ စစ်တိုက်တော်မူ၏။ သို့ဖြစ်၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားကိုချစ်ခြင်းငှါ ကိုယ်စိတ်နှလုံးကို သတိပြုကြလော့။ သို့မဟုတ် သင်တို့သည် ရွေ့ လျော့၍၊ သင်တို့တွင် ကျန်ကြွင်းသေးသော ဤလူမျိုးတို့၌ မှီဝဲလျက်၊ ထိမ်းမြားပေးစား၍ ပေါင်းဘော်ဆက်ဆံ ခြင်းရှိလျှင်၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် နောက်တဖန် ဤလူမျိုးတို့ကို သင်တို့ရှေ့မှ နှင်ထုတ် တော်မမူ။ သင်တို့၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူ၍ ကောင်းမွန်သောဤပြည်၌ သင်တို့သည် မ ပျောက်မပျက်မှီတိုင်အောင် သူတို့သည် သင်တို့၌ ကျော့ကွင်း၊ ထောင်ချောက်၊ သင်တို့ နံစောင်၌ နှင်တံ၊ သင် တို့မျက်စိ၌ ဆူး ဖြစ်ကြလိမ့်မည်အကြောင်းကို ကေန်အမှန် သိမှတ်ကြလော့။ ငါသော်ကား၊ မြေသားအပေါင်း တို့သွားရာလမ်းသို့ ယနေ့သွားလုပြီ။ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် သင်တို့အဘို့ မိန့်တော်မူသော ကောင်းကျိုးတစုံတပါးမျှမယုတ်မလျော့၊ အကုန်အစင်ပြည့်စုံကြောင်းကို သင်တို့သည် စိတ်နှလုံးထဲမှာ သိကြ ၏။ သင်တို့၏ဘုရားသခင်ထာဝရဘုရား ကတိတော်ရှိသည်အတိုင်း၊ ကောင်းကျိုးအပေါင်းတို့သည် သင်တို့အ ပေါ်၌ ရောက်သကဲ့သို့၊ ထိုအတူ သင်တို့၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသော ဤကောင်းမွန်သော ပြည်မှ သင်တို့ကို သုတ်သင်ပယ်ရှင်းတော်မမူမှီတိုင်အောင်၊ ထာဝရဘုရားသည် သင်တို့အပေါ်၌ ဘေးဥပဒ်အ ပေါင်းတို့ကို ရောက်စေတော်မူမည်။" ယောရှုမှတ်စာ ၂၃း၄-၁၅။

## ယုံကြည်ခြင်းရှိမှသာ ငြိမ်ဝပ်ခြင်းချမ်းသာအတွက် အာမခံချက်ရှိမည်၊

အမွေတော်ဆိုသည်မှာ ကတိထားတော်မူသည့် ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပါသည် ဆိုသည့် အချက်ကို ထောက်ပြထားသည့် သာ၍များပြားသောသက်သေများတို့ကို အထက်ဖေါ်ပြပါ ကျမ်းပိုဒ်ကြီးမှ ထပ်မံတွေ့ရှိရပြန်ပါသည်။ ဘုရားသခင်သည် ဣသရေလလူတို့အား ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးထားတော်မူခဲ့ ပြီးဖြစ်ကြောင်းနှင့် ထိုသို့ပေးခဲ့ပြီးသည့်နောက်ပိုင်း နှစ်ပေါင်းများစွာကြာညောင်းလာခဲ့သည့် အခါတွင်မှ အ ထက်ပါကျမ်းပိုဒ်တွင်ပါရှိသော မှာကြားချက်စကား ပေါ်ပေါက်ခဲ့ကြောင်းကို ကျွန်ုပ်တို့အား ရှင်းလင်းစွာ တင်ပြ ထားပေးပါသည်။ ငြိမ်ဝပ်ခြင်းချမ်းသာကို သေချာပေါက်ရရှိနိုင်ကြဖို့ရန်အတွက်နှင့် ထိုပြည်တွင်နေထိုင်နေကြ ဆဲဖြစ်သော ရန်သူများတို့ကို နှင်ထုတ်ပေးနိုင်ဖို့ရန်အတွက် ဣသရေလလူတို့တွင်ရှိနေရမည့် အခြေအနေများ အကြောင်းကို ထိုမှာကြားချက်စကားတွင် ပြောဆိုတင်ပြထားပါသည်။ အရာအားလုံးတို့သည် ဣသရေလလူ မျိုးများ ဘုရားသခင်အပေါ် သစ္စာရှိခြင်း၊ မရှိခြင်း၌သာ မူတည်နေခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အား ဆည်းကပ်ကိုးကွယ်ခြင်းအမှုကိုစွန့်၍၊ အခြားသောဘုရားများတို့၏နောက်သို့ လိုက်ခဲ့ကြမည်ဆိုလျှင်၊ ဘုရား သခင်သည် ထိုပြည်၌ကြွင်းကျန်ရစ်သောလူမျိုးတို့ကို သူတို့ရှေ့မှ နှင်ထုတ်ပေးတော်မမူပဲ ထိုလူမျိုးတို့သည် သူတို့အား အစဥ်မပြတ်ဒုက္ခပေးနေမည်ဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် ဘုရားသခင်သည် သူတို့ (ဣသရေ လ)ကို သူတို့အားပေးတော်မူခဲ့သည့်ပြည်မှ သုတ်သင်ပါယ်ရှင်းတော်မူမည်ဖြစ်ကြောင်းကို ဣသရေလလူများ အနေဖြင့် သိရှိခွင့်ရှိထားခဲ့ပါသည်။

ယခုအခါတွင် ထိုရန်သူများတို့သည် ပြည်ပေါ်တွင်ကျန်ရစ်နေဆဲဖြစ်ပြီး၊ သူတို့အနေဖြင့် နှင်ထုတ် ခြင်းခံရမည့်အစားတွင် ဣသရေလလူမျိုးများကိုပင် ပြန်ပြီးနှင်ထုတ်နိုင်သည့် ထိုသို့သောအခြေအနေမျိုးတွင်၊ ဣသရေလလူမျိုးတို့သည် ရန်သူအပေါင်းတို့၏ရန်မှ ကင်းဝေးပြီး ငြိမ်ဝပ်ခြင်းချမ်းသာကို ရရှိမည်ဖြစ်ကာ ထို ပြည်ကိုပိုင်ဆိုင်ကြရမည်ဟု အဘယ်သို့ဆိုနိုင်ပါမည်နည်း။ ထိုမေးခွန်းအတွက်အဖြေကို သမ္မာကျမ်းစာက ပြန်လည်ဖြေကြားပေးထားပါသည်။ သာဓကအနေဖြင့်၊ ဣသရေလအမျိုးသားတို့နှင့်မဟာမိတ်ဖွဲ့ထားသော ဂိ ဘောင်အမျိုးသားတို့အား အာမောရိရှင်ဘုရင်တို့က ခြိမ်းခြောက်လာကြသောအခါတွင်၊ ယောရှုအား ဘုရား သခင်က "သူတို့ကို မကြောက်နှင့်။ သင်၏လက်၌ငါအပ်မည်။" ဟု မိန့်တော်မူခဲ့သည့်ဖြစ်ရပ်ကိုပြန်လည်သုံး သပ်ကြည့်ကြပါစို့။ ယေရှုမှတ်စာ ၁၀း၈။ ထိုအခါ ယောရှု ဘာလုပ်ခဲ့ပါသနည်း။ ထိုအခါ ယောရှုသည်ချီသွား

ပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ "သူတို့သည် ကျွန်ုပ်၏လက်ထဲတွင် ရှိမနေသည့်အတွက်ကြောင့်၊ သူတို့ကို ကျွန်ုပ်၏လက်၌အပ်မည်ဟုမိန့်ကြားခဲ့သည့်စကားတော်အတွက် မည်သည့်သက်သေအထောက်အထားကိုမျှ ကျွန်ုပ်မတွေ့မြင်ရပါ။" ဟု သံသယစိတ်ဝင်လျက် ယောရှုအနေဖြင့် မပြောဆိုခဲ့ပါချေ။ "ဘုရားသခင်သည် ထိုသူတို့ကို ကျွန်ုပ်၏လက်တွင် အပ်ပေးတော်မူပြီးဖြစ်သည့်အတွက်ကြောင့်၊ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏တပ်အင်အားကို ပြန်ရုတ်သိမ်းလျက် သက်သောင့်သက်သာနေနိုင်ပါသည်။" ဟူ၍လည်း မိုက်မဲစွာဖြင့် ယောရှုမပြောဆိုခဲ့ပါချေ။ သူ့အား ဘုရားသခင်က အောင်မြင်ခြင်းအခွင့်ကို ပေးတော်မူခဲ့ပြီးသည့်နောက်ပိုင်းအချိန်၌ပင် ထိုသို့သောစကားမျိုးကို ယောရှု မပြောဆိုခဲ့ပါချေ။ မိမိသည် ဘုရားသခင်မိန့်တော်မူသောစကားတို့အားအမှန်တကယ်ပင်ယုံကြည်ကြောင်းကို ယောရှုသည် မိမိ၏လုပ်ဆောင်မှုအားဖြင့် ပြသသွားခဲ့ပါသည်။ ယုံကြည်ခြင်း ဟူသည်မှာ အလုပ်လုပ်ပြီး ဆက်လက်၍လည်း အလုပ်လုပ်နေတတ်ပါသည်။

ထို့နည်းတူစွာပင် မြင့်မားပြီးခိုင်ခံ့မှုရှိသည့် ယေရိခေါမြို့၏မြို့တံတိုင်းများတို့နှင့် မြို့တံခါးများတို့၏အပြင်အခြမ်းတွင် ဣသရေလလူမျိုးများ မိုးတိုးမတ်တပ်ဖြင့် နေခဲ့ကြရစဉ်အချိန်အတောအတွင်း၌ ဘုရားသခင်သည် မိမိတို့အား အောင်မြင်ခြင်းအခွင့်ကိုပေးတော်မူပြီး ဆိုသည့်စကားသံကို သူတို့ကြားခဲ့ကြရပါသည်။ ဘုရားသခင်သည် သူတို့အား အောင်မြင်ခြင်းအခွင့်ကို ပေးထားပြီးသားဆိုသော်ငြားလည်း အရာအားလုံးတို့သည် သူတို့အပေါ်၌သာ မူတည်နေခဲ့ပါသည်။ ကျယ်သောအသံနှင့်ကြွေးကြော်ဖို့ရန်အတွက် ဣသရေလ လူတို့အနေဖြင့် ငြင်းပယ်ခဲ့ကြမည်ဆိုလျှင် အောင်မြင်ခြင်းကို သူတို့အနေဖြင့် ဘယ်သောအခါတွင်မျှ တွေ့မြင်ခဲ့ရလိမ့်မည်မဟုတ်ပါချေ။

ကျွန်ုပ်တို့သည် ယေရှုခရစ်အားဖြင့် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့ကို ရရှိကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ထိုယေရှုခရစ်နှင့်ဆက်ဆံသောသူများ ဖြစ်လာနိုင်ဖို့ရန်အတွက်ဆိုလျှင်၊ ကျွန်ုပ်တို့သည် "စိတ်စွဲလမ်းခြင်းကို အစပြုသကဲ့သို့ အဆုံးတိုင်အောင် တည်ကြည်" ရကြပါမည်။ ဟေဗြဲ ၃း၁၄။ ယေရှုက၊ "သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်။ ငါသည် လောကကိုအောင်ပြီ" ဟု မိန့်တော်မူခဲ့ပါသည်။ ဆင်းရဲဒုက္ခများအလယ်တွင် ငြိမ်သက်ခြင်းရှိနိုင်ပါမည်လော။ မှန်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် "လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။" ဟု ခရစ်တော် မိန့်ထားတော်မူသောကြောင့်ဖြစ်သည်။ ဤအချက်ကို မှတ်သားထားပါ။ ဒုက္ခဆင်းရဲခြင်းကို ကြုံရမည်။ သို့သော် ဒုက္ခဆင်းရဲခြင်းမခံရပါ။ အန္တရာယ်များဝန်းရံထားကြသည့် အလယ်တွင်ရှိနေရလိမ့်မည်။ သို့သော် ကြောက်ရွံ့ခြင်းမရှိရပါ။ စစ်ပွဲများနှင့်ကြုံဆုံရမည်။ သို့သော် စုံလင်သောငြိမ်သက်ခြင်းဖြင့် ရှိနေရလိမ့်မည်။ အကယ်စင်စစ် ငြိမ်သက်ခြင်းကိုပေးတော်မူရာတွင် ဘုရားသခင်သည် လောကကပေးသည့်ပုံစံနှင့် လုံးဝကွဲပြားခြားနားသည့်ပုံစံမျိုးဖြင့် ပေးသနားတော်မူခဲ့ပါသည်။

## စစ်မှုထမ်းရသောအချိန်စေ့ပြီး။

ဣသရေလလူမျိုးများ အခက်ထန်ဆုံးသောအတွေ့အကြုံများတို့ကို ဖြတ်သန်းသွားနေကြရသည့် အချိန်တွင် ပရောဖက်ဟေရှာယမှတဆင့် သူတို့ထံသို့ရောက်ရှိလာခဲ့သည် သတင်းစကားကို သင့်အနေဖြင့် နားဆင်ကြည့်လိုက်ပါ။ ထိုသတင်းစကားသည် ထိုခေတ်ကာလတွင်အသက်ရှင်ခဲ့ကြသောသူများအတွက် ဖြစ်သည်ထက်၊ ကျွန်ုပ်တို့အတွက်ပင်ဖြစ်နေပါသည်။ "ငါ၏လူတို့ကို နှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။ စစ်မှုကိုထမ်းရသောအချိန်စေ့ပြီ။ သင်၏အပြစ်လည်းဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်စေသောစကားကိုပြော၍ ကြွေးကြော်ကြလော့။" ဟေရှာယ ၄၀း၁၊၂။ ကြီးမားသော အာမခံချက်ကြီးပါတကား။ စစ်မှုထမ်းရသောအချိန်စေ့ပြီး။ စစ်ပွဲလည်းချုပ်ငြိမ်းသွားချေပြီး။ အောင်မြင်မှုကိုလည်း ဆွတ်ခူးနိုင်ခဲ့လေပြီး။ သို့ဆိုလျှင် ကျွန်ုပ်တို့သည်သွား၍ လုံခြုံစွာအိပ်စက်နားနေနိုင်ပြီးဟု မှတ်ယူကြရပါမည်လော။ ထိုသို့မမှတ်ယူရပါချေ။

ကျွန်ုပ်တို့သည် နိုးကြားနေကြရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အဖို့ ဘုရားသခင်အောင်နိုင်ပေးတော်မူခဲ့သော အောင်မြင်ခြင်းကို အကျိုးဖြစ်ထွန်းစေရကြပါမည်။ တိုက်လှန်ပွဲကြီးသည် အထွဋ်အမြတ်တို့နှင့်သော်၎င်း၊ အာဏာစက်တို့နှင့်သော်၎င်း တိုက်လှန်ရသည့် တိုက်လှန်ပွဲမျိုးပင်ဖြစ်သည် (ဧဖက် ၆း၁၂)၊ သို့သော် ယေရှုခရစ်သည် "အထွဋ်အမြတ်နှင့် အာဏာစက်တို့ကို" ပါယ်ရှင်းတော်မူလိုက်ခြင်းအားဖြင့်၊ ၎င်းတို့အား အောင်နိုင်တော်မူပြီး ဖြစ်ကြောင်းကို ထင်ရှားစွာပြတော်မူပြီးဖြစ်ပါသည်။ (ကောလောသဲ ၂း၁၅)။ "ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့အထက်၊ အလွန်မြင့်မြတ်သော" ကောင်းကင်ဘုံအရပ်တွင် စိုးစံဖို့ရန်အတွက် ကိုယ်တော်ထမြောက်တော်မူခဲ့ပြီးဖြစ်ပါသည်။ (ဧဖက် ၁း၂၁)။ ၎င်းအပြင် ထိုခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့ထက် အလွန်မြင့်မြတ်သောကောင်းကင် အရပ်တွင်ရှိသည့်နေရာများတို့တွင် ထိုခရစ်တော်နှင့်အတူ ကျွန်ုပ်တို့စိုးစံနိုင်ကြဖို့ရန်အတွက်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ထိုခရစ်တော်နှင့်အတူတကွ ထမြောက်စေတော်မူပြီးဖြစ်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် "ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား။" ဟု မိမိတို့၏စိတ်နှလုံးသားထဲကနေမှ သေချာပေါက် ချီးမွမ်းရေရွတ်နိုင်ကြပြီး ဖြစ်ပါသည်။

## ဆာလံသီချင်းထဲမှရရှိသောသင်ခန်းစာများ

ခါငှက်တစ်ကောင်ကဲ့သို့ တောင်များပေါ်တွင် လိုက်လံချောင်းမြောင်းပစ်ခတ်ခြင်းခံခဲ့ရစဉ်အခါက၊ ဒါဝိဒ်သည် ဤအောင်မြင်ခြင်းအကြောင်းကို နားလည်သဘောပေါက်ထားခဲ့ပြီး၊ ၎င်းအောင်မြင်မှုအတွက် ဝမ်းမြောက်ခဲ့နေရပါသည်။ ဇိဖါတောအုပ်တွင်ရှိသော လှိုဏ်ဂူကြီးတစ်ခုထဲတွင် ဒါဝိဒ် ပုန်းအောင်းနေခဲ့သည့်တနေ့သောအခါတွင် ဇိဖါပြည်သားတို့သည် ရှောလုမင်းအား ဒါဝိဒ်ပုန်းအောင်းနေသည့်နေရာအကြောင်းကို သစ္စာမဲ့စွာဖြင့် အောက်ပါအတိုင်း ကြားပြောခဲ့ကြပါသည်။ "အရှင်မင်းကြီးကြွချင်သော စိတ်အားကြီးသည်အတိုင်းကြွတော်မူပါ။ ထိုသူကို အရှင်မင်းကြီး လက်တော်သို့အပ်သောအမှုသည် ကျွန်တော်တို့တာရှိပါစေ။" ၁ဓမ္မ ၂၃း၁၅-၂၀။ သို့ရာတွင် ထိုသို့သောအချိန်တွင်၊ ထိုအကြောင်းအရာအားလုံးတို့ကို သိနေခဲ့သည့် ဒါဝိဒ်က မိမိ၏စောင်းကိုယူလျက် ဆာလံသီချင်းတစ်ပုဒ်ကို ဤသို့စပ်ဆိုခဲ့လိုက်ပါသည်။ "အကျွန်ုပ်သည်လည်း၊ စေတနာစိတ်နှင့် ကိုယ်တော်အား ယဇ်ပူဇော်ပါမည်။ အိုထာဝရဘုရား၊ နာမတော်ကိုချီးမွမ်းပါမည်။ အကြောင်းမူကား၊ ကောင်းမြတ်တော်မူ၏။ အကျွန်ုပ်ကို ခပ်သိမ်းသောဒုက္ခထဲက ကယ်နှုတ်တော်မူ၏။" ဆာလံ ၅၄း၆၊ ၇။ ဆာလံကျမ်း၏စကားချီအပါအဝင် ၎င်းကျမ်းတစ်ခုလုံးကိုပါ ဖတ်ရှုလိုက်ပါ။ "ငါတဘက်၌ တပ်ချကြသော်လည်း၊ ငါ့နှလုံး မကြောက်တတ်။ စစ်ချီ၍လာကြသော်လည်း၊ ထိုအမှုတွင်ပင် တည်ကြည်သော စိတ်ရှိလိမ့်မည်။" ဆာလံ ၂၇း၃။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းအကြောင်းနှင့် အောင်မြင်ခြင်းအကြောင်းတို့ကို ထည့်သွင်းဖော်ပြထားသောအခန်းတစ်ခန်းဖြစ်သည့် ဆာလံကျမ်းအခန်းကြီး ၃ ကို ဒါဝိဒ်မင်းက မိမိ၏ရာဇပလ္လင်ကိုချန်ထားစွန့်ခွါပြီး၊ မိမိ၏သားအဗရှလုံ၏ရန်မှ ရှောင်တိမ်းနေခဲ့စဉ်အတောအတွင်းတွင် ရေးသားထားခဲ့ပါသည်။ ထို့ကြောင့် ဆာလံ၂၃ တွင်ဖော်ပြထားသော "အကျွန်ုပ်၏ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကိုခင်းတော်မူ၏။ အကျွန်ုပ်ခေါင်းကိုဆီနှင့်လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။" ဆိုသည့် ကျမ်းစကား၏နောက်ကွယ်တွင် အကြောင်းအရာတစ်ခုရှိနေကြောင်းကို ကျွန်ုပ်တို့အနေဖြင့် သင်ယူထားမိဖို့လိုပါသည်။

## အားကြီးသောသူသည် အောင်နိုင်လေပြီး

လောကကို အောင်ခြင်းအကြောင်းကား ကျွန်ုပ်တို့၏ ယုံကြည်ခြင်းပေတည်း။ အင်အားကြီးသောသူတည်းဟူသော ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကိုဖိနှိပ်သောကျွန်ုပ်တို့၏ရန်သူတည်းဟူသော အားကြီးသောသူထံသို့ရောက်ရှိလာပြီး၊ ထိုသူကိုအနိုင်ယူပစ်လိုက်ကာ၊ ထိုသူအနေဖြင့် အားကိုးအားထားပြုနေရသော လက်နက်ဟူသမျှတို့ကိုလည်း သူ၏လက်မှ နှုတ်ယူသွားတော်မူပြီးဖြစ်ပါသည်။ ထို့ကြောင့် လက်ချည်းဗလာဖြစ်နေသော ရှုံးနိမ့်ထားပြီးသားဖြစ်သောသူကိုသာ ကျွန်ုပ်တို့က တိုက်ခိုက်နေကြရခြင်းဖြစ်သည်။ ဤအချက်ကို ကျွန်ုပ်တို့အနေဖြင့် နားလည်သဘောပေါက်ပြီး၊ စိတ်ထဲတွင်စွဲမှတ်ထားနိုင်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုသူအား ရှုံးနိမ့်နေကြရသည့်အကြောင်းအရင်းကား၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကင်းမဲ့နေကြပြီး၊ အထက်ပါဖော်ပြထားသည့်အချက်ကို မသိရှိကြသည့်အတွက်ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအချက်ကိုသိရှိထားပြီး၊ ပြန်လည်အောက်မေ့သတိရနေကြမည်ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ဘယ်သောအခါတွင်မျှ ရှုံးနိမ့်ကြလိမ့်မည်မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် အင်အားမရှိ၊ လက်နက်မရှိသောရန်သူတစ်ယောက်၏ သိမ်းသွားခြင်းကို ခံဖို့ရန်အတွက် မိမိကိုယ်ကိုခွင့်ပြုလိုက်သည့်လူလောက် မိုက်ရူးရဲဆန်သောသူဟူ၍ မရှိသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားဖြင့် ဖမ်းဆုပ်မထားခဲ့မိကြသည့် ဘုရားပေးကောင်းကြီးမင်္ဂလာ မည်၍မည်မျှတို့ကို ကျွန်ုပ်တို့လက်လွတ်သွားခဲ့ရပါသနည်း။ ကျွန်ုပ်တို့၌ ပေးထားတော်မူသည့် ကောင်းကြီးမင်္ဂလာသည် မည်မျှ များပြားပါသနည်း။ “ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။” “ထိုသို့နှင့်အညီ ငါတို့ကိုဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသောဘုရားကို သိသောဉာဏ်အားဖြင့်၊ ငါတို့အားအသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ။” ၂ပေ ၁း၃။ သို့ရာတွင် ကျွန်ုပ်တို့သည် ခပ်သိမ်းအရာတို့ကို ပိုင်ဆိုင်ထားနေကြသည်ဆိုသော်ငြားလည်း (၁ကော ၃း၂၁) ကျွန်ုပ်တို့၌ ဘာမျှမပိုင်ဆိုင်ကြသည့် ပုံစံမျိုးဖြင့် အသက်ရှင်လျှောက်လှမ်းနေကြပါသည်။ တစ်ခါက ဘာသာရေးခေါင်းဆောင်၊ အသင်းတော်ခေါင်းဆောင်တစ်ဦးရှိခဲ့ပါသည်။ သူ့အား အထက်ပါ သုံးနှုန်းထားသည့်ကျမ်းချက်များတို့နှင့် အားပေးစကားပြောလိုက်သောအခါတွင်၊ သူက “ဤအရာခပ်သိမ်းတို့ကို ကျွန်ုပ်အား ဘုရားသခင်ပေးသည်မှန်လျှင်၊ ထိုအရာတို့ကို ကျွန်ုပ်အဘယ်ကြောင့် မပိုင်ဆိုင်ရသနည်း။” ဟု ပြန်ပြီးမေးခွန်းထုတ်ခဲ့ပါသည်။ ဤမေးခွန်းကို မိမိ၏ကိုယ်ပိုင်အတွေ့အကြုံမှဖြစ်ပေါ်လာသော မေးခွန်းတစ်ခုအနေဖြင့် မြောက်များစွာသောသူများတို့က ဖတ်ရှုသွားကြမည်မှာ မလွဲကေန်ပေ။ ထိုမေးခွန်းအတွက် ပြန်ပေးခဲ့သည့်အဖြေမှာ၊ ထိုသို့ဖြစ်ရခြင်းအကြောင်းကား ထိုအရာတို့ကို ဘုရားသခင်က မိမိအား ပေးထားခဲ့ပြီးဖြစ်ကြောင်းကို မေးခွန်းရှင်က မယုံကြည်သည့်အတွက်ကြောင့်ဖြစ်သည်။ ထိုအရာများတို့ကို မိမိအနေဖြင့်ပိုင်ဆိုင်နေရပြီးဆိုသည့်ခံစားမှုမျိုးကို သူသည် မခံစားခဲ့မိပါချေ။ ထို့ကြောင့် ထိုအရာများတို့ကို မိမိအနေဖြင့်ပိုင်ဆိုင်နေပြီးဖြစ်ကြောင်းကို သူ့အနေဖြင့် မယုံကြည်နိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်စင်စစ်၊ ထိုအရာများတို့ကို ယုံကြည်ခြင်းအားဖြင့်သာ ဆုပ်ကိုင်ထားနိုင်လိမ့်မည်ဖြစ်သည်။ လူသားတစ်ယောက်အနေနှင့် မိမိကိုယ်တိုင်တို့ထိစမ်းသပ်မှုမပြုလိုက်သည့်အရာတစ်ကို ခံစားတွေ့ထိနိုင်ရန်မှာ လုံးဝမဖြစ်နိုင်ပါချေ။ သံသယ၊ အမြင်နှင့် ခံစားမှုတို့မည်သည်ကား အောင်ခြင်းအကြောင်းမဟုတ်။ အောင်ခြင်းအကြောင်းကား ယုံကြည်ခြင်းပေတည်း။

## ၃၉။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ကတိထားတော်မူသည့်ငြိမ်ဝပ်ခြင်း ချမ်းသာ (အပိုင်း ၂)
## ယနေ့အတွက်သမ္မာတရား၊ ဇန်နဝါရီ ၂၁၊ ၁၈၉၇

ပြည်တော်ကို ဣသရေလလူမျိုးများပိုင်ဆိုင်ခဲ့ရပါသည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော် တစ်ခွန်းတစ်လေမျှ မပြည့်စုံပဲမရှိခဲ့ပါချေ။ မိမိကိုယ်တော်တိုင်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ထိုသူတို့အား ကိုယ်တော်ပေးသနားထားတော်မူခဲ့ပါသည်။ သို့ရာတွင် အံ့ဖွယ်ရာထိုဆုကျေးဇူးတော်ကို သူတို့မလိုလားခဲ့ကြပါချေ။ ဤသို့ဖြင့် သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့ခံယူခဲ့ကြလေတော့သည်။

ယောရှုအသက်ရှိထင်ရှားခဲ့စဉ် အချိန်အတောအတွင်းတွင် သူတို့သည်အမည်အားဖြင့် ဘုရားသခင်အပေါ်သစ္စာရှိခဲ့ကြပါသေးသည်။ သို့ရာတွင် ယောရှုကွယ်လွန်သွားခဲ့သည့်အခါတွင်မူ၊ “ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍ ဗာလဘုရားတို့ကို ဝတ်ပြုကြ၏။ အဲဂုတ္တုပြည်မှ သူတို့ကို ဆောင်ခဲ့တော်မူသော ဘိုးဘေးတို့၏ဘုရားသခင်ထာဝရဘုရားကိုစွန့်၍၊ ပတ်ဝန်းကျင်၌ရှိသော လူမျိုးတို့၏ဘုရားတပါးတို့နောက်သို့လိုက်လျက် ဦးညွှတ်သဖြင့် ထာဝရဘုရားအမျက်တော်ကို ထွက်စေကြ၏။ ထာဝရဘုရားကို စွန့်၍ ဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ဝတ်ပြုကြသောကြောင့်၊ ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်၊ လုယူသောသူတို့လက်သို့အပ်၍၊ ပတ်ဝန်းကျင်၌ရှိသော ရန်သူတို့၌ ရောင်းတော်မူသဖြင့်၊ ရန်သူတို့ရှေ့မှာ သူတို့သည် တဖန်မရပ်နိုင်ကြ။ သူတို့သည် ထွက်သွားလေရာရာ၌ ထာဝရဘုရား မိန့်မြွက်ကျိန်ဆိုတော်မူသည်အတိုင်း၊ လက်တော်အဆိုးအတားနှင့်တွေ့၍ အလွန်ဆင်းရဲခြင်းသို့ရောက်ကြ၏။” မိမိတို့၌ ယုံကြည်ခြင်းကင်းမဲ့နေမည်ဆိုလျှင် ဘုရားသခင်သည် ရန်သူတို့ကို မိမိတို့၏ရှေ့မှ နှင်ထုတ်ပေးမည်မဟုတ်ကြောင်းနှင့် ထိုရန်သူတို့သည် ကျန်ရစ်နေလျက် မိမိတို့၏မျက်စိ၌ ဆူးကဲ့သို့ဖြစ်လိမ့်မည် ဆိုသည့်အကြောင်းကို ထိုဣသရေလလူတို့အား ဘုရားသခင်ပြောပြထားခဲ့ပါသည်။

ဘုရားသခင်သည် သူတို့၌ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးတော်မူခဲ့သော်လည်း သူတို့သည် ထိုချမ်းသာထဲသို့ မဝင်စားနိုင်ခဲ့ကြပါချေ။ တောထဲတွင် လှည့်လည်ခဲ့ကြသည့် မိမိတို့၏ဘိုးဘေးများနည်းတူပင် သူတို့သည်လည်း “မယုံကြည်သောကြောင့်သာ မဝင်” စားခဲ့ကြရပါချေ။

### အကျွန်ုပ်တို့၏အခြေအနေကား အဘယ်သို့နည်း။

“ထို့ကြောင့်၊ ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ရသောအခွင့်ကိုပေးသောကတိတော်သည် ငါတို့၌ရှိရစ်လျက်နှင့်၊ သင်တို့တွင် အချို့တို့သည် မမှီဘဲနေမည်ကို စိုးရိမ်ကြကုန်အံ့။ ငါတို့သည် ဝမ်းမြောက်စရာသတင်းကို ထိုသူတို့ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ကြားရသောတရားစကားသည်၊ ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကိုမပေး။” ဟေဗြဲ ၄း၁၊၂။ ရှေးဣသရေလလူမျိုးများကြုံတွေ့ခဲ့ကြသည့်အခြေအနေနှင့် တထပ်တည်း တူညီနေသည့်အခြေအနေတစ်ခုကို ကျွန်ုပ်တို့အနေဖြင့် ကြုံတွေ့နေရကြပါသည်။ သူတို့၌ရှိခဲ့ဖူးသောကတိတော်များ၊ မျှော်လင့်စရာများ၊ ရန်သူများနှင့် အန္တရာယ်များတို့သည် ကျွန်ုပ်တို့၌လည်း ရှိနေပါသည်။

ဘုရားသခင်၏နောက်လိုက်များတို့သည် ညှင်းပန်းနှိပ်စက်ခြင်းကိုခံရကြလိမ့်မည်ဖြစ်ကြောင်း (၂တိ ၃း၁၂)၊ သေသည့်အထိတိုင်အောင်ပင် အတောသတ်လိမ့်မည်မဟုတ်သော အမုန်းတရားမျိုးဖြင့် လောကသည် သူတို့ကို မုန်းတီးလိမ့်မည်ဖြစ်ကြောင်း (ယောဟန် ၁၅း၁၈၊ ၁၉၊ ၁၆း၁-၃) ကို ကျွန်ုပ်တို့၌ အတိအလင်းဖော်ပြထားပေးထားပါသည်။ သို့ရာတွင် ထိုရန်သူများထဲတွင် သာမာန်စစ်လက်နက်များကိုအသုံးပြုပြီး ပြန်လည်တိုက်ခိုက်မှုပြုရမည့်ရန်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါချေ။ မည်သို့ပင်ဖြစ်စေကာမူ “ငါတို့

စစ်တိုက်၍သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။" ဤနေရာတွင် ကျွန်ုပ်တို့၏ အခြေအနေသည် ရှေးဣသရေလလူတို့၏အခြေအနေနှင့် ဘာမျှကွဲပြားခြင်းမရှိနေပါချေ။

သူတို့သည် ယုံကြည်ခြင်းတစ်မျိုးတည်းအားဖြင့်သာလျှင် အောင်မြင်မှုကို ဆွတ်ခူးရမည်ဖြစ်သည်။ သူတို့အနေဖြင့် အမှန်တကယ်သစ္စာရှိခဲ့ကြမည်ဆိုလျှင်၊ ဖာရောမင်းနှင့် သူ၏တပ်တို့အားလှဲချခဲ့စဉ်အချိန်ကကဲ့သို့ပင် ခါနန်ပြည်သားများအားနှင်ထုတ်သည့်အခါတွင်လည်း သူတို့အနေဖြင့် ဓါးကိုသုံးဖို့ရန် လိုအပ်ခဲ့လိမ့်မည်မဟုတ်ပါချေ။ ထိုသူတို့အနေဖြင့် ပြည်တော်ကိုအပြည့်အဝမသိမ်းပိုက်နိုင်ခဲ့ရခြင်းအကြောင်းကား၊ ဓါးအကူအညီကို လိုအပ်လာအောင် လုပ်ဆောင်ခဲ့သည့် သူတို့မယုံကြည်ခြင်းကြောင့်ပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံအား ဘုရားသခင်ကတိထားတော်မူခဲ့သည့် ကောင်းကင်ပြည်ကို လူသားများအနေဖြင့် မိမိတို့၏လက်ထဲတွင်ရှိသော ဓါး (သို့) သေနတ်များတို့ဖြင့် သိမ်းပိုက်ဖို့ရန်မှာ လုံးဝမဖြစ်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ တိုက်ခိုက်ခြင်းအမှုသည် ထိုဣသရေလလူမျိုးများတို့လုပ်ဆောင်ရမည့်အလုပ် တစ်ခုမဟုတ်သလို၊ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အလုပ်တစ်ခုလည်းမဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော်၊ "လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ၊ ထိုသူ၏ရန်သူကိုပင် သူနှင့်သင့်တင့်စေတော်မူ" ပြီး (သုတ္တံ ၁၆း၇)၊ တိုက်ခိုက်ခြင်းအမှုကိုမပြုကြဖို့ရန် ကျွန်ုပ်တို့အား ကိုယ်တော်ရှင်ကတားမြစ်ထားသည့် အတွက်ကြောင့်ဖြစ်သည်။

တိုက်ခိုက်မှုမပြုကြဖို့ရန် မိမိ၏နောက်လိုက်များတို့အား မှာကြားတော်မူခဲ့ပြီး၊ ထိုသို့ပြုသောသူသည် ပျက်စီးခြင်းသို့ရောက်ရလိမ့်ဖြစ်ကြောင်းကို ထိုနောက်လိုက်များတို့အား သတိပေးတော်မူခဲ့ရာတွင်သခင်ခရစ်တော်သည် အကြောင်းအရာအသစ်တစ်ခုကို ထိုသူတို့၌ မိတ်ဆက်တင်ပြပေးနေခြင်းမဟုတ်ပဲ၊ ရှိထားနှင့်ပြီးသားစည်းမျဉ်းတစ်ခုကို သူတို့ရှေ့တွင် ပြန်ချနေခဲ့ခြင်းသာဖြစ်ပါသည်။ ဓါးကိုကိုင်သောသူသည် ဓါးအားဖြင့်အသက်ရှုံးရလိမ့်မည် ဆိုသည့်ဆိုရိုးစကားတစ်ခွန်းသည် ရှေးဣသရေလများတွင် ရှိခဲ့ပါသည်။ ဘုရားသခင်သည် ထိုသူတို့ကို သည်းခံတော်မူခဲ့ပြီး၊ သူတို့၏အားနည်းချက်များအတွက် များစွာသက်ညှာပေးခဲ့ပါသည်။ ထိုနည်းတူစွာပင် ထိုသခင်သည် ကျွန်ုပ်တို့ကိုလည်း ပို၍ပင်စိတ်ရှည်သည်းခံနေပါသည်။ သို့ရာတွင် ထိုသူတို့၏အမှားများမှ လွဲရှောင်သွားကြဖို့ရန် ကျွန်ုပ်တို့အား ကိုယ်တော်အလိုတော်ရှိနေပါသည်။ ထိုသူတို့နှင့်ပတ်သက်သည့် အကြောင်းအရာအလုံးစုံတို့ကို "ကပ်ကာလအဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဘို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း။" ၁ကော ၁၀း၁၁။

## ခါနန်ပြည်ကိုပေးတော်မူမည် ဆိုသည့်ကတိတော်

ကျွန်ုပ်တို့၏အခြေအနေနှင့် ရှေးဣသရေလလူတို့၏အခြေတို့မှာ အတူတူပင်ဖြစ်သည် ဆိုသည့်အချက်နှင့်၊ ထိုသူတို့လက်လွတ်ခံခဲ့ကြသည့် ဘုရားပေးငြိမ်ဝပ်ခြင်းချမ်းသာနှင့် ဘုရားပေးအမွေတော်တို့သည် ကျွန်ုပ်တို့၏အပိုင်များဖြစ်လာသည် ဆိုသည့်အချက် စသည့်အချက်နှစ်ချက်တို့ကို ကျွန်ုပ်တို့လေ့လာသိရှိထားဖို့လိုအပ်ပါသည်။ "ရဲရင့်ခြင်း၌၎င်း၊ မြော်လင့်ခြင်းနှင့်စပ်ဆိုင်သော ဝါကြွားဝမ်းမြောက်ခြင်း၌၎င်း၊ အဆုံးတိုင်အောင် တည်ကြည်" မှသာလျှင် ထိုအရာတို့သည် ကျွန်ုပ်တို့၏အပိုင်ဖြစ်လာနိုင်မည်ဖြစ်သည်။ ကံအားလျော်စွာပင်၊ ဤတင်ပြချက်အတွက် ထင်ရှားသည့်သက်သေအထောက်အထားများစွာရှိနေပြီး၊ ထိုအထဲမှ အထောက်အထားတစ်ချို့တို့ကိုလည်း အတိုင်းအတာတစ်ခုအထိ ကျွန်ုပ်တို့လေ့လာထားရကြပြီးဖြစ်ပါသည်။

ခါနန်ပြည်သည် အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့၌ ဘုရားသခင် "အစဉ်အမြဲ အပိုင်ပေး" ထားသည့် တိုင်းပြည်တစ်ခုဖြစ်သည်။ ကမ္ဘာ ၁၇း၇၊၈။ ထိုပြည်သည် အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့အတွက် အစဉ်အမြဲအပိုင်ဖြစ်ရပါမည်။ သို့ရာတွင် အာဗြဟံကိုယ်တိုင်ပင်လျှင် ထိုပြည်၌ ခြေနင်းရာတစ်ခုကိုမျှ အမွေမရခဲ့သေးပါချေ (တမန်တော် ၇း၅)။ ထိုနည်းတူစွာပင် သူ့အမျိုးအနွယ်တွင်လည်း အဘယ်သူကမျှ ထိုပြည်ကို

အမွေမရကြသေးပါချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့အထဲတွင် ဖြောင့်မတ်သောသူများပင်လျှင် "ကတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်" သွားခဲ့ကြပြီးဖြစ်သောကြောင့် ဖြစ်သည်။ ဟေဗြဲ ၁၁း၉၊ ၁၃၊ ၃၉။ (ဖြောင့်မတ်သောသူများသာလျှင် အာဗြဟံ၏အမျိုးအနွယ်များဖြစ်ကြသည်။)

ထို့ကြောင့် ပြည်တော်ကို သိမ်းယူခြင်းအမှုတွင်၊ ခပ်သိမ်းသောအရာတို့ကို ပြန်လည်တည်စေဖို့ရန်အတွက် ကြွလာတော်မူမည့် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအချိန်တွင် တွေ့ရှိရမည့် သေသောသူတို့၏ရှင်ပြန်ထမြောက်တော်မူခြင်းအမှုကြီး ပါဝင်နေပါသည်။ ကျွန်ုပ်တို့၌ အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်း အကြောင်းရှိစေခြင်းငှါ၊ ဘုရားသခင်သည် ယေရှုခရစ်တော်၏ထမြောက်တော်မူခဲ့ခြင်းအမှုအားဖြင့် ကျွန်ုပ်တို့ကိုဖြစ်ပွါးစေတော်တော်မူပြီး၊ "ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်" တည်းဟူသော "နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အတို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေ" တော်ကို ကျွန်ုပ်တို့အား ပိုင်ဆိုင်စေတော်မူပြီးဖြစ်ပေသည်။ ၁ပေ ၁း၄-၅။

## ကမ္ဘာတဝှမ်းလုံးပါဝင်သည့် နိုင်ငံတော်

သို့ဆိုရာတွင်၊ ကမ္ဘာဦးကျမ်း ၁၇း၇၊ ၈၊ ၁၁ နှင့် ရောမ ၄း၁-၁၃ တို့ကို နှိုင်းယှဉ်ပြီး သင်ယူလာခဲ့ရသည့်အရဆိုလျှင်၊ ခါနန်ပြည်ကို အပိုင်ရရှိလိုက်ခြင်းဆိုသည်မှာ၊ လောကကမ္ဘာတစ်ခုလုံးအား ပိုင်ဆိုင်ရခြင်းကို ဆိုလိုပါသည်။ အရေဖျားလှီးခြင်းမင်္ဂလာသည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အား ခါနန်ပြည်ကို အမြဲတမ်းအပိုင်ပေးမည် ဆိုသည့်ကတိတော်ပဋိညာဉ်၏ အမှတ်အသားတစ်ခုပင်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင်၊ ၎င်းအရေဖျားလှီးခြင်းမင်္ဂလာသည် ယုံကြည်ခြင်းအားဖြင့်ရရှိသော ဖြောင့်မတ်ခြင်းတရားတော်၏ တံဆိပ် (သို့) လက္ခဏာသက်သေတစ်ခုလည်းဖြစ်နေပါသည်။ "ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံ မှစသောသူ၏အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။" အာဗြဟံရရှိခဲ့သော ခါနန်ပြည်ကိုအပိုင်ရရှိနိုင်သည့်အခွင့်နှင့်စပ်ဆိုင်သည့် တံဆိပ်သည်၊ လောကကမ္ဘာတစ်ခုလုံးအား အပိုင်ရရှိနိုင်သည့်အခွင့်နှင့်စပ်ဆိုင်သည့် တံဆိပ်ပင်ဖြစ်သည်ဟု ပြောဆိုရပေမည်။

အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့အား ခါနန်ပြည်ကို ပေးသနားတော်မူခဲ့ရာတွင်၊ ဘုရားသခင်သည် လောကကမ္ဘာတစ်ခုလုံးကို သူတို့၌ ပေးအပ်တော်မူခဲ့ပါသည်။ ထိုလောကကမ္ဘာဆိုသည်မှာ "ဆိုးညစ်သော ဤပစ္စုပ္ပန်" လောကကို ပြောဆိုခြင်းမဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဤ "လောကသည် ရွေ့သွားကွယ်ပျောက်တတ်" သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ကို ဤလောကနှင့် ၎င်း၏ပျက်စီးခြင်းထဲမှ ကယ်နုတ်ပေးနိုင်ဖို့ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ မိမိကိုယ်ကိုစွန့်တော်မူခဲ့ပါသည်။ သို့ရာတွင် "ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာမိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မြော်လင့်ကြ၏။" ၂ပေ ၃း၁၃။ အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့၌ ဘုရားသခင်ပေးတော်မူခဲ့သည့်ကတိတော်သည် စတုရန်းမိုင်ပေါင်း သုံး၊ လေး၊ ငါးထောင်သာ အကျယ်အဝန်းရှိသည့် ကျိန်ခြင်းခံထားရသည့် ပြည်တစ်ခုကို ယာယီခေတ္တပိုင်ဆိုင်စေမည့် ကတိတော်မျိုးမဟုတ်ခဲ့ပါချေ။ ထိုကတိတော်သည်၊ ကျိန်ခြင်းအမှုရှိသမျှတို့နှင့်ကင်းစင်သည့် ကမ္ဘာတစ်ခုလုံးကို ထာဝရပိုင်ဆိုင်စေမည့် ကတိတော်တစ်ခုဖြစ်သည်။ ပိုင်နက်မြေကျဉ်းကျဉ်းလေးသာရှိသည့် ခါနန်ပြည်သည် ကတိထားတော်မူရာအမွေတစ်ခုလုံးပင်ဖြစ်သည် ဆိုသည့်ပြောဆိုချက်သည် မှန်ကန်သည်ဟုဆိုသည့်တိုင်၊

ဣသရေလလူတို့ သည် ထိုပြည်ကို မည်သည့်အခါတွင်မျှ အပိုင်မရခဲ့ဘူးသေးပါ ဆိုသည့်ပြောဆိုချက်သည်လည်း မှန်ကန်နေဆဲပင် ရှိနေလိမ့်ဦးမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင် အာမခံထားတော်မူခဲ့သည့် ကတိတော်မှာ ခါနန်ပြည်ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့အား အစဉ်အမြဲအပိုင်ပေးတော်မည် ဆိုသည့်ကတိတော်ပင်ဖြစ်ပြီး၊ ထိုပြည်ကို အာဗြဟံက အစဉ်အမြဲပိုင်ဆိုင်ရမည်ဖြစ်သလို၊ သူ၏အမျိုးအနွယ်ကလည်း အစဉ်အမြဲပိုင်ဆိုင်ရပါလိမ့်မည်။ သို့ရာတွင် သူတို့အားလုံးသည် သေလွန်သွားခဲ့ကြပြီး၊ နောက်ဆုံးတွင် ထိုပြည်သည် အခြားသူများတို့၏ လက်တွင်းသို့ အလိုလိုကျရောက်သွားခဲ့ပါသည်။ ဖိလိတ္တိနယ်တွင် ယာယီနေထိုင်ခဲ့ခြင်းအရာက ကတိတော်၏ပြီးပြည့်စုံရာအခြေအနေကို မပြပေးနိုင်ပါချေ။ ကတိတော်သည် အာဗြဟံနှင့် သူ၏ အမျိုးအနွယ်တို့၌ ပြည့်စုံခြင်းရှိရဦးမည်ဖြစ်သည်။

## ကမ္ဘာသစ်

ငြိမ်ဝပ်ခြင်းချမ်းသာသည် အမွေတော်ပင်ဖြစ်ပါသည်။ အမွေတော်သည် ခါနန်ပြည်ပင်ဖြစ်ပါသည်။ သို့ရာတွင် ခါနန်ပြည်ကို အပိုင်ရရှိခြင်း၏အနက်အဓိပ္ပါယ်ကား၊ လက်ရှိအခြေအနေမျိုးတွင် ရှိနေသည့်ကမ္ဘာလောကအား အပိုင်ရခြင်းမဟုတ်ပဲ၊ ဒေဝဉယျာဉ်တည်ရှိခဲ့စဉ်အချိန်က တည်ရှိနေခဲ့ဖူးသည့်ကမ္ဘာကြီးကဲ့သို့ ပြန်လည်ပြုပြင်ဖန်ဆင်းထားသော ကမ္ဘာလောကတစ်ခုလုံးအား အပိုင်ရရှိခြင်းကိုသာ ဆိုလိုပါသည်။ ထို့ကြောင့် ဘုရားသခင် ပေးသနားတော်မူသော ငြိမ်ဝပ်ခြင်းချမ်းသာသည် ကမ္ဘာသစ်နှင့် ကင်းကွာ၍မရနိုင်သည့်ငြိမ်ဝပ်ခြင်းမျိုးဖြစ်သည်။ ထိုငြိမ်ဝပ်ခြင်းချမ်းသာသည် ဘုရားသခင်တစ်ပါးတည်း၌သာ တွေ့ရှိနိုင်သည့်၊ ကမ္ဘာသစ်တွင် ရရှိနိုင်မည့်ငြိမ်ဝပ်ခြင်းမျိုးဖြစ်သည်။ ခပ်သိမ်းသောအရာတို့ကို အသစ်တဖန်ပြုပြင်တော်မူမည့် တစ်နေ့သောအချိန်တွင် ဘုရားသခင်သည် နှောင့်နှေးခြင်းမရှိပဲ အရာခပ်သိမ်းတို့ကို  ယေရှုခရစ်တော်အားဖြင့် ပြည့်စေတော်မူလိမ့်မည်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်တော်မူရသည့်အကြောင်းကား အရပ်ရပ်တိုင်းတို့တွင် စုံလင်သောငြိမ်ဝပ်ခြင်း ရှိနိုင်မည်အကြောင်းတည်း။ ငြိမ်ဝပ်ခြင်းချမ်းသာကို ဘုရားသခင်တစ်ပါးတည်း၌သာ တွေ့ရှိနိုင်သည်ဖြစ်သည့်အတွက်ကြောင့်၊ ဣသရေလလူတို့သည် ဖိလတ္တိပြည်၌နေ ထိုင်ခဲ့ကြစဉ်အချိန်အတောအတွင်းတွင်ပင်လျှင် ထိုငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့၌ ပျော်မွေ့ခြင်းမရှိခဲ့ကြကြောင်း လုံးဝသက်သေထင်ရှားနေပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ "သူတို့ရှေ့မှာလည်း၊ တပါးအမျိုးသားတို့ကို နှင်ထုတ်ပြီးလျှင်၊ ဣသရေလအမျိုးအနွယ် အသီးအသီးတို့သည် အမွေခံရသောမြေကို တာထိုး၍ ပိုင်းခြားလျက် နေရာချတော်မူ၏။ သို့သော်လည်း၊ သူတို့သည် အမြင့်ဆုံးသောဘုရားကို စုံစမ်း၍ ပုန်ကန်ကြ၏။ သက်သေခံတော်မူချက်များကို မစောင့်ဘဲ၊ ဘိုးဘေးများကဲ့သို့ ဖေါက်ပြန်၍သစ္စာကိုဖျက်ကြ၏။ လိမ်တတ်သောလေကဲ့သို့ လမ်းလွဲကြ၏။ သူတို့သည် မြင့်သောအရပ်များအားဖြင့် အမျက်တော်ကို နှိုးဆော်၍၊ ရုပ်တုများအားဖြင့်လည်း စိတ်တော်ကို ချုပ်ချယ်နှောင့်ယှက်ကြ၏။" ထို့ကြောင့် "ဘုရားသခင်သည် ဣသရေလအမျိုးသားတို့ကို အလွန်ရွံရှာတော်မူလေ၏။ ဆာလံ ၇၈း၅၅-၅၉။

အာဗြဟံမြော်လင့်နေခဲ့သည့်ပြည်မှာ ကောင်းကင်ပြည်ပင်ဖြစ်သည်ဆိုသည့်အချက်ကို အောက်မေ့သတိရပါလေ။ ခါနန်ပြည်ကို သို့စေကာမူ အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့အား (ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ဆက်ဆံသောသူများဖြစ်လျှင် ကျွန်ုပ်တို့အားလည်း  ဂလာတိ ၃း၁၆၊ ၂၉) အစဉ်အမြဲအပိုင်ပေးမည်ဆိုသည့် ဘုရားသခင်၏ကတိတော်သည် ကျမ်းစကားရှိသည့်အတိုင်း ပြည့်စုံလာလိမ့်မည်ဖြစ်ပါသည်။

မိမိလူတို့ကို မိမိအဖို့အလို့ငှါ၊ မိမိပြင်ဆင်ထားသောနေရာသို့ ခေါ်ဆောင်သွားဖို့ရန်အတွက် ဘုရားသခင်အနေဖြင့် ကြွဆင်းလာသောတစ်နေ့တစ်ချိန်တွင် (ယောဟန် ၁၄း၃ ကိုကြည့်ပါ)၊ သေလွန်သွားသောဖြောင့်မတ်သောသူတို့သည် မသေမပျောက်နိုင်သောအဖြစ်သို့ ထမြောက်ရှင်ပြန်လာကြလိမ့်မည်ဖြစ်ပြီး၊ အသက်ရှင်၍ ကျန်ကြွင်းသောဖြောင့်မတ်သူတို့မှာမူ ထိုသူတို့နည်းတူပင် မသေနိုင်သောအဖြစ်သို့ကူးပြောင်း

သွားကြလိမ့်မည်ဖြစ်ကာ၊ သူတို့နှစ်ဖွဲ့စလုံးတို့သည် "အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ၊ မိုယ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။" ၁သက် ၄း၁၆၊ ၁၇၊ ၁ကော ၁၅း၅၁-၅၄။ ထိုသူတို့ ချီဆောင်သွားခြင်းခံရကြမည့်နေရာကား၊ အထက်အရပ်တွင်ရှိသည့် ကျွန်မမဟုတ်သော ယေရုရှလင်မြို့ပင်ဖြစ်ပေသည်။ ထိုမြို့ကား "ခပ်သိမ်းသောငါတို့၏ အမိတည်းဟူသော မိန်းမဖြစ်သတည်း။" (ဂလာတိ ၄း၂၆)။ ယခုအခါတွင် ယေရှုခရစ်သည် ထိုအထက်အရပ်တွင် စိုးစံလျက်နေပြီး၊ ထိုနေရာတွင်ပင် သူသည် ကျွန်ုပ်တို့အဖို့ နေရာတစ်နေရာကို ပြင်ဆင်ပေးနေတော်မူပါသည်။ ဤအချက်ကို ပိုမိုရှင်းလင်းစေမည့် ကျမ်းချက်အချက်တို့ကို ကောက်နှုတ်တင်ပြသွားနိုင်ပါသည်။ "ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ ရှေ့တော်၌ကိုယ်ကိုပြခြင်းငှါ" ယေရှုခရစ်တော်သည် ကောင်းကင်ယေရုရှလင်မြို့တွင် စံမြန်းနေလျက်ရှိနေပါသည်။ ထိုအချက်ကို ဟေဗြဲ ၁၂း၂၂-၂၄ မှ ထောက်ပြပေးထားပါသည်။ ထိုကျမ်းထဲတွင်၊ ယုံကြည်သောသူတို့သည် ယခုအခါတွင် ဇိအုန်တောင်သို့၎င်း၊ "အသက်ရှင်တော်မူသော ဘုရားသခင်၏ မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့သို့၎င်း၊" "ခပ်သိမ်းသောသူတို့ကိုတရားစီရင်တော်မူသော ဘုရားသခင်အထံတော်သို့၎င်း၊" "ပဋိညာဥ်တရားသစ်၏ အာမခံတည်းဟူသော ယေရှုထံတော်သို့၎င်း၊" ရောက်နေကြပြီးဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ပြောပြပေးထားပါသည်။ ခရစ်တော်သည် "ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာ ထိုင်နေတော်မူ၏။" (ဟေဗြဲ ၈း၁) "အသက်ရေစီးရာမြစ်" သည် ထိုပလ္လင်တော်မှ စီးထွက်လာသည့် အကြောင်းကိုလည်း ပြန်ပြီးသတိရဖို့ ကောင်းပါသည်။ ဗျာဒိတ် ၂၂း၁။

## အာပြဟံမျှော်လင့်တောင်းတခဲ့သည့် မြို့တော်

ကောင်းကင်ပြည်ကိုတောင်းတသောသူများတို့အဖို့ ဘုရားသခင်ပြင်ဆင်ထားတော်မူသည့် မြို့တော်တည်းဟူသော ဤယေရှုရှလင်မြို့သည် (ဟေဗြဲ ၁၁း၁၆)၊ ထိုသခင်အစိုးရတော်မူသော မြို့တော်ပင်ဖြစ်ပါသည်။ ထိုသူများတို့သည် ကောင်းကင်ပြည်ကို တောင်းတကြသောကြောင့် ဘုရားသခင်သည် သူတို့ကို ရှက်တော်မမူပေ။ ထိုမြို့သည် အာပြဟံမျှော်လင့်တောင်းတနေခဲ့သည့် "ဘုရားသခင် တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့" ပင်ဖြစ်သည်။ (အငယ် ၁၀)။ ထိုမြို့ရိုး၏အုတ်မြစ်အကြောင်းကို တင်ပြပေးထားသည့် ဖော်ပြချက်တစ်ခုကို ဗျာဒိတ်ကျမ်းအခန်းကြီးနှစ်ဆယ့်တစ်တွင် တွေ့ရှိရပါသည်။ ထိုမြို့သည် ကောင်းကင်၌သာ အမြဲတမ်းရှိနေမည်မဟုတ်ပဲ၊ ရှင်ပြန်ထမြောက်ခြင်းကာလပြီးသည်နောက် ခရစ်တော်နှင့်အတူ နှစ်ပေါင်းတစ်ထောင်တိုင်တိုင် စိုးစံသွားပြီးနောက်၊ သန့်ရှင်းသူများတို့နှင့်အတူတကွ ထိုမြို့သည် ဤလောကကမ္ဘာကြီးပေါ်တွင် သက်ဆင်းလာလိမ့်မည်ဖြစ်ကြောင်းကိုလည်း ထိုကျမ်းထဲတွင် ဖော်ပြပေးထားပါသည်။ ဗျာဒိတ်ကျမ်း ၂၀။ ထိုမြို့ဆင်းသက်လာမည့်အကြောင်းကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

"သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင် အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါမြင်၏။ ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း၊ ငါသည် ခပ်သိမ်းသောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏။ တဖန်တုံ၊ ရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သော စကားဖြစ်၏ ဟူ၍၎င်း၊ အမှုပြီးပြီ။ ငါသည် အာလဖ

ဖြစ်၏။ ဩမေဃလည်း ဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကို အဘိုးမယူဘဲ ငါပေးမည်။ အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံရလိမ့်မည်။ ငါသည် သူ၏ ဘုရားသခင်ဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာ ဘွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား၊ ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သော မီးအိုင်ထဲ၌ မိမိတို့အဘို့ကို ရကြလိမ့်မည် ဟူ၍ငင်း ငါ့အား မိန့်တော်မူ၏။"

မင်္ဂလာဆောင်သတို့သမီးတစ်ဦးက မိမိခင်ပွန်းအတွက် တန်ဆာဆင်လျက်စောင့်နေသည့်နည်းတူပင်၊ ယေရုရှလင်မြို့ကြီး မြေပေါ်သို့ဆင်းသက်လာသည့်အခါတွင် ထိုယေရုရှလင်မြို့သစ်၏သားသမီးများဖြစ်ကြကုန်သော ယုံကြည်ခြင်းရှိသည့် ဖြောင့်မတ်သောသူများတို့သည်လည်း တင့်တယ်သောအဝတ်ကို ဝတ်ဆင်ထားကြလိမ့်မည်ဖြစ်ကြောင်းကို ဟေရှာယ ၄၉း၁၇-၂၁ တွင် ဖေါ်ပြပေးထားပါသည်။ ထို့ကြောင့်၊ မိမိတို့အား သိမ်းဆည်းရန် ယေရှုခရစ်တော်ကြွဆင်းလာသောအခါတွင်၊ ဘုရားသခင်၏သန့်ရှင်းသူများတို့သည် အထက်အရပ်တွင်ရှိသောယေရုရှလင်မြို့ကြီးဆီသို့ တက်ရောက်သွားကြမည်ဖြစ်ပြီး၊ လောကကို အညစ်အကြေးရှိသမျှတို့မှသန့်ရှင်းစင်ကြယ်စေရမည့်အချိန်၊ ဒုစရိုက်ပြုသောသူတို့ကို မြေပေါ်မှသုတ်သင်ပစ်ရမည့်အချိန်နှင့် ကနဦးကကဲ့သို့ပင် အရာခပ်သိမ်းတို့ကို အသစ်တစ်ဖန်ပြုပြင်ရမည့်အချိန်သို့ရောက်ရှိလာသောအခါတွင် ထိုသန့်ရှင်းသူတို့သည် ထိုမြို့တော်နှင့်တကွ ဤကမ္ဘာကြီးပေါ်သို့ ဆင်းသက်လာကြမည် ဖြစ်ကြောင်းကို ဤနေရာတွင် ကျွန်ုပ်တို့လေ့လာတွေ့ရှိရပါသည်။

## မြို့တော် ဆင်းသက်လာမည့်နေရာ

သို့ဆိုရာတွင် ထိုမြို့တော်သည် ဤလောက၏မည်သည့်အရပ်နေရာတွင် ဆင်းသက်လာလိမ့်မည်နည်း။ မတရားသောသူများ ဖျက်စီးခြင်းခံရကြမည့်အချိန် ကာလအကြောင်းကို ရည်မှတ်လျက် ပုရောဖက်ဇာခရိ မိန့်တော်မူခဲ့သည်ကား၊

"ထာဝရဘုရားသည်လည်း စစ်တိုက်ရာကာလ၌ တိုက်သကဲ့သို့၊ ထိုလူမျိုးတို့ကို တိုက်သွားတော်မူမည်။ ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့အရှေ့ သံလွင်တောင်ပေါ်မှာရပ်၍၊ သံလွင်တောင်သည် အရှေ့ဘက်မှ အနောက်ဘက်တိုင်အောင် အလယ်၌ကွဲသဖြင့်၊ အလွန်ကြီးသော ချိုင့်ဖြစ်လိမ့်မည်။ တောင်တဝက်သည် မြောက်ဘက်သို့ငင်း၊ တဝက်သည် တောင်ဘက်သို့ငင်း ရွှေ့ရလိမ့်မည်။ သင်တို့သည် ငါ့တောင်ကြားချိုင့်လမ်းဖြင့် ပြေးကြလိမ့်မည်။ ထိုချိုင့်သည် အာဇလေမြို့တိုင်အောင် မှီလိမ့်မည်။ ယုဒရှင်ဘုရင်ဩဇိမင်းလက်ထက်၊ မြေကြီးလှုပ်၍ သင်တို့သည်ပြေးသကဲ့သို့ တဖန်ပြေးကြလိမ့်မည်။ ငါ၏ဘုရားသခင်ထာဝရဘုရား ကြွလာတော်မူ၍၊ မိမိသန့်ရှင်းသူအပေါင်းတို့သည် ပါကြလိမ့်မည်။ ထိုနေ့ရက်၌ အလင်းမရှိ၊ မြတ်သောအရာတို့သည် ယုတ်လျော့လိမ့်မည်။ နေ့မဟုတ်၊ ညဥ့်မဟုတ်၊ ထာဝရဘုရားသိတော်မူသော နေ့ရက်တရက်ဖြစ်၍၊ ညဦးယံအချိန်ရောက်မှ လင်းလိမ့်မည်။ ထိုနေ့ရက်၌ အသက်ရေသည် ယေရုရှလင်မြို့မှ ထွက်၍၊ နွေကာလဖြစ်စေ၊ ဆောင်းကာလဖြစ်စေ၊ အရှေ့ပင်လယ်သို့တဝက်၊ အနောက်ပင်လယ်သို့ တဝက်စီးသွားလိမ့်မည်။ ထာဝရဘုရားသည် တပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရဘုရားတပါးတည်း၊ နာမတော်တပါးတည်း ဖြစ်တော်မူမည်။" ဇာခရိ ၁၄း၃-၉

ထို့ကြောင့်၊ သိမ်းသွားခြင်းကို ခံရသောလူမျိုးတို့ကို ဘုရားသခင် တဖန်ဆောင်ယူတော်မူသောအခါတွင်၊ အာဗြဟံအား အမြဲတမ်းအပိုင်ပေးမည်ဟု ကတိထားတော်မူခဲ့သည့် ခါနန်ပြည်တည်ရှိရာအရပ်နေရာသို့သာ သူတို့အားဆောင်ယူသွားတော်မူမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ ထိုပြည်ကိုသူတို့အား အပိုင်ပေးမည်ဟု ဆိုလိုက်ရာတွင်၊ လောကကမ္ဘာတစ်ခုလုံးကို သူတို့၌ နှစ်ပေါင်းအနည်းငယ်ခန့်

အပိုင်ပေးခြင်းမျိုးကိုမဆိုလိုပဲ၊ ထာဝရကာလတိုင်တိုင် အပိုင်ပေးထားခြင်းကိုသာ ဆိုလိုပါသည်။ "နောက်တဖန် သေဘေးမရှိရ။" ဤသည်ကား၊ ယော်ဒန်မြစ်ကိုဖြတ်ကူးခဲ့ကြစဉ်အချိန်က ဣသရေအမျိုးသားများ ဆုပ်ကိုင်ထားနိုင်ခဲ့ကြသည့်၊ နောက်ပိုင်းတွင် ယုံကြည်ခြင်းကင်းမဲ့စွာဖြင့် သူတို့လက်လွတ်အဆုံးရှုံးခံသွားခဲ့ကြသည့် ဘုန်းအသရေတော်နှင့်ပြည့်စုံသော အမွေတော်ပင်ဖြစ်ပေသည်။ သူတို့အနေဖြင့် သစ္စာရှိခဲ့ကြမည်ဆိုလျှင်၊ ဘုရားသခင်၏ နာမတော်နှင့် ကယ်တင်တော်မူသောတန်ခိုးတော်အကြောင်းကို လောကီနိုင်ငံအရပ်ရပ်တွင် အချိန်တိုလေးအတွင်း၌ပင် ဖြန့်ဝေနိုင်ခဲ့ကြလိမ့်မည်ဖြစ်ပြီး၊ ထိုနေရာတွင်ပင် အဆုံးသည် ရောက်ရှိလာခဲ့လိမ့်မည်ဖြစ်သည်။ သို့ရာတွင် သူတို့သစ္စာမရှိခဲ့ကြပါချေ။ ထို့ကြောင့် အချိန်ကာလသည် ကျွန်ုပ်တို့၏ခေတ်ကာလအချိန်သို့ ရောက်ရှိလာသည့်တိုင်အောင် ရှည်လျားသွားခဲ့သည်။ သို့သော် ဘုရားသခင်၏လူများရှေ့တွင် မပြောင်းမလဲ အမြဲတမ်းတည်ရှိနေဆဲအရာတစ်ခုရှိနေပါသည်။ ၎င်းမှာ တစ်ခုတည်းသော မျှော်လင့်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ပါ၍၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၊ ယောသပ်၊ မောရှေနှင့် ဒါဝိဒ်အပါအဝင် ပုရောဖက်တော်များအားလုံးတို့က ပြည်တော်ကိုစိတ်အားကြီးစွာဖြင့် မျှော်လင့်စောင့်စားနေခဲ့ကြသည်နည်းတူ၊ ကျွန်ုပ်တို့အနေဖြင့် ထိုခါနန်ပြည်ကြီးအား ပိုင်ဆိုင်ရမည့်အချိန်ကို စိတ်အားကြီးစွာဖြင့် မျှော်လင့်စောင့်စား နိုင်ကြပါသည်။ သူတို့၏ မျှော်လင့်ခြင်းကဲ့သို့သော ခိုင်မာသောမျှော်လင့်ခြင်းမျိုးဖြင့် ထိုအချိန်ကို ကျွန်ုပ်တို့အနေဖြင့် စောင့်စားနိုင်ကြပါသည်။

## ဘုရားသခင့်ဣသရေလလူများတို့၏ အသစ်ပြုပြင်ခြင်း

ဤအနည်းငယ်သောဖေါ်ပြချက်တို့ကို စိတ်ထဲတွင် ကောင်းမွန်စွာ နားလည်ထားလိုက်သည့်အခါတွင်၊ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုစလုံးတို့တွင်ပါရှိသော အနာဂတ္တိစကားများတို့ကို ကျွန်ုပ်တို့အနေဖြင့် စိတ်ပါဝင်စားစွာ ဖတ်ရှုလာတတ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ရှုပ်ထွေးသည့်အရာများစွာတို့နှင့် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်သည်ဟု ထင်ထားခဲ့ရသောအရာများတို့ကို ရှင်းလင်းစွာ နားလည်သွားမည်ဖြစ်သောကြောင့်ဖြစ်သည်။ လောကကမ္ဘာတစ်ခုလုံး၏ ချီးမွမ်းဝမ်းမြောက်စရာအကြောင်းကိုဖြစ်စေမည့် ယေရုရှလင်မြို့အားအသစ်ပြုပြင်ခြင်းအကြောင်းအရာကို ဖတ်ရှုသောအခါတွင်၊ ယေရုရှလင်မြို့သစ်ကြီးသည် ယေရုရှလင်မြို့ဟောင်း၏နေရာကိုယူဖို့ရန်အတွက် ကောင်းကင်မှဆင်းသက်လာမည်ဆိုသည့်အချက်ကို ရှင်းလင်းစွာ တွေ့မြင်ရပေလိမ့်မည်။ ဥပမာ ဤလောကတွင်ရှိသော မြို့တစ်မြို့သည် အမြစ်ပါမကျန်မီးလောင်ကျွမ်းသွားပြီး၊ လူသားများတို့က ထိုမြို့တည်ရှိခဲ့သည့်နေရာတွင် မြို့သစ်တစ်မြို့ကို တည်ထောင်လိုက်သည်ဆိုလျှင်၊ ထိုမြို့ကို ပြန်လည်တည်ဆောက်ထားသောမြို့ဟူ၍ ခေါ်ဝေါ်သမုတ်ပြီး၊ ၎င်းအားအရင်မြို့ဟောင်း၏ နာမည်ဖြင့် မှည့်ခေါ်တတ်ကြပါသည်။ ထို့ကြောင့် ယေရုရှလင်မြို့ကို ပြန်ကြည့်ရာတွင်၊ ထိုမြို့သည် ကောင်းကင်တွင် ပြန်လည်တည်ဆောက်ထားသော မြို့တစ်မြို့ပင်ဖြစ်သည်။ ထို့ကြောင့် မြို့ဟောင်းပျက်စီးသွားခြင်းနှင့် မြို့သစ်ပြန်လည်ပေါ်ပေါက်လာခြင်းစပ်ကြားတွင် မည်သည့်အဖြစ်အပျက်မှမရှိပါချေ။ အခြေအနေမှာ မြို့ဟောင်းပျက်စီးသည်နှင့်တပြိုင်နက် ချက်ချင်းဆိုသလိုပင် မြို့သစ်သည်ပေါ်ထွက်လာသကဲ့ပင်ဖြစ်နေပါသည်။ ဤအခြင်းအရာက ပို၍ပင်ကြီးကျယ်ခမ်းနားနေပါသည်။

ထို့ကြောင့် ယေရုရှလင်မြို့သို့ ဣသရေလလူမျိုးများ ပြန်လာကြသည်အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုသောအခါတွင်၊ ထိုပြန်လာခြင်းမျိုးသည် သေနိုင်သောအဖြစ်၌သာတည်ရှိနေသည့် အနည်းငယ်သောလူတစ်စုတို့က ပျက်စီးနေသည့်မြို့သို့ပြန်လာကြသည့် ပြန်လာခြင်းမျိုးမဟုတ်ပဲ၊ ရွေးနှုတ်တော်မူခြင်းကိုခံကြရသည့် မသေနိုင်သောအဖြစ်တွင်ရှိနေသည့် မရေမတွက်နိုင်သောသူတို့က အမြဲတမ်းအသစ်ဖြစ်သောမြို့သို့ ပြန်လာကြသည့် ပြန်လာခြင်းမျိုးပင်ဖြစ်ကြောင်းနှင့် ထိုသူတို့သည် အချိန်ကြာမြင့်စွာကတည်းက ထိုမြို့၏မြို့သားစာရင်းဝင်များ ဖြစ်နေကြကြောင်းကို ကျွန်ုပ်တို့သိရှိရပါသည်။ ထိုမြို့ကို သေနိုင်သောအဖြစ်တွင်ရှိနေ

သည့်လူသားများတို့က အုတ်ခဲများ၊ ကျောက်တုံးများနှင့် ဆုံများတို့နှင့်တကွ ပြန်လည်တည်ဆောက်ကြလိမ့်မည်မဟုတ်ပဲ၊ ဘုရားသခင်ကိုယ်တော်တိုင်က ရွှေ၊ ပုလဲ နှင့် အဖိုးတန်ကျောက်အမျိုးမျိုးတို့ ဖြင့် ထိုမြို့ကို ပြန်လည်တည်ဆောက်တော်မူလိမ့်မည်ဖြစ်ပေသည်။ "ထာဝရဘုရားသည် ဇိအုန်မြို့ကိုတည်ထောင်၍၊ ဘုန်းတော်နှင့်တကွ ထင်ရှားတော်မူလိမ့်မည်။" ဆာလံ ၁၀၂း၁၆။ ယေရုရှလင်မြို့အား မိန့်တော်မူသည်ကား၊ "အို ညှဉ်းဆဲခြင်းနှင့် မိုဃ်းသက်မုန်တိုင်းတိုက်ခြင်းကိုခံရ၍၊ သက်သာမရနိုင်သောသူ၊ သင်၏တိုက်ကို ဟင်းသပြတားသရွတ်နှင့် ငါစေ့စပ်မည်။ တိုက်မြစ်ကို နီလာဖြင့်၎င်း၊ ပြအိုးတို့ကို ကျောက်နီဖြင့်၎င်း၊ တံခါးတို့ကို ပတ္တမြားဖြင့်၎င်း၊ ပတ်ဝန်းကျင်တန်ဆာများကို ကျောက်မြတ်အမျိုးမျိုးဖြင့်၎င်း ငါပြီးစေမည်။ သင်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရား ဆုံးမသွန်သင်တော်မူသောသူဖြစ်၍၊ များစွာသောစည်းစိမ်ချမ်းသာနှင့် ပြည့်စုံကြလိမ့်မည်။" ဟေရှာယ ၅၄း၁၁-၁၃။ မြို့သားတို့သည် ဤမြို့၏ကျောက်ခဲတို့ကိုပင် နှစ်သက်ကြပါသည်။ ဆာလံ ၁၀၂း၁၄။

စုံလင်သောထာဝရငြိမ်ဝပ်ခြင်းတည်းဟူသော ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ဤနေရာတွင် တည်ရှိနေပေလိမ့်မည်။ ကတိထားတော်မူခဲ့သည်ကား၊ "သင်သည် ဖြောင့်မတ်ခြင်းတရားအားဖြင့် တည်လိမ့်မည်။ ညှဉ်းဆဲခြင်းနှင့် ဝေးသည်ဖြစ်၍ မကြောက်ရ။ ထိတ်လန့်ခြင်းသည်လည်းဝေး၍၊ သင့်အနီးသို့မရောက်ရ။" "ထိုကာလ၌ ယုဒပြည်မှာ သီချင်းဆိုလတံ့သောစကားဟူမူကား၊ ငါတို့၌ ခိုင်ခံ့သောမြို့ရှိ၏။ ကယ်တင်ခြင်းကျေးဇူးကို ပြအိုး၊ ရင်တားအရာ၌ စီရင်ခန့်ထားတော်မူလိမ့်မည်။" ဘုရားသခင်သည် မိမိလူတို့နှင့်အတူတကွ ကာလအစဉ် ရှိနေတော်မူလိမ့်မည်ဖြစ်ပြီး၊ သူတို့သည်လည်း သူ၏ "မျက်နှာတော်ကိုမြင်ရ" ကြလိမ့်မည်ဖြစ်သည်။ ထိုသို့သောအားဖြင့် သူတို့သည် ငြိမ်ဝပ်ခြင်းချမ်းသာကို ပိုင်ဆိုင်ကြရလိမ့်မည်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် တိုက်ရိုက်အနေဖြင့် "ငါ၏မျက်နှာတော်" ဟု အဓိပ္ပါယ်ရှိသည့် "ငါကိုယ်တိုင်" သည် "သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်" ဟု ဘုရားသခင်မိန့်ထားတော်မူသောကြောင့်ဖြစ်သည်။

ကတိတော်များအကြောင်းကို ဖတ်ရှုကြရာတွင်၊ အပြစ်၏ကျိန်ဆိုခြင်းအောက်တွင်ရောက်ရှိနေသည့် ကမ္ဘာအဟောင်းတွင်တည်ရှိသော ပျက်စီးနေသည့်မြို့တစ်မြို့အား ယာယီပိုင်ဆိုင်ရမည်ဆိုသည့်အဓိပ္ပါယ်မျိုးနှင့် ဖတ်ရှုနေကြခြင်းဖြင့် လူများတို့သည် ဘုန်းတော်နှင့်ပြည့်ဝလျက်ရှိသော ဤကတိတော် အပေါင်းတို့ကို အဘယ့်ကြောင့် ပါယ်ဖျက်နေကြပါသနည်း။ ထိုသို့ပြုနေကြရခြင်းအကြောင်းကား၊ သူတို့သည် ဧဝံဂေလိတရားတော်ကို အကန့်အသတ်ထားကြသည့်အတွက်ကြောင့်နှင့်၊ ဘုရားသခင်၏ ကတိတော်အပေါင်းတို့သည် ယေရှုခရစ်၌သာတည်နေလျက်ရှိကာ ထိုယေရှုခရစ်၌ တည်ကြည်ခြင်းရှိသောသူများတည်းဟူသော မိမိတို့၏အထဲ၌ ယေရှုခရစ်တော်တော်၏ ကိန်းဝပ်တော်မူခြင်းကို ရရှိထားကြသောသူများသာလျှင် ထိုကတိတော်တို့ကို ခံစားပိုင်ခွင့်ရှိကြောင်းကို သူတို့အနေဖြင့် မသိရှိနားမလည်ထားကြသောကြောင့်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏လူများပါဟု မိမိတို့ကိုယ်ကိုဝန်ခံထားခဲ့ကြသောသူတို့သည် ကိုယ်တော်မြတ်ကိုသိခြင်းအလို့ငှါ "ပညာကိုသော်၎င်း၊ ထိုးထွင်းဉာဏ်ကို၎င်း" အလျှင်အမြန် ရရှိနိုင်ကြပါမည်အကြောင်း၊ သူတို့၏နားလည်နိုင်သောဉာဏ်မျက်စိများ ပွင့်လင်းလာနိုင်ကြမည်အကြောင်း၊ "မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကို၎င်း၊ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကို၎င်း၊" သူတို့အနေဖြင့် သိရှိနိုင်ကြမည်အကြောင်းနှင့်၊ "ယုံကြည်သောငါတို့၌ ပြတော်မူသောအလွန်ကြီးလှစွာသော တန်ခိုးတော်" တည်းဟူသော "ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိန်" တစ်မျိုးတည်းအားဖြင့်သာလျှင် ထိုအမွေတော်ကို ရရှိနိုင်ကြပါမည်အကြောင်း ဆုတောင်းပဌနာပြုပါ၏။ ဧဖက် ၁း၁၇-၂၀

ယခုအခါတွင် ကျွန်ုပ်တို့သည် ဤအကြောင်းအရာကို အကြမ်းပြေးကြည့်ရှုမှတ်သားလိုက်ရပြီးဖြစ်ပါသည်။ ကိုယ်တော်သည် ခါနန်ပြည်အရပ်တွင် မိမိလူများတို့အား ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးပါမည်ဆိုသည့် ကတိတော်၏ပြီးပြည့်စုံခြင်းအကြောင်းအရာကိုလည်း ကျွန်ုပ်တို့အနေဖြင့် တွေ့မြင်လာခဲ့ရပြီးဖြစ်

ပါသည်။ ကျွန်ုပ်တို့လေ့လာထားပြီးသား ဤအကြမ်းပြေးလေ့လာထားချက်များအပေါ်အခြေခံထားသည့် နားလည်ရလွယ်ကူသောအသေးစိတ်အကြောင်းအရာများကိုမူ နောက်ပိုင်းတွင် ကျွန်ုပ်တို့အနေဖြင့် ပြန်ပြီး လေ့လာကြည့်သွားနိုင်ပါသည်။

## ၄၀း ကလ္လသရေလလူတို့၌ ထားတော်မူသောကတိတော်များ – အခြားသောနေ့ရက် (အပိုင်း ၁)
## ယနေ့အတွက်သမ္မာတရား၊ ဖေဖော်ဝါရီ ၄၊ ၁၈၉၇

"ယောရှုသည် ထိုသူတို့ကို ချမ်းသာပေးသည်မှန်လျှင်၊ ထိုနောက် အခြားသောနေ့ရက်ကို အဘယ်ဆိုဘွယ်ရှိသနည်း။ ထို့ကြောင့်၊ ဘုရားသခင်၏လူတို့အဘို့အလိုငှါ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏။" ဟေဗြဲ ၄း၈၊ ၉။ ကလ္လသရေလလူတို့၌ ထားတော်မူခဲ့သည့် ဘုရားသခင်၏ကတိစကားများ တစ်လုံးတစ်လေမျှ ပျောက်ပျက်ခြင်းမရှိခဲ့သော်လည်း၊ "သူတို့ကြားရသော တရားစကားသည်၊ ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကိုမပေ း။" (ဟေဗြဲ ၄း၂)။ ခဲ့ပါချေ။ ငြိမ်ဝပ်ခြင်းချမ်းသာကို သူတို့၌ ပေးတော်မူခဲ့ပြီးသည်နောက် နှစ်ပေါင်းများစွာလွန်လာခဲ့သည့်အခါတွင် ဘုရားသခင်သည် ယောရှုမှတဆင့် အမွေတော်ခံစားပိုင်ခွင့်ရှိနိုင်မည့် အလားအလာများတို့ကို ထိုကလ္လသရေလလူတို့၏ရှေ့၌ ချပြထားတော်မူခဲ့ပါသည်။ ဤအကြောင်းအရာများကို ကျွန်ုပ်တို့ မြင်တွေ့လာခဲ့ရပြီးဖြစ်ပါသည်။

## ဘုရားသခင်၏နိုင်ငံတော်

နှစ်ပေါင်းလေးရာကျော်လွန်သွားခဲ့သည့်နောက်ပိုင်းအချိန်ဖြစ်သည့်၊ ကလ္လသရေလလူမျိုးများတို့၏ သမိုင်းရာဇဝင်တွင် ဖေါက်ပြန်ခြင်းတလှည့်၊ နောင်တရခြင်းတလှည့်၊ တဖန်ဖေါက်ခြင်းတလှည့် စသည့်မှတ်တမ်းများတို့နှင့်ပြည့်ဝနေခဲ့သည့် အချိန်ကာလတစ်ခုဖြစ်သည့် ဒါဝိဒ်၏ခေတ်အချိန်ကာလသို့ ယခုအခါတွင် ကျွန်ုပ်တို့ရောက်ရှိလာပြီးပါသည်။ ထိုအချိန်ကာလတွင် ကလ္လသရေလနိုင်ငံတော်သည် အထွဋ်အထိပ်သို့ ရောက်ရှိနေခဲ့ပါသည်။ ရှင်ဘုရင်တစ်ပါးကို တောင်းဆိုခဲ့ကြခြင်းအားဖြင့် ကလ္လသရေလလူတို့သည် ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြပါသည်။ သို့ရာတွင် သူတို့ကို ဘုရားသခင်ငြင်းပယ်တော်မမူခဲ့ပါချေ။ ကလ္လသရေလလူတို့တွင် ဘုရားသခင်အပြင် အခြားသောရှင်ဘုရင်များရှိနေဖို့ရန်မှာ ဘုရားသခင်၏ အကြံအစည်တော်မဟုတ်ပါချေ။ သို့ရာတွင် မျက်စိဖြင့်မမြင်ရသောဘုရင်တပါးကို ပိုင်ဆိုင်ထားရပြီး၊ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းရသည့် အသက်တာမျိုးကို ကလ္လသရေလူမျိုးများ မနှစ်မြို့ခဲ့ကြပါချေ။ မည်သို့ပင်ဖြစ်စေကာမူ သူတို့၏ပြည်သည် ဘုရားသခင်၏အပိုင်သာဖြစ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် မိမိ၌ရှိသော အုပ်ချုပ်သူများအားခန့်ပိုင်ခွင့်ကို ဘုရားသခင် အသုံးပြုသွားတော်မူခဲ့ပါသည်။ လောကကမ္ဘာတစ်ခုလုံးတွင်ရှိသော အုပ်ချုပ်သူများတို့ကိုလည်း ယခုအခါတွင် ထိုသို့ခန့်အပ်နေရာပေးတော်မူလျက်ရှိနေပါသည်။ "ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုငှင်း၊ လောကဓာတ်နှင့်လောကသားတို့ကိုငှင်း၊ ပိုင်တော်မူ၏။" "အာဏာတော်သည် ခပ်သိမ်းသောအရပ်တို့ကို နှံ့ပြား၏။" လောကလူသားများတို့သည် သူ့အား ရှင်ဘုရင်အဖြစ်လက်မခံကြပဲ၊ မိမိတို့၏ကိုယ်ပိုင်အုပ်ချုပ်မှုများ၌သာ ဂုဏ်ယူဝင့်ကြွားနေကြပါသည်။ သို့ရာတွင်၊ "အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကိုအုပ်စိုး၍၊ ပေးလိုသောသူတို့အား ပေးတော်မူသည်။" "ရှင်ဘုရင်တို့ကိုလည်း နှိမ့်ချချီးမြှောက်တော်မူ၏။" ဒံယေလ ၄း၃၂၊ ၂း၂၁။ "ဘုရားသခင်၏ အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာဖြစ်သတည်း။" ရောမ ၁၃း၁။ ဤအကြောင်းကြောင့် "အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်း" ကို လူအပေါင်းတို့က ဝန်ခံရန်လိုအပ်ခြင်းဖြစ်သည်။ အစိုးရခြင်းအမှုကို မိမိတို့ကချုပ်ကိုင်ထားနေကြသည်ဟု ထင်မှတ်နေကြသည့် အုပ်ချုပ်သူများတို့အား၊ ဘုရားသခင်၏တစ်ဖက်တွင် မိမိတို့ကိုယ်ကို ချီးမြှောက်နိုင်ကြမည့် အချိန်အကန့်အသတ်တစ်ခုကို ဘုရားသခင်ပေးထားတော်မူပါသည်။ သို့ရာတွင် နိုင်ငံရှိရှိသမျှတို့သည် ထိုသခင်၏နိုင်ငံပိုင်နက်ထဲတွင် ပါဝင်နေပါသည်။ ဤအချက်မှန်ကန်ကြောင်းကို အထက်ပါရောမကျမ်းက ထောက်ပြနေပါသည်။

## ဒါဝိဒ်၏ခေတ်အချိန်ကာလတွင် တွေ့ရသော ဧည့်သည်အာဂန္တုများ

ဘုရားသခင်၏မစတော်မူခြင်းကြောင့် ဒါဝိဒ်အနေဖြင့် ဣသရေလပြည်၏ပလ္လင်ပေါ်တွင် ချီးမြှောက်ခြင်းခံခဲ့ရပြီး၊ "ထာဝရဘုရားသည် အရပ်ရပ်တို့၌ရှိသော ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော်မူသော ကျေးဇူးကို ရှင်ဘုရင်သည် ခံရ" သောအခါတွင်၊ ဘုရားသခင်အဖို့ ဗိမာန်တော်တစ်ဆောင်ကို ဆောက်လုပ်ပေးလိုသည့် ဆန္ဒတစ်ခုသည် သူ၏နှလုံးသားထဲတွင်ဖြစ်ပေါ်လာခဲ့ပါသည်။ စစချင်းတွင် ပရောဖက်နာသန်က မိမိ၏ကိုယ်ပိုင်စကားအားဖြင့်၊ "အကြံတော်ရှိသမျှအတိုင်း ပြုတော်မူပါ။" ဟု ဒါဝိဒ်အား လျှောက်ထားခဲ့ပါသည်။ သို့ရာတွင် မိမိအနေဖြင့် ဗိမာန်တော်ဆောက်လုပ်ခွင့်မရှိကြောင်းကို ဘုရားသခင်က ပရောဖက်နာသံမှတဆင့် ဒါဝိဒ်ထံ မိန့်ကြားခဲ့လိုက်ပါသည်။ ထိုအခါ ဒါဝိဒ်အား ဘုရားသခင်ဆက်လက်မိန့်ကြားတော်မူခဲ့သည်ကား၊ "ငါ၏လူ ဣသရေလအမျိုးနေရာအရပ်ကို ငါပြင်ဆင်ပြီ။ သူတို့သည် နောက်တဖန်မပြောင်းမလဲ မိမိတို့နေရာ၌နေစေခြင်းငှါ ငါမြဲမြံစေမည်။ မတရားသောသူတို့သည် ရှေးကာလ၌၄င်း၊ ငါ၏လူဣသရေလအမျိုးတွင် တရားသူကြီးတို့ကို ခန့်ထားသောကာလ၌၄င်း၊ ညှဉ်းဆဲသကဲ့သို့ နောက်တဖန်မညှဉ်းဆဲရ။ သင့်ကိုလည်း ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ။ သင်၏အမျိုးအနွယ်ကိုလည်း ငါတည်စေမည်။" ဟု မိန့်တော်မူခဲ့လေသည်။ ၂ဓမ္မရာဇဝင် ၇း၁၀၊၁၁။

ဣသရေလအမျိုးသားတို့သည် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့ကို ထိုအခါတွင် မရရှိခဲ့ကြသေးပါချေ။ ဒါဝိဒ်သည် ဩဇာအာဏာကြီးမားသောဘုရင်တစ်ပါးဖြစ်ပြီး၊ "မြေကြီးသားတို့တွင် လူကြီး၏ဂုဏ်အသရေကဲ့သို့ ကြီးစွာသောဂုဏ်အသရေ" ကို သူရရှိထားခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်နှင့်တကွ ဗိမာန်တော်အား ဆောက်လုပ်ဖို့ရန်အတွက်လိုအပ်သည့် တန်ဆာများအားလုံးတို့ကို သားဖြစ်သူရှောလမုန်၏ လက်ထဲသို့ လွှဲအပ်သည့်အခါတွင်၊ ဒါဝိဒ်မင်းအနေဖြင့် အောက်ပါအတိုင်း ဆုတောင်းပဌနာပြုသွားခဲ့ပါသည်။ "အကျွန်ုပ်တို့သည် ဘိုးဘေးများကဲ့သို့ ရှေ့တော်၌ ဧည့်သည်အာဂန္တုဖြစ်ပါ၏။ မြေကြီးပေါ်မှာနေရသောကာလသည် အရိပ်ကဲ့သို့ဖြစ်ပါ၏။ မှီခိုရာမရှိပါ။" ၁ရာဇဝင်ချုပ် ၂၉း၁၅။ ဣသရေလတိုင်းပြည်အနေနှင့် ကမ္ဘာ့အထွဋ်အထိပ်နေရာတွင် နေရာယူနိုင်ခဲ့သည့် ထိုကဲ့သို့သောအချိန်မျိုးတွင်၊ ရှင်ဘုရင်ကြီးက ထို "ပြည်၌ ခြေနင်းရာကိုမျှ အမွေ" မရရှိခဲ့သည့် အာဗြဟံနည်းတူပင် မိမိသည်လည်း ထိုပြည်၌ ဧည့်သည်အာဂန္တုသာဖြစ် ကြောင်း ဖွင့်ဟပြောကြားသွားခဲ့ပါသည်။ အာရဇ်သစ်သားဖြင့်ပြီးသော မိမိ၏အိမ်တွင် နေထိုင်ခဲ့သည့် ဒါဝိဒ်နည်းတူပင်၊ တဲထဲတွင် နေထိုင်ခဲ့ကြသည့် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့သည်လည်း "သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်နေသကဲ့သို့၊ ကတိတော်နှင့် စပ်ဆိုင်သော ပြည်၌" နေထိုင်ခဲ့ကြရပါသည်။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့သာမကပဲ၊ ဂိဒေါင်၊ ရှန်ဆုံ၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလနှင့် ပုရောဖက်များနှင့်တကွ အခြားသောသူမြောက်များစွာတို့သည်လည်း "ယုံကြည်ခြင်းအားဖြင့်ချီးမွမ်းခြင်းသို့ ရောက်သော်လည်း၊ ကတိတော်အတိုင်း အကျိုးကျေးဇူးကိုမခံရကြ။" ဟေဗြဲ ၁၁း၃၂-၃၉။ အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့၌ ဘုရားသခင်ကတိထားတော်မူခဲ့သည့် အမွေတော်သည်၊ "ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝ (ကမ္ဘာ)" တွင်ရရှိမည့် ခေတ္တယာယီပိုင်ဆိုင်မှုတစ်ခုလုံးဝမဟုတ်ကြောင်းကို သက်သေပြပေးနိုင်မည့် သာ၍ခိုင်လုံသောမည်သည့်သက်သေတစ်ခုကို ဤနေရာတွင် တွေ့ရှိနိုင်ပါမည်နည်း။

## ယာယီယေရုရှလင်မြို့သည် သူ့ကျွန်ဘဝကိုပုံဆောင်ပါသည်။

တန်ခိုးအာဏာအထွဋ်အထိပ်သို့ရောက်နေခဲ့သည့် ဒါဝိဒ်ဘုရင်မင်းကြီးက ကတိတော်ကိုမပိုင်ဆိုင်ခဲ့ရသည့်အားလျော်စွာ၊ ဣသရေလပြည်ကို ဣသရေလလူတို့၏လက်ထဲသို့ ပြန်လည်အပ်နှင်းပေးတော်မူမည်ဆိုသည့် ကတိတော်သည် ဂျူးလူမျိုးများ ယေရှုရှလင်မြို့ဟောင်းသို့ပြန်ရောက်လာခြင်းအားဖြင့် ပြည့်စုံခြင်းရှိ

လိမ့်မည်ဟုထင်မှတ်နေခြင်းသည် လုံးဝမိုက်မဲသောအမှုအရာတစ်ခုပင်ဖြစ်ပေသည်။ "ယခုရှိသော ယေရုရှလင်မြို့" ၌ မျှော်လင့်ချက်ထားသောသူတို့သည် ဇေဝေလိတရားတော်နှင့်စပ်ဆိုင်သောမင်္ဂလာအလုံးစုံတို့ကို ပျောက်ဆုံးနေကြရပါသည်။ ကျွန်ုပ်တို့သည် "တဖန်ကြောက်ရွံ့တတ်သော ကျွန်၏သဘောကို ရကြသည်မဟုတ်။" သည့်အတွက်ကြောင့်၊ ယေရုရှလင်မြို့ဟောင်းနှင့်စပ်ဆိုင်သည့် မည်သည့်အရာတို့ကိုမျှ ကျွန်ုပ်တို့အနေဖြင့် ယုံကြည်အားကိုးခြင်းမပြုရပါချေ။ အဘယ့်ကြောင့်ဆိုသော် "ယခုရှိသော ယေရုရှလင်မြို့" သည် "မိမိသားများနှင့်တကွ ကျွန်ခံရ၏။ အပေါ်မှာရှိသော ယေရုရှလင်မြို့မူကား၊ ခပ်သိမ်းသောငါတို့၏ အမိတည်းဟူသော ကျွန်မမဟုတ်သော မိန်းမဖြစ်သတည်း။" ဂလာတိ ၄း၂၅၊၂၆။ ကတိတော်သည် ပြည့်စုံခြင်းသို့ရောက်၍၊ ပြည်တော်ကို ဣသရေလလူမျိုးများ အမှန်တကယ် ပိုင်ဆိုင်ရကြပြီး၊ ထိုပြည်၌ ဥဒ္ဒိသည်အာဂန္တုများ လုံးဝမရှိတော့သည့်အချိန်တွင်၊ ထိုဣသရေလလူတို့၏နေ့ရက်များတို့သည် အရိပ်တစ်ခုကဲ့သို့ဖြစ်နေတော့မည်မဟုတ်ပဲ၊ သူတို့အနေဖြင့် ထာဝရအသက်ရှင်သန်သွားရလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် "လူအချို့တို့သည်၊ နေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။" ၂ပေ ၃း၉။ "ငါတို့သခင်ဘုရားသည်းခံတော်မူခြင်းသည် ကယ်တင်မည် အကြောင်းပင် ဖြစ်ပေသည်။" အငယ် ၁၅။ မောရှေ၏ခေတ်အချိန်၌ပင်လျှင် ကတိတော်ကာလသည် ရောက်ရှိလာခဲ့ပါသည်။ (တမန်တော် ၇း၁၇) သို့ရာတွင် ထိုဣသရေလလူတို့သည် ကတိထားတော်မူခဲ့သည့်အရာကို မပိုင်ဆိုင်ခဲ့ကြရပါချေ။ သူတို့သည် နောင်ကပ်ကာလအတွက် ရွေးချယ်မှုမပြုခဲ့ကြပဲ၊ ဤပစ္စုပ္ပန်ဘဝအတွက်ကိုသာ ရွေးယူသွားခဲ့ကြပါသည်။ သို့ရာတွင် သစ္စာစောင့်သောအာဗြဟံ၏အမျိုးအနွယ်သည် ဝင်ရလိမ့်မည်ဟု ဘုရားသခင်သည် ကိုယ်ကိုတိုင်တည်လျက်ကျိန်ဆိုတော်မူခဲ့ပါသည်။ "ထိုကြောင့်၊ အချို့တို့သည် ဝင်ရကြ၏။ ဝမ်းမြောက်စရာသိတင်းကို ရှေ့ဦးစွာကြားရသောသူတို့သည် မယုံကြည်သောကြောင့် မဝင်ရကြပြီ။ တဖန်တုံ၊ ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံး မရှိကြနှင့်ဟုဆိုသည်ဖြစ်၍၊ ဤမျှလောက် ကာလကြာပြီးမှ၊ ယနေ့ဟု ဒါဝိဒ်ကျမ်းစာ၌ လာသောအခါ၊ တစုံတခုသောနေ့ရက်ကို သေချာစွာမှတ်သားသတည်း။" ဟေဗြဲ ၄း၆၊ ၇။

လူသားတို့၏ မယုံကြည်ခြင်းအရာသည် ဘုရားသခင်၏ကတိတော်ကို မဖျက်ပါယ်နိုင်ပါချေ။ ရောမ ၃း၃။ "ငါတို့သည်မယုံကြည်သော်လည်း၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော်မမူနိုင်။" ၂တိ ၂း၁၃။ အာဗြဟံနှင့် ယာကုပ်တို့၏သားစဉ်မြေးဆက်များအားလုံးတို့သည် မိမိကိုယ်ကို အာဗြဟံ၏သားသမီးများအဖြစ်ဝန်ခံခြင်းမပြုပဲ မိမိတို့ကိုယ်ကို မာရ်နတ်၏သားသမီးများအဖြစ်နှင့်သာ (ယောဟန် ၈း၃၉-၄၄) သက်သေထင်ရှားစေခဲ့ကြမည်ဆိုပါကလည်း အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၌ထားတော်မူသည့် ဘုရားသခင်၏ကတိတော်သည် တစ်လုံးမကျန် ပြည့်စုံမြဲပြည့်စုံနေလိမ့်အုံးမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် ကျောက်ခဲတို့မှပင် "အာဗြဟံသားတို့ကို ထုတ်ဘော်ဖန်ဆင်းနိုင်တော်မူ" သောကြောင့်ဖြစ် သည်။ အစအဦးတွင် လူသားကို မြေမှုန့်မှဖန်ဆင်းတော်မူခဲ့သည်နည်းတူ သူ့အနေဖြင့် အာဗြဟံအတွက် သားများကို ဖန်ဆင်းပေးနိုင်ပါသည်။ ယောရှုသည် သူတို့အား ချမ်းသာပေးခဲ့သည်မှန်လျှင်၊ ကယ်တင်တော်မူခြင်းနေ့ရက်ဟူသည် ထပ်မံပြီး လိုအပ်နေခဲ့လိမ့်မည်မဟုတ်ပါချေ။ သို့ရာတွင် ဘုရားသခင်၏နောက်လိုက်များဖြစ်သောသူများတို့၏ မယုံကြည်ခြင်းတရားက ကတိတော်ပြည့်စုံလာမည့်အချိန်ကာလကို နှောင့်နှေးသွားစေခဲ့ ပါသည်။ ထိုကြောင့် ဘုရားသခင်သည် မိမိ၏ကရုဏာတော်နှင့်အညီ အခြားသောနေ့ရက်တစ်ရက်ကို ထပ်မံပေးအပ်ထားခဲ့လိုက်ခြင်းဖြစ်သည်။ ထိုအခြားသောနေ့ရက်ဆိုသည်မှာ "ယနေ့" ပင်ဖြစ်ပါသည်။ "ယခုပင်နစ်သက်ဖွယ်သောအချိန်ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက်ကာလရှိ၏။" ၂ကော ၆း၂။ "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံး မရှိကြနှင့်။"

**“ယနေ့”**

ဤအချက်ကို ဆင်ခြင်ကြည့်ပါလေ။ ဒါဝိဒ်အသက်ရှင်နေထိုင်ခဲ့သည့်အချိန်ကာလကို “ဤမျှ လောက် ကာလကြာပြီးမှ" ဟု ခေါ်ဝေါ်ထားပါသည်။ ကတိတော်ပြည့်စုံရန်အလားအလာရှိခဲ့သည့်အချိန်ဖြစ် သည့် ဣသရေလလူများခါနန်ပြည့်သို့ဝင်စားပြီးခဲ့သည့်အချိန်မှစ၍ ဒါဝိဒ်၏ခေတ်အချိန်အထိဆိုလျှင် နှစ် ပေါင်းငါးရာတိတိလောက် ကြာညောင်းသွားခဲ့ပြီးဖြစ်ပါသည်။ ကေန်အမုန်ပင်၊ ၎င်းသည် “ရှည်လျားသော အချိန်ကာလ” တစ်ခုဖြစ်ပါသည်။ အချိန်ကာလ ထိုမျှကြာညောင်းခဲ့သော်လည်း ဘုရားသခင်သည် “အခြား သောနေ့ရက်” တစ်ရက်ကို ပေးကမ်းနေဆဲဖြစ်ပါသည်။ ထိုအခြားသောနေ့ရက်မှာ ယနေ့ပင်ဖြစ်ပါသည်။ ပေးကမ်းထားတော်မူသောကယ်တင်ခြင်းကို လက်ခံဖို့ရန်အတွက် ကျွန်ုပ်တို့ကို နှစ်တစ်နှစ်လုံးလုံးမပေးအပ် ထားပါချေ။ နောက်တစ်လ၊ နောက်တစ်ပတ်၊ မနက်ဖြန်ဟူ၍ပင် မပေးအပ်ထားပါချေ။ ကျွန်ုပ်တို့ကို ယနေ့ဟူ သည့် နေ့တစ်နေ့တည်းကိုသာ ပေးထားပါသည်။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးအပ်ထားတော်မူသည့် ကရုဏာအချိန်ကာလသည်လည်း တစ်ရက်တည်းသာဖြစ်ပါသည်။ ထို့ကြောင့် ဤမျှလောက် ကာလကြာပြီးမှ ကျွန်ုပ်တို့ထံသို့ သာ၍ကြီးစွာသောအရိုန်အဟုန်ဖြင့်ရောက်ရှိလာသည့်နှုတ်ထွက်စကားတော်ကား၊ “ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်။” ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားတော်မူသည့် ဖြောင့်မတ်ခြင်းနှင့်ဆိုင်သောမြို့တံခါးအတွင်းသို့ ဝင်သည့်အခွင့်အရေး သည် ကြီးမားသည့်ရတနာကြီးတစ်ပါးပင်ဖြစ်သည်။ ခရစ်တော်သည် တံခါးပင်ဖြစ်ပြီး၊ လူသားအားလုံးတို့ သည် သူ့အားဖြင့် “ယနေ့ဟူ၍ ခေါ်ဝေါ်သော အချိန်" တွင် တံခါးအတွင်းသို့ ဝင်လာနိုင်ကြပါသည်။ ထိုနေ့ကို ကျွန်ုပ်တို့အနေဖြင့် “ထာဝရဘုရားစီရင်တော်မူသောနေ့ရက်” အနေဖြင့်သော်၎င်း၊ “ဝမ်းမြောက်ရွှင်လန်း" ရာ နေ့ရက်အနေဖြင့်သော်၎င်း လက်ခံကြမည်မဟုတ်ပါလော။ “ဖြောင့်မတ်သောသူတို့၏နေရာ၌ ဝမ်းမြောက်ခြင်း အသံနှင့် ကယ်တင်ခြင်းအသံရှိ၏။” အကြောင်းမူကား၊ “ငါတို့သည် စိတ်စွဲလမ်းခြင်းကို အစပြုသကဲ့သို့ အဆုံး တိုင်အောင် တည်ကြည်လျှင်၊ ခရစ်တော်နှင့် ဆက်ဆံသောသူဖြစ်ကြ၏။” “ဣသရေလအမျိုး၏ သန့်ရှင်းတော် မူသောဘုရား၊ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည်ပြောင်းလဲ၍ ငြိမ်ဝပ်စွာနေလျှင်၊ ကယ် တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ငြိမ်ဝပ်စွာနေခြင်း၊ ယုံကြည်ခြင်းအားဖြင့် ခွန်အားအစွမ်းကို ရကြလိမ့်မည်။” ဟေရှာယ ၃၀း၁၅။

ဤငြိမ်ဝပ်ခြင်းချမ်းသာအကြောင်းကို ဧဝံဂေလိတရားတော်ထဲတွင် ထည့်သွင်းဖေါ်ပြပေးထား ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်က “ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြ လော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့ သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏။” ဟု မိန့်ကြားထားတော်မူသောကြောင့်ပေတည်း။ မသဲ ၁၁း၂၈-၃၀။ ဤချမ်းသာကို ဣသရေလလူများ မရရှိခဲ့ကြပါချေ။ ဤသို့ဖြစ်ရခြင်းမှာ သူတို့အား ထိုချမ်းသာကို မပေးပဲနေတော်မူခဲ့ခြင်းကြောင့်မဟုတ်ပဲ၊ ဧဝံဂေလိတရားတော်ကို သူတို့၌ဟောကြားတော်မူခဲ့သောအခါတွင် သူတို့အနေဖြင့် မယုံကြည်ခဲ့ကြသောကြောင့်ဖြစ်သည်။ ယကနေ့တွင် ကျွန်ုပ်တို့၌ ဟောကြားပေးလျက်ရှိသည့် ဧဝံဂေလိတရားနှင့် ဣသရေလလူတို့၌ဟောကြားပေးခဲ့သည့် ဧဝံဂေလိတရားတို့မှာ အတူတူပင်ဖြစ်ပါသည်။ ဟေဗြဲ ၄း၂။ “ငါတို့မူကား၊ ယုံကြည်သောသူဖြစ်၍ ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ကြရ၏။ ထိုသို့နှင့်အညီ ဗျာဒိတ်တော်ကား၊ သူတို့သည် ငါ၏ချမ်းသာထဲသို့ *မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆိုသည်ဟုလာ၏။” ယုံကြည်ခြင်းရှိသောသူများတည်းဟူသော အာဗြဟံ၏အမျိုးအနွယ်သည် ငြိမ်ဝပ်ခြင်းချမ်းသာထဲသို့ဝင်စားရ မည်ဖြစ်ကြောင်းကို ဘုရားသခင်သည် မိမိကိုယ်ကိုတိုင်တည်လျက် ကျိန်ဆိုတော်မူခဲ့ပါသည်။ ထိုအကျိန်နှင့်၊ မယုံကြည်သောသူတို့သည် ချမ်းသာထဲသို့ မဝင်ရကြဆိုသည့် အကျိန်တို့မှာ အတူတူပင်ဖြစ်ပါသည်။ သို့ဖြစ်

ပါ၍၊ ယုံကြည်ခြင်းမရှိသောသူတို့သည် ချမ်းသာထဲသို့မဝင်နိုင်သည်အကြောင်းကို ဤနေရာတွင် ဘုရားသခင်အနေဖြင့် ကျိန်ဆိုနေခြင်းပင်ဖြစ်ပေသည်။ ဤအရာသည် တစ်ဖက်သတ်ဆန်သောအမိန့်ထုတ်ပြန်ချက်တစ်ခုမဟုတ်ပဲ၊ ဖြစ်စဉ်ကိုတင်ပြပေးသည့်တင်ပြချက်တစ်ခုသာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ယောက်သည် အစားအစာစားသောက်ခြင်းနှင့် အသက်ရှုရှိုက်ခြင်းမရှိလျှင် အသက်ရှင်ကျန်းမာဖို့ရန် မဖြစ်နိုင်သလို၊ မယုံကြည်သောသူတစ်ယောက်သည်လည်း ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်ဖို့ရန်မှာ လုံးဝမဖြစ်နိုင်သောကြောင့်ဖြစ်သည်။ "သူတို့သည် မယုံကြည်သောကြောင့်သာ မဝင်နိုင်" ပါ ဆိုသည့်အချက်က၊ သူတို့၌ယုံကြည်ခြင်းရှိခဲ့မည်ဆိုလျှင် ဝင်နိုင်ခဲ့လိမ့်မည်ဖြစ်ကြောင်းကို သက်သေပြနေပါသည်။ စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာသည် သူတို့အတွက် အသင့်ရှိနှင့်ထားပြီးသားပင်ဖြစ်ကြောင်းကို၊ "ကမ္ဘာဦးကပင် အမှုအရာတို့ကို ပြီးစီး" စေတော်မူခဲ့လေပြီး ဆိုသည့်တင်ပြချက်က ထပ်မံထောက်ပြပေးထားပြန်ပါသည်။ ဟေဗြဲ ၄း၃။ လုပ်ဆောင်စရာများတို့ကို လုပ်ဆောင်ပြီးမြောက်သွားပြီးသည့် နောက်ပိုင်းတွင် ငြိမ်ဝပ်ခြင်းဆိုသည့်အရာသည် လိုက်လာစမြဲပင်ဖြစ်သည်။ ထို့ကြောင့် အခန်းငယ် ၄ တွင်၊ "ဘုရားသခင်သည် မိမိအမှုအရာအလုံးစုံတို့ကို ပြီးစီး၍ ခုနစ်ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။" ဟု ဖော်ပြထားလေသည်။ ဤနေရာတွင် ဘုရားသခင်က သတ္တမမြောက်သောနေ့အကြောင်းကို ထည့်သွင်း ပြောကြားထားပြီး၊ အခြားတစ်နေရာတွင်မူ၊ "သူတို့သည် ငါ၏ ချမ်းသာထဲသို့ မဝင်ရကြ" ဟု ပြောကြားထားပြန်လေသည်။ အငယ် ၅။ ထို့ကြောင့် ရှိထားနှင့်ပြီးသားဖြစ်သော၊ မယုံကြည်ခြင်းကြောင့် ဣသရေလလူမျိုးများ မဝင်စားနိုင်ခဲ့ကြသည့် ငြိမ်ဝပ်ခြင်းချမ်းသာကား၊ ခုနစ်ရက်မြောက်သောနေ့နှင့်ဆက်စပ်နေလျက်ရှိကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ အကြောင်းမူကား ထိုနေ့သည် ဣသရေလလူတို့အား ဘုရားသခင်ပေးသနားတော်မူခဲ့သည့် ထိုသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပြီး၊ ဣသရေလလူတို့အနေဖြင့် ဘုရားသခင်၏ထိုငြိမ်ဝပ်ခြင်းချမ်းသာကို မထိန်းသိမ်းထားနိုင်ခဲ့ကြပါချေ။ ထိုခုနစ်ရက်မြောက်သောနေ့သည် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာ ဘုရားသခင်၏ဥပုသ်နေ့သာဖြစ်ပါသည်။ ထိုနေ့သည် ဘုရားသခင်နှင့်ဆက်စပ်မှုရှိသည့် တစ်ခုတည်းသော ငြိမ်ဝပ်ခြင်းပင်ဖြစ်ပေသည်။ ဘုရားသခင်သည် ခုနစ်ရက်မြောက်သောနေ့တွင် မိမိအမှုအရာရှိသမျှတို့ကို လက်စသတ်တော်မူခဲ့ပြီး ငြိမ်ဝပ်စွာနေတော်မူခဲ့ပါသည်။ ဖန်ဆင်းတော်မူခြင်းအမှု ပြီးမြောက်သွားခဲ့သည်နှင့်တပြိုင်နက် ထိုငြိမ်ဝပ်ခြင်းသည်လည်း အဆင်သင့် တည်ရှိနေခဲ့သည်။ *အကျိန်တစ်ခုတွင် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ ၎င်းတို့မှာ အခြေအနေနှင့် နောက်ဆက်တွဲအကျိုးဆက်တို့ပင်ဖြစ်သည်။ အကျိုးဆက်ဆိုသည်မှာ အခြေအနေအတိုင်းပြည့်စုံလာခြင်းမရှိခဲ့လျှင် ဖြစ်လာမည့် အကျိုးဆက်ပင်ဖြစ်သည်။ ဥပမာအနေဖြင့်၊ လူတစ်ယောက်၏ ကျိန်ဆိုမှုကိုကြည့်ကြပါစို့။ "အဲဒီလူကို ထောင်ထဲကနေ ငါအလွတ်ခံမိလိုက်တယ်ဆိုရင် ငွေပေါင်တစ်ထောင်ကို ငါအရှုံးခံပါ့မယ်။" သို့မဟုတ် "အဲဒီထောင်သားကို ထောင်ထဲကနေ မလွတ်သွားစေရဘူးလို့ ငါ့ကိုယ်ငါတိုင်တည်ပြီးတော့ ကတိသစ္စာဆိုပါတယ်။" အကျိန်အကြောင်းကို ဟေဗြဲကျမ်းက အတိအကျဖြင့် ကျွန်ုပ်တို့အား ဖော်ပြပေးထားပါသည်။ ထိုကျမ်းတွင် အခြေအနေကိုသာထည့်သွင်းတင်ပြထားသည်။ အကျိုးဆက်ကိုမူ ထည့်သွင်းအသုံးမပြုထားပါချေ။ ဘုရားသခင်က မိမိ၏သစ္စာစကားကို ပြန်ပြီးချိုးဖေါက်ခဲ့သည်ဆိုလျှင် လိုက်လာမည့်ကြောက်မက်ဖွယ်ရာအကျိုးဆက်များတို့ကို လူသားတစ်ယောက်ချင်းစီအနေဖြင့် မိမိစိတ်ကူးဉာဏ်နှင့် ကြိုက်သလိုပုံဖေါ်ကြည့်နိုင်ပါသည်။  ဘုရားသခင်က မိမိကိုယ်ကို တိုင်တည်လျက် ကျိန်ဆိုမှုပြုရာတွင်၊ မိမိပြုထားတော်မူသည့်ကတိစကားအတိုင်း ဖြစ်မလာခဲ့လျှင်၊ ထိုသို့ဖြစ်မလာခြင်းအတွက် သူသည် မိမိ၏အသက်ရှင်တည်ရှိတော်မူခြင်းကို အမှန်တကယ်အရှုံးခံထားခဲ့ပါသည်။ သို့ရာတွင် ထိုသို့ကြောက်မက်ဖွယ်ရာကောင်းသော နောက်ဆက်တွဲအကျိုးဆက်အကြောင်းကို တင်ပြထားခြင်းမရှိပါချေ။ အကြောင်းမူကား ထိုသို့ဖြစ်လာနိုင်ဖွယ်ရာအကြောင်း ဘာတစ်ခုမျှမရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အထက်ပါကျမ်းချက်ကို "သူတို့သည် ငါ၏ချမ်းသာထဲသို့မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆိုသည်။" ဟူ၍ အမြဲတမ်းဖတ်ရှုဖတ်သင့်ပါသည်။

## ဘုရားသခင်၏အလုပ်နှင့် ဘုရားသခင်၏ငြိမ်ဝပ်ခြင်း

ကတိထားတော်မူခဲ့သည့် ငြိပ်ဝပ်ခြင်းချမ်းသာကား ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပေသည်။ အလုပ်၏နောက်တွင် ငြိမ်ဝပ်ခြင်းလိုက်ပါလာပါသည်။ သို့ရာတွင် အလုပ်မပြီးမချင်း ငြိမ်ဝပ်ခြင်းလိုက်မလာတတ်ပါချေ။ လူတစ်ယောက်သည် မိမိအားပေးထားသည့်အလုပ်တစ်ခုကို မပြီးစီးနိုင်သေးသ၍ သူ့အနေဖြင့် ငြိမ်ဝပ်စွာနေလို့မရပါချေ။ ဘုရားသခင်၏အလုပ်ကား ဖန်ဆင်းခြင်းပင်ဖြစ်သည်။ စုံလင်ပြီးပြည့်စုံခြင်းရှိသော အလုပ်ပင်ဖြစ်သည်။ “ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့် နံနက်သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။ ထိုသို့ ကောင်းကင်မြေကြီးနှင့် တကွ ခပ်သိမ်းသော တန်ဆာတို့သည် ပြီးစီးလျက်ရှိကြ၏။ သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍၊ ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ၊ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား၊ ဖန်ဆင်းပြုပြင်တော်မူသော ထိုအမှုအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။” ကမ္ဘာဦးကျမ်း ၁း၃၁၊ ၂း၁-၃။

ထိုအလုပ်ကား စုံလင်ခဲ့ပါသည်။ ဘုရားသခင်ကိုယ်တော်တိုင်ပြုသောအလုပ်ဖြစ်သည့်အတွက်ကြောင့် ထိုအလုပ်သည် ကောင်းမြတ်တော်မူပြီး၊ ဘုရားသခင်စုံလင်သည်နည်းတူ ထိုအလုပ်သည်လည်း စုံလင်နေခဲ့ပါသည်။ ထိုအလုပ်အားလုံး ပြီးမြောက်သွားခဲ့ပါသည်။ ထို့ကြောင့် ငြိမ်ဝပ်စွာနေတော်မူခဲ့ခြင်းအမှုသည်လည်း စုံလင်သောငြိမ်ဝပ်ခြင်းမျိုးဖြစ်ခဲ့ပါသည်။ အကျိန်တရား၏ အစွန်းအထင်းဟူ၍ ဘာတစ်ခုမျှမရှိခဲ့ပါချေ။ ထို့ကြောင့် ထိုငြိမ်ဝပ်ခြင်းသည် လုံးဝသန့်ရှင်းစင်ကြယ်သည့် အကွင်းမဲ့သော ငြိမ်ဝပ်ခြင်းတစ်ခုဖြစ်ခဲ့ပါသည်။ မိမိ၏ဖန်ဆင်းခြင်းလက်ရာများကို ပြန်ပြီးကြည့်ရှုလိုက်သောအခါတွင် သူ့အနေဖြင့် နောင်တရစရာမည်သည့်အကြောင်းတရားကိုမျှ မတွေ့ခဲ့ရပါချေ။ “ဒီတစ်ခုကိုတော့ ငါပြန်ပြီးပြန်ပြင်ဖို့လိုမယ်” ဆိုသည့်စကားမျိုးကို ထွက်ပေါ်လာစေခဲ့သည့် ဖန်ဆင်းထားသည့်အမှုအရာ ဘာတစ်ခုမျှမရှိခဲ့ပါချေ။ ဘုရားသခင်သည် မိမိဖန်ဆင်းတော်မူခဲ့သည့်အရာများတို့အပေါ် စိတ်ကျေနပ်မှုအပြည့်အဝရှိခဲ့ပါသည်။ အပြည့်အစုံနှင့် ကောင်းကောင်းမွန်မွန်ပြီးမြောက်သွားခဲ့သည့် အလုပ်၏နောက်တွင် မရှိမဖြစ်လိုက်လာမည့် အကန့်အသတ်မရှိသည့် စိတ်ပျော်ရွှင်ချမ်းမြေ့မှု၊ ကြည်နူးဖွယ်ရာစိတ်ငြိမ်သက်မှုနှင့် စိတ်ကျေနပ်မှု စသည့်စိတ်ခံစားမှုများအကြောင်းကို မည်သူက ပြော၍ကုန်နိုင်ပါမည်နည်း။ (သို့) မည်သည့်ကလောင် အစွမ်းက ဖေါ်ပြနိုင်ပါမည်နည်း။ (သို့) မည်သူက တွေးခေါ်ကြံဆနိုင်ပါလိမ့်မည်နည်း။ ထိုသို့သော စိတ်ပျော်ရွှင်ဝမ်းမြောက်ခြင်းမျိုးကို ဤလောကက မပေးစွမ်းနိုင်ပါချေ။ အကြောင်းမူကား

“အလုပ်ကို မည်မျှပင်ကြိုးစားကြိုးစား၊ မပြီးမပြတ်နိုင်ပဲ အမြဲကျန်ရှိနေတတ်စမြဲသာ၊ ထွက် နေကို သာစောင့်နေရသည့် မပြီးစီးနိုင်သည့်အမှုအရာ အမြဲကျန်ရှိနေတတ်မမြဲပါ။”

သို့ရာတွင် ဘုရားသခင်သည် လူသားတို့ထက်သာ၍ကြီးမြတ်သည်နည်းတူ၊ မိမိ၏အမှုအရာများကိုလက်စသတ်တော်မူ၍ ငြိမ်ဝပ်စွာနေတော်မူခဲ့သည့် သတ္တမမြောက်သောနေ့ရက်တွင် ဘုရားသခင်ရရှိခံစားတော်မူခဲ့သည့် ချစ်ဖွယ်ရာစိတ်ချမ်းမြေ့မှုနှင့် ကြည်နူးဖွယ်ရာငြိမ်ဝပ်ခြင်းချမ်းသာတို့၏ ကြီးကျယ်ခမ်းနားမှုတို့သည်လည်း လူ့ဉာဏ်ဖြင့်စဥ်းစားတွေးခေါ်နိုင်သည့် ကြီးကျယ်ခမ်းနားမှုများထက် သာ၍ကြီးမြတ်ပါပေသည်။

## အာဒံ ဝင်စားခဲ့ရသည့် ငြိမ်ဝပ်ခြင်းချမ်းသာ

အနှိုင်းမဲ့သော ဤငြိမ်ဝပ်ခြင်းချမ်းသာကို ကမ္ဘာဦးအချိန်တွင် ဘုရားသခင်က လူသားတို့အား ပေးအပ်တော်မူခဲ့ပါသည်။ “ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဒေင်ဥယျာဥ်ကို ပြုစုစောင့်ရှောက်

စေခြင်းငှါ ထားတော်မူ၏။" ကမ္ဘာဦးကျမ်း ၂း၁၅။ "ဧဒင်" ၏အနက်အဓိပ္ပါယ်ကား၊ ပျော်မွေ့ခြင်း၊ ကျေနပ် အားရခြင်း ပင်ဖြစ်ပါသည်။ ဧဒင်ဥယျာဉ်သည် ပျော်မွေ့ခြင်းဥယျာဉ်တော် ပင်ဖြစ်ပေသည်။ အထက်ပါကျမ်း တွင်ပါရှိသည့် "ထားတော်မူ၏။" ဆိုသည့်စကားလုံး၏ မူရင်းဟေဗြဲစကားလုံး၏အဓိပ္ပါယ်မှာ ငြိမ်ဝပ်ခြင်း ချမ်းသာပင်ဖြစ်ပါသည်။ နောဧ၏နာမည်သည်လည်း ထိုဟေဗြဲစကားလုံး မှဆင်းသက်လာသည့်နာမည်တစ်ခု ဖြစ်ပါသည်။ (ထိုအချက်အတွက် ကမ္ဘာဦးကျမ်း ၅း၂၉ ကိုကြည့်ပါ။) ကမ္ဘာဦးကျမ်း ၂း၁၅ ကို တနည်းအားဖြင့် ဤသို့ဖတ်ရှုနိုင်ပါသည်။ "ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကို ပျော်မွေ့ခြင်းဥယျာဉ်တော်ကို စောင့်ရှောက်စေခြင်းငှါ သူ့အား ချမ်းသာငြိမ်ဝပ်စွာနေစေတော်မူ၏။" လူသားသည် ငြိမ်ဝပ်ခြင်းချမ်းသာထဲသို့ ဝင်စားခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏စုံလင်တော်မူသောအလုပ်၊ ဘုရားသခင် ပြီးမြောက်စေခဲ့သောအမှုအရာထဲသို့ ဝင်ရောက်ခဲ့သောကြောင့်ဖြစ်သည်။ လူသည် ကောင်းသောအကျင့်တို့ ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်သတည်း။ "ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့် ညီသောအကျင့်တည်း။" (ယောဟန် ၆း၂၉) အာဒံသည် ဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာ များနှင့် ထိုသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာတို့ကို ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာ မျှဝေခံစားနိုင်ခဲ့ပါသည်။ စာတန်၏စကားကိုယုံကြည်ပြီး ဘုရားသခင်အပေါ် ယုံကြည်ခြင်းစိတ်ကင်းမဲ့သွားခဲ့သည်နှင့်တပြိုင်နက်၊ အရာ အားလုံးတို့ကို အာဒံ ဆုံးရှုံးသွားခဲ့ရပါသည်။ သူ့ကိုယ်၌ မည်သည့်အစွမ်းတန်ခိုးမျှမရှိပါ။ အကြောင်းမူကား သူ သည် မြေကြီးမှလာသော မြေမှုန့်သာဖြစ်သောကြောင့်ဖြစ်သည်။ "အလိုရှိစေခြင်းငှါဝင်း၊ အကျင့်ကျင့်စေခြင်း ငှါဝင်း" မိမိအထဲ၌ ပြုပြင်ပေးဖို့ရန်အတွက် ဘုရားသခင်အား အာဒံခွင့်ပြုခဲ့သည့်အချိန်ကာလတစ်လျှောက် လုံးတွင် မိမိအားပေးထားတော်မူခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာနှင့် အမွေတော်တို့ကို အာဒံဆက်လက်ပြီးထိန်း သိမ်းထားနိုင်ခဲ့ပါသည်။

"ငါတို့မူကား၊ ယုံကြည်သောသူဖြစ်၍ ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ကြရ၏။" အကြောင်း မူကား၊ "ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့် (မူရင်းဟေဗြဲကျမ်းတွင် - သင်တို့ယုံကြည် သောအရာကား ဘုရားသခင်၏အလုပ်ပင်ဖြစ်သည်။)" ပင်ဖြစ်သောကြောင့်ဖြစ်သည်။ ဤတင်ပြချက်နှစ်ခု တို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်မနေပဲ၊ တစ်ခုနှင့်တစ်ခု အဓိပ္ပါယ်ချင်းထပ်တူညီနေပါသည်။ အ ဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏အလိုတော် (မူရင်းဟေဗြဲကျမ်းတွင် - ဘုရားသခင်ပြုတော်မူသော အလုပ်တော်) တည်းဟူသော ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ထားကြရသည့် အလုပ်သည် စုံလင် ခြင်းရှိသောအလုပ်ပင်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုအလုပ်ထဲသို့ ဝင်ရောက်ခြင်းသည် ငြိမ်ဝပ် ခြင်းချမ်းသာထဲသို့ ဝင်ရောက်ခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာဆိုသည်မှာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ပျင်းရိနေခြင်းမျိုးကိုမဆိုလိုပါ။ ခရစ်တော်က၊ "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်းလုပ်၏။" ဟု မိန့်ကြားတော်မူခဲ့လေသည်။ (ယောဟန် ၅း၁၇) သည့်အပြင်မက "ထာဝရဘုရားသည် အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုဝင်း၊ မြေကြီး စွန်းတိုင်အောင် ဖန်ဆင်းတော်မူသော အရှင်ဖြစ်ကြောင်းကိုဝင်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊" ဟေရှာယ ၄၀း၂၈၊ မိမိဖန်ဆင်းထားတော်မူခဲ့သောအရာများတို့ကို ထောက်ပင့်ထားဖို့ရန်အတွက် ဘုရားသခင် သည် မိမိ၏နှုတ်ထွက်စကားတော်အားဖြင့် အလုပ်လုပ်တော်မူပါသည်။ ထို့ကြောင့် ဘုရားသခင်ကိုယုံကြည် သောသူတို့သည် ငြိမ်ဝပ်ခြင်းချမ်းသာထဲသို့ ဝင်ရောက်လာကြပြီး၊ "ကောင်းသောအကျင့်တို့ကို အမြဲကျင့်အံ့ သောငှါ သတိပြု" မိကြဖို့ရန်အတွက် သူတို့သည် တိုက်တွန်းသွေးဆောင်တော်မူခြင်းကို ခံကြရပါသည်။ (တိ တု ၃း၈)။ သို့ရာတွင် ထိုကောင်းသောအကျင့်တို့ကို "ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ် ဘဲ၊" (အငယ် ၅) ယုံကြည်ခြင်းအားဖြင့်သာ ကျင့်ဆောင်နိုင်မည်ဖြစ်သောကြောင့်၊ ထိုအကျင့်တို့ကို ယုံကြည် ခြင်းအားဖြင့်သာလျှင် အမြဲကျင့်နေရမည်ဖြစ်သည်။ ယုံကြည်ခြင်းဟုဆိုရာတွင် ငြိမ်ဝပ်ခြင်းချမ်းသာကို ပေး

စွမ်းသောယုံကြည်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာသည် အကြီးမြတ်ဆုံးသောလုပ်ဆောင်ခြင်း (အကြီးမြတ်ဆုံးသောအကျင့်) နှင့် အမြဲတမ်းတွဲနေလျက်ရှိနေပါသည်။

## ၄၁း ကဿသရေလလူတို့၌ ထားတော်မူသောကတိတော်များ – အခြားသောနေ့ရက် (အပိုင်း ၂)
## ယနေ့အတွက်သမ္မာတရား၊ ဖေဖော်ဝါရီ ၁၁၊ ၁၈၉၇

[ဤသင်ခန်းစာကို လွန်ခဲ့သောအပတ်တွင် လေ့လာခဲ့ကြရာတွင်၊ ကတိထားတော်မူခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာသည် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ကြောင်း၊ အာဒံအား ဘုရားသခင်က "ပျော်မွေ့ခြင်းဥယျာဉ်တော်၌ ချမ်းသာငြိမ်ဝပ်စွာနေစေတော်မူ" သောအခါတွင် အာဒံဝင်စားခဲ့ရသည့် ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်လာခဲ့ရပါသည်။"]

ပင်ပန်းနွမ်းနယ်မှုကို ဆောင်ယူလာသည့်အရာကား အပြစ်ပင်ဖြစ်ပါသည်။ အာဒံသည် ဧဒင်ဥယျာဉ်တော်ထဲတွင် အလုပ်လုပ်ခဲ့ပါသည်။ သို့ရာတွင် အပြစ်မကျူးလွန်မီ ထိုဥယျာဉ်တော်၌ ရှိနေခဲ့စဉ်ကာလတစ်လျှောက်လုံးတွင် သူသည် လုံးဝစုံလင်ခြင်းရှိသောငြိမ်ဝပ်ခြင်းချမ်းသာကို ပိုင်ဆိုင်ခဲ့ရပါသည်။ သူ့အနေဖြင့် အပြစ်မကျူးလွန်ပဲနေခဲ့မည်ဆိုပါက၊ ဤလောကတွင် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သောအရာမျိုးကို သူ့အနေဖြင့် ကြားသိခဲ့ရလိမ့်မည်မဟုတ်ပါချေ။ အလုပ်သည် ကျိန်ခြင်းတရား၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပဲ၊ မောပန်းနွမ်းနယ်ခြင်းကသာ ထိုကျိန်ခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်နေပါသည်။ "ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံးပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ရမည်။" ကမ္ဘာဦးကျမ်း ၃း၁၇-၁၉

## ငြိမ်ဝပ်ခြင်းချမ်းသာကို စောင့်ရှောက်ခြင်း

ထိုအချိန်အထိတွင်၊ အာဒံသည် အလုပ်လည်းလုပ်၊ စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာကိုလည်း စံစားခဲ့ရပါသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမူကား သူ၏အလုပ်မှာ သူ့အဖို့ ဘုရားပြင်ဆင်ပေးထားခဲ့သည့် စုံလင်သောအလုပ်ကို "စောင့်ရှောက်" ဖို့ရန်အတွက်သာ ဖြစ်သောကြောင့်ဖြစ်သည်။ သူ့အနေဖြင့် မည်သည့်အရာကိုမျှ မဖန်ဆင်းခဲ့ရပါချေ။ အကယ်၍သာ ပန်းကလေးတစ်ပွင့် (သို့) မြက်ပင်လေးတစ်ပင်ကို သူ့အား ဖန်ဆင်းခိုင်းခဲ့မည်ဆိုလျှင်၊ ထိုခက်ခဲသောအလုပ်ကို လုပ်ဆောင်ရင်းနှင့်ပင် အာဒံပင်ပန်းပြီး သေဆုံးသွားနိုင်ပါသည်။ ထိုအလုပ်ကို မပြီးမပြတ်နိုင်ပဲနှင့် သူသေသွားမည်ဖြစ်သည်။ သို့ရာတွင် ထိုအလုပ်ကို ဘုရားသခင်လုပ်ဆောင်ပေးတော်မူခဲ့ပြီး၊ ဖန်ဆင်းထားသည့်အရာတို့ကို ထိန်းသိမ်းရမည်ဟူသော ညွှန်ကြားချက်များနှင့်တကွ ၎င်းတို့ကို အာဒံအား ပိုင်ဆိုင်စေခဲ့ပါသည်။ "ယုံကြည်ခြင်းတရားကို စောင့်ရှောက်" ခဲ့သည့်ကာလတစ်လျှောက်လုံးတွင် ထိုအရာတို့ကို အာဒံ စောင့်ရှောက်ပိုင်ဆိုင်ခဲ့ရပါသည်။

စုံလင်သော ဤငြိမ်ဝပ်ခြင်းချမ်းသာကား ကမ္ဘာသစ်တွင်တွေ့ရှိရမည့်ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ကြောင်းနှင့် အပြစ်ဝင်ရောက်လာခြင်းမရှိခဲ့ဘူးဆိုလျှင် ဤကမ္ဘာသည်လည်း အသစ်သောကမ္ဘာအဖြစ်နှင့်သာ ဆက်လက်တည်တန့်နေခဲ့လိမ့်မည်ဖြစ်ကြောင်းကို မှတ်သားပါ။ ကမ္ဘာကြီးထဲတွင် ညှိုးနွမ်းခြင်းအဖြစ်ကို ဆောင်ယူလာခဲ့ပြီး၊ ထိုကမ္ဘာကြီးအား အိုမင်းရင့်ရော်သွားစေခဲ့သည့်အရာကား အပြစ်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာကို ကောင်းကင်ဘုံ၌သာ တွေ့ရှိရပြီး၊ ကမ္ဘာသစ်ဆိုသည်မှာလည်း "ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်" ပင်ဖြစ်ကြောင်း အထင်ရှားဆုံးအနေဖြင့် တွေ့ရှိရပါသည်။ လူသား၏ခေါင်းတွင် "ဘုန်းအသရေနှင့် ပတ်ရစ်" နေခဲ့စဉ်အချိန်ဖြစ်သည့် ကမ္ဘာဦးအချိန်၌ ထိုပြည်ကို လူသားတို့အား အပ်နှင်းထားခဲ့ပါသည်။ လူသည် "ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်"

သွားခဲ့သည့်အချိန်တွင် ထိုဘုန်းအသရေတော်သည် လူသားများထံမှ ကွယ်ပျောက်သွားခဲ့ပါသည်။ သို့ရာတွင် အသေခံတော်မူသောအားဖြင့် ဒုတိယအာဒံ၏ဦးခေါင်းတော်ပေါ်၌ ထိုဘုန်းအသရေတော်သည် ပတ်ရစ်ထား လျက်ရှိနေပါသည်။ ထိုဘုန်းအသရေတော်ကို ဘုရားသခင်သည် အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့၌ ကတိထားတော်မူခဲ့ပြီး၊ "အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလ" တည်းဟူသော မေ ရှိယအရှင်ပြန်လည်ကြွဆင်းလာသောအချိန်တွင် ထိုဘုန်းအသရေတော်ကို သူတို့၌ အပ်ပေးတော်မူလိမ့်မည် ဖြစ် သည်။

## ကျန်ရှိနေဆဲဖြစ်သော ဧဒင်ဥယျာဉ်၏ စိတ်အပိုင်းတစ်ခု

စုံလင်ပြီးအသစ်ဖြစ်နေသောဖန်ဆင်းခြင်းလက်ရာများသည် ကွယ်ပျောက်သွားခဲ့ပါသည်။ သို့ ရာတွင် ငြိမ်ဝင်ခြင်းချမ်းသာသည် ကျန်ရှိနေဆဲဖြစ်သည်။ အမှုအရာတို့ကို ပြီးစီးစေတော်မူခဲ့ပြီးဖြစ်ကြောင်း နှင့်၊ ငြိမ်ဝပ်ခြင်းချမ်းသာကိုလည်း ကမ္ဘာတည်ရှိသည့်ကာလမှစ၍ ပြင်ဆင်ပေးထားတော်မူခဲ့ပြီးဖြစ်ကြောင်းကို ထောက်ပြပေးနိုင်သည့် သက်သေကား၊ "ဘုရားသခင်သည် မိမိအမှုအရာ အလုံးစုံတို့ကို ပြီးစီး၍ ခုနစ်ရက် မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏" ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ သခင်ဘုရား၏ဥပုသ်နေ့တည်း ဟူသော သတ္တမနေ့သည် ကျိန်ခြင်းတရားအလယ်တွင် ကျန်ရှိနေဆဲဖြစ်သည့် ဧဒင်ဥယျာဉ်၏အစိတ်အပိုင်း တစ်ခုပင်ဖြစ်ပါသည်။ ထိုနေ့သည် ပျောက်ဆုံးသွားခဲ့သည့်ဧဒင်မှသည် ပြန်လည်ဖန်ဆင်းပြုပြင်တော်မူမည့် ဧဒင်တိုင်အောင် လမ်းကြောင်းသွယ်ခင်းပေးထားသည့် ကမ္ဘာသစ်နှင့်စပ်ဆိုင်သော ငြိမ်ဝပ်ခြင်းချမ်းသာ၏ အ စိတ်အပိုင်းတစ်ခုဖြစ်သည်။ ဥပုသ်နေ့သည် ဖန်ဆင်းခြင်းရက်သတ္တပတ်ကို ပိုမိုပြည့်စုံစေပါသည်။ ထိုဥပုသ်နေ့ သည် ဖန်ဆင်းခြင်းလုပ်ငန်း၏ ပြီးပြည့်စုံခြင်းအမှုကိုဖေါ်ပြပေးသည့် အထောက်အထားတစ်ခုဖြစ်သည့် အားလျော်စွာ၊ ၎င်းသည် စုံလင်ခြင်းရှိသည့် အသစ်သောဖန်ဆင်းခြင်းအမှုအရာ၏ အမှတ်တံဆိပ်လည်းဖြစ် ပေသည်။ ယခုတွင် အသစ်ပြုပြင်ဖန်ဆင်းပေးခြင်းလုပ်ငန်းကို လိုအပ်နေလျက်ရှိပါသည်။ ပထမအကြိမ် ဖန်ဆင်းခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့သည့်တန်ခိုးတော်အားဖြင့်သာလျှင် အသစ်ပြုပြင်ဖန်ဆင်းပေးခြင်း လုပ်ငန်းသည် ပြီးမြောက်ရမည်ဖြစ်သည်။ ခပ်သိမ်းသောအရာတို့ကို ယေရှုခရစ်တော်အားဖြင့် ဖန်ဆင်းတော် မူခဲ့ပြီး၊ "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။" ဤဖြစ်စဉ်နှစ်ခုစလုံးတွင် တွေ့ရှိရသည့် စုံလင်ပြည့်စုံခြင်းကိုဖေါ်ပြပေးသည့် တံဆိပ်ကား အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် ဥပုသ် တော်နေ့သည် စုံလင်ပြည့်စုံခြင်း၏ တံဆိပ်၊ စုံလင်သောဖြောင့်မတ်ခြင်း၏ တံဆိပ်ပင်ဖြစ်ပေသည်။

## အမှတ်အသားမှ ရည်ညွှန်းပြောဆိုနေသည့်အရာ

ဥပုသ်နေ့၌ငြိမ်ဝပ်စွာနေခြင်းအမှုတွင်၊ လုပ်ဆောင်စရာအလုပ်များကို သောကြာနေ့ညနေနေဝင်မှ သည် စနေနေ့နေဝင်သည်အထိ ရပ်ဆိုင်းထားခြင်းအမှု တမျိုးတည်းသာ အဓိကပါဝင်နေခြင်းမဟုတ်ကြောင်း၊ ဥပုသ်နေ့၌ငြိပ်ဝပ်စွာနေခြင်းအမှုသည် ငြိပ်ဝပ်ခြင်းချမ်းသာ၏အမှတ်အသားတစ်ခုပင်ဖြစ်ကြောင်းနှင့် အခြား သောအမှတ်အသားများနည်းတူပင်၊ ဤအမှတ်အသားမှ ရည်ညွှန်းပြောဆိုလိုက်သည့်အရာသည် အမှန် တ ကယ်တည်ရှိခြင်းမရှိဘူးဆိုလျှင် ဤအမှတ်အသားသည်လည်း အတုအယောင်အမှတ်အသားတစ်ခုသာဖြစ် နေမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်ထားဖို့လိုပါသည်။ စစ်မှန်သောဥပုသ်နေ့၌ငြိမ်ဝပ်စွာနေခြင်းအမှု တွင်၊ ဘုရားသခင်အား ဖန်ဆင်းရှင်အနေနှင့်သော်၎င်း၊ ခပ်သိမ်းသောအရာတို့ကို ထောက်မထားသောသူ အနေဖြင့်သော်၎င်း၊ ကျွန်ုပ်တို့အား အသက်ရှင်လှုပ်ရှားရသောအခွင့်၊ ဖြစ်တည်လာရသောအခွင့်နှင့် ဖြောင့် မတ်ခြင်းတရားအား ပိုင်ဆိုင်ရသောအခွင့်တို့ကို ပေးသနားတော်မူသောသူအနေဖြင့်သော်၎င်း အမြဲမပြတ်

လက်ခံအသိအမှတ်ပြုခြင်းအရာက အဓိကပါဝင်နေပါသည်။ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းအမှုသည် ဘုရားသခင်ထံမှမျက်နှာသာရရေးအတွက် လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားတစ်ခုမဟုတ်ပဲ၊ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ခြင်းအမှု တစ်ခုသာဖြစ်ပါသည်။ ထိုယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြပါသည်။

ကျွန်ုပ်တို့သည် အလုပ် (အကျင့်) အားဖြင့် ကယ်တင်ခြင်းသို့ရောက်ကြသည်မဟုတ်သောကြောင့် သတ္တမနေ့ဥပုသ်တော်နေ့ကို ကျွန်ုပ်တို့ စောင့်ထိန်းဖို့မလိုပါ ဆိုသည့် ကန့်ကွက်မှုမျိုးအတွက် နေရာမရှိပါချေ။ အကြောင်းမူကား ဥပုသ်နေ့သည် အလုပ်တစ်ခုမဟုတ်ပဲ၊ ဘုရားသခင်၏ ငြိမ်ဝပ်ခြင်းချမ်းသာတစ်ခုသာဖြစ်သော ကြောင့်ဖြစ်သည်။ "ဘုရားသခင်သည် မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ၊ ထိုချမ်းသာထဲသို့ဝင်ရသောသူသည်လည်း မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။" ဟေဗြဲ ၄း၁၀။ စစ်မှန်သော ဥပုသ်စောင့်ထိန်းခြင်းဆိုသည်မှာ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း မဟုတ်ပါ။ ထိုသို့သော အတွေးအခေါ်မျိုးတို့နှင့်လည်း လုံးဝဆက်စပ်မနေပါ။ ထိုအရာမျိုးတို့နှင့်ပင် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ၎င်းမှာ၊ စစ်မှန်သော ဥပုသ်စောင့်ထိန်းခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းပင်ဖြစ်ပြီး၊ ဘုရားသခင်၏တန်ခိုးတော်သည် လူကို အသစ်သောသတ္တဝါအဖြစ်သို့ဖန်ဆင်းပြုပြင်ပေးနိုင်ကြောင်းနှင့် အသက်ဝိညာဉ်ကို အပြစ်ထဲသို့ ပြန်ပြီးမကျသွားရလေအောင် ထိန်းသိမ်းထားပေးနိုင်ကြောင်းကို ယုံကြည်သည့် ယုံကြည်ခြင်းတရားမှ ပေါက်ပွားလာသော စုံလင်သည့်ငြိမ်ဝပ်ခြင်းချမ်းသာ ပင်ဖြစ်ပါသည်။

သို့ရာတွင်၊ "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" (ရောမ ၁၀း၁၇)။ ထို့ကြောင့် လူတစ်ယောက်အနေဖြင့် ဘုရားသခင်၏နှုတ်ထွက်စကားတစ်လုံးတစ်လေကို လျစ်လျူရှုနေစဉ် (သို့) ငြင်းပယ်နေစဉ်တစ်ချိန်တည်းမှာပင်၊ သူသည် ဘုရားသခင်ကို ယုံကြည်နေပါသည်ဟု ဝန်ခံပြောဆိုနေခြင်းသည် အချည်းနှီးသောအမှုပင်ဖြစ်ပေသည်။ ဘုရားသခင်၏နှုတ်ထွက်စကားလုံးတစ်လုံးစီတိုင်းတွင် အသက်ပါရှိနေပါသည်။ လူတစ်ယောက်သည် ဘုရားသခင်၏နှုတ်ထွက်စကားတစ်လုံးတည်းကိုသာသိရှိထားပြီး၊ ထိုသိရှိထားသည့်စကားလုံးကို ထိုသူက ဘုရားသခင်၏နှုတ်ထွက်စကားတော်အဖြစ် အမှန်တကယ်လက်ခံသည်ဆိုလျှင်၊ ထိုစကားတော်အားဖြင့် သူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လိမ့်မည်ဖြစ်ပါသည်။ အသိနည်းသောသူတို့ကို ဘုရားသခင်သည် ကြင်နာသနားတော်မူပြီး၊ ထိုသူများအနေဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရှိနိုင်ရန်အတွက် သူတို့၌ မည်၍မည်မျှသောအကြောင်းအရာတို့ကို သိရှိထားဖို့လိုအပ်ပါသည် ဆိုပြီး ဘုရားသခင်အနေဖြင့် ပြဋ္ဌာန်းထားတော်မမူပါချေ။ သို့ရာတွင် တမင်တကာမသိယောင်ဆောင်ခြင်းအမှုမှာမူကား ယခုတင်ပြချက်နှင့် ခြားနားလှပါသည်။ လူတစ်ယောက်၏မသိခြင်းအရာသည် တမင်တကာမသိချင်ယောင်ဆောင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ထိုသို့ပြုသောသူသည် အသက်ကိုငြင်းပယ်သောသူပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်၏နှုတ်ထွက်စကားလုံးတိုင်းတွင် အသက်ရှိပြီး၊ ထိုနှုတ်ထွက်စကားလုံးတိုင်းတွင်ရှိသော အသက်သည်လည်း တစ်ခုတည်းသောအသက်ပင်ဖြစ်သောကြောင့်၊ မည်သူမဆို မိမိထံသို့ ထင်ရှားသိသာစွာရောက်ရှိလာသော နှုတ်ထွက်စကားတစ်လုံးတည်းကိုပင် ငြင်းပယ်လိုက်သည်ဆိုလျှင် ထိုသူသည် နှုတ်ထွက်စကားတော် (နှုတ်ကပတ်တော်) တစ်ခုလုံးကို ငြင်းပယ်ပစ်လိုက်သောသူပင်ဖြစ်သည်။ ဘုရားသခင်ကိုယုံကြည်သည်ဆိုရာတွင် သူ၏ဖြစ်တည်ခြင်း တစ်ခုလုံးကို ယုံကြည်ဖို့ရန်လိုအပ်ပါသည်။ သူ့အကြောင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့တွေ့မြင်ရသမျှအရာနှင့် မတွေ့မြင်မသိရှိနိုင်သမျှအရာ (တနည်းအားဖြင့် လူဉာဏ်ဖြင့် မမှီနိုင်သည့်အရာ) အားလုံးတို့၌လည်း ယုံကြည်ဖို့ရန်လိုအပ်ပါသည်။

## လူသားတို့အတွက် လက်ဆောင်တစ်ခု

ဥပုသ်နေ့ဆိုသည်မှာ လူသားများအပေါ်တွင် တင်ထားတော်မူသည့် ဝန်ထုပ်တစ်ခုမဟုတ်ပဲ၊ (စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာဆိုသည်မှာ ဝန်ထုပ်တစ်ခုပင်ဖြစ်သည်ဟူ၍ ပြောဆိုသံမျိုးကို အဘယ်သူများကြားဖူးပါသနည်း။) လူသားများအား ဘုရားသခင်ပေးတော်မူသည့် ကောင်းချီးမင်္ဂလာတစ်ခုပင်ဖြစ်ကြောင်း၊ ဝန်ထုပ်များတို့ကို ဖယ်ရှားပေးသည့်အရာပင်ဖြစ်ကြောင်းကို မေ့လျော့မထားမိပါစေနှင့်။ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။" လူသားများအပေါ် အတင်းအဓမ္မတိုက်တွန်းသွေးဆောင်ခြင်းကို ပြုတော်မူမည့်အစားတွင်၊ ဘုရားသခင်သည် ဤသို့မိန့်ထားတော်မူခဲ့လေသည်။ မယုံကြည်သောသူတို့အဖို့မှာ ဥပုသ်တော်နေ့နှင့်စပ်ဆိုင်သောငြိပ်ဝပ်ခြင်းချမ်းသာကို ခံစားပိုင်ခွင့်ရှိမည်မဟုတ်ကြောင်းကို ကိုယ်တော်မိန့်မှာတော်မူခဲ့ပါသည်။ "ကျွန်တော့်အနေနဲ့ကတော့၊ ဥပုသ်နေ့ကို စောင့်ထိန်းဖို့လိုမယ်လို့ မထင်ပါဘူး။" ဟု ပြောဆိုသောသူအား ဘုရားသခင်က "ဥပုသ်နေ့ကို မင်း မစောင့်ထိန်းနိုင်ဘူး၊ ငါ့ရဲ့ငြိမ်ဝပ်ခြင်းချမ်းသာထဲကိုလည်း မင်းဝင်ရောက်မလာနိုင်ဘူး၊ အဲဒီငြိမ်ဝပ်ချမ်းသာဟာ မင်းနဲ့လည်းမသက်ဆိုင်ပါဘူး။" ဟု ပြန်ပြီးမိန့်ကြားလိုက်မည်ဖြစ်သည်။ လူတစ်ယောက်အနေဖြင့် ဘုရားသခင်၏ဥပုသ်တော်နေ့ကို ယုံကြည်ခြင်းမရှိပဲစောင့်ထိန်းဖို့ရန်မှာ မဖြစ်နိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် "ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။" ဖြစ်သောကြောင့်ဖြစ်သည်။ ဥပုသ်တော်နေ့သည် ဘုရားသခင်၏ ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပါသည်။ ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာသည် စုံလင်တော်မူပြီး၊ ထိုစုံလင်ခြင်းကို စုံလင်သောယုံကြည်ခြင်းအားဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။

"ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်။" ယောဟန် ၄း၂၄။ သို့ဖြစ်သောကြောင့် ထိုသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာသည်လည်း နံဝိညာဉ်နှင့်ဆိုင်သောငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်ရေးငြိမ်ဝပ်ခြင်းမရှိပဲနှင့် ကိုယ်ကာယငြိမ်ဝပ်နေခြင်းအားဖြင့်သာ ဥပုသ်စောင့်နေခြင်းသည် စစ်မှန်သည့် ဥပုသ်စောင့်ထိန်းခြင်းအမှုတစ်ခုမဟုတ်ပါချေ။ ဝိညာဉ်သဘောရှိသောသူများသာလျှင် ဘုရားသခင်၏ဥပုသ်တော်နေ့ကို အမှန်တကယ်စောင့်ထိန်းနိုင်ကြမည်ဖြစ်သည်။ ဝိညာဉ်တော်၏လမ်းပြပို့ဆောင်တော်မူခြင်းကို ရရှိခံစားခဲ့ရစဉ် အချိန်ကာလတစ်လျှောက်လုံးတွင် အာဒံသည် စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာကို ခံစားရရှိခဲ့ပါသည်။ သို့ရာတွင် အပြစ်ကျူးလွန်ခဲ့လိုက်သည်နှင့်တပြိုင်နက် ထိုငြိမ်ဝပ်ခြင်းချမ်းသာကို အာဒံဆုံးရှုံးသွားခဲ့ရပါသည်။ မြေပေါ်၌သက်ရောက်ခဲ့သည့် ကျိန်ခြင်းတရားက ခန္ဓာကိုယ်နွမ်းနယ်ပင်ပန်းခြင်းကို ဖြစ်ပေါ်စေခဲ့သော်ငြားလည်း၊ ဧဒင်ဥယျာဉ်မှအစပြုခဲ့သည့်ဥပုသ်တော်နေ့မှာမူကား ဝိညာဉ်ရေးနှင့်စပ်ဆိုင်သောငြိမ်ဝပ်ခြင်းချမ်းသာ၏ လက္ခဏာအထိမ်းအမှတ်တစ်ခုအနေဖြင့် ကျန်ရှိမြဲ ကျန်ရှိနေပါသည်။ သတ္တမနေ့တွင် ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ အမှုအရာများနှင့် မိမိတို့၏အလိုဆန္ဒရှိသမျှတို့ကိုသော်၎င်း၊ မိမိကိုယ်ကျိုးအတွက် အကျိုးအမြတ်ထုတ်ယူနိုင်မည့် အရာဟူသမျှတို့ကိုသော်၎င်း ဆိုင်းငံ့ထားလိုက်ခြင်းသည် ဘုရားသခင်အား ဖန်ဆင်းရှင်အနေဖြင့်သော်၎င်း၊ ကျွန်ုပ်တို့အား အသက်ရှင်သန်ခွင့်ကို ပေးသနားတော်မူသည့် တန်ခိုးရှင်တည်းဟူသော ခပ်သိမ်းသောအရာတို့ကို ထောက်မထားသောအရှင်နေဖြင့်သော်၎င်း လက်ခံအသိအမှတ်ပြုခြင်းပင်ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့က သူ့အား အမှန်တကယ်နှင့် အပြည့်အဝအသိအမှတ်ပြုခြင်းမရှိ၊ သူ၏စောင့်ထိန်းကွယ်ကာပေးတော်မူခြင်းအမှု၌လည်း မိမိကိုယ်ကို အပြည့်အဝအပ်နှံထားခြင်းမရှိဘူးဆိုလျှင် ထင်ရှားသောဤငြိမ်ဝပ်ခြင်းချမ်းသာသည်လည်း ကဲ့ရဲ့ဖွယ်ရာအရာတစ်ခုလိုသာ ဖြစ်နေလိမ့်မည်ဖြစ်ပေသည်။

ထို့ကြောင့်၊ ဥပုသ်နေ့သည် အထူးသဖြင့် ဆင်းရဲသောသူ၏မိတ်ဆွေပင်ဖြစ်သည်။ အားစိုက်ပြီးအလုပ်လုပ်ရသောသူတို့အဖို့ ထိုဥပုသ်နေ့သည် အခြားသောအရာများအားလုံးတို့ထက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းပေသည်။ အကြောင်းမူကား ဆင်းရဲသားတို့၌ ဧဝံဂေလိတရားတော်ကို ဟောကြားထားတော်မူသော

ကြောင့်ဖြစ်သည်။ ချမ်းသာသောသူတို့သည် ဘုရားသခင်၏ခေါ်သံကို နားထောင်ဖို့ရန်ခဲယဥ်းနေလိမ့်မည်ဖြစ်ပါသည်။ အကြောင်းမှာ၊ ထိုသူတို့သည် မိမိတို့၌ရှိနေသော ကြွယ်ဝချမ်းသာမှုများတို့နှင့် ရောင့်ရဲတင်းတိမ်နေတတ်ကြသောကြောင့်ဖြစ်သည်။ သူတို့သည် မိမိတို့၏ကြွယ်ဝမှုအပေါ် ယုံကြည်အားထားတတ်ကြပြီး၊ ယခုပစ္စုပ္ပန်အချိန်တွင် မိမိကိုယ်မိမိတာဝန်ယူနိုင်သကဲ့သို့ လာမည့်အနာဂတ်အချိန်တွင်လည်း မိမိတို့ကိုယ်ကိုတာဝန်ယူနိုင်ကြလိမ့်မည်ဟု ခံယူထားတတ်ကြလေသည်။ "မိမိတို့နေရာလည်း လူမျိုးအစဥ်အဆက်တည်လိမ့်မည်။ မိမိတို့နာမသည် မြေပေါ်မှာ ကျော်စောလိမ့်မည်ဟု သူတို့စိတ်ထင်ရှိကြ၏။" သို့ရာတွင် မည်သို့မည်ပုံဖြင့် အသက်ရှင်သန်ရပ်တည်ရမည် အကြောင်းကို မသိရှိသည့် ဆင်းရဲသားထံသို့ ဥပုသ်တော်နေ့သည် မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းများကို ဆောင်ယူပေးလာပါသည်။ ဤသို့သောအားဖြင့် ထိုဥပုသ်တော်နေ့သည် ထိုဆင်းရဲသား၏စိတ်နှလုံးသားကို ကျွန်ုပ်တို့၏အသက်တည်းဟူသော ဖန်ဆင်းရှင်ဘုရားသခင်အထံတော်သို့ တည့်မှတ်လမ်းညွှန်ပေးသွားတော်မူလေသည်။ "ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတံ့။" ဆင်းရဲသောသူသည် "ဥပုသ်နေ့ကို ငါစောင့်ထိန်းမည်ဆိုလျှင် ငါဘယ်လိုလုပ်ပြီး ရှင်သန်ရပ်တည်လို့ရမှာလဲ။" ဟု ပြောဆိုမည့်အစားတွင်၊ သူ့အနေဖြင့် ဘဝပြဿနာများတို့အတွက်အဖြေကို ထိုဥပုသ်တော်နေ့တွင် ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဖြစ်ပါသည်။ "ဘုရားဝတ်၌မွေ့လျော်ခြင်းမူကား၊ ယခုဘဝ၊ နောင်ဘဝနှင့် စပ်ဆိုင်သောကတိတော်ကိုရ၏။" ၁တိမောသေ ၄း၈

## ကောင်းကြီးခံရသောနေ့ နှင့် ကောင်းကြီးခံရသောသူ

ဥပုသ်တော်နေ့သည် ရက်သတ္တပတ်၏ခုနစ်ရက်မြောက်သောနေ့ပင်ဖြစ်သည်ဆိုငြားလည်း (တနည်းအားဖြင့် တစ်ပတ်တွင်တစ်ရက်တည်းသာရှိသည်ဆိုငြားလည်း)၊ ထိုဥပုဒ်တော်နေ့မှ ယူဆောင်လာသည့် ငြိမ်ဝပ်ခြင်းချမ်းသာမှာမူကား အဆက်ပြတ်ခြင်းမရှိပါချေ။ နေ့ရက်တစ်နေ့ဆိုသည်မှာ လူတစ်ယောက်မဟုတ်ပါ။ ထိုနည်းတူစွာပင်၊ နေ့ရက်တစ်နေ့ကိုကောင်းချီးပေးခြင်းအရာနှင့် လူတစ်ယောက်ကိုကောင်းချီးပေးခြင်းအရာတို့၌လည်း ခြားနားချက်တစ်ခုရှိနေပါသည်။ ဘုရားသခင်သည် သတ္တမနေ့ရက် (ကမ္ဘာဦးကျမ်း ၂း၃) တစ်နေ့ကို ကောင်းကြီးပေးတော်မူပြီး၊ လူကိုမူ နေ့တိုင်းကောင်းကြီးပေးတော်မူပါသည်။ ဘုရားသခင်၌ အစဥ်အမြဲ ငြိမ်ဝပ်ခြင်းရှိသောသူများသာလျှင် ဥပုသ်တော်နေ့ကို စောင့်ထိန်းကြပါသည်။ ဘုရားသခင်ကောင်းကြီးပေးတော်မူသောဥပုသ်တော်နေ့ကို မစောင့်ထိန်းပဲ မျက်ကွယ်ပြုထားသောသူသည် ထာဝရဘုရား၌ အစဥ်အမြဲငြိမ်ဝပ်ခြင်းမရှိသောသူနှင့် အတူတူပင်ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်ကိုယုံကြည်ခြင်းတမျိုးတည်းအားဖြင့်သာလျှင် ထိုသခင်၌ငြိမ်ဝပ်စွာနေနိုင်မည်ဖြစ်သည်။ တချိန်တည်းမှာပင် ယုံကြည်ခြင်းသည် အပြစ်မှကယ်နှုတ်ပေးပြီး၊ အသက်ရှင်သောယုံကြည်ခြင်းသည် လူတစ်ယောက်အသက်ရှူသကဲ့သို့ အမြဲတမ်းအဆက်မပြတ်လှုပ်ရှားနေလျက်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် "ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။" ဖြစ်သောကြောင့်ဖြစ်သည်။ အချိန်တစ်ပတ်တာအတောအတွင်းတွင် မိမိ၏အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စိုးရိမ်ကြောက်လန့်နေသောသူ၊ စိတ်တိုနေသောသူ (သို့) ရက်စက်ကြမ်းကြုတ်သောသူ (သို့) မိမိ၏နောက်လိုက်ငယ်သားများအပေါ် တွင် တနည်းတဖုံအားဖြင့်မတရားသဖြင့်ပြုနေသောသူတည်းဟူသော ဘုရားသခင်ကိုမကိုးစားသောသူသည် ဘုရားသခင်၌ ငြိပ်ဝပ်စွာနေသောသူတစ်ဦးမဟုတ်ပါချေ။ ထိုသူသည် ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့သောသူ တစ်ဦးမဟုတ်ပါချေ။ အကြောင်းမူကား၊ ဥပုသ်နေ့ကို အောက်မေ့သောသူတစ်ဦးဖြစ်သည်မှန်လျှင်၊ ထိုသူသည် မိမိအတွက်အရာရာကိုပြင်ဆင်ပေးမည့် ဘုရားသခင်၏တန်ခိုးတော်အကြောင်းကို သိရှိလိမ့်မည်ဖြစ်ပြီး၊ သူသည် ဘုရားသခင်ကို မိမိ၏ "သစ္စာရှိသော အ

သက်သခင်ကဲ့သို့မှတ်လျက်" ကောင်းစွာပြုခြင်းအားဖြင့် မိမိ၏စိတ်ဝိညာဉ်ကို ထိုသခင်ထံတော်၌ အပ်နှံထား လိမ့်မည်ဖြစ်ပါသည်။

## ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်

ဖန်ဆင်းရှင်ခရစ်တော်ကို ဝန်ထုပ်ထမ်းပိုးပေးသောသူအဖြစ် ဥပုသ်တော်နေ့က ဖေါ်ပြပေးပါသည်။ ခရစ်တော်သည် လောကကမ္ဘာတစ်ခုလုံး၏ ပင်ပန်းခြင်း၊ ဒုစရိုက်အပြစ်နှင့် ဝမ်းနည်းခြင်းများအားလုံးတို့နှင့်တကွ ထိုလောက၏ဝန်ထုပ်ဝန်ပိုးများတို့ကို ထမ်းရွက်ပေးတော်မူလေသည်။ ထိုဝန်ကို သူ့အနေဖြင့် လွယ်ကူစွာထမ်းပိုးတော်မူပါသည်။ သူ၏ထမ်းပိုးမှာ ပေါ့ပါးပါပေသည်။ "ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီး ဒဏ်ချက်တော်များအားဖြင့်သင်တို့သည်အနာပျောက်လျက်ရှိကြ၏။" ၂ပေ ၂း၂၄ ။ ကျွန်ုပ်တို့အား အသက်ရှင်ခြင်းအခွင့်ကိုပေး၍ အသစ်သောသတ္တဝါများဖြစ်စေသည့်အရာကား ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် လက်ဝါးကပ်တိုင်၏တန်ခိုးကား ဖန်ဆင်းခြင်းတန်ခိုးတော်နှင့် အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခရစ်က "အမှုပြီးပြီး" ဟု ကြွေးကြော်ခဲ့ရာတွင်၊ ကမ္ဘာတည်သည်ကာလမှစ၍ ပြီးမြောက်ထားပြီးသားဖြစ်သည့် ဘုရားသခင်၏ စုံလင်သောအမှုတော်ကို ထိုခရစ်တော်၌သာလျှင်၊ သူ၏လက်ဝါးကပ်တိုင်တော်အားဖြင့်သာလျှင် ရရှိနိုင်မည်ဖြစ်ကြောင်းကို သူ့အနေဖြင့် ကြေညာခဲ့လိုက်ခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် အစအဦး၌ ပြီးမြောက်တော်မူခဲ့သည့် ဖန်ဆင်းခြင်းအမှုကို ပြန်လည်သတိရအောက်မေ့စေသည့် သတ္တမနေ့ငြိမ်ဝပ်ခြင်းချမ်းသာတည်းဟူသော ဥပုသ်တော်နေ့သည် တူညီသောဖန်ဆင်းခြင်းတန်းခိုးကို ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်အားဖြင့် အခမဲ့ပေးသနားထားတော်မူကြောင်းကို ပြန်လည်သတိပေးနိုးဆော်ပေးသည့် ကောင်းကြီးဖြစ်စေသောနိူးဆော်မှုတစ်ခုပင်ဖြစ်ပါသည်။ ထိုဖန်ဆင်းခြင်းတန်ခိုးတော်ကို ကျွန်ုပ်တို့အားပေးတော်မူရသည့်အကြောင်းအရင်းကား ကျွန်ုပ်တို့ကို ကျိန်ခြင်းမှလွတ်မြောက်စေဖို့ရန်အတွက်နှင့် ဘုရားသခင်အနေဖြင့် ကြည့်ရှု၍ "အလွန်ကောင်းသည်" ဟု မြွက်ဆိုခဲ့သည့် အရာများနည်းတူ ကျွန်ုပ်တို့အား ထိုသခင်၌စုံလင်ခြင်းရှိစေဖို့ရန်အတွက်ပင်ဖြစ်သည်။

ဘုရားသခင်သည် ကျရှုံးခြင်းမရှိပါ။ စိတ်ပျက်အားလျော့ခြင်းလည်း ရှိတော်မမူပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏အမှုအရာရှိသမျှတို့ကို သူ့ထံ၌ ယုံကြည်စိတ်ချစွာ အပ်နှံထားနိုင်ပါသည်။ သို့ဖြစ်၍ ဥပုသ်တော်နေ့သည် အမှန်တကယ်ပင် မွေ့လျော်ရာနေ့တစ်နေ့ဖြစ်နေပါသည်။ ဆာလံကျမ်းထဲတွင် ဥပုသ်တော်နေ့အဖို့ ဒါဝိဒ်စပ်ဆိုထားသည်ကား၊ "အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို ဝမ်းမြောက်စေတော်မူသည်ဖြစ်၍၊ လက်တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်။" ဆာလံ ၉၂း၄။ ဥပုသ်နေ့၏အဓိပ္ပါယ်ကား ဘုရားသခင့်လက်တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုခြင်းပင်ဖြစ်ပေသည်။ ဆိုလိုသည့်အဓိပ္ပါယ်ကား၊ လောကဓါတ်တို့ကိုတည်စေတော်မူသောသူတည်းဟူသော ယေရှုခရစ်တော်အားဖြင့်၊ အပြစ်တရားနှင့် သေခြင်းတရားအပါအဝင် ကျိန်ခြင်းနှင့်ဆက်စပ်နေသည့်အရာရှိရှိသမျှတို့ကို အောင်နိုင်ရသည်။ ဥပုသ်တော်နေ့သည် ကျိန်ခြင်းတရားဝင်ရောက်မလာခင် ကတည်းက တည်ရှိထားခဲ့သည့် ဒေင်၏ အကြွင်းအကျန်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ထိုနေ့ကိုစောင့်ထိန်းသောသူသည် စင်စစ်အားဖြင့် မိမိ၏ထာဝရငြိမ်ဝပ်ခြင်းချမ်းသာကို အစပျိုးလိုက်သောသူပင်ဖြစ်ပြီး၊ ကမ္ဘာသစ်တစ်ခုတည်းကသာ ပေးစွမ်းနိုင်သည့် စုံလင်သောငြိမ်ဝပ်ခြင်းချမ်းသာကို ထိုသူသည် ရရှိပိုင်ဆိုင်ရလေသည်။

## ဥပုသ်နေ့စောင့်ထိန်းရန် ဘုရားသခင်ဖိတ်ခေါ်တော်မူခြင်း

ဘုရားသခင်၏ ဣသရေလလူများတို့နှင့်ဆက်ဆံရေးမှတ်တမ်းထဲတွင် ဖေါ်ပြထားသည့် ဥပုသ်နေ့စောင့်ထိန်းခြင်းအမှုသည် အဘယ့်ကြောင့် အလွန်အရေးပါနေရသည်အကြောင်းကို ယခုအခါတွင် ကျွန်ုပ်တို့နားလည်နိုင်ကြပြီးဖြစ်ပါသည်။ ထိုသို့အရေးပါရသည့်အကြောင်းရင်းကား၊ ဥပုသ်နေ့နှင့် ကယ်တင်ခြင်းသည် ဣသရေလလူတို့အတွက်သာဖြစ်သည့်အတွက်ကြောင့် မဟုတ်ပဲ၊ ဥပုသ်နေ့စောင့်ထိန်းခြင်းအမှုသည် ခါနန်ပြည်တွင် မိမိလူတို့အား ဘုရားသခင်ကတိထားတော်မူခဲ့သည့် ငြိမ်ဝပ်ခြင်းချမ်းသာ၏ မူလအစပင်ဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ ဥပုသ်နေ့ကို တပါးအမျိုးသားတို့အား ပေးတော်မမူခဲ့ပါဟု တစ်ခါတစ်ရံတွင် ပြောဆိုတတ်ကြပါသည်။ သို့ဆိုရာတွင် ပြည်တော်ကို တပါးအမျိုးသားတို့၌ ကတိထားတော်မမူခဲ့ကြောင်းကိုလည်း မဖြစ်မနေအောက်မေ့သတိရနေဖို့လိုအပ်ပါသည်။ တပါးအမျိုးသားတို့သည် "ကတိတော်၌ပါသော ပဋိညာဉ်တရားတို့နှင့်မဆိုင်၊" ကြပါ။ သို့ရာတွင် အသက်ရေတည်းဟူသော ခရစ်တော်အထံသို့ လာကြဖို့ရန်အတွက် လောကကမ္ဘာတစ်ခုလုံးတည်းဟူသော တပါးအမျိုးသားများတို့သည် ဖိတ်ခေါ်ခြင်းခံခဲ့ကြရပါသည်။ "အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့။" ဣသရေလတို့အား ပေးတော်မူခဲ့သည့်၊ ပေးနေတော်မူသကတိတော်ကား၊ "သင့်ကို မသိဘူးသောလူမျိုးတို့သည်လည်း၊ သင်၏ဘုရားသခင်ထာဝရဘုရား၊ ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားကြောင့်၊ သင့်ထံသို့ ပြေးလာကြလိမ့်မည်။ ထိုဘုရာ းသည် သင်၏ဘုန်းကိုပွင့်စေတော်မူ၏။" ခေါ်တော်မူခြင်းတွင် ဘုရားသခင်အနေဖြင့် ရှေ့ဆက်မိန့်တော်မူသေးသည်ကား၊

"တရားကိုစောင့်၍ ဖြောင့်မတ်စွာကျင့်ကြလော့။ ငါ၏ကယ်တင်ခြင်းကျေးဇူးရောက်ချိန်နှင့်၊ ငါ၏ဖြောင့်မတ်ခြင်းတရား ထင်ရှားချိန်ရောက်လုနီးပြီ။ ထိုသို့ပြုသောသူ၊ အမြဲစွဲလမ်းသောလူသားသည်၊ ဥပုသ်နေ့ကိုမရှုတ်ချ၊ စောင့်ရှောက်၍ ဒုစရိုက်ကိုမပြုမည်အကြောင်း၊ မိမိလက်ကိုချုပ်တည်းလျှင်လည်း မင်္ဂလာရှိ၏။ ထာဝရဘုရား၌ မှီဝဲသောတပါးအမျိုးသားက၊ ထာဝရဘုရားသည် ငါ့ကို မိမိလူမျိုးနှင့်ရှင်းရှင်းခွဲထားတော်မူပြီဟု မဆိုစေနှင့်။ ထာဝရဘုရားထံ၌ အမှုစောင့်ခြင်း၊ နာမတော်ကိုချစ်ခြင်း၊ ကျွန်တော်ရင်းဖြစ်ခြင်းအလိုငှါ၊ ထာဝရဘုရား၌မှီဝဲသော တပါးအမျိုးသားတို့ကိုငင်၊ ဥပုသ်နေ့ကိုမရှုတ်ချ၊ စောင့်ရှောက်၍၊ ငါ၏ပဋိညာဉ်ကို စွဲလမ်းသောသူအပေါင်းတို့ကိုငင်၊ ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍၊ ငါ၏ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။ သူတို့ မီးရှို့ရာယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံမည်။ ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့။ အရပ်ရပ်၌ကွဲပြားသော ဣသရေလအမျိုးသားတို့ကို စုဝေးစေသောအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ စုဝေးပြီးသောသူများမှတပါး အခြားသောသူတို့ကို ထိုအစုအဝေး၌ ငါစုဝေးစေဦးမည်ဟု မိန့်တော်မူ၏။" ဟေ ၅၆း၁-၈။ ဘုရားသခင်ဟောကြားတော်မူသည့် ငြိမ်သက်ခြင်းသတင်းကို ကြားနာရကြသောသူရှိသမျှ၊ နီးသောသူနှင့် ဝေးသောသူရှိသမျှ (ဟေ ၅၇း ၁၉) တို့အား ထာဝရဘုရားသခင် မိန့်တော်မူလေသည်ကား၊

## ဘုန်းအသရေနှင့်ပြည့်စုံတော်မူသောကတိတော်

"သင်သည် ဥပုသ်နေ့ကိုမရှုတ်ချ။ ငါသန့်ရှင်းသောနေ့မှာ ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကို မွေ့လျော်ရာနေ့၊ ထာဝရဘုရားအဘို့သန့်ရှင်းသောနေ့၊ ရိုသေဘွယ်သောနေ့ဟူ၍ ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍ ထိုနေ့ကိုရိုသေလျှင်၊ သင်သည် ထာဝရဘုရား၌ပျော်မွေ့ရလိမ့်မည်။ မြေကြီးပေါ်မှာ မြင့်သောအရပ်တို့ကို ငါစီးစေ၍၊ သင့်အဘယာကုပ်၏အမွေဥစ္စာနှင့် ငါကျွေးမည်ဟု ထာဝရဘုရား၏နှုတ်တော်ထွက်အမိန့်တော်ရှိ၏။" ဟေရှာယ ၅၈း၁၃-၁၄။

ဥပုသ်တော်နေ့ကို ဝန်ထုပ်ဝန်ပိုးတစ်ခုအနေဖြင့်မဟုတ်ပဲ မွေ့လျော်ရာနေ့အဖြစ် ခေါ်ဝေါ်သောသူတို့သည် ဘုရားသခင်၌ ပျော်မွေ့ကြလိမ့်မည်။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ဥပုသ်နေ့သည် ထိုသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပြီး၊ ထိုငြိမ်ဝပ်ခြင်းချမ်းသာကိုလည်း "စုံလင်သောဝမ်းမြောက်ခြင်း" နှင့် ထာဝရပျော်ရွှင်ခြင်းတို့ တည်ရှိရာအရပ်တည်းဟူသော ထိုသခင်၏မျက်မှောက်တော်၌သာလျှင် တွေ့ရှိနိုင်သောကြောင့်ဖြစ်သည်။ ထိုငြိမ်ဝပ်ခြင်းချမ်းသာသည် ဒေင်၏ ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပါသည်။ အကြောင်းမူကား ဒေင်ဆိုသည်မှာ ပျော်ရွှင်ကြည်နူးခြင်းပင်ဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းသည် ကမ္ဘာအသစ်နှင့်စပ်ဆိုင်သော ငြိမ်ဝပ်ခြင်းပင်ဖြစ်ပေသည်။ အကြောင်းမူကား ဒေင်ဥယျာဉ်သည် ကမ္ဘာသစ်နှင့် စပ်ဆိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ဥပုသ်တော်နေ့ကို စောင့်ခြင်းအလို၌ ထိုသခင်ထံတော်သို့ရောက်ရှိလာကြသောသူတို့သည် ထာဝရဘုရား၏အိမ်တော်၌ ဝမ်းမြောက်ရကြပါလိမ့်မည်။ ထိုအကြောင်းကို "အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍၊ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်း၌ အခွင့်" ရကြလိမ့်မည် ဟု တင်ပြထားပါသည်။ မူရင်းတိုက်ရိုက်အဓိပ္ပါယ်အရဆိုလျှင် "ကိုယ်တော်၏ဒေင်" မြစ်ရေဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ဤအရာမှာ ဘုရားသခင်၏အမွေတော်ပင်ဖြစ်ပါသည်။ ထိုအမွေတော်ထဲသို့ ဝင်စားရမည့်အချိန်နှင့် နေ့ရက်မှာ ယခုအချိန်ဖြစ်သော ယနေ့ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရားသည် ကျွန်ုပ်တို့အမွေခံရာအဖို့ဖြစ်ပြီး၊ သူ့အားဖြင့်လည်း ခပ်သိမ်းသောအရာတို့ကို ကျွန်ုပ်တို့ပိုင်ဆိုင်ရကြသောကြောင့်ပေတည်း။

## ၄၂။ ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – အချုပ်အနှောင်ထဲသို့ တဖန် (အပိုင်း ၁)
## ယနေ့အတွက်သမ္မာတရား၊ ဖေဖော်ဝါရီ ၁၈၊ ၁၈၉၇

ဣသရေလလူတို့သည် ပင်လယ်နီနံဘေးတွင် လွတ်ခြင်းနှင့်စပ်ဆိုင်သောတေးသီချင်းကို ကောင်းသောဦးတည်ချက်မျိုးဖြင့် သီဆိုခဲ့ကြသော်လည်း၊ ထိုအချိန်တွင် သူတို့အနေဖြင့် ယော်ဒန်မြစ်တဖက်ကမ်းသို့ မဖြတ်ကူးရသေးပါချေ။ အဲဂုတ္တုပြည်မှ အမှန်တကယ် မလွတ်မြောက်ကြသေးပါချေ။ သူတို့သည် မိမိတို့၏ ရှေ့ဦးစွာသော ထိုကဲ့သို့သောယုံကြည်ခြင်းကို အဆုံးအထိတိုင်အောင် ခိုင်မြဲစွာဖြင့် မဆုပ်ကိုင်ထားခဲ့ပဲ၊ "ငါတို့ရှေ့မှာသွားရသောဘုရားတို့ကို ငါတို့အဘို့လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော ထိုမောရှေ၌ အဘယ်သို့ ဖြစ်သည်ကို ငါတို့မသိဟု အဲဂုတ္တုပြည်သို့ ပြန်ချင်သောစိတ်နှင့် အာရုန်ကို ပြောဆိုကြ၏။" တမန်တော် ၇း၃၉၊ ၄၀။ မည်သို့ပင်ဖြစ်စေကာမူ၊ သူတို့အနေဖြင့် ယော်ဒန်မြစ်ကိုဖြတ်ကူးပြီး၊ ခါနန်ပြည်ထဲသို့ ဝင်ရောက်သွားခဲ့သည့်အခါတွင်မူ၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းသည် သူတို့ထံမှ ပယ်ရှင်းသွားခဲ့ပါပြီး ဆိုသည့် ဘုရားသခင်ထံမှလာသည့် သက်သေတစ်ခုသည် ထိုဣသရေလလူတို့၌ ရှိနေခဲ့ပါသည်။ ထိုအခါ သူတို့သည် ငြိမ်ဝပ်ခြင်းချမ်းသာကို ပိုင်ဆိုင်ခဲ့ကြပြီး၊ ဘုရားသခင်အားဖြင့် လွတ်လပ်ခွင့်ကို ရရှိနေခဲ့ကြပါသည်။

သို့ရာတွင် ဤလွတ်လပ်မှုကို ကြာရှည်စွာ မထိန်းသိမ်းထားခဲ့ကြပါချေ။ ညည်းညူမြည်တမ်းခြင်း၊ မယုံသင်္ကာဖြစ်ခြင်းနှင့် ဖေါက်ပြန်သင်းခွဲခြင်းအမှုတို့သည် များမကြာမီအချိန်တွင် ဘုရားသခင်၏လူများထဲတွင် ပေါ်ထွက်လာခဲ့ပါသည်။ မိမိတို့၏ပတ်လည်တွင်ရှိသော တပါးအမျိုးသားများနှင့် တူနိုင်ဖို့ရန်အတွက် သူတို့အနေဖြင့် ရှင်ဘုရင်တစ်ပါးကို တောင်းတခဲ့ကြပြီး၊ သူတို့၏စိတ်လိုအင်တောင့်တမှုသည်လည်း ပြည့်စုံလာခဲ့ပါသည်။ ဣသရေလလူတို့သည် "သူတို့နှင့်ရောနှော၍ သူတို့၏ဘာသာဓလေ့ကို သင်ကြ၏။ သူတို့၏ရုပ်တုများကိုဝတ်ပြု၍ ကျော့ကွင်း၌ ကျော့မိကြ၏။ ကိုယ်သားသမီးတို့ကို နတ်ဆိုးတို့အား ယဇ်ပူဇော်ကြ၏။ ထိုသို့ အပြစ်မရှိသော သူတို့၏အသွေး၊ ခါနာန်ရုပ်တုတို့ရှေ့မှာ ယဇ်ပူဇော်သော ကိုယ်သားသမီးတို့၏အသွေးကို သွန်းကြ၍၊ ထိုမြေသည် အသွေးနှင့်ညစ်ညူးလေ၏။" ဆာလံ ၁၀၆း ၃၅-၃၈။ ထို့ကြောင့် သူတို့သည် မိမိတို့ပတ်လည်တွင်ရှိသော တပါးအမျိုးသားများနှင့် လုံးလုံး တူညီလာခဲ့ပါတော့သည်။

တပါးအမျိုးသားများတို့နှင့် တူချင်နေကြသည့် ဣသရေလလူများတို့၏ စိတ်လိုအင်ဆန္ဒသည် ရှင်ဘုရင်ကို ရရှိခဲ့လိုက်ရသောအချိန်၌ မည်မျှပြည့်စုံသွားခဲ့ကြောင်းကို၊ တချို့သော ဣသရေလရှင်ဘုရင်များနှင့် ယုဒရှင်ဘုရင်များတို့၏ သမိုင်းရာဇဝင်ထဲတွင် တွေ့ရှိရပေလိမ့်မည်။ ပထမဆုံးသောဘုရင်ဖြစ်သူ ရှင်ဘုရင်ရှောလုအား ဘုရားသခင်၏ပုရောဖက်ကြီး မိန့်ကြားခဲ့လေသည်ကား၊ "ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးတို့ကိုပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏။ ငြင်းဆန်သောသဘောသည် နတ်ဆိုးနှင့်ပေါင်းခြင်းကဲ့သို့၎င်း၊ ခိုင်မာသောသဘောသည် ဗေဒင်တန်ဆာကိုသုံးခြင်းကဲ့သို့၎င်း အပြစ်ကြီး၏။ သင်သည် ထာဝရဘုရား၏စကားတော်ကိုပယ်သောကြောင့်၊ ထာဝရဘုရားသည် ရှင်ဘုရင်အရာကိုနှုတ်၍ သင့်ကိုပယ်တော်မူပြီ။" ဓမ္မရာဇဝင် ပထမစောင် ၁၅း ၂၂-၂၃

ရှောလမုန်သည် တပါးအမျိုးသားများတို့ကို မိမိမယားအဖြစ် ထိမ်းမြားစုံဖက်ပြီး၊ "အသက်ကြီးသောအခါ၊ မိန်းမများတို့သည် စိတ်နှလုံးတော်ကို အခြားတပါးသောဘုရားနောက်သို့ လွှဲစေသဖြင့်၊ စိတ်နှလုံးတော်သည် ခမည်းတော်ဒါဝိဒ်၏ စိတ်နှလုံးကဲ့သို့ မိမိဘုရားသခင်ထာဝရဘုရားရှေ့တော်၌ စုံလင်ခြင်းမရှိ။ ဇိဒုန်နတ်သမီးအာရှတရက်၊ ရွံရှာဘွယ်သော အမ္မုန်ဘုရား မိလကုံနောက်သို့ လိုက်၍၊" ၃ ဓမ္မရာဇဝင် ၁၁း၄၊ ၅

ရှောလမုန်၏သား ရောဗောင်၏လက်ထက်တွင်၊ “ယုဒအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊ ဘိုးဘေးတို့ပြစ်မှားသမျှထက် ပြစ်မှားသောအပြစ်များအားဖြင့် အမျက်တော်ကိုနိုးဆော်ကြ၏။ မြင့်သောတောင်ရှိသမျှတို့အပေါ်၌၎င်း၊ စိမ်းသောသစ်ပင်ရှိသမျှတို့အောက်၌၎င်း၊ ကုန်းများ၊ ရုပ်တုများ၊ *အာရှရပင်များကို တည်ကြ၏။ ယုဒပြည်၌ ယောကျာ်းအလိုသို့ လိုက်တတ်သော မိန်းမလျာများရှိ၍၊ ထာဝရဘုရားသည် ဣသရေလအမျိုးရှေ့မှ နှင်ထုတ်တော်မူသော ပြည်သားမျိုးပြုသော စက်ဆုပ်ရွံရှာဘွယ်ရာ အမှုအလုံးစုံတို့ကို ပြုကြသည်။” ၃ ဓမ္မရာဇဝင် ၁၄း၂၂-၂၄ ဤ အထက်ပါကျမ်းနှင့် ရှေ့ဆက်ကျမ်းများတွင် ပါရှိသည့်* “အာရှရပင်” ဆိုသည့်စကားလုံးသည် သစ်ပင်များအောက်တွင် တည်ထားသည့် ရုပ်ထုများကို ရည်ညွှန်းပြောကြားလိုခြင်းဖြစ်သည်။ အသေအချာကြည့်လိုက်သောအခါတွင် ထိုအာရှရပင်များ ဆိုသည့် အသုံးအနှုန်းသည် အာရှရသစ်ပင်များ ကိုဆိုလိုခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအာရှရပင်များတို့ကို “စိမ်းသောသစ်ပင်ရှိသမျှတို့အောက်၌၎င်း၊ ဘုရားသခင်၏အိမ်တော်ထဲ၌သော်၎င်း” တည်ထားကြသည်ဟု ကျွန်ုပ်တို့ဖတ်ရှုခဲ့ရသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ညစ်ညမ်းသောရုပ်တုများပင်ဖြစ်ပြီး၊ နေအား ကိုးကွယ်ဝတ်ပြုခြင်းနှင့်စပ်ဆိုင်သည့် ကာမစိတ်ကိုဖြစ်ပေါ်စေသော အခမ်းအနားများတို့နှင့် ဆက်စပ်နေပါသည်။

အာခတ်မင်း၏ရာဇဝင်သမိုင်းကြောင်းတွင်လည်း အလားတူအကြောင်းအရာကို မှတ်တမ်းတင်ထားပြပါသည်။ (၂ ဓမ္မ၁၆း၁-၄)။ “ယုဒရှင်ဘုရင်အာခတ်ကြောင့် ထာဝရဘုရားသည် ယုဒပြည်ကို အလွန်နှိမ့်ချ၏။ ထိုမင်းသည် ယုဒပြည်၏အဝတ်တန်ဆာကိုချွတ်၍၊ ထာဝရဘုရားကို ကြမ်းတမ်းစွာ ပြစ်မှား၏။” ဘုရားသခင် ထိုသို့နှိမ့်ချတော်မူခဲ့သော်လည်း၊ “အာခတ်မင်းကြီးသည် ဆင်းရဲဒုက္ခခံရသောအခါ၊ ထာဝရဘုရားကို သာ၍ပြစ်မှား၏။ ငါ့ကိုဒဏ်ပေးသော ဒမာသက်မြို့၏ ဘုရားတို့ကို ငါဆည်းကပ်မည်ဟူ၍၎င်း၊ ရှုရိရှင်ဘုရင်ကိုးကွယ်သောဘုရားတို့သည် ကျေးဇူးပြုတတ်သောကြောင့်၊ ငါ၌လည်း ကျေးဇူးပြုစေခြင်းငှါ၊ ထိုဘုရားတို့အား ယဇ်ပူဇော်မည်ဟူ၍၎င်း ဆိုသော်လည်း၊ ထိုဘုရားတို့သည် အာခတ်မင်းနှင့် ဣသရေလအမျိုးအကျိုးနည်းစရာအကြောင်း ဖြစ်သတည်း။” ၂ရာဇဝင်ချုပ် ၂၈း ၁၉-၂၃

## တပါးအမျိုးသားများတို့ထက် သာ၍ဆိုးသွမ်းခြင်း

ဟေဇကိမင်း၏သားတော် မနာရှေသည် “ဣသရေလအမျိုးသားရှေ့မှ ထာဝရဘုရားနှင်ထုတ်တော်မူသော တပါးအမျိုးသား ရွံရှာဘွယ်ထုံးစံအတိုင်း၊ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ ခမည်းတော်ဟေဇကိ ဖျက်ဆီးသောကုန်းတို့ကို ပြုပြင်၍၊ ဣသရေလရှင်ဘုရင် အာဟပ်ပြုသကဲ့သို့ ဗာလအဘို့ ယဇ်ပလ္လင်တို့ကို တည်၏။ အာရှရပင်ကိုလည်း ပြုစု၏။ မိုဃ်းကောင်းကင်တန်ဆာများကိုလည်း ဝတ်ပြုကိုးကွယ်၏။ ဗိမာန်တော်တန်တိုင်းနှစ်ရပ်တွင် မိုဃ်းကောင်းကင်တန်ဆာများအဘို့ ယဇ်ပလ္လင်တို့ကိုတည်၏။ မိမိသားကို မီးဖြင့်ပူဇော်၏။ ကာလဗေဒင်ကို ကြည့်တတ်၏။ ပြုစားသောအတတ်ကို သုံးဆောင်၍ စုန်းနှင့်နတ်ဝင်တို့ကိုလည်း အခွင့်ပေး၏။ ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ ရှေ့တော်၌ များစွာသောဒုစရိုက်ကိုပြု၏။ ဤဗိမာန်၌၎င်း၊ ဣသရေလခရိုင်များတို့တွင် ငါရွေးကောက်သော ယေရုရှလင်မြို့၌၎င်း၊ ငါ့နာမကို အစဉ်အမြဲ ငါတည်စေမည်ဟု ထာဝရဘုရားသည် ဒါဝိဒ်နှင့် သားတော်ရှောလမုန်အား မိန့်တော်မူရာ၌၊ ရည်ဆောင်သော ဗိမာန်တော်ထဲမှာ မိမိပြုစုသော အာရှရပင်နှင့်တူအောင်လုပ်သောရုပ်တုကို တင်ထား၏။ ငါမှာထားသမျှအတိုင်း ငါ့ကျွန်မောရှေမှာထားသမျှသောတရားအတိုင်း ဣသရေလအမျိုးသားတို့သည် ကျင့်ခြင်းငှါ စောင့်ရှောက်လျှင်၊ သူတို့ဘိုးဘေးတို့အား ငါပေးသောပြည်မှ သူတို့ကို နောက်တဖန် ငါမရွှေ့မပြောင်းစေဟု မိန့်တော်မူသော်လည်း၊ သူတို့သည် နားမထောင်၊ ဣသရေလအမျိုးသားတို့ရှေ့မှာ ထာဝရဘုရား ဖျက်ဆီးတော်မူသော လူမျိုးတို့ ပြုသည်ထက်သာ၍ ဒုစရိုက်ကိုပြုစေခြင်းငှါ မနာရှေသည်သွေးဆောင်လေ၏။ မနာရှေသည် ထာဝရ

ဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍ ယုဒအမျိုးကို ပြစ်မှားစေသောအပြစ်မှတပါး အပြစ်မရှိသောသူအများတို့ကို သတ်၍ ယေရုရှလင်မြို့တဘက်မှ တဘက်တိုင်အောင် သူတို့အသွေးနှင့် ပြည့်စေခြင်းငှါပြု၏။" ၄ ဓမ္မရာဇဝင် ၂၁း၁-၉၊ ၁၆

မနာရှေနောက်တွင် သားတော်အာမုန် နန်းတက်လာခဲ့ပါသည်။ "ထိုမင်းသည် ခမည်းတော်မနာရှေ ပြုသကဲ့သို့ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ ခမည်းတော်လုပ်သော ရုပ်တုဆင်းတုရှိသမျှတို့အား ယဇ်ပူဇော်၍ ဝတ်ပြု၏။" ၂ ရာဇဝင်ချုပ် ၃၃း၂၂

## မြောက်ပိုင်း ဣသရေလနိုင်ငံတော်တွင်

ရှောလမုန်မင်းသေလွန်ပြီး နိုင်ငံတော်နှစ်ပိုင်းကွဲသွားခဲ့သည့်နောက်ပိုင်း၊ ဣသရေလပြည်မြောက်ဘက်ပိုင်းတွင် အုပ်ချုပ်မင်းလုပ်ခဲ့ကြသည့် ရှင်ဘုရင်များအကြောင်းကို လေ့လာကြည့်မည်ဆိုလျှင်၊ သာ၍ဆိုးသွမ်းသော သမိုင်းကြောင်းမှတ်တမ်းကို တွေ့ရမည်ဖြစ်ပါသည်။ ယေရုရှလင်မြို့တွင် ဖြောင့်မတ်သော ရှင်ဘုရင် တချို့ရှိခဲ့ပါသည်။ သို့ရာတွင် "ကိုယ်တိုင်ပြစ်မှား၍ ဣသရေလအမျိုးကိုလည်း ပြစ်မှားစေသော" (၃ ဓမ္မရာဇဝင် ၁၄း၁၆) ယေရောဗောင် အချိန်မှစပြီး နောက်ပိုင်း နန်းတက်လာခဲ့ကြသည့် ဣသရေလရှင်ဘုရင် အဆက်ဆက်တို့သည် ပိုပိုပြီးဆိုးသွမ်းလာခဲ့ကြပါသည်။ ယေရောဗောင်၏သားတော် နာဒဒ်သည် "ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊ ခမည်းတော်လိုက်သောလမ်း၊ ဣသရေလအမျိုးကို ပြစ်မှားစေသောလမ်းသို့ လိုက်လေ၏။" ၃ ဓမ္မရာဇဝင် ၁၅း၂၅-၂၆။ ဗာရှာသည် "ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊ ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးကိုပြစ်မှားစေသောလမ်းသို့ လိုက်လေ၏။" အခန်းငယ် ၃၄။ ရှမာရိမြို့ကို စတင်ထူထောင်ခဲ့သူ ဩမရိသည် "ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြုသဖြင့်၊ မိမိရှေ့မှာ ဖြစ်ဘူးသော သူအပေါင်းထက်သာ၍ ဆိုးညစ်၏။ နေဗတ်၏သား ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးသည် မိစ္ဆာဒိဋ္ဌိအားဖြင့် မိမိတို့ဘုရားသခင်ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်၍၊ ပြစ်မှားစေသောဒုစရိုက်အပြစ်လမ်းသို့ လိုက်လေ၏။" ၃ ဓမ္မရာဇဝင် ၁၆း ၂၅ ၊ ၂၆။ သို့ရာတွင် ဩမရိကဲ့သို့ ဆိုးသွမ်းသည့် ဘုရင်တစ်ပါးဖြစ်သူ၊ "ဩမရိသားအာဟပ်သည် မိမိရှေ့မှာ ဖြစ်ဘူးသောသူအပေါင်းတို့ထက် ထာဝရဘုရားရှေ့တော်၌သာ၍ ဒုစရိုက်ကိုပြု၏။" "အာရှရပင်ကိုလည်းပြုစု၍၊ မိမိရှေ့မှာဖြစ်ဘူးသော ဣသရေလရှင်ဘုရင်အပေါင်းတို့ထက် ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ သာ၍ပြု၏။" အခန်းငယ် ၃၀၊ ၃၃။

ဘုရားသခင်က ပုရောဖက်ယေရမိအား ဤသို့ ပြောဆိုခဲ့ရသည်အထိပင်၊ ထိုအမှုကိစ္စများတို့သည် ဆက်လက်ဖြစ်ပွါးနေခဲ့ပါသည်။ "ယေရုရှလင်မြို့ကို အပြစ်မှ ငါလွှတ်မည်အကြောင်း၊ တရားသဖြင့်ကျင့်သော မြို့သား၊ သစ္စာစောင့်သောမြို့သား တစုံတယောက်မျှရှိလျှင်၊ ထိုသူကိုတွေ့အံ့သောငှါ၊ မြို့လမ်းတို့၌ တောင်မြောက်ပြေး၍၊ ကျယ်သောအရပ်တို့၌ ရှာဖွေကြည့်ရှုကြလော့။" ယေရမိ ၅း၁။ ထိုသို့သောမြို့သား တစုံတယောက်ကို ရှာတွေ့ဖို့ရန်ပင် ခက်နေပါသည်။ အကြောင်းမှာ "ဝပ်လျက်နေသော မုဆိုးကဲ့သို့ ချောင်းမြောင်းသောလူဆိုးတို့သည် ငါ၏လူတို့တွင်ရှိကြ၏။ လူတို့ကိုထောင်ခြင်းငှါ ထောင်ချောက်ကို ထားကြပြီ။ ငှက်ထောင်အိမ်သည် ငှက်တို့နှင့်ပြည့်သကဲ့သို့၊ သူတို့အိမ်သည် လှည့်စားခြင်းပရိယာယ်နှင့်ပြည့်၏။ ထိုသို့သူတို့သည် အားတိုးပွါး၍ ရတတ်ခြင်းသို့ရောက်ကြ၏။ ဝလျက်၊ မျက်နှာပြောင်လျက်ရှိကြ၏။ ဆိုးသောသူတို့ထက်သာ၍ ဆိုးကြ၏။" အခန်းငယ် ၂၆-၂၈

တပါးအမျိုးသားများတို့၏ စက်ဆုပ်ဖွယ်ကောင်းသော ရုပ်တုကိုးကွယ်ခြင်းအမှုကြောင့် ဘုရားသခင်သည် သူတို့ကို ပြည်တော်မှနှင်ထုတ်ခဲ့ပါသည်။ တပါးအမျိုးသားများနည်းတူ ဆိုးသွမ်းနေကြသော၊ တပါးအမျိုးသားများထက်ပင် သာ၍ဆိုးသွမ်းနေကြသော ဣသရေလလူမျိုးများအနေဖြင့် ထိုပြည်တော်၌ စစ်

မှန်သောအမွေတော်ကို ပိုင်ဆိုင်နိုင်မည်မဟုတ်ကြောင်းကို ဤအခြင်းအရာက ထင်ရှားစွာသက်သေပြထားပေးပါသည်။ တပါးအမျိုးများတို့၏ ဓလေ့ထုံးစံများနှင့် လမ်းစဥ်များတို့ကို ဘုရားသခင်၏နာမတော်ကိုဝန်ခံထားကြသည့်သူများ မွေးမြူကျင့်သုံးလာခြင်းအရာက၊ ဘုရားသခင်အား ဤဓလေ့ထုံးစံများကို လက်ခံလာအောင် မပြုလုပ်နိုင်ပါချေ။ တပါးအမျိုးသားများတို့၏အယူဝါဒများ အသင်းတော်ထဲသို့ ရောက်ရှိလာခြင်းဖြင့် ထိုအယူဝါဒများသည် ပို၍ကောင်းမလာပါချေ။ ထိုသို့ကောင်းမလာသည့်အပြင်၊ အသင်းတော်ထဲရှိခရစ်ယာန်များတို့၏ ဒုစရိုက်အမှုပြုသည့်အလေ့အထသည် သာ၍ပင်ဆိုးယုတ်လာခဲ့ပါသည်။ ထို့ကြောင့် တပါးအမျိုးသားများတို့၏ လမ်းစဥ်များနောက်သို့ လိုက်နေခဲ့ကြသည့်က္ကသရေလလူမျိုးများတို့သည် ခါနန်ပြည်ကို အမှန်တကယ် မပိုင်ဆိုင်ခဲ့ကြရပါချေ။ ထို့မျှမက၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းဆိုသည်မှာ ထိုသူတို့ အတွင်း၌ကျော့မိနေခဲ့ကြသည့် အပြစ်ဒုစရိုက်ပင်ဖြစ်သည့်အတွက်ကြောင့်၊ ခါနန်ပြည်တွင် မိမိတို့၏ လွတ်မြောက်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး ကြွားလုံးထုတ်နေခဲ့ကြစဥ်တချိန်တည်းမှာပင် က္ကသရေလလူတို့သည် အဆိုးရွားဆုံးသောအချုပ်အနှောင်ထဲတွင် အမှန်တကယ်ရောက်ရှိနေခဲ့ကြပါသည်။ “ငါတို့သည် အာဗြဟံအမျိုးဖြစ်ကြ၏။ အဘယ်သူထံ၌ တရံတခါမျှ ကျွန်မခံကြ။” ဟု နောက်ပိုင်းတွင် မိမိတို့ကိုယ်ကို ဂုဏ်ဖော်လာခဲ့ကြသည့် ဂျူးလူမျိုးများတို့ကို ယေရှုခရစ်တော်က၊ “ဒုစရိုက်ကိုပြုသမျှသောသူတို့သည် ဒုစရိုက်ကျွန်ဖြစ်၏။ ကျွန်သည်ကားအိမ်၌အစဥ်အမြဲနေသည်မဟုတ်။ သားမူကားအစဥ်အမြဲနေ၏။” ယောဟန် ၈း၃၃-၃၅။ ဟု ပြန်ပြောတော်မူခဲ့လေသည်။

## ဘုရားသခင်၏ သစ္စာတော်

သို့ရာတွင် ထူးဆန်းအံ့ဖွယ်ရာကောင်းသော ဖြစ်နိုင်ခြေအခွင့်အရေးများတို့သည် က္ကသရေလလူများ လက်လှမ်းမှီနိုင်သည့်နေရာတွင် အမြဲတမ်းရှိနေခဲ့ပါသည်။ သူတို့အနေဖြင့် နောင်တရကြပြီး ဘုရားသခင့်အထံတော်သို့ အချိန်မရွေး လှည့်ပြန်လာနိုင်ကာ၊ မိမိတို့အတွက် ထားတော်မူခဲ့သကတိတော်ကို ဘုရားသခင်အနေဖြင့် အပြည့်အဝအကောင်အထည်ဖေါ်ပေးဖို့ရန် အမြဲတမ်းအသင့်စောင့်မျှော်နေကြောင်းကို သူတို့အနေနှင့် သိထားကြရပါသည်။ “ယဇ်ပုရောဟိတ်အကြီးများနှင့် ပြည်သူပြည်သားရှိသမျှတို့သည်၊ တပါးအမျိုးသားရွံရှာဘွယ်ပြုသည်အတိုင်း၊ အလွန်ပြစ်မှား” ခဲ့မိကြသော်ငြားလည်း “ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရားသည်၊ မိမိလူမျိုးနှင့် မိမိနေတော်မူရာအရပ်ကို သနားသောကြောင့်၊ စောစောထ၍ အထပ်ထပ်စေလွှတ်သောတမန်တို့အားဖြင့် မှာလိုက်” နေတော်မူဆဲဖြစ်သည်။ ၂ ရာဇဝင်ချုပ် ၃၆း၁၄၊ ၁၅။ ဘိုးဘေးများတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူခဲ့သည့် ဘုရားသခင်သည် လက်ရှိက္ကသရေလလူတို့အတွက် မိမိ၏တစ်ခုတည်းသောတန်ခိုးတော်ကို ထုတ်ဖေါ်အသုံးချပေးဖို့ရန် အသင့်စောင့်နေတော်မူခဲ့ပါသည်။ ထိုသို့ပြုလုပ်ပေးနိုင်ဖို့ရန်အတွက် သူတို့ကို ကတိထားရာပြည်သို့ ပို့ဆောင်ပေးတော်မူခဲ့ခြင်းဖြစ်သည်။ ထိုသို့ အသင့်စောင့်နေတော်မူခဲ့ကြောင်းကို၊ က္ကသရေလလူမျိုးများ ရန်သူတို့၏ညှင်းပန်းမှုကိုခံရပြီး နှိမ့်ချစွာဖြင့်ဘုရားသခင် ကိုဖွေရှာနေခဲ့ကြသောအခါတွင် သူတို့၌ပြပေးတော်မူခဲ့သည့် အံ့ဩဖွယ်ကောင်းသော ကယ်နှုတ်တော်မူခြင်းအမှုအမြောက်အများတွင် တွေ့ရှိရပါသည်။

မိမိကိုယုံကြည်အားကိုးသောသူတို့အတွက် ဘုရားသခင်ပြုလုပ်ပေးတော်မူသောအမှုအရာများ အကြောင်းနှင့် ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောအောင်မြင်ခြင်းအကြောင်းတို့ကို ဖေါ်ပြပေးသည့် မှတ်သားလောက်သောဥပမာအဖြစ်အပျက်တစ်ခုကို ယောရှဖတ်၏သမိုင်းရာဇဝင်ထဲတွင် တွေ့ရှိရပါသည်။ (၂ရာဇဝင်ချုပ် ၂၀)။ ဤအဖြစ်အပျက်သည် အထူးသဖြင့် ကျွန်ုပ်တို့အတွက် တန်ဖိုးရှိလှပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ အောင်မြင်မှုကို ကျွန်ုပ်တို့ ဘယ်ကဲ့သို့ရယူရကြမည် ဆိုသည့်အချက်နှင့် အကြိမ်ပေါင်းများစွာ ကျွန်ုပ်တို့ လေ့လာမှတ်သားလာခဲ့ကြသည့်အကြောင်းအရာတစ်ခုဖြစ်သည့် က္ကသရေလလူတို့ ရရှိခဲ့ကြသည့် အောင်

မြင်မှုသည် ဓါးလှံလက်နက်များကြောင့်မဟုတ်ပဲ၊ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းကြောင့်သာဖြစ်သည် ဆိုသည့်အချက်ကို ဤသမိုင်းရာဇဝင်က ပြသထားသောကြောင့်ဖြစ်သည်။ ထိုသမိုင်းပုံပြင်လေး၏ အကျဉ်းချုပ်အကြောင်းအရာကား အောက်ပါအတိုင်းဖြစ်ပါသည်။ ယောရှဖတ်၏တဖက်တွင် စစ်ခင်းကျင်းဖို့ရန်အတွက်၊ မောဘလူနှင့် အာမုန်လူတို့သည် အခြားသောသူများတို့နှင့်တကွ ရောက်ရှိလာခဲ့ကြသည်။ ထိုသူတို့၏စစ်အင်အား သည် ဣသရေလလူတို့၏စစ်အင်အားထက် အဆမတန်များပြားနေပါသည်။ သူတို့ကြောင့်၊ "ယောရှဖတ်သည် ကြောက်၍၊ ထာဝရဘုရားကိုရှာခြင်းငှါ သဘောချလျက်၊ အစာရှောင်ရာအချိန်ကို၊ ယုဒပြည်တရောက်လုံး၌ ကြော်ငြာစေတော်မူ၏။"

ထိုသို့သောအခြေအနေတွင် ဆုတောင်းခဲ့သည့် ယောရှဖတ်၏ဆုတောင်းချက်သည် ပုံသက်သေကောင်းတစ်ခုပင်ဖြစ်ပေသည်။ ယောရှဖတ်မင်းက၊ "ဘိုးဘေးတို့၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင် ဖြစ်တော်မူသည်မဟုတ်လော။ တပါးအမျိုးသားနေရာ တိုင်းနိုင်ငံရှိသမျှတို့ကို အစိုးရတော်မူသည် မဟုတ်လော။ အဘယ်သူမျှ မဆီးတားနိုင်အောင် ခွန်အားတန်ခိုးကြီးတော်မူသည်မဟုတ်လော။ ဤပြည်၌နေဘူးသောသူတို့ကို ကိုယ်တော်၏လူ ဣသရေလအမျိုး ရှေ့မှနှင်ထုတ်၍၊ ကိုယ်တော်အဆွေ အာဗြဟံ၏သားမြေးတို့အား၊ ဤပြည်ကို အစဉ်ပေးတော်မူသော အကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်တော်မူသည် မဟုတ်လော။ အမ္မုန်အမျိုးသား၊ မောဘအမျိုးသား၊ စိရတောင်သားတို့သည်၊ အို အကျွန်ုပ်တို့ဘုရားသခင်၊ သူတို့ကို မစီရင်ဘဲနေတော်မူမည်လော။အကျွန်ုပ်တို့အား အပိုင်ပေးတော်မူသောအမွေခံရာမြေထဲက၊ အကျွန်ုပ်တို့ကို နှင်ထုတ်ခြင်းငှါလာ၍၊ အဘယ်သို့ ကျေးဇူးဆပ်ကြပါသည်ကို ကြည့်ရှုတော်မူပါ။ အိုအကျွန်ုပ်တို့ဘုရားသခင်၊ သူတို့ကို မစီရင်ဘဲနေတော်မူမည်လော။ အကျွန်ုပ်တို့ကိုတိုက်အံ့သောငှါ လာသောဤအလုံးအရင်းကြီးကို၊ အကျွန်ုပ်တို့သည် ဆီးတားခြင်ငှါ မတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကိုမသိပါ။ ကိုယ်တော်ကိုသာ မျှော်ကြည့်လျက်နေကြပါသည်။"

ရှေးဦးစွာပထမအနေဖြင့်၊ ယောရှဖတ်သည် ဘုရားသခင်ကို ကောင်းကင်ဘုံတွင်ရှိတော်မူသော အလုံးစုံသောတန်ခိုးတော်တို့၏အရှင်ဘုရားသခင်အနေဖြင့် လက်ခံအသိအမှတ်ပြုခဲ့ပါသည်။ နောက်တစ်ချက်အနေဖြင့်၊ ဘုရားသခင်သည် မိမိ၏ဘုရားသခင်ပင်ဖြစ်သည်ဟုဆိုလျက် ထိုအလုံးစုံသောတန်ခိုးတော်တို့ကို သူပိုင်ဆိုင်ထားရသောတန်ခိုးတော်အဖြစ် သူတင်ပြခဲ့ပါသည်။ ထို့နောက်တွင် သူသည် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် မိမိ၏လိုအပ်ချက်ကို ဘုရားသခင်အား ကြားလျှောက်ရန်နှင့် မိမိ၏တောင်းဆိုမှုကို တင်လျှောက်ရန်အတွက် အသင့်ရှိနေခဲ့ပါသည်။ ဤပုံစံဖြင့် ဆုတောင်းသောသူများအဖို့မှာ အရာရာဖြစ်နိုင်ချေရှိပါသည်။ ဆုတောင်းခြင်းပြုရာတွင်မြောက်များစွာသောသူတို့သည် ဘုရားသခင်၏တည်ရှိနေတော်မူခြင်းကို မျက်ကွယ်ပြုထားလျက်၊ အသက်ရှင်တော်မူသော ကယ်တင်ရှင်ထံပါး၌ ဆုတောင်းနေသကဲ့သို့မဟုတ်ပဲ၊ အမှန်တကယ်မတည်မရှိသည့်နာမတော်အား ဆုတောင်းနေကြသည့်ပုံစံမျိုးဖြင့် ဘုရားသခင်ထံ ဆုတောင်းနေတတ်ကြပါသည်။ သေချာသည်မှာ၊ ထိုသူတို့သည် မည်သည့်အရာကိုမျှ မရရှိနိုင်ကြပါချေ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တစ်စုံတစ်ခုသောအရာကို အမှန်တကယ်ရလိုသောစိတ်မရှိသောကြောင့်ဖြစ်သည်။ ဆုတောင်းသောသူတိုင်းတို့သည် မိမိ၏အကြောင်းနှင့် မိမိ၏လိုအပ်ချက်များအကြောင်းကို မစဉ်းစားမီတွင် ပထမဦးဆုံးအနေဖြင့် ဘုရားသခင်အကြောင်းကိုသာ အာရုံပြုနေသင့်ပါသည်။ မလွဲမသွေတွေ့မြင်နေရသည့်အမှုတစ်ခုမှာ၊ ဆုတောင်းမှုပြုကြရာတွင် အများစုသောသူတို့သည် ဘုရား၏အကြောင်းကို အာရုံပြုစဉ်းစားသည်ထက် မိမိတို့၏အကြောင်းကိုသာ ပိုမိုအာရုံပြုစဉ်းစားတတ်ကြသည်။ ထိုသို့ဖြစ်မည့်အစားတွင်၊ သူတို့သည် ဘုရားသခင် ၏ ကြီးမြတ်တော်မူခြင်းအကြောင်းနှင့် သူ၏ချစ်သနားခြင်းအကြောင်းကိုသာ လုံးဝအာရုံပြုစဉ်းစားနေဖို့သင့်ပေသည်။ ထိုသို့စဉ်းစားလိုက်သည့်အခါတွင်၊ စိတ်အားကြီးစွာဖြင့် မိမိအားရှာဖွေကြသည့်သူများတို့ကို ထိုဘုရားသခင်သည် ဆုချပေးတော်မူပါသည် ဆိုသည့်အချက်ကို ယုံကြည်လာဖို့ရန်အတွက် သူတို့အနေဖြင့် အခက်တွေ့နေရတော့မည်မဟုတ်ပါချေ။ ဆာလံဆရာ မိန့်ဆိုထားလေသည်ကား၊ "နာမတော်ကို သိသောသူတို့သည်

ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။ အကြောင်းမူကား၊ အိုထာဝရဘုရား၊ ကိုယ်တော်ကိုရှာသော သူတို့ကို စွန့်ပစ်တော်မမူတတ်ပါ။" ဆာလံ ၉း၁၀

ဆုတောင်းဖို့ရန်အတွက် ဣသရေလလူများစုရုံးလာကြသောအခါတွင်၊ ဘုရားသခင်၏ပရောဖက်သည် ရောက်လာပြီး ဤသို့မိန့်ခဲ့လေသည်။ "အိုယောရှဖတ်မင်းကြီးနှင့် ယုဒပြည်သူ၊ ယေရုရှလင်မြို့သားအပေါင်းတို့၊ နားထောင်ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုအလုံးအရင်းကြီးကြောင့် မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ စစ်မှုသည် သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏။" "အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ သင်တို့သည် သင်တို့သည်စစ်တိုက်စရာအကြောင်းမရှိသည်သည်ဖြစ်၍၊ တည်ကြည်စွာမတတ်နေလျက်၊ ထာဝရဘုရားကယ်တင်တော်မူခြင်းကျေးဇူးကိုကြည့်ရှုကြလော့။" ဣသရေလလူတို့သည် ဤသတင်းစကားကို ယုံကြည်လျက်၊ "နက်ဖြန်နံနက်စောစောထ၍၊ တေကောတောသို့ ထွက်သွားကြ၏။ သွားကြစဉ်တွင်၊ ယောရှဖတ်သည် ရပ်၍၊ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ နားထောင်ကြလော့။ သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ လူများနှင့်တိုင်ပင်ပြီးမှ၊ ထာဝရဘုရား၏ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့ဟု တပ်ရှေ့မှာချီသွားလျက်၊ သန့်ရှင်းခြင်းအသရေကိုချီးမွမ်းရသောသီချင်းသည်တို့ကို ထာဝရဘုရားအဘို့ ခန့်ထားတော်မူ၏။"

## "ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြသောအခါ"

စစ်တိုက်ဖို့ရန်အတွက် ထူးခြားသောပုံစံတစ်မျိုးဖြင့် ထွက်ခွါခဲ့ကြပါသည်။ ဤအခြင်းအရာက၊ ယေရိခေါမြို့အား ချီတက်ပတ်လျှောက်ပြီး အောင်မြင်မှုအတွက် ကြွေးကြော်ခဲ့ကြသည့်အဖြစ်အပျက်လေးအကြောင်းကို ကျွန်ုပ်တို့အား ပြန်လည်အမှတ်ရလာစေပါသည်။ များသောအားဖြင့်ဆိုလျှင်၊ ဘုရားသခင်သည် မိမိတို့အတွက် တိုက်ခိုက်ပေးတော်မူမည် ဆိုသည့်သတိမျိုးကို ဣသရေလများအနေဖြင့် ရရှိလိုက်ကြရသောအခါတွင်၊ ရန်သူများကို ထွက်တိုက်ပစ်လိုက်ခြင်းအားဖြင့် မိမိတို့၏ ကြီးမားသောယုံကြည်ခြင်းကို ပြဖို့လိုမည်ဟုထိုဣသရေလများအနေဖြင့် စဉ်းစားမိခဲ့ကြပေလိမ့်မည်။ "ဒို့ကိုကူညီပေးမယ်ဆိုတဲ့ကတိကိုတော့ ဘုရားကပေးလိုက်ပြီး၊ ဒါပေမယ့် ဒို့ဘက်က လုပ်ဆောင်ရမယ့်အပိုင်းကိုတော့ ဒို့လုပ်ရမယ်။" ဟု သူတို့အနေဖြင့်စဉ်းစားခဲ့ကြပေလိမ့်မည်။ ထိုသို့စဉ်းစားမိရင်း စစ်တိုက်ရန်အတွက် လုပ်ဆောင်ရမည့်ပြင်ဆင်မှုများအားလုံးတို့ကို သူတို့အနေဖြင့် အသင့်ပြင်ဆင်လုပ်ဆောင်ခဲ့ကြပေလိမ့်မည်။ သို့ရာတွင် ယခုတစ်ကြိမ်တွင် ဣသရေလလူတို့သည် ဘုရားသခင်ပြောသောစကားအတိုင်းသာ လုပ်ဆောင်ကြဖို့ရန် အသင့်ရှိနေခဲ့ကြသည်။ မိမိတို့၏ဘက်မှလုပ်ဆောင်ရကြမည့် အပိုင်းကဏ္ဍကိုလည်း သူတို့အနေဖြင့် သိရှိထားခဲ့ကြပါသည်။ ထိုအပိုင်းကဏ္ဍကား ယုံကြည်ရန်နှင့်မိမိတို့အမှန်တကယ်ယုံကြည်သည့်အတိုင်းသာ ရှေ့ဆက်ချီတက်သွားရန်သာဖြစ်ကြောင်းကိုလည်း သူတို့ သိရှိထားခဲ့ကြသည်။ သူတို့ အမှန်တကယ်ယုံကြည်ခဲ့ကြပါသည်။ သူတို့၏ယုံကြည်ခြင်းကား အလွန်ကြီးမားခဲ့ပါသည်။ ထိုယုံကြည်ခြင်းအကြောင်းကို သူတို့ သီဆိုကျူးခဲ့ကြပါသည်။ ကြားခဲ့ရသည့် ထိုသီချင်းသည် ကြောက်ဒူးတုန်နေသောနှုတ်ခမ်းဖျားများတို့မှ အတင်းအဓမ္မဖြစ်ညစ်ပြီး သီဆိုခဲ့ကြသည့်သီချင်းတစ်ပုဒ်မဟုတ်ပါချေ။ ထိုသီချင်းသည် စိတ်ဆန္ဒအပြည့်၊ လေးနက်မှုအပြည့်နှင့် စိတ်ရောကိုယ်ပါ သီဆိုထားသည့် နှလုံးသားမှလာသော အောင်မြင်ဝမ်းမြောက်ခြင်းသီချင်းတစ်ပုဒ်ပင် ဖြစ်ပါသည်။ မိမိတို့အရေအတွက်ထက် အဆပေါင်းများစွာ ပိုမိုများပြားသောရန်သူများ မိမိတို့ရှေ့တွင်ရောက်နေခဲ့စဉ်မှာပင် သူတို့သည် ထိုသီချင်းကို ထိုပုံစံမျိုးဖြင့် သီဆိုခဲ့ကြပါသည်။ ထိုအချိန်တွင် ထွက်ပေါ်လာခဲ့သည့်ရလဒ်ကား အဘယ်နည်း။

“ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြသောအခါ၊ ယုဒပြည်ကိုတိုက်အံ့သောငှါလာသော၊ စိရတောင်သားတို့ကို အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့တဘက်၌ ထာဝရဘုရားချောင်းမြောင်းစေတော်မူသဖြင့်၊ အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့သည် အထိအခိုက်ခံရသောကြောင့်၊ တဖန်စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါ လုန်၍တိုက်သဖြင့်၊ အကုန်အစင်သတ်ပြီးမှ၊ တယောက်ကိုတယောက်တိုက်ခိုက်၍၊ ပျက်စီးခြင်းသို့ရောက်ကြ၏။ ယုဒလူတို့သည် တော၌ရှိသောကင်းမျှော်စင်သို့ ရောက်၍၊ ထိုအလုံးအရင်းကို ကြည့်ရှုသောအခါ၊ ထိုလူအပေါင်းတို့သည် တယောက်မျှမလွတ်၊ မြေပေါ်မှာလဲသော အသေကောင်ဖြစ်ကြ၏။” သီချင်းစဆိုလိုက်ကြသည်နှင့်တပြိုင်နက် ရန်သူတို့ကို သူတို့ အောင်နိုင်သွားခဲ့ကြလေသည်။ အမ္မုန်တပ်နှင့် မောဘတပ်တို့တွင် ကြောက်ရွံ့စိတ်များ ရုတ်တရက်ဖြစ်ပေါ်လာခဲ့ကြပြီး၊ အချင်းချင်းပြန်ပြီးခုတ်သတ်နေခဲ့ကြပါသည်။ ထိုရန်သူများအနေဖြင့် ဝမ်းမြောက်ခြင်းနှင့်စပ်ဆိုင်သော တေးသီချင်းများနှင့် ကြွေးကြော်သံများကို ကြားလိုက်ရသောအခါတွင်၊ ဣသရေလတပ်တွင် စစ်ကူများကိုရရှိထားခဲ့ကြပြီးဟု သူတို့အနေဖြင့် ထင်ကောင်းထင်နေလိမ့်မည်ဖြစ်သည်။ ဣသရေလလူတို့သည် မိမိတို့ကိုယ်တိုင် တိုက်ခိုက်မှုပြုရန်မလိုတော့သည်တိုင်အောင် သူတို့အနေဖြင့် ထိုမျှလောက်ကြီးမားသည့်စစ်ကူများကို ရရှိထားခဲ့ကြပါသည်။ သူတို့၏ယုံကြည်ခြင်းသည် သူတို့၏အောင်မြင်မှုပင်ဖြစ်ပြီး၊ သူတို့၏ သီချင်းဆိုသံသည် သူတို့၌ရှိသော ယုံကြည်ခြင်းတရား၏ သက်သေအထောက်အထားပင်ဖြစ်ပါသည်။

အထွင့်အမြတ်၊ အာဏာစက်၊ ဆိုးသွမ်းသောဝိညာဉ်များတည်းဟူသော ရန်သူများတို့နှင့် တိုက်ခိုက်နေကြရသောကျွန်ုပ်တို့အဖို့ ဤအဖြစ်အပျက်သည် သင်ခန်းစာတစ်ခုပင်ဖြစ်ပေသည်။ “မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံကပြေးသွားလိမ့်မည်။” ဆီးတားရာတွင် ကျွန်ုပ်တို့အနေဖြင့် “ယုံကြည်ခြင်း၌တည်၍မာရ်နတ်ကို ဆီးတား” ကြရပေလိမ့်မည်။ ဤသို့သော ဆီးတားမှုမျိုးကသာလျှင် မာရ်နတ်ကို ထွက်ပြေးစေနိုင်လိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊ မိမိသည် လူသားများတို့ထက် ပိုပြီးခွန်အားကြီးကြောင်းကို စာတန်က သိရှိထားသောကြောင့်ဖြစ်သည်။ သို့သော် ယေရှုခရစ်တော်၏ယုံကြည်ခြင်းတရားဖြင့် သူ့အားဆီးတားသောအခါတွင်မူ မာရ်နတ်သည် မဖြစ်မနေထွက်ပြေးရလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ယေရှုခရစ်တော်နှင့် တိုက်ခိုက်ဖို့ရန်အတွက် မိမိ၌ခွန်အားအလျှင်းမရှိကြောင်းကို သူ့အနေဖြင့် သိရှိထားသည့်အတွက်ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ “ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည် ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက်၊ ဇိအုန်မြို့သို့ ရောက်ကြလိမ့်မည်။” ဆိုသည့်အကြောင်းအရာကို ကျွန်ုပ်တို့အနေဖြင့် ဤနေရာတွင် တဖန်သင်ယူရပြန်ပါသည်။ လေ့လာခဲ့သည့် ထိုသို့သောအတွေ့အကြုံများတို့နှင့် တွေ့ကြုံခဲ့ရသည့်အခြေအနေမျိုးတွင်၊ ဣသရေလလူများအနေဖြင့် မည်သည့်ပုံစံအားဖြင့်အောင်မြင်မှုကိုရယူရကြမည်အကြောင်းကို ဘုရားသခင်သည် သူတို့အားပြသပေးနေတော်မူခဲ့ပြီး၊ ဘိုးဘေးတို့အားထားတော်မူခဲ့သော ကတိတော်များကို အကောင်အထည်ဖော်လုပ်ဆောင်ပေးဖို့ရန်အတွက် ဘုရားသခင်အနေဖြင့် အမြဲတမ်းမျှော်လင့်စောင့်စားတော်မူခဲ့ပါသည်။

## ၄၃း ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ၊ အချုပ်အနှောင်ထဲသို့ တဖန် (အပိုင်း ၂) ယနေ့အတွက်သမ္မတရား၊ ဖေဖော်ဝါရီ ၂၅၊ ၁၈၉၇

အသစ်ပြုပြင်ဖန်ဆင်းထားသောကမ္ဘာသစ်ထဲတွင် ယေရှုခရစ်တော်နှင့်သော်၎င်း၊ နောက်ဆုံးသောရန်သူကိုအောင်နိုင်သွားကြမည့် သန့်ရှင်းဘုန်းကြီးသောသူများအားလုံးတို့နှင့်သော်၎င်း ငြိမ်ဝပ်ချမ်းသာစွာဖြင့် အစဉ်ထာဝရအတူနေထိုင်ခွင့်ရှိလိမ့်မည် ဆိုသည့်ကတိတော်သည် နှစ်ပေါင်းရာချီခဲ့သည့်အချိန်ကာလတစ်ခုအတောအတွင်းတွင် ဣသရေလလူမျိုးတို့၌ အချိန်မရွေးပြည့်စုံလာနိုင်ခဲ့ပါသည်။ အကြောင်းမှာ မောရှေဖွားမြင်လာသောအခါတွင် ကတိတော်နှင့်စပ်ဆိုင်သည့်အချိန်သည် ရောက်လုနီးပါးဖြစ်နေခဲ့ပြီး၊ "ဣသရေလအမျိုးကို ကယ်လွှတ်၍၊ ငြိမ်သက်ခြင်းအခွင့်ကို ကြာမြင့်စွာသောကာလပတ်လုံး ပေးတော်မူပြီးမှ၊" ယောရှုကွယ်လွန်သွားခဲ့သောကြောင့်ဖြစ်သည်။ ယောရှုမှတ်စာ ၂၃း၁။ ယနေ့ဟုခေါ်ဝေါ်သော "အခြားသောနေ့ရက်" ကို ဒါဝိဒ်မှတဆင့် ဣသရေလလူတို့အား ဘုရားသခင် ပေးသနားတော်မူခဲ့သည့်အချိန်ကာလကို "ဤမျှလောက် ကာလကြာပြီးမှ" ဟု ခေါ်ဝေါ်ထားပါသည်။ ဣသရေလလူများအနေဖြင့် မိမိတို့အား ဘုရားသခင် ပေးထားတော်မူသောအရာဟူသမျှတို့ကို သိမ်းပိုက်ရယူနိုင်ကြဖို့ရန်အတွက် ဘုရားသခင်သည် စိတ်အားကြီးစွာဖြင့် ထိုသူတို့အား စောင့်စားနေတော်မူခဲ့ပါသည်။ ဤအချက်ကို ပုရောဖက်ယေရမိအားဖြင့် မိန့်တော်မူခဲ့သည့်ဘုရားသခင်၏နှုတ်ထွက်စကားတော်ထဲတွင် အမှန်တကယ် တွေ့မြင်နိုင်ပါသည်။

## ဘုရားသခင်၏စကားတော်ကို သူတို့ နားထောင်ခဲ့ကြမည်ဆိုလျှင်

မိမိတို့၏အပြစ်များတို့ကို သံကညစ်၊ စိန်ချွန်နှင့် အက္ခရာတင်၍ မှတ်သားရသည်တိုင်အောင်၊ ယုဒလူတို့အနေဖြင့် မိမိတို့၏ရုပ်ထုကိုးကွယ်ခြင်းအမှုတွင် အလွန်ခေါင်းမာနေခဲ့ကြသော်လည်း ကျေးဇူးတော်ရှင်ဘုရားသခင်က အောက်ဖော်ပြပါ ကတိတော်ကို သူတို့၌ ပေးအပ်ပေးတော်မူခဲ့ပါသည်။ "ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည်ကား၊ ယုဒရှင်ဘုရင် ထွက်ဝင်သောအမျိုးသားချင်း မြို့တံခါးမှစ၍၊ ခပ်သိမ်းသော ယေရုရှလင်မြို့တံခါးဝ၌ သွား၍ရပ်လျက်၊ လူများတို့အား ပြောဆိုရမည်မှာ၊ ဤတံခါးတို့ဖြင့် ထွက်ဝင်သောယုဒရှင်ဘုရင်များနှင့် ယုဒပြည်သူ ယေရုရှလင်မြို့သားများအပေါင်းတို့၊ ထာဝရဘုရား၏နှုတ်ကပတ်တော်ကို နားထောင်ကြလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဥပုသ်နေ့၌ ဝန်ကိုမထမ်းမရွက်၊ ယေရုရှလင်မြို့တံခါးဖြင့် မဆောင်မသွင်းမည်အကြောင်း၊ သတိပြုကြလော့။ ဥပုသ်နေ့၌ သင်တို့အိမ်ထဲကဝန်ကို မထုတ်မဆောင်ကြနှင့်။ အဘယ်အလုပ်ကိုမျှ မလုပ်ကြနှင့်။ သင်တို့ဘိုးဘေးများကို ငါမှာထားသည်အတိုင်း၊ ဥပုသ်နေ့ကို သန့်ရှင်းစေကြလော့။ ဘိုးဘေးတို့သည် နားမထောင်၊ နားကိုမလှည့်ဘဲနေကြ၏။ နားမကြား၊ ဆုံးမခြင်းကို မခံမည်အကြောင်း၊ မိမိတို့လည်ပင်းကို ခိုင်မာစေကြ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ဥပုသ်နေ့၌ ဤမြို့တံခါးဖြင့် ဝန်ကိုမသွင်းမဆောင်၊ အဘယ်အလုပ်ကိုမျှမလုပ်၊ ဥပုသ်နေ့ကို သန့်ရှင်းစေသည်တိုင်အောင်၊ ငါ့စကားကို စေ့စေ့နားထောင်လျှင်၊ ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်ပေါ်မှာ ထိုင်သောရထားစီး၊ မြင်းစီးရှင်ဘုရင်၊ မင်းသားမှစ၍ သူတို့မှူးမတ်၊ ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့သည် ဤမြို့တံခါးများသို့ ဝင်လျက်ရှိကြလိမ့်မည်။ ဤမြို့သည်လည်း အစဉ်အမြဲတည်လိမ့်မည်။ မီးရှို့ရာယဇ်မှစ၍ အခြားသောယဇ်များ၊ ပူဇော်သက္ကာများ၊ မီးရှို့ရာနံ့သာပေါင်း၊ ချီးမွမ်းရာယဇ်တို့ကို ထာဝရဘုရား၏အိမ်တော်သို့ ဆောင်ခဲ့သောသူတို့သည် ယုဒမြို့များ၊ ယေရုရှလင်မြို့ပတ်ဝန်းကျင်အရပ်များ၊ ဗင်္ယာမိန်ပြည်၊ မြေညီခရိုင်၊ တောင်ရိုးခရိုင်၊ တောင်မျက်နှာခရိုင်မှလာကြလိမ့်မည်။" ယေရမိ ၁၇း၁၉-၂၆။ ဤကတိတော်သည် မည်သို့မည်ပုံအားဖြင့် ပြည့်စုံလာလိမ့်မည်အကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ခန့်မှန်းနေဖို့မဟုတ်ပါချေ။ ဘုရားသခင်က ထိုသို့မိန့်တော်မူခဲ့ပြီး၊ ကတိ

တော်ရှိသမျှတို့ကို ကောင်းသောကတိတော်များဖြစ်အောင် သူ့အနေဖြင့် လုပ်ဆောင်ပေးနိုင်တော်မူသည် ဆိုသည့်အကြောင်းကို သိရှိနေရခြင်းသည်ပင် ကျွန်ုပ်တို့အဖို့ လုံလောက်နေပြီးဖြစ်သည်။ "ယုတ်ညံ့သော ငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ ဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်" ပေးခြင်းအမှု (ဖိလပ္ပိ ၃း၂၁) သည် ဘုရားသခင်အဖို့ လွယ်ကူသည်နည်းတူ၊ မြို့ဟောင်းကိုပြန်လည်ထူထောင်ပြီး အသစ်ပြင်ဆင်ပေးရသည့်အမှု (သို့) မြို့ဟောင်း၏နေရာတွင် နေရာယူဝင်ရောက်လာနိုင်မည့် လုံးဝအသစ်စက်စက်မြို့သစ်တစ်ခုကို ဖန်ဆင်းပေးရသည့်အမှုသည်လည်း ဘုရားသခင်အဖို့ လွယ်ကူပါပေသည်။

## ငြင်းပယ်ခြင်းခံခဲ့ရသည့် ပြန်လည်ပြုပြင်ဖန်ဆင်းပေးခြင်းဆိုင်ရာကတိတော်များ

ယေရမိအားဖြင့် ပြုတော်မူခဲ့သည့်ဤကတိတော်သည် ယုဒနိုင်ငံတော်၏နောက်ဆုံးနေ့ရက်များတွင် ပေးခဲ့သည့်ကတိတော်ပင်ဖြစ်ကြောင်းကို စိတ်ထဲတွင်မှတ်သားထားပါ။ အဘယ့်ကြောင့်ဆိုသော် "ယုဒရှင်ဘုရင် အာမုန်သားယောရှိမင်းနန်းစံ ဆယ်သုံးနှစ်" (ယေရမိ ၁း၁) မြောက်သောနှစ်၊ ဗာဗုလုန်တို့၏သိမ်းပိုက်ခြင်းကိုမခံရမှီနှစ်ပေါင်း နှစ်ဆယ့်တစ်နှစ်လောက်တွင် ယေရမိသည် စတင်ပရောဖက်ပြုတော်မူခဲ့ပြီး၊ သူမတိုင်ခင်ပေါ်ထွန်းခဲ့သည့် ပရောဖက်အားလုံးနီးပါးတို့သည် မိမိတို့ကိုယ်စီ၏အမှုတော်လုပ်ငန်းများကိုပြီးမြောက်စေနိုင်ခဲ့ကြပြီး ကွယ်လွန်သွားခဲ့ကြပြီးဖြစ်သောကြောင့်ဖြစ်သည်။ ဟေရှာယ၊ ဟောရှေ၊ အာမုတ်၊ မိက္ခာနှင့် အခြားသောပရောဖက်ကြီးများတို့၏ ပရောဖက်ပြုချက်များတို့သည် ယေရမိ မမွေးဖွားလာမှီအချိန်ကတည်းက ဣသရေလလူများတို့၏ လက်ထဲသို့ရောက်ရှိနေပြီးသားဖြစ်နေပါသည်။ ဤအချက်သည် မည်သည့်အကြောင်းပြချက်နှင့်မျှ ကျော်ကြည့်မသွားသင့်သည့် အချက်တစ်ချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအချက်သည် အရေးကြီးဆုံးသောအချက်တစ်ချက်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုပရောဖက်ပြုချက်များတို့တွင် ယေရှုရှလင်မြို့အား ပြန်လည်ပေးအပ်ခြင်းနှင့်စပ်ဆိုင်သည့် ကတိတော်များစွာပါဝင်ပါသည်။ ဣသရေလလူများအနေဖြင့် အလေးထားခဲ့ကြမည်ဆိုလျှင် ထိုကတိတော်အားလုံးတို့သည် ပြည့်စုံပြီးသားဖြစ်နေလောက်ပြီးဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏ အခြားသောကတိတော်များနည်းတူပင် ထိုကတိတော်များတို့သည် ယေရှုခရစ်၌တည်သောကတိတော်များသာဖြစ်ပြီး၊ ၎င်းတို့သည် အချိန်ကာလတစ်ခုနှင့်သာသက်ဆိုင်သောကတိတော်များမဟုတ်ပဲ၊ ထာဝရကာလနှင့်ဆိုင်သောကတိတော်များပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုခေတ်ကာလတွင်အသက်ရှင်ခဲ့ကြသောသူများတို့သည် ထိုကတိတော်များတို့ကို လက်မခံခဲ့ကြသည့်အတွက်ကြောင့်၊ ထိုကတိတော်များတို့သည် ကျွန်ုပ်တို့အဖို့ သစ်လွင်လတ်ဆတ်နေဆဲရှိနေပါသည်။ ထိုကတိတော်များတို့ကို ယခု ကျွန်ုပ်တို့စောင့်မျှော်နေကြသည့် ထာဝရဘုရားသခင်၏ကြွလာတော်မူခြင်းအမှုတမျိုးတည်းအားဖြင့်သာလျှင် ပြည့်စုံစေနိုင်လိမ့်မည်ဖြစ်သည်။ ရှင်မဿဲကျမ်း၊ ယောဟန်ကျမ်းနှင့် ဩဝါဒစာစောင်ကျမ်းများထဲတွင် ဧဝံဂေလိတရားအကြောင်းပါဝင်နေသည်နည်းတူ ထိုအနာဂတ္တိကျမ်းများတို့တွင်လည်း ဧဝံဂေလိတရားအကြောင်း ပါဝင်နေပါသည်။

## အမြဲတမ်းရှိနေသောစမ်းသပ်မှု

ဥပုသ်နေ့စောင့်ထိန်းခြင်းအမှုကို အမှန်တရားဖေါ်ပြခြင်းခံရသောသူအပေါင်းတို့၌ စမ်းသပ်မှုအနေဖြင့် ထားထားပေးပါသည်။ ဣသရေလလူများအနေဖြင့် ဥပုသ်နေ့ကိုစောင့်ထိန်းခဲ့ကြမည်ဆိုလျှင် သူတို့မြို့သည် အစဉ်ထာဝရတည်မြဲခြင်းရှိခဲ့လိမ့်မည်ဖြစ်ပါသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရပါမည်နည်း။ ကျွန်ုပ်တို့ လေ့လာခဲ့ကြသည့် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာအကြောင်းကို ပြန်လည်သတိရလိုက်ပါ။ ထိုမေးခွန်းအတွက် အဖြေကို သင်ရရှိပါလိမ့်မည်။ ဥပုသ်နေ့ဆိုသည်မှာ ပြီးမြောက်စုံလင်သောဖန်ဆင်းခြင်းအမှု၏

အမှတ်အသားပင်ဖြစ်ပေသည်။ ထိုဥပုသ်နေ့သည် ဘုရားသခင်အား ဖန်ဆင်းရှင်နှင့် သန့်ရှင်းစင်ကြယ်စေသောအရှင် (ယေဇကျေလ ၂၀း၁၂၊ ၂၀) အနေဖြင့် ဖော်ပြပေးပါသည်။ ဘုရားသခင်ကို ဖန်ဆင်းခြင်းတန်ခိုးတော်အားဖြင့်သန့်ရှင်းစင်ကြယ်စေနိုင်သောအရှင်အနေဖြင့် ဖော်ပြပေးတော်မူပါသည်။ ဥပုသ်တော်နေ့သည် ဘုရားသခင်ထံမှ မျက်နှာသာရစေမည့် အကျင့်တစ်ခုမဟုတ်ပါချေ။ ဥပုသ်နေ့သည် ထာဝရလက်ရုံးတော်တွင် ငြိမ်ဝပ်စွာနားနေရသော ငြိမ်ဝပ်ခြင်းချမ်းသာပင်ဖြစ်ပေသည်။ ထိုနေ့သည် ဘုရားသခင်၏ထာဝရတန်ခိုးတော်ကို ပြန်လည်သတိရစေသည့် အမှတ်လက္ခဏာတစ်ခုပင်ဖြစ်ပြီး၊ ထိုနေ့အား စောင့်ထိန်းခြင်းအမှုသည် ဘုရားသခင်တစ်ပါးတည်းကသာ ပေးစွမ်းနိုင်တော်မူသည့် စုံလင်ခြင်း၏ တံဆိပ်တစ်ခုပင်ဖြစ်သည်။ ဘုရားသခင်သည် ထိုစုံလင်ခြင်းကို မိမိအား ယုံကြည်ကိုးစားသောသူရှိရှိသမျှတို့၌ အပ်ပေးထားတော်မူလေသည်။ ယုံကြည်ကိုးစားသည်ဟုဆိုရာတွင်၊ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူခဲ့ရာတွင် အသုံးပြုတော်မူခဲ့သည့်တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့ကို ကယ်တင်နိုင်မည်၊ ကယ်တင်တော်မူမည်ဆိုသည့် အကြောင်းကို ရာနှုန်းပြည့်ယုံကြည်ထားသော ယုံကြည်ကိုးစားခြင်းမျိုးကိုဆိုလိုပါသည်။ ရှေးဣသရေလလူတို့၌ ပေးတော်မူခဲ့သည့် ကတိတော်ကို ကျွန်ုပ်တို့အားလည်း ပေးထားတော်မူသည်ဖြစ်သည့်အတွက်ကြောင့်၊ ကျွန်ုပ်တို့၏ခေတ်အချိန်ကာလတွင်လည်း ထိုဥပုသ်တော်နေ့ကို အထူးသဖြင့်ပေါ်လွင်ထင်ရှားစေသင့်ပါသည်။ ခရစ်တော်၏ကြွလာတော်မူခြင်းနေ့ရက်အချိန်သည် နီးကပ်လာနေပြီးဖြစ်သည့်အားလျော်စွာ ထိုဥပုသ်တော်နေ့ကို ပိုမိုပြီးပေါ်လွင်ထင်ရှားစေသင့်ပါသည်။

## ထုတ်ပြန်ကြေညာထားသည့် တရားစီရင်ခြင်း

သို့ရာတွင် အခြေအနေအပြောင်းအလဲတစ်ခုကိုပါ ထားရှိတော်မူခဲ့ပါသည်။ ဣသရေလလူတို့အနေဖြင့် ဘုရားသခင်၌ငြိမ်ဝပ်စွာနေရန်ငြင်းပယ်လာကြမည်ဆိုပါက ထိုအခြေအနေအတိုင်း ဖြစ်လာလိမ့်မည်ဖြစ်ပါသည်။ ထပ်မံပြီးစကားမှာကြားဖို့ရန်အတွက် ပုရောဖက်ကြီးအနေဖြင့် မိန့်ကြားခြင်းခံခဲ့ရပါသည်။ "သို့မဟုတ်၊ ဥပုသ်နေ့၌ဝန်ကိုထမ်းရွက်၍၊ ယေရုရှလင်မြို့တံခါးများသို့မဝင်၊ ဥပုသ်နေ့ကို သန့်ရှင်းစေသည့်တိုင်အောင်၊ သင်တို့သည် ငါ့စကားကိုနားမထောင်လျှင်၊ ငါသည် ထိုမြို့တံခါးတို့ကို မီးရှို့၍၊ ထိုမီးသည် မငြိမ်းမသေဘဲ ယေရုရှလင်မြို့ဘုံဗိမာန်တို့ကိုလောင်ရလိမ့်မည်။" ယေရမိ ၁၇း၂၇။ ဟုမိန့်မှာခဲ့ပါသည်။ ထိုမိန့်မှာချက်အတိုင်း ဖြစ်လာခဲ့ပါသည်။ သတိပေးသတင်းစကားကို မိမိလူတို့ထံသို့ ပေးပို့တော်မူခြင်းအမှုတွင် ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၍ စိတ်ရှည်တော်မူခဲ့သော်လည်း၊ ထိုသူတို့သည် "ဘုရားသခင်၏ တမန်တို့ကို ပြက်ယယ်ပြု၍ အမိန့်တော်ကိုနားမထောင်၊ ပရောဖက်တို့ကို ညှဉ်းဆဲသောကြောင့်၊ ထာဝရဘုရား၏အမျက်တော်မငြိမ်းနိုင်အောင်၊ မိမိလူမျိုးကို တွက်သဖြင့်၊ ခါလဒဲရှင်ဘုရင်ကို စစ်ချီစေတော်မူ၏။ ထိုရှင်ဘုရင်သည် သန့်ရှင်းရာဌာနအိမ်တော်၌ လူပျိုတို့ကိုထားနှင့်သတ်၏။ ယောက်ျားပျို၊ မိန်းမပျို၊ လူအို၊ အသက်ကြီး၍ ကျောကုန်းသော သူတို့ကိုပင်မသနား၊ ရှိသမျှတို့ကို ထိုရှင်ဘုရင်လက်သို့အပ်တော်မူ၏။ ဗိမာန်တော်တန်ဆာ အကြီးအငယ်ရှိသမျှတို့ကိုင်၄င်း၊ ဗိမာန်တော်ဘဏ္ဍာ၊ နန်းတော်ဘဏ္ဍာ၊ မှူးမတ်ဘဏ္ဍာရှိသမျှတို့ကိုင်၄င်း၊ ဗာဗုလုန်မြို့သို့ ယူသွား၏။ ဗိမာန်တော်ကိုလည်း မီးရှို့၍ ယေရုရှလင်မြို့ရိုးကို ဖြိုဖျက်ကြ၏။ မင်းအိမ်ရှိသမျှတို့ကိုလည်း မီးရှို့၍ မြို့တန်ဆာအကောင်းအမြတ်ရှိသမျှတို့ကို ဖျက်ဆီးကြ၏။ ထားဘေးနှင့် လွတ်သောသူတို့ကို၊ ဗာဗုလုန်မြို့သို့သိမ်းသွား၍၊ သူတို့သည် ပေရသိနိုင်ငံ မတည်မှီတိုင်အောင် ရှင်ဘုရင်ထံ၊ သားတော်မြေးတော်ထံ၌ ကျွန်ခံလျက်နေရကြ၏။ ထိုသို့ ဣသရေလမြေသည် ဥပုသ်နေ့တို့ကို မွေ့လျော်စေခြင်းငှါ၊ ယေရမိဆင့်ဆိုသော ထာဝရဘုရား၏ အမိန့်တော်သည် ပြည့်စုံရ၏။ ထိုပြည်သည် လူဆိတ်ညံလျက်နေသောကာလ၊ အနှစ်ခုနစ်ဆယ်စေ့အောင် ဥပုသ်နေ့တို့ကို စောင့်သောအခွင့်ရှိသတည်း။" ၂ရာဇဝင်ချုပ် ၃၆း ၁၆-၂၁။

## ယေရုရှလင်မြို့ကိုအုပ်ချုပ်ရသော ဗာဗုလုန်ရှင်ဘုရင်

ယေရုရှလင်မြို့တွင် နောက်ဆုံးနန်းထိုင်ခဲ့သောဘုရင်မှာ ဇေဒကိမင်းပင်ဖြစ်သည်။ သို့ရာတွင် သူသည် လွတ်လပ်စွာအုပ်ချုပ်ပိုင်ခွင့်ရှိသောဘုရင်တစ်ပါး မဟုတ်ခဲ့ပါချေ။ သူနန်းတက်မလာမီ လွန်ခဲ့သည့်နှစ်ပေါင်းများစွာခန့်က နေဗုခဒ်နေဇာမင်းသည် ယေရုရှလင်မြို့ကို ဝန်းရံထားနိုင်ခဲ့ပါသည်။ ဘုရားသခင်သည် ထိုမင်းလက်သို့ ယေရုရှလင်မြို့ကို အပ်ပေးတော်မူခဲ့ခြင်းဖြစ်သည်။ ဒံယေလ ၁း၁၊၂။ ယောယကိမ်မင်းအား သူသည် အောင်နိုင်သွားခဲ့သော်လည်း၊ ထိုမင်းကို ယေရုရှလင်မြို့၏ လက်အောက်ခံဘုရင်တစ်ပါးအနေဖြင့် အုပ်ချုပ်သောအခွင့်ကို ပေးထားခဲ့ပါသည်။ ယောယကိမ်သည် ထိုပုံစံအတိုင်း ရှစ်နှစ်တိုင်တိုင် အုပ်ချုပ်သွားခဲ့ပါသည်။ သူသေလွန်သွားသောအခါတွင် သူ၏သားတော် ယေခေါနိသည် သူ့နေရာတွင် နန်းတက်လာခဲ့ပါသည်။ ယေရုရှလင်မြို့ကို နေဗုခဒ်နေဇာမင်းအနေဖြင့် နောက်တဖန်ဝန်းရံပြီး တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီတွင် ယေခေါနိသည် ယေရုရှလင်မြို့ကို သုံးလအထိသာ အုပ်ချုပ်ခဲ့ရပါသည်။ ထိုသို့တိုက်ခိုက်သိမ်းပိုက်ပြီးသည့်နောက်တွင် ယေခေါနိမင်းနှင့် သူ၏မိသားစုများ၊ အထူးထူးအပြားပြားသောဆရာသမားများတို့ကို ဗာဗုလုန်နိုင်ငံသို့ သိမ်းသွား၍ "သာမညဆင်းရဲသားမှ တပါးအဘယ်သူမျှ မကျန်ကြွင်း" ခဲ့ရပါချေ။ ၄ ဓမ္မရာဇဝင် ၂၄း၈-၁၆။ ထိုအခါတွင် ယေရုရှလင်မြို့တွင် ရှင်ဘုရင်တစ်ပါးကျန်ရစ်နေဆဲဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နေဗုခဒ်နေဇာမင်းသည် မဿနိကို ဇေဒကိ အမည်ဖြစ်မည့်ပြီး ရှင်ဘုရင်အရာ၌ ခန့်ထားခဲ့သောကြောင့်ဖြစ်သည်။ အခန်းငယ် ၁၇။ ဇေဒကိ၏အနက်ကား၊ "ယေဟောဝါဘုရားသခင်၏ ဖြောင့်မတ်ခြင်း" ဟု အဓိပ္ပါယ်ရှိပါသည်။ ဤနာမည်ကို ထိုဘုရင်သစ်အား ပေးခဲ့ပါသည်။ အကြောင်းမူကား မိမိ၏အာဏာကို မဖီဆန်ပဲနေပါမည်ဆိုသည့်ကတိကိုနေဗုခဒ်နေဇာမင်းသည် ထိုမင်းအား သစ္စာဆိုစေခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်ကိုတိုင်တည်လျက် သစ္စာဆိုစေခဲ့ပါသည်။ (၂ရာဇဝင်ချုပ် ၃၆း၁၃) နေဗုခဒ်နေဇာမင်းအနေဖြင့် ဤသို့လုပ်ဆောင်ပိုင်ခွင့်ရှိကြောင်းကို အောက်ဖော်ပြပါကျမ်းပိုဒ်ကြီးမှပြသထားပေးပါသည်

"ယုဒရှင်ဘုရင် ယောရှိသား ဇေဒကိမင်းနန်းထိုင်စက၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍၊ ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည်ကား၊ ကြိုးနှင့်ထမ်းဘိုးများကိုလုပ်၍၊ သင်၏လည်ပင်း၌တပ်လော့။ ယုဒရှင်ဘုရင်ဇေဒကိထံ၊ ယေရုရှလင်မြို့သို့ရောက်လာသော သံတမန်တို့တွင်၊ ထိုကြိုးနှင့် ထမ်းဘိုးတို့ကို ဧဒုံမင်း၊ မောဘမင်း၊ အမ္မုန်မင်း၊ တုရုမင်း၊ ဇိဒုန်မင်းသို့ ပေးလိုက်လော့။ ထိုသံတမန်တို့အားလည်း၊ သင်တို့သည် သင်တို့အရှင်များတို့အား ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် မဟာတန်ခိုးနှင့်လက်ရုံးကိုဆန့်လျက် မြေကြီးကိုငင်း၊ မြေကြီးပေါ်မှာရှိသောလူနှင့် တိရစ္ဆာန်တို့ကိုငင်း ဖန်ဆင်းသည်ဖြစ်၍၊ ငါသည် ပေးလိုသောသူတို့အားပေး၏။ ယခုမှာ ဤပြည်ရှိသမျှတို့ကို ငါ့ကျွန်ဗာဗုလုန်ရှင်ဘုရင်၊ နေဗုခဒ်နေဇာလက်သို့ ငါအပ်ပေးပြီ။ သူစေစားဘို့ရာ တောတိရစ္ဆာန်များကိုလည်းငါပေးပြီ။ သူ၏နိုင်ငံ ဆုံးချိန်မရောက်မီတိုင်အောင်၊ ဤပြည်သားအပေါင်းတို့သည် သူ၏အမှုနှင့် သူ၏သားမြေးအမှုကို ဆောင်ရွက်ရကြမည်။ ထိုအချိန်ရောက်မှ၊ များစွာသောလူမျိုးတို့နှင့် ကြီးသောရှင်ဘုရင်တို့သည် သူ့ကိုစေစားကြလိမ့်မည်။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာ၏ အစေကိုမခံ၊ သူ၏ထမ်းဘိုးကို မထမ်းလိုသော တိုင်းနိုင်ငံရှိသမျှကို၊ သူ၏လက်၌ ဆုံးရှုံးစေခြင်းငှါ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးဖြင့် ငါအပြစ်ပေးမည်။ သို့ဖြစ်၍၊ သင်တို့သည် ဗာဗုလုန်ရှင်ဘုရင်၏အစေကိုမခံရဟု၊ သင်တို့အားပြောတတ်သော ပရောဖက်၊ အနာဂတ်ဆရာ၊ အိပ်မက်မြင်သောဆရာ၊ နတ်ဝိဇ္ဇာဆရာ၊ ပြုစားတတ်သောဆရာတို့၏ စကားကိုနားမထောင်ကြနှင့်။ ထိုသူတို့သည် သင်တို့ကို သင်တို့ပြည်မှ အဝေးသို့ ရွှေ့သွားစေခြင်းငှါ၊ သင်တို့ကို ငါနှင်ထုတ်၍ ဆုံးရှုံးစေခြင်းငှါဖင်း မုသာစကားကို ဟောပြောတတ်ကြ၏။ ဗာဗုလုန်ရှင်ဘုရင်၏ ထမ်းဘိုးထမ်း၍၊ သူ၏အစေကိုခံသော လူမျိုးတို့

အား၊ မိမိတို့ပြည်၌နေရသောအခွင့်ကို ငါပေးသဖြင့်၊ သူတို့သည် မိမိတို့မြေ၌လုပ်၍ နေရကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။” ယေရမိ ၂၇း၁-၁၁

ထို့ကြောင့် ဣသရေလပြည်တွင် အုပ်ချုပ်မင်းလုပ်လာခဲ့ကြသည့်ရှင်ဘုရင်များနည်းတူ နေဗုခဒ်နေဇာမင်းသည်လည်း ယေရုရှလင်မြို့ကို အုပ်ချုပ်ပိုင်ခွင့်ရှိခဲ့ပါသည်။ သည့်အပြင်မက၊ သူ၏နိုင်ငံတော်သည် ဣသရေလရှင်ဘုရှင်များအုပ်ချုပ်ခဲ့သည့် နိုင်ငံများထက် ပိုမိုကျယ်ပြန့်ခဲ့ပါသည်။ ထို့ထက်မက အဓိကအကျဆုံးသောအရာမှာ၊ ဘုရားသခင်ထံမှ သွန်သင်ညွှန်ကြားမှုများကို ရရှိလာခဲ့သည့်နောက်ပိုင်းအချိန်တွင် နေဗုခဒ်နေဇာသည် မိမိရရှိသည့်အခွင့်အရေးကိုအသုံးပြုပြီး စစ်မှန်သောဘုရားအကြောင်းကို ကမ္ဘာတစ်ဝှမ်းလုံးတွင် ဖြန့်ဝေခဲ့ပါသည်။ ဒံယေလအခန်းကြီး ၄ ကိုကြည့်ပါ။ ထို့ကြောင့် ဇေဒကိမင်းအနေဖြင့် နေဗုခဒ်နေဇာမင်းအား တော်လှန်ပုန်ကန်ခဲ့ခြင်းအမှုသည် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ဣသရေလလူတို့ကို နေဗုခဒ်နေဇာမင်း၏ လက်ထဲသို့ အပ်နှံတော်မူခဲ့သည့် ထာဝရဘုရားသခင်အား မတရားသဖြင့်ဆန့်ကျင်တိုက်ခိုက်နေခြင်းအမှုပင် ဖြစ်ပေသည်။နေဗုခဒ်နေဇာမင်းအနေဖြင့် ယေရုရှလင်မြို့ကိုရန်ဘက်ပြုလျက် မည်သို့မည်ပုံဖြင့်ဝင်ရောက် တိုက်ခိုက်လာမည်ဆိုသည့် ပုံနှင့်တကွဖေါ်ပြချက်ကိုသော်၎င်း၊ ကာလဗေဒင်ကိုအသုံးပြုနေသည့် တပါးအမျိုးသားရှင်ဘုရင်၏လုပ်ဆောင်မှုကိုပင် ဘုရားသခင်အနေဖြင့် မည်သို့လမ်းညွှန်တည့်မှတ်ပေးတော်မူခဲ့ကြောင်းကိုသော်၎င်း  အောက်ဖေါ်ပြပါ နှုတ်ထွက်စကားတော်ထဲတွင် တွေ့ရှိရပါသည်။ “အချင်းလူသား၊ ဗာဗုလုန်ရှင်ဘုရင်၏ထား သွားရာလမ်းနှစ်လမ်းကို မှတ်သားလော့။ လမ်းနှစ်လမ်းတို့သည် ပြည်တပြည်ထဲကထွက်ရမည်။ မြို့သို့သွားသောလမ်းခွ၌ အရပ်တခုကိုရွေးလော့။ အမ္မုန်ပြည်၌ ရဗ္ဗတ်မြို့သို့၎င်း၊ ယုဒပြည်၌ ခိုင်ခံ့သောယေရုရှလင်မြို့သို့၎င်း၊ ထားရောက်ရာလမ်းကို မှတ်သားလော့။ ဗာဗုလုန်ရှင်ဘုရင်သည် ဗေဒင်တွက်ခြင်းငှါ လမ်းနှစ်လမ်းဆုံမိရာလမ်းခွ၌ ရပ်၏။ မြှားတို့ကို ရောနှော၏။ တေရပ်ရုပ်တုတို့ကို မေးမြန်း၏။ အသည်းကို ကြည့်ရှု၏။ ဝက်ခွတိုင်၌ တုံးတို့ကို ဆွဲထားစေခြင်းငှါ၎င်း၊ လုပ်ကြံခြင်းအမှုကို မှာထားစေခြင်းငှါ၎င်း၊ ကြွေးကြော်အော်ဟစ်စေခြင်းငှါ၎င်း၊ ရဲတိုက်ကို ဆောက်စေခြင်းငှါ၎င်း၊ မြေရိုးကိုဖို့စေခြင်းငှါ၎င်း၊ လကျာ်ဘက်၌ ယေရုရှလင်မြို့အဘို့ ဗေဒင်တွက်၍ နေရာကျ၏။ သို့ရာတွင်၊ ရှင်ဘုရင်ထံ၌ သစ္စာခံသောသူတို့သည် ထိုဗေဒင်တွက်ခြင်းကို အချည်းနှီးသောဗေဒင်တွက်ခြင်းကဲ့သို့ မှတ်ကြလိမ့်မည်။ ရှင်ဘုရင်မူကား၊ သူတို့ကို  ဘမ်းမိလိုသောငှါ၊ သူတို့ပြစ်မှားသောအပြစ်ကို အောက်မေ့လိမ့်မည်။ သို့ဖြစ်၍၊ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ပြုလေသမျှတို့၌ အပြစ်ထင်ရှားသည်တိုင်အောင်၊ သင်တို့သည် မိမိတို့ဒုစရိုက်အပြစ်ကို သူတပါးအောက်မေ့စေ၍၊ မိမိတို့လွန်ကျူးခြင်းအမှုများကိုဘော်ပြလျက်၊ မိမိတို့ကိုသူတပါးအောက်မေ့စေသောကြောင့်၊ ထိုရှင်ဘုရင်လက်သို့ ရောက်ရကြလိမ့်မည်။”

## ဣသရေလလူမျိုးတို့၏ ကိုယ်ပိုင်ယာယီအုပ်ချုပ်မှု အဆုံးသတ်သွားခြင်း

ထို့နောက်တွင် ဇေဒကိမင်း၏ကံကြမ္မာအကြောင်းကို ဖေါ်ပြထားသည့် နှုတ်ထွက်စကားကို တွေ့ရှိရပါသည်။ “အချင်းဆိုးယုတ်သော အဓမ္မဣသရေလမင်းသား၊ အဓမ္မအမှုကြောင့်ဆုံးရှုံးရသောကာလ ရောက်သောအခါ၊ သင်၏အချိန်ကာလသည် ရောက်လိမ့်မည်။ ဦးရစ်တော်ကိုပယ်၍ ရာဇသရဖူကို ချွတ်လော့။ နောက်တဖန်မရှိရ။ နိမ့်သောသူကိုချီးမြှောက်ရမည်။ မြင့်သောသူကို နှိမ့်ချရမည်။ နိုင်ငံကို ဆုံးရှုံးစေခြင်းငှါ၊ အစိုးပိုင်သောသူ မရောက်မှီတိုင်အောင်၎င်း ငါမှောက်လှန်မည်။ မှောက်လန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ ငါအပ်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။” ယေဇကျေလ ၂၁း၁၉-၂၇။ ဇေဒကိမင်းသည် ဆိုးယုတ်သော အဓမ္မဘုရင်တစ်ပါးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် စက်ဆုပ်ဖွယ်ရာကောင်းသော ရုပ်ထုကိုးကွယ်ခြင်းအမှုကိုပြုသည်သာမက၊ မိမိပြုခဲ့သည့်ကတိသစ္စာတရားကို ချိုးဖေါက်ခြင်းတည်းဟူသော မုသာနှင့်ဆိုင်သောသက်သေခံခြင်းအပြစ်ကိုပါ သူ့အနေဖြင့်ကျူးလွန်ထားခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ

တော်သည် လုံးလုံးဖါယ်ရှားပစ်ခြင်းကို ခံခဲ့ရလေတော့သည်။ ဒါဝိဒ်အမျိုးအနွယ်အဆက်ဆက်မှ လက်ဆင့်ကမ်းလာခဲ့သည့် သရဖူကြီးသည် ဒါလဒဲပြည်သားတစ်ဦး၏ဦးခေါင်းပေါ်တွင် ရောက်ရှိသွားခဲ့ပြီး၊ ဗာဗုလုန်နိုင်ငံတော်သည် အထွဋ်နေရာကိုယူလာခဲ့ပါသည်။ ထိုနိုင်ငံတော်၏ ကြီးမားကျယ်ပြန့်မှုအကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုခဲ့ကြပြီးဖြစ်ပါသည်။ ကောင်းကင်ဘုံရှင်ဘုရားသခင်က ပေးသနားတော်မူခဲ့သည့် အိပ်မက်တော်ထဲတွင် နေဗုခဒ်နေဇာမင်းတွေ့မြင်ခဲ့ရသည့် ရုပ်ထုကြီးအကြောင်းကို ရှင်းလင်းတင်ပြထားပေးသည့် ပုရောဖက်ဒံယေလပြောသောစကားများကိုလည်း ကျွန်ုပ်တို့ဖတ်ရှုခဲ့ရပြီးဖြစ်ပါသည်။ "အရှင်မင်းကြီး၊ ကိုယ်တော်သည် ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် နိုင်ငံနှင့်တကွ တန်ခိုးအာနုဘော်အစွမ်းသတ္တိ ဘုန်းအသရေကို ကိုယ်တော်အားပေးတော်မူပြီ။ လူနေရာရှိသမျှတို့နှင့် မြေကြီးသား တိရစ္ဆာန်၊ မိုဃ်းကောင်းကင်ငှက်များတို့ကို ကိုယ်တော်လက်၌ အပ်ပေး၍၊ ကိုယ်တော်သည် အလုံးစုံတို့ကိုအုပ်စိုးရသောအခွင့်ရှိတော်မူ၏။ ကိုယ်တော်သည် ရုပ်တု၏ရွှေဦးခေါင်းဖြစ်တော်မူ၏။" ဒံယေလ ၂း ၃၇၊ ၃၈။ ဘုန်းတန်ခိုးအာဏာတော်တို့သည် ရွှေ့သွားကွယ်ပျောက်သွားခဲ့သော်လည်း၊ အစအဦး၌ လူသားတို့အားပေးသနားထားတော်မူခဲ့သည့် အုပ်စိုးရသောအာဏာမျိုးကို ဤကျမ်းတွင် တွေ့ရှိရပါသည်။ (ကမ္ဘာဦးကျမ်း ၁း၂၆)။ အာဖြဟံ၌ထားတော်မူခဲ့သည့် ကတိတော်နှင့်အညီ၊ ဘု ရားသခင်သည် ထိုအုပ်စိုးရသောအာဏာတွင် အာရုံစိုက်နေဆဲ ရှိပြီး၊ ထိုအာဏာကို ပြန်လည်ပေးအပ်နိုင်ရန်အတွက် သူ့အနေဖြင့် အလုပ်လုပ်နေလျက်ရှိကြောင်းကို ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိရပါသည်။

## ဗာဗုလုန်နိုင်ငံမှသည် ထာဝရနိုင်ငံတော်ကိုတည်ထောင်တော်မူခြင်းအထိ

လူသားတို့၏ခမ်းနားကြီးကျယ်မှုအကြောင်းနှင့်စပ်ဆိုင်သည့် ဖေါ်ပြချက်များတို့ကို ကျမ်းစာထဲတွင် အနည်းငယ်တင်ပြပြီးသည့်နောက်တွင်၊ ပရောဖက်သည် အဆုံးခန်းဖြစ်စဉ်များအကြောင်းကို အလျင်အမြန်ဖေါ်ပြပေးလိုက်ပါသည်။ ယေဇကျေလ ၂၁း၂၇ တွင် နောက်ထပ် မှောက်လှန်ခြင်း (သို့) တော်လှန်ခြင်းသုံးခုအကြောင်းကို ကြိုတင်အနာဂတ်ပြုဟောထားပါသည်။ လောကကမ္ဘာတစ်ခုလုံးအားအုပ်ချုပ်ရသောအခွင့်အာဏာကို နေဗုခဒ်နေဇာမင်းလက်ထဲတွင် လွှဲအပ်ပေးခဲ့ပြီးသည့်နောက်ပိုင်းတွင် ထိုတော်လှန်ရေး သုံးခုသည် လိုက်လာခဲ့သည်။ နေဗုခဒ်နေဇာမင်း၏နိုင်ငံတော်သည် ကမ္ဘာနှင့်အဝန်းကျယ်ပြန့်သည့်နိုင်ငံတော်တစ်ခုဖြစ်သည့်အားလျော်စွာ ကြိုတင်ဟောကြားထားတော်မူခဲ့သည့် တော်လှန်ရေးများတို့သည်လည်း ကမ္ဘာအင်ပါယာကိုအနိုင်ယူပြီး၊ ကမ္ဘာ့အင်ပါယာကိုထူထောင်နိုင်ခဲ့သည့် တော်လှန်ရေးများဖြစ်ရမည်ဖြစ်သည်။ ထို့ကြောင့် နေဗုခဒ်နေဇာမင်း၏ အိပ်မက်တော်ကို ဆက်လက်ရှင်းလင်းတင်ပြပေးရာတွင် ဒံယေလမိန့်ကြားခဲ့သည်ကား၊ "ကိုယ်တော်နောက်၌ ကိုယ်တော်၏နိုင်ငံလောက်မမြတ်သောနိုင်ငံတခုသည် တည်ထောင်လိမ့်မည်။ ထိုနောက်၊ မြေကြီးတပြင်လုံးကိုအုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံတည်ထောင်လိမ့်မည်။" ဒံယေလ ၂း၃၉။ ဗာဗုလုန်နိုင်ငံတော်ကို အနိုင်ရသွားခဲ့သည့် နိုင်ငံတော်အကြောင်းကို ဒံယေလအခန်းကြီး ၅ တွင် ပြသထားပါသည်။ ၎င်းမှာ မေဒိပေရသိနိုင်ငံတော်ပင်ဖြစ်ပါသည်။ ထိုမေဒိပေရဒိနိုင်ငံတော်ကို အနိုင်ရသွားခဲ့သည့် တတိယမြောက်ကမ္ဘာ့နိုင်ငံတော်မှာ၊ ဂရိနိုင်ငံတော်ပင်ဖြစ်ကြောင်းကို ဒံယေလ ၈း၁-၈၊ ၂၀၊ ၂၁ တွင် တွေ့ရှိရပါသည်။ ထို့ကြောင့် ခုနစ်ရာပေါင်းများစွာပါဝင်သော ကမ္ဘာ့ရာဇဝင်သမိုင်းကြောင်းကို ဤနေရာတွင် အကျဉ်းချုပ်အနေဖြင့် တွေ့မြင်လိုက်ရပြီးဖြစ်ပါသည်။ ယေဇကျေလ ၂၁း၂၇ တွင်တင်ပြထားသည့် မှောက်လှန်ခြင်းသုံးခုအနက် ပထမနှင့်ဒုတိယမြောက်သောမှောက်လှန်ခြင်းတို့ကို ရှင်းလင်းတင်ပြပေးထားပါသည်။ ဗာဗုလုန်အင်ပါယာနောက်တွင် မေဒိပေရသိအင်ပါယာ လိုက်လာခဲ့ပြီး၊ ထို့နောက်တွင် ဂရိအင်ပါယာက ဆက်လိုက်လာခဲ့ပါသည်။ ထို့နောက်တွင် ဆက်လက်ပြီးလိုက်လာခဲ့သည့် တတိယမြောက်သောကြီးမားသောတော်လှန်ရေးအပြီးတွင် တက်လာခဲ့သည့် နောက်ဆုံးကမ္ဘာ့နိုင်ငံတော်ကြီးကို တွေ့ရပါသည်။ ထိုနိုင်ငံ

တော်အကြောင်းကိုမူ အမည်နှင့်တကွ တိုက်ရိုက်တင်ပြထားပေးခြင်းမရှိပါချေ။ သို့ရာတွင်၊ ထိုနိုင်ငံတော်အကြောင်းကို ရှင်းလင်းစွာ ပြည့်စွန်ပေးထားပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် စာရင်းကောက်ခံဖို့ရန် အမိန့်ထုတ်ပြန်ခဲ့သည့် ကဲသာဘုရင်ဩဂုတ်စတပ်အုပ်ချုပ်သောအချိန်ကာလတွင် ယေရှုခရစ်တော် ဖွားမြင်လာခဲ့ပါသည်။ လုကာ ၂း၁။ ထို့ကြောင့် တတိယမြောက်သော ကြီးမားသည့်ကမ္ဘာတော်လှန်ရေးအပြီးတွင် တက်လာခဲ့သောနိုင်ငံတော်၏နာမည်မှာ ရောမပင်ဖြစ်ကြောင်း ဤအထောက်အထားက ကျွန်ုပ်တို့ကို ခိုင်ခိုင်လုံလုံ ထောက်ပြပေးထားပါသည်။ စင်စစ် ကျွန်ုပ်တို့အား ထိုအင်ပါယာအထိကိုသာ ဖေါ်ပြထားပေးပါသည်။ အကြောင်းမူကား သမိုင်းရာဇဝင်ထဲတွင် ထိုအင်ပါယာ၏နေရာတွင်တက်လာနိုင်ခဲ့သည့် နိုင်ငံတော်ဟူ၍ တစ်နိုင်ငံ မျှမရှိသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးသုံးခုအကြောင်းကို အနာဂတ်ပြုပြီးဟောကြားခဲ့သည့်အချိန်ကာလတွင် ဗာဗုလုန်နိုင်ငံတော်သည် ကမ္ဘာကိုအုပ်ချုပ်ထားခဲ့ပြီး၊ ထိုအနာဂတ်ပြု ဟောကြားချက်မှ ဗာဗုလုန်နိုင်ငံတော်၏နေရာတွင် တစ်ခုပြီးတစ်ခုပြန်တက်လာခဲ့သည့် အင်ပါယာသုံးခုအကြောင်းကို တင်ပြထားပါသည်။ တစ်ခုပြီးတစ်ခုပြန်တက်လာခဲ့သည့် အင်ပါယာသုံးခုအနက် မေဒိပေရသိနှင့် ဂရိအင်ပါယာတို့ကို နာမည်နှင့်တကွ ဖေါ်ပြထားပါသည်။ ထိုနောက်တွင် ကမ္ဘာကိုအုပ်စိုးသည့်အင်ပါယာဆိုသည့် နာမည်နှင့်ဖေါ်ပြထားသည့် ရောမအင်ပါယာကြီးတက်လာခဲ့ပါသည်။ တိကျခိုင်လုံသော ဤကျမ်းအထောက်အထားများ (တနည်းအားဖြင့်) တိကျသောဘာသာရေးမှတ်တမ်းကို ဖေါ်ပြပေးသည့် ဤကျမ်းအထောက်အထားများကို အပြင်သမိုင်းကြောင်းရာဇဝင်များထဲတွင် အမြောက်အမြား တွေ့ရှိနိုင်ပါသည်။ လောကကမ္ဘာကြီးတစ်ခုလုံးအား အုပ်ချုပ်ပိုင်ရသောအခွင့်ကို ရောမ၏လက်ထဲသို့ရောက်ရှိသွားစေခဲ့သည့် တော်လှန်ရေးသည်၊ “အစိုးပိုင်သောသူ မရောက်မှီတိုင်အောင်” ဤကမ္ဘာကြီးပေါ်တွင် ဆက်လက်ဖြစ်ပွါးနေမည့် နောက်ဆုံးသော ကမ္ဘာ့တော်လှန်ရေးပင်ဖြစ်ပေသည်။ မြောက်များစွာသောသူတို့သည် ကမ္ဘာကြီးတစ်ခုလုံးကိုအုပ်ချုပ်ဖို့ရန်အတွက် ရောမကျရှုံးခဲ့သည့်အချိန်ကတည်းက အိပ်မက်မက်ထားခဲ့ကြသည်။ သို့ရာတွင် သူတို့၏အိပ်မက်များ အချည်းနှီးသာ ဖြစ်လာခဲ့ပါသည်။ ခရစ်တော်သည် ဤလောကတွင် သက်တော်ထင်ရှားခဲ့သည်မှာ မှန်ပါပေသည်။ သို့ရာတွင် အာပြဟံနည်းတူပင် သူသည်လည်း မိမိဦးခေါင်းချစရာနေရာပင်မရှိခဲ့သည့် ဧည့်သည်အာဂန္တုတစ်ဦးသာဖြစ်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ “ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်” မြောက်စေရန်အလို့ငှါ သူကြွဆင်းလာတော်မူခဲ့ပြီး၊ မိမိ၏နှုတ်ကပတ်တရားတော်၌တည်သောသူရှိသမျှတို့သည် သမ္မာတရားကို သိရကြမည်ဖြစ်ပြီး၊ ထိုသမ္မာတရားအားဖြင့်လည်း လွတ်မြောက်ခွင့်ရှိလိမ့်မည်ဖြစ်ကြောင်းကို သူ့အနေဖြင့် ကြေညာသွားခဲ့ပါသည်။ ရာစုနှစ်များတို့သည် တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်လာခဲ့သည်နှင့်အမျှ လွတ်မြောက်ခြင်းသတင်းစကားသည်လည်း အရပ်ရပ်တို့တွင် ပြန့်နှံ့နေပြီးဖြစ်ပါသည်။ ဝန်လေးပင်ပန်းနေရသော အချုပ်အနှောင်ခံသူများတို့သည်လည်း မှောင်မိုက်တန်ခိုးမှ လွတ်မြောက်လာနေကြပြီးဖြစ်ပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကို သွန်းလောင်းပေးတော်မူမည့်အချိန်ကို ကျွန်ုပ်တို့မသိနိုင်ပါချေ။ သို့ရာတွင် သခင်ယေရှုခရစ်တော်၏အသင်းတော်တစ်ခုလုံးက ထိုသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝလာသည့်တစ်နေ့တစ်ချိန်တွင် လောကီနိုင်ငံအရပ်ရပ်တို့တွင် ဧဝံဂေလိတရားနှင့်စပ်ဆိုင်သောသတင်းစကားကိုအပြည့်အဝကြားနာကြရလိမ့်မည်ဖြစ်ပြီး၊ အဆုံးသည်လည်း ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ ထိုအခါတွင် ညည်းတွားလျက်ရှိနေသည့် ဖန်ဆင်းထားသောဤလောကကြီးသည် ပျက်စီးယိုယွင်းခြင်းအချုပ်အနှောင်ထဲမှ ကယ်နှုတ်ခြင်းကိုခံရလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင့်သားသမီးများတို့၏ လွတ်ခြင်းဆိုင်ရာဘုန်းအသရေတော်နှင့် ပြည့်ဝနေလိမ့်မည်ဖြစ်ပါသည်။

## ၄၄း ကုလသရေလလူတို့၌ထားတော်မူသောကတိတော်များ၊ အချုပ်အနှောင်ထဲသို့ တဖန် (အပိုင်း ၃)
## ယနေ့အတွက်သမ္မတရား၊ ဖေဖော်ဝါရီ ၂၅၊ ၁၈၉၇

မိမိတို့၏ လွတ်လပ်မှုအပေါ် ဂုဏ်ယူဝါကြွားနေကြသောအားဖြင့် သူတို့သည် ကျွန်ဘဝထဲတွင် ပျော်ပိုက်နေခဲ့ကြကာ၊ လွတ်လပ်ခြင်းထက် အချုပ်နှောင်ထဲတွင်ရှိနေရခြင်းကို ပိုမိုနှစ်သက်နေခဲ့ကြပါသည်။ ဤအကြောင်းအရာကို အချက်အလက်များနှင့်တကွ ပုံဖော်ပြထားပေးပါသည်။

### လွတ်လပ်မှုကိုငြင်းပယ်ခြင်း

စကြာဝဠာတစ်ခုလုံး၏အရှင်ဘုရားသခင်က လူမျိုးနွယ်အပေါင်းတို့အား လွတ်ခြင်းအခွင့်နှင့်ဆိုင်သောကြေညာချက်တစ်ခုကို ထုတ်ပြန်ထားပေးပါသည်။ လွတ်လပ်မှုကို လူသားတိုင်းအား သူပေးထားပါသည်။ သို့ရာတွင် လူတချို့ကသာ ထိုလွတ်လပ်မှု၏အကျိုးကို ခံယူကြလိမ့်မည်ဖြစ်သည်။ ရှေးကုလသရေလလူမျိုးတို့၏အတွေ့အကြုံသည် လူနှလုံးသား၏အတွေ့အကြုံသာဖြစ်ပါသည်။ အာဗြဟံ၏အမျိုးအနွယ်သည် လူလွတ်ဖြစ်ရမည် ဆိုသည့်အကြောင်းကို ဘုရားသခင်သည် အာဗြဟံအား နှစ်ကြိမ်တိုင်တိုင် ရှင်းလင်းပြသပေးတော်မူခဲ့ပါသည်။ ပထမတစ်ကြိမ်မှာသူ၏ကျွန်ဧလျာဇာသည် သူ၏အမွေခံမဖြစ်ရဟု မိန့်တော်မူခဲ့သည့်အချိန်တွင်ဖြစ်ပြီး၊ ဒုတိယတစ်ကြိမ်မှာ ကျွန်ဖြစ်သောမိန်းမ၏သားသည် အမွေခံမဖြစ်နိုင်ပါဟု မိန့်တော်မူလိုက်သည့်အချိန်တွင် ဖြစ်သည်။ နောက်ပိုင်းတွင်၊ လွတ်ခြင်းအခွင့်ကိုပေးသည့်စုံလင်သောပညတ်တော်ကို နာခံခြင်းအားဖြင့်ရရှိသည့် လွတ်လပ်ခြင်း၏အရသာကို ကုလသရေလလူမျိုးတို့အား မြည်းစမ်းခံစားစေနိုင်ဖို့ရန်အတွက် ဘုရားသခင်သည် သူတို့ကို အဲဂုတ္တုပြည်၏အချုပ်အနှောင်ထဲမှ ကယ်နှုတ်တော်မူခဲ့သည်။ သို့ရာတွင် ထိုသူတို့သည် ညည်းညူမြည်တမ်းနေခဲ့ကြပြီး၊ "ငါတို့ရှေ့မှာ သွားရသောဘုရားတို့ကို ငါတို့အဘို့လုပ်ပါဟု အဲဂုတ္တုပြည်သို့ ပြန်ချင်သောစိတ်နှင့် အာရုန်ကို ပြောဆိုကြ၏။" တမန်တော် ၇း၃၉၊ ၄၀။ နှစ်ပေါင်း ၄၀ ခန့်ကြာသောအခါတွင် အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို ဘုရားသခင်သည် သူတို့ထံမှ ပယ်ရှင်းပေးတော်မူခဲ့ပါသည်။ သို့ရာတွင် မိမိတို့အား ကျွန်လုပ်ခိုင်းမည့်ဘုရင်တစ်ပါးကို မိမိတို့၌ပိုင်ဆိုင်ခွင့်ရသောအားဖြင့် သူတို့သည် မိမိတို့ပတ်လည်တွင်ရှိသော တပါးအမျိုးသားများတို့နှင့် တူချင်ခဲ့ကြပါသည်။ ထို့ကြောင့် သူတို့သည် ကျွန်ဖြစ်လိုကြသည် ဆိုသည့်အကြောင်းကို ဤအခြင်းအရာက သက်သေပြနေပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တပါးအမျိုးသားများတို့၏ ကျင့်စဉ်ဓလေ့များကို လေ့လာလိုက်စားခဲ့ကြသည်သာမက၊ သူတို့ထက်ပင် "သာ၍ဆိုး" သွမ်းခဲ့ကြသောကြောင့်ဖြစ်သည်။ "ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရားသည်၊ မိမိလူမျိုးနှင့် မိမိနေတော်မူရာအရပ်ကိုသနားသောကြောင့်၊ စောစောထ၍ အထပ်ထပ်စေလွှတ်သောတမန်တို့အားဖြင့် မှာလိုက်တော်မူသော်လည်း၊ ဘုရားသခင်၏တမန်တို့ကို ပြက်ယယ်ပြု၍ အမိန့်တော်ကို နားမထောင်၊ ပရောဖက်တို့ကိုညှဉ်းဆဲသောကြောင့်၊ ထာဝရဘုရား၏အမျက်တော်မငြိမ်းနိုင်အောင်၊ မိမိလူမျိုးကို တွက်သဖြင့်၊" (၂ရာဇဝင်ချုပ် ၃၆း ၁၅၊ ၁၆) သူတို့အား ဗာဗုလုန်မြို့တဖက်သို့ ဆောင်သွားမည်ဆိုသည့် မိမိ၏ခြိမ်းခြောက်မှုအတိုင်း ဘုရားသခင်ပြုတော်မူခဲ့လေတော့သည်။ အာမုတ် ၅း၂၅-၂၇၊ တမန်တော် ၇း၄၃

### အပြစ်၏ကျေးကျွန်

ဗာဗုလုန်သို့ဖမ်းသွားခြင်းခံခဲ့ရသည့်အဖြစ်အပျက်မြင်ကွင်းသည် ကုလသရေလလူမျိုးများ အလိုလိုကျရောက်ထားနှင့်ပြီးသားအချုပ်အနှောင်ကို မျက်ဝါးထင်ထင်ဖော်ပြပေးသည့် ဖော်ပြမှုတစ်ခုသာဖြစ်ပါသည်။

"ကိုယ်တိုင်ပုပ်ပျက်ခြင်း၏ကျွန်ဖြစ်" နေလျက်ပင် သူတို့သည် မိမိကိုယ်ကို လူလွတ်များဖြစ်သည်ဟု မြောက်ပင့်ပြောဆိုနေခဲ့ကြပါသည်။ "အဘယ်သို့နည်းဟူမူကား၊ လူကိုနိုင်သောအရာသည် လူ၏သခင်ဖြစ်၏။" ၂ပေ ၂း၁၉။ "ဒုစရိုက်ကိုပြုသမျှသောသူတို့သည် ဒုစရိုက်ကျွန်ဖြစ်၏။" ယောဟန် ၈း၃၄။ ကိုယ်ကာယနှင့်ဆိုင်သောကျွန်ဘဝကို ဝိညာဉ်ရေးဆိုင်ရာကျွန်ဘဝနှင့်နှိုင်းယှဥ်လိုက်သောအခါတွင် ကိုယ်ကာယနှင့်ဆိုင်သောကျွန်ဘဝသည် အသေးအမွှားကိစ္စတစ်သာဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် နောက်ပိုင်းအချိန်တွင် ရေးဖြစ်ဘူးသောအရာတို့ကို ထိုသူတို့အနေဖြင့် မသိမြင်ကြတော့ပါချေ။ ဣသရေလလူတို့ကို ဗာဗုလုန်နိုင်ငံတော်သို့ ခေါ်ဆောင်သွားခဲ့သည့်ဖြစ်ရပ်သည် လုံးဝအံ့ဝင်ခွင်ကျဖြစ်သည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ သူတို့ကို အခြားသောနိုင်ငံများသို့ ခေါ်ဆောင်သွားတော်မမူပဲ ဗာဗုလုန်သို့သာ ခေါ်ဆောင်သွားတော်မူခဲ့ခြင်းသည် မတော်တဆအမှုတစ်ခုမဟုတ်ပါချေ။ ဗာဗုလုန် - ဗာဗေ ၏အနက်အဓိပ္ပါယ်ကား ရှုပ်ထွေးမှုပင် ဖြစ်သည်။ ထိုရှုပ်ထွေးမှုကား မိမိကိုယ်ကိုချီးမြောက်ပြီး စိတ်ကြီးဝင်နေခြင်းကြောင့်ဖြစ်ပေါ်လာသည့် ရှုပ်ထွေးမှုမျိုးဖြစ်သည်။ "အကြောင်းမူကား၊ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ မငြိမ်မဝပ်ရုန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမှုခြင်းအမျိုးမျိုးရှိတတ်၏။" ယာကုပ် ၃း၁၆။ ဗာဗုလုန်ဆိုသည့် နာမည်၏ မူလအစကို အောက်ဖော်ပြပါ အကြောင်းအရာတွင် တွေ့ရှိရပါသည်။

## ဗာဗုလုန်ရဲတိုက်ကို တည်ဆောက်ခဲ့သူများ

"မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း၊ စကားတမျိုးတည်းရှိကြသည်ဖြစ်၍၊ အရှေ့မျက်နှာမှခရီးသွားသဖြင့်၊ ရှိနာပြည်၌ မြေညီရာအရပ်ကိုတွေ့၍ နေရာချကြ၏။ သူတို့ကလည်း လာကြ၊ အုတ်လုပ်၍ ခိုင်မာစွာဖုတ်ကြကုန်အံ့ဟု၊ တယောက်ကိုတယောက်ပြောကြ၏။ ထိုသို့ ကျောက်အရာ၌ အုတ်ကိုင်၍၊ သရွတ်အရာ၌ ရေညှိတမျိုးကိုင်းရပြီးလျှင် လာကြ၊ မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကိုစိုးရိမ်၍၊ မြို့ကိုင်၍၊ မိုယ်းကောင်းကင်သို့မှီရသောရဲတိုက်ကိုင်း တည်လုပ်သဖြင့်၊ ကျော်စောကိတ္တိရှိစေခြင်းငှါ ပြုကြကုန်အံ့ဟု ပြောဆိုကြ၏။ ထိုသို့ လူသားတို့တည်လုပ်သော မြို့နှင့်ရဲတိုက်ကို ကြည့်ရှုခြင်းငှါ၊ ထာဝရဘုရားသည် ဆင်းသက်တော်မူ၏။ ထာဝရဘုရားက ကြည့်ရှုလော့၊ လူတမျိုးတည်း၊ စကားတမျိုးတည်းရှိသည်ဖြစ်၍၊ သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ လာကြ၊ ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ၊ သူတို့စကားကို ရှုပ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားသည် သူတို့ကိုမြေကြီးတပြင်လုံး၌အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ပဲနေကြ၏။ သို့ဖြစ်၍ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကို ရှုပ်ထွေး၍၊ သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသောကြောင့် ထိုမြို့သည် ဗာဗုလုန်မြို့ဟူ၍တွင်သတည်း။" ကမ္ဘာ ၁၁း ၁- ၉

## ထာဝရဘုရားကို အန်တုခြင်း

ဘုရားသခင်၏တရားစီရင်တော်မူခြင်းအမှုများတို့ကို အန်တုနိုင်လောက်သည့် ကြီးမားသည့်မြို့တစ်မြို့နှင့် မြင့်မားသောရဲတိုက်တစ်ခုကို တည်ဆောက်နိုင်ခဲ့လိမ့်မည်ဟု ထိုသူတို့ထင်မှတ်ထားခဲ့ကြသည်။ မိမိတို့ကိုယ်ကို ဘုရားသခင်ထက် သာ၍ကြီးမြတ်ကြသည်ဟု ထိုသူတို့ အမှန်တကယ်တွေးထင်ထားခဲ့ကြသည်။ ထိုသို့သောအလားတူ အတွေးအမျိုးသည် လူစီဖါတွင် ရှိနေခဲ့ပါသည်။ သူ့အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။ "အိုနံနက်သား၊ မိုယ်းသောက်ကြယ်၊ သင်သည် ကောင်းကင်ကကျလေပြီတကား။ အပြည်ပြည်တို့ကိုနှိပ်စက်သောသင်သည်၊ မြေတိုင်အောင်ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်း

ကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။" ဟေရှာယ ၁၄း၁၂-၁၄

လူစီဖါတွင်ရှိနေခဲ့သည့် စိတ်ဓါတ်နှင့် ဗာဗုလုန်ရဲတိုက်ကို တည်ဆောက်သောသူတို့၏ စိတ်ဓါတ်တို့မှာ တစ်ထပ်တည်းဖြစ်နေသည်ကို ထင်ရှားစွာ တွေ့မြင်ရပါလိမ့်မည်။ ဤသို့ဖြစ်ရသည့်အကြောင်းအရင်းကား၊ ထိုတည်ဆောက်ခြင်းအမှုကို လုပ်ဆောင်ဖို့ရန်အတွက် လှုံ့ဆော်ပေးခဲ့သောသူမှာ ကျရှုံးခဲ့သည့်လူစီဖါတည်းဟူသော စာတန်မာရ်နတ်ကိုယ်တိုင်ပင်ဖြစ်သောကြောင့်ဖြစ်သည်။ သူသည် "ဤလောကကို အစိုးရသောမင်း" ပင်ဖြစ်ပြီး (ယောဟန် ၁၄း၃၀)၊ "ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ်" ပင်ဖြစ်ပေသည်။ ဧဖက် ၂း၂။ အပေါ်တွင်ကောက်နှုတ်တင်ပြထားခဲ့သည့်ကျမ်းအခန်းကြီး (ဟေရှာယ ၁၄) ၏ အစပိုင်းဖော်ပြချက်များကို ယခု ပြန်ပြီးကြည့်ကြပါစို့။ ထို့နောက်တွင်ဟေရှာယအခန်းကြီး ၁၃ တွင်ဖော်ပြထားသည့် ဗာဗုလုန်အပေါ်ကျရောက်လာမည့် ပျက်စီးခြင်းအကြောင်းကို မှတ်သားပြီးမှ၊ ကျရှုံးခဲ့သောလူစီဖါနှင့်နှင့် ဗာဗုလုန်တို့၏ ဆက်စပ်နေပုံကို ကြည့်ရှုသွားကြပါစို့။

## ဤလောကကို အစိုးရသောမင်း

မာနကြီးသော ထိုမြို့သည် ရှင်းရှင်းဖျက်စီးခြင်း ခံရလိမ့်မည်ဖြစ်သည်၊ "အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ်အမျိုးကိုသနား၍ ဣသရေလအမျိုးကို တဖန်ရွေးကောက်သဖြင့်၊ သူတို့ကို နေရင်းပြည်၌နေရာချတော်မူလိမ့်မည်။ တကျွန်းတနိုင်ငံသားတို့သည် သူတို့နှင့်ပေါင်းဘော်၍ ယာကုပ်အမျိုး၌ ဆည်းကပ်ကြလိမ့်မည်။ တပါးအမျိုးသားတို့သည် သူတို့ကို နေရင်းအရပ်သို့ ပို့ဆောင်ကြလိမ့်မည်။ ဣသရေလအမျိုးသားတို့သည် တပါးအမျိုးသားတို့ကို ထာဝရဘုရား၏ပြည်တော်တွင်၊ ကျွန်နှင့် ကျွန်မအရာ၌ထား၍ စေစားကြလိမ့်မည်။ အထက်က သိမ်းသွားဘူးသောသူတို့ကို တဖန်သိမ်းယူခဲ့ကြလိမ့်မည်။ ညှဉ်းဆဲဘူးသော သူတို့ကိုလည်း အုပ်စိုးကြလိမ့်မည်။ ထိုအခါ ထာဝရဘုရားသည် သင့်ကို ငြိုငြင်ခြင်း၊ စိုးရိမ်ခြင်း၊ သူတပါးစေစား၍ဆင်းရဲစွာအစေကျွန်ခံရခြင်းထဲက နှုတ်၍၊ ချမ်းသာပေးတော်မူလျှင်၊ သင်သည် ဗာဗုလုန်ရှင်ဘုရင်ကို ရည်ဆောင်၍၊ ပုံစကားကို ဤသို့မြွက်ဆိုလိမ့်မည်။ အစိုးတရပြုသောသူသည် ဆုံးလေပြီတကား။ ရွှေမြို့တော်သည် ဆုံးလေပြီကား။ လူသတ္တဝါတို့ကို အမျက်ထွက်၍၊ အစဉ်မပြတ်ရိုက်ခြင်း၊ အတိုင်းတိုင်းအပြည်ပြည်တို့ကို မာနစိတ်နှင့် အုပ်စိုး၍၊ အစဉ်မပြတ် ညှဉ်းဆဲခြင်းကိုပြုသော အဓမ္မလူတို့၏တောင်ဝေးကိုင်း၊ ထိုသို့အစိုးရသောသူတို့၏ ရာဇလှံတံကိုင်း၊ ထာဝရဘုရား ချိုးတော်မူပြီ။ မြေတပြင်လုံးသည် ငြိမ်ဝပ်ချမ်းသာခြင်းရှိ၏။ ရွှင်လန်းစွာသီချင်းဆိုသံနှင့် ကြွေးကြော်ကြ၏။ ထင်းရှူးပင်နှင့် လေဗနုန်အာရဇ်ပင်တို့က၊ သင်တို့သည် လဲပြီးသည်နောက်၊ ငါတို့ကို ခုတ်လှဲသောသူသည် မတက်မလာရဟု သင့်ကိုရည်ဆောင်၍ ဝမ်းမြောက်ကြ၏။ သင်သည် ရောက်လာသောအခါ၊ အောက်အရပ် မရဏာနိုင်ငံသည် ကြိုဆိုအံ့သောငှါ လှုပ်လေ၏။ သချႋုင်းသားများနှင့် လောကီမင်းများအပေါင်းတို့ကို သင့်အတွက်ကြောင့် နှိုးဆော်လေ၏။ အတိုင်းတိုင်း အပြည်ပြည်သော ရှင်ဘုရင်အပေါင်းတို့ကို ရာဇပလ္လင်တို့မှထစေ၏။ ထိုသူအပေါင်းတို့က၊ သင်သည်လည်း ငါတို့ကဲ့သို့ အားနည်းပါသည်တကား။ ငါနှင့် တူပါသည်တကား။ သင်၏ဘုန်းအသရေနှင့် သင်၏တူရိယာမျိုး အသံဗလံတို့ကို မရဏာနိုင်ငံတွင် ရှုတ်ချလေပြီတကား။ သင့်အောက်၌ ပိုးကောင်များကို ခင်းလျက်၊ သင့်အပေါ်၌ တီကောင်များကို ခြုံလျက်ရှိပါသည်တကားဟု သင့်ကိုနှုတ်ဆက်၍ ပြောဆိုကြလိမ့်မည်။" ဟေရှာယ ၁၄း၁-၁၁။ ထို့နောက် ဘုရားသခင်၏တိုက်ရိုက်မိန့်ဆိုချက်စကားကို ဤသို့ ဖော်ပြထားလိုက်ပါသည်။ "အိုနံနက်သားမိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။" သူ၏ကျရှုံးမှုသည် သူ၏မိမိကိုယ်ကိုချီးမြှောက်ခြင်းအကြောင်းကြောင့်သာဖြစ်ကြောင်းကို ထိုကောက်နှုတ်ချက်တွင်တွေ့ရှိရပါသည်။ ထို့နောက်တွင် ဆက်လက်

မိန့်တော်မူခဲ့သည်ကား၊ “သို့သော်လည်း၊ သင်သည်မရဏာနိုင်ငံ၊ သင်္ချိုင်းတွင်းထဲသို့ နှိမ့်ချခြင်းကို ခံရလေပြီ။ သင့်ကိုမြင်သောသူတို့သည် စေ့စေ့ကြည့်ရှု၍ ဆင်ခြင်ပြီးလျှင်၊ မြေကြီးကိုတုန်လှုပ်စေ၍၊ တိုင်းနိုင်ငံများကို လှုပ်ချောက်သောသူကား ဤသူလော။ လောကီနိုင်ငံကို တောကဲ့သို့ဖြစ်စေ၍၊ မြို့များကိုဖျက်ဆီးသောသူ၊ အချုပ်ခံရသောသူတို့ကို မိမိနေရာသို့ တဖန်မလွှတ်သောသူကား ဤသူလော။ အပြည်ပြည်သောရှင်ဘုရင် အပေါင်းတို့သည် အသီးအသီး မိမိတို့စေတီ၌ ဘုန်းအသရေနှင့် အိပ်ကြ၏။ သင့်ကိုမူကား၊ ရွံရှာဘွယ်သော သစ်ခက်ကဲ့သို့ သင်္ချိုင်းထဲကထုတ်ပစ်ရ၏။ ကွပ်မျက်သောသူ၊ ထားဖြင့်ထိုးသောသူ၊ သင်္ချိုင်းတွင်း၌ ကျောက်စု ထဲသို့ ချသောသူများနှင့်ဖုံးအုပ်လျက်၊ ခြေဖြင့်ကျော်နင်းသောအသေကောင်ဖြစ်လေ၏။ သူတပါးတို့နှင့် ရောနှော၍ သင်္ဂြိုလ်ခြင်းကိုမခံရ။ အကြောင်းမူကား၊ မိမိပြည်ကို ဖျက်ဆီးပြီ။ မိမိအမျိုးသားချင်းတို့ကို သတ်လေပြီ။ အဓမ္မပြုသော သူတို့၏အနွယ်သည် ဂုဏ်အသရေအလျှင်းမရှိရဟု ပြောဆိုကြလိမ့်မည်။” အခန်းငယ် ၁၅-၂၀

## ဘုရားသခင်၏အကြံအစည်တော် – ညှင်းဆဲသောသူအား ဖျက်စီးပစ်ခြင်း

အဲ့အားသင့်ဖွယ်ရာကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ်သောဤသူအား တိုက်ရိုက် ပြောဆိုထားသည့်စကားပေါင်းများစွာကို တွေ့မြင်ရပါသည်။ ထိုစကားအပြီးတွင် ထိုသူ၏အကြောင်းနှင့် ပတ်သက်သည့် ရာဇဝင်အကြောင်းအရာသည် ဆက်တိုက်လိုက်ပါလာပါသည်။ “သူ၏သားမြေးတို့သည်မထ၊ မြေကြီးကိုမပိုင်၊ မြေတပြင်လုံးတွင် ရန်သူများကို မနှိုးဆော်နိုင်မည်အကြောင်း၊ သူတို့အဘို့ ဘိုးဘေးတို့၏ အပြစ်ကြောင့်ကွပ်မျက်ခြင်းကို ပြင်ကြလော့။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်သူတို့တဘက်၌ထ၍ ဗာဗုလုန်မြို့၏နာမနှင့် အကြွင်းအကျန်ကိုငင်း၊ သားမြေးတို့ကိုငင်း ပယ်ဖြတ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ငါသည် ထိုမြို့ကို ဖြူကောင်များနေရာ၊ ရေလွှမ်းမိုးရာအရပ်ဖြစ်စေမည်။ ဖျက်ဆီးခြင်း၏ တန်မြက်စည်းဖြင့်လှည်းမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ကျိန်ဆို၍ မိန့်တော်မူသည်ကား၊ ငါ၏မြေပေါ်မှာ အာရှုရိမင်း ကို ငါနှိပ်စက်မည်။ ငါ၏တောင်ရိုးပေါ်မှာ ခြေဖြင့် ကျော်နင်းမည်ဟု ငါကြံစည်သည်အတိုင်းဖြစ်၍၊ ငါစီရင်ချက် လည်း တည်ရလိမ့်မည်။ ထိုအခါ သူ၏ထမ်းဘိုးကို သူတပါးအပေါ်ကရွေ့၍၊ သူတို့ပခုံးပေါ်မှာ တင်သောဝန်ကို ချရသောအခွင့်ရှိလိမ့်မည်။” အခန်းငယ် ၂၁-၂၅။ ယခုအခါတွင် အကြောင်းအရာတစ်ခုလုံးကို အနှစ်ချုပ်ဖေါ်ပြ ထားသည့် ထိမိသောစကားလုံးများကို အောက်ပါအတိုင်းတွေ့ရှိရလေသည်။ “မြေတပြင်လုံးတွင် ထိုသို့ ကြံစည်တော်မူ၏။ ခပ်သိမ်းသောပြည်တို့အပေါ်မှာ ထိုသို့လက်တော်ကို ဆန့်လျက်ရှိ၏။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ အကြံတော်ကို အဘယ်သူဖျက်လိမ့်မည်နည်း။ ဆန့်တော်မူသောလက်တော်ကို အ ဘယ်သူလှန်လိမ့်မည်နည်း။” အခန်းငယ် ၂၆၊ ၂၇

## လောကီအာဏာစက်တို့၏ မာနထောင်လွှားခြင်း

ဣသရေလလူရှိသမျှတို့ကို အပြီးသတ်နောက်ဆုံး ကယ်နှုတ်သွားမည့်အချိန်နှင့် ဗာဗုလုန်ရှင် ဘုရင်အား အပြီးသတ်ဖျက်စီးပစ်လိုက်မည့်အချိန်တို့သည် တစ်ချိန်တည်းတွင် ဖြစ်မည်ဆိုသည့်အချက်နှင့်၊ ဤဗာဗုလုန်ရှင်ဘုရင်သည် ယခုထိရှိနေဆဲဖြစ်ပြီး လောကကမ္ဘာတစ်ခုလုံးကိုလည်း အုပ်ချုပ်နေလျက်ရှိကာ၊ သူ့အား ဖျက်စီးလိုက်သောအခါတွင် လောကကမ္ဘာကြီးတစ်ခုလုံးသည် ငြိမ်ဝပ်ခြင်းရှိမည် ဆိုသည့်အချက်တို့ ကို စာရှုသူအနေဖြင့် သတိပြုမိနေပါလိမ့်မည်။ ဤဗာဗုလုန်ရှင်ဘုရင်သည် ကမ္ဘာကြီးအားအုပ်ချုပ်ရသည့် တန်ခိုးအာဏာကို ဘုရားသခင်ထံမှလုယူဖို့ရန် ကြံစည်ခဲ့သည့် လူစီဖါကို ရည်ညွှန်းပြောဆိုနေခြင်းလည်း

ဖြစ်သည်။ ထို့ကြောင့် စာတန်မာရ်နတ်သည်ပင် ထိုဗာဗုလုန်နိုင်ငံ၏ ဘုရင်အစစ်အမှန်ဖြစ်ခဲ့လေသည်။ ဗာဗုလုန်နိုင်ငံသည် သာသနာပနိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ "သာသနာပလူတို့သည် ပူဇော်သောယဇ်ကို ဘုရားသခင်အား ပူဇော်ကြသည်မဟုတ်။ နတ်ဆိုးတို့အား ပူဇော်ကြ၏။" ၁ကော ၁၀း၂၀။ စာတန်သည် "ဤလောကကို အစိုးရသော ဘုရား (god)" ဖြစ်လေသည်။ စာတန်၏ မိမိကိုယ်ကိုချီးမြှောက်စားတတ်သည့်စိတ်ဓာတ်သည် မိမိ၏ကြီးမြတ်တော်မူခြင်းအကြောင်းကို မိမိ၏ နူးညံ့သိမ်မွေ့တော်မူခြင်းအားဖြင့်ဖော်ပြတော်မူခဲ့သော ဘုရားသခင်၏စိတ်ဓာတ်နှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ထိုသို့သောစိတ်ဓာတ်မျိုး (စာတန်စိတ်ဓာတ်) သည် "ဘုရားသခင်ဟူ၍၎င်း၊ ဘုရားဟူ၍၎င်း၊ ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍၊ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့်၊ ဘုရားသခင်၏ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍၊ ဘုရားသခင် ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူ" တည်းဟူသော အန္တိခရစ်၏ စိတ်ဓာတ်ပင်ဖြစ်ပေသည်။ (၂သက် ၂း၄) ဤစိတ်ဓာတ်မျိုးသည် ဗာဗုလုန်၏ ထင်ရှားသော ဝိသေသလက္ခဏာတစ်ခုဖြစ်သည်။ ဤသို့ဆိုရာတွင် နေဗုခဒ်နေဇာမင်းအနေဖြင့် ပြန်ပြီးသတိဝင်လာခဲ့သည့် နောက်ပိုင်းအချိန်ကာလတွင်တွေ့ရသော လက္ခဏာကို ပြောဆိုခြင်းမဟုတ်ပါ။ ထိုအချိန်မတိုင်မီတွင် စိတ်ထောင်လွှားခြင်းနှင့်တကွ နေဗုခဒ်နေဇာမင်းက၊ "ဤမြို့ကား၊ ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဘို့၊ ငါ့တန်ခိုးအာနုဘော်အားဖြင့် ငါတည်လုပ်သောဗာဗုလုန်မြို့ကြီး မဟုတ်လောဟုမြွက်ဆို၏။" ဒံယေလ ၄း၃၀။ ဗေလရှာဇာမင်းသည် သူ၏မယားများ၊ မောင်းမမိဿံများနှင့်အတူတကွ ဘုရားသခင်၏အိမ်တော်မှသိမ်းယူလာခဲ့သော ခွက်ဖလားများတို့ကိုယူ၍ ထိုခွက်ဖလားများတို့ဖြင့် စပျစ်ရည်သောက်၍၊ "ရွှေဘုရား၊ ငွေဘုရား၊ ကြေးဝါဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်းကြ၏။" (ဒံယေလ ၅း၃-၄)။ ထိုသို့သို့သောအားဖြင့် မိမိထုလုပ်ခဲ့သောဘုရားများတို့သည် ဣသရေလလူတို့၏ဘုရားသခင်ထက်သာ၍ကြီးမြတ်သည်ဟု သူ့အနေဖြင့် ဝါကြွားနေခဲ့လေ၏။ "သင်သည် ကိုယ်ပြုသောအဓမ္မအမှုကို ကိုးစားပြီ။ ငါ့ကိုအဘယ်သူမျှမမြင်ဟုဆိုပြီ။ သင့်ဉာဏ်နှင့် သင့်ပညာအတတ်သည်၊ သင်၏စိတ်ကိုမှောက်လှန်သည်ဖြစ်၍ သင်ကငါရှိ၏၊ ငါမှတပါး အဘယ်သူမျှမရှိဟုအောက်မေ့ပြီ။" ဟေရှာယ ၄၇း၁၀

## ဗာဗုလုန်မှလွတ်မြောက်ခြင်းဆိုသည်မှာ

ဂျူးလူမျိုးများတို့အထဲတွင် လွှမ်းဆော်နေခဲ့သည့် စိတ်ဓာတ်ကား ထိုစိတ်ဓာတ်မျိုးပင်ဖြစ်ပါသည်။ မိမိတို့ပတ်လည်တွင်ရှိသော တပါးအမျိုးသားများတို့နှင့် တူဖို့ရန်အတွက် မိမိတို့၌ ဘုရင်တစ်ပါးကိုခန့်ထားပေးပါရန် အတင်းအကြပ်တောင်းဆိုခဲ့ကြခြင်းဖြင့်၊ ဘုရားသခင်ကို ငြင်းပယ်ထားခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်းတွင် မိမိတို့ကိုယ်တိုင်က ပိုပြီးကောင်းမွန်အောင် စီမံခန့်ခွဲနိုင်မည်ဟု သူတို့အနေဖြင့် တွေးထင်ထားခဲ့ကြသောကြောင့်ဖြစ်သည်။ "အခြားတပါးသောလူမျိုး ကိုးကွယ်သောဘုရားသည် ဘုရားမဟုတ်သော်လည်း ပြောင်းလဲဘူးပြီလော။ ငါ၏လူမျိုးသည် ကျေးဇူးမပြုနိုင်သောအရာဘို့ မိမိတို့ဘုန်းကို ပြောင်းလဲကြပြီတကား။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အို မိုဃ်းကောင်းကင်တို့၊ ထိုအမှုကိုမိန်းမောတွေဝေ၍၊ ကြက်သီးမွေးညှင်းထသည်တိုင်အောင် ထိတ်လန့်လျက်နေကြလော့။ ငါ၏လူတို့သည် အသက်စမ်းရေတွင်းတည်းဟူသော ငါ့ကိုစွန့်ပစ်၍၊ ရေမလုံ၊ ပွဲ့ပျက်သောရေကျင်းတို့ကို တူးသောအားဖြင့် ဒုစရိုက်နှစ်ပါးကိုပြုကြပြီ။" ယေရမိ ၂း၁၁ -၁၃။ "ငါသည် ဣသရေလအမျိုး၌ တောကဲ့သို့၎င်း၊ မှောင်မိုက်နိုင်ငံကဲ့သို့၎င်းဖြစ်ဘူးသလော။ ငါ၏လူတို့က၊ ငါတို့သည် အရပ်ရပ်သို့လည်မည်။ ကိုယ်တော်ထံသို့ နောက်တဖန်မချဉ်းကပ်ဟု အဘယ်ကြောင့်ဆိုကြသနည်း။" အခန်းငယ် ၃၁။ ထို့ကြောင့် မာန်မာနကြီးခြင်းနှင့် ဝါကြွားခြင်းမြို့တော်တည်းဟူသော ဗာဗုလုန်သို့ ဣသရေလလူမျိုးတို့အား သိမ်းသွားခဲ့ခြင်းအမှုသည် အချိန်ကြာမြင့်စွာကတည်းက ဣသရေလလူမျိုးများ ရောက်ရှိထားနှင့်ခဲ့ကြသောအခြေအနေကို တိတိကျကျဖြင့် မျက်ဝါးထင်ထင်ဖော်ပြ

ပေးသည့် ဖော်ပြချက်တစ်ခုသာဖြစ်ပါသည်။ ယေရမိ ၇း၂၇ နှင် ၂ ရာဇဝင်ချုပ် ၃၆း၂၀၊ ၂၁ တွင် ဖတ်ရှုလာခဲ့ရသည့်အတိုင်းပင်၊ ဣသရေလလူမျိုးများတို့ ကို ဗာဗုလုန်မြို့သို့ ခေါ်ဆောင်သွားခဲ့ရသည့်အကြောင်းအရင်းကား သူတို့အနေဖြင့် ဥပုသ်နေ့ကို မစောင့်ထိန်းခဲ့ကြသောကြောင့်ဖြစ်သည်။ ဥပုသ်တော်နေ့ကို စောင့်ထိန်းခြင်းဆိုသည်မှာ ဘုရားသခင်၌ငြိမ်ဝပ်စွာနေတော်မူခြင်းပင်ဖြစ်ကြောင်း၊ ၎င်း၏အဓိပ္ပါယ်မှာ ဘုရားသခင်အား အုပ်စိုးခြင်းအခွင့်ကိုပိုင်ဆိုင်ထားတော်မူသော အကြီးမြတ်ဆုံးသော အုပ်ချုပ်သူအနေဖြင့် အပြည့်အဝလက်ခံအသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် လေ့လာခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် ဗာဗုလုန်မှ လုံးဝလွတ်မြောက်သွားခြင်းဆိုသည်မှာ၊ ဘုရားသခင်အား လုံးလုံးလျားလျားခိုလှုံကိုးစားဖို့ရန်အတွက်နှင့် သူ့အား နာခံမှုရှိဖို့ရန်အတွက်၊ ငါဆိုသည့် အချုပ်အနှောင်ထဲမှ လွတ်မြောက်သွားခြင်း ကိုဆိုလိုပါသည်။

## နှစ်ပေါင်းခုနစ်ဆယ်ကာလ ပြည့်စုံလာခဲ့ခြင်း

မိမိလူတို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်တော်မူမည့် တိကျသောအချိန်ကာလတစ်ခုကို ဘုရားသခင်ပေးတော်မူခဲ့သည်နည်းတူ၊ ဗာဗုလုန်မြို့တွင် ဣသရေလလူများ ကျွန်ခံနေကြရမည့် တိကျသောအချိန်ကာလတစ်ခုကိုလည်း ဘုရားသခင် ပေးတော်မူခဲ့ပါသည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန်မြို့၌အနှစ်ခုနစ်ဆယ်စေ့သောအခါ၊ သင်တို့ကို ငါအကြည့်အရှုကြွလာမည်။ ငါထားသောကတိကောင်းကိုတည်စေ၍၊ သင်တို့ကို ဤပြည်သို့ငါပို့ဆောင်ဦးမည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာကြံစည်သောအကြံမဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သောအကျိုးကိုရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သော အကြံတို့ကိုငါသိ၏။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း၊ သင်တို့အတွေ့ကိုခံမည်။ အထက်ကငါနှင်ထုတ်၍ သင်တို့ခံရသော သိမ်းသွားခြင်းအမှုကို ငါသည်ဖြေရှင်းခြင်းငှာ၊ တိုင်းနိုင်ငံအရပ်ရပ်တို့မှ သင်တို့ကိုငါစုသိမ်းပြီးလျှင်၊ အထက်က ငါနှင်ထုတ်၍သင်တို့ရှိုးသောပြည်သို့ တဖန်ငါဆောင်ခဲ့ဦးမည်ဟုသာ ထာဝရဘုရားမိန့်တော်မူ၏။" ယေရမိ ၂၉း၁၀-၁၄

ပထမအဖြစ်အပျက်တွင် ဖြစ်ခဲ့သည့်ပုံစံအတိုင်းပင်၊ ဒုတိယအဖြစ်အပျက်တွင်လည်း ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်မြတ်အတိုင်း ပြည့်စုံလာခဲ့ပါသည်။ ၆၀၆ ဘီစီတွင် ဣသရေလလူမျိုးများ သိမ်းသွားခြင်းခံခဲ့ရပြီး၊ နှစ်ပေါင်း ခြောက်ဆယ်ရှစ်နှစ်အကြာ ၅၃၈ ဘီစီတွင် ဗာဗုလုန်နိုင်ငံတော်သည် မေဒိပေရသိနိုင်ငံတော်၏လက်ထဲသို့ ကျရောက်သွားခဲ့ပါသည်။ ဒံယေလ ၅ ကိုကြည့်ပါ။ ထိုအချိန်ကာလအကြောင်းကို ဖော်ပြထားလေသည်ကား၊ "ယေရုရှလင်မြို့ပျက်စီး၍ အနှစ်ခုနစ်ဆယ် လွန်စေမည်ဟု၊ ထာဝရဘုရား၏ဗျာဒိတ်တော်ကို ပရောဖက်ယေရမိ ခံဘူးသည်ဖြစ်၍၊ ခါလာဒဲနိုင်ငံကို အစိုးရသော မေဒိအမျိုး၊ အာရွှေရုသားဒါရိနန်းစံပဌမနှစ်တွင်၊ ငါ ဒံယေလသည် ထိုနှစ်ပေါင်းအရေအတွက်ကို ကျမ်းစာအားဖြင့်သိရသောကြောင့် အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကိုဝတ်လျက်၊ ပြာနှင့်လူးလျက်၊ အရှင်ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ ဆုတောင်းပဌနာပြု၏။" ဒံယေလ ၉း၁-၃။ ဤနေရာတွင် ဘုရားသခင်အား မိမိ၏စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာဖွေခဲ့သောသူတစ်ဦးရှိခဲ့ပါသည်။ ဒံယေလရှာဖွေခဲ့သည့်ပုံစံမျိုးဖြင့် ဘုရားသခင်ကို ရှာဖွေခဲ့ကြသည့် အခြားသောပုဂ္ဂိုလ်များ ထိုအချိန်အခါတွင် ရှိသည် မရှိသည်ကိုတော့ ကျွန်ုပ်တို့အနေဖြင့် မသိရပါချေ။ သေချာသည်မှာ ထိုသို့ရှာဖွေသူ အများအပြားရှိခဲ့မည်မဟုတ်ပါချေ။ သို့ရာတွင် ဘုရားသခင်သည် ကျမ်းစာလာသည်အတိုင်း မိမိလုပ်ဆောင်ရမည့်အပိုင်းကို ပြီးပြည့်စုံအောင် လုပ်ဆောင်တော်မူခဲ့ပါသည်။ ဒံယေလ ဆုတောင်းပြီးနောက် နှစ်နှစ်ခန့်အကြာ ၅၃၆ ဘီစီတွင်၊ ဣသရေလလူများ ဗာဗုလုန်မြို့တွင် သိမ်းဆည်းသွားခြင်းခံခဲ့ရသည့်အချိန်ကာလ နှစ်ပေါင်းခုနစ်ဆယ်ပြည့်သွားသောအခါတွင်၊ ပေရသိရှင်ဘုရင်

ကုရုမင်းသည် ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်ကို ဤသို့မှတ်တမ်းတင်ထားပါသည်။ "ယေရမိဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်ကို ပြည့်စုံစေခြင်းငှါ၊ ပေရသိရှင်ဘုရင်ကုရုနန်းစံ ပဌမနှစ်တွင်၊ ထာဝရဘုရား နှိုးဆော်တော်မူသောအားဖြင့်၊ ထိုရှင်ဘုရင်သည် အမိန့်တော်စာကို ထုတ်ပြီးလျှင်၊ ပေရသိနိုင်ငံအရပ်ရပ်တို့၌ ကြော်ငြာစေ၍၊ ပေရသိရှင်ဘုရင် ကုရုမင်းမိန့်တော်မူသည်ကား၊ ကောင်းကင်ဘုံ ၏ အရှင်ဘုရားသခင်ထာဝရဘုရားသည်၊ မြေကြီးပေါ်မှာ တိုင်းနိုင်ငံရှိသမျှတို့ကို ငါ့အားပေးတော်မူသည်ဖြစ်၍၊ ယုဒပြည်ယေရုရှလင်မြို့၌ အိမ်တော်ကို ငါတည်ဆောက်ရမည်အကြောင်း မှာထားတော်မူပြီ။ သင်တို့တွင် အဘယ်သူသည် ဘုရားသခင်၏ လူဖြစ်သနည်း။ ထိုသူနှင့်အတူ ဘုရားသခင်ရှိတော်မူပါစေသော။ ယုဒပြည်ယေရုရှလင်မြို့သို့သွား၍ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်စေ။ ယေရုရှလင်မြို့၌ရှိတော်မူသော ဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်၏လူ တည်းခိုရာအရပ်ရပ်၌ နေသောသူတို့သည်၊ ယေရုရှလင်မြို့မှာရှိတော်မူသော ဘုရားသခင်၏အိမ်တော်အဘို့ အလိုလိုလှူသော အလှူမှတပါး၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ တိရစ္ဆာန်နှင့်မစစေဟု မိန့်တော်မူ၏။" ဧဇရတ်မှတ်စာ ၁း၁-၄။ ဤကြေငြာချက်ကို ထုတ်ပြန်ပေးခဲ့ပြီးသည်နောက်တွင် ယေရုရှလင်မြို့သို့ ပြန်လာခဲ့ကြသည့်သူများတို့၏ အရေအတွက်ကား၊ "လေးသောင်းနှစ်ထောင် သုံးရာခြောက်ဆယ်တည်း။ ထိုမှတပါး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမပေါင်း ခုနစ်ထောင်သုံးရာသုံးဆယ်ခုနစ်ယောက်၊ သီချင်းသည် ယောကျ်ား မိန်းမပေါင်းနှစ်ရာ၊" "ထိုသို့ ယဇ်ပုရောဟိတ်၊ လေဝိသား၊ သာမည့လူအချို့ သီချင်းသည်၊ တံခါးစောင့်၊ ဘုရားကျွန်တို့သည် မိမိတို့နေရာမြို့ရွာတို့၌ဝင်း၊ ဣသရေလပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့နေရာမြို့ရွာတို့၌ဝင်းနေရာကျကြ၏။" ဧဇရတ်မှတ်စာ ၂း ၆၄၊ ၆၅၊ ၇၀။

## ထိုသင်ခန်းစာကို မသင်ယူမိကြသေးပါ။

ယေရုရှလင်မြို့သို့ ပြန်သွားရသောအခွင့်ကို ဣသရေလလူမျိုးများအားလုံးရရှိခဲ့ကြသော်လည်း၊ သူတို့အားလုံးတို့သည် ပြည်တော်သို့ ပြန်မသွားခဲ့ကြပါချေ။ ဖမ်းဆီးချုပ်နှောင်ခြင်းအမှုအားဖြင့် သင်ပြပေးသွားခဲ့သည့် သင်ခန်းစာကို ဣသရေလလူမျိုးအားလုံး သင်ယူမိခဲ့ကြမည်ဆိုလျှင်၊ အချိန်ကြာမြင့်စွာ ရွှေဆိုင်းထားခဲ့ရသော ကတိတော်ပြည့်စုံခြင်းအချိန်ကာလသည် အလျင်အမြန်ရောက်ရှိလာခဲ့လိမ့်မည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖမ်းသွားခြင်းကိုခံခဲ့ရသည့်အချိန်အစပိုင်းအထိဆိုလျှင် တိကျသည့် အနာဂတ္တိဆိုင်ရာအချိန်ဇယားဟူ၍ တစ်ခုတည်းသာရှိခဲ့နေသောကြောင့်ဖြစ်သည်။ ၎င်းမှာ နှစ်ပေါင်းခုနှစ်ဆယ်အချိန်ကာလပင်ဖြစ်ပါသည်။ သို့ရာတွင် နေဗုခဒ်နေဇာမင်း လာရောက်သိမ်းပိုက်ခေါ်ဆောင်သွားခြင်းမပြုမှီအချိန်တွင် ဣသရေလလူတို့သည် ဗာဗုလုန်နိုင်ငံ၏အချုပ်အနှောင်ထဲတွင် ရောက်ရှိထားနှင့်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုအချုပ်အနှောင်ကား မာနထောင်လွှားခြင်းနှင့် မိမိကိုယ်ကိုယုံကြည်အားကိုးခြင်း အချုပ်အနှောင်ပင်ဖြစ်သည်။ ဣသရေလလူတို့သည် နှစ်ပေါင်းခုနှစ်ဆယ်အချိန်ကာလ ပြည့်စုံသွားခဲ့သည့် နောက်ပိုင်းအချိန်တွင်လည်း ထိုအချုပ်အနှောင်ထဲတွင် ကျန်ရစ်နေခဲ့ကြဆဲပင်ဖြစ်သည်။ ထိုသို့ဖြစ်လာခဲ့မည်ကို ဘုရားသခင်သည် ကြိုတင်မြင်တွေ့ထားတော်မူခဲ့သောကြောင့် ထိုနှစ်ပေါင်းခုနှစ်ဆယ်ကာလ ကုန်ဆုံးလုနီးပါးအချိန်တွင် ဘုရားသခင်သည် ဒံယေလအား ရူပါရုံတစ်ခုကို ပေးတော်မူခဲ့ခြင်းဖြစ်သည်။ ထိုရူပါရုံထဲတွင် နောက်ထပ်အချိန်ကာလတစ်ခုအကြောင်းကို ထည့်သွင်းဖော်ပြထားခဲ့ပါသည်။ ထိုအနာဂတ္တိဆိုင်ရာအချိန်ကာလကြီးအကြောင်းနှင့် ထိုအချိန်ကာလတွင် ဖြစ်ပျက်သည့်အဖြစ်အပျက်များအကြောင်း ဗာဗုလုန်မြို့မှ ထွက်ခွါလာရန်ခေါ်နေတော်မူသည့် နောက်ဆုံးခေါ်ထုတ်တော်မူခြင်းအကြောင်းကို နောက်လာမည့်သင်ခန်းစာတွင် လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

## ၄၅။ ဣသရေလလူတို့၌ထားတော်မူသောကတိတော်များ – ကတိတော်အချိန်သည် ရောက်လုပြီး
## ယနေ့အတွက်သမ္မာတရား၊ မတ်လ ၁၁၊ ၁၈၄၇

ယခုဖေါ်ပြမည့်အကြောင်းအရာကို ယခင်သင်ခန်းစာတွင်လေ့လာခဲ့ရသည့် ဗာဗုလုန်သို့ဖမ်းဆီး ခေါ်ဆောင်သွားခြင်းအကြောင်းအရာ၏အဆုံးပိုင်းလေ့လာမှုတွင်တွေ့ရှိခဲ့ရပါသည်။ ဘုရားသင်အပေါ်ယုံကြည် ကိုးစားခြင်းနှင့်စပ်ဆိုင်သည့် သင်ခန်းစာတစ်ခုကို ဣသရေလလူမျိုးများသင်ယူကြပြီး၊ မာန်မာနထောင်လွှား ခြင်းအချုပ်အနှောင်နှင့် မိမိကိုယ်ကိုကိုးစားခြင်းအချုပ်အနှောင်ထဲ၌ ဆက်လက်ရှင်သန်နေခြင်းအမှုကို ရပ်တန့်ခဲ့ကြမည်ဆိုလျှင်၊ ဗာဗုလုန်မြို့၏ဖမ်းဆီးချုပ်နှောင်မှုအောက်တွင်ရှိနေခဲ့ရသည့် နှစ်ပေါင်းခုနစ်ဆယ် အချိန်ကာလအဆုံးတွင်၊ အချိန်ကြာမြင့်စွာရွေ့ဆိုင်းထားခဲ့ရသော ထာဝရအမွေတော်နှင့်စပ်ဆိုင်သည့် ကတိ တော်၏ပြည့်စုံခြင်းအချိန်ကာလသည် အရှိန်အဟုန်ဖြင့် ရောက်ရှိလာခဲ့လိမ့်မည်ဖြစ်ပါသည်။ အကြောင်းမှာ၊ ဗာဗုလုန်သို့ သိမ်းသွားခြင်းခံခဲ့ကြရသည့်အချိန်အစပိုင်းအထိဆိုလျှင် တိကျသည့် အနာဂတ္တိဆိုင်ရာအချိန်ဇ ယားဟူ၍ တစ်ခုတည်းသာရှိနေခဲ့သောကြောင့်ဖြစ်ပါသည်။ ၎င်းမှာ နှစ်ပေါင်းခုနစ်ဆယ်အချိန်ကာလပင်ဖြစ် ပါသည်။ သို့ရာတွင် ထိုနှစ်ပြည့်သွားသော်လည်း ဣသရေလလူများတို့အနေဖြင့် သင်ယူမိကြလိမ့်မည်မဟုတ် ကြောင်းကို ထိုနှစ်ပေါင်းခုနစ်ဆယ်အချိန်ကာလမကုန်ဆုံးမှီတွင် ဘုရားသခင် ကြိုတင်တွေ့မြင်ထားခဲ့ပါသည်။ ထို့ကြောင့် ထိုနှစ်ပေါင်းခုနစ်ဆယ်အချိန်ကာလ ကုန်ဆုံးခါနီးအချိန်တွင် ပုရောဖက်ဒံယေလအား ရူပါရုံတစ်ခု ကို ပေးတော်မူခဲ့ခြင်းဖြစ်သည်။ ထိုရူပါရုံထဲတွင် သာ၍ရှည်လျားသည့် အခြားသောအချိန်ကာလတစ်ခုအ ကြောင်းကို ဖေါ်ပြပေးထားပါသည်။ ထိုရူပါရုံကို အကျဥ်းချုပ်အနေဖြင့် ဤသို့ဖေါ်ပြထားပါသည်။

### ဒံယေလ ၈ တွင်တွေ့ရသောရူပါရုံ

ရူပါရုံထဲတွင် ထူးခြားသောသိုးသငယ်တစ်ကောင်ကို ဒံယေလမြင်ခဲ့ပါသည်။ ထိုသိုး၏ချိုတစ် ချောင်းသည် ကျန်ချိုတစ်ချောင်းထက်သာ၍ရှည်နေပါသည်။ သာ၍ရှည်သောချိုသည် နောက်မှပေါက်သော ချိုဖြစ်သည်။ “ထိုသိုးသည် အနောက်၊ တောင်၊ မြောက်၊ သုံးမျက်နှာသို့ တိုးခွေသောကြောင့် အဘယ်တိရိစ္ဆာန် မျှမခံနိုင်၊ အဘယ်သူမျှ သူ့လက်မှ မကယ်မလွှတ်နိုင်သည်ဖြစ်၍ မိမိအလိုရှိသည့်အတိုင်းပြုသဖြင့် ကြီးမား ခြင်းသို့ရောက်” ကြောင်းကို ဒံယေလမြင်တွေ့ခဲ့ရပါသည်။ ဒံယေလ ၈း၃၊ ၄။

အနောက်အရပ်မှ အရှိန်အဟုန်နှင့်ပြေးထွက်လာသော နောက်ဆိတ်တစ်ကောင်ကို သူတွေ့မြင်ခဲ့ ရပါသည်။ ထိုဆိတ်၏မျက်စိနှစ်လုံးကြားတွင် ထင်ရှားသော ချိုတစ်ချောင်းပါရှိပါသည်။ “ ချိုနှစ်ချောင်းနှင့် မြစ် တဘက်၌ ထင်ရှားသောသိုးရှိရာသို့ ပြင်းစွာသောအဟုန်နှင့်ပြေး၍ အနားသို့ရောက်သောအခါ၊ ပြင်းစွာအ မျက်ထွက်သဖြင့် သိုးကိုခတ်၍ သိုးချိုနှစ်ချောင်းကိုချိုးဖဲ့၏။ သိုးသည်ခံနိုင်သောတန်ခိုးမရှိသည်ဖြစ်၍ ဆိတ်သည် သူ့ကိုမြေ၌လှဲ၍နင်းလေ၏။ သူ့လက်မှ အဘယ်သူမျှသိုးကိုမကယ်မလွှတ်နိုင်။ သို့ဖြစ်၍၊ ထို ဆိတ်သည် အလွန်ကြီးမားခြင်းသို့ရောက်လေ၏။ ခွန်အားကြီးသောအခါ ချိုကြီးကျိုးပဲ့၏။ ထိုချိုအရာ၌ ထူး ဆန်းသောချိုလေးချောင်းပေါက်၍၊ မိုဃ်းကောင်းကင်လေးမျက်နှာသို့ မျက်နှာပြုကြ၏။ ထိုချိုလေးချောင်းတွင် တချောင်းထဲက အခြားသောချိုတက်တချောင်းပေါက်ပြန်၍ တောင်မျက်နှာသို့၎င်း၊ အရှေ့မျက်နှာသို့၎င်း၊ သာ ယာသောပြည်သို့၎င်း မျက်နှာပြု၍၊ အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။ ကောင်းကင်ဗိုလ်ခြေတိုင်အောင် ကြီးမား၍၊ ထိုဗိုလ်ခြေအချို့တို့နှင့်ကြယ်အချို့တို့ကို မြေသို့ချ၍နင်းလေ၏။ ထိုမျှမက၊ ဗိုလ်ခြေသခင်တိုင် အောင် ထောင်လွှားခြင်းကို ပြုလျက်…စသည်အားဖြင့်…” ဒံယေလ ၈း၆-၁၁။

အံ့သြဖွယ်ရာကောင်းသော ဤချိုငယ်လေးအကြောင်းကို အသေးစိတ်ထပ်မံတင်ပြပြီးသွားခဲ့သည်နောက်တွင်၊ ပရောဖက်သည် ထိုရူပါရုံ၏ဖြစ်စဉ်ကို အနှစ်ချုပ်တင်ပြပေးခဲ့လိုက်ပါသည်။

"ထိုအခါ သန့်ရှင်းသူတပါး၏စကားပြောသံကို ငါကြား၏။ သန့်ရှင်းသူတပါးက၊ ယခင်ပြောသောသူကို ဟစ်၍၊ သန့်ရှင်းရာဌာနနှင့် ဗိုလ်ခြေကိုနင်းခြင်းအလိုငှာ နေ့ရက်အစဉ်ပြုသောဝတ်ကို ပယ်ခြင်းနှင့်၎င်း၊ ဖျက်ဆီးတတ်သော လွန်ကျူးခြင်းနှင့်၎င်း စပ်ဆိုင်သောဗျာဒိတ်ရူပါရုံသည်အဘယ်မျှကာလပတ်လုံး တည်လိမ့်မည်နည်းဟုမေးမြန်းလျှင်၊ ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို တဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်ဟုပြန်၍ ပြောဆို၏။" အခန်းငယ် ၁၃၊ ၁၄

## ကောင်းကင်တမန်က အနက်အဓိပ္ပါယ်ကိုဖွင့်ပြပေးလိုက်ခြင်း

အနာဂတ္တိစကား၏အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့အနေဖြင့် ကြည့်မသွားတော့ပဲ၊ ကတိတော်နှင့်စပ်ဆိုင်သောသမိုင်းရာဇဝင်ကို ခြေရာခံဖွေရှာနိုင်ကြဖို့ရန်အတွက် အရှင်းလင်းဆုံးသောအဓိက ဖော်ပြချက်များကိုသာ ကျွန်ုပ်တို့ကြည့်သွားကြပါမည်။ ရူပါရုံ၏အဓိပ္ပါယ်ကိုရှင်းပြပေးဖို့ရန်အတွက် ကောင်းကင်တမန်တစ်ပါးသည် ဒံယေလရှိရာသို့ စေလွှတ်ခြင်းခံခဲ့ရပါသည်။ ထိုကောင်းကင်တမန်က အောက်ပါအတိုင်း အစပြုပြီးရှင်းပြခဲ့ပါသည်။

"ချိုနှစ်ချောင်းနှင့် ပေါ်လာသော သိုးသည် မေဒိရှင်ဘုရင်၊ ပေရသိရှင်ဘုရင်ဖြစ်၏။ အမွေးကြမ်းသောဆိတ်သည် ဟေလသရှင်ဘုရင်ဖြစ်၏။ မျက်စိနှစ်လုံးကြား၌ရှိသောချိုကြီးသည် ပဌမမင်းဖြစ်၏။ ထိုချိုကျိုးပဲ့၍၊ သူ့အရာ၌ ချိုလေးချောင်းပေါက်သည်မှာ အရင်နိုင်ငံတွင် နိုင်ငံလေးပါးထည်ထောင်လိမ့်မည်။ အရင်နိုင်ငံ၏ တန်ခိုးနှင့်မပြည့်စုံကြ။ ထိုနိုင်ငံတို့၏ အဆုံးစွန်သောကာလ၌ လွန်ကျူးသောသူတို့၏အပြစ်ပြည့်စုံသောအခါ၊ ရဲရင့်သောမျက်နှာရှိ၍ ပရိယာယ်တို့ကိုနားလည်သော မင်းကြီးတပါးပေါ်လာလိမ့်မည်။ ထိုမင်းကြီးသည် ကိုယ်တန်ခိုးမရှိဘဲလျက် တန်ခိုးကြီးလိမ့်မည်။ အထူးသဖြင့် ဖျက်ဆီး၍ တိုးပွားအောင်မြင်လိမ့်မည်။ စွမ်းအားကြီးသော လူစု၊ သန့်ရှင်းသောလူစုကိုပင် ဖျက်ဆီးလိမ့်မည်။ သူသည်လိမ္မာစွာပြုသဖြင့်၊ မုသာလည်း အောင်မြင်လိမ့်မည်။ စိတ်ထောင်လွှားခြင်းနှင့်တကွ မိဿဟာယဖွဲ့သောအားဖြင့် လူများတို့ကိုဖျက်ဆီး၍၊ သခင်တို့၏သခင်ကို ဆန့်ကျင်ဘက်ပြုလိမ့်မည်။ သို့သော်လည်း၊ လူလက်ဖြင့်ဒဏ်မခတ်ဘဲ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ ညဦးနှင့် နံနက်ကို ဘော်ပြသောဗျာဒိတ်ရူပါရုံစကားမှန်သည်။" ဒံယေလ ၈း၂၀-၂၆

ဗာဗုလုန်နိုင်ငံ၏နောက်တွင် တက်လာမည့် ကမ္ဘာ့နိုင်ငံကြီးနှစ်ခုတို့ကို အမည်နှင့်တကွဖော်ပြပေးထားပြီး၊ ကျန်တစ်ခု၏နာမည်ကို ကျွန်ုပ်တို့အနေဖြင့် အသင့်ဖော်ထုတ်နိုင်ဖို့ရန်အတွက် ထိုနိုင်ငံတော်၏ အကြောင်းကို အလွန်ရှင်းလင်းစွာ တင်ပြပေးထားပါသည်။ တတိယမြောက်သောတော်လှန်မှုအပြီးတွင် ကမ္ဘာကြီးကိုအုပ်ချုပ်ခွင့်ရလာခဲ့သည့် အာဏာကား ရောမပင်ဖြစ်ပါသည်။ အရှင်တကာတို့၏အရှင်ကို ရန်ဘက်ပြုခြင်းအလို့ငှါ ထလာခဲ့သည့်လုပ်ရပ်တည်းဟူသော ထိုနိုင်ငံတော်၏လုပ်ရပ်ကို ရှင်းလင်းဖော်ပြပေးထားခြင်းအားဖြင့် ထိုနိုင်ငံအကြောင်းကို ယေဇကျေလက ပြောဆိုတင်ပြထားခဲ့သည်။ ဂရိရှင်ဘုရင် အလက်ဇန္ဒားမင်းကွယ်လွန်သွားသည့်နောက်တွင် သူ၏နိုင်ငံတော်သည် လေးပိုင်း (လေးနိုင်ငံအဖြစ်သို့) ကွဲသွားပါသည်။ ကွဲသွားခဲ့သည့်နိုင်ငံလေးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည့် မက်စီဒိုးနီးယားကို တိုက်ခိုက်သိမ်းယူနိုင်ခဲ့ခြင်းအားဖြင့် ရောမသည် ကမ္ဘာကိုအုပ်ချုပ်နိုင်သည့်အာဏာကို ရရှိသွားခဲ့ပါသည်။ ဘီစီ ၆၈ တွင် ထိုနိုင်ငံကို တိုက်ခိုက်သိမ်းယူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ထိုချိုလေးချောင်းတွင် တချောင်းထဲကအခြားသောချိုတက်တချောင်းပေါက်ပြန်လိမ့်မည်ဟူ၍ ပြောဆိုတင်ပြထားခြင်းဖြစ်သည်။

## ရှည်လျားသော အနာဂတ္တိဆိုင်ရာအချိန်ကာလတစ်ခု

သို့ရာတွင် ဤရူပါရုံနှင့်ဆက်စပ်နေသည့် အချိန်ကာလတစ်ခုရှိနေခဲ့ပါသည်။ ထိုအချိန်ကာလအကြောင်းကို ကောင်းကင်တမန်အနေဖြင့် မရှင်းပြပေးခဲ့ပါချေ။ ၎င်းမှာ ရက်ပေါင်းနှစ်ထောင့်သုံးရာ (သို့) မူရင်းကျမ်း၏စာသားအတိအကျအရ ညဦးနှစ်ထောင့်သုံးရာနှင့် နံနက်နှစ်ထောင့်သုံးရာ ပင်ဖြစ်ပါသည်။ ဤနေ့ရက်တို့သည် ဖေါ်ပြထားသည့်မူရင်းနေ့ရက်အတိုင်းသာမဟုတ်ကြောင်းကို ယခုဖေါ်ပြပေးမည့်အချက်မှ သိရှိနိုင်မည်ဖြစ်သည်။ ဤအနာဂတ္တိပြုချက်သည် ပုံဆောင်မှုများစွာပါဝင်သော အနာဂတ္တိပြုချက်တစ်ခုဖြစ်သည်။ နှစ်ပေါင်းရာချီသည့်အချိန်ကာလများအတွင်းတွင် တည်ရှိခဲ့သည့် နိုင်ငံတော်များကို ပုံဆောင်ဖို့ရန်အတွက် ထိုအနာဂတ္တိပြုချက်ထဲတွင် သက်တမ်းတိုသည့်တိရိစ္ဆာန်များကို ထည့်သွင်းအသုံးပြုထားပါသည်။ ပုံဆောင်မှုများနှင့်ပြီးသောအနာဂတ္တိပြုချက်၏နည်းစနစ်အတိုင်း နေ့ရက်များတို့ကို ပုံဆောင်ထားသောနေ့ရက်များအနေဖြင့်အသုံးပြုခြင်းသည် အသင့်တော်ဆုံးဖြစ်ပါပေသည်။ သည့်အပြင်မက၊ ထိုနေ့ရက်များတို့ကို သာ၍ရှည်လျားသောအချိန်ကာလတစ်ခုကိုပုံဆောင်သည့်နေ့ရက်များအဖြစ် အနက်ဖွင့်ဆိုရမည်ဆိုသည့် အထောက်အထားကိုလည်းတွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် <u>ခြောက်နှစ်ကျော်သာသာလေးသာရှိသည့် ရက်ပေါင်းနှစ်ထောက်သုံးရာ အချိန်သည် ပထမမြောက်သောနိုင်ငံတော်၏ အစချီသည့်အချိန်ကာလတစ်ခုဖြစ်ရန်မှာ</u> ဖြစ်နိုင်ချေမရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယေဇကျေလ ၄း၆ ထဲကအတိုင်း၊ ထိုအနာဂတ္တိပြုချက်တွင်ပါဝင်သည့် နေ့ရက်တစ်ရက်သည် တစ်နှစ်အချိန်ပင်ဖြစ်သည်ဟု အဖြေထုတ်လိုက်ခြင်းအရာအတွက် အထောက်အထားများကို ကျွန်ုပ်တို့ရရှိထားပါသည်။ ထိုယေဇကျေလကျမ်းတွင် နှစ်များကိုပုံဆောင်သည့်အနေဖြင့် ဘုရားသခင်သည် ရက်များကိုအသုံးပြုထားပါသည်။ ဒံယေလ၏ဆုတောင်းသံကြောင့် နောက်ပိုင်းအချိန်တွင် ထိုကောင်းကင်တမန်သည် ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ကျန်ရှိနေခဲ့သေးသည့်ရူပါရုံတည်းဟူသော နေ့ရက်များအကြောင်းနှင့်ဆိုင်သည့်ရူပါရုံကို ရှင်းလင်းဖေါ်ပြပေးဖို့ရန်အတွက် ထိုကောင်းကင်တမန်အနေဖြင့် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဒံယေလ ၉း၂၀-၂၃ ကိုကြည့်ပါ။ စပ်ကြားတွင် မည်သည့်အချိန်ကာလခဏတာလေးမျှ ကြားဝင်ထားခြင်းမရှိသည့်ပုံစံမျိုးဖြင့် အရင်တခေါက်ကအဆုံးသတ်ထားခဲ့သည့်ရှင်းပြချက်နေရာမှ ပြန်လည်အစချီပြီး ထိုကောင်းကင်တမန်အနေဖြင့် မိန့်ကြားခဲ့လေသည်ကား၊ “သီတင်းခုနစ်ဆယ်ကို သင်၏အမျိုးသားချင်းအဘို့နှင့် သင်၏သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏။” အခန်းငယ် ၂၄။

(အပတ်ပေါင်းခုနှစ်ဆယ်) သီတင်းခုနှစ်ဆယ်တည်းဟူသော နှစ်ပေါင်းလေးရာကိုးဆယ်အချိန်ကာလတစ်ခုကို ဂျူးလူမျိုးများတို့အတွက် နှစ်ပေါင်းနှစ်ထောင့်သုံးရာမှ ဆုံးဖြတ် (သို့) ဖြတ်ထုတ်ထားပေးခဲ့ပါသည်။ ထိုသီတင်းခုနှစ်ဆယ်အချိန်ကာလကို ယေရုရှင်လင်မြို့အား ပြန်လည်ပြုပြင်မွမ်းမံရန် အမိန့်ကျခဲ့သည့်အချိန်မှ စတင်ရေတွက်ရပါသည်။ ဤအမိန့်ထုတ်ပြန်ချက်အပြည့်အစုံကို ဧရတ်မှတ်စာ ၇း၁၁-၂၆ တွင်တွေ့ရှိရပါသည်။ ဤအမိန့်ထုတ်ပြန်ချက်စာလွှာကို ပေရသိဘုရင်အာတဇေရဇ်မင်းကြီး နန်းစံခုနှစ်နှစ်မြောက်အချိန်ကာလဖြစ်သည့် ၄၅၇ ဘီစီတွင် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၄၅၇ ဘီစီတွင် အစချီခဲ့သည့် နှစ်ပေါင်းလေးရာကိုးဆယ်အချိန်ကာလသည် အေဒီ ၃၄ ခုနှစ်တွင် အဆုံးသတ်သွားခဲ့ပါသည်။

သို့ရာတွင် အနာဂတ္တိပြုခြင်းနှင့်စပ်ဆိုင်သော ဤသတင်းခုနှစ်ဆယ်တွင် နောက်ဆုံးတစ်သတင်းကို ပြန်လည်ခွဲထုတ်ထားပါသည်။ ခြောက်ဆယ်ကိုးသတင်းအချိန်ကာလတည်းဟူသော ၄၈၃ နှစ်တာအချိန်ကာလသည် အေဒီ ၂၇ တွင် အဆုံးသတ်သွားပြီး၊ ထိုအချိန်သည် မေရှိယ (ခေါ်) ဘိသိက်ပေးခြင်းခံရသောသူ၏ ပေါ်ထွန်းတော်မူခြင်းအချိန်ကို အမှတ်အသားပေးခဲ့ပါသည်။ ထိုပေါ်ထွန်းတော်မူမည့်အချိန်ဟုဆိုရာတွင် နှစ်ခြင်းခံယူစဉ်တွင် ယေရှုခရစ်တော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိက်ပေးခြင်းကို ခံခဲ့ရသည့်အချိန်ကိုပြောဆိုခြင်းဖြစ်သည်။ ထိုနောက်ဆုံးအပတ် (ခုနှစ်နှစ်) ၏ နှစ်အလယ်ခေါင်ဟုခေါ်သော၊ ယေရှုခရစ်နှစ်

ခြင်းခံယူပြီးခဲ့သည်နောက် သုံးနှစ်ခွဲအကြာတွင် မေရှိယအရှင်သည် “အခွင့်မရဘဲအသေသတ်ခြင်းကို ခံ" ခဲ့ရပါသည်။ ထိုတစ်ပါတ်လုံးလုံးတွင် (တနည်းအားဖြင့်) ထိုခုနှစ်နှစ်လုံးလုံးတွင် ပဋိညာဉ်ကို ဖွဲ့တော်မူခဲ့ပါသည်။

နှစ်ပေါင်းနှစ်ထောင့်သုံးရာအချိန်ကာလတစ်ခုလုံး၏အဆုံးသတ်ချိန်သည် အေဒီ ၁၈၄၄ ခုနှစ်ဖြစ်ပြီး၊ ထိုကာလသည် အတိတ်တွင်ကျန်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာထဲတွင် တင်ပြထားသည့် အရှည်ကြာဆုံးသောအနာဂတ္တိပြခြင်းဆိုင်ရာအချိန်ကာလသည် သက်တန်းကုန်ဆုံးသွားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ “ကတိတော်၏အချိန်” ကာလသည် အမှန်တကယ်ပင် အလွန်နီးနေကပ်ပြီးဖြစ်ပါသည်။ ခပ်သိမ်းသောအရာတို့ကို ပြန်လည်အသစ်ပြုပြင်ရန်အတွက် ကြွလာတော်မူမည့် သခင်ဘုရား၏ကြွလာတော်မူခြင်းအချိန်ကို အဘယ်သူမျှမသိရပါချေ။ အကြောင်းမူကား၊ “ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိ။” သောကြောင့်ဖြစ်သည်။

## ဘုရားသခင်၏နိုင်ငံတော်ကို ဂျူးလူမျိုးများတို့၏လက်မှ နှုတ်ယူလိုက်ခြင်း

သို့ရာတွင် ဂျူးလူမျိုးများတို့အတွက် ဆုံးဖြတ်တော်မူခဲ့သည့် နှစ်ပေါင်းလေးရာကိုးဆယ်အချိန်ကာလအကြောင်းကို အနည်းငယ် ရှေ့ဆက်တိုးပြီးလေ့လာကြည့်သွားကြပါစို့။ ထိုအချိန်ကာလသည် ဘုရားသခင်အနေဖြင့် အခြားသောလူမျိုးများတို့၏ကယ်တင်ခြင်းအတွက် အရေးမလုပ်ပဲနေခဲ့သည့် မျက်နှာလိုက်တတ်သောဘုရားတစ်ပါးအဖြစ်ရပ်တည်ခဲ့သည့် အချိန်ကာလတစ်ခုပါလော။ ထိုသို့မဖြစ်နိုင်ပါချေ။ အကြောင်းမူကား ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှမှတ်တော် မမူတတ်သောကြောင့်ဖြစ်သည်။ ထိုကာလသည် ဘုရားသခင်၏စိတ်ရှည်သည်းခံတော်မူခြင်းအကြောင်းကို ဖေါ်ပြသည့် သက်သေအထောက်အထားတစ်ခုသာဖြစ်ပါသည်။ သို့ဆိုရာတွင်၊ ဘုရားသခင်၏ယဇ်ပုရောဟိတ်များဖြစ်ရန် အထက်မှခေါ်တော်မူသည့် ခေါ်တော်မူခြင်းကျေးဇူးအား လက်ခံရယူနိုင်မည့်အခွင့်အရေးတစ်ခုကို ဣသရေလလူတို့အား ပေးသနားဖို့ရန်အတွက်နှင့် ကတိတော်ကို လောကီနိုင်ငံရှိသမျှသို့ သိရှိစေဖို့ရန်အတွက် ဘုရားသခင်သည် ဣသရေလလူမျိုးများတို့ကို နှစ်ပေါင်းများစွာ စောင့်မျှော်နေခဲ့ပါသည်။ သို့ရာတွင် သူတို့အနေဖြင့် ထိုခေါ်တော်မူခြင်းကို လက်မခံခဲ့ကြပါချေ။ ထိုသို့လက်မခံခဲ့ကြသည့်အပြင်၊ ထိုခေါ်တော်မူခြင်းကို သူတို့အနေဖြင့် မေ့လျော့သွားခဲ့ကြပြီး၊ မေရှိယကြွလာတော်မူသောအခါတွင် ထိုမေရှိယကိုပင် သူတို့ငြင်းပယ်ခဲ့ကြပါသည်။

ထို့ကြောင့် ပဋ္ဌမမြောက်သောနိုင်ငံတော်တည်းဟူသော စကြဝဠာတစ်ခုလုံးကိုအုပ်စိုးမည့် နောက်ဆုံးသောနိုင်ငံတော်၏ ဗဟိုပြုထားခြင်းကိုခံရကြမည့် လူတစ်စုအဖြစ်မှ ဣသရေလလူများတို့သည် လွဲချောင်သွားခဲ့ကြပြီး၊ ကတိတော်တွင် ထူးခြားသောနေရာအဆင့်အတန်းတစ်ခုခုကို ရရှိရန်အတွက်ကိုသာ သူတို့မျှော်လင့်ခဲ့ကြပါသည်။ ဧဝံဂေလိတရားကို ဣသရေလလူများအနေဖြင့် ယုံကြည်ခဲ့ကြမည်ဆိုလျှင်၊ အခြားသူများကယ်တင်ခြင်းရသည်နည်းတူ သူတို့သည်လည်း ကယ်တင်ခြင်းရရှိခဲ့ကြလိမ့်မည်ဖြစ်သည်။ အသန့်ရှင်းဆုံးသောအခန်းထဲတွင် ဘုရားသခင်၏ဘုန်းတော် တည်ရှိမနေတော့သည့်အခြေအနေသည်၊ ဣသရေလလူမျိုးများ ပဋိညာဉ်တရားတော်နှင့် ကင်းကွာသွားကြသည့်အခြေအနေကို ဖေါ်ပြပေးသည့် သာဓကတစ်ခုပင်ဖြစ်ကြောင်းကို စုတ်ပြဲနေသော ကုလားကာနှင့်တကွ၊ လူဆိတ်ညံရာဗိမာန်တော်ကြီးက ဖေါ်ပြနေပါသည်။ တစ်ဦးတစ်ယောက်စီအနေဖြင့်ဆိုလျှင် ဣသရေလလူတို့သည် အခြားသောတပါးအမျိုးသားနည်းတူ ကောင်းသောသံလွင်ပင်နှင့် လာရောက်ဆက်သွယ်နိုင်ကြသေးသည်ဆိုငြားလည်း၊ ကမ္ဘာကြီးကိုအုပ်ချုပ်ရသော ခေါင်းဆောင်အရာနှင့် ကမ္ဘာကြီးတစ်ခုလုံးအားဟောပြောသွန်သင်မှုပြုရသည့် ဘာသာရေးဆရာသမားအရာကိုမူ သူတို့အနေဖြင့် ထာဝရဆုံးရှုံးလိုက်ရပြီးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအခွင့်အရာတို့ကို သူတို့အနေဖြင့် တန်ဖိုးမထားခဲ့ကြသောကြောင့်ဖြစ်သည်။ သူတို့သည် မိမိတို့အပေါ် စီရင်ခြင်းကျလာမည့်အချိန်နာရီကို မသိမှတ်ခဲ့ကြပါချေ။

## ဗာဗုလုန်မြို့ထဲမှ ထွက်လာရန် နောက်ဆုံးအကြိမ်ခေါ်တော်မူခြင်း

ယခုတွင် မည်သည့်အရာများကျန်ရစ်နေပါသေးသနည်း။ ဘုရားသခင်၏လူများတို့သည် ဗာဗုလုန်မှထွက်ခွါလာဖို့ရန်အတွက် ခေါ်ဆိုနေသည့်အသံတော်ကိုကြားပြီး ထိုမြို့ထဲမှ ထွက်လာဖို့ရန်တစ်ခုတည်းသာ ကျန်တော့ပါသည်။ ထွက်မလာပဲနေကြမည်ဆိုလျှင် ထိုမြို့အပေါ်သို့ကျရောက်လာမည့် ဘေးဒဏ်များတို့ကို သူတို့ခံရကြလိမ့်မည်ဖြစ်ပါသည်။ ဥဖရတ်မြစ်ဒေသတွင်တည်ရှိခဲ့သည့် ဗာဗုလုန်မြို့သည် ခရစ်တော်မမွေးဖွားလာမီ ရာနှင့်ချီသည့်နှစ်ပေါင်းများစွာကတည်းကပင် ပျက်စီးသွားခဲ့ပြီးဖြစ်သော်လည်း၊ ခရစ်တော်ပေါ်ထွန်းပြီးနောက် နှစ်ပေါင်းတစ်ရာခန့်အကြာလောက်တွင် ပရောဖက်ယောဟန်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဖော်ပြမှုအတိုင်း ယေရှာယဟောကြားခဲ့သည့် ဗာဗုလုန်မြို့ကို ဆန့်ကျင်ဘက်ပြုထားသည့် ခြိမ်းခြောက်မှုများအကြောင်းကို သူ့အနေဖြင့် တဖန်ပြန်လည်ပြီး မြွက်ဆိုခဲ့ပါသည်။ သူမြွက်ဆိုခဲ့သည့်စကားနှင့် ယေရှာယဟောကြားခဲ့ဖူးသည့်စကားတို့မှာ တထပ်တည်းနီးပါး တူညီနေပါသည်။

"သူသည်ကိုယ်ကိုချီးမြှောက်၍ ကာမဂုဏ်၌ပျော်မွေ့သည်အတိုင်း သူ၌ပြင်းစွာသောဆုံးမခြင်း၊ စိတ်မသာညည်းတွားခြင်းကို ဖြစ်စေကြလော့။ ငါကား မိဖုရားဖြစ်၏။ မုတ်ဆိုးမမဟုတ်။ စိတ်မသာညည်းတွားခြင်းကို မသိရဟု သူသည် အောက်မေ့တတ်၏။ ထိုကြောင့်၊ သူခံရသောသေခြင်းဘေး၊ စိတ်မသာညည်းတွားခြင်းဘေး၊ မွတ်သိပ်ခြင်း ဘေးဒဏ်များတို့နှင့် တနေ့ခြင်းတွင်တွေ့၍..." ဗျာဒိတ် ၁၈း၇၊ ၈။ ယေရှာယ ၄၇း၇-၁၀ နှင့်ယှဉ်တွဲပြီးဖတ်ပါ။

ဗာဗုလုန်မြို့သည် မိမိကိုယ်ကို ဘုရားသခင်၏အထက်တွင်ချီးမြှောက်ထားသော မယုံကြည်သူတပါးအမျိုးသားတို့၏ မြို့တစ်မြို့ဖြစ်သည်။ ဗေလရှာဇာမင်း ကျင်းပခဲ့သည့်စားသောက်ပွဲတွင် ပြသထားသည့်အရဆိုလျှင် (ဒံယေလ ၅)၊ ထိုမြို့သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သောဘာသာရေးကို ပုံဆောင်ပါသည်။ ထိုသို့သော ပုန်ကန်တတ်သည့် စိတ်ဓာတ်သည် ယကနေ့တွင်လည်းရှိနေပါသည်။ ထိုသို့သောစိတ်ဓာတ်မျိုးသည် လူဘောင်အဖွဲ့အစည်းတစ်ခုတစ်လေ၌သာ တည်ရှိနေခြင်းမဟုတ်ပဲ၊ ဘာသာတရားပိုင်းတွင် ဘုရားသခင်၏နှုတ်မှထွက်ကျလာသောနှုတ်ထွက်စကားတော်တိုင်းကို နာခံရခြင်းအမှုထက် မိမိတို့၏ကိုယ်ပိုင်လမ်းစဉ်များကိုသာ ရွေးချယ်နေကြသည့်လူသားများ ရှိလေရာရာအရပ်တိုင်း၌လည်း တည်ရှိနေပါသည်။ မိမိ၏လူများတို့အနေဖြင့် ဗာဗုလုန်မြို့ထဲမှထွက်လာကြပြီး၊ သူနှင့်အတူတကွ အသက်တာကိုလျှောက်လှမ်းကြဖို့ရန်အတွက် မိမိတို့ကိုယ်ကိုနှိမ့်ချကြကာ၊ နိုင်ငံတော်၏အစွမ်းသတ္တိရှိရှိသမျှတို့နှင့် နောင်လာလတ္တံ့သောကပ်ကမ္ဘာ၏အစွမ်းတန်ခိုးတော်များတို့နှင့်တကွ နိုင်ငံတော်နှင့်ယှဉ်သော ဤဧဝံဂေလိတရားတော်အကြောင်းကို ဟောကြားလာကြမည့်အချိန်ကို ဘုရားသခင်သည် စိတ်ရှည်သည်းခံစွာဖြင့်၊ နူးညံ့သောဂရုဏာစိတ်နှင့် စောင့်မျှော်နေလျက်ရှိနေပါသည်။ ထိုဧဝံဂေလိတရားကို "လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတံ့။" ထို "အဆုံး" ဆိုသည်မှာ ယေရမိအားဖြင့်မြွက်ဆိုတော်မူခဲ့သည့်အရဆိုလျှင် ဗာဗုလုန်မြို့ကိုဖျက်စီးမည့်အချိန်ကို ပြောဆိုခြင်းပင်ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ရှေးဗာဗုလုန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံတော်တစ်ခုဖြစ်ပြီး၊ ယေရှာယ ၁၄ တွင်ဖော်ပြထားချက်အရဆိုလျှင် ထိုနိုင်ငံတော်၏ဘုရင်အစစ်မှာ ဤလောက၏ဘုရား (god) ဖြစ်သူ စာတန်မာရ်နတ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဗာဗုလုန်မြို့အားဖျက်ဆီးခြင်းဆိုသည်မှာ ကမ္ဘာတစ်ခုလုံးအပေါ်တွင်ကျရောက်မည့် ဘုရားသခင်၏တရားစီရင်ခြင်းပင်ဖြစ်ပေသည်။ မိမိလူတို့အား လာရောက်သိမ်းဆည်းတော်မူမည့်အချိန်တွင် ထိုစီရင်တော်မူခြင်းအမှုကိုပြုတော်မူပါလိမ့်မည်။ "ခပ်သိမ်းသောတိုင်းနိုင်ငံတို့တဘက်၌ ယေရမိ ဟောပြော" ခဲ့သော ဟောချက်စကားကို ဖတ်ကြည့်ပါ။ ဗာဗုလုန်နှင့်ဆိုင်သောချုပ်နှောင်ခြင်း၏အဆုံးသတ်ပုံအကြောင်းကို ယေရမိက အောက်ပါအတိုင်းဟောကြားခဲ့ပါသည်။

## ဘုရားသခင် လူအမျိုးမျိုးတို့နှင့်တရားတွေ့တော်မူခြင်း

"ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားကလည်း၊ အမျက်တော်စပျစ်ရည်ဖလားကို ငါ့လက်မှခံယူလော့။ ငါသည်သင့်ကို စေလွှတ်သော လူမျိုးအပေါင်းတို့ကို သောက်စေလော့။ သူတို့အလယ်သို့ ငါစေလွှတ်သောထားကြောင့် သူတို့သည်သောက်၍ ယစ်မူးတိမ်းယိမ်းခြင်းသို့ ရောက်ကြလိမ့်မည်ဟု ငါ့အားမိန့်တော်မူသည်အတိုင်း၊

"ငါသည် ထာဝရဘုရား၏လက်တော်မှ ထိုဖလားကိုခံယူ၍၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ်တော်မူသောလူမျိုးအပေါင်းတို့ကို သောက်စေ၏။ ထိုလူမျိုးများဟူမူကား ယနေ့ရှိသည်အတိုင်း လူဆိတ်ညံ့ရာ၊ အံ့ဩဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ ကျိန်ဆဲရာဖြစ်စေခြင်းငှါ၊ သောက်ရသော ယေရုရှလင်မြို့သူ၊ ယုဒပြည်သား၊ ယုဒရှင်ဘုရင်များ၊ မှူးမတ်များ၊ အဲဂုတ္တုပြည်ကို အစိုးရသောဖာရောဘုရင် အစရှိသောသူ၏ ကျွန်၊ မှူးမတ်၊ ပြည်သူပြည်သား၊ သူတို့နှင့်ရောနှောသော တပါးအမျိုးသားရှိသမျှ၊ ဥဇမင်းအပေါင်း၊ ဖိလိတ္တိမင်းအပေါင်း၊ အာရှကေလုန်ပြည်သား၊ ဂါဇပြည်သား၊ ဧကြုန်ပြည်သား၊ ကျန်ကြွင်းသော အာဇုတ်ပြည်သား၊ ဧဒုံပြည်သား၊ မောဘပြည်သား၊ အမ္မုန်ပြည်သား၊ တုရုမင်းအပေါင်း၊ ဇိဒုန်မင်းအပေါင်း၊ ပင်လယ်တဘက်၌ အစိုးရသောမင်းများ၊ ဒေဒန်ပြည်သား၊ တေမပြည်သား၊ ဗုဇပြည်သား၊ ပါးမုန်းကို ရိတ်တတ်သော ပြည်သားရှိသမျှ၊ အာရပ်မင်းအပေါင်း၊ တော၌နေ၍ အမျိုးမစစ်သောလူများကို အစိုးရသောမင်းအပေါင်း၊ ဇိမရိမင်းအပေါင်း၊ ဧလံမင်းအပေါင်း၊ မေဒိမင်းအပေါင်း၊ တပါးနှင့်တပါးနီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ မြောက်ပြည်မင်းရှိသမျှတို့နှင့်၊ မြေကြီးတပြင်လုံး၌ ရှိသမျှသောလောကီနိုင်ငံအပေါင်းပါကြသတည်း။ နောက်ဆုံး၌ ရှေရှက်ရှင်ဘုရင်သောက်ရမည်။

"သင်တို့အလယ်သို့ ငါစေလွှတ်သောထားကြောင့် သောက်၍ယစ်မူးကြ။ အော့အန်ကြ၊ လဲကြ၊ နောက်တဖန် မထကြနှင့်ဟု ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့အားဆင့်ဆိုလော့။ သူတို့သည် သောက်ခြင်းငှါ ထိုဖလားကို သင်၏လက်မှမခံ၊ ငြင်းပယ်လျှင်လည်း၊ စင်စစ်သောက်ရကြမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့အား ပြန်ပြောလော့။ အကြောင်းမူကား၊ ငါ၏နာမဖြင့် သမုတ်သော မြို့ကို ငါသည် အပြစ်ပေးစပြုလျှင်၊ သင်တို့သည် ဒဏ်အလျှင်းမခံဘဲနေရကြမည်လော။ ဒဏ်မခံဘဲမနေရကြ။ ငါသည် မြေကြီးသားရှိသမျှတို့အဘို့ထားကို မှာလိုက်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။

"ထိုကြောင့်၊ သင်သည် ပရောဖက်ပြုလျက် သူတို့အားဟောပြောရသောစကားများဟူမူကား၊ ထာဝရဘုရားသည် မြင့်သောအရပ်က ကြွေးကြော်တော်မူမည်။ သန့်ရှင်းသောဘုံဗိမာန်တော်က အသံကိုလွှင့်တော်မူမည်။ ကျိန်းဝပ်တော်မူရာအရပ်ဌာနတဘက်၌ ပြင်းစွာကြွေးကြော်တော်မူမည်။ စပျစ်သီးကို နင်းနယ်သောသူများ အော်ဟစ်သကဲ့သို့၊ မြေကြီးသားများတဘက်၌ အော်ဟစ်တော်မူမည်။ မြေကြီးစွန်းတိုင်အောင် အသံနှံ့ပြားလိမ့်မည်။ ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့် တရားတွေ့စရာအကြောင်းရှိ၍၊ ခပ်သိမ်းသောသတ္တဝါတို့ကို အမှုလုပ်တော်မူမည်။ ဆိုးသောသူတို့ကို ထားနှင့်ကွပ်မျက်စေခြင်းငှါ အပ်တော်မူမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဘေးသည် တပြည်မှတပြည်သို့ကူးသွားလိမ့်မည်။ မြေကြီးအစွန်းအနားတို့မှ ပြင်းစွာသောလေဘွေသည် ထလိမ့်မည်။ ထိုအခါ ထာဝရဘုရား ကွပ်မျက်တော်မူခြင်းကိုခံရသောသူတို့သည် မြေကြီးတဘက်မှတဘက်တိုင်အောင် နှံ့ပြားကြလိမ့်မည်။ သူတို့ကို မမြည်တမ်းရ။ မစုမပုံရ။ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာ မစင်ကဲ့သို့ ဖြစ်ကြလိမ့်မည်။" ယေရမိ ၂၅း၁၇-၃၃

လောကီနိုင်ငံရှိရှိသမျှတို့သည် ကြောက်မက်ဖွယ်ရာကောင်းသော ဤဖျက်စီးခြင်းဘေးထဲသို့ အပြေးအလွှားချီတက်သွားနေကြပါသည်။ ကြီးကျယ်သော ထိုစစ်ပွဲကြီးအတွက် သူတို့အနေဖြင့် လက်နက်များကိုပြင်ဆင်ထားလျက်ရှိကြပါသည်။ ထိုသူတို့အထဲမှ မြောက်များစွာသောသူတို့သည် ပြည်ထောင်စုနိုင်ငံတော်

တစ်ခုကိုထူထောင်ရန်နှင့် ကမ္ဘာ့နိုင်ငံတော်ကိုထူထောင်ဖို့ရန် အိမ်မက်ထားကြပါသည်။ သို့ရာတွင် ဤကမ္ဘာပေါ်တွင် ကမ္ဘာ့နိုင်ငံတော်ကိုထူထောင်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး ဘုရားသခင်မိန့်တော်မူခဲ့သည်ကား၊ "နိုင်ငံကို ဆုံးရှုံးစေခြင်းငှါ၊ အစိုးပိုင်သောသူ မရောက်မှီတိုင်အောင်ရင်း...အစိုးပိုင်သောသူ၌ ငါအပ်မည်။" ယေဇကျေလ ၂၁း၂၇။ ကမ္ဘာနှင့်အဝန်းတွင်ဖြစ်ပေါ်မည့် နောက်ဆုံးသောတော်လှန်မှုကြီးတစ်ခုသည် "ကတိတော်ကိုခံသော အမျိုးအနွယ်"တည်းဟူသော နိုင်ငံတော်ကို မိမိအဖို့သိမ်းယူတော်မူမည့်ပုဂ္ဂိုလ်ကြီး၏ ကြွလာတော်မူခြင်းအချိန်နာရီတွင် ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ (ဂလာတိ ၃း၁၉)။ သို့ရာတွင် ကြောက်မက်ဖွယ်ရာကောင်းသော ဤတရားစီရင်ခြင်းအမှုများကို တခဏတာ နှောင့်နှေးထားစေပါသေးသည်။ ဤသို့နှောင့်နှေးထားစေရသည့်အကြောင်းအရင်းကား၊ မိမိတို့၏ဇာတိလက်နက်များကို ဘုရားသခင်၏နှုတ်ကတော်တည်းဟူသော ဝိညာဉ်တော်၏ဓါးဖြင့် လှဲလှယ်နိုင်သည့် အခွင့်အရေးတစ်ခုကို လူသားများအားလုံးအနေဖြင့် ရရှိနိုင်ဖို့ရန်အတွက်ပင်ဖြစ်ပေသည်။ ထိုနှုတ်ကပတ်တော်သည် "ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကိုဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကိုရင်း၊ ဘုရားသခင်ကိုသိသောပညာကိုတားဆီးသောမာန်မာနရှိသမျှတို့ကိုရင်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏။" ၂ ကော ၁၉း ၄၊ ၅

ဤဘမ်းသွားချုပ်ထားခြင်းမူကား လွတ်မြောက်ခြင်းပင်ဖြစ်ပေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဗာဗုလုန်၏အချုပ်အနှောင်တည်းဟူသော မာနထောင်လွှားခြင်းနှင့် မိမိကိုယ်ကိုယုံကြည်ကိုးစားခြင်းအမှုများထဲမှ ထွက်ခွါလာကြကာ ဘုရားသခင်၏နူးညံ့ညင်သာသောလွတ်မြောက်ခြင်းထဲသို့ ဝင်ရောက်လာကြပါသည်။ အဘယ်သူသည် ဗာဗုလုန်ထဲကထွက်လာဖို့ရန် ခေါ်နေတော်မူသည့်အသံကို နားစိုက်ထောင်နေပါမည်နည်း။ အဘယ်သူသည် လူ့ထုံးတန်းဓလေ့များနှင့် လူ့ထင်မြင်ယူဆချက်များတို့ကို ဘုရားသခင်၏ထာဝရသမ္မာတရားတော်ကပေးသနားနေသည့် လွတ်မြောက်ခြင်းနှင့်လှဲလှယ်ရယူပါမည်နည်း။

## ၄၆။ ဣသရေလလူတို့၌ ထားတော်မူသောကတိတော်များ – ပျောက်ဆုံးသွားသော ဣသရေလ လူမျိုးများ
## ယနေ့အတွက်သမ္မာတရား၊ မေလ ၁၃၊ ၁၈၉၇

ဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့်အချိန်တွင် ဣသရေလလူမျိုးတစ်ဆယ့်နှစ်မျိုးထဲမှ ဆယ်မျိုးတို့သည် လုံးဝပျောက်ကွယ်သွားခဲ့ပြီး၊ နှစ်ပေါင်းခုနှစ်ဆယ်ကာလ၏အဆုံးတွင် ပါလက်စတိုင်းပြည်သို့ပြန်လာဖို့ရန်အတွက် လူမျိုးနှစ်မျိုးကိုသာစုရုံးနိုင်ခဲ့ပါသည် ဆိုသည့်ယူဆချက်သည် ကမ္ဘာကျော်လုနီးပင် ရေပန်းစားနေသော ယူဆမှုတစ်ခုဖြစ်ပါသည်။ ဤယူဆချက်တွင် နက်ရှိုင်းစွာအမြစ်ဆွဲနေကြသည်ဖြစ်ရာ၊ “ပျောက်ဆုံးနေသောလူမျိုးဆယ်မျိုး” ဆိုသည့် တင်ပြချက်ကို အသုံးပြုလိုက်တိုင်းတွင် ထိုတင်ပြချက်၏ ရည်ညွှန်းလိုသည့်အရာသည် အဘယ်အရာဖြစ်သည်ကို လူတိုင်းနီးပါးက တစ်ချိန်တည်းတွင် သိရှိထားနေကြပါသည်။ ဤအယူအဆ၏ပြန့်နှံ့လာပုံအကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အဆက်မပြတ် မေးခွန်းထုတ်လေ့လာသွားကြမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုမေးခွန်းများအတွက် သမ္မာကျမ်းစာကတင်ပြပေးထားသည့်အဖြေတို့ဖြင့် ကျွန်ုပ်တို့အနေနှင့် ကျေနပ်မှုရယူသွားကြမည်ဖြစ်ပါသည်။

## ယုဒလူမျိုးနှင့် ဣသရေလလူမျိုး

ရှေဦးစွာ၊ “ယုဒလူမျိုး” နှင့် “ဣသရေလလူမျိုး” ဆိုသည့်အသုံးအနှုန်းများနှင့် ပတ်သက်ပြီး အများဆုံးလွဲမှားနေသောယူဆမှုတစ်ခုအကြောင်းကို လေ့လာကြည့်ဖို့ကောင်းပါသည်။ ရှောလမုန်မင်းကွယ်လွန်သွားခဲ့သည့်နောက်ပိုင်း နိုင်ငံတော်နှစ်ခြမ်းကွဲသွားသောအခါတွင်၊ တောင်ပိုင်းနိုင်ငံတော်တွင် ယုဒလူမျိုးနှင့် ဗင်ယာမိန်လူမျိုးတို့ဖြင့်ဖွဲ့စည်းထားပြီး ထိုအပိုင်းကို ယုဒနိုင်ငံဟုခေါ်ဆိုကာ၊ ယေရုရှလင်မြို့သည် ထိုနိုင်ငံ ၏မြို့တော်အဖြစ်တည်ရှိခဲ့ပါသည်။ မြောက်ပိုင်းနိုင်ငံတွင်မူ ကျန်လူမျိုးဆယ်မျိုးတို့ဖြင့်ဖွဲ့စည်းထားပြီး ထိုအပိုင်းကို ဣသရေလနိုင်ငံဟုခေါ်ဆိုကာ၊ ရှမာရိမြို့သည် ထိုနိုင်ငံ၏ဌာနချုပ်မြို့ဖြစ်ခဲ့ပါသည်။ မြောက်ပိုင်းနိုင်ငံတော်သည် အရင်ဦးဆုံးသိမ်းသွားခြင်းခံခဲ့ရသည့်နိုင်ငံပင်ဖြစ်ပြီး၊ ထိုနိုင်ငံတွင်နေထိုင်ခဲ့ကြသည့် လူမျိုးများတို့မှာ ပျောက်ဆုံးသွားသောလူမျိုးများဟုယူဆထားသည့် ကျန်ဣသရေလလူမျိုးဆယ်မျိုးပင်ဖြစ်ပါသည်။

ထိုလွဲမှားသည့်ယူဆချက်ကား၊ “ဂျူးလူမျိုး” ဆိုသည့် အသုံးအနှုန်းသည် တောင်ပိုင်းနိုင်ငံတော်တွင်ရှိကြသော ယုဒလူမျိုးများနှင့် ဗယ်္ာမိန်လူမျိုးများတို့ကိုသာ ခေါ်ဆိုသည့်အသုံးအနှုန်းတစ်ခုဖြစ်ပြီး၊ “ဣသရေလလူမျိုး” ဆိုသည့် အသုံးအနှုန်းမှာမူ မြောက်ပိုင်းနိုင်ငံတော်တွင်နေထိုင်ကြသည့် ပျောက်ကွယ်သွားပြီးဟုယူဆထားကြသောလူမျိုးများကိုသာ ဖေါ်ညွှန်းသည့်အသုံးအနှုန်းတစ်ခုဖြစ်သည် ဆိုသည့်ယူဆချက်ပင်ဖြစ်ပါသည်။ ဤယူဆချက်လမ်းကြောင်းအတိုင်းရှေ့ဆက်လျှောက်နေကြရာ၊ တချို့သော စိတ်ကူးယဥ်ဘာသာရေးသမားများတို့၏ “အတောမသတ်နိုင်သော စိတ်ကူးယဥ်မှု” ကြောင့် ဤယူဆမှုတစ်ခုပေါ်ထွက်လာပြန်ပါသည်။ ၎င်းမှာ ဂျူးလူမျိုးများတို့သည် ယုဒအမျိုးနှင့် ဗယ်္ာမိန်အမျိုးများသာဖြစ်ပြီး၊ အတိအကျပြောရမည်ဆိုလျှင် ဂရိတ်ဘရိတိန်နိုင်ငံသားများနှင့် အမေရိကန်နိုင်ငံသားများဖြစ်ကြသည့် အန်ဂလိုစက်စံလူမျိုးများမှုကား ဣသရေလလူမျိုး (ခေါ်) “ပျောက်ကွယ်သွားသောလူမျိုးဆယ်မျိုး” များသာဖြစ်ပါသည် ဆိုသည့်ယူဆမှုပင် ဖြစ်ပါသည်။

## နိုင်ငံသားဟူသည့်အနတ္တ စာရိတ္တသာလျှင်အဓိက

ဤအယူအဆသည် မည်သည့်အရာမှအရင်းခံလာခဲ့ကြောင်းကို သိမြင်နိုင်ဖို့ရန်လွယ်ကူပါသည်။ ဧဝံဂေလိတရား၌ပါသောကတိတော်များအကြောင်းကို လုံးဝမျက်ကွယ်ပြုထားခဲ့ကြသည့်အခြေအနေမှသည်

ထိုအယူအဆသည် အရင်းခံလာခဲ့ပါသည်။ ထိုအယူအဆကိုတီထွင်ထားခဲ့ကြသည့်အကြောင်းအရင်းကား၊ အာဗြဟံ၌ထားတော်မူသောကတိတော်များ၏အမွေခံများအရာတွင် အန်ဂလိုစက်ဆံလူမျိုးများတို့ကို ထည့်သွင်းထားလိုကြသောကြောင့်ဖြစ်သည်။ ဤသို့ပြုခြင်းသည်၊ ထိုကတိတော်များတို့သည် လောကကမ္ဘာတစ်ခုလုံးနှင့်သက်ဆိုင်သောကတိတော်မျိုး၊ နိုင်ငံသားအပေါ်မူတည်ပြီးမှ မျက်နှာသာမပေးတတ်သောကတိတော်မျိုးပင်ဖြစ်သည် ဆိုသည့်အချက်နှင့်၊ “အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကို ကြောက်ရွံ့၍ တရားသဖြင့် ကျင့်ဆောင်သောသူသည် အထံတော်၌ မျက်နှာရသည်ကို ငါသိမြင်၏” ဆိုသည့်အချက် စသည့်အချက်နှစ်ချက်တို့အပေါ် မျက်ကွယ်ပြုနေခြင်းပင်ဖြစ်ပေသည်။ တမန်တော် ၁၀း၃၄၊ ၃၅။ “ဣသရေလလူစစ်” ဆိုသည်မှာ “လှည့်စားခြင်းအပြစ်နှင့်ကင်းလွတ်သော" သူကိုဆိုလိုခြင်းဖြစ်သည် ဆိုသည်အချက်ကို လူသားများတို့အနေဖြင့် ယုံကြည်လက်ခံထားကြမည်ဆိုလျှင် (ယောဟန် ၁း၄၇)၊ ယခုဖေါ်ပြမည့်အတွေးအခေါ်အယူအဆ၏မိုက်မဲခြင်းတရားကို သူတို့အနေဖြင့် တွေ့မြင်ကြရပေလိမ့်မည်။ ထိုအယူအဆကား၊ ဣသရေလလူမျိုးဆယ့်နှစ်မျိုးရှိရာ တမျိုးမျိုးတွင်ပါဝင်နေသည့်လူတစ်ယောက်သည် မည်မျှပင်ဆိုးသွမ်းမိုက်မဲနေစေကာမူ၊ မည်မျှပင်ယုံကြည်ခြင်းကင်းမဲ့နေစေကာမူ ထိုသူသည် ဣသရေလ လူမျိုးသာဖြစ်ပါသည် ဆိုသည့်အယူအဆပင်ဖြစ်သည်။ သို့ရာတွင် လူမျိုး (သို့) နိုင်ငံအပေါ်တွင်အခြေခံထားသောအသင်းတော်နှင့် လူမျိုး (သို့) နိုင်ငံအပေါ်တွင်အခြေခံထားသည့်ဘာသာရေးတို့သည် အံ့ဖွယ်ရာကောင်းလောက်အောင်ဆွဲဆောင်မှုရှိနေတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းတရားကို လူတစ်ယောက်ချင်းဆီတို့၏ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ဖြင့်ရယူမည့်အစားတွင် အကျင့်စာရိတ္တမျိုးပေါင်းစုံ (ကိုယ်ကြိုက်သလိုနေ ထိုင်စားသောက်မှုမျိုးပေါင်းစုံ) တို့ဖြင့် ရယူနိုင်မည် ဆိုသည့်အတွေးသည် လူတို့ကို ပိုမိုပြီးစိတ်ကျေနပ်စေနိုင်သောကြောင့်ဖြစ်သည်။

## အထောက်အထားမရှိသော ကွဲပြားချက်များကို ပယ်ဖျက်လိုက်သည့် ကျမ်းစာအသုံးအနှုန်းများ

“ဂျူးလူမျိုး” နှင့် “ဣသရေလလူမျိုး” စသည့်အသုံးအနှုန်းတို့သည် အပြန်အလှန်တလှည့်စီသုံးနှုန်းထားသော အသုံးအနှုန်းများပင်ဖြစ်ကြောင်းနှင့် လူတစ်ယောက်တည်းကို ထိုအသုံးအနှုန်းမျိုးနှစ်ခုစလုံးတို့ဖြင့် ခေါ်ဆိုနိုင်ကြောင်းကို ပြသပေးနိုင်ဖို့ရန်အတွက်ဆိုလျှင် ကျမ်းချက်လေးအနည်းငယ်မျှလောက်နှင့်ပင်လုံလောက်ပါပေသည်။ သာဓကအနေဖြင့် ဧသတာဝတ္တု ၂း၅ တွင်၊ “ရှုရှန်မြို့တော်၌၊ ဗင်္ယာမိန်အမျိုး ကိရှ၊ ရှိမိ၊ ယာဣရတို့မှ ဆင်းသက်သော မော်ဒကဲအမည်ရှိသော ယုဒလူ (မူရင်းဟေဗြဲကျမ်းတွင် ဂျူးလူမျိုး) တယောက်ရှိ၏။” ဟု ဖေါ်ပြထားပါသည်။ သို့ရာတွင် ရောမ ၁၁း၁ တွင် တမန်တော်ပေါလုက၊ “ငါပင်ဣသရေလလူဖြစ်၏။ အာဗြဟံအမျိုး၊ ဗင်္ယာမိန်အနွယ်ဖြစ်၏။” ဟု ပြောဆိုတင်ပြထားပြီး၊ ထိုတမန်တော်ပေါလုကပင်၊ “အကျွန်ုပ်သည် ကိလိကိပြည် တာရှုမြို့၌မွေးဘွားသော ယုဒလူဖြစ်ပါ၏။” ဟု ထပ်မံပြောထားပြန်ပါသည်။ တမန်တော် ၂၂း၃၉။ ဤနေရာတွင် ဗင်္ယာမိန်အနွယ်ဝင် ဂျူးလူမျိုးတစ်ယောက်နှင့်၊ ဣသရေလလူမျိုးလည်းဟုတ် ဂျူးလူမျိုးလည်းဟုတ်သည့် ဗင်္ယာမိန်အနွယ်ဝင်တစ်ယောက် စုစုပေါင်းနှစ်ယောက်တို့ကို တွေ့ရှိရပါသည်။

တဖန်၊ အာခတ်သည် ယုဒပြည်၏ရှင်ဘုရင်တစ်ပါးဖြစ်ပြီး ယေရုရှလင်မြို့တွင် စိုးစံခဲ့ပါသည်။ ၄ ဓမ္မရာဇဝင် ၁၆း၁-၂၊ ဟောရှာယ ၁း၁ ကိုကြည့်ပါ။ ထိုမင်းသည် ဒါဝိဒ်၏အမျိုးအနွယ်တစ်ဦးဖြစ်ပြီး ဇာတိသွေးသားအရ သူသည် ခရစ်တော်၏ဘိုးဘွားဘီဘင်တစ်ဦးပင်ဖြစ်ပါသည်။ ၄ ဓမ္မရာဇဝင် ၁၆း၂၊ မဿဲ ၁း၉။ သို့ရာတွင် ၂ရာဇဝင်ချုပ် ၂၈း၁၉ တွင် တင်ပြထားသော၊ “ယုဒပြည်တောင်ပိုင်း” သို့ ဖိလတ္တိလူများ ကျူးကျော်ဝင်ရောက်လာခဲ့သည့်မှတ်တမ်းတစ်ခုထဲတွင်၊ “ယုဒရှင်ဘုရင်အာခတ် (မူရင်းဟေဗြဲကျမ်းစာတွင် ဣသရေလရှင်

ဘုရင် အာခတ်) ကြောင့် ထာဝရဘုရားသည် ယုဒပြည်ကိုအလွန်နှိမ့်ချ၏။ ထိုမင်းသည် ယုဒပြည်၏အဝတ်တန်ဆာကိုချွတ်၍၊ ထာဝရဘုရားကို ကြမ်းတမ်းစွာပြစ်မှား၏။" ဟု တင်ပြထားပေးပါသည်။

တမန်တော်ပေါလုအနေဖြင့် မိမိ၏သာသနာခရီးစဥ်တစ်ခုမှ ယေရုရှလင်မြို့သို့ပြန်လည်ရောက်ရှိလာခဲ့သောအခါတွင် "အာရှိပြည်မှလာသော ယုဒလူတို့သည် ဗိမာန်တော်၌ ပေါလုကိုမြင်လျှင် စုဝေးသောလူအပေါင်းတို့ကိုတိုက်တွန်းနှိုးဆော်၍၊ ဣသရေလလူတို့၊ ကူမကြပါ။" တမန်တော် ၂၁း၂၇-၂၈

အလုံးစုံသော ဣသရေလလူမျိုးဆယ့်နှစ်မျိုးစလုံးတို့သည် တစ်ယောက်တည်းသောသူ ယာကုပ် (ခေါ်) ဣသရေမှ ပေါက်ပွါးလာခဲ့ကြသော အမျိုးအနွယ်များပင်ဖြစ်ကြောင်းကို စာဖတ်သူအနေဖြင့် သတိရလာသောအခါတွင်၊ ထိုအသုံးအနှုန်းများတို့၏သဘောသဘာဝကို အလိုလိုနားလည်လာပေလိမ့်မည်။ ထို့ကြောင့် ထိုအမျိုးအားလုံးကို (သို့) ထိုအမျိုးအနွယ်ထဲမှ မည်သည့်အမျိုးအနွယ်ကိုမဆို "ဣသရေလ" ဆိုသည့်အသုံးအနှုန်းဖြင့် ခေါ်ဆိုနိုင်ပေသည်။ ယုဒပြည်၏ထင်ပေါ်ကျော်ကြားလာမှုကြောင့်၊ "ဂျူးလူမျိုး" ဆိုသည့်အသုံးအနှုံးကို ဣသရေလလူမျိုးများတို့အားခေါ်ဆိုရာတွင် အသုံးပြုလာခဲ့ကြပါသည်။ သို့ဆိုရာတွင် လူမျိုးခွဲခြားပြီးခေါ်ဆိုခြင်းမရှိခဲ့ပါချေ။ ပဋိညာဥ်စကားတော်များအကြောင်းကို ပြောကြားတော်မူခဲ့ရာတွင် ဘုရားသခင်က၊ "ပဋိညာဥ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသော အချိန်ကာလရောက်လိမ့် မည်။" ဟု မိန့်ခဲ့ပါသည်။ (ဟေဗြဲ ၈း၈)။ ထိုသို့မိန့်တော်မူခဲ့ရသည့်အကြောင်းအရင်းကား ပဋိညာဥ်သစ်ကိုပြုတော်မူရာတွင် အရင်ပဋိညာဥ်ဟောင်းကိုပြုခဲ့သည့်နည်းတူ ဘုရားသခင်သည် ဣသရေလလူမျိုးတစ်ခုလုံးတို့နှင့် ပဋိညာဥ်ပြုမည်ဖြစ်ကြောင်းကို ခိုင်လုံစေရန်ဖြစ်သည်။

ထို့ကြောင့် "ဂျူးလူမျိုး" ဆိုသည့်အသုံးအနှုံးသည် "ဣသလလူမျိုး" ဆိုသည့်အသုံးအနှုံးနည်းတူပင် တစ်စုတည်းသော ထိုလူမျိုးများအားလုံးတို့ကို ရည်ညွှန်းခေါ်ဆိုသည့် အသုံးအနှုံးပင်ဖြစ်သည်။ သို့ရာတွင် ပြတ်ပြတ်သားသားပြောဆိုတင်ပြထားချက်တစ်ခုကို ကျွန်ုပ်တို့အနေဖြင့် မေ့လျော့မထားရပါချေ။ ထိုတင်ပြချက်ကား၊ "အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်။ အပြင်အားဖြင့်သာ ကိုယ်အသားအရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်းအမှန် မဟုတ်။ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏။ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်းတရားအားဖြင့်မဟုတ်ဘဲ၊ ဝိညာဥ်တော်ရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၏။ ထိုသို့အရေးဖျားလှီးခြင်းကို ခံသောသူ၏အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့်ဆိုင်သတည်း။" ရောမ ၂း၂၈၊ ၂၉။ ဂျူးလူမျိုးဟုခေါ်သောလူစုထဲမှ လူမျိုးများပျောက်ကွယ်သွားခဲ့ကြောင်းကို သိရှိလက်ခံထားလိုက်ခြင်းအရာသည် မည်သည့်ထူးခြားမှုကိုမျှ မဖြစ်ပေါ်စေပါချေ။ ထိုသူတို့ကို ဣသရေလလူမျိုးဟု ခေါ်ဆိုနိုင်သလို၊ ဂျူးလူမျိုးများဟုလည်းခေါ်ဆိုနိုင်ပါသည်။ သို့ရာတွင် ယေရှုခရစ်၌ စစ်မှန်သောယုံကြည်ခြင်းရှိသောသူမှတစ်ပါး အခြားမည်သူ့ကိုမျှ ဂျူးလူမျိုး (သို့) ဣသရေလလူမျိုးဟူ၍ ခေါ်ဆိုလို့မရနိုင်ပါချေ။ ကျမ်းစာ၏ပြတ်သားသောအဓိပ္ပါယ်အရဆိုလျှင် ထိုသို့သောယုံကြည်ခြင်းမျိုး ရှိသောသူအားခေါ်ဆိုရာတွင် ထိုအသုံးအနှုန်းနှစ်ခုစလုံးတို့ကို အသုံးပြုနိုင်ပါသည်။ ယုံကြည်သောထိုသူသည် အင်္ဂလိပ်လူမျိုးဖြစ်စေ၊ ပြင်သစ်လူမျိုးဖြစ်စေ၊ ဂရိလူမျိုးဖြစ်စေ၊ မြန်မာလူမျိုး (သို့) တရုတ်လူမျိုးဖြစ်စေ သူ့အား ထိုအသုံးအနှုန်းနှစ်မျိုးစလုံးတို့ဖြင့် ခေါ်ဆိုနိုင်ပါသည်။

## မည်သည့်အမျိုးအနွယ်မျှ "ပျောက်ဆုံးခြင်း" မရှိပါ

ယခုအခါတွင်၊ "ပျောက်ဆုံးသွားသောအမျိုးအနွယ်များ" အကြောင်းကို ကျွန်ုပ်တို့ လေ့လာသွားကြပါမည်။ ယုဒအမျိုးနှင့် ဗယ်ာမိန်အမျိုးများ ပျောက်ကွယ်သွားခြင်းမရှိခဲ့သည်နည်းတူ၊ ဣသရေလလူဆယ်မျိုးတို့သည်လည်း ဗာဗုလုန်တို့၏ဖမ်းဆီးချုပ်နှောင်သွားခြင်းမတိုင်မှီအချိန်တွင်ရော ချုပ်နှောင်ခြင်းပြီးမြောက်သွားခဲ့သည့်အချိန်တွင်ပါ ပျောက်ကွယ်သွားခြင်းမရှိခဲ့ကြောင်းကို ကျမ်းစာတော်မြတ်ထဲတွင် ရှင်းလင်းစွာတွေ့

ရှိရသည်။ ဤလူမျိုးနစ်မျိုး ပျောက်ကွယ်သွားခြင်းမရှိကြောင်းကို မည်ကဲ့သို့သိနိုင်ပါမည်နည်း။ အဖြေမှာ ရိုး ရှင်းလှပါပေသည်။ ဖမ်းဆီးခံထားရသည့်ဘဝမှလွတ်မြောက်ခွင့်ရလာခဲ့သည့်နောက်ပိုင်းတွင် တွေ့ရှိရသည့် ထို သူတို့၏ သမိုင်းရာဇဝင်မှတ်တမ်းများကို တွေ့ရှိဖတ်ရှုရသောအားဖြင့် သိရှိနိုင်ပါသည်။ ထိုလူမျိုးတို့ကို နာမည် နှင့်တကွ ဖော်ပြပေးထားပါသည်။ ထို့နည်းတူပင် ကျန်ဆယ်မျိုးသောဣသရေလလူတို့သည် ဖမ်းဆီးခြင်းမ တိုင်မီ အချိန်ကနည်းတူပင် ဖမ်းဆီးခံရခြင်းမှလွတ်မြောက်လာခဲ့ကြသောအချိန်တွင်လည်း ကျန်ရှိနေဆဲဖြစ် ကြောင်းကို မှတ်တမ်းကိုးကားချက်များအားဖြင့် ကျွန်ုပ်တို့သိနိုင်ပါသည်။

ဗာဗုလုန်သို့ ဣသရေလလူမျိုးအားလုံးတို့ကို ခေါ်ဆောင်မသွားခဲ့ပါချေ။ အဆင်းရဲအနုံချာဆုံး သောသူများနှင့် မထင်ပေါ်သောသူများတို့ကို သူတို့၏နေရင်းပြည်၌သာ ကျန်ရစ်စေခဲ့ကြပါသည်။ သို့ရာတွင် အများစုသောဣသရေလလူမျိုးတို့သည် ခေါ်ဆောင်သွားခြင်းခံခဲ့ကြရပါသည်။ နှစ်ပေါင်းခုနစ်ဆယ်ကာလ ကုန်ဆုံးသွားသောအခါတွင် ထိုလူမျိုးအားလုံးအတွက် ရှင်ဘုရင်ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သို့ပြန်သွား ခွင့်စာစောင်ကား အောက်ပါအတိုင်းဖြစ်ပါသည်။

"ယေရမိဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်ကို ပြည့်စုံစေခြင်းငှါ၊ ပေရသိရှင်ဘုရင် ကုရု နန်းစံပဌမနှစ်တွင်၊ ထာဝရဘုရားနှိုးဆော်တော်မူသောအားဖြင့်၊ ထိုရှင်ဘုရင်သည် အမိန့်တော်စာကိုထုတ်ပြီး လျှင်၊ ပေရသိနိုင်ငံအရပ်ရပ်တို့၌ ကြော်ငြာစေ၍၊ ပေရသိရှင်ဘုရင် ကုရုမင်းမိန့်တော်မူသည်ကား၊ ကောင်း ကင်ဘုံ၏အရှင်ဘုရားသခင်ထာဝရဘုရားသည်၊ မြေကြီးပေါ်မှာတိုင်းနိုင်ငံရှိသမျှတို့ကို ငါ့အားပေးတော်မူသည် ဖြစ်၍၊ ယုဒပြည်ယေရုရှလင်မြို့၌ အိမ်တော်ကို ငါတည်ဆောက်ရမည်အကြောင်း မှာထားတော်မူပြီ။ သင်တို့ တွင် အဘယ်သူသည် ဘုရားသခင်၏ လူဖြစ်သနည်း။ ထိုသူနှင့်အတူ ဘုရားသခင်ရှိတော်မူပါစေသော။ ယုဒ ပြည်ယေရုရှလင်မြို့သို့ သွား၍ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက် စေ။ ယေရုရှလင်မြို့၌ ရှိတော်မူသောဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။" ဧဇရတ်မှတ်စာ ၁း၁-၃

ပြည်သို့ပြန်လာရန်အခွင့်ကို အကန့်အသတ်မရှိပေးထားခဲ့ပါသည်။ သို့ရာတွင် ထိုအခွင့်အရေးကို အပြည့်အဝယူခဲ့သည့်လူမျိုးစုဟူ၍ မရှိခဲ့ပါချေ။ တယောက်မကျန် ပြန်လာခဲ့သည့်အမျိုးတမျိုးမျှမရှိခဲ့ပါချေ။ သို့ရာတွင် အမျိုးတိုင်းလိုလိုပြန်လာခဲ့ကြပြီး၊ ကျန်ရစ်နေခဲ့ကြသောသူများတို့သည်လည်း အလိုအလျောက် ကွယ်ပျောက်မသွားခဲ့ပါချေ။ တစ်ပါးတစ်နိုင်ငံတွင်နေထိုင်သော မိသားစုတစ်ကို ပျောက်ဆုံးနေသောမိသားစု ဟု ပြောလို့မရပါချေ။ နောက်ပိုင်းအချိန်တွင် အာတဇေရစ်မင်းသည် စာတစ်စောင်ကို ဤသို့ထပ်မံရေးသားခဲ့ ပါသည်။ "ငါ့နိုင်ငံ၌ရှိသော ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်၊ လေဝိသားတို့တွင် ယေရုရှလင်မြို့သို့ ကိုယ်အလိုအလျောက်သွားချင်သော သူရှိသမျှတို့သည် သင်နှင့်အတူလိုက်သွားရမည်အကြောင်း ငါအမိန့် တော်ရှိ၏။" ဧဇရတ်မှတ်စာ ၇း၁၃

## ကိုယ်စားပြု "ဣသရေလလူအပေါင်း"

ကုရုမင်း၏ထုတ်ပြန်ကြေညာမှုအပြီးတွင် ချက်ချင်းဖြစ်ပေါ်လာခဲ့သည့် အဖြစ်အပျက်တစ်ခုအ ကြောင်းကို ကျွန်ုပ်တို့ ဖတ်ရှုရလေသည်ကား၊ "ထိုအခါ ယုဒအဆွေအမျိုးနှင့် ဗင်္ယာမိန်အဆွေအမျိုးသူကြီး များ၊ ယဇ်ပုရောဟိတ်၊ လေဝိသားများနှင့်တကွ၊ ဘုရားသခင် နှိုးဆော်တော်မူသောသူအပေါင်းတို့သည်၊ ယေ ရုရှလင်မြို့၌ ရှိတော်မူသော ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်ခြင်းငှါ ထကြ၏။" ဧဇရတ်မှတ်စာ ၁း၅။ ဗိမာန်တော်နှင့်စပ်ဆိုင်သောအမှုတော်လုပ်ငန်းများကို ပြန်လည်ထူထောင်ခဲ့ကြကြောင်းနှင့်၊ ထိုလုပ်ငန်း များတွင် လေဝိလူမျိုးတစ်မျိုးတည်းကသာ တဲတော်အမှုထမ်းများအနေဖြင့် အမှုထမ်းခွင့်ရှိကြောင်းကို ကျွန်ုပ် တို့သိရှိထားကြပါသည်။ ဗိမာန်တော်၏တိုက်မြစ်ကို ချကြသောအခါတွင်၊ "ထာဝရဘုရား၏ဂုဏ်တော်ကိုချီး မွမ်းစေခြင်းငှါ၊ တံပိုးကိုင်သောယဇ်ပုရောဟိတ်များ၊ ခွက်ကွင်းကိုင်သောလေဝိအမျိုး၊ အာသပ်သားများတို့ကို

ခန့်ထားကြ" ကြောင်းကို ဗျာဒိတ်ကျမ်း ၃း၁၀-၁၂ တွင် ကျွန်ုပ်တို့ ဖတ်ရှုရပါသည်။ ယေရှုခရစ်တော်ရှင်ပြန် ထမြောက်ပြီး၊ ကောင်းကင်သို့တက်ကြွသွားပြီးခဲ့သည့်နောက်ပိုင်းအချိန်၌ပင် "ကုပရုပြည်သား လေဝိလူတ ယောက်" ဖြစ်သူ ဗာနဗဆိုသည့် ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ကျွန်ုပ်တို့ တွေ့ရှိနေရဆဲဖြစ်ပါသည်။ တမန်တော် ၄း၃၆

လုကာ ၂း၃၆-၃၈ တွင် အန္နအကြောင်းကို ဤသို့ဖတ်ရှုရပါသည်။ "အာရှာအမျိုးဖြစ်သော ဖနွေလ၏သမီး၊ အန္နအမည်ရှိသော ပရောဖက်မတယောက်ရှိ၏။" သူမသည် သူငယ်တော်ယေရှုခရစ်တော်ကို ဘုရားအဖြစ် အသိအမှတ်ပြုလက်ခံခဲ့ပြီး၊ "ယေရုရှလင်မြို့၌ ရွေးနုတ်ခြင်းအရာကို မြော်လင့်သောသူအပေါင်း တို့အား ထိုသူငယ်၏အကြောင်းကိုပြောလေ၏။" အသေချာဆုံးသောအရာတစ်ခုကား၊ ပစ္စည်းတစ်ခု၏တည်နေရာကို သင်သိလိုက်ရသောအခါတွင် ထိုပစ္စည်းသည် ပျောက်ဆုံးနေသောအရာတစ်ခု မဖြစ်နိုင်တော့ပါချေ။

ဤနေရာတွင် ထူးထူးခြားခြားပျောက်ဆုံးသွားခဲ့ကြသူများဟု ထင်မှတ်ခြင်းခံထားကြရသည့် ဣသရေလဆယ်မျိုးထဲမှာမှ နှစ်မျိုးတို့ကို ကိုယ်စားပြုများအနေဖြင့် တွေ့မြင်နေရပါသည်။ ထိုသူတို့ကို နာမည်နှင့်တကွတင်ပြထားပြီး (လေဝိအမျိုး နှင့် အာရှာအမျိုး)၊ ယေရုရှလင်မြို့တွင် နေထိုင်ကြသည်ဟုလည်း တင်ပြထားပါသည်။

အခြားသော လူမျိုးများအကြောင်းကို အသေးစိတ်မဖော်ပြထားပေးပါချေ။ သို့ရာတွင် ဗျာဒိတ်ကျမ်း ၂း၇၀ တွင် အောက်ပါအတိုင်း ဖတ်ရှုရပါသည်။ "ထိုသို့ ယဇ်ပုရောဟိတ်၊ လေဝိသား၊ သာမညလူအချို့ သီချင်းသည်၊ တံခါးစောင့်၊ ဘုရားကျွန်တို့သည် မိမိတို့နေရာမြို့ရွာတို့၌၎င်း၊ ဣသရေလပြည်သူပြည်သား အပေါင်းတို့သည် မိမိတို့နေရာမြို့ရွာတို့၌၎င်းနေရာကျကြ၏။" ဗျာဒိတ်ကျမ်း ၂း၇၀

အဂြိပ္ပမင်းကြီး၏ရှေ့တော်မှောက်တွင် တမန်တော်ပေါလုအနေဖြင့် မိမိ၏အသက်ကို အန္တရာယ်ပြုနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသောအခါတွင်၊ သူက "ဘုရားသခင်သည် ဘိုးဘေးများတို့အား ပေးတော်မူသောကတိတော်ကိုထောက်၍ မြော်လင့်ခြင်းတရားအကြောင်းကြောင့်၊ အကျွန်ုပ်သည် ယခုတွင် စစ်ကြောစီရင်ခြင်းကိုခံရပါ၏။ ယုဒလူတဆယ်နှစ်မျိုးတို့သည် နေ့ညဉ့်မပြတ် ကြိုးစား၍ ဘုရားဝတ်ပြုသဖြင့်၊ ထိုကတိတော်အတိုင်းခံရမည်ဟု မြော်လင့်ခြင်းရှိကြ၏။" တမန်တော် ၂၆း၆၊၇။ တမန်တော်ရှင်ပေါလု၏ခေတ်အချိန်ကာလတွင် လူမျိုးတစ်ဆယ့်နှစ်မျိုးစလုံးတည်ရှိနေခဲ့ကြောင်းနှင့် ဘိုးဘေးတို့၌ ဘုရားသခင်ပြုတော်မူခဲ့သည့် ကတိတော်များတို့၏ ပြည့်စုံလာမည့်အချိန်ကို သူတို့အနေဖြင့် မြော်လင့်နေခဲ့ကြကြောင်းကို ဤကျမ်းပိုဒ်ထဲတွင် တွေ့ရှိရပါသည်။

တဖန်၊ တမန်တော်ရှင်ယာကုပ်သည် မိမိ၏ဩဝါဒစာစောင်ကို "အရပ်ရပ်တို့၌ကွဲပြားသော တဆယ်နှစ်ပါးသောအမျိုးတို့" ထံသို့ ရေးသားပေးပို့ခဲ့ပါသည်။ ယာကုပ် ၁း၁။

ဣသရေလအမျိုးအနွယ်များထဲတွင် မည်သည့်အမျိုးအနွယ်ကမျှ ပျောက်ဆုံးသွားခြင်းမရှိခဲ့ကြောင်းကို ဖော်ပြပေးနိုင်သည့် လုံလောက်သောအထောက်အထားကို ဤနေရာတွင် တွေ့ရှိရပါသည်။ လူမျိုးရေးဆိုင်ရာ ကောဟချက်များအားလုံး (မည်သူက မည်သည့်အမျိုးထဲကဆင်းသက်သည် ဆိုသည့် ကောဟချက်များ) တို့သည် ယခုအခါတွင် ပြောက်ဆုံးသွားကုန်ပြီးဖြစ်ကာ၊ မိမိသည် ဂျူးလူမျိုးတစ်ဆယ့်နှစ်မျိုးထဲမှ မည်သည့်အမျိုး မှဆင်းသက်လာသည်အကြောင်းကို ပြောပြပေးနိုင်သည့် ဂျူးလူမျိုးဟူ၍ တစ်ယောက်မျှမရှိတော့ပါချေ။ ဤရှုထောင့်မှနေ၍ ပြောရမည်ဆိုလျှင်၊ ဂျူးလူမျိုးတစ်ဆယ်နှစ်မျိုးစလုံးတို့ကို ကမ္ဘာအရပ်ရပ်တွင် ကွဲပြားပြန့်လွင့်နေကြသည့် ဂျူးများဟု ခေါ်ဆိုနေကြရာလည်း၊ ယခုအခါတွင် ဂျူးလူမျိုးဆယ်မျိုးသာမက၊ တစ်ဆယ့်နှစ်မျိုးစလုံးတို့က ပျောက်ဆုံးနေပါသည်ဟု ပြောဆိုရပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ နာမည်စာရင်းအတိအကျကို ဘုရားသခင်က သိမ်းဆည်းထားပါသည်။ နောင်ကပ်ကမ္ဘာတွင် ဘုရားသခင်သည် လူတိုင်းတို့ကို သူ့နေရာနှင့်သူ ပြန်ပြီးနေရာချပေးပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အာပြဟံမျှော်လင့်

တောင်းတခဲ့သောမြို့တော်တည်းဟူသော၊ သူနှင့် သူ၏အမျိုးအနွယ်တို့အားပေးမည်ဟု ကတိထားတော်မူသော အမွေတော်နှင့်စပ်ဆိုင်သည့်မြို့တော်ယေရုရှလင်တွင် မြို့တံခါးတစ်ဆယ့်နှစ်ခုရှိပြီး၊ ထိုမြို့တံခါးတစ်ခုစီတိုင်းတို့၏အပေါ်တွင် "ဣသရေလအမျိုး တဆယ်နှစ်မျိုး၏နာမတို့" ကို ရေးသားထားလျက်ရှိသောကြောင့် ဖြစ်သည်။ ဗျာဒိတ် ၂၁း၁၂

## ဣသရေလလူမျိုးအဖြစ် ဘုရားသခင်အသိအမှတ်ပြုတော်မူသောသူကား၊

လူမျိုးများအပေါ် ရှုမြင်တော်မူရာတွင် ဘုရားသခင်သည် လူသားများရှုမြင်သကဲ့သို့ မြင်တော်မမူတတ်ကြောင်းကို နောက်ဆုံးသောကျမ်းချက်နှစ်ချက်က ထပ်မံပြထားပေးပါသည်။ "လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်သည်။" ၁ ဓမ္မ ၁၆း၇။ "အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်။ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏။" ရောမ ၂း၂၈၊ ၂၉။ ကယ်တင်တော်မူခြင်းသို့ရောက်သောသူတို့သည်၊ "မြို့တံခါးအတွင်းသို့ ဝင်" ရကြပါလိမ့်မည်။ (ဗျာဒိတ် ၂၂း၁၄) သို့ဆိုရာတွင်ဣသရေလလူမျိုးတစ်ဆယ့်နှစ်မျိုးတွင် တစ်မျိုးစီ၏နာမည်ကို ထိုမြို့တံခါးတစ်ခုချင်းစီတိုင်းတို့တွင် အက္ခရာတင်ထားလိမ့်မည်ဖြစ်ပါသည်။ ကယ်တင်ခြင်းခံရသောသူများတို့ကို ဣသရေလ လူမျိုးတစ်ဆယ့်နှစ်မျိုးအနေဖြင့် ပေါင်းစပ်ဖွဲ့စည်းထားကြောင်းကို ထိုအချက်က ပြသပေးနေပါသည်။ "ဣသရေလ" ၏အနက်အဓိပ္ပါယ်ကား အောင်နိုင်သောသူပင်ဖြစ်ကြောင်းကိုလည်း ထိုအချက်က သက်သေထောက်ပြပေးထားပါသည်။ ရှင်ယာကုပ်သြဝါဒစာစောင်ကျမ်းသည် ဣသရေလလူမျိုးဆယ့်နှစ်မျိုးထံသို့ ရေးသားပေးပို့ပေးသည့် သြဝါဒစာစောင်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုသြဝါဒစာစောင်တွင်ပါရှိသော သွန်သင်မှုများနှင့် ကတိတော်များတို့သည် ယကနေ့တွင်အသက်ရှင်နေကြသောခရစ်ယာန်များအတွက်ပင်ဖြစ်ကြောင်းကို မသိရှိသည့် ခရစ်ယာန်တစ်ဦးတစ်ယောက်မျှမရှိပါချေ။

အကယ်စင်စစ် ဣသရေလအမျိုးအားလုံး ပျောက်ဆုံးနေလျက်ရှိကြောင်းကို ဤအချက်က ကျွန်ုပ်တို့ကိုဖော်ပြပေးနေပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။" ရောမ ၃း၂၃။ "ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။" (ဟေရှာယ ၅၃း၆) ထို့ကြောင့် သခင်ယေရှု က "လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း။" လုကာ ၁၉း၁၀။ ဆိုသည့်စကားကို ဤလောကတွင် ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။ ယေရှု၏ခေတ်အချိန်ကာလမတိုင်မီတုန်းက ခါနန်ပြည်တွင်နေထိုင်ခဲ့ကြသော ခါနန်လူမျိုးများတို့၏ ဆွေမျိုးတော်တစ်ဦးဖြစ်သူ၊ အထင်အမြင်သေးခြင်းကိုခံခဲ့ရသည့် ဆင်းရဲသားခါနန်အမျိုးသမီးတစ်ဦး၌ ကောင်းချီးမင်္ဂလာစကားကို မြွက်ဆိုခါနီးအချိန်တွင်၊ ယေရှုက "ဣသရေလအမျိုးအဝင် ပျောက်လွင့်သောသိုးများမှတပါး အခြားသောအမျိုးရှိရာသို့ ငါ့ကိုမစေလွှတ်" ဟု မိန့်တော်မူခဲ့ပါသည်။ (မသဲ ၁၅း၂၄)

ဤနေရာတွင် နောက်ဆုံးအနေဖြင့် ပျောက်ဆုံးသွားသောဣသရေလလူမျိုးများကို ကျွန်ုပ်တို့ တွေ့ရှိရပြီးဖြစ်ပါသည်။ ပျောက်ဆုံးသွားခဲ့သည်မှာ ဆယ်မျိုးပင်မကပါချေ။ ဆယ်နှစ်မျိုးစလုံးပျောက်သွားခဲ့ပါသည်။ ထိုသူတို့၏ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ကား ယေရှုခရစ်၏အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌သာ မူတည်နေပါသည်။ ဤသို့သောအခြေအနေမျိုးထဲတွင် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ပြန်လည်တွေ့ရှိနေရပါသည်။ ထို့ကြောင့် ဣသရေလလူမျိုးများတို့ကို ပြန်လည်စုဝေးစေခြင်းအကြောင်းနှင့်ပတ်သက်သည့် ကတိတော်များအကြောင်းကို ဖတ်ရှုရာတွင် ထိုကတိတော်များတို့ကို ကျွန်ုပ်တို့

အားရည်ညွှန်းနေသည့်ကတိတော်များအဖြစ်သဘောထားကာ၊ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ကျွန်ုပ်တို့ဖတ်ရှု သွားနိုင်ကြပါသည်။ ထိုကတိတော်များအကြောင်းကိုမူ နောက်သင်ခန်းစာတွင် လေ့လာသွားပါမည်။

## ၄၇။ ကမ္ဘာသရေလလူတို့အားစုဝေးစေတော်မူခြင်း – ထာဝရပဋိညာဉ်ပြီးပြည့်စုံသွားခြင်း ယနေ့အတွက် သမ္မာတရား၊ မေလ ၂၇၊ ၁၈၉၇

"ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှသော အမှုအရာတို့ကိုသိတော်မူသည်။" တမန်တော် ၁၅း၁၈။ "သင်တို့အဘို့အလို့ငှါ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း၊...ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မှီတိုင်အောင် ကောင်းကင်ဘုံသည် ထိုခရစ်တော်ကို ခံယူသိမ်းဆည်းရမည်။" တမန်တော် ၃း၂၀၊ ၂၁။ "ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရကြလတံ့ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏သက်သေခံဖြစ်ကြသည်။" တမန်တော် ၁၀း၄၃။ မိမိလူများတို့ကို ဘုရားသခင်စုဝေးစေတော်မူပြီး၊ အသစ်တဖန်ပြုပြင်ထားတော်မူသောကမ္ဘာသစ်ထဲတွင် ပြန်လည်နေရာချပေးလာမည့်နေ့တစ်နေ့ကို ပရောဖက်များအနေဖြင့် အပြစ်စတင်ဝင်ရောက်လာခဲ့သည့်အချိန်ကတည်းက ဦးတည်ထားခဲ့ကြပါသည်။ ထိုဦးတည်ချက်သို့ ရောက်ရှိနိုင်ရေးအတွက် သူတို့အားလုံးအနေဖြင့် သက်သေခံချက်တစ်ခုကို ဝေငှလာခဲ့ကြပြီးဖြစ်ပါသည်။ ၎င်းမှာ ယေရှုခရစ်တော်ကိုယုံကြည်သောသူရှိသမျှတို့သည် အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရကြလိမ့်မည် ဆိုသည့်သက်သေခံချက်ပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်လွှတ်တော်မူခြင်းကျေးဇူးတမျိုးတည်းအားဖြင့်သာလျှင် သိမ်းယူခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း (ပြန်လည်နေရာချပေးခြင်း) အမှုတို့သည် ဖြစ်မြောက်လာနိုင်မည် ဖြစ်သောကြောင့်ဖြစ် သည်။ ဤအရာများအကြောင်းကို တင်ပြထားပေးသည့် အနာဂတ္တိကျမ်းစကားတစ်ချို့တို့ကို ကြည့်သွားကြပါစို့။ ထိုကျမ်းစကားများတို့သည် အခြားကျန်ရှိနေသေးသည့် ကျမ်းစကားများတို့၏ကိုယ်စားပြုကျမ်းများအနေဖြင့် သက်သေပြပေးသွားပါလိမ့်မည်။ ဦးစွာပထမအနေဖြင့် ဟေရှာယအခန်းကြီး ၁၁ ကို ကြည့်သွားမည်ဖြစ်သည်။ "ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီးသီးလိမ့်မည်။ ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။ ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်းမဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏အမှုကို တရားတော်အတိုင်းစီရင်၍၊ နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေလျက်၊ ဖြောင့်မတ်စွာ ဆုံးဖြတ်လိမ့်မည်။ မြေကြီးကို နှုတ်ကပတ်တော်လှံတံနှင့်ဒဏ်ခတ်၍၊ ဆိုးသောသူကို နှုတ်ခမ်းထွက်သက်နှင့် ကွပ်မျက်လိမ့်မည်။ (၂သက် ၂း၈ နှင့် နှိုင်းယှဉ်ကြည့်ပါ)။ တရားနှင့်သစ္စာသည် သူ၏ ခါးပန်းခါးစည်း ဖြစ်လိမ့်မည်။ တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူအိပ်လိမ့်မည်။ နွားသငယ်၊ ခြင်္သေ့သငယ်၊ ဆူအောင်ကျွေးသော အကောင်တို့သည် အတူသွားလာကြ၍၊ လူသူငယ်သည် သူတို့ကိုပို့ဆောင်လိမ့်မည်။ နွားမနှင့်ဝံမသည် အတူကျက်စား၍၊ သူတို့သားငယ်များသည် အတူအိပ်ကြလိမ့်မည်။ ခြ င်္သေ့သည်လည်း နွားကဲ့သို့ မြက်ကိုစားလိမ့်မည်။ နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်မှာ ကစားလိမ့်မည်။ နို့ကွာသောသူငယ်သည်လည်း၊ မြွေဟောက်တွင်းဝ၌ မိမိလက်ကိုသွင်းလိမ့်မည်။ ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ။ အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။" အခန်းငယ် ၁-၉

## ဖွဲ့စည်းတည်ဆောက်ပုံဖြင့်ဖော်ပြထားသော ဧဝံဂေလိသမိုင်းကြောင်း

ဤနေရာတွင် ဧဝံဂေလိသမိုင်းကြောင်းတစ်ခုလုံး၏ ပုံကြမ်းတစ်ခုကို ကျွန်ုပ်တို့တွေ့ရပါသည်။ "စိတ်နှိမ့်ချသောသူတို့သည် ပြည်တော်ကိုအမွေခံ၍၊ များပြားသောငြိမ်သက်ခြင်း၌ မွေ့လျော်" ရကြမည့် တစ်နေ့တစ်ချိန်သို့ရောက်ရှိလာသည့်အခါတွင် ဖြစ်ပေါ်လာမည့် အပြစ်သားများနှင့် အပြစ်တရားကို ချေပစ်ဖယ်ရှားခြင်းနှင့် ဖြောင့်မတ်သောသူတို့ကို ကမ္ဘာသစ်တွင် နေရာချခြင်းအဖြစ်တို့သည် ထိုပုံကြမ်းထဲတွင် ပါဝင်နေပါသည်။ ဆာလံ ၃၇း၁၁ နှင့်တကွ အခန်းငယ် ၉၊ ၁၀ ကိုဖတ်ပါ။

ဖတ်ရှုခဲ့ရသော ပုံပြင်အကြောင်းအရာတစ်ခုလုံးကို တင်ပြထားပြီးနောက်တွင်၊ ပရောဖက် (ဟေရှာယ) အနေဖြင့် အနည်းငယ်ထပ်မံပြီး အသေးစိတ် တင်ပြထားပေးလိုက်ပြန်ပါသည်။ မိမိအစချီပြောကြားခဲ့သည့် အကြောင်းအရာဘက်သို့ဦးတည်လျက် ရှမွေလ ပြောကြားလိုက်သည်ကား၊

"ထိုကာလ၌ ယေရှဲ၏အမြစ်သည် ပေါက်၍၊ လူများအဘို့ထူသောအလံဖြစ်လိမ့်မည်။ ထိုအလံ၌ တပါးအမျိုးသားတို့သည် ဆည်းကပ်ကြလိမ့်မည်။ ကျိန်းဝပ်တော်မူရာအရပ်သည်လည်း ဘုန်းကြီးလိမ့်မည်။ ထိုကာလ၌ ထာဝရဘုရားသည် လက်တော်ကိုဆန့်၍၊ ကျန်ကြွင်းသော ကိုယ်တော်၏လူတို့ကို အာရှုရိပြည်၊ အဲဂုတ္တုပြည်၊ ပါသရုပြည်၊ ကုရှပြည်၊ ဧလံပြည်၊ ရှိနာပြည်၊ ဟာမတ်ပြည်၊ ပင်လယ်တဘက်၌ရှိသောပြည်များတို့မှ ကယ်ယူခြင်းငှါ တဖန်ပြုတော်မူလိမ့်မည်။ တပါးအမျိုးသားတို့အဘို့ အလံကိုထူတော်မူသဖြင့်၊ နှင်ထုတ်သောဣသရေလအမျိုးသားနှင့်၊ အရပ်ရပ်ကွဲပြားသောယုဒအမျိုးသားတို့ကို မြေကြီးလေးမျက်နှာတို့မှ ခေါ်၍ စုဝေးစေတော်မူလိမ့်မည်။" အခန်းငယ် ၁၀-၁၂

ရွေးချယ်တော်မူသောသူတို့ကို မြေကြီးအရပ်လေးမျက်နှာတို့မှ စုဝေးစေမည်ဆိုသည့်အကြောင်းအရာကို မသဲ ၂၄း၃၁ တွင်လည်း ဖတ်ရှုရပါသည်။ မိမိလူများတို့ကို စုဝေးစေဖို့ရန်အတွက် ဘုရားသခင်အနေဖြင့် မိမိ၏လက်တော်ကို ပထမဦးဆုံးအကြိမ်ဆန့်တန်းတော်မူခဲ့စဉ်အချိန်က ထင်ရှားတော်မူခဲ့သည့် ထိုသခင်၏တန်းခိုးတော်သည်ပင် ဤစုဝေးခြင်းအမှုကို ပြီးမြောက်စေတော်မူလိမ့်ဖြစ်သည်။ အကြောင်းမူကား၊ "ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည် မှထွက်သွားသောအခါ၌ ဖြစ်သကဲ့သို့၊ အာရှုရိပြည်မှ ကျန်ကြွင်းသော ကိုယ်တော်၏လူတို့သွားရာလမ်းကြီးဖြစ်ရလိမ့်မည်။" ဟု ဖတ်ရှုခဲ့ရသောကြောင့်ဖြစ်သည်။ ဟေရှာယ ၁၁း၁၆

## "သင်တို့၏ ဘုရားသခင်ကို ကြည့်ရှုကြ"

ပထမဦးဆုံးနှင့် နောက်ဆုံးဖြစ်သော ဤစုဝေးခြင်းအကြောင်းကို ဟေရှာယအခန်းကြီး ၄၀ တွင်လည်း ကျွန်ုပ်တို့ ဖတ်ရှုရပါသည်။ အပြစ်ခွင့်လွှတ်ပေးခြင်း၊ သန့်ရှင်းသောဝိညာဉ်တည်းဟူသော ဥပဇ္ဈာယ်ဆရာကို ပေးသနားတော်မူခြင်း၊ ဘုရားသခင်အား စကြာဝဠာတစ်ခုလုံးတွင် တစ်ဦးတည်းတည်ရှိတော်မူသော တန်ခိုးတော်ရှင်၊ ဖန်ဆင်းရှင်နှင့် ထောက်ပင့်ပေးတော်မူသောအရှင်အနေဖြင့် ထုတ်ဖော်ပြသခြင်းနှင့် ဘုန်းတော်နှင့်တကွကြွလာတော်မူမည့် ဘုရားသခင်၏ကြွလာခြင်းအကြောင်းကိုကြွေးကြော်ခြင်း စသည့် အကြောင်းအရာများအားလုံးပါဝင်သည့် ဧဝံဂေလိတရားကိုဟောပြောခြင်းအကြောင်းအရာကို ထိုကျမ်းတွင် တွေ့ရှိရပါသည်။ ထို့နောက်၊ "သင်တို့၏ဘုရားသခင်ကို ကြည့်ရှုကြ" လော့ ဆိုသည့် သတင်းစကားထဲတွင် အောက်ပါအကြောင်းအရာကို ကျွန်ုပ်တို့အနေဖြင့် ဤသို့ ဖတ်ရှုလိုက်ရပါသည်။

"ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည်၊ ကြီးသောတန်ခိုးနှင့်ကြွလာ၍၊ လက်ရုံးတော်အားဖြင့် အစိုးရတော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခါ မိမိ၌ပါလျက်၊ ဆုလဒ်တော်သည် ရှေ့တော်၌ရှိ၏။ မိမိသိုး

စုကို သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ကိုချီ၍ ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည်းညှင်းစွာ ပို့ဆောင်တော်မူမည်။" အခန်းငယ် ၁၀၊ ၁၁

"သိုးခြံတခု သိုးထိန်းတပါးတည်း" သာရှိနိုင်ဖို့ရန်အတွက် ဣသရေလအမျိုးတွင်ရှိသော ပျောက်လွင့်နေသောသိုးများတို့ကို တစ်ခုတည်းသောသိုးခြံထဲသို့ စုဝေးစေတော်မူမည် ဆိုသည့်အကြောင်းအရာတစ်ခုကို ယခင်ကဖတ်ရှုလာခဲ့ရပြီးဖြစ်ပါသည်။ ထိုစုဝေးစေခြင်းအမှုသည် ဧဝံဂေလိတရားဟောကြားခြင်းအမှုအားဖြင့် အစပြုပြီး၊ မိမိ၏သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ ဘုန်းတော်နှင့်တကွ ပြန်လည်ကြွဆင်းလာမည့် ဘုရားသခင်၏ကြွလာတော်မူခြင်းအမှု တစ်မျိုးတည်းအားဖြင့်သာလျှင် အဆုံးသတ်ရမည် ဆိုသည့်အကြောင်းအရာကို ဤနေရာတွင် တွေ့ရှိရပါသည်။ ထို့ပြင်မက၊ ဘုရားသခင်ကြွလာတော်မူသောအခါတွင် ကျွန်ုပ်တို့တွေ့မြင်ရမည့် ထိုသခင်၏ဘုန်းတန်ခိုးတော်သည် ဧဝံဂေလိတရားဟောပြောခြင်းလုပ်ငန်းနှင့်အတူတကွတည်ရှိနေသည့် တန်ခိုးတော်နှင့် တထပ်တည်းတူညီနေပါသည်။

## ဖေါက်ပြန်သင်းခွဲခြင်းအခြေအနေအောက်တွင် ပျောက်လွင့်နေကြသောသိုးများ

အောက်ဖေါ်ပြပါ ကျမ်းပိုဒ်များထဲတွင်၊ ဣသရေလအမျိုး၏ ပျောက်လွင့်နေကြသောသိုးများတို့၏ အခြေအနေနှင့် သစ္စာမရှိသောသိုးထိန်းများတို့က သိုးများအားစုဝေးစေရမည့်အစားတွင် ထိုသိုးများကို ကွဲပြားပြန့်လွင့်အောင် မည်ကဲ့သို့ လုပ်ဆောင်နေကြသည့်အကြောင်းအရာများကို ဖတ်ရှုရပါသည်။

"အချင်းလူသား၊ သင်သည် ဣသရေလအမျိုး သိုးထိန်းတို့တဘက်၌ ပရောဖက်ပြု၍ ဟောပြောလျက်၊ သိုးထိန်းတို့အား အရှင်ထာဝရဘုရားမိန့်တော်မူသော စကားကိုဆင့်ဆိုရမည်မှာ၊ ကိုယ်ကိုသာ ကျွေးမွေးသောဣသရေလအမျိုးသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ သိုးထိန်းသည် သိုးတို့ကိုမကျွေးမွေးရသလော။ သင်တို့သည် သိုးနို့ကိုစားကြ၏။ သိုးမွေးကိုဝတ်ကြ၏။ ဆူဖြိုးသောသိုးတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင်၊ သိုးတို့ကို မကျွေးမွေးပါတကား။ အားနည်းသောသိုးကိုမ မစကြ၊ နာသောသိုးတို့ကိုဆေးမကုကြ၊ အရိုးကျိုးသောသိုးကို အဝတ်နှင့်မစည်းကြ၊ သူတပါးနှင်သောသိုးကို လိုက်၍မဆောင်ခဲ့ကြ၊ ပျောက်သောသိုးကို မရှာကြ၊ အနိုင်အထက်ပြု၍ ကြမ်းတမ်းစွာစီရင်ကြပြီ။ ထိန်းသောသူမရှိသောကြောင့် သိုးတို့သည် ကွဲပြားကြ၏။ ကွဲပြားလျက်နေသောအခါ ခပ်သိမ်းသော တောသားရဲစားစရာဖြစ်ကြ၏။ ငါ့သိုးတို့သည် တောင်များ၊ မြင့်သောကုန်းများအပေါ်မှာလဲ၍ မြေတပြင်လုံးတွင် အရပ်ရပ်သို့ ကွဲပြားပြန့်လွင့်လျက်နေ၍၊ အဘယ်သူမျှ မလိုက်ရှာကြ။

"သို့ဖြစ်၍၊ အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ကြလော့။ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ သိုးထိန်းမရှိ၊ အဘယ်သိုးထိန်းမျှ ငါ့သိုးတို့ကိုမရှာ၊ သိုးထိန်းတို့သည် ငါ့သိုးတို့ကိုမကျွေးမွေး၊ ကိုယ်ကိုသာကျွေးမွေးသဖြင့်၊ ငါ့သိုးတို့သည် လုယူရာ၊ ခပ်သိမ်းသောတောသားရဲစားစရာဖြစ်သောကြောင့်၊ အချင်း သိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုနားထောင်ကြလော့။ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်သိုးထိန်းတို့ တဘက်၌နေ၏။ ငါ့သိုးများကို သူတို့၌ငါတောင်း၍ သိုးထိန်းအရာကို နှုတ်မည်။ သိုးထိန်းတို့သည် နောက်တဖန်ကိုယ်ကို မကျွေးမွေးရကြ။ ငါ့သိုးများကို သူတို့ပါးစပ်မှ ငါနှုတ်၍ နောက်တဖန် မကိုက်မစားရကြ။ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ ကွဲပြားလျက်ရှိသော မိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကိုကြိုးစား၍ရှာမည်။ မိုဃ်းအုံ၍မိုက်သောနေ့၌ သူတို့ကွဲပြားသောအရပ်ရပ်တို့က ငါနှုတ်ဆောင်မည်။ အတိုင်းတိုင်းအပြည်ပြည်တို့ကခေါ်ခဲ့၍ စုဝေးစေပြီးလျှင်၊ သူတို့နေရင်းပြည်သို့ ပို့ဆောင်မည်။ ဣသရေလတောင်တို့အပေါ်၊ မြစ်တို့အနားအစရှိသော နေစရာ အရပ်ရပ်တို့၌ ကျွေးမွေးမည်။" (ရေမသြဝါဒစာစောင် ၄း၁၈ နှင့်နှိုင်းယှဉ်ကြည့်ပါ)

"သိုးထိန်းတဦးကိုလည်း ငါခန့်ထား၍ သူသည် ကျွေးမွေးလိမ့်မည်။ ငါ၏ကျွန်ဒါဝိဒ်သည် သူတို့ကို ကျွေးမွေး၍ သိုးထိန်းလုပ်ရလိမ့်မည်။ ငါထာဝရဘုရားသည် သူတို့၏ဘုရားသခင်ဖြစ်မည်။ ငါ၏ကျွန်ဒါဝိဒ်သည်လည်း သူတို့၏မင်းဖြစ်ရလိမ့်မည်။ ငါထာဝရဘုရားပြောပြီ။ သူတို့နှင့်ငြိမ်သက်ခြင်းပဋိညာဉ်ကို ငါဖွဲ့၍၊ ဆိုးသောသားရဲတို့ကို ထိုပြည်၌ပယ်ဖြတ်မည်။ (ဟေရှာယ ၁၁း၆-၉နှင့် နှိုင်းယှဉ်ကြည့်ပါ)။ သူတို့သည် လွင်ပြင်၌ ငြိမ်ဝပ်စွာနေ၍ တော၌အိပ်ပျော်ကြလိမ့်မည်။ သူတို့ကိုငှင်း၊ ငါ၏တောင်တော်ပတ်လည်၌ရှိသော အရပ်တို့ကိုငှင်း ငါကောင်းချီးပေး၍၊ အချိန်တန်လျှင် မိုယ်းကိုရွာစေသဖြင့်၊ ကောင်းကြီးမိုးရေ ကျရလိမ့်မည်။ တောသစ်ပင်သည် အသီးကိုသီးလိမ့်မည်။ မြေသည်လည်း အသီးအနှံကိုပေးလိမ့်မည်။ ပြည်သားတို့သည် ငြိမ်ဝပ်စွာနေရကြလိမ့်မည်။ သူတို့ထမ်းသော ထမ်းပိုးကြိုးကို ငါဖြတ်၍၊ အနိုင်အထက်စေခိုင်းသောသူတို့ လက်မှကယ်နှုတ်သောအခါ၊ ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။ နောက်တဖန် တပါးအမျိုးသားတို့သည် မလုမယူရကြ။ ပြည်သားရဲတို့သည်လည်း ကိုက်၍မစားရကြ။ အဘယ်သူမျှမကြောက်စေဘဲ၊ သူတို့သည် ငြိမ်ဝပ်စွာနေရကြလိမ့်မည်။" ယေဇကျေလ ၃၄း ၁-၁၃၊ ၂၃-၂၈

## ရှင်ပြန်ထမြောက်ခြင်းအားဖြင့် စုဝေးစေတော်မူခြင်း

နောက်ဆုံးသော ဤစုဝေးခြင်းအမှုသည် မည်ကဲ့သို့ပြည့်စုံလာရမည် ဆိုသည့်အကြောင်းကို အခန်းကြီး ၃၇ ထဲတွင် အတိအကျ ပြောပြပေးထားပါသည်။

"တဖန် ထာဝရဘုရား၏လက်တော်သည် ငါ့အပေါ်မှာရှိ၍ ဝိညာဉ်တော်အားဖြင့် ငါ့ကိုပြင်သို့ ဆောင်သွားလျက်၊ အရိုးတို့နှင့် ပြည့်သောချိုင့်အလယ်၌ ထားပြီးလျှင်၊ ထိုအရိုးတို့ပတ်လည်၌ ရှောက်သွားစေတော်မူ၏။ ထိုချိုင့်မျက်နှာပြင်၌ များစွာသောအရိုးတို့သည်ရှိ၍ အလွန်သွေ့ခြောက်ကြ၏။ ထာဝရဘုရားကလည်း၊ အချင်းလူသား၊ ဤအရိုးတို့သည် အသက်ရှင်နိုင်သလောဟု မေးတော်မူလျှင်၊ ငါက၊ အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သိတော်မူသည် ဟု လျှောက်လေ၏။

"ထာဝရဘုရားကလည်း၊ ဤအရိုးတို့အပေါ်မှာ ပရောဖက်ပြု၍ ဟောပြောရမည်မှာ၊ အိုသွေ့ခြောက်သောအရိုးတို့၊ ထာဝရဘုရား၏အမိန့်တော်ကိုနားထောင်ကြလော့။ (ယောဟန် ၅း၂၅-၂၉ နှင့် နှိုင်းယှဉ်ကြည့်ပါ)။ ဤသွေ့ခြောက်သောအရိုးတို့အား အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် သင်တို့အထဲသို့ အသက်ကိုသွင်း၍ သင်တို့သည် အသက်ရှင်ရကြမည်။ သင်တို့အပေါ်မှာ အကြောတို့ကိုငါတင်၍ အသားကိုတက်စေမည်။ အရေနှင့်ဖုံးလွှမ်း၍၊ အသက်ကိုသွင်းသဖြင့် သင်တို့သည် အသက်ရှင်၍၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်ဟု၊

"မှာထားတော်မူသည်အတိုင်း ငါသည် ပရောဖက်ပြု၏။ ပရောဖက်ပြုစဉ်တွင် အသံမြည်၏။ လှုပ်ရှားခြင်းလည်းရှိ၏။ အရိုးတို့သည် တခုအနီးသို့တခု ချဉ်းကြ၏။ ငါကြည့်ရှုစဉ်တွင် အကြောတို့သည်ပေါ်လာ၍ အသားလည်းတတ်၏။ အရေလည်းဖုံးလွှမ်း၏။ သို့ရာတွင်၊ အသက်မရှိသေး။ ထာဝရဘုရားကလည်း၊ အချင်းလူသား၊ လေအား ပရောဖက်ပြုလော့။ အရှင်ထာဝရဘုရား၏အမိန့်တော်ကို လေအားဆင့်ဆိုရမည်မှာ၊ အိုလေ၊ အရပ်လေးမျက်နှာတို့မှလာ၍၊ ဤအသေကောင်တို့သည် အသက်ရှင်မည်အကြောင်း သူတို့အပေါ်မှာ မှုတ်လော့ဟု၊ မှာထားတော်မူသည်အတိုင်း ငါသည် ပရောဖက်ပြု၍၊ လေသည် သူတို့အထဲသို့ဝင်သဖြင့် သူတို့သည် အသက်ရှင်၍၊ အလွန်များသောဗိုလ်ခြေဖြစ်လျက် မတ်တတ်နေကြ၏။

"ထာဝရဘုရားကလည်း၊ အချင်းလူသား၊ ဤအရိုးတို့သည် ဣသရေလအမျိုးအပေါင်းဖြစ်ကြ၏။ ငါတို့အရိုးများသည် သွေ့ခြောက်ကြ၏။ မြော်လင့်စရာမရှိ။ ငါတို့သည် ဆုံးရှုံးကြပြီဟု သူတို့ဆိုတတ်ကြ၏။ သို့ဖြစ်၍၊ ပရောဖက်ပြုလျက် အရှင်ထာဝရဘုရား၏အမိန့်တော်ကို သူတို့အား ဆင့်ဆိုရမည်မှာ၊ အချင်းငါ၏လူတို့၊ သင်တို့သင်္ချိုင်းတွင်းများကို ငါဖွင့်၍ သင်တို့ကိုထုတ်ပြီးလျှင် ဣသရေလပြည်သို့ ပို့ဆောင်မည်။ အချင်း

ငါ၏လူတို့၊ သင်တို့သင်္ချိုင်းတွင်းများကို ငါဖွင့်၍သင်တို့ကို ထုတ်ပြီးလျှင်၊အသက်ရှင်စေခြင်းငှါ ငါသည် ကိုယ်အသက်ကို သွင်းပေး၍၊ သင်တို့ကို နေရင်းပြည်၌နေရာချသောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ ငါထာဝရဘုရားပြောသည်အတိုင်း ပြည့်စုံကြောင်းကိုလည်း သိရကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" အခန်းငယ် ၁-၁၄

## "ဣသရေလအမျိုးအပေါင်း"

ဣသရေလလူများအနေဖြင့် မိမိတို့၏နေရင်းပြည်၌ နေရာပြန်ရပြီး၊ ပြောင်းရွှေ့ခြင်းအဖြစ်နှင့် ညှင်းပန်းနှိပ်စက်ခံရခြင်းများတို့နှင့် နောက်တဖန် မတွေ့မကြုံရကြတော့မည်အကြောင်း (၂ဓမ္မရာဇဝင် ၇း၁၀)၊ ဘုရားသခင်သည် သူတို့အဖို့ နေရာတစ်နေရာကို ပြင်ဆင်ပေးတော်မူမည် ဆိုသည့် ဒါဝိဒ်၌ထားတော်မူခဲ့သည့် ကတိတော်သည် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအမှုအားဖြင့် ပြည့်စုံလာရလိမ့်မည်ဖြစ်သည်။ ထားတော်မူခဲ့သည့်တစ်ခုတည်းသောကတိတော်တည်းဟူသော ဣသရေလလူများတို့အားစုဝေးစေတော်မူမည် ဆိုသည့် ကတိတော်သည် ခေတ်ကာလတစ်လျှောက် သစ္စာရှိစွာရပ်တည်လာကြသောသူများအားလုံးတို့အဖို့ လုံလောက်သောကတိတော်တစ်ခုပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ သခင်ဘုရားအနေဖြင့် မိမိ၏စကားသံကို လွှင့်တော်မူမည့်တစ်နေ့တစ်ချိန်တွင်၊ "သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍၊ ထွက်လာရ" ကြလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။

ဤစုဝေးခြင်းအမှုသည် "ဣသရေလအမျိုးအပေါင်း" တို့ကို စုဝေးစေသည့် စုဝေးခြင်းအမျိုးဖြစ်ရမည် ဆိုသည့်အကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်ပါ သည်။ ထိုအချိန်တွင် နိုင်ငံတော်ကွဲပြားခြင်းအဖြစ်မျိုးရှိနေတော့မည်မဟုတ်ပဲ၊ "သိုးခြံတခု သိုးထိန်းတပါးတည်း" သာ ရှိနေလိမ့်မည်ဖြစ်ကြောင်းကို အောက်ဖော်ပြပါ ကျမ်းချက်များတို့က ပြသပေးထားပါသည်။

"တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ အချင်းလူသား၊ တုတ်တချောင်းကိုယူ၍၊ ယုဒအမျိုးနှင့် သူ၏အပေါင်းအဘော် ဣသရေလအမျိုးသားအဘို့ဟု ရေးမှတ်လော့။ တဖန် တုတ်တချောင်းကိုယူ၍၊ ယောသပ်အမျိုးနှင့် သူ၏အပေါင်းအဘော် ဣသရေလအမျိုးသားများအဘို့၊ ဧဖရိမ်တုတ်ပေတည်းဟု ရေးမှတ်လော့။ ထိုတုတ်နှစ်ချောင်းကို တချောင်းတည်းဖြစ်စေခြင်းငှါ ပူးထား၍၊ ထိုတချောင်းတည်းသောတုတ်ကို လက်စွဲလော့။ သင်၏အမျိုးသားချင်းတို့က၊ ထိုသို့ပြုသော်၊ အဘယ်သို့ဆိုလိုသည်ကို ငါတို့အားမပြောသင့်သလောဟု မေးလျှင်၊ အရှင်ထာဝရဘုရား၏အမိန့်တော်ကို သူတို့အား ဆင့်ဆိုရမည်မှာ၊ ဧဖရိမ်ကိုင်သော ယောသပ်၏တုတ်နှင့်၊ သူ၏အပေါင်းအဘော် ဣသရေလအမျိုးအနွယ်တို့ကိုငါယူ၍ ယုဒတုတ်နှင့်အတူ ပူးထားပြီးလျှင်၊ တချောင်းတည်းဖြစ်သော တုတ်ကိုငါလက်စွဲမည်ဟု ဆင့်ဆိုလျက်၊ သင်ရေးမှတ်သော ထိုတုတ်ကိုသူတို့မျက်မှောက်၌ လက်စွဲလျက်နေလော့။ အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုလည်း ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုးသားတို့ရောက်သော တပါးအမျိုးသားနေရာအရပ်ရပ်တို့မှ သူတို့ကိုငါခေါ်ခဲ့၍ စုဝေးစေပြီးလျှင်၊ သူတို့ကို နေရင်းပြည်သို့ပို့ဆောင်မည်။ ထိုပြည်တွင် ဣသရေလ တောင်တို့အပေါ်၌ လူတမျိုးတည်းဖြစ်စေ၍၊ ရှင်ဘုရင်တပါးတည်းသာလျှင် ထိုသူအပေါင်းတို့ကို စိုးစံရလိမ့်မည်။ နောင်တဖန် သူတို့သည် လူနှစ်မျိုးမဖြစ်ရ။ နှစ်တိုင်းနှစ်ပြည်ကွဲပြားလျက်မရှိရ။ နောက်တဖန် သူတို့ရုပ်တုများ၊ စက်ဆုပ်ရွံရှာဘွယ်သောအမှုများ၊ လွန်ကျူးခြင်းအမှုများနှင့် ကိုယ်ကိုမညစ်ညူးစေရကြ။ သူတို့ပြစ်မှားလေရာရာ အရပ်တို့မှ ငါကယ်နှုတ်၍ သန့်ရှင်းစေမည်။ သူတို့သည် ငါ၏လူဖြစ်ကြလိမ့်မည်။ ငါသည်လည်း သူတို့၏ဘုရားသခင်ဖြစ်မည်။ ငါ၏ကျွန်ဒါဝိဒ်သည် သူတို့၏ရှင်ဘုရင်ဖြစ်၍၊ ထိုသူအပေါင်းတို့သည် သိုးထိန်းတဦးတည်း ရှိကြလိမ့်မည်။ ငါစီရင်ထုံးဖွဲ့ချက် တရားလမ်းသို့လိုက်၍ စောင့်ရှောက်ကြလိမ့်မည်။ ငါ၏ကျွန်ယာကုပ်အား ငါပေး

၍၊ သင်တို့ ဘိုးဘေးများနေဘူးသော ပြည်၌သူတို့နှင့်သားမြေး အစဉ်အဆက်တို့သည် နေကြလိမ့်မည်။ ငါ၏ ကျွန်ဒါဝိဒ်သည်လည်း သူတို့ကို အစဉ်အမြဲစိုးစံလိမ့်မည်။" ယေဇကျေလ ၃၇း ၁၅-၂၅

ထိုကျမ်းအပြီးတွင် ဆက်တိုက်ဖော်ပြထားသည့်ကျမ်းကို ယခုအခါတွင် သီးသန့်အနေဖြင့် မှတ်သားထားပေးပါ။

"ထိုမှတပါး၊ သူတို့နှင့်မိဿဟာယပဋိညာဉ်ကို ငါဖွဲ့၍၊ ထိုပဋိညာဉ်သည် နိစ္စထာဝရပဋိညာဉ်ဖြစ်လိမ့်မည်။ သူတို့ကိုနေရာချ၍ များပြားစေမည်။ ငါ၏သန့်ရှင်းရာဌာနကို သူတို့အလယ်၌ အစဉ်အမြဲထားမည်။ ငါ၏ဗိမာန်တော်သည်လည်း သူတို့၌ရှိ၍၊ ငါသည် သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်လိမ့်မည်။ (ဗျာဒိတ်ကျမ်း ၂၁း၁-၃ နှင့်နှိုင်းယှဉ်ကြည့်ပါ)။ ထိုသို့ငါ၏ သန့်ရှင်းရာဌာနသည် သူတို့အလယ်၌ အစဉ်မြဲအမြဲတည်သောအခါ၊ ငါထာဝရဘုရားသည် ဣသရေလအမျိုးကို သန့်ရှင်းစေသည်ဟု တပါးအမျိုးသားတို့သည် သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။" အခန်းငယ် ၂၆-၂၈

## ရှိသမျှသောတိုင်းနိုင်ငံများအပေါ်တွင်ကျရောက်လာမည့် ဘုရားသခင်၏တရားစီရင်မှု

ဣသရေလလူတို့အား ကယ်နှုတ်တော်မူခြင်းအမှုသည် နေရာဒေသတစ်ခုတည်းနှင့်သာသက်ဆိုင်သည့် အမှုကိစ္စတစ်ခု မဟုတ်ကြောင်းကို ယေရမိအခန်းကြီး ၂၅ တွင်ဖော်ပြထားသည့် ဗာဗုလုန်မြို့အား အပြစ်ဒဏ်စီရင်ရန်ရှိသည် ဆိုသည့်သတိပေးချက်မှ ရှင်းလင်းစွာပြသထားပေးပါသည်။ နှစ်ပေါင်းခုနစ်ဆယ်ကာလ၏အဆုံးတွင် ဤပြစ်ဒဏ်စီရင်ချက်ကို ချမှတ်လိုက်ဖို့ရန် ဘုရားသခင်ကြံစည်ထားတော်မူခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့တွေ့မြင်လာခဲ့ကြရသည့်အတိုင်းပင်၊ ထိုအချိန်တွင် ဣသရေလလူမျိုးများအနေဖြင့် ဘုရား၏စုဝေးစေတော်မူခြင်းကို ခံယူကြဖို့ရန်အတွက် ရာနှုန်းပြည့် အဆင်သင့်မရှိခဲ့ကြသေးပါချေ။ ထိုအချိန်မှစ၍ ယခုအချိန်အထိပင်၊ မြောက်များစွာသော ဘုရားသခင်၏လူများတို့သည် ဗာဗုလုန်ထဲတွင် ရှိနေကြဆဲဖြစ်ပါသည်။ ထို့ကြောင့် "ငါ၏လူမျိုးတို့၊ သူ၏အထဲကထွက်ကြလော့။" ဆိုသည့် ခေါ်သံသည် ဤနောက်ဆုံးသောကာလတွင် အသက်ရှင်နေကြသည့်သူများထံတွင် ရောက်ရှိလာနေပြီးဖြစ်သည်နည်းတူ ထိုခေတ်အချိန်အခါတွင်လည်း ထိုသူတို့ထံသို့ ရောက်ရှိသွားခဲ့ပါသည်။ ယေရမိ ၅၁း၄၅၊ ဗျာဒိတ် ၁၈း၄။ မည်သို့ပင်ဖြစ်စေကာမူ၊ ဗာဗုလုန်အား ပြစ်ဒဏ်စီရင်ခြင်းအမှုကို ထိုအချိန်အခါတွင် ဘုရားသခင်အနေဖြင့် အစပြုတော်မူခဲ့ပါသည်။ ဣသရေလလူတို့၌ထားတော်မူခဲ့သော ကတိတော်များအကြောင်းနှင့် သူတို့ကိုညှင်းဆဲသောသူများတို့၏အပေါ်တွင် ကျရောက်လာခဲ့သည့် ပြစ်ဒဏ်စီရင်မှုများအကြောင်းကို အောက်ဖော်ပြပါ ကျမ်းပိုဒ်များက ဖော်ပြပေးသွားလိမ့်မည်ဖြစ်သည်။

"ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားကလည်း၊ အမျက်တော်စပျစ်ရည်ဖလားကို ငါ့လက်မှခံယူလော့။ ငါသည်သင့်ကို စေလွှတ်သောလူမျိုးအပေါင်းတို့ကို သောက်စေလော့။ (ဆာလံ ၇၅း၈၊ ဗျာဒိတ် ၁၄း၉၊ ၁၀ တို့နှင့်နှိုင်းယှဉ်ကြည့်ပါ)။ သူတို့အလယ်သို့ ငါစေလွှတ်သောထားကြောင့် သူတို့သည် သောက်၍ ယစ်မူးတိမ်းယိမ်းခြင်းသို့ရောက်ကြလိမ့်မည်ဟု ငါ့အားမိန့်တော်မူသည်အတိုင်း၊ ငါသည် ထာဝရဘုရား၏လက်တော်မှ ထိုဖလားကိုခံယူ၍၊ ထာဝရဘုရားသည် ငါ့ကိုစေလွှတ်တော်မူသော လူမျိုးအပေါင်းတို့ကို သောက်စေ၏။ ထိုလူမျိုးများဟူမူကား၊ ယနေ့ရှိသည်အတိုင်း လူဆိတ်ညံ့ရာ၊ အံ့ဩဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ ကျိန်ဆဲရာဖြစ်စေခြင်းငှါ၊ သောက်ရသောယေရုရှလင်မြို့သူ၊ ယုဒပြည်သား၊ ယုဒရှင်ဘုရင်များ၊ မှူးမတ်များ၊ အဲဂုတ္တုပြည်ကိုအစိုးရသောဖာရောဘုရင် အစရှိသောသူ၏ကျွန်၊ မှူးမတ်၊ ပြည်သူ ပြည်သား၊ သူတို့နှင့်ရောနှောသော တပါးအမျိုးသားရှိသမျှ၊ တပါးနှင့်တပါးနီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ မြောက်ပြည်မင်းရှိသမျှတို့နှင့်၊ မြေကြီးတပြင်လုံး၌ရှိသမျှသော လောကီနိုင်ငံအပေါင်းပါကြသတည်း။ နောက်ဆုံး၌ ရှေရှက်ရှင်ဘုရင်သောက်ရမည်။" ယေရမိ ၂၅း၁၅-၁၉၊ ၂၆

"သင်တို့အလယ်သို့ ငါစေလွှတ်သောထားကြောင့် သောက်၍ယစ်မူးကြ။ အော့အန်ကြ၊ လဲကြ၊ နောက်တဖန်မထကြနှင့်ဟု ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့အားဆင့်ဆိုလော့။ သူတို့သည် သောက်ခြင်းငှါ ထိုဖလားကို သင်၏လက်မှမခံ၊ ငြင်းပယ်လျှင်လည်း၊ စင်စစ်သောက်ရကြမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူကြောင်းကို သူတို့အားပြန်ပြောလော့။ အကြောင်းမူကား၊ ငါ၏နာမဖြင့် သမုတ်သောမြို့ကို ငါသည် အပြစ်ပေးစပြုလျှင်၊ သင်တို့သည် ဒဏ်အလျှင်းမခံဘဲ နေရကြမည်လော။ ဒဏ်မခံဘဲမနေရကြ။ ငါသည် မြေကြီးသားရှိသမျှတို့အဘို့ ထားကိုမှာလိုက်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့်၊ သင်သည် ပရောဖက်ပြုလျက် သူတို့အားဟောပြောရသောစကားများဟူမူကား၊ ထာဝရဘုရားသည် မြင့်သောအရပ်က ကြွေးကြော်တော်မူမည်။ သန့်ရှင်းသောဘုံဗိမာန်တော်က အသံကိုလွှင့်တော်မူမည်။ ကျိန်းဝပ်တော်မူရာအရပ်ဌာနတဘက်၌ ပြင်းစွာကြွေးကြော်တော်မူမည်။ စပျစ်သီးကို နင်းနယ်သောသူများ အော်ဟစ်သကဲ့သို့၊ မြေကြီးသားများတဘက်၌ အော်ဟစ်တော်မူမည်။ မြေကြီးစွန်းတိုင်အောင် အသံနှံ့ပြားလိမ့်မည်။ ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့် တရားတွေ့စရာအကြောင်းရှိ၍၊ ခပ်သိမ်းသောသတ္တဝါတို့ကို အမှုလုပ်တော်မူမည်။ ဆိုးသောသူတို့ကို ထားနှင့်ကွပ်မျက်စေခြင်းငှါ အပ်တော်မူမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဘေးသည် တပြည်မှတပြည်သို့ကူးသွားလိမ့်မည်။ မြေကြီးအစွန်းအနားတို့မှ ပြင်းစွာသောလေဘွေသည် ထလိမ့်မည်။ ထိုအခါ ထာဝရဘုရား ကွပ်မျက်တော်မူခြင်းကိုခံရသောသူတို့သည် မြေကြီးတဘက်မှတဘက် တိုင်အောင် နှံ့ ပြားကြလိမ့်မည်။ သူတို့ကို မမြည်တမ်းရ၊ မစုမပုံရ။ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာ မစင်ကဲ့သို့ ဖြစ်ကြလိမ့်မည်။ အို သိုးထိန်းတို့၊ ငိုကြွေးအော်ဟစ်ကြလော့။ အို သိုးကြီးသိုးမြတ်တို့၊ ပြာ၌လူးလည်းလျက်နေကြလော့။ သင်တို့ကို သတ်ရသောအချိန်ရောက်လေပြီ။ အရပ်ရပ်သို့ ငါမောင်းသဖြင့်၊ သင်တို့သည် အဘိုးထိုက်သော တန်ဆာကျသကဲ့သို့ ဖြစ်ရကြလိမ့်မည်။ သိုးထိန်းတို့သည် ပြေးစရာလမ်းမရှိ။ သိုးကြီး သိုးမြတ်တို့သည် လွတ်ရာလမ်းကို ရှာ၍မတွေ့ရကြ။ သိုးထိန်းများ ငိုကြွေးသံနှင့် သိုးကြီး သိုးမြတ်များ မြည်သံကိုကြားရ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူတို့ကျက်စားရာအရပ်ကို ဖျက်ဆီးတော်မူ၏။" ယေရမိအနာဂတ္တိကျမ်း ၂၅း၂၇-၃၆

## ကယ်နှုတ်တော်မူရာအချိန်ကာလ

မှားယွင်းသောသိုးထိန်းများတို့အား ပြစ်ဒဏ်စီရင်တော်မူသည့်အချိန်တွင်၊ ယေဇကျေလ ၃၄ တွင် ပရောဖက်ပြုဟောပြောထားသည်နှင့်အညီ၊ ဣသရေလလူများတို့အား စုဝေးစေတော်မူလိမ့်မည်ဖြစ်ပြီး၊ သူတို့နှင့် ပဋိညာဉ်ဖွဲ့တော်မူလိမ့်မည်ဖြစ်သည်။ ဤအချက်ကို မှတ်သားပါလေ။ ဤပဋိညာဉ်တော်၏သဘောသဘာဝနှင့် ယင်းပဋိညာဉ်၏ဖွဲ့တော်မူခဲ့သည့်အချိန်ကာလအကြောင်းတို့ကို ဖော်ပြပေးသည့် အရှင်းလင်းဆုံးသောအချက်အလက်များကို ယေရမိကျမ်းထဲတွင် တွေ့ရှိရပါသည်။ အထူးသဖြင့်၊ ကောက်နှုတ်တင်ပြထားပြီးသားကျမ်းပိုဒ်များနှင့်ဆက်စပ်ပြီး ဖတ်ရှုသောအခါတွင် ထိုအချက်အလက်များကို တွေ့ရှိရသည်။ ကျွန်ုပ်တို့လေ့လာသင်ယူလာခဲ့ကြသည့်အတိုင်းအတာအထိဆိုလျှင်၊ အဖြစ်အပျက်တစ်ခုလုံးကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန်အတွက်မှာ အခန်းကြီးနှစ်ခန်း၏ အကျဉ်းချုပ်အကြမ်းပြေးဖော်ပြချက်နှင့်ပင် လုံလောက်နေသည်ကို တွေ့နေရပါသည်။

အခန်းကြီး ၃၀ နှင့် အစချီဖော်ပြလိုက်သည်ကား၊ "ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင့်အား ငါပြောသမျှသော စကားတို့ကို ရေးထားလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယခု သိမ်းသွားခြင်းကိုခံရသော ငါ၏ဣသရေလအမျိုးနှင့် ယုဒအမျိုးသားတို့ကို ငါဆောင်ခဲ့ရသော အချိန်ကာလသည် ရောက်လိမ့်မည်။ သူတို့

ဘိုးဘေးတို့အား ငါပေးသောပြည်သို့ ငါပြန်လာစေသဖြင့်၊ သူတို့သည် ပိုင်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။” အခန်းငယ် ၁-၃။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့နှင့် ရင်းနှီးပြီးသားဖြစ်နေပါသည်။ မိမိလူများတို့ကို သူတို့၏နေရင်းပြည်သို့ ဘုရားသခင်ပြန်လည်ခေါ်ဆောင်လာသောအခါတွင် ဖြစ်ပေါ်လာမည့် နောက်မှပြောဆိုထားသောအရာများတို့၏ဖြစ်ပျက်မည့်အချိန်ကာလကို ဤကျမ်းချက်များမှ အမှတ်အသားပေးဖော်ပြထားပါသည်။ ထို့ကြောင့် ရှေ့ဆက်ဖတ်ရှုလိုက်သောအခါတွင်၊ “ဣသရေလအမျိုးနှင့် ယုဒအမျိုးကိုရည်မှတ်၍ ထာဝရဘုရားမိန့်တော်မူသောစကားဟူမူကား၊ ငါသည် ထိတ်လန့်ခြင်းစကားသံကိုကြားရ၏။ ငြိမ်သက်ခြင်းမရှိ။ ကြောက်ရွံ့ဘွယ်သောအကြောင်းသာရှိ၏။ ယောကျ်ားသည် သားဘွားတတ်သလောဟု မေးမြန်းကြည့်ရှုကြလော့။ မိန်းမသည် သားဘွားခြင်းဝေဒနာကိုခံရသောအခါ၊ မိမိခါး၌ လက်တင်သကဲ့သို့ ယောကျ်ားတိုင်းပြု၍၊ ခပ်သိမ်းသောသူတို့သည် မျက်နှာပျက်လျက်ရှိကြသည်ကို အဘယ်ကြောင့်ငါမြင်ရသနည်း။ အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင်၊ သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုနေ့ရက်၌ သူတို့ထမ်းရသောထမ်းဘိုးကို သူတို့လည်ပင်းမှ ငါချိုးပယ်မည်။ သူတို့ကိုချည်နှောင်သောကြိုးများကို ငါဖြတ်မည်။ တပါးအမျိုးသားတို့သည် နောက်တဖန်သူတို့ကို မစေစားရကြ။ သူတို့သည် မိမိတို့ဘုရားသခင်ထာဝရဘုရား၏အမှုကိုငင်း၊ သူတို့အဘို့ ငါပေါ်ထွန်းစေလတံ့သော ရှင်ဘုရင်ဒါဝိဒ်၏အမှုကိုငင်း ဆောင်ရွက်ရကြမည်။” အခန်းငယ် ၄-၉

ဤကျမ်းနှင့် နှိုင်းယှဉ်ကြည့်ပါ။ ဒံယေလ ၁၂း၁၊ “ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သော အရှင်မင်းကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစုံတမျိုးမှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင်၊ မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ ရောက်ကြလိမ့်မည်။” ဘုရားသခင်၏ကြွလာတော်မူခြင်းအချိန်နှင့်ရှေ့ဆင့်နောက်ဆင့်အကွာ ဒုက္ခဆင်းရဲခြင်းအချိန်ကာလထဲတွင် ဘုရားသခင်၏လူများအနေဖြင့် ကယ်နှုတ်ခြင်းခံရကြလိမ့်မည်ဖြစ်သည်။ သို့သော်လည်း၊ သင်တို့၌ မကောင်းသောအနိဋ္ဌရုပ် ကပ်ရောက်လာလိမ့်မည်မဟုတ်ပါချေ။ သူတို၏နေရာသို့လည်း ဘေးဥပဒ်များ ချဉ်းကပ်လာနိုင်မည်မဟုတ်ပါချေ။ (ဆာလံ ၉၁)။ သို့ရာတွင် မတရားသောသူများတို့ ခံစားရမည့် အကျိုးအပြစ်ကို ကြည့်မြင်ကြရာတွင် ဘုရားသခင်၏လူများအနေနှင့် ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းစွာဖြင့် ထိုအကျိုးအပြစ်များကို ကြည့်မြင်နိုင်ကြလိမ့်မည်မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ထတော်မူသောအခါတွင် ဖြစ်ပေါ်လာမည့်အရာတို့သည် သေးမွှားသောအရာများမဟုတ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူသည်ကား၊ “အိုငါ့ကျွန် ယာကုပ်၊ မကြောက်နှင့်။ အို ဣသရေလအမျိုး၊ စိတ်မပျက်နှင့်။ သင့်ကို ဝေးသောအရပ်မှငင်း၊ သင်၏အမျိုးသားတို့ကို သိမ်းသွားရာပြည်မှငင်း၊ ငါနှုတ်ယူဆောင်ခဲ့သဖြင့်၊ ယာကုပ်အမျိုးသည် ပြန်လာ၍၊ ချောက်လှန့်သောသူမရှိ၊ ငြိမ်ဝပ်ချမ်းသာစွာနေရလိမ့်မည်ဟု မိန့်တော်မူ၏။ တဖန်မိန့်တော်မူသည်ကား၊ သင့်ကို ကယ်တင်ခြင်းငှါ သင်နှင့်အတူငါရှိ၏။ ငါသည် သင့်ကို ငါကွဲပြားစေသောတိုင်းနိုင်ငံရှိသမျှတို့ကို ဆုံးစေသော်လည်း၊ သင့်ကိုမဆုံးစေ။ သို့ရာတွင်၊ အပြစ်ကို ရှင်းရှင်းမလွှတ်ဘဲ၊ အတော်အတန်ဆုံးမမည်။” “ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိမ်းသွားခြင်းကိုခံရသော ယာကုပ်အမျိုးသားတို့၏တဲများကို ငါဆောင်ခဲ့ဦးမည်။ သူတို့အိမ်များကို သနားဦးမည်။ မြို့သည်လည်း၊ မိမိကုန်းပေါ်မှာ တဖန်တည်လျက်ရှိလိမ့်မည်။ နန်းတော်၌လည်း၊ ရှေးထုံးစံအတိုင်းနေကြလိမ့်မည်။ ထိုသူတို့အထဲက ကျေးဇူးကိုချီးမွမ်းခြင်းအသံ၊ ရွှင်မြူးသောသူတို့၏အသံသည် ထွက်လိမ့်မည်။ ငါသည် သူတို့ကိုမနည်းစေဘဲ များပြားစေမည်။ နှိမ့်ချခြင်းသို့မရောက်၊ ချီးမြှောက်ခြင်းသို့ ရောက်စေမည်အကြောင်းစီရင်မည်။ အမျိုးသားတို့သည် အရင်ကဲ့သို့ဖြစ်၍၊ ပရိသတ်တို့သည် ငါ့ရှေ့မှာတည်ကြလိမ့်မည်။ ညှဉ်းဆဲသောသူအပေါင်းတို့ကို ငါသည်အပြစ်ပေးမည်။ သူတို့၏မင်းသည် သူတို့အမျိုးဖြစ်လိမ့်မည်။ သူတို့အထဲက ပေါ်ထွန်းသောသူသည် သူတို့ကို အုပ်စိုးရလိမ့်မည်။ ငါ

သွေးဆောင်၍ သူတို့သည် ငှါထံသို့ ချဉ်းကပ်ကြလိမ့်မည်။ ငှါထံသို့ ချဉ်းကပ်လိုသောငှါ၊ အဘယ်သူသည် မိမိစိတ်ကို တန်းစေသနည်း။ ထိုအခါ သင်တို့သည် ငါ၏လူဖြစ်၍၊ ငါသည်လည်း သင်တို့၏ဘုရားသခင်ဖြစ်မည် ဟု ထာဝရဘုရား မိန့်တော်မူ၏။ ထာဝရဘုရား၏ လေဘွေတော်သည် ပူသောအရှိန်နှင့်ထွက်၏။ ပြင်းစွာသော လေဘွေ (RV ပြန်ဆိုမှုတွင် - လှဲထုတ်ပစ်စေသော မိုးသက်မုန်တိုင်း) ဖြစ်၍၊ မတရားသော သူတို့ခေါင်းပေါ်မှာ ပြင်းစွာတိုက်လိမ့်မည်။ ထာဝရဘုရားသည် လက်စသတ်၍၊ အကြံအစည်တော်ကို ပြည့်စုံစေတော်မမူမှီ၊ ပြင်းစွာသောအမျက်တော်မငြိမ်းရ။ နောင်ကာလ၌ သင်တို့သည် နားလည်ကြလိမ့်မည်။" အခန်းငယ် ၁၈-၂၄

သဒ္ဒီချင်း (သေခြင်း) ထဲမှ  ရွေးနှုတ်ထားသောသူများ

"ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလ၌ ငါသည် ဣသရေလအဆွေအမျိုးအပေါင်းတို့၏ ဘုရားသခင်ဖြစ်၍၊ သူတို့သည် ငါ၏လူဖြစ်ကြလိမ့်မည်။ တဖန်မိန့်တော်မူသည်ကား၊ ထားဘေးနှင့်လွတ်သော သူတို့သည် တော၌ကျေးဇူးကိုခံရကြပြီ။ ငါသည် ကြွသွား၍ ဣသရေလအမျိုးကို ချမ်းသာပေးမည်။ ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြ၏။" ယေရမိ ၃၁း၁-၃။ "အိုလူမျိုးတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုနားထောင်ကြလော့။ ဝေးသောအရပ်ရပ်တို့၌ ကြွေးကြော်၍၊ ဣသရေလအမျိုးသားတို့ကို အရပ်ရပ်သို့ကွဲပြားစေသောသူသည် တဖန်စုသိမ်းပြီးလျှင်၊ သိုးထိန်းသည် မိမိသိုးစုကိုစောင့်တတ်သကဲ့သို့ စောင့်တော်မူမည်ဟု ကြားပြောကြလော့။ အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ်အမျိုးကို ရွေးနှုတ်တော်မူပြီ။ သူ့ထက်အားကြီးသောသူ၏လက်မှ ကယ်လွှတ်တော်မူပြီ။ ထိုကြောင့်အမျိုးသားတို့သည် လာ၍၊ ဇိအုန်တောင်ထိပ်၌ သီချင်းဆိုကြလိမ့်မည်။ ထာဝရဘုရားပြုတော်မူခြင်းကျေးဇူးတည်းဟူသော ဆန်စပါး၊ စပျစ်ရည်၊ ဆီ၊ သိုးသငယ်၊ နွားသငယ်တို့ကို ရအံ့သောငှါ စည်းဝေးကြလိမ့်မည်။ သူတို့စိတ်ဝိညာဉ်သည် ရေလောင်းသော ဥယျာဉ်ကဲ့သို့ဖြစ်၍၊ နောက်တဖန်ညှိုးငယ်ခြင်းမရှိရ။" အခန်းငယ် ၁၀-၁၂။ "ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရာမအရပ်၌ သည်းစွာသော ညည်းတွားငိုကြွေးခြင်းအသံကိုကြားရ၍၊ ရာခေလသည် မိမိသားတို့မရှိသောကြောင့်၊ ငို၍စိတ်မပြေနိုင်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည်ငိုကြွေးသံကို ချုပ်လော့၊ မျက်ရည်မကျစေနှင့်။ သင်သည် ကိုယ်ကျင့်သောအကျင့်၏အကျိုးကိုခံရလိမ့်မည်။ သင်၏သားတို့သည် ရန်သူပြည်မှ ပြန်လာကြလိမ့်မည်။ သင်၏အဆုံး၌ မြော်လင့်စရာအကြောင်းရှိ၏။ သင်၏သားတို့သည် နေရင်းပြည်သို့ပြန်လာကြလိမ့်မည် ဟု ထာဝရဘုရားမိန့်တော်မူ၏။" အခန်းငယ် ၁၅-၁၇။ ကျွန်ုပ်တို့ရောက်ရှိနေသော နေရာအကြောင်းကိုအပြင် ထိုအနာဂတ္တိစကားသည် မည်သည့်အချိန်ကာလနှင့်သက်ဆိုင်ကြောင်းကိုပါ လမ်းကြောင်းပြထားပေးသည့် ခိုင်လုံသော နောက်ထပ်လမ်းပြတစ်ခုကို ဤနေရာတွင် ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ဤအနာဂတ္တိပြုချက်သည် ဗက်လင်မြို့ရှိကလေးသူငယ်များအား ဟေရုဒ်မင်းကြီးလိုက်လံသတ်ဖြတ်ခဲ့စဉ်အချိန်တုန်းက တချို့တဝက်ပြည့်စုံသွားခဲ့ပြီးဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိကြရပါသည်။ မသဲ ၂း၁၆-၁၈။ သို့ရာတွင် မိမိတို့၏သားတို့သည် ရန်သူပြည်မှထွက်၍ နေရင်းပြည်သို့ပြန်လာမည်ဖြစ်ကြောင်းကို ငိုကြွေးသောသူများတို့အား ထာဝရဘုရားမိန့်တော်မူပါသည်။ သေသောသူတို့၏ရှင်ပြန်ထမြောက်ခြင်းတစ်မျိုးတည်းအားဖြင့်သာလျှင် ဣသရေလလူတို့ကို ခံနေရသောသိမ်းသွားခြင်းအမှုထဲကလွတ်မြောက်စေနိုင်မည်ဖြစ်ကြောင်းနှင့် သူတို့ကို မိမိတို့၏နေရင်းပြည်သို့ တဖန်ပြန်လာစေမည်ဖြစ်ကြောင်းကို ဤနေရာမှ တဖန်မှတ်သားရပြန်ပါသည်။ ယေရမိကျမ်းတွင် ယခု ကျွန်ုပ်တို့ဖတ်ရှုသွားကြမည့် အချိန်ကာလနှင့်စပ်ဆိုင်သည့် အကြောင်းအရာကား၊ ဘုရားသခင်အနေဖြင့် မိမိလူတို့ ခံနေကြရသော သိမ်းသွားခြင်းအမှုထဲက သူတို့ကို လွတ်မြောက်စေတော်မူမည့်အချိန်ကာလကိုသာ ရည်ညွှန်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ဤအချိန်ကာလကို ရည်မှတ်လျက် ပုရောဖက်ယေရမိ ဆက်လက်မိန့်မှာလိုက်သည်ကား၊ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ

သည် ဣသရေလပြည်၊ ယုဒပြည်၌ လူမျိုးစေ့နှင့် တိရစ္ဆာန်မျိုးစေ့ကို ကြဲရသောအချိန်ကာလရောက်လိမ့်မည်။ ငါသည် သူတို့ကို နုတ်ပယ်ဖြိုချမှောက်လှန် ဖျက်ဆီးညှဉ်းဆဲခြင်းအမှုကို ပြုဘူးသည်နည်းတူ၊ တဖန်တည်ဆောက် စိုက်ပျိုးခြင်းအမှုကိုပြုဦးမည်ဟု မိန့်တော်မူ၏။ ထိုကာလ၌ အဘသည် ချဉ်သောစပျစ်သီးကို စားသောကြောင့်၊ သားသည် သွားကျိန်းခြင်းကိုခံရ၏ဟု မဆိုရကြ။ လူတိုင်း မိမိအပြစ်ကြောင့် မိမိသေရမည်။ ချဉ်သောစပျစ်သီးကို စားသောသူတိုင်း သွား ကျိန်းခြင်းကို ခံရမည်။" အခန်းငယ် ၂၇-၃၀

## အသစ်သောပဋိညာဉ်

တဆက်တည်းမှာပင်၊ ဤနေရာတွင် ရည်ညွှန်းလိုသည့်အချိန်ကာလအကြောင်းနှင့်ပတ်သက်ပြီး ဇဝေဇဝါဖြစ်စရာဘာအကြောင်းမျှမရှိပါချေ။ ထိုအချိန်ကာလကား မတရားသောသူများကို ပြစ်ဒဏ်စီရင်ပြီး ဖြောင့်မတ်သောသူများကို ဆုချတော်မည့်ကာလ၊ ဘုရားသခင်၏သားသမီးများအနေဖြင့် ခပ်သိမ်းသောမတရားမှုများနှင့် နှိပ်ဆက်ညှင်းပန်းမှုများထဲမှ ထာဝရလွတ်မြောက်ခွင့်ကိုရရှိပြီး၊ ပြည်တော်တွင် တည်ဆောက်ခြင်းရှိလျက်၊ ဖြောင့်မတ်ခြင်းနှင့်ငြိမ်သက်ခြင်းများနှင့်တကွ ထိုပြည်အား အစဉ်ထာဝရ ပိုင်ဆိုင်ခွင့်ရှိမည့် ကာလပင်ဖြစ်ပါသည်။ ထို့ကြောင့် ထိုအချိန်ကာလအကြောင်းကို ပရောဖက်အနေဖြင့် ဆက်လက်ပြောဆိုတင်ပြထားသည်ကား၊ "ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဤလူမျိုး၏ဘိုးဘေးတို့ကိုလက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသောပဋိညာဉ်တရားနှင့် ခြားနားသောပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသောအချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည်ဖျက်၍၊ ငါသည်လည်း သူတို့ကိုရှုံ့ရှာ၏။ နောက်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။ ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကို တယောက်ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ နေ့အချိန်၌ လင်းစရာဘို့နေကိုခန့်ထား၍၊ ညဉ့်အချိန်၌လင်းစရာဘို့ လနှင့်ကြယ်တို့ကို စီရင်တော်မူထသော၊ သမုဒ္ဒရာကိုဆုံးမ၍ လှိုင်းတံပိုးကို ဟုန်းစေတော်မူထသော၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားဟူသော ဘွဲ့နာမရှိတော်မူသော ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုတရားတို့သည် ငါ့ရှေ့မှာကွယ်ပျောက်လျှင်၊ ဣသရေလအမျိုးသည် ငါ့ရှေ့မှာ အမျိုးတိမ်မြုပ်၍ အစဉ်ကွယ်ပျောက်လိမ့်မည်ဟု မိန့်တော်မူ၏။ တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အထက်မိုဃ်းကောင်းကင်ကို တိုင်းထွာနိုင်လျှင်၎င်း၊ မြေကြီးအောက်ဆုံးအမြစ်တို့ကိုလိုက်၍ စစ်နိုင်လျှင်၎င်း၊ ဣသရေလအမျိုးသားအပေါင်းတို့ကို သူတို့ပြုမိသမျှသောအပြစ်တို့ကြောင့် ငါစွန့်ပစ်မည်ဟု မိန့်တော်မူ၏။" ယေရမိ ၃၁း၃၁-၃၇။ ဤနေရာတွင် အဓိကအနှစ်ချုပ်စကားကို ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ ပဋိညာဉ်အသစ်ကို ဖွဲ့လိုက်သည်နှင့် တဆက်တည်းမှာပင်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုခံရသည့် နေ့ရက်ကာလသည် အဆုံးသတ်သွားပြီး၊ ဘုရားသခင်၏လူများတို့သည်လည်း ထိုသခင်၏ အကွယ်မကာမရှိသော မျက်မှောက်တော်ထဲတွင် အစဉ်အမြဲ နေသွားရကြမည်ဖြစ်ပါသည်။ ထိုပဋိညာဉ်ကို ဖွဲ့ဖို့ရန် လိုအပ်ပါသေးသည်။ သို့ရာတွင် ယုံကြည်ခြင်းနှင့်အသက်ရှင်ခြင်းအားဖြင့် ထိုပဋိညာဉ်နှင့်စပ်ဆိုင်သောကောင်းချီးမင်္ဂလာများကို ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအဖြစ် ယခုအချိန်အခါ၌ပင် ရယူခံစားနိုင်ပါသည်။ ထိုထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ဘုရားသခင်၏လူတို့သည် နောက်ဆုံးတွင် မိမိတို့၏နေရင်းပြည်၌ တည်ဆောက်ခြင်းရှိ

နိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ထိုတန်ခိုးတော်အားဖြင့် သူတို့သည် ဘုန်းထွန်းတောက်သောနေ့ရက်ကြီးအတွက် အသင့်ပြင်ဆင်ခြင်း ရှိနေကြလိမ့်မည်ဖြစ်သည်။

## ပဋိညာဉ်ဟောင်းနှင့် ပဋိညာဉ်သစ်

သိနာတောင်ခြေရင်း၌ ဣသရေလလူမျိုးများရပ်နေခဲ့ကြစဉ်အချိန်တွင် ပဋိညာဉ်အဟောင်းကို အဘယ့်ကြောင့် ဖွဲ့ခဲ့ရသည်အကြောင်းနှင့်၊ မည်သည့်အခြေအနေမျိုးတွင် ထိုပဋိညာဉ်ကိုဖွဲ့ခဲ့သည်အကြောင်းကို ဣသရေလလူတို့၌ ထားတော်မူခဲ့သည့်ကတိတော်များအကြောင်းကိုလေ့လာခဲ့ကြစဉ်ကတည်းက ကျွန်ုပ်တို့ တွေ့မြင်လာခဲ့ရပြီးဖြစ်ပါသည်။ ထိုပဋိညာဉ်ကို ပထမပဋိညာဉ် (ခေါ်) ပဋိညာဉ်ဟောင်းဟုခေါ်ပါသည်။ ထိုသို့ ခေါ်ဆိုရာတွင် ထိုပဋိညာဉ်မတိုင်မီတွင် အခြားမည်သည့်ပဋိညာဉ်တစ်စုံတစ်ရာမျှမရှိခဲ့သည့်အတွက်ကြောင့် မဟုတ်ခဲ့ပါချေ။ "ဣသရေလအမျိုးသား၊ ယုဒအမျိုးသား" များတည်းဟူသော ဣသရေလတစ်မျိုးလုံးတို့နှင့် ပထမဦးဆုံးအကြိမ် ပြုခဲ့သည့်ပဋိညာဉ်ဖြစ်သောကြောင့် ထိုပဋိညာဉ်ကို ပထမပဋိညာဉ် (ခေါ်) ပဋိညာဉ်ဟောင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုပဋိညာဉ်ကိုမဖွဲ့မီ နှစ်ပေါင်းလေးရာကျော်ကတည်းက အာဗြဟံနှင့်ဖွဲ့ခဲ့သည့် ပဋိညာဉ်သည် တည်ရှိခဲ့လေသည်။ လူသားများတို့အား ဘုရားသခင် ပေးစွမ်းနိုင်သည့်အရာရှိရှိသမျှတို့သည် ထိုပဋိညာဉ်ထဲတွင်ပါရှိပြီးသားဖြစ်နေပါသည်။ ဘုရားသခင်၏အကျိန်တော်အားဖြင့် အာမခံထားသည့် အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်တရားတော်၏ ကုသိုလ်တော်အားဖြင့်၊ ကျွန်ုပ်တို့သည် ယခုအခါတွင် ကရုဏာပလ္လင်တော်သို့ ရဲဝံ့စွာ တိုးဝင်ချဉ်းကပ်သွားကြပြီး၊ အလုံးစုံသောအမှုအရေးများတို့၌ ကျွန်ုပ်တို့သည် သက်သာအားကြီးခြင်းအခွင့်ကို ပိုင်ဆိုင်ကြရပါသည်။ ဟေဗြဲ ၆း၁၈-၂၀။ တည်ကြည်ခြင်းရှိသောသူအပေါင်းတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြပါသည်။ သို့ရာတွင် ရှေးခေတ်ဣသရေလလူမျိုးများတို့သည် တည်ကြည်ခြင်းမရှိခဲ့ကြပါ။ အာဗြဟံနှင့်ပြုထားတော်မူသော ထာဝရပဋိညာဉ်ကိုလည်း မေ့လျော့ထားခဲ့ကြသည် (သို့) အထင်အမြင်သေးခဲ့ကြသည်။ သူတို့သည် ယုံကြည်ခြင်းအားဖြင့်မဟုတ်ပဲ၊ အမြင်အားဖြင့်သာ လျှောက်လှမ်းဖို့ရန် စိတ်ဆန္ဒရှိခဲ့ကြသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားသည်ထက် မိမိကိုယ်ကိုသာယုံကြည်ကိုးစားနေခဲ့ကြသည်။ စမ်းသပ်မှုတစ်ခုအနေဖြင့်၊ အာဗြဟံနှင့်ဖွဲ့တော်မူခဲ့သည့် မိမိ၏ပဋိညာဉ်တရားတော်ကို ဘုရားသခင်က သူတို့အားပြန်လည်နှိုးဆော်ပြပေးတော်မူခဲ့ပြီး၊ မိမိ၏ကတိတော်တွင်ပါရှိသည့် တန်ခိုးတော်အပေါ် ထားရှိသည့် သူတို့၏ယုံကြည်ခြင်းတရားအတွက် အထောက်အကူဖြစ်စေမည့် သူတို့အဖို့ပြုထားတော်မူခဲ့သည့်အမှုအရာများအကြောင်းကို သူတို့အားပြန်လည်အသိပေးနှိုးဆော်လိုက်သည့်အခါတွင်၊ သူတို့သည် မိမိတို့ကိုယ်ကို ယုံကြည်မှုလွန်ကဲပြီး မိမိတို့၏ကယ်တင်ခြင်းအတွက် မိမိဘာသာမိမိတာဝန်ယူဆောင်ရွက်သွားရန် ဆုံးဖြတ်သွားခဲ့ကြကာ၊ အချုပ်အနှောင်နှင့် သေခြင်းတရားတို့ကိုသာ ကြုံတွေ့စေမည့် ပဋိညာဉ်တစ်ခု(ကတိကဝတ်တစ်ခု)ထဲသို့ သူတို့အနေဖြင့် ဝင်ရောက်လာခဲ့ကြလေတော့သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ လူသားတို့ဘက်က မယုံကြည်ကြသော်လည်း မိမိ၏ဘက်မှအမြဲတမ်းသစ္စာတည်နေသောသူတည်းဟူသော ဘုရားသခင်သည် ဤအဖြစ်အပျက်ကို သင်ခန်းစာတစ်ခုအနေဖြင့်ပင် အသုံးပြုသွားတော်မူခဲ့ပါသည်။ အစစ်အမှန်အရာများအကြောင်းကို ထိုသူတို့အနေဖြင့် အရိပ်မှတစ်ဆင့် သင်ယူလေ့လာနိုင်ခဲ့ကြပါသည်။ သူတို့ခံနေကြရသော ဖမ်းစီးခြင်းအချုပ်အနှောင်ထဲတွင်ပင် လွတ်မြောက်ခြင်းနှင့်စပ်ဆိုင်သော အနာဂတ္တိပြုချက်နှင့် ကတိတော်များတို့ကို သူတို့ရရှိခဲ့ရပါသည်။

## ပဋိညာဉ်အသစ်ထဲသို့ ဝင်စားရမည့်အချိန်ကာလ

မိမိတို့၏ကိုယ်ပိုင်မိုက်မဲခြင်းအမှုကြောင့် ဘုရားသခင်၏သားသမီးများ ရောက်ရှိနေကြရသည့် နေရာထဲတွင် ဘုရားသခင်သည် မိမိ၏ထိုသားသမီးများတို့ကို ချန်ထားစွန့်ပါယ်တော်မမူပါချေ။ ထို့ကြောင့်

အသစ်သောပဋိညာဉ်တစ်ခုကိုပေးအပ်ရန် သူ ကတိပြုတော်မူခဲ့ခြင်းဖြစ်သည်။ အာဗြဟံနှင့် ပြုခဲ့သောပဋိ ညာဉ် ၌ တစုံတရာလွဲချော်နေခြင်းကြောင့်မဟုတ်ပဲ၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဣသရေလလူမျိုးတမျိုးလုံးတို့နှင့် ပ ဋိညာဉ်ဖွဲ့လိုသောကြောင့်သာ ထိုသို့ ကတိပြုတော်မူခဲ့ခြင်းဖြစ်သည်။ အသစ်သောပဋိညာဉ်နှင့်စပ်ဆိုင်သော ဤကတိတော်သည် ခိုင်လုံမှန်ကန်နေဆဲရှိနေပါသည်။ အကြောင်းမူကား ဘုရားသခင်၏အကျိန်တော် အားဖြင့်သော်၎င်း၊ မိမိ၏အသေခံတော်မူခြင်းအားဖြင့်သော်၎င်း ခရစ်တော်သည် "သာ၍မြတ်သော ပဋိညာဉ် တရား၏ အာမခံ" အရာ၌ ခန့်အပ်ထားခြင်းကို ခံထားရပြီးဖြစ်သောကြောင့်ဖြစ်သည်။ ဟေဗြဲ ၇း၂၂။ ခရစ်တော်သည် ကေန်အမှန် အသေခံခဲ့ပြီး ကေန်အမှန်ထမြောက်ခဲ့သည်နည်းတူ၊ ဣသရေလလူအပေါင်း တို့သည် ထိုအသေခံခြင်းနှင့်ထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ကေန်အမှန်စုဝေးခြင်းကို ခံရကြမည်ဖြစ်ပြီး၊ အသစ်သောထာဝရပဋိညာဉ်တော်က သမ္မာတရားကိုစောင့်သောလူမျိုးတည်းသော ဖြောင့်မတ်သောထိုလူမျိုး တို့နှင့် ကေန်အမှန်ဖွဲ့တော်မူလိမ့်မည်ဖြစ်သည်။ ပဋိညာဉ်တော်ကို ဣသရေလလူများနှင့်သာ ဖွဲ့တော်မူ လိမ့်မည်ဖြစ်သည်။ သို့ရာတွင် အဘယ်သူကိုမျှဘေးဖယ်မထားပါချေ။ အကြောင်းမူကား လာလိုသောသူများ တို့အား လာရသောအခွင့်ကို ပေးထားတော်မူပြီးဖြစ်သောကြောင့်ဖြစ်သည်။ ဣသရေလလူအပေါင်းတို့နှင့် ပထမအကြိမ်မြောက် ပဋိညာဉ်ဖွဲ့တော်မူခဲ့စဉ်အခါက၊ ဘုရားသခင်သည် ကောင်းကင်တမန်ရှိသမျှတို့နှင့် တကွ ဆင်းသက်လာခဲ့ပါသည်။ ဘုရားသခင်၏တံဖိုးမှုတ်သံကိုလည်းကြားခဲ့ရပါသည်။ ထို့နောက် ဘုရား သခင်သည် ပညတ်တော်ကိုကြေညာလိုက်သည့်အခါတွင် သူ၏အသံတော်ကြောင့် မြေကြီးတုန်လှုပ်သွားခဲ့ပါ သည်။ ထို့ကြောင့် အသစ်သောပဋိညာဉ်ကို ဖွဲ့တော်မူသောအခါတွင်လည်း ဣသရေလလူမျိုးအားလုံး ပါဝင် ကြလိမ့်မည်ဖြစ်သည်။ စုဝေးခြင်းခံရသောသူများစာရင်းတွင် မပါဝင်ရသောဣသရေလလူဟူ၍ တစ်ဦးမျှရှိ လိမ့်မည်မဟုတ်ပါချေ။ "ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာ နေတော်မမူ။ ရှေ့တော်၌ မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုဃ်းသက်မုန်တိုင်း ပြင်းပြလျက်ရှိ၏။" (ဆာလံ ၅ဝး၃) "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြ လိမ့်မည်။" (၁သက် ၄း၁၆)၊ "သားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တ မန်များ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ" မသဲ ၁၆း၂၊ ၂၅း၃၁။ အရင်တစ်ခေါက်တွင် သူ၏ အသံတော်ကြောင့် မြေကြီးတုန်လှုပ်သွားခဲ့ပါသည်။ သို့ရာတွင် ဤဒုတိယအခေါက်တွင်မူ ဤမြေကြီးတစ်ခု တည်းကိုသာမကပဲ၊ ကောင်းကင်ကိုပါ တုန်လှုပ်သွားစေလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကြီးကျယ်ခမ်းနား သည့် ဤအဆုံးသတ်မှုကြီးတွင် စကြာဝဠာတစ်ခုလုံးပါဝင်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ဣသရေလလူမျိုးအ ပေါင်းတို့သည် "ကောင်းကင်ပေါ်မှာရှိသော တအိမ်ထောင်လုံးနှင့်" အတူ ပေါင်းစည်းရကြလိမ့်မည်ဖြစ် ပါသည်။ ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်၊ "ထာဝရပဋိညာဉ်တရား၏ အသွေးတော်အားဖြင့်၊" ဘုရား သခင်၏ပလ္လင်တော်သည် တည်ထောင်လျက်ရှိနေပါသည်။

## ပြန်လည်ပေးအပ်တော်မူမည့် အရင်အုပ်စိုးခြင်းအာဏာ

အပိတ်အနေဖြင့် ပြည့်ပေးရမည့် သင်ခန်းစာတစ်ခုကား၊ ပဋိညာဉ်အသစ်သည် ကမ္ဘာသစ်မှလွဲ၍ အခြားမည်သည့်အသစ်သောအရာကိုမျှ ယူဆောင်မလာပေးပါ၊ ထိုကမ္ဘာသစ်ဆိုသည်မှာလည်း ကနဦးက တည်းက တည်ရှိခဲ့သောအရာပင်ဖြစ်ပေသည်။ ထိုကမ္ဘာသစ်ကိုဖန်ဆင်းတော်မူသောသူနှင့် အတူရှိသောသူတို့ သည် ယေရှုခရစ်တော်၌ အသစ်ပြုပြင်ထားနှင့်ပြီးသား ဖြစ်နေပေလိမ့်မည်။ အရင်အုပ်စိုးခြင်းအာဏာကို ပြန်လည်ပေးအပ်ပေးတော်မူလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မိမိသည် ပဋိညာဉ်အသစ်၏လက်အောက်တွင်ရှိ

နေပါသည်ဟု ပြောဆိုနေကြသည့် မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိသည်ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းဖို့ရန်မလိုတော့ပါ ဆိုသည့်ဆင်ခြင်မျိုးကို မပေးမိပါစေနှင့်။ ထိုသို့ ဆင်ခြင်ပေးတတ်သောသူသည် ပဋိညာဉ်သစ်၏လက်အောက်တွင် ရှိနေသောသူမဟုတ်ပါ။ ခရစ်တော်၌တည်နေသောသူမှန်လျှင်၊ ထိုသူသည် အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်၌ တည်နေသောသူပင်ဖြစ်ပြီး၊ အာဗြဟံ၏သားတစ်ဦးအနေဖြင့်၊ ခရစ်တော်နှင့်အတူဆက်ဆံသောအမွေခံတစ်ဦးအနေဖြင့် သူသည် ထိုပဋိညာဉ်သစ်၌တည်သောမျှော်လင့်ခြင်းကို ပိုင်ဆိုင်ရလေတော့သည်။ ထိုပဋိညာဉ်သစ်၏အာမခံကား ယေရှုခရစ်တော်ပင်ဖြစ်ပေသည်။ မိမိတို့ကိုယ်ကို အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏သားသမီးများဖြစ်ရန် ငြင်းပါယ်ထားကြသည့်သူရှိသမျှနှင့်၊ မောရှေ၊ ဒါဝိဒ်နှင့် ပရောဖက်တော်များတို့နှင့် မိတ်သဟာယဖွဲ့ရသောသူအနေဖြင့် မိမိတို့ကိုယ်ကို အသိအမှတ်မပြုသောသူရှိသမျှတို့သည် ပဋိညာဉ်အသစ်၌တည်သောမျှော်လင့်ခြင်းကို မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်မရှိနိုင်ပါချေ။ ယခုအချိန်၌ပင်လျှင်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိနေသည့် ထိုပဋိညာဉ်သစ်နှင့်စပ်ဆိုင်သောကတိတော်များနှင့် ကောင်းချီးမင်္ဂလာများတို့၌ ဝမ်းမြောက်ခြင်းရှိသောသူရှိသမျှတို့အနေဖြင့်၊ ပညတ်တော်ကို စိတ်နှလုံးသားထဲတွင် ရေးသွင်းပေးမည်ဆိုသည့်အချက်သည် အသစ်သောပဋိညာဉ်တရား၏ဂုဏ်ပုဒ်ပင်ဖြစ်ကြောင်းကို အောက်မေ့သတိရနေကြရပါမည်။ ပဋိညာဉ်ဟောင်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပညတ်တော်ကိုနာခံတတ်လာအောင်မလုပ်ဆောင်ပေးခဲ့ပါချေ။ သို့ရာတွင် ရေများတို့သည် ပင်လယ်ကိုဖုံးလွှမ်းထားသကဲ့သို့ လောကီကမ္ဘာကြီးတစ်ခုလုံးကို ကိုယ်တော်အားသိကျွမ်းခြင်းဉာဏ်နှင့် ပြည့်စေနိုင်ဖို့ရန်အတွက် ပဋိညာဉ်သစ်သည် လူများတို့ကို ကမ္ဘာနှင့်အဝန်းတွင် ပညတ်တော်ကိုနာခံတတ်လာအောင် ပြုပြင်ပေးမည်ဖြစ်သည်။ ထို့ကြောင့် "ပြော၍မကုန်နိုင်သော ဘုရားသခင်၏ ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း။" "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကလည်း၊ ကိုယ်တော်အားဖြင့်လည်း၊ ကိုယ်တော်အဘို့အလိုငှါလည်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။"